http://www.dhammadownload.com

ဝိပဿနာနည်းပြ

# ဆရာကြီးဦးကြွင်းရွှေ

၏



# ပညတ် ပရမတ် တရားတော်

ပဋ္ဌက္ကူဝိပဿနာသင်တန်းဟောစဉ် (၁)

http://www.dhammadownload.com

အသင်းတည်ရာဌာန

**ပခုက္ကူဝိပဿနာသင်တန်းခွဲများတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်**

(အောက်မြန်မာပြည်)

အမှတ်(၈၆)၊ သီရိ(၅)လမ်း၊

(၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း - ၅၂၄၀၇၈

**အလှူ့တကကာတွင် တရားပင် မှန်ပင် အမြတ်ဆုံး**

http://www.dhammadownload.com


အသင်းတည်ရာဌာန

ပဥ္စဂ္ဂုဝိပဿနာသင်တန်းခွဲများတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်

(အောက်မြန်မာပြည်)

အမှတ် (၈၆)၊ သီရိ (၅) လမ်း၊

(၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း - ၅၂၄၀၇၈


အလှူစာကာတွင် တရားပင် မှန်ပင် အမြတ်ဆုံး

ပညတ် ပရမတ် တရားတော် ❀ ဆရာကြီးဦးကြွင်းရွှေ ဝိပဿနာနည်းပြ

ဝိပဿနာနည်းပြ

# ဆရာကြီးဦးကြွင်းရွှေ

၏



# ပညတ် ပရမတ် တရားတော်

ပဥ္စဂ္ဂုဝိပဿနာသင်တန်းဟောစဉ် (၁)

http://www.dhammadownload.com

၁၃၀၉ – ခုနှစ်မှ စတင် သင်ကြား ပြသခဲ့သော

ဆရာကြီး ဦးကြင်ရွှေ

ပစ္စက္ခုဝိပဿနာသင်တန်းဟောစဉ်မှ

# ပညတ် ပရမတ်

# တရားတော်


http://www.dhammadownload.com

# " ပုံနှိပ်မှတ်တမ်း "


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၁၁၉/၁ (ပုံနှိပ်)/သသန - ၀၈ |
| ကွန်ပျူတာစာစီ | - | ဦးချမ်းသာ (သီရိပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ) |
| ထုတ်ဝေသူ | - | ဦးကျော်ဟင်း<br>ယုံကြည်ချက်စာပေ၊ ၁၁၁/၃၃-လမ်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | W!zard ပုံနှိပ်တိုက်<br>အမှတ် ၁၉၈၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| အုပ်ရေ | - | ၂၀၀၀ |
| တန်ဖိုး | - | ၁၆၀၀ိ - (တစ်ထောင့်ခြောက်ရာကျပ်)ဖြင့် ဖြန့်ချိသည်။ |
| မူပိုင်ဖြန့်ချိရေး | | ဦးမြင့်စိုး<br>(ဥက္ကဋ္ဌ)<br>ပခုက္ကူဝိပဿနာသင်တန်းခွဲများ<br>တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်<br>(အောက်မြန်မာပြည်)<br>အမှတ် ( ၈၆ )၊ သီရိ ( ၅ ) လမ်း ၊<br>( ၂ ) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၅၂၄၀၇၈ ၊ ၀၉ - ၄၉၂၇၉၀၆၀ ၊<br>၀၉ - ၇၃၂၃၁၁၁ |

http://www.dhammadownload.com

# ဩဝါဒါစရိယဆရာတော်ကြီးများ




**ဘဒ္ဒန္တ သောဘန**
အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ




**ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ**
(သ.စ.အ) ဓမ္မာစရိယ၊ (ဝင့်သကာ-ပါဠိသိရောမဏိ) အဂ္ဂမဟာပဏ္ဍိတ၊
(D.Litt) အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်




**ဘဒ္ဒန္တ ပဏ္ဍိတ**
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ




**ဘဒ္ဒန္တ ဝိစာရ**
(အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်ဩဝါဒါစရိယ၊ ပခုက္ကူအလယ်တိုက်




**ဘဒ္ဒန္တ တိလောက**
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
နိုင်ငံတော်သံဃမဟာနာယက-အဖွဲ့ဝင်



**ဘဒ္ဒန္တ ဥတ္တရဉာဏာဘိဝံသ**
(အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်သံဃာ့မဟာနာယက-အဖွဲ့ဝင်



**ဘဒ္ဒန္တ နိမ္မလ**
(အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်သံဃာ့မဟာနာယက-တွဲဖက်အကျိုးတော်ဆောင်



**ဘဒ္ဒန္တ နေမိန္ဒာဘိသိရီ**
(အဂ္ဂမဟာပဏ္ဍိတ)
ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်
ရတနာသိယံပရိယတ္တိစာသင်တိုက်



**ဒေါက်တာဘဒ္ဒန္တ အာဒိစ္စဝံသ**
(အဂ္ဂမဟာပဏ္ဍိတ-ပါမောက္ခချုပ်)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်-ရန်ကုန်

http://www.dhammadownload.com

## ဘဝနတ်ထံပျံလွန်တော်မူသော

# သြဝါဒါစရိယဆရာတော်ကြီးများ



**ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ**
အဘိဓဇမဟာရဋ္ဌဂုရု
နိုင်ငံတော်သြဝါဒါစရိယ




**ဘဒ္ဒန္တ ပဏ္ဍိတ**
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက



**ဘဒ္ဒန္တ စန္ဒောဘာသ**
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ




**ဘဒ္ဒန္တ ကောသလ္လ**
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ



**ဘဒ္ဒန္တ ဩဘာသ**
အဂ္ဂမဟာပဏ္ဍိတ

http://www.dhammadownload.com


# နာယကဆရာတော်ကြီးများ



**ဒေါက်တာ ပဝရာဘိဝံသ**
(အဂ္ဂမဟာပဏ္ဍိတ)
ပါမောက္ခ မဟာဌာနမှူး၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်




**ဘဒ္ဒန္တ နန္ဒောဘာသ**
(လှိုင်မြို့နယ်သံဃနာယက)
နန္ဒာရှေ့ဘုံကျောင်းတိုက်



**ဘဒ္ဒန္တ သုန္ဒရ**
ဇေယျာဝံသကျောင်းတိုက်




**ဘဒ္ဒန္တ သီရိန္ဒ**
သုစိတ္တာရုံပရိယတ္တိစာသင်တိုက်




**ဘဒ္ဒန္တ ဥတ္တရ**
မဟာဂန္ထဝါစကပဏ္ဍိတ
(လှိုင်မြို့နယ်သံဃနာယကဥက္ကဋ္ဌ)



**ဘဒ္ဒန္တ ဝိမလ**
မစိုးရိမ်ပရိယတ္တိစာသင်တိုက်




**ဘဒ္ဒန္တ သုန္ဒရ**
လှိုင်မြို့နယ်သံဃနာယကအကျိုးတော်ဆောင်
ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်



**ဘဒ္ဒန္တ ကဝိသာရ**
ဇေယျဝတီပရိယတ္တိစာသင်တိုက်



**ဘဒ္ဒန္တ ဝဏ္ဏာသိဒ္ဓိ**
ရွှေမန်းကျောင်းတိုက်



**ဘဒ္ဒန္တ သုန္ဒရ (ဟသ်ာတ)**
ဇေယျဝတီပရိယတ္တိစာသင်တိုက်

http://www.dhammadownload.com



ပခုက္ကူဝိပဿနာသင်တန်းနည်းပြ ဆရာကြီးဦးကြင်ရွှေ

http://www.dhammadownload.com



နာယကကြီး ဦးချစ်

ပစ္စက္ကျုပ်ပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

http://www.dhammadownload.com

# ၁၃၀၉ - ခုနှစ်မှ စတင်ပြသခဲ့သော
# ပစ္စက္ကူဝိပဿနာနည်းပြ ဆရာကြီး ဦးကြင်ရွှေ၏
# ဝိပဿနာသင်တန်းတရားစဉ်များ

၁။ ပမာဏ (၄) မျိုး
၂။ ဘေးကြီး (၄) ပါး
၃။ မှာတမ်းတော်
၄။ ပညတ် - ပရမတ်
၅။ ရုပ်ဓာတ် - နာမ်ဓာတ်
၆။ ခန္ဓာ (၅) ပါး
၇။ ပစ္စယပရိဂ္ဂဟဉာဏ်
၈။ မဂ္ဂင် (၈) ပါး
၉။ အာယတန (၁၂) ပါး
၁၀။ ဓာတ် (၁၈) ပါး
၁၁။ ဝီထိစဉ်
၁၂။ လက္ခဏာရေး (၃) ပါး
၁၃။ ဝိပဿနာဉာဏ် (၁၀) ပါး
၁၄။ ပဋိစ္စသမုပ္ပါဒ်
၁၅။ သစ္စာလေးပါး
၁၆။ နိဗ္ဗာန်

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **ပမာဏလေးပါး** | | ၁ |
| | သင်တန်းအစ နှင့် ပမာဏလေးပါး | ၁ |
| | လွပ်လပ်ရေးမတိုင်ခင် ဖွင့်လှစ်လာခဲ့တဲ့သင်တန်း | ၂ |
| | ကလျာဏပုထုဇဉ်အဆင့်မှ စူဠသောတာပန်အဆင့်သို့ တက်လှမ်းပုံ | ၃ |
| | ကိုယ်ကျိုးမဖက် ပင်ပန်းသက်သက်ခံပြီး တရားပြနေတာ | ၄ |
| | မိရိုးဖလာဗုဒ္ဓဘာသာဝင်ကနေ တခြားဘာသာပြောင်းလဲသွားခြင်း | ၅ |
| | အများအားဖြင့် ကိုယ့်ဘာသာကို ကြီးပွားအောင် လုပ်နေကြတာပါ | ၆ |
| | ဩဝါဒနှင့်အနုသာသန အဓိပ္ပာယ်ဆိုတာ | ၇ |
| | သည်းခံခြင်း၏အကြောင်းတရားများ | ၉ |
| | သံသရာလည်နေတာ ဘယ်သူ့ကြောင့်လဲ | ၉ |
| | မေတ္တာကြီးမား လူ့စွမ်းအား | ၁၀ |
| | မေတ္တာအကျိုး တစ်ဆယ့်တစ်မျိုး | ၁၁ |
| | ရှင်ဒေဝဒတ်နှင့် ရှင်သာရိပုတ္တရာတို့ရဲ့ ပရိသတ်တို့ ကွဲပြားပုံ | ၁၂ |
| | ပမာဏလေးမျိုး | ၂၀ |
| | မတ်တတ်ရပ်ပြီး တရားနာကောင်းတဲ့ ထုံးသက်သေဝတ္ထု | ၂၇ |
| | မဟာသမယသုတ်ကို နာကြားရတဲ့ နတ်သမီးအကြောင်း | ၂၉ |
| | ရဟန်းနှင့်နတ်သမီးတို့နှစ်ဦး အပြန်အလှန်အမေးအဖြေပြုလုပ်ခြင်း | ၃၀ |
| | လူ့ဘဝရခြင်းဟာ အလွန်မှခဲယဉ်းတယ် | ၃၃ |
| **ဘေးကြီးလေးပါး** | | ၃၆ |
| | ဂတိငါးမျိုး | ၃၉ |
| | ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် ကုသိုလ်ကောင်းမှု လုပ်ကြတာ | ၄၃ |
| | သီလစင်ကြယ်တောင်ပဲ သေသည့်အခြားမဲ့၌ နဂါးဖြစ်သွားတဲ့ တိဿရဟန်း | ၅၀ |
| | သမထဘယ်လောက်တန်ခိုးကြီးကြီး ရပ်ပြစ်ရှစ်ပါးမလွတ်နိုင် | ၅၂ |

http://www.dhammadownload.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဝိနိပါတဘေးဆိုတာ သစ်ရွက်ဟောင်းတွေ ကြွေကျသလိုပဲ | ၅၅ |
| | ခဝဲပွင့်လေး လျှူဒါန်းတာနဲ့ နတ်ပြည်ရောက်သွားခြင်း | ၆၁ |
| | အိမ်ရှေ့မင်းသား တိဿ ရဟန်းအပေါ်မှာ အထင်မှားပုံ | ၆၉ |
| | အခုခေတ်လူတွေ ဘယ်လောက်ကြွားဝါနေ ဘေးကြီးလေးပါး မလွတ်နိုင် | ၇၃ |
| | ဒုဂ္ဂတိရောက်မလား၊ သုဂတိရောက်မလား ဗေဒင်မေးစရာမလိုပါ | ၇၄ |
| | မိမိလုပ်တဲ့ကုသိုလ် သန့်ရှင်းဖို့ အဓိကကျကြောင်း | ၇၅ |
| | ဝအောင်စားပြီး ဥပုသ်ဆောက်တည်တဲ့ ကျောင်းအမကြီး တစ်ယောက်အကြောင်း | ၇၇ |
| | သာဓုမခေါ်ဘဲ ရှူးလို့ခေါ်တဲ့ ကျောင်းသားတစ်ယောက်အကြောင်း | ၇၈ |
| | လောကီစျာန်အဘိညာဉ်ဘုန်းဘယ်လောက်ကြီးသော်လည်း ဝိနိပါတဘေးမှ မလွတ်နိုင် | ၇၉ |
| | တရားသဘော ကိုယ်တိုင်မဝေဖန်တတ်ရင် တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်ထံ တိုင်ပင်နှီးနှောပါ | ၈၁ |
| | ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ၊ ခြေမမြဲ လက်မြဲပါစေ ဆိုတာ | ၈၉ |
| | ယခုခေတ်စားနေတဲ့ မတကာဘတ္တ ဆိုတာ ဘာလဲ | ၉၀ |
| | ကိုယ့်ဘဝအထင်ကြီးပေမယ့် ဝိနိပါတဘေးမလွတ်ဘူး | ၉၂ |
| | ပုထုဇဉ်မှန်သမျှ အရူးတွေပဲ | ၉၄ |
| | သာသနာတော်ကြီးနဲ့ ကြုံခိုက် သေဘေးဆိုးမရောက်ရပါစေနဲ့ | ၉၅ |
| | ဘယ်သူမဆို တစ်နှစ်ပတ်လုံး ပြောသမျှစကား အပြစ်ကင်းတယ်လို့ မရှိဘူး။ | ၉၆ |
| | သင်တန်းမတက်ဖူးတဲ့လူတွေ ပိုက်ဆံစုတဲ့သူနဲ့ တူပုံ | ၉၇ |
| | လူဖြစ်ရတာ ခဲယဉ်းတယ် | ၉၈ |
| | လိပ်ကန်းကြီးနဲ့တူသော လူဖြစ်ရခြင်း ခဲယဉ်းပုံ | ၉၉ |
| | ကိုးကွယ်ဆိုတဲ့ စကားလုံး ဘာလဲ | ၁၀၄ |
| | ဂတိငါးမျိုး | ၁၁၁ |
| | သေဘေးကြောင့် တချို့ တော, တောင် စသည်တို့ကို ကိုးကွယ်ခြင်း | ၁၁၄ |
| | ရတနာသုံးပါးအစစ်ဆိုတာ ဘာလဲ | ၁၁၆ |
| | ဘုရားကိုးကွယ်မှားရင် အားလုံးမှားတယ် | ၁၁၇ |
| | မကိုးကွယ်ထိုက်တဲ့ပုဂ္ဂိုလ် ကိုးကွယ်ရင် ချမ်းသာသုခ မပေးနိုင်ပါ | ၁၁၉ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဘုရားရှင်အစစ်ဆိုတာ ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံရမယ် | ၁၂၀ |
| | သရဏဂုံသုံးပါးအဓိပ္ပာယ် | ၁၂၄ |
| **မှာတမ်းတော်** | | ၁၃၂ |
| | မြေလှုပ်ခြင်းအကြောင်းရှစ်ပါး | ၁၄၆ |
| | ဘုရားရှင်တန်ခိုးတော်ကြောင့် မြစ်ငယ်မြစ်ရေသန့်ရှင်းကြည်လင်သွားခြင်း | ၁၅၉ |
| | စျာန်သမာပတ်ဝင်စားနေတဲ့ အာဠာရရသေ့ကြီး | ၁၅၉ |
| | ပုက္ကုသမင်း၏ ရွှေအဆင်းနဲ့တူတဲ့ပုဆိုးအစုံကို ကပ်လှူတော်မူခြင်း | ၁၆၂ |
| | ပယ်ဆုလေးပါး၊ ပန်ဆုလေးပါး | ၁၆၂ |
| | ထွန်းခါစနှင့်ငြိမ်းခါနီး မီးနှစ်မျိုးဆိုတဲ့အဓိပ္ပာယ် | ၁၆၅ |
| | ဆွမ်းနှစ်မျိုးကို ဘုဉ်းပေးသုံးဆောင်ခြင်းကြောင့် နိဗ္ဗာန်နှစ်မျိုးသို့ ပို့ဆောင်တော်မူခြင်း | ၁၆၆ |
| | သလွန်ညောင်စောင်း မြောက်ဘက်ဦးခေါင်းထားပုံ | ၁၇၂ |
| | ကုသိနာရုံပြည်မှာ ပရိနိဗ္ဗာန်မစံတော်မူဖို့ တောင်းပန်ခြင်း | ၁၇၃ |
| | အကြောင်းသုံးချက်တို့ဖြင့် ကုသိနာရုံပြည်မှာ ပရိနိဗ္ဗာန်စံတော်မူခြင်း | ၁၇၃ |
| | လှူဖွယ်ဝတ္ထုအမျိုးမျိုးတို့ဖြင့် လှူဒါန်းခြင်းသည် တကယ်ပူဇော်ရာမရောက် | ၁၈၀ |
| | လောကုတ္တရာတရားကို ကျင့်မှသာလျှင် ဘုရားပူဇော်ရာရောက်ခြင်း | ၁၈၁ |
| | အရှင်ဥပဝါဏကို မောင်းထုတ်တော်မူခြင်း | ၁၈၃ |
| | မဂ္ဂင်ရှစ်ပါးဆိုတာ ဘုရားသာသနာတော်မှာသာ ရှိခြင်း | ၁၉၂ |
| | မိန်းမသားတွေနဲ့ ဘယ်လိုဆက်ဆံရမလဲလို့ အရှင်အာနန္ဒာလျှောက်ထားချက် | ၁၉၇ |
| | မြတ်စွာဘုရားနောက်ဆုံးစကားမိန့်ဆိုချက် | ၂၀၁ |
| | မန္ဒာရဝနတ်ပန်းရွာသည့်အချိန်အခါ | ၂၀၂ |
| | သုဘဒ္ဒရဟန်းကြီးရဲ့စကားကိုကြားရခြင်းဖြင့်ရဟန်းများ သံဝေဂဖြစ်တော်မူခြင်း | ၂၁၉ |
| | မြို့အသီးအသီးမင်းတို့ ဓာတ်တော်ရဖို့ရန် တမန်စေလွှတ်ပုံ | ၂၃၃ |
| | ဓာတ်တော်ကို ခွဲဝေတဲ့ ဒေါဏပုဏ္ဏားကြီး | ၂၃၇ |
| | ခန္တီဝါဒီရသေ့၊ ဓမ္မပါလသတို့သားစသည့် အကြောင်းတွေကို ဟောကြားခြင်း | ၂၃၇ |

http://www.dhammadownload.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


သာသနာတော်မှာ အရေးကြီးဆုံး ဝိနည်းတရားတော် ၂၅၄
ဒုတိယသင်္ဂါယနာတင်ရခြင်းအကြောင်းအရင်း ၂၅၇
သဒ္ဓါအဓိပ္ပာယ်နှင့်သဒ္ဓါအမျိုးအစား ၂၆၄
အဟေတုကဒိဋ္ဌိ၊ အကြိယာဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ သုံးမျိုးအဓိပ္ပာယ် ၂၇၇
အမြင်မှန်ဉာဏ်ငါးမျိုးအကြောင်း သိကောင်းစရာ ၂၇၈
အလောင်းတော် ဇောတိပါလအကြောင်း ၂၇၉
ဘုရားအလောင်းတို့မည်သည်မှာ တရားနာပေမယ့် မဂ်ဖိုလ်ဉာဏ်မရကောင်း ၂၈၄
ဇောတိပါလသူငယ်ချင်းသား မြတ်စွာဘုရားထံ ရဟန်းပြုရန် ခွင့်တောင်းပုံ ၂၈၄
ဝိပဿနာဆိုတာ ဘာလဲ ၂၈၆
တရားကိုရှာ ကိုယ်မှာတွေ့တဲ့ ၂၈၆

ပညတ် ပရမတ် ၃၀၀
ကလေးငယ် ထမင်းခွံ့တဲ့မိခင်ပမာ ဆရာဖြစ်သူ ကိုယ်တတ်စွမ်းသမျှ
ပထမဦးဆုံး အကျယ်တဝင့် မသင်ရဘူး ၃၀၀
ပညတ်အမျိုးမျိုး ၃၁၀
သညာက ဖုံးထားလို့ အထင်လွဲ အမြင်မှားနေကြတယ် ၃၄၆
မြေ, ရေ, လေ, မီး ရုပ်ဓာတ် (၄)ပါး ၃၅၇
နွားကျောင်းသားနဲ့တူတဲ့ သေမင်းကြီး ၃၅၆
မဂ်ဖိုလ်ဉာဏ်ရအောင် ကျင့်စဉ်လေးမျိုး ၃၅၉
ပထဝီဓာတ် ပရမတ် ၃၆၆
ဝေနေယျပုဂ္ဂိုလ်နှစ်မျိုး ၃၇၁
ပရမတ်တရား လေးပါး ၃၇၉
နိဗ္ဗာန်ကို ရောက်ချင် ရချင်တဲ့ တရားသုံးပါး ၃၈၀
စိတ်အရေအတွက် အကျဉ်း (၈၉)၊ အကျယ် (၁၂၁)ပါး ၃၈၂
စေတသိက်အရေအတွက် (၅၂)ပါး ၃၈၃
ရုပ်အရေအတွက် (၂၈)ပါး ရှိတယ် ၃၈၃

http://www.dhammadownload.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


အဘိဓမ္မာတရားဆိုတာ သိကောင်းစရာ ၃၈၄
စိတ်ဆို အာရုံသိချင်း တူကြပါတယ် ၃၈၅
နာမ် တေပညာသ (၅၃)ပါး ဆိုတာ ဘာလဲ ၃၈၆
ဖောက်ပြန်တတ်တဲ့ ရုပ်သဘော ၃၈၇
တူရာပေါင်းလိုက်တော့ ပရမတ်တရားသည် ရုပ်နဲ့နာမ်သာ ရှိတယ် ၃၈၇
လက္ခဏာလေးပါးရှိတဲ့ စေတသိက်တရား ၃၈၈
စိတ်, စေတသိက် နှစ်ပါးဟာ လူနဲ့အရိပ် တူကြပုံ ၃၈၉
သတ္တဝါတို့ရဲ့သန္တာန်မှာ အမြဲတစေ ဖြစ်ပျက် နေတဲ့ တရားသုံးပါး ၃၉၀

**စိတ် စေတသိက်** ၃၉၂
စေတသိက်အဓိပ္ပာယ်နှင့်နှစ်မျိုးနှစ်စား ၃၉၂
စိတ်အားလုံး တစ်ပေါင်းတည်း စုပေါင်းပြုလုပ်ရသလို စေတသိက်အားလုံး
တစ်ပေါင်းတည်း စုပေါင်းပြုလုပ်လို့မရ ၄၀၂

**စိတ် စေတသိက် = နာမ်** ၄၀၃
နာမ်ခေါ်ပုံ ၄၀၃

**စိတ် စေတသိက် ရုပ်** ၄၁၀
စိတ် စေတသိက် ရုပ် ၄၁၀
တရားရှာ ဘယ်မှာတွေ့ရမှာလဲ ၄၁၁
သမ္မာဒိဋ္ဌိဉာဏ်ရဖို့ရန် အကြောင်းရင်းတရား နှစ်ပါးသိရမယ် ၄၂၂
ပုထုဇဉ်နှစ်မျိုးနှင့်အဓိပ္ပာယ် ၄၂၂
သတ္တဝါတွေ မောဟတရားဖုံးလွှမ်းခြင်းကြောင့်ဘုရားရှင်တရားမဟောခြင်းအကြောင်း ၄၂၃

**ရုပ် နှင့် နာမ်** ၄၃၂


ပညတ် ပရမတ်တရားတော် မာတိကာပြီးပြီ။

♦♦♦♦♦

http://www.dhammadownload.com

# ကျေးဇူးတင်လွှာ

ဤပြည်တော် ပရမတ်တရားတော်ကြီးကို ပုံနှိပ်စာအုပ် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ဘုရားကြီးများ၏ ဩဝါဒနှင့်အတူ ဝိုင်းဝန်းကူညီပံ့ပိုးကြသော သူတော်ကောင်းများ၏ ကာယ, ဉာဏ, ဓနအင်အား မေတ္တာစေတနာတို့ဖြင့် အဘက်ဘက်မှ တိုက်တွန်းဆောင်ရွက်ကြသော ကျေးဇူးတင်ထိုက်သူများမှာ -

**ဩဝါဒါစရိယ ဆရာတော်ကြီးများ**

၁။ ဘဒ္ဒန္တ သောဘန (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဩဝါဒါစရိယ) မြသိန်းတန်ကျောင်းတိုက်၊

၂။ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ (D.Litt) ဒုတိယ ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်။

၃။ ဘဒ္ဒန္တ ပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ)

၄။ ဘဒ္ဒန္တ ဝိစာရ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ)

၅။ ဘဒ္ဒန္တ တိလောက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)

၆။ ဘဒ္ဒန္တ ဥတ္တမဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)

၇။ ဘဒ္ဒန္တ နိမလ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)

၈။ ဘဒ္ဒန္တ နေမိန္ဒာဘိသီရိ (အဂ္ဂမဟာပဏ္ဍိတ) ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်၊ ရတနာသိဃ်ပရိယတ္တိစာသင်တိုက်၊

၉။ ဒေါက်တာဘဒ္ဒန္တ အာဒိစ္စဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ ပါမောက္ခချုပ်) နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်

**နာယက ဆရာတော်ကြီးများနှင့်အဖွဲ့ဝင်များ**

၁၀။ ဒေါက်တာဘဒ္ဒန္တ ပဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ပရိယတ္တိမဟာဌာနမှူး အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်။

၁၁။ ဘဒ္ဒန္တ နန္ဒောဘာသ လှိုင်မြို့နယ် သံဃနာယက၊ နန္ဒာရွှေဘုံကျောင်းတိုက်၊

၁၂။ ဘဒ္ဒန္တ သုန္ဒရ လှိုင်မြို့နယ် သံဃနာယကဥက္ကဋ္ဌ၊ ဇေယျာဝံသကျောင်းတိုက်၊

http://www.dhammadownload.com

၁၃။ ဘဒ္ဒန္တ သီရိန္ဒ (တိုက်အုပ်)
သုစိတ္တာရုံပရိယတ္တိစာသင်တိုက်၊ ကမာရွတ်မြို့နယ်၊

၁၄။ ဘဒ္ဒန္တ ဥတ္တရ ( မဟာဂန္ထဝါစကပဏ္ဍိတ)
လှိုင်မြို့နယ် သံဃနာယက၊ ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

၁၅။ ဘဒ္ဒန္တ ဝိမလ
မစိုးရိမ်ပရိယတ္တိစာသင်တိုက်၊ (၉) မိုင်၊ မရမ်းကုန်းမြို့နယ်၊

၁၆။ ဘဒ္ဒန္တ သုန္ဒရ
လှိုင်မြို့နယ် သံဃနာယကအကျိုးတော်ဆောင်၊
ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်၊

၁၇။ ဘဒ္ဒန္တ ကဝိသာရ
ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

၁၈။ ဘဒ္ဒန္တ ဝဏ္ဏသိဒ္ဓိ
ရွှေမန်းကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊

၁၉။ ဦးချမ်းသာ (သီရိပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)
ကွန်ပျူတာစာစီ၊ စာချော ဆောင်ရွက်ပေးသူ၊

၂၀။ အောင်လှိုင်ဘွား (နယူးဒေး မျက်နှာဖုံးဒီဇိုင်းနာ)

၂၄။ ဦးမြင့်စိုး (ဥက္ကဋ္ဌ)
ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

၂၅။ ဦးဘငြိမ်း (အတွင်းရေးမှူး)
ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

ဤစာအုပ်ဖြစ်ပေါ်လာရေးအတွက် အဘက်ဘက်မှ ထောက်ပံ့လှူဒါန်းသော ပစ္စည်းလေးပါး ဒါယကာတို့အား ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးသုန္ဒရ (ဟသ်ာတ)
ဇေယျဝတီပရိယတ္တိစာသင်တိုက်
လှိုင်မြို့နယ်။

http://www.dhammadownload.com

# (၁၃၀၉) ခုနှစ်မှ စတင်တည်ထောင်ခဲ့သော ပခုက္ကူဝိပဿနာ သင်တန်းနည်းပြ

# ဆရာကြီး ဦးကြင်ရွှေ

# ၏

# ဘဝဖြစ်စဉ် အကျဉ်းချုပ်

❖❖❖❖❖❖❖

ပခုက္ကူဝိပဿနာသင်တန်းသားများ၏ ရှေ့သွားခေါင်းဆောင် သမိုင်းပြောင်သည့် ဆရာကြီး ဦးကြင်ရွှေသည် ရောဝတီတိုင်း အပါအဝင် ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ပုသိမ်မြစ်ဟုလည်း ခေါ်တွင်သော ငဝံမြစ် လက်ဝဲဘက်ကမ်းတွင် တည်ရှိသော သာယာလှသော လူတော်စုရွာ၌ အဖ ဦးသာပေါ်+အမိ ဒေါ်မေခင် - တို့မှ သက္ကရာဇ် (၁၂၆၁) ခုနှစ်၊ တော်သလင်းလဆန်း (၁၂) ရက်၊ သောကြာနေ့ နံနက် (၄) နာရီအချိန်တွင် ထောင်သောင်းသိန်းမက များလှစွာသော လူအပေါင်းတို့အား ဓမ္မဒါန အမြုတေ ငှဝေအံ့ငှာ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။ ဆရာကြီး၏ ငယ်မည်မှာ "မောင်ကြင်" ဖြစ်ပါသည်။

❖ များမြောင်သင်္ချာ၊ လူတကာတို့၊ ဓမ္မအမြုတေ၊ ပေးဝေအံ့ငှာ၊
ဆရာလောင်းလျာ၊ ဖွားမြင်ပါသည်၊ လွန်စွာ အံ့ဖွယ်ကောင်းပါသတည်း။

## တတ်သင့်တတ်ရာ ပညာအရပ်ရပ် သင်ကြားခဲ့ခြင်း

ကျေးဇူးရှင် ပခုက္ကူဝိပဿနာ နည်းပြဆရာကြီးလောင်းလျာ မောင်ကြင်သည် သက်တော် ခုနစ်နှစ်သားအရွယ်တွင် လူတော်စုရွာ ကျောင်းဆရာမကြီး ဒေါ်သိန်းလှိုင်၏ မူလတန်းကျောင်း၌ အခြေခံမူလတန်း ပညာရပ်များကို သင်ယူခဲ့ပါသည်။ ထိုဒေါ်သိန်းလှိုင် မူလတန်းကျောင်းမှ လူတော်စုရွာ ဆရာတော် ဦးတေဇဝန္တကျောင်းသို့ ပြောင်းရွှေ့နေထိုင်ကာ ဆရာကြီး ဦးဘိုးရန်ကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့ရာ အောက်ခြေမူလတန်းစာများ လွယ်ကူစွာ တတ်မြောက်ခဲ့ပါသည်။

❖ ဆရာကြီးလောင်းလျာ၊ သူတော်စွာကား၊ ငယ်ခါသမယ၊
ကာလကပင်၊ လွန်လျှင်ထူးခြား၊ ပညာများကို၊ ကြိုးစား၍ပင်၊
သူသွန်သင်သည်၊ လူတွင် တံခွန်ဖြစ်မည်ကို။

http://www.dhammadownload.com

## သာမဏေဝတ် ဘုရားမြတ်စွာသာသနာ့ဝန် ထမ်းဆောင်ခြင်း

ပခုက္ကူဝိပဿနာသင်တန်းသားများ၏ ရွှေတောင်ကြီးပမာ မှီခိုအားထားရာဖြစ်သော ဆရာကြီးသည် သက်တော် (၁၂)နှစ်သားအရွယ်တွင် ပြည်ခရိုင် ပန်းတောင်းမြို့ ဆုတောင်းပြည့်ကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့သော အဘိဓမ္မတ္ထသာရမေဒနီကျမ်း စသော ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ဒွါရနိကာယ ဆဋ္ဌမမြောက် သံဃရာဇာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ဝါသဝ မဟာထေရ်မြတ်၏ စက်ရိပ်ဝယ် သာဝတ္တိအဖွဲ့ နှစ်ဆယ့်လေးသွယ် စလွယ်တော်သိုင်းခြုံ မဟာသရဏဂုံနှင့်တကွ ဆယ်ပုံသီလ နိစ္စမြဲထွေ သာမဏေဘုံရောက် ချီးမြှောက်တော်မူချက်အရ "ရှင်သာစုဝတ"ဟူသော ဘွဲ့အမည်ဖြင့် ဘုရားဖိနေ့ာ် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့ပါသတည်း။

❖ တစ်ဆယ့်နှစ်နှစ်၊ ရွယ်တော်ခေတ်ဝယ်၊ ဘုန်းကြွယ်မြတ်စွာ၊
သာသနာတွင်၊ သုံးအင်သရဏဂုံ၊ ဆယ်ပုံသီလ၊ မြတ်ဓမ္မဖြင့်၊
သာသနာ့ဝန်၊ သူအားသွန်သည်၊ လွန်လျှင်ထူးတဲ့ ပါရမီရှင်ပါတည်း။

## "သရေခေတ္တရာ"မည် ပြည်မြို့၌ ပညာသင်ကြားခြင်း

သက္ကရာဇ် (၁၂၇၆) ခုနှစ်မှ စ၍ "သရေခေတ္တရာ"ဟု ထင်ရှားသော ပြည်မြို့ ကန်တွင်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုဘာသိတ-ထံ ရောက်ရှိနေထိုင်၍ -

❖ "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊
သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။"

ဟူသည်နှင့်အညီ တပည့်ဝတ်ငါးပါးပြည့်စုံစွာကျင့်ကြံ၍ တတ်ကောင်းတတ်ရာ လောကုတ္တရာ ပညာအရပ်ရပ်ကို ဒိုးကဲ့သို့မွှေ အာဂုံကျေအောင် သင်ယူတတ်မြောက်တော်မူခဲ့ပါသတည်း။

❖ သရေခေတ္တရာ၊ သညာဖွဲ့ချည်၊ ပြည်နဂရ၊ ဌာနသမိုက်၊
ကန်တွင်းတိုက်တွင်၊ အရှင်သုဘာသိတ၊ ထေရိန္ဒရ၏၊
သန္တိကေနီး၊ ကပ်ခါမှီး၍၊ ဘုန်းမီးသာသနာ၊ ကျမ်းစာဆူဆူ၊
သူသင်ယူသည်၊ ကြည်ဖြူသဒ္ဓါပိုင်ရှင်တည်း။

http://www.dhammadownload.com

## ဥပသမ္ပဒဇာတ်မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်း

သက်တော် (၂၀) ပြည့်မြောက်ရာ သက္ကရာဇ် (၁၂၈၁) ခုနှစ်၊ မအူပင်မြို့ ဒီပဲရင်းကျောင်းတိုက် သိမ်တော်၌ အဂ်ပူ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မအူပင်မြို့ စက်ရှင်မင်းကြီး ဦးသက်ညွှန့်+ဒေါ်ရွှေမေ-တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘကို မုချပုံသေ ရရှိတော်မူခဲ့ပါပေသတည်း။

❖ သက်တော်နှစ်ဆယ်၊ သူပြည့်ကြွယ်က၊ တင့်တယ်အေးမြ၊
သာယာလှသည့်၊ ဗုဒ္ဓသာသနာ၊ ကြီးစွာဝန်ထမ်း၊ ရဟန်းဘဝ၊ ဒုလ္လဘကို၊
လှလှမသွေ၊ ရရှိလေသည်၊ အသရေလျှမ်းတင့်လှပါသတည်း။

## ပညာသင်ကြားတော်မူခြင်း

တစ်ခေတ်တွင် ပခုက္ကူပိပဿနာ သင်တန်းဆရာကြီးအဖြစ် ကျော်စောမည့် ရဟန်းတော် ဦးသာဓုဝတသည် ပြည်မြို့ ကန်တွင်းကျောင်းတိုက် ဆရာတော်ဘုရားကြီးနှင့် အဂ်ပူဆရာတော်ဘုရားကြီးတို့ထံတွင် ဂန္ထန္တရ အဝဝကို မဟုသာဟ ဖွဲ့လုံ့လဖြင့် သင်ယူရာ တတ်မြောက်ကျွမ်းကျင်တော်မူခဲ့ပါသည်။

❖ နေလတန္တ၊ ဦးသုဘာသိတ၊ ထေရိန္ဒနှင့်၊ သံဃပိတာ၊
**သံဃဖခင်၊ အဂ်ပူတွင်၊ သခင်ဆရာ၊ များစွာတို့ထံ၊**
တန်တန်သချာ၊ ကျမ်းရွှေစာကို၊ ကောင်းစွာအလျင်၊
သူသင်ယူသည်၊ သဗ္ဗညုသာသနာ ပြုရန်ကို။

## ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်၌ ပညာသင်ကြားခြင်း

ရဟန်းသိက္ခာ ခြောက်ဝါအရတွင် နတ်သိကြားတို့ နှိုးဆော်သည့်အလား ပခုက္ကူသို့ ပညာသင်သွားလိုစိတ်တွေ တဖွားဖွားဖြစ်ပါသဖြင့် ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသို့ ရောက်ရှိကာ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် ဆရာတော် ဘုရားကြီး ဦးဇဝနထံ ပိဋကတ်နိကာယ် အသွယ်သွယ်သော ကျမ်းဂန်များကို သင်ယူခဲ့ရာ ပိဋကတ်တတ်မြောက်ကျွမ်းကျင်ခဲ့လေသည်။

❖ ပခုက္ကူမည်၊ လွန်ပြောစည်သည့်၊ အင်္ဂီရသ၊ ဗုဒ္ဓသာသနာ၊
ရောင်ဝါယှက်ဝေ၊ မြို့မဟေဍ၌၊ သုံးထွေပိဋက၊ ချရာပို့ရာ၊
မဟာဝိဇယာရာမ၊ နာမသမိုက်၊ တိုက်တော်ကြီးတွင်၊ သုံးအင်ပိဋကတ်၊
တတ်မြောက်အောင်ပင်၊ သူသင်ယူသည်၊ ဝိညူပဏ္ဍိဖြစ်ပြီတည်း။

http://www.dhammadownload.com

## စာပေကျမ်းဂန်ချပို့ သာသနာကျိုး သယ်ပိုးဆောင်ရွက်ခြင်း

စာပေကျမ်းဂန် သင်ယူတတ်မြောက်ပြီးနောက် မိမိအောက်ငယ်သား စာသင်သားများကို စာပေချပို့ကာ သာသနာကျိုးကို သယ်ပိုးထမ်းဆောင်ခဲ့လေသည်။ ဆရာကြီးလောင်းလျာ ရဟန်းတော် ဦးသာဓုဝတသည် ပန်းဘဲတိုက်ရပ် ကျောက်စေတီဘုရားအနီးရှိ ယခုအခါ အမှတ် (၁) အ-လ-က ကျောင်းနေရာ၌ ရှိခဲ့ဖူးသော ဘုန်းတော်ကြီး ဦးဝင့်ကျောင်း၌လည်း နေထိုင်၍ သာမဏေငယ်များ, ကျောင်းသားများကို စာပေသင်ကြား ချပို့ပေးခဲ့ပါသည်။

❖ **စာပေအရပ်ရပ်၊ တတ်မြောက်လေက၊ သိဿပေါ်ကြွယ်၊ အသွယ်သွယ်အား၊**
**ငါနှယ်မသွေ၊ တတ်ပါစေဟု၊ နှလုံးပြုကာ၊ များစွာကျမ်းစာ၊**
**ချပို့ပါသည်၊ စေတနာသုံးဖြာ၊ ထူးလှပါသတည်း။**

## ဝိပဿနာတရားပြန့်ပွားအောင် ဆောင်ရွက်ခြင်း

ရဟန်းတော် ဦးသာဓုဝတသည် ရဟန်းသိက္ခာ (၁၈)ဝါအရတွင် လွန်စွာထူးတင့် မြင့်မြတ်လှသည့် သာသနာ့ဘောင်မှ ဆင်းခဲ့လေသည်။ "ဦးကြင်ရွှေ"အမည်ဖြင့် လူ့ဘဝရောက်၍ လေးနှစ်ကြာသောအခါ ဒေါ်စိန်ဥနှင့် အိမ်ထောင်ဖက်ပြုခဲ့ရာ သမီးတစ်ယောက် ထွန်းကားခဲ့ပြီး မကြာမီ သမီး, ဇနီးတို့ ကွယ်လွန်ခဲ့သဖြင့် သောကမီးတောက်လောင်လေရာ ယင်းသောကမီးမှ ငြိမ်းရာငြိမ်းကြောင်း ဘုရားမြတ်စွာ၏ ဆေးကောင်းဖြစ်သည့် ပိဋကကျမ်းစာများကို ကြည့်ရှု၍ အနှစ်သာရကို ရှာဖွေခဲ့လေသည်။

❖ **တဏှာအကြိုက်၊ သူလိုက်မိကာ၊ မြတ်စွာခမ်းဝါ၊ သာသနာမှ၊**
**ယုတ်မာသည်းခေါင်၊ ဤလူ့ဘောင်ဝယ်၊ အိမ်ထောင်ညွှတ်ကွင်း၊**
**သံချိုင့်တွင်း၌၊ ဆင်းသက်မိကာ၊ ပူဝေဆာ၊ သောကရောက်ရပါသတည်း။**
**သောကပြေကြောင်း၊ ဆေးဝါးကောင်းမှန်၊ သုံးတန်ပိဋက၊**
**နိစ္စမသွေ၊ ကြည့်ရှုလေက၊ သံဝေဂ၊ မုချဖြစ်ခဲ့ပါသတည်း။**

ယင်းသို့ စာပေကျမ်းဂန်အရပ်ရပ်ကို ကြည့်ရှုလေ့လာ သုံးသပ်ရှုမှတ် ကြံစည်ရင်း လောကကြီး ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးမှတစ်ပါး ဘာမှမရှိ သုည၏အဖြစ်ကိုလည်းကောင်း၊ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မရှိ ပရမတ်ပေါ်တွင် ပညတ်ဖုံးနေသည်၏အဖြစ်ကိုလည်းကောင်း ပိုင်ပိုင်မိမိ သိရှိ၍ မိမိသိသည့်အတိုင်း အများတကာတွေ သိကြပါစေ ဟူသော ရည်ရွယ်ချက်ဖြင့် (၁၃၀၉) ခုနှစ် တန်ဆောင်မုန်းလက စ၍ "ပခုက္ကူဝိပဿနာသင်တန်း"ဟူသော အမည်ဖြင့် စတည်ထောင်ဖွင့်လှစ်ခဲ့ရာ ဘုန်းကံရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီး ထောင်ပေါင်းများစွာတို့ ဒီရေအလား တဖွားဖွား ရောက်ရှိ တပည့်ခံကြကာ တရားမွေနာယူကြရာ အတိုင်းမသိ အကျိုးရှိလှသည်။

http://www.dhammadownload.com

ယခုဆိုလျှင် ပြည်ထောင်စု မြန်မာနိုင်ငံ တစ်နိုင်ငံလုံး အနယ်နယ် အစိုစို အမြို့မြို့ အရွာရွာတွင် ဆရာကြီး၏ ဝိပဿနာသင်တန်းခွဲပေါင်း (၂၇၀) ကျော်မျှရှိရာ လွန်စွာအားရ ကျေနပ်ဖွယ်ကောင်း လှပါသည်။

## ဆရာကြီးကွယ်လွန်သဖြင့် ဆုံးရှုံးနစ်နာခြင်း

အားလုံးသော သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့ . . . .

အားလုံးသိတော်မူကြသည့်အတိုင်း ဇရာဗျာဓိတို့ အနှိပ်စက်ခံရသော ဆရာကြီး အသက် (၈၅) နှစ်ရှိရာ (၁၃၄၆) ခုနှစ် ဝါဆိုလကွယ်နေ့ (၁)နာရီ (၆) မိနစ်အချိန်တွင် ဆရာကြီး ကွယ်လွန် သွားပါသဖြင့် လွန်စွာဆုံးရှုံးနစ်နာခြင်း ဖြစ်ကြရပါသည်။ သို့ရာတွင် "ဖြစ်လျှင်ပျက်မြဲ၊ မလွဲတံထွာ ဓမ္မတာ"ဟု သဘောပေါက် ဖြေသိမ့်ပြီး ဆရာကြီး၏ တရားတော်များ ပြန့်ပွားအောင် ကျန်ရစ်ကြသော တပည့်တွေ တက်ညီလက်ညီ ဆောင်ရွက်ကြဖို့ လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

မြင်မြင်သမျှ သင်္ခါရ စိတ်က နှလုံးသွင်း။

အရှင်ကေလာသ

အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မာစရိယ ဂဏဝါစက

B.A .Hons ဝိဇ္ဇာဂုဏ်ထူး၊ (သီရိလင်္ကာ)

http://www.dhammadownload.com

# ဗန်းမော်ဆရာတော်၏
## အမှာစာ

ဆရာကြီး ဦးကြင်ရွှေ၏ ပခုက္ကူဝိပဿနာသင်တန်း ဟောကြားချက်များ စာအုပ်ကို ဖတ်ရှုကြည့်ရာ ရှေ့ပိုင်း၌ ပညတ် ပရမတ် အခွဲများကို နားလည်အောင် သူငယ်တန်း ကလေးသူငယ်များအား ကျွမ်းကျင်သည့် ဆရာသင်ပြနေသလို စိတ်ရှည် လက်ရှည် စေတနာဗလဝဖြင့် သင်ပြပေးနေသည်ကို တွေ့ရပေသည်။

မဂ် ဖိုလ် နိဗ္ဗာန် လောကုတ္တရာ တရားထူး တရားမြတ်ကို အလိုရှိသော ယောဂီပုဂ္ဂိုလ်သည် -

(၁) သီလလုံခြုံအောင် နေရမည်၊

(၂) စိတ်ဖြူစင်အောင် ဗုဒ္ဓါနုဿတိ စသော သမထကမ္မဋ္ဌာန်းတစ်ခုခုမှာ ပွားများရမည်၊

(၃) ပညတ် ပရမတ်ကွဲ၍ ရုပ်နာမ်ကို သဘောသဘာဝ ဓာတ် ပရမတ်ကွဲရမည်၊ နာမရူပ ပရိစ္ဆေဒဉာဏ် ရရှိရမည်၊

(၄) ၎င်းရုပ်နာမ်တရားတို့သည် အကြောင်းအားလျော်စွာ အကျိုးတရားတို့ ဆက်လက်ဖြစ်ပျက်နေကြသည်ဟု သိသော (ပစ္စယပရိဂ္ဂဟဉာဏ်) ကိုလည်း ပိုင်ပိုင်ရရှိရမည်။

ဝိပဿနာဉာဏ် ရှုမှတ်လိုသူသည် ရှေးဦးစွာ ဤ (၃) နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် (၄) ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးကို ပိုင်ပိုင်ကြီး သိနားလည်ရပေမည်။

ပညတ် ပရမတ် မကွဲလျှင် နာမ်ရုပ်ကို မသိနိုင်ချေ၊ နာမ်ရုပ်မှ မကွဲလျှင်လည်း အထက်အထက် ဝိပဿနာဉာဏ်စဉ်များ မဖြစ်ပေါ်နိုင်ပေ၊ ဝိပဿနာဉာဏ်များ မဖြစ်ပေါ်နိုင်ချေ။

သိပ္ပံဆရာများသည် ဓာတုဗေဒ, ရူပဗေဒဟု ၂-ပိုင်းခွဲ၍ သုတေသနပြုကြသည်၊ ထို့အတူ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အလိုရှိသော ယောဂီပုဂ္ဂိုလ်သည် ပရမတ်နှင့် ပညတ် ကွဲအောင် သဘောပေါက်အောင် အဖန်ဖန်လေ့လာရသည်၊ ပညတ် ပရမတ် ကွဲသွားမှ တစ်ဖန် ပရမတ်ကို ထပ်မံလေ့လာရသည်၊ မိမိတို့ ယောဂီပုဂ္ဂိုလ်တို့သည် ရုပ် စိတ် စေတသိက် ဟု ပရမတ်သုံးမျိုးကို ခွဲခြားသိရပေမည်၊ နိဗ္ဗာန်ကိုကား ဝိပဿနာမရှုရ၊ သို့အတွက် နောက်မှ ရှုဆင်ခြင်ရမည်။

http://www.dhammadownload.com

(၁) ရုပ်၊ (၂) စိတ်၊ (၃) စေတသိက် ပရမတ် သုံးမျိုးတို့တွင်လည်း ရုပ်ကို ရှုလျှင် ကြမ်းတမ်း၍ ထင်လွယ်မြင်လွယ်သည်၊ ရုပ်သည်လည်း မဟာဘုတ် (၄) ပါးနှင့် ဉပါဒါရုပ် (၂၄)ပါးဟု နှစ်မျိုးရှိရာ မဟာဘုတ် (၄) ပါးကို စတင်ရှုလျှင် ထင်လွယ်မြင်လွယ်သည်၊ သို့အတွက် မဟာဘုတ်လေးပါးကို စတင်၍ ရှုဆင်ခြင်ပါ။

ထို့နောက် စိတ်ကို ရှုပါ၊ ထို့နောက် ဝေဒနာ သညာ စသည် စေတသိက် (၅၂) ပါးကို ရှုဆင်ခြင်ပါ။

ဤကဲ့သို့ ရှုမှတ်ပွားများပါလျှင် -

ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်သဘော တရားများ၏ ဖြစ်ပြီး ပျောက်ပျောက်သွားတာကို ကိုယ်တိုင် ဉာဏ်ဖြင့် မြင်ကြပါလိမ့်မည်၊ ၎င်းဉာဏ်ကို (ဖြစ်မှု = ဉဒယ၊ ပျက်မှု = ဝယ =) ဖြစ်မှု ပျက်မှု သိသည့် "ဉဒယဗ္ဗယဉာဏ်"ဟု ခေါ်သည်၊ ၎င်းကို "ဝိပဿနာ၏သန္ဓေ"ဟု ခေါ်သည်၊ သန္ဓေသားကို စောင့်ထိန်းလျှင် တဖြည်းဖြည်းရင့်ကျက်၍ ဖွားမြင်လာပေမည်၊ ထို့အတူ ဝိပဿနာသန္ဓေသားလေးကို တဖြည်းဖြည်း ရင့်ကျက်အောင် စောင့်ထိန်းပွားများပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်သားလေး ဖွားပါလိမ့်မည် - သူတော်ကောင်းတို့ . . . ။

ဦးကုမာရာဘိဝံသ
အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊
အဂ္ဂမဟာပဏ္ဍိတ၊ ဒီလစ် (D.Litt)
ဝဋံသကာ၊ ပါဠိသိရောမဏိ၊
ဒု/ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ
ထေရဝါဒ ဗုဒ္ဓသာသနပြုတက္ကသိုလ်၊ ရန်ကုန်။

http://www.dhammadownload.com

# နိဒါန်း

## ပစ္စက္ခဝိပဿနာသင်တန်း၏
## နိဒါန်း

ဤဓမ္မရသပြည့်ဝလှသော သင်တန်းစဉ်စာအုပ်သည် သံသရာခရီး ကျင်လည်နေရတဲ့ ပုဂ္ဂိုလ်များအတွက် အရေးအကြီးဆုံး အထောက်အကူဖြစ်စေသော ဒါန သီလ သမထ ဝိပဿနာ ဟူသော ကောင်းမှု ကုသိုလ်တရားတို့၏အကျိုးကို ပြသော သင်တန်းတရားစာအုပ် တစ်အုပ်ဖြစ်ပေသည်။

ဤလောက၌ သတ္တဝါတို့၏အကျိုးကို ဆောင်တတ်သော တရားကား ကောင်းမှုကုသိုလ်သာ ဖြစ်၏။ ကောင်းမှုကုသိုလ်မှတစ်ပါး သတ္တဝါတို့၏ ကောင်းကျိုးကို ဆောင်တတ်သော တရားသည် မရှိ။ မြတ်စွာဘုရားမှတစ်ပါး ဒါန သီလ သမထ ဝိပဿနာ တို့၏ အကျိုးအာနိသင်တို့ကို အပြည့်အစုံ သိသူသည် မရှိ။ ဤသို့ ထုံးပြသက်သေ ဆုံးမပေသော မြတ်စွာဘုရားရှင်၏ ဒေသနာတော်ကို သေချာအောင် အကြောင်း, အကျိုး စုံလင်စွာဖြင့် ပစ္စက္ခဝိပဿနာသင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေကိုယ်တိုင်

"အတ္တာနမေဝ ပဌမံ ပတိရူပေ နိဝေသယေ" ဟု ဓမ္မပဒ ပါဠိဒေသနာ ညီမျှစွာဖြင့် ပိဋကတ်အကုန် ကျမ်းရိုးစုံအောင် သင်ယူမှတ်သား ပါဠိ ဋီကာ အဋ္ဌကထာများကို ကိုယ်တိုင်ကိုယ်ကျ ဆရာသမားများထံ နည်းခံသင်ယူပြီး ရှာမှီး၍ ရရှိခံစားပြီးမှသာလျှင် သင်တန်းသူ သင်တန်းသားတို့အား ဓမ္မဒါနကုသိုလ်ထူးအဖြစ် ကြည်ကြည်နူးနူး ဖြည့်ဆည်းပးခဲ့ခြင်း ဖြစ်ပေသည်။

## သင်တန်းစပြီ တရားစဉ်

ဤ'အနမတဂ္ဂ' သံသရာကြီး၌ ကျင်လည်ကြကုန်သော သတ္တဝါဟူသမျှတို့သည် ဘုရားရှင်ကိုယ်တော်မြတ် ထားရှိတော်မူတဲ့ မဟာကရုဏာ ဒေသနာတော်ကို အမှီပြု၍ ဆရာကြီး ဦးကြင်ရွှေသည် မိမိထံမှောက်သို့ သင်တန်းတရား တက်ရောက်လာကြကုန်သော သင်တန်းသူ သင်တန်းသား အပေါင်းတို့ကို သူတော်ကောင်းမြတ် အငြိမ်းဓာတ်တွေ ကိန်းဝပ်တည်စေခြင်း အကျိုးငှာ -

မြန်မာသက္ကရာဇ် ၁၃၀၉-ခုနှစ်က စပြီး အသက်ထင်ရှားရှိစဉ် သင်တန်းကြီးကို နှစ်ပေါင်း (၃၀)ကျော်တိုင်အောင် ဓမ္မ၏ အနှစ်သာရကို ဝေငှခဲ့ပေသည်။

ဤသို့ "ပညတ် ပရမတ်" အမည်တပ်ထားသည့် စာအုပ်အတွင်း၌ သင်တန်းအစ ဟောကြားခဲ့သော ဓမ္မအမြင် တရားအစဉ်တို့သည်ကား -

http://www.dhammadownload.com

# နိဒါန်း

(က) ပမာဏလေးပါး၊

(ခ) ဘေးကြီးလေးပါး၊

(ဂ) မှာတမ်းတော်၊

(ဃ) ပညတ်, ပရမတ် -

အစဖြာသော ခေါင်းစဉ်တပ်ထား သင်တန်းစဉ် တရားတော်များကို သဘာဝ, အာဂမ သာဓက စုံလင်လှ၍ သက်ဆိုင်ရာ သက်ဆိုင်ရာ ကောင်းမှုကုသိုလ်တရားတို့၏ အကျိုးအာနိသင်တို့ကို ရှင်းလင်းပြသပြီးမှ ထိုအကျိုးအာနိသင်တို့ကို ခံစားရသော သူတော်ကောင်းတို့ကို ဝတ္ထုသာဓက သက်သေပြ၍ သဘာဝကျအောင် ဟောကြားခဲ့ပေသည်။

## ထားရှိစေတနာ သာသနာ

ဤ ဓမ္မရသ ခံစားကြကုန်သော စာရှုသူအပေါင်း သူတော်ကောင်းတို့သည် "ပညတ်, ပရမတ်" အမည်တပ်ထားသည့် တရားတော်၏ စာကိုယ်အတွင်း၌ သင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေသည် သူတော်ကောင်းတို့အပေါ်၌ ထားရှိသော စေတနာသည် သာသနာအတွက်ပင် ဖြစ်ပါသည်။

"လောကတွင် သာသနာရှိ၏၊ သာသနာမရှိ"ဟူသော စကားစုများသည် စင်စစ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိနိုင်သော အခွင့်ကာလကို အဓိကထား၍ ဆိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟု ခေါ်ဆိုသော မဂ်တရား ဖိုလ်တရားသည်ပင်လျှင် သာသနာတော်တွင်း၌ တရားအစစ်ဟု ခေါ်ဆိုအပ်ပါသည်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်သော ကာလသည်ကား သာသနာရှိသော ကာလဖြစ်၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်သော ကာလသည် သာသနာပ ကာလဖြစ်ပေ၏။ ထို့ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိရေးမှာ အချိန်ကာလလိုက်၍ ဆောင်ရွက်ရ၏။ သာသနာကုန်ဆုံး၍ လုံးလုံးကွယ်ပသော ကာလ၌ကား မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဘယ်တော့မှ မရနိုင်တော့ပါ။ ဘုရားရှင်၏ သာသနာတော် ထင်ရှားရှိနေလျှင် ဘုရားသက်တော်ထင်ရှားရှိသကဲ့သို့ဖြစ်၍ သာသနာတော်ထင်ရှားရှိစဉ် ကာလအတွင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်သော အခွင့်အလမ်းရှိပါသည်"ဟု ဓမ္မရသရှုထောင့်ကနေပြီး ထင်ရှားစွာ တင်ပြခဲ့ပေသည်။

## စီစဉ်ညွှန်ကြား ဆောင်ရွက်ထား

ဤ "ပညတ်, ပရမတ်" အမည်ရသော စာအုပ်ကို ဆရာကြီးဟောစဉ်အတိုင်း စာအုပ်ဖြစ်မြောက် အပြီးရောက်အောင် ပခုက္ကူဝိပဿနာ သင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာ

http://www.dhammadownload.com



ပြည်) ၏ ရည်ရွယ်ချက်နှင့်အညီ စီစဉ်ဆောင်ရွက်နိုင်ရေးကို ရှေးရှုပြီး ကျမ်းတတ်အကျော် ဆရာတော်ကြီးများထံမှ သြဝါဒခံယူပြီး

သင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေသည် ပညာရှိသတိဖြစ်ခဲ ဆိုသည့်အတိုင်း သတိလွတ်ကင်းချွတ်ယွင်းခဲ့သည်ရှိသော် နှုတ်ဟောသမှု အကြောင်းပြုပြီး ဒွိဟအသွင် အပြစ်မြင်လျှင် ရည်ရွယ်ချက်မှောက်မှား အပြစ်များမှာ ကြောက်သည့်အတွက်ကြောင့်၊ ရှင်ရဟန်းတို့ လေးစားကြည်ညိုခြင်းခံရသော ကျမ်းတတ်အကျော် ဗန်းမော်ဆရာတော် ဒေါက်တာ ကုမာရာဘိဝံသ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက, အဂ္ဂမဟာပဏ္ဍိတ, (D.Litt) ဆရာတော်ဘုရားကြီး၏ စီစဉ်ဆုံးဖြတ်သုံးသပ်ချက်ကို ပါဠိ, ဋီကာ, အဋ္ဌကထာ ထောက်ထား အဓိပ္ပာယ်များပါမချန် ကျမ်းကိုးမှန်ပြီး စာရှုသူ သူတော်ကောင်းအပေါင်းတို့၏ ဘဝင်နှလုံးမှာ ရွှင်ပြုံးစေခြင်းအကျိုးငှာ ရည်ရွယ်ချက်မှန်ကန်စွာဖြင့် စီစဉ်လျက် ဆောင်ရွက်ထားရခြင်း ဖြစ်ပါသည်။

## ကုသိုလ်သုံးမျိုး ဉာဏ်ဖြင့်သုံး

သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော ကုသိုလ်ပြုရာ၌ ကုသိုလ်သုံးမျိုးသုံးစားမှာ ဘယ်ကုသိုလ်ပဲဖြစ်ဖြစ် ကုသိုလ်တရားမှန်ရင် မကြောက်နဲ့လို့ အားပေးစကား ပြောထားတာ ရှိပါသည်။

"မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ သုခဿေတံ ဘိက္ခဝေ အဓိဝစနံ ယဒိဒံ ပုညာနိ"

[အင်္ဂုတ္တရသတ္တကနိပါတပါဠိတော်၊ နှာ၊ ၂၊ ၄၆၅]

**ဘိက္ခဝေ**-ချစ်သားရဟန်းတို့၊ **ပုညာနံ**-ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် ဆိုတဲ့ ကုသိုလ်သုံးမျိုးသုံးစားတို့မှ၊ **မာ ဘာယိတ္ထ**-မကြောက်ကြနဲ့။ ဘိက္ခဝေ-ချစ်သားရဟန်းတို့၊ ယဒိဒံ ပုညာနိ-အကြင်ကုသိုလ်တို့သည်၊ သန္တိ-ရှိကုန်၏။ ဧတံ-ဤကုသိုလ်ကောင်းမှုသည်၊ သုခဿ-ချမ်းသာသုခ၏၊ အဓိဝစနံ-အမည်ပါပေတည်း။

ဒါန သီလ သမထ ဝိပဿနာ ဆိုတဲ့ ကုသိုလ်သုံးမျိုးတို့ကို လုပ်ရမှာ အားကိုးရမှာ ကြောက်ရွံ့နေတယ် ဆိုရင်ဖြင့် ဒီပုဂ္ဂိုလ်ဟာ အမှန် လူ့ချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာကြီး တကယ်ကြောက်တဲ့ သူနဲ့ အတူတူပါပဲတဲ့။

ဒါကြောင့် ဒါန သီလ သမထ ကုသိုလ်တရားတို့ကား သာသနာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေတ်ကာလ ကန့်သတ်ချက်မရှိ မည်သည့်ခေတ်ကာလ၌ မဆို ပြုနိုင်သော ကုသိုလ်တရားများဖြစ်၏။ ထို့ကြောင့် သာသနာထင်ရှားရှိခိုက် ဒါန သီလ သမထ ကုသိုလ်တရားတို့ဖြင့် ရောင့်ရဲတင်း

http://www.dhammadownload.com

# နိဒါန်း

တိမ်နေရန် မသင့်။ အဘယ့်ကြောင့်နည်းဆိုသော် ဘုရားရှင်ထားတော်မူသော သာသနာငါးထောင်၏ လိုရင်း ရည်ရွယ်ချက်အစစ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်ရှိရေးပင်ဖြစ်သည်။

ဤသို့ ဆိုသဖြင့် ဒါန သီလ သမထ ကုသိုလ်တရားတို့ကို မပြုစေလိုသော စေတနာဖြင့် ပိတ်ပင်တားမြစ်နေသည်ဟု အထင်အမြင် တိမ်းစောင်းခြင်း မရောက်စေလိုပါ။ အထက်ဖော်ပြပါ သာဓက ပါဠိတော်ကို ထောက်ရှု၍ ကုသိုလ်တရားမှန်က အပြစ်မရှိ ကောင်းကျိုးကိုသာ ပေးစေတတ်ပါသည်။ ထို့ကြောင့် ပြုသင့် ပြုထိုက် ပြုအပ်သည်သာဖြစ်၍ ပြုနိုင်သမျှ ကြိုးစားပြုနိုင်လေ ကောင်းကျိုးပေးလေ ဟူ၍ တိုက်တွန်းအားပေးရမည်သာ ဖြစ်ပါသည်။

ဤသို့ ဒါန သီလ သမထ စသော ကုသိုလ်တရားမျှဖြင့် အားရတင်းတိမ်ပြီး ရပ်တန့်မနေကြပါပဲလျက် ဝဋ်သုံးပါးမှ ကျွတ်လွတ်စေနိုင်တဲ့ သာသနာတွင်း တရားအစစ်ဖြစ်သော မဂ်ကျိုးဖိုလ်ကျိုးကို ပေးစေတတ်သော ဝိပဿနာကုသိုလ်တရားကို ကြိုးစားပွားများ အားထုတ်ကြရန်သာ အရေးအကြီးဆုံးဟု တိုက်တွန်းရခြင်းဖြင့် သင်တန်း၏နိဒါန်းကို အဆုံးသတ်၍ စာကိုယ်၌ ဖတ်ရှုပြီး ဆုံးဖြတ်တော်မူကြပါလော့။

ဦးသုန္ဒရ (ဟသ်ာတ)
ဇေယျဝတီပရိယတ္တိစာသင်တိုက်
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com



## "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

## သင်တန်းအစ နှင့် ပမာဏလေးပါး

ယနေ့ ပခုက္ကူဝိပဿနာသင်တန်းကြီးကို တက်ရောက်လာကြတဲ့ သင်တန်းသားများကို ငဲ့ကွက်ပြီးတော့ သင်တန်းရဲ့စည်းကမ်း နည်းလမ်းတွေကို အနည်းငယ်ခန့် ခါတိုင်းလို၊ အခုလည်း ပြောနေကျ စကားအတိုင်း သတိပေးတဲ့အနေအားဖြင့် ပြောရမှာပဲ၊ သင်တန်းလာပြီး တက်ကြတယ်ဆိုတော့ သင်တန်းတရား နာကြားကြတဲ့ ပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တသန္တာန်မှာ အမှန်အားဖြင့် "ဒီရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်"ဆိုတဲ့ အလွန်မွန်မြတ်သော ဝိပဿနာတရားကြီးကို နာချင်, ကြားချင်လို့ ဒီလို စေတနာနဲ့ လာခဲ့တဲ့ပုဂ္ဂိုလ်တွေချည်းပဲလို့ အောက်မေ့ပါတယ်။ ဒီလိုလာခဲ့တဲ့ စေတနာတွေကို ထောက်ထားသောအားဖြင့် နေရာထိုင်ခင်း ပြင်ဆင်မှု, နေမှု, ထိုင်မှု ဒီတာဝန်တွေက ရှိပါတယ်။ တာဝန်လေးတွေကို ပျော်ပွဲသဘင်များလိုပဲ ကိုယ်ကြိုက်ရာကိုယ်နေကြပြန်တော့ ပွဲလမ်းသဘင်က ဒီနေ့ လူတစ်မျိုး၊ မနက်ဖန် လူတစ်မျိုးဆိုပြီးတော့ အသစ်အဟောင်း ပြောင်းပြောင်းသွားကြတာ တစ်ည, နှစ်ည ဒီလောက်ပဲ ရှိပါတယ်၊ ဒီမှာတော့ ဒီလိုမဟုတ်ပါဘူး။

သင်တန်းတစ်ပတ်ဆိုရင်ဖြင့် အနှောင့်အယှက်မရှိဘဲ ပြကြပြီဆိုလို့ရှိရင် တစ်နှစ်ကျော်သွားတာ များတယ်၊ တစ်နှစ်နဲ့ နှစ်လ, သုံးလဒီလိုဖြစ်တာ များတယ်။ အဲဒီတော့ တစ်နှစ်ကျော်ကျော်ကြီး နေ့စဉ်ရက်ဆက် တက်ရမည့်ကိစ္စဆိုတော့ ပွဲလမ်းသဘင်နဲ့ မတူပြန်ဘူး။ ပရိသတ်အနေအထား ဘယ်လိုနေကြမလဲဆိုတော့ ကျောင်းများလို နေကြရမယ်။ လောကဓာတ်ကျောင်းတွေကျတော့ သူ့ ခုံနံပါတ်နဲ့သူ၊ သူ့အတန်း သူ့နေရာနဲ့ တစ်ခါပြထားရင် ဒီကျောင်းသားဟာ ကျောင်းထွက်သည့်တိုင် အောင်ပေါ့လေ၊ နောက်တစ်ခါ ဆရာများဟာ အထူးမစီမံရတော့ဘူး၊ ပုံသေကားချပ်ကို ဖြစ်နေတယ်။ ဒီမှာက ကျောင်းများထက်မကပါဘူး၊ ပရိသတ်က အလွန်များတယ်၊ များတော့ နေရာထိုင်ခင်းအတွက် သာ ရက်ရှည်လများ အလုပ်လုပ်ရမည့်ကိစ္စကြီးဖြစ်နေတော့ စည်းကမ်းဆိုတာ ရှိရမယ်၊ ဘာပြုလို့လဲ ဆိုတော့၊ နောက်နောင်က အခက်အခဲနည်းနည်းပါးပါး တွေ့ရတယ်။ ဒီလိုပဲ ပရိသတ်ကများ နေရာက

http://www.dhammadownload.com



ကျဉ်းကြပ်တော့ နေရာလုပြီး စကားများငြင်းခုံမှုလေးတွေ ဖြစ်ကြတယ်၊ အသင့်အတင့်ပါပဲ၊ ပွဲခင်းထဲမှာ ရန်ဖြစ်သလိုတော့ မဟုတ်ပါဘူး။ အဲဒီလောက်အထိကိုပဲ မဖြစ်စေရအောင်လို့ စည်းကမ်းလေးတွေ ထားရမယ်၊ ဘယ်လိုစည်းကမ်းထားရမလဲဆိုတော့ ကျောင်းများလိုပဲ သဘောထားကြရမယ်။ အရင်တုန်းကတော့ တစ်ရက် နှစ်ရက် သုံးရက်အထိပေါ့၊ သုံးရက်အတောအတွင်းတော့ နေရာအတည်တကျ မရှိသေးဘူးဆိုပြီး နေရာမသတ်မှတ်ရသေးဘူး၊ သုံးရက်က ကျော်လွန်ရင်ဖြင့် ကိုယ့်နေရာကိုယ်မြဲကြပါစေ၊ ဒီလိုပဲပြောချင်တယ်၊ အခုတစ်ခါတော့ ဒီကိစ္စတွေ ဒီတစ်ရက်ပဲ ပြောကြပါစို့။

ဒါကြောင့် ယနေ့ရောက်လာကြတဲ့ပုဂ္ဂိုလ်များသည် မိမိရထားတဲ့နေရာကို သေသေချာချာ စွဲစွဲမြဲမြဲ မှတ်သားထားပါ၊ ဒီနေ့ ဒီနေရာ၊ မနက်ဖန်ကျတော့ ဟိုနေရာ ငါရွှေ့နေမယ်၊ ဟိုနေရာက လူတွေချောင်တယ်၊ ဒီလိုသဘောမထားကြပါနဲ့၊ နေရာလည်း မပြောင်းပါနဲ့လို့ ကုန်ကုန်ပြောကြပါစို့၊ ဒီနေ့ဒီလိုနေသွားတယ်၊ မနက်ဖြန်ကျတော့ ငါ့အနားက လူတစ်ယောက်သည် အကြောင်းမညီညွတ်လို့မလာဘူးဆိုရင် မလာတဲ့သူ့နေရာသည် ကွက်လပ်ကလေး ရှိပါစေ ဒီလိုနေရမယ်။ ဒါမှ နေသားကျမှာ၊ ဒီလောက်တောင် မျက်စိလည် လမ်းမှားသွားရတဲ့ ခရီးစဉ်ကြီးမှာ ညီညီညွတ်ညွတ် သင့်သင့်တင့်တင့်ရှိကြရမယ်။ တစ်ယောက်နဲ့တစ်ယောက် စိတ်မချမ်းမသာဆိုတဲ့ သဘောအဓိပ္ပာယ်မဖြစ်ကြရအောင်အဲဒါလေး နားလည်ထားပါ။ အဲဒါလေးတွေ ပြောနေကျ စကားအတိုင်းပါပဲ။

## လွတ်လပ်ရေးမတိုင်ခင် ဖွင့်လှစ်လာခဲ့တဲ့သင်တန်း

ဒါ့အပြင် စောစောက ပြောနေတဲ့စကားလိုပဲ ဒီသင်တန်းကြီးဟာ မြန်မာပြည်လွတ်လပ်ရေးမကြေငြာမီသုံးလလောက်က ကြိုတင်ပြီးဖွင့်လာတဲ့သင်တန်း၊ မြန်မာပြည်လွတ်လပ်ရေးကြေငြာတာက ပြာသိုလ၊ သင်တန်းစတာက တန်ဆောင်မုန်း, နတ်တော်, ပြာသို သုံးလတော့ ဦးပါတယ်။ သက်တန်းလည်း မနည်းခဲ့ပါဘူး။ ဒါ လူသစ်တွေအတွက် နည်းနည်းပါးပါး နားလည်မှုရှိပါစေလို့ ယခုအခါ လူသစ်တွေ စာရင်းပေးတာ တော်တော်များပါတယ်၊ စာရင်းပေါက်အနေအားဖြင့် သုံးထောင်နှင့် လေးရာ့ငါးဆယ်ကျော်လောက် စာရင်းပေါက်တယ်၊ စာရင်းပေးပြီးတော့ လိုက်ဖြစ်သော် ရှိ၊ မလိုက်ဖြစ်သော် ရှိ၊ တို့ချို့ယွင်းချက်တွေများရင် မကောင်းပါဘူး။ ဒါကြောင့် စာရင်းတော့ ငါမပေးဘူးဆိုပြီး စာရင်းမပေးဘဲ လိုက်တဲ့ပုဂ္ဂိုလ်များလည်း တော်တော်များပါတယ်၊ တစ်ညနဲ့တစ်ည များများများများလာတယ်။

သင်တန်းရဲ့အကျဲအနှုန်းကြည့်ပြီးတော့ လာကြတဲ့ပုဂ္ဂိုလ်တွေလည်း တော်တော်များပါတယ်။ ဒါကြောင့် အဲဒါတွေ ထည့်မတွက်ပါဘဲနဲ့ မိမိတို့မှာနှစ်စဉ်နဲ့အမျှ ပေးနေကျစာရင်းအတိုင်းဆိုလို့ရှိရင်

http://www.dhammadownload.com



သုံးထောင်လေးရာ့ငါးဆယ်ကျော် ရှိသွားပြီ။ ဒီတော့ စာရင်းပေါက်သုံးထောင်ကျော် ပရိသတ်ဟာ ကိုယ်တိုင် လက်မှတ်ရေးထိုးပြီးတော့ စာရင်းပေးသွင်းကြတယ် ဆိုကတည်းက စေတနာသိပါတယ်၊ စိတ်ထားလေးတွေကို သိပါတယ်။ ဩော် . . . ဒီတရားကို တော်တော်လိုချင်ကြတာ၊ ဘာပြုလို့ ဒီတရားလိုချင်ကြတာလဲဆိုတော့ သင်တန်းကလည်း ဆယ့်လေးနှစ်ကျော်ကျော်လောက် ပြလာတော့ အသံကလည်း ညံ့ညံ့, ညံ့ညံ့လာတယ်။ ဘယ်လိုသိသတုံးဆိုတော့ ဟာ . . . ဒီသင်တန်းလိုက် ရတာကွယ်၊ တစ်မဂ်, တစ်ဖိုလ်ရတာ မရတာ အသာထား၊ နောက်ဆုံးတစ်နေ့မှာ တို့ ရတနာသုံးပါး ဆည်းကပ်တတ်တယ်၊ ရတနာသုံးပါးရဲ့ဂုဏ်ကျေးဇူးတွေ ရှေးကထက်ပိုပြီးတော့သိတယ်၊ တို့အရင့် အရင်တုန်းက စိတ်ထားမမှန် ဖောက်လွဲဖောက်ပြန်ဖြစ်နေတဲ့ အကျင့်ဆိုးတွေလည်း တစ်မျိုးတစ်မည် ပြောင်းသွားပြီးတော့ အကျင့်ကောင်းတွေ ရောက်လာကြတယ်၊ ကိုယ်ကျင့်တရားတွေ အင်မတန် ယဉ်ကျေးသိမ်မွေ့မှုတွေဟာ လက်တွေ့ခံစားရတဲ့အကျိုးတွေပဲ၊ ဒါပဲလားဆိုတော့ တို့မသိဖူးတာ သိရတယ်၊ တို့မကြားဖူးတာ ကြားရတယ်၊ တို့မနာဖူးတာ နာရတယ်၊ ဘယ်ထိအောင် တန်ဖိုးရှိသလဲ ဆိုရင်ဖြင့် အရင်တုန်းကဆို ရုပ်တစ်လုံး နာမ်တစ်လုံး ဘာမှမသိတဲ့ အန္ဓပုထုဇဉ်ပဲ၊ သင်တန်းလိုက်ရင် အနည်းဆုံးကတော့ဖြင့် ကလျာဏပုထုဇဉ်ဖြစ်ကြတယ်၊ ဘာပြုလို့တုံးဆိုတော့ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့တရားတွေ တို့ပြတ်ပြတ်သားသား နားလည်ခဲ့ရတယ်၊ ဒီလို နားလည် လိမ္မာလာလို့ ရှိရင်လည်း တို့အမေမွေးတုန်းက အန္ဓပုထုဇဉ်ဆိုတဲ့ သူကန်းပုထုဇဉ်ဘဝက နေပြီးတော့ တစ်ဆင့် တစ်လှမ်းတိုးပြီးတော့ တစ်မျိုးအားဖြင့် ကလျာဏပုထုဇဉ်ဘဝ ရောက်ကြတယ်၊ ဒါအောက်ထစ်ဆုံးနော်။

## ကလျာဏပုထုဇဉ်အဆင့်မှ စူဠသောတာပန်အဆင့်သို့ တက်လှမ်းပုံ

ဒါ့ထက် ရှေ့နားတိုးပြီးတော့ သင်တန်းကို မပျက်မကွက် ကြိုးစားလိုက်မယ်ဆိုလို့ရှိရင် "ကလျာဏ ပုထုဇဉ်"အဆင့်မှ "စူဠသောတာပန်"ဆိုတဲ့ သောတာပန်အငယ်စားလည်း ဖြစ်ပါတယ်။ ကြိုးစားမယ် ဆိုလို့ရှိရင် ခရီးက ဒီထိအောင် ရောက်ပါတယ်၊ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူးတဲ့၊ အပါယ်လေးပါး လည်း တားပေးနိုင်ပါတယ်ဆိုတော့ တော်တော်ကြီးလည်း အားထားရတဲ့ စိတ်ဓာတ်ကလေးတွေ လည်း ရှိကြပါတယ်။ ဒါကြောင့် ဒီလိုယုံကြည်ကိုးစား အားထားတဲ့အနေအားဖြင့် တကယ့်ရိုးသားတဲ့ စေတနာလေးတွေနဲ့ လာရောက်နာကြားပြီး စာရင်းပေးသွင်းကြသောပုဂ္ဂိုလ်စုလို့ ဒီလိုပဲယုံကြည်မှု ရှိပါတယ်။ ဒါပေမယ့် အဲဒီအထဲမှာ နည်းနည်းလေးပဲ ပြောလို့ရပါတယ်၊ ဒီတော့ပြောသွားတဲ့ စကား ကိုလည်း ဝေဖန်ပါ၊ သူပြောတာ ဆိုးသလား၊ တို့က ဆိုးသလား၊ သူပြောတာက မှန်သလား၊ တို့ ဝေဖန်တာက မှားသလားလို့၊ ကိုယ်ဝေဖန်ပုံကလေးကိုလည်း ကိုယ်ပြန်စဉ်းစားကြပါ၊ အဲဒီအထဲမှာ

http://www.dhammadownload.com



အတိုအထွာတိုင်းချင်တဲ့ပုဂ္ဂိုလ်တွေ၊ မြေစမ်းခရမ်းပျိုးချင်တဲ့အနေအားဖြင့် အတိမ်အနက်တိုင်းချင်တဲ့ ပုဂ္ဂိုလ်တွေ၊ သူပြနေတဲ့သဘာဝက တို့သိတာလောက်မှ ဟုတ်ကဲ့လားဆိုတဲ့အနေအားဖြင့် စမ်းချင်တဲ့ ပုဂ္ဂိုလ်တွေ၊ တနည်းအားဖြင့် ဘယ်လိုပြောတာတုံး၊ ဘယ်လိုဟောတာတုံး၊ အပြစ်တွေ့ရင် ငါဖမ်း လိုက်မယ်ဟဲ့ဆိုပြီး အပြစ်ရှာနေတဲ့ပုဂ္ဂိုလ်တွေ ဒါသင်တန်းအပတ်တိုင်းပါတယ်။ မပါတဲ့အခါ ခပ်ရှား ရှားပဲ၊ ဒီက ပြောလိုက်တဲ့စကားကို မပြတ်သားပြီဆိုမှဖြင့် ထင်ရာတွေ ဝေဖန်ပြီးတော့ အပြင်မှာ အသံက ထွက်တယ်၊ အပြင်မှာ အသံထွက်လာပြီဆိုမှဖြင့် အပြစ်ကပေါ်လာတယ်။ ဒီတော့ ယခုလို ပြောနေရတဲ့ပုဂ္ဂိုလ်မျိုးဟာ မိမိတို့ ဒီရည်ရွယ်ချက်နဲ့လာခဲ့လို့ရှိရင် တို့ရည်ရွယ်ချက်သည် ကောင်းသော လာခြင်းလား၊ ကောင်းသော ရည်ရွယ်ချက်လားလို့ စဉ်းစားရမယ်၊ စဉ်းလည်းစဉ်းစား ဒါသတိပေးတာပါ။ အမှန်ကတော့ ဘယ်သူဘယ်ဝါရယ်လို့ ရည်ရွယ်ပြီးတော့ ပုဂ္ဂလာဓိဋ္ဌာန်အနေအားဖြင့် ပြောတာ မဟုတ် ပါဘူး၊ ပါတတ်တာပြောတာပါ။ ဒီတော့ တို့သူလုပ်နေတဲ့ သာသနာပြုလုပ်ငန်းအစစ်ကြီးကို တကယ့် ကိုပဲ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကို အထူးသိလာတယ်။ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်တွေ တတ်လာတယ်၊ တကယ့်အကျင့်ဆိုးနေတဲ့ အမျိုးအစားကနေပြီးတော့ အင်မတန်အကျင့်ကောင်းတဲ့ဘဝကို ပြောင်းသလို ရောက်လာတယ်။

## ကိုယ်ကျိုးမဖက် ပင်ပန်းသက်သက်ခံပြီး တရားပြနေတာ

လက်တွေ့တော့ တကယ်ကောင်းတဲ့တရားပဲ၊ လုပ်နေတဲ့တရားက လူအများကို အကျိုးများတဲ့ တရားဖြစ်တယ်၊ မိမိရဲ့ကိုယ်ကျိုးကို မငဲ့ကွက်ဘဲနဲ့ သက်သက်အပင်ပန်း အနွမ်းအနယ်ခံပြီးတော့ တို့တတ်သိလိမ္မာအောင် သင်ကြားပို့ချနေတဲ့ လုပ်ငန်းကြီးတစ်ခုဖြစ်တယ်၊ ငါသည် အပြုသဘော မဟုတ်ဘဲနဲ့ အပျက်သဘောအနေအားဖြင့် သွားပြီးတော့ အပြစ်ရှာခြင်းသည် တော်ပါ့မလား၊ အတို အရှည်တိုင်းခြင်းသည် တော်ပါ့မလား၊ သွားပြီးတော့ အတိမ်အနက်စမ်းခြင်းသည် တော်ပါ့မလား၊ ကိုယ့်ကိုကိုယ် ပြန်ကြည့်ကြပါလို့၊ ဒီက လုပ်နေတာအကျိုးမဲ့လုပ်နေတာ မဟုတ်ပါဘူး၊ တကယ့် စင်ကြယ်သန့်ရှင်းတဲ့စေတနာနဲ့ အလုပ်လုပ်နေတာ၊ လာဘ်မျှော်ကိုးတယ်ဆိုတဲ့ လောဘ၊ သူတစ်ပါး တို့၏ ရှိခိုးကြည်ညိုမှု ခံယူတယ်ဆိုတဲ့ "လာဘသက္ကာရ" လုံးဝမရှိပါဘူး။ ဘယ်တော့မှ မမျှော်ကိုး ပါဘူး။ အခု ရန်ကုန်မှာ ငါးလခွဲတိတိ နတ်တော်လဆန်း (၁)ရက်နေ့က ပြတာ၊ ကဆုန်လဆန်း (၁၄) ရက်နေ့က ပြီးခဲ့တယ်။ ငါးလခွဲတိတိ ပြခဲ့ပါတယ်။ ပရိသတ်ကို သူတို့ခန့်မှန်းချက်ကတော့ ငါးထောင် အောက် မလျော့ပါဘူးလို့ ပြောပါတယ်။ ဒါပေမယ့် ကိုယ်ကတော့ သုံးထောင်ကြားနှင့် လေးထောင် ကြားရှိပါလိမ့်မယ်။ အဲဒီလို ရက်ရှည်လများ ပြလာတဲ့ပရိသတ်ဟာ တရားရည်လေးဝလာတော့ အင်မတန်မှ ကြည်ညိုလေးစားလာကြပါတယ်။ ရန်ကုန်သူ ရန်ကုန်သားဟာ သိတဲ့အတိုင်းပဲ ပိုက်ဆံ

http://www.dhammadownload.com



ဆိုရင်လွယ်တဲ့ ပုဂ္ဂိုလ်တွေ၊ ပုဂ္ဂိုလ်တစ်ယောက်ကို ကြည်ညိုလေးစားလာပြီ ဆိုရင် ပိုက်ဆံသာ ပစ်ခတ်ပြီးတော့ လှူချင်တဲ့သတ္တိရှိတယ်၊ ငွေပဲ လှူချင်လိုက်တာ၊ သင်တန်းပြီးလို့ရှိရင် ဘယ်သူက ဘယ်လောက်လှူချင်တယ်၊ ဘယ်သူက ကန်တော့ချင်တယ်ပေါ့လေ။

စောစောက ကြိုတင်ပြီး ပြောထားတာ၊ ငွေကြေးနဲ့ ပတ်သက်ပြီး ဒီတရားကြီးကို ဆယ့်လေးနှစ်ကျော်ကျော် အပင်အပန်းခံပြီးတော့ ငွေကြေးနဲ့ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်မဟုတ်ပါဘူး၊ ထမင်းတစ်လုပ်တော့ မသေမချင်းစားရပါလိမ့်မယ်၊ ဝတ်ရပါလိမ့်မယ်၊ ကိုယ့်ကိုကိုယ်လည်း ယုံကြည်ပါတယ်။ ဒါကြောင့် မိမိလုပ်နေတဲ့ အင်မတန်မှ စင်ကြယ်သန့်ရှင်းတဲ့ သာသနာပြုလုပ်ငန်းကြီးကို "လာဘသက္ကာရ" ဆိုတဲ့ အညစ်အကြေး ရောပြွမ်းတယ်ဆိုတဲ့ အလုပ်ကိုတော့ လက်မခံဘူးလို့သည်းခံပါ။ ဒါပေမယ့်လို့ အလုံသင်တန်းကြီးရဲ့အမှုဆောင်တွေက ဒီသင်တန်းကြီးရဲ့ တရားစဉ်အစကနေ အဆုံးတိုင်အောင် ကြိုးခွေသွင်းလာတဲ့ကိစ္စကြီးက သူတို့မှာ ကြွေးတင်နေလို့ အဲဒီကြွေးလေးအတွက်ကတော့ဖြင့် ဆရာဟော ပြောပေးပါဆိုလို့ ဒီအလှူအတွက်ကိုတော့ဖြင့် ဓမ္မဒါနအဖြစ်နဲ့ တတ်နိုင်လို့ရှိရင် ကုသိုလ်ကောင်းမှု ပါဝင်ကြပါလို့ဆိုပြီး ကောက်ခံလိုက်တာ ငွေငါးထောင်ရတယ်။

အဲဒါကြောင့် ဒီအလုပ်ကြီးကို ဆယ့်လေးနှစ်ကျော်ကျော် အလုပ်လုပ်လာတာ "လာဘသက္ကာရ" အနေအားဖြင့် မကြည့်ပါဘူး၊ ကိုယ်ရေးကိုယ်တာအတွက်နဲ့ ပိုက်ဆံငွေကြေးပတ်သက်လို့ ဘယ်တော့မှ အလှူမခံပါဘူးလို့ ချွင်းချက်အနေအားဖြင့် အလှူခံတာတော့ ရှိပါတယ်။ သာသနာရေးကိစ္စအတွက် တို့ဆရာသမားများကို လှူဒါန်းတဲ့အခါမှာ ကိုယ်တစ်ယောက်တည်း မတတ်နိုင်ရင် ဒီအခါတော့ အကြောင်းကြားပါတယ်၊ တတ်အားသမျှတော့ ထောက်ပံ့ကြပါလို့ ဒီလိုတော့ ရှိပါတယ်၊ ကိုယ်ကျိုးအတွက်တော့ မပါ,ပါဘူး။ အဲဒီလို သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ်နဲ့ အလုပ်လုပ်နေတဲ့ သာသနာပြုလုပ်ငန်းကြီးလုပ်နေတာ "ငါဒီလို အပြစ်ရှာရအောင် သွားလို့ တော်ပ့ါမလား၊ အတိမ်အနက် စမ်းရအောင်သွားလို့ တော်ပ့ါမလား၊" ဒါမိမိကိုယ်ကို မိမိတို့ပြန်ပြီးတော့ ဝေဖန်ပေ့ါလေ၊ ဝေဖန်ပြီးတော့ မတော်ရင် နောက်ဆုတ်ကြပါ၊ သို့ကလောက်တောင်များတဲ့ ပရိသတ်ကြီးရဲ့ အင်မတန်ပြင်းပြလှတဲ့ မွန်မြတ်တဲ့ ဆန္ဒစာတ်ကြီးကို မဖျက်ဆီးပါနဲ့လို့။ ဘာ့ကြောင့်လဲ ဆိုတော့ မိမိတို့မှာလည်း ခဲမှန်ဘူးတဲ့ စာသူငယ်လို ဖြစ်နေတယ်၊ သာသနာတော်ကြီးထွန်းကားတဲ့ ဗုဒ္ဓဘာသာနိုင်ငံမှာ ယဉ်ကျေးသိမ်မွေ့စွာ နှင့် နာယူမှတ်သားကြပါလို့ မေတ္တာရပ်ခံတာပါ။

## မိရိုးဖလာဗုဒ္ဓဘာသာဝင်ကနေ တခြားဘာသာပြောင်းလဲသွားခြင်း

ဒါကြောင့် ဒီသာသနာတော်ကြီးကို အမျိုးမျိုးသောဘာသာတွေက သာလာယံ-ဇရပ်ကြီး သဖွယ် ဗုဒ္ဓဘာသာမြန်မာနိုင်ငံကို လာပြီးတော့ သာသနာပြုတယ်ဆိုတဲ့ အယူရှိပါတယ်၊ ရှေးမြန်မာ

http://www.dhammadownload.com



မင်းများအဆက်ဆက်က စပြီးတော့ ဗုဒ္ဓဘာသာထွန်းကားနေတဲ့ နိုင်ငံတော်ကြီးမှာ ဘာသာခြားဆိုတာ ဘယ်ကမှ မပေါ်လာပါဘူး။ ဒါကြောင့် အခုဘယ့်နှယ့်ဖြစ်နေတုံးဆိုတော့ မြန်မာလူမျိုးတွေ ဗုဒ္ဓဘာသာ အယူဝါဒက ပေါက်ဖွားလာတဲ့သားသမီးတွေပဲ ကွန်မြူနစ်ဖြစ်လိုက်, ခရစ်ယာန်ဖြစ်လိုက်, မဟာမေဒင် ဖြစ်လိုက်ပေါ့။ နိုင်ငံခြားက ဒီလာပြီးတော့ သယ်ပိုးချထားတာ မဟုတ်ပါဘူး၊ ဒီမြန်မာလူမျိုးတွေ မိရိုးဖလာ ဗုဒ္ဓဘာသာက လာတဲ့ပုဂ္ဂိုလ်တွေထဲကပဲ ကွန်မြူနစ်ဖြစ်သွားလိုက်, ခရစ်ယာန်ဖြစ်သွားလိုက်, မဟာမေဒင် ဖြစ်သွားလိုက် အမျိုးမျိုးဖြစ်နေတာ၊ ဒါတွင်မကသေးဘူး တော်ကြာ နတ်ကိုးကွယ်တဲ့ အမျိုးတွေဖြစ်နေလိုက်၊ အဲဒီလိုဖြစ်ဖြစ်သွားတဲ့သဘာဝတွေ သေသေချာချာကြည့်ရင် တို့သာသနာ ကြီးသည် အတော်ညှိုးနွမ်းနေတာပဲ၊ အတော်လေး ဆုတ်ယုတ်နေတာပဲ ပြန်စဉ်းစားကြည့်ပါ။

## အများအားဖြင့် ကိုယ့်ဘာသာကို ကြီးပွားအောင် လုပ်နေကြတာပါ

အဲဒီလို ဘေးတွေ, ရန်တွေ, အန္တရာယ်တွေ များနေတာကို ဒီသင်တန်းကြီးသည် တစ်နည်း အားဖြင့် ဘယ်လောက်ကာကွယ်ပေးနေတယ်ဆိုတဲ့ သဘောလေးတွေ နည်းနည်းလေး ပြောရမယ်။ ဒီသင်တန်းကို တစ်နှစ်တက်ဖူးတဲ့ပုဂ္ဂိုလ်များသည် အင်မတန်ကမ္ဘာကြီးက ချီးကျူးနေတယ် ဆိုတဲ့ သူတို့နဲ့တွေ့ရင် မှိုင်းမိသလိုဘဲ မလွန်ဆန်နိုင်ဘူး။ စိုက်စိုက်ပါအောင် လိုက်သွားနိုင်တဲ့ ဘာသာတွေ ဆွဲဆောင်စမ်းပါ။ ကွန်မြူနစ်ဆွဲမလား, ခရစ်ယာန်ဆွဲမလား, မဟာမေဒင်ဆွဲမလား အကြောင်းသိပဲ၊ ဒီလိုဘာသာအနေအားဖြင့် ခိုင်လုံတဲ့ အဆင့်အတန်းကြီး ရောက်လာအောင် ဒီလို လူပေါင်းမြောက်မြား စွာကို သင်ကြားပြသ ဟောပြောပေးနေတဲ့ သင်တန်းကြီးတစ်ခုပါ။ ဒါအကျိုးများတဲ့ လုပ်ငန်းလား၊ အပြစ်များတဲ့ လုပ်ငန်းလားလို့ ဝေဖန်လည်း ကြည့်ကြပါ၊ ဒါအောက်ထစ်ဆုံးနော်၊ လူတွေရဲ့ ယဉ်ကျေးမှု အရကတော့ အထူးပြောစရာမလိုပါဘူး၊ အဲဒါတွေ ထောက်ဆသောအားဖြင့် ဘာသာအမျိုးမျိုးက တို့ဘာသာထဲမှာ နှိုက်နှိုက်၊ နှိုက်နှိုက်ပြီးတော့ ဖဲ့ဖဲ့ယူသွားတာ လူပေါင်းများလာပြီ၊ ကြာရင် တို့လူမျိုး တွေနဲ့ တို့ဘာသာကြီး ပျောက်ရချည်ရဲ့၊ ဒီအထဲမှာ ဘာသာခြားများပါလို့ ရှိရင်လည်း မနာပါနဲ့၊ ဒါကတော့ ထုံးစံအတိုင်းပဲ လမ်းစဉ်ချပြောတာ၊ မုန်းလို့ မဟုတ် ပါဘူး၊ ဘယ်သူမှ နာစရာမလိုပါဘူး။ ဒါကြောင့် ဘယ်ဘာသာဖြစ်ဖြစ် ကိုယ့်ဘာသာကို ကြီးပွားရာ ကြီးပွားကြောင်း, တိုးတက်ရာ တိုးတက် ကြောင်း အမြဲတစေ ကြိုးစားနေကြတာပါ။

ကမ္ဘာကြီးမှာ ဒီလိုပါပဲ၊ ဒါအဆန်းမဟုတ်သလို အပြစ်လည်း ပြောစရာမလိုပါဘူး၊ တို့ကလည်း တို့ဘာသာတိုးတက်အောင် ကြိုးစားရမယ်၊ တို့ဘာသာ ဆုတ်ယုတ်မသွားအောင် ကြိုးစားရမယ်၊ ဒါဖြင့် ကောင်းပါပြီ၊ တို့ဘာသာချည်းထဲကပဲ ဒီလိုဖဲ့ဖဲ့သွားပြီး လူပေါင်းများစွာ ပါသွားတာ ဘာကြောင့်

http://www.dhammadownload.com



လဲလို့ မေးရင် "မူလစစ် အမြစ်မြေက"ဆိုသလိုပဲ သေသေချာချာ စဉ်းစားကြည့်တော့ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကိုးကွယ်လို့ ဗုဒ္ဓဘာသာအမည်ခံတာ၊ ကြည့်လိုက်တော့ မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်နေတယ်။ တို့မိဘတွေ ကိုးကွယ်လို့ တို့ကိုးကွယ်တာတဲ့။ ဘုရားအကြောင်းမေးလည်း မပြောတတ်ဘူး၊ တရားအကြောင်းမေးလည်း မပြောတတ်ဘူး၊ သံဃာအကြောင်းမေးလည်း မပြောတတ်ဘူး၊ အဲဒါနဲ့ တစ်ဖက်သော ဘာသာများက ဒီလိုပဲ လာပြီး ဖြားယောင်းသွားကြတာ၊ အပြောကောင်းတာ နောက်ကို ကောက်ကောက်ပါအောင် ပါသွားကြတယ် လိုက်သွားကြတယ်။ ဒါကြောင့် ဒီအခြေအမြစ်အနေအားဖြင့် ဘာသာကြီးတစ်ရပ် ဘယ်သောအခါမှ မတုန်လှုပ် မချောက်ချားနိုင်အောင် ခိုင်ခိုင်မတ်မတ်ကြီး ရပ်တန့်နိုင်အောင် ဆိုပြီးတော့ အကူအညီပေးနေတဲ့ သင်တန်းကြီးပဲ၊ တချို့က ဒီလိုပဲ နားလည်ကြတယ်။ ဒါကတော့ ဂုဏ်ဖော်နေတဲ့စကားလည်း မဟုတ်ပါဘူး။ ဒီသင်တန်းက မွေးထုတ်ပေးလိုက်တဲ့ ပုဂ္ဂိုလ်များရလာတဲ့ အကျိုးလေးတွေ ထုတ်ဖော်ပြီးတော့ အောက်ထစ်ဆုံးအနေအားဖြင့် ဝေဖန်ပြီး ပြောနေတာ၊ သို့အတွက်ကြောင့် လူအများကို အကျိုးပြုနေတဲ့ လုပ်ငန်းကြီးတစ်ခုကို စောစောကပြောတဲ့ မိတ်ဆွေများက အကယ်တန္တလို့ လာရောက်လေ့လာခဲ့သော် စေတနာလေးတွေ ပြောင်းကြပါ၊ ကောင်းသော စေတနာလေးတွေ ထားလိုက်မယ်ဆိုလို့ရှိရင် တို့မိတ်ဆွေတွေလည်း အကောင်းစား ပထမအဆင့်အတန်းသို့ ရောက်ပါတယ်၊ သူ့အကျိုး, ကိုယ့်အကျိုး ဆိုသလိုပါပဲ၊ နှစ်မျိုးသော အကျိုးလည်း ပွားတိုးလာပါလိမ့်မယ်။

## သြဝါဒနှင့်အနုသာသန အဓိပ္ပာယ်ဆိုတာ

ဒါကြောင့် ပြောင်းနိုင်ရင်လည်း ပြောင်းကြပါလို့ မပြောင်းနိုင်ရင်လည်းပဲ အနှောင့်အယှက် မလုပ်ကြပါနဲ့၊ အပြစ်မရှာကြပါနဲ့လို့ မေတ္တာရပ်ခံအပ်ပါသည်။ ဘာပြုလို့ ဒီလိုပြောနေရပါသလဲဆိုရင် တွေ့ပေါင်းက များနေလို့ပါ၊ ခံရပေါင်းလည်း များလှပါပြီ။ ဒါကြောင့် ဒီစကားပြောခြင်းသည် တခြားမဟုတ်ပါဘူး။ သူသူငါငါ ရဟန်းတော်နှင့်လူအများကော ကြည်ညိုလေးစားခြင်းခံရသော ပခုက္ကူမြို့အသာထား၊ တစ်နိုင်ငံလုံး လေးစားကြည်ညိုအပ်တဲ့ ပခုက္ကူအလယ်တိုက် ဆရာတော်ဘုရားကြီးက သြဝါဒပေးတယ်ဆိုတဲ့နေရာမှာ "သြဝဒေယျ အနုသာသေယျ" (ဓမ္မပဒ၊ ၂၄-နှာ။ ထေရဂါထာ၊ ၃၄၄-နှာ) ပါဠိ၌ သြဝါဒ အနုသာသန နှစ်မျိုးရှိပါတယ်။ သြဝဒေယျ-ဆိုတဲ့ ပါဠိကို မြန်မာလိုပြန်တော့ ဆုံးမတာ ရပါတယ်၊ အနုသာသေယျ-ဆိုတာလည်း ဆုံးမတာ ရပါတယ်၊ ဒါကြောင့် ဆရာတော်ဘုရားကြီးက 'သြဝဒေယျ အနုသာသေယျ'လို့ ဒီလိုနှစ်မျိုးကို ခွဲခြားပြီးတော့ ဆုံးမတယ်။ ဒါအားလုံးသိပြီးသားပါ။ အရင်တုန်းက ပရိသတ်များကို သေသေချာချာ စာရွက်နဲ့ရိုက်ပြီးတော့ ဝေငှထားပါတယ်။

http://www.dhammadownload.com



ဩဝါဒဆိုတဲ့အတိုင်း တပည့်တပန်းများ အားလုံးအပြစ်သင့်နေတဲ့အခါမှာ ထိုအပြစ်ကို ဖော်ပြီးတော့ ဆုံးမတာကို "ဩဝဒေယျ"လို့ ခေါ်ပါတယ်။ "အနုသာသေယျ"လို့ သုံးတာက အပြစ်မပေါ်ခင်က ကြိုတင်ပြီး ဖြစ်လေမလား ဆိုပြီးတော့ ဆုံးမတာကို "အနုသာသေယျ"လို့ ခေါ်တယ်။

ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကထာဆိုတာ အရင်တစ်ပတ်က တစ်ခါကြေငြာစာတမ်းအနေ အားဖြင့် ဝေငှပြီးဖြစ်လို့ အားလုံးသော သင်တန်းသူ သင်တန်းသားအပေါင်းနှင့် မြို့သူမြို့သားအပေါင်း တို့လည်း သိပြီးသားပါ၊ အဲဒီလို ဆရာတော်ဘုရားကြီးရဲ့ ဆုံးမတော်မူတဲ့ ဩဝါဒနှင့်အနုသာသန ဒီနှစ်မျိုးကို မိမိကိုယ်တိုင်နှင့်တကွ အားလုံးသော သင်တန်းသူသင်တန်းသားများက တသွေမတိမ်း လိုက်နာခဲ့ကြပါတယ်၊ ဘယ်တော့မှ ဖီလာကန့်လန့် မလုပ်ခဲ့ပါဘူး၊ အထူးရိုသေလေးစားစွာ လိုက်နာ ပါတယ်၊ နောင်လည်း အစဉ်တစိုက်လိုက်နာဖို့ ဆုံးဖြတ်ချက်ရှိပါတယ်၊ အရင့်အရင်တွေကကောလို့ မေးစရာရှိပါတယ်၊ အရင့်အရင်တွေကလည်း ဆိုဆုံးမ ဩဝါဒ အမြဲတစေ ခံနေပါတယ်၊ ဒါဆရာတော် ဘုရားကြီးရဲ့ ဩဝါဒကထာဖြစ်ပါတယ်။ ဩော် . . . တို့ဆရာတော်ဘုရားကြီးက ဒီလိုဆုံးမတာကို ပရိသတ်သုံးထောင်ကျော်ကြီးဟာ မိမိကိုယ်ကို အားကိုးယုံကြည်တဲ့အနေအားဖြင့် မိမိသင်ကြားတဲ့ တရားကို နာယူရအောင် ရောက်လာပြန်တော့ ငါကလည်း တစ်လှည့်ပြန်ပြီးတော့ ဆရာတော် ဘုရားကြီးဆုံးမသလိုပဲ "ဩဝဒေယျ"နှင့် "အနုသာသေယျ" နှစ်ခုကို အလုပ်လုပ်အုံးမှာပဲလို့ တွေးမိ တယ်၊ ဒီတော့ဩဝါဒကတော့ အပြစ်တွေ့တဲ့အခါ ဆုံးမရတယ်။ "အနုသာသေယျ"ဆိုတာကတော့ အပြစ်မပေါ်ခင် ကြိုတင်ပြီး ဆုံးမရမယ်ဆိုတော့ တို့လူစုက ဒီနေရာမှာ ဘာအပြစ်မှ မရှိပါဘူး။

ဒါပေမယ့် ဘာအပြစ်မှ အခုမရှိပေမယ့် နောင်အခါ ရှိချင်ရှိတတ်တယ်ဆိုတဲ့ အနေအားဖြင့် ကြိုတင်ပြီးတော့ ဆရာတစ်ယောက်အနေနှင့် ပြောရခြင်းဖြစ်ပါတယ်။ "အနုသာသေယျ"ကို မြန်မာလို ဘာကို ဆုံးမချင်သလဲဆိုတော့ ဆုံးမစရာ တခြားမဟုတ်ပါဘူး။ ဆရာတော်ဘုရားကြီးကလည်း အကြိမ် ကြိမ် အထပ်ထပ်ဩဝါဒပေးနေတယ်၊ မင်းတို့လုပ်ငန်းစဉ်တစ်ခု အလုပ်လုပ်တဲ့ အချိန်ကစပြီးတော့ သည်းခံပါ၊ ခန္တီတရားလက်ကိုင်ထားပါလို့ ဆရာတော်ဘုရားကြီးက အမြဲတမ်းဆုံးမတော်မူပါတယ်။ ဒါကြောင့် ဆရာတော်ဘုရားကြီး၏ ဆုံးမချက်အရ တို့များကလည်းတို့လူစုကို တစ်ခါပြန်ပြီးတော့ သည်းခံပါလို့ ဒီလိုဆုံးမချင်ပါတယ်။ အစစအရာရာပေါ့လေ ဘာကိစ္စပဲဖြစ်ဖြစ် ဘယ်လိုအကြောင်းနဲ့ တွေ့တွေ့ သည်းခံကြပါလို့ တောင်းပန်လိုပါတယ်၊ ဒါကောင်းတာကို ညွှန်ပြတာပါ။

သည်းခံခြင်းဆိုတဲ့ ခန္တီတရားကလည်း သာမန်မဟုတ်ပါဘူး၊ တို့ဘုရားကိုယ်တော်မြတ် ဘုရား အဖြစ်သို့ ရောက်အောင် ကြိုးစားတော်မူတဲ့ အဓိကအချက်ကြီး ဆယ်ချက်ရှိပါတယ်။ ပါရမီဆယ် ပါးနော်၊ ပါရမီဆယ်ချက် အလုပ်ကြီးဆယ်ခုပြီးမြောက်အောင် လုပ်နိုင်မှ ဘုရားအဖြစ်သို့ ရောက်

http://www.dhammadownload.com



ပါတယ်၊ ကိုယ်တော်မြတ်ကလည်း သိတော်မူပါတယ်။ ဒါကြောင့် အလောင်းတော်မြတ်ဘဝထဲက ဘုရားဖြစ်အောင် လုပ်ရမည့် အလုပ်ကြီးဆယ်ခုကို လုပ်လေ၏။ ကိုယ်တော်မြတ်က သန္နိဋ္ဌာန် ချပြီးတော့ အလုပ်ကြီးဆယ်ခုလုပ်တဲ့နေရာမှာ ဒီအလုပ်ကြီးဆယ်ခုအောင်မြင်မှ ဘုရားဖြစ်မှာ၊ အဲဒီ အရေးကြီးတဲ့ အလုပ်ဆယ်ခုထဲမှာ ဘယ်သူပါသလဲဆိုလို့ရှိရင် အခုပြောနေတဲ့ သည်းခံပါဆိုတဲ့ ခန္တီ တရားတစ်ခု ပါတယ်။ ဩော် . . . ခန္တီ-သည်းခံခြင်းဆိုတဲ့ အလုပ်သည် တစ်ဖက်သားက ဘယ်လိုပဲ မိမိအပေါ်ကို ရန်စပြီးပြုစေကာမူ မိမိက သည်းခံပါ၊ သည်းခံရမယ်ဆိုတဲ့ အလုပ်ဟာ အင်မတန် မွန်မြတ်တဲ့တရား၊ ဘယ်ထိအောင် မွန်မြတ်သလဲ ဆိုလို့ရှိရင် ဘုရားဖြစ်တဲ့အထိ ရောက်အောင် ပို့ဆောင်တဲ့ တရားကြီးပဲလို့။

## သည်းခံခြင်း၏အကြောင်းတရားများ

ဒါကြောင့် "ခန္တီ ပရမံ တပေါ တိတိက္ခာ"ဟူသော (သုတ်မဟာဝါ၊ ၄၂။ ဓမ္မပဒ၊ ၄၁-နှာ)ပါဠိ၌ "တိတိက္ခာ-တိတိက္ခာ"ဟု ဆိုအပ်သော။ ခန္တီ-သည်းခံမှုသဘောတရားသည်။ ပရမံ-မြတ်သော။ တပေါ-အကျင့်တည်း။ ဒါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ဘုရားအဖြစ်သို့ ရောက်အောင်လုပ်တဲ့ ကိစ္စကြီး ဆယ်မျိုးထဲက ပါရမီဆယ်ပါး တစ်ပါးအပါအဝင်ဖြစ်တဲ့တရားပဲ၊ ဒါကြောင့် တို့လူစုလည်းပဲ ဘယ် အကြောင်းကိစ္စပဲဖြစ်ဖြစ်၊ ဘယ်သူက စိတ်ဆိုးအောင် ပြောပြော၊ ဘယ်သူက ဒေါသဖြစ်အောင် ပြောပြော၊ ဘယ်သူကပဲ နှိပ်စက်သမှု ပြုပြုပေါ့၊ ဆရာတော်ဘုရားကြီးရဲ့ ဆုံးမတော်မူတဲ့ ဩဝါဒ အတိုင်းကို တစ်ဆင့်ပြန်ပြီးတော့ တိုက်တွန်း တောင်းပန်ချင်ပါတယ်။ ဒါကြောင့် သည်းခံတဲ့တရားကို လက်ကိုင်ထားမယ် ဆိုလို့ရှိရင် နောက်ဆုံးကျတော့ မိမိကိစ္စမှန်သမျှ ဘာပဲဖြစ်ဖြစ် ပြေပြေပြစ်ပြစ် ဖြစ်ရမယ်၊ ဒီတော့ သည်းခံတယ်ဆိုတာ ဘာတုံး၊ မိမိအပေါ်မှာ **ရန်သတ္တုရုပြုတဲ့ပုဂ္ဂိုလ်၊ မိမိကို** မလိုမုန်းထားတဲ့ပုဂ္ဂိုလ်၊ မိမိနဲ့ မတည့်တဲ့ပုဂ္ဂိုလ်များရဲ့ အပြောအငြင် အပြုအမူများအပေါ်မှာ သည်းခံပါ ဆိုတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ အခြေခံတရားကိုတော့ တို့သင်တန်းသား အဟောင်းတွေကတော့ နားရည်ဝပြီးသား ဖြစ်နေပါပြီ။

## သံသရာလည်နေဒါ ဘယ်သူ့ကြောင့်လဲ

သံသရာကြီးမှာ တို့လူစု အမြဲတစေ အစ အဆုံးမရှိအောင် မရပ်မနား ကျင်လည်နေတာ ဘယ် သူ့ကြောင့်လဲလို့ မေးရင်တော့ အခြေခံအကြောင်းတရားက လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ, ဟိတ်ခြောက်ပါးတရားပေါ့၊ ဒီတော့ အလောဘ, အဒေါသ, အမောဟ ဆိုတဲ့ တရားတို့က ကုသိုလ်ဟိတ်အကြောင်းတရားများဖြစ်ကြတယ်။ လောဘ, ဒေါသ, မောဟ ဆိုတာက

http://www.dhammadownload.com



အကုသိုလ်ဟိတ် အကြောင်းတရားသုံးပါး များဖြစ်ကြတယ်။ အဲဒီအထဲမှာ ကြောက်စရာအကောင်းဆုံးက လောဘ, ဒေါသ, မောဟဆိုတဲ့ တရားသုံးပါးမှ မရှောင်ရှားနိုင်ပြီလားဆိုမှဖြင့် အပါယ်ဘေးကတက်တယ်လို့ မရှိဘူး၊အမြဲတစေ နစ်မွန်းနေမှာပါ။ ဒါကြောင့် ဒီတရားကြီးတွေဟာ သံသရာလည်တာထားအုံးတော့၊ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝရောက်အောင် ပို့ဆောင်ပေးနိုင်တဲ့ အလောဘ, အဒေါသ, အမောဟဆိုတဲ့ ကုသိုလ်အကြောင်းတရားသုံးပါး ဖြစ်ရခြင်းက တော်ပါသေးလား။ ရှေ့က ပြောခဲ့တဲ့ အပါယ်လေးပါး မနားအောင် ကျစေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော ဒီတရားသုံးပါးဟာ တရားဆိုးကြီးပဲ၊ ဒင်းနှိပ်စက်လို့ တို့မှာ အပါယ်လေးပါးကို ထပ်ပြန်တလဲလဲကျခဲ့ရပြီ။ ဒီတရားသုံးပါးဟာ တော်တော်ဆိုးတဲ့တရားပဲဖြစ်တယ်။ အဲဒီအဆိုးတရားသုံးပါးကို သတ်တဲ့နည်းမရှိဘူးလားလို့ ဒီလို မေးစရာရှိတယ်၊ တစ်နည်းပြောရရင် နိုင်တဲ့နည်း မရှိဘူးလားပေါ့၊ ရှိပါတယ်။ လောဘသတ်ချင်ရင် အလောဘနှင့် သတ်ပါ။ ဒေါသသတ်ချင်ရင် အဒေါသနှင့် သတ်ပါ။ မောဟသတ်ချင်ရင် အမောဟနှင့် သတ်ပါ။ ဒါသေတာပါပဲ ငြိမ်းတာပါပဲ အေးတာပါပဲ။

ဒါကြောင့် လိုချင်တယ်ဆိုတဲ့ လောဘစိတ်ကလေးဖြစ်လာရင် မလိုချင်ဘူးဆိုတဲ့ အလောဘစေတနာလေးပေါ်လာရင် သေတာပါပဲ၊ ပျောက်သွားတာပါပဲ။ သည်းမခံချင်တဲ့ ဒေါသစိတ်ပေါ်လာရင် အဒေါသဆိုတဲ့ ခန္တီတရားနဲ့သတ်ရင် သေသွားတာပါပဲ။ မသိမမြင် တွေဝေဖုံးလွှမ်းနေတဲ့ မောဟဆိုတဲ့ တရားကြီးသတ်ချင်ရင် တကယ်တိကျ မှန်ကန်စွာသိတဲ့ အမောဟတရားနဲ့ သတ်ရင်သေတာပါပဲ။ ဒါဖြင့်ရင် လောဘ, ဒေါသ, မောဟဆိုတဲ့ တရားဆိုးသုံးပါးဟာ တို့သင်တန်းသား သင်တန်းသူများကို သည်းခံပါဆိုတဲ့ ဆရာတော်ဘုရားကြီးက အမြဲတစေ တို့ကို ဆုံးမဩဝါဒပေးနေတယ်၊ သည်းမခံနိုင်တဲ့ အကြောင်းရင်းဖြစ်ပေါ်လာပြီဆိုရင် တို့ ဘာနဲ့ သတ်ကြမလဲ၊ အဒေါသနဲ့ သတ်ကြပါ၊ လွယ်ပါတယ်၊ မခဲယဉ်းပါဘူး၊ အဒေါသဆိုသည်မှာ ဒေါသမရှိတာကို ခေါ်ပါတယ်။ တရားကိုယ် ဘာရသလဲဆိုလို့ရှိရင် မေတ္တာရပါတယ်။ ဒါကြောင့် အဲဒီမေတ္တာလေးကို နှလုံးသွင်းမယ်, ပွားများမယ်, အားထုတ်မယ်ဆိုမှဖြင့် ဒေါသတရားတွေ အလိုလိုငြိမ်းအေးပါတယ်။

## မေတ္တာကြီးမား လူ့စွမ်းအား

ဒါကြောင့် ဒေါသတရားတွေ ငြိမ်းသွားအောင် အာဃာတတရားကြီး ပပျောက်သွားအောင် ဘာနဲ့သတ်မလဲဆိုတော့ မေတ္တာနဲ့သတ်ရမယ်၊ ဒါအရေးကြီးဆုံးတရားပဲ။ မေတ္တာနဲ့ သတ်မယ်ဆိုတော့ မေတ္တာဆိုတာဟာ အဒေါသ ခန္တီကို ရပါတယ်။ ဒါကြောင့် မေတ္တာကို အမြဲတစေ မိမိတို့က ပွားများအားထုတ်နေမယ်ဆိုလို့ရှိရင် ဒီမေတ္တာအကျိုး (၁၁) မျိုးကို ရပါတယ်။ အဲဒီမေတ္တာအကျိုး (၁၁)

http://www.dhammadownload.com



မျိုးရပုံလေးလည်း သေသေချာချာမှတ်ပါ။ ဩော် . . . တို့များ မေတ္တာပို့တာ၊ မေတ္တာပွားများတာနဲ့ အကျိုးထူးတရား (၁၁)ပါး ရတယ်ဆိုတော့ တွေးကြည့်စမ်းပါ။ ပြန်ပြီးစဉ်းစားကြည့်တော့ ဘာတွေ ပါသလဲလို့ တွေ့ပါလိမ့်မယ်၊ မိမိကို မလိုမုန်းထားသောအနေအားဖြင့် ငြိုငြင်တဲ့ပုဂ္ဂိုလ်များ၊ ရန်မူနေတဲ့ ပုဂ္ဂိုလ်များ၊ မချစ်မနှစ်သက်တဲ့ပုဂ္ဂိုလ်များဆိုတဲ့ အလုပ်တွေကလည်း တဖြည်းဖြည်း ပျောက်ချင်းမလှ ပပျောက်သွားပါလိမ့်မယ်။ ဒါကြောင့် မေတ္တာရဲ့အကျိုး (၁၁) မျိုး ဆိုတဲ့ သဘာဝလေးတွေကိုလည်း မှတ်သားကြပါ၊ အရင်တုန်းကလည်းပဲ ဒါလေးတွေ ထည့်သွင်းပြီးတော့ ပြောပြီးပါပြီ။

## မေတ္တာအကျိုး တစ်ဆယ့်တစ်မျိုး

မေတ္တာယ ဘိက္ခဝေ စေတောဝိမုတ္တိယာ ။ပ။ ဧကာဒသာနိသံသာ ပါဋိကင်္ခါ။

(အင်္ဂုတ္တိုရ်၊ ၃၊ ၅၄၂)

❖ "မေတ္တာအကျိုး၊ အိပ်နိုးချမ်းသာ၊ ယုတ်မာ မမက်၊ နှစ်သက်နတ်လူ၊
ဆိပ်မှူမပျံ့၊ စိတ်ခံ့ကြည်လင်၊ ရွှင်သည့်မျက်နှာ၊ ရန်လာ မပြူ
သေမူမတွေ၊ ဖြစ်လေဗြဟ္မာ၊ ဆယ့်တစ်ဖြာတည်း။"

အရင်တုန်းကလည်း ချပေးဖူးပါတယ်၊ လူဟောင်းတွေကတော့ ရပြီးသား ဖြစ်ပါလိမ့်မယ်၊ ဒါ "သဗ္ဗေ သတ္တာ"ဆိုတဲ့ အနေအားဖြင့် သုံးဆယ့်တစ်ဘုံမှာ ကျင်လည်ကြသည့် ဝေနေယျသတ္တဝါ မှန်သမျှ မေတ္တာဆိုတာ ပို့တတ်ရင် လွယ်ပါတယ်၊ သုံးဆယ့်တစ်ဘုံမှာ ရှိရှိသမျှ သတ္တဝါတွေ အကုန်လုံး ပေါ့၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့၊ ဒါမေတ္တာပို့တဲ့ နေရာလေးမှာလည်း စေတနာ လေးက ထားရမယ်၊ "သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေကြကုန်သော ဝေနေယျများစွာ သတ္တဝါဥဿုံ အလုံးစုံတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ"ဆိုတဲ့ အပိုဒ်ကလေးရောက်လို့ရှိရင် စေတနာလေးက တကယ်ကျန်းမာကြပါစေ၊ တကယ်ချမ်းသာကြပါစေဆိုတဲ့ စိတ်ကလေးက ညွှတ်ပြီး စေတနာလေးထားပေးပါ။

"ပိယ မဇ္ဈတ္တ ဝေရီ" တဲ့ လူတစ်ယောက်မှာ ချစ်တဲ့သူရယ်, မချစ်မမုန်းတဲ့သူရယ်, မုန်းတဲ့သူရယ်လို့ သုံးမျိုးသုံးစားရှိတာပဲ။ မေတ္တာပို့တဲ့အခိုက်အတန့်လေးမှာ စေတနာလေးဟာ ချစ်တဲ့ပုဂ္ဂိုလ်ရယ်, အလယ်အလတ်, ရန်သူရယ် ဆိုတဲ့ ပုဂ္ဂိုလ်ရယ် သုံးမျိုးသုံးစားက တစ်တန်းတည်း ထားပါတဲ့နော်။ သူရဲ့အကျိုးစီးပွား ချမ်းသာမှုကို လိုလားတဲ့ စေတနာလေးက တည့်တည့်မတ်မတ်ကလေး ထားပေး ရတယ်။ ဒီအခိုက်အတန့်မှာ ဒါကြောင့် "ကိုယ်စိတ်နှစ်ဖြာကျန်းမာ၍ ချမ်းသာပါစေ"ဆိုတဲ့ စကား လုံးလေး ရောက်လို့ရှိရင် စေတနာလေးက ဖြောင့်ဖြောင့်လေးထားပေးရမယ်။

http://www.dhammadownload.com



တကယ့်ကိုပဲ ကြီးပွားလိုတယ်၊ ချမ်းသာလိုတယ်၊ ကျန်းမာလိုတယ်၊ လိုလားပါတယ်ဆိုတဲ့ စေတနာအမှန်လေးက ထားပေးရမယ် ဒါ မေတ္တာပို့တာ။ အကျယ်ချဲ့ပြီးတော့ ပို့နိုင်လို့ ရှိရင်ဖြင့် "သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု" စသည်အားဖြင့် ကျက်ပြီးတော့ ပို့နိုင်လို့ ရှိရင်တော့ ပိုကောင်းတာပေ့ါ။ ဒါပေမယ့် ပါဠိရဲ့အဓိပ္ပာယ် မသိပြန်တော့လည်းပဲ ခရီးမရောက်ပါဘူး၊ မြန်မာလို စေတနာလေး ထားပြီးတော့ ပို့လို့ရှိရင်လည်းပဲ အင်မတန်ထိရောက်ပါတယ်။ ဒါကြောင့် မေတ္တာပို့လေးကို လေ့လာပေးပါလို့၊ အဲဒီလို မေတ္တာပို့လေးကို နေ့နှင့်အမျှ လေ့လာပေးတော့ ဘာဖြစ်သလဲ ဆိုလို့ရှိရင် အကျိုး တစ်ဆယ့်တစ်ပါးကို ရပါတယ်။ မေတ္တာအကျိုး ဆယ့်တစ်မျိုးက ဘယ်ဟာတွေလဲ မေးတော့ -

❖ "မေတ္တာအကျိုး၊ အိပ်နိုးချမ်းသာ၊ ယုတ်မာ မမက်၊ နှစ်သက်နတ်လူ၊
ဆိပ်မှူမပျံ့၊ စိတ်ခံ့ကြည်လင်၊ ရွှင်သည့်မျက်နှာ၊ ရန်လာ မပြု၊
သေမူမတွေ၊ ဖြစ်လေဗြဟ္မာ၊ ဆယ့်တစ်ဖြာတည်း။"

အဲဒီမေတ္တာပို့လိုက်လို့ အကျိုးဆယ့်တစ်ပါး ရလာလို့ရှိရင် တို့လူစုတွေ လူချမ်းသာတစ်ယောက်လို့ မှတ်ထားပါကွယ်၊ အင်မတန်ချမ်းသာပါတယ်။ ယခုနေများ ဟုတ်ဟုတ်ငြားငြားနှင့် စေတနာလေး ထားပြီးတော့ ပို့တဲ့မေတ္တာမှာလည်း ရတတ်ပါတယ်၊ ဒီလိုမှ မဟုတ်လို့ရှိရင်လည်းပဲ ဒီမေတ္တာက ရချင်မှ ရမှာ၊ မေတ္တာအကျိုးဆယ့်တစ်မျိုးမှာ လက်ချိုးရေကြည့်လိုက်တော့ "မေတ္တာအကျိုး၊ အိပ်နိုးချမ်းသာ" ဆိုတော့ မေတ္တာပို့တဲ့ ပုဂ္ဂိုလ်များဟာ အိပ်လည်း ချမ်းချမ်းသာသာ အိပ်ရတယ်၊ တို့လူစုတွေ မှတ်ထားနော်၊ ပြောကြလိမ့်မယ် နားမလည်တဲ့ပုဂ္ဂိုလ်တွေက။ ဟာ . . . အိပ်တာလည်း သူလည်း အတူတူ ငါလည်း အတူတူ မျက်စိစုံမှိတ်ပြီး အိပ်ပျော်သွားတာ ချမ်းသာတယ် ဆင်းရဲတယ်ဆိုတာ ရှိသေးသလားလို့။ ရှိတယ်တဲ့ ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ်နဲ့ ဆင်းဆင်းရဲရဲ အိပ်ရတဲ့အအိပ်မျိုးက တစ်မျိုး၊ ချမ်းချမ်းသာသာနဲ့ အိပ်ရတဲ့ အအိပ်မျိုးက တစ်မျိုး မတူသေးဘူး၊ မတူပုံလေးကို ဝတ္ထုလေးထည့်ပြီး ပြောပါဦးမယ်။

## ရှင်ဒေဝဒတ်နှင့် ရှင်သာရိပုတ္တရာတို့ရဲ့ ပရိသတ်တို့ ကွန္ဒြေကွာခြားပုံ

ရှင်ဒေဝဒတ်ပရိသတ်နှင့် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ရဲ့ပရိသတ်အကြောင်း မတူပုံလေးကို ပြောပြပါအုံးမယ်။ ရှင်ဒေဝဒတ်ပရိသတ်ကလည်း တပည့်တပန်းငါးရာရှိတယ်။ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၏ ပရိသတ်ကလည်း နောက်ပါတပည့်တပန်းက ရဟန်းငါးရာ ရှိပါတယ်။ ခရီးသွားလိုက်ကြတာ၊ ခရီးသွားတော့ လမ်းခုလတ်ကြီးမှာ အချိန်မတော်ဖြစ်နေသည့်အတွက်ကြောင့် ဉယျာဉ်တစ်ခုမှာ ဝင်ပြီးတော့ ဒီနေရာတွင် နားကြစို့ရဲ့ ဆိုပြီးတော့၊ ကိုယ်တော်မြတ်တွေ ဝင်ပြီး

http://www.dhammadownload.com



သီတင်းသုံးကြတယ်၊ ဒီမှာပင် အိပ်ကြတယ်ဆိုပါတော့၊ ရှင်ဒေဝဒတ်ပရိသတ်ရဲ့ ရဟန်းငါးရာကလည်း ရှင်ဒေဝဒတ်နှင့်တစ်ဆက်တည်းပေါ့၊ ဒီဘက်က ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၏ ရဟန်းပရိသတ် ငါးရာကလည်း တစ်ဘက်ပေါ့၊ ကိုယ့်နေရာထိုင်ခင်းကို ယူပြီးတော့ အသီးသီး ဒီတောကြီးထဲမှာ ညဘက် စခန်း ချပြီး အိပ်ကြတော့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၏ ပရိသတ်ကတော့ မအိပ်ခင်က တည်းက သူတော်ကောင်းတွေ ကျင့်အပ်တဲ့အလုပ်များ ဖြစ်သော စျာန်သမာပတ်ဝင်စားတဲ့ပုဂ္ဂိုလ်က ဝင်စားလို့၊ ဝိပဿနာတရား ပွားများအားထုတ်တဲ့ပုဂ္ဂိုလ်က အားထုတ်လို့၊ မေတ္တာပွားများတဲ့ပုဂ္ဂိုလ်က ပွားများ။ အဲဒီလိုအိပ်ကြတော့ လှုပ်သံ, လှဲသံ, ရှူသံ ရှိုက်သံကိုတောင်မှ ပြင်းပြင်းမကြားရဘူး၊ ငြိမ်ငြိမ်သက်သက်နဲ့ ကျိန်းစက်နေလိုက်ကြတာလို့၊ ကြည့်လိုက်ရင် အင်မတန်ကြည်ညိုဖွယ်ရာ ကောင်းတယ်။ ဒေဝဒတ်ရဲ့ပရိသတ်ဘက်ကို ကြည့်လိုက်ပြန်တော့ ဒေဝဒတ် ဆိုတော့ သိပြီးသားပါ၊ သူမဟုတ်တော့လည်း သူ့ပရိသတ်က ဟုတ်ပ့ါမလား၊ (မဟုတ်ပါဘူးဆရာ)၊ ဒါ သူ့ပရိသတ် ကြည့် လိုက်တော့ ဒူးထောင် ပေါင်ကားနဲ့ ဟောက်လိုက်တာ၊ ယောင်လိုက်တာ၊ ကယောင်ကတန်းတွေ ပြောလိုက်တာ၊ တစ်ညလုံး ဆူညံပွက်လို့ မြင်မကောင်း ရှုမကောင်း၊ ဣန္ဒြေမရှိ သိက္ခာမရှိ တစ်ဖက်သား မြင်သွားရင် ရုတ်တရက်အားဖြင့် အင်မတန်ရှက်စရာကောင်းတဲ့ အမူအရာတွေ ဖြစ်နေတယ်။ တချို့ ကလည်း ကယောင်ကတမ်း ယောင်ရမ်းပြီးတော့ ညည်းလိုညည်း၊ ဟောက်လို ဟောက်ပေ့ါလေ၊ အဲဒီပရိသတ်ကို ကြည့်စမ်း . . . ချမ်းသာတဲ့အိပ်နည်းလား၊ ဆင်းရဲတဲ့အိပ်နည်းလား ဆိုတာ ကြည့်ပါ။

ဒါကြောင့် **"မေတ္တာအကျိုး၊ အိပ်နိုးချမ်းသာ"**လို့ ပြောသွားတာကို၊ ဒါ . . . မိမိတို့လည်း တွေ့ပါလိမ့်မယ်။ ချမ်းချမ်းသာသာအိပ်ရတဲ့အခါနှင့် ဆင်းဆင်းရဲရဲ အိပ်ရတဲ့အခါ သိပါလိမ့်မယ်။ ဩော် . . . မေတ္တာပို့တဲ့သူများသည် ချမ်းချမ်းသာသာ အိပ်ရသည်။ အိပ်ယာက နိုးတော့လည်း ကြည်ကြည်လင်လင်နဲ့နော်၊ အားလုံးပဲ ကိုယ့်ကိုကိုယ်လည်း ပြန်ကြည့်ပါ။ ငါအိပ်ယာက ထရင် ဘယ်လိုထသလဲ၊ တချို့ လောဘနဲ့ အိပ်ရာထတယ်၊ တချို့ ဒေါသနှင့် အိပ်ယာထတယ်၊ တချို့ မောဟနှင့် အိပ်ယာထတယ်၊ အိပ်ယာက ထလာတဲ့ပုဂ္ဂိုလ်ရဲ့မျက်နှာ သေသေချာချာကြည့်ပါ။ မျက်နှာ မသစ်ခင် အိပ်ယာထလာရင် အိပ်မှုန်စုံမွှားနဲ့ ထလာတယ်၊ ဘယ်လိုရုပ်လဲဆိုတာ ကြည့်ပါ။ တချို့ အိပ်ယာထဲက ထလာရင် ဒေါသနဲ့ အိပ်ယာထလာတယ်၊ တစ်ဖက်သားက မြင်လိုက်ရင် ကြောက်စရာ မျက်နှာနှင့် အိပ်ယာထလာတယ်၊ ဆူဆူစောင့်စောင့် ရှုံ့ရှုံ့မဲ့မဲ့မျက်နှာနှင့် အိပ်ယာထလာတယ်။ တချို့ကျတော့ ဒီလိုအိပ်ယာက ထမလာပါဘူး၊ အိပ်ယာနိုးကတည်းက မျက်နှာက ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျနဲ့ အိပ်ယာက ထလာတယ်။ ဩော် . . . နိုးတော့လည်းပဲ ဒီပုဂ္ဂိုလ်မျိုးက ချမ်းချမ်းသာသာ နိုးရပေတယ်။ ခုနတုန်းက ဒေါသရုပ်ကြီးနဲ့ ကြောက်စရာမျက်နှာနဲ့ ရှုံးရှုံးရှဲ့ရှဲ့နဲ့ ထလာတဲ့ပုဂ္ဂိုလ်ကျတော့

http://www.dhammadownload.com



အိပ်ယာက နိုးလာကတည်းက မချမ်းမသာနဲ့ နိုးရပေတယ် မေတ္တာပို့တဲ့ပုဂ္ဂိုလ်ကျတော့ ချမ်းချမ်းသာသာ နိုးရတယ်တဲ့။

ဒါကြောင့် **"အိပ်နိုးချမ်းသာ"** ဒါပဲလားဆိုတော့ "ယုတ်မာ မမက်" ဘယ်တော့မှ ကြောက်စရာ လန့်စရာ ထမင်းလုံးတစ္ဆေချောက်ဖူးတဲ့ ပုဂ္ဂိုလ်များလိုပေါ့လေ၊ ခွေးကိုက်လို့ ပြေးရတာ ချောက်ကမ်း ပါးထဲ ပြုတ်ကျတာတွေ၊ သစ်ပင်အတင်းဖက် တက်ရတာတွေ၊ ကြောက်စရာလန့်စရာ ကယောင် ကတမ်းနဲ့ လန့်ပြီး အော်ဟစ်တာတွေ စသည်အားဖြင့်၊ အဲဒီလို ယုတ်မာညစ်ညမ်းတဲ့ "န ပါပကံ သုပိနံ ပဿတိ" ဆိုတဲ့ (အင်္ဂုတ္တိုရ် ၃၊ ၅၄၂) ပါဠိအရပေါ့၊ မကောင်းတဲ့အိပ်မက်ဆိုးလည်း ဘယ်တော့မှ မမက်ရဘူး၊ ဘယ်တော့မှ မတွေ့ရဘူးတဲ့၊ ဒါကြောင့် "ယုတ်မာ မမက်" ယုတ်ယုတ်မာမာ အိပ်မက်မျိုး ဘယ်တော့မှ မမက်ဘူး။

ဒါတွင်ပဲလားဆိုတော့ **"နှစ်သက်နတ်လူ"**တဲ့၊ လူရော နတ်ရော အများက ဒီပုဂ္ဂိုလ်ကို ချစ်ခင် ကြတယ်၊ တို့လူတွေရဲ့အဖြစ်ကို ပြန်ကြည့်စမ်းပါ၊ နတ်ဖြစ်ဖို့ အသာထားစမ်းပါအုံး၊ လူလူချင်းတောင် မှပဲ ခြေရင်းအိမ်နှင့်ခေါင်းရင်းအိမ်တောင် မတည့်ကြဘူး၊ မျက်စောင်းတခဲခဲနဲ့ အများချစ်ဖို့ ဆိုတာ ဖယ်ထားစမ်းပါအုံး၊ နတ်ချစ်ဖို့ဆိုတာ ဖယ်ထားစမ်းပါအုံး၊ ဒီမေတ္တာတရားပွားများနေတဲ့ ပုဂ္ဂိုလ်ကျတော့ လူတွင် မကပါဘူးတဲ့၊ နတ်တွေပါ ချစ်ပါတယ်၊ နတ်ချစ်အောင် လုပ်ဖို့ဆိုတာ အတော်ခက်ပါတယ်၊ တကယ်တမ်း နတ်တွေချစ်အောင် လုပ်ရတဲ့တရားဆိုတာ မလွယ်ပါဘူး။ သူတို့ကိုလည်း ကိုယ်က မမြင်ရတော့ ဘာမှန်းလဲ မသိ၊ ဒါ တောင်ပြုံးက နတ်တွေ ဦးမင်းကျော်တို့ပြောတာ မဟုတ်ပါဘူး။ တကယ့်နတ်တွေ ပြောတာပါ၊ တကယ့်နတ်တွေချစ်အောင် လုပ်ဖို့ဆိုတာ ခဲယဉ်းတယ်။ လူဖြစ်အောင် တောင် မလုပ်နိုင်တဲ့ဘဝမျိုး ရောက်နေကြတယ်။ ဒါကြောင့် မေတ္တာပို့တဲ့ပုဂ္ဂိုလ်ကျတော့ "နတ်လူပြဟ္မာ" လူရော, နတ်ရော အကုန်လုံး ချစ်ကြပါတယ်တဲ့။

**"ယုတ်မာ မမက်၊ နှစ်သက် နတ်လူ"** ဒါတွင်လား ဆိုတော့ "ဆိပ်မှုမပျံ့" တစ်နေ့က လူတစ် ယောက် ပိုးထိလို့ ဆုံးရှာပေါ့၊ ရှင်လိမ့်မယ် ရှင်လိမ့်မယ်နဲ့ ဆိုပြီး ပြန်ပြီးတော့ ကုသလိုက်ကြတာ၊ ဝိုင်းဝန်းပြီးတော့ မေတ္တာဓာတ်ပေါ့လေ ကြိုးစားလိုက်ကြတာ မရရှာပါဘူး၊ ဒါ ဘာပြုလို့ အဆိပ်ရှိတဲ့ သတ္တဝါကိုက်လို့ ပျက်စီးရတာ၊ အဲဒီလို အဆိပ်ရှိတဲ့သတ္တဝါများ ကိုက်တာတောင် ဒီအဆိပ်ကြောင့် အန္တရာယ်မဖြစ်ဘူးတဲ့၊ မသေစေနိုင်ဘူးတဲ့၊ မြွေဆေးများ အထူးရှာမနေကြနဲ့၊ မေတ္တာတရားသာ နာနာပို့ကြနော်၊ မြွေဆေးအထူးရှာတာက ယုံကြည်ချင်မှ ယုံကြည်ရမယ်၊ စိတ်ချချင်မှ စိတ်ချရမယ်၊ ဟောဒီမေတ္တာဓာတ်က စိတ်ချရတယ်၊ မေတ္တာပို့တဲ့ပုဂ္ဂိုလ်သည် အဆိပ်ရှိသော သတ္တဝါကိုက်လို့ မသေနိုင်ပါ။ ဒါပဲလား ဆိုတော့ -

http://www.dhammadownload.com



**"ဆိပ်မူမပျံ့၊ စိတ်ခံ့ကြည်လင်"**တဲ့၊ စိတ်ခံ့ဆိုတာက သမာဓိစိတ်ကလေး တည်ငြိမ်မှု၊ တည်ကြည်မှုကို ဆိုတာ အမြဲတစေရပါတယ်။ ဒီသမာဓိဆိုတဲ့ တည်ကြည်မှုလေးကလည်း လူတိုင်းရတဲ့ တရားမဟုတ်ပါဘူး၊ အင်မတန်ခဲယဉ်းပါတယ်၊ ဒီလောက်တောင်ခဲယဉ်းတဲ့ တရားကြီးဖြစ်တယ်၊ အဲဒီလို တည်ကြည်မှုဆိုတဲ့ သမာဓိရပါတယ်၊ ဒါပဲလား ဆိုတော့ "စိတ်ခံ့ကြည်လင်"ဆိုတော့ လူတွေ့ရင် အမြဲတစေ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းဖြစ်ပါတယ်။ ဘယ်တော့မှ ညစ်တီးညစ်ပတ် စုတ်တီးစုတ်ပတ် မနေပါဘူးတဲ့၊ ကြည့်လိုက်ရင် ကြည်ကြည်လင်လင် သူ့ကြည့်လိုက်ရင် ရွှင်ရွှင်ပျပျနဲ့ ဘယ်တော့မှ ဒေါသအရောင်လွှမ်းနေတဲ့ မျက်နှာကြီးကို မမြင်ရပါဘူး။ ဒါကြောင့်လည်း သူ့ကို မြင်လို့ ရှိရင် လူရော, နတ်ရော ချစ်ကြတာပဲတဲ့။

**"စိတ်ခံ့ကြည်လင်၊ ရွှင်သည့်မျက်နှာ"**တဲ့၊ မျက်နှာကို သေသေချာချာကြည့်ပြန်တော့ လူသာ ကြည်ကြည်လင်လင် နေသလား မဟုတ်ပါဘူး၊ မျက်နှာကို တစ်ခါကြည့်ပြန်တော့ အမြဲတစေ ရွှင်ပြနေပါတယ်။ ဘယ်တော့မှ လူတစ်ဖက်သား မုန်းလောက်တဲ့ မျက်နှာရိပ်မပေါ်ပါဘူး။ မြင်ရင် ချစ်စရာပဲ၊ "ရွှင်သည့်မျက်နှာ" ဒါပဲလားဆိုတော့ "ရန်လာမပြု"တဲ့၊ ရန်သူများ မနှိပ်စက်နိုင်ပါဘူးတဲ့၊ နောက်ဆုံးတစ်နေ့ ရန်သူက လက်နက်နဲ့ ပစ်ခတ်တောင်ပဲ ဒီလက်နက်က မိမိထံ မရောက်နိုင်ပါဘူးတဲ့။ ဒါတော့ လူတကာ ကြားဖူးပါတယ်။ နွားမကြီးက နွားလေးကို နို့တိုက်နေတဲ့အချိန်မှာ နွားမကြီးကို မြားနဲ့ ပစ်လို့၊ ဒီမြားက နွားမကြီး မစူးဘူးဆိုတဲ့ဝတ္ထုလေး ရှိပါတယ်။ အဲဒါ ဘာပြုလို့ ဒီနွားမကြီးက နွားသားလေးအပေါ် မေတ္တာပွားနေတဲ့အချိန်မှာ မေတ္တာအကာအကွယ်ပေးလို့ လက်နက်က မစူးဝင်နိုင်ပါဘူး။ ဒါကြောင့် **"ရန်လာမပြု၊ သေမူမတွေ"**တဲ့၊ အဲဒါလေးများ သာပြီးတန်ဖိုးရှိတယ်၊ "သေမူမတွေ"ဆိုတော့ ဘာလဲတဲ့၊ "တွေ"ဆိုတော့ တွေတွေဝေဝေပေ့ါလေ မေတ္တာပို့တဲ့လူတစ်ယောက်က သေသောအခါ တွေတွေဝေဝေ ကြောက်ကြောက်လန့်လန့် မသေရဘူးတဲ့၊ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျနဲ့ သေရတယ်တဲ့၊ ဒါဘယ့်နဲ့ စကားပါလိမ့်၊ အခုလို မေတ္တာတရားမရှိတဲ့ပုဂ္ဂိုလ်များကြောင့် တရားစစ် တရားမှန် "သမ္မာဒိဋ္ဌိဉာဏ်"အမြင်မှန်မရှိတဲ့ပုဂ္ဂိုလ်များ အားကိုးလောက်တဲ့တရား နှလုံးမသွင်းဘဲနဲ့ သေတဲ့ပုဂ္ဂိုလ် ဘယ်နည်းနဲ့ သေမလဲ ဆိုတော့ အကြောက်ကြောက် အလန့်လန့် အထိတ်ထိတ် အပြာပြာနဲ့ တွေတွေဝေဝေနဲ့ သေကြတယ်၊ ဘယ်ပုဂ္ဂိုလ်ဖြစ်ဖြစ် သေဘေးကြုံလာရင် မကြောက်တဲ့ သတ္တဝါမရှိပါဘူး၊ အဲဒါတွေတွေဝေဝေနဲ့ သေတတ်တဲ့ သဘောတရားချည်းပဲ၊ ဒါဖြင့် မေတ္တာပွားများ နေတော့ ဘာဖြစ်သလဲ၊ မတွေမဝေဘဲနဲ့ သေရတယ်တဲ့၊ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း ဒီလို လာတယ်။ **"ဖြစ်လေပြဟ္မာ"**တဲ့၊ မတွေမဝေ သေပြီးတဲ့နောက် အပါယ်လေးပါး လုံးလုံးလျားလျား မရောက်ပါဘူး၊ မေတ္တာစျာန် ရူပစျာန် ရလို့ရှိရင်တော့ လူ့ဘဝ နတ်ဘဝမျှမကပါဘူး၊ ပြဟ္မာ့ပြည် ရောက်တဲ့ ပုဂ္ဂိုလ်မျိုးတဲ့၊ (၁၁) ပါးသော အကျိုးတရားတွေနော်။

http://www.dhammadownload.com



ဒါကြောင့် "မေတ္တာအကျိုး၊ အိပ်နိုးချမ်းသာ၊ ယုတ်မာ မမက်၊ နှစ်သက် နတ်လူ၊ ဆိပ်မူ မပျံ့၊ စိတ်ခံ့ကြည်လင်၊ ရှင်သည့်မျက်နှာ၊ ရန်လာမပြု၊ သေမူမတွေ၊ ဖြစ်လေဗြဟ္မာ၊ ဆယ့်တစ်ဖြာတည်း"၊ အဲဒီ (၁၁)မျိုးပြန်ပြီးတော့ အဓိပ္ပာယ်ရှင်းလိုက်တော့ ဒီ(၁၁)မျိုးပဲ ရတယ်၊ အာဂလူပဲလို့ ဒီအကျိုး (၁၁)ပါး ပြည့်ပြည့်စုံစုံရနေရင် လောကမှာ တကယ့်လူ့ချမ်းသာပဲ မတူပါဘူး၊ တကယ့်လူ့ချမ်းသာ အစစ်နော်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ အချမ်းသာဆုံးဖြစ်တယ်။ ဒါကြောင့် အခုပြောသလိုပဲ "ရန်လာမပြု"ဆိုတဲ့အတိုင်းပဲ မိမိတို့မှာ ရန်အန္တရာယ်ရှိအုံးတော့ စောစောက ပြောတဲ့ နွားမကြီးလို ဥပမာ သဖွယ်ဖြစ်ပါတယ်။ နွားမကြီးကို မြားဖြင့် ပစ်ပါသော်လည်းပဲ မြားမထိဘဲနဲ့ ချမ်းချမ်းသာသာ နေရပြီး သကဲ့သို့ မေတ္တာရဲ့အစွမ်းကြောင့်နော်၊ ဒီဥပမာလိုပါပဲ ကျရောက်လာတဲ့လက်နက်များ ဖယ်ချနိုင်တဲ့ သတ္တိရှိတယ်လို့၊ ဒါကြောင့် မိမိတို့သည် အမှန်ကတော့ ယခုပြောနေသလိုပါပဲ၊ သည်းခံခြင်းတရား ဆိုတာ အာဃာတအကြောင်းပြုလို့ဖြစ်လာတဲ့ တရားတွေပဲ၊ သည်းမခံနိုင်ဘူးကွ၊ သည်းခံနိုင်တယ်ဟ၊ ငါတော့ သည်းမခံနိုင်ဘူးကွဆိုရင် "ဒေါသ"စကားပဲ။ ဒါကြောင့် ဘယ်ပုဂ္ဂိုလ်က ဘယ်လိုဆိုဆို ဘယ်လို ပြောပြော ဘာတွေပဲ လုပ်လုပ်တဲ့ စောစောက ပြောတဲ့အတိုင်း "ခန္တီ ပရမံ တပေါ တီတိက္ခာ"လို့၊ (သုတ်မဟာဝါ၊ ၄၂။ ဓမ္မပဒ၊ ၄၁-နှာ) တီတိက္ခာ-တီတိက္ခာဟု ဆိုအပ်သော။ "ခန္တီ"-သည်းခံသော အကျင့်သည်။ "ပရမံ-မြတ်သော၊ တပေါ-အကျင့်တည်း။"ဟု ကိုယ်တော်မြတ်က တိုက်ရိုက်ဟော ထားတဲ့ ဒေသနာအစစ်ဖြစ်နေတော့။

ဪ . . . သည်းခံခြင်းတရားသည် အမြတ်ဆုံးလို့၊ ကိုယ်တော်မြတ်က အမြတ်ဆုံးလို့ ဟော ထားတာ၊ ဘုရားရှင်ကိုယ်တော်မြတ် ဟောထားတဲ့တရားသည် ကိုယ်တော်မြတ်ရဲ့ဂုဏ်ကို ယုံကြည်တဲ့ အနေအားဖြင့် တို့က လိုက်နာကြရမယ်။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် တို့လူစု "အနုပ္ပန္နေ ဝတ္ထုသ္မိံ "အယသောပိ တေ သိယာတိအာဒိဝသေန အနာဂတံ ဒဿေန္တော အနုသာသတိ နာမ" (ဓမ္မပဒ အဋ္ဌကထာ၊ ပ၊ ၃၄၉) ဆိုသလိုပေါ့၊ အပြစ်မလာခင် ဘာကိုပဲဖြစ်ဖြစ် ကြိုတင်ပြီးတော့ သည်းခံမှုသဘော လေးတွေ မွေးကြပါလို့၊ သည်းလည်းခံကြပါလို့၊ ဒါ တို့အလယ်တိုက် ဆရာတော်ဘုရားကြီးက ထပ်ပြန် တလဲလဲတို့ကို ဆုံးမတယ်၊ အားလုံးသော လူအပေါင်းကိုလည်း အမြဲတစေ ဆုံးမတယ်၊ သည်းခံခြင်း တရားသည် အင်မတန်မွန်မြတ်တယ်၊ သည်းခံကြ၊ သည်းခံကြတဲ့။ ဒါကြောင့် ဆရာတော်ဘုရားကြီးက တို့များကို ဆုံးမသွားသလို တို့များကလည်း တို့လူစုတွေအပေါ် တစ်ခါ ပြန်ပြီးတော့ သည်းခံပါဆိုတဲ့ အဓိပ္ပာယ်လေး၊ နောက်ဆုံးတစ်နေ့ သည်းခံခြင်းရဲ့မေတ္တာပွားကြပါ။ ဒါဟာ အပိုင်ဆုံးတရားပဲဖြစ်တယ်၊ အကောင်းဆုံးသော တရားတွေဖြစ်တယ်၊ ဒါဟာ တို့များတော့ ဂုဏ်ဖော်တာ မဟုတ်ပါဘူး၊ ဒီမေတ္တာ အလုပ်လုပ်လာတာ နှစ်ပေါင်းလည်း အတော်ကြာခဲ့ပါပြီ၊ မပျက်ခဲ့ပါဘူး၊ မြဲခဲ့ပါတယ်၊ အင်မတန်ကိုပဲ

http://www.dhammadownload.com



ပင်ပင်ပန်းပန်းနဲ့ နေထိုင်မကောင်းတဲ့အခါလောက်ပဲ လွတ်ခဲ့ဖူးပါတယ်၊ ညစဉ်မပြတ် နေ့ဘက် ကိစ္စဝိစ္စများလို့ မအားလပ်ဘူးဆိုရင် ညအိပ်ရာဝင်ပြီဆိုမှဖြင့် ဒါကို အမြဲတစေ လုပ်နေကျ "ဝိနိပါတဘေး ကြီးပါ" လို့ ဂုဏ်ဖော်တာ မဟုတ်ပါဘူး၊ အားလုံးပဲ ဒီလိုလုပ်ကြပါလို့၊ တိုက်တွန်းတဲ့အနေအားဖြင့် ထုတ်ဖော်ပြီး ပြောလိုတာပါ၊ ကြိုးလည်း ကြိုးစားကြ၍ မေတ္တာပို့ကြပါ၊ မေတ္တာဟာ အင်မတန် အောင်မြင်တဲ့တရားကြီးပါ။

အဲဒါက အခုပြောသလိုပဲ အပြစ်ပေါ်သည် မပေါ်သည်က အသာထားပေ့ါလေ၊ အပြစ်မရှိခင်က ကြိုတင်ပြီးတော့ အသိပေးတဲ့အနေအားဖြင့် ဒါကို "အနုသာသေယျ"လို့ တစ်ကဏ္ဍပြီးရော။ ဒါကြောင့် သင်တန်းအစ သဘာဝပြနေကြသည့်အတိုင်းဆိုသလိုပဲ သင်တန်းရဲ့ စည်းကမ်းနည်းလမ်းလေးတွေ ပြောလို့ဆိုလို့ နေရာထိုင်ခင်းအတွက်နဲ့လည်း ပြောလို့ဆိုလို့ ပြီးခဲ့ပြီ။ အဲဒါတောင်မှ စာရင်းကောက်တော့ ပြောသေးတယ်၊ တချို့က လက်မှတ်မထိုးချင်ဘူး ကြောက်တယ်။ ဘာပြုလို့ကြောက်သလဲလို့ အမျိုးမျိုးတွေးတယ်၊ ဘယ့်နှယ့်တုံးဆိုတော့ အင်အားပြရမှာလား၊ ဆန္ဒပြရမှာလား၊ လက်သီးလက်မောင်းတန်းရမှာလားလို့ တချို့က ဒီလိုပဲထင်နေကြတယ်၊ ဒီတော့ စာရင်းကောက်တဲ့ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ ကျွန်တော်တို့ အခုမှ ကောက်နေတာ မဟုတ်ပါဘူး၊ သင်တန်းကြီး စတည်ထောင်ကတည်းက စာရင်းကောက်ရပါတယ်၊ စာရင်းကောက်တာ ဘာပြုလို့ကောက်တာလဲ၊ တချို့က စာရင်းမပေးချင်ဘူး၊ သင်တန်းသာလိုက်ချင်တယ်၊ ကျွန်တော်တို့ စာရင်းကောက်တာ တခြားမဟုတ်ပါဘူး၊ နေရာထိုင်ခင်းအတွက်က စာရင်းကြည့်ပြီးတော့ လူတစ်ထောင်ရှိတယ်ဆိုရင် လူတစ်ထောင်နေသာအောင် စီစဉ်ရပါတယ်။ နှစ်အချက်က ကျွန်တော်တို့သင်တန်းကြီးဟာ ဆယ်မိုးဆယ်လဆိုသလို နေ့စဉ်ရက်ဆက်သွားနေတော့ သူ့အခန်းလေးတွေ ရောက်တဲ့အခါကျတော့ ကျွန်တော်တို့ သင်ခန်းစာဆိုပြီးတော့ စာရွက်စာတမ်း ဝေငှရပါတယ်။

အဲဒီလိုဝေတဲ့အခါကျတော့ ကျွန်တော်တို့ စာရင်းပေးထားတာ လူတစ်ထောင်ရှိတယ်ဆိုလို့ရှိရင် စာရွက်စာတမ်း တစ်ထောင်ရိုက်ရပါတယ်။ ထောင့်ငါးရာရှိတယ်ဆိုလို့ရှိရင် ထောင့်ငါးရာရိုက်ရပါတယ်။ အဲဒီကိစ္စလေးတွေကြောင့် ကျွန်တော်တို့က ဒီစာရင်းကို ကောက်ရပါတယ်၊ ဒါစာရင်းကောက်တဲ့ပုဂ္ဂိုလ်များက ဒီလိုရှင်းပြမှ သူတို့လည်း နားလည်ပါတယ်။ တချို့က ကိုယ့်နာမည်လေး စာရင်းပေးရတာကိုပဲ ဈေးကိုင်နေတယ်၊ တော်တော်ကို စကားပြောနေရတယ် အပြစ်တော့မတင်ပါဘူး။ ဒါတော့ ကိုယ့်အတွေးနဲ့ကိုယ်ပေ့ါလေ၊ တချို့လည်း တောင်တွေး မြောက်တွေး တွေးတာပေ့ါ၊ ဒီလိုမဟုတ်ပါဘူး။ သင်တန်းတည်စကတည်းက သဘာဝအတိုင်း ဒီလိုစာရင်းကောက်ရတာပါ၊ ဘာပြုလို့လဲဆိုတော့ နေရာထိုင်ခင်းက တစ်အချက် လူပေါင်းတစ်ထောင်စာရင်းပေးလို့ စာရင်းတစ်ထောင်ပြည့်အောင်

http://www.dhammadownload.com



နေရာထိုင်ခင်းက စီစဉ်ရမယ် အခုလည်း ပရိသတ်နှင့်နေရာနဲ့ ဆိုလို့ရှိရင်ဖြင့် မနက်ဖြန်ခါကျမှ အမှူဆောင်အဖွဲ့ မေးကြည့်ပါအုံးမယ် ကျပ်သလား, ချောင်သလား, နေသာ ထိုင်သာရှိရဲ့လားလို့။ အဲဒါမရှိဘူး ဆိုလို့ရှိရင် နောက်ထပ်ပြီးတော့ တိုးချဲ့ပြီး အလုပ်လုပ်ရပါလိမ့်မယ်။

အဲဒါကြောင့်မို့ ဒီစာရင်းကို ကောက်တာပါလို့ ပြောရမယ်၊ အဲဒီစာရင်းမှာ ပေးသွင်းပြီးသော ပုဂ္ဂိုလ်များသည် ရှေ့အစဉ်က ပဏ္ဏာမစကားခံထားသလို ဒီတရားကြီးကို အင်မတန်နာကြားလိုပါတယ် ဆိုတဲ့ စိတ်ဆန္ဒဓာတ်နဲ့ လာကြတယ်ဆိုတာ ယုံကြည်ပါတယ်၊ ဝမ်းလည်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါ၏။ ဒီတရားကို လာနာတယ် ဆိုတော့ ဘာကြောင့် ဝမ်းသာ, ဘာကြောင့် ကျေးဇူးတင်သလဲ ဆိုတော့ အမိပ္ပာယ်လေးတစ်ခု ရှင်းပြပါအုံးမယ်။ ဒီတရားကတော့ လူတိုင်း နားလည်ပြီးသားပါ။ ဒီသင်တန်းက ဘာတွေ ပြောသလဲ၊ နိဒါန်းကစပြီးတော့ ဟိုး ပြီးဆုံးတဲ့အချိန်အထိ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, ဒီအထဲမှာ ဝိထိစဉ်၊ လက္ခဏာရေးသုံးပါး၊ ဝိပဿနာဉာဏ်ဆယ်ပါး၊ ပြီးတော့ ပဋိစ္စသမုပ္ပါဒ်၊ ပြီးတော့ သစ္စာ၊ အဲဒီလိုအစီအစဉ်နဲ့ ပြသွားတော့ ဒီလမ်းစဉ်ကြီးများ တစ်နှစ်ကျော်ကျော် တက်ရတဲ့ သင်တန်းကြီးဟာ သေသေချာချာ တွက်ကြည့်တော့ ပြတဲ့ဆရာကလည်းပဲ အဆိုကောင်း, အငိုကောင်း, အပြောကောင်းလား ဆိုတော့ မဟုတ်ပါဘူး၊ သူ့လိုငါလိုပါပဲ၊ ဒီလို ရိုးရိုးပြောနေတာပဲ ဩော် . . . ရုပ်ကလည်း သေသေချာချာကြည့်ရင် တန်ဖိုးမရှိလှပါဘူး၊ ဒါဖြင့် ပျင်းစရာကောင်းတဲ့ တရားခြောက်ကြီးကို တစ်နှစ်ပတ်လုံး သွားတက်ရမှာ၊ ဘာလုပ်မလို့တုံးလို့ ဆန်းစစ်ကြည့်လိုက်တော့ အဟော အပြောကောင်းလို့လည်း မဟုတ်ပါဘူး၊ အဆိုအငိုကောင်းလို့လည်း မဟုတ်ပါဘူး၊ အလွမ်းအဆွေး ကောင်းလို့လည်း မဟုတ်ပါဘူး။ အသံကောင်းလို့လည်း မဟုတ်ပါဘူး။ ပြီးတော့ အပြောကောင်းလို့လား၊ အပြောကလည်း သူလိုငါလိုပါပဲ ဘာမှမထူးပါဘူး၊ ရုပ်လှလို့လား ဒီလိုလည်း မဟုတ်ပါဘူး။ သူ့လို ငါလိုပါပဲ ဘာမှလည်း မထူးပါဘူး၊ ဘာတွေမက်နေလို့လဲဆိုတော့ မက်ရတဲ့အကြောင်းက သို့ကလောက်တောင် ခြောက်ကပ်နေတဲ့တရားကြီး၊ တစ်နှစ်တာလုံးတက်ရမှာ အတော်ပျင်းစရာ ကောင်းတယ် ဟုတ်လား, မဟုတ်လားလို့ စဉ်းစားကြည့်ပါ။

တစ်ခါလာလည်း ရုပ်, နာမ်, ခန္ဓာ, တစ်ခါလာလည်း ရုပ်, နာမ်, ခန္ဓာ၊ ဒါတွေဟာ တရားခြောက်ကြီးပါ၊ ယပ်လှဲ့တရားလိုကတော့ မဟုတ်ပါဘူး၊ ယပ်လှဲ့တရားကြတော့ နဂိုထဲက အသံကလည်း ကောင်းတယ်၊ လွမ်းခန်း, ဆွေးခန်းကလည်း ပါတယ်။ ဟောခန်းလည်းပါတယ်ဆိုတော့ နာနေရတာ မပျင်းနိုင် မငြီးငွေ့နိုင်ဘူး။ နာယူလို့လည်း အရမ်းကောင်းပါတယ်။ အဲဒီလို တရားများလည်း မဟုတ်၊ အင်မတန်ခြောက်တဲ့တရားကြီး တက်ရပြန်တော့ တစ်ညကောင်း၊ နှစ်ညကောင်း နာရတာ မဟုတ်ပါဘူး။ တစ်နှစ်ပတ်လုံး တက်ရမယ်ဆိုတော့ အဲဒါကြီးကို မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားနဲ့

http://www.dhammadownload.com



တို့လူစုကိုယ်တိုင် လက်မှတ်ထိုးပြီးတော့ ဒီအရောက်လာကြတယ်ဆိုတော့ ဒီစေတနာကို မချီးမွမ်းဘဲ နေပါ့မလားလို့ (ချီးမွမ်းရမှာပါဆရာ)၊ အာဂလူပဲ၊ တော်တော်သတ္တိကောင်းတဲ့အကောင်ပဲ၊ ဘာပြုလို့ ဆိုတော့ ဟာ . . . တရားက တရားခြောက် ဖြစ်နေပါတယ်။ ဘယ်နေရာမှ မက်မောစရာအကွက် ရှာမရဘူး၊ တို့ပျော်စရာရှာမရ စိတ်ကြည်လင်စရာရှာမရ၊ ဒီလိုပဲအရပ်ပြောပြောပြီးတော့ ပြောနေတဲ့ တရားတွေ ကြည့်ပြန်တော့လည်း ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, ဒါတွေထက် ခြောက်တဲ့တရား တွေ မရှိတော့ဘူး။ အဲဒါကြီး တစ်နှစ်ပတ်လုံး ငါလိုက်မယ်ဆိုပြီးတော့ ဇွဲကောင်းကောင်းနဲ့ ငါကိုယ် တိုင် လက်မှတ်ထိုးမယ်၊ အဲဒါ သတ္တိကောင်းတယ်လို့ ခေါ်ပါတယ်။

ဒါကြောင့် ဒီထိအောင် သတ္တိကောင်းတဲ့ပုဂ္ဂိုလ်တွေပဲလို့၊ ဒါဖြင့် ကောင်းပါပြီ၊ ဒီတရားခြောက် ကို မက်မက်မောမောနဲ့ တစ်နှစ်တက်ရရင်တက်ရပါစေ ငါလိုက်မယ်ဆိုပြီးတော့ ရဲရဲဝံ့ဝံ့ စွန့်စွန့်စား စားနဲ့ လက်မှတ်ထိုးတာ၊ ဘာအကျိုးမျှော်ကိုးသလဲဆိုတော့ စောစောပိုင်းက ပြောထားသလို တို့ဒီသင် တန်းမလိုက်လို့ အပါယ်လေးပါး တံခါးပိတ်တာ မပိတ်တာ ဘယ်နှယ့်မှ မတတ်နိုင်ဘူး။ ဘာပြုလို့လဲ ဆိုတော့ သူသူငါငါ သတ္တဝါတွေ ပုထုဇဉ်ဘဝနဲ့ သေကြမယ်ဆိုရင် ဂတိမမြဲဘူးဆိုတာ သိထားတယ်၊ ဘယ်နှယ့်မှ တို့မတတ်နိုင်ဘူး။ ဒါက တစ်ချက်၊ ပြီးတော့ သောက်စားပြီး မူးရစ်နေတဲ့ လူဆိုးတွေ တောင် လူကောင်းတွေဖြစ်လို့ ဘဝပြောင်းတဲ့လူတွေဖြစ်လို့ ဒါမျက်မြင်ကိုယ်တွေ့ပေါ့။ တို့အရပ်ထဲက ဘယ်သူပေါ့၊ အရင်တုန်းကတော့ အရက်က သောက်လိုက်တာပဲ၊ အခုတော့ တော်တော့ကိုပဲ ပြောင်း လဲပြီး လူကောင်းတစ်ယောက်လိုဖြစ်နေတယ်၊ မျက်မြင်ကိုယ်တွေ့ ဟာ . . . တယ်ကောင်းကိုး၊ ပြီးတော့ လည်းပဲ နေရာတကာ အရင်တုန်းက ဘာမှမပြောတတ်တာ၊ ခုတော့ ရုပ်အကြောင်း, နာမ်အကြောင်း, ခန္ဓာအကြောင်း ပြောလိုက်လို့ရှိရင် သူ့ကို လူအများက ရိုသေလေးစားရတယ်။ အရင်ကနဲ့ မတူဘူး။ သြော် . . . ဗဟုသုတများ ဒီလိုရတယ်။ လူအများလည်း လေးစားခြင်းခံရတယ်။ သူ့ကြည့်တော့လည်း ကိုယ်ကျင့်တရားတွေက ပြောင်းလဲသွားတယ်။

ပြီးတော့လည်း ဒါတွင်မကဘူးတဲ့၊ ဒီတရားကို သည်းခံပြီးလိုက်လို့ရှိရင်ဖြင့် သေသေချာချာ အပါယ်လေးပါး တံခါးပိတ်တယ်၊ စိတ်ချယုံကြည်တဲ့အခန်းတောင် ရောက်နေပြီပဲ၊ မင်တွေ, ဖိုလ် တွေတော့ ထည့်မပြောနဲ့ ထားပါတော့။ သြော် . . ဒီအထိတောင် အကျိုးတွေက များတယ်၊ တို့လည်း ဒီလိုနေလို့ မဖြစ်ဘူး၊ အင်မတန်တန်ဖိုးရှိတဲ့အကျိုးတွေတော့ တို့ဘယ်သွားရှာလို့မှ ရမှာမဟုတ်ဘူး။ ဒါကြောင့် ဒီသင်တန်းတော့ဖြင့် လိုက်အုံးမှပဲလို့ ခုနက တရားခြောက်တာ တရားစိုတာ အမိကမထားနဲ့၊ ဒါကိုယ့်ကိုကိုယ် ဆန္ဒပြင်းပြင်း မြှင့်တင်ပြီးတော့ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားနဲ့ ငါလိုက်မယ် ဆိုပြီးတော့ လက်မှတ်ထိုးလိုက်ပါတယ်။ ဒါကြောင့် ဒီပုဂ္ဂိုလ်တွေ အာဂပုဂ္ဂိုလ်တွေပဲ၊ သာမညသတ္တိ မဟုတ်ဘူး၊

http://www.dhammadownload.com



သတ္တိကောင်းတွေပဲလို့ ဒီက ချီးကျူးတာ။ အေး . . . သေသေချာချာ ဝေဖန်လိုက်တော့ ခုပြောနေတဲ့ ပုဂ္ဂိုလ်က သူ့အကျိုးလား၊ ကိုယ့်အကျိုးလား ဝေဖန်ဆန်းစစ်ပြန်တော့၊ သို့ကလောက်တောင် တစ်နှစ် တစ်မိုးကြီး တက်နေရတဲ့သင်တန်းဟာ အမှန်ကတော့ သူ့အကျိုးဘာမှမပါဘူး။ တို့အကျိုးပဲ တစ်ခါ ထွက်ပြန်တယ်။ ဩော် . . . ဟုတ်ပေတယ်၊ ဒါဖြင့် လိုက်ထိုက်တယ်၊ ပြတာလည်း ဆယ့်လေးနှစ် လောက်ရှိနေပြီ၊ ဒါတောင် ငါမလိုက်ဖြစ်ဘူး၊ အခုမှ ဒီအသိဉာဏ်လေးပေါ်လာပြီးမှ ငါလိုက်ချင်တယ် ဆိုတဲ့ စိတ်ဓာတ်ကလေး ပေါ်လာတယ်၊ ဒါကြောင့် ငါလိုက်မယ်ဆိုတဲ့အနေအားဖြင့် လိုက်လာတယ်။ တော်တော်ချီးကျူးထိုက်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ အင်မတန်တန်ဖိုးရှိတဲ့ တရားတွေဖြစ်တယ်။

ဒါကြောင့် အဲဒီလိုချီးကျူးထိုက်တဲ့ သတ္တိပြောင်မြောက်တဲ့ပုဂ္ဂိုလ်တွေကို ယနေ့ညတော့ တန်းမြှင့် ပေးလိုက်မယ်။ သေသေချာချာလည်း မှတ်ထားကြပါ။ ဒီတရားပွဲ ယနေ့ည ဦးဦးဖျားဖျား တို့ဒီသင် တန်းလက်မှတ်ထိုးပြီးလိုက်နေတာ တစ်ညလိုက်မိတာနဲ့ တို့ ဘယ်လိုအတန်းအမြန်ရောက်ပြီဆိုတာ တိုင်းလိုက်ကြအုံး၊ ကိုယ့်အတန်းကို သေသေချာချာ မှတ်ထားနော်။ ဒါသင်တန်းတရား ဘာမှ မနာရ သေးဘူး၊ သင်တန်းတရားစစ် တရားသားရောက်ဖို့ နည်းနည်းလိုသေးတယ်။ ဒါရှေ့ကနေ နိဒါန်းက သွားအုံးမှာ၊ ဒါပေမယ့်လို့ ယခုညလေးတွင် စာရင်းပေးသွင်းပြီးတော့ လာမိတာလေးနဲ့ပဲ တို့အတန်း သည် ဘယ်အတန်းလဲလို့ ဒီကနေ့ တန်းလေးမြှင့်ပေးလိုက်တယ်၊ သေသေချာချာ မှတ်ထားကြနော်။ ငါလည်း ပြောစရာ ဆိုစရာလေးတွေ တစ်ညတည်းနဲ့ ကိစ္စလေးတွေ ပြီးပါစေဆိုပြီး လမ်းစဉ်လေးတော့ ချပြီးတော့ ဝတ္တရားအတိုင်း ပြောနေရတယ်၊ လူသစ်တွေ နားလည်ပါစေဆိုပြီးတော့ ပြောရတာ။

## ပမာဏလေးမျိုး

တို့ဘုရားကိုယ်တော်မြတ်က ပမာဏလေးမျိုး ဟောသွားတဲ့အခန်းလေးရှိသည်၊ ငါထုတ်ပြီးတော့ တို့လူတွေ မှတ်တမ်းတင်ရအောင်။ ဘယ်သူကဘယ်အတန်းပဲဆိုတာ တန်းလေးတွေ ငါပြောရမယ် နော် (မှန်ပါတယ်ဆရာ)၊ တို့ဘုရားကိုယ်တော်မြတ်က ပမာဏလေးမျိုးကို ဟောသွားတဲ့နေရာမှာ "ပမာဏ"ဆိုတာက နှိုင်းယှဉ်မှု ခေါ်တယ်။ တို့တော့ ယခုညမှာ တကယ်ကျကျနန ပထမဆုံး တက် လိုက်တဲ့ညဆိုတော့ တို့နဲ့နင်တို့နှင့် မတူဘူးနော် (မှန်ပါတယ်ဆရာ)၊ တန်းချင်းမတူတော့ဘူးလို့ မဆိုလိုပါဘူး၊ အောင်မယ် . . . ဘယ်လိုများ ဖြစ်လာပါလိမ့်၊ သူတို့ ဘယ်အတန်းများ ရောက်နေတယ်၊ တရားမှ မဟောရသေးဘူး၊ သောတာပန်များဖြစ်နေသလား၊ ဒီလိုဖြစ်လာမှာပေါ့ကွာ (မှန်ပါတယ် ဆရာ)၊ အဲဒီတန်းလေးကို သေသေချာချာ ခွဲပေးလိုက်မယ်၊ ဒါ ငါမြှောက်ပေးတာ မဟုတ်ဘူးနော်၊ ဟုတ်တယ်, မဟုတ်ဘူးဆိုတာ မင်းတို့ကိုယ်တိုင်လည်း မြင်မှာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့

http://www.dhammadownload.com



တို့လူစု ခုနက ပြောသလို အပြန်မှာ မျက်နှာပန်းလက်ဆောင်လေး ရသွားအောင် ငါပေးမယ်၊ သေသေချာချာမှတ်ထားပါ။ တို့ဘုရားကိုယ်တော်မြတ်က ပမာဏလေးမျိုး ဟော၏၊ နှိုင်းယှဉ်ချက်လေးမျိုး တိုင်းစရာလေးမျိုးကို ဟော၏။

အဲဒီဟောတဲ့ ပမာဏလေးမျိုးဟာ - (ပုဂ္ဂလပညတ္တိ ပါဠိ၊ အဋ္ဌကထာ ၈၀-၁ နှာ)

၁။ ရူပ,ပမာဏ၊

၂။ ဃောသပမာဏ၊

၃။ လူခပမာဏ၊

၄။ ဓမ္မပမာဏ။

လို့ လေးမျိုးရှိတယ်၊ မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)၊ ဘယ်နှစ်မျိုးလဲ (လေးမျိုးပါဆရာ)၊ ပြန်ဆိုစမ်း (ရူပ,ပမာဏ၊ ဃောသပမာဏ၊ လူခပမာဏ၊ ဓမ္မပမာဏ ပါဆရာ) လေးမျိုးနော် (လေးမျိုးပါဆရာ)၊ ရူပ,ပမာဏ၊ ဃောသပမာဏ၊ လူခပမာဏ၊ ဓမ္မပမာဏ နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မြန်မာလို အဓိပ္ပာယ်ပြန်ပေးမယ်၊ မြန်မာလိုမှတ်ထားပေါ့၊ **"ရူပပမာဏ"** ဆိုတာ မြန်မာလိုပြောတော့ ဘာတုံး၊ တို့ဘုရားကိုယ်တော်မြတ်ရဲ့ အဆင်းရူပကာယတော်ကို မြင်လိုက်လို့ရှိရင် မြင်တဲ့သတ္တဝါ၊ ရှိတဲ့သတ္တဝါတွေ အကုန်ပုံလိုက်၊ သုံးပုံပုံရင် နှစ်ပုံကြည်ညိုတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ သုံးပုံပုံရင်နှစ်ပုံ ကြည်ညိုသည်၊ ဘုရားကိုယ်တော်မြတ်ရဲ့ "ရူပကာယ" အဆင်းတော်ကို မြင်လိုက်ရင်နော် (မှန်ပါတယ်ဆရာ)၊ မများဘူးလားကွယ် (များပါတယ်ဆရာ)၊ မြင်လိုက်ရင် ကြည်ညိုတဲ့ပုဂ္ဂိုလ်တွေ သိပ်များတယ်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ သုံးပုံပုံရင် နှစ်ပုံကြည်ညိုတာ ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ပြီနော် (မှန်ပါတယ်ဆရာ)။

နောက်တစ်ခါ **"ဃောသပမာဏ"** တဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတဲ့ အသံတော်ကို ကြားလို့ရှိရင် လူတွေ, နတ်တွေ, ဗြဟ္မာတွေ ရှိသမျှအကုန်လုံး ငါးပုံပုံရင် လေးပုံက ကြည်ညိုနိုင်တယ်တဲ့ မများဘူးလား (များပါတယ်ဆရာ)၊ ကြည်ညိုနိုင်တဲ့ပုဂ္ဂိုလ်က မများဘူးလား (များပါတယ်ဆရာ)၊ မကြည်ညိုတာက ဘယ်လောက်ရှိသလဲ (တစ်ပုံရှိပါတယ်ဆရာ)၊ တစ်ပုံပဲရှိတယ်။ နောက် **"လူခပမာဏ"**တဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ် အကျင့်စာရိတ္တပဋိပတ်နှင့် ပတ်သက်လို့ ကိုယ်တော်မြတ်မှာဖြစ်စေ၊ ကိုယ်တော်မြတ်စခဲ့တဲ့ လမ်းစဉ်မှာဖြစ်စေ အကျင့်ပဋိပတ်တရားကို ကြားနာရလို့ရှိရင် ခုနကပြောတဲ့ လူ့လောက, နတ်လောက, ဗြဟ္မာလောကဆိုတဲ့ သတ္တဝါတွေ ဆယ်ပုံပုံ ကိုးပုံက ကြည်ညိုနိုင်တယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ မများဘူးလား (များပါတယ်ဆရာ)၊ မကြည်ညိုနိုင်စရာ ဘယ်လောက်ရှိသလဲ (တစ်ပုံပါဆရာ)၊ ဪ . . . တစ်ပုံပဲရှိတော့တယ်၊ များလိုက်တာနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



နောက်တစ်ခါ **"ဓမ္မပမာဏ"**တဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောပြတော်မူတဲ့ တရားဒေသနာတော်ကို ဟောလို့ ပြောလို့ရှိရင်တဲ့၊ လက်ခံကြည်ညိုနိုင်တဲ့ပုဂ္ဂိုလ် ဘယ်လောက်ရှိမည်လဲဆိုရင် တစ်ထောင်မှာ တစ်ယောက်ပဲတဲ့၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကြည်ညိုနိုင်တဲ့ပုဂ္ဂိုလ် နည်းမသွားဘူးလား (နည်းပါတယ်ဆရာ)၊ ဘယ်လောက်နည်းသွားသလဲ၊ အဆပေါင်း ကိုးရာ့၊ ကိုးဆယ့်၊ ကိုးယောက် နည်းမသွားဘူးလား (နည်းသွားပါတယ်ဆရာ)၊ မကြည်ညိုနိုင်တဲ့ပုဂ္ဂိုလ်က အင်မတန်မှ များတယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒီပမာဏလေးမျိုးနဲ့ ထိုးပြလိုက်တော့ကာ ခုလိုရှိုးသားတဲ့ စေတနာနဲ့ လာကြတဲ့၊ တို့သင်တန်းတက်တဲ့ပုဂ္ဂိုလ်များလည်း "ဓမ္မပမာဏ" အနေအားဖြင့် ဆိုလို့ရှိရင်ဖြင့် တစ်ထောင်မှာတစ်ယောက်သာ ရတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ စာရင်းများမပါဘူးလား (ပါပါတယ်ဆရာ)၊ တန်းကွာ မသွားဘူးလားကွယ် (ကွာပါတယ်ဆရာ)၊ မနေ့ကထက် ဒီနေ့ တစ်တန်းတိုးမလာဘူးလား (တိုးလာပါတယ်ဆရာ)၊ မနေ့က ဒီတန်းမျိုးကို ရကြရဲ့လား (မရပါဘူးဆရာ)၊ တစ်ထောင်ပဲရမှာပေါ့ကွာ (မှန်ပါတယ်ဆရာ)၊ မနေ့က တစ်ထောင်ရေတွက်လားဆိုရင် သူ့လိုငါလိုပါပဲ၊ ဒါဖြင့် ဒီစာရင်းဝင်လာတယ်ဆိုတော့ တစ်ထောင်ရေတွက်လာရင် တစ်ယောက်သာ ရတယ်ဆိုတော့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေနော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဟာ တန်ဖိုးရှိတဲ့ပုဂ္ဂိုလ်တွေပါပဲ။

ဒါကြောင့် မိမိတို့ကိုယ် မိမိတို့ပြန်ပြီးတော့ စောစောကပြောသလို "ပမာဏ"လေးမျိုးနဲ့ လက်ချိုးပြီးတော့ ရေတွက်ကြည့်ပါ၊ ကိုယ့်အတွက်ကလေး ကိုယ့်အဆင့်အတန်းလေးကို ပြန်ပြီးတော့ ဝမ်းပန်းတသာနဲ့ တွေးတောကြည့်ပါ၊ ဒီပမာဏလေးမျိုးလည်း မှတ်လည်းမှတ်ပေါ့၊ ငါ့အဆင့်အတန်းက တရားမှ မနာရသေးဘူးကွယ်၊ သင်တန်းတစ်ညသွားရုံရှိသေးတယ်၊ တစ်ထောင်ထဲမှာ တစ်ယောက်လောက်သာ ရွေးရတဲ့တန်းထဲ ငါရောက်နေပြီ။ ဒါ မိမိအဆင့်အတန်းလေး မိမိမြှင့်ပေးရမယ်၊ မြှင့်ပေးသောအားဖြင့် မနက်ဖြန်ကျတော့ လာချင်တဲ့စိတ်ကလေး ပိုများလာတယ်၊ သင်တန်းများ ဆက်တက်ရလို့ရှိရင် ငါတို့တန်းသည် ဘယ်ထိအောင်သွားမလဲ၊ ဘယ်ထိအောင် ရမလဲ၊ ဘယ်ထိအောင် မြတ်မလဲ တွက်ပြီနော်။ ဒါကြောင့် ဒီသင်တန်းသည် မပျက်မကွက် ဆက်ဆက်တက်ရလို့ ရှိရင်ဖြင့် နောက်ဆုံးတစ်နေ့မှာ တစ်မဂ်၊ တစ်ဖိုလ် မရဘူးဆိုထားပါတော့၊ မရဘူးဟု မပြောနိုင်ပါဘူး၊ ဣန္ဒြိယပရိပါက-ဣန္ဒြေရင့်ကျက်တဲ့ပုဂ္ဂိုလ်များဆိုလို့ရှိရင် တစ်မဂ်၊ တစ်ဖိုလ်ရနိုင်တဲ့ပုဂ္ဂိုလ်ချည်းပါပဲ။ ဒါပေမယ့် အဆုံးစွန်ဆုံးထားပါ၊ တစ်မဂ်၊ တစ်ဖိုလ် မရဘူးလို့ ဆိုလိုပါစေ၊ အပါယ်လေးပါးတော့ လုံးလုံးလျားလျား တံခါးပိတ်ရပါစေဆိုတာတော့ တို့က တာဝန်ခံပေးပါတယ်၊ အာမခံပေးပါတယ်နော်။

http://www.dhammadownload.com



သံသရာကို ငြီးငွေ့တဲ့စိတ်ဟာ အမြဲရှိရမယ်၊ သံသရာကြီးထဲက ကျွတ်ချင်တယ် လွတ်ချင်တယ်။ သံသရာဝဋ်ဆင်းရဲ ဘေးဒုက္ခတွေ တွေးပြီးတော့ ကြောက်တယ် ဆိုရင် ဒါအထက်တန်းလွှာပဲ။ သူ့နောက်နားက အောက်တန်းလွှာအနေအားဖြင့် စဉ်းစားတဲ့ပုဂ္ဂိုလ်ကျတော့ သေရင် အပါယ်လားမှာကြောက်တယ်၊ တစ်နေ့တော့ သေရမှာပဲ၊ မသေဘဲတော့ မနေဘူး၊ ရှောင်လွှဲလို့တော့ မရဘူး၊ သေမှာပဲနော်။ သေလို့ရှိရင် မတော်တဆ ငါအပါယ်များကျမလားဟဲ့၊ အဲဒီအပါယ်ဘေးက တကယ်အေးသွားအောင်၊ တကယ်ဝေးသွားအောင် တိတိကျကျနဲ့ တာဝန်ခံနဲ့ တန်းမြင့်ပေးနိုင်တဲ့ နည်းကောင်း၊ လမ်းကောင်းကလည်း တော်တော်ရှားတယ်။ ဟိုကြည့်လည်း သူ့လိုငါလို၊ ဒီကြည့်လည်း သူ့လိုငါလို ဘယ်သူ့အားကိုးရမလို၊ ဘယ်ဝါ့ အားကိုးရမလို၊ ဘယ်ဒင်းအားကိုးရမလို ဖြစ်နေတယ်။ ဒီတော့ အားကိုးအားထား ရုတ်တရက်ရှာမရတော့ သင်တန်းလိုက်လို့ရှိရင် အပါယ်လေးပါး တံခါးပိတ်တယ်ဟေ့၊ အောက်ထစ်ဆုံး မဂ်ဉာဏ်, ဖိုလ်ဉာဏ်များကို ရတာ, မရတာ အသာထား၊ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး မလားတော့ဘူး။ ဒီသတင်းကြားတော့ တချို့လည်းအားကိုးတစ်ခုနဲ့ ဒီသင်တန်းတော့ တက်မှပဲလို့၊ ဒီအချိုးလောက်ကလေးမှ အားကိုးလောက်တာကို ရှာမရဘူး။

ဒါကြောင့် ဒီသင်တန်းတော့ မပျက်မကွက် တက်မှာပဲလို့ အဲဒီလို စေတနာမျိုးထားပြီးတော့ ဒါဟာ အောက်တန်းလွှာပါပဲ၊ အဲဒီနှစ်လွှာနှစ်မျိုးအားဖြင့် စေတနာလေးတွေ တိုးပွားပြီး ကြိုးစားပြီးတော့ လာရောက်နာကြတဲ့ပုဂ္ဂိုလ်များဟာ မိမိတို့ဖြစ်ပေါ်နေတဲ့ စေတနာလေးတွေ အထင်လည်း မသေးကြပါနဲ့၊ သာမန်လူစားများ ဖြစ်နိုင်ခဲတဲ့ စေတနာပါလားလို့ စိတ်ထဲမှာ ထားကြပါ။ အဲဒီလို ကြားဖူးတဲ့အတိုင်း တစ်မဂ်, တစ်ဖိုလ်လည်းရကြမယ်၊ (သို့မဟုတ်) အောက်ထစ်ဆုံးအနေအားဖြင့် အပါယ်လေးပါးလည်း တံခါးပိတ်ရမယ်လို့ ဒီလိုသင်တန်းရဲ့ ဂုဏ်သတင်းကို ကြားတဲ့အချိန်ကစပြီး တစ်မဂ်, တစ်ဖိုလ်လိုချင်တဲ့ပုဂ္ဂိုလ်၊ (တစ်နည်း) အောက်တန်းလွှာအနေအားဖြင့် အနည်းဆုံး အောက်ထစ်ဆုံး သေသည်၏အခြားမဲ့၌ အပါယ်လေးပါး တံခါးပိတ်တဲ့ အကျိုးတရားမျိုးကို ရလိမ့်မယ်ဆိုတဲ့ အားကိုးတဲ့အနေအားဖြင့် လာရောက်ပြီးနာကြတယ်၊ နာသည့်အားလျော်စွာ ဒီကလည်းပဲ တာဝန်ခံပေးပါတယ် အောက်ထစ်ဆုံးအားဖြင့်ပေါ့။ တစ်မဂ်, တစ်ဖိုလ်ကို မရဘူးထားအုံးတော့ ဒီသာသနာနှင့် တွေ့တဲ့ကြုံတဲ့အခါမှာ တို့တော့ဖြင့် အသေရဲပေါ့ဟဲ့။ ဘာပြုလို့ အသေရဲသလဲ၊ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး လုံးလုံးမလားတော့ဘူးလို့ ယုံကြည်စိတ်ချလောက်တဲ့ တာဝန်ခံနဲ့ ပြနေတဲ့ သင်တန်းနော်၊ ဒါလေးကို သေသေချာချာနဲ့ လက်ကိုင်ထားကြပါ၊ နဖူးပေါ်လက်တင်ပြီး စဉ်းစားကြပါ၊ တို့မှာ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး မလားအောင် အားကိုးစရာ ဘာများရှိသလဲ၊ မျက်စိလေး ကလယ်ကလယ်နဲ့ ဘယ်မှအားကိုးစရာ ရှာမရဘူးဆိုတာ အထူးပြောစရာမလိုပါဘူး၊ သင်တန်း

http://www.dhammadownload.com



မလိုက်တဲ့ အပြင်ဘက်က လူတွေများကို မေးကြည့်ပါ၊ မင်းတို့ သေရင် အပါယ်လေးပါး မလားဘူးလို့ တထစ်ချ တာဝန်ခံနိုင်တဲ့ လက်ကိုင်တရားကောင်းများ ရှိသလားလို့ မေးကြည့်ပါ။ ယုံကြည်စိတ်ချ နိုင်သလား လို့ မေးကြည့်ပါ၊ ဘယ်တော့မှ မပြောနိုင်ဘူး၊ တစ်ရာမှာ တစ်ယောက် မပြောနိုင်ဘူး၊ ငါသေရင်တော့ အပါယ်လေးပါး မုချမလားတော့ဘူး၊ အဲဒါလေး မှတ်ထားကြပါ။ ဘယ်သူမှ မပြော နိုင်ကြပါဘူး၊ ဘယ်သူက ဘယ့်နဲ့ကြွားကြွား အလကား ပြောဆိုတယ်လို့ မှတ်ထားကြပါ။ အဲဒါ လက်တွေ့အားဖြင့် ပြပေးပါ့မယ်။ ဒီက ဟုတ်လား, မဟုတ်လားလို့ ပြန်လည်းကြည့်ကြပါ။

လက်ရှိရထားတဲ့ မိမိတို့ပြုစု ပြုလုပ်ပျိုးထောင်ထားတဲ့ ကြိုးစားထားတဲ့ ကုသိုလ်တရားတွေကို အားကိုးအားထားအနေအားဖြင့် တို့တော့သေရင် အပါယ်လေးပါး မလားတော့ဘူး။ ဒီလို တချို့က လည်း ပြောတယ်။ အဲဒါ ယုံစရာရှိရဲ့လားလို့ ဆိုတော့ ယုံစရာမရှိဘူး၊ တကယ်လို့များ ယုံကြည်လို့ အားထားလို့ရှိရင် ဒီလိုသာ ကြိုးစားထားတဲ့၊ တို့ အခုလုပ်ထားတဲ့ ကုသိုလ်တရားလေးကို နည်းများ မဆို အားကိုးလို့ ငါသည် သေသည်၏အခြားမဲ့၌ အပါယ်လေးပါး မလားတော့ဘူးလို့ စိတ်ချ ယုံကြည် ပြီးတော့ သေရင် ဆွမ်းမသွတ်ပါနဲ့၊ နေရဲရဲ့လားလို့ တွက်ကြည့်၊ ဟုတ်လား, မဟုတ်လားလို့ စဉ်းစားပါ၊ သေလို့ရှိရင် ဘာမှ သပိတ်သွတ်စရာမလိုပါဘူး၊ ဆွမ်းသွတ်စရာမလိုဘူး။ နောက်ဆုံးကျတော့ သေရင် ဆွမ်းသွတ်ရတာပဲ၊ သပိတ်သွတ်ရတာ ကြည့်ကြည့်ပါ၊ ဘာဖြစ်လို့ "ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ" ဆိုသလိုပဲ ခြေမမြဲ လက်မြဲပါစေ၊ မတော်တဆ အပါယ်လေးပါးများ လားခဲ့သော် ဒီက ရည်မှန်းပြီး လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှုလေး အမျှအတမ်းဝေ၊ ကျွတ်ပါစေ လွတ်ပါစေ ဆိုတဲ့ စေတနာနဲ့ လုပ် ကြတာ၊ အဲဒီအလုပ်က သက်သေခံထားတာ ကြည့်ပါ။ ဒီတော့ တချို့ကလည်း ခံချင်မှ ခံမယ်ပေါ့လေ ဒီလိုပြောတယ်။ ဒီလိုဖြစ်ရင်လည်းပဲ လူတွေ သေသမျှ ကုသိုလ်လုပ်တဲ့လူတွေကော၊ မလုပ်တဲ့လူ တွေကော အပါယ်လေးပါးလား ရဖို့ရှိတယ်လို့ ဒီလိုပြောတယ်။ အေးလေ . . မသွားရဘူးဆိုလည်း စိတ်မပျက်ပါနဲ့၊ ဒီအတိုင်းပဲ နေရဲရင်နေပါလို့ မနေရဲဘူး။ မနေရဲတာ ဘာပြုလို့ မသေချာလို့ ကုသိုလ်က, ကုသိုလ်တစ်မျိုးပေါ့။ ကုသိုလ်လုပ်တဲ့အကျိုးက တစ်နေ့သောအခါ ခံစားရမှာပေါ့၊ ဒါပေမယ့် ဒီက သေသည်၏အခြားမဲ့မှာ အပါယ်လေးပါး တထစ်ချ မလားပါဘူးဆိုတဲ့ ကတိဝန်ခံချက် ရရဲ့လားလို့ ဒီလို မေးကြည့်ပါ၊ အဲဒါကို ကျပ်ကျပ်စဉ်းစားထားပါ။

ဒီတော့ စောစောက ပြောထားတဲ့အတိုင်းပဲ၊ အဲဒီလို ကတိဝန်ခံချက်အနေအားဖြင့် မင်းတော့ သေရင် အပါယ်လေးပါးကို ဘယ့်နည်းနဲ့မှ မလားတော့ဘူး ဆိုတဲ့ တာဝန်ခံတစ်ခု အရယူကြပါလို့၊ ဒီကလည်း ရအောင် ပေးနေတယ်၊ တာဝန်ကလည်း ပေးနေတယ်။ ဒါတော့ ဘယ်ပုဂ္ဂိုလ်မှ မငြင်း နိုင်ဘူး၊ ဒီလမ်းစဉ် ဒီကုသိုလ်မျိုး ဒီအသိဉာဏ်မျိုးရရင် အပါယ်လေးပါး တံခါးကြီးလုံးလုံးပိတ်တယ်လို့

http://www.dhammadownload.com



ဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောထားတဲ့ ဒေသနာက ထင်ရှားရှိနေတော့ ဘယ်ပုဂ္ဂိုလ်မှ မငြင်းရဲဘူး၊ အဲဒါ တကယ်အားကိုးထိုက်တဲ့ သင်တန်းစဉ်တစ်ခုပါ။ သင်တန်းတရားတွေခေါ်တယ်၊ ဒါကြောင့်လည်းပဲ ဒီသင်တန်းကို မပျက်မကွက် ဆက်ဆက်လာရောက်ပြီးတော့ နာဖူးတဲ့ပုဂ္ဂိုလ်များ၊ နာရပြီးတဲ့ ပုဂ္ဂိုလ်များအဖို့ ဆိုလို့ရှိရင် ပျော်တပြုံးပြုံး မော်မဆုံးဆိုသလိုပဲပေ့ါ၊ ပြုံးပြုံး ပြုံးပြုံးနဲ့ သေဘေးအတွက်ကဖြင့် စိတ်အေးရပြီပေ့ါ၊ တို့တော့ ခုမှ နေရာကျပေ့ါ၊ ခုမှ လူဖြစ်ရကျိုးနပ်ပေ့ါ၊ ခုမှ သာသနာနှင့်တွေ့ကျိုး ကြုံကျိုးနပ်ပေ့ါ။ အဲဒါ နာဖူးတဲ့ပုဂ္ဂိုလ်တိုင်းရဲ့ ပါးစပ်က ထွက်လာတဲ့အသံတွေပဲ။ ဟောတဲ့ပုဂ္ဂိုလ်က ဒီလိုပြောပါလို့ ဘယ်တော့မှ မတိုက်တွန်းဘူး၊ မြှောက်ပြောပါလို့ မတိုက်တွန်းဘူး၊ သူတို့သဘာဝနဲ့ သူတို့ထွက်လာတဲ့အသံတွေ။ အဲဒါကြောင့် အခု တစ်ပတ်မှစပြီး လိုက်တဲ့လူသစ်များနားလည်မှုရှိဖို့ အခြေခံကလေးနဲ့ ကလေးများ စာသင်သလို “က၊ ခ” က စပြီးတော့ တစ်စ တစ်စနဲ့ သင်ကြားပေးမယ်။

ဒီတော့ သင်ကြားပေးတဲ့အခါမှာလည်းပဲ မိမိတို့စိတ်ကလေးတွေ အိမ်ကလာတဲ့အခါမှာ လူတိုင်းအမျိုးမျိုးပေ့ါ၊ ကိစ္စဝိစ္စဆိုတာ “ဃရာဝါသော ဗဟုကိစ္စော” တဲ့၊ သူသူငါငါ ရှာမှ ဖွေမှ စားရတာ၊ လူမှုရေးရာကလည်း အင်မတန်ကျဉ်းကျပ်တယ်၊ စိတ်ကြည်သာတဲ့အလှည့်လည်း ရှိတယ်၊ မကြည်သာတဲ့အလှည့်လည်းရှိတယ်။ အကယ်တန္တု မကြည်မသာနဲ့ အိမ်ကထွက်လာသည့်တိုင်အောင်ပေ့ါလေ။ သင်တန်းရောက်ရင် အကုန်ဖျောက်ရမယ်၊ ပြန်သွားရင် ငါတန်ဖိုးမဖြတ်နိုင်တဲ့ အမြတ်ဆုံးဆိုတဲ့ လက်ဆောင်ကောင်းတစ်ခု ရတော့မှာပဲလို့၊ အဲဒီလို ဝမ်းပန်းတသာနဲ့ စေတနာလေးတွေ ဖြူဖြူစင်စင်ထားလို့၊ သမာဓိလည်း ကောင်းကောင်းထားပြီး ဒီက ပြောတာလေးတွေ တစ်လုံးမှတ်မိမှတ်မိ၊ နှစ်လုံးမှတ်မိမှတ်မိ၊ စကားအနုသန္ဓေလေးတွေ ဆက်ဆက်၊ ဆက်ဆက်သွားအောင်ဆိုသလို နာလည်းနာကြပါ၊ မှတ်လည်း မှတ်ကြပါ။ အေး . . . ယခုညအဖို့မှာ ဒီလိုလာရောက်ပြီးတော့ နာရတယ်၊ ငါတို့လည်း နာကြားရတယ်၊ သင်တန်းကြီးလည်း ဖွင့်ဖြစ်တယ်၊ ပြတဲ့ဆရာလည်း ပြနိုင်သေးတယ်လို့ သုံးဦးသုံးဖလှယ် လာရောက်ဆုံစည်းတာလည်း အင်မတန် ကုသိုလ်ကံကြီးတယ်လို့ မှတ်ကြပါ။

အခုတစ်ပတ်မှာ သင်တန်းတက်ကြမည့် လူသစ်တွေအတွက် မျက်နှာကို ကွက်ခနဲမြင်မိတယ်၊ စောစောက နာပြီးသားပုဂ္ဂိုလ်များအတွက် ဆိုရင်ဖြင့် တာဝန်ခံထားတဲ့ အတိုင်းပဲလို့ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး တံခါးပိတ်တယ်၊ သူတို့အဖို့ကတော့ နေရာကျပြီး စိတ်ချရတယ်၊ အခုသင်တန်း တစ်ပတ်မှ အားကြိုးမာန်တက်နှင့် တက်မယ်လို့ အားခဲထားတဲ့ လူသစ်တွေအတွက်ကအခက်အခဲဆိုတဲ့ အနေအားဖြင့် မျက်စိထဲ ပြေးမြင်မိပါတယ်။ ဒါကြောင့် နေမထိ၊ ထိုင်မသာ ဆိုသလိုပါပဲ၊ တော်တော်လေး ပြာလောင်ခတ်သွားတယ်၊ အရေးကြုံရင် သက်လုံကောင်းရမယ်ဆိုတဲ့ စကားလို

http://www.dhammadownload.com



တို့သင်တန်းကြီးမှာ အသံသွင်းယူရေးအဖွဲ့ဆိုတဲ့ အဖွဲ့ကြီးလည်း လူတော်တော်များပါတယ်၊ တစ်ရာကျော် **နှစ်ရာနီးပါးလောက်ရှိတယ်** အမှုဆောင်အဖွဲ့ကြီးဆိုပါတော့၊ အဲဒီအမှုဆောင်အဖွဲ့ကြီးကလည်း သူတို့များ နားမပါဘူးလားတော့ မပြောတတ်ဘူး၊ တစ်ယောက်မှ မေးသည်, စမ်းသည် ရှာဖော်မရဘူး။ သင်တန်းက ဒီနေ့ ဘယ်နှယ့်ဖြစ်နေတယ်၊ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ဘယ်လိုနေတုံး၊ အမိန့်များရပါရဲ့လား၊ ဘယ်လိုကြံစည်ကြမယ်၊ အကြံပေးဉာဏ်ပေးအနေအားဖြင့် တစ်ယောက်မှလည်း ပေါ်မလာဘူး "ပေယျာလကန်" နေလိုက်ကြတာလို့၊ ဘာဖြစ်ဖြစ် ကိုယ့်ကိုယ်တိုင်က ခေါင်းဆောင်ဖြစ်နေတော့ မားမားမတ်မတ် ရပ်တည်ပြီးတော့ ဦးဆောင်နေရပါတယ်။ ဒါပေမယ့် တွက်ကတ်လို့ ပြောတာ မဟုတ်ပါဘူး၊ စိတ်ထဲက အများအပေါ်မှာ ငဲ့ညှာပြီးတော့ ဘယ်လိုစေတနာထားတယ် ဆိုတဲ့သဘော ပြောတာပါ၊ အဲဒီသဘောပြောတာလည်း ဂုဏ်ဖော်တာ မဟုတ်ဘူး၊ အမှန်က ဒီလောက်တောင် တို့အပေါ်မှာ စေတနာထားတဲ့ တရားပဲလေ၊ တို့ကလည်း အားနာပါးနာနဲ့ ပြန်ပြီးတော့ ကြိုးစားပမ်းစား နာမှပဲလို့ အဲဒီလိုစိတ်ထဲကများ အားနာမှုလေးတွက်ပြီးတော့ မပျက်မကွက် သင်တန်းကြီး အစကနေ အဆုံးတိုင်အောင် ကြိုးစားတက်မယ်ဆိုတဲ့ စေတနာပေါ်အောင် ဆိုပြီးတော့ ဖော်ပေးနေတဲ့သဘောပါပဲ။

ဒီတော့ လူစာရင်းကောက်ပြန်တော့လည်း ဒီတစ်ပတ် လူစာရင်းကောက်သည့်စာရင်းတွေ အစုံအလင်မဟုတ်ဘူး၊ လာတဲ့စာရင်းက လာတယ်၊ မလာတဲ့စာရင်းကလည်း မလာဘူး။ ဒါကြောင့် စာရင်းလည်း အစုံအလင်မပေးတဲ့အတွက် လူစာရင်းလည်း မှန်မှန်ကန်ကန် တိတိကျကျ မရဘူး။ ဒါပေမယ့် သုံးထောင်ကျော်ပါလိမ့်မယ်၊ အခုရောက်လာတဲ့စာရင်းအရ နှစ်ထောင်နဲ့ခုနစ်ရာကျော် ရှိသွားပြီ။ ဒါကြောင့် စာရင်းမပေးရသေးတဲ့ ပုဂ္ဂိုလ်များလည်းပဲ နောက်ထပ်ပြီးတော့ အသီးသီးစာရင်း ပေးကြပါလို့ တိုက်တွန်းပါတယ်၊ စာရင်းအတိအကျလည်း လိုချင်ပါတယ်၊ အခုတော့ နှစ်ထောင့်ခုနစ်ရာကျော် ဆိုတော့ သုံးထောင်ကျော်တက်နေတဲ့သင်တန်းကြီးပဲ၊ အနည်းဆုံးအားဖြင့် သုံးရာကျော် လေးရာလောက် လိုသေးတယ်၊ ဒီတစ်ပတ်တော့ နေရာထိုင်ခင်းအတွက် လူက များပြီးတော့ နေရာက နည်းနည်းမဆန့်ဖြစ်နေတယ်လို့ သတင်းမရပါဘူး၊ နေရာနဲ့လူနဲ့ မျှနေတယ်လို့ တူပါရဲ့။ ဒါကြောင့် နေရာထိုင်ခင်းအတွက်ကျတော့ အထူးသီးသန့် သတိပေးစရာ မလိုတော့ပါဘူး။ ဒါပေမယ့် တစ်ခုတော့ ပြောပါရစေလို့၊ ပြောနေကျအတိုင်း နေရာကိုတော့ဖြင့် ကိုယ့်နေရာကို မြဲမြဲလေး မှတ်ထားကြပါ၊ အနားက လူလည်း မှတ်ထားကြပါ၊ မနေ့ညက ဒီလူ ဒီနေရာမှာ နေတယ်ဆိုရင် မနက်ဖြန်လည်း ဒီနေရာ သူ့နေရာ ဖြစ်ရမယ်၊ မနေ့က ဒီလူ ဒီနေရာမှာ နေတယ်၊ ဒီနေ့တော့ ဒီလူမလာဘူး၊ ငါရွှေ့နေမယ်လို့ ဒီလိုမလုပ်ပါနဲ့။ ဒါ သင်တန်းရဲ့စည်းကမ်းအတိုင်း လူသစ်များကလည်း နားလည်ဟန်

http://www.dhammadownload.com



မတူသေးဘူး၊ သင်တန်းရဲ့စည်းကမ်းဟာ ကိုယ့်နေရာကို မြဲမြဲမှတ်ထားကြပါ၊ ကိုယ့်အနားက လူမလာသည့်တိုင်အောင် သူ့နေရာကို သွားမနေပါနဲ့၊ ဒီနေ့ ဒီနေရာနေလိုက်၊ မနက်ဖြန် ဟိုအနားရွှေ့လိုက် ဒီလိုမနေပါနဲ့၊ ပွဲလမ်းသဘင်နဲ့ မတူဘူး၊ ပျော်ရွှင်မှုနဲ့မတူဘူး။

ဒါဟာ တကယ့်မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရရာရကြောင်းဆိုတဲ့ တရားကို လာနာနေကြတဲ့ သင်တန်းဖြစ်ပါတယ်၊ ကျောင်းများလို အစအဆုံး ဒီသင်တန်းကြီးတက်ကြမယ်ဆိုတဲ့ အနေအားဖြင့် လာတက်ကြတာ ဖြစ်တယ်။ ဒါကြောင့် နေရာအရှုပ်အရှင်း စကားမများရအောင်, အငြင်းမပွားရအောင် အခု မိမိတို့နေထားတဲ့ နေရာထိုင်ခင်းကို မှတ်မှတ်သားသားနဲ့ မြဲမြဲစွဲစွဲနေကြပါလို့၊ အဲဒါ သုံးရက်လောက်တော့ဖြင့် သည်းခံပေါ့၊ သုံးရက်အတွင်းတော့ နေရာအပြောင်းအလွဲလေး ရှိချင်ရှိအုံးမှာပဲ၊ မနက်ဖြန်ခါမှ လာမည့်သူများအတွက်က ရှိသေးတယ်၊ သန်ဘက်ခါမှ လာမည့်သူများအတွက်က ရှိသေးတယ်၊ ဒီသင်တန်းရဲ့ စည်းကမ်းချက်တွေရှိတယ်။ သင်တန်းရည်ဝလာတဲ့သူများ အဖို့ကတော့ ပထမညဆိုလို့ရှိရင် ဘယ်တော့မှ မလာဘူး၊ ဘာပြုလို့ ပထမညကတော့ အလကားပါကွာ၊ ခုံအကြောင်းတို့ နေရာအကြောင်းတို့ လျှောက်ပြောနေတာပါကွာ၊ တရားအကြောင်း မပါပါဘူးဆိုပြီး ဘယ်တော့မှ မလာဘူး။ နောက်ညတွေမှာ တရားသာပြမယ်ဆိုရင် လူတွေက တဖွဲဖွဲနဲ့ လာကြတယ်။ အဲဒီလို နေရာသစ် နေရာဟောင်း အပြောင်းအလွဲလေးတွေ ဘာလေးတွေ ရှိပါတယ်၊ သုံးရက်လောက် သည်းခံကြပါ၊ သုံးရက်စေ့တဲ့အချိန်ကျပြီဆိုတော့ နေရာကိုယ်စီ မြဲကြပါစေ၊ နေရာနှင့် ပတ်သက်ပြီးတော့ အငြင်းမပွားကြပါစေနဲ့။

## မတ်တတ်ရပ်ပြီး တရားနာကောင်းတဲ့ ထုံးသက်သေဝတ္ထု

ယခုညတော့ သည်းခံပြီးတော့ သင်တန်းတက်ကြတဲ့ပုဂ္ဂိုလ်များက သည်းခံထိုက်တယ်ဆိုတဲ့ ထုံးဝတ္ထုလေးကို နာကြားရအောင်၊ သီဟိုဠ်ကျွန်း သာသနာထွန်းကားစဉ်အခါက ရဟန္တာကိုယ်တော်မြတ်ကြီးတစ်ပါးက တရားကိုဟောတယ်၊ ရဟန္တာကိုယ်တော်အရှင်မြတ် တရားဟောလိမ့်မယ်လို့ မြို့ထဲမှာ ကြွေးကြော်နေပြီး တရားနာသူတွေ တစ်မြို့လုံးအုံကြွပြီး လာကြတယ်။ ရဟန္တာကိုယ်တော်မြတ်ကြီးတရားပွဲကို သွားကြစို့ဆိုပြီး လာကြတယ်၊ ပရိသတ်ကလည်း အလွန်များတယ်၊ ဒီတော့ ပြည့်ရှင်မင်းကြီးလုပ်တဲ့ ရှင်ဘုရင်က တရားပွဲလာတာမှာ တော်တော်နောက်ကျတယ်၊ ပရိသတ်စုံလောက်မှ နောက်မှရောက်လာတော့ ရှင်ဘုရင်က စဉ်းစားတယ်၊ ပရိသတ်နောက်နားက နေပြီးတော့ အခုနေငါ့အရိပ်အရောင်ကို ပရိသတ်မြင်အောင် ပြလိုက်မယ်ဆိုလို့ရှိရင် ကိုယ်တော်မြတ်ကြီးလည်း တရားဟောနေပြီတဲ့၊ ဒီတော့ ငါ့လက်အောက်က ကျေးတော်မျိုး, ကျွန်တော်မျိုးဖြစ်တဲ့ ပရိသတ်ကြီးက

http://www.dhammadownload.com



ငါ့မြင်တော့ လှုပ်လှုပ်ရွရွ ဖြစ်လိမ့်မယ်၊ နေရာထိုင်ခင်းပေးတဲ့သူက ပေးမယ်၊ ထတဲ့သူက ထမယ်၊ အရိုအသေပြုတဲ့သူ ပြုမယ်၊ ဒီလိုပရိသတ်ကြီး လှုပ်ရှားသွားပြီဆိုမှဖြင့် ဓမ္မအန္တရာယ်ဖြစ်လိမ့်မယ်၊ တရားအန္တရာယ်ဖြစ်လိမ့်မယ်။ ဒါကြောင့် ပရိသတ်နောက်ကွယ်က မသိမသာ နာမှပဲ ဆိုပြီးတော့ ဘုရင်မင်းမြတ်က နောက်ဆုံးက နေပြီးတော့ လက်အုပ်ချီပြီးတော့ မတ်တတ်ရပ်ပြီး တရားကို နာတယ်။ နေရာမရှိပါဘူး။ နေရာက ပြည့်နေပေါ့။ အဲဒါ ဘုရင်မင်းမြတ်က နောက်ဆုံးမှာ နေပြီးတော့ တရားကို မတ်တတ်ရပ်ပြီး နာတယ်ဆိုတာ ထုံးသက်သေသာဓကတစ်ခုပဲ ဖြစ်တယ်၊ ဒါလည်း ဣရိယာပုထ်အားဖြင့် အရိုအသေပြုတယ် ဆိုတာလည်း မှတ်ထားပါ။ မတ်တတ်ရှိခိုးတယ်၊ မတ်တတ်တရားနာတယ် ဆိုတာ နာကောင်းတယ်တဲ့။

တချို့ဆရာတော်ကြီးများဟာ ဘုရားဖူးတာတောင် မတ်တတ်ဖူးကြတယ်၊ အဲဒါ ဣရိယာပုထ်တစ်ခုပေါ့၊ ဣရိယာပုထ်ဟာ မတ်တတ်ရယ်, ထိုင်လျက်ရယ်, လျှောင်းတာရယ်, ဣရိယာပုထ် သုံးမျိုးသုံးစားရှိတာအနက် မတ်တတ်ရပ် ဣရိယာပုထ်သည် အကြမ်းဆုံးခေါ်တယ်။ ထိုင်တဲ့ ဣရိယာပုထ်က အလယ်အလတ်, လျှောင်းတဲ့ဣရိယာပုထ်က အနုဆုံးခေါ်တယ်။ အဲဒီလို လျှောင်းရက်နဲ့ ဝမ်းလျားမှောက်ပြီးတော့ ဘုရားဖူးတဲ့ထုံးလည်း ရှိတယ်၊ ထိုင်လျက် ဘုရားဖူးတဲ့ထုံးလည်း ရှိပါတယ်၊ မတ်တတ်ရပ်ပြီး ဘုရားဖူးတဲ့ထုံးလည်း ရှိပါတယ်။ မတ်တတ်ဆိုတဲ့ ဣရိယာပုထ်က အင်မတန် ကြမ်းတမ်းခက်ထန်တယ်၊ အနေကျပ်ပြီး ဆင်းရဲတဲ့ ဣရိယာပုထ်ခေါ်ပါတယ်။ မတ်တတ်နဲ့စာလို့ရှိရင် ထိုင်ပြီးဘုရားဖူးတာက ဣရိယာပုထ်သက်သာတယ် ခေါ်တယ်၊ သူကျတော့ နူးညံ့သွားတယ်။ ထိုင်လျက်ဘုရားဖူးတာနဲ့ လျှောင်းရက် ဘုရားဖူးခြင်းက ပို၍ ဣရိယာပုထ်သက်သာသွားတယ်လို့ ခေါ်တယ်။ အဲ့ဒါကြောင့် အဆင်းရဲ, အပင်ပန်းဆုံးဆိုတဲ့ ဣရိယာပုထ်နဲ့ ဘုရားပုထိုးရှိခိုးခြင်းက ပိုပြီးတော့ အကျိုးရှိတယ်လို့ ဒီအယူအဆအနေအားဖြင့် တချို့ဆရာတော်ဘုရားကြီးများဟာ ဘုရားဝတ်ပြုတဲ့နေရာမှာ မတ်တတ်ရပ်ပြီး ဝတ်ပြုတာများတယ်၊ တွေ့ဖူးတယ်။ ဩော် . . . သည်းခံနိုင်ခဲတဲ့ ဆင်းရဲပင်ပန်းတယ်ဆိုတဲ့ ဣရိယာပုထ်နဲ့ ကိုယ်တော်မြတ်ကို ဝတ်ပြုတာပဲလို့။ ဒါကြောင့် ဗာရာဏသီ ပြည့်ရှင်မင်းကြီးကလည်းပဲ ဒီနေရာမှာ ပရိသတ်နောက်ဆုံးကနေ လက်အုပ်ချီပြီးတော့ တရားနာရတယ်၊ တရားကလည်း ဘယ်ထိအောင် ဟောသလဲဆိုတော့ ညဥ့်ဦးက ဟောတာ မိုးလင်းတဲ့အထိ ဟောတယ်၊ မိုးလင်းလို့ တရားပွဲလည်းပြီးရော ပရိသတ်ထပြန်မှ ရှင်ဘုရင်မျက်နှာကို မြင်ကြတယ်၊ ဒီမှာ အံ့အားသင့်ကြတယ်လို့၊ ရှင်ဘုရင်ကိုယ်တိုင်က နေရာထိုင်ခင်းကို အဓိကမထားပဲနဲ့ တရားကို အဓိကထားပြီးတော့ ပရိသတ်နောက်နားကနေ တစ်ညလုံး ဆင်းရဲခံပြီးတော့ တရားတော်မြတ်ကို နာကြားတဲ့ထုံးဝတ္ထုသက်သေ တစ်ခုပဲဖြစ်တယ်၊ ဒါကို ထောက်သောအားဖြင့် တို့လူစု နေရာထိုင်ခင်းများ ကျဉ်း

http://www.dhammadownload.com



ကျုပ်နေမယ်၊ ဆင်းရဲနေမယ်၊ ပင်ပန်းနေမယ်ဆိုလို့ရှိရင် သည်းခံ၊ ဒါတွေဟာ သည်းခံသင့်တဲ့ လုပ်ငန်းတွေနော်။

## မဟာသမယသုတ်ကို နာကြားရတဲ့ နတ်သမီးအကြောင်း

တစ်နည်း . . . သီဟိုဠ်ကျွန်းမှာ သာသနာထွန်းကားစဉ်အခါတုန်းက ရဟန်းတော်တစ်ပါးက ကျောက်ဂူထဲမှာ တံခါးပိတ်ပြီးတော့ "မဟာသမယသုတ်"တော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်နေတော့ နတ်သမီးတစ်ယောက် အပြင်ကနေ နာတယ်၊ ဌာန်ကရိုဏ်းကျကျနဲ့ ရွတ်တဲ့ကိုယ်တော်မြတ်က လည်း ရွတ်လို့ မဟာသမယသုတ်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်လို့ ပြီးဆုံးတဲ့အချိန်ကျတော့ အပြင်က နာကြားတဲ့ နတ်သမီးက သာဓုသုံးကြိမ်ခေါ်တယ်။ ကျောက်ဂူလိုဏ်ခေါင်းထဲက မဟာသမယသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်တဲ့ ကိုယ်တော်က ဒီတောထဲ, တောင်ထဲ လူသူမရှိတဲ့နေရာမှာ ငါ မဟာသမယ သုတ်ကို ရွတ်နေတာ ငါလည်းရွတ်ပြီးရော သာဓုခေါ်တာ ဘယ်သူလဲ၊ သိလိုတဲ့အရေးနဲ့ မေးလိုက် တယ်၊ ဟဲ့ . . . သာဓုခေါ်တာ ဘယ်သူတုံး၊ ဂူထဲက လှမ်းမေးလိုက်တယ်၊ အပြင်ဘက်က နတ်သမီးက တပည့်တော်မပါဘုရား၊ တပည့်တော်မ ဆိုတာ ဘယ်သူတုံး၊ တပည့်တော်မ နတ်သမီးပါဘုရား၊ နတ်သမီးဆိုရင်ဖြင့် ငါရွတ်ဖတ်တဲ့ မဟာသမယသုတ်ကို သင်က သာဓုခေါ်တာက ဘာကြောင့် ခေါ်တာလဲ၊ "တပည့်တော်မ ဘုရားကိုယ်တော်မြတ်လက်ထက်က မဟာသမယသုတ်တစ်ခါ နာဖူး ပြီးတဲ့ နောက်ပိုင်းမှာ မနာရဘဲ နေလိုက်တာ၊ အရှင်ဘုရား အခုရွတ်ဖတ်ခါမှ တစ်ကြိမ် ပြန်နာရပါတယ်။ ဒါကြောင့် တပည့်တော် အင်မတန်ဝမ်းသာလို့ သာဓုခေါ်မိပါတယ်"လို့ ပြောတယ်။

ဒါဖြင့် အသင်နတ်သမီးက ဘုရားလက်ထက်တော်ကို မှီတာပေါ့၊ မှီပါတယ်ဘုရား၊ ဘုရား ကိုယ်တော်တိုင်ရွတ်တဲ့ မဟာသမယသုတ်ကို နာဖူးလား၊ နားဖူးပါတယ်ဘုရား၊ သင် နာပုံနာနည်း ပြောစမ်းပါ၊ ဘယ်လိုများ နာရသလဲ၊ မြတ်စွာဘုရားကိုယ်တော်မြတ် မဟာသမယသုတ်ကြီး ရွတ်စဉ် အခါတုန်းမှာ တပည့်တော်က ဘုရားကိုယ်တော်မြတ်၏အနီးအပါးကနေပြီးတော့ လက်အုပ်ချီပြီး နာနေတာပါဘုရား၊ နောက်တော့ တစ်စတစ်စနဲ့ တန်ခိုးကြီးတဲ့နတ်တွေ ရောက်ရောက်လာကြတော့ ကိုယ့်ထက်တန်ခိုးကြီးတဲ့နတ်တွေ လာရင် နောက်ဆုတ်ပေးရတယ်၊ နောက်ထပ် တန်ခိုးကြီးတဲ့ နတ် တစ်ပါး ရောက်လာရင် နောက်ဆုတ်ပေးရရင်းနဲ့၊ အဲဒီလို တန်ခိုးကြီးတဲ့နတ်တွေကလည်း အစဉ်မပြတ် ဆက်ခါဆက်ခါလာတော့ တပည့်တော်မှာ နောက်ဆုတ်ဆုတ်ပေးလိုက်ရတာ တဖြည်းဖြည်းနဲ့ မြေ ပေါ်မှာ မနေရပါဘူးဘုရား၊ နေစရာမရှိလို့ မဟာသမုဒ္ဒရာကမ်းနား ရောက်ပါတယ်၊ ကမ်းနားရောက် ပြန်တော့လည်း မလွတ်သေးဘူးဘုရား၊ နောက်တစ်ခါ တန်ခိုးကြီးတဲ့နတ်တွေ ရောက်လာပြန်တော့ တစ်ခါ ဆင်းဆင်းပေးရတာ၊ သမုဒ္ဒရာရေအတွင်း ရောက်ပါတယ်ဘုရား၊ ရေအတွင်းရောက်တာ

http://www.dhammadownload.com



တောင်ပဲ ရှောင်ပေးရတုန်း ရှိပါသေးတယ်။ နောက်တော့ ရေလည်ပင်းလောက် ရောက်လာတယ်၊ ဒါ့ထက်ရှောင်ရင်ဖြင့် ငါသေစရာအကြောင်း ရှိတော့မှာပဲဆိုပြီးတော့ ဒီထက်တော့ ရှောင်စရာ မရှိတော့ဘူး။ မဟာသမယသုတ်ကို ကိုယ်တော်မြတ်ရွတ်တဲ့အချိန်ကစလို့ ပြီးဆုံးတဲ့အချိန်အထိ သမုဒ္ဒရာအတွင်း ရေလည်ပင်းလောက်က တရားကို နာရပါတယ်ဘုရားလို့ လျှောက်ထားတယ်။

## ရဟန်းနှင့်နတ်သမီးတို့နှစ်ဦး အပြန်အလှန်အမေးအဖြေပြုလုပ်ခြင်း

အဲဒီနေရာမှာ နတ်သမီးနဲ့ ရဟန်းတော်မြတ်တို့ နှစ်ဦးစလုံး အမေးအမြန်းလေး ရှိသေးတယ်၊ အဲဒီနေရာလေးလည်း မှတ်သားစရာရှိတယ်၊ တို့သင်တန်းဟောင်းသမားက နားလည်ပါပြီ၊ ရဟန်းတော်မြတ်က ပြန်မေးတယ်၊ ဒါဖြင့် သင်နတ်သမီး မြတ်စွာဘုရားကိုယ်တော်မြတ် လက်ထက်တော်က ကိုယ်တော်မြတ်ကိုယ်တိုင်ဟောတဲ့ မဟာသမယသုတ်တရားတွေ နာဖူးတယ်ဆိုတော့ သင်နတ်သမီး တော့ဖြင့် အနည်းဆုံး သကဒါဂါမ်၊ အနာဂါမ်လောက်တော့ ဖြစ်မှာပဲ၊ မဖြစ်ပါဘူးဘုရား တပည့် တော်မှာ ဒီထိအောင် မဖြစ်ခဲ့ပါဘူး။ ဒါဖြင့် သကဒါဂါမ်၊ အနာဂါမ်မဖြစ်လို့ရှိရင်လည်း သောတာပန်တော့ ဖြစ်မှာ ပေါ့၊ သောတာပန်လည်း မဖြစ်ခဲ့ဘူးလားမေးတော့၊ ဒီလိုတော့ မမေးပါနဲ့ ဘုရားလို့ နတ်သမီးက ပရိယာယ်နဲ့ ပြန်လျှောက်သွားတယ်၊ မမေးကောင်းပါဘူးဘုရား၊ မမေးသင့်ပါဘူး ဘုရားလို့။ အဲဒါ သေသေချာချာကြည့်ကြပါ၊ ရှေ့က အရိယာများကတော့ လူအရိယာဖြစ်ဖြစ်၊ နတ် အရိယာဖြစ်ဖြစ် အမှန်အားဖြင့် သောတာပတ္တိမဂ်ဉာဏ်ရတဲ့ နတ်သမီးတစ်ယောက်ပဲ။ ဒါပေမယ့် သင်သောတာပန်တော့ ဖြစ်မှာပဲလို့ မေးရင်၊ တပည့်တော်တော့ သောတာပတ္တိမဂ်ဉာဏ်တော့ ရတာ ပေါ့၊ သူ့ကိုယ်သူ သောတာပန်ဖြစ်တာပေါ့ဘုရားလို့ မလျှောက်ဘူး၊ ရှေ့က အရိယာများကတော့ အလံမစိုက်ဘူး၊ တံခွန်မထူဘူး၊ အမည်မဖော်ဘူး၊ အင်မတန်လျှို့ဝှက်တယ်၊ အရိယာဖြစ်လာတဲ့ ပုဂ္ဂိုလ်များ အလွန်လျှို့ဝှက်တယ်။ အဲဒါ ဖြစ်ပြီးသားတောင်ပဲ ကိုယ်ဖြစ်တာ သောတာပန်ဖြစ်ပါတယ်လို့ မလျှောက်ပါဘူး။ ဘယ်လောက်များ လျှို့ဝှက်သလဲဆိုတာ ရဟန်းတော်မြတ်သာ စကားရှုပ်သိမ်း သွားရော၊ ဒီလို မမေးသင့်ပါဘူးဘုရား၊ မမေးကောင်းပါဘူးဘုရားလို့ ပြန်လျှောက်တယ်။

ဒါကြောင့် သူက သောတာပန်ဖြစ်တာ အမှန်ပဲလို့ ရှေ့ကအရိယာများရဲ့ ရိုးသားဖြူစင်စိတ် ထားတွေပါ၊ ယခုခေတ်ပေါ်နေတဲ့ အရိယာလက်သစ်တွေကတော့ ဆိုင်းဘုတ်ကြီးတွေ တပ်တယ်၊ ဘယ်သူက သောတာပန်၊ ဘယ်သူက သကဒါဂါမ်၊ ဘယ်သူက အနာဂါမ်၊ ဘယ်သူက တစ်မဂ်၊ ဘယ်သူက နှစ်မဂ်၊ ဘယ်သူက သုံးမဂ်၊ ဆိုင်းဘုတ်ကြီးတွေ တပ်တယ်။ နဖူးတောင် စာရေးမဖြစ်လို့ ဖြစ်ရင် နဖူးတောင် စာရေးသေးတယ်၊ အဲဒါ တကယ့်အရိယာဖြစ်သလား၊ မဖြစ်ဘူးလားဆိုတာ တွက် ကြည့်နော်၊ အဲဒါလေးတွေလည်း မှတ်ထားကြပါ။ ဒါကြောင့် အရိယာဇာတ်ကို ဝင်လာတဲ့ ပုဂ္ဂိုလ်

http://www.dhammadownload.com



များဟာ ဘယ်တော့မှ ကိုယ်ရထားတဲ့ မဂ်တရား၊ ဖိုလ်တရားကို တစ်ပါးသောပုဂ္ဂိုလ်ကို မပြောပါဘူး။ ခုတော့ မြို့မှာလည်း မောင်းတီးပြီး ကြော်ငြာတယ်၊ လက်တစ်ချောင်းထောင် ပြရတာနဲ့ နှစ်ချောင်းထောင်ပြရတာနဲ့၊ သုံးချောင်းထောင် ပြရတာနဲ့၊ တစ်ဆင့်၊ နှစ်ဆင့်၊ သုံးဆင့်ဆိုတဲ့ အဆင့်နဲ့ စကားပြောတာနဲ့၊ အဲဒီလို ပြောနေထဲက ဒါအရိယာအစစ်တွေပဲ ဖြစ်သလား၊ အရိယာအတုအယောင်တွေပဲ ဖြစ်သလား ဆိုတာ ချင့်ချိန်ပြီး နှိုင်းယှဉ်စရာ လမ်းကြောင်းပေါ့၊ ဒါသက်သေတွေ ခေါ်တယ်။ အဲဒါနဲ့ ရဟန်းတော်မြတ်နဲ့ နတ်သမီး အမေးအဖြေလုပ်တယ်။

ရဟန်းတော်မြတ်ကလည်း လူသားအစစ်ဖြစ်နေတော့ နတ်သမီးကို တယ်ကြည့်ချင်တယ်၊ အသင်နတ်သမီး သင့်ကို ငါကြည့်ပါရစေ၊ အရှင်ဘုရား မကြည့်ပါနဲ့ဘုရား၊ မတော်လှပါဘူး၊ မကြည့်ထိုက်ပါဘူး။ ဒါဖြင့် နတ်သမီး ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ငါဘယ်လို ယုံကြည်ရပါ့မလဲ။ အရှင်ဘုရား အခု ကိန်းအောင်းနေတဲ့ဂူအတွင်းမှာ ပိတ်ထားတဲ့တံခါးက သံကောက်ပေါက်ကလေးရှိတယ်၊ အဲဒီ သံကောက်ပေါက်ကနေပြီးတော့ တပည့်တော်မ လက်ညှိုးလေး သွင်းပြပါ့မယ်၊ အရှင်ဘုရားကြည့်ပါလို့ အဲဒီသံကောက်ပေါက်လေးကနေပြီးတော့ လက်ညှိုးလေးသွင်းလိုက်တော့ ဂူအတွင်းမှာ အကုန်လင်းသွားတယ်၊ သြော် . . . နတ်တို့၏ကြွဒ္ဓိပါဒ်တန်ခိုး နတ်သမီးအစစ်ပဲလို့ ရဟန်းကိုယ်တော်မြတ်က သိရတယ်၊ အဲဒီနတ်သမီး မြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်တော်မှီလို့ အရိယာအစစ်ဖြစ်တဲ့ ဒီနတ်သမီး မဟာသမယသုတ်ကို နာကြားစဉ်အခါက ပင်လယ်တွင်းမှာ ရေလည်ပင်းလောက်ဆင်းပြီးတော့ နာရတဲ့ ထုံးဝတ္ထုတွေ ဖြစ်တယ်။ ဒါတွေကို ထောက်ထားသောအားဖြင့် တို့လူစု အခု ရေလည်ပင်း မပြောနဲ့၊ ခြေချင်းဝတ်တောင် မရှိပါဘူး၊ ခြောက်ခြောက်သွေ့သွေ့ပါ၊ အခု သီဟိုဠ်ကျွန်းက ရှင်ဘုရင်ကြီးလို တစ်ညလုံးပေါက် မတ်တတ်ရပ် လက်အုပ်ချီပြီးတော့၊ နာရဖို့ နေနေသာသာ အနည်းဆုံး ကွပ်ပျစ်တော့ ထိုင်ရပါသေးတယ်။

ဒါကြောင့် သည်းခံပြီးတော့ နေရာထိုင်ခင်းအတွက် ဆင်းရဲတယ်၊ ပင်ပန်းတယ်၊ ကျဉ်းကျပ်တယ်ဆိုတဲ့ အလုပ်တွေမလုပ်ဘဲနဲ့ သည်းခံပြီး နာကြပါလို့။ ယခုညတော့ အစညလည်း ဖြစ်တယ်၊ ဒီတော့ တရားသားကို စလိုက်ပြန်တော့ ကြိုးခွေက ဖမ်းလိုက်တယ်၊ ကြိုးခွေက ဖမ်းလိုက်ပြန်တော့လည်းပဲ ဒါတစ်ပိုင်းတစ်စ ဖြစ်အုံးမှာပဲလို့။ ဒါကြောင့် အခုညတော့ သင်တန်းကြီးဖွင့်တယ်ဆိုတဲ့ ကြေငြာချက်လည်း တစ်ကြောင်းပေါ့လေ ဒီတော့ ခုနက ပြောစရာရှိတဲ့ အကြောင်းလေးတွေလည်း ပြောရင်းဆိုရင်းပေါ့၊ ပြောစရာဆိုစရာရှိတဲ့ အခန်းကိစ္စအဝဝလည်း ပြီးပါပြီ၊ တရားသားနှင့် ပတ်သက်လို့ဆိုတော့ ဒီက စလိုက်ပြီဆိုတာနဲ့တစ်ပြိုင်နက် အသံကဖမ်းလိမ့်မယ်။ တို့အသံသွင်းယူရေးအဖွဲ့ကလည်းပဲ ဒီသင်တန်းကြီး၏ သင်တန်းစဉ်ကို အစအဆုံးတိုင် သင်တန်းအသံသွင်းတာက ဘယ်က

http://www.dhammadownload.com



နေပြီး သိသင့်သလဲဆိုတော့ အာယတနတစ်ဆယ့်နှစ်ပါးစပြီးတော့ အထက်အထိ ဖမ်းသွားတာ နိဗ္ဗာန် အဆုံးပေါ့၊ အောက်ပိုင်းက မဖမ်းရသေးလို့၊ ဒါကြောင့် သင်တန်းတစ်ခွေစာ မပြည့်သေးဘူး။

အောက်ပိုင်းက မဖမ်းရသေးဘူးဆိုတော့ နိဒါန်းစတဲ့ အချိန်က စပြီးတော့ တာဝန်ဝတ္တရား ရှိထားတယ်။ ဒါကြောင့် ဒီသင်တန်းတစ်ပတ်မှာ အခုစတဲ့အချိန်ကစပြီး မူအားဖြင့် သွင်းယူဖို့ ဆိုပြီး တော့ စီစဉ်ထားပါတယ်။ ဒါဖြင့် မူအားဖြင့် သွင်းယူဖို့ စီစဉ်ထားတယ်ဆိုတော့ အဲဒီသွင်းယူတဲ့ အချိန်လေးက စပြီးတော့ အသားပါပါနဲ့ပြသွားဖို့ လိုပါတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အခုညတော့ ကိစ္စဝိစ္စ ပြောကြ ဆိုကြ၊ အခွင့်အရေးတွေ ရှိတဲ့အကြောင်းတွေ ပြောချင်ဆိုချင်တာတွေ နောက်ထပ်ပြီးတော့ ကြားညှပ်ပြီး ပြောစရာ မလိုလောက်အောင် ဆိုသလို အခုညထဲက ဒီအစီအစဉ် တွေ ပြောထားတယ်။ ဒါနဲ့ပဲ အချိန်ကုန်ကြမယ်၊ မနက်ဖြန် ညကျမှ တရားသင်တန်း စကြပါစို့ရဲ့၊ ယနေ့ည ဒါနဲ့ပဲ တော်ကြအုံးစို့နော် (မှန်ပါတယ်ဆရာ)။

သင်တန်းအစ နိဒါန်းက၊ ရှေ့ပိုင်းက နိဒါန်း၊ နိဒါန်းပြပြီးမှ နောက်အပိုင်းက တစ်ခါ တရားသား ဒီလိုအစီအစဉ်နဲ့ လုပ်ထားတဲ့ သင်တန်းဆိုတော့ နိဒါန်းက စကြတယ်၊ ဘာပြုလို့ သင်တန်း နိဒါန်း ထည့်သလဲဆိုတော့ နိဒါန်းဆိုတာ အဓိပ္ပာယ် ဆိုလိုတာကတော့ သင်တန်းတက်ရောက်တဲ့ပုဂ္ဂိုလ် များသည် ထိုသင်တန်းကို တက်လိုရင်၊ အစကနေ အဆုံးတိုင် စွဲစွဲမြဲမြဲ ယုံယုံကြည်ကြည်နဲ့ တည်တည် တံ့တံ့ ခိုင်ခိုင်ခံ့ခံ့ မပျက်မကွက် ဆက်ဆက်လိုက်ချင်လာအောင် ဒီလိုဆွဲဆောင်နိုင်တဲ့ အဓိပ္ပာယတ္ထနှင့် နိဒါန်းက ပြလာတာပါ၊ ကျမ်းစာတွေရေးတဲ့ ပုဂ္ဂိုလ်များလည်းပဲ ၎င်းအတိုင်းပါပဲ၊ ကျမ်းပြုတဲ့ပုဂ္ဂိုလ် များဟာ ဘယ်ကျမ်းစာမဆို ကျမ်းဦးအစ ပဏာမ မရေးခင် နိဒါန်းကို အရင်ရေးရတယ်။ ဒါကြောင့် ကျမ်းစာအုပ် စကြည့်လိုက်ရင် နိဒါန်းကို အရင်ဖတ်ရတယ်၊ နိဒါန်းဖတ်လိုက်တော့ တို့ကျမ်းစာအုပ် ထဲမှာ ရေးသားသီကုံးနှိုင်းဖွဲ့ထားတဲ့ ရည်ညွှန်းချက်တွေ နိဒါန်းက ပေါ်ထွက်လာတယ်၊ ဖတ်ချင်စိတ် ရှိလာတယ်၊ ဖတ်လာတော့ ဒီလိုဖြစ်နေတယ်။ အခုလည်း ဒီလိုပဲ နိဒါန်းက တခြားမဟုတ်ပါဘူး၊ နိဒါန်းကို လှန်မိလို့ရှိရင် နိဒါန်းရဲ့သဘောအဓိပ္ပာယ်ကို နာကြားပြီးတာနဲ့တစ်ပြိုင်နက် ဒီသင်တန်းတော့ တို့အပျက်ခံလို့ မတော်တော့ဘူး၊ အစကနေ အဆုံးတိုင်အောင် လိုက်နေမှာပဲ၊ မလိုက်ရင် ဘာဖြစ်မလဲ၊ မလိုက်ရင် နိဒါန်းက ညွှန်ပြထားသည့်အတိုင်း အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ သံသရာကြီးထဲမှာ နေတာက သေသည်၏အခြားမဲ့၌ အပါယ်လေးပါး လားမှာ ကြောက်ရတယ်။

ဒါဖြင့်ရင် ဒီသင်တန်းတက်လိုက်တော့ သေသည်၏အခြားမဲ့၌ အပါယ်လေးပါးသို့ မလားရ တော့ဘူး။ ကွင်းလုံးကျွတ် လွတ်သွားပြီ၊ အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ သံသရာဝဋ်ဆင်းရဲကလည်း အမြန်ဆုံး ကျွတ်နိုင်လွတ်နိုင်တယ်။ တစ်ဘဝတည်းနှင့် ကျွတ်နိုင်တာပဲ၊ ခုနစ်ဘဝ ရှစ်ဘဝအနေအားဖြင့် ကျွတ်နိုင်တာပဲ၊ အဓိပ္ပာယ်ကဖြင့် ဒီလိုအကျိုးထူးဝိသေသတွေ ညွှန်ပြတဲ့အနေအားဖြင့် နိဒါန်းက

http://www.dhammadownload.com



စကြေတယ်။ ဒါကြောင့် နိဒါန်းဆိုပေမယ့် အင်မတန်လည်း တန်ဖိုးရှိပါတယ်၊ မိမိတစ်သက်နှင့်တစ်ကိုယ် ဆိုသလိုပါပဲ၊ ဒီအဓိပ္ပာယတ္တမျိုးတွေ နာကြားဘူးချင်မှ နာကြားဖူးမယ်၊ ဒါကြောင့် နိဒါန်းနာတဲ့အခါလည်း အာရုံစူးစိုက်ပြီးတော့ နာကြဖို့၊ တရားအသား မပါသေးဘူး ဆိုပေမယ့် တရားအသားပါသလိုပါပဲ အင်မတန်တန်ဖိုးရှိပါတယ်။ ဒီနိဒါန်းကလည်း ဘယ်ကနေ ထုတ်နုတ်ပြသလဲဆိုတော့ မြတ်စွာဘုရား ကိုယ်တော်မြတ် ဟောတော်မူခဲ့တဲ့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာထဲက ထုတ်နုတ်ပြီးတော့ ပြတယ် မဟုတ်လား၊ ဒါအမှန်ကတော့ သင်တန်းစည်းဝိုင်းချလိုက်တာပါပဲလို့ စည်းဝိုင်းချလိုက်တော့ သင်တန်း ထဲ ဝင်မိရင် သင်တန်းအပြင်ဘက်ပြန် မထွက်နိုင်ဘူး၊ မထွက်အောင် ခြိမ်းခြောက်ထားသလားဆိုတော့ ဒီလိုမဟုတ်ပါဘူး၊ နိဒါန်းရဲ့အဓိပ္ပာယ်ကို နာရတာနဲ့ ထွက်ချင်တဲ့စိတ်မျိုး မရှိတော့ဘူး။ အစကနေ အဆုံးတိုင်လိုက်မယ်ဟဲ့၊ မလိုက်ရင် မဖြစ်ဘူးဆိုတဲ့ စိတ်ဓာတ်တွေ ပေါ်ထွက်လာတယ်။ ဒါကြောင့် ဒီနိဒါန်းကို ရှေးဦးစွာနဲ့ ပြရခြင်းဖြစ်ပါတယ်၊ ဒီတော့ "သင်တန်းအစ နိဒါန်းက" ဆိုသည့်အတိုင်း ယနေ့ည နိဒါန်းက စကြစို့ရဲ့။ မနေ့ညက ပြောရနေဆိုခွင့်ရှိတာလေးတွေ ပြောစရာ၊ ဆိုစရာရှိတာ လေးတွေ ကြိုတင်ပြီးတော့ ပြောရတယ်၊ အဓိပ္ပာယ်နားလည်အောင် သင်တန်းလူသစ်တွေအတွက် နားလည်မှုရှိအောင် ယနေ့ညတော့ "သင်တန်းရဲ့အစ နိဒါန်းက" ဆိုတဲ့ အတိုင်း နိဒါန်းက စကြစို့ရဲ့။

ဒါဖြင့် မင်းကို ငါမေးရအုံးမယ်၊ အရင်တစ်ပတ်က တရားထောက်လိုက်တာ ဘယ်အခန်းက မှီလဲ (မပြောတတ်ဘူး)၊ ဪ . . . တော်ပါပေတယ်၊ အဲဒါသာ ချင့်ချိန်ကြည့်ကြပေတော့၊ အရင် တရားထောက်လုပ်တာ သင်တန်းဘယ်အခန်းက မှီသလဲ ဆိုတော့ မပြောတတ်ဘူးတဲ့၊ တရားရေလည်း တော်တော်ဝနေပြီနဲ့ တူပါတယ်၊ မင်းကိုယ်တိုင်ကလည်း သေသေချာချာမှတ်နော် (မှတ်ပါတယ်ဆရာ) အင်မတန်နာရခဲ ကြားရခဲတယ်။ မင်းတို့ ငါတို့တွေ လွန်ခဲ့သော အတိတ်ဘဝက ကာမာဝစရ ကုသိုလ် ကံက ကံကောင်းထောက်မလို့ အင်မတန်ရနိုင်ခဲသော လူ့ဘဝကြီးလာရကြတယ်။ အင်မတန်ရနိုင်ခဲတဲ့ လူ့ဘဝကြီးကို ရပြီးတော့ ရတဲ့လူ့ဘဝကြီးကို တန်ဖိုးမထားဘဲနဲ့ အမူမဲ့၊ အမှတ်မဲ့၊ နေကြတယ်၊ အမူမဲ့၊ အမှတ်မဲ့သေကြတယ်။ ဒီလိုပဲ နေကြတာပဲ၊ လူပြန်ဖြစ်ချင်တယ်ဆိုပေမယ့် အလွန်ခဲယဉ်းပါတယ်၊ "မနုဿတ္တဘာဝေါ ဒုလ္လဘော"လို့ ကိုယ်တော်မြတ်က ဟောသွားပါတယ်၊ မယုံကြည်ဘဲ မရှိပါနဲ့၊ အင်မတန်ရခဲတယ်လို့ ဟောထားတဲ့တရားမှတ်ထားပါ (မှတ်ပါတယ်ဆရာ)။

## လူ့ဘဝရခြင်းဟာ အလွန်မှခဲယဉ်းတယ်

ဒါကြောင့် ဒုလ္လတရားငါးပါးထဲမှာ လူ့ဘဝရခြင်းသည် အင်မတန်မှ ခဲယဉ်းပါတယ်၊ ဘယ်လောက် ခဲယဉ်းသလဲ၊ ခဲယဉ်းတဲ့အဓိပ္ပာယ်ကို ပြလိုက်တော့ "ဗြဟ္မာ့ပြည်က အပ်တစ်စင်း၊ လူ့ပြည်က အပ်

http://www.dhammadownload.com



တစ်စင်း ကြားဖူးကြတဲ့အတိုင်းပေါ့၊ လျှပ်ပြည်က အပ်တစ်စင်းထောင်ထား၊ ဗြဟ္မာ့ပြည်ကနေ အပ်တစ်စင်းချလိုက်၊ ဗြဟ္မာ့ပြည်က ချလိုက်တဲ့ အပ်တစ်စင်းဟာ လျှပ်ပြည်က ထောင်ထားတဲ့ အပ်သွားလေးပေါ်လာပြီးတော့ အပ်ဖျားချင်း ထိချင်သာ ထိသွားမယ်၊ ထိနိုင်ပါ့မလား (မထိနိုင်ပါဘူးဆရာ)၊ ထိနိုင်စရာ အကြောင်းရှိပါ့မလား (မရှိပါဘူးဆရာ)၊ အေး . . . ဘယ်နည်းနည်းမှ မထိနိုင်ပါဘူး၊ ဗြဟ္မာ့ပြည်က ချတဲ့ အပ်မဆိုထားနဲ့ မိမိဘယ်လက်က အပ်တစ်ချောင်း ထောင်ထား၊ ညာလက်ကလေးက အပ်တစ်ချောင်းကိုင်ပြီးတော့ တစ်ထွာလောက်က မြှောက်ပြီးတော့ ချကြည့်ပါလား၊ အပ်သွားချင်း ထိနိုင်စရာအကြောင်းရှိရဲ့လား (မရှိပါဘူးဆရာ)၊ မရှိနိုင်ဘူး၊ အဋ္ဌကထာဆရာက ကုန်အောင်ပြတာ၊ မလိုစေရဘူး၊ ပိုအာပိုစေရမယ်ဆိုတဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုထားပါတယ်၊ ဗြဟ္မာ့ပြည်က ချလိုက်တဲ့အပ်တစ်စင်းလျှပ်ပြည်က အပ်ဖျားပေါ်က အပ်သွားချင်းသာ ထိချင်သာထိရမယ်၊ သတ္တဝါတစ်ဦးတစ်ယောက်သည် လူ့ဘဝရဖို့ ဒွါထက်ပို၍ ခဲယဉ်းတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါလေးကို ကြည့်ကြပေါ့။

ဒါကြောင့် ကိုယ်ရထားတဲ့ဘဝ ဘယ်လောက်တန်ဖိုးရှိသလဲဆိုတာ သေသေချာချာ ပြန်စဉ်းစားကြည့်ပေါ့၊ တို့ရထားတဲ့လူ့ဘဝသည် ဘယ်လောက်တန်ဖိုးကြီးသလဲ၊ ဘယ်လောက်ခဲတောင့်ခဲယဉ်းအနေအားဖြင့် ရထားသလဲလို့၊ ဒါလွန်ခဲ့သော အတိတ်ဘဝမှာ ကာမာဝစရကုသိုလ်က အထောက်အပံ့ပေးလို့ ရလာတာပါ၊ သို့ကလောက်တောင် ခဲတောင့်ခဲယဉ်းနဲ့ အလွန်ရခဲသော လူ့ဘဝကြီးကို ရလာတဲ့အခါမှာ တန်ဖိုးရှိအောင် အသုံးပြုတတ်ရင် အရင်းမရှုံးပါဘူး။ တန်ဖိုးရှိအောင် အသုံးမချတတ်ရင် အရင်းရှုံးမယ်၊ နောက်ပြန်ပြီးတော့ လူ့ဘဝရဖို့ မခက်လားကွယ် (ခက်ပါတယ်ဆရာ)၊ ဘယ်ထိအောင် ခက်မှန်းကိုမသိဘူး၊ မျှော်လင့်ချက် မရှိဘူး၊ တွေးကြည့် ဟုတ်လား မဟုတ်လားလို့။ ဒီတော့ လူသေရင် လူပြန်ဖြစ်တယ်လို့ မှတ်မနေပါနဲ့၊ လူပြန်ဖြစ်ဖို့ အလွန်ခဲယဉ်းပါတယ်။ ဒါကြောင့် မိမိရလာတဲ့ အင်မတန်တန်ဖိုးရှိတဲ့ လူ့ဘဝကြီးမှာ တန်ဖိုးရှိအောင် အသုံးချကြပါလို့ အရင်းမရှုံးဘူး၊ အမြတ်ထွက်အောင် လုပ်ကြပါ၊ ဒီက ယုတ္တိယုတ္တာနဲ့ သေသေချာချာချပြီး ပြပေးမယ်။

အခုမှလိုက်တဲ့ သင်တန်းသားအသစ်များက သေသေချာချာ အာရုံစိုက်ပြီးတော့ နာကြပါ၊ သေသေချာချာ သူသိငါသိဆိုတဲ့ အနေအားဖြင့်ထိုင်ပြီးတော့ ပြသွားမယ်၊ ပြီးတော့ သင်တန်းဆိုတော့လည်း တချို့က ဘယ်နှယ့်ဖြစ်သလဲဆိုတော့ သင်တန်းတက်တော့တက်ချင်တယ်၊ အခုန ပြောသလို ချုပ်မှုနှောင်မှုတွေ ထင်နေတယ်၊ တို့သင်တန်းက လက်မှတ်ထိုးမိတယ်၊ မတက်ဘဲနဲ့ မနေရ၊ တို့ကလည်း ဒီလိုမလုပ်နိုင်၊ ဒီတော့ မတက်ဘဲ နေတာ ကောင်းပါတယ်၊ တချို့ကလည်း သင်တန်းမရောက်ဖူးဘူး၊ သင်တန်းတရားကို မနာဖူးဘူး၊ သင်တန်းဆိုတော့ သင်တန်းလို ပြောထားတာ၊ သင်ကြားပေးနေတာ၊ လူတောထဲများ ငါ့မေးလိုက်မလားဟဲ့၊ စမ်းလိုက်မလားဟဲ့လို့ တွေးပြီးတော့ မေးလို့စမ်းလို့

http://www.dhammadownload.com



မရရင်လည်းပဲ လူတောထဲ အင်မတန်ရှက်စရာကောင်းတယ်၊ တချို့ကတော့ ဒီအတွေးနဲ့ အဝေးက နေပြီးတော့ ကြောက်လန့်နေကြတယ်၊ မတက်ဖြစ်ဘူး။ တချို့ကလည်း တာဝန်ကြီးတယ်လို့ ထင်ပြီး တော့ မတက်ချင်ကြဘူး၊ အဲဒီလိုနေကြတယ်၊ ဒါကြောင့် တက်ပြီးသားပုဂ္ဂိုလ်များကလည်းပဲ မတက်ရ သေးတဲ့ ပုဂ္ဂိုလ်များ နားလည်မှုရှိအောင်လည်း ပြောကြပါလို့၊ ဆွဲလည်း ဆွဲဆောင်ကြပါလို့ ငါတိုက် တွန်းပါတယ်၊ ဒါတွေ ကြည့်ပြီးတော့ အင်မတန်မှ သနားစရာကောင်းပါတယ်။

ဘာပြုလို့လဲ ဆိုတော့ အရှင်းရှုံးသွားမှာ ကြောက်လို့၊ ရပြီးသားလူ့ဘဝလေး အရင်းရှုံးသွားရင် နောက်ပေါ် လာဖို့ အခတော်ခဲယဉ်းပါတယ်။ ဒါကြောင့် ဒီက ချပြတဲ့ သဘာဝလေးတွေ တစ်လုံးချင်း, တစ်လုံးချင်းနဲ့ ဦးနှောက်ထဲမှာ စာရင်းရှင်းရှင်းလေးနဲ့ သွင်းသွင်း, သွင်းသွင်းပြီးတော့ မှတ်သွားပါ။ ဘာမှခဲယဉ်းတာ မဟုတ်ပါဘူး၊ သင်တန်းဆိုတာ မိမိနားလည်အောင် အာရုံစိုက်ပြီးတော့ နာရုံမျှလေး ရှိတယ်။ ပြောတဲ့သူက နားမလည်, လည်အောင် ပြောသွားမယ်၊ ပြသွားမယ်၊ သင်ကြားပေးသွားမယ်၊ ကိုယ့်ကိုယ်တိုင်ကတော့ မှတ်သားရုံလေးပဲ ရှိတယ်။ ကလေးများကို လူကြီးက ရှေးပုံပြင်စကားကို ကလေးနားလည်အောင် ပြောသွားတော့၊ ရှေးပုံပြင်စကားလည်း ဆုံးရော ဒီကလေးက မြန်ပြီးပြော တတ်တယ်။ ဒီလိုပါဘဲ အခုလည်းရှေးပုံပြင်စကားပြောသလို ဘာမှခဲရင်းတာ မဟုတ်ပါဘူး။ သို့က လောကီတောင် သက်တော်ငှသက်သာနဲ့ လွယ်လင့်တကူ သင်ယူနိုင်စဲ့သင်တန်းကို အားကြိုးမာန် တက် သူထက်ငါကောင်း ဆိုသလိုမဲ့ လာရောက်ပြီးတော့ မနာချင်ကြဘူးလို့၊ တန်ဖိုးလည်း မသိတတ် နားမလည်ရှာဘဲ ဖြစ်နေတယ်။ ဒါကြောင့် သနားစရာကောင်းတယ်၊ ဒီသင်တန်းတက်တော့ ဘာဖြစ် မလဲ၊ ဒီသင်တန်းတက်တော့ စောစောက ပြောသလို အင်မတန်တန်ဖိုးရှိတဲ့ လူ့ဘဝကြီးက အရင်းမရှုံး ပါဘူး၊ အမြတ်ထွက်ပါတယ်။ အမြတ်ထွက်လာတာပြတဲ့သူက ပြောစရာမလိုပါဘူး။ ကိုယ့်ကိုယ်တိုင် သဘောကျ ရှင်းလင်းလာလိမ့်မယ်။ တို့တော့ မြတ်ပြီဟော့၊ အမြတ်ထွက်ပြီဟ၊ လူဖြစ်ကျိုးနပ်ပြီဟဲ့၊ သေရဲတယ်ဟဲ့၊ နေရဲတယ်ဟဲ့ ဒီလိုဖြစ်လာတယ်။ အဲဒါနာပြီးသားပုဂ္ဂိုလ်ရဲ့ပါးစပ်က ထွက်လာတဲ့ စကားပါ၊ အဲဒါ အင်မတန်မှ အားရှိစရာကောင်းပါတယ်။ ဒါကြောင့် ကလေးများကို ရှေးစကား ပြောသလိုပဲ ပြောသွားမယ်။ အဲဒါလေး မှတ်မိအောင် မှတ်ထားကြပါ၊ ကိုယ်ကိုယ်တိုင် ရုတ်တရက် အားဖြင့် မမှတ်နိုင်သော် မှတ်မိနိုင်သမျှ မှတ်သွားကြပါ၊ မှတ်သွားပြီးတော့ သင်တန်းဟောင်းသမား များနှင့် ရင်းနှီးလို့ရှိရင်လည်း မေးကြ, ဆွေးနွေးကြမယ်ဆိုရင် မှတ်မိရမှာပေါ့။

❀ ❀ ❀ ❀ ❀

http://www.dhammadownload.com



## ဧဘားကြီးလေးပါး

ကိုင်း ယနေ့ပြောတော့ ဘေးကြီးလေးပါးက ကြွေစွဲနော် (မှန်ပါတယ်ဆရာ)၊ ဘေးကြီးလေးပါးတဲ့၊ အခုတော့ လူတွေက ဘယ်နှယ့်ဖြစ်နေသလဲ၊ ကိုယ့်မှာ ဝိုင်းရံထားတဲ့ ဘေးကြီးလေးပါး ရှိမှန်းက မသိတော့ ပျော်လည်းပျော်ကြ၊ မော်လည်းမော်ကြနဲ့ ၊ တုလည်းတုကြ၊ ပလည်းပကြ၊ ကြွားလည်း ကြွား၊ စားလည်းစား၊ သွားလည်းသွားဆိုသလိုပေါ့။ လူ့လောကကြီးမှာ နေလိုက်ကြတာလို့ တို့ပျော်ရ ပါးရရင် ပြီးတာပဲ၊ မော်ရ ကြွားရရင်ပြီးတာပဲ, တုရ ပရရင်ပြီးတာပဲ, ချမ်းသာရင် ပြီးတာပဲဆိုတဲ့ အနေအားဖြင့် ဘာမှ နားမလည်ရှာဘူး။ မိမိပတ်ဝန်းကျင်မှာ အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ဘေးကြီးတွေ ဝိုင်းရံနေပါတယ် ဆိုလို့ရှိရင် ဒီလူဟာ ပျော်နိုင်ပါးနိုင်, မော်နိုင်ကြွားနိုင်မှာ မဟုတ်ပါဘူး။ ပျော်ချင်စိတ်, ပါးချင်စိတ်, မော်ချင်စိတ်, ကြွားချင်စိတ် ဒါတွေ အကုန်ပျောက်နေမှာပါ။ ဘာဖြူလို့ ကြောက်လို့ပေါ့နော် (မှန်ပါတယ် ဆရာ)၊ အခုနေများ မင်းပတ်ဝန်းကျင်မှာ အမှုမဲ့ အမှတ်မဲ့နေတော့ ဘေးရှိမှန်း မသိတော့ ပျော်နိုင်, ပါးနိုင်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မင်းပတ်ဝန်းကျင်မှာ တကယ်ကြောက်ဖွယ်ကောင်းတဲ့ ဘေးကြီးတွေ ကာဆီးနေတယ်၊ နေ့လား, ညလား ခုချက်ချင်းလားလို့ အသက်ကို ဖြုတ်ခွင်းနိုင်တဲ့ အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ဘေးကြီးတွေ ရှိနေတယ် ဆိုလို့ရှိရင် မင်းပျော်နိုင် ပါးနိုင်ပါ့မလား (မပျော်နိုင်တော့ပါဘူးဆရာ)၊ ပျော်လို့ ပါးလို့ကို မဖြစ်ဘူး၊ ဒီစိတ်တွေ လည်း  မရှိဘူး၊ အခုတော့ မိမိပတ်ဝန်းကျင်မှာ အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ဘေးကြီးတွေ ကာဆီးနေတဲ့ အဓိပ္ပာယ်ကို နားက မလည်၊ ရှိမှန်းလည်း မသိဘူး။ အဲဒီလို ဘေးကြီးကာဆီးနေတာ ရှိမှန်းလည်း မသိ၊ နားကလည်း မလည်ဆိုတော့ ပျော်ချင်တိုင်း ပျော်တယ်၊ ပါးချင်တိုင်း ပါးတယ်၊ မော်ချင်တိုင်း မော်တယ်, ကြွားချင်တိုင်း ကြွားတယ်, စားချင်တိုင်း စားတယ်, တုချင်တိုင်း တုတယ်၊ ပချင်တိုင်း ပတယ်, ကျင့်ချင်တိုင်း ကျင့်တယ်၊, ကြံချင်တိုင်း ကြံတယ် ဒီလိုနေကြတယ်။

လူ့လောကမှာ ငါ့ရတဲ့အခွင့်အရေး ငါကုန်အောင် ခံစားမယ်ဆိုတဲ့ အနေအားဖြင့် ငါ့ရှိလို့ လုပ်တာပဲ၊ ဘယ်သူ့ဥစ္စာ ခိုးတာမှတ်လို့၊ ဘယ်သူ့လိမ်တာ မှတ်လို့၊ သူများဟာ ခိုးမှု၊ သူများဟာ လိမ်မှု၊ သူများအသက် သတ်မှု၊ လောကအပြစ်အနေအားဖြင့် ရာဇဝတ်မှုမကျူးလွန်၊ ဥပဒေ မလွန် ကျူးရင် ပြီးတဲ့အနေအားဖြင့် ကိုယ်ရတဲ့အခွင့်အရေးတွေ အကုန်လုံးခံစားတယ်။ အဲဒါဘာလဲ ဆိုတော့ မိမိပတ်ဝန်းကျင်မှာ အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ဘေးကြီးတွေ ကာဆီးနေတယ်ဆိုတဲ့ အဓိပ္ပာယ် မသိတော့ ဒီလိုပဲနေတာ၊ ဒီလိုနေပြီး ဒီလိုသေတာပဲ၊ ဒီလိုသေတော့ သေပြီးတာနဲ့ တစ်ပြိုင်နက် ဒီဘေးကြီးလေးပါးဟာ ရှောင်လွှဲလို့ မလွတ်တော့ဘူး၊ တိုးလည်း တိုးလာပြီဆိုတော့ ကိုယ့်ကျိုးနည်း ရောလို့၊ ထောက်ရာတည်ရာ မရတော့ဘူး၊ ဖြစ်ချင်ရာဖြစ်၊ နစ်ချင်ရာနစ်သွားတော့တာပဲ။ ဒါကြောင့်

http://www.dhammadownload.com



အင်မတန် ကြောက်ဖွယ်ကောင်းတယ်။ ဒါကြောင့် လူတိုင်းလူတိုင်း မိမိပတ်ဝန်းကျင်မှာ ထွက်စရာ ရှာမရအောင် အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ဘေးကြီးလေးပါး ကာဆီးနေတယ်ဆိုတဲ့ အဓိပ္ပာယ် လေးကို ကနေ့ညတော့ သရုပ်ဖော်ပြီးပြမယ်၊ အဲဒါလေး မှတ်ထားကြပါ။

၁။ ဝိနိပါတဘေး၊

၂။ နာနာသတ္တုဥဿောကနဘေး၊

၃။ ဒုစ္စရိတဘေး၊

၄။ အပါယဘေး။

ဒီဘေးကြီးလေးပါးကို ဘုရားကပါဠိလို ဟောသွားတော့ တို့ကလည်း ပါဠိလို ပြောရမယ်။ ပြီးတော့မှ မြန်မာလိုအဓိပ္ပာယ်ပြောရမယ်နော် (မှန်ပါတယ်ဆရာ)။ ဒီဘေးကြီးလေးပါးကို မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ နံပါတ် (၁)က (ဝိနိပါတဘေးပါဆရာ)၊ နံပါတ် (၂)က (နာနာသတ္တုဥဿောကန ဘေးပါဆရာ)၊ နံပါတ် (၃)က (ဒုစ္စရိတဘေးပါဆရာ)၊ နံပါတ် (၄)က (အပါယဘေးပါဆရာ)၊ အဲဒါ မြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက်အားဖြင့် ဟောသွားတာလို့၊ ငါတို့သူငါ လူတကာတွေမှာ ဒီဘေးကြီးလေးပါးဟာ အမြဲတစေ ဝိုင်းရံကာဆီးနေတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီဘေးကြီး လေးပါး ရှိမှန်းမသိဘူး၊ အင်မတန်လွတ်လပ်တဲ့ ဘဝမျိုးရောက်နေတယ်လို့ ထင်တယ်။ ဒါပေမယ့် ဘယ်ဘက်ကြည့်လည်း ဘယ်ဘေးနဲ့၊ ညာဘက်ကြည့်လည်း ဘယ်ဘေးနဲ့၊ ရှေ့ကြည့်လည်း ဘယ်ဘေး နဲ့၊ နောက်ကြည့်လည်း ဘယ်ဘေးနဲ့၊ ဒါကြောင့် ထက်အောက်ဖီလာ ဝဲယာအားဖြင့် ရှောင်စရာလွဲစရာ ရှာမရအောင်ဘေးကြီးလေးပါး ကာဆီးထားတယ်၊ ဘေးကြီးလေးပါး ကာဆီးထားတယ် ဆိုတော့ ဘေးကြီးက ပကတိမျက်စိနဲ့ မြင်ကောင်းတဲ့ဘေးမဟုတ်တော့ ဘယ်သူမှ မကြောက်ဘူး၊ ရှိမှန်းလည်း မသိဘူး၊ ဒီလိုဖြစ်နေတယ်။ ဒါပေမယ့် ဒီဘေးကြီးလေးပါးဟာ သံသရာဝဋ်အတွင်းက မလွတ်ကင်းသမျှ ကာလပတ်လုံး (တစ်နည်း) အရိယာနယ်သို့ မသက်ဝင်သမျှ ကာလပတ်လုံး ဒီဘေးကြီးလေးပါးက အမြဲတစေ တွေ့နေတတ်တယ်၊ ဘယ်တော့မှ ရှောင်လို့ မလွတ်ဘူး၊ ကြုံနေရမှာပဲလို့ ဒါတွေကို ပြန် ကြည့်ကြပါ။ (၁) ဝိနိပါတဘေး၊ (၂) နာနာသတ္တုဥဿောကနဘေး၊ (၃) ဒုစ္စရိတဘေး၊ (၄) အပါယ ဘေး၊ သေသေချာချာ မှတ်ထားပြီးတော့မှ အဲဒီဘေးကြီးလေးပါးကို ဒီက မြန်မာလိုအဓိပ္ပာယ် ပြန် ပေးမယ်။

ဝိနိပါတဘေးဆိုတာ တခြားမဟုတ်ပါဘူး၊ သတ္တဝါများ အရိယာပုဂ္ဂိုလ်မဖြစ်သမျှကာလပတ်လုံး ပုထုဇဉ်ဘဝနဲ့ သေကြလို့ရှိရင် ဂတိမမြဲသောဘေးခေါ်တယ်။ လားရာဂတိမမြဲသောဘေးတဲ့၊ သေသေ ချာချာကြည့်နော်။ ဒီအခန်းလေးမှာ အဓိပ္ပာယ်အကျယ်အားဖြင့် ရှင်းလင်းလာတဲ့အခါကျတော့ ကိုယ့်

http://www.dhammadownload.com



သဘောထဲမှာ နားမလည်လို့ မပိုင်လို့ရှိရင် ဟောတဲ့ ပြောတဲ့သူအပေါ်မှာ အပြစ်မြင်ရင်လည်း မြင်ပါလိမ့်မယ်၊ ငြီငြင်စိတ်ကလေးတွေလည်း ပါတတ်တယ်။ သင်တန်းကိုလည်းပဲ နောက်ဆုံးပစ်သွားတတ်တယ်၊ မကြာပါဘူးကွာ။ ဒီစကားမျိုးတော့ ဒီတရားပွဲကျမှ ကြားဖူးပါတယ်ဆိုပြီးတော့ တချို့လည်း ဒေါသတွေ ခံပြီးတော့ သင်တန်းနောက်ဆုံးဖြစ်ပြီး လန်ဆင်းသွားတတ်တယ်။ ဘာပြုလို့ ရှေ့က အမှုမဲ့အမှတ်မဲ့နေတော့ မကြားဘူးတဲ့ စကားကို ထူးနေတယ်ထင်တယ်။ ဒီတော့ သေသေချာချာလည်း မှတ်ထားကြပါ။ ဒီအခန်းလေးမှာ ပြသွားတဲ့ပုဂ္ဂိုလ်ကလည်းပဲ ဒီလိုမသိသေးတဲ့ ပုဂ္ဂိုလ်များရဲ့စိတ်ထဲမှာ အငြိုအငြင် ခံပြီးတော့ ပြတယ်၊ ပြလို့ လိပ်ပတ်လည်သွားရင် တန်ဖိုးရှိတယ်၊ သူတို့များအကျိုးများတယ်။ မသိသေးခင်တော့ ငြီငြင်ရင် ငြီငြင်ပါစေ၊ မုန်းရင် မုန်းပါစေဒီလိုပဲ စိတ်ထဲ ထားပြီး သည်းခံပြီးတော့ ပြလာတယ်။

အဲဒါကြောင့် ဝိနိပါတ-ဂတိမမြဲသောဘေးဆိုတဲ့ အဓိပ္ပာယ်လေးကို လည်လည်ပတ်ပတ် နားထောင်ကြဖို့ပဲ၊ ဒီတော့ အရိယာမဖြစ်သမျှ ပုထုဇဉ်ဘဝနဲ့ သေကြလို့ရှိရင် ဂတိမမြဲဘူးတဲ့။ ဒါ အရိယာမဖြစ်သေးတဲ့ ပုဂ္ဂိုလ်မှန်သမျှရဲ့ တာဝန်တွေပဲဖြစ်တယ်၊ တို့ ဒီဘေးကြီးရှိပါလျက်နဲ့ တို့လည်း အရိယာမဖြစ်သေးဘူး၊ သောတာပန်လည်း မဟုတ်၊ သကဒါဂါမ်လည်းမဟုတ်၊ အနာဂါမ်လည်း မဟုတ်၊ ရဟန္တာလည်း မဟုတ်၊ ဒီတော့ ဘာမှလည်း မဟုတ်သေးတဲ့ ပုထုဇဉ်ဘဝနဲ့ သေကြလို့ရှိရင်ဖြင့် ဂတိမမြဲတဲ့ ဝိနိပါတဘေးကြီးက တို့ရှိနေတာပဲ၊ စဉ်းစား ဟုတ်လား, မဟုတ်လားလို့၊ ပုထုဇဉ်ဘဝနဲ့ သေလို့ရှိရင် ဂတိမမြဲဘူးလို့ ဘုရားရှင်ကိုယ်တော်မြတ်က ဂတိမမြဲဘူး ဆိုတာ မြန်မာလို ပြောတော့ ဘာခေါ်လဲ ဆိုတော့ တို့များကလည်း အောက်ထစ်ဆုံး တော်တော်ကြီး သင်ချင်ကြားချင်တဲ့ ဆန္ဒရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ တချို့လည်းပဲ လူရယ်လို့ဖြစ်လာတော့ လုံးလုံးကြီးကို စာမှမဖတ်တတ်ကြဘူး။ ကိုယ့်လက်မှတ် ကိုယ်မထိုးတတ်ကြဘူး၊ အဲဒီအချိုးမျိုးနဲ့ နေတဲ့ပုဂ္ဂိုလ်တွေလည်း ရှိနေတယ်။ စာလေးဖတ်တတ် ပြုတတ်ရှိပြန်တော့လည်း ငါးပါးသီလရဲ့ အဓိပ္ပာယ်မှ နားမလည်ရှာကြဘူး၊ တစ်နည်း "ဣတိပိ သော"ဆိုတဲ့ ဘုရားရှိခိုးလည်း မရဘူး၊ ဥပုသ်တောင် တစ်ခါမှ မစောင့်ကြဘူး၊ အဲသလို အောက်ကျနောက်ကျ ဖြစ်နေကြတဲ့ လူစားတွေလည်း များလွန်းအားကြီးတော့ အလွန်သနားစရာဖြစ်တယ်။ ဒါကြောင့် အောက်ဆင့်အခြေခံကနေ စပြီးတော့ တစ်စတစ်စနှင့် သင်ပေးခြင်းဖြစ်ပါတယ်။ ဒါကြောင့် မှတ်မှတ်သားသား လိုက်ကြပါ၊ တချို့တွေ တတ်မြောက်ပြီးသားပုဂ္ဂိုလ်များ ဆိုတော့ မရည်ရွယ်ပါဘူး၊ တတ်မြောက်ပြီးတဲ့ ပုဂ္ဂိုလ်များကျတော့ အထူးပြောစရာမလိုပါဘူး၊ တော်တော်ကြီးကို အောက်ကျနောက်ကျဖြစ်နေတဲ့ ပုဂ္ဂိုလ်များအတွက် ငဲ့ကွက်ပြီးတော့ တစ်လုံးချင်း တစ်လုံးချင်း ရှင်းရှင်းရှင်းရှင်းသွားအောင်သည်းခံပြီးတော့ သင်ကြားပေးပါ့မယ်၊ မှတ်မှတ်သားသားလိုက်ကြပါ၊ စောစောက

http://www.dhammadownload.com



ပြောသလိုပဲ မသဲမကွဲဖြစ်နေရင်လည်း ကိုယ်နဲ့တွဲတဲ့ သင်တန်းဟောင်းသမားများထံမှ မေးကြပါ၊ အကြွေးမထားကြပါနဲ့၊ ဒီနေ့ နာသွားရင် ဒီနေ့မှာ မေးကြပါ၊ မနက်ဖြန်ခါ နာသွားရင် မနက်ဖြန်ကျတော့ မေးကြပါ၊ ကိုယ်ပိုင် စီးပွားဥစ္စာစုသလိုပေါ့၊ အဲဒီဝိနိပါတဘေးဟာ ဘာခေါ်သလဲဆိုတော့ သူသူငါငါ သတ္တဝါတွေ သေလို့ရှိရင် ဂတိမမြဲဘူးလို့ ဘုရားကိုယ်တော်မြတ်က ဟောသွားတယ်၊ အဲဒီဂတိမမြဲ ဘူးဆိုတဲ့ အဓိပ္ပာယ်လေးကို ထပ်ခါထပ်ခါ ရှင်းပြတယ်၊ ဂတိမမြဲဘူးဆိုတာ ဘာခေါ်လဲ၊ သေသေချာချာ ကြည့်ကြပါ၊ ငါတို့သူငါ, လူတကာတွေ ပုထုဇဉ်ဘဝနဲ့ သေလို့ရှိရင်တဲ့ ဂတိမမြဲဘူးဆိုတော့ ဂတိရဲ့ အဓိပ္ပာယ် ဘာလဲ ဆိုလို့ရှိရင် ဂတိက ငါးပါးရှိတယ်နော် (မှန်ပါတယ်ဆရာ)။

## ဂတိငါးမျိုး

၁။ ဒေဝဂတိ၊

၂။ ပေတဂတိ၊

၃၊ မနုဿဂတိ၊

၄။ တိရစ္ဆာနဂတိ၊

၅။ နိရယဂတိ။

ဂတိငါးမျိုးနော် (မှန်ပါတယ်ဆရာ)၊ ပြန်ရေတွက်ကြည့်စမ်း - ဒေဝဂတိ၊ ပေတဂတိ၊ မနုဿဂတိ၊ တိရစ္ဆာနဂတိ၊ နိရယဂတိ၊ မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)၊ အဲဒါမြန်မာလိုပြန်တော့ -

ဒေဝဂတိ ဆိုတာက သေရင်တချို့လည်း နတ်ပြည်သွားတယ်နော် (မှန်ပါတယ်ဆရာ)၊ သေရင် တချို့လည်း နတ်ပြည်သွားတယ်၊ သွားရာလမ်းကြောင်းပြတာ၊ သွားမည့်ဘဝ ရောက်တတ်တဲ့ဘဝ ငါးမျိုးကို ပြတာ၊ လူများသေလို့ရှိရင်တဲ့ နတ်ပြည်လည်း ရောက်တတ်တယ်တဲ့၊ (မှန်ပါတယ်ဆရာ)။

ပေတဂတိ ဆိုတာ လူများသေရင် ပြိတ္တာလည်း ဖြစ်တတ်တယ်၊ မှတ်မိလား (မှတ်မိပါတယ် ဆရာ)။

မနုဿဂတိဆိုတာ လူများသေလို့ရှိရင် လူလည်းဖြစ်တတ်တယ်တဲ့၊ ဘယ်နှစ်ခုရှိပြီလဲ (သုံးခု ပါဆရာ)။

တိရစ္ဆာနဂတိ ဆိုတာ လူများသေလို့ရှိရင် တိရစ္ဆာန်လည်းဖြစ်တတ်တယ်တဲ့၊ တိရစ္ဆာန်တော့ သိလား (သိပါတယ်ဆရာ)၊ ဘာတွေတုံး (ခွေးတို့၊ ဝက်တို့၊ ကြက်တို့ ပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ ခွေး၊ ဝက်၊ ကြက်၊ ငှက် စသည်အားဖြင့်ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



နိရယဂတိဆိုတာ လူများသေလို့ရှိရင် ငရဲလည်း သွားတတ်တယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အစကနေပြီးတော့ ပြန်ဖြေစမ်း (လူများသေလို့ရှိရင် နတ်ပြည်လည်း ရောက်တတ်တယ်၊ လူများ သေလို့ရှိရင် ပြိတ္တာလည်း ဖြစ်တတ်တယ်၊ လူများ သေလို့ရှိရင် လူလည်း ဖြစ်တတ်တယ်၊ လူများသေလို့ရှိရင် တိရစ္ဆာန်လည်း ဖြစ်တတ်ပါတယ်၊ လူများသေလို့ရှိရင် ငရဲပြည်လည်း ရောက်တတ်ပါတယ်ဆရာ)၊ ဒါဖြင့် သတ္တဝါတွေ သေလို့ရှိရင် ဒီငါးမျိုးမှာ လာဖြစ်တယ်ပေါ့ (မှန်ပါတယ်ဆရာ)၊ နတ်တွေလည်း ဖြစ်တတ်တယ်၊ ပြိတ္တာလည်း ဖြစ်တတ်တယ်၊ လူတွေလည်း ဖြစ်တတ်တယ်၊ တိရစ္ဆာန်တွေလည်း ဖြစ်တတ်တယ်၊ ငရဲလည်း ကျတတ်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ တို့မြတ်စွာဘုရားကိုယ်တော်မြတ် ဟောသွားတာနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဂတိငါးပါး ခေါ်တယ်၊ လားရာဂတိငါးမျိုးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလားရာဂတိငါးမျိုးမှာ ဂတိမမြဲဘူး ဆိုတာ စောစောကပြောတဲ့ နံပါတ် (၁) ဝိနိပါတဘေး-ဂတိမမြဲသောဘေးဆိုတာ အဲဒီငါးမျိုးမှာ တစ်မျိုးမျိုး ရောက်တတ်တယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တစ်မျိုးမျိုးကျတတ်တယ်၊ တစ်မျိုးမျိုး လားတတ်တယ်။

ဒါဖြင့် တစ်မျိုးမျိုးလားတာက လူ့ဘဝ၊ နတ်ဘဝတွေကိုများ ရသွားရင် မတော်လားကွယ် (တော်ပါတယ်ဆရာ)၊ ခုနက ပြောသွားတဲ့ ပြိတ္တာ, တိရစ္ဆာန်, ငရဲတို့ ဒီသုံးမျိုးကျသွားရင် ကောင်းပါ့အုံးမလား (မကောင်းပါဘူးဆရာ)၊ ပြိတ္တာဖြစ်သွားမယ်၊ တိရစ္ဆာန်ဖြစ်သွားမယ်၊ ငရဲကျသွားမယ်ဆိုရင် ရောက်ချင်တဲ့သူ ရှိပါ့မလားဟ (မရှိပါဘူးဆရာ)၊ ဘယ်သူ့ကိုမေးမေး၊ ဘယ်သူမှ မကျချင်ဘူး၊ ဘယ်သူမှ မရောက်ချင်ကြဘူး၊ ဘယ်သူမှ မလားချင်ကြဘူး၊ ဒီလိုနေမယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ပုထုဇဉ်ဘဝနဲ့ သေကြရင် ဒီငါးမျိုးမှာ သူဖြစ်ချင်ရာ သွားဖြစ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် လူတစ်ယောက်ကို မေးကြည့်မယ်၊ အခု သေသည်၏အခြားမဲ့၌ လားရာဘဝငါးမျိုးရှိသည့် အနက် ခင်ဗျား ဘယ်အမျိုးမှာ ဖြစ်ချင်သလဲ၊ ဘယ်အမျိုးမှာ လားချင်သလဲဆိုလို့ရှိရင် နတ်ဖြစ်ချင်တယ်၊ လူဖြစ်ချင်တယ်လို့ ဒီလိုပြောမှာ မဟုတ်လား (ပြောမှာပါဆရာ)၊ ပြိတ္တာလည်း မဖြစ်ချင်ဘူး၊ တိရစ္ဆာန်လည်း မဖြစ်ချင်ဘူး၊ ငရဲလည်း မကျချင်ဘူး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီသုံးမျိုးတော့ မဖြစ်ချင်ဘူးလို့ မုချအားဖြင့် ပြောမှာ၊ မပြောဘူးလား (ပြောမှာပါဆရာ)။

သူတို့က လားတောင် မလားချင်ဘူး၊ သူလားချင်တာ သူရောက်ချင်တာကတော့ လူ့ဘဝ၊ နတ်ဘဝ၊ ဒါတွေရချင်တာ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သူသေသွားတော့ သူ မရောက်ချင်ဘူးဆိုတဲ့ ပြိတ္တာတို့, တိရစ္ဆာန်တို့, ငရဲတို့ ဒီသုံးခုကို သူမရောက်ချင်ပေမယ့် နေရပါ့မလား (မနေရပါဘူးဆရာ)၊ ဒါဖြင့် သူရောက်ချင်တယ်ဆိုတဲ့ နတ်ဘဝတို့၊ လူ့ဘဝတို့ ရောက်နိုင်ပါ့မလား (မရောက်

http://www.dhammadownload.com



နိုင်ပါဘူးဆရာ)၊ သူရောက်ချင်လည်း မရောက်နိုင်ဘူးတဲ့၊ သူမရောက်ချင်လည်း မနေရဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘာဖြစ်လို့လဲ သိလား (ပုထုဇဉ်ဘ၀နဲ့ သေရလို့ပါဆရာ)၊ အေး ဟုတ်ပြီ၊ ပုထုဇဉ်ဘ၀နဲ့ သေလို့တဲ့၊ ထင်တိုင်းမပေါက်ဘူးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ထင်တိုင်း မပေါက်ဘူး၊ ထင်တိုင်းမရောက်ဘူး၊ ကိုယ်ဖြစ်ချင်တိုင်း မဖြစ်ဘူးလို့ ဆိုလိုတယ်။ အဲဒါကြောင့် ဘယ်လောက်ကြောက်စရာကောင်းလဲလို့ ငါသေသွားရင် အခုပြောထားတဲ့ ငါးမျိုးထဲမှာ ငါရောက်ချင်တာက လူ့ဘ၀၊ နတ်ဘ၀၊ ဒီနှစ်ဘ၀တော့ဖြင့် ငါအင်မတန်ရောက်ချင်တယ်၊ ဒါပေမယ့်လို့ ငါရောက်ချင်တိုင်း လူ့ဘ၀၊ နတ်ဘ၀ ရောက်နိုင်ပါ့မလားလို့ဆိုရင် မရောက်နိုင်ဘူးတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ငါသေသွားလို့ရှိရင် ငါမရောက်ချင်တာက ပြိတ္တာတို့၊ တိရစ္ဆာန်တို့၊ ငရဲတို့၊ ဒီသုံးခုတော့ ငါမရောက်ချင်ဘူး၊ မင်းမရောက်ချင်ပေမယ့် မနေရဘူး၊ ရောက်ချင်ရောက်မှာပဲ၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီဂတိငါးမျိုးကို မှတ်ထားပါ။

ဒေ၀ဂတိ - နတ်ဘ၀၊ ပေတဂတိ - ပြိတ္တာဘ၀၊ မနုဿဂတိ - လူ့ဘ၀၊ တိရစ္ဆာနဂတိ - တိရစ္ဆာန်ဘ၀၊ နိရယဂတိ - ငရဲဘ၀၊ အဲဒီငါးမျိုးမှာ သေသည်၏အခြားမဲ့၌ သူဖြစ်ချင်ရာသွားဖြစ်တယ်၊ သူရောက်ချင်ရာ သွားရောက်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ မခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ အသေမကျပ်ဘူးလား (ကျပ်ပါတယ်ဆရာ)၊ အသေကျပ်လိုက်တာ နည်းနည်းလေးမှ မလှုပ်သာဘူး၊ ကျပ်လိုက်တာမှ၊ အဲဒါ အမှုမဲ့ အမှတ်မဲ့နေပြီးတော့မှ အမှုမဲ့ အမှတ်မဲ့ သေကြလို့ ရှိရင်ဖြင့် အဲဒီသေသည်၏အခြားမဲ့မှာ သူဖြစ်ချင်ရာဖြစ်၊ သူရောက်ချင်ရာရောက်ဆိုတဲ့ ၀ိနိပါတဘေးက ပြေးလို့ လွတ်ပါအုံးမလား (မလွတ်နိုင်ပါဘူးဆရာ)၊ ရှောင်လို့ လွတ်ပါ့အုံးမလား (မလွတ်ပါဘူးဆရာ)၊ သူလုပ်တိုင်းကော ဖြစ်သေးရဲ့လား (မဖြစ်နိုင်ပါဘူးဆရာ)၊ သူလိုချင်တိုင်းကော ရောက်သေးရဲ့လား (မရောက်ပါဘူးဆရာ)၊ အေး . . . အဲဒါကြည့် ရောက်ချင်တာက တစ်မျိုး၊ ရောက်နေတာက တစ်မျိုး၊ မရောက်ချင်တာက တစ်မျိုး၊ ရောက်နေတာက တစ်မျိုး၊ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)။ အဲဒါထက် ကြောက်စရာကောင်းတာ မရှိဘူးတဲ့။

ဒါကြောင့် နံပါတ် (၁) ၀ိနိပါတဘေးကြီးက ပြေးလို့ မလွတ်ကြဘူးတဲ့၊ ဘာပြုလို့ ပုထုဇဉ်ဘ၀နဲ့ သေရင် ဒီလိုပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သုံးဆယ့်တစ်ဘုံ အကုန်ခြုံကြည့်ပါ၊ သုံးဆယ့်တစ်ဘုံ အကုန်ခြုံကြည့်လိုက်ရင် ပုဂ္ဂိုလ်သတ္တ၀ါတွေက အနန္တဖြစ်လို့ ဗြဟ္မာနှစ်ဆယ်ရယ်၊ နတ်ပြည်ခြောက်ထပ်ရယ်၊ လူ့ပြည်ရယ်၊ အပါယ်လေးဘုံရယ် ပေါင်းလိုက်တော့ သုံးဆယ့်တစ်ဘုံနော် (မှန်ပါတယ်ဆရာ)၊ အဲဒီသုံးဆယ့်တစ်ဘုံမှာ ဗြဟ္မာနှစ်ဆယ်က ဗြဟ္မာတွေက သင်္ချေ,သင်္ချာ မရေမတွက်နိုင်အောင် များလှပါတယ်၊ နတ်ပြည်ခြောက်ထပ်က နတ်တွေကလည်း မရေမတွက်နိုင်အောင် များလှ

http://www.dhammadownload.com



ပါတယ်၊ လူ့ပြည်ကလည်း လူတွေက မရေမတွက်နိုင်အောင် များလှပါတယ်၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးပါးလည်း အပါယ်ဘုံသူ အပါယ်ဘုံသားတွေက မရေမတွက်နိုင်အောင် များတယ်၊ သတ္တဝါအနန္တ သုံးဆယ့်တစ်ဘုံမှာရှိကြတဲ့ သတ္တဝါတွေ အကုန်လုံးတည်ကိန်းထား အရိယာပုဂ္ဂိုလ်ရှစ်ပါးနှင့် စားကြည့်လိုက်၊ သုံးဆယ့်တစ်ဘုံတည်ကိန်းထား၊ အရိယာပုဂ္ဂိုလ်ရှစ်ပါးနဲ့ စားခဲ့သော် အရှုံးကြွင်းမယ်၊ အရှုံးတွေ ကျန်ရစ်ခဲ့မယ်နော် (မှန်ပါတယ်ဆရာ)၊

အရိယာပုဂ္ဂိုလ်ရှစ်ပါးပဲ အကောင်းရှိတော့တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ အရိယာပုဂ္ဂိုလ်ရှစ်ပါးနှင့် စားလိုက်တော့ ပုထုဇဉ်တွေ မကြွင်းဘူးလား (ကြွင်းပါတယ်ဆရာ)၊ ဗြဟ္မာကလည်း ဗြဟ္မာပုထုဇဉ်၊ နတ်ကလည်း နတ်ပုထုဇဉ်၊ လူကလည်း လူပုထုဇဉ်၊ အပါယ်လေးပါးကတော့ ပြောစရာမလိုတော့ဘူး၊ ပုထုဇဉ်တွေ မကြွင်းဘူးလား (ကြွင်းပါတယ်ဆရာ)၊ အဲဒါ အရှုံးတွေချည်းပဲ၊ "ပုထုဇ္ဇနော ဥမ္မတ္တကော"လို့ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ၁၇၆-နှာ) ဘုရားကိုယ်တော် မြတ်က ဟောသွားတယ်၊ အရှုံးချည်းပဲတဲ့၊ ထင်သလိုနေတာပဲ၊ ထင်သလိုစားတာပဲ၊ ထင်သလိုသွား၊ ထင်သလို လုပ်၊ ထင်သလိုကျင့်၊ ထင်သလို ကြံ၊ ကိုယ်လုပ်တာ ကိုယ်အဟုတ်ထင်လို့ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ အေး အေး . . . ဒါကြောင့် အရှုံးတွေချည်း ကျန်တော့တယ်နော် (မှန်ပါတယ်ဆရာ)၊ သုံးဆယ့်တစ်ဘုံတည်ကိန်းထား၊ အရိယာပုဂ္ဂိုလ်ရှစ်ပါးနှင့် စားသော် ဘာကြွင်းသလဲ (အရှုံးချည်းကြွင်း ပါတယ်ဆရာ)၊ အေး . . . အရှုံးကြွင်းတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

"ပုထုဇ္ဇနော ဥမ္မတ္တကော"တဲ့၊ အဲဒီကြွင်းနေတဲ့ အရှုံးတွေက အခုပြောတဲ့ ဝိနိပါတဘေးက ပြေးလို့ မလွတ်ကြဘူးတဲ့၊ လွတ်ရဲ့လား (မလွတ်နိုင်ပါဘူးဆရာ)၊ သေသည်၏အခြားမဲ့၌ ပရမ်းပတာသူကျချင် ရာကျ, သူဖြစ်ချင်ရာဖြစ်, သူရောက်ချင်ရာရောက်တဲ့၊ ကြောက်စရာ မကောင်းဘူးလား (ကြောက်စရာ ကောင်းပါတယ်ဆရာ)၊ အေး . . . ကြောက်စရာကောင်းလို့၊ တို့ကမ္ဘာမှာရှိတဲ့ ဘာသာထဲမှာ တို့ဗုဒ္ဓ ဘာသာက ဘာသာစစ် ဘာသာမှန်ဆိုတော့ ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့ လူမျိုးဆိုတော့ သူက ဆေးကုတယ်၊ ကြောက်စရာဘေးကြီးကို တော်ရုံတန်ရုံနဲ့ အေးနိုင်ပါ့မလားဆို အေးရာအေးကြောင်း ရှာကြတယ်။ ဒါကြောင့် တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ ဘာကြိုးစားသလဲ၊ လူမှန်း သူမှန်းသိတဲ့ အချိန်ကစပြီးတော့ မိရိုးဖလာ ဆရာသမားရဲ့ ဆိုဆုံးမ ဩဝါဒခံယူပြီးတော့ ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့အနေအားဖြင့် တတ်အားသမျှ ကုသိုလ်ကောင်းမှုတွေ လုပ်ကြတယ်၊ မလုပ်ဘူးလား (လုပ် ပါတယ်ဆရာ)၊ ကုသိုလ်ကောင်းမှုတွေ လုပ်ကြတယ်လို့၊ အဲဒီကုသိုလ်ကောင်းမှုတွေ လုပ်တဲ့လူတိုင်း လူတိုင်း ရည်ရွယ်ချက်ပါရတယ်။ မေးကြည့်ပါ အလကားလုပ်နေတာ မဟုတ်ပါဘူး၊ ကုသိုလ်ကောင်း မှုလုပ်တယ် ဆိုတာ မလွယ်ပါဘူး၊ ဝတ္ထုငွေကြေးကုန်မှ ဖြစ်တာပါ၊ ဒါနလုပ်လုပ်, သီလလုပ်လုပ်

http://www.dhammadownload.com



ဘယ်ကုသိုလ်လုပ်လုပ် ကိုယ့်ရဲ့အရင်းအနှီးလည်း ပါရမယ်၊ ဥစ္စာကြေးငွေလည်း ကုန်ခန်းရတယ်။ အဲဒါ ရည်ရွယ်ချက်မရှိဘဲနဲ့ အလကားလုပ်တဲ့သူ တစ်ယောက်မှ မပါဘူး၊ အယောင်ယောင်အမှားမှား ထလုပ်တဲ့သူတောင် ရှေ့က ညွှန်ကြားသူရှိတယ်၊ ဘယ်ကုသိုလ်လုပ်ဟဲ့၊ ကုသိုလ်ဆိုတာ လုပ်ကောင်းတာတဲ့ ဘယ်လိုလုပ်ဟဲ့၊ အဲဒီကုသိုလ်လုပ်ပြီဆိုမှဖြင့် ဘယ်လိုဘဝမျိုး ရောက်တတ်တယ်ဟဲ့၊ ကောင်းရာသုဂတိ လားတတ်တယ်ဟဲ့၊ လူဖြစ်တတ်တယ်၊ နတ်ဖြစ်တတ်တယ်၊ ဗြဟ္မာဖြစ်တတ်တယ် အဓိပ္ပာယ် အားဖြင့်၊ ကုသိုလ်မလုပ်ဘဲနဲ့ အကုသိုလ်တွေ ကြိုးစားနေမှုဖြင့် သေသည်၏အခြားမဲ့၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးပါး လားတတ်တယ်၊ ရှေ့ကညွှန်ကြားတဲ့ သူတော်ကောင်းများက ညွှန်ကြားလို့ သူတော်ကောင်းစကား ကြားနာရတော့ တို့ကုသိုလ်ကောင်းမှု မလုပ်ဘဲနေလို့ သေများ သွားရင် သေသည်၏အခြားမဲ့၌ လူပြန်ဖြစ်ဖို့လည်း ခက်လှချည်ရဲ့၊ အပါယ်လေးပါးလည်း လားတော့မှာပဲ၊ အပါယ်လေးပါး လားမှာကြောက်တော့ တတ်အားသမျှ ကုသိုလ်ကောင်းမှု လုပ်တယ် မဟုတ်လား (လုပ်ပါတယ်ဆရာ)။

## ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် ကုသိုလ်ကောင်းမှု လုပ်ကြတာ

ရည်ရွယ်ချက်ရှိတယ်၊ လူ့ဘဝဖြစ်ချင်တယ်၊ နတ်ဘဝဖြစ်ချင်တယ်၊ အဲဒီလိုကောင်းရာသုဂတိ ရောက်ချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြိုးစားအားထုတ် အလုပ်လုပ်ကြတယ်၊ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ အဲဒီလို ကုသိုလ်ကောင်းမှု ကြိုးစားအားထုတ် အလုပ်လုပ်တော့ကာ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေမှာ ဒီလိုကြိုးစားပမ်းစား အားကိုးတစ်ခုနဲ့ လုပ်ကိုင်နေတဲ့ ကုသိုလ်ကြည့်ပြန်တော့လည်း ကုသိုလ်က ဘယ်နှစ်မျိုး ဘယ်နှစ်စားရှိသလဲ ဆိုတော့ သုံးမျိုးသုံးစားရှိတယ်။ ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်တဲ့ သုံးမျိုးသုံးစားနော် (မှန်ပါတယ်ဆရာ)၊ ဒါနရယ်, သီလရယ်, သမထရယ်၊ "ဒါန ကုသိုလ်"ဆိုတာ ပေးခြင်း, ကမ်းခြင်း, လှူဒါန်းခြင်း, စွန့်ကြဲခြင်းဟာ ဒါနကုသိုလ်။ "သီလကုသိုလ်" ဆိုတာက ကိုယ်, နှုတ်, စိတ် သုံးပါးလုံးဖြင့် ကျင့်သုံးဆောက်တည်ရတယ်။ ငါးပါး, ရှစ်ပါး, ဆယ်ပါး, ဒါသီလကုသိုလ်ခေါ်တယ်၊ ငါးပါးသီလရှိတယ်၊ အောက်ထစ်ဆုံး သူ့ထက်နည်းနည်း တစ်ဆင့် တိုးလိုက်ရင် ရှစ်ပါးသီလရှိတယ်၊ သူ့ထက်တစ်ဆင့်တိုးရင် ဆယ်ပါးသီလ ရှိတယ်။ အဲဒါ လူတွေရဲ့ ဆောက်တည်ရမည့်သီလ၊ ဒီသုံးမျိုးသုံးစားပါပဲ၊ ဒါပေမယ့် ဘုရားကိုယ်တော်မြတ်ကတော့ လူများဆောက်တည်ကောင်းတဲ့ ကျင့်သုံးရမယ့်သီလသည် ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, သုံးမျိုးသုံးစားထားပြီးတော့ လူတို့ရဲ့ ဂဟဋ္ဌသီလ, လူတို့ဆောက်တည်ကောင်းတဲ့သီလ၊ ဒီသီလသုံးမျိုးကို ကျင့်သုံးမယ်ဆိုရင် သီလလုံတယ်လို့ ခေါ်တယ် (မှန်ပါတယ်ဆရာ)၊ ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ် သီလအနေအားဖြင့် မဟောဘဲ ဒုစရိုက်အနေအားဖြင့် ဟောသွားတဲ့ ဒုစရိုက်ဆယ်ပါးကြီးကို

http://www.dhammadownload.com



"ဝေရမဏိသိက္ခာပဒံ" တပ်ပြီးတော့ သီလလုပ်ပြီး ခံယူဆောက်တည်နေတဲ့ ပုဂ္ဂိုလ်များလည်းပဲ ရှိပါတယ်၊ ဒါရှာလွန်ပြီး ရှက်တိုက်တယ်လို့ ခေါ်တယ်။

မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ဒေသနာအပြင်ဘက်ထွက်ပြီး အလုပ်လုပ်တယ်လို့ ခေါ်တယ်၊ အဲဒါ မတိကျဘူး။ ဒါပေမယ့် ကိုယ်ကြိုက်တာ ကိုယ်ယူပေါ့၊ သီလခန်းကတော့ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလလို့။ သမထခန်းကဆိုတော့ "သမာဓိ"လမ်း ခေါ်တာပေါ့ကွယ်၊ ကမ္မဋ္ဌာန်းပေါင်း လေးဆယ်ရှိတယ်၊ အာနာပါန စသည်အားဖြင့် သမထကုသိုလ်ခေါ်တယ်၊ အဲဒီကုသိုလ်သုံးမျိုးဟာ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေက အားကိုးတစ်ခု လက်ကိုင်ပြုပြီးတော့ ကြိုးစားကြတယ်။ ဒါနလုပ်တဲ့လူက လုပ်၊ သီလဆောက်တည်တဲ့ ပုဂ္ဂိုလ်က ဆောက်တည်၊ သမထတရားပွားများအားထုတ်တဲ့ပုဂ္ဂိုလ်က ပွားများအားထုတ်ပြီး ကုသိုလ်တွေလုပ်ကြတယ်၊ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ဒါနခန်းက ကြည့်ပြန်တော့လည်း ကိုယ်တတ်စွမ်းသလောက် "ဝန်နဲ့အား မြားနဲ့လေး" ဆိုသလိုပေါ့၊ ကြိုးစားကြတယ်။ အဲဒါကလည်း လူလားမြောက်တဲ့ အချိန်ကစပြီးတော့ ကြိုးစားလိုက်ရတာတဲ့၊ ဒီကုသိုလ်တွေဟာ သေတဲ့အချိန်အထိဆိုပါတော့ လုပ်လိုက်ရတာ၊ သီလကြည့်ပြန်တော့လည်း ထိုနည်းအတူပါပဲ၊ အသက်ကြီးလာလေ, သီလဆောက်တည်လာလေ၊ အဲဒါ အမြဲတစေ ကြိုးစားလာတဲ့ ကုသိုလ်တရားတွေ။

သမထဆိုတာကတော့ တတ်နိုင်တဲ့ပုဂ္ဂိုလ်တွေ လုပ်ကြတယ်၊ မတတ်နိုင်တဲ့ပုဂ္ဂိုလ်တွေ မလုပ်ဘူးပေါ့၊ အဲဒီကုသိုလ်တွေ လုပ်သမျှဟာ ရည်ရွယ်ချက်မပါဘဲနဲ့ လုပ်တဲ့လူတစ်ယောက်မှ မရှိပါဘူး။ ကိုယ့် ရည်ရွယ်ချက်နဲ့ ကြည့်လုပ်ကြတာ၊ မလုပ်ကြဘူးလား (လုပ်ပါတယ်ဆရာ)၊ "ဒါနတော ဘောဂဝါ၊ သီလတော သုခိတာ"တဲ့၊ ဒီလို ပါဠိပါဌ်သားနဲ့ပါ မခေပါဘူး။ "ဒါနတော ဘောဂဝါ" - ဒါနတော-အလှူပေးခြင်းကြောင့်။ ဘောဂဝါ-ဖြစ်ရာဘဝမှာ စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝ၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အောင်မယ် ဒါနမျိုးစေ့များ, ဒါနကုသိုလ်များ ကြိုးစားနိုင်ရင် နောက်နောင်သောဘဝမှာ တကယ့်လူ့ချမ်းသာဖြစ်သတဲ့၊ သူတော်ကောင်းများ ဟောပြောတဲ့တရားသံ နာခံပြီးကြိုးစားတယ်၊ အဲဒါ ဘာလဲဆိုရင် နောင်ဘဝ တကယ့်လူ့ချမ်းသာဖြစ်ချင်တယ်၊ နတ်ချမ်းသာဖြစ်ချင်တယ် ဒီလို ရည်ရွယ်ချက်။ "သီလတော သုခိတာ"လို့၊ သီလများဆောက်တည်ကာမျှနှင့် ဖြစ်ရာဘဝမှာ အသက်ရှည်တယ်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတတ်တယ်။ ဒီလိုပုဂ္ဂိုလ်များဟာ သူတော်ကောင်းများ ဟောပြောလို့ ကြားရတော့ သီလဆောက်တည်တယ်၊ ဘဝတိုင်းမှာ လူဖြစ်ရင်လည်း လူ့ချမ်းသာ ဖြစ်ချင်တယ်၊ နတ်ဖြစ်ရင်လည်း နတ်ချမ်းသာဖြစ်ချင်တယ်၊ ရည်ရွယ်ချက်တွေနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



သမထတရား ပွားများအားထုတ်တဲ့ ပုဂ္ဂိုလ်ကျတော့ "သမထ"အလုပ်လုပ်လို့ရှိရင် ဖြဟ္မာပြည်နှစ်ဆယ်မှာ ဖြဟ္မာဖြစ်နိုင်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ရည်ရွယ်ချက်ကလေးတွေနဲ့ ကြိုးစား ကြိုးစားပြီးတော့ အလုပ်လုပ်နေကြတယ်၊ အဲဒါဘာသဘောလဲလို့ မေးတော့ စောစောက ပြောတဲ့၊ သေသည်၏အခြားမဲ့၌ ဂတိငါးပါးမှာ လားချင်ရာလား, ကျချင်ရာကျ၊ ရောက်ချင်ရာရောက် ဆိုတဲ့ "ဝိနိပါတ"ဘေးကြီးက ပြေးမလွတ်မှန်းသိတော့ "ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ"ဆိုသလို လွတ်လိုလွတ်ငြားလို့ ကြိုးစားအားထုတ် အလုပ်လုပ်နေကြတယ်နော် (မှန်ပါတယ်ဆရာ)၊ အေး . . . ဟုတ်တယ်၊ မတော်တဆ ငါမျှား သေသွားရင်နော် အပါယ်လေးပါးမျှား လားရရင် ခက်ရချည်ရဲ့ဟဲ့၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်ဘုံများကျရင်တော့ ခက်ရချည်ရဲ့ဟဲ့၊ ကောင်းရာ သုဂတိဆိုတဲ့ လူ့ဘဝ, နတ်ဘဝ ငါရပ့်ါမလားဟဲ့၊ ရလိုရငြား ဖြစ်လို့ဖြစ်ငြား အပါယ်လေးပါးမှ တားလို တားငြားဆိုပြီးတော့ တတ်အားသမျှ ကုသိုလ်ကောင်းမှုပြု၊ မပြုဘူးလား (ပြုပါတယ်ဆရာ)၊ အဲဒီအနေနဲ့ ကြည့်ပြုတာ၊ ပြုလိုက်တာမှ ဘယ်ထိအောင်ပြု သေခါနီးထိအောင် ပြုကြတယ် မဟုတ်လား (ပြုရပါတယ်ဆရာ)၊ ပြုရတယ်၊ တို့ဗုဒ္ဓဘာသာရဲ့ ကံ, ကံ၏အကျိုး ယုံကြည်တဲ့ဝါဒကို "ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်" ခေါ်ပါတယ်၊ ကံ, ကံ၏အကျိုး ယုံကြည်ကြတယ်လို့။

ကုသိုလ်ကောင်းမှုတွေလုပ်ရင် ကောင်းသောအကျိုးတွေပေးမယ်၊ အာစိဏ္ဏကံ, အာသန္နကံ တွေရော၊ တချို့လည်း အမြဲတစေ ကြိုးစားအားထုတ်တယ်၊ အာစိဏ္ဏကံ အားကောင်းလို့ရှိရင်လည်း ငါအပါယ်လေးပါး မလားနိုင်ဘူးဟ၊ "အာစိဏ္ဏကံ"ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အမြဲတစေ ငါ အသက်တည်သမျှ ကာလပတ်လုံးမှာ တကယ့် ဒါန, သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေ အမြဲတစေ ကြိုးစားအားထုတ် အလုပ်လုပ်နေလို့ရှိရင် ဒါ "အာစိဏ္ဏကံ"ခေါ်တယ်။ အမြဲတစေ အားထုတ်ပြီးတော့ ကုသိုလ်ကံတွေ အားကြီးနေလို့ရှိရင် ငါသေသည်၏အခြားမဲ့၌ အပါယ်လေးပါးတော့ မုချ မလားနိုင်ဘူးလို့၊ ဒီလိုယုံကြည်ချက်နဲ့ လုပ်တယ်၊ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ တချို့လည်း အဲဒီလို အမြဲတစေတော့ မတတ်နိုင်ဘူး၊ သေခါနီးကျမှ "အာသန္နကံ"ဆိုပြီးတော့ ကြိုးစားတယ်။ ငါ့တော့ သေဘက်နီးလာပေ့ါ အသက်လည်း ကြီးလှပေ့ါ၊ ငယ်ငယ်တုန်းကလိုနေလို့တော့ မတော်တော့ဘူး၊ သေဘက်နီးလာလို့ရှိရင်ဖြင့် ငါ့သေလမ်းဖြောင့်အောင်ဆိုသလို၊ ကုသိုလ်ကောင်းမှုတော့ ကြိုးစားအုံးမှ ပဲဆိုပြီး၊ အသက်ကြီးတဲ့ပုဂ္ဂိုလ်လည်း ကြီးတဲ့အလျောက် ကြိုးစားတယ်နော် (မှန်ပါတယ်ဆရာ)၊ တချို့ကလည်း သေခါနီးဆဲဆဲကျမှ ဘုရားကူ, ကူကြတယ်၊ ဒါ "အာသန္နကံ"ခေါ်ပါတယ်။

ဪ . . . ဒီကံကလေး ထောက်ပံ့လိုက်လို့ရှိရင် သေသည်၏အခြားမဲ့ လူ့ဘဝ, နတ်ဘဝ, ကောင်းရာသုဂတိ ရောက်နိုင်တယ်ဆိုတဲ့ အနေအားဖြင့် အဲဒီလို ကြိုးစားတာ၊ အဲဒီလို ရည်ရွယ်ချက်နဲ့

http://www.dhammadownload.com



ကြိုးစားနေတဲ့ တို့လူစုတွေ သေသေချာချာ ပြန်ကြည့်တော့၊ လူတိုင်း, လူတိုင်း လုပ်သမျှကုသိုလ်ကောင်းမှုအတွက် ဒီလိုရည်ရွယ်ချက်နဲ့ ကြိုးစားအားထုတ်နေကြတယ်၊ ဒီလိုရည်ရွယ်ချက်ချည်းပဲ၊ ရည်ရွယ်ချက်မပါဘဲနဲ့ မလုပ်ပါဘူးနော် (မှန်ပါတယ်ဆရာ)၊ ကျောင်းဒကာ, ဘုရားဒကာ, ရေတွင်းဒကာ, ရေကန်ဒကာ, ဇရပ်ဒကာ, ရဟန်းဒကာ အစရှိသည်အားဖြင့် အကုန်လုံး ဒီလိုပဲ ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်မှန်သမျှ ရည်ရွယ်ချက်တွေ ကပ်လျက်ပါတယ်။ ဒီရည်ရွယ်ချက်နဲ့ ကြိုးစားအားထုတ်တာကို သေသေချာချာ ကြည့်ပါ၊ ဒါဖြင့် ကောင်းပါပြီ၊ သီလကုသိုလ်လုပ်လုပ်, သမထကုသိုလ်လုပ်လုပ် ကိုယ်ကြိုက်တဲ့အခန်းကနေ ကိုယ်ဝင်ပြီး ကြိုးပမ်းကြတာ။ ဒါဖြင့် ဒီကုသိုလ်တွေ ရှိထားတော့ကာ လူကြည့်တော့ပုထုဇဉ်ပဲ ရှိသေးတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ကုသိုလ်ကတော့ တောင်လိုပုံအောင် လုပ်တာလေ၊ ဘယ်လောက်ပဲကြိုးစား ကြိုးစားပေါ့၊ ဒါနခန်းက လုပ်လုပ်, သီလခန်းက လုပ်လုပ်, သမထခန်းက လုပ်လုပ် သေသေချာချာ မှတ်ကြနော်၊ ဒါဖြင့် ဒါန, သီလ, သမထဆိုတဲ့ ကုသိုလ်ကောင်းမှုတွေက လူဖြစ်လာတဲ့အချိန်ကစပြီး သေတဲ့အချိန်ထိအောင် တောင်လိုရာလို ပုံအောင် ကြိုးစားတာ၊ လူကြည့်တော့ ပုထုဇဉ်ပဲရှိသေးတယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို တောင်လိုရာလို ပုံအောင် ကြိုးစားပြီးတော့နေတဲ့ ပုထုဇဉ်ဘဝနှင့် သေတော့ကာ ငါစောစောကပြောသွားတဲ့ နတ်ဘဝ, လူ့ဘဝ, ပြိတ္တာဘဝ, တိရစ္ဆာန်ဘဝ, ငရဲ ဘဝဆိုတဲ့ ဘဝကြီးငါးပါးအနက်၊ လူ့ဘဝ၊ နတ်ဘဝကို ငါရောက်ချင်လှချည်ရဲ့။ ပြိတ္တာဘဝ, တိရစ္ဆာန်ဘဝ, ငရဲဘဝတော့ ငါမရောက်ချင်ဘူးလို့ သူ့ရည်ရွယ်ချက်အတိုင်း ခက်ခက်ခဲခဲ ရောက်ကောင်းပါ့မလားဟ၊ (မရောက်နိုင်ပါဘူးဆရာ)၊ ကုသိုလ်တွေကြည့်တော့ တောင်ပုံရာပုံ၊ ပုံလို့ပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါနော် ကုသိုလ်ကောင်းမှုလုပ်တာတွေ မလုပ်ရဘူးလို့ ရည်ရွယ်ချက်နဲ့ ပြောတာ မဟုတ်ပါဘူး၊ ပုထုဇဉ်ဘဝနဲ့ သေကြရင် ကုသိုလ်ကောင်းမှု တောင်လိုရာလိုပုံသော်လည်းပဲ လားရာဂတိ မမြဲသေးဘူး ဆိုတဲ့ အဓိပ္ပာယ်ပြောနေတာပါ။ နားလည်အောင် သေသေချာချာမှတ်ကြပါ၊ တော်ကြာတော့ ဟာ . . . ဒါန, သီလ, သမထဆိုတာ တို့လုပ်နေတဲ့ ကုသိုလ်ကောင်းမှုတွေ ရေဖြစ်အောင် ပြောနေတာပဲဆိုပြီး ဒေါသလည်း ဖြစ်မသွားနဲ့၊ ငါကတော့ လက်တွေ့က များပြီ၊ ဆယ်နှစ်ဆယ်မိုးလည်း ရှိသွားပြီကွ နော် (မှန်ပါတယ်ဆရာ)။

တချို့လည်း ဝိနိပါတဘေးကြီးက လွတ်စေချင်လွန်းလို့၊ အဲဒီဘေးကြီးက လွတ်အောင်လို့ ဒီလို လုပ်ကြစို့ရဲ့ဆိုပြီးတော့ ငါကနည်းကောင်းလမ်းကောင်း ပေးနေတာ။ သင်တန်းစလိုက်ရင် အဲဒီအခန်းနဲ့ ဘွားခနဲသွားတွေ့၊ နားကလည်း နည်းနည်းရိုင်းတော့ တို့အမြဲတစေ အားကိုးတစ်ခုနဲ့ ကြိုးစားနေတဲ့ ဒါန, သီလ, သမထဆိုတဲ့ကုသိုလ်တွေ ရေဖြစ်အောင်ပြောနေတယ်၊ တို့တော့ သဘောမကျပါဘူးဆိုပြီး

http://www.dhammadownload.com



သင်တန်းကနေ ထပြန်သွားတဲ့၊ ဒေါသတွေ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မလုပ်ရဘူးလို့ မပြောပါဘူး၊ တချို့ကလည်း မလုပ်ရဘူးလို့ သင်တန်းကဟောတယ်လို့ သမုတ်ထားတယ်၊ ဘေးမှာ သတင်းတွေလွှင့်တယ်။ အဲဒါမဟုတ်သတင်းတွေ အမြဲတစေ လွှင့်နေတဲ့ပုဂ္ဂိုလ်တွေလည်းရှိတယ်။ ဒါန, သီလ, သမထဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်တာအလကားပဲလို့ မပြောပါဘူး၊ သေသေချာချာ တိတိကျကျနဲ့ ဝင်ပြီးတော့ နာယူတဲ့ပုဂ္ဂိုလ်တွေကျတော့ ဝန်ခံပါတယ်၊ ဝန်ခံတဲ့အပြင် ကျေးဇူးတင်စကားလည်း ပြောပါတယ်၊ အဲဒါ ဘာလဲ ဆိုတော့ အခုလို ပြောနေတဲ့ အခန်းလေးတွေမှာ မပိုင် မနိုင်ပဲ၊ မခံနိုင်တဲ့အနေအားဖြင့် နားမှာကြားလိုက်တော့ တော်တော်ကြီး အနာတရဖြစ်သွားတာပေါ့လေ၊ စိတ်ထဲ ခံပြင်းသွားတာပေါ့၊ တို့လုပ်နေတဲ့ကုသိုလ်တွေ ရေဖြစ်အောင် လုပ်တာပဲ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ အဲဒီလိုဖြစ်နေတယ်။

ဒါကြောင့်လည်း သေချာလိပ်ပတ်လည်အောင် နားထောင်ပါလို့၊ ဒါတို့များက အဆန်းတကြယ်ဟောနေတာ မဟုတ်ပါဘူး၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောကြားတော်မူတဲ့ ဒေသနာအတိုင်း ချဟောနေတာ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကတော့ အကျဉ်းအားဖြင့် ဟောသွားတာ၊ ပုထုဇဉ်သေလို့ရှိရင် ဂတိမမြဲဘူးလို့ တိုတိုပဲနော် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . ပုထုဇဉ်သေလို့ရှိရင် ဂတိမမြဲဘူးဆိုတော့ ကုသိုလ်ကောင်းမှုတွေ တောင်ပုံရာပုံပုံအောင် လုပ်ထားတဲ့ ပုထုဇဉ်ပဲသေသေ၊ အကုသိုလ်တွေ တင်းကျမ်းပြည့်နေတဲ့ပုဂ္ဂိုလ်ပဲ သေသေ၊ ပုထုဇဉ်မှန်ရင် ဂတိမြဲပါ့မလား (မမြဲပါဘူးဆရာ)၊ အဲဒါလေး မှတ်ထားပါ၊ ဒါလေး လိပ်ပတ်လည်အောင် နားထောင်၊ ဩော် . . . လူကြည့်တော့ ပုထုဇဉ်၊ ကုသိုလ်ကောင်းမှုကတော့ တောင်ပုံရာပုံပဲ၊ ဒါဖြင့် ပုထုဇဉ်ဘဝနဲ့သာ သေလို့ရှိရင်ဖြင့် ဂတိမမြဲဘူးလို့ ဘုရားကိုယ်တော်မြတ်ဟောသွားတဲ့တရားက ရှိထားတယ်၊ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ကောင်းမှု မလုပ်ရဘူးလို့ ပြောမှမပြောဘဲ၊ ကုသိုလ်ကောင်းမှုသည် လုပ်နိုင်ရမယ်, ကြိုးစားရမယ်, တတ်အားသမျှ အားထုတ်ရမယ်၊ မလုပ်ရင် ပိုမဆိုးဘူးလား (ဆိုးမှာပါဆရာ)။

ကုသိုလ်ကောင်းမှု နင်လား, ငါလား အင်တိုက် အားတိုက် ကြိုးစားခါမှ ဒူးလောက်တင်မှ ရင်လောက်ကျမယ်ဆိုတဲ့ စကားလို့သင့်တော်ရုံလေးသွားကျတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ မတော်တဆ ကုသိုလ်ကောင်းမှု အထောက်အပံ့အားကြီးလို့ရှိရင်လည်းပဲ လူကောင်း, နတ်ကောင်း သွားဖြစ်မယ်မဟုတ်လား (ဖြစ်မှာပါဆရာ)၊ ဖြစ်နိုင်သေးတယ်လို့ မျှော်လင့်ချက်ကလေးရှိသေးတယ်။ ဒါပေမယ့် တို့များပြောနေတာကတော့ ဒါန, သီလ, သမထဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ ဘယ်လောက်ပဲ ကြိုးစားကြိုးစား၊ ဂတိကတော့ မမြဲသေးတာအမှန်ပဲ၊ ဒါပြောတာမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြုထားတဲ့ ကုသိုလ်ကောင်းမှုတွေ ဘယ်တော့မှ အကျိုးမခံစားရဘူး၊ ရေဖြစ်ကုန်ပြီလို့ ဟောထားတာ မဟုတ်

http://www.dhammadownload.com



ပါဘူး၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် အခု သူသူငါငါ အင်တိုက်အားတိုက် ကြိုးစားနေတဲ့ ဒါန, သီလအစရှိသော ကုသိုလ်တရားတွေဟာ အလကားဖြစ်ရကောင်းမလား ဆိုတော့ မဖြစ်ပါဘူးတဲ့။

အခွင့်သာတဲ့ တစ်ခုသောဘဝမှာ မုချအကျိုးပေးမှာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါတော့ နားလည်တယ် မဟုတ်လား (နားလည်ပါတယ်ဆရာ)၊ တစ်ခုသောဘဝမှာ မုချအကျိုးပေးမယ် မဟုတ်လား (အကျိုးပေးမှာပါဆရာ)၊ ကောင်းကျိုးချမ်းသာပေးမယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် အခု အဓိကအနေအားဖြင့် ပြောနေတာက အခုလက်ငင်းရထားတဲ့ဘဝက သေရင် ဒုတိယဘဝ ဘယ်သွားကြမလဲလို့ မေးတာ၊ ဒါမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လက်ငင်းရထားတဲ့ ဒီဘဝနဲ့ ဒီက သေပြီးရင် နောက်ဖြစ်မည့် ဒုတိယဘဝနဲ့ အကူးအဆက်ကလေး ဒီကပြောနေတာ၊ ဒါအရေးမကြီးဘူးလားကွာ (အရေးကြီးပါတယ်ဆရာ)၊ အဲဒါအရေးအကြီးဆုံးပဲ၊ ကိုယ်သေရင် ဘယ်သွားရမှန်းမသိတာ အဆိုးဆုံးဆိုတာမှတ်ထား၊ ဘယ်သွားရမှန်း သေသေချာချာ တထစ်ချပြောနိုင်ပဲ့မလား၊ သွားစရာလမ်းက ငါးမျိုးတောင်ရှိတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီငါးမျိုးမှာ တထစ်ချမပြောနိုင်တဲ့အဖြစ်မျိုး ရောက်နေတယ်၊ ငါသေလို့ရှိရင်ကွယ် လူ့ဘဝ, နတ်ဘဝ မုချဖြစ်မှာပဲ၊ ဒီလိုသာ သိရင်ဖြင့် ဘာပူစရာ ရှိသတုံး၊ ပူစရာရှိအုံးမှာလား (မရှိပါဘူးဆရာ)၊ ငါသေလို့ရှိရင်ကွယ် လူ့ဘဝ, နတ်ဘဝတော့ မုချ ရောက်မှာပဲ၊ ဒီလိုတပ်အပ်သေချာပြောနိုင်ရင် ပူစရာလည်း မရှိပါဘူး၊ ကြောက်စရာလည်း ဘာမှ မရှိဘူး၊ ငါသေလို့ရှိရင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးလားမှာပဲလို့ သေချာ သိရင် လွတ်အောင် ကြိုးစားမှာပေါ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

အဲဒီလို တထစ်ချအားဖြင့် ပြောနိုင်တဲ့အဓိပ္ပာယ်မရှိပါဘူးတဲ့၊ ပုထုဇဉ်မှန်မှန်သမျှ ဒါနကုသိုလ်ကောင်းမှု လုပ်နေတဲ့ပုထုဇဉ်ပဲ သေသေ၊ အကုသိုလ်တွေ လုပ်နေတဲ့ ပုထုဇဉ်ပဲသေသေ၊ ဒေဝဂတိ၊ ပေတဂတိ၊ မနုဿဂတိ၊ တိရစ္ဆာနဂတိ၊ နိရယဂတိဆိုတဲ့ လားရာဘဝငါးမျိုးတော့ဖြင့် လက်ညှိုးထိုးစရာ အတည်တကျ မရှိပါဘူးတဲ့။ သေသည်၏အခြားမဲ့၌ သူရောက်ချင်ရာ ရောက်သွားတာပဲ၊ သူဖြစ်ချင်ရာ ဖြစ်သွားတာပဲတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုဆိုတော့ တချို့က ကြိုက်ချင်မှကြိုက်မယ်၊ ဒီလိုဖြင့်ကွယ် တို့လုပ်ထားတဲ့ ကုသိုလ်ကောင်းမှုတွေ ရေဖြစ်ကုန်တာပါပဲ၊ မျှော်လင့်ချက် ဘာမှမရှိဘူး၊ စိတ်ထဲမှာ အတော်ပျက်သွားတယ်၊ ပျက်စရာ မကောင်းဘူးလားကွယ် (ကောင်းပါတယ်ဆရာ)၊ ပျက်ချင်ပျက်, မပျက်ချင်နေ၊ ဒီအတိုင်းကိုယ်တော်မြတ်က ဟောသွားတာ ဒီအတိုင်းရှိရမယ်။ ဒါကြောင့် ယုတ္တိသာဓကလေး ထုတ်ပြီးတော့ အဓိပ္ပာယ်ထွလေး ပြောကြစို့ရဲ့ကွာနော် (မှန်ပါတယ်ဆရာ) ဟုတ်လား, မဟုတ်လားလို့ သေသေချာချာကြည့်ကြပါ။ ဒီက ပြောသွားတဲ့အဓိပ္ပာယ်ကို လိပ်ပတ်လည်အောင် ရှင်းပြမယ်၊ သေသေချာချာလည်း ဝေဖန်ကြပါ။

http://www.dhammadownload.com



တို့ ဒါန, သီလ, အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေ မလုပ်စေချင်တဲ့ စေတနာတွေနဲ့ ပြောသလား၊ လုပ်နေတဲ့ ကုသိုလ်ကံတွေကို ရေဖြစ်အောင် ပြောနေတာလားဆိုတော့ မဟုတ်ပါဘူး၊ ဒီလို စေတနာမျိုး မရှိပါဘူး။ ဒီလိုစေတနာမျိုးဆိုရင် ဒါထက်ဆိုးတာ ဘယ်ရှိမလဲ။ ပြောလည်း မပြောကောင်းပါဘူး၊ ပြောလည်း မပြောအပ်ပါဘူး။ ဒါပေမယ့် ကြိုးစားနိုင်သမျှ ကြိုးစားကြ, အားထုတ်နိုင်သမျှ အားထုတ်, ကြိုးစားနိုင်မှ တန်ရုံလောက်ကျတာ၊ မကြိုစားဘဲနေရင် ပိုဆိုးတော့မှာပေါ့၊ တကယ်တိုက်တွန်းပေးတဲ့ အလေ့အထရှိပါတယ် မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ အဲဒီလိုသွားရမယ်၊ ဒီတော့ ယုတ္တိသာဓကလေးတွေ သက်သေလေးတွေ ထုတ်ထုတ်ပြီးတော့ ပြလိုက်တော့ကာ ဩော် . . . လက်စသတ်တော့ တကယ့်ကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ် အလုပ်လုပ်ပြီး ပုထုဇဉ်ဘဝနဲ့ သေလို့ရှိရင် ဂတိကမမြဲပါပဲလားလို့ ပေါ်လာမှာပေါ့နော် (မှန်ပါတယ်ဆရာ)၊ သေသေချာချာကြည့်ပါ၊

တို့ မောရိယနိုင်ငံကြီးကို ထူထောင်သွားတဲ့ ရဟန္တာတွေထင်ရှားဖြစ်ပေါ်နေတဲ့ ခေတ်ကြီးတုန်းက၊ သူသူငါငါ ကြားဖူးကြပါတယ်၊ သီရိဓမ္မာသောကမင်းကြီးဟာ မြေအောက်မှာ တစ်ယူဇနာ၊ ကောင်းကင်မှာ တစ်ယူဇနာ အာဏာတန်ခိုးအစိုးရတဲ့ မြေပြင်ကိုတော့ မဆိုထားနဲ့ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ မောရိယနိုင်ငံတော်ဆိုတာ အိန္ဒိယတစ်ပြည်လုံးခေါ်တယ်၊ မဇ္ဈိမတိုက်ကြီး၊ အဲဒီမောရိယနိုင်ငံတော်ကြီး ထူထောင်သွားတဲ့ တို့မြတ်စွာဘုရားကိုယ်တော်မြတ်၏ သာသနာတော်ကို ကြည်ညိုလေးစားတဲ့ သီရိဓမ္မာသောကမင်းကြီးဟာ ဘယ်လောက်များသာသနာကြည်ညိုသလဲဆိုရင်ဖြင့် ကြားလည်း ကြားဖူးပြီးသားဖြစ်ကြပါလိမ့်မယ်၊ သီရိဓမ္မာသောကမင်းအကြောင်းတော့ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်းရှစ်သောင်းလေးထောင်၊ စေတီပေါင်းရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်းရှစ်သောင်းလေးထောင်၊ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင် လှူလိုက်တာတွေနော် (မှန်ပါတယ်ဆရာ)၊ အဲဒီသီရိဓမ္မာသောကမင်းကြီးရဲ့ လက်စလက်နတွေ ကနေ့အထိ အိန္ဒိယပြည်မှာ ရှိပါသေးတယ်၊ ကျောက်စာတိုင်ကြီးတွေထူလို့ ကျောက်စာကမ္ပည်းတွေထိုးလို့ စေတီပေါင်း ရှစ်သောင်းလေးထောင်တည်ထားတဲ့နေရာများ၊ တို့မြန်မာပြည်တောင် နယ်ကျွံလာသေးတယ်၊ အခု ပခုက္ကူအရှေ့ပိုင်းနားက တည်ထားတော်မူတဲ့ ရွှေမုဋ္ဌောစေတီတော်ကြီးဟာ သီရိဓမ္မာသောကမင်း တည်ထားတဲ့ ကုသိုလ်တော်ဖြစ်ပါတယ်၊ စေတီပေါင်းရှစ်သောင်းလေးထောင်ထဲ ပါဝင်သေးတယ်နော် (မှန်ပါတယ်ဆရာ)။

အတိုင်းတိုင်း အပြည်ပြည်မှာ ရဟန္တာကိုယ်တော်မြတ်ကြီးတွေ သာသနာပြုတော်မူပါတယ်၊ တို့မြန်မာပြည်ကိုလည်းပဲ သထုံပြည်က စပြီးတော့ သာသနာပြုလာတာ၊ သီရိဓမ္မာသောကမင်း လျှောက်ထားတော်မူချက်အရ ရှင်သောဏနှင့်ရှင်ဥတ္တရ ရဟန္တာအရှင်မြတ်ကြီးတွေက စပြီးတော့ ဒီမှာ

http://www.dhammadownload.com



သာသနာစခဲ့ပါတယ်နော် (မှန်ပါတယ်ဆရာ)၊ သာသနာတော်ကြီးကို အသက်နှင့်အမျှ တကယ်ကြည်ညိုလေးစားတဲ့ သီရိဓမ္မာသောကမင်းကြီး၏ ဘုန်းတန်ခိုးကုဒ္ဒိပါဒ်ကြီးတာလည်း မပြောနဲ့၊ မဟာပထဝီမြေကြီးအောက်ကို တစ်ယူဇနာ အာဏာတန်ခိုး အစိုးရတယ်ဆိုတော့ မြေကြီးထဲက နဂါးတောင်အခွန်ဘဏ္ဍာ ဆက်ရတယ် ဆိုပါတယ်နော်၊ (မှန်ပါတယ်ဆရာ)၊ ကောင်းကင်လည်း တစ်ယူဇနာအာဏာတန်ခိုး အစိုးရတယ်ဆိုတော့ ကောင်းကင်းပျံသန်းနေတဲ့ ကရဝိတ်, ကြိုးကြာအစရှိတဲ့ တိရစ္ဆာန်တွေတောင် အခွန်ဘဏ္ဍာ ဆက်သရတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလောက်တောင်ဘုန်းသမ္ဘာနှင့် ပြည့်စုံတဲ့ သီရိဓမ္မာသောကမင်းကြီးဟာ သာသနာကြီးကို ပြုစုပျိုးထောင်ပြီး လှူဒါန်းသွားတဲ့ ဒါနခန်းမှာ တို့မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ သာသနာ့အစဥ်မှာတော့ဖြင့် စံတင်လောက်တဲ့ပုဂ္ဂိုလ်ပဲလို့ ဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)။

ရေတွင်းပေါင်းရှစ်သောင်းလေထောင်၊ ရေကန်ပေါင်းရှစ်သောင်းလေးထောင်၊ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်၊ စေတီပေါင်းရှစ်သောင်းလေးထောင် လှူလိုက်တန်းလိုက်တာနော် (မှန်ပါတယ်ဆရာ)၊ ဒီမှတစ်ပါးလည်း ရဟန္တာအရှင်မြတ်များကိုလည်း နိစ္စဗဒ္ဓဝတ်အားဖြင့် ပြုစုပျိုးထောင်ပြီးတော့ သာသနာကြီးကို စောင့်ရှောက်တယ်၊ အသက်နှင့်အမျှ လုပ်သွားလိုက်တာလို့၊ အဲ့ဒါ ဒါနခန်းကို ကြည့်ရင် သီရိဓမ္မာသောကမင်းကြီးကို လွှမ်းနိုင်တဲ့ပုဂ္ဂိုလ် ရှိနိုင်ပါ့မလား (မရှိနိုင်ပါဘူးဆရာ)၊ ဒါလောက်တောင် ကြည်ညိုတာ ဒါလောက်ကြိုးစားတာ၊ ဒါလောက်အားထုတ်တာ၊ ဩော် . . . ဒါနကုသိုလ်လုပ်တဲ့ အခန်းမှာဖြင့် သီရိဓမ္မာသောကမင်းကြီး လွှမ်းနိုင်တဲ့ပုဂ္ဂိုလ်မရှိပါလား၊ ထိပ်တန်းကပဲလို့ တွက်ကြည့်ပါ။ ဒါဖြင့် သူ့ကိုကြည့်တော့ ပုဂ္ဂိုလ်အနေအားဖြင့် အရိယာလား၊ ပုထုဇဉ်လားဟ (ပုထုဇဉ်ပါဆရာ)။ ဟေ . . . ပုထုဇဉ်နော် (မှန်ပါတယ်ဆရာ)၊ ပုထုဇဉ်ကော မများလားကွယ် (များပါတယ်ဆရာ)၊ များလိုက်တာလို့၊ ကိုးကွယ်ရတာမှ အာသဝေါတရားကုန်ခန်းတဲ့ ရဟန္တာကိုယ်တော်မြတ်ကြီးတွေ ကိုးကွယ်ရတဲ့ခေတ်ကိုကွနော် (မှန်ပါတယ်ဆရာ)၊ ဒါတွင်မကဘူး၊ သူကမွေးထားတဲ့ သံဃမိတ္တာဆိုတဲ့ သမီးတော်နှင့် ရှင်မဟိန္ဒတို့ ရဟန္တာဖြစ်ကြတယ်နော် (မှန်ပါတယ်ဆရာ)၊ အံ့ဩစရာကောင်းလိုက်တာလို့၊ သို့ကလောက်တောင် ဒီခေတ်မျိုးနဲ့ ဒီလိုကုသိုလ်မျိုးတွေ အင်တိုက်အားတိုက်အသက်နှင့်အမျှ ကြိုးစားအားထုတ်တဲ့ သီရိဓမ္မာသောကမင်းပင်လျှင် ပုဂ္ဂိုလ်အနေအားဖြင့် ပုထုဇဉ်၊ သေတော့ကား ဟော . . . မြွေသွားဖြစ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သေတော့ မြွေသွားဖြစ်တယ်၊ မြွေဆိုတာ့ အပါယ်လေးပါးထဲ ရောက်မသွားဘူးလား (ရောက်သွားပါတယ်ဆရာ)။

ကြည့်စမ်း . . စောစောက ပြောတဲ့ ဝိနိပါတဘေးကြီးက လွတ်သေးရဲ့လား (မလွတ်ပါဘူးဆရာ)၊ ဟော . . . သေသည်၏အခြားမဲ့၌ သူဖြစ်ချင်ရာဖြစ်၊ သူကျချင်ရာကျ၊ သူရောက်ချင်ရာရောက် ဂတိ

http://www.dhammadownload.com



ငါးပါး သူလားချင်ရာလားဆိုတဲ့ ဘေးကြီးကပြေးလို့မလွတ်ပါဘူး၊ လွတ်သေးရဲ့လား (မလွတ်ပါဘူး ဆရာ)၊ အဲဒီလို ဒါနခန်းက မလွှမ်းနိုင်လောက်အောင် တန်းကွာချင်တိုင်းကွာနေတဲ့ သီရိဓမ္မာ သောကမင်းကြီးလို ကုသိုလ်ရှင်ကြီးတစ်ဦးတစ်ယောက်တောင်ပဲ ဂတိငါးပါး သေသည့်၏အခြား မဲ့၌ လားချင်ရာလားတယ်ဆိုတဲ့ ဝိနိပါတဘေးကြီးက ပြေးမလွတ်ရင် ငါတို့သူငါဆိုတဲ့ လူတကာ တွေ လုပ်နေတဲ့ ဒါနကုသိုလ်တွေက ကယ်နိုင်ပါ့မလားဟ (မကယ်နိုင်ပါဘူးဆရာ)၊ မကယ်နိုင်ပါဘူး၊ စော စောကပြောတဲ့ ဂတိငါးပါး သူလားချင်ရာလားမှာပဲ၊ ကျချင်ရာကျမှာပဲနော် (မှန်ပါတယ်ဆရာ)၊ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အေး . . . အင်မတန်ကြောက်စရာကောင်း တယ်၊ ဒါနကုသိုလ်အခန်းပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

## သီလစင်ကြယ်တောင်ပဲ သေသည့်အခြားမဲ့၌ နဂါးဖြစ်သွားတဲ့ တိဿရဟန်း

သီလကုသိုလ်အခန်း တစ်ခါကြည့်ပြန်တော့ သီလကုသိုလ်အားကြီးလို့ရှိရင်လည်းပဲ တို့ဂတိ ငါးပါးမှာ ဂတိတော့ မြဲကောင်းပါရဲ့ကွယ်၊ လူကောင်း နတ်ကောင်း ဖြစ်ကောင်းပါရဲ့၊ ဒီလိုအားထားရ မှာကလည်း အခက်သားပါပဲ ဘာပြုလို့၊ သီလကုသိုလ်လည်း ထို့အတူပဲ သီလနည်းနည်းလေး ရှိနေရင် ပုဂ္ဂိုလ်အနေကြည့်ပြန်တော့ ပုထုဇဉ်ပဲဆိုလို့ရှိရင် သွားအုံးမှာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သီလခန်းက ကြည့်ပြန်တော့ တို့သီဟိုဠ်ကျွန်းမှာ သာသနာထွန်းကားစဉ်အခါက "တိဿ" ရဟန်း ကိုယ်တော်မြတ်ကြီးဟာ သီလအရာမှာ ရဟန္တာလို့သမုတ်ရတယ်၊ သီလဝိသုဒ္ဓိ အင်မတန် စင်ကြယ် သန့်ရှင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ သီလကုသိုလ် ဘယ်လောက်ကြီးသလဲဆိုတာ သေသေ ချာချာကြည့်ပါ၊ သီလကုသိုလ် ဘယ်လောက်များသလဲ၊ သီလကုသိုလ် ဘယ်လောက်အင် အားကောင်း သလဲဆိုတာ သေသေချာချာကြည့်ပါ၊ တိဿရဟန်းကိုယ်တော်မြတ်ကြီးသည် ရဟန်းတို့ ကျင့်အပ် သော "စတုပါရိသုဒ္ဓိသီလ" အင်မတန်လုံခြုံတဲ့ သီလဝိသုဒ္ဓိအစစ်ဖြစ်တော်မူတဲ့ သီလဝန္တပုဂ္ဂိုလ်ကြီးပဲ၊ ဘယ်လောက် သီလလုံခြုံသလဲလို့ အားလုံးကရဟန္တာကြီးလို့ သမုတ်ကြတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ သီလက ထိပ်တန်းမကျဘူးလားကွာ (ထိပ်တန်းကျပါတယ်ဆရာ)၊ ရဟန်းတို့၏သီလဆိုတာ လူ့သီလနဲ့ နှိုင်းဆလို့ ကောင်းတာမဟုတ်ဘူး၊ လူတို့၏ ဆောက်တည်အပ်သော "ဂဟဋ္ဌသီလ"ဆိုတဲ့ လူ့သီလထက် သာမဏေတို့၏သီလက မြတ်တယ်ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ သာမဏေတို့ရဲ့ သီလထက် ရဟန်းသီလက မြတ်တယ်ဆိုတော့ သီလဟာ တစ်ဆင့်ထက် တစ်ဆင့် မြင့်သည်ထက်မြင့်၊ မြတ်သည်ထက် မြတ်နေတယ်။

http://www.dhammadownload.com



ဒါကြောင့် အမြတ်ဆုံးဆိုတဲ့ တိဿရဟန်းကိုယ်တော်မြတ်ကြီးဟာ ရဟန္တာလို့ သမုတ်လောက်အောင်ပဲ၊ ရဟန်းတော်မြတ်များ ကျင့်သုံးဆောက်တည်ကောင်းတဲ့ စတုပါရိသုဒ္ဓိသီလ၊ အင်မတန်လုံခြုံတဲ့ သီလဝန္တပုဂ္ဂိုလ်အစစ်ကြီးပင်ဖြစ်လျက် ဟော . . . သေတော့ နဂါးကြီးသွားဖြစ်ရှာတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "နဂါး"ဆိုတာ အပါယ်လေးပါး မဟုတ်ဘူးလား (အပါယ်လေးပါးပါဆရာ)၊ ဒါဖြင့်ရင် တိဿရဟန်းကိုယ်တော်မြတ်ကြီးက အင်မတန်သီလလုံခြုံတယ်၊ အင်မတန်သီလဖြူစင်သန့်ရှင်းတယ်ဆိုတဲ့ သီလကုသိုလ်ကြီးက စောစောကပြောတဲ့ ဘဝင်္ဂါးပါးမှာ ဂတိင်္ဂါးပါးလားချင်ရာလား၊ ကျချင်ရာကျဆိုတဲ့ "ဝိနိပါတ"ဘေးကြီးများ ကယ်နိုင်သေးရဲ့လား (မကယ်နိုင်ပါဘူးဆရာ)၊ တားနိုင်သေးရဲ့လား (မတားနိုင်ပါဘူးဆရာ)၊ ဟော . . . လက်တွေ့နော် (မှန်ပါတယ်ဆရာ)၊ မထင်ရှားဘူးလားကွာ (ထင်ရှားပါတယ်ဆရာ)၊ အဲဒါ တို့မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ဒေသနာမှာ တိုက်ရိုက်လာတဲ့ သက်သေသာကေတွေပဲလို့ အစစ်အမှန်တွေနော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ သေသေချာချာ နဖူးပေါ် လက်တင်ပြီးတော့ စဉ်းစားကြည့်၊ ဟုတ်လား မဟုတ်လား။

တို့လုပ်နေတဲ့ကုသိုလ်နဲ့ သီရိဓမ္မာသောကမင်းကြီးလုပ်တဲ့ကုသိုလ်နဲ့ ဘယ့်နှယ့်နေတုံးဟဲ့၊ နှိုင်းယှဉ်ကြည့်ကြပါ၊ တို့လုပ်တဲ့ကုသိုလ်က သီရိဓမ္မာသောကမင်းကြီးကုသိုလ်နဲ့ တန်းညီတယ်၊ တန်းသာတယ်ဆိုရင်လည်းပဲ၊ သီရိဓမ္မာသောကမင်းကြီးက တို့တန်းမမှီလို့ အပါယ်လေးပါး ကျတာပါကွာ၊ တို့တန်းက သူ့ထက်မြင့်သေးတာ၊ တို့သေရင်တော့ လူကောင်း နတ်ကောင်း ဖြစ်ကောင်းပါရဲ့၊ ဒီလိုဆိုရင်လည်း တွေးချင်တွေးမှာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အခုတော့ သီရိဓမ္မာသောကမင်းကြီးရဲ့ ကုသိုလ်နဲ့ တန်းညီအောင်လည်း မတတ်နိုင်၊ လွှမ်းနိုင်ဖို့ ဆိုတာကတော့ ထားတော့၊ အင်မတန်အောက်ကျနောက်ကျနိုင်တဲ့ မိမိတို့ရဲ့ ဒါနကုသိုလ်တရားလို့ အားထားစရာမရှိ မျှော်လင့်ချက် မရှိ၊ ဝိနိပါတဘေးက ပြေးလို့ မလွတ်နိုင်ဘူးဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ ဒီလိုဆိုတော့ ငါစောစောက ပြောထားတဲ့ ကုသိုလ်တွေ တောင်ပုံရာပုံ ပုံစေကာမူ ပုဂ္ဂိုလ်အနေနဲ့ကြည့်တော့ ပုထုဇဉ်ပဲဆိုလို့ရှိရင် ဝိနိပါတဘေးက ပြေးလို့မလွတ်ဘူးဆိုတာ မှန်ရဲ့မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အင်မတန်မှန်တယ်၊ မှန်မှာပေါ့ မြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတာကိုး၊ အဲဒီတော့ တို့လူစုက သဘောရှင်းအောင် ကြည့်ရမယ်။

## သမထဘယ်လောက်တန်ခိုးကြီးကြီး ရပ်ပြစ်ရှစ်ပါးမလွတ်နိုင်

တို့တတ်အားသမျှ ကြိုးစားနေတဲ့ဒါနကုသိုလ်ဟာ ရေဖြစ်ရတော့မလား၊ အလကားဖြစ်ရတော့မလားဆိုတော့ မဟုတ်ပါဘူး၊ အခွင့်သာတဲ့ အလှည့်ကျတော့ အကျိုးပေးမှာပေါ့နော် (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ဒါဖြင့် ဒီဘဝနဲ့ဟိုဘဝအကူးကို အထူးချပြီးတော့ ဖြစ်ပုံလေးတွေ ပြောနေတာ၊ ဒါဖြင့်ရင်ကွယ် ဒါနခန်းနဲ့ ကြည့်ပြန်တော့လည်းပဲ ဝိနိပါတဘေးကို မတားနိုင်တာ အမှန်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ သီလကုသိုလ်နဲ့ကြည့်ပြန်တော့လည်း ဝိနိပါတဘေးကြီးမတားနိုင်တာ မထင်ရှားဘူးလားကွယ် (ထင်ရှားပါတယ်ဆရာ)၊ တိဿရဟန်းကိုယ်တော်မြတ်ကြီးကို ထောက်ဆသောအားဖြင့်ပေါ့ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သမထခန်းလို့ လောကီကုသိုလ်မှာဖြင့် အကောင်းဆုံး, အမွန်ဆုံး, ထိပ်တန်းအကျဆုံးဆိုတဲ့ သမထကုသိုလ်နဲ့ ကြည့်ပြန်တော့ အာဠာရ, ဥဒကရသေ့တို့၊ တို့မြတ်စွာဘုရားကိုယ်တော်မြတ် အလောင်းတော်ရဲ့ ခမည်းဇော်သုဒ္ဓေါဓနမင်းကြီး ဆည်းကပ်ကိုးကွယ်တဲ့ ဒေဝီလရသေ့ကြီးတို့နော် (မှန်ပါတယ်ဆရာ)၊ သမထခန်းမှာ ထိပ်တန်းကမဟုတ်လား (ထိပ်တန်းကပါဆရာ)၊ ဒေဝီလရသေ့တို့များ သမထအရာမှာ သမာဓိတန်ခိုးဘယ်လောက်ရှိသလဲ ဆိုရင်ဖြင့် တို့လူ့ပြည်နဲ့ တာဝတိံသာနတ်ပြည်ဆိုလို့ရှိရင် နေ့ခင်းကျပြီဆိုမှဖြင့် တာဝတိံသာနတ်ပြည် တက်တက်နေတယ်နော် (မှန်ပါတယ်ဆရာ)၊ ညညကျမှ လူ့ပြည်ဆင်းပြီးတော့ ကျိန်းစက်တယ်၊ အဲဒါတာဝတိံသာနတ်ပြည်နဲ့ လူ့ပြည်ကို အိမ်ဦးနှင့်ကြမ်းပြင်လို မှတ်ပြီးတော့ နေ့စံရာ, ညစံရာ, နှစ်ဌာနထားပြီးတော့ စံစားတော်မူတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အေး . . ဒါပေမယ့် သေတော့လည်းပဲ ရပ်ပြစ်ရှစ်ပါးက မလွတ်ကြဘူးလို့နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ထိပ်တန်းအကျဆုံးဆိုတဲ့ သမထကုသိုလ်ကြီးလည်းပဲ ဝိနိပါတဘေးက ပြေးလို့လွတ်ရဲ့လား (မလွတ်ပါဘူးဆရာ)၊ ပြေးလို့မလွတ် ရှောင်လို့မလွတ်၊ ဘာပြုလိုလဲဆိုတော့ ရှေ့တုံးကပုဂ္ဂိုလ်အနေအားဖြင့်ကြည့်တော့ ပုထုဇဉ်တွေကွနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ပုထုဇဉ်ဘဝနဲ့သေလို့ရှိရင်ဖြင့် ဒါန, သီလ, သမထဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ တောင်လိုရာလိုပုံတဲ့ ပုထုဇဉ်ပဲသေသေ၊ အကုသိုလ်တွေ တင်းကျမ်းပြည့်နေတဲ့ ပုထုဇဉ်ပဲသေသေ၊ အခုပြောတဲ့ဝိနိပါတဘေးက လွတ်သေးရဲ့လား (မလွတ်ပါဘူးဆရာ)၊ ဘယ်တော့မှ မလွတ်နိုင်ဘူး၊ အဲဒါဝိနိပါတဘေးက သေသည်၏ အခြားမဲ့၌ ဂတိငါးပါး လားချင်ရာလား၊ ကျချင်ရာကျ၊ ရောက်ချင်ရာရောက်၊ ဖြစ်ချင်ရာဖြစ်ဆိုတဲ့ ဝိနိပါတဘေးက ပြေးလို့မလွတ်ပုံ၊ ရှောင်လို့မလွတ်ပုံ၊ ဒါကို အဓိကထားပြတဲ့အဓိပ္ပာယတ္ထပါလို့၊ တချို့နားစွန်းနားဖျားကြားပြီးတော့ လိပ်ပတ်ကမလည်၊ ဒီကပြောတဲ့စကားရဲ့ အဓိပ္ပာယ်ကိုလည်း နားမလည်၊ ဒီတော့ ကုသိုလ်ကောင်းမှုပြုတာကိုပဲ အပြစ်ဆိုသယောင် အဓိပ္ပာယ်ယူဆပုံက မိမိတို့ပြုနေတဲ့ ဒါန, သီလအစရှိတဲ့ ကုသိုလ်ကောင်းမှုတွေကို ရေဖြစ်အောင်ပြောသလို၊ အပါယ်လေးပါးလားအောင် ပြောနေတယ်ဆိုတဲ့ အဓိပ္ပာယ်ကောက်လိုကောက်၊ အဲဒါရောက်တတ်ရာရာပေါ့လေ။

တို့သင်တန်းတက်ရောက်ကြတဲ့ ပုဂ္ဂိုလ်များကလည်းပဲ ဘယ်ပုဂ္ဂိုလ်များနှင့်တွေ့တွေ့ မေးမြန်းလို့ ရှိရင် ဒီလိုပုထုဇဉ်ဘဝနဲ့ သေလို့ရှိရင် ဝိနိပါတဘေးက မလွတ်ပုံပြခြင်းသာ ဖြစ်တယ် ဆိုတဲ့

http://www.dhammadownload.com



အကြောင်းပေါ့၊ ဒီလိုလည်း ပြန်လည်ဖြေကြားကြဖို့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ငါက ဒါန, သီလအစရှိတဲ့ ကုသိုလ်ကောင်းမှု မလုပ်ရဘူး၊ မလုပ်ကြနဲ့လို့ တားလည်း မတားပါဘူး၊ တားလည်း မတား ကောင်းပါဘူး၊ တားလို့ရှိရင်လည်း ငါ့ထက် မိုက်တာ မရှိပါဘူး၊ ဆထက်ထမ်းပိုး တိုးပြီးတော့ လုပ်အောင်၊ ကြိုးစားအောင်သာ တိုက်တွန်းပေးပါတယ်လို့။ ကြည့်လေ . . အခု အဲဒီလောက်တောင် အင်တိုက်အားတိုက် ကုသိုလ်ကောင်းမှုကို ကြိုးစားလျက်သားနဲ့မှ ဂတိမမြဲသေးဘူးဆိုရင် မကြိုးစားဘဲ နေရင် ပိုမဆိုးဘူးလား (ဆိုးပါတယ်ဆရာ)၊ အေး . . . ပိုဆိုးတယ်၊ ဒါတွက်ထား၊ သေသေချာချာ "ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ"တဲ့၊ ကြိုးစားနိုင်ရင်ဖြင့် အခန့်သင့်လူကောင်း, နတ်ကောင်း ဖြစ်ရင်ဖြစ်မှာပေါ့နော် (မှန်ပါတယ်ဆရာ)။ အဲဒါက ကုသိုလ်ကောင်းမှုတွေပြုရဲ့သားနဲ့ အပါယ်လေးပါး ဆိုတဲ့ ဝိနိပါတဘေးကြီးက ပြေး၍ မလွတ်ပုံကို အဓိကထား၍ ပြောတာ၊ ကုသိုလ်ကောင်းမှုပြုလို့ လူကောင်း, နတ်ကောင်း ဆိုတဲ့ သုဂတိဘဝရောက်ရတဲ့ ဝတ္ထုတွေလည်း မရေမတွက်နိုင်ပေါ့ကွာ၊ (မှန်ပါတယ်ဆရာ)။ အဲဒါ ဝိနိပါတဘေးရဲ့ အဓိပ္ပါယ်ပဲ။

ဒါကြောင့် တို့ဘုရားလက်ထက်တော်က ခဝဲပွင့်တစ်ပွင့်လေး လှူဒါန်းတာနဲ့ နတ်စည်းစိမ်ရတယ် မဟုတ်ဘူးလားကွယ် (မှန်ပါတယ်ဆရာ)၊ ဒါကုသိုလ်မဟုတ်လား (ကုသိုလ်ပါဆရာ)၊ အခွင့်သင့်ပြန် တော့လည်းပဲ အလိုက်သင့်လေး ဖြစ်သွားတာပဲလို့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဖြစ်ချင်လည်း ဖြစ်သွားတာပဲ၊ မဖြစ်ချင်ရင်လည်း မဖြစ်ဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ မသေချာတဲ့ အစွန်းနှစ်ဘက် ထွက်ပုံလေးကို ကြည့်သာထားတော့၊ ဒါကြောင့် ခဝဲပွင့်လေးပွင့် (ဝိမာန၊ ၆၆-နှာ) လှူဖူးတာနဲ့ သေသည်၏အခြားမဲ့၌ နတ်သမီးစည်းစိမ်ရတယ်၊ ခဝဲပွင့်နတ်သမီး ဆိုပြီးတော့ နတ်သမီးဖြစ်သွားတယ်၊ ဒါကုသိုလ်ရဲ့အကျိုးပဲ၊ ဒါဖြင့် ကုသိုလ်ကောင်းမှုလုပ်ရင် ဒီလိုအကျိုးလည်း ပေးတာပဲနော်။ ဒါပေမယ့် တထစ်ချတော့မယူနဲ့၊ ကုသိုလ်ကောင်းမှု လုပ်လျက်သားနဲ့ အပါယ်လေးပါးလည်း လား,ချင်လားတာပဲ၊ ကုသိုလ်ကောင်းမှုကို လုပ်လျက်သားနဲ့ လူကောင်း, နတ်ကောင်း ဖြစ်ချင်လည်း ဖြစ်တာပဲ မသေချာ ဘူးတဲ့၊ အမှန်စင်စစ် ကုသိုလ်ကောင်းမှုကိုပြုရင် လူကောင်း, နတ်ကောင်း သုဂတိဘဝ ရောက်လိမ့် မယ်လို့ တထစ်ချ အမှန်မပြောနိုင်ဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တို့များသေသည်၏ အခြားမဲ့မှာ နတ်ဘဝရယ်၊ လူ့ဘဝရယ်၊ ပြိတ္တာဘဝရယ်၊ တိရစ္ဆာန်ဘဝရယ်၊ ငရဲဘဝရယ် ဘဝငါးမျိုး ဂတိငါးမျိုးမှာ သေသည်၏အခြားမဲ့၌ ဒီငါးမျိုးမှာ သူဖြစ်ချင်ရာသွားဖြစ်တယ်နော်။ သူရောက်ချင်ရာ သွားရောက်တတ်တယ်၊ သူကျချင်ရာ သွားကျတတ်တယ်ဆိုတဲ့ဘေးက "ဝိနိပါတဘေး"ပါပဲ၊ ဟုတ် ကဲ့လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



## ဝိနိပါတဘေးဆိုတာ သစ်ရွက်ဟောင်းတွေ ကြွေကျသလိုပဲ

အဲဒီ "ဝိနိပါတဘေး"ဆိုတာက မြန်မာလိုပြန်မယ်ဆိုရင် တခြားမဟုတ်ပါဘူး၊ ပရမ်းပတာကျတတ်တဲ့ဘေးတဲ့၊ ကျမ်းဂန်မှာ ဥပမာပြထားတာကတော့ ရွက်သစ်လောင်းလို့ ရွက်ဟောင်းတွေကြွေတဲ့ တပေါင်းလရာသီရောက်တဲ့အခါဆိုပါတော့ တမာပင်လေးတွေဟာ ရွက်ဟောင်းလေးတွေကြွေပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ရွက်သစ်ကလေးတွေက ဟောင်းပေါ့၊ အဲဒီမှာ မင်းကြည့်စမ်း . . . တမာပင်ကြီးကနေပြီးတော့ တဖြုတ်ဖြုတ်နဲ့ ရွက်ဟောင်းလေးတွေ ကြွေတော့၊ ကြွေလာတဲ့ အရွက်ကလေးတွေက အစီအစဉ်နဲ့ စီခါစဉ်ခါကျလာတာလား၊ ဒီလိုမှ မဟုတ်ဘဲနဲ့၊ သူလွင့်ချင်ရာလွင့်၊ သူကျချင်ရာကျ၊ သူရောက်ချင်ရာရောက်၊ ဖရိုဖရဲနဲ့ ပြိုကွဲပြီးတော့ ကျလာတာလားဆိုတာ သေသေချာချာ ကြည့်လိုက်စမ်းပါ၊ သူဖြစ်ချင်ရာဖြစ်၊ သူလွင့်ချင်ရာလွင့်၊ သူကျချင်ရာကျ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် "ဝိနိပါတ" သဒ္ဒါက အစီအစဉ်မရှိဘဲ ဖရိုဖရဲနဲ့ ပြိုကွဲပြီးကျတတ်တဲ့ အဓိပ္ပာယ်ထွက်ခေါ်ထားတာပဲ၊ ဝိနိပါတ-သဒ္ဒါဆိုတာ အဲဒီဝိနိပါတဘေးဆိုတာ ၄င်းနည်းအတိုင်းပါပဲ။ ရွက်သစ်လောင်းလို့ ရွက်ဟောင်းကြွေသလိုပါပဲ၊ အစီအစဉ်မရှိပါဘူးတဲ့၊ ကန့်သတ်ထားတဲ့နေရာ မရှိပါဘူး၊ အတိုင်းအထွာ မရှိပါဘူးတဲ့။ ကြွေလာတဲ့ သစ်ရွက်ကလေးတွေဟာ သစ်ရွက်တိုင်း, သစ်ရွက်တိုင်း သူကျချင်ရာကျ၊ သူရောက်ချင်ရာရောက် သူလွင့်ချင်ရာလွင့်သလိုဘဲ။ အရိယာမဖြစ်သေးသော ပုထုဇဉ်ပုဂ္ဂိုလ်များ သေရင်လည်းပဲ စောစောကပြောတဲ့ ဘဝင်းမျိုး, ဂတိငါးမျိုးမှာ သူရောက်ချင်ရာရောက် သူကျချင်ရာကျ သူဖြစ်ချင်ရာဖြစ်တတ်တယ်၊ ဒါကို "ဝိနိပါတဘေး"လို့ ခေါ်ပါတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။

ကိုင်း . . ဒါဖြင့်ရင် ဆန်းစစ်ကြည့်ရအောင်၊ အခုရှိနေကြတဲ့လူတွေ အရိယာမဖြစ်သေးသမျှ ပုထုဇဉ်ပုဂ္ဂိုလ်တွေ ကုသိုလ်ကောင်းမှုကြိုးစားအားထုတ်တဲ့ပုဂ္ဂိုလ်လည်းရှိတာပဲ၊ အားမထုတ်တဲ့ပုဂ္ဂိုလ်လည်း ရှိတာပဲ နှစ်မျိုးနှစ်စားပေါ့၊ ကုသိုလ်များတဲ့ပုဂ္ဂိုလ်လည်းရှိတာပဲ၊ အကုသိုလ်များတဲ့ပုဂ္ဂိုလ်လည်း ရှိတာပဲ၊ အဲဒီပုဂ္ဂိုလ်တွေမှန်သမျှ အခုပြောတဲ့ ဝိနိပါတဘေးက လွတ်တဲ့ပုဂ္ဂိုလ်များရှိရဲ့လား (မရှိပါဘူး ဆရာ)၊ အဲဒီလိုမရှိတာ၊ တချို့ကလည်း ကိုယ့်ကိုယ်ကို ထင်တစ်လုံးနဲ့ နေကြတယ်၊ မနေဘူးလား (နေပါတယ်ဆရာ)၊ တချို့များသနားလို့ အဓိပ္ပာယ်နားလည်တဲ့ပုဂ္ဂိုလ်က သင်တန်းတက်ရအောင် သွားခေါ်တယ်၊ သင်တန်းလိုက်စမ်းပါကွာ အားထားရတယ်ဟေ့၊ တကယ်စိတ်ချ ယုံကြည်ရတယ်ဟ ဆိုပြီးတော့၊ တို့သင်တန်းလိုက်စရာမလိုပါဘူး၊ စိတ်ကောင်းရှိဖို့ပဲလိုပါတယ်၊ ဘယ်သူ့ကိုမှ မကောင်းတာ လုပ်မှမလုပ်ဘဲ၊ စိတ်ကောင်းတစ်ခုပဲ အရေးကြီးတယ်၊ တချို့ကလည်း ဆင်ခြေဆင်လက်ပြန်ပေးတယ် နော် (မှန်ပါတယ်ဆရာ)၊ တချို့ကလည်း စိတ်ကောင်းရှိရင် ပြီးရော မှတ်နေတယ်။

http://www.dhammadownload.com



အခုတော့ နမူနာပြထားတဲ့ "သီရိဓမ္မာသောကမင်းကြီး"တို့ ဒါနခန်းက၊ သီလခန်းက "တိဿ ရဟန်းကိုယ်တော်မြတ်ကြီး"တို့နော် (မှန်ပါတယ်ဆရာ) သမထခန်းက "အာဠာရ, ဥဒကရသေ့"တို့၊ "ဒေဝိလရသေ"တို့ သူတို့ထက် ချီးမွမ်းစရာ ပုဂ္ဂိုလ်များ ရှိသေးသလားဟ (မရှိပါဘူးဆရာ)၊ တရား မသိရင် ဘေးလည်း မသိဘူးဟ၊ ဘေးမသိရင် ကြောက်ကိုကြောက်ရမှန်း မသိဘူး၊ အဲ့ဒါကြောင့် မိမိ ကိုယ်မှာ လေးဘက်လေးတန်အားဖြင့် မလွတ်နိုင်၍ ထွက်ပေါက်ရှာမရအောင်၊ ကြောက်မက်ဖွယ် သော ဘေးကြီးလေးမျိုးနဲ့ ကာဆီးနေတယ်ဆိုတဲ့ အဓိပ္ပာယ်ကိုသိလာရင် လူတွေဟာ ဟော့ဟော့ ရမ်းရမ်း, သော့သော့သွမ်းသွမ်းနဲ့ လုပ်နေမှာ မဟုတ်ပါဘူးလို့၊ တော်တော်ကြီး ဣန္ဒြေရရနှင့် သိက္ခာ ရှိရှိနဲ့ ငြိမ်သက်သွားမှာပဲနော် (မှန်ပါတယ်ဆရာ)၊ အခုတော့ မိမိပတ်ဝန်းကျင်မှာ အင်မတန် ကြောက် ဖွယ်ကောင်းတဲ့ဘေးကြီးတွေ ကာဆီးနေတဲ့အဓိပ္ပာယ်ကို လုံးလုံးကြီးကလည်း နားမလည်၊ ဘေး ဆိုတာကလည်း မျက်စိမရှိလို့ မြင်ကောင်းတာ မဟုတ်တော့ ဒီလို အဓိပ္ပာယ်မသိတော့ အမှုမဲ့ အမှတ်မဲ့ နေကြတယ်။ ပြီးတော့ အမှုမဲ့ အမှတ်မဲ့သေတော့ အရင်းစားတွေ ပြုတ်ကုန်ရောနော် (မှန်ပါတယ်ဆရာ)၊ လူ့ဘဝတစ်ခါပြန်ရောက်ဖို့ ခက်လှချည်ရဲ့၊ လူ့ဘဝတစ်ခါပြန်ပြီး မရတော့လည်း သာသနာနှင့် တွေ့ဖို့ ခက်လှချည်ရဲ့၊ သာသနာနှင့်မတွေ့ရင် တစ်လုံးတစ်ပါဒဆိုတဲ့ တရားရဖို့ အလွန် ခက်လှချည်ရဲ့၊ တစ်လုံးတစ်ပါဒ ဆိုတဲ့ တရားလေး အသိဉာဏ်ထဲ ရောက်မလာပြန်တော့လည်း သံသရာထဲ နစ်မွမ်း၍ ဆုံးနိုင်စရာ အကြောင်းမရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ အင်မတန်ကြောက်စရာ ကောင်းတယ်။

ဒါကြောင့် ယခုညက စပြီးပြတဲ့ "ဝိနိပါတဘေး"ကို မြန်မာလိုပြန်တော့ သေသည်၏အခြားမဲ့၌ ဂတိငါးပါး ဘဝငါးမျိုးမှာ သူကျချင်ရာကျ သူလားချင်ရာလား၊ သူရောက်ချင်ရောက် သူဖြစ်ချစ်ရာဖြစ် ဆိုတဲ့ ဘေးလို့၊ အဲဒီဘေးကြီးက ပုထုဇဉ်ဘဝနှင့်သာ သေလို့ရှိရင်ဖြင့် တောင်ပံ့ရာပံ့ ကုသိုလ်တွေနဲ့ သေသေ၊ အကုသိုလ်တွေနဲ့ သေသေ၊ ဘယ်လိုနည်းနဲ့မှ ပြေးလို့မလွတ်ပါလားဆိုတဲ့ ယခုညပြနေတဲ့ သဘောအဓိပ္ပာယ်လေးတွေကို သေသေချာချာ နဖူးပေါ် လက်တင်ပြီးတော့ အပြန်ပြန်အလှန်လှန် ပြတ်သားနားလည်အောင် ဆင်ခြင်စဉ်းစားကြပါလို့နော် (မှန်ပါတယ်ဆရာ)။

ဘေးကြီးလေးပါး -

(၁) ဝိနိပါတဘေး၊

(၂) နာနာသတ္တုဉလ္လောကနဘေး၊

(၃) ဒုစ္စရိတဘေး၊

(၄) အပါယဘေး၊

http://www.dhammadownload.com



ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဆိုစမ်း (ဝိနိပါတဘေး၊ နာနာသတ္တဥလ္လောကနဘေး၊ ဒုစ္စရိတဘေး၊ အပါယဘေး) မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ လူသစ်တွေက စဉ်းစားပြီးမှတ်ကြပါ၊ အဲဒီက စပြီး မိမိကိုယ်မှာ ပြုပြင်တတ်လာတဲ့ တရားတွေ နားလည်လာရမယ်၊ တရားဆိုတာ တခြားမဟုတ်ပါဘူး၊ အသိဉာဏ်လေးတွေ တိုးတိုး, တိုးတိုးပြီးလာတော့ ကိုယ့်ကိုယ်ကို ပြုပြင်တတ်လာတဲ့ သဘောဟာ ဒါတရားခေါ်တယ်၊ ဒီအခြေလေးတွေကစလာတယ်။ ဒါကြောင့် တစ်လုံးချင်း တစ်လုံးချင်း ဒီက ရှင်းရှင်းပြီးတော့ မြန်မာလို ပြောတာလေးတွေ မှတ်သွားပါ၊ ဒီတော့ ဝိနိပါတဘေး၊ နာနာသတ္တဥလ္လောကနဘေး၊ ဒုစ္စရိတဘေး၊ အပါယဘေး ဆိုတာ၊ ပါဠိလိုဖြစ်နေတော့ တချို့က နားလည်ချင်မှ နားလည်မယ်၊ ခေါ်တတ်ချင်မှ ခေါ်တတ်မယ်၊ ဒီတော့ မြန်မာလိုပြထားမယ် မှတ်ပါ၊ နံပါတ် (၁) ဝိနိပါတဘေး ဆိုတာ သေသည်၏အခြားမဲ့မှာ သူလားချင်ရာလား၊ ကျချင်ရာကျ၊ ဖြစ်ချင်ရာဖြစ်၊ ရောက်ချင်ရာရောက်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ မှတ်မိမသွားဘူးလားကွာ (မှတ်မိပါတယ်ဆရာ)၊ ဝိနိပါတဘေးဆိုတာ သေသည်၏အခြားမဲ့မှာ ငါတို့သူငါ လူတကာတွေ သေကြတယ်၊ မသေတဲ့လူမရှိဘူး၊ သေပြီလားဆိုမှဖြင့် သေသည်၏အခြားမဲ့မှာ မနေ့ညက ပြထားတဲ့ ဂတိငါးပါး၊ အဲဒီဂတိငါးပါးလည်း သေသေချာချာမှတ်၊ နတ်ဖြစ်တယ်, ပြဟ္မာဖြစ်တယ်ဆိုတာ "ဒေဝဂတိ" ခေါ်ပါတယ်၊ လူဖြစ်တယ် ဆိုတာလည်း "မနုဿဂတိ" ခေါ်ပါတယ်၊ ပြိတ္တာဖြစ်တယ် ဆိုတာသည် "ပေတဂတိ" ခေါ်ပါတယ်၊ တိရစ္ဆာန်ဖြစ်တယ်ဆိုတာသည်"တိရစ္ဆာနဂတိ"ဟု ခေါ်ပါသည်၊ ငရဲကျတယ်ဆိုတာသည် "နိရယဂတိ"ဟု ခေါ်ပါသည်။

ဒီတော့ ဂတိငါးပါး လားရာဘဝငါးခုကို လက်ညှိုးထိုးပြထားပါတယ်၊ သတ္တဝါများ သေရင် ဒီငါးမျိုးမှာ တစ်ခုခုဖြစ်ရမယ်၊ တစ်ခုသောဘဝ ရောက်ရမယ်လို့ ဒီလိုဆိုထားတယ်၊ ဒါကို ဂတိငါးပါး ခေါ်တယ်၊ အဲဒါကတော့ သုံးဘုံသူ, သုံးဘုံသားတွေ ဘဝကုန်ခန်းသော, ဇာတိကုန်ခန်းသော ဘုရား ရဟန္တာမှတစ်ပါး ကျန်တဲ့ပုဂ္ဂိုလ်ကတော့ ဒီလိုပဲ လားကြရမှာပဲ၊ ဘဝသစ်ဖြစ်အုံးမှာပဲလို့၊ ဘဝသစ်ဖြစ်တော့လည်း ကောင်းတဲ့ဘဝ, မကောင်းတဲ့ဘဝ, ကောင်းတဲ့ဂတိ, မကောင်းတဲ့ဂတိ နှစ်မျိုးခွဲထားတယ်။ လူဖြစ်မယ်, နတ်ဖြစ်မယ်, ပြဟ္မာဖြစ်မယ်ဆိုရင် သုဂတိခေါ်တယ်၊ ကောင်းတဲ့ဂတိလို့၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်တို့ကျတော့ ဒုဂ္ဂတိ-မကောင်းတဲ့ဂတိလို့ခေါ်တယ်၊ ဒီလိုနှစ်မျိုးရှိထားတယ်၊ အာသဝေါတရားကုန်ခန်းလို့ ရဟန္တာမဟုတ်သေးပေမယ့် (တစ်နည်း) ဇာတိမကုန်သေးပေမယ့် တကယ် သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တွေကျတော့ ကောင်းတဲ့ဂတိပဲ လားရတယ်။ လူဖြစ်မယ်, နတ်ဖြစ်တယ်, ပြဟ္မာဖြစ်တယ်, ကောင်းတဲ့ဂတိ သုဂတိဘဝသာလားကြရတယ်။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဆိုတဲ့ အပါယ်လေးပါးတော့ လုံးလုံးတံခါးပိတ်သွားပေါ့ ဟုတ်ကဲ့လား (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ဒါဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဆိုတဲ့ အရိယာပုဂ္ဂိုလ်ရှစ်ပါးကို ဖယ်လိုက်တော့ ကျန်တာတွေက ပုထုဇဉ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ မနေ့ညက ငါပြောထားတဲ့ သုံးဆယ့်တစ်ဘုံကိုတည် မဂ်ပုဂ္ဂိုလ်လေးပါး, ဖိုလ်ပုဂ္ဂိုလ်လေးပါး အရိယာပုဂ္ဂိုလ်ရှစ်ပါးနှင့်စားရင် ဘာကြွင်းသလဲ (အရှုးကြွင်းပါတယ်ဆရာ)၊ ဟော . . . . အရှုးကြွင်းတယ်၊ ကျန်တာအရှုးတွေချည်းပဲ ဟုတ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ပုထုဇဉ်တွေကြွင်းမယ်၊ အဲဒီပုထုဇဉ်တွေမှန်မှန်သမျှ သူသူ့ငါငါ ဆိုသလိုပဲ သေသည်၏အခြားမဲ့၌ မနေ့ညကပြထားတဲ့ ဒေဝဂတိ, မနုဿဂတိ, ပေတဂတိ, နိရယဂတိ, တိရစ္ဆာနဂတိဆိုတဲ့ ဂတိငါးမျိုးမှာ သူကျချင်ရာကျမယ်၊ ရောက်ချင်ရာရောက်မယ်၊ ဖြစ်ချင်ရာဖြစ်မယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အဲဒါ ဝိနိပါတဘေးလို့ ခေါ်တယ်၊ ဘေးကို မြန်မာလိုပြန်တော့ ဘာခေါ်သလဲ (ကြောက်စရာခေါ်ပါတယ်ဆရာ)၊ အေး . . . ကြောက်စရာဘေးလို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

ဘေးဆိုတာ ကြောက်စရာကိုခေါ်တယ်တဲ့ မှတ်ထား၊ ဘယ-သဒ္ဒါက ကြောက်ခြင်းလို့ ဟောတယ်၊ ဘေးဆိုတာ ကြောက်စရာလို့ခေါ်၏။ ကြောက်စရာကောင်းတယ် အဲဒါဘေးတွေပဲ၊ ယခု ဒေဝဂတိ, မနုဿဂတိ, ပေတဂတိ, နိရယဂတိ, ပြိတ္တာဂတိဆိုတဲ့ ဂတိငါးမျိုးမှာ ကောင်းတဲ့ဂတိ၊ မကောင်းတဲ့ဂတိလို့ နှစ်မျိုးခွဲလိုက်တော့ ဒေဝဂတိနှင့် မနုဿဂတိ - နတ်နှင့်လူကတော့ ဂတိကောင်းလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါက သုဂတိဘဝ သုဂတိလို့ ခေါ်တယ်၊ အဲဒီသုဂတိလားရမှာ ကြောက်စရာလိုသေးလား (မလိုပါဘူးဆရာ)၊ ဟာ ကောင်းတဲ့ဂတိလားရမှာ ကြောက်စရာမလိုပါဘူး၊ ဒါဖြင့် တိရစ္ဆာနဂတိ, ပေတဂတိ, နိရယဂတိတွေကျတော့ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒါကျတော့ ဒုဂ္ဂတိဘဝလို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ သုဂတိ, ဒုဂ္ဂတိလို့ နှစ်မျိုးထွက်လာတယ်၊ အဲဒီဒုဂ္ဂတိဘဝသို့ လားရမှာ အင်မတန်ကြောက်စရာကောင်းပါတယ်။ ဒါကြောင့် အဲဒီသုဂတိနဲ့ ဒုဂ္ဂတိ ဆိုတဲ့နှစ်မျိုးရှိသည့်အနက်က ကံ, ကံ၏အကျိုးတရားကို ယုံကြည်အားကိုးကြတဲ့ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးကျတော့ သူတော်ကောင်းတရားကို နာကြားတဲ့အခါ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ခေါ်ထားတဲ့ မကောင်းတဲ့ ဒုဂ္ဂတိဘဝသို့ လားရမှာ၊ ရောက်ရမှာ အင်မတန်ကြောက်လွန်လွန်းလို့ ထိုမကောင်းတဲ့ ဒုဂ္ဂတိဘဝ အပါယ်လေးပါးမှ လွတ်ပါစေခြင်းအကျိုးငှာ ဆိုပြီးတော့ ဒါနမှု, သီလမှု, သမထမှု ဆိုတဲ့ အစုစုသော ကုသိုလ်ကောင်းမှုတွေကို ကြိုးစားအားထုတ် အလုပ်လုပ်ကြ၏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို လုပ်နေကြတယ်။

မိမိတို့ အပါယ်လေးပါးကိုလားရမှာ အလွန်ကြောက်ကြတယ်၊ မတော်တဆ ငါသေသွားရင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးသို့ ရောက်သွားရင် ခက်လှချည်ရဲ့

http://www.dhammadownload.com



ကြောက်ကြတယ်၊ ကြောက်လို့မသေမချင်း ကုသိုလ်တွေကို ကြိုးစားထားတာပဲ၊ တတ်အားသမျှ ဝန်နှင့်အား မြှားနှင့်လေးဆိုသလိုပဲ တို့မှာ အင်အားရှိသမျှ သဒ္ဓါတရားရှေ့ထားပြီးတော့ ဒါနခန်း၊ သီလခန်းက စပြီးတော့ အတော်ကြီးပဲ ကြိုးစားအားထုတ် အလုပ်လုပ်နေကြတယ်၊ သူတို့ ရည်ရွယ်ချက်ကြည့်လိုက်ပြန်တော့ ဘာဖြစ်လို့လဲဆိုတော့ အခုပြောတဲ့ ဒုဂ္ဂတိခေါ်ထားတဲ့ မကောင်းတဲ့ဂတိ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ခေါ်တဲ့ အပါယ်လေးပါးမှာ ကျမှာစိုးလို့၊ ရောက်ရမှာစိုးလို့၊ ကြိုးစားအားထုတ်ရတယ်လို့ ဒီလိုအဖြေထွက်လာတယ်၊ ဒါပေမယ့် သူတို့ပါးစပ်ထဲက ရွတ်တယ်၊ ဒါမပြောဘူး။ နောက်ဘဝမှာ ချမ်းသာချင်ကြတာပေါ့၊ လူ့ဘဝ, နတ်ဘဝရောက်ချင်ကြတာပေါ့၊ လူကောင်း, နတ်ကောင်း ဖြစ်ချင်ကြတာပေါ့၊ အတူတူပါပဲ မထူးကြပါဘူး၊ ဒါကြောင့် အပါယ်ဘေးကို ကြောက်တဲ့အနေအားဖြင့် ကာကွယ်တဲ့အနေအားဖြင့် ဒုဂ္ဂတိဘဝသို့ လားရမှာစိုးလို့၊ ရောက်ရမှာစိုးလို့ ဒါန, သီလ အစရှိသော ကုသိုလ်ကောင်းမှုတွေကို ကြိုးစားအားထုတ် အလုပ်,လုပ်ကြတယ်လို့ သူသူငါငါ နားလည်ထားပါတယ်၊ ဒီအတိုင်းပဲ ရှိပါတယ်။

မနေ့ညက ပြောသွားတဲ့အတိုင်း ကောင်းပါပြီ၊ ဒါဖြင့် သေသည်၏အခြားမဲ့၌ ပုထုဇဉ်ဘဝနဲ့ သေခဲ့သော် ဘုရားရှင်ကိုယ်တော်မြတ်ကလည်း ဟောထားတယ်၊ ပုထုဇဉ်ဘဝနဲ့ သေသွားလို့ရှိရင်ဖြင့် ဂတိမမြဲဘူးလို့ ဆိုထားတဲ့စကားအတိုင်းပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပုထုဇဉ်ဘဝနဲ့ သေသွားလို့ရှိရင် ဂတိမြဲရဲ့လား (မမြဲပါဘူးဆရာ)။ ဒါဖြင့် ပုထုဇဉ်ဘဝနဲ့သေသွားရင် ဂတိမမြဲဘူးဆိုတော့ သေသွားတဲ့ ပုထုဇဉ်ကို တွက်ကြည့်စမ်း၊ ငါမနေ့ညက ပြောထားတဲ့ ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်တွေ တောင်ပုံ,ရာပုံ ပုံနေစေကာမူ ပုထုဇဉ်ဘဝနဲ့ သေသွားရင် ဂတိမြဲပါ့မလား (မမြဲပါဘူးဆရာ)၊ ဟော မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ ဒါကြောင့် ဒါန, သီလ, သမထဆိုတဲ့ ကုသိုလ်တစ်ရွေးသားမှမပါတဲ့ သူယုတ်မာ သေသွားကော ဂတိမြဲပါ့မလား (မမြဲပါဘူးဆရာ)၊ သူတော်ကောင်းသေရင်လည်း မမြဲဘူး၊ သူယုတ်မာ သေရင်လည်း မမြဲဘူး၊ ဂတိမမြဲဘူး ဆိုတာကို ပြောနေတာနော်၊ သေသေချာချာ နားလည်အောင်လည်း မှတ်ထားကြပါ၊ စဉ်းစားလည်း စဉ်းစားကြပါ၊ ဂတိမမြဲတာ ပြောနေတာ။

တစ်ချို့က ဘယ့်နဲ့ထင်နေသလဲဆိုတော့၊ မနေ့က ငါပြောဆိုသလိုပါပဲ၊ ကိုယ်က ရတနာသုံးပါးရဲ့ဂုဏ်ကို ယုံကြည်ပြီး သူတော်ကောင်းပီပီ ဆိုသလိုပါပဲ၊ ရတနာသုံပါးကို အမြဲမပြတ် ရှိသေလေးစားဆည်းကပ်လို့ နိစ္စဗဒ္ဓအားဖြင့် ပြုစုလို့၊ ဒါန, သီလ, သမထ, ကုသိုလ် ကောင်းမှုတွေကို ထပ်တလဲလဲ ကြိုးစားအားထုတ်လို့၊ သူတော်ကောင်းအလုပ်ကြီးနဲ့ လုပ်နေရော လုပ်နေတဲ့အတိုင်းလည်း ကိုယ်က ထင်နေသကိုး၊ ငါက သူတော်ကောင်းတစ်ယောက်ပဲလို့ ဂတိမြဲနေပြီ၊ သေသွားရင်တော့ သုဂတိဘဝ

http://www.dhammadownload.com



လားမှာ ဒုဂ္ဂတိဘဝတော့ မလားနိုင်ပါဘူး၊ အဲဒီလို ထင်နေကြတယ်။ အဲဒီလို ယုံကြည်လေးစား ကြိုးစားပြီး သူတော်ကောင်းအစစ်နဲ့ နေရင်းက နေပြီးတော့ ရုတ်တရက် သင်တန်းလာလိုက်တယ်၊ လိုက်လာတော့ ရုတ်တရက် ဒီကနေ ပြောဟောတဲ့စကားကို ကြားလိုက်ရော ကုသိုလ်တွေ တောင်ပုံ,ရာပုံ ပုံပေမယ့် ပုထုဇဉ်ဘဝနဲ့ သေရင် ဂတိမမြဲသေးဘူး၊ အပါယ်လေးပါး လားချင်ရာလားတာ သုဂတိဘဝ ရောက်ချင် ရာရောက်တာပဲလို့ ဒီလိုဟောကြားတာကို နာရတယ်၊ နားထဲမှာ စိမ့်စိမ့်ဝင်သွားလို့ မခံနိုင်ဘူး၊ ဒါဖြင့် ငါယုံကြည်ကိုးစားသော အနေအားဖြင့် ကြိုးစားပမ်းစား ပြုလုပ်နေတဲ့ ကုသိုလ်တွေဟာ အလကား ဖြစ်ရတော့မလားလို့ တချို့လည်းမခံရပ်နိုင်ဖြစ်တယ်၊ မနေ့တုန်းက ငါရှင်းလင်းသွားပါပြီ၊ အလကား မဖြစ်ပါဘူး၊ ဒါတွေဟာ အခွင့်သာတဲ့ အလှည့်ကျတော့ အကျိုးတွေပေးမှာ အမှန်ပါပဲ၊ အဟောသိကံလည်း ဖြစ်တာလည်းဖြစ် မဖြစ်တာလည်း မဖြစ်ပေ့၊ ဇောကလည်း အမျိုးမျိုးရှိတာပဲ တို့လုပ်လာကြတဲ့ ကုသိုလ်ဇော၊ အကုသိုလ်ဇောတွေ အမျိုးမျိုးရှိကြတယ်၊ အဟောသိကံဖြစ်ကောင်းတဲ့ ဇောတွေရှိတယ်၊ "အဟောသိကံ"မဖြစ်ကောင်းတဲ့ ဇောတွေရှိတယ်၊ အခွင့်ကြုံလို့ရှိရင် အကျိုးပေးမှာ အမှန်ပဲလို့။ ဒါပေမယ်လို့ ဒီကပြနေတဲ့သဘာဝက ဒီဘဝကသေသွားလို့ရှိရင် ဒုတိယဘဝသွားဖြစ်မည့် အဓိပ္ပာယ်ရှင်းနေတာ ဒီဘဝက သေလို့ရှိရင် ဒုတိယဘဝ သွားရာလမ်းစဉ်တွေကို ပြတယ်၊ ဒုတိယဘဝလားရမည့်ဂတိကို ပြနေတာ၊ ဒီဘဝမှာ လက်ငင်းသေသွားလို့ရှိရင် ချက်ချင်းပဲ ဘယ်ဘဝ လားရမှာလဲ ရောက်ရမလဲ၊ ကိုယ်ရောက်ချင်တာက လူ့ဘဝ, နတ်ဘဝ ရောက်ချင်တယ်၊ ကိုယ်ရောက်ချင်တာရောက်ရဲ့လား၊ မရောက်ရဘူး၊ ကုသိုလ်တွေ တောင်ပုံ,ရာပုံနဲ့ သေသွားတော့ အပါယ်လေးပါး လားချင်လားရတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ကုသိုလ်တွေ တောင်ပုံ,ရာပုံနဲ့ သေသွားရင်တောင် အပါယ်လေးပါး လားရင် ကုသိုလ်တစ်ရွေးသားမှ မရှိတဲ့ပုဂ္ဂိုလ်ဆိုရင် သာမဆိုးဘူးလား (ပိုဆိုးပါတယ်ဆရာ)၊ ပိုဆိုးတယ်။ ဒါကြောင့် ဒါန, သီလ, သမထခေါ် ထားတဲ့ မိမိတို့ ကကယ်ယုံကြည်ကိုးစားအားထားနေတဲ့ ကုသိုလ်တရားများဟာ အမှန်စင်စစ် ဝေဖန်ကြည့်လိုက်တော့ ဘုရားရှင်ကိုယ်တော်မြတ်ဟောထားတော်မူတဲ့ ဒေသနာနဲ့ ကိုက်ကြည့်လိုက်တော့ ဂတိမမြဲသေးပါဘူး၊ ဂတိမြဲအောင် မတားနိုင်သေးပါဘူးတဲ့၊ မြန်မာလို ရှင်းရှင်း ပြောမယ်ဆိုရင် ဝိနိပါတဘေးကမအေးသေးဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဝိနိပါတဘေးက ကျော်နိုင်ရဲ့လား (မကျော်နိုင်ပါဘူးဆရာ)။ မကျော်နိုင်တာ အမှန်ပါပဲ၊ အင်မတန် ထင်ရှားပါတယ်၊ အဲဒါကြောင့် မကျော်နိုင်ပုံကို မနေ့ညက သက်သေသာဓကပြခဲ့ပေ့။ ဒါနကုသိုလ်ခန်းကို ကြည့်ပြန်တော့လည်းပဲ ဒါနကုသိုလ်တွေ ပြုလုပ်တဲ့နေရာမှာဖြင့် တို့ဘုရားသာသနာတော်မှာ နံပါတ်တစ် ထိပ်ဆုံးမှာထားလိုက်တဲ့ သီရိဓမ္မာသောကမင်းကြီးကို၊ ဒါနခန်းမှာ သူ့ကို လွှမ်းမိုးနိုင်တဲ့ ပုဂ္ဂိုလ်မရှိဘူး၊

http://www.dhammadownload.com



ကုသိုလ်တွေအားကြီးနေတာ အားမကြီးဘူးလား (အားကြီးပါတယ်ဆရာ)၊ အဲဒီလို တောင်ပုံရာပုံ ပုံနေတဲ့ သီရိမမွှာသောကမင်းကြီးရဲ့ ဒါနကုသိုလ်များသည် သေသည်၏အခြားမဲ့၌ ပရမ်းပတာ ကျတတ်တဲ့ ဝိနိပါတဘေးကြီးကလွတ်အောင် ကာကွယ်နိုင်ရဲ့လားဆိုတော့ မကာကွယ်နိုင်လို့ သီရိမမွှာ သောကမင်းကြီး သေသွားတော့ မြွေဖြစ်ရတယ်တဲ့၊ မဟုတ်ဘူးလားကွယ် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဂတိမမြဲတာကို ပြတယ်၊ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။

## ခဝဲပွင့်လေးပွင့် လှူဒါန်းတာနဲ့ နတ်ပြည်ရောက်သွားခြင်း

ဟော ဒါနခန်းလေးကို မနေ့ညကပြောထားတာ ဘာမှတန်ဖိုးမရှိတဲ့ တောထဲမှာပွင့်နေတဲ့ ခဝဲ ပန်းကို လှူဒါန်းတဲ့ ဒါယိကာမတစ်ယောက်က သေသည်၏အခြားမဲ့၌ အဲဒီကုသိုလ်ကောင်းမှုထောက် ပံ့တော့ နတ်ပြည်၌နတ်စည်းစိမ်တွေရသွားတယ်၊ ခဝဲပွင့်နတ်သမီးလို့ခေါ်ခံရတယ်၊ (ဝိမာန- ၆၆-နှာ) ဟော . . . ဒီဘဝကျပြန်တော့လည်း ကုသိုလ်တွေ အကျိုးပေးလိုက်တော့ နတ်ပြည်ရောက်သွားပြန် ရောနော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူဖြစ်ချင်သလို ဖြစ်နေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်အကျိုး အခွင့်သာပြီးတော့ ကောင်းရာသုဂတိသို့ လားချင် လား သွားတာပါပဲ၊ ဒီကုသိုလ် အခွင့်အရေးမသာဘဲနဲ့ ကုသိုလ်တွေ တစ်ပုံတစ်ခေါင်း ရှိလျက်သားနဲ့ အပါယ်လေးပါး လားချင်လားသွားတာပဲ၊ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါတွေကို ဆန်းစစ်ကြည့် လိုက်တော့ ဘာဖြစ်သွားသလဲဆိုတော့၊ လူ, ပုဂ္ဂိုလ်အနေနဲ့ သူက ပုထုဇဉ်ဘဝ ရှိနေသေးတယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဝိနိပါတဘေးဆိုတာ ပရမ်းပတာ ကျတတ်သောဘေးတဲ့၊ သူကျချင်ရာ ကျ, သူဖြစ်ချင်ရာဖြစ်, သူရောက်ချင်ရာရောက် အဲဒီလို ဖြစ်နေတယ်တဲ့၊ အဲဒါ ဘေးလို့ ခေါ်ပါတယ်။

ဒါကြောင့် အရိယာပုဂ္ဂိုလ်မဖြစ်သေးသမျှ ကာလပတ်လုံး ပုထုဇဉ်ဘဝနဲ့ သေသွားကြရင်ဖြင့် သေသည်၏အခြားမဲ့၌ ကောင်းသောဂတိ၊ မကောင်းသောဂတိလို့ နှစ်မျိုးနှစ်စားရှိသည်။ ဂတိငါးပါးမှာ သူလားချင်ရာလားတတ်တယ်၊ သူဖြစ်ချင်ရာဖြစ်တတ်တယ်၊ သူရောက်ချင်ရာရောက်တတ်တယ်လို့ နှစ်စထွက်လာပါတယ်နော် (မှန်ပါတယ်ဆရာ)၊ မသေမချာမရေမရာ ဆိုတာ နှစ်စထွက်လာခြင်း ဖြစ်တယ်။ အဲဒါကို အဓိကထားပြီးတော့ ပြနေတယ်၊ ဒါကြောင့် ဒါနကုသိုလ်ကို မလုပ်ရဘူး၊ သီလ ကုသိုလ်ကို မလုပ်ရဘူး၊ သမထကုသိုလ်ကို မလုပ်ရဘူးလို့ ဒီလိုပြောတာ မဟုတ်ပါဘူး။ ဒီနေရာ လေးမှာတော့ အပြန်ပြန်အလှန်လှန် စဉ်းစားကြပါ။ အပြစ်တွေလည်း မတင်ကျပါနဲ့။ ဒီလိုပြောတာ မဟုတ်ပါဘူး၊ အဲဒီလိုကုသိုလ်တွေ အင်တိုက်အားတိုက် တောင်ပုံ ရာပုံ ပုံအောင် ကြိုးစားနေတဲ့ ပုဂ္ဂိုလ်များအနေအားဖြင့် အဲဒီလို ကြိုးစားတောင်မှ အပါယ်လေးပါး လားရသေးတယ်ဆိုတော့ ဘာမှ မလုပ်ရင် ပိုဆိုးမှာပေါ့ ဒီလိုတွက်ပါနော် (မှန်ပါတယ်ဆရာ)၊ ဂတိမြဲတာ မမြဲတာကို အဓိကထားပြီး

http://www.dhammadownload.com



ပြနေတာ။ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က ဝိနိပါတဘေးတဲ့၊ ပုထုဇဉ်များသည် ဝိနိပါတဘေးက ပြေးလို့ မလွတ်ပါဘူးတဲ့၊ အင်မတန်ကို မှတ်လောက်သားလောက်တဲ့ အခန်းလို့ ခေါ်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ တို့များကလည်း ထပ်လောင်းပြီးတော့ အကြိမ်ကြိမ်အဖန်ဖန် သတိပေးနေတာ တခြားမဟုတ်ပါဘူး၊ တို့လူစုက တော်တော်အထင်ကြီးနေကြတယ်၊ ကုသိုလ်ကောင်းမှုတွေ အတော်အတန်လေး ဒါနခန်း, သီလခန်းဆိုသလိုပဲ ကြိုးစားမိတယ် ဆိုလို့ရှိရင်ဖြင့်၊ **အထုပ်,ထုတ်မိတယ်ဆိုရင်** အားကိုးနေကြတယ်။ ဒါနဲ့ ရှေ့မတိုးဘူး၊ ဒါကိုပဲ အားကိုးနေကြတယ်၊ ငါဘုရားဒါယကာ, ငါကျောင်းဒါယကာ, ငါဇရပ်ဒါယကာ, ငါရေတွင်းဒါယကာ, ငါသိမ်ဒါယကာ, ငါရဟန်းဒါယကာ, ရှင်ဒါယကာ, ငါပိဋကတ်သုံးပုံ လှူထားတာပဲ, ဘယ်နေရာမှာ လှူထားတာ, ဘယ်နေရာမှာ အဆောက်အဦးတွေ ဆောက်လုပ်ထားတာ, ငါမလုပ်ဘူးတဲ့ကုသိုလ်တွေ မရှိဘူး၊ ငါရှာဖွေထားတဲ့ ဥစ္စာပစ္စည်းတွေ ငါကြိုးစားပမ်းစားလုပ်လာတာ၊ လူမှန်းသူမှန်းသိတဲ့ အချိန်ကစပြီးတော့ ကြိုးစားအားထုတ်လာတဲ့ ကုသိုလ်တွေ မနည်းတော့ဘူးဟဲ့၊ အဲဒီကုသိုလ်တွေတော့ ငါအားထားရတာပဲလို့၊ ငါတော့ နေကျိုးနပ်, သေကျိုးနပ်တော့တယ်။ ဟော . . . ဒါနဲ့ ရှေ့မတိုးဘူး၊ ဒါပဲ တွယ်ကပ်ပြီးတော့ အထင်ကြီးအမြင်ကြီးနဲ့ နေလာကြတာ၊ ဒါလေးကို လက်ကိုင်ထားပြီးတော့ အားကိုးတကြီး ပြုနေတာပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရှေ့ကို မတိုးတော့ဘူး၊ ရှေ့တိုးပြီး ကြိုးစားရမှန်းလည်း မသိဘူး၊ ရှေ့တိုးပြီး ဒါထက်ကြိုးစားလိုက်စမ်းပါ။ ဒါလောက် ဝန်မလေးပေမယ့် တန်ဖိုးမသေးတဲ့ သူရဲ့အဆပေါင်းများစွာ အင်မတန်တန်ဖိုးရှိတဲ့ ကုသိုလ်တွေ ရှိပါသေးတယ်လို့၊ တိုက်တွန်းမည့်ပုဂ္ဂိုလ်လည်း မရှိဘူး၊ ဟောပြောပေးမယ့် ပုဂ္ဂိုလ်လည်း မရှိဘူး၊ လမ်းပြမယ့်ပုဂ္ဂိုလ်လည်း မရှိဘူး၊ တို့လူစုတွေ ဒါနဲ့ ရပ်တန့်ပြီး နေကြတယ်၊ ဒီလိုဖြစ်နေကြတယ်နော် (မှန်ပါတယ်ဆရာ)။

ဒီလိုနေတော့ ဒီလိုသေတယ်၊ ဒီလိုသေတော့ ဝိနိပါတဘေးက မလွတ်ဘူးပေါ့၊ လွတ်ရဲ့လား (မလွတ်ပါဘူးဆရာ)၊ မလွတ်တာအမှန်ပဲလို့၊ အဲဒါ တကယ်မသိသေးကြတဲ့ လူများအတွက် သိအောင် ပြောပြနေတာ ဘာဖြစ်လို့၊ ထပ်ပြန်တလဲလဲ နားလည်အောင်ပြောနေတယ်ဆိုတော့ ဒါန, သီလ,သမထ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်နေတာကို မလိုလားလို့ ပြောနေတာမဟုတ်ပါဘူး၊ မနှစ်သက်လို့ ပြောနေတာ မဟုတ်ပါဘူး၊ ဒါနနှင့် တင်းတိမ်နေပြီးတော့ ရပ်မနေကြပါနဲ့၊ ဒါထက်မြတ်တယ်ဆိုတဲ့ သာသနာတော်နှင့် တွေတဲ့, ကြုံတဲ့အခါမှာ သိသင့်သိထိုက်သိကောင်းသော သိအပ်သော ရသင့်ရထိုက် ရကောင်းရအပ်သောဆိုတဲ့ ဝိပဿနာကုသိုလ်ကို ဖြစ်စေချင်တယ်၊ ပိုက်ဆံငွေကြေးလည်း မကုန်ရပါဘူး၊ ဒါနဆိုတာ ပိုက်ဆံငွေကြေးတွေအကြီးအကျယ် အကုန်ကျခံပြီးတော့ အလုပ်မလုပ်ရပါဘူး၊ လူပင်ပန်းခံပြီးတော့ အလုပ်မလုပ်ရပါဘူး၊ သီလခန်းကလိုပဲ စိတ်ပင်ပန်း ကိုယ်ပင်ပန်း ခံပြီးတော့

http://www.dhammadownload.com



ချုပ်တည်းသည်းခံပြီး မနေရပါဘူး။ ဒီဝိပဿနာကုသိုလ်က တစ်ဆင့်တိုးပြီး ကြိုးစားပါလို့ ဆိုလိုပါတယ်၊ ဒါဖြင့် ဝိပဿနာကုသိုလ် တစ်ဆင့်တိုးပြီးကြိုးစားတော့ ဘာဖြစ်သလဲ ဆိုတော့၊ ဒီအခါကျတော့မှ အရိယာအစစ်ပင် မဖြစ်သော်လည်း အရိယာဇာတ်ကို ဝင်သည့်အတွက် စောစောက ပြောထားတဲ့ ဂတိငါးပါး လားချင်ရာလား၊ ကျချင်ရာကျဆိုတဲ့ ပရမ်းပတာဖြစ်တတ်တဲ့ ဝိနိပါတဘေးက တကယ်လည်း ဝေးတယ်၊ တကယ်လည်း အေးတယ်၊ တကယ်လည်း လွတ်တယ်လို့ ဆိုပါတယ်၊ မကောင်းဘူးလား ကွယ် (ကောင်းပါတယ်ဆရာ)။ တစ်ပြားတစ်ချပ်မှ မကုန်သွားပါဘူး၊ သင်တန်းဆင်းသွားတဲ့ သင်တန်းသားအဟောင်းများကို မေးကြည့်ကြပါ။ မင်းတို့ သင်တန်းလိုက်ရတာ ဘာတွေများ စားရိတ်စက ကုန်တုံး၊ ဘယ်လိုများ အပင်အပန်းခံရတာတုံး၊ မင်းတို့ အခုသိနေတဲ့အသိဉာဏ်က ဘယ်ခရီးအထိ ရောက်သွားကြတာတုံး၊ သူတို့က ပြောလိမ့်မယ်၊ သင်တန်းက တကယ်လိပ်ပတ်လည်ပြီး တရားသိပြီးတဲ့ ပုဂ္ဂိုလ်တွေက ငါက သင်တန်းတက်လို့ ရလာတဲ့အသိဉာဏ်ကို မပြောပါနဲ့တော့။ ငါက သေသွားရင် သပိတ်သွတ်စရာ မလိုတော့ပါဘူးလို့ ပြောရဲကြတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ သူ့ကိုယ်သူ ဂတိမြဲတယ်လို့ သေချာသိသွားပြီပေါ့နော် (မှန်ပါတယ်ဆရာ)။

စောစောက ပြောခဲ့တဲ့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးပါး ကျရောက်မှာ မစိုးရိမ်ရတော့ဘူး၊ တကယ်အပါယ်လေးပါးမှ လွတ်ပြီလို့ သူက သိသွားပြီ။ သူက ရဲရဲဝံ့ဝံ့နဲ့ ပြောလိမ့်မယ်။ ငါသေရင် သပိတ်မသွတ်နဲ့၊ ဆွမ်းမသွတ်နဲ့လို့၊ အမျှအတန်း မဝေပါနဲ့လို့ ပြောရဲဆိုရဲ လာလိမ့်မယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို အကျိုးထူးတွေ ရှိလာလိမ့်မယ်တဲ့၊ ဒါက မင်းတို့ ကြိုးစားပမ်းစားနဲ့ လိုက်နေကြတာ၊ တချို့ကလည်း ရုတ်တရက်အားဖြင့် သင်တန်းအသစ်ဝင်လိုက်လာတော့ ဘယ်လောက်အခြေအမြစ် ခိုင်နေတဲ့ စကားတွေကိုပဲဖြစ်ဖြစ် အသစ်တစ်ဖန် ကြားလိုက်တော့ သူတို့နားက ခံချင်မှခံနိုင်ကြမယ်၊ ကြွားလာပြီ, လေထွားလာပြီ, ဒီလိုအောက်မေ့နေကြတယ်၊ ဒါကြောင့် အစကနေ အဆုံးတိုင် ဆိုက်ဆိုက်မြိုက်မြိုက်နဲ့ လိုက်ကြပါလို့ တိုက်တွန်းပါတယ်၊ ဟုတ်လား, မဟုတ်လားလို့ ကိုယ်တိုင်သိလာပါလိမ့်မယ်။ အင်မတန်တန်ဖိုးရှိတဲ့၊ အပါယ်ဘေးက တကယ်အေးနိုင်တဲ့ ဝိပဿနာကုသိုလ်တရားကို ကြိုးစားနိုင်တဲ့စခန်းကို ရောက်ချင်လွန်းလို့ စောစောက ပြောထားတဲ့ ဒါန, သီလ, သမထ ဆိုတဲ့ ကုသိုလ်ခန်းလောက်ပင် ရပ်တံ့လို့ မနေကြပါနဲ့လို့ ဆိုလိုပါတယ်။ ရပ်တံ့နေတယ်ဆို့လို့ရှိရင်ဖြင့် ဝိနိပါတဘေးက မလွတ်သေးပါဘူး၊ ဝိနိပါတဘေးက မလွတ်သေးရင် သူဖြစ်ချင်ရာဖြစ်၊ သူကျချင်ရာကျ၊ သူရောက်ချင်ရာရောက်မှာပဲလို့ ဒါကို အဓိကထားပြီး ပြောနေတာပါ။

http://www.dhammadownload.com



အဲဒီလိုပြောနေတဲ့ ဥစ္စာလေးလည်း လက်တွေ့သူသူငါငါဆိုတဲ့ တို့ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေ၊ လူတကာတွေသိနိုင်တဲ့ သက်သေသာဓကလေးတွေလည်း ထုတ်ပြပါအုံးမယ်။ ဟုတ်တာပဲလို့ ဝန်ခံလာနိုင်အောင် ပြသပေးပါအုံးမယ်။ ဝိနိပါတဘေးက ပြေးလို့ မလွတ်ပုံ, ရှောင်လို့ မလွတ်ပုံတွေ မနေ့ညတုန်းကလည်းပဲ ထုတ်သုံးခဲ့ပါပြီ၊ သီရိဓမ္မာသောကမင်းကြီးတို့ တိဿရဟန်းတို့ အာဋ္ဌာရရသေ့, ဥဒကရသေ့, ဒေဝီလရသေ့တို့, သရဘင်္ဂနာရဒရသေ့, အစရှိတဲ့ မြေလျှိုးမိုးပျံ တန်ခိုးကဏ္ဍိပါဒ် ဈာန်အဘိညာဉ်တွေ ရရှိတဲ့ တကယ်သမထလမ်းက သမထကုသိုလ်တွေ ပွားများအားထုတ်တဲ့ ရသေ့ထူးရသေ့မြတ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေကို ပြခဲ့ပါပြီ၊ အဲဒီပုဂ္ဂိုလ်တွေလည်းပဲ ဝိနိပါတဘေးကြီးမှ မကျော်နိုင်သေးဘူး၊ ဒါပေမယ့် တို့ရပ်သူရပ်သားအချင်းချင်း၊ တို့မြို့သူမြို့သားအချင်းချင်း သူသူငါငါ လူတကာတွေရဲ့ ယုံကြည်ချက်ဆိုတဲ့ အချက်ကလေးတွေ တစ်ခါထုတ်ပြရသေးတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒါနကုသိုလ်, သီလကုသိုလ်ဆိုတဲ့ ကုသိုလ်တရားတွေဟာ ဂတိမမြဲတဲ့ ဝိနိပါတဘေးကြီးကို မတားနိုင်ဘူး ဆိုတာ တကယ်ထင်ရှားပါလားဆိုတဲ့ သက်သေသာဓကတွေကို ထုတ်ပြအုံးမယ်။ အဲဒါကြောင့် အင်မတန်ကြောက်စရာကောင်းတယ်ဆိုတဲ့ ဘေးကြီးတွေကို ချပြီးတော့ ရှင်းလင်းပြနေတာ တကယ်ကြောက်စရာကောင်းပါတယ်။

တို့လုပ်နေတဲ့ ကုသိုလ်တရားတွေ တို့အားထားယုံကြည်ပြီးတော့ တို့စိတ်အေး လက်အေးနဲ့ နေလိုက်ကြတာ၊ ဒီလို မဟုတ်သေးဘူးဆိုပဲဟဲ့၊ မဟုတ်ဘူးလားကွယ် (မှန်ပါတယ်ဆရာ)၊ တစ်ခါက အဘိုးအိုကြီးတစ်ယောက်ကို တွေ့ဖူးတယ်၊ စကားပြောဖူး, မေးဖူးပါတယ်၊ ပုတီးလုံးတွေက ခပ်ကြီးကြီးပဲ၊ တစ်တောင့်ထွာလောက်ရှိတဲ့ ပုတီးနဲ့ ပုတီးကုံးလည်မှာ ဆွဲထားတော့ ငါကမေးလိုက်တယ်၊ အဘ . . . ဘယ်သွားမလဲဆိုတော့ အဘိုးကြီးက ကိစ္စလေးရှိတာနဲ့ ဒီကိုလာတာပါ၊ အဘအသက်အရွယ်က တော်တော်ကြီးနေတာပေါ့၊ ကြီးပြီပဲ သေခါနီးပေါ့၊ အဘိုးအိုကြီးကို မေးလိုက်တယ်၊ သေရင် ဘယ်သွားမှာတုံး၊ သူက မပြောတတ်ဘူးလို့ ပြန်ဖြေလိုက်တယ်။ ခက်တာပဲ အဘရယ်၊ ငါသေရင် ဘယ်သွားမလဲ၊ ဘယ်လားမလဲလို့ မပြောတတ်တာ အခက်ဆုံးပါပဲ၊ ခက်တာပဲလို့၊ ဘယ်လိုလုပ်ရမှန်း သူက မသိဘူးတဲ့၊ ဒါဖြင့်ရင် မိမိအတွက် အားကိုးရာလည်း ရှာအုံးပေါ့ဆိုတော့ သူက ပုတီးကုံးကို မြှောက်ပြလိုက်တယ်။ သူ့ကို အားကိုးနေရတယ်တဲ့၊ ဟော . . . အဘသေတော့ ဒီပုတီးက ရှေ့ကနေ ဆွဲသွားမှာလား ဆိုတော့ အဘိုးအိုက ရယ်ပြလိုက်သေးတယ်။ အဲဒါ အားကိုးဖို့ရာ ရှာဖွေပြီး အားကိုးကြတာပေါ့နော် (မှန်ပါတယ်ဆရာ)။ အဲဒါ ပုတီးအားကိုးလောက် တယ်ထင်ပြီးတော့ ပုတီးကုံးကိုပဲ အားကိုးလို့နေတယ်တဲ့၊ ပုတီးချည်း အားကိုးနေတယ်၊ ပုတီးစိပ်တယ်၊ ပုတီးကတော့ ငါ့ကို ကယ်နိုင်ရဲ့၊ ငါသေသွားလို့ ရှိရင် အပါယ်လေး ပါးမလားအောင် ပုတီးက စွမ်းဆောင်လိမ့်မယ်လို့ ထင်နေတယ်။

http://www.dhammadownload.com



အဲဒါကြောင့် တို့လူစုတွေက ဒီလောက်နဲ့ပဲ ရောင့်ရဲတင်းတိမ်ပြီးတော့ ဒါပဲအားကိုးတကြီး လုပ်နေကြတယ်၊ အင်မတန်ကြောက်စရာကောင်းပါတယ်လို့ ဒီတော့ လက်တွေ့အနေနဲ့ တို့က သက်သေသာဓကလေးတွေ ထုတ်ထုတ်ပြီးပြကြစို့။ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေက ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့လူမျိုးတွေ ဆိုတော့ အခုနပြောတဲ့ ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်ဆိုတဲ့ ကုသိုလ်သုံးမျိုးကို ကြိုးစားကြတယ်ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အဲဒါလည်း ကြိုးစားနေကြတယ် ဆိုတော့ သူကအကျိုးတရားကလည်း ခံစားရမှာအမှန်ပါပဲလို့၊ ဒါပေမယ့် ဒီဘဝနဲ့ ဟိုဘဝအကူးသာ ဂတိငါးပါး ဂတိမမြဲမှုဆိုတဲ့ အဓိပ္ပာယ်သာသူမတားနိုင်တာ၊ တစ်နေ့သောအခါကျ အခွင့်အရေး အကျိုးပေးမယ်ဆိုတာ မှန်တယ်၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်း ဒီကုသိုလ်သုံးမျိုး, သုံးစားမှာ ဘယ်ကုသိုလ်ပဲဖြစ်ဖြစ် ကုသိုလ်တရားမှန်ရင်မကြောက်နဲ့လို့ အားပေးစကားပြောထားတာရှိပါတယ်။

"မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ သုခဿေတံ ဘိက္ခဝေ အဓိဝစနံ ယဒိဒံ ပုညာနိ။"

(ဣတိဝုတ္တ ၂၅၀။ အင်္ဂုတ္တရ၊ နှာ၊ ၇၁)

ဘိက္ခဝေ-ချစ်သားရဟန်းတို့၊ ပုညာနံ-ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ် ဆိုတဲ့ ကုသိုလ်သုံးမျိုးသုံးစားတို့မှ၊ မာ ဘာယိတ္ထ-မကြောက်ကြနဲ့။ ဘိက္ခဝေ-ချစ်သားရဟန်းတို့ ယဒိဒံ ပုညာနိ-အကြင်ကုသိုလ်တို့သည်၊ သန္တိ-ရှိကုန်၏။ တံ-ဤကုသိုလ်ကောင်းမှုသည်၊ သုခဿ-ချမ်းသာသုခ၏၊ အဓိဝစနံ-အမည်ပါပေတည်း-တဲ့။

အဲဒီ ဒါန, သီလ, သမထ ဆိုတဲ့ ကုသိုလ်သုံးမျိုးကို လုပ်ရမှာ အားကိုးရမှာ ကြောက်ရွံ့နေတယ်ဆိုရင်ဖြင့် ဒီပုဂ္ဂိုလ်ဟာအမှန်က လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကြီးကို တကယ်ကြောက်တဲ့သူနဲ့အတူတူပဲလို့ တိုက်တွန်းတော်မူတယ်နော် (မှန်ပါတယ်ဆရာ)၊ အေး . . . တိုက်တွန်းတော်မူတယ်လို့၊ ဒီတော့ ကြိုးစားနိုင်သမျှ ကြိုးစားရမယ်၊ မဟုတ်ဘူးလားကွယ် (မှန်ပါတယ်ဆရာ)၊ ကြိုးစားနိုင်သမျှ ကြိုးစားတာတောင်မှ ဒူးလောက်တင်မှ ရင်လောက်ကျဆိုတဲ့စကားလို ဟုတ်ချင်မှ ဟုတ်သေးတာတဲ့၊ လုံးလုံးမကြိုးစားဘဲနေရင်ဖြင့် ဆိုဖွယ်ရာမရှိ၊ ဒါပေမယ့် ကြိုးစားတော့ကောတဲ့၊ စောစောကပြောတဲ့ ဂတိမမြဲသော ဝိနိပါတဘေးကြီး ကျော်နိုင်ရဲ့လားဆိုတော့ မကျော်နိုင်ပါဘူးတဲ့၊ ဟုတ်ဘူးလားကွာ၊ (မှန်ပါတယ်ဆရာ)၊ အဲဒီ မကျော်နိုင်ပုံလေးတွေ ထုံးဝတ္ထုသက်သေသာဓကလေးတွေ ထုတ်ထုတ်ပြီး ပြလိုက်တော့၊ တို့လူစုတွေကို ငါမနေ့က ပြောဆိုသလိုပါပဲ၊ ကိုယ့်ပတ်ဝန်းကျင်က ဘေးတွေ ရမ်းလုပ်နေတာ မသိနားမလည်တော့ မကြောက်ဘဲကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကိုယ့်ပတ်ဝန်းကျင်မှာ

http://www.dhammadownload.com



အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ ဘေးကြီးတွေ ဝိုင်းရံကာဆီးနေတယ်လို့ သိလာရင် ကြောက်ရဲ့လား (ကြောက်ပါတယ်ဆရာ)၊ ကြောက်တယ်နော် (မှန်ပါတယ်ဆရာ)။

ဘေးက လေးဘက်လေးတန် ဝိုင်းထားလို့ ငါ မနေ့ကပြောထားသည့်အတိုင်း ဝိနိပါတဘေးတဲ့၊ နာနာသတ္တဥလ္လောကနဘေးတဲ့၊ ဒုစ္စရိတဘေးတဲ့၊ အပါယဘေးတဲ့၊ အဲဒီဘေးကြီးလေးပါးရဲ့ အဓိပ္ပာယ်တွေကို တစ်ခုစီ တစ်ခုစီ ရှင်းပြပေးလိမ့်မယ်၊ ရှင်းပြီးတော့ မြန်မာလို ပြသွားမယ်၊ ဝိနိပါတဘေး တစ်ခုတည်းပဲ အဓိပ္ပာယ်နားလည်အောင် ရှင်းပြပါမယ်၊ ပြီးတော့မှ "နာနာသတ္တဥလ္လောကနဘေး" ဆိုတာကို တစ်ခါဆက်ပြီးတော့ ရှင်းပြပေးပါမယ်၊ ဒါကြောင့် နံပါတ် (၁) ဆိုတဲ့ ဝိနိပါတဘေးရဲ့ အဓိပ္ပာယ်ကို နားလည်အောင် အကျယ်ဝေဖန်ပြီး ပြောနေတာ၊ အဲဒါကြောင့် ဘာနဲ့သဏ္ဌာန်တူသလဲ ဆိုတော့ မင်းတို့ငါတို့နေရတာ လှောင်အိမ်ထဲမှာ လှောင်ထားတဲ့ ငှက်ကလေးတွေလိုပဲ၊ ကြက်တူရွေး လေးတွေလိုနော် (မှန်ပါတယ်ဆရာ)။

လှောင်အိမ်ထဲမှာ လှောင်ထားတဲ့ငှက်ကလေးဟာ လက်ယာဘက်နံပါးက တိုးမယ်ကြံလည်း အကာနဲ့၊ လက်ဝဲဘက် နံပါးက တိုးမယ်ကြံလည်း အကာနဲ့၊ မျက်နှာမူတဲ့ဘက် ပြေးမယ်ကြံလည်း အကာနဲ့၊ ကျောဘက်ပြေးမယ် ကြံလည်း အကာနဲ့၊ အောက်ဘက် ထွက်မယ်ကြံတော့ အောက်က အပိတ်နဲ့၊ အပေါ်တက်မယ်ကြံလည်း အပေါ်က အဖုံးနဲ့၊ ဒီလိုဖြစ်နေတယ်မဟုတ်လား (ဖြစ်နေပါတယ်ဆရာ)၊ ထွက်ပေါက်ရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ ဘယ်မှထွက်စရာ ရှာမရဘူး၊ လွတ်စရာ အကြောင်းမရှိဘူးတဲ့။ ဒါကြောင့် ငါတို့သူငါ လူတကာတွေကို သေချာကြည့်လိုက်တော့ စောစောက ပြောတဲ့အတိုင်း အရိယာပုဂ္ဂိုလ်ရှစ်ပါး အပထားလို့ အကြွင်းမဲ့ အရှူးအနှမ်းလို့ ခေါ်ထားတဲ့ ပုထုဇဉ် မှန်မှန်သမျှ၊ မျက်နှာကြီးရော, မျက်နှာငယ်ရော, လူလိမ္မာရော, လူမိုက်ရော ပညာရှိရော, သူတော်ကောင်းရော, သူယုတ်မာရော, လူမွဲရော, လူချမ်းသာရော, သူဌေးရော, ကုန်သည်ရော, လယ်သမားရော, ဘိမ်းစားရော, သူခိုးရော, ဓားပြရော, လူသတ်သူရော, သောင်းကျန်းသူရော, သူပုန်ရောနော် (မှန်ပါတယ်ဆရာ)။ အဖြူ၊ အနီ၊ အဝါ၊ အကြောင်၊ အကြား ရှိသမျှ အကုန်လုံး ဘာဖြစ်ဖြစ် အခုပြောတဲ့ ဘေးကြီးလေးပါး၊ ဘေးက ကာလို့ ဟုတ်လား (မှန်ပါတယ်ဆရာ)။ လွတ်နိုင်စရာအကြောင်း ရှိသေးလား (မရှိပါဘူးဆရာ)၊ ဘာပြုလို့ ပုထုဇဉ်တွေကိုးကွနော် (မှန်ပါတယ်ဆရာ)။ လွတ်စရာအကြောင်း မရှိ၊ ဘယ်ဘက်မှ ထွက်ပေါက်ရှာမရ ဖြစ်နေတယ်၊ ဟိုဘက်ကြည့်လည်း ဝိနိပါတဘေးတဲ့၊ ဒီဘက်ကြည့်လည်း နာနာသတ္တဥလ္လောကနဘေးတဲ့၊ ဒီကြည့် ဒုစ္စရိတဘေးတဲ့၊ ဟိုကြည့်တော့ အပါယဘေးတဲ့။ လွတ်ရာလွတ်ကြောင်းရှာလို့ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)။ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။

http://www.dhammadownload.com



အေး အဲဒီလို ကိုယ်မှာသေသေချာချာ ငါ့ပတ်ဝန်းကျင်မှာ ထွက်ပေါက်မရအောင် အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ဘေးကြီးတွေ ကာဆီးနေပါလားလို့ သိလာရင် ဒီလူဟာ အရှိန်တော်တော်လေး သေလာတယ်နော် (မှန်ပါတယ်ဆရာ)။ မဟုတ်တာတွေ မလုပ်ရဲတော့ဘူး၊ မမှန်တာတွေ မပြောရဲတော့ဘူး၊ မကောင်းတာတွေ အတင့်မရဲတော့ဘူး၊ ချောက်ချားလာပေါ့၊ တုန်လှုပ်လာတယ်နော် (မှန်ပါတယ်ဆရာ)။ ကြောက်လာပြီ ထိတ်လာပြီ ရွံ့လာပြီ လန့်လာပြီ အမှုမဲ့အမှတ်မဲ့ မနေနိုင်ဘူး၊ ပျော်ပျော်ပါးပါး၊ မော်မော်ကြွားကြွား၊ တုတုပပ၊ ဝတ်ဝတ်စားစားဆိုတဲ့ အလုပ်တွေလည်းပဲ မလုပ်ဝံ့ဘူး။ ကြောက်လာပြီ တုန်လှုပ်လာပြီ ဒါကြောင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ဘယ်နေရာမှ ထွက်ပေါက်ရှာမရတဲ့ဘေးတွေ မြင်နေတယ်။ ဘယ်နှယ့်နည်းမှ မလွတ်ပါလားဟဲ့။ ဒီလိုဖြစ်လာတယ်နော် (မှန်ပါတယ်ဆရာ)။

အေး . . . အဲဒီလို ကြောက်စရာဆိုတဲ့ ဘေးကြီးတွေမြင်လာတော့ မကောင်းတာတွေ မကျင့်ချင်၊ မဟုတ်တာတွေ မလုပ်ချင်၊ မတော်တာတွေ မပြောချင်တဲ့ စိတ်ကလေးတွေ ဆုံးမတတ်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါမှ သူတော်ကောင်းစိတ်ကလေး တဖြည်းဖြည်းလည်လည်လာတယ်။ အဲဒီ ဘေးကြီးလေးပါး စပြီးတော့ ပြနေတာ တခြားမဟုတ်ပါဘူး။ တစ်စတစ်စနဲ့ ဒီအသိဉာဏ်လေးတွေ ရလာပြီး တစ်နေ့ထက်, တစ်နေ့ ထူးခြားတယ်ဆိုတဲ့ အသိဉာဏ်လေးတွေ ပိုပိုလိုချင်လာပြီးတော့ **သင်တန်းအစကနေ အဆုံးအထိတိုင် လိုက်ချင်ကြပါစေ၊** သင်တန်းကနေ ရုတ်တရက် အကြောင်းအရင်း **သာမညကိစ္စ အသာထားပြီးတော့ မပြန်ကြပါစေနဲ့ဆိုတဲ့** စေတနာအားဖြင့် အဲဒါတရား စည်းဝိုင်းခေါ်ပါတယ်။ သင်တန်းစည်းဝိုင်းတဲ့။ သင်တန်းကနေ ရုတ်တရက် ပြန်မကြွဘူးဆိုပြီးတော့ စည်းဝိုင်းဝိုင်းတဲ့အဓိပ္ပါယ်ပါပဲ။ အဲဒါ အလကားတို့ကို ခြောက်လှန့်ပြီးတော့ သူ့သင်တန်းကို အစကနေ အဆုံးတိုင်လိုက်စေချင်လို့ ခြောက်လှန့်နေတာပဲ။ မြတ်စွာဘုရားကိုယ်တိုင်က ဒီလိုမဟောပါဘူးလို့ ဒီလိုသဘောမထားပါနဲ့။ မြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက်အားဖြင့် ဟောကြားတော်မူတဲ့ ဒေသနာထဲက ထုတ်ပြီးတော့ ပြနေတာလို့၊ ပြီးတော့လည်းပဲ အကယ်တန္တ ကိုယ်က ဒေသနာမသိတောင်မှ ယုတ္တိရှိ, မရှိလည်း စဉ်းစားကြည့် ဟုတ်လား, မဟုတ်လားလို့။

အခု ပြောသွားတဲ့ သဘာဝအတိုင်းနော် (မှန်ပါတယ်ဆရာ)၊ အကုသိုလ်တွေ တင်းကြမ်းပြည့်ကြီးနဲ့ နေတဲ့ပုဂ္ဂိုလ်သေလည်းပဲ စောစောကပြောတဲ့ ဝိနိပါတဘေးက မလွတ်ပါဘူး ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်တွေ တင်းကျမ်းပြည့်နဲ့ သေလည်းပဲ ဝိနိပါတဘေးက ပြေးလို့မလွတ်၊ လွတ်ပါ့မလား (မလွတ်ပါဘူးဆရာ)၊ အေး . . . ကုသိုလ်တွေ ဘယ်လောက်ပဲများများ ပုဂ္ဂိုလ်အနေအားဖြင့် ပုထုဇဉ် အကုသိုလ်တွေ ဘယ်နှဲ့များများ ပုဂ္ဂိုလ်အနေအားဖြင့် ပုထုဇဉ်ကိုးကွနော် (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ဒါပုထုဇဉ်ဘဝနဲ့ သေလို့ရှိရင် ဝိနိပါတဘေးက မလွတ်သေးဘူးဆိုတဲ့ သဘာဝလေး။ အေး ဒါကြောင့် ဘေးမှန်းသိလာရင်, ကြောက်စရာမှန်း သိလာရင် စောစောက ပြောတဲ့ ပျော်မှု, ပါးမှု, မော်မှု, ကြွားမှု, မကောင်းတဲ့ပြုမှု, ကြံမှု, လုပ်မှု, ကိုင်မှု, ရှာမှု, ဖွေမှု ဆိုတဲ့ အလုပ်တွေ သိမ်းဆည်း တတ်တယ်တဲ့၊ သိမ်းဆည်းချင်တဲ့ စိတ်တွေလည်း ပေါ်လာတတ်တယ်တဲ့။

အဲဒီလို ကြောက်စရာဘေးတွေနဲ့မှ တကယ်မြင်အောင်, တကယ်သိအောင် သင်ကြားပြသ မပေး လို့ရှိရင် တို့လူစုတွေ ဓမ္မတောရ-နော် (မှန်ပါတယ်ဆရာ)။ ဓမ္မတောရစခန်းမရှိ, လမ်းမရှိ ထင်တိုင်း လုပ်တယ်, ထင်တိုင်းဖြစ်, ထင်တိုင်းကြံ, ထင်တိုင်းရှာတယ်။ အင်မတန်ကြောက်စရာ ကောင်းတယ်။ အတောမသတ်ပါဘူး၊ သံသရာအတောမသတ်ပါဘူး။ ဒါ မနေ့ညက ငါပြောခဲ့ပါပေါ့၊ အဲဒီလို အတောမသတ်ဖြစ်နေတဲ့အချိန်မှာ သံသရာနှုတ်ခမ်းသတ်ဖို့လည်း ခဲယဉ်းပြီ။ တစ်ဘဝနဲ့ တစ်ဘဝ နစ်နစ်သွားလို့ ဒါ "မနုဿတ္တဘာဝေါ ဒုလ္လဘော"လို့ ဒုလ္လဘတရားငါးပါး၊ လူ့ဘဝ အင်မတန် ရခဲတယ် ဆိုတဲ့ အမြတ်ဆုံးသော ဘဝကြီးရလာပြီးတော့ အရင်းမပြုတ်ကြစေနဲ့လို့နော် (မှန်ပါတယ်ဆရာ)။

ငါ ပုံပြင်လေးတစ်ခုပြောမယ် ကြည့်၊ မသိရင် မကြောက်ဘူး။ သိရင်ကြောက်တယ်။ ဘေးရှိမှန်း မသိရင်မကြောက်ဘူး၊ ဘေးရှိမှန်းသိလာရင် ကြောက်တယ်။ ကြောက်လာရင် မလှုပ်ဝံ့ဘူး၊ မလှုပ်ဝံ့မှ အကုသိုလ်က နည်းနည်းလာတယ် ခေါင်းပါးလာတယ်။ တို့မနေ့ညက ဒါနခန်းမှာထိပ်တန်းက ပြသွားတဲ့ သီရိဓမ္မာသောကမင်းကြီးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ သီရိဓမ္မာသောကမင်းကြီးမှာ ညီတော် တိဿဆိုတာ ရှိတယ်။ အစ်ကိုနန်းစံတော့ ညီဘာဖြစ်တယ်။ (အိမ်ရှေ့မင်းသားပါ)၊ အေး . . . ဟုတ်ပြီ။ နန်းရံနော် (မှန်ပါတယ်ဆရာ)။ အစ်ကိုနန်းစံရင် ညီနန်းရံတဲ့ နန်းရံဆိုတာ သိလား (မသိပါဘူးဆရာ)၊ ဒုက္ခအကြီးစားပဲ။ အစ်ကိုနန်းစံတော့ ညီနန်းရံတဲ့။ နန်းရံဆိုတာ သိလား။ (အိမ်ရှေ့မင်းသားပါဆရာ)၊ အေး . . . ဟုတ်ပြီ ဟုတ်ပြီနော် (မှန်ပါတယ်ဆရာ)၊ နန်းရံဆိုတာ အရံမဟုတ်ဘူးလား။ (အရံပါဆရာ)၊ အေး . . . နန်းတက်ဖို့ အရံထဲကနေတာ၊ အိမ်ရှေ့မင်းသားဆိုတော့ ရှင်ဘုရင်လောင်းပေါ့ကွာနော် (မှန်ပါတယ်ဆရာ)။ အေး . . . အစ်ကိုနန်းစံ ညီနန်းရံတဲ့။ ဒီတော့မှ နောင်တော် သီရိဓမ္မာသောက မင်းကြီးဟာ ရှင်ဘုရင်ဖြစ်နေတော့ ညီတော်တိဿက အိမ်ရှေ့မင်းသားဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ မှတ်ထားကြနော် သေသေချာချာ၊ စိတ်နေစိတ်ထားလေး ပြောင်းသွားပုံလေးတွေ၊ သီရိဓမ္မာ သောကမင်းကြီးဟာ တို့မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ တပည့်တပန်းဖြစ်တော်မူတဲ့ ရဟန္တာအရှင် မြတ်နဲ့တကွ သမ္မုတိသံဃာတော်မြတ်တွေ ကိုးကွယ်နေတာပေါ့ကွနော် (မှန်ပါတယ်ဘုရား)၊ ဒီတုန်းက ရဟန္တာအရှင်မြတ်တွေ အင်မတန်မှ များတယ်၊ အင်မတန်မှ အားရှိစရာကောင်းတယ်၊ ကြည်ညို ဖွယ်ရာလည်း အလွန်ကောင်းတဲ့၊ ရဟန္တာကိုယ်တော်မြတ်ကြီးတွေ ထောင်နဲ့ သောင်းနဲ့ ချီပြီးတော့

http://www.dhammadownload.com



ရှိနေတဲ့အခါကြီးပေါ့၊ ဒီတော့ ဒီရဟန္တာအရှင်ကိုယ်တော်မြတ်ကြီးတွေ ကိုးကွယ်ဆည်းကပ်တော့ သီရိဓမ္မာသောကမင်းကြီးကလည်းပဲ တကယ်ကို တန်ခိုးအာဏာဘုန်းသမ္ဘာလက်ရုံးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဆိုတော့ တယ်ပြီး သာသနာပြုချင်တယ်၊ အမြဲတစေ ကိုယ်တော်မြတ်ကြီးတွေ "နိဗဒ္ဓ" အားဖြင့် ပြုစုတယ် ကောင်းနိုးရာရာပေ့ါ၊ အမွန်မြတ်ဆုံးဆိုတဲ့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, လေးပါးသော ပစ္စည်းနဲ့ ချီးမြှင့်ထောက်ပံ့ ပြီးတော့ အမြဲတစေပြုတယ်။

## အိမ်ရှေ့မင်းသား တိဿ ရဟန်းအပေါ်မှာ အထင်မှားပုံ

အိမ်ရှေ့မင်းသား တိဿက ဒါတွေနားမလည်ဘူး၊ ဒါပေမယ့် သူ့ပုံကြည့်တော့လည်း နည်းနည်းတော့ ဆံပင်မွေးစူးမှာပေ့ါလေ၊ "ဘယ့်နှယ့်လဲ ဒီဦးပြည်းသော ကတုံးနဲ့ ဖန်ရည်အဝတ်ကိုသုံး၊ ရုံနေကြတဲ့၊ ဒီလိုဟာတွေ ဘယ်လိုများ ဦးစားပေးပြီးတော့ ငါ့နောင်တော်ကြီး ဘယ်လိုများအကျိုးမျှော်ကိုးပြီးတော့ ဒီအထိအောင် ပြုစုနေပါလိမ့်" သူ့စိတ်ထဲမှာ ခပ်နည်းနည်းတော့ အကဲခတ်နေတယ်၊ ကျေနပ်မှု သိပ်ရှိဟန်မတူဘူး ဒါပေမယ့် ဝင်မစွက်ပါဘူး။ ဒီလိုနဲ့နေခဲ့တာ တစ်နေ့သောအခါကျတော့ အဲဒီအိမ်ရှေ့မင်းသားတိဿက တောကစားထွက်တယ်၊ တောကစားတယ်ဆိုတော့ သားသမင်ပစ်တာ ပေ့ါကွာနော် (မှန်ပါတယ်ဆရာ)၊ တောကစားထွက်တော့ တဖြည်းဖြည်းနဲ့ တောနက်ထဲ ရောက်သွားတော့ ဟိုမြက်စားနေကြတဲ့ တောသားသမင်တွေဟာ မြူတူးပျော်ပါးနေတာကို တွေ့တယ်တဲ့၊ ဘာသာဘာဝအားဖြင့် မြူတူးပျော်ပါးနေတာတွေ့တော့ သူက ရုတ်တရက် စိတ်ကူးပေါ်လာတယ်။ ကြည့်စမ်း . . . ဩဇာခတ်, အဆီဩဇာလုံးလုံးကြီး ရှားပါးကင်းပြတ်နေတဲ့ မြက်သစ်ရွက်တွေကို စားနေတဲ့ တောသားသမင်များပင် ကာမဂုဏ်တောမှာ တသောသောနဲ့ ပျော်ပါးနေကြတယ်နော် (မှန်ပါတယ်ဆရာ)၊ ကြည့် . . . စဉ်းစားပုံ၊ ငါ့နောင်တော်ကြီး ဦးစားပေးပြီးတော့ အရေးထား ကိုးကွယ်ဆည်းကပ်နေတဲ့ ရဟန်းတော်ခေါ်တဲ့ ပုဂ္ဂိုလ်များမှာတော့ဖြင့် လူများက ဦးဦးဖျားဖျား ကောင်းနိုးရာရာ ဆီဦး ထောပတ်ဖြင့် အမြတ်တနိုး ချက်ပြုတ် လုပ်ကိုင်ထားသော အစာအာဟာရ စားသုံးဖွယ်တွေ စားသောက်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဆိုလို့ရှိရင်ဖြင့် ဘယ်မှာ ဆိုဖွယ်ရာရှိမလဲတဲ့။ အဲဒါထက် ပိုပြီးတော့ ငါးဖြာအာရုံ ကာမဂုဏ်တောမှာ တသောသောနဲ့ သောင်းကျန်းတော့မှာပဲလို့၊ ဒီလိုပဲ အောက်မေ့တယ်နော် (မှန်ပါတယ်ဆရာ)။

ဘယ်နှယ့်မြက်ခြောက်စားနေတဲ့ တောသမင်တွေတောင် ကာမဂုဏ်တောမှာ တသောသောနဲ့ ပျော်ပါးသေးတာ၊ ဆီဦးထောပတ် အမြဲတစေစားနေတဲ့ ဒီရဟန်းတွေ မပျော်ပါးဘဲ နေပါ့မလားလို့၊ မြန်မာလို ပြောတော့ ဒါပါပဲ၊ နှိုင်းယှဉ်ပြီးတော့ စဉ်းစားလာခဲ့တယ်၊ ဒါနဲ့ တိုင်းတော်ပြည်တော်ပြန်

http://www.dhammadownload.com



**ရောက်တဲ့အခါကျတော့ ရောက်လာလာခြင်းပဲ** နောင်တော်အားလျော်စွာ မဦးမချွတ်ဆိုသလိုပဲ သွားပြီး သံတော်ဦးတင်တယ်၊ "အရှင်ဘုရား၊ အခု ညီတော် တောထဲရောက်တဲ့အခါကျတော့ တောထဲမှာ မြင်ခဲ့ရပါတယ်တဲ့၊ အဆီသြဇာခတ် လုံးဝကင်းပြတ်နေတဲ့ မြက်သစ်ရွက်တွေ စားသောက်နေကြတဲ့ တောသားသမင်များပင်လျှင် ကာမဂုဏ်တောမှာ ကိလေသာရောပြွမ်းနေ၍ ပျော်ပျော်ပါးပါးနဲ့ ခံစား နေတာမြင်ခဲ့တော့ ညီတော်စိတ်ထဲမှာ စိတ်က အောက်မေ့တယ်၊ ငါ့နောင်တော်ကြီး ကိုးကွယ်ထား တဲ့ ရဟန်းတော်များဆိုလို့ရှိရင် အားလုံးသော ဒါယကာ, ဒါယိကာမများက ဦးဦးဖျားဖျား အမြတ်တနိုး အနေအားဖြင့် မွန်မြတ်တဲ့ ဆီဦး ထောပတ်တို့ဖြင့် ပြုပြင်အပ်သော ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာတွေ စားသုံးနေတဲ့ ငါ့နောင်တော် ကိုးကွယ်ဆည်းကပ်တဲ့ ရဟန်းများဆိုလို့ရှိရင် ဆိုဖွယ်စရာရှိပါတော့မလား၊ ဒါထက် ဆယ်ဆထမ်းပိုးတိုးပြီးတော့ ကိလေသာသောင်းကျန်းမှာပဲလို့ ညီတော်စိတ်ထဲမှာ ဒီလိုပဲ အောက်မေ့မိပါတယ်လို့ နောင်တော်ထံ သံတော်ဦးတင်တယ်။ နောင်တော်ကလည်း ပါးတယ်၊ ရုတ် တရက် သူမေးတဲ့စကား သူပြန်ဖြေနေရင် နားလည်မှာ မဟုတ်ဘူး၊ သူမှ ရဟန်းကိုယ်တော်မြတ်တွေကို ဆည်းကပ်ဖူးတာမှ မဟုတ်ပဲ။ ရဟန်းကိုယ်တော်မြတ်တွေရဲ့ ကျင့်ဝတ်သိက္ခာလည်း နားမလည်ဘူး၊ ငါ့ညီတော် ဒီအတိုင်းသာ ပြန်ဖြေရင် နားလည်ဖွယ်ရာ အကြောင်းမရှိဘူးတဲ့။

ငါတော့ သူ့အမေးကို ပရိယာယ်နဲ့ ဖြေမှပဲလို့၊ သူမေးတဲ့အမေးစကား မကြားချင်ယောင်ဆောင် ပြီးတော့ ဘာပြောလဲ ဆိုတော့ "ဟဲ့ . . . ညီတော် ကနေ့ကစပြီးတော့ ငါ့ရဲ့နန်းစည်းစိမ် ခုနစ်ရက် ခံစားပေတော့၊ ရှင်ဘုရင်လုပ်ပေတော့ ခုနစ်ရက်၊ ရှင်ဘုရင်လုပ် ခုနစ်ရက်ပြည့်မြောက်တဲ့အခါကျ တော့ သင့်ကို ငါသတ်ရလိမ့်မယ်" တစ်ချက်လွှတ် အမိန့်တော်များ သတ်မှတ်လိုက်တယ်၊ ညီတော်က စောစောက ပြောတဲ့စကားနဲ့မစပ်၊ ထိုစကားလည်း ကြားယောင်မတူ၊ ရုတ်တရက် ရှောင်တခင်အားဖြင့် အမိန့်တော်မြတ် သတ်မှတ်တာက "ဟဲ့ . . . ညီတော် ကနေ့က, စပြီးတော့ ခုနစ်ရက်တိတိ ရှင်ဘုရင့် စည်းစိမ်ခံစားပေတော့၊ ခုနစ်ရက်စေ့ရောက်တဲ့အခါကျ သင့်ကို ငါသတ်ရလိမ့်မယ်" အမိန့်တော်မြတ် သတ်မှတ်ပြီး လွှတ်လိုက်တယ်၊ ညီတော်လည်း မျက်နှာငြိုးငယ်နဲ့ ကြောက်အားတွေပိုပြီးတော့ ဆင်း လာခဲ့တယ်၊ သေသေချာချာကြည့်စမ်း သေဘေးကြုံမလာဘူးလား (ကြုံလာပါတယ်ဆရာ)၊ သေဘေး ကြုံလာတော့ မကြောက်ဘူးလား (ကြောက်ပါတယ်ဆရာ)၊ ဒါဖြင့် ရှင်ဘုရင်ပေးထားတဲ့ ရှင်ဘုရင့် စည်းစိမ်တွေနှင့် မောင်းမမိဿံ ခြွေရံသင်းပင်းနဲ့ တကယ်ရှင်ဘုရင့်စည်းစိမ်ကြီးကို ခံစားနိုင်သေးလား (မခံစားနိုင်ပါဘူးဆရာ)၊ ခံစားနိုင်သေးရဲ့လား (မခံစားနိုင်ပါဘူးဆရာ)၊ ခံစားချင်တဲ့စိတ်ကော ရှိသေး ရဲ့လား (မရှိတော့ပါဘူးဆရာ)၊ ဘာကြောက်လို့လဲ၊ (သေမှာကြောက်လို့ပါဆရာ)၊ သြော် . . . သေမှာ ကြောက်လို့၊ သေမှာကြောက်လို့နော် (မှန်ပါတယ်ဆရာ)၊ သေဘေးဆိုတာ၊ ဘေးက ကြောက်စရာ

http://www.dhammadownload.com



ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ သေမှာ ကြောက်တယ်တဲ့၊ ဘယ်လောက်ကြောက်သလဲ သေသေချာချာကြည့်ပါ။

နန်းတော်ကဆင်းလာပြီး တမှိုင်မှိုင်တတွေတွေနဲ့ လက်ချိုးပြီးတော့ ရက်တွေ ရေတွက်နေတယ်၊ တစ်ရက်ရှိသွားပြီ ရှင်ဘုရင်ကအမိန့်ပေးလိုက်တယ်၊ ထီးစည်းစိမ်၊ နန်းစည်းစိမ် ခံစားပေတော့၊ ရှင်ဘုရင် ခုနစ်ရက်လုပ်ပေတော့၊ ရှင်ဘုရင့်အရသာ ခံစားပေတော့၊ ကိုင်း . . စိတ်ကူးတောင်မပေါ်ဘူး၊ ခံစားဖို့ နေနေသာသာနော် (မှန်ပါတယ်ဆရာ)၊ လက်ချိုးပြီး ရက်ရေတွက်နေတော့ ဒီနေ့တစ်ရက်ရှိသွားပြီ၊ နက်ဖြန်ခါဆို နှစ်ရက်ပဲ၊ သန်ဘက်ခါဆို သုံးရက်ပဲ၊ ငါ့အသက်ဖြင့် လူ့ပြည်မှာကုန်တာ၊ သုံးရက်ပဲ ရှိသွားပြီ၊ ခုနစ်ရက်မြောက်ရင် ငါသေရတော့မှာပဲ၊ နောင်လေးရက်ရှိပြန်တော့ လေးရက်ရှိသွားပြီ၊ ငါ့အသက်က လူ့ပြည်မှာနှစ်ရက်လောက်ပဲ ကျန်တော့တယ်၊ ခြောက်ရက်စေ့သွားလို့ ခုနစ်ရက် မြောက်ရင် ငါ့ကို သတ်တော့မှာပဲ၊ နောက်ငါးရက်နေ့ ကျပြန်တော့လည်းပဲ ငါ့အသက်တော့ဖြင့် တစ်ရက်ပဲ နေရတော့မှာပဲလို့၊ ခုနစ်ရက်မြောက်တဲ့အချိန်ကျတော့ ငါ့သေရတော့မှာပဲလို့ သေဘေး ကိုချည်း တွေးနေတယ်။

ရှင်ဘုရင်ပေးထားတဲ့ ရှင်ဘုရင့်စည်းစိမ်ကြီး ခံစားချင်တဲ့စိတ်တွေ ရှိသေးလား (မခံစားချင်ပါ ဆရာ)၊ ဘာဖြစ်လို့လဲ (သေမှာကြောက်လို့ပါဆရာ)၊ အေး . . . ကြောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ကြောက်စိတ်တွေပိုလို့၊ အဲဒါ ဘေးမြင်လာတယ်၊ ဘေးမြင်လာတော့ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ အရသာတွေ ပေါ်သေးရဲ့လား (မပေါ်တော့ပါဘူးဆရာ)၊ စိတ်တွေကော ရှိသေးရဲ့လား (မရှိတော့ပါဘူး ဆရာ)၊ အဲဒါ တိဿမင်းသားကို ကြည့်နော်၊ ဘယ့်သူမှ မကြည့်နဲ့၊ တိဿမင်းသားကို ကြည့်ကြပါ၊ အခုတော့ တို့လူတွေ အဲဒီလိုပဲ သေဘေးလည်းမမြင်ဘူး၊ စောစောကပြောတဲ့ ဘေးကြီးလေးပါးလည်း မမြင်ဘူး၊ မမြင်တော့ ဘယ့်နှယ့်ဖြစ်နေလဲ ဆိုတော့ ပျော်လိုက်ပါးလိုက်ကြတာ၊ တံခါးမရှိ၊ ဓားမရှိ၊ ဟော အခု ငါ မီးလောင်ပြီး ဗိုလ်ချုပ်လမ်းရောက်ခါမှ သာပြီးတော့ လူ့အကြောင်း ကောင်းကောင်းသိ သွားတယ်၊ အရင်တုန်းက မသိပါဘူး၊ ဒီဘက်တန်းနေတော့ ဟိုဘက်တန်းလည်း ရောက်ခဲပါတယ်။ အခုတော့ နေ့တိုင်း, နေ့တိုင်း အားကြီးလိုက်တာလို့၊ အံ့လည်းအံ့သြပါရဲ့၊ နေ့တိုင်း နေ့တိုင်း ဆယ်နာရီ တစ်ဆယ့်တစ်နာရီခွဲအထိ ဆိုက္ကားရော, စက်ဘီးရော, ဖိနပ်သံတွေရော, အုပ်စုလိုက်နဲ့လာလိုက်တာ၊ ဘာတွေများအောက်မေ့တယ်၊ ဓာတ်ရှင် (ရုပ်ရှင်)ကပြန်တာတွေ အဲဒါ တစ်နေ့မဟုတ်၊ နေ့တိုင်း နေ့ တိုင်းနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘယ်လောက်များ အားကောင်းနေသလဲလို့ သေသေချာချာကြည့်။

ဒါနေ့တိုင်း ပျော်ပွဲရွှင်ပွဲမှာ အင်တိုက်အားတိုက်နဲ့ ဒီလောက်များတဲ့ လူတွေ ကြိုးစားပမ်းစား သွားနေတာ သေသေချာချာကြည့်၊ တိဿလိုပဲ မင်းခုနစ်ရက်ပြည့်ရင် မင်းသေလိမ့်မယ်၊ မင်းကို

http://www.dhammadownload.com



သတ်လိမ့်မယ်လို့ အမိန့်ထုတ်ရင် ဒီလူတွေခြောက်ရှင် (ရုပ်ရှင်) သွားပါဦးမလား (မသွားတော့ပါဘူးဆရာ)၊ သွားချင်တဲ့စိတ်ကော ရှိပါဦးမလား (မရှိတော့ပါဘူးဆရာ)၊ ဒါပေမယ့် ခြောက်ရှင် (ရုပ်ရှင်) ဘယ်နေ့လဲ မေးချင်မေးဦးမှာပဲ၊ အဲဒါဘေးရှိမှန်းက မသိတော့ အင်တိုက်အားတိုက် ပျော်နေတာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဘေးရှိမှန်းမသိဘူး ဆိုတော့ အင်တိုက်အားတိုက် ပျော်နေတယ်၊ အဲဒါ ပျော်နိုင်ကြတယ်၊ မော်နိုင်ကြတယ်၊ ကြွားနိုင်ကြတယ်၊ စားနိုင်ကြတယ်၊ သွားနိုင်ကြတယ် ဆိုတဲ့ အဓိပ္ပာယ်နော်၊ ခုနက အိမ်ရှေ့ မင်းသားတိဿလိုပဲ မင်းခုနစ်ရက်ပြည့်ရင် သေလိမ့်မယ်၊ ဒါပေမဲ့ ခုနစ်ရက်တော့ ထီးနန်းစည်းစိမ်ခံစား ဆိုတော့ ထီးနန်းစည်းစိမ်, ရှင်ဘုရင့်စည်းစိမ်ခံစားဖို့ တိဿစိတ်ကူးပေါ်ဖို့ အခါများ မရောက်တော့ပါဘူးလို့၊ သေမယ့်ရက်သာရေတွက်ပြီးတော့ လက်ချိုးနေတယ်။ တစ်ရက်ရှိသွားပြီ၊ နှစ်ရက်ရှိသွားပြီ၊ သုံးရက်ရှိသွားပြီ၊ လေးရက်ရှိသွားပြီ၊ ငါးရက်ရှိသွားပြီ၊ ခြောက်ရက် ရှိသွားပြီ၊ သေရမည့်ဘက် နီးလာလေ မျက်လုံးလေး ပြာကလပ်ပြာကလပ် ဖြစ်လာလေနော် (မှန်ပါတယ်ဆရာ)၊ ဇောချွေးတွေပြန်လို့။

မနက်ဖြန်ဆိုရင် အရုဏ်ကျင်းလို့ အလင်းဘက်ရောက်လာရင် ငါ့အသက် ပျောက်ရတော့မယ်၊ ငါ့အသက် သေရတော့မယ်လို့ အဲသလိုဖြစ်နေတယ်။ ခုနစ်ရက်မြောက်တော့ ရှင်ဘုရင်က ခေါ်ပြီး အခစားဝင်စေတယ်၊ ညီတော်တိဿ ကနေ့ဆိုရင် ငါအမိန့်တော်သတ်မှတ်ထားတာ ခုနစ်ရက်မြောက် ပေါ့၊ မှန်ပ့ါ ဘုန်းတော်ကြောင့် ခုနစ်ရက်မြောက်ကြောင်းပါဘုရား၊ ခုနစ်ရက်မြောက်တာတော့ ဟုတ်တယ်၊ ငါ့ညီတော် . . . ငါပေးထားတဲ့ ထီးနန်းစည်းစိမ်ခံစားလို့ ပြီးပါပြီလား”လို့ ရှင်ဘုရင်က မေးတယ်နော်၊ (မှန်ပါတယ်ဆရာ) မှန်ပ့ါဘုရား၊ ညီတော်မှာဖြင့် နောင်တော်ကြီး ချီးမြှင့်တော်မူသော ထီးစည်းစိမ်, နန်းစည်းစိမ် ခံစားစံစားဖို့ အခွင့်အရေးတွေ ပေးသော်လည်းပဲ ခံစားချင်, စံစားချင်တဲ့ စိတ်စေတနာလုံးလုံး မရှိပါဘုရား။ အို . . . ညီတော် အင်မတန်ကြံခဲကြိုက်ခဲတဲ့ ရှင်ဘုရင့်စည်းစိမ်ကြီး ခုနစ်ရက်ပတ်လုံး ခံစားစေလို့ အမိန့်ပေးထားတာ၊ ဘာကြောင့် ဒီအခွင့်ကောင်းကြီးကို လက်လွှတ်ခံတာတုံး၊ မှန်လှပါဘုန်းတော်ကြောင့် ညီတော်စိတ်ထဲမှာဖြင့် ရက်ကိုသာလက်ချိုးပြီး ရေတွက်နေရပါတယ်ဘုရား၊ တစ်နေ့ထက်တစ်နေ့ တစ်နာရီထက်တစ်နာရီ ငါ့အသက်ဆုံးရှုံးတော့မယ်၊ ငါသေရတော့မည်ဆိုတဲ့ သေရက်ဘက်နီးလာလေ ကြောက်ခြင်းမက ကြောက်လေဆိုတဲ့အနေအားဖြင့် နောင်တော်ဘုရား ပေးသနားတော်မူတဲ့ ထီးစည်းစိမ်, နန်းစည်းစိမ် ခံစားချင်တဲ့ စိတ်စေတနာ လုံးဝမရှိကြောင်းပါဘုရားလို့ လျှောက်တင်တယ်၊ လက်တွေ့ဆုံးမတယ်နော် (မှန်ပါတယ်ဆရာ)။

ဩော် . . . ညီတော် ငါပေးတဲ့ ထီးစည်းစိမ်, နန်းစည်းစိမ် ရှင်ဘုရင့်အရသာ မခံစားချင်တာက တခြားကြောင့် မဟုတ်ပဲ သေဘေးကြောက်လို့ကိုး၊ “မှန်လှပ့ါဘုရား . . . သေဘေးကြောက်လို့ပါ

http://www.dhammadownload.com



ညီတော်ဖြင့် မခံစားလိုကြောင်းပါဘုရား" ဩော် . . . သေဘေးကြောက်တာနဲ့ ဒါခံစားဖို့ စေတနာစိတ်တွေ မရှိဘူးပေါ့၊ မရှိကြောင်းပါဘုရား အေး . . . အဲဒါပဲ ငါ့ညီတို့၊ နောင်တော်ကြီး အမြဲတ်တနိုးထားပြီး ကိုးကွယ်ဆည်းကပ်နေတဲ့ သူတော်သူမြတ်အစစ်ဖြစ်တော်မူကြတဲ့ ရဟန်းတော် အရှင်မြတ်များဟာလည်းပဲ အမြဲတစေ သံသရာဘေးကြီး တွေးတွေးပြီး ကြောက်နေကြတဲ့ပုဂ္ဂိုလ်တွေတဲ့၊ သင်ပြောသလို ဆီဦး ထောပတ်နဲ့ ရသာတွေ စားသုံးပြီးနေပါသော်လည်းပဲ ကိလေသာသောင်းကျန်းမှု ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ အရသာတွေ ခံစားချင်တယ်ဆိုတဲ့ စေတနာတွေဟာ ညီတော်လိုပေါ့တဲ့၊ လုံးဝပေါ်လွင်စရာ အကြောင်းမရှိပါဘူး၊ သက်သေပြသနော် (မှန်ပါတယ်ဆရာ)၊ အဲဒီတော့မှ အိမ်ရှေ့မင်းသားတိဿက ယုံတယ်၊ ဟုတ်မှာပဲ ငါ့တောင် ခုနစ်ရက်ပြည့်ရင် သတ်မယ်ပြောတာနဲ့ ရှင်ဘုရင့်စည်းစိမ်ကြီးတောင် ခံစားချင်တဲ့စိတ်တွေမရှိဘူး၊ သေဘေးကြောက်လွန်လွန်းလို့ ငါ့နောင်တော်ကြီးကိုးကွယ်တဲ့ သူတော်သူမြတ်တည်းဟူသော ရဟန်းတော်အရှင်မြတ်တွေ သံသရာဘေးကြီး တွေးပြီးကြောက်နေခြင်းကြောင့် ငါထင်သလို ငါးဖြာအာရုံ ကာမဂုဏ်၌ မွေ့လျော်လိုသော စိတ်ဓာတ် စေတနာဓာတ်တွေ လုံးဝရှိမယ်မဟုတ်ဘူး ဆိုတာတော့ ငါယုံကြည်ပေါ့၊ ဒီတော့မှ ရှင်ဘုရင့်ပရိယာယ်နဲ့ဆုံးမမှန်းသိတယ်။ အဲဒီအသိဉာဏ်တွေ ပေါ်တဲ့အချိန်ကစ နောင်တော်ကြီးထံမှာ ခွင့်ပန်ပြီးတော့ အိမ်ရှေ့ဥပရာဇာ ဆိုတဲ့ ရာထူးရာခံ မင်းစည်းစိမ်ကြီးကို စွန့်လွှတ်ပြီးတော့ သာသနာ့ဘောင်ဝင်လို့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဖြစ်နဲ့ နေပြီးတဲ့အခါ တရားအလုပ် ကြိုးစားအားထုတ် အလုပ်လုပ်တော့ အာသဝေါတရား ကုန်ခန်းပြီး ရဟန္တာအစစ် ဖြစ်ပါတယ်တဲ့နော် (မှန်လှပါတယ်ဆရာ)၊ အဲဒါ ထုံးစံ သက်သေ သာဓကပါ။

## အခုခေတ်လူတွေ ဘယ်လောက်ကြွားဝါနေ ဘေးကြီးလေးပါး မလွတ်နိုင်

ဒါ့ကြောင့် တို့လူစုလည်းပဲ စောစောကပြောသလို မွေးလာတဲ့အချိန်ကစပြီး ယနေ့ကျအောင် မိမိတို့ပတ်ဝန်းကျင်မှာ မမြင်ကောင်းသော အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ဝိနိပါတဘေး၊ နာနာသတ္တဉပ္ပလောကနဘေး၊ ဒုစ္စရိတဘေး၊ အပါယဘေး ခေါ်ထားတဲ့ ပြေးလို့မလွတ်၊ ရှောင်လို့မလွတ်သော လေးပါးသောဘေးကြီးတွေ ကာဆီးနေတယ်ဆိုတဲ့ အဓိပ္ပာယ်တွေ စောစောကမသိကြတော့ ပျော်လိုက်ပါးလိုက်၊ မော်လိုက်၊ ကြွားလိုက်၊ တုလိုက်၊ ပလိုက်၊ မဟုတ်တာတွေလုပ်လိုက်၊ မတော်တာတွေကြံလိုက်၊ စည်လိုက်၊ စဉ်းစားလိုက်၊ ဝေဖန်လိုက်၊ ပြောလိုက်၊ ဆိုလိုက်၊ လုပ်လိုက်၊ ရှာလိုက်၊ ဖွေလိုက်စားလိုက်၊ ဝတ်လိုက်၊ နေလိုက်ကြတာလို့၊ အကယ်၍ မိမိတို့ပတ်ဝန်းကျင်မှာ ရှောင်ကွင်းလို့မလွတ်ကင်းနိုင်အောင် အင်မတန်ကြောက်ဖွယ်ကောင်းတဲ့၊ ကြောက်စရာကြီးတည်းဟူသော ဘေးကြီး

http://www.dhammadownload.com



တွေ ရှိနေတယ်လို့ အသိဉာဏ်တွေ ပေါ်ထွက်လာတဲ့အချိန်ကစပြီး မုချဒီဂရီတော့လျော့မှာပဲ၊ လျော့လည်းလျော့မှာပဲ၊ လျော့ရုံတင်မဟုတ်ဘူး၊ ဒီလိုဘေးကြီးလေးပါးက တကယ်လွတ်တတ်တဲ့ နည်းကောင်းလမ်းကောင်း နိဿရည်းကောင်းများ ဘယ်မှာ ရှိမလဲဟဲ့၊ ဒီလိုနေလို့တော့ ငါမဖြစ်ဘူး၊ ဒီဘေးကြီးလေးပါးက တကယ်လွတ်နိုင်ကျွတ်နိုင်တဲ့ နည်းကောင်းနိဿယျတော့ ငါရှာမှပဲဆိုတဲ့ လွတ်ချင်ကျွတ်ချင်တဲ့ စိတ်ဓာတ်တွေ ပေါ်ထွက်လာလိမ့်မယ်နော် (မှန်ပါတယ်ဆရာ)။

အေး . . . အဲသလို ဘေးကြီးလေးပါး တကယ်ကြောက်လန့်ပြီးတော့ ဒီဘေးကြီးလေးပါးက ကျွတ်ချင်, လွတ်ချင်တဲ့စိတ်ဓာတ်တွေ ပေါ်ထွက်လာမှ တို့များက ဒါဆွဲခေါ်ရမယ်၊ လိုက်ခဲ့ပါ ရှေ့နားရောက်လို့ရှိရင် သိပ်မကြာလှပါဘူး၊ အဲဒီဘေးကြီးလေးပါးက လွတ်စေရမယ်လို့ တာဝန်ပေးပြီးတော့ ဆွဲခေါ် ရမှာကွ၊ တဖြည်းဖြည်းနဲ့ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဲဒီဘေးရှိမှန်းသိရင် ကြောက်တတ်တယ်ဆိုတဲ့ သဘောသွားလေးကို သေသေချာချာ နားလည်အောင် မှတ်ထား၊ ဒီတော့ စောစောက ပြောထားတဲ့ နံပါတ် (၁) ဆိုတဲ့ သေသည်၏အခြားမဲ့၌ ဂတိငါးပါး လားချင်ရာလား၊ ရောက်ချင်ရာရောက်၊ ကျချင်ကျဆိုတဲ့ ဝိနိပါတဘေးကြီးက ဒါနကုသိုလ်ကလည်း မတတ်နိုင်၊ ကျော်အောင်မလုပ်နိုင် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဝိနိပါတဘေးကြီးက ကျွတ်အောင်, လွတ်အောင် သီလကုသိုလ်ကလည်း မတတ်နိုင်၊ တတ်နိုင်သေးလား (မတတ်နိုင်ပါဘူးဆရာ)၊ ဝိနိပါတဘေးကြီးက တကယ်ကျွတ်လွတ်သွားအောင် သမထကုသိုလ်ကလည်း မတတ်နိုင်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . အဲဒါမတတ်နိုင်တာတွေ ပြောနေတာ မတတ်နိုင်ဘူးလို့၊ ဒါကြောင့် တို့လူစုတွေ အမြဲတစေ လက်ဆုပ်လက်ကိုင် အပိုင်ထားပြီးတော့ ကြိုးစားပြီးသား၊ ဒါနကုသိုလ်, သီလကုသိုလ် စတဲ့ ကုသိုလ်တရားလောက်နဲ့ ရောင့်ရဲတင်းတိမ်ပြီး မနေကြပါနဲ့လို့ ရှေ့တစ်ဆင့်တိုးပြီးတော့ တစ်မျိုးကြိုးစားကြပါလို့ ဘုရားကိုယ်တော်မြတ် တိုက်တွန်းတော်မူခဲ့တယ်၊ ပါဠိတော်တွေလည်း ရှိနေတယ်၊ အဋ္ဌကထာတွေလည်း ရှိနေတယ်၊ ဋီကာတွေလည်း ရှိနေတယ်ဆိုတော့ အင်မတန်လည်းပဲ အားရှိစရာကောင်းပါတယ်၊ အဲဒါရှေ့ဆောင်လမ်းပြအနေအားဖြင့် ပြသမည့်သူမရှိတော့လည်းပဲ တို့လူစုဟာ ဝိနိပါတအစရှိတဲ့ ဘေးကြီးလေးပါး ကျော်နိုင်တာ၊ မကျော်နိုင်တာ အပထားလို့၊ တို့အားထားစရာ ဒီကုသိုလ်ပဲ ရှိတာပဲဆိုပြီး ဒါနဲ့လုပ်နေကြတယ်၊ ဒီလိုပဲနေပြီး ဒီလိုသေကြတယ်နော် (မှန်ပါတယ်ဆရာ)။

## ဒုဂ္ဂတိရောက်မလား၊ သုဂတိရောက်မလား ဗေဒင်မေးစရာမလိုပါ

ဒါကြောင့် လမ်းကောင်းလမ်းမှန် နိဿရည်းကျကျနနနဲ့ ရှေ့ဆောင်အနေအားဖြင့် လမ်းပြပြီးတော့ပေးမယ်၊ ဘေးကြီးလေးပါးကျော်နိုင်တဲ့ စခန်းလမ်းရောက်သွားအောင် ဒီလိုဖြင့်ရင် အရိယာ

http://www.dhammadownload.com



အစစ်ဖြစ်မှ စောစောက ပြောထားတာ၊ အရိယာအစစ်ဖြစ်ရင် အရိယာပုဂ္ဂိုလ်မှတစ်ပါး ကျန်တဲ့ ပုဂ္ဂိုလ်များသည် ဒီဘေးကြီးလေးပါးမှ မကျော်နိုင်ဘူးလို့ ဆိုထားတော့ အရိယာဖြစ်တော့မှာလား၊ အရိယာဖြစ်အောင် လုပ်ပေးမှာလား **ဆိုတော့** အရိယာအဖြစ်လည်းပဲ ရောက်နိုင်ပါတယ်၊ အရိယာအစစ်ကြီး မဖြစ်တောင်လည်းပဲ **အရိယာအစစ်နဲ့** တစ်တန်းတည်းဆိုတဲ့ အရိယာဇာတ်ကိုလည်း ရောက်အောင် ပို့ပေးနိုင်ပါတယ်လို့နော် (မှန်ပါ**တယ်**ဆရာ)၊ ဒီလိုဆိုတော့ အားရှိစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အေး . . . ဒါမှ **ဘေးကြီး**လေးပါးမှ တကယ်ကျွတ်လွတ်သွားမှာ၊ နို့မို့ ဘေးကြီးလေးပါးက မကျွတ်မလွတ်ပဲနဲ့ သေကြရင်ဖြင့် တို့လူစုတွေ သေသေချာချာ တွေးကြည့်လို့ရှိရင် သုဂတိလားတဲ့ ပုဂ္ဂိုလ်က များမလား၊ ဒုဂ္ဂတိဘဝ လားတဲ့ပုဂ္ဂိုလ်က များမလားဆိုလို့ရှိရင် အဲဒါဗေဒင် မမေးပါနဲ့၊ ပိုက်ဆံကုန်မယ် ဒုဂ္ဂတိဘဝလားမှာက များတယ် မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)။

## မိမိလုပ်တဲ့ကုသိုလ် သန့်ရှင်းဖို့ အဓိကကျကြောင်း

အဲဒါ သူရော, ငါရော အတူတူပါပဲ၊ ဘာဖြစ်လို့ မိမိတို့ တကယ်အားထားတယ်ဆိုတဲ့ ကုသိုလ်ကောင်းမှု လုပ်ပုံလုပ်နည်းလေး ကြည့်ပြန်တော့ တကယ့်ကို အပြစ်ကင်းပြီးတော့ သန့်ရှင်းတယ်ဆိုတဲ့ ကုသိုလ်က ခပ်နည်းနည်းဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)၊ နည်းနည်းမဟုတ်ဘူးလား (နည်းနည်းပါဆရာ)၊ ဘာပဲလုပ်လုပ် အဲဒါ သူသူငါငါပေါ့ကွယ် အတူတူပါပဲ၊ မထူးပါဘူး လုပ်နေပုံလေးတွေ အဓိပ္ပါယ်အားဖြင့် ဒါနခန်းကြည့်ပြန်လည်း ကျောင်းဒါယကာ အခေါ်ခံပြီးတော့ ကျောင်းတစ်ဆောင်ဆောက်လှူဒါန်းပြန် ကျောင်းဆောက်တဲ့နေရာလေးမှာ သူလုပ်တဲ့ကုသိုလ်က တကယ်စင်ကြယ်သန့်ရှင်းအပြစ်ကင်းတဲ့ ကုသိုလ်လားဆိုတော့ ခမျာလည်းပဲ ဝန်နဲ့အား မြားနဲ့လေးလို တတ်အားသမျှကြိုးစားရရှာတယ်။ ဒီတော့ ပုံတိုက်အားဖြင့် မတတ်နိုင်တော့ သူဌေးသူကြွယ်လည်း မဟုတ်ပြန်တော့၊ ဖြစ်ကတတ်ဆန်းအနေအားဖြင့် ကြိုးစားတယ်၊ သစ်ဝယ်ပြန်တော့လည်း ခြိုးခြိုးခြံခြံ, သံဝယ်ပြန်လည်း ခြိုးခြိုးခြံခြံ, သွပ်ဝယ်ပြန်လည်း ခြိုးခြိုးခြံခြံနော် (မှန်ပါတယ်ဆရာ)၊ အဲဒီထဲမှာ တချို့လည်း အဆောင်လေးဘာလေး ညှပ်လို့ပေါ့ကွယ်၊ မသန့်ရှင်းတာလေးတွေ ပါသေးတယ်ပေါ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ အဖက်ဖက်ကနေပြီးတော့ ခြိုးခြိုးခြံခြံဆိုတဲ့ နည်းတွေနဲ့ချည်း အလုပ်လုပ်ရတယ်၊ တရားတာလည်းပါတယ်၊ မတရားတာလည်းပါတယ်၊ ဒီတော့ ဒီကုသိုလ်မျိုးဟာ အမှန်စင်စစ် တကယ်သန့်ရှင်းစင်ကြယ်တဲ့ ကုသိုလ်မျိုးလားဆိုတော့ အင်မတန် ရှားပါးတယ်လို့၊ မရှားဘူးလားကွယ် (ရှားပါတယ်ဆရာ)၊ လုပ်ပုံလုပ်နည်းတွေ၊ ဒါနခန်းသေသေချာချာကြည့်ပါ အကုန်လုံး၊ ဒီတော့ အာရုံစိုက်နေတာက ဘယ်ဘက်အာရုံစိုက်နေသလဲဆိုတော့ များသောအားဖြင့် မိမိကြီးပွားမှု, မိမိချမ်းသာမှု,

http://www.dhammadownload.com



မိမိအကျိုးစီးပွားများမှု, မိမိအနေကောင်းမှု, အစားကောင်းမှု, အဝတ်ကောင်းမှု, မိမိတိုးတက်မှု (တစ်နည်း) ငါးဖြာအာရုံ ကာမဂုဏ်တွေ လိုက်စားလို့ ပျော်မှု, ပါးမှု အဲဒါမျိုးတွေ တို့ဂရုစမ္မထားပြီးတော့ ပြုတဲ့ ကုသိုလ်ကောင်းမှုအနေကျတော့ အဖက်ဖက်က နေပြီးတော့ စျေးဆစ်ကြတယ်၊ ဒါအချောင်ရှာတဲ့အနေအားဖြင့် သန့်ရှင်းတာလည်း ပါတယ်၊ မသန့်ရှင်းတာလည်း ပါတယ်။

ဒီအကြောင်းနှင့်ပတ်သက်၍ ဆရာကြီးတစ်ယောက် ပြောဖူးတယ်၊ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ လုပ်တတ်တာ ကုသိုလ်ကဘယ်မှာလာပြီး "မဟပ္ဖလ" အကျိုးပေးနိုင်မှာတုံးတဲ့၊ ကျောင်းဒါယကာအမည်ခံပြီးတော့ ဆောက်တယ်ဆိုလို့ရှိရင်၊ အဲ . . . ဆိုပါတော့ အစိုးရမင်းအထောက်အပံ့ ကျောင်းဆောက်ချင်လို့ သစ်အလှူခံလိုက်ပြီး ဆယ်တန်လို့ အလှူခံလိုက်တယ်၊ အစိုးရမင်းကလည်း သူ့ဥပဒေရှိတဲ့တိုင်း အလှူတော်သစ်ဆိုရင် ခွင့်ပြုလိုက်တာပဲ ဆယ်တန်၊ အဲဒီဆယ်တန်ထဲမှာ အလှူခံတဲ့ ဆယ်တန်နဲ့ ရောပြီးတော့ တန်နှစ်ဆယ်လောက် ချလိုက်တာတဲ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါမျိုးတွေလည်းအများကြီး၊ အဲသလိုလုပ်တော့ ဒီကုသိုလ်ဟာ တကယ်သန့်ရှင်းတဲ့ ကုသိုလ်မျိုးလား ဆိုတော့ မဟုတ်ပါဘူး၊ တကယ်သန့်ရှင်းတဲ့ ကုသိုလ်မဟုတ်ပြန်တော့ တကယ်သန့်ရှင်းတဲ့အကျိုးပေးဖို့ မခက်ဖူးလား (ခက်ပါတယ်ဆရာ)၊ ဒါဖြင့် တို့ကျောင်းဒကာက အဲဒီကုသိုလ်လေး အားထားပြီးတော့ ငါတော့သေရင်တော့ကွယ် အပါယ်လားစရာ မရှိပါဘူး၊ လူကောင်း, နတ်ကောင်းဖြစ်မှာအမှန်ပဲလို့ သူကလည်းဘေးကလူတွေ ယုံကြည်အောင်လို့ ကြွားလိုက်သေးတာပဲလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုနဲ့ သေတာပဲ၊ အမှန်ကတော့ တကယ်သန့်ရှင်းတဲ့ ကုသိုလ်မျိုး ကြိုးစားတဲ့ပုဂ္ဂိုလ်များပင်လျှင် ဒီဝိနိပါတဘေးကြီးက မကျော်နိုင်တာကို လက်တွေ့ပြနေတယ်၊ ဒီလိုမသန့်မရှင်းလုပ်ထားတဲ့ ကုသိုလ်ဆိုရင်ဖြင့် ဆိုဖွယ်ရာမရှိပါဘူး။ ဒါကြောင့် လုပ်တဲ့နေရာလည်း ပြတ်ပြတ်သားသားပေါ့၊ ဒါနလုပ်လုပ်, သီလလုပ်လုပ် တကယ်သန့်ရှင်းတဲ့ စေတနာအားဖြင့် ကြိုးစားအားထုတ် အလုပ်လုပ်မှ ဖြစ်မယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။

အေး . . . ဒါကြောင့် တို့လူစုတွေ အားထားနေတယ်ဆိုတဲ့ ဒါနခန်းက ကုသိုလ်ကြည့်ပြန်လည်းပဲ လျှောက်ပြောရင် အများကြီး၊ သားရှင်ပြုတို့ ပဥ္စင်းခံတို့ ဘာတို့ညာတို့ဆိုတဲ့ အလှူလုပ်ပုံလုပ်နည်းတွေ အခုခေတ် လုပ်ပုံလုပ်နည်းတော့ နောက်သူ့နဲ့ဆိုင်တဲ့အခန်းကျတော့ ငါပြောပြပါ့မယ်၊ ဘယ်လိုဖြစ်နေတယ်ဆိုတဲ့ သဘောတွေနော် (မှန်ပါတယ်ဆရာ)၊ ဘယ်လိုဖြစ်နေတယ်ဆိုတဲ့ သဘောတွေရယ်၊ သူ့နဲ့ဆိုင်တဲ့ အခန်းကျတော့ ပြောပြပါမယ်၊ အခုတော့ သူ့နဲ့ဆိုင်တဲ့အခန်းမဟုတ်လို့ ဒီလောက်ပဲထားပါတော့။ ဒီတော့ သီလခန်း ကြည့်ပြန်တော့လည်း သီလဆောက်တည်လို့ ငါ ဥပုသ်ရက်ရှည်စောင့်နေတာ၊ (၄၅)ရက်ရှိပြီ၊ တချို့ကလည်း ဘယ်ကျောင်းသွားပြီးတော့ သီလဆောက်တည်ပြီး ဥပုသ်

http://www.dhammadownload.com



စောင့်နေတယ်၊ ဥပုသ်ရက်ရှည် စောင့်တာနဲ့ ရက်တိုစောင့်တာနဲ့၊ စောင့်လိုက်ရတဲ့ သီလကုသိုလ်၊ လုပ်လိုက်တဲ့ သီလကုသိုလ် ကြည့်ပြန်တော့ တကယ်စင်ကြယ်သန့်ရှင်းတဲ့ သီလကုသိုလ်လားလို့ မေးပြန်တော့ မသန့်ရှင်းတာတွေ တွေ့ရပြန်တာပဲလို့နော် (မှန်ပါတယ်ဆရာ)၊ ကြားဖူးလားကွာ၊ ဘယ်လိုဥပုသ်မျိုးလဲ ဆိုရင် ဘယ်လိုဆောက်တည်တဲ့ သီလမျိုးလဲ ဆိုလို့ရှိရင် -

## ဝအောင်စားပြီး ဥပုသ်ဆောက်တည်တဲ့ ကျောင်းအမကြီး တစ်ယောက်အကြောင်း

ရှေ့က ကျောင်းတစ်ကျောင်းမှာ ကျောင်းအမကြီးနဲ့တကွ အဖော်လေးငါးယောက်က လာပြီး ဥပုသ်စောင့်တယ်၊ ဘုန်းကြီးဆီ သီလခံယူပြီးတော့ ဥပုသ်ဇရပ်သွားပြီးတော့ မနက်ပိုင်းတော့ ဝမ်းဝ အောင် စားသောက်တယ်၊ သူက ငါ့ကျွေး၊ ငါက သူ့ကျွေးပေါ့၊ ရော့ ဒါလေး မြည်းစမ်းပါဦး၊ ရော့ ဒါလေး သုံးဆောင်စမ်းပါဦး၊ ကောင်းလွန်လွန်းလို့ ကျောင်းအမရဲ့ ဘယ်လို ညာလိုနဲ့ စားဟဲ့၊ စားနေရင်းကနေ ရှိသေးလားမေးလိုက်၊ စားလိုက်နဲ့ ညအတွက်ပါ ပိုပြီးစားတယ်ကိုးနော် (မှန်ပါတယ် ဆရာ)၊ ဒီနေ့အတွက်တော့ ခါတိုင်းနဲ့မတူဘူး၊ နေ့ရှိသမျှနာရီလေး မလစ်လပ်ရအောင် အချိန်ကြည့် ပြီးတော့ အားရပါးရ စားတယ်၊ ညကျရင်ဆာမှာ၊ အခုကတည်းက ပိုစားမှဖြစ်မယ်၊ မနက်ပိုင်းက ညအတွက်ပါ ပိုစားလိုက်တော့ အိုးတိုးအင့်အင့်ဖြစ်နေပေါ့နော် (မှန်ပါတယ်ဆရာ)၊ အိုးတိုးအင့်အင့် ဖြစ်လာတော့ ထိုင်ပြုပြီး သူလိုငါလို ကြည်ကြည်လင်လင် မနေနိုင်တော့ဘူး၊ စားပိုးနင့်နေတယ်၊ အိပ်ရာကောင်းကောင်း ရှာတယ်၊ နေရာကောင်းကောင်းရှာတယ်၊ ကျကျနနအိပ်မယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ နေရာကောင်းကောင်းမှာ ရှာပြီးတော့ ဒါမျိုးမှ ဆိတ်ငြိမ်ရာကို ချည်းကပ်တယ် ခေါ်တာနော် (မှန်ပါတယ်ဆရာ)၊ အနှောင့်အယှက်မရှိမည့်နေရာ, ဆိတ်ငြိမ်တဲ့နေရာ, အိပ်ကောင်းမည့် နေရာရှာပြီးတော့ အိပ်ပါရော၊ နေလေးအတော်ကျတော့ အိပ်ရာက နိုး၊ အိပ်ရေးတော်တော် ဝလာ တယ်၊ ဆေးလေးဘာလေး သောက်ပြုပြီးတော့ ဒီတော့မှ မျက်နှာချင်းဆိုင်ပြီး တိုင်ပင်သင့်တာ တိုင်ပင် လို့၊ အတင်းပြောသင့်တာ ပြောလို့ကိုးကွ၊ ဘယ်သူ့သားကဘယ်လို၊ ဘယ်သူ့သမီးက ဘယ့်နှယ့်၊ စီးပွားရေး ဘယ်လိုနဲ့ ဟိုလိုဒီလို လျှောက်ပြောရောနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို သူတို့အတင်း စကားတွေ အဖျင်းစကားတွေ ပြောတာကိုး။

ကျောင်းသားလေးတစ်ယောက်က ကျောင်းဇရပ်အောက်ကနေပြီး သူတို့ပြောတဲ့စကား ကြားရ သတဲ့၊ ဒီအမေကြီးတွေ ဘယ့်နှယ့်အမေကြီးတွေပါလိမ့်၊ ဥပုသ်စောင့်ပြီးတော့ သူများသားအကြောင်း, သမီးအကြောင်း, သူများအတင်းတွေချည်း လျှောက်ပြောနေတယ်၊ အောက်ကနေ ကျောင်းသား လေးက သူတို့စကားကြားပြီးတော့ ဒေါသထွက်နေတယ်၊ ကျောင်းသားလေးကနော် (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ကျောင်းသားလေး အောက်ကနေဒေါသဖြစ်နေတယ်၊ မခံနိုင်မရပ်နိုင်ဖြစ်လို့ သူကတော့ သီလအကြောင်းတွေ ဘာတွေ နားမလည်ဘူးပေါ့လေ။ ဒါပေမယ့်လို့ သီလဆောက်တည်လာတဲ့ လူဆိုတာဟာ သူတော်ကောင်းပီပီ ဣန္ဒြေသိက္ခာနဲ့ငြိမ်ငြိမ်သက်သက်နေရမယ်ဆိုတာ သူ နားလည်တယ်၊ အခုတော့ ဒီကျောင်းအစ်မနဲ့တကွ အဖော်လေးငါးယောက်က ဥပုသ်ဇရပ်ပေါ်မှာ အိပ်ရာက နိုးတယ်ဆိုကတည်းက သူများအတင်းကို တတွတ်တွတ်နဲ့ ပြောတယ်၊ ဒါကို ကျောင်းသားက မကျေမနပ်ဖြစ်တယ်၊ ဒါပေမယ့် သူနားထောင်နေတာ၊ ဟာ . . . ဘယ့်နှယ့် အမေကြီးတွေပါလိမ့်၊ သူများအတင်းတွေချည်းပဲ လျှောက်ပြောနေတာပဲ၊ အဲဒီလိုနေရင်းက နေပြီးတော့ နေလေးနည်းနည်းညိုးလာတော့၊ ကိုင်း . . . ပြန်ကြစို့ရဲ့၊ **အေး . . . အချိန်လေးလည်း စောင်းလာပေါ့၊ အေး . . .** ပြန်ကြစို့၊ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ယောက်ပြီးတစ်ယောက် ဇရပ်ပေါ်က ဆင်းဆင်းလာတာကို သူက ကြည့်လို့ သူများတွေက အသီးအသီး အမှုမဲ့အမှတ်မဲ့ပြန်သွားတယ်၊ ကျောင်းအမက နည်းနည်းလျှာရှည်ပြန်တယ်၊ အံမယ် . . . ငါ့ဘယ်သူလဲ အောက်မေ့တယ်၊ ငါ့တူ ငါ့မြေးကိုးကွယ့်၊ 'အမျှဟေ့၊ အမျှ၊ အမျှ၊ အမျှ" ဟော . . . ဒီလိုကိုးနော် (မှန်ပါတယ်ဆရာ)။

## သာဓုမခေါ်ဘဲ ရှူးလို့ခေါ်တဲ့ ကျောင်းသားတစ်ယောက်အကြောင်း

သူက 'အမျှဟေ့၊ အမျှ၊ အမျှ' ပါးစပ်က ပြောတော့ ကျောင်းသားလေးက 'ရှူး ရှူး'တဲ့၊ ဒီတော့ ကျောင်းအမက ဒေါပွတယ်၊ အောင်မယ် ကလေးက ငါ့ကို မလေးမစားနဲ့၊ ငါ့ကိုသရော်လား၊ ပြောင်လား၊ လှောင်လားနဲ့ ငါမခံနိုင်ဘူးဟေ့ ဆိုပြီး ဘုန်းကြီးဆီ သွားလျှောက်တယ်၊ အရှင်ဘုရား . . . တပည့်တော်မကလည်း ဒီလိုဒီလိုပဲ၊ ဇရပ်ပေါ်ကဆင်းလာတော့ အရှင်ဘုရားကျောင်းသားလေး တွေ့လို့ တပည့်တော်မကလည်း ယနေ့ပြုတဲ့ကုသိုလ်ကို ဝမ်းပန်းတသာနဲ့ သာဓု အနုမောဒနာ ခေါ်ပါစေဆိုပြီးတော့ အောင်မယ် ဘယ်သူလဲ အောက်မေ့တယ်၊ ငါ့တူ ငါ့မြေးပါပဲဟဲ့၊ 'အမျှဟေ့၊ အမျှ၊ အမျှ' တပည့်တော် ဒီလိုအမျှဝေတယ်၊ "မသကာ သာဓု သာဓု"လို့ ခေါ်ပေါ့၊ အခုတော့ တပည့်တော်မကို ပြောင်လား လှောင်လားနဲ့ "ရှူး"လို့ လုပ်ပါတယ်ဘုရား၊ အောင်မယ် တယ်မိုက်တဲ့ ကလေးပါလား၊ ဒီကလေးခေါ်စမ်းဟေ့။ ကျောင်းသား ဆရာတော်အနား ရောက်လာတော့ မေးတယ်၊ "ဟေ့ . . . ကျောင်းသား မင်း ဒီကျောင်းအမကြီး စောင့်တဲ့သီလကုသိုလ်ကို မင်းကို အမျှ အမျှ အမျှလို့ ဝေတယ်၊ ဟုတ်ကဲ့လား၊ ဟုတ်ပါတယ် ဝေပါတယ်ဘုရား။ အဲဒါ မင်းက "သာဓု သာဓု'လို့ မခေါ်ဘဲနဲ့ မင်းက "ရှူး"လို့ လုပ်တယ်ဆို၊ မှန်ပါဘုရား၊ တပည့်တော်လုပ်ပါတယ်၊ အောင်မယ် တော်တော်မိုက်တဲ့ကောင်၊ ပြောစမ်းပါဦး၊ မင်း ဘာဖြစ်လို့ ဒီလိုမလေးမစား သွားလုပ်တာတုံး၊ မဟုတ်ပါဘူးဘုရား၊ တပည့်တော် လုပ်ချင်လို့ လုပ်တာ မဟုတ်ပါဘူး၊ သူတို့စောင့်ထားတဲ့ သီလဥပုသ်ကုသိုလ်က ဇရပ်ပေါ်ထိုင်ပြီးတော့

http://www.dhammadownload.com



တစ်နေကုန် တစ်နေခန်း သူများအတင်းတွေ လျှောက်ပြောနေတယ်၊ သူများအတင်းတွေ လျှောက်ပြောလို့လည်း အားရရော၊ အဲဒါ ကျောင်းပေါ် ကဆင်းလာပြီးတော့ အမျှဝေတယ်၊ ဒါကို တပည့်တော်က စိတ်ဆိုးလို့ သူ့ကို "ရှုး"လို့လုပ်တာ။ ဟင် ကျောင်းအမကြီး ဘယ့်နှယ့်တုံး ကလေးက ဒီလိုပြောတာ ဟုတ်သလား။ မှန်ပါဘုရား၊ တပည့်တော်မလည်း မဆင်မခြင်ဘဲနဲ့ အဖော်တွေတာနဲ့ စပ်မိစပ်ရာ ပြောမိပါတယ်ဘုရား။ ဟဲ့ . . . ဒီလိုပြောမိတယ်ဆိုရင် ငါလည်း 'ရှုး'ဟဲ့၊ ဘုန်းကြီးကလည်း ရှုးချလိုက်တယ်နော် (မှန်ပါတယ်ဆရာ)။

အဲဒီလိုဥပုသ်ကြီးက များတယ်၊ ဒီလိုသီလမျိုးက များတယ်လို့ ဘယ်မှာ ကြည့်ကြည့် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

## လောကီစျာန်အဘိညာဉ် ဘုန်းဘယ်လောက်ကြီးသော်လည်း ဝိနိပါတဘေးမှ မလွတ်နိုင်

ဒါပေမယ့်လို့ တို့လူစုက အဲဒီသီလကုသိုလ်မျိုးတွေ လက်ထဲ ဆုပ်ကိုင်ပြီးတော့၊ ဟော . . . ငါသေလို့ရှိရင် အပါယ်လေးပါး မလားပါဘူးကွယ်၊ ငါ သီလကို အမြဲတစေ ဆောက်တည်နေတာပဲ၊ ဒီလိုကွနော် (မှန်ပါတယ်ဆရာ)၊ ငါ သီလနဲ့ တစ်လ,လေးသီတင်း ပျက်တယ်လို့ မရှိခဲ့ဘူး။ ဒါနဲ့မှ ငါ အားမရနိုင်လို့ ဘယ်အချိန်က ဘယ်ကျောင်းသွားပြီး (၄၅)ရက် ငါဥပုသ်ဆောက်တည်ခဲ့တယ်၊ ဟောဒီ (၄၅)ရက်ထဲလည်း အတော်ပါဦးမှာကွနော် (မှန်ပါတယ်ဆရာ)၊ ငါတွေးတွေးကြည့်တယ်၊ ရက်တိုလေးမှ မသန့်ရှင်းဘဲနဲ့ ရက်ရှည်ဆို သန့်ရှင်းဖို့ မခက်ဘူးလားကွာ (ခက်ပါတယ်ဆရာ)၊ အေး. . . အဲဒီထက် မသန့်မရှင်း မစင်မကြယ်တဲ့ သီလကုသိုလ်လည်း အားထားပြီးတော့ ဒီနေရာတင် ရပ်နေတဲ့ ပုဂ္ဂိုလ်တွေ မများဘူးလား၊ (များပါတယ်ဆရာ)၊ အေး . . . အဲဒီလောက်နဲ့ နေကြတာပဲလို့ တစ်ခါလာလည်း သမထကုသိုလ်ကျပြန်တော့ ဟိုမြေလျှိုးမိုးပျံ စျာန်အဘိညာဉ် တန်ခိုးတွေရတော့ သရဘင်္ဂ, ဒေဝိလ, နာရဒ, အာဠာရ, ဥဒကရသေ့ ပုဂ္ဂိုလ်ကြီးများရဲ့ သမထကုသိုလ်မျိုးတောင် အမြဲတမ်း ဝိနိပါတဘေးကြီးကို ပြေးလို့ မလွတ်ပါဘူးလို့နော် (မှန်ပါတယ်ဆရာ)။

ဒါပေမယ့်လို့ အခုခေတ်လည်းပဲ နည်းနည်းလေး ရှူမိရှိုက်မိလို့ ရက်ကလေးညောင်းလို့ အားထုတ်မိတယ်ဆိုရင်ပဲ ကိုယ်လုပ်တဲ့ သမထကုသိုလ်ကြီး မြေလျှိုးမိုးပျံဆိုတာ ထားပါဦး၊ တစ်ထွာ လောက်တောင်ခုန်လို့ မရသေးဘူးနော် (မှန်ပါတယ်ဆရာ)၊ မခုန်နိုင်သေးဘူး၊ မတက်နိုင်သေးဘူး၊ အဘိညာဉ်ဆိုတာ ဘယ်နေမှန်း မသိသေးဘူး၊ အဲဒီအချိုးလောက်မှ မရောက်တဲ့သမထကုသိုလ်လည်းပဲ တို့လူစုကလက်ကိုင်ထားပြီးတော့ ငါသေရင်ဂတိမြဲပါပြီ အပါယ်လေးပါးတော့ မလားနိုင်ပါဘူး။

http://www.dhammadownload.com



အမိပွာယ်အားဖြင့်နော် (မှန်ပါတယ်ဆရာ)၊ ကောင်းရာသုဂတိရောက်မှာ အဲဒီကုသိုလ်နဲ့ ရပ်တန့်က ရပ်ပြီးတော့ နေကြပြန်ရော ရှေ့မတိုးပြန်ဘူး တိုးရဲ့လား (မတိုးပါဘူးဆရာ)၊ ဒါဖြင့် တို့လူစုပြန်ကြည့် စမ်းကွယ်၊ တကယ့်အထက်တန်းကျတဲ့ မျက်နှာပန်းလှပြီဆိုတဲ့ ဒါနခန်းက သီရိမဟာသောကမင်းကြီး တို့လို ကုသိုလ်မျိုး၊ သီလအခန်းက သီဟိုဠ်ကျွန်းက ရဟန္တာလို့သမုတ်ခံထားရတဲ့ တိဿကိုယ်တော်ကြီး များရဲ့သီလမျိုး၊ သမထခန်းက ဒေဝိလ, သရဘင်္ဂ, နာရဒ အစရှိတဲ့ ရသေ့ကိုယ်တော်မြတ် ကြီးတွေရဲ့ သမထမျိုးနော် (မှန်ပါတယ်ဆရာ)။

အဲဒီအဆင့်အတန်းမျိုးနဲ့ မနီးမဝေး ဆွဲလို့လိုက်ရင်လည်းပဲ အားကိုးသင့်ရင် အားကိုးကြပါ တော့လို့၊ မနီးမဝေးဆွဲလိုက်ဖို့ နေနေသာသာ ယှဉ်စရာတောင် အရာမဟုတ်တဲ့၊ ဒါနမျိုး, သီလမျိုး, သမထမျိုးဆိုတဲ့ ကုသိုလ်တရားလေးတွေ, ဒါလေးတွေလက်ကိုင်ထားပြီးတော့ ဒါလောက်ဆို တော် လောက်ပြီ သေပျော်နေပျော်ပဲ၊ တို့ကတော့မုချအားဖြင့် ဂတိတော့မြဲပြီလို့ ရဲရဲတင်းတင်း စိတ်အေး လက်အေးနဲ့နေကြတဲ့ တို့လူစုတွေလို့၊ ဒီလိုနေတော့ ဟုတ်နိုင်ပါ့မလားဆိုတော့ မဟုတ်တာက အမှန်ကိုကွနော် (မှန်ပါတယ်ဆရာ)၊ မဟုတ်နိုင်ဘူးတဲ့ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့ အခုသက်သေပြထား ပေါ့၊ တကယ်ထိပ်တန်းကျပေဆိုတဲ့ ဒါနခန်းက သီရိမဟာသောကမင်းတို့၊ သီလခန်းက တိဿအစရှိတဲ့ ရဟန္တာ သမုတ်ခံရတဲ့ ကိုယ်တော်မြတ်ကြီးတို့၊ အဲဒီလို သီလကုသိုလ်၊ ဒါနကုသိုလ်များတောင်ပဲ သေသည်၏အခြားမဲ့၌ ပရမ်းပတာကျတတ်ရောက်တတ်တယ်ဆိုတဲ့ ဝိနိပါတဘေးကြီးကို ပြေးလို့ မလွတ်ကြသေးဘူးဆိုလို့ရှိရင် တို့လူများဟာ မိမိတို့ရထားတဲ့ ကုသိုလ်တရားလေးတွေနဲ့ ရောင့်ရဲ တင်းတိမ်လို့ မနေကြပါနဲ့လို့နော် (မှန်ပါတယ် ဆရာ)။

တကယ်ဝိနိပါတဘေးကြီးက တကယ်အေးသွားအောင်, တကယ်လွတ်သွားအောင်, တကယ် ကျွတ်သွားအောင် ရှေ့တစ်ဆင့်တိုးပြီးတော့ တစ်မျိုးကြိုးစားပါဦးလို့ဆိုချင်ပါတယ်၊ ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)၊ ရှေ့တစ်ဆင့်တိုးပြီးတော့ တစ်မျိုးကြိုးစားလိုက်ရင် မုချ ဆက်ဆက်လွတ်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ အရိယာအစစ်ဖြစ်သွားမယ်ဆိုရင်တော့ ဆိုဖွယ်ရာမရှိဘူးပေါ့ကွာ၊ အရိယာအစစ် မဖြစ်ပေမယ့် အရိယာအစစ်များနဲ့ သဘောချင်း ညီသွားတဲ့ အရိယာဇာတ်ကို ရောက်သွားရင်တဲ့ ဒီဘေးကြီးလေးပါးက ကွင်းလုံးကျွတ် လွတ်နိုင်ပါတယ်တဲ့၊ မကောင်းဘူးလားကွာ (ကောင်းပါတယ် ဆရာ)၊ အေး . . . အဲဒီအတန်းပို့ချင်လို့ ဒီအခန်းကို လူပြိန်းတွေနား မလည်လည်အောင်၊ ဒီအဓိပ္ပါယ်ထွ မသိသေးတဲ့ပုဂ္ဂိုလ်တွေ သိလာအောင်ဆိုပြီးတော့ ကြိုးစားပမ်းစားနဲ့ အပင်ပန်းခံပြနေခြင်းပါလို့၊ အမိပ္ပာယ်အကောက်လည်း မလွဲကြပါနဲ့၊ အယူအဆလည်း မလွဲကြပါနဲ့၊ တို့လုပ်နေတဲ့ ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်ဆိုတဲ့ ကုသိုလ်တရားတွေ အလကားရေဖြစ်အောင် ပြောတာပဲဆိုတဲ့

http://www.dhammadownload.com



အယူ အဆမျိုးလည်း မယူကြပါနဲ့၊ ဒီကပြောတဲ့အဓိပ္ပာယတ္ထကို နားလည်အောင် သဘောဆိုက်လာအောင် ဝေဖန်စဉ်းစားကြပါဦးကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာလေးက အယူအဆနည်းနည်းလွဲတတ်လို့၊ ဒါဖြင့် တို့လုပ်နေတဲ့ ကုသိုလ်တွေ အလကား ဖြစ်ရတော့မှာလား၊ ဒါဖြင့် ကြိုးစားထားတဲ့ ကုသိုလ်တွေ မလုပ်ဘဲ နေရတော့မှာလား၊ ဒီကုသိုလ်တွေလုပ်ရင် အပါယ်ကျသယောင်ယောင် ဖြစ်နေပါပဲလားဆိုတဲ့ အမေးစကားတွေရော၊ အပြောတွေရော၊ အထစ်အငေါ့တွေရောဆိုသလိုပဲ၊ နှစ်ပေါင်းများစွာ ခံခဲ့ရပါပြီလို့၊ သင်တန်း တစ်ပတ်စတိုင်း စတိုင်း ဒီအခန်းရောက်ရင် ဒီလိုပဲလာခဲ့ရပါတယ်။

## တရားသဘော ကိုယ်တိုင်မဝေဖန်တတ်ရင် တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်ထံ တိုင်ပင်နှီးနှောပါ

အဲဒီလို လာခဲ့တဲ့ အချိန်အခါလည်းပဲ မနည်းပါဘူး၊ အဲဒါကို မကြိုက်မနှစ်သက်ဘဲနဲ့ သင်တန်းက ပြန်ထွက်တဲ့ပုဂ္ဂိုလ်တွေ, လန်ကျတဲ့ပုဂ္ဂိုလ်တွေလည်း တွေ့ခဲ့ဖူးပါတယ်၊ အဲဒီလိုပြန်ထွက်လန်ကျတဲ့ အနေအားဖြင့် ကြည့်ပြန်တော့လည်း အဲဒီလိုပြန်ထွက်တဲ့ပုဂ္ဂိုလ်များရဲ့အကျိုးသာ ဆုတ်ယုတ်ပါတယ်တဲ့။ တို့များ အကျိုးယုတ်စရာမရှိပါဘူးနော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ ယထာဘူတကျအောင် ဒီက ပြသွားတဲ့သဘာဝကို သူမဝေဖန်တတ်လို့၊ သူနားမလည်လို့ကိုကွနော် (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် ကိုယ်ဉာဏ်မမီသေးလို့ ယထာဘူတကျအောင် မဝေဖန်တတ် သေးရင်လည်း ဝေဖန်တတ်တဲ့ ပုဂ္ဂိုလ်များထံမှာ နည်းခံပြီးတော့ တိုင်ပင်နှီးနှောပေါ့၊ သင်တန်းသား အဟောင်းများ မေးကြည့်ပါ၊ ဒီနေရာ ဒီလိုယူသွားတဲ့ အဓိပ္ပာယ်, ဆိုသွားတဲ့အဓိပ္ပာယ်က ဘယ်လို ဆိုတာတုံး၊ဘယ်လို ယူရမှာတုံး၊ ဒီလိုမေးစမ်းကြည့်ရင် ပေါ်လာမှာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ မနေ့ညက ငါ လူ့ဘဝရတာ ခဲယဉ်းသွားပုံ အဓိပ္ပာယ်ရောပေါ့လေ၊ သင်တန်းအစ နိဒါန်းက ဆိုပြီးတော့ အစလေး ပျိုးလို့ ဘေးကြီးလေးပါးရဲ့ အမည်နာမကို မြန်မာလိုအဓိပ္ပာယ်ပြန်ပြီးတော့မှ ဒီအဓိပ္ပာယ်လေးနဲ့ ဆိုက်လာအောင် ဥပမာ ဥပမေယျလေးတွေနဲ့ ပြတယ်။ ငါမနေ့ညက တရားသင် တန်းအစရက်မှာ လေကလည်းတိုးလို့ နေမကောင်းသလိုတောင် ဖြစ်တယ်။ ဒါပေမယ့် စိတ်ထဲမှာ ပြီးသွားမှာပါ၊ အအေးပတ်ပြီး တော်တော်လေး နေမကောင်းသလို ဖြစ်တယ်၊ မကြာပါဘူး၊ နောက်ပိုင်းကျ ပျောက်သွားတာပါပဲ၊ ရေနွေးလေးဘာလေး သောက်လိုက်တော့၊ ငါကတော့ အဲသလိုပဲ တရားကို အာရုံစိုက်လို့ ကိုယ့်ကိုကိုယ် ဘာဖြစ်နေလဲ မသိပါဘူး၊ ငါကသာ ဒီလိုလုပ်နေတယ်၊ လက်စသတ်တော့ တဆတ်ဆတ်နဲ့ ခေါင်းချင်းဆိုင် ငိုက်နေကြတာကိုးကွာ၊ ငါသိတယ် ဘယ်နားက လူတွေ ငိုက်နေပေါ့ ဆိုတာ။ ဩော် . . . ငါတော့ နားမလည်လည်ပါစေဆိုပြီးတော့ ထပ်ပြန်တလဲလဲပြနေတယ်၊ ငိုက်တဲ့ လူတွေက ငိုက်လို့၊

http://www.dhammadownload.com



မငိုက်ကြပါနဲ့ ကြိုးစား၍ သည်းခံပေါ့။ အခုည ပြောသွားတာပြသွားတာ ဘာအဓိကထားပြီးပြ သွားတယ်၊ ဘယ်အဓိပ္ပာယ်ပြောသွားတယ်လို့ မှတ်ပါ။ ကလေးများ ရှေးစကားပြောရသလို ဘာမှ ပင်ပန်းစရာမရှိဘူး။ အဲဒါ အမှန်ကတော့ ဒီကပြောသွားတဲ့ စကားထဲမှာ စိတ်မဝင်စားတော့ အိပ်ချင်တာ ပေါ့နော် (မှန်ပါတယ်ဆရာ)။

နားမလည်ရင်လည်း ဖြစ်ရမယ်၊ (သို့မဟုတ်) နေ့လည်နေ့ခင်းက တော်တော်ကြီး ပင်ပန်းတာ လည်း ဖြစ်ရမယ်။ ဒါမှမဟုတ်လို့ရှိရင် အာရုံကို လုံးလုံးမစိုက်လို့ ငြီးငွေ့လာတယ်၊ ပျင်းလာတယ် ခေါ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် အဲသလိုလည်းပဲ မပျင်းကြပါနဲ့၊ ပြနေတဲ့ တစ်နာရီအခိုက်အတန့်လေးက သိပ်မကြာလှပါဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီအတောအတွင်းလေးမှာ သည်းခံပြီးတော့ ဒီကပြသွားတာလေးတွေ လိပ်ပတ်လည်သွားအောင်၊ အဓိပ္ပာယ်နားလည်သွားအောင် ကိုယ်ပိုင်ဉာဏ်လေးတွေနဲ့ မှတ်လည်းမှတ်ပေါ့၊ စဉ်းလည်း စဉ်းစား၊ ဝေဖန်လည်း ဝေဖန်၊ ပြီးတော့လည်း မိမိအသိဉာဏ်လေးကိုက ဒီလိုသဘောအဓိပ္ပာယ်လေး ပြတ်သား သွားပြီ ဆိုတော့ တစ်ဖက်သားကိုလည်း ကိုယ်ကပြန်ပြီးတော့ ပြောတတ်ဆိုတတ်ရှိတယ်၊ ကိုယ်နား လည်မှ တစ်ဖက်သားကို ပြောတတ်တယ်၊ ကိုယ်နားမလည်ရင် မပြောတတ်ဘူး။

ဒါကြောင့် ကိုယ်ကိုတိုင် နားလည်အောင်လည်းပဲ ဒီကကွင်းဆက်ကလေးတွေနဲ့ ပြနေတဲ့ သဘာဝ၊ ကြပ်ကြပ်ကလေး သတိထားပြီးတော့ နာယူပါ၊ မှတ်သားကြပါ။ အဲဒါသင်တန်းအစ နိဒါန်းက ဆိုတဲ့အတိုင်း နိဒါန်းက စပြီးတော့ တစ်ရက်ပြီး တစ်ရက်၊ တစ်ရက်ပြီး တစ်ရက် မပျက်ပါစေနဲ့၊ ပျက် သွားလို့ရှိရင် ကွင်းဆက်ပြတ်သွားတတ်တယ်။ ဒါကြောင့် မပျက်အောင်လည်းပဲ ကြိုးစားကြပါ။ မိမိကိုယ်မိမိ စောစောက ပြောတဲ့အတိုင်း ငါ့တော့ သေပျော်နေပျော် အခန်းရောက်ပါပြီ၊ ငါပိုင်ပါပြီ ဆိုတဲ့ အခန်းကျတော့ အပင်ပန်းမခံနိုင်လဲ မလိုက်ဘဲနေပေါ့လို့၊ သာသနာနဲ့တွေ့တဲ့ ကြုံတဲ့အခါကြီး မှာဖြင့် စောစောကပြောသလိုပဲ သံသရာမှာ ထောက်ရာတည်ရာရလို့ အနည်းဆုံးအားဖြင့် တစ်မင် တစ်ဖိုလ်မှ မရသည့်တိုင်အောင် သေပြီးသည်၏အခြားမဲ့၌ ဘေးကြီးလေးပါးက တကယ်အေးလို့၊ တကယ်ဝေးလို့ အပါယ်ဘေးက လွတ်တယ် ကျွတ်တယ်ဆိုရင်ပဲ၊ ဒါအင်မတန်မွန်မြတ်တဲ့ အကျိုး စီးပွားကြီး၊ အကျိုးတရားကြီး၊ အပါယ်ဘေးက လွတ်သွားတယ်ဆိုတဲ့ တာဝန်ကလည်း မနည်းပါဘူးနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အောက်ထစ်ဆုံးအနေအားဖြင့် တို့တော့ဖြင့် အပါယ်ဘေးက တကယ်အေးစေရမယ် ဆိုတဲ့ ရည်ရွယ်ချက်ကလေးတော့ ရင်ဝယ်ပိုက်ထားကြပါ။ ဒါထက်တစ်ဆင့်တိုးလို့ တန်ဖိုးတက်ပြီး ကြိုးစားရင် တစ်မဂ်တစ်ဖိုလ်လည်း ရနိုင်ပါတယ်၊ နှစ်မဂ် နှစ်ဖိုလ်လည်း ရနိုင်ပါတယ်၊ အခုခေတ်ကြီးမှာ

http://www.dhammadownload.com



သုံးမင်္ဂသုံးဖိုလ်လည်း ရနိုင်ပါတယ်နော် (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် သာသနာနဲ့ တွေ့ကျိုး ကြုံကျိုးနပ်အောင် မပျင်းမရိဘဲနဲ့ အခုပြနေတဲ့ တစ်နာရီ နှစ်နာရီအတွင်းမှာ ခုနကပြောတဲ့ ငိုက်မြည်း ခြင်း, ပျင်းရိခြင်း, ငြီးငွေ့ခြင်းဆိုတဲ့ အလုပ်တွေ ပယ်ဖျောက်ပြီးတော့ ဒီကပြောသွားတဲ့ အဓိပ္ပာယ် လေးတွေ နားထဲမှာ ဝင်အောင်၊ မှတ်လည်းမှတ်မိအောင် အာရုံအထူးစိုက်ပြီး လိုက်ကြပါလို့။ အဲဒီ ဝိနိပါတဘေးကို တို့လူစုတွေ အမြဲတစေကြိုးစားပေမယ့် ကုသိုလ်ကောင်းမှုတွေက မကာကွယ်နိုင် သေးဘူးဆိုတဲ့ အဓိပ္ပာယတ္တွ၊ မနက်ဖြန်ကျမှ ဆက်ကြစို့ . . .။

ဝိနိပါတဘေး, နာနာသတ္တဉလ္လောကနဘေး, ဒုစ္စရိတဘေး, အပါယဘေး, ဝိနိပါတဘေး ဆိုတာက သေသည်၏အခြားမဲ့၌ ဂတိငါးပါး လားချင်ရာလား, ရောက်ချင်ရာရောက်, ကျချင်ရာကျ, ဖြစ်ချင်ရာ ဖြစ်ဆိုတာ ဝိနိပါတဘေးဖြစ်ပါတယ်။ နာနာသတ္တဉလ္လောကနဘေးဆိုတာက ဘုရားမှားသောဘေးတဲ့။ ဘုရားမှတ်လို့ ကိုးကွယ်ကြတယ်၊ ဘုရားမှန်နှင့် မတွေ့ကြဘူး၊ ဘုရားမှား, ဘုရားလိမ်, ဘုရားတု, ဘုရားယောင်နဲ့ တွေ့တယ်၊ ဒါလည်း ကြောက်ဖွယ်ကောင်းတဲ့ဘေးကြီးပဲ။ ဒုစ္စရိတဘေးတဲ့။ အင်မတန် ကြောက်စရာကောင်းတဲ့ မကောင်းမှု ဒုစရိုက်တရားတွေကို တကယ်ကျင့်ကောင်း, ကြံကောင်း, ပွားကောင်း, အားထုတ်ကောင်းတဲ့ သုစရိုက်တရားတွေ မှတ်ပြီးတော့ အင်တိုက်အားတိုက် ကြိုးစားပြီး ကျင့်ကြံပွားများ အားထုတ်တဲ့ဘေးလို့ ခေါ်တယ်။ အပါယဘေးတဲ့၊ အဲဒီလို မကျင့်ကောင်း မကြံကောင်း ဒုစရိုက်ကို သုစရိုက်အနေအားဖြင့် ကျင့်တော့ သေသည့်၏အခြားမဲ့၌ အပါယ်လေးပါး လားတယ်။ ဒီဘေးကြီးလေးပါးကွင်းဆက်နဲ့၊ အဘိဓမ္မာသင်တန်းတက်သူများ၊ နဂိုက ဗဟုသုတ အခံရှိတဲ့ ပုဂ္ဂိုလ်လည်း ပါချင်ပါမှာပေါ့၊ လောကုတ္တရာနှင့် ပတ်သက်လို့ ဗဟုသုတအခံမရှိသော လူပြိန်းများ သက်သက်ဆိုရင် သေသေချာချာ အာရုံစိုက်ပြီး မှတ်ကြပါလို့။

တစ်လလောက်၊ နှစ်လလောက် တက်မိရင်၊ တို့ဘယ်လောက်ခရီး ရောက်လာပြီ၊ သာသနာနဲ့ တွေ့ရတာ ဘယ်လိုအကျိုးရှိလာပြီ၊ လူဖြစ်ရတာ ဘယ်လောက်မြတ်လာပြီ၊ ဒီလိုလက်တွေ့အားဖြင့် သိလာပါလိမ့်မယ်။ အဲဒီအခြေခံကစပြီးတော့ ဘာမှလည်း မပြတ်သား၊ ဘာမှလည်း မမှတ်မိ၊ ယီးတီး ယောင်တောင်နဲ့ လိုက်လာလို့ရှိရင် နောက်ပိုင်းကျဒီလိုဘဲ သာဆိုးလိမ့်မယ်။ နောက်ပိုင်းကျလေ တရားက နက်လာလေ၊ အသိခက်လေ မိမိဉာဏ်ထဲလည်း မဝင်စားနိုင်လေ၊ မပြတ်သားလေ၊ အဲဒါ ထွေးလုံးရစ်ပတ်ကြီး ဖြစ်လာတတ်တယ်။ ဒါကြောင့် ကလေးများစာသင်ပေးသလို၊ က, ခ သင်ပေး သလိုပဲ၊ ကကြီးပြီးမှ ခခွေး၊ ခခွေးပြီးမှ ဂငယ်ဆိုသလိုပဲ၊ တစ်ကဏ္ဍ တစ်ကဏ္ဍ ခွဲခွဲပြီးတော့ ဒီကဏ္ဍ ကတော့ဖြင့် ဒါကိုပဲရအောင်မှတ်စမ်းပါဆိုရင် မှတ်ပါ၊ ဘာမှမခဲယဉ်းဘူး၊ ပါဠိလို မဆိုတတ် မပြော တတ်ရင် မြန်မာလိုမှတ်ကြပါ။ အခုပြထားတာ ဘေးကြီးလေးပါလို မူထားပြီး ပြတယ်။ ဘေးကြီး

http://www.dhammadownload.com



လေးပါးဆိုတာ ဘယ်သူတုံးဆိုတော့ ဝိနိပါတဘေး၊ နာနာသတ္တဉလ္လောကနဘေး၊ ဒုစ္စရိတဘေး၊ အပါယဘေး၊ အဲဒါ ပါဠိလို မခေါ်တတ်လည်း မြန်မာလိုပေါ့၊ ဝိနိပါတဘေးလို့ ပြောတာက မြန်မာလို ကတော့ ငါတို့သူငါ လူတကာတွေ သေပြီးရင် လားတတ်တဲ့, ရောက်တတ်တဲ့, ဖြစ်တတ်တဲ့ ဘဝငါးမျိုး ရှိတယ်၊ အဲဒီလားတတ်, ရောက်တတ်, ဖြစ်တတ်တဲ့ ဘဝငါးမျိုးမှာ တစ်မျိုးမျိုး ရောက်ရတယ်၊ တစ်မျိုးမျိုး ကျရတယ်၊ ဒီဘဝငါးမျိုးမှာ သူကျချင်ရာကျ၊ ကျတာဘာဖြစ်သလဲ မေးစရာ ရှိတယ်၊ ဘဝငါးမျိုးမှာ အကောင်းချည်းပဲဆိုလို့ရှိရင် ဖြစ်ချင်ရာဖြစ်ပေါ့၊ ဝမ်းနည်းစရာ မရှိပါဘူး၊ ကြောက်စရာ မရှိပါဘူး။

အခုတော့ ဒီဘဝငါးမျိုး, ဂတိငါးမျိုးမှာ လူ့ဘဝနဲ့ နတ်ဘဝ ဆိုတာက သူသူငါငါ ရောက်ချင်ကြတယ်၊ ဒါသုဂတိခေါ်တယ်၊ ဒါဘဝကောင်းလို့ ဒါပဲလိုချင်ကြတယ်။ ဒါပေမယ့် ပေတဂတိ, တိရစ္ဆာန ဂတိ, နိရယဂတိ, ပြိတ္တာရယ်, တိရစ္ဆာန်ရယ်, ငရဲရယ် ဆိုတာတော့ သူသူငါငါ ကြောက်ကြတယ်။ အဲဒီတော့ သုဂတိနဲ့ဒုဂ္ဂတိ လားရာဂတိက နှစ်မျိုးနှစ်စား၊ ကောင်းတာနဲ့ မကောင်းတာ နှစ်မျိုး ရောနှော ပြီးနေလို့ အဲဒီထဲ ပရမ်းပတာဖြစ်တတ်တယ်တဲ့၊ သူကျချင်ရာကျ၊ ရောက်ချင်ရာ ရောက်တတ်တယ်တဲ့။ အဲဒါ နဖူးပေါ် လက်တင်ပြီးတော့ သေသေချာချာစဉ်းစားကြည့်၊ ဘယ်လောက်ကြောက်စရာ ကောင်း သလဲ၊ မိမိကိုယ်မိမိ ပြန်မေးပါ၊ အခုပြနေတဲ့ ဂတိငါးပါးမှာ ငါသေရင် ဘယ်သွားမလဲမေး၊ အဖြေ ဘယ့်နှယ့် ဖြေကြမလဲ၊ အဖြေဘယ့်နှယ့်ထွက်ပါ့မလဲ (မထွက်နိုင်ပါဘူးဆရာ)၊ ထွက်လို့ကို မဖြစ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့တုံးဆိုတော့ မိမိကိုယ်မိမိပြန်ကြည့်တော့ ပုထုဇဉ်ကိုးကွ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

အေး . . . ဒါကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သိမ်းကြုံးပြီး ဟောထားတာ၊ ပုထုဇဉ် မှန်သမျှ ဂတိမမြဲကြဘူးတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မကိုက်ဖူးလား ဒီလိုဆိုတော့ (ကိုက်ပါ တယ်ဆရာ)၊ ဒါဖြင့် တို့လူစုတွေကို မနေ့ညကလည်း ငါပြောသွားပေါ့၊ ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်, ဒီကုသိုလ်သုံးမျိုးကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကလည်း ကြိုးစားကြ၊ ကြိုး စားကြ၊ မကြောက်ကြနဲ့၊ ကြိုးစားကြလို့ တိုက်တွန်းတော်မူခဲ့တဲ့အတိုင်း တို့လူစုတွေလည်းပဲ ဒါပဲကြိုးစား၊ မကြိုးစားကြဘူးလား (ကြိုးစားပါတယ်ဆရာ)၊ အဲဒီလောက်ကြိုစားပေမယ့်၊ ဒါပေမယ့် မိမိတို့အင်တိုက် အားတိုက် ကြိုးစားပေမယ့် ပုဂ္ဂိုလ်အစဉ်ကို ကြည့်လိုက်ပြန်တော့ ပုထုဇဉ်ဖြစ်နေတယ်။ ဒါဖြင့် ခုန ဝိနိပါတဘေးက လွတ်ပါ့မလား (မလွတ်ပါဘူးဆရာ)၊ မလွတ်ဘူးနော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့်လည်းပဲ တို့တွေ ကုသိုလ်တွေ လုပ်နေတာ အလကားပါပဲလား၊ ဒီလိုဆိုလည်း ဖြစ်နိုင်မလား၊ (မဖြစ်နိုင်ပါဘူးဆရာ)၊ မဖြစ်နိုင်ဘူး၊ ဒီကုသိုလ်က "မဟပ္ဖလ၊ မဟာနိသံသ" - ကောင်းသော အကျိုး ပေးမယ် ဆိုတာတော့ သေချာတယ်၊ ဘယ်တော့ပေးမလဲ မသိဘူး၊ ဒီလိုမဟုတ်လား (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ အခွင့်သာတဲ့အလှည့် ပေးလိမ့်မယ်၊ အခုပြောနေတာ ဂတိမမြဲဘူးဆိုတာက ဒီဘဝသေရင် ဒုတိယဘဝအကူးကို ပြောတာ၊ အဲဒါ အထူးနားလည်ရမယ်၊ ဩော် . . . ဒါဖြင့် တို့ဆည်းပူးအားထုတ်ထားတဲ့ ဒါန, သီလ အစရှိတဲ့ ကုသိုလ်တွေ ပြုတာတော့ မှန်ရဲ့၊ အဲဒီကုသိုလ်တွေကို တို့ကြိုးစားအားထုတ်လုပ်ထားပေမယ့် ဒီဘဝသေရင် ဒုတိယဘဝကျတော့ မုချအားဖြင့် နတ်ဖြစ်မယ်ဟဲ့၊ လူဖြစ်မယ်ဟဲ့၊ ပြဟ္မာဖြစ်မယ်ဟဲ့ တထစ်ချလည်း မပြောနိုင်ပါလား၊ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဘာဖြစ်လို့လဲ ဆိုတော့ ပုထုဇဉ်ဘဝနဲ့ သေကြမှာကိုးတဲ့၊ ပုထုဇဉ်ဘဝနဲ့ သေလို့ရှိရင် ဂတိမမြဲဘူး၊ ကုသိုလ်ရှိတဲ့ လူသေလည်း ဂတိမမြဲဘူး၊ ကုသိုလ်မရှိတဲ့လူသေလည်း ဂတိမမြဲဘူး၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ တို့ယုံကြည်လောက်တဲ့ သက်သေသာဓကလေးတွေ ပြမယ်၊ သေချာလည်း မှတ်ပါ၊ သမာဓိလည်း ကောင်းကောင်းထား၊ တကယ်ကြောက်အောင် ခြောက်လှန့်နေတယ် မမှတ်နဲ့၊ ကိုယ်တော်မြတ်ဒီအတိုင်း ဟောထားတယ်၊ ကြောက်စရာ အလွန်ကောင်းပါတယ်လို့ ခြောက်လှန့်ဟောနေတာ မဟုတ်ပါဘူး၊ ဒါကြောင့် ကိုယ့်ကိုကိုယ် ဂတိမမြဲဘူး ဆိုတဲ့ ဘေးက တကယ်အေးသွားအောင်, ဝေးသွားအောင်, ကျွတ်သွားအောင်, လွတ်သွားအောင်, မလုပ်နိုင်လို့ ငုတ်တုတ်ခံနေရမလားဆိုတော့ မဟုတ်ပါဘူး၊ လွတ်အောင် လုပ်ချင်ရင် အလွယ်လေးပါ။

ဒါ့ကြောင့် ဒီသင်တန်းက ဒီလိုလမ်းတွေ၊ ဒီလိုတန်းတွေကို တကယ်တာဝန်ခံပြီးတော့ ပေးနေတာ၊ ကျွတ်စေမယ်, လွတ်စေမယ်, ဒါဖြင့် သောတာပန်, သကဒါဂါမ်ဖြစ်မှာပေါ့၊ ဖြစ်တာ, မဖြစ်တာ အပထား၊ ဖြစ်ချင်လည်း ဖြစ်သွားမှာပေါ့၊ ဒါတွေထည့်မပြောနဲ့၊ ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ဒီသင်တန်းတက်ရင် လွတ်ရမယ်၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကိုင်း . . . ဒါထက် တန်ဖိုးရှိတာ ရှိသေးလားကွာ (မရှိပါဘူးဆရာ)၊ အေး . . . ဒီတော့ ဂတိငါးပါးမှာ လားချင်ရာလား၊ ကျချင်ရာကျဆိုတဲ့ အဓိပ္ပာယ်အနေအားဖြင့် ဝိနိပါတဘေးကြီးက တကယ်အေးအောင်, တကယ်ကျွတ်သွားအောင်, လွတ်သွားအောင်, အားထားလောက်တဲ့ သင်တန်းပါလို့။ အဲဒါကြောက်ရင် တကယ်အားထားရမယ်၊ ကြောက်ရင်လည်း တကယ်စွဲစွဲမြဲမြဲ အားထုတ်ရမယ်၊ ဆင်ခြေဆင်လက်တွေ ကန်ပြီးတော့ တို့နားမခံသာဘူးဆိုပြီး ပြန်မသွားနဲ့၊ ပြန်သွားရင် ကိုယ်ရှုံးမှာ၊ မရှုံးဘူးလား (ရှုံးပါတယ်ဆရာ)၊ ရှုံးမယ်ဆိုတာ တွက်ထား၊ အဲဒီတော့ ပြန်ကြတဲ့လူတွေလည်း တွေ့ဘူးပေါင်းများလို့ သတိပေးတာပါ၊ တို့အခါတိုင်း သင်တန်းတွေမှာဆိုရင် နေရာထိုင်ခင်း ကျဉ်းကြပ်, ပရိသတ်တွေကလည်း များတော့ အရင့်အရင်တုန်းက ဖွင့်လာတဲ့သင်တန်းဆိုလို့ရှိရင် သင်တန်းတစ်ပတ်စတော့မယ် ဆိုလို့ရှိရင် လူဦးရေစာရင်း ကောက်ရတယ်၊ ခုံကလည်း ချထားလို့ မရဘူး၊ နေရာထိုင်ခင်းကလည်း ပြင်ရတယ်၊ ဘယ်နှစ်ရက်နေ့ ဘယ်နှစ်နာရီအချိန် သင်တန်းစဖွင့်လိမ့်မယ်လို့ ကြေညာရင် အဲဒီဖွင့်တဲ့နေ့ကျတော့ တို့သင်

http://www.dhammadownload.com



တန်းသား အဟောင်းများက သိပါတယ်၊ အသစ်ကတော့ ယုံချင်မှယုံပေ့ါ၊ အင်မတန်နာမည်ကြီးတဲ့ ဇာတ်ပွဲသဘင်လိုပါပဲ၊ ခုနစ်နာရီက စပြမှာ ဆိုတော့ နေရာကောင်း မရမှာစိုးလို့ ငါးနာရီလောက်က လာပြီး ငုတ်ထုတ်ထိုင်နေတယ်၊ နေပူထဲနော် (မှန်ပါတယ်ဆရာ)၊ နေရောင်မပျောက်သေးဘူး၊ နေရာ လာပြီး မှတ်ကြတယ်။

အခုကတော့ ဒီလိုမဟုတ်ပါဘူး၊ အတော်ခေါ်ပြီး စာရင်းကောက်ယူရတယ်၊ လာပါမယ့် အကြောင်း၊ သူ့ထက်ငါ နေရာကောင်းရအောင်ဆိုပြီး အစောကြီးကတည်းက ကြိုတင်လာပြီးတော့ အဆင်းရဲခံ ထိုင်နေကြတယ်၊ နေရောင်မပျောက်သေးပါဘူး၊ အဲဒီလိုသင်တန်းမှာ လူဦးရေကလည်း နည်းနည်းများတယ်၊ နည်းနည်းမဟုတ်ဘူး အတော်ကြီးများတယ်၊ နေရာထိုင်ခင်းကလည်း ကျဉ်းကြပ် တယ်၊ တစ်ယောက်နဲ့တစ်ယောက် နေရာထိုင်ခင်း ငြင်းခုန်မှုတွေ ရှိမှာစိုးလို့ နေရာနဲ့လူနဲ့ မမျှတော့ တို့များက ပထမတစ်ရက်, ဒုတိယတစ်ရက်, တတိယတစ်ရက်, သုံးရက်နေ့မှာ နေရာထိုင်ခင်းအတွက် ဆိုပြီးတော့ သတိပေးစကား အများကြီးပြောရတယ်၊ ကိုယ့်နေရာနဲ့ကိုယ် မမှားစေဘဲ သုံးရက်စေ့ရင် အတည်ဖြစ်စေရမယ်၊ သုံးရက်အတွင်းဆိုရင်တော့ အချင်းချင်းကျေနပ်ရင် အပြောင်းအရွှေ့ ရှိသေး တာပေ့ါ၊ သုံးရက်က ကျော်လို့ရှိရင် အပြောင်းအရွှေ့မပြုပါနဲ့၊ ကိုယ့်နေရာကိုယ် မြဲမြဲမှတ်ထားပါ၊ မိမိအနားက လူမလာရင် နေရာလပ်ဖြစ်နေပါစေ၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ ငြင်းစရာ မရှိတော့ဘူးပေ့ါနော် (မရှိပါဘူးဆရာ)။ အေး . . . အဲဒီထဲမှာ၊ တို့က ထပ်ထပ်ပြီးတော့ သတိပေးရတယ်၊ ဒီသင်တန်းကို အခုအချိန်ကစပြီးတော့ လာရောက်ပြီးတက်ကြတဲ့ပုဂ္ဂိုလ်များထဲမှာ ပုဂ္ဂိုလ်အမျိုးအစား အမျိုးမျိုးပါပါတယ်၊ တချို့ကလည်း ဒီသင်တန်းနာမည်ကြီးတယ်၊ ဘယ်လိုသဘော လဲ၊ စုံစမ်းတဲ့အနေအားဖြင့် လိုက်လာတဲ့ပုဂ္ဂိုလ်ရှိတယ်၊ တချို့ကလည်း သူဟောပြောနေတာ ဘယ်လို အပြစ်အနာအဆာပါလဲ၊ အပြစ်အနာအဆာ ရှာဖွေချင်တဲ့အနေအားဖြင့် လိုက်လာတာ ရှိတယ်။ တချို့ကလည်း သူဟော ပြောနေတာ ဒီလောက်နာမည်ကြီးတော့ ငါနဲ့ဘယ်သူတတ်သလဲလို့ အတို အရှည်တိုင်းရအောင် လိုက်လာတဲ့ပုဂ္ဂိုလ်လည်း ပါတယ်။ တချို့ကတော့ ဒီသင်တန်းမှာ အောက်ထစ်ဆုံး အနေအားဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရတာ၊ မရတာ အသာထား၊ အပါယ်ဘေးက တကယ်အေးတယ်လို့ သတင်းကြားတာနဲ့ အားပါးတရ အလကားနေလို့တော့ မဖြစ်ဘူး၊ ဒီသင်တန်းတော့ လိုက်ဦးမှ ဆိုပြီးတော့ အားကိုးတစ်ခုနဲ့ လိုက်လာပြီး စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ပုဂ္ဂိုလ်လည်း ပါတယ်။ အဲဒီလိုပါတဲ့အနက်က နေရာထိုင်ခင်း အလွန်ကျဉ်းကြပ်တဲ့အတွက်လို့ အတိုအရှည်တိုင်းရ ထွာရ အောင် လာတဲ့ပုဂ္ဂိုလ်တွေ၊ ဘယ်လို ဟောသလဲ၊ ပြောသလဲလို့ စုံစမ်းရအောင်လာတဲ့ပုဂ္ဂိုလ်တွေ၊ သူဟောတဲ့ အခြေအနေတွေ, သဘောအဓိပ္ပာယ်တွေ ဘယ်လိုအပြစ်အနာအဆာတွေ ပါသလဲ၊ အပြစ်

http://www.dhammadownload.com



အနာအဆာ ပါလို့ရှိရင် ငါရှာမယ်ဆိုတဲ့ အနေအားဖြင့် လာတဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေက သင်တန်းထဲက နောက်ဆုတ်ပေးကြပါ၊ ထွက်ကြပါလို့၊ ဘာပြုလို့လဲ ဆိုတော့ တကယ်စိုက်လိုက်မတ်တပ်လိုက်မည့်ပုဂ္ဂိုလ်များအတွက် အနှောင့်အယှက်ဖြစ်ပါတယ်။ နေရာကျဉ်းကြပ်တဲ့အတွက် ချမ်းချမ်းသာသာ တက်ကြပါစေလို့။

ဒါကြောင့် ဒီပုဂ္ဂိုလ်များဟာ စေတနာမရိုးသားတဲ့အတွက် ခုအချိန်ကစပြီးတော့ နောက်ဆုတ်ပေးကြပါလို့ ငါသုံးရက်တိတိပြည့်တဲ့နေ့မှာ နှင်တာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ တချို့လည်း အဲဒီလိုနှင်လိုက်တော့ကိုယ့်အကျိုးလား, သူ့အကျိုးလား မဝေဖန်ကြဘူး၊ ပြန်ချသွားရော၊ တရားနာချင်လို့လာတာပဲတဲ့၊ တရားနာချင်လို့လာတာ၊ သူ့တရားမနာရဘူးလို့ လာတာနှင်ပစ်တယ်တဲ့၊ သူ့တရားမနာရဘူးပေါ့လေ (မှန်ပါတယ်ဆရာ)၊ နှင်ပစ်တယ်တဲ့၊ တချို့လည်း စိတ်ဆိုးပြီးတော့ ပြန်သွားတယ်၊ အဲ့ဒါ ကိုယ့်အကျိုးလား၊ သူ့အကျိုးလား မဝေဖန်တတ်တဲ့ ပုဂ္ဂိုလ်မျိုးလို့ ခေါ်တယ်၊ အဲ့ဒါတွေ ငါတွေ့ခဲ့ပေါင်း များပြီပေါ့ကွာ၊ အဲဒီလူမျိုးကလည်း တစ်မျိုးရှိသေးတယ်၊တို့ ဒီဘေးကြီးလေးပါးက စပြီးတော့ပြတဲ့နေရာမှာ တို့များကတော့ အခုပြောတဲ့ ပုထုဇဉ်ဘဝနဲ့ သေလို့ရှိရင် ဂတိငါးပါး ကျချင်ရာကျ, လားချင်ရာလား, ဖြစ်ချင်ရာဖြစ်, ဒီလို အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ဘေးကြီးက တကယ်အေးသွားအောင်, ကျွတ်သွားအောင်, လွတ်သွားအောင် ဆိုတဲ့, လမ်းခရီးရောက်အောင် ပို့ချင်လို့စေတနာကောင်းနဲ့ ဒီဘေးကြီးလေးပါးချပြတာ၊ ဒါ့ကြောင့် မိမိတို့ကြိုးစားထားတဲ့ လက်ရှိကုသိုလ်ဟာ ဒါနလည်း ရှိလိမ့်မယ်, သီလလည်း ရှိလိမ့်မယ်, သမထအထိုက်အလျောက်လည်း ရှိချင်ရှိကြလိမ့်မယ်၊ အဲဒီလို လက်ရှိကုသိုလ်တွေနဲ့ ဘယ်လိုနည်းနဲ့မှ ဝိနိပါတဘေးကြီးကို မကျော်လွှန်နိုင်သေးဘူးလို့ အခုငါ နှစ်ည, သုံးည ပြထားတဲ့ အတိုင်းပေါ့လေ၊ အဲဒီ အတိုင်းပြောတော့ကာ တို့လုပ်တဲ့ကုသိုလ်တွေ ရေဖြစ်အောင် ပြောတယ်ဟဲ့။

ကုသိုလ်လုပ်ရင်တဲ့ အပါယ်လေးပါး ကျသယောင်ယောင် ပြောသဟဲ့ ဆိုပြီးတော့ အဲဒါဒေါသခံပြီးတော့ သင်တန်းက ပြန်ထွက်တဲ့ပုဂ္ဂိုလ်တွေ တွေ့ရပါတယ်၊ အဲဒါ တရားလိပ်ပတ်မလည်၊ အဓိပ္ပာယ်မပိုင်နိုင်ခင်က ဒေါသရှေ့ထားသွားတယ်၊ အဲဒီလူမျိုးများ သင်တန်းနားမကပ်, သင်တန်းနားမကပ်တော့မအိုက်ဘူးမဟုတ်လား၊ သူယူဆတဲ့ အယူအဆအတိုင်းပဲ အပြင်မှာ ဒီသတင်းတွေ ဒီအတင်းတွေလွှင့်တော့ တို့များအပေါ်မှာ ဆရာတော်များရဲ့ အမေးအစမ်း လည်းခံရပါတယ်။ ဒီလို ဒီလိုပဲ ဟောတာပြောတာ ဟုတ်သလား၊ ဒါနမလုပ်ရ, သီလမလုပ်ရ, သမထမလုပ်ရ, ဒီကုသိုလ်တွေ အလကားကုသိုလ်တွေ၊ ဒီကုသိုလ်တွေ လုပ်ခြင်းကြောင့် အပါယ်ကျတယ်လို့ ဟောသလား၊ ဒီလိုဒီလိုပဲအပြောများတယ်၊ ဆရာတော်များရဲ့ အမေးလည်း ခံရပါတယ်၊ ခုနကပြောတဲ့ပုဂ္ဂိုလ်များရဲ့ ပြောစကား

http://www.dhammadownload.com



ဆိုစကားအရ အပြင်ဘက်မှာ တချို့ကလည်း ရန်သူသဖွယ်ထင် ပြီးတော့ ငြိုငြင်တဲ့ စိတ်ဆန္ဒဓာတ်တွေနဲ့ အမှားကို စောင့်နေတဲ့ပုဂ္ဂိုလ်တွေလည်း အများကြီးရှိတယ်၊ ဒါပေမယ့်ဒါတွေ အကြောင်းအားလျော်စွာ ဖွင့်ပြီးတော့ ပြောခြင်းဟာ ပရိသတ်ဒီလောက်များလို့ရှိရင် ဒီပရိသတ်အပြောက်အပြားထဲမှာ လူဆိုတာ ဆုံတတ်ပါတယ်လို့။

အဲ့ဒါ သိဖို့ပြောတာပါ၊ တို့များဟာ (၁၁)ကြိမ်မြောက် ရောက်ခဲ့ပါပြီ၊ သည်းခံပြီးတော့ အများ နားလည်မှုရအောင်, ယဉ်ကျေးမှုရအောင်, လိမ္မာမှုရအောင်, မကောင်းသော အကျင့်စာရိတ္တတွေ ပျောက်ပြီး၊ ကောင်းသော အကျင့်စာရိတ္တတွေရောက်လို့ လူကောင်းသူကောင်းဖြစ်အောင်, သူတော် ကောင်းအစစ်ဖြစ်အောင်လို့ ဆိုပြီးတော့ စိတ်ကောင်း စေတနာကောင်းနဲ့ ဘာကိုမှ ငဲ့ညှာပြီး ငဲ့ကွက်မှု မရှိဘဲနဲ့ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း အပင်ပန်းခံ၊ ကိုယ်ကျိုးစီးပွား အနစ်နာခံပြီးတော့ သာသနာ ပြုနေတာပါ၊ အပြစ်မရှာထိုက်ပါဘူးနော် (မှန်ပါတယ်ဆရာ)။ မငြိုငြင်သင့်ပါဘူး၊ အဲဒီလို လုပ်လျက် သားနဲ့မှ အပြစ်လည်း ရှာနေတယ်၊ ငြိုလည်း ငြိုငြင်တယ်ဆိုလို့ရှိရင် တို့က ဆိုးသလား၊ ၎င်းပုဂ္ဂိုလ်က များ ဆိုးသလား၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒီလိုလည်း မလုပ်ကြပါနဲ့၊ နာကြည့်ပေါ့၊ အကယ်တန္တ ယုံကြည်မှုမရှိသေးတောင် နာကြည့်ပါ၊ ကြိုက်တာတွေ ယူပေါ့၊ ဗဟုသုတအနေအားဖြင့် မကြိုက်ရင် ပယ်လိုက်ပေါ့၊ ဝန်မလေးပါဘူး ဒါသတိပေးစကားပါ၊ အခုတစ်ပတ်တော့ တို့နေရာထိုင်ခင်း ကျဉ်းကြပ်တဲ့ အသံလည်း မကြားရပါဘူး၊ ခါတိုင်းလိုလည်း အုတ်သြဘောင်းနင်းနဲ့ စောစောစီးစီးထဲက နေရာကောင်းလာမှတ်တာလည်း မမြင်ရပါဘူး၊ ဒါကြောင့် ဒီတစ်ခါတော့ဖြင့် သင်တန်း တိတိကျကျ စေတနာ သန့်သန့်ရှင်းရှင်းနဲ့ လိုက်တဲ့လူတွေအတွက် သက်သာချောင်ချိမှုရအောင်၊ စေတနာ မရိုး သားတဲ့ပုဂ္ဂိုလ်များ နောက်ဆုတ်ပေးပါလို့ တို့ဒီတစ်ခါ မနှင်ပါဘူးကွာနော် (မှန်ပါတယ်ဆရာ)။ ငါလည်း နှင်ရတာ နည်းနည်းကြောက်လာလို့ပေါ့ကွာနော် ဟုတ်လား၊ အဲဒါ အခုပြထားတဲ့ ဘေးကြီးလေးပါးကို ဒီလိုနေ့များက သေသေချာချာမှတ်သားပြီးတော့ ဝိနိပါတဘေးကြီးရဲ့ အဓိပ္ပာယ်ရှင်းအောင် ပြနေတာကို သေသေချာချာမှတ်ပါ၊ သူ့အထင်နဲ့သူ ပြောသွားသလား၊ သူ့အတွေးနဲ့ သူပြောသွားသလား၊ သို့မဟုတ် သဘောကိုက ဟုတ်နေပါလားဆိုတာ သေချာပြန်စဉ်းစားပါ၊ အဲဒါ သဘောဟုတ်တယ်ဆိုတဲ့ ယုတ္တိလေ တစ်ခါဆောင်ပြကြဦးစို့ရဲ့ (မှန်ပါတယ်ဆရာ)။

တို့ကြိုးစားအားထုတ်ထားသော နည်းများမဆိုတဲ့ ဒါနကုသိုလ်စု၊ သီလကုသိုလ်စုသည် သေ သည်၏အခြားမဲ့ ပရမ်းပတာကျတတ်သော ဝိနိပါတဘေးကို ကျော်နိုင်ရဲ့လားလို့ ရှာကြည့်ရမယ်နော် (မှန်ပါတယ်ဆရာ)။ လူတွေက ဒါမှ ယုံကြည်မှာ၊ ကိုင်း . . . တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေ လူလား မြောက်တဲ့အရွယ်ကစပြီး ဆိုပါတော့ကွယ်၊ အမြဲတစေ မိဘဆရာသမား သွန်သင်ဆုံးမလို့ ဘုရားပုထိုး

http://www.dhammadownload.com



ရှိခိုးလို့ ကုသိုလ်ကောင်းမှု ပြုလုပ်လိုက်တဲ့ စေတနာတွေနော် (မှန်ပါတယ်ဆရာ)။ ဒါနခန်းကြည့်လည်း ဒါနခန်းအလျောက်၊ သီလခန်းကြည့်လည်း သီလခန်းအလျောက် တတ်စွမ်းသမျှ ကြိုးစားအားထုတ်၊ အလုပ်လုပ်လာလိုက်တာလို့ မလာဘူးလားကွာ (လာပါတယ်ဆရာ)။ ဒီလို အားထုတ်ပြီးလာရင်းကနေ တစ်စတစ်စနဲ့ အသက်အရွယ်ကကြီး၊ အသက်အရွယ်ကြီးတော့လည်း ငါလုပ်တဲ့ကုသိုလ်က လုံလောက်စိတ်ချရပြီ၊ ဘဝတော့ မြဲသွားပေါ့၊ ဂတိတော့ မြဲသွားပေါ့၊ မလုပ်ဘဲနဲ့ ရပ်နေလို့ ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)။ ဆက်လုပ်ရတာပဲလား၊ (ဆက်လုပ်တာပဲဆရာ)။ အေး . . . ဆက်လုပ်လာရတယ် ဆိုပါတော့ကွယ်၊ အသက်အရွယ်ကြီးလာတော့ နောက်သေခါနီးရော၊ သေခါနီးတော့ ငါ့အသက်ရှင်သမျှကာလပတ်လုံး နင်လား ငါလား၊ အင်တိုက် အားတိုက် တတ်အားသမျှ ကြိုးစားအားထုတ်လာတဲ့ ကုသိုလ်တွေများမှပဲ၊ အခုသေဘက်ကလည်း နီးပေါ့၊ မလုပ်ဘဲ ရပ်နေမှပဲ တော်လောက်ပြီလို့ ဒီလိုရပ်လို့ ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)။ မဖြစ်ဘူး၊ သေခါနီးလည်း လုပ်ရတော့မှာနော် (မှန်ပါတယ်ဆရာ)။ ကိုင်း . . . နောက်တော့ အသည်းအသန်ဖြစ်ကရော အိပ်ယာက မထနိုင်၊ အသည်းအသန်ဖြစ်လာတော့ အမျိုးမျိုးသော ဆရာသမားတွေနဲ့ ကုသကြတယ်၊ နောက် သမားတော်နဲ့ မတတ်နိုင်တော့ နောက်ဆုံး ဘုရားကုကုတယ်နော် (မှန်ပါတယ်ဆရာ)။ ဒီတောင်က ကျော်မယ်မဟုတ်ဘူး ဆိုတော့ ဘုရားကုကုကြတယ်၊ ဒါနောက်ဆုံးပါပဲ၊ ပရိတ်ရွတ်ဟဲ့ ဘာလုပ်ဟဲ့ ကုသိုလ်ကောင်းမှု အထောက်အပံ့ပြုကြတယ်၊ သေချာနားထောင်နော်၊ သမာဓိလည်း ကောင်းကောင်းထားပါ။

## ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ၊ ခြေမမြဲ လက်မြဲပါစေ ဆိုတာ

အဲဒါလုပ်နေတာတွေ အပြစ်ပြောနေတယ်လို့ မမှတ်နဲ့၊ အားမကိုးထိုက်သေးတဲ့အကြောင်း၊ ဝိနိပါတဘေး မလွန်နိုင်သေးတဲ့အကြောင်း အဓိကထားပြီး ပြောနေတာ၊ ဒါနဲ့ ဘုရားကု ကုလည်း မရဘူး၊ နောက်ဆုံးကျတော့ သေခါနီးပေါ့၊ အသက်က ငင်လာပြီး၊ မျက်ဖြူဆိုက်လာတယ် ဆိုတော့ သူကိုယ်တိုင် သူမကြိုးစားနိုင်တော့ဘူးနော် (မှန်ပါတယ်ဆရာ)။ သူကိုယ်တိုင် မကြိုးစားနိုင်ဘူး၊ မုစ္ဆာကာလ-တွေဝေတဲ့အခန်းနားရောက်တော့ အနီးအပါးမှာရှိကြတဲ့ သားသမီး ဆွေမျိုးဉာတိအရင်းအချာများက ကြည့်မနေနိုင်ရှာဘူး၊ ဘယ်လိုစိုးရိမ်လာသလဲဆိုတော့၊ ဒီတောင်ကတော့ တက်မယ်မဟုတ်ဘူး၊ နားရွက်လန်လာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ပင့်သက်ရှူလာပေါ့၊ "ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ၊ ခြေမမြဲ လက်မြဲပါစေ" မသေခင်ကလည်း ကုသိုလ်တွေ လုပ်ခဲ့တယ် မဟုတ်လား၊ (လုပ်ခဲ့ပါတယ်ဆရာ)၊ ဒီထိအောင် စိတ်ချရသေးလား (စိတ်မချရသေးပါဘူးဆရာ)၊ စိတ်မချရတော့ အဲဒီအခန်းလေးထဲမှာပဲ၊ ဟိုက နားရွက်လန်နေပြီ ပင့်သက်က ရှူနေပြီ၊ "ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ၊ ခြေမမြဲလက်မြဲပါစေ" ဆိုတဲ့ အနေအားဖြင့် ဘာလုပ်ရ၊ ဘုရားကိုယ်တော်ရဲ့ ရုပ်ပွားတော်

http://www.dhammadownload.com



ပင့်ပြီးတော့ မမြင် မြင်အောင်ပြရတယ်၊ ဟောဒီမှာ ဘုရားကွဲ့၊ "ဖူးနော်" (မှန်ပါတယ်ဆရာ)။ အနားကနေ "ဣတိပိ သော ဘဂဝါ" ရွတ်ပေးရတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဩော် . . . ဒီအသံလေးတွေ၊ ကောင်းတဲ့အသံလေးတွေ ကြားပြီးတော့ ကောင်းရာသုဂတိ လားပါစေ၊ ကြေးစည်သံလေးရိုက်ပေးရတယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။သေခါနီးလေးပေါ့နော် (မှန်ပါတယ်ဆရာ)။

အေး . . . သူကိုယ်တိုင် အသက်ရှည်စဉ်အခါတုန်းက တစ်သက်လုံး အားထုတ်အလုပ်လုပ်တယ်၊ အဲဒါလည်းပဲ စိတ်မချရသေးဘူး၊ သူကိုယ်တိုင်မလုပ်နိုင်ဘူး၊ သေခါနီးဆဲဆဲ ရောက်နေပေါ့၊ သူကိုယ်တိုင်မလုပ်နိုင်တော့ ဘေးနားကဆွေမျိုးရင်းချာများက ဝိုင်းဝန်းပြီးလုပ်ပေးရတယ်၊ ဒါပေမယ့် ကြိုးစားတယ်ပေါ့ကွနော် (မှန်ပါတယ်ဆရာ)။ ဂုဏ်တော်ရွတ်, ပရိတ်ရွတ်, သူ့နားကြားအောင် ကြေးစည်သံပေး, ရုပ်ပွားဆင်းတုတော်ပင့်ပြီးတော့ပြ, လက်အုပ်ချီပြီး ဖူးဟဲ့, အဲဒါ ပုတီးဟဲ့၊ ဘေးကနေပြီးတော့ မင်းပြုထားတဲ့ကုသိုလ်တွေ ဘယ်တုန်းကပြုခဲ့တယ်၊ ဘယ်တုန်းက ဘယ်ကုသိုလ်၊ ကုသိုလ်စာရင်းတွေလျှောက်ဖတ်နော် (မှန်ပါတယ်ဆရာ)။ ဘေးက ဝိုင်းဝန်းပြီးတော့ အဲဒီလိုလုပ်တော့ စိတ်ချရလား၊ (စိတ်မချရသေးပါဘူးဆရာ)၊**ဒါနဲ့လုပ်နေရင်းမတ်တတ် သေရော**မသေဘူးလား၊ (သေပါတယ်ဆရာ)၊ သေတော့ ရက်လည်ဆွမ်းတဲ့၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သပိတ်သွတ်တယ်တဲ့၊ မြန်မာလူမျိုးတို့ထုံးစံအနေနဲ့ ပိုဆိုးတာ၊ ရက်လည်ဆွမ်းတဲ့၊ မြေဆင်းသပိတ်တဲ့၊ ဒီနေ့ အလောင်းကို အိမ်ပေါ်ကချ၊ မနက်ဖြန်ခါ သပိတ်သွတ်၊ ဒါကို မြေဆင်းသပိတ်'လို့ ခေါ်တယ်နော်၊ (မှန်ပါတယ်ဆရာ)၊ အလောင်းကို အိမ်ပေါ်က ဆင်းသွားလို့တဲ့၊ သက်ပျောက်ဆွမ်းတဲ့၊ ဒီနေ့က အသက်ပျောက်တာနဲ့ တစ်ပြိုင်နက် ဆွမ်းသွတ်ရပြီ၊ မသွတ်ရဘူးလား (သွတ်ပါတယ်ဆရာ)၊ သက်ပျောက်ဆွမ်းတဲ့၊ မြေဆင်းသပိတ်တဲ့၊ ရက်လည်ဆွမ်းတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

## ယခုခေတ်စားနေတဲ့ မတကဘတ္တ ဆိုတာ ဘာလဲ

အဲဒါတို့ ကျမ်းဂန်ကလာတော့ "မတကဘတ္တ"ခေါ်တယ်၊ မတက-ဆိုတာ သေသူကို အကြောင်းပြုတာ၊ ဘတ်-ဆိုတာ "ဘတ္တ"သဒ္ဒါက သက်ဆင်းလာတာ၊ သေသူကိုရည်မှန်းပြီး လှူဒါန်းတဲ့ဆွမ်းနော် (မှန်ပါတယ်ဆရာ)၊ ကျန်ရစ်ခဲ့တဲ့ပုဂ္ဂိုလ်များက လုပ်ရပြီ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ ဒီလိုကုသိုလ်လုပ်ရသလဲ မေးတော့ ဘယ်သူ့အတွက် လုပ်သလဲဆိုတော့ သေသူအတွက်တဲ့နော် (မှန်ပါတယ်ဆရာ)၊ သေတဲ့သူအတွက် ဘာပြုလို့ လုပ်နေရသလဲတဲ့၊ ဟာ . . . ဂတိငါးပါး မတော်တဆ ဂတိကောင်းများလားသွားလို့ လူ့ဘဝ, နတ်ဘဝ ရသွားရင်တော်သေးရဲ့၊ မတော်တဆ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဆိုတဲ့ အပါယ်လေးပါး တစ်ပါးပါးများကျသွားရင် အင်မတန်

http://www.dhammadownload.com



သနားစရာကောင်းတယ်၊ ချွတ်ချော်တိမ်းပါးပြီတော့ မတော်တဆအပါယ်လေးပါးများ ရောက်ခဲ့သော် သူ့အတွက် ဒီကရည်မှန်းပြီးတော့ လှူဒါန်းရတဲ့၊ ဆွမ်းရဲ့ကုသိုလ်ကောင်းမှု၊ ပတ္တိဒါန၊ ပတ္တာနုမောဒနာပေါ့ အမျှအတမ်းပေးဝေရမယ် မဟုတ်လား၊ (မှန်ပါတယ်ဆရာ)။ အမျှအတမ်း ပေးဝေရတော့ အဲဒီအမျှကို ဖြစ်ရာဘဝကနေပြီးတော့ သာဓုအနုမောဒနာခေါ်နိုင်တဲ့ ဘဝမျိုးရောက်နေပြီးတော့ ကြားရတယ်၊ ကြားရတော့ သာဓုခေါ်တယ်၊ သာဓု သာဓု ဆိုပြီးတော့ ဟိုမှာ ပြိတ္တာဘဝ ဖြစ်နေတယ် ဆိုလို့ရှိရင် ဒီကအမျှအတမ်းဝေတယ်၊ နတ်တို့၏နားဖြင့် တစ်ဆင့်စကားပြောကြားချက် သူ့နားမှာ ကြားလို့၊ အဲဒါ. . . သင့်ကို ကောင်းမှုကုသိုလ်ပြုတယ်၊ အမျှအတမ်း ပေးဝေတယ်၊ သာဓုခေါ်လိုက်၊ သာဓုခေါ်လိုက်ဆိုရင် သာဓုသာခေါ်တော့၊ အဲဒီယုတ်ညံ့တဲ့ ဘဝဆိုးကနေ ရုတ်တရက်အားဖြင့် လွတ်သွားတယ်နော် (မှန်ပါတယ်ဆရာ)။ ချက်ချင်းပဲ ကောင်းရာသုဂတိသို့ ရောက်နိုင်တယ်တဲ့၊ အဲဒါကို ရည်မျှော်ပြီးတော့ ဒီကကျန်ရစ်တဲ့ပုဂ္ဂိုလ်များက သူ့အတွက်ကြိုးစားရတဲ့ ကုသိုလ်မျိုးကိုကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့်ပေါ့၊ ဒါ "မတကဘတ္တ-ဆွမ်းသွတ်"လို့ ခေါ်တယ်၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)။

ဒါဖြင့် သူ့အဖို့ကြည့်စမ်းပါကွယ် ဂတိငါးပါးမှာ ဂတိမမြဲခြင်းကြောင့် ဂတိငါးမျိုးမှာတစ်မျိုးမျိုး ကျချင်ရာကျ၊ ဖြစ်ချင်ရာဖြစ်ဆိုပြီးတော့ ဝိနိပါတဘေးကြီးအတွက် မသေခင်တုန်းကလည်း အသက်နဲ့ အမျှ ဒီဒါန၊ သီလဆောက်တည်တဲ့ ကုသိုလ်ကောင်းမှု ခပ်များများလုပ်လာခဲ့တာ၊ သေခါနီးဆဲဆဲလည်း ကိုယ်ကိုတိုင်မလုပ်နိုင်တဲ့အချိန်အထိတောင်ပဲ အားလုံးသော သားချင်းဆွေမျိုးအပေါင်းက ဝိုင်းပြီး အထောက်အပံ့ သူ့အစားလုပ်ပေးကြတယ်၊ ဒါလည်း မလွတ်ဘူးပေါ့။ လွတ်ရဲ့လား (မလွတ်ပါဘူး ဆရာ)၊ မသေခင်တောက်လျှောက်လုပ်တာလည်း မလွတ်သေးဘူးပေါ့ (မလွတ်သေးပါဘူးဆရာ)။ သေခါနီးဆဲဆဲလေး ကပ်လုပ်တာလည်း မလွတ်သေးဘူးပေါ့၊ (မလွတ်သေးပါဘူးဆရာ)။ ဟော. . . သေသေချာချာကြည့် မလွတ်ဘူးတဲ့။ အကယ်တန္တု အဲဒီ ဒါန, သီလဆိုတဲ့ ကုသိုလ်ကောင်းမှုတွေသာ လုပ်တိုင်း, ကြိုးစားတိုင်း, အားထုတ်တိုင်း ဒီဝိနိပါတ ပရမ်းပတာကျတတ်တယ် ဆိုတဲ့ ဘေးကြီးက လွတ်မယ်ဆိုလို့ရှိရင် ငယ်စဉ်က ကြိုးစားအားထုတ် ကုသိုလ်တွေ အလုပ်လုပ်လာတာ အသက်အရွယ်တွေ တော်တော်ကြီးရလာပြီပေါ့နော် (ဖြစ်ပါတယ် မှန်ပါတယ်ဆရာ)၊ အခုတော့ ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)၊ အသက်အရွယ်ကြီးတော့လုပ်၊ တိုတိုပြောတော့ သေသည့်တိုင်အောင်လုပ်ရတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သေသည့်တိုင်အောင် လုပ်တော့ လွတ်ရဲ့လားလို့ ဆိုတော့ (မလွတ်သေးပါဘူးဆရာ)၊ ဟော . . . မလွတ်လို့ ကျန်ရစ်တဲ့လူများ စိတ်မချလို့, ဒီကနေပြီးတော့ တစ်ခါ သူသေပြီးတဲ့နောက်မှာ "မတကဘတ္တ" ဆိုပြီးတော့ ဆွမ်းသွတ်ရတယ်တဲ့ ဟုတ်လား (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ဆွမ်းသွတ်တော့ရော လွတ်ရဲ့လား (မလွတ်သေးပါဘူးဆရာ)။ "ဆယ်ရေးတစ်ရေး ကိုးရေး တစ်ရာ" အကယ်တန္တ ကြုံကြိုက်ရင် ရမှာပေါ့ကွနော်၊ (မှန်ပါတယ်ဆရာ)။

အေး . . . အဲဒါကြည့်။ ဒါ ဘာကုသိုလ်တွေလည်း မေးတော့ တို့လူမျိုးတွေ ကြိုးစားနေတဲ့ ကုသိုလ်တွေပေါ့။ ဒါန, သီလဆိုတဲ့ ကုသိုလ်အစုစုတွေပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ဒါန, သီလဆိုတဲ့ အသက်ရှင်သမျှ ကာလပတ်လုံး သေသည်အထိ သေပြီးတဲ့နောက်ပိုင်း ဆွေမျိုး ဉာတိက စုလုပ်တဲ့အချိန်ထိအောင် ဒီကုသိုလ်တရားတွေက စောစောက ပြောသလို ဝိနိပါတဘေး ကြီးများ တားနိုင်ရဲ့လား (မတားနိုင်ပါဘူး)၊ မထင်ရှားဘူးလား (ထင်ရှားပါတယ်)၊ တားနိုင်တယ် ပြောရင် ဘာမှ သပိတ်သွတ်စရာမလိုပါဘူး၊ လိုသေးလား (မလိုပါဘူးဆရာ)၊ မလိုဘူး။ ဒါကြောင့် အသက်ရှင်စဉ် အခါတုန်းက ဘယ်လောက်ပဲ မွန်မြတ်တဲ့ ကုသိုလ်တရားတွေ ကြိုးစားစေကာမူ၊ တိုတိုပြောရင် ဘုရား ဒကာ, ကျောင်းဒကာအခေါ်ခံတဲ့ ဥပါသကာ, ဥပါသိကာမများ, တကယ့်သူတော်ကောင်း အပေါင်း တွေနော် (မှန်ပါတယ်ဆရာ)၊ ဒါနခန်းက ကြည့်လည်း ပြောစရာမရှိဘူး၊ သီလခန်းက ကြည့်ရင်လည်း ပြောစရာမရှိဘူး၊ လူသေတိုင်း ရေစက်ချ၊ ဘယ်လောက်ပဲ တန်းမြင့်တဲ့ သူတော်ကောင်း သေသေ, ပညာရှိသေသေ, သူယုတ်မာသေသေ, သူဆင်းရဲသေသေ, သူချမ်းသာသေသေ, သူဌေးပဲသေသေ, သူတောင်းစားပဲသေသေ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သေတိုင်းသေတိုင်း ရေစက်ချတာ နားထောင်၊ "ကာလင်္ကတာနံ ပေတာနံ" ပါဠိလာရှိသည့်တိုင်း၊ ကာလင်္ကတဿ-အတည်မကျ ဘဝတစ်ပါးသို့ ပြောင်းသွားသောပုဂ္ဂိုလ်အား ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဥဒ္ဒိဿ-ရည်မှန်း၍၊ ဣမာနိ ဒါတဗ္ဗ ဝတ္ထူနိ-ဤအထူးသော လှူဖွယ်ဝတ္ထုတို့ကို၊ အာယသ္မန္တာနံ-အရှင်ဘုရားတို့အား၊ ဒေမ-သဒ္ဓါကြည်ဖြူ ကပ်လှူပူဇော်ပါ၏၊ ကာလင်္ကတဿ, ပေလင်္ကတဿ-အတည်မကျ ဘဝတစ်ပါးသို့ ပြောင်းသွားသော သူထံ ပါပြီးသား၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကြားဖူးတယ်မဟုတ်လား၊ (ကြားဖူးပါတယ်ဆရာ)။

## ကိုယ့်ဘဝအထင်ကြီးပေမယ့် ဝိနိပါတဘေးမလွတ်ဘူး

ဟော တို့လူစု ကြည့်စမ်းပါကွယ်၊ ဒီရေစက်ချမျိုးနဲ့ အမြဲတစေ တို့လူမျိုးတွေ သေတိုင်း သေတိုင်း ဒီလိုချည်းချနေကြတယ်၊ ခုန ငါပြောတဲ့သူတောင်းစား သေတော့လည်း ဒီရေစက်ချပဲ၊ ကာလင်္ကတာနံ ပေတာနံ-အတည်မကျ ဘဝတစ်ပါးသို့ ပြောင်းသွားသော၊ လာပြန်ပြီနော် (မှန်ပါတယ်ဆရာ)၊ ဆင်းရဲသူဆင်းရဲသား သေတော့လည်း ဒီရေစက်ချပဲလား (ဒီရေစက်ချပဲဆရာ)၊ ကာလင်္ကတာနံ- အတည်မကျ ဘဝတစ်ပါးသို့ ပြောင်းသွားသော လူချမ်းသာတစ်ယောက် သေတော့ရော့ (ဒီရေစက်ချ ပါပဲဆရာ)၊ အတည်မကျ ဘဝတစ်ပါးသို့ ပြောင်းသွားသော၊ အတည်ကျတာဘယ်သူမှ ရှာမရဘူးပေါ့

http://www.dhammadownload.com



(မရပါဘူးဆရာ)၊ အေး . . . အဲဒီတော့ ဂတိငါးပါးမှာ အတည်မကျ ဖြစ်သွားတယ်တဲ့၊ ဘယ်သွား တယ်လို့ မပြောနိုင်ဘူးတဲ့၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သူဌေး သေတော့ကော (ဒီလိုပါပဲဆရာ)၊ သူကြွယ်သေတော့ကော (ဒီလိုပါပဲဆရာ)၊ လူချမ်းသာကြီး သေတော့ကော (ဒီလိုပါပဲ ဆရာ)၊ ပညာရှိ သေတော့ကော (ဒီလိုပါပဲဆရာ)၊ လူလိမ္မာ သေတော့ကော (ဒီလိုပါပဲဆရာ)၊ လူမိုက် သေတော့ကော (ဒီလိုပါပဲဆရာ)၊ နိုင်ငံရေးသမား သေတော့ကော (ပိုဆိုးပါတယ်ဆရာ)၊ ဟာ . . . ဟုတ်ပြီ၊ အဲဒါ မင်းပြောတာ။

ကဲ . . . ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေပေါ့နော်၊ (မှန်ပါတယ်ဆရာ)၊ မြန်မာလူမျိုးရဲ့ထုံးစံပေါ့၊ နိုင်ငံရေးသမားသေတော့ကော ဒီအတိုင်းပဲလား (ဒီအတိုင်းပါပဲဆရာ)၊ ဒါဖြင့် ကော်မတီလူကြီး သေတော့ကော (ဒီအတိုင်းပါပဲဆရာ)၊ ဥက္ကဋ္ဌတို့ သေတော့ကော (ဒီအတိုင်းပါပဲဆရာ)၊ ဒီအတိုင်း သွားတာ မဟုတ်ဘူးလား (ဒီအတိုင်းပါပဲဆရာ)၊ အမတ်မင်းသေတော့ကော (ဒီအတိုင်းပါပဲဆရာ)၊ ဝန်ကြီး သေတော့ကော (ဒီအတိုင်းပါပဲဆရာ)၊ ဝန်ကြီးချုပ်သေတော့ကော (ဒီအတိုင်းပါပဲဆရာ)၊ သမ္မတ သေတော့ကော (ဒီအတိုင်းပါပဲဆရာ)၊ ဟာ ဒါဖြင့်လည်း ဘယ်မှာလွတ်တဲ့သူ ရှာတွေ့မတုံး (မရပါဘူးဆရာ)၊ အေး . . . ဘယ်သူမှ မလွတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ သေသေချာချာ ပြန်စဉ်း စားကြည့်ပါ၊ အလကားပြောနေတာ မမှတ်နဲ့၊ ဘယ်သူမှ ဒီဘေးက ပြေးလို့မလွတ်ဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊

အခု ငါပြောသွားတဲ့လူတွေထဲမှာ တန်းအမျိုးမျိုး ခြားနားနေတယ်၊ တချို့ကလည်း အကုသိုလ် ဒုစရိုက် အင်မတန်အားကြီးနေတယ်။ တချို့လည်း ကုသိုလ်သုစရိုက်ပွားများနေတဲ့ သူတော်ကောင်း တွေပါတယ်။ တချို့က သူယုတ်မာတွေ ပါတယ်၊ မပါဘူးလား (ပါပါတယ်ဆရာ)၊ သူတော်ကောင်းပဲ သေသေ၊ သူယုတ်မာပဲသေသေ အတည်မကျ ဘဝတစ်ပါးသို့ ပြောင်းသွားသော လာပြန်ပြီ။ ကာလက် တာနံ-အနက်ပေးပုံနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘယ်သူသေလို့ ရေစက်ချ၊ ဒီအနက် အပြင် ပိုပြီးမထွက်ပါဘူး၊ မထွက်လို့လည်း သပိတ်သွတ်နေရတာပေါ့၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ ဘယ်လောက်ကြောက်စရာကောင်းသလဲလို့ စဉ်းစားကြည့်စမ်း၊ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အဲဒါများ အချို့ကိုယ့်ကိုကိုယ် အထင်ကြီးသေးတယ်၊ ဘယ်လိုထင်ထားတုံး ဆိုတော့ ကိုယ့်ကိုကိုယ် တကယ့် ငါသူတော်ကောင်းကြီးပဲလို့ဆိုပြီးတော့ သေရင်ဖြင့် ဘယ့်နည်းနဲ့မှ အပါယ်လေးပါး မလားဘူးလို့ ဒီလိုတထစ်ကျထင်ထားတယ်၊ ကိုယ့်ကိုကိုယ်တော့ တယ်အထင်ကြီး ကြတယ်။ ဒါပေမယ့် ကိုယ့်ဘဝကိုယ် ပြန်ကြည့်ပါ၊ ပုထုဇဉ်ဘဝနဲ့ သေရမယ်ဆိုရင်ဖြင့် အခုန ပြောတဲ့ထဲ မလွတ်တော့ပါဘူးလို့၊ ဘာတွေပဲ အားထုတ်အားထုတ်၊ ဘာတွေပဲ လုပ်လုပ်နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



ဒီကုသိုလ်တရားတွေ အင်မတန်များနေတိုင်း ငါတော့ဖြင့် ဒီဝိနိပါတဘေးက လွတ်ပြီလို့ တထစ်ချ မမှတ်ပါနဲ့ မလွတ်လို့ စောစောက ပြောနေတဲ့အတိုင်း သပိတ်သွတ်ခြင်း၊ ဆွမ်းသွတ်ခြင်း၊ အမျှအတမ်း ပေးဝေခြင်း၊ ပတ္တိဒါန ပတ္တာနုမောဒနာ နောက်ဆင့်ပြီး လိုက်နေကြတာပေါ့နော် (မှန်ပါတယ်ဆရာ)။

သူကိုယ်တိုင် လုပ်လို့ အားမရတဲ့အပြင် နောက်ဆင့်ပြီးလိုက်တယ်၊ အဲဒါမလွတ်တာက သက်သေ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ အင်မတန်ထင်ရှားတယ်တဲ့၊ အဲဒါကြောင့် တို့လူစု အခု ပြောတဲ့အတိုင်းပဲ ဒီအတိုင်းနေပြီး ဒီအတိုင်းသေကြရင် ဒီလိုပဲ ရေစက်ချရမယ်၊ မချရဘူးလား (ချပါ တယ်ဆရာ)၊ ချတဲ့အတိုင်းပဲ ဂတိငါးပါး သူလားချင်ရာလားမှာ၊ ရောက်ချင်ရာရောက်မှာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို တို့များပြောသွားတော့ကာ မခံချင်တဲ့စိတ်နဲ့ ဆင်ခြေပေးစရာ အကြောင်း ရှိသေးလား (မရှိပါဘူးဆရာ)၊ ဆင်ခြေပေးစရာ အကြောင်းကို မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အခု ငါပြောသွားတာ အမှန်တွေ မဟုတ်ဘူးလား (အမှန်တွေပါဆရာ)၊ အေး . . . ဒါကြောင့် ယုတ်စွအဆုံး သူတောင်းစားကစလို့ သူခိုး၊ ထန်းရည်သမား၊ အရက်သမား၊ ဖဲသမား၊ ဓားပြ၊ သောင်းကျန်းသူ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဓိပ္ပာယ်ဒီက စတယ်၊ ရွာသူရွာသား၊ သူဆင်းရဲ၊ သူချမ်းသား၊ သူဌေး၊ သူကြွယ်၊ မင်းစိုးရာဇာ၊ ပဒေသရာဇ်၊ ဧကရာဇ်တို့ လောကကြီးရှိသမျှ ငါပြောထားတဲ့အတိုင်းပဲ သုံးဆယ့် တစ်ဘုံတည်ကိန်းလုပ်ပြီး အရိယာပုဂ္ဂိုလ်ရှစ်ပါးနဲ့ စားလိုက်တော့ ဘာကြွင်းတယ် (အရှူးကြွင်းပါတယ် ဆရာ)၊ အေး . . . အရူးတွေ ကြည့်သာမှတ်နော် (မှန်ပါတယ်ဆရာ)။

## ပုထုဇဉ်မှန်သမျှ အရူးတွေပဲ

"ဥမ္မတ္တကော ဟိ ဝိယ ပုထုဇ္ဇနော။ သော "ဣဒံ ယုတ္တံ ဣဒံ အယုတ္တံ"န္တိ အဝိစာရေတွာ ယဿ ကဿစိ ဥပါဒိန္နဿ ဝသေန ယံကိဉ္စိ ဘဝံ ပတ္ထေတွာ ယံကိဉ္စိ ကမ္မံ ကရောတိယေဝ။ (သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ၊ နှာ၊ ၁၇၆)

ဟိ-မှန်၏၊ ပုထုဇ္ဇနော-ပုထုဇဉ်ပုဂ္ဂိုလ်သည်၊ ဥမ္မတ္တကော-အရူးပုဂ္ဂိုလ်ဖြစ်၏၊ သော-ထိုအရူးနဲ့ တူသော ပုထုဇဉ်သည်၊ ဣဒံ-ဤယုတ္တိသည်၊ ယုတ္တံ-သင့်၏၊ ဣဒံ-ဤယုတ္တိသည်၊ အယုတ္တံ-မသင့်၊ ဣတိ-ဤသို့ အဝိစာရေတွာ-မရွေးချယ်မူ၍၊ ယဿ ကဿစိ-တစ်စုံတစ်ခုသော၊ ဥပါဒိန္နဿ-စွဲလမ်း ခြင်း၏၊ ဝသေန-အစွမ်းအားဖြင့်၊ ယံကိဉ္စိ ဘဝံ-အမှတ်မထား တစ်ပါးပါးသော ဘဝကို၊ ပတ္ထေတွာ- တောင့်တ၍၊ ယံကိဉ္စိ ကမ္မံ-အမှတ်မထား တစ်ပါးပါးသော အမှုကို၊ ကရောတိယေဝ-ပြုလုပ်သည် သာတည်း။

http://www.dhammadownload.com



ဒါက တော်တယ်ဟေ့၊ ဒါက မှန်တယ်ဟေ့၊ ဒါက ကောင်းတယ်ဟေ့၊ ဒါက အကျိုးရှိတယ်ဟေ့၊ တစ်နည်း ဒါက မတော်ဘူးကွယ်၊ ဒါက မကောင်းဘူး၊ ဒါက အကျိုးမရှိဘူး၊ ဒါက မဟုတ်ဘူးလို့ ဒီလို ရွေးချယ်တတ်တဲ့ အသိဉာဏ်မပါဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူတုံး၊ (အရှူးပါဆရာ)၊ အေး . . . အရူးတွေနော် (မှန်ပါတယ်ဆရာ)၊ ဒါ တို့မျှားပြောတာ မဟုတ်ဘူး၊ သူရော ငါပါ အတူတူပဲ ပုထုဇဉ်မှန်သမျှ အရူးဆိုတာ မှတ်ထား၊ ဘာမှ နာစရာမရှိဘူး၊ ဘုရားရှင်ကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတာ၊ ဒါကြောင့် . . . ဒီအရူးတွေဟာ ဒါက ဟုတ်တယ်၊ ဒါက တော်တယ်၊ ဒါက မှန်တယ်၊ ဒါက ကောင်းတယ်၊ ဒါက အကျိုးစီးပွားများတယ်၊ ဒါကတော့ မဟုတ်ဘူး၊ ဒါက မမှန်ဘူး၊ ဒါက မတော်ဘူး၊ ဒါက မကောင်းဘူး၊ ဒါက အကျိုးစီးပွားမရှိဘူးလို့ ဒီလိုစိစစ်ရွေးချယ်တတ်တဲ့ အသိဉာဏ်မျိုး မရှိကြဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ မရှိတော့ ဘာဖြစ်လဲ၊ သူကောင်းတယ်ထင်လို့ သူလုပ်တာပါပဲ၊ သူလုပ်ပြီး သူအဟုတ်ထင်နေတာပဲ၊ ဒါနဲ့ သံသရာကြီး ဆက်တိုက်လည်နေကြတယ်၊ ဘယ်တော့နား၊ ဘယ်တော့မှ မနားဘူး၊ နားစရာလည်း မရှိ ခိုစရာလည်း မရှိဘူး၊ ဒီလို မနေဘူးလား (နေပါတယ်ဆရာ)၊ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။

## သာသနာတော်ကြီးနဲ့ ကြုံခိုက် သေဘေးဆိုးမရောက်ရပါစေနဲ့

အေး . . ဒါက သာသနာပနေတဲ့အခါဆိုရင်ဖြင့် ဒီအဖြစ်မျိုး ရောက်ရင် ရောက်ပါတော့လို့၊ အခုသာသနာကြီး ထွန်းလင်းနေတဲ့အခါမျိုးမှာ လာပြီးကြုံကြတော့ ဒီအဖြစ်မျိုးနဲ့ သေသွားတော့ မဆိုးဘူးလားကွယ် (ဆိုးပါတယ်ဆရာ)၊ ဝမ်းနည်းစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အေး သေဖို့ သာကောင်းတော့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သာသနာကြီးထွန်းလင်းနေတဲ့အခါမှာ ဒီအဖြစ်မျိုးနဲ့ သေရမယ်ဆိုတော့ ဒါသေခြင်းဆိုးပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သာသနာတော်ကြီးနဲ့ ကြုံကြိုက်တဲ့အခါကြီးမှာ ဥပနိဿယကောင်းရှာပြီး တို့တော့ သာသနာနဲ့တွေ့ ရတာ အင်မတန်မှ နေရာကျတယ်ဟေ့၊ တွေ့ကျိုး ကြုံကျိုးတော့ နပ်ပေ့ါဟဲ့၊ ဘာဖြစ်လို့ ငါ့အားထားလောက်တဲ့ အသိဉာဏ်တစ်ခုတော့ ရပြီပေ့ါ၊ သံသရာလည်း ငါဝန်မလေးတော့ဘူး၊ ထောက်ရာတည်ရာလည်း ရသွားပေ့ါ၊ မကောင်းဘူးလားကွ (ကောင်းပါတယ်ဆရာ)၊ အဲဒီအဖြစ်မျိုးကို ရောက်စေချင်လွန်းလို့ အခု မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတဲ့အတိုင်း တို့ပုထုဇဉ်တွေ အရိယာ မဖြစ်သမျှ ကာလပတ်လုံး အရူးဘဝနဲ့ သံသရာထဲ တဝဲလည်လည်နေကြတယ်၊ ကျင်လည်နေကြတဲ့အတွက် တို့တွေ ငဲ့ကွက်ပြီးတော့ သက်သာခွင့်လေးမှ ရကြပါစေ၊ စေတနာက ဒီလိုထားပါတယ်၊ ထောက်ရာတည်ရာလေးမှ ရကြပါစေ၊ နားခွင့်နေခွင့်လေးမှ ရကြပါစေ၊တစ်နည်း ဒီအသိဉာဏ်လေးရရင်ဖြင့်

http://www.dhammadownload.com



သံသရာဝဋ်က ကျွတ်ကြ လွတ်ကြပါစေ။ စေတနာကောင်းထားလို့ အပင်အပန်း အနွမ်းအနယ်ခံပြီး မငြီးမငြင်ဘဲနဲ့ တို့များပြလာတဲ့ သင်တန်းပါကွာလို့ အဲဒီလို စေတနာထားပြီး ကြိုးစားပမ်းစား လုပ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်အပေါ်မှာ ငြိုငြင်ဖို့ စိတ်ထားတွေ မထားသင့်ပါဘူး၊ အပြစ်ရှာဖို့သဘောတွေ မထားသင့်ပါဘူး၊ ကဲ့ရဲ့ရှုတ်ချတဲ့သဘောတွေ မထားသင့်ပါဘူး။

## ဘယ်သူမဆို တစ်နှစ်ပတ်လုံး ပြောသမျှစကား အပြစ်ကင်းတယ်လို့ မရှိဘူး။

ငါ့တစ်နှစ်ပတ်လုံး နေ့စဉ်မပြတ် အမြဲတစေပြောနေတဲ့ လူတစ်ယောက်ဟာ ဒီလောက်တောင် ပြောနေတဲ့စကားတွေထဲမှာ အမှားကင်းနိုင်ပါ့မလား (မကင်းပါဘူးဆရာ)၊ အေး . . . တစ်နာရီ နှစ်နာရီ ထိုင်ပြောတဲ့လူလည်း မကင်းပါဘူး၊ ငါ တစ်နှစ်ပတ်လုံး သင်တန်းတစ်ပတ်ပြီးရင် တစ်နှစ်ပတ်လုံး နေ့စဉ်နေ့စဉ် အမြဲတစေ ပြောနေတဲ့ စကားထဲမှာတော့ဖြင့် မှားသင့်သလောက် မှားမှာပေါ့လို့၊ ဒါပေမယ့် အကျိုးယုတ်တဲ့အမှားမျိုး မဟုတ်ပါဘူး၊ အပါယ်လေးပါး လားတတ်တဲ့ အမှားမျိုး မဟုတ်ပါဘူးနော် (မှန်ပါတယ်ဆရာ)၊ အပြောအဆို အသုံးအနှုန်း ဒီလိုမှားချင်မှားသွားပါလိမ့်မယ်လို့ (မှန်ပါတယ်ဆရာ)။

အဲသလိုများ ပရိသတ်အမြောက်အများနဲ့ အလုပ်လုပ်နေတာကို မရှုစိမ့်တဲ့စိတ်များ ရှိရင်လို့ အဲဒီပရိသတ်များကို လိုချင်လို့ရှိရင် ငါ နေရာပေးလွှဲပါမယ်လို့၊ မကောင်းဘူးလား (ကောင်းပါတယ် ဆရာ)၊ အဲဒီလူများ ပြောလိုက်ပါ။ ပရိသတ်များ လိုချင်လို့ရှိရင် ငါအမြန်ဆုံးပေးချင်ပါတယ်နော် (မှန်ပါတယ်ဆရာ)၊ ကိုယ်တောင် သက်သာသေး၊ ဒီနေရာများ ကိုယ်စားဝင်ပြီးတော့ လုပ်နိုင်မယ် ဆိုရင် ငါကျေးဇူးတင်စွာနဲ့ ဒီအလုပ်ကိုအပ်ပါတယ်နော် (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် အားလုံးအပေါ်မှာ တကယ့်မေတ္တာစေတ်ထားပြီးတော့ သာသနာနဲ့တွေ့တဲ့၊ ကြုံတဲ့အခိုက်ဖြင့် တို့လူစုတွေ သံသရာမျက်စိလည်ကြီး ပျောက်ကြပါစေဆိုတဲ့ စေတနာစိတ်ထားနဲ့ သည်းခံပြီးတော့ အပင်ပန်းအနွမ်းအနယ်ခံပြီးတော့ ပြနေတဲ့ သင်တန်းပါလို့၊ ဒါကြောင့် လိုက်တဲ့ လူထုများကလည်းပဲ တို့ထံလာပြီးတော့ နာရုံလေးနာရတာ၊ သူ့မှာတော့ အစကနေအဆုံးတိုင်နေ့စဉ်မပြတ် ဟောရ ပြော ရတယ်ဆိုတဲ့ လုပ်ငန်းက မသက်သာပါလားဟဲ့၊ အကျိုးစီးပွား ကိုယ်ကျိုးကိုယ်တွက် ဘာမှပါတာ မဟုတ်ဘူး၊ သို့သော်လည်း ပင်ပန်းကြီးစွာ ငါတို့အတွက်ကို ငဲ့ကွက် ပြီးတော့ ဟောပြောပြသနေတဲ့ သင်တန်းကို တို့ကလည်း ဆုံးခန်းတိုင်ရောက် လိုက်ကြစို့ရဲ့၊ ကြိုးစားကြစို့ရဲ့၊ မကောင်းဘူးလား၊ (ကောင်းပါတယ်ဆရာ)၊ မင်းကသာကောင်းတာ၊ ဒီပြင်လူကောင်းချင်မှ ကောင်းမှာပေါ့ကွာနော်၊ အများကော ကောင်းပါ့မလား၊ (ကောင်းပါတယ်ဆရာ)၊ အေး . . . ကောင်းမှာပါ၊ စုံလည်း စုံစမ်း ကြည့်ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် မှတ်လည်းမှတ်ပါ။

http://www.dhammadownload.com



## သင်တန်းမတက်ဖူးတဲ့လူတွေ ပိုက်ဆံစုတဲ့သူနဲ့ တူပုံ

ရှေ့ကိုတစ်ခုပြီးတစ်ခု တိုးတိုးပြီးသွားမယ်၊ အဲဒါ အမှန်ကတော့ ဒီသင်တန်းမလိုက်ဘူးတဲ့ လူသစ်များ၊ ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်တော့ မဆိုလိုပါဘူး၊ ဗဟုသုတမရှိသေးတဲ့ပုဂ္ဂိုလ်များ သင်တန်း လိုက်လာတော့ ဘာနဲ့တူသလဲဆိုတော့ ငါခုနကပြောသလို အစလေးကနေ မမှတ်မိလို့ရှိရင် နောက် လည်း ထပ်ပြီးတော့ မှတ်မိဖို့ အင်မတန် ခဲယဉ်းတယ်၊ ပိုက်ဆံစုတဲ့လူလိုနော် (မှန်ပါတယ်ဆရာ)၊ လူကြီးတွေက ပိုက်ဆံပေးပြီး ကလေးတွေကို ပိုက်ဆံစုဟဲ့လို့ဆိုလည်း လူငယ်လူရွယ် ဆိုတော့ သုံးသုံးပစ်တယ်၊ စုရမှာလည်း မသိဘဲကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒါ လူကြီးလည်း အတူတူပါပဲ၊ စုစရာမရှိတဲ့လူက စုလို့ကိုမဖြစ်ဘူး၊ ရပြီးကုန်သွား၊ ရကုန်သွား ဒီလိုနေတာဟုတ်လား (မှန်ပါတယ် ဆရာ)၊ တစ်နေ့သော အခါကျတော့ မသုံးမဖြုန်းဘဲနဲ့ လက်ထဲ နည်းနည်းစု၊ သုံးလေးရက်လောက် စုလိုက်တော့ လက်ထဲနည်းနည်းလေး သုံးလေးရက်စာလေးရလာတော့ အခံလေးက ရှိလာတော့ ဘာဖြစ်သလဲဆိုရင် နောက်ထပ်ရလာတဲ့ ပိုက်ဆံကို သုံးချင်တဲ့စိတ်မရှိဘူး၊ ဒီအခံလေး ရှိထားတော့ ဒီအခံလေး ပေါင်းချင်တာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အေး . . . နောက်တော့ ဒီအခံလေးထဲမှာ လာလာပြီး ပေါင်းချင်တဲ့စိတ်က ရှိတယ်၊ သုံးချင်တဲ့စိတ်ကလေးက ကုန်ခန်းပြီးတော့ ရလာလိုက် ဒီထဲ ပေါင်းလိုက်၊ နောက်တော့ နည်းနည်းလေး အားလေးလည်းရှိလာတော့ ရှေ့ဆက်ပြီးတော့ စုချင်လာတယ်၊ လိုချင်လာတယ်၊ ရချင်လာတယ်၊ ရသမျှ ဒီအထဲ အကုန်လုံးပေါင်းတယ်၊ ဒီလိုမဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)။

တို့လူစုလည်းပဲ အခုသာသနာကြီးနဲ့ တွေ့တယ်၊ ကြုံတယ် ဆိုပေမယ့် ပရမ်းပတာနဲ့ နေထိုင် လာကြလို့ ဒီသာသနာနဲ့ ပတ်သက်လို့ သာသနာ့အဆီအနှစ်အရသာဆိုတာ ကိုယ်ပိုင်အနေအားဖြင့် တစ်လုံးမှ ပြစရာမရှိတဲ့ပုဂ္ဂိုလ်တွေ တော်တော်များပါတယ်၊ ဒီသာသနာနဲ့ တွေ့ခြင်းကြောင့် ငါတော့ ဘာရထားပြီ၊ အားထားလောက်တဲ့ အသိဉာဏ်တစ်ခု ရထားပြီလို့ ပြတ်သားတာ တစ်ခုမျှမရှိဘူး၊ အဲဒီလို မရှိလို့တော့ စုရမှန်းလည်း မသိ၊ စုလို့ကလည်း မဖြစ်၊ ဒါကြောင့် တို့သင်တန်းအသစ် တက်တဲ့သူများဟာ စုကြည့်စမ်းပါ၊ အခု သုံးညရှိသွားပြီ ငါပြောသွားတာ၊ အခု ငါ ပထမဦးဆုံး ပြနေတဲ့ ဝိနိပါတဘေးတော့ ရပေ့ါကွာနော်၊ (ရလောက်ပါပြီဆရာ)၊ ရလောက်ပြီလား၊ (ရလောက်ပါပြီ ဆရာ)၊ နားလည်လောက်ပြီပေ့ါ (မှန်ပါတယ်ဆရာ)၊ အေး . . . လက်ချိုးပြီး မှတ်ထားပါ၊ ဘုရားကိုယ် တော်မြတ်က သတ္တဝါများအတွက် သက်သက် သီးသန့်ဟောတော်မူတဲ့ ဘေးကြီးလေးပါး၊ နံပါတ် (၁) ဝိနိပါတဘေးအကြောင်းကတော့ ငါကောင်းကောင်းသိပြီ၊ မရဘူးလား (ရပါပြီဆရာ)၊ ဟော ရသွားပြီနော် (မှန်ပါတယ်ဆရာ)၊ အေး . . . အဲဒါလေး ကိုယ့်ကိုယ်တိုင် အသိဉာဏ်ပေါ်ပြီး ရလာတော့

http://www.dhammadownload.com



နံပါတ် (၂) ဆိုတဲ့ဘေးကို သူမသိချင်ဘူးလားကွာ (သိချင်ပါတယ်ဆရာ)၊ အေး . . သိချင်လာပြီ၊ ဒါဖြင့် သူ့ရအုံးမှာပေါ့။

အေး . . . နောက် တတိယနံပါတ် (၃)၊ နောက် စတုတ္ထနံပါတ် (၄) ရောက်တော့ ကိုယ်တော်မြတ်ကိုယ်တော်တိုင် ဟောကြားတော်မူသော၊ ငါတို့ သူတို့ ဆိုတဲ့ သတ္တဝါတွေအမြဲတစေ ကာဆီးထားတဲ့ ပုထုဇဉ်များ လွတ်အောင် မရုန်းနိုင်သော၊ အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ဘေးကြီးလေးပါးကို ငါနားလည်ပြီ၊ ငါသိပြီ၊ ငါတတ်ပြီနော် (မှန်ပါတယ်ဆရာ)၊ ဒါနားလည်ရုံ၊ တတ်ရုံ၊ သိရုံလားဆိုတော့ မဟုတ်သေးဘူး၊ လက်စသတ်တော့ ဒီဘေးကြီးလေးပါး ဘယ်သူ့ကို ဝိုင်းနေသလဲလို့ အောက်မေ့တယ်၊ ငါ့ကို ဝိုင်းနေမှုကိုး၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီဘေးကြီးလေးပါးက လွတ်ဖို့ တကယ်ခဲယဉ်းပါလား၊ ဘေးကြီးလေးပါးက မလွတ်ပြန်လည်း အင်မတန်ကြောက်စရာ ကောင်းပါလား၊ ဒီအသိဉာဏ်တွေ ပေါ်လာတယ် မဟုတ်လား (ပေါ်လာပါတယ်ဆရာ)၊ အဲဒီတော့ ဒီဘေးကြီးလေးပါးက ကျွတ်အောင်, လွတ်အောင် ဘယ်လိုများလုပ်ရပါ့မလဲဆိုပြီး၊ လမ်းစရှာတယ် မဟုတ်ဘူးလား (ရှာမှာပါဆရာ)၊ အဲဒီလို ရှာလာမှ လမ်းစရကြမယ်လို့။

အခုတော့ ကိုယ့်ကိုဝန်းရံကာဆီးနေတဲ့ ဘေးကြီးလေးပါး ရှိမှန်းလည်း မသိဘူး၊ ရှိမှန်းမသိတော့ ကြောက်ရမှန်းလည်း မသိ၊ ကြောက်ရမှန်း မသိတော့ ဒီဘေးကြီးလေးပါးမှ ကျွတ်ဖို့ လွတ်ဖို့ နိဿယျည်းနည်းလမ်းလည်း ရှာဖော် ဖွေဖော်မရ၊ ဒါနဲ့ သေကြတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ တစ်ဘဝသွားပြန်ရောလို့ မှတ်ထားကြနော်၊ အခုဘဝမှာ အင်မတန်မွန်မြတ်တဲ့ လူ့ဘဝကြီး ရလာတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ထားတော်မူတဲ့ သာသနာကြီးကလည်း ကံကောင်းထောက်မလို့ လာတွေ့ကြတာ၊ ကံကောင်းထောက်မလို့ လာတွေ့တော့၊ ဩော် . . . အင်မတန်မွန်မြတ်တဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်သာသနာကြီးနဲ့ တို့က ပက်ပင်းလာတွေ့တာပဲ၊ ဟာ . . . ဒီသာသနာ အမြဲတစေရှိနေတာပဲ၊ ဒီဘဝမှာ မကြိုးစားဘဲနဲ့ သေသွားရင်၊ နောက်ဘဝမှာလည်း ရှိအုံးမှာပဲလို့ ဒီလိုစိတ်ထဲများ မအောက်မေ့ကြနဲ့၊ ဒီဘဝသေသွားလို့ရှိရင် လူ့ဘဝလူပြန်ဖြစ်လိမ့်မယ်လို့ မထင်ကြနဲ့၊ မြဲမြဲစွဲစွဲ မှတ်ထား၊ လူပြန်ဖြစ်ဖို့ ခက်ယဉ်းတယ်၊ ဖြစ်နိုင်စရာအကြောင်းလည်း မရှိပါဘူး။

## လူဖြစ်ရတာ ခဲယဉ်းတယ်

ဘာဖြစ်လို့ ငါ တမြန်နေ့က ပြထားတဲ့ဥပမာ ရှိထားတယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒုလ္လဘတရားငါးပါးထဲမှာ "မနုဿတ္တဘာဝေါ ဒုလ္လဘော" လူဖြစ်ဖို့ အလွန်ခဲယဉ်းတယ်၊ လူ့ပြည်က အပ်တစ်စင်းထား ဗြဟ္မာ့ပြည်က အပ်တစ်စင်းချ၊ အပ်သွားချင်း ထိချင် ထိရမယ်၊ လူ့ဘဝ မရနိုင်ဘူး။

http://www.dhammadownload.com



ကာဏကစ္ဆပ လိပ်ကန်းကြီးဝတ္ထု ကိုယ်တော်မြတ် ဟောသွားတာ ကြည့်စမ်းပါအုံး၊ "ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ" အစရှိတဲ့ ပင်လယ်ထဲ စီးဆင်းနေတဲ့ မြစ်ကြီးငါးသွယ်၊ ဂင်္ဂါမြစ်ကနေ ထမ်းပိုးလုံးကြီးမျှောလိုက်၊ ယမုနာမြစ်ကနေပြီးတော့ ထွန်တုံးထွန်တံမျှောလိုက်၊ ဟုတ်လား (မှန်ပါတယ် ဆရာ)၊ ပြီးတော့ အစိရဝတီမြစ်ကနေပြီးတော့ လှည်းဘီးတွေ မျှောလိုက်ပါ၊ တစ်မြစ် တစ်ခုစီမျှော၊ မဟီဆိုတဲ့ မြစ်ကနေ လှည်းဝင်ရိုးကြီး မျှောလိုက် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သရဘူဆိုတဲ့ မြစ်က နေပြီး ထန်းပိုးကျင်တို့ လည်ခွံပတ်တို့ မျှောလိုက်၊ သူ့မြစ်နဲ့သူ အသီးသီး တစ်ခုစီမျှော၊ မျှောတော့ ဒီမျှောတာတွေ ဘယ်ထဲ မျှောသွားမလဲ၊ (ပင်လယ်ထဲ မျှောသွားပါတယ်ဆရာ)။ ပင်လယ်ထဲမှာလည်းပဲ အနှစ်တရာကြာမှ တစ်ခါပေါ်တဲ့လိပ်ကန်းကြီးဆိုတာ ရှိတယ်။ ကာဏကစ္ဆပ ခေါ်တယ် (မှန်ပါတယ် ဆရာ)၊ သေသေချာချာ မှတ်သားနော်။ (သံယုတ်၊ ၃၊ ၃၉၈ - ကို နည်းမှီသည်။)

## လိပ်ကန်းကြီးနဲ့တူသော လူဖြစ်ရခြင်း ခဲယဉ်းပုံ

ပင်လယ်ထဲမှာ နှစ်တစ်ရာတစ်ခါ ခေါင်းဖော်တဲ့ လိပ်ကန်းကြီးတစ်ကောင်ရှိတယ်တဲ့၊ ဒီကလည်းပဲ မြစ်ကြီးငါးသွယ်ကနေပြီးတော့ ပစ္စည်းငါးမျိုး မျှောလိုက်ရော သူမျှောချင်ရာ မျှောသွားတယ် မဟုတ်ဘူးလား (သူမျှောချင်ရာ မျှောနေပါတယ်ဆရာ)၊ အေး . . . သူ့မြစ်နဲ့ သူ့ပစ္စည်းနဲ့ သူမျှောတာ၊ သူမျှောချင်ရာ မျှောနေတာပေါ့၊ တချို့ကလည်း မြန်မြန်မျှောတယ်၊ တချို့ကလည်း နှေးနှေးမျှောတယ်၊ မျှောချင်သလိုမျှော၊ အဲဒါဘယ်ထဲ ရောက်မလဲဆိုတော့ သမုဒ္ဒရာထဲ ရောက်ကြမှာပဲတဲ့၊ သမုဒ္ဒရာထဲ ရောက်တော့ရော သူ့ဘာသာသူ ဖရိုဖရဲ မျှောချင်ရာမျှောနေမှာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲသလို သူ့ဘာသာသူ ဖရိုဖရဲနဲ့ မျှောချင်ရာမျှော၊ ဝင်ရိုးက တခြား၊ ဘီးက တခြား၊ ထမ်းပိုးက တခြား၊ ထမ်းပိုးကျင်က တခြား၊ လည်ခွံပတ်က တခြား၊ နားစောင့်က တခြား၊ လှည်းသံက တခြား၊ အဲဒီလို မြစ်ကြီးငါးသွယ်က မျှောလာတာတွေ သမုဒ္ဒရာပင်လယ်ထဲမှာ ဖရိုဖရဲနဲ့ မျှောချင်ရာမျှောနေတာ၊ ပြီးတော့ ဒီလိပ်ကန်းကလည်း အနှစ်တစ်ရာကြာမှ တစ်ခါ ခေါင်းပေါ်တယ်၊ ကြည့်စမ်း၊ ကြည့်စမ်း၊ ဒါဖြစ်နိုင်စရာအကြောင်းရှိရဲ့လားလို့ ဒါအဋ္ဌကထာဆရာပြထားတဲ့ ဥပမာ၊ ဖြစ်နိုင်စရာ အကြောင်း စကား ရှိရဲ့လားလို့။ အဲသလို ဖရိုဖရဲ ကစဥ့်ကလျားနဲ့ လွင့်ပါးပြီးတော့ တခြားစီ မျှောလာတဲ့၊ လှည်း ကိရိယာ တန်ဆာပလာတွေဟာ တစ်နေ့သောအခါကျတော့ ထိုက်သင့်အားလျော်စွာ အကြောင်း သင့်ပြီး စုမိကြလိမ့်မယ်တဲ့၊ လှည်းဘီးနဲ့၊ လှည်းဝင်ရိုးနဲ့ စွပ်လို့၊ နားစောင့်ကလည်း နားစောင့် ပေါက်ကလေးထဲ အလိုလိုဝင်လို့၊ အခန့်သင့်ပြီးတော့နော် (မှန်ပါတယ်ဘုရား)၊ လှည်းသံကလည်း လှည်းသံနေရာကျလို့၊ ထမ်းပိုးကလည်း ထမ်းပိုးအတိုင်းတင်လို့ တပ်လို့၊ ထမ်းပိုးချိတ်ကလည်း

http://www.dhammadownload.com



ထမ်းပိုးချင်အပေါက်ထဲ လျှိုလို့ လည်ခွံပတ်ကြိုးကလည်း လည်ခွံပတ်ကြီး နေရာရောက်၊ အဲဒါ ဘယောက်ဘယက်ဖြစ်နေတဲ့ဥစ္စာတွေ၊ သူ့ဘာသာမျှောချင်ရာ မျှောနေတယ်၊ ဒီလို ဆုံစည်းလို့ ဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)။

အဲဒါဖြစ်ချင်ဖြစ်မယ်တဲ့၊ ဒီလိုဆိုတယ်၊ ဖြစ်နိုင်စရာအကြောင်းရှိရဲ့လား (မရှိနိုင်ပါဘူးဆရာ)၊ အကြောင်းလုံးလုံး မရှိဘူး၊ သူမျှောချင်ရာ မျှောနေတာနော် (မှန်ပါတယ်ဆရာ)၊ လူကိုင်တပ်တာ တောင်ပဲ အတော်တပ်ယူရပါတယ်၊ လှည်းတစ်စီးဆင်ရတာ မလွယ်ပါဘူး၊ (မှန်ပါတယ်ဆရာ)၊ အဲဒါ သူ့သဘာဝအလိုအလျောက် လေမိုးတိုက်ခတ်တာနဲ့ စုမိစုရာစုပြီးတော့ အဲဒီလို အပေါက်အလမ်း တည့်ပြီးတော့ လှည်းကိရိယာတန်ဆာပလာ အစုံအလင်တပ်မိ လျက်သားဖြစ်တယ်၊ ဖြစ်သွားရောနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုဖြစ်သွားတဲ့အချိန်အခါမှာ နှစ်ပေါင်းတစ်ရာကြာမှ တစ်ခါခေါင်းပေါ်တဲ့ လိပ်ကန်းကြီးကလည်း ပေါ်လာသတဲ့၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ပေါ်လာတော့ အဲဒီမှာ ဆင်ပြီးသား လှည်းနဲ့ ဆုံစည်းပြီးတော့ လည်ခွံပတ်ထဲခေါင်းလျှိုလို့၊ ထမ်းပိုးကျည်ကြားမှာ လိပ်ခေါင်းကြီး ဝင်ပြီး စွပ်နေတယ်၊ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဖြစ်နိုင်စရာအကြောင်းကို မရှိပါဘူးနော်၊ အဋ္ဌကထာဆရာကလည်း တော်တော့ကို ကြံကြံဖန်ဖန် ပြရှာပါတယ်လို့။

အဲသလိုသာ လိပ်ကန်းကြီးက အနှစ်တစ်ရာကြာမှ တစ်ခါပေါ်လာတဲ့ လိပ်ကန်းကြီးခေါင်းနဲ့ လည်းပင်းနဲ့ ထမ်းပိုးမှာ စွပ်မိလျက်သားဖြစ်ရင် ဖြစ်ရမယ်၊ သတ္တဝါ တစ်ယောက်သည် လူ့ဘဝ ရောက်ဖို့ ခက်၏ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါ တယ်ဆရာ)၊ အောင်မယ်လေး . . . ဒါနဲ့ တို့လူစုတွေ လူသေရင် လူပြန်ဖြစ်လိမ့်မယ်လို့ ထင်နေ တယ်နော် (မှန်ပါတယ်ဆရာ)၊ လူသေရင် လူပြန်ဖြစ်ဖို့ မဆိုထားနဲ့ တစ္ဆေတောင်မဖြစ်ဘူး မှတ်ထား၊ ရှေးက လူတွေနဲ့ခု လူတွေ စစ်ပြီးခေတ်နဲ့ စစ်ကြိုခေတ်နဲ့ ငါဥပမာလေးတစ်ခု ပြောလိုက်ရအောင်၊ တို့စစ်မဖြစ်ခင်တုန်းက တို့မြို့ထဲမှာ လမ်းတကာကို မသွားဝံ့ဘဲကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ် လို့တုံး (တစ္ဆေကြောက်လို့) အေး . . . တစ္ဆေကြောက်လို့၊ ဘယ်ညောင်ပင်က တစ္ဆေခြောက်လို့၊ ဘယ်သစ်ညိုပင်က တစ္ဆေကြီးခြောက်တယ်၊ ဘယ်တိုက်ကြားနဲ့ ဘယ်တိုက်ကြားများ ဘယ်သူ့ကို ဘယ်လိုခြောက်လိုက်တဲ့ တစ္ဆေတွေ မခြောက်ဘူးလား (ခြောက်ပါတယ်ဆရာ)၊ ခြောက်တယ်ဆိုတဲ့ တစ္ဆေတွေ အင်္ဂလိပ်အပြေးမှာ မြို့ကိုမီးနဲ့ ရှို့တော့ သေကုန်တာရော၊ ပြေးကြတဲ့ သူတွေရောနော် (မှန်ပါတယ်ဆရာ)၊ ပြစရာမရှိတော့ဘူး။

ကိုင်း . . . စစ်ပြီးခေတ် နောက်ပိုင်းမှာ တစ္ဆေခြောက်တယ် ကြားသေးလား (မကြားပါဘူးဆရာ)၊ တစ္ဆေကို မရှိဘူးပေါ့၊ (မရှိပါဘူးဆရာ)၊ အေး . . . အရင်တစ္ဆေတွေလည်း စစ်ထဲပါသွားပြီ၊ နောက်

http://www.dhammadownload.com



တစ္ဆေအသစ်တွေ လာသေးရဲ့လား (မလာတော့ပါဘူးဆရာ)၊ ဩော် . . . မလာတော့ဘူးဗျာ၊ ဘယ်လာမတုံး၊ အရင်စစ်မဖြစ်ခင်ခေတ်တုန်းကလည်း လူတွေရဲ့ အကျင့်စာရိတ္တက တော်သေးတယ်၊ လူသေရင် လူပြန်မဖြစ်ပေမယ့် တစ္ဆေလောက်တော့ ဖြစ်သေးတယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ကိုင်း . . . စစ်ပြီးခေတ်ကျတော့ လူတွေရဲ့အဇ္ဈတ္တသန္တာန်မှာ လောဘ, ဒေါသ, မောဟဆိုတဲ့ အကုသိုလ်ဒုစရိုက်တရားတွေက သိပ်များပြားတယ်ကိုး၊ မများဘူးလား (များပါတယ်ဆရာ)၊ များတာတော့ မပြောနဲ့တောဟေ့၊ ကိုယ့်အိမ်တောင် ကိုယ်မအိပ်ရဲဘူး၊ ဒီလိုဖြစ်လာတာ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

ကဲ . . . စစ်မပြီးခင်ခေတ်တုန်းကလို ဟိုးစစ်ခေတ်ကြီးကို ငါမလှမ်းသေးပါဘူး၊ ငါတို့ ငယ်စဉ်တောင်ကျေးခေတ်ကို မပြောသေးပါဘူး၊ စစ်မပြီးခင်ခေတ်တောင်မှ နှိုင်းစာကြည့်လို့ရှိရင် ကွာနေတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် စစ်ပြီးခေတ် ဒီဘက်မှာ သေတဲ့လူတွေ၊ လူသေရင် လူပြန်ဖြစ်တယ်ဆိုတာ အဝေးကြီးပါလို့၊ တစ္ဆေတောင် ပြန်မဖြစ်ဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ္ဆေပြန်မဖြစ်လို့ အခု မင်းတစ္ဆေရှားနေတယ် မဟုတ်ဘူးလား (ရှားပါတယ်ဆရာ)၊ တစ္ဆေသတင်းမေးရမလို ဖြစ်နေတယ်၊ လူတော့ ပြန်ဖြစ်ကောင်းပါရဲ့၊ အောင်မယ် . . . သူတို့ဖြင့် မုန့်ဆီကြော်ကဘယ်ဆီနေမှန်းမသိ၊ နှုတ်ခမ်းနာနဲ့တည့်ပါမည်လားဆိုတာ ငါတွေးပြီး ရယ်ချင်သေးတယ်၊ ဘာဖြစ်လို့တုံး၊ သူဖြင့် ဘယ်ဘဝသွားရမှန်း မသိဘူး၊ တစ္ဆေတောင်ဖြစ်မယ့်ဘဝ မျိုးတောင် ရောက်ချင်မှရောက်အုံးမယ်၊ ဒါပေမယ့် ဒီလင်, ဒီသား, ဒီမယား, ဒီဆွေ, ဒီမျိုး, ဒီမြေး, ဒီမြစ်တို့နဲ့ ဥမကွဲ သိုက်မပျက်နေချင်ရှာသေးဆိုနော် (မှန်ပါတယ်ဆရာ)။ ဒီလို လာသေးတာကိုးကွာ၊ အဲသလို နေချင်တယ်လည်းပြောသေးတယ်၊ နေရအောင်လည်း မကြိုးစားဘူးနော် (မှန်ပါတယ်ဆရာ)။

သေခါနီး အဘိုးကြီးအဘွားကြီးတွေ ပိုဆိုးတယ်၊ သေခါနီးလေ မြေးတွေ, မြစ်တွေ, သားတွေ, သမီးတွေကို စွဲနေတဲ့ဇောတွေ ကပ်နေတယ်၊ အဲဒီဇောတွေသာ ကပ်လာတာ၊ ဒီအသိုက်အအုံမျိုးနဲ့ သူနေ ချင်တယ်လို့ ပြောတာ၊ နေရအောင်လည်း မကြိုးစားဘူး၊ ကြိုးစားရဲ့လား (မကြိုးစားပါဘူးဆရာ)၊ ဘယ်တော့မှ မကြိုးစားဘူး၊ ဥပုသ်စောင့်ရအောင်ဆို ပျင်းလိုက်တာ ရိလို့ အကြောင်းအမျိုးမျိုးရှာပြောတယ်၊ (မှန်ပါတယ်ဆရာ)၊ ကိစ္စဝိစ္စတွေက သူ့အိမ်မှာရှိမှ ဖြစ်မယ်လို့၊ ကျောင်းကန်ဇရပ်မထွက်နိုင်တာနဲ့ အကြောင်းပြချက်တွေက အမျိုးမျိုးနော် (မှန်ပါတယ်ဆရာ)၊ သေကာနီးလေ အသိဉာဏ်က နည်းလေ ဒီလိုဖြစ်လာတယ်၊ ဒါပေမယ့် သူ့စိတ်ကြည့်လိုက်တော့ သေကာနီးလေ ဒီသား, သမီး, မြေး, မြစ်, ခွေရုံသင်းပင်းတွေ ခွဲရမှာစိုးရိမ်လေ၊ ဖြစ်ရာဘဝမှာ တစ်သိုက်တစ်ဝန်းထဲ ဒီအသိုက်ဒီအမြုံမျိုးနဲ့ နေချင်လေ၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



အဲလိုသာ နေချင်တယ်လို့ ဇောတွေက ကပ်ကပ်လာတာ၊ ပျင်းပျင်းလာတာ၊ နေရအောင် ဆိုတဲ့ လမ်းစတော့ ဘယ်လိုရှာပဲ့မလဲလို့ မတွေးဘူး၊ တွေးရဲ့လား (မတွေးပါဘူးဆရာ)၊ ဒါတော့ တို့သင်တန်း ထဲလည်း သေသေချာချာ ကြည့်စမ်းပါကွာ၊ သင်တန်း ဆယ်နှစ်, ဆယ်မိုးရှိပြီ၊ ဆယ့်တစ်နှစ်မြောက် ရောက်ပြီပေါ့၊ တကျော်ကျော်နဲ့ အော်ခေါ်နေတာ အပြေးလာမှာပေါ့ကွာ၊ ငါ့အသိုက်အအုံနဲ့ ငါ့သားချင်း ဆွေမျိုးတွေနဲ့ ဖြစ်ရာဘဝမှာ သိုက်သိုက်မြိုက်မြိုက်နဲ့ နေရအောင် ဂတိမြဲတဲ့ဘဝ၊ တို့လို ချင်တဲ့ လူ့ဘဝပြန်ရအောင်၊ ဒီသင်တန်းကိုတော့ အပြေးအလွှားတက်မှပဲလို့ စိတ်ကူးပေါ်လာ ကြမှာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် တို့သင်တန်းကို ဆွဲလွှဲခေါ်ရတဲ့ သေခါနီး အဘိုးကြီး အဘွားကြီး ဘယ်နှစ်ယောက်ပါနေသလဲ မပြောတတ်ဘူး၊ ငါတော့ မမြင်ပါဘူးဗျာ၊ မြင်ရဲ့လား (မမြင်ပါ ဘူးဆရာ)၊ အောင်မယ် . . ဒီနေရာမှာ လက်တွဲဆွဲခေါ်ရတဲ့ အဘိုးကြီး အဘွားကြီးတွေ မပါပေမယ့် ဓာတ်ရှင် (ရုပ်ရှင်) ကြတော့ ပါတယ်နော်၊ (မှန်ပါတယ်ဆရာ)။ သေခါနီးမို့ ရိက္ခာတွေ ယူနေကြတယ်၊ အဲသလို ဖြစ်နေတာကွ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ငါသနားလွန်လွန်းလို့၊ ဩော် . . . သာသနာတော်နဲ့ တွေ့တဲ့ ကြုံတဲ့အခါမှာဖြင့် အနည်းဆုံး ဝိနိပါတဘေးကတော့ ကျော်နိုင်ရမယ်၊ လွတ်နိုင်ရမယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဟာ အောက်ထစ်ဆုံးအနေနဲ့ တွက်ပြတာပါ၊ ဝိနိပါတဘေးကတော့ ကျွတ်ရမယ်၊ ငါက တမြန်နေ့က ပြောသလိုပေါ့၊ သင်တန်းတက်မိလို့ရှိရင် တို့ကြိုက်တဲ့ အပိုင်းလေးရောက်အောင် နှစ်လ သုံးလလိုက်ခဲ့ပါ၊ သေရင် သပိတ်မသွတ်နဲ့ကွာ၊ ဒါပေမယ့် တချို့ပုဂ္ဂိုလ်က ကြိုက်ချင်မှ ကြိုက်မှာနော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သေရင် သပိတ်မသွတ်နဲ့၊ ဘာဖြစ်လို့လဲ သေရင်အမွှအတန်း ပေးဝေ မနေနဲ့၊ လူကောင်း၊ နတ်ကောင်းပြန်ဖြစ်မှာပဲ၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့လဲ၊ အပါယ်တံခါးပိတ်လို့၊ ဟာ . . . ဒါဖြင့် ဒီသင်တန်း နှစ်လ သုံးလကြာတော့ အရိယာဖြစ်သလားလို့၊ ဖြစ်တာ, မဖြစ်တာ ငါ့တာဝန်မဟုတ်ဘူး၊ ဖြစ်နိုင်တဲ့လမ်းစဉ်တော့ ပါတယ်၊ ဒါပေမယ့် အရိယာမဂ် ဉာဏ်, ဖိုလ်ဉာဏ် ရတာ, မရတာထား၊ အနည်းဆုံးကတော့ ဒီဝိနိပါတဘေးကတော့ လွတ်ရမယ်၊ အပါယ်တံခါးပိတ်ရမယ် ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဲသလို အားထားထိုက်တဲ့, ယုံကြည်ထိုက်တဲ့ သင်တန်း၊ ဒါကြောင့်လည်း တို့က အင်တိုက် အားတိုက် ဝမ်းပန်းတသာနဲ့ ကြိုးစားပြီးတော့ ဘုရားသာသနာကို တို့တစ်ဖက်တစ်လမ်းကနေ ကြိုး ပမ်းပြီး ပြုမယ်ဟဲ့ ဆိုပြီးတော့ စေတနာသန့်သန့်ရှင်းရှင်းနဲ့ ပြုနေရတာပါ၊ နည်းနည်းပြုံပြင်တဲ့စိတ်တွေက များပါတယ်၊ ငါတော့ အများကြီး ရှောင်ကြဉ်ပါတယ်၊ အပြောအဆိုကစပြီး အစစအရာရာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ကိုယ့်သင်တန်းကို ယုံကြည်လေးစားတဲ့အနေအားဖြင့် လက်မှတ်ထိုးတက်တဲ့

http://www.dhammadownload.com



သင်တန်းသူ သင်တန်းသားများအပေါ် သာလျှင် ငါတော်သလို, သင့်သလို ငါကြည့်ပြီးတော့ ပြောနေတာပါလို့ တို့ပြောတာ သင်တန်းအပြင်ဘက်က တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်အပေါ် မှာ ရည်ရွယ်ချက်မပါပါဘူးနော် (မှန်ပါတယ်ဆရာ)၊ အဲဒါလည်းပဲ ဆင်ခြေဆင်လက်တက်လိမ့်မယ်မထင်လို့ ဒီကလည်း ပြောနေတာပါ၊ အဲဒီထဲက ဆင်ခြေဆင်လက် တက်ပါဒုံးမယ်ဆိုလို့ရှိရင် တက်ချင်တက်၊ မတက်ချင်နေ၊ ငါဖြေစရာအကြောင်းမရှိဘူး၊ ကြိုက်ရင်ကြိုက်၊ မကြိုက်ရင်နေ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒီဝိနိပါတဘေးကြီးဟာ သေသည်၏အခြားမဲ့၌ ပရမ်းပတာ ဖြစ်ချင်ရာဖြစ်၊ ကျချင်ရာကျ၊ ရောက်ချင်ရာရောက် ဂတိငါးပါး လားချင်ရာလားတတ်တယ် ဆိုတဲ့ ဝိနိပါတဘေးကြီးဟာ အင်မတန်ကြောက်ဖွယ်ကောင်းတယ် ဆိုတာ နံပါတ် (၁) အနေအားဖြင့် မှတ်လိုက်ပါလို့နော် (မှန်ပါတယ်ဆရာ)၊ မှတ်ပြီးတဲ့နောက် ကိုယ့်ကိုယ်ကိုလည်း ကိုယ်ပြန်တွေးကြည့်ပါ၊ ငါ ဝိနိပါတဘေးကြီးက လွတ်နိုင်စရာအကြောင်းများ ရှိရဲ့လားလို့ ဒီအတိုင်းနေလို့ရှိရင် လွတ်နိုင်စရာအကြောင်းများ ရှိရဲ့လား၊ ကိုယ့်ကိုကိုယ်လည်း ပြန်မေးကြည့်ပေါ့၊ ဟာ . . . ဒီအတိုင်းနေလို့ရှိရင်ကွယ် ငါလွတ်နိုင်စရာအကြောင်းမရှိဘူး၊ ငါကလည်း ကုသိုလ်ကောင်းမှု ကြိုးစားအားထုတ်ခဲ့တာ ဟုတ်ပါရဲ့၊ အဲဒီကုသိုလ်ကောင်းမှုတွေက အခွင့်သာတဲ့အခါ အကျိုးပေးမှာတော့ အမှန်ပဲ၊ ဒါပေမယ့် ဝိနိပါတဘေးတော့ မတားနိုင်တာ အမှန်ပါ၊ ဘာ့ကြောင့် ငါ့ထက် မရေမတွက်နိုင်အောင် သာချင်တိုင်းသာနေတဲ့ ဒါနခန်း, သီလခန်း လွှမ်းချင်တိုင်း လွှမ်းနေတဲ့ သီရိမ္မာသောကမင်းကြီး အစရှိတဲ့ ပုဂ္ဂိုလ်တွေ၊ တိဿရဟန်းတော် အရှင်မြတ်ကြီးတွေ၊ အဲဒီလို ပုဂ္ဂိုလ်ကြီးတို့ရဲ့ထုံးကို နှလုံးမူလိုက်ပြန်တော့လည်းပဲ ငါ့ရှိတဲ့ကုသိုလ်က ဝိနိပါတဘေးက မကျော်နိုင်တာ ထင်ရှားတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ဒီဝိနိပါတဘေးက ကျော်နိုင်တဲ့ လွတ်နိုင်တဲ့ နိဿယျည်းကောင်းတော့ ငါရှာအုံးမှာပဲလို့ စိတ်ထဲမှာလည်း အဲသလို တွေးကြပါလို့၊ ဒါ ဝိနိပါတဘေးက တကယ်အေးချင်၊ တကယ်ကျွတ်ချင်၊ လွတ်ချင်လို့ရှိရင် သင်တန်းမပျက်အောင် ဆက်ပြီးလိုက်ပါလို့၊ ကွင်းဆက်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ပျက်လည်းမပျက်စေနဲ့၊ သင်တန်းလိုက်လို့ရှိရင် ဒီကကွင်းဆက် တစ်ညပျက်သွားရင် ကွင်းဆက်တွေ ပြတ်သွားမယ်၊ ထူးတဲ့အကြောင်းကြီးငယ်မရှိဘဲ အပျက်မခံကြပါနဲ့၊ အဲဒါ အင်မတန်မှ စေတနာနဲ့ ပြောနေတာပါ၊ ကွင်းဆက်တွေ ပြတ်သွားလို့ရှိရင် လိပ်ပတ်မလည်မှာစိုးလို့နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ နံပါတ် (၁) ဝိနိပါတဘေး ပရမ်းပတာကျတတ်တဲ့ ဘေးကြီးဖြစ်ပြီး ဒီဘေးကြီးမလွတ်တော့ မလွတ်မှန်းသိသွားတော့ လွတ်အောင်လည်း မကြိုးစားနိုင်ဘူး၊ ထားပါတော့ နံပါတ် (၂) ဆိုတဲ့ နာနာသတ္တဉလ္လောကနဘေး ဟုတ်လား (မှန်ပါတယ်ဆရာ)၊ နာနာသတ္တဉလ္လောကနဘေး ဆိုတာ မြန်မာလို သေချာမှတ်ပါ၊ ဖြစ်ရာဘဝမှာ ဘုရားမှားသောဘေး၊ မြန်မာလို နားလည်အောင် ပြောရမယ်၊

http://www.dhammadownload.com



မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ နံပါတ် (၂) က ဘာခေါ်တယ်၊ (ဖြစ်ရာဘဝမှာ ဘုရားမှားသော ဘေးပါ ဆရာ)။

## ကိုးကွယ်ဆိုတဲ့ စကားလုံး ဘာလဲ

အေး . . . ဘုရားမှားသောဘေးနော် (မှန်ပါတယ်ဆရာ)၊ နာနာသတ္တဉ္စလ္လောကနဘေး - သတ္တဝါများဟာ ဖြစ်ရာဘဝမှာ အားကိုးရာ ကိုးကွယ်ရာ ရှာကြသကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ကမ္ဘာပေါ်မှာ ဘာသာပေါင်း ဘယ်လောက်ရှိသလဲ၊ (မပြောတတ်ပါဘူးဆရာ)၊ အောင်မယ် . . . ဗဟုသုတ တိုးသေးတယ်၊ ဘာသာပေါင်း (၁၀၁)ပါးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ မှတ်ထားဟ၊ ကြားဖူးနားဝဆိုတာ (၁၀၁)ပါးသော ဘာသာဝင်ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ကိုယ့်အယူဝါဒနဲ့ ကိုယ်နေကြတယ် မဟုတ်ဘူးလား (နေကြပါတယ်ဆရာ)၊ ကိုယ့်အယူဝါဒနဲ့ ကိုယ်ယုံကြည် ကိုးကွယ်နေကြတယ် မဟုတ်ဘူးလား (ကိုးကွယ်ကြပါတယ်ဆရာ)၊ အဲဒီကိုးကွယ်တယ်ဆိုတဲ့ အလုပ်ဟာ အလကားလုပ်တာ မဟုတ်ဘူးတဲ့၊ ကိုးကွယ်ဆိုတဲ့ စကားဟာ သေသေချာချာမှတ်ထား၊ "ကိုး"တာက တစ်လုံး၊ "ကွယ်"တာက တစ်လုံး နားလည်လား (နားလည်ပါတယ်ဆရာ)၊ "ကိုး"တာက တစ်လုံး၊ "ကွယ်"တာက တစ်လုံး နှစ်လုံးပေါင်းလိုက်တော့ "ကိုးကွယ်" ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ "ကိုး"ဆိုတာ မြန်မာလိုပြောရင် ဘာတဲ့၊ (အားကိုးတာပါဆရာ)၊ အေး . . . အားကိုးတာ ဟုတ်တယ်၊ "ကွယ်"ကရော ဘာတုံး၊ (မသိပါဘူးဆရာ)၊ အကာအကွယ်ယူတာပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အတိုချုံးထားတယ်၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အေး . . . "ကိုး"တာက အားကိုးတာ၊ "ကွယ်"တာက အကာအကွယ်ယူတာ၊ ဒီနှစ်ခုပေါင်းလိုက်တော့ ကိုးကွယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . အဲဒါ သူကြောက်လွန်လွန်းလို့ အားကိုးရှာတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူကြောက်လွန်လွန်းလို့ သူ့ကိုယ်သူ ကာကွယ်တဲ့အနေအားဖြင့် အားကိုးရှာတယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကိုင်း . . . တို့လူမျိုးကတော့ ဘာကိုးကွယ်တုံး၊ (ဗုဒ္ဓဘာသာကိုးကွယ်ပါတယ်ဆရာ)၊ အေး . . . ဗုဒ္ဓဘာသာ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အားမကိုးဘူးလားကွယ် (အားကိုးပါတယ်ဆရာ)၊ အကာအကွယ် မယူဘူးလာကွာ (ယူပါတယ်ဆရာ)၊ အေး . . . အကာအကွယ်ယူကြတယ်၊ ဘာအကာအကွယ် ယူကြသတုံးဆိုရင် ဘေးအမျိုးမျိုး၊ ရန်အမျိုးမျိုး၊ ဘေးအပေါင်း၊ ရန်အပေါင်း၊ ဒဏ်အပေါင်း မကောင်းမှုမှန်သမျှတို့ အကာအကွယ်၊ မကောင်းကျိုးတွေမှန်သမျှ အကာအကွယ် မယူဘူးလား (ယူပါတယ်ဆရာ)။

http://www.dhammadownload.com



အေး . . ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်နေတော့ မကောင်းတဲ့ အကျိုးတရားတွေ မပေးနိုင်ဘူး၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မင်း သေသေချာချာကြည့်ပါလား၊ လက်တွေ့ပေါ့ကွာ၊ ဂျပန်ခေတ်တုံးက မင်းလည်း မီလိုက်ပါလိမ့်မယ်၊ လေယာဉ်သံကြားရင် ဘာဖြစ်သလဲ (ဗုံးကျင်းထဲ ဝင်နေပါတယ်ဆရာ)၊ ပါးစပ်က ဘာတွေဆိုကြသတုံး၊ (ဘုရား, တရား, သံဃာ ဆိုပါတယ်ဆရာ)၊ အေး . . . ဘုရား, ဘုရား, ဘုရား ဒီလိုရွတ်မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဘုရား, ဘုရားဆိုတာက ဘာမှ မရတဲ့လူက ဘုရား ဘုရား၊ ဘုရား တတယ်မဟုတ်လား၊ (တပါတယ်ဆရာ)၊ ရတဲ့လူတွေကတော့ "ဣတိပိ သော၊ သမ္ဗုဒ္ဓေ"တို့ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ စုံတယ်မဟုတ်လား (စုံပါတယ်ဆရာ)၊ တချို့များ "ဣတိပိ သော"ဇောက်ထိုးရွတ်လို့ မဆုံးနိုင်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ကြောက်လိုက်တာလို့၊ ဒါကာကွယ်တာ မဟုတ်ဘူးလားဟ (ကာကွယ်တာပါဆရာ)၊ အမယ်လေး . . . ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး ရွတ်ဖတ်နေပြီလားဆိုမှ အန္တရာယ် မရောက်နိုင်ဘူးဟဲ့၊ အန္တရာယ်မရှိနိုင်ဘူးဟဲ့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဲဒါလေ သူတော်ကောင်းက ဟောပြောလိုက်လို့၊ ကြားဖူးနားဝရှိတော့ အဲဒါနဲ့ ကာကွယ်ထားတယ်၊ လာမည့်ဘေးရန်တွေနော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် အားလည်းကိုးတယ်၊ အကာအကွယ်လည်း ယူတယ်၊ အားကိုးတယ်, ကာကွယ်တယ် ဆိုတဲ့ နှစ်ခုပေါင်းလိုက်တော့ "ကိုးကွယ်" ဒီလိုဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ (၁၀၁)ပါးသော လူမျိုးအပေါင်းတွေဟာ အခုနက ငါပြောတဲ့အရှုးတွေနော် (မှန်ပါတယ်ဆရာ)၊ ကိုယ်ထင်ရာကိုယ် အားလည်းကိုးကြတယ်၊ အကာအကွယ်လည်း ယူကြတယ်၊ မယူဘူးလား (ယူကြပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် အားကိုးပုံတွေ၊ အကာအကွယ်ယူပုံတွေကို မနက်ဖြန်ကျမှ ဆက်ကြစို့ . . .

ကုသလာဝါသဆွမ်းလောင်းအသင်းက ဂေါပကလူကြီးမင်းများကို အကြောင်းကြားပေးပါ၊ တိုက်တွန်းပေးပါတဲ့၊ ဘာကို တိုက်တွန်းရမလဲ မေးတော့၊ နှစ်စဉ်နှစ်တိုင်း တစ်နှစ်ကို တစ်ကြိမ်ကျ မြို့ပေါ်ရှိ သံဃာတော်နဲ့ မြို့ပတ်ဝန်းကျင်ရှိ သံဃာတော်များပါ အားလုံး စာရေးတံမဲချပြီးတော့ ဆွမ်းကြီးလောင်းလှူပွဲ၊ အရင်မနှစ်ကလည်း တစ်ကြိမ်တိုက်တွန်းပေးပါဆိုလို့ တိုက်တွန်းပေးခဲ့ဖူးပါတယ်။ လူများဆုံစည်းတဲ့သင်တန်းကနေ တိုက်တွန်းခြင်းကြောင့် လွန်ခဲ့သောနှစ်က အတော်လည်း တိုးတက်မှုရှိပါတယ်၊ ဒီတော့ တစ်နှစ်မှာ တစ်ကြိမ်မျှ မြို့ပေါ်ရှိ သံဃာတော်နှင့် မြို့ပတ်ဝန်းကျင်ရှိ သံဃာတော်များပါဆိုတော့ (၁၅၀၀) ကျော်ကျော်ရှိတယ်၊ အဲဒီ (၁၅၀၀)ကျော်ကျော် သံဃာတော်များ စာရေးတံမဲချပြီးတော့ အသီးအသီးလှူဒါန်းတဲ့ ဆွမ်းကြီးလောင်းပွဲလို့ ခေါ်တာပေါ့လေ၊ အဲဒါ တတ်အားသမျှ သဒ္ဓါတရားရှေ့ထားပြီးတော့ ကိုယ်တတ်စွမ်းတဲ့ဘက်က ပါဝင်ကူညီပြီး လှူဒါန်းကြပါတဲ့။

http://www.dhammadownload.com



အဲဒါ အရင်လည်း တိုက်တွန်းဖူးလို့ ဆောင်ရွက်ခဲ့ဖူးပါတယ်၊ အခုလည်း ဒီနည်းအတိုင်းပဲ မထူးပါဘူး၊ အဲဒါဆောင်လည်း ဆောင်ရွက်သင့်တယ်။ ကြိုးလည်း ကြိုးစားသင့်တယ်။ ဘာ့ကြောင့်လဲ ဆိုတော့ သမ္မုတိသံဃာတော် အရှင်မြတ်များဟာ ကနေ့အထိပေ့ါလေ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် ပထမသင်္ဂါယနာတင် အရှင်မဟာကဿပ ကြီးမှူးပြီးတော့ သင်္ဂါယနာတင်က စပြီးတော့ ဒီပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ ဆိုတဲ့ သာသနာတော်ကြီးသုံးရပ်ကို အဲဒီပထမသင်္ဂါယနာတင်တဲ့ အချိန်က စပြီးတော့ တစ်စတစ်စနဲ့ တစ်လက်မှ တစ်လက်မပျက်ရအောင် ဆက်လက်ပြီး ဆောင်ရွက်လာကြတယ်။ အင်မတန်လည်း ကျေးဇူးတင်ထိုက်ပါတယ်၊ ကနေ့အထိ တစ်လုံးတစ်ပါဒမှ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ သာသနာကြီးထဲမှာ ချို့ယွင်းချက် မပါသေးပါဘူး။ တိတိကျကျ သိအောင် နည်းနည်းလေးမှ ချို့ယွင်းချက်မပေါ်ရအောင် အခုပဲ ဆဋ္ဌသင်္ဂါယနာတင်လည်း ပြီးသွားပေ့ါ။

အခုလည်း တင်ဆဲကာလ၊ အဲဒါ ဘာဖြစ်လို့လဲ ဆိုတော့ ဒီသာသနာတော်ကြီးဟာ ညှိုးမှိန်ပျက်စီးသွားမှာစိုးလို့၊ ပျောက်သွားမှာစိုးလို့၊ ပျက်သွားမှာစိုးလို့၊ ချို့ယွင်းချက်တွေပေါ်မှာစိုးလို့ အဲဒီလို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ "သာမုက္ကံသိက" ဖြစ်တော်မူတဲ့ ဒေသနာတော်ကြီးကို၊ (တစ်နည်း) သာသနာတော်ကြီးကို တစ်လက်မှတစ်လက် ဆက်ကာဆက်ကာနဲ့ "အာစရိယပရမ္ပရာ သိဿာနုသိဿာ" ဆိုသလိုပေ့ါလေ၊ ဆရာအဆက်ဆက် တပည့်အဆက်ဆက် လက်ဆင့်ကမ်းပြီးတော့ မပျက်တမ်း ဆောင်ရွက်ပြီး စောင့်ရှောက်လာတဲ့ ကျေးဇူးတော်ကြီး ရှိတယ်၊ ကနေ့အထိ ရှိတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်ကြားတော်မူတဲ့ စကားတော်အရဆိုရင် နောင်နှစ်ပေါင်း (၂၅၀၀) ကျန်သေးတယ်၊ ဒီသာသနာတည်အောင် ဆောင်ရွက်သွားရမှာ။ ဒါကြောင့် သမ္မုတိသံဃာတော် အရှင်မြတ်များ ဒီလို "အာစရိယပရမ္ပရာ သိဿာနုသိဿာ" ဆရာအဆက်ဆက် တပည့်အဆက်ဆက် လက်ကမ်းပြီးတော့ မပျက်တမ်းဆောင်ရွက်လာကြလို့ ကနေ့အထိ ငါတို့သူငါ လူတကာတို့ ဒီသုတ်ဝိနည်းအဘိဓမ္မာဆိုတဲ့ သာသနာကြီးထဲက ထုတ်နုတ်ပြီးတော့၊ မဂ်ဖိုလ်စီးပွားအလုပ်တွေ လုပ်နေကြတယ်၊ ကျေးဇူးများ ဘယ်လောက်ကြီးသလဲလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အင်မတန် ကျေးဇူးကြီးမားလှပါတယ်။

သူတော်ကောင်းတရားကို အမြဲတစေ နာကြားနေကြရတယ်၊ ဒီသူတော်ကောင်းတရားတွေထဲက ထုတ်နုတ်ပြီးတော့ မိမိတို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရာရကြောင်း ကောင်းရာသုဂတိ ရောက်ရာရောက်ကြောင်း၊ အပါယ်လေးပါးတံခါး ပိတ်ရာပိတ်ကြောင်းဆိုတဲ့ အကျင့်ကောင်းတွေ ကျင့်ကြံပွားများအားထုတ်ပြီး အလုပ်လုပ်နိုင်ကြတယ်။ အမှောင်လောကီ အမိုက်လောကကြီး မဖြစ်သေးပါဘူး၊

http://www.dhammadownload.com



သာသနာကြီးထွန်းလင်းလျက် ရှိသေးတယ်၊ ဒီသာသနာကြီး မမှေးမှိန်ဘဲနဲ့, မသေးသိမ်ဘဲနဲ့ အမြဲတစေ ထွန်းလင်းတောက်ပနေတာ၊ ဘာကြောင့်လဲလို့ အကြောင်းရင်းရှာတော့ ယနေ့သက်တော်ထင်ရှား ရှိတော်မူကြတဲ့ သမ္မုတိသံဃာတော် အရှင်မြတ်များရဲ့ ကျေးဇူးပဲလို့ ဒီလိုနားလည်ထားရမယ်။ ဒီတော့ ဒီကျေးဇူးဟာ ဆပ်ပြီးလို့ ကုန်နိုင်စရာ အကြောင်းမရှိဘူး၊ အကယ်တန္တ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံပြီးတဲ့နောက်ပိုင်းက စပြီးတော့ ဒီသာသနာကြီးကို ဆောင်ရွက်မည့် ဆရာအဆက်ဆက်, တပည့်အဆက်ဆက်က လက်ကမ်းသူမရှိဘဲနဲ့ ပျောက်ကွယ်သွားမယ်ဆိုလို့ရှိရင် ကနေ့အထိ အမိုက် လောက အမှောင်လောကကြီး ဖြစ်မယ်လို့၊ ဒုစရိုက်မှန်းမသိ၊ သုစရိုက်မှန်းမသိ၊ ကျင့်ကောင်း တာမှန်း မသိ၊ မကျင့်ကောင်းတာမှန်းမသိ၊ အမှောင်လောကကြီး၊ အမိုက်လောကကြီးဖြစ်မယ်။ အင်မတန် ကြောက်စရာကောင်းပါတယ်။

အခုတော့ ဒီလိုမဟုတ်ဘူး၊ ဒါက အမှောင်ဟဲ့၊ ဒါက အလင်းဟဲ့၊ ဒါက အကျိုး၊ ဒါက အပြစ်၊ ဒါက ကောင်းကျိုးချမ်းသာပေးတဲ့ တရားတဲ့၊ ဒါက မကောင်းတဲ့အကျိုးကို ပေးတတ်တဲ့တရားတဲ့၊ ဒါက ကုသိုလ်တရားတဲ့၊ ဒါက အကုသိုလ်တရားတဲ့ အစရှိသည်အားဖြင့် ဒီလို ပိုင်းခြားသိမြင်တဲ့ လူတိုင်း လူတိုင်းမှာ အသိဉာဏ်လေးတွေရလို့ မှန်ကန်တိကျစွာ ကျင့်သုံးနိုင်မယ်ဆိုတဲ့ ကျေးဇူးက ဘာလဲ၊ ဒီပရိယတ္တိသာသနာကြီး မကွယ်မပျောက်လို့၊ ကနေ့ရောက်အောင် ဘယ်သူဆောင်ရွက်လာ သလဲ၊ သက်တော်ထင်ရှားရှိတော်မူကြသော သမ္မုတိသံဃာတော်များ ဆောင်ရွက်လာကြတယ်၊ စောင့်ရှောက်လာကြတယ်၊ ဒီကျေးဇူးတွေ တွေးပြီး တရေးရေးနဲ့ စဉ်းစားကြည့်ရင် ကျေးဇူးတွေဆပ်လို့ မကုန်နိုင်ဘူး၊ ကျေးဇူးမများလား (ကျေးဇူးများပါတယ်ဆရာ)၊ အဲဒါကြောင့် သမ္မုတိသံဃာတော် အရှင်မြတ်များရဲ့ ကျေးဇူးကြီးမားပုံတွေကို ထောက်ဆသောအနေအားဖြင့် ဒီကလည်း ဆဋ္ဌသင်္ဂါယနာ အတွက် အလှူတော်ရန်ပုံငွေတွေ ကောက်ခံစဉ်အခါတုန်းက ဒီသံဃာတော် အရှင်မြတ်များရဲ့ ကျေးဇူး ဘယ်ထိအောင် ကြီးမားတယ်၊ ပရိယတ္တိသာသနာရဲ့ ကျေးဇူးဘယ်ထိအောင် ကြီးမားပုံကို အကျယ် တဝင့် ဟောခဲ့ပြီးပါပြီ။ ပြောခဲ့ပြီးပါပြီလို့ သင်တန်းအဟောင်းသမားများလည်း နာကြားဖူးတဲ့ ပုဂ္ဂိုလ်တွေ များတယ်။

ဒါကြောင့် ဒီကျေးဇူးတွေ ထောက်ဆသောအားဖြင့် အားလုံး သင်တန်းသူသင်တန်းသားများ လဆုတ် (၁)ရက်နေ့မှာ ကုသလာဝါသဂေါပကအဖွဲ့က ကြီးမှူးပြီးတော့ စာရေးတံမဲချ၍ လှူဒါန်း လတ္တံ့သော ဆွမ်းကြီးလောင်းပွဲမှာ အဖက်ဖက်ကနေပြီး တတ်အားသမျှ လှူဖွယ်ဝတ္ထုအစုစုနှင့်တကွ သဒ္ဓါတရားထက်သန်စွာနဲ့ လှူဒါန်းနိုင်ကြပါစေလို့ ဒီက တိုက်တွန်းပါတယ်၊ နှိုးဆော်ပါတယ်၊ လှူလည်း လှူကြပါ၊ အင်မတန် ကျေးဇူးကြီးမားပါတယ်။ အဲဒီကိစ္စပြီးသွားတော့ ညစဉ်ပြနေကျအဆက် ဘေးကြီး

http://www.dhammadownload.com



လေးပါးတဲ့၊ သင်တန်းကို တက်တဲ့သူတွေများဟာ ကြပ်ကြပ်ကြီးလည်းပဲ မှတ်လည်းမှတ်ကြပါနော်။ ဒါကိုယ်ပိုင်ရဖို့လို့ ပေးနေတဲ့တရား ခေါ်တယ်၊ သင်တန်းလို့ အမည်တပ်ထားသော သင်တန်းပါ၊ ဟောတရား၊ နာတရား မဟုတ်ပါဘူး။ ဟောတရား၊ နာတရားဆိုရင် တာဝန်က မဲ့နေကြတယ်။တာဝန်မရှိဘူးခေါ်တယ်၊ ဘယ်သူမှ တာဝန်မခံဘူး၊ နာတဲ့ပုဂ္ဂိုလ်ကလည်း တာဝန်မခံဘူး၊ ဟောတဲ့ ပုဂ္ဂိုလ်ကလည်း တာဝန်မခံဘူး၊ ဟောတဲ့ပုဂ္ဂိုလ်ကလည်း သူ့ဝတ္တရားရှိတဲ့အတိုင်း ဟောသွားတာ၊ နာတဲ့ပုဂ္ဂိုလ်ကလည်း တရားနာဆိုတော့ သွားနာလိုက်၊ နာပြီး ပြန်လာတာ၊ အဲဒါ နှစ်ဦးနှစ်ဝ တာဝန်မဲ့တယ်၊ တာဝန်မခံဘူးခေါ်တယ်။

တာဝန်မဲ့တယ် ဆိုတာ တခြားမဟုတ်ပါဘူး၊ အဲသလိုနဲ့ ကြည့်လာခဲ့တဲ့ဥစ္စာ လူမှန်းသိတဲ့အချိန်က စလို့ တရားနာခဲ့တဲ့ အကြိမ်ပေါင်းလည်း များပြီး မရေမတွက်နိုင်၊ ဟောတဲ့ပုဂ္ဂိုလ်ကို ကြည့်ပြန်တော့ ဟောတဲ့အကြိမ်ပေါင်းလည်း မရေမတွက်နိုင်၊ အေး . . . နှစ်ဦးနှစ်ဝ သေသေချာချာ ရှာကြည့်တော့ ဘာရှိလဲဆိုတော့ ဘာမှလဲ တိတိကျကျ မရှိခဲ့ဘူး၊ အဲ . . . ဗဟုသုတတော့ ဖြစ်ချင်သလောက်ဖြစ်တာပေါ့လေ၊ ကိုယ်တိုင်အနေတော့ သံသရာထောက်ရာ တည်ရာရမယ့် အချိုးကတော့ ဘာမှမရဘူး၊ ဘာမှမရှိဘူး၊ ဘာမှ မပြတ်သားဘူး။ ဒါကြောင့် ဒီလိုအချိုးနဲ့သာ နေပြီးတော့ ဒီလိုသေကြမယ်ဆိုလို့ရှိရင်ဖြင့် နေရာမကျသေးဘူးလို့၊ သင်တန်းဖွင့်စဉ်အခါထဲက ရည်ရွယ်ချက်ရှိခဲ့ပါတယ်၊ ကိုယ်လည်းတူတူ၊ သူလည်း တူတူပါပဲ။ တရားနာတဲ့ အကြိမ်ပေါင်းသည် မရေမတွက်နိုင်၊ ဘာပြတ်သားသလဲဆိုတော့ တစ်လုံးမှ မပြတ်သားဘူး၊ တစ်လုံးမှ ကိုယ်ပိုင်မရဘူး။ ဒါကြောင့် ဒီနည်းနဲ့ နေလို့တော့ မဖြစ်ဘူးလို့၊ ဒီလူတွေ ဒီလိုလုပ်လို့တော့ ရမယ်မဟုတ်ဘူး၊ တရားရစရာလည်း အကြောင်းမရှိဘူး၊ သင်ကြားပြသပေးမှ ဖြစ်မယ်၊ အခု သံဃာတော်အရှင်မြတ်များဟာ အသီးသီးပဲ တစ်ဦးနဲ့တစ်ဦး ကြီးမှူးပြီးတော့ စာချ၊ စာပို့၊ စာလိုက်၊ စာသင် အခုနပြောခဲ့တဲ့ ပရိယတ္တိသာသနာတော်ကြီး ထမ်းဆောင်လာခဲ့ကြတယ်။

တကယ်ရှေ့က တတ်ကျွမ်းသွားခဲ့တဲ့ ပုဂ္ဂိုလ်များက ချပေး၊ နောက်က မသိသေးတဲ့ ပုဂ္ဂိုလ်များ၊ မတတ်သေးတဲ့ ပုဂ္ဂိုလ်များဟာ လိုက်ပြီး သင်ကြ၊ ကြားကြ၊ တတ်မြောက်လိမ္မာလာတော့ သူက တစ်ခါ တကယ်တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်အဖြစ် ရောက်သွားတော့၊ သူက တစ်ဆင့် တစ်ခါချပေး၊ နောက်သံဃာတော်လေးတွေက တစ်ခါလိုက်သင်၊ အဲဒီလိုနဲ့ သင်ပြီးတော့ တတ်တတ်သွားကြတာ၊ တတ်သွားတယ်ဆိုတာ အမှန်ကတော့ တတ်သွားတယ် ဆိုတာ ရသွားတာပါ။ အမှန်ကတော့ အဲဒီလို ဆက်ကာဆက်ကာ လာကြလို့၊ ကနေ့အထိ ဒီသာသနာကြီး ပါလာတယ်၊ ဒီတော့ တတ်မြောက်လိမ္မာတဲ့ပုဂ္ဂိုလ်အဖို့ ကြည့်ပြန်တော့လည်း ကိုယ်ပိုင်ရသွားတာပဲလို့၊ အမှန်က ဒါကြောင့် တို့လူစုတွေ

http://www.dhammadownload.com



အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဟောလည်းဟော၊ နာလည်နာဆိုတဲ့ အလုပ်မျိုးနဲ့တော့ အကျိုးထူးမှာ မဟုတ်ဘူးလို့၊ သင်ကြားပေးမှသာလျှင် ကိုယ်တိုင်အနေနဲ့ ရတော့မှာပဲလို့၊ ဒါကြောင့် သင်ပြပေးလို့ ဝိပဿနာသင်တန်းလို့ ခေါ်ထားတာပါ။ တို့များက စပြီးတော့ တည်ထောင်စဆို သုံးနှစ် လေးနှစ်လောက်က အများရဲ့ဝေဖန်သံတွေ အများကြီးခံရပါတယ်။

ဘုရားကိုယ်တော်မြတ်ဟောထားတဲ့ မဂ်ဉာဏ်ရကြောင်း, ဖိုလ်ဉာဏ်ရကြောင်းဆိုတဲ့ ဝိပဿနာသင်တန်းကြီး၊ သင်တန်းလုပ်ပြီး ဖွင့်မယ်လို့၊ အဲဒီလိုသင်တန်းလို့ အမည်တပ်တာကိုပဲ အပါယ်ကျတော့မလောက်ပဲလို့ ကဲ့ရဲ့ကြတယ်၊ ကြံကြံဖန်ဖန် ဝိပဿနာသင်တန်းကြီးလို့ အမည်တပ်တယ်။ သူတို့ကြားဖူးတာက ခြောက်လသင်တန်းတို့၊ သုံးလသင်တန်းတို့, နှစ်နှစ်သင်တန်းတို့, ခေတ်ပေါ်လစီကအမျိုးမျိုး လုပ်နေကြတယ်၊ ဒီလိုဟာတွေ နားလည်ထားတယ်၊ အဲဒါနဲ့ နှိုင်းစာပြီးတော့ ဒီဝိပဿနာသင်တန်းကို ဝိပဿနာသင်တန်းလို့ တပ်လိုက်ရင်ဘဲ တော်တော်ကြီး ဝေဖန်သံတွေ ကြားရပါတယ်။ ဒါပေမယ့် ငုံ့ခံနေပါတယ်၊ ကိုယ့်ခရီးရောက်ဖို့သာ လိုရင်းပဲဟဲ့၊ အကျိုးရဖို့သာ လိုရင်းပဲဟဲ့ ဆိုပြီး ဘာမှ ပြန်မပြောတော့ဘူး။ ဒီဝိပဿနာသင်တန်းလို့ နာမည်တပ်တာကြောင့်ပဲ တို့များ အပါယ်လေးပါး လားတော့ မယောင်ယောင် ပြောတဲ့ပုဂ္ဂိုလ်က ဒီထိအောင်ပြောတာ၊ အဲဒါ မဖြစ်နိုင်ရင် ဖြစ်နိုင်တဲ့ နည်းနဲ့ ကြံဖန်ပြီးတော့ လုပ်တဲ့လုပ်ငန်းပါ၊ သင်တန်းဆိုတိုင်း အောက်တန်းကျတယ်လို့ မမှတ်လိုက်ပါနဲ့။

အခု ဆရာတော် အရှင်မြတ်များလည်း ဒီသင်ကြားနေတဲ့ ပရိယတ္တိသာသနာသင်တန်းနဲ့ လာကြတယ်၊ ဘုရားကိုယ်တော်မြတ်လည်း သင်တန်းနဲ့ ပြီးသွားတာပါ၊ တစ်ခုပြီးမှတစ်ခု၊ တစ်ခုတတ်မှ တစ်ခုဆိုသလို ပရိယတ္တိနယ်က ဒီအတိုင်းသွားကြတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ချပေးတဲ့ လမ်းစဉ်အရ ဆိုရင် ကိုယ်တိုင်ကျင့်သုံးပြီး အကျိုးတွေ ရမယ် ဆိုတော့ အင်မတန်သဘာဝကျတယ်လို့ ဆိုပါတယ်၊ သူတို့လည်း သင်တန်းနဲ့ လာကြတယ်၊ ပထမငယ်, ပထမလတ်, ပထမကြီး, ပထမကျော်, ဓမ္မာစရိယ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အခု တိပိဋကရေ၊ ဒါလည်း သင်တန်းအစဉ်နဲ့ ကဏ္ဍလေးနဲ့ ပိုင်းခြားပြီးတော့ သင်သင်ပေးတာကို "သင်တန်း"လို့ ခေါ်ပါတယ်၊ ဒီလိုမှ တတ်ကျွမ်းသွားမှာ။ ဒါကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ရရာရကြောင်း ဆိုတဲ့ ဒီဝိပဿနာတရား ပွားများအားထုက်တတ်ဖို့၊ နားလည်တတ်ဖို့ ဆိုတဲ့ နေရာမှာ သင်ကြားပေးမှ ဖြစ်မှာပဲ ဆိုပြီးတော့ သင်တန်းလို့ အမည်တပ်ပြီး ဖွင့်လာတာပါလို့။

ဒါကြောင့် အခု လူအသစ်အသစ်ဆိုတဲ့ ပုဂ္ဂိုလ်များကလည်း ဩော် . . . အမှန်ကတော့ တို့မတတ်တတ်အောင် သင်ပေးနေတာပဲ၊ နားမလည်လည်အောင် သင်ပေးနေတာပဲ၊ သင်ပေးတဲ့ အတိုင်း တို့ကလည်း တတ်အောင် ကြိုးစားမှ၊ နားလည်အောင် ကြိုးစားမှာပဲ၊ အမှုမဲ့ အမှတ်မဲ့

http://www.dhammadownload.com



နေလို့တော့ မတော်ပေဘူးလို့ အမှုမဲ့ အမှတ်မဲ့ နေလို့ရှိရင် ဘာမှ ပြတ်သားမှာ မဟုတ်ဘူး၊ ဟောတရား, နာတရားလို့ ဝတ်ကျေတန်းကျေအနေအားဖြင့် နာပြီးထသွား၊ သင်တန်းဆင်းထသွား၊ အချိန်ကျလာ၊ ဘာရသွားသလဲ၊ ဘာမှမရသွားတော့ဘူး၊ အဲသလိုလည်း မလုပ်ကြပါနဲ့လို့၊ ဒါကြောင့် ဒီကသင်တန်း ဆိုတဲ့အတိုင်း သင်ပေးလို့ရှိရင် ကိုယ်ကလည်း တတ်အောင် ကြိုးစား၊ နားလည်အောင် မှတ်သားပေါ့၊ ဘာမှ ပင်ပန်းစရာမရှိပါဘူး၊ ဒါကြောင့် ဒီဘေးကြီးလေးပါးရဲ့အဓိပ္ပာယ်လေးတွေ တစ်လုံးချင်း တစ်လုံး ချင်း မြန်မာလို ရှင်းရှင်းပေးတာလေးတွေ ပိုင်ပိုင်နိုင်နိုင်ရအောင် ယူသွားပါ၊ တကယ်ကိုယ်ပိုင်အားဖြင့် ရလာသလား၊ မရဘူးလားဆိုရင် အိမ်ပြန်သွားလို့ ရတဲ့လူက အိမ်ကျတော့ ပြောတယ်၊ တစ်ဆင့် ဖောက်သည်ချတယ်၊ ကနေ့ ငါသင်တန်းသွားတာ၊ ဘေးကြီးလေးပါး ပြောလိုက်တယ်ဟ၊ ဘာဘေး၊ ညာဘေးပေါ့လေ၊ နံပါတ် (၁၊ ၂၊ ၃၊ ၄) တစ်ဆင့်အားဖြင့် ပြန်ပြောတာ အဲဒါ သူပိုင်သွားတာ၊ သူရလို့ ပြောတတ်တာ၊ မရရင် မပြောတတ်ဘူး။

အခုတော့ နံပါတ် (၁)ဆိုတဲ့ ဝိနိပါတဘေးကြီးပြောသွားတဲ့ အဓိပ္ပာယ်က ဒီလိုတဲ့၊ ငါတို့ သူငါတွေ အခုနေကြ၊ ထိုင်ကြတာ မသိကြလို့၊ ဒါန, သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေကို တို့ နေ့နှင့်အမျှ ကြိုးစားအားထုတ် အလုပ်လုပ်ပြီးတော့ အဲဒီကုသိုလ်တွေကကွယ် ကောင်းကျိုးချမ်းသာ ပေးတာတော့ အမှန်ပဲ။ ဒါပေမယ့် အခွင့်သာတဲ့အခါ ပေးတတ်တဲ့တရားခေါ်ပါတယ်၊ ဝိနိပါတဘေး ဆိုတာက တခြားမဟုတ်ပါဘူး၊ ဒီဘဝက မတော်တဆ သေသွားပြီလား ဆိုရင်ဖြင့် ဂတိငါးပါး လားချင်ရာလား၊ ကျချင်ရာကျ၊ ရောက်ချင်ရာရောက်တတ်တယ်တဲ့။ မြန်မာလို ဂတိမမြဲသောဘေးလို့ ခေါ်ပါတယ်၊ မြန်မာလို ဂတိမမြဲဘူး ဆိုတာ တထစ်ချ အမှန်မပြောနိုင်တာ ဂတိမမြဲဘူးခေါ်တယ်၊ နတ်ဘဝ လားမယ်လို့ တထစ်ချမပြောနိုင်ဘူး၊ လူ့ဘဝလားမယ်လို့ တထစ်ချ မပြောနိုင်ဘူး၊ ပြိတ္တာဘဝ လားမည် လို့ တထစ်ချ မပြောနိုင်ဘူး၊ တိရစ္ဆာန်ဘဝ လားမယ်လို့ တထစ်ချ မပြောနိုင်ဘူး၊ ငရဲဘဝ လားမယ်လို့ တထစ်ချ မပြောနိုင်ဘူး၊ အဲဒီလို တထစ်ချ ပိုင်ပိုင်နိုင်နိုင် မပြောနိုင်တာကို ဂတိမမြဲဘူးလို့ ခေါ်ပါတယ်။

ဒါကြောင့် ဝိနိပါတဘေးသည် တိုတိုလေးနဲ့အဓိပ္ပာယ်ပြန်တော့ ဂတိမမြဲသောဘေး၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ သူကိုယ်တိုင်နားလည်သွားတဲ့သူက အိမ်ကျတော့ တစ်ဆင့်ပြန်ပြောတတ် တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ နာစဉ်အခါတည်းက သူ့စိတ်ထဲ ရှင်းပြီးသားဖြစ်နေတယ်၊ စကားလုံးသာ ကွဲလိမ့်မယ် သဘောကတော့ ဒီသဘောအတိုင်းပဲဖြစ်တယ်၊ ဒီလိုအဓိပ္ပာယ်ကို သူပြတ်ပြတ်သားသား သိသွားတယ်၊ ပြတ်သားတဲ့အဓိပ္ပာယ်နဲ့ တစ်ဖက်သားကို ပြန်ပြီးတော့ ဖောက်သည်ချတတ်တယ်၊ ဒီတရားက မနေနိုင်ဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ ကိုယ်ထူးထူးခြားခြား သိလာတာကိုး။ အဲဒီတုန်းက သူအိပ်ငိုက်နေမယ်၊ မငိုက်တောင် အာရုံက ဟိုရောက်ဒီရောက်၊ လူကသာ သင်တန်းမှာ ငုတ်တုတ်ကြီး

http://www.dhammadownload.com



ထိုင်နေတာ စိတ်ကတော့ အရောင်းအဝယ် သွားရင်သွား၊ ဟိုမြို့ရောက် ဒီရွာရောက် အလုပ်ထဲမှာ စိတ်ဝင်စားနေတာ၊ အဲဒါ ဝိတက်, ဝိစာရတွေများနေတော့ ဒီကတရားကိုလည်း ဘာမှ မသိရှာဘူး၊ တရားအဆက်တွေကိုလည်း နားမလည်ဘူး၊ ဒီက သင်တန်းလွှတ်လိုက်လို့ရှိရင် ပြန်သွားတယ်၊ စိုက် **စိုက်၊ စိုက်စိုက်နဲ့** အိမ်ရောက်တော့ ပြန်ပြောစရာ ဘာမှလည်း မသိတော့၊ ငုတ်တုတ်ထိုင်နေတာဘဲ၊ အဲဒါဘာမှမရဘူး၊ ဒီအဖြစ်မျိုးမဖြစ်ပါစေနဲ့လို့ တိုက်တွန်းပါတယ်၊ တကယ်ပြတ်သားနားလည်အောင် လည်း မှတ်သားထားပါ။ ပြန်ပြောစရာ ဘာမှလည်း မသိတော့ ငုတ်တုတ်ထိုင်နေတာပဲ၊ အဲဒါ ဘာမှ မရဘူး၊ ဒီအဖြစ်မျိုး မဖြစ်ပါစေနဲ့လို့ တိုက်တွန်းပါတယ်၊ တကယ်ပြတ်သား နားလည်အောင်လည်း မှတ်သားပါ။

## ဂတိငါးမျိုး

ဒါကြောင့် ဘေးကြီးလေးပါးသည် နံပါတ် (၁) ဝိနိပါတဘေး၊ မြန်မာလိုပြန်ရင် ဘာခေါ်လဲ၊ (ပရမ်းပတာ ရောက်ချင်ရာရောက်တဲ့ဘေးပါ ဆရာ)၊ ချလိုက်တာပဲ မင်းက၊ ဂတိမမြဲသောဘေး၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ နံပါတ် (၁) ဝိနိပါတဘေး၊ မြန်မာလိုပြောတော့ ဘာလဲ၊ (ဂတိမမြဲသော ဘေးပါဆရာ)၊ ဂတိမမြဲသောဘေး၊ ဂတိက ဘယ်နှစ်မျိုးရှိသလဲ (ငါးမျိုးပါဆရာ)၊ ဘယ်လို၊ (ဒေဝ ဂတိ၊ မနုဿဂတိ၊ ပေတဂတိ၊ နိရယဂတိ၊ တိရစ္ဆာနဂတိ ပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ ဒေဝဂတိ ဆိုတာ ဘာခေါ်တယ်၊ ဘယ်ဘဝ ခေါ်သလဲ၊ (နတ်ဘဝပါဆရာ)၊ နတ်ဘဝနော် (မှန်ပါတယ်ဆရာ)၊ ဗြဟ္မာရော မပါဘူးလား (ပါပါတယ်ဆရာ)၊ ဒီဒေဝဂတိမှာ ဗြဟ္မာလည်း ပါတယ်၊ နတ်လည်း ပါတယ် နော်၊ (ပါပါတယ်ဆရာ)၊ ဒေဝဂတိဆိုတာ နတ်ဗြဟ္မာ၊ ဩော် . . . ဒီဘဝလားတာက ဂတိတစ်ခုလား (မှန်ပါတယ်ဆရာ)။

ပေတဂတိ ဆိုတာ (ပြိတ္တာဘဝပါဆရာ)၊ အေး . . . ပြိတ္တာဘဝ (မှန်ပါတယ်ဆရာ)၊ မနုဿဂတိ ဆိုတာ (လူ့ဘဝပါဆရာ) ဩော် . . . လူ့ဘဝပါ။ တိရစ္ဆာနဂတိ ဆိုတာ (တိရစ္ဆာန်ဘဝပါဆရာ)၊ တိရစ္ဆာန်ဆိုတာ မင်းသိလား၊ (သိပါတယ်ဆရာ)၊ မင်းပဲ နေ့တိုင်း ပေါင်းသင်းနေတာကွနော်၊ နိရယ ဂတိကော (ငရဲကျတဲ့ဂတိပါဆရာ)၊ အေး . . . ငရဲကြီးရှစ်ထပ်ပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီဂတိငါးမျိုးမှာ ဘယ်အမျိုးရောက်မယ်လို့၊ ဘယ်အမျိုးကျမယ်လို့ တထစ်ချ မပြောနိုင်ဘူးတဲ့၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒါလေးကို နားလည်အောင် တို့များက ထပ်တလဲလဲ ပြောနေတာ၊ နားလည်အောင်လည်း ကြိုးစားပါ၊ အဲဒါ ကြိုးစားရုံတင် မဟုတ်သေးဘူး၊ ပြန်ပြန်လည်း တွေးပါလို့ တွေးတော့ ရပါလိမ့်မယ်။ ဟုတ်ပါတယ်၊ ငါများ မတော်တဆ သေလို့ရှိရင် ဘယ့်နှယ့်လုပ်ပြီး အတည်တကျပြောပ့်၊ ငါဗြဟ္မာဖြစ်လိမ့်မယ်၊

http://www.dhammadownload.com



နတ်ဖြစ်လိမ့်မယ်၊ လူပြန်ဖြစ်လိမ့်မယ်လို့ ပြောနိုင်ပါ့မလား (မပြောနိုင်ပါဘူးဆရာ)၊ မပြောနိုင်ဘူးနော်၊ ကိုယ့်ကိုယ်ကို ထင်နေတာနော် (မှန်ပါတယ်ဆရာ)။

ဘုရားရှင်ကိုယ်တော်မြတ်က ဒီလို ဒေသနာတော်ကို တိုက်ရိုက်ဟောသွားခဲ့တယ်၊ အဲဒါ လူရည်လည်တော့ ဟုတ်သလိုလိုနဲ့ မလုပ်ပါနဲ့၊ တချို့ကလည်း လူရည်လည်သိပ်လုပ်တာပဲ၊ ကိုယ့်ကိုကိုယ်တော့ လူဟုတ်ကြီးလုပ်လို့ အဟုတ်ထင်ပြီး၊ အဲဒီဘေးအကြောင်း နားမလည်ဘူး၊ ကိုယ်တော်မြတ်က တိုက်ရိုက်ဟောသွားတာ၊ ပုထုဇဉ်ဘဝနဲ့ သေလို့ရှိရင် ဂတိငါးပါး လားချင်ရာလားမယ်၊ ကျချင်ရာကျမယ်၊ ရောက်ချင်ရာရောက်မယ်၊ ဖြစ်ချင်ရာဖြစ်မယ်၊ ဂတိမမြဲဘူးတဲ့၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ ဒီလူရည်လည် လုပ်သူတွေ လွတ်သေးလား (မလွတ်ပါဘူးဆရာ)၊ မလွတ်ပါဘူး၊ လွတ်ချင်ရင် အရိယာဖြစ်အောင် ကြိုးစားပေါ့၊ ဒါမှ လွတ်မယ် ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဲဒီဝိနိပါတဂတိ မမြဲသော၊ သေသည့်၏အခြားမဲ့၌ ပရမ်းပတာဖြစ်ချင်ရာဖြစ်၊ ကျချင်ရာကျ၊ ရောက်ချင်ရာရောက်ဆိုတဲ့ ဝိနိပါတဘေးက နံပါတ် (၁)ပဲ။လက်ချိုးပြီးတော့ သေသေချာချာ မှတ်သားထားပါ၊ ဒါကြောင့် ဒီဝိနိပါတဘေးကြီးသည် ငါတို့သူငါ လူတကာတွေ အမြဲတစေ ကြိုးစား အားထုတ်နေတဲ့ ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်စတဲ့ ကုသိုလ်အစုတွေ ဘယ်လိုပင် ရှိသော်လည်းပဲ ဒီဝိနိပါတဘေးကြီးက မလွတ်မြောက်နိုင်ဘူး၊ မကျော်နိုင်ဘူးတဲ့၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

ဒါလည်း ထုံးဝတ္ထု သက်သေ သာဓကနဲ့ ထုတ်ပြခဲ့ပြီးပါပြီ၊ ဟုတ်လား, မဟုတ်လားလို့ စဉ်းစားပါ၊ အေး . . . ဒီလိုပြောလိုက်တော့လည်း ညစဉ်ညတိုင်း ငါရှင်းပေးနေတာ၊ တို့လုပ်နေတဲ့ ကုသိုလ်တွေ ရေဖြစ်ရတော့မလား၊ ဒီလိုမဆိုလိုပါဘူး။ ဒါဖြင့် ကုသိုလ်မလုပ်ရတော့ဘူးလား ဒီလိုလည်း မဆိုလိုပါဘူး၊ မလုပ်လို့ ပိုပြီးတော့ ဆိုးသွားမှာပေါ့၊ ဆထက်ထမ်းပိုး တိုးပြီး ကြိုးစားရမယ်နော် (မှန်ပါတယ်ဆရာ)၊ ကောင်းသော အကျိုးချမ်းသာပေးမှာပဲ၊ ကုသိုလ်ဆိုတာ တခြားမဟုတ်ပါဘူး၊ "အနဝဇ္ဇသုခ ဝိပါက လက္ခဏာ"တဲ့၊ ကုသိုလ်တရားဆိုတာ အပြစ်မရှိ ကောင်းသော အကျိုးတရားကို ပေးတတ်တဲ့ သဘောရှိပါတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တချိန်ချိန်ကျတော့ အကျိုးခံစားရမှာပေါ့။ ဒါပေမယ့် ဒီဘဝနဲ့ဟိုဘဝ အကူးသာ အထူးပြောနေရတယ်၊ အကုသိုလ်ကျတော့ "သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ" အပြစ်ရှိပြီး မကောင်းသောအကျိုးကို ပေးတတ်တဲ့သဘော ရှိပါတယ်။ ဒီနှစ်ခုပဲ မကောင်းသော အကုသိုလ်ဆိုလို့ရှိရင် မကောင်းသောအကျိုးကို ပေးတတ်တယ်၊ ကောင်းသော ကုသိုလ်တရားဆိုလို့ရှိရင် ကောင်းသော အကျိုးတွေ ပေးလိမ့်မယ်။ ဒါကတော့ သေချာပါတယ်၊ ကောင်းသော အကျိုးပေးတယ်၊ မကောင်းသော အကျိုးပေးတယ်လို့ အကျိုးပေးမှုကို အဓိကရည်ညွှန်းပြီး ပြောနေတာ မဟုတ်ဘူး (မှန်ပါတယ်ဆရာ)၊ အမှန်ကတော့ ဒီဘဝ သေသွားလို့ရှိရင် ဒုတိယဘဝ လားအပ်တဲ့

http://www.dhammadownload.com



ဂတိငါးပါးမှာ မသေချာ မရေရာတာကို ပြောတာပါ၊ ဒါဝိနိပါတဘေး ခေါ်ပါတယ် ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဲဒါကြောင့် ဒီအတတ်ပညာလေးတွေ ရပြီ၊ ဒီအသိဉာဏ်လေးတွေ ပေါ်လာပြီ ဆိုလို့ရှိရင် ကိုယ့်ကိုကိုယ် ပြန်တွေးကြည့်ပါလို့ ငါဂတိငါးပါးကို မြဲရဲ့လား၊ မမြဲဘူးလား၊ လားချင်ရာလား၊ ဖြစ်ချင်ရာ ဖြစ်ဆိုတဲ့ အထဲကလား၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မနေ့က ငါက အကျယ်တဝင့် ဖွင့်ပြသွားပါပြီ၊ ပုထုဇဉ်ဘဝနဲ့ သေကြတဲ့ဉစ္စာတွေကို ယုတ်စွအဆုံးအနေအားဖြင့် သူတောင်းစားက စပြီးတော့ တကယ့် ပဒေသာရာဇ်၊ ဧကရာဇ်၊ စကြာမင်းအထိတိုင်အောင်ပေါ့၊ ပုထုဇဉ်ဘဝနဲ့ သေကြပြီ လားဆိုတော့ "ကာလက်တာနံ ပေတာနံ" အတည်မကျ ဘဝတစ်ပါးသို့ ပြောင်းသွားကုန်သော၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီအချိုးနဲ့ချည်း သွားကြတယ်၊ ကုလိုက်ရတာ ဘုရားကု၊ လုပ်လိုက် ရတဲ့ ကုသိုလ်ဆိုတာ သေသည်တိုင်အောင် သေပြီးတော့ ဟိုဘက်ဘဝတောင် လွန်ထွက်သွားသေး တယ်၊ သေပြီးတော့လည်း ကိုယ်ကိုယ်တိုင် မလုပ်နိုင်တော့ ကျန်တဲ့ဆွေမျိုးစုက လုပ်ကိုင်ပေး၊ ဒါလည်းပဲ လွတ်ရဲ့လားဆိုတော့ ဒါလည်းပဲ မလွတ်ဘူး၊ "ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ၊ ကံကောင်းမှ ဖား လောင်းဖြစ်မယ်တဲ့" မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါတွေ တွက်ကြည့်၊ အဲဒါလေး တွက် ကြည့်ရင် ဝိနိပါတဘေးကြီးဟာ အင်မတန်ကြောက်စရာကောင်းတယ်၊

အဲဒီဝိနိပါတဘေးကြီးက မလွတ်တဲ့ပုဂ္ဂိုလ်များတယ်၊ သူအရေးကြီးဆုံးပဲ "အသီးတစ်ရာ အညှာ **တစ်ခု၊ မူလစစ် အမြစ်မြေက"** ဟောဒီ ဝိနိပါတဘေးကြီးက မကျော်နိုင်ပြီလား ဆိုမှဖြင့်၊ သေသည်၏ အခြားမဲ့၌ ပရမ်းပတာ ကျချင်ရာကျ၊ ရောက်ချင်ရာရောက် ဆိုတော့ သူဖြစ်ချင်ရာ သွားဖြစ်တာပဲတဲ့၊ လူရယ်လို့ ပြန်ဖြစ်ဦးတော့ ကိုယ်လိုချင်တဲ့ အဆင့်အတန်းရောက်ချင်မှ ရောက်မယ်၊ မရောက်ဘူး လားကွာ (မှန်ပါတယ်ဆရာ)၊ ဒီလိုဖြစ်နေကြတယ်။ ဒါကြောင့် နံပါတ် (၂) ဆိုတဲ့ နာနာသတ္တဉလ္လောကန ဘေးကို သေသေချာချာ တွေးကြည့်ပါဦး၊ နာနာသတ္တဉလ္လောကနဘေးတဲ့၊ မြန်မာလိုပြန်တော့ ဘုရား မှားသောဘေးလို့ သေသေချာချာမှတ်နော်၊ နံပါတ် (၂)ကို ဘာခေါ်သလဲ၊ (ဘုရားမှားသောဘေးပါ ဆရာ)၊ ဘုရားမှားသောဘေး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ နံပါတ် (၁)က ဘာလဲ (ဝိနိပါတဘေး ပါဆရာ)၊ မြန်မာလိုတော့ (ဂတိမမြဲသောဘေးပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ နံပါတ် (၂)က ဘာတဲ့ (နာနာသတ္တဉလ္လောကနဘေးပါဆရာ)၊ နာနာသတ္တဉလ္လောကနဘေးနော် (မှန်ပါတယ်ဆရာ)၊ မြန်မာလို ပြန်တော့ (ဘုရားမှားသောဘေးပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

http://www.dhammadownload.com



## သေဘေးကြောင့် တချို့ တော, တောင် စသည်တို့ကို ကိုးကွယ်ခြင်း

အေး . . . ဘုရားမှားသောဘေး ဆိုတာလည်း အင်မတန်ကြောက်စရာကောင်းတယ်၊ သတ္တဝါတွေ ကြည့်လေ၊ အခု ဒီလူ့ပြည်မှာရှိတဲ့၊ ကမ္ဘာမှာရှိတဲ့ ဘာသာပေါင်း (၁၀၁)ပါး ဆိုတဲ့ လူတွေ ကြည့်လိုက်စမ်းပါဦး၊ ဒါက ကိုယ့်ဘာသာနဲ့ ကိုယ့်အယူဝါဒနဲ့ ကိုယ်ယုံကြည်နေတာပဲတဲ့၊ တို့ကိုးကွယ်ထိုက်လို့ ကိုးကွယ်တာပဲလို့ ထင်နေတယ်၊ ဒါပေမယ့် ကိုးကွယ်တိုင်းလည်း မဟုတ်ဘူး၊ နာနာသတ္တဥလ္လောကနဘေးလို့ ပြောတာ၊ မနေ့ညက ငါစထားတဲ့အတိုင်း ကိုးကွယ် ဆိုတာ "ကိုး"ဆိုတာ အားကိုးတာ၊ "ကွယ်"ဆိုတာ အကာအကွယ်ယူတာနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို အားကိုးတဲ့အနေ၊ အကာအကွယ်ယူတဲ့အနေအားဖြင့် လုပ်နေကြတာကို "ကိုးကွယ်တယ်"လို့ ခေါ်တယ်၊ ဒီလိုဟာမျိုးက ဘယ်လို လာရသလဲဆိုတော့ အားလည်းကိုးတယ်၊ တို့လည်း အကာအကွယ်လည်း ပေးဟေ့၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ရှာတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ရှာပြီးတော့ အားလည်းကိုးတယ်၊ အကာအကွယ်လည်း ယူတယ်၊ ဒါကို "ကိုးကွယ်တယ်"ခေါ် တယ်၊ အဲဒီတော့ တို့ ဒီမြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးမှာ လူသန်းပေါင်းများစွာရှိတဲ့ လူတွေထဲမှာ ကိုးကွယ်တယ်ဆိုတဲ့ ဘာသာအနေအားဖြင့် လေ့လာပြီးကြည့်လိုက်တော့ ဒါဘယ်နှယ့်ဖြစ်နေသလဲဆိုတော့ ဒါခုမှ မဟုတ်ပါဘူး၊ ဘုရားမပွင့်ခင်ကတည်းက လူလောကြီးမှာ လူမျိုးစု ဘာသာမရွေး တချို့က တောကြီး, တောင်ကြီးကို ကိုးကွယ်တယ်နော် (မှန်ပါတယ်ဆရာ)၊ တချို့က သစ်ကြီး, ဝါးကြီးတို့ကို ကိုးကွယ်တယ်၊ သစ်ပင်ကြီးကြီး ကိုးကွယ်တယ်၊ ကိုးဆိုတော့ အားကိုးရာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ တချို့က လည်း မြစ်,ချောင်း, ကမ်းနားတို့ကို ကိုးကွယ်တယ်။ တချို့ကလည်း နေကိုးကွယ်တယ်၊ တချို့ကလည်း လကိုးကွယ်တယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

ဒါဟိုစဉ်အခါတည်းက ရှိခဲ့ပါတယ်။ ဒီလိုပဲ ကိုယ်ထင်ရာ ကိုယ်စွဲလမ်းရာတဲ့၊ တောင်ကြီးကို ကိုးကွယ်တဲ့ပုဂ္ဂိုလ်ကလည်း ဒီတောင်ကြီးသည် ငါ့ရဲ့ ကိုးကွယ်ရာဟဲ့၊ ငါ့အကာအကွယ်ပေးလိမ့်မယ်ဟဲ့၊ သူ့ယုံကြည်ချက်နဲ့ သူကိုးကွယ်နေတော့ သူ့စိတ်ထဲမှာ ချမ်းသာနေတယ်နော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့လဲ သူက ယုံကြည်တာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ သူ့မှာ ကိုယ်စိတ်နှစ်ဖြာချမ်းသာမှု ရနေတာဟာ ဒီတောင်ကြီးက 'မ' ထားလို့တဲ့၊ တောကြီးကို ရှိခိုးနေတဲ့လူကြပြန်တော့လည်း ဒီလိုပဲ၊ သူ့စိတ်ထဲ ချမ်းသာမှုရလို့၊ ဘာဖြစ်လို့လဲ၊ သူယုံကြည်တယ်၊ အင်မတန်ကြီးမားတဲ့ ဒီတောကြီးက ငါ့ကို စောင့်ရှောက်နေတာပဲ၊ သူက ငါ့အားကိုးရာရတယ်၊ ငါ့ကို အကာအကွယ်ပေးတယ်၊ သစ်ကြီး, ဝါးကြီးကို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ကလည်း သစ်ပင်ကြီးကြီးဆိုလို့ရှိရင် ကိုးကွယ်တယ်၊ ဒီသစ်ပင်ကြီးရှိလို့ သစ်ပင်ကြီးက ငါ့ကို စောင့်ရှောက်နေတယ်၊ သစ်ပင်ကြီး အားကိုးရတယ်၊ သစ်ပင်ကြီးက ငါ့အကာ

http://www.dhammadownload.com



အကွယ်ပေးတယ်၊ မြစ်, ချောင်း, ကမ်းနားကိုးကွယ်တဲ့သူလည်း ဒီလိုဘဲ၊ မြစ်, ချောင်း, ကမ်းနားက ကောင်းကျိုးချမ်းသာပေးတယ်လို့ မှတ်နေတယ်၊ နေကိုးကွယ်တဲ့လူကလည်း ဒီလိုပဲ၊ နေကိုးကွယ် နေတယ်၊ နေက ကိုယ့်ကောင်းကျိုးချမ်းသာပေးတယ်လို့ မှတ်နေတယ်၊ ငါ့ရဲ့ အားကိုးရာပဲ၊ ငါ့အကာ အကွယ်ပေးနေတာပဲလို့၊ လကိုးကွယ်တဲ့ပုဂ္ဂိုလ်ကလည်း ၎င်းနည်းအတိုင်းပဲ၊ အဲဒါခုမှ မဟုတ်ပါဘူး။

ရှေးရှေးသောအခါ ဘုရားပွင့်တော်မမူခင်ကတည်းက၊ ကမ္ဘာတည်စကထဲလည်း ဒီလိုပဲ၊ ကိုယ့် ဘာသာနဲ့ ကိုယ့်အယူဝါဒနဲ့ ကိုယ်လာကြတာ၊ အဲဒီအချက်ကြီးဟာ ကနေ့အထိ ပျက်သလားဆို တော့ မပျက်သေးပါဘူး ရှိလျက်ပါပဲ။ ဒါကြောင့် ကမ္ဘာပေါ်မှာ အနှံ့အပြားအများကြီးရှိတယ်၊ ကိုယ် ထင်ရာကိုယ် ကိုးကွယ်နေကြတာ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ မင်းတို့ ငါတို့ မျက်မြင်ကိုယ်တွေ့ ပေါ့ကွာ၊ ပင်စိမ်းပင်ကို ရှိခိုးနေတဲ့ ပုဏ္ဏားတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ သူတို့လည်း ဒီလိုပါပဲ၊ ဒီပင်စိမ်းပင်တွေက သူ့ကို ကောင်းကျိုးချမ်းသာပေးတယ်လို့ မှတ်တယ်၊ ဒီပင်စိမ်းပင်က အားကိုးရတယ် လို့ ဒီလိုပဲမှတ်နေတယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ တချို့လည်း ပြာကိုးကွယ်တယ်၊ နဖူးကို ပြာလေးသုတ်ထားတယ်၊ အဲဒီပြာလေးသုတ်ထားရင် စိတ်ကို ချမ်းသာလို့၊ ဒီပြာလေးက ငါ့အားကိုး စရာပဲ အမြတ်တနိုးနဲ့၊ ဒီပြာလေးက ငါ့အကာအကွယ်ပေးနေတာ ဒီလို မှတ်တယ်။ အဲဒီတော့ ကြည့် စမ်း၊ ဒါကိုးကွယ်တယ်-ဆိုတာက တခြားမဟုတ်ပါဘူး၊ အားကိုးတာ အကာအကွယ်ယူတာ ခေါ်တယ်၊ မဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒီတော့ တို့မြန်မာလိုနားလည်အောင် ပြောလိုက်တော့ ဘုရားမှတ်လို့ ကိုးကွယ်နေကြတယ် လို့ဆိုလိုတယ်၊ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အေး . . . ကမ္ဘာပေါ်မှာ (၁၀၁)ပါး ဘာသာတွေ ဟာ ကိုယ့်ဝါဒနဲ့ ကိုယ်နေကြတယ်၊ အခုနပြောတဲ့ သစ်ပင်, ဝါးပင်တို့ကို ကိုးကွယ်တာတွေ, တောကို ကိုးကွယ်တာတွေ, တောင်ကို ကိုးကွယ်တာတွေ, မြစ်, ချောင်း, ကမ်းနားတို့ကို ကိုးကွယ်တာ ရှိနေတယ် ဆိုတာ ကနေ့အထိ အိန္ဒိယမှာလည်း ရှိသင့်သလောက် ရှိပါသေးတယ်၊ ကိုယ်ထင်ရာကို ကိုယ့်အယူ ဝါဒနဲ့ ကိုယ်ယုံကြည်နေတာပါ၊ အဲဒါတွေကိုကြည့်၊ အဲဒီသစ်ပင်တို့, ဝါးတို့, တောတို့, တောင်တို့, မြစ်, ချောင်း, ကမ်းနားတို့ ဒါတွေကို ကိုးကွယ်နေတဲ့လူတွေက သူတို့အတွက် ကောင်းကျိုးချမ်းသာများ ပေးမှာလားဟ (မပေးနိုင်ပါဘူးဆရာ)၊ မပေးဘူးကွနော် (မှန်ပါတယ်ဆရာ)၊ မပေးဘူးတဲ့၊ ဘာပြုလို့လဲ၊ မကိုးကွယ်ထိုက်တာတွေကို ကိုးကွယ်နေတာကိုးကွ (မှန်ပါတယ်ဆရာ)။ ကိုးကွယ်ဆိုတာ တခြား မဟုတ်ဘူး သရဏဂုံခေါ်တယ်။ ဒါကြောင့် တို့ဘုရားကိုယ်တော်မြတ်ကျတော့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' ဒီလို ရတနာမြတ်သုံးပါးကို ကိုးကွယ်ကြပါလို့ တိုက်တွန်းပြီး ဟောကြားထားပါတယ်။

http://www.dhammadownload.com



## ရတနာသုံးပါးအစစ်ဆိုတာ ဘာလဲ

တို့ဘုရားကိုယ်တော်မြတ် လောကသုံးပါးမှာ ထင်ရှားပွင့်တော်မူလာတဲ့ အခါကျတော့ ဘုရားတဲ့ . . မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ တရားတဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ နှုတ်ခွန်းတော်က မိန့်မြွက်လို့ ဓမ္မစက်နဲ့ ပေါက်ဖွားလာတဲ့ သမ္မုတိသံဃာတော်တွေကျတော့ သံဃာတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဘုရားရတနာတဲ့၊ တရားရတနာတဲ့၊ သံဃာရတနာတဲ့၊ ရတနာမြတ်သုံးပါး ကျတော့ ကိုးကွယ်ထိုက်တယ်။ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ သိတတ်တဲ့အရွယ်က စပြီးတော့ သရဏဂုံဆောက်တည်ကြ၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဒီလို ဆောက်တည်ကြတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီရတနာသုံးပါးအပြင် သရဏဂုံထိုက်တယ်၊ ကိုးကွယ်ထိုက်တယ်၊ ဆည်းကပ်ထိုက်တယ်ဆိုတာ လောကမှာ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ ရှိရင် သရဏဂုံတွေ ဟောခဲ့မှာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ကိုးကွယ်ထိုက်တယ်၊ ဆည်းကပ်ထိုက်တယ် ဆိုတာ ဒီသုံးမျိုးထဲ ရှိတယ်။

ဒါကြောင့် သရဏဂုံသုံးပါးဆိုတာ ဒီသာသနာမှာပဲ ရှိတယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" လို့ သရဏဂုံသုံးပါးပဲ ရှိတယ်။ ဗုဒ္ဓံ-မြတ်စွာဘုရားကိုယ်တော်မြတ်ကို။ သရဏံ-သရဏံ ဣတိ-ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာ ဟူ၍။ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။ တပည့်တော်သည် မြတ်စွာဘုရားကိုယ်တော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်။ ဓမ္မံ-တရားတော်မြတ်ကို။ သရဏံ-သရဏံ ဣတိ-ကိုးကွယ်လဲလျောင်း ပုန်းအောင်း မှီခိုရာဟူ၍။ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ သုတ်, ဝိနည်း, အဘိဓမ္မာဟု ဆိုအပ်သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တည်းဟူသော တရားရတနာ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိဆိုတဲ့ တရားရတနာတော်မြတ်ကြီးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃံ-ပရမတ္ထသံဃာ, သမ္မုတိသံဃာ သံဃာတော်အရှင်မြတ်များကို။ သရဏံ-သရဏံ ဣတိ-ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာ ဟူ၍။ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ ရင်နှစ်ပေါက်ဖွားလာသော သားတော် သမီးတော်ဖြစ်ကြတဲ့ သံဃာတော်အရှင်မြတ်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အမှန်ကတော့ ကိုးကွယ်နေတဲ့ သရဏဂုံခေါ်တယ်။ ဒီတော့ သူ့လမ်းစဉ်နဲ့သူ ချပြတော့ တို့ ဘုရား, တရား, သံဃာရတနာမြတ်သုံးပါးကို ကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေကျတော့ ကောင်းကျိုးချမ်းသာအမှန်တွေ မပေးဘူးလား (ပေးမှာပါဆရာ)၊ ပေးမယ်တဲ့၊ ဘာဖြစ်လို့ ဘုရားကြည့်တော့ ဘုရားမှန်ကိုကွနော် (မှန်ပါတယ်ဆရာ)၊ ဘုရားမှန်ကဟောတဲ့ တရားဆိုတော့ တရားကော မှန်မလာဘူးလား (မှန်လာပါတယ်ဆရာ)၊

http://www.dhammadownload.com



တရားမှန်နဲ့ ကျင့်ကြံပွားများ အားထုတ်လာလို့ ဖြစ်ပေါ်လာတဲ့ သံဃာကျတော့ သံဃာကော မမှန်ဘူးလား (မှန်ပါတယ်ဆရာ)၊ မှန်တယ်၊ အကုန်မှန်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါပြန်တွက်ကြည့်၊ ဘုရားပါမှားနေတော့ အဲဒီဘုရားမှားက ဟောတဲ့တရား မှန်ပါ့အုံးမလား (မမှန်နိုင်ပါဘူးဆရာ)။

## ဘုရားကိုးကွယ်မှားရင် အားလုံးမှားတယ်

ဒါဖြင့် ဘုရားက မှားတော့ တရားမှားဖြစ်လာတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီတရားမှားကို ကျင့်ကြံ ပွားများ အားထုတ်၊ အဟုတ်မှတ်လို့ လုပ်လာတဲ့ ပေါက်ဖွားလာတဲ့ သံဃာကျတော့ သံဃာမှန်အုံးမလား (မမှန်တော့ပါဘူးဆရာ)၊ သံဃာမှားကြီးဖြစ်လို့၊ ငါအပြစ်ပြောတာ မဟုတ်ပါဘူးကွာ၊ ဘရင်ဂျီဘုန်းကြီးတွေ မင်းတွေ့ဘူးလား (မတွေ့ပါဘူးဆရာ)၊ အဲဒါကြည့် . . . သူတို့လည်းပဲ ဆရာတော်တဲ့၊ ဦးပဥ္စင်းတဲ့၊ ကိုရင်တဲ့ ၊ ငါဘရင်ဂျီကျောင်းကို တစ်ခါရောက်ဖူးတယ်၊ သူတို့ကို ကြည့်တော့ ဝတ်ရုံအဝါကြီးဝတ်လို့၊ မုတ်ဆိတ်ကလည်း တစ်တောင်နီးပါးလောက်ရှိတယ်၊ သူတို့လည်း ဆရာတော်ရှိတယ်၊ ဂိုဏ်းထောက်ရှိတယ်၊ ဦးပဥ္စင်းရှိတယ်၊ ကိုရင်ရှိတယ်၊ အမျိုးမျိုးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို နေတာထိုင်တာ ဘယ့်နှယ့်နေသလဲဆိုတော့ တို့လူနဲ့ မထူးပါဘူး၊ အချိန်တန် စားပွဲမှာ အမြဲထိုင်လို့၊ ညလည်း စားသောက်နေတာပါပဲ၊ အချိန်ပြည့်ပါပဲနော် (မှန်ပါတယ်ဆရာ)၊ သူတို့ကိုယ်သူတို့ ဆရာတော်တဲ့၊ ဂိုဏ်းထောက်တဲ့၊ ဦးပဥ္စင်းတဲ့၊ ကိုရင်တဲ့၊ တန်းလေးတွေ ခွဲပြီးတော့ လုပ်နေကြတယ်။

ကိုင်း အဲဒီဘရင်ဂျီဂိုဏ်းကလာတဲ့ သံဃာတော်တွေကျတော့ သံဃာဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)၊ ဘယ်ဟုတ်မလဲကွ၊ သူယူနေတဲ့တရားက ဟုတ်မှမဟုတ်ဘဲကိုးကွနော် (မှန်ပါတယ်ဆရာ)၊ တရားက မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ တရားက ဘာကြောင့် မှားနေတာလဲဆိုတော့ ဘုရားမှားက ဟောထားတာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဘုရားမှားကို ဘယ်သူလဲလို့ သူတို့ဂိုဏ်းကို မေးလိုက်ပြန်တော့လည်း ကောင်းကင်ကို လက်ညှိုးထိုးပြတယ်၊ ဘယ်တော့မှ မရှင်းလင်းနိုင်တဲ့အနေအားဖြင့် ဘယ်သူမှ မငြင်းနိုင်တဲ့အနေအားဖြင့် ကောင်းကင်ဘုံမှာ ဘုရားရှိတယ်လို့ လက်ညှိုးထိုးပြတယ်၊ ကောင်းကင်ဘုံ မျှော်ဖူးနေရတာနော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့် ဘုရားမှားတော့ တရားမှား၊ တရားမှားတော့ သံဃာမှားတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ငါအခုပြောထားတဲ့ သတ္တဝါမှန်မှန်သမျှသည် လောကကြီးမှာ အားကိုးရာရှာကြတယ်၊ ကိုးကွယ်ရာရှာကြတယ် ဆိုတဲ့အနေအားဖြင့် ရှာရှာပြီးတော့ ကိုးကွယ်တာ၊ ဒါဟာ ဆိုလိုတာက ဘုရားခေါ်တယ်။ ဘုရားရှာကြတာပဲလို့ မရှာဘူးလား (ရှာပါတယ်ဆရာ)၊ အမျိုးမျိုးရှိတယ်၊ ကနေ့အထိလည်း ရှိတယ်၊ နောင်လည်း ရှိအုံးမှာပါပဲ၊ ဒါကမ္ဘာ့နိယာမထဲ ရောက်နေတာ၊ ဒီအတိုင်းသွားမှာပါ။

http://www.dhammadownload.com



သတ္တဝါဆိုတာ ဒီအတိုင်းပဲတဲ့၊ ကိုးကွယ်ရာရှာကြတယ်၊ အားကိုးစရာ ရှာကြတယ်၊ ကာကွယ်စရာ ရှာကြတယ်။ အဲဒါ ဘယ့်နှယ့်လဲဆိုတော့ အားကိုးရာ၊ ကိုးကွယ်ရာ၊ ရှာတယ်ဆိုကတည်းက သူတို့အားကိုးတဲ့ပုဂ္ဂိုလ်၊ သူတို့ကိုးကွယ်တဲ့ပုဂ္ဂိုလ်ဟာ သူတို့ထက် အထက်တန်းကျမနေဘူးလား (ကျနေပါတယ်ဆရာ)၊ အထက်တန်းကျတယ်ဆိုတော့ ကိုယ်က အောက်ကပေါ့နော် (မှန်ပါတယ်ဆရာ)၊ အထက်တန်းကျတဲ့ပုဂ္ဂိုလ်ကို အောက်လူက ကြည့်လို့ရှိရင် မော်ကြည့်ရတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါဟာ နာနာသတ္တဥလ္လောကနဘေး လို့ဆိုလိုပါတယ်၊ ဥလ္လောကန ဆိုတာ အထက်မော်ကြည့်လို့ အဓိပ္ပာယ်ရပါတယ်၊ အားလုံးသော သတ္တဝါများသည် အားကိုးစရာ ကိုးကွယ်စရာဟူသော၊ အမြတ်တနိုးအနေအားဖြင့် ဘုရားလုပ်၍အပေါ်ကို မော်၍ကြည့်မျှော် နေကြရ၏။ ကိုယ့်ဘာသာနဲ့ကိုယ် လက်အုပ်ကလေးချီလို့ ရှိခိုးတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်နေတာပဲ။

ဒါပေမယ့် တစ်ဦးနဲ့တစ်ဦး ဘာသာရေးဆိုတာ ပုတ်ပုတ်ခတ်ခတ် နှိမ့်နှိမ့်ချချ မပြောရဘူး၊ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်ကွနော် (မှန်ပါတယ်ဆရာ)၊ ဘယ်နိုင်ငံမဆို ပြည်ပိုင်အစိုးရများက ဒီဘာသာရေးနဲ့ ပတ်သက်ပြီး အခွင့်အရေး ပေးထားတာရှိပါတယ်၊ ကိုယ်ယုံကြည်တာကို လွတ်လွတ်လပ်လပ် ကိုးကွယ်းဆည်းကပ်နိုင်တယ်တဲ့၊ တစ်ယောက်နဲ့တစ်ယောက် အနှောင့်အယှက် မပေးရဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါတွေ မပြောရဘူး၊ ဒါ ကိုယ်ယုံကြည်လို့ ကိုးကွယ်တဲ့ဘာသာကို ကိုယ်တတ်ကျွမ်းနားလည်အောင် ကြိုးစားရမယ်၊ အဖြေပိုင်အောင်၊ ခိုင်အောင် လုပ်ရမယ့် ဝတ္တရား ရှိတယ်၊ တစ်ဘက်သားဘာသာကို မစော်ကားနဲ့ မပြစ်မှားနဲ့ မပြောနဲ့ သူကြိုက်သလို လွတ်လွတ်လပ်လပ် သူ့ယုံကြည်ချက်အတိုင်း သူကိုးကွယ်ဆည်းကပ်ပါစေ။ ဒါပြည်ပိုင်အစိုးရရဲ့ လောကဝတ္တရားအနေအားဖြင့် ခွင့်လွှတ်ထားတာ၊ အမှန်အားဖြင့် ဘာဖြစ်လို့ ပြောနေတုံးဆိုတော့ အခုန ငါစောစောက ပြောတဲ့အတိုင်း တောကြီးကို ကိုးကွယ်တယ်၊ တောင်ကြီးကို ကိုးကွယ်တယ်၊ သစ်ပင်, ဝါးပင်ကြီးတွေကို ကိုးကွယ်တယ်၊ မီးကိုးကွယ်တယ်၊ နေကိုးကွယ်တယ်၊ လကိုးကွယ်တယ်၊ မြစ် ချောင်း ကမ်းနား ကိုးကွယ်တယ်၊ မကိုးကွယ်ဘူးလား (ကိုးကွယ်ပါတယ်ဆရာ)၊ ပြီးတော့ ကောင်းကင်ဘုံကို ကိုးကွယ်တယ်၊ အဲဒါ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် ကိုးကွယ်နေကြတာ။

အမှန်ကတော့ ဘုရားအနေထားပြီးတော့ ကိုးကွယ်တာ၊ အဲဒီဘုရားတွေ မှန်ရဲ့လား (မမှန်ပါဘူးဆရာ)၊ သူတို့ကိုးကွယ်တဲ့ဘုရားက ဟောထားတဲ့တရားတွေကော မှန်သေးရဲ့လား (မမှန်ပါဘူးဆရာ)၊ မမှန်ဘူးကွ၊ မမှန်ရင် ဒါဖြင့် သူတို့ကိုးကွယ်ဆည်းကပ်တဲ့အတိုင်း အကျိုးထူး ဝိသေသတွေ ရပ့်မလား (မရနိုင်ပါဘူးဆရာ)၊ ကောင်းကျိုးချမ်းသာ ဖြစ်နိုင်ပ့်မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ အားကိုးသလို

http://www.dhammadownload.com



ခရီးရောက်ရဲ့လား (မရောက်ပါဘူးဆရာ)၊ သူတို့အကာအကွယ် လိုလားသလို ကာကွယ်နိုင်ပါ့မလား (မကာကွယ်နိုင်ပါဘူးဆရာ)၊ အဓိပ္ပာယ်ဆိုကြပါစို့ကွယ် . . . ဘုရားမှားပြီး ကိုးကွယ်နေတာ၊ ဘုရားမှတ်လို့ ကိုးကွယ်နေတယ်၊ ကိုးကွယ်နေတော့ ဘုရားအစစ်တော့ မဟုတ်တော့ဘူး။ သစ်ပင် ဝါးပင်ကြီး ကိုးကွယ်နေတာက သူတို့အထင်နဲ့ ဘုရားပဲလို့ ယုံကြည်ချက်နဲ့ ပင်စိမ်းပင်တွေကို ကိုးကွယ်တယ် ဆိုပါတော့၊ ပင်စိမ်းပင်ဟာ ငါကိုးကွယ်တဲ့ဘုရားပဲ၊ ငါ့အားကိုးထားတာ၊ ငါ့ရဲ့အကာအကွယ်ကြီးပဲလို့ ကိုးကွယ်နေတယ်။ အဲဒီပင်စိမ်းပင်ကို ကိုးကွယ်ခြင်းကြောင့် သူအင်မတန်ကြောက်တယ်ဆိုတဲ့ အပါယ် လေးပါးမလားအောင် ပင်စိမ်းပင်က တားပေးနိုင်ရဲ့လား (မတားနိုင်ပါဘူးဆရာ)။

## မကိုးကွယ်ထိုက်တဲ့ပုဂ္ဂိုလ် ကိုးကွယ်ရင် ချမ်းသာသုခ မပေးနိုင်ပါ

အေး . . . ဒါဖြင့် သူလိုလားတဲ့ ကောင်းချိုးချမ်းသာရော ပေးနိုင်ရဲ့လား (မပေးနိုင်ပါဘူးဆရာ)၊ မပေးနိုင်ဘူးကွ။ အဲဒါ ဘာဖြစ်လို့တုံးဆိုတော့ သေချာကြည့်လိုက်ရင် ဘုရားမှားနေတယ်တဲ့၊ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဘုရားမှားတဲ့ဘေးတဲ့၊ ဘာမှ အကျိုးစီးပွားရှာမရဘူး၊ “အလဟသ” အချိန်တွေ ဖြုန်းပြီးတော့ အပင်ပန်းခံနေကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်ကို ကိုးကွယ်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကိုးကွယ်ဆိုတာ သရဏဂုံသုံးပါး ပါပဲ၊ ဒါဖြင့် ကိုးကွယ်ထိုက်တာ ဘယ်သူလဲဆိုတော့ ဘုရား၊ တရား၊ သံဃာအစစ်။ အဲဒါကျမှ ကိုယ်အားကိုးတဲ့အတိုင်း ခရီးလည်းရောက်တယ်၊ ကိုယ်အကာအကွယ်လိုလားတဲ့အတိုင်း အကာကွယ်လည်း ပေးနိုင်တယ်၊ အဓိပ္ပာယ်အားဖြင့် အပါယ်လေးပါး မလားချင်ဘူး။ မလားအောင် ကြိုးစားရင် ရတနာမြတ်သုံးပါး အမြဲတစေ ကိုးကွယ်ရင်တော့ မကျနိုင်ဘူး၊ မရောက်နိုင်ဘူး။ ကောင်းကျိုးချမ်းသာ ကိုယ်က လိုချင်တယ်၊ အမှန်အားဖြင့် ကောင်းကျိုးချမ်းသာ ပေးရမယ် အဲဒီလို လာတယ်၊ ဘာဖြစ်လို့ ဘုရားစစ်လို့၊ တရားစစ်လို့၊ သံဃာစစ်လို့။ ဘုရားစစ်က ဟောတော့လည်း တရားအစစ်အမှန် ဖြစ်လာတယ်၊ တရားစစ်ကို ကျင့်ကြံတော့လည်း သံဃာအစစ်ဖြစ်တယ်၊ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊

ဒါကြောင့် နံပါတ် (၂) ဆိုတဲ့ နာနာသတ္တုဥလ္လောကနဘေးဟာ ဖြစ်ရာဘဝမှာ ဘုရားမှားနဲ့ချည်း တွေ့တတ်တဲ့ဘေးခေါ်တယ်၊ အဲဒါကြောင့် သတ္တဝါတွေ ဇောက်ထိုးမိုးမျှော်နဲ့ ခံနေလိုက်ကြရတာလို့၊ ဘုရားမှားတွေနဲ့ တွေ့နေကြပြီ၊ ဘုရားမဟုတ်ဘဲ ဘုရားလုပ်ပြီး ကိုးကွယ်နေကြပြီ၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အင်မတန်ကြောက်စရာကောင်းတယ်၊ ဒါဘုရားမှားတဲ့ဘေး၊ ဒါဖြင့် တို့လူစုတွေ သေသေချာချာ တွက်တော့ကာ၊ အခု ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာအစစ် သံဃာအမှန်နဲ့ လာပြီးတွေ့ကြတဲ့ တို့လူမျိုးတွေကျတော့၊ ဘုရားလည်း အစစ် တရားလည်း အစစ်

http://www.dhammadownload.com



သံဃာလည်း အစစ် ဘုရားစစ်ပုံစစ်နည်းမှ သေသေချာချာကြည့်၊ သူများဘုရားလို မရေမရာ မသေမချာ ဇဝေဇဝါ မဟုတ်ပါဘူး ဘယ်ဘုရားဖြစ်ဖြစ် ဘုရားစစ်တမ်းထုတ်ကြည့်ပါ၊ ဘုရားမှာ ရှိနိုင်သော အင်္ဂါနဲ့ ညီလား၊ မညီလားလို့ ညီဖို့နေနေသာသာ ရာဇဝင်တောင် မေးမရဘူး၊ ဟိုက မွေးလာသလိုလို ဒီက မွေးလာသလိုလိုနဲ့ ငါကဲ့ရဲ့ရှုတ်ချ ပြောတာ မဟုတ်ပါဘူး၊ ဘာမှ ခြေခြေမြစ်မြစ် စူးစမ်းရှာဖွေလို့ မရဘူး။

## ဘုရားရှင်အစစ်ဆိုတာ ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံရမယ်

တို့ဘုရားက ရာဇဝင်ထင်ရှားကြီးနဲ့ လာတယ်၊ ပြီးတော့ ဘုရားရှေ့ရောက်ပြန်တော့ လောကသုံးပါး ဘုရားလို့ ဝန်ခံပြန်တော့ ဘုရားတို့သိအပ်သော အသိတရားလည်း ရှိရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဘုရားမှာရှိသင့်သော ဂုဏ်ကလည်း ရှိရမယ်၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဂုဏ်တော်ကိုးပါးလို့၊ "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ" ဟူသော ဂုဏ်တော်ကိုးပါးကို ရရဲ့လား (မရဘူးဆရာ)၊ ဘယ်တုံးက ကျက်ထား၊ ဖျင်းလည်း ဖျင်းတဲ့အကောင်ပဲ၊ ဘုရားဂုဏ်တော်ဆိုတာ ကျက်ရတယ်ကွ၊ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်တွေကို ကျက်ရတယ်ဟဲ့၊ ကျက်ပြီးတော့ အမြဲတစေ ရွတ်ဖတ်သရဇ္ဈာယ်ရတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အရင်တစ်ခါလည်း ငါက ဘုရား, တရား, သံဃာ, ရတနာမြတ်သုံးပါး၊ ဂုဏ်တော်ကိုးပါးကို ကျက်ကျက်လို့ ပြောခဲ့ဘူးတယ်၊ ကနေ့အထိ သူဘာမှမရဘူး၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးဆိုပြီး မင်းဉစ္စာက ရှက်စရာကြီးကိုးကွ၊ ဒါမင်းသာ ပြောရတယ်၊ မင်းလိုလူမျိုး အများကြီးပါ ငါလည်း သိပါတယ်၊ ဂုဏ်တော်ဆိုတာ ဘာမှန်းကို မသိတဲ့လူ ရှိသေးတယ်၊ "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ" ဆိုတဲ့ ဂုဏ်တော်ကိုးပါးကို မင်းအခွင့်သာတဲ့အခါ ကျက်ထားနော် (ကျက်ပါမယ်ဆရာ)၊ အေး . . . ကျက်ထား ကျက်ထားပါ၊ အမြဲတစေ ရွတ်ရတယ်ကွနော် (မှန်ပါတယ်ဆရာ)။

ဘုရားဂုဏ်တော်ရွတ်တယ်ဆိုတာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်တယ်၊ အဲဒီလို သွားရင်း လာရင်း နေရင်း ထိုင်ရင်းနဲ့ ဒါက ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်နေရော ဘယ်လောက်တန်ဖိုးရှိတယ် ဘုရားဂုဏ်တော်, ကျေးဇူးတော်အောက်မေ့လို့၊ အဲဒီလိုဂုဏ်တော်ကိုးပါးမှာ တစ်ပါးချင်း တစ်ပါးချင်း စစ်တမ်းထုတ်လာတော့ တန်ဖိုးဘယ်လိုရှိသလဲဆိုတဲ့ သဘောတွေလည်း သိပါလိမ့်မယ်၊ အဲဒီဂုဏ်တော်ကိုးပါးနဲ့ မှတ်ကျောက်တင်ကြည့်ပါ၊ ဘုရားစစ်လား, မစစ်လားလို့ ဒီဂုဏ်တော်ကိုးပါးဟာ သာမန်ပုဂ္ဂိုလ်များ

http://www.dhammadownload.com



ရကောင်းတာ မဟုတ်ပါဘူး၊ လူ့လောက လူထဲကလည်း ရကောင်းတာ မဟုတ်ပါဘူး၊ နတ်လောက နတ်ထဲကလည်း ရကောင်းတာ မဟုတ်ပါဘူး၊ ဗြဟ္မာ့လောက ဗြဟ္မာထဲကလည်း ရကောင်းတာ မဟုတ်ပါဘူး၊ တန်ခိုးဣဒ္ဓိပါဒ် ကြီးချင်သလိုကြီးနေ၊ ဘာပဲဖြစ်နေနေ ဒီဂုဏ်တော်ကိုးပါး လိုချင်ပါတယ်ဆိုလို့ လုပ်တတ်ထားလို့ ဖြစ်တာ မဟုတ်ပါဘူး၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သဘ္ဘာဝအားဖြင့် ရလာတဲ့ ဂုဏ်တော်ကိုးပါးခေါ်တယ်၊ အဲဒီဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံလို့ရှိရင် ဘုရားပဲဆိုတာ တထစ်ချ မှတ်ပါလို့၊ မှတ်ကျောက်အတင်ခံနိုင်တဲ့ ဘုရားစစ် ဘုရားမှန်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

အဲဒီဂုဏ်တော်ကိုးပါးကို သိချင်လို့ရှိရင်လည်းပဲ ကျက်ကြည့်မှ သိမှာပါ၊ အဓိပ္ပာယတ္ထအနေအားဖြင့် "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"လို့ ဒီလိုတစ်ခုချင်း တစ်ခုချင်း ရှင်းရှင်းလာတဲ့အခါကျတော့၊ သြော် . . . လက်စသတ်တော့ လူနတ်ဗြဟ္မာ သတ္တဝါတွေဟာ ဘယ်လိုပဲ ဒီဂုဏ်တော်ကြီးတွေ လိုချင်တယ်ဆိုပြီးတော့ ရကောင်းတဲ့အလုပ် မဟုတ်ပါလား၊ မြတ်စွာဘုရားကိုယ်တော်မြတ်မှိုလို့ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီတွေစုပေါင်းလို့ ဖြည့်ကျင့်ဆည်းပူး အထူးအားဖြင့် ဘုရားအဖြစ်ရောက်ခါမှ ရအပ်တဲ့ ဂုဏ်တော်မျိုးပါလားလို့ သေသေချာချာသိတယ်။ အဲဒီကျမှ ဘုရားချင်း ကွာတာကိုးကွ၊ ပြန်ယှဉ်ကြည့်ကြပါနော် (မှန်ပါတယ်ဆရာ)၊ ဟိုဘုရား, ဟိုဘုရားတွေ လျှောက်ကြည့်လိုက်ပါ၊ ဘာဂုဏ်တော်မှ အစအနရှာဖွေလို့ မရဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ ဘုရားစစ် ဘုရားမှန်နဲ့ မင်းတို့ ငါတို့ လာတွေ့ကြတယ်၊ ဘုရားစစ် ဘုရားမှန်နဲ့ လာတွေ့တော့ ထိုဘုရား အစစ်ဘုရားအမှန်က ဟောလိုက်တဲ့ တရားကြတော့ မှားပါဦးမလား (မမှားပါဘူးဆရာ)၊ အဲဒီလို မမှားလို့ မဂ်လေးပါး, ဖိုလ်လေးပါး နိဗ္ဗာန် ပရိယတ္တိတဲ့၊ တရားအစစ်ရှာလိုက်တော့ မဂ်တရားက လေးပါး၊ ဖိုလ်တရားကလေးပါး၊ နိဗ္ဗာန်တရားကတစ်ပါး ပေါင်းလိုက်တော့ ကိုးပါးဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)။

အဲဒီထဲ သုတ်, ဝိနည်း, အဘိဓမ္မာ, ဆိုပြီး ပိဋကတ်သုံးပုံ ပရိယတ္တိကို တစ်ခါထည့်လိုက်ရင် တရားတော်ဆယ်ပါး ဖြစ်သွားတယ်၊ သြော် . . . လက်စသတ်တော့ ဘုရားအစစ် ဘုရားအမှန်က ဟောတော်မူသော တရားအစစ် တရားအမှန်တွေ ထွက်လာပြီ၊ ဘာတရားတွေတုံး မဂ်လေးပါးတဲ့၊ ဖိုလ်လေးပါးတဲ့၊ နိဗ္ဗာန်တရားတဲ့၊ ပြီးတော့မှ သုတ်, ဝိနည်း, အဘိဓမ္မာ, ဆိုတဲ့ ပရိယတ္တိတရားတဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါတွေဟာ ဘုရားမှလွဲလို့ တစ်ပါးသောပုဂ္ဂိုလ် ဟောနိုင် ပြောနိုင်တဲ့ တရားတွေ မဟုတ်ပါဘူးလို့ အင်မတန်ခက်ခဲနက်နဲတဲ့ တရားတွေပါလို့၊ ဘုရားမှလွဲ၍ ဘယ်ပုဂ္ဂိုလ်မှ ဟောကောင်းတဲ့တရား မဟုတ်ပါဘူး၊ ဒီလောက်နက်နဲ ခက်ခဲတဲ့တရားတွေ၊ အဲဒီတရားစစ်

http://www.dhammadownload.com



တရားမှန်တွေ ပေါ်လာတယ်၊ ဒီတရားစစ် တရားမှန်တွေကို အဓိပ္ပာယတ္ထုယူပြီးတော့၊ ထိုတရားစစ် တရားမှန်တွေ အခြေခံထားပြီးတော့ ကျင့်ကြံပွားများ အားထုတ်တော့ သံဃာတော်တွေ ပေါက်ဖွား လာကြတယ်၊ သံဃာတော်တွေ ဖြစ်လာကြတယ်။ ဒီတော့ တရားစစ် တရားမှန်ကို ကျင့်ကြံပွားများ အားထုတ်တော့ သံဃာတော်အစစ် ရောက်လာတော့ ဒီသံဃာ မှားပါဦးမလား (မမှားနိုင်ပါဘူးဆရာ)၊ ဩော် . . . သံဃာတော်အစစ်ကလည်း သံဃာအမှန်ဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)။

လောကကြီးက အခက်သားဟေ့၊ တို့နောက် သိပ်မကြာသေးဘူး၊ တောင်ကိုးရီးယား, မြောက် ကိုးရီးယား စစ်ကြီးပြီးတဲ့နောက်ပိုင်းမှာ အဲဒီတောင်ကိုးရီးယားကနေပြီးတော့ သာသနာရေးနဲ့ ပတ် သက်ပြီးတော့ အဓိကရုဏ်းဖြစ်ပြီး ရုန်းရင်းဆန်ခတ်ဖြစ်ကြလို့၊ အဲဒီမှာ ငါသတင်းစာထဲ တစ်ခါ ကြည့်လိုက်ဖူးတယ်၊ ဘယ်လိုဖြစ်ကြသလဲဆိုတော့ သူတို့ဆီက ဘုန်းကြီးတွေက မိန်းမတွေနဲ့ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ မိန်းမတွေနဲ့ အိမ်ထောင်ပြုနေတဲ့ ဘုန်းကြီးတွေ အဲဒီအိမ်ထောင်ပြုနေတဲ့ဘုန်း ကြီးတွေကို အိမ်ထောင်မပြုဘဲနေတဲ့ဘုန်းကြီးက အတန်းချင်းမညီလို့ မပေါင်းနိုင်ဘူးဆိုပြီးတော့ အဓိကရုဏ်းတွေ ဖြစ်ကြတယ်၊ နင်တို့ ယုတ်ညံ့နေတာပဲ၊ ကာမဘောဂီ ရှာသူတို့ရဲ့ အလေ့အထ အားဖြင့် လူနဲ့မခြားအောင် အိမ်ထောင်လျက်သား ပြုနေတဲ့ဘုန်းကြီးတွေကို နင်တို့ကျောင်းထဲ မထား ဘူးဆိုပြီးတော့ အိမ်ထောင်မပြုတဲ့ဘုန်းကြီးတစ်စုက နှင်ပစ်ဆွဲထုတ်လေတော့၊ အဲဒီမှာ အဓိကရုဏ်း တွေ ဖြစ်ကြတော့။ အဲဒါကို အစိုးရကနေပြီးတော့ ရှင်းလင်းပေးရတယ်၊ "လက်ရှိကျောင်းတွေထဲမှာ မိန်းမနဲ့ အိမ်ထောင်ပြုနေသော ဘုန်းကြီးတွေ မနေရ၊ အပြင်ထွက်ကြ၊ လက်ရှိကျောင်းတွင် မိန်းမ မရှိတဲ့ ဘုန်းကြီးတွေ နေစေ"လို့ အစိုးရက ဝင်ရောက်ကန့်သတ်ပေးရတယ်။ အဲဒီအချိန်မှာ လက်ရှိ မိန်းမမရှိတဲ့ ဘုန်းကြီးအစစ်တွေက ဒီထဲမှာ နေကြတယ်တဲ့။ အဲ့ဒါကြည့် ဒီနိုင်ငံမှာ မဟာယာနဂိုဏ်း, ဟီနယာနဂိုဏ်းလို့ ဂိုဏ်းနှစ်ဂိုဏ်းကွဲနေကြတယ်။

တို့ကမ္ဘာကြီးမှာလည်းပဲ ဗုဒ္ဓဘာသာ အယူဝါဒတွေ ကွဲပြားသွားလိုက်တာ အမျိုးမျိုးရှိသေး တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘယ်နိုင်ငံဖြစ်ဖြစ်သူတို့ "ဘုန်းကြီး, ဘုန်းကြီး"လို့ ခေါ်နေတဲ့ သာသနာပြုနေတဲ့ ဘုန်းကြီးတွေထဲမှာ သားနဲ့ မယားနဲ့ နေတဲ့ ဘုန်းကြီးတွေက များတယ်၊ သားမယား မရှိတဲ့ ဘုန်းကြီးက သိပ်မရှိလှဘူး နည်းတယ်။ အဲဒါကြည့်၊ ဒီလိုဖောက်လွဲ ဖောက်ပြန် မမှန်တဲ့ အကျင့်တွေ ကျင့်တာ ဘာဖြစ်လို့လဲဆိုတော့ သူတို့တရားက မှန်မှမမှန်ဘဲကိုး၊ သူတို့တရား မမှန်တော့၊ သူတို့ကျင့်ကြံတဲ့အလုပ်က ဟုတ်ပါဦးမလား (မဟုတ်နိုင်ပါဘူးဆရာ)၊ သူတို့တရား ဘာဖြစ်လို့ မမှန် သလဲလို့ မေးတော့ ဒီတရားကို စီမံခန့်ခွဲပြီး ဟောပြောနေတဲ့ပုဂ္ဂိုလ်က ဘုရားမှ မမှန်ဘဲနဲ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘုရားတု ဘုရားယောင်က ဟောနေတာတဲ့၊ ဘုရားလို့ ဝန်ခံပြီးတော့

http://www.dhammadownload.com



မဟုတ်တရုတ်တွေ လုပ်နေကြတာတဲ့။ ဒါကြောင့် ဘုရားမှားရင် တရားမှားတယ်၊ တရားမှားရင်တော့ သံဃာမှားတယ်၊ သံဃာမှားတော့ အကျင့်တွေလည်း မှားတော့တာပဲ။ ဒါကြောင့် တို့ဗုဒ္ဓဘာသာ သာသနာထွန်းတဲ့နိုင်ငံကြီးမှာ လာပြီးတော့ လူဖြစ်တယ်၊ ဗုဒ္ဓဘာသာအယူဝါဒရှိတဲ့ပုဂ္ဂိုလ်များ သေသေ ချာချာ ပြန်ကြည့်ပါ၊ ဘုရားလည်း ဘုရားအမှန်အစစ်၊ တရားလည်း တရားအမှန်အစစ်၊ သံဃာလည်း သံဃာအမှန်အစစ်၊ အဲဒါဘုရားကြည့်တော့လည်း ဘုရားဂုဏ်တော်ကိုးပါးနဲ့ ဘုရား အစစ်အမှန် ကိုးကွနော် (မှန်ပါတယ်ဆရာ)။

တရားကြည့်ပြန်တော့ လာပြန်ပြီ၊ သူလိုလို ငါလိုလို ထပြီးတော့ ဟောချင်ရာဟော၊ ပြောချင် ရာပြော၊ ပြုချင်ရာပြု လုပ်နေတာ တရားမဟုတ်ပါဘူးတဲ့၊ တရားလည်း ဂုဏ်တော်ခြောက်ပါးနဲ့ ဟုတ် ရဲ့လား (မှန်ပါတယ်ဆရာ)၊ တရားစစ်လား၊ မစစ်လားဆိုတာ ဂုဏ်တော်ခြောက်ပါးနဲ့ စစ်ကြည့်ပါ။ တို့မြတ်စွာဘုရားကိုယ်တော်မြတ် ဟောထားတဲ့တရားတွေက "သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" လို့ တရားဂုဏ်တော်ခြောက်ပါး ရှိတယ်။ အဲဒါမှတ်ကျောက်အတင်ခံနိုင်တဲ့ တရားအစစ်တွေ၊ တစ်ခါလာ ပြန်ပြီ၊ သံဃာကောတဲ့၊ သံဃာလည်းပဲ စစ်တမ်းအားဖြင့် စစ်ကြည့်စမ်းပါလို့၊ သံဃာလည်း ဂုဏ်တော် ကိုးပါးနဲ့ ဒီလိုလာသကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အေး . . . ဘုရားလည်းပဲ ဂုဏ်တော်ကိုးပါး အစစ်မခံနိုင်လို့၊ ဂုဏ်တော်ကိုးပါးအမှန်မရှိရင် ဘုရားမဟုတ်ဘူး၊ တရားလည်း ဂုဏ်တော်ခြောက်ပါး မရှိရင် တရားအစစ်မဟုတ်ဘူး။ သံဃာလည်း ဂုဏ်တော်ကိုးပါးမရှိရင် သံဃာအစစ်မဟုတ်ဘူး။ အခုတော့ တို့လူစုတွေ ဘယ်လောက်နေရာကျသလဲ၊ ဘုရားလည်း အစစ်အမှန် ကိုးကွယ်ရတယ်၊ တရားလည်း အစစ်အမှန် ကိုးကွယ်ရတယ်၊ သံဃာလည်း အစစ်အမှန် ကိုးကွယ်ရတယ်။

ဒါကြောင့် ငယ်စဉ်တောင်ကျေးကလေးကစ ဆရာမိဘများ သွန်သင်ဆုံးမချက်အရ လူလား မမြောက်ခင်ကတည်းက၊ တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ သရဏဂုံ ဆောက်တည်ကြတယ်။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"လို့ သရဏဂုံဆောက်တည်လာကြတယ်။ ဒါပေမယ့် အချို့လူကလည်း "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဆိုတဲ့ အဓိပ္ပာယ်ကို နားလည်ချင်မှ နားလည် တော့မပေါ့ကွယ်။ နားမလည်လို့ရှိရင်လည်းပဲ လည်တဲ့ပုဂ္ဂိုလ်များက ပြောပြပေးရမည့် ဝတ္တရားရှိတယ်၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ပါဠိတော်ကို မြန်မာလိုပြန်တော့ အဓိပ္ပာယ်က ဘာလဲ၊ မြန်မာလို နားလည်မှ ပိုပြီးတော့ ယုံကြည်မှု ရသွားမှာပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ကိုးကွယ်ထိုက်တယ်၊ ဆည်းကပ်ထိုက်တယ်ဆိုတဲ့ အနေအားဖြင့် သရဏဂုံသုံးပါးလို့ တို့ဘုရား ကိုယ်တော်မြတ်ကလည်း ဟောသွားတယ်၊ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ သရဏဂုံသုံးပါးအပြင်

http://www.dhammadownload.com



လေးပါးများ ရှိသေးလား (မရှိပါဘူးဆရာ)၊ သုံးပါးအပြင် လေးပါးမရှိဘူး၊ အတိအကျသုံးပါးပဲ ရှိတယ်၊ သရဏဂုံသုံးပါးကို ဆိုစမ်းပါ . . (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ)။

## သရဏဂုံသုံးပါးအဓိပ္ပာယ်

သရဏဂုံများ ဆောက်တည်ဘူးရဲ့လား (မဆောက်တည်ဖူးဘူးဆရာ)၊ မဆောက်တည်ဖူးဘူး၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဩော် . . . မင်း သရဏဂုံ မတည်ဘူးပေါ့ (ဆိုတော့ ဆိုဖူးပါတယ် ဆရာ)၊ ဆိုတော့ ဆိုဖူးတယ်။ အောင်မယ် . . . ဆိုဘူးရင်လည်း ဆောက်တည်တာပါပဲဟ၊ ဒါပေမယ့် အဓိပ္ပာယ်ကော သိရဲ့လား၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"ဆိုတာ ဘာလဲ၊ မြန်မာလိုပြောတော့ တိုတိုပြောရင် ဘာတဲ့၊ (ဗုဒ္ဓံ-မြတ်စွာဘုရားကို) အောင်မယ် . . . အနက်တွေ ဘာတွေ ရောချနေပါလား၊ လုပ်စမ်း ပါဦး၊ (သရဏံ- ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဘုရား)၊ အဲ . . . "ဂစ္ဆာမိ"ကျတော့ ထားခဲ့တယ်နော်၊ "ဂစ္ဆာမိ"တော့ ထားပစ်ခဲ့တယ်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကိုယ်တော်မြတ်ကို။ သရဏံ-သရဏံ ဣတိ-ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍။ ဂစ္ဆာမိ-ဆည်းကပ်ပါ၏နော် (မှန်ပါတယ်ဆရာ)၊ ဘုရားကို ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာ ဟူ၍ တပည့်တော် ဆည်းကပ်ပါတယ်လို့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အရှင်ဘုရား တပည့်တော်ကိုးကွယ်မှီခိုရာဟူသော အနေအားဖြင့် ဆည်းကပ် ပါ၏။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ-တရားတော်မြတ်ကို။ သရဏံ-သရဏံ ဣတိ-ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍။ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။ တရားတော်မြတ်လည်း ကိုးကွယ်လဲလျောင်း ပုန်း အောင်းမှီခိုရာဟူ၍ ဘုရားတပည့်တော်သည် ဆည်းကပ်ပါ၏။ သံဃံ သရဏံ-ဂစ္ဆာမိ၊ သံဃံ-သံဃာ တော်မြတ်ကို။ သရဏံ-သရဏံ ဣတိ-ကိုးကွယ်လဲလျောင်း ပုန်းအောင်မှီခိုရာဟူ၍။ ဂစ္ဆာမိ-ဆည်း ကပ်ပါ၏။

သာမန်မအောက်မေ့နဲ့၊ သရဏဂုံဆိုတာ ဆောက်တည်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ စိတ်ထဲ အဲဒီလို အောက်မေ့ရမယ်၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ နှုတ်ကလည်း ရွတ်၊ စိတ်ထဲကလည်း မှတ်၊ ဘုရားကို ငါကိုးကွယ်ပါ၏၊ တရားကို ကိုးကွယ်ပါ၏၊ သံဃာတော်မြတ်ကို ကိုးကွယ်ပါ၏လို့ ရွတ်ပါ၊ ရွတ်ဆိုရင် အင်မတန်အကျိုးကြီးမားတယ်၊ ဘီလူးဘေးရန်ကတောင်ပဲ လွတ်ကင်းနိုင်တယ်၊ သရဏဂုံဆောက်တည်ရတဲ့အကျိုးဟာနော် (မှန်ပါတယ်ဆရာ)၊ ဒီသရဏဂုံ ရွတ်မိဖတ်မိတဲ့အတွက် အသက်ကို သတ်မယ်လို့ လာတဲ့ ဘီလူးတောင် ထွက်ပြေးရတယ်၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အင်မတန်အကျိုးကြီးပါတယ်၊ ဒါဟာ သရဏဂုံသုံးပါးပဲ၊ အဲဒီလို ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာ ဆိုတဲ့ အနေအားဖြင့် ဆည်းကပ်အပ်တဲ့ သရဏဂုံသုံးပါးအပြင် လေးပါးများ ရှိသေးလား (မရှိပါဘူး

http://www.dhammadownload.com



ဆရာ)၊ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ မင်းတို့ ငါတို့ကသာ လေးပါးမရှိတာပါကွာ၊ လေးပါးမကပါဘူး၊ ငါးပါး၊ ခြောက်ပါးတောင် ဖြစ်ကုန်ပေါ့။ အခုတော့ ပေါ်ကုန်ပြီ၊ ပွဲချင်းလည်း ယှဉ်လို့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ'၊ ဘုရားပန်းတို့ ရေချမ်းတို့ ဆီမီးတို့ ဆွမ်းတော်ခွက်တို့ ဒီဘက်စင်က၊ ဟိုဘက်က "ဘိုးမင်းခေါင် သရဏံ ဂစ္ဆာမိ"၊ "အောင်မင်းခေါင် သရဏံ ဂစ္ဆာမိ"၊ "အောင်သိဒ္ဓိ သရဏံ ဂစ္ဆာမိ"၊ "ဘိုးပေါက်ပွင့် သရဏံ ဂစ္ဆာမိ" ဒါတွေစုံလို့၊ ဟိုဘက်ကလည်း ပြည့်လို့ ပို၍ ဆိုးသွားကုန်ရောနော် (မှန်ပါတယ်ဆရာ)။

အောင်မယ် . . . ဘုရားနဲ့ တစ်တန်းတည်း ဘုရားထက်တောင် ပိုသေးတယ်နော် (မှန်ပါတယ် ဆရာ)၊ အဲဒီလိုဖြစ်လာတယ်၊ အဲဒါ မကိုးကွယ်ထိုက်တာတွေ ကိုးကွယ်ဆည်းကပ်နေကြတယ်။ အဲဒါလည်း တစ်နည်းအားဖြင့် ဘုရားမှားလို့ ခေါ်တယ်။ ဒါကြောင့် နံပါတ် (၂) နာနာသတ္တုဥလ္လောကန ဘေး၊ မြန်မာလို ရှင်းရှင်းလေး ပြောလိုက်ရင် ဘုရားမှားသောဘေးတဲ့၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဘုရားမှားသောဘေးတဲ့၊ ဘုရားမှားကုန်ကြပြီ၊ မမှားဘူးလား (မှားပါတယ်ဆရာ)၊ အဲဒါ မှားရုံတင် မှားတာ၊ တို့လိုလားတဲ့ အကျိုးစီးပွားမပြည့်ရုံသာ ရှိမှာပဲဆို တော်သေးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒီလိုမဟုတ်ဘူး၊ ငနဲ့တွေက သူတို့လည်း ကိုးကွယ်ဆည်းကပ်ရသေးတယ်၊ သူတို့ကလည်း သေသည့် အခြားမဲ့ အပါယ်ဆွဲချသွားဦးမှာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အင်မတန်ကြောက်စရာကောင်းတယ်၊ တစ်ခါနာတာ မဟုတ်ဘူး၊ နှစ်ခါ အနာခံရတယ်၊ မသေခင်က လည်း သူတို့ကို ရှိခိုးပြီးတော့ အမြဲတစေ ကိုးကွယ်နေရသေးတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သေတော့ကော (ငရဲကျမှာပါဆရာ)၊ အေး . . . ငရဲလည်း ကျသေးတယ်လို့ မှတ်မိရဲ့လား (မှတ်မိပါ တယ်ဆရာ)။ နှစ်ခါ မနာဘူးလား၊ (နှစ်ခါနာပါတယ်ဆရာ)၊ အေး . . . အားကိုးရာလည်း မရောက်၊ ကိုးကွယ်ရာလည်း မရောက်သည့်အပြင် သေသည်၏အခြားမဲ့၌ အပါယ်လေးပါးလည်း လားရဦးမယ်၊ ဘုရားမှားတဲ့အတွက် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒါ နာနာသတ္တုဥလ္လောကနဘေးတဲ့။

နံပါတ် (၃)ကတော့ ဒုစ္စရိတဘေးတဲ့၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ နံပါတ် (၃)က ဘာ ဘေးလဲ (ဒုစ္စရိတဘေးပါဆရာ)၊ ဒုစ္စရိတဘေး၊ မြန်မာလိုပြန်တော့ အကျင့်မှားသောဘေးလို့ ခေါ် တယ်၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ မြန်မာလိုပြန်တော့ ဘာကွ (အကျင့်မှားသောဘေးပါဆရာ)၊ အကျင့်မှားသောဘေး၊ ဒုစ္စရိတ-အကျင့်မှားသောဘေးတဲ့၊ မကောင်းသဖြင့် ကျင့်နေတယ်တဲ့၊ မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)၊ မကောင်းသဖြင့် ကျင့်နေတယ်ဆိုတော့၊ ဘယ်လိုမှားနေတာတုံး၊ မှားပုံ မှားနည်း ပြောစမ်းပါဆိုတော့ ဂေါ်ဝင်္ဂြူ သဲစုမက ပွင့်တော်မူတဲ့ ဘုရားကိုယ်တော်မြတ်တွေက မကျင့် ကောင်းဘူး၊ မကျင့်အပ်ဘူးလို့ တားမြစ်ထားသော ဒုစရိုက်တရားတွေကို၊ ဟုတ်ပြီလား (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ကျင့်ကောင်းတယ်၊ ကျင့်နိုင်မှ အကျိုးများတယ် ဆိုတဲ့အနေအားဖြင့် အယူအဆမှားပြီးတော့ သုစရိုက်အနေအားဖြင့် ကျင့်ကြံ, ပွားများ, အားထုတ်ခြင်း၊ အဲဒီမှာ မှားနေပြီပေါ့၊ မှားမှာပေါ့ တရားက မှားနေတာကိုး (မှန်ပါတယ်ဆရာ)၊ ဘုရားက မှားတော့ တရားကလည်း မှားတယ်၊ နာနာသတ္တ ဥလ္လောကနဘေးကြီးဆိုတာ ဘုရားမှားတာနဲ့ တွေ့တော့၊ ဒီဘုရားမှား ဟောတဲ့တရားက မှန်ဦးမလား ဟ (မမှန်နိုင်ပါဘူးဆရာ)၊

အဲဒါကြောင့် ဒုစရိုက်ကို သုစရိုက်လုပ်ပစ်တယ်၊ သုစရိုက်ကို ဒုစရိုက်လုပ်ပစ်တယ်၊ ဒီလိုတရားကို ပြောင်းပြန်လုပ်လိုက်တာနော် (မှန်ပါတယ်ဆရာ)၊ ဒုစရိုက်နဲ့ သုစရိုက်ကော သိရဲ့လား (သိပါတယ် ဆရာ)၊ ဒုစရိုက်ဆိုတာ ဘာလဲ (မကောင်းမှုလုပ်တာပါဆရာ)၊ ဩော် . . . မကောင်းတာ ကျင့်တာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သုစရိုက်ဆိုတာ (ကောင်းသောအကျင့်ကို ကျင့်တာပါဆရာ)၊ ဩော် ကောင်းသော အကျင့်ကို ကျင့်တာ၊ ဒါတော့ မင်းမဆိုးဘူး တော်သားပဲ။ ဒုစရိုက်က မကောင်းတဲ့ အကျင့်ကို ကျင့်တာ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သုစရိုက်က ကောင်းတဲ့အကျင့်ကို ကျင့်တာ ဟုတ်သလား (မှန်ပါတယ်ဆရာ)၊ ဩော် . . . ဒါဖြင့်ရင် မင်းခုနက ငါပြောတဲ့ နံပါတ် (၂) ဆိုတဲ့ ဘုရားမှားတဲ့ဘေးကို တွေ့တဲ့နောက်ပိုင်းမှာ ဘာဖြစ်လာသလဲဆိုတော့ တရားမှားပြီ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အကျင့်မှားပြီလား (အကျင့်မှားပါပြီဆရာ)၊ တရားမှားတော့ အကျင့်လည်း မှားတာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အကျင့်က ဘယ်လိုမှားသလဲ ဆိုတော့ မကျင့်ကောင်းတဲ့ မကောင်းသော ဒုစရိုက်တရားကို ကျင့်ကောင်းတဲ့ အကျင့်တရားဟူသောအနေနဲ့ ပြောင်းပြန်ပြန် ကျင့်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အင်မတန်ကြောက်စရာကောင်းတယ်လို့ တွက်ကြည့် တွက်ကြည့်ပါ။

အဲဒါ မျက်စိမရှိကြဘူးတဲ့၊ ပညာမျက်စိမရှိကြလို့ လူကန်းများ လမ်းသွားသလိုတဲ့၊ ကိုယ်လုပ် တာကို အဟုတ်ထင်ပြီးတော့ ကြိုးစားပမ်းစား အားထုတ်နေကြတယ်၊ ဘယ်လို အားထုတ်သလဲ ဆိုတော့ ဒုစရိုက်ကို သုစရိုက်ဟူသော အနေအားဖြင့် ပြောင်းပြန် ပြန်ပြီးတော့ ကြိုးစားအားထုတ် အလုပ်လုပ်ကြတယ်နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ကာယကံတို့ ဝစီကံတို့ မနောကံတို့။ ကာယကံ လည်း ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ - သူများအသက်သတ်ခြင်း၊ သူ့များဥစ္စာခိုးခြင်း၊ သူ့များမယား ပြစ်မှားခြင်းဆိုတဲ့ မကောင်းမှုဒုစရိုက်သုံးပါးကို လုပ်တာပဲ၊ အဲဒါ ကျင့်ကောင်းပါ့မလား (မကျင့်ကောင်းပါဘူးဆရာ)၊ အဲဒီမကျင့်ကောင်းတဲ့ ဒုစရိုက်တရားတွေဟာ ဘုရားအဆူဆူ ပွင့်တော်မူ လည်း ဒီလမ်းစဉ်အတိုင်း ဒုစရိုက်တရားတွေကို ဟောသွားတာပဲ၊ ဒီအကျင့်တွေကို မကျင့်ပါနဲ့၊ ကာယကံသုံးပါး ဝစီကံလေးပါး မနောကံသုံးပါး - သူများအသက်မသတ်ခြင်း၊ သူများဥစ္စာ မခိုးယူခြင်း၊

http://www.dhammadownload.com



သူများသားမယား မပြစ်မှားခြင်း အစရှိသည်အားဖြင့် ဒီလိုဒုစရိုက်ဆယ်ပါးတို့ကို ဘုရားကိုယ်တော်မြတ်တွေက တားမြစ်တော်မူတယ်၊ မကောင်းကဲ့အကျင့်တွေ ဘာတွေလဲ ဒုစရိုက်အကျင့်တွေပါ။ အဲဒါတွေ ကျင့်လို့ရှိရင် သေပြီးသည်၏အခြားမဲ့၌ အပါယ်လေးပါး လားလိမ့်မယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

အဲဒီလို ဟောသွားတဲ့ မကျင့်ကောင်းတဲ့ ဒုစရိုက်တရားတို့ကိုလည်း ကျင့်ကောင်းတဲ့ သုစရိုက်တရားတို့အနေအားဖြင့် ကျင့်ကြတယ်၊ ကိုယ်ထိလက်ရောက်ပေါ့ကွာ၊ မမှားဘူးလား (မှားပါတယ်ဆရာ)၊ မှားပြီ၊ အဲဒါ ဘယ်က စခဲ့သလဲ၊ ကမ္ဘာတည်စတည်းက စခဲ့တယ်နော် (မှန်ပါတယ်ဆရာ)၊ တို့ကမ္ဘာတည်ပုံ,ပျက်ပုံတွေ ဩဇာခတ်ပြတဲ့အခါကျတော့ ဒီနေရာ အကျယ်တဝင့် ကမ္ဘာတည်ပုံ, ပျက်ပုံ ပြမယ်၊ အဲဒီတော့ ကမ္ဘာသစ်ကြီး တည်ထောင်ဖန်ဆင်းလာတဲ့အခါမှာ ကမ္ဘာသစ်မှာ ဖြစ်ပေါ်လာတဲ့ လူတွေဟာ သက်တမ်းက သင်္ချာသင်္ချေ မရေမတွက်နိုင်အောင် ရှည်လျားလွန်းလို့၊ အဲဒီကနေ တစ်စတစ်စ နောက်နားကျကျလာတော့ အကျင့်စာရိတ္တတွေ ဖောက်ပြားလို့၊ ဒီအချိန်က ဩက္ကာကရာဇ်မင်းတို့လက်ထက်က စတယ်။ အဲဒါလည်း သူယုတ်မာတစ်စုက လိမ်လည်မှုနဲ့ ခုလို ဖြစ်ရတာ။ မင်းတန်ခိုးအာဏာကြီးမားအောင်ဆိုပြီး တံစိုးလက်ဆောင်စားချင်တော့ မင်းကို လိမ်ပြီးတော့ ကျမ်းစာသစ်, ကျမ်းစာဟောင်းဆိုပြီးတော့ ရှင်ဘုရင်ထံ ရေးသွင်းပြီးတော့ ဆက်သကြတယ်၊ ဘယ်သူတွေဆက်သသလဲဆိုတော့ အဲဒီခေတ်က ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုပါပဲနော် (မှန်ပါတယ်ဆရာ)၊ အဲဒီခေတ်က ပုဏ္ဏားကတော့ လိမ်တဲ့ဘဝလည်း ရာဇဝင်တွင်တယ်။ အဲဒီစဉ်အခါတည်းက တံစိုးလက်ဆောင်လိုချင်လွန်းလို့၊ လာဘ်သပ္ပကာ လိုချင်လွန်းလို့ ရှင်ဘုရင်ကို မြှောက်ထိုးပင့်ကော်နဲ့ ကျမ်းစာသစ်, ကျမ်းစာဟောင်းအနေအားဖြင့် ရေးသားပြီးတော့ ဆက်သွင်းကြတယ်။

အရှင်မင်းကြီး . . . ဘယ်နေရာက တောစိုးသစ်ပင်ကြီးမှာ ဘဲတစ်ရာ, ကြက်တစ်ရာ, ဆိတ်တစ်ရာ, ဝက်တစ်ရာ, နွားတစ်ရာ, အစရှိသည်အားဖြင့်။ အဲဒါ လည်ချောင်းသွေးနဲ့ ယစ်နတ်ပူဇော်လို့ရှိရင် ဘုရင်မင်းတရားကြီးမှာ ဒါထက်တန်ခိုးတေဇော် အာနုဘော်တွေ တိုးလိမ့်မယ်၊ ကြီးမားလိမ့်မယ်။ တိုတိုပြောလို့ရှိရင် လေးကျွန်းအစိုးရတဲ့အနေနဲ့ လေးကျွန်းစကြာမင်း ဖြစ်လိမ်မယ်အထိပေါ့ကွာ၊ မြှောက်ပင့်ပြီးတော့ အဲဒါတွေ ရေးသားပြီး ဆက်သွင်းတော့ ရှင်ဘုရင်က အဟုတ်မှတ်လို့။ အဲဒီနေရာ ဘဲတစ်ရာ, ကြက်တစ်ရာ, ဝက်တစ်ရာ, ဆိတ်တစ်ရာ, နွားတစ်ရာ ရာပေါင်းများစွာပေါ့လေနော် (မှန်ပါတယ်ဆရာ)၊ အဲဒါတွေ အကုန်လုံး ၊ သူ့ဘုန်းတန်ခိုးကုဗ္ဗိပါဒ်၊ ကောင်းကျိုးချမ်းသာမင်္ဂလာ ဖြစ်လိမ့်မယ်ဆိုတဲ့ အနေအားဖြင့် အဲဒါတွေလည်လှီးပြီး လည်ချောင်းသွေးနဲ့ ယစ်နတ်ပူဇော်တယ်၊ ဟိုစဉ်အခါတည်းက ဒီလိုမလာဘူးလား (မှန်ပါတယ်ဆရာ)၊ ကိုင်း . . . ကြည့်စမ်းပါ၊ သူများအသက် ရက်ရက်

http://www.dhammadownload.com



စက်စက်သတ်တဲ့ ပါဏာတိပါတအကုသိုလ်ကံကြီး၊ ဒုစရိုက်ကံကြီး လုပ်ခြင်းကြောင့် ကောင်းချိုးချမ်းသာ ပေးကောင်းပါ့မလား၊ (မပေးကောင်းပါဘူးဆရာ)၊ ဟော . . . သူတို့ကတော့ ပေးကောင်းတယ်တဲ့၊ ပေးရမယ်တဲ့၊ လုပ်နိုင်လေပို၍ အကျိုးများလေ၊ ဒီလိုမလာဘူးလား၊ (မှန်ပါတယ်ဆရာ)။

ကိုင်း . . ဒါဖြင့် ဒုစရိုက်က သုစရိုက်ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ဒုစရိုက်ကို သုစရိုက်ဟူသော အနေနဲ့ ကျင့်ကြံပွားများ အားထုတ်၏၊ အဲဒါ ဒုစ္စရိတဘေးပဲလို့ မှတ်မိရဲ့လား၊ (မှတ်မိပါတယ် ဆရာ)၊ ဒုစ္စရိတဘေး - မကောင်းသဖြင့် ကျင့်သောဘေး ခေါ်တယ်၊ မကောင်းသဖြင့် ကျင့်ကြံပွားများ အားထုတ်သောဘေး မဟုတ်ဘူးလားကွ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒါ ကြည့် . . . ဘယ်လောက်ကြောက်စရာကောင်းသလဲ၊ ဘာဖြစ်လို့ ဒုစရိုက်တရားကို သုစရိုက်တရား အနေအားဖြင့် အကျင့်တွေမှားကြပါလိမ့်၊ မှားမှာပေါ့၊ တရားက မှားနေတာကို၊ တရားက ဘာပြုလို့ မှားပါလိမ့်၊ မှားမှာပေါ့ ဘုရားက မှားနေပါတယ်။ နာနာသတ္တဥလ္လောကနဘေးနော် (မှန်ပါတယ် ဆရာ)၊ ဘုရားမှားနဲ့တွေ့၊ ဘုရားက မှားနေမှတော့ သူဟောတဲ့ တရားက မှားမှာပေါ့၊ ဘုရားမှားနဲ့ တွေ့ရင် တရားမှားနဲ့ တွေ့မယ်၊ တရားမှားနဲ့ တွေ့ရင် အကျင့်မှားနဲ့ တွေ့မယ်။ ဒါကြောင့် ဒုစရိုက်ကို သုစရိုက်မှတ်ထင်ပြီးတော့ ကျင့်ကြံပွားများ အားထုတ်ပြီး နေကြတယ်။ အဲဒါ ကမ္ဘာတည်စက စပြီး ယနေ့တိုင်အောင်ပဲ၊ နောင်လည်း ဒီအတိုင်းသွားအုံးမှာပဲ၊ ဒါ ဒီအတိုင်း အဆင့်ဆင့်သွားကြတယ်၊ ဘယ်တော့မှ ပျောက်ကောင်း ပျက်ကောင်းတာ မဟုတ်ပါဘူး၊ ဒီလိုပဲသွားမှာပါ။

တစ်ယောက်က မယုံကြည်ရင် တစ်ယောက်က ယုံကြည်မှာပဲလို့၊ တစ်ယောက်မလုပ် တစ်ယောက် လုပ်မှာပဲလို့ ဒီအတိုင်းသွားတယ်၊ ဒါကြောင့် ပါဏာတိပါတ အစရှိသော ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော ဒုစရိုက်ဆယ်ပါးတရားတွေကို ဂေါ်ဝါဠူ သဲစုမက ပွင့်တော်မူကြတဲ့ ဘုရား ကိုယ်တော်မြတ် အဆူဆူတွေက မကျင့်ကောင်း၊ မကြံကောင်း၊ မလုပ်ကောင်းတဲ့ အင်မတန် ဆိုးဝါး ယုတ်မာသော အကုသိုလ်ဒုစရိုက် ဒုရာဇီဝ ဟူသော တရားကြီးတွေ မလုပ်ကြနဲ့ဟဲ့၊ ဒီလို သူတော် ကောင်း ပညာရှိအပေါင်းတွေက တားမြစ်ထားပေမယ့်။ အဲဒီလို မိစ္ဆာအယူ မဖြူစင်တဲ့ လူမျိုးတွေက အသိဉာဏ်မပါတော့ ဒီတရားတွေ ကြိုးစားပြီး လုပ်နိုင်မှ၊ အကျိုးစီးပွား ဖြစ်ထွန်းနိုင်တယ်။ ကောင်းကျိုး ချမ်းသာ ရနိုင်တယ်လို့ ဒီလိုပြောင်းပြန် ပြန်မယူဘူးလား၊ (ယူပါတယ်ဆရာ)၊ အဲဒါ ဒုစ္စရိတဘေးတဲ့၊ ကိုင်း . . . ကောင်းပြီ၊ အဲဒီ မကျင့်ကောင်းတဲ့ ဒုစရိုက်တရားကြီးတွေကို ကျင့်ကောင်းတယ် ဟူသော အနေအားဖြင့် အင်တိုက်အားတိုက် ကျင့်လိုက်တော့ကာ အကုသိုလ်တွေ မဖြစ်ဘူးလား (ဖြစ်မှာပါ ဆရာ)၊ အကုသိုလ်တွေဖြစ်တော့ အဲဒီအကုသိုလ်အကျင့်တွေ ကျင့်ပြီးသေတော့ ဘယ်သွားမလဲ၊ (အပါယ်လေးပါးကို ကျမှာပါဆရာ)၊ အေး . . . ငရဲသွားမှာနော် (မှန်ပါတယ်ဆရာ)။ ဒုစ္စရိတဘေးတဲ့၊

http://www.dhammadownload.com



နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဟော . . . နံပါတ် (၄) ရောက်သွားပြီ။ ဒါကြောင့် သေသေချာချာကြည့်၊ ဒုစ္စရိတဘေး၊ မကောင်းသော ဒုစရိုက်တရားတွေကို ကျင့်ကောင်းတယ် ဟူသော အနေအားဖြင့် ကျင့်ကြံလို့ရှိရင် သေသည်၏အခြားမဲ့၌ အပါယ်လေးပါးသို့ မုချလားရ၏၊ နံပါတ် (၄) ဘေးနော် (မှန်ပါတယ်ဆရာ)၊ အဲဒီတော့ ဘယ့်နှယ့်ဖြစ်သလဲဆိုရင် ဘေးလေးပါးကို ပြန်ကြည့်စမ်း။ ပထမ ဝိနိပါတဘေး - ဂတိမမြဲသောဘေး၊ သေသည်၏အခြားမဲ့၌ ဂတိငါးပါးသို့ လားချင်ရာလား၊ ကျချင်ရာကျ ရောက်ချင်ရာရောက်နော် (မှန်ပါတယ်ဆရာ)။

နံပါတ် (၂) နာနာသတ္တုပ္လောကနဘေး - ဘုရားမှားသောဘေးတဲ့၊ ဘုရားမှတ်လို့ ကိုးကွယ်နေတာတဲ့၊ ဘုရားအစစ်အမှန်မှတ်လို့ ကိုးကွယ်နေတာ၊ ဘုရားက မဟုတ်ဘူးတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ နံပါတ် (၃) ဒုစ္စရိတဘေး၊ ဘုရားမှားတော့ တရားလည်းမှားရောပေါ့တဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဘုရားမှားရင် တရားလည်းမှားပေါ့၊ တရားမှားရင် အကျင့်မှန်ပါဦးမလား (မမှန်နိုင်တော့ပါဘူးဆရာ)၊ ဒါကြောင့် (၃)နံပါတ် ဆိုတဲ့ ဒုစ္စရိတဘေးနဲ့ လာတွေ့ရတာ၊ အကျင့်မှားလို့ရှိရင်တဲ့ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး လားမယ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အကျင့်မှားရင် ဘယ်သွားမယ် (အပါယ်လေးပါးလားမှာပါဆရာ)၊ ဟော . . . အပါယ်လေးပါးလားမယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီဘေးလေးပါးကို သေသေချာချာ ကြည့်စမ်း၊ ကွင်းဆက်ကလေးတွေ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ တစ်ခုနဲ့တစ်ခု ကျေးဇူးပြုထားကြတယ်၊ အညမည တစ်ခုနဲ့တစ်ခု ကျေးဇူးပြုထားပြီး ပထမဆုံးက ဝိနိပါတဘေး၊ သေသည်၏အခြားမဲ့၌ ပရမ်းပတာ ကျတတ်သောဘေး၊ ဂတိမမြဲသောဘေး၊ သေသည်၏အခြားမဲ့၌ ပရမ်းပတာ ကျတတ်တယ်၊ ဖြစ်တတ်တယ် ဆိုတော့ သူဖြစ်ချင်ရာဖြစ်တယ်။ နာနာသတ္တုပ္လောကနဘေးနဲ့တွေ့၊ မတွေ့ဘူးလား (တွေ့ပါတယ်ဆရာ)၊ ဘုရားမှားတဲ့ဘေးကြီးနဲ့ တွေ့ပြီ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ကိုင်း . . . နံပါတ် (၂)နဲ့ တိုးနေပြီ၊ နာနာသတ္တုပ္လောကနဘေးလို့၊ ဘုရားမှားတဲ့ဘေးနဲ့ တွေ့နေရင် သူ့တရားမှန်ပါအုံးမလား (မမှန်တော့ပါဘူးဆရာ)၊ သူ့တရားမမှန်ရင် သူ့အကျင့် မှန်ပါအုံးမလား (မမှန်တော့ပါဘူးဆရာ)၊ သူ့အကျင့်မမှန်ဘူးဆိုရင်တဲ့ ဒုစ္စရိတဘေး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

နံပါတ် (၃) ဒုစ္စရိတဘေးနဲ့ တွေ့ပြန်ပြီ၊ ဒုစ္စရိတဘေးနဲ့ တွေ့ရင် သေရင် ဘယ်သွားမတုံး (အပါယ်လေးပါးသွားမယ်ဆရာ)၊ ဟော . . . အပါယ်လေးပါးတန်းလို့နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီဘေးလေးပါးဟာ အချင်းချင်းကျေးဇူးပြုမနေဘူးလား (ပြုနေပါတယ်ဆရာ)၊ ကွင်းဆက်လေးတွေ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ အဲဒါကြောင့် "မူလစစ် အမြစ်မြေက အသီးတစ်ရာ၊

http://www.dhammadownload.com



အညာတစ်ခု"၊ အရေးအကြီးဆုံးက ဒီဝိနိပါတဘေးက လွတ်အောင်ကြိုးစားဖို့ပဲ ဟုတ်ရဲ့လား၊ (မှန်ပါတယ်ဆရာ)၊ အရေးအကြီးဆုံးက ဒီဝိနိပါတဘေးမှ လွတ်အောင် ကြိုးစားဖို့ အရေးကြီးတယ်၊ ဝိနိပါတဘေးက လွတ်ပြီဆိုမှဖြင့် ဘုရားမှားသောဘေးဆိုတဲ့ နာနာသတ္တဥပ္ပေါကနဘေးကလည်း လွတ်ရမယ်၊ နံပါတ် (၂) နာနာသတ္တဥပ္ပေါကန-ဘုရားမှားသောဘေးနဲ့ လွတ်ပြီဆိုမှဖြင့် နံပါတ် (၃) ဒုစ္စရိတဘေးကလည်း လွတ်ရမယ်၊ ဒုစ္စရိတဘေးနဲ့လွတ်လို့ အကျင့်မှန်သွားပြီဆိုမှဖြင့်။ နံပါတ် (၄) အပါယဘေးကလည်း လွတ်ရမယ်၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် "အသီးတစ်ရာ အညာတစ်ခု၊ မူလစစ်အမြစ်မြေက"ဆိုတဲ့ အမြစ်ကို ဖြတ်ရမယ်။ အရေးအကြီးဆုံး အဓိကအချက်သည် ဘယ်ဘေးလဲဆိုလို့ရှိရင် နံပါတ် (၁) ဝိနိပါတဘေး အရေးအကြီးဆုံးပါဘဲ၊ မကြီးဘူးလား (ကြီးပါတယ်ဆရာ)။

အေး . . . ဒါကြောင့် နံပါတ် (၁) ဝိနိပါတဘေးကြီးကို ကျော်နိုင်အောင်၊ ဝိနိပါတဘေးက လွတ်သွားအောင်၊ ကျွတ်သွားအောင် ကြိုးစားကြရမယ်လို့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ယခု ပြထားတဲ့ ဘေးကြီးလေးပါးမှာ ဝိနိပါတဘေး၊ နာနာသတ္တဥပ္ပေါကနဘေး၊ ဒုစ္စရိတဘေး၊ အပါယဘေး၊ အဲဒီဘေးကြီးလေးပါးမှာ အရိယာမဖြစ်သမျှ ကာလပတ်လုံး ငါတို့သူငါ လူတကာဆိုတဲ့ ပုထုဇဉ်သတ္တဝါ အရှူးအနှမ်းတွေကို  အထူးအဆန်းမဟုတ်ဘူးတဲ့၊ ဘေးကြီးလေးပါးဝိုင်းနေတယ်တဲ့၊ ဝိုင်းမနေဘူးလား (ဝိုင်းနေပါတယ်ဆရာ)၊ ဘေးကြီးလေးပါးက ရံနေတယ်တဲ့၊ အဲဒါ ကြံဖန်ပြီးတော့ ထွက်ပေါက်က ထွက်ကြစမ်းပါတဲ့၊ ဘေးကြီးလေးပါးက လွတ်အောင် ကျွတ်အောင် လုပ်ရမယ်။ အခုအတိုင်းသာ နေလို့ သေကြမည်ဆိုရင် ဘေးလေးပါးက ကျွတ်စရာ လွတ်စရာ အခွင့်အလမ်းကို မမြင်၊ လွတ်နိုင်ပါ့မလား (မလွတ်နိုင်ပါဘူးဆရာ)၊ ဘယ့်နှယ့်နည်းမှ လွတ်စရာအကြောင်းမရှိဘူး။ အေး ဒါကြောင့် အင်မတန်ကြောက်စရာကောင်းတဲ့ ဘေးကြီးလေးပါး ဝိုင်းရံကာဆီးထားတယ် ဆိုတဲ့ အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားပါစေခြင်းအကျိုးငှာ နံပါတ် တစ်, နှစ်, သုံး, လေး,တွေကို တပ်တပ်ပြီးတော့ ဘေးအသီးသီးကို နှိုင်းယှဉ်ပြခဲ့ပါတယ်။

လေးမျိုးသော ဘေးတွေကလည်း အညမည-အချင်းချင်း ကျေးဇူးပြုနေတယ်၊ ကွင်းဆက်ကလေးတွေ ဆက်နေတယ်၊ ပထမဆုံး နံပါတ် (၁)ဆိုတဲ့ ဘေးတွေ့ပြီဆိုမှ နံပါတ် နှစ်, သုံး, လေး, ဆိုတာဖြစ်တော့မယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါရှောင်ကွင်းလို့ ဘယ်လိုနည်းနဲ့မှ မလွတ်ဘဲနေမယ့်ဘေးတစ်, နှစ်, သုံး, လေးဆိုတဲ့ ဘေးကြီးလေးပါးပါတဲ့၊ အဲဒီဘေးကြီးလေးပါးသည် တကယ်မိမိ ကိုယ်မိမိပြန်ပြီး ဆင်ခြင်ကြည့်လို့၊ အသိဉာဏ်လေးတွေပေါ်လို့၊ တော်တော်ကြောက်စရာ ကောင်းတာပဲလို့သိလို့ရှိရင် အဲဒီဘေးကြီးလေးပါးက ကွင်းလုံးကျွတ်လွတ်သွားအောင် ကြိုးစားကြပါနော် (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ကွင်းလုံးကျွတ်လွတ်သွားအောင် ကြိုးစားတဲ့နေရာမှာ အရိုးကြေကြေ အရေခမ်းခမ်း သက်စွန့် ကြိုးပမ်း နင်းလားငါလား အင်တိုက်အားတိုက် လုပ်ရမယ့်လမ်းလည်း ရှိတယ်။ လွယ်လင့်တကူ သက်တောင့်သက်သာလေးနဲ့ ချမ်းချမ်းသာသာ ကြိုးစားရမယ့်လမ်းလည်း ရှိတယ် မဟုတ်လား (မှန်ပါတယ် ဆရာ)၊ အဲဒါကြောင့် လွယ်လင့်တကူ သက်တောင့်သက်သာ ချမ်းချမ်းသာသာနဲ့ ကြိုးစားပြီး လွတ်ချင်ကြလို့ရှိရင်လည်းပဲ အဲဒီဘေးကြီးလေးပါးက လွတ်ရာလွတ်ကြောင်းတည်းဟူသော တရားက ဘာလဲ မေးရင် ဒီသင်တန်းစဉ်တက်ရင် သိတာပါဘဲနော် (မှန်ပါတယ်ဆရာ)။

အဲဒါသင်တန်းကို ရက်မပျက်ဘဲနဲ့ ဆက်ကာဆက်ကာလိုက်လို့ရှိရင် အခုပြောထားတဲ့ ဘေးကြီးလေးပါးက ကွင်းလုံးကျွတ် မကြာမီပေါ့လေ မကြာပါဘူး။ တစ်လနှစ်လအတွင်းဆိုရင် ဘေးကြီးလေးပါးက ငါတော့ လွတ်ပေါ့၊ တထစ်ချ ယုံကြည်နိုင်တဲ့ စခန်းကို လှမ်းရပါလိမ့် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် နက်ဖြန်ခါလည်း အဖိတ်၊ သန်ဘက်ခါလည်း ဥပုသ်နေ့ဆိုတော့ သင်တန်းက ပိတ်မယ်၊ ဒါကြောင့် ယနေ့ညတော့ ဘေးကြီးလေးပါးက တကယ်လွတ်နိုင်တဲ့ စခန်းကောင်း လမ်းကောင်းဆိုတဲ့ အခန်းကို ဆက်ကြစို့။

❋ ❋ ❋ ❋ ❋ ❋

http://www.dhammadownload.com



## မှာတမ်းတော်

သင်တန်းအသစ်ပြန်ဖွင့်တာ အားလုံး ငါးရက်လာရတယ်၊ သင်တန်းစဉ်အတိုင်း, နံပါတ်စဉ်အတိုင်းက ပထမဦးဆုံးအနေနဲ့ ဘေးကြီးလေးပါးကို အရင်ပြမယ်၊ ဘေးကြီးလေးပါးကို ပြပြီးတဲ့အခါကျတော့ မှာတမ်းတော်၊ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူခါနီး မှာကြားတော်မူတဲ့ စကားတော်ကို မှာတမ်းတော် ခေါ်တယ်။ ဒါကြောင့် ဘေးကြီးလေးပါးကို အရင်ပြပြီးတော့ မှာတမ်းတော်ကို ပြမယ်။ ဒီလို သူ့အစဉ်နဲ့သူ သွားတယ်၊ ဒီတော့ သင်တန်း အခုပြန်အသစ်ဖွင့်တဲ့အချိန်မှာ ဘေးကြီးလေးပါးကို ပြလို့ ငါးရက်လာရပြီ၊ အဲဒီအချိန်ကစပြီးတော့ တို့ကြိုးစားလာခဲ့တာ၊ အခုလေးလကျော်ကျော်ရှိခဲ့ပြီ၊ ဒီတော့ အခု သူ့အစဉ်အတိုင်း ပြကြစို့ဆိုတော့ မှာတမ်းတော်အခန်းရောက်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဘေးကြီးလေးပါးတော့ ပြခဲ့ပြီးပြီ၊ ဒါပေမယ့် အခုမှ ဝင်လာလိုက်ကြတဲ့ လူသစ်များအတွက် ဆိုတော့ ဘေးကြီးလေးပါးက မနာရဘူးပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ မနာရသေးလို့ ရှိရင်လည်းပဲ နာပြီးတဲ့ သင်တန်းသားအဟောင်းများထံမှာ တစ်ဆင့်နာယူကြပေါ့။

ဘေးကြီးလေးပါးဆိုတာ ဘာခေါ်လဲလို့၊ ဒီဘေးကြီးလေးပါးကိုစပြီး ပြတာလည်း တခြားမဟုတ်ပါဘူး၊ သူသူငါငါ အားလုံးသော တို့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေ မြတ်စွာဘုရားကိုယ်တော်မြတ်သာသနာတော်ကြီးနဲ့ ပက်ပင်းမှာ လာတွေ့တဲ့အခါမှာ တို့တစ်တွေသည် ဒီလိုပဲ နေပြီး ဒီလိုပဲ သေကြမလား၊ (သို့မဟုတ်) လက်ရှိအခြေအနေထက် ပိုပိုပြီးတော့ သာသနာနဲ့တွေ့တဲ့ တွေ့ကျိုး, ဆုံကျိုးနပ်တဲ့အနေနဲ့ သေကြမလားလို့၊ ဒါလေးကို နားလည်မှုရှိအောင် ဝေဖန်တတ်အောင်၊ ပြီးတော့ မိမိတို့တစ်တွေ လက်တွေ့အားဖြင့် ကြုံတွေ့နေတဲ့ ဘေးကြီးလေးပါးဆိုတာ ဘာတွေလဲ၊ အခုတော့ ဘေးကင်းသလို ကြွေးကင်းသလို ဆိုပြီးတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့ ကြောင့်ကြမဲ့စွာနဲ့ လူ့လောက လူရယ်လို့ ဖြစ်လာတော့ မိမိတို့ရတဲ့ အခွင့်အရေးမှာ အပြည့်သုံးပြီးတော့ ပျော်သလိုနေကြ၊ ကြောက်ရမှန်းမသိ၊ လန့်ရမှန်းမသိ၊ ရှေ့ရေးလည်း မတွေးတတ်၊ ဒီလိုဖြစ်ပြီးနေကြလို့ သာသနာနဲ့တွေ့တဲ့ ကြုံတဲ့အခါမှာဖြင့် ဒီအသိဉာဏ်လေးတွေ ပေါ်ထွက်လာအောင်၊ ဒီတရားလေး ကြိုးစားချင်အောင်၊ အားထုတ်ချင်အောင်၊ လိုလားချင်အောင်ဆိုတဲ့အနေအားဖြင့် ခြောက်လည်း ခြောက်၊ မြှောက်လည်း မြှောက်ဆိုသလိုပေါ့။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက်အားဖြင့် ဟောကြားတော်မူသော ငါတို့သူငါ လူတကာတွေမှာ ရှောင်ကွင်း၍ မလွတ်နိုင်တဲ့ဘေးကြီးလေးပါး ရှိတယ်၊ ဒီဘေးကြီးလေးပါးကို ချပြတယ်၊ အဲဒီဘေးကြီးလေးပါးကို အသီးအသီးခွဲစိတ်ပြီးတော့ အဓိပ္ပာယတ္ထနဲ့ ရှင်းလင်းအောင်

http://www.dhammadownload.com



ပြလိုက်တော့ လူရည်လည်တွေ ဖြစ်လာတယ်၊ လက်စသတ်တော့ တို့မှာ ဘေးကင်း ကျေးကင်းဆိုတဲ့ အမှုမဲ့ အမှတ်မဲ့ နေလာကြတာ မဟုတ်ပါဘဲ၊ တို့မသိလို့သာ တို့ပတ်ဝန်းကျင်မှာ မလွတ်သာအောင် အမြဲကာဆီးနေတဲ့ ဘေးကြီးလေးပါးရှိပါတယ်၊ ဒီဘေးကြီးလေးပါး မလွတ်သမျှ ကာလပတ်လုံးလည်း တို့သံသရာဝဋ်အတွင်းမှာ လွတ်ကင်းစရာလည်း မရှိဘူး၊ အပါယ်ဘေးကလည်း ပြေးလို့ မလွတ်ပါလားလို့ အင်မတန်ကြောက်ဖွယ်ကောင်းပါလားဆိုပြီးတော့ ဒီဘေးကြီးလေးပါးက ကျွတ်ချင် လွတ်ချင်တဲ့ စိတ်ဓာတ်တွေ ပေါ်ထွက်လာတယ်၊ ဒီဘေးကြီးလေးပါးကို အရင်စပြီးတော့ ပြခဲ့တယ်။ အဲဒါ ခြောက်တယ်လို့ ခေါ်တယ်၊ အမှန်ခြောက်တာက သက်သက် မကြောက်ကြောက်အောင် ကြံဖန်ပြီး ခြောက်တာ မဟုတ်ဘူး၊ ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့အတိုင်းပဲ၊ ဒါကြောင့် ဘေးကြီးလေးပါးသည် အကျဉ်းအားဖြင့် ဝိနိပါတဘေး၊ နာနာသတ္တဥလ္လောကနဘေး၊ ဒုစ္စရိတဘေး၊ အပါယဘေး၊ အဲဒီလေးမျိုးလေးစားရှိတဲ့အနက် နံပါတ် (၁) ဆိုတဲ့ ဝိနိပါတဘေးရဲ့အဓိပ္ပာယ်ကို လည်လည် ပတ်ပတ် သိတဲ့ လူတစ်ယောက်ဟာဖြင့် မုချကိုယ့်မှာ လက်ကိုင်ကောင်းတစ်ခု, အားကိုးတစ်ခု ဆိုတဲ့ တရားမရရင် မဖြစ်ပါဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ်လာတယ်။

အဲဒီအခါကျလာတော့မှ တို့မှာ အားကိုးလောက်တဲ့ တရားတော့ ရှာအုံးမှပဲလို့၊ စိတ်ထဲမှာ ဒီလို စွဲစွဲမြဲမြဲ ယုံကြည်ပြီးတော့ တရားရှာချင်တဲ့စိတ်ဓာတ်တွေ ပေါ်ထွက်လာတယ်၊ ပြီးမှ တရားရှာတယ်၊ တရားရှာတော့ တရားရတယ်၊ တရားရတော့ သူတော်ကောင်းတွေ ဖြစ်တာပဲ၊ ဒါအပါယ်လေးပါးတံခါး ပိတ်တာ၊ အဲသလို ဖြစ်စေချင်တဲ့ ဆန္ဒအနေအားဖြင့် သင်တန်းက ပြတဲ့လမ်းစဉ်ဟာ ရှေးဦးမဆွ ဘေးကြီးလေးပါး အရင်စပြီး ပြတယ်။ ဒါကြောင့် ဘေးကြီးလေးပါးရဲ့အဓိပ္ပာယ်ကို ကျယ်ကျယ်ဝင့်ဝင့်နဲ့ ယခုပြတဲ့အချိန်မှစ၍ လိုက်ကြတဲ့လူသစ်များသည် နားမလည်ခဲ့သော် နာပြီးသားပုဂ္ဂိုလ်များထံမှာ တစ်ဆင့်နာယူကြပါလို့၊ အဲဒီဘေးကြီးလေးပါးကို ပင်တိုင်ထားပြီးတော့ ဒီဘေးကြီးလေးပါးက လွတ်ရာလွတ်ကြောင်း အဓိပ္ပာယ်ကို ဆိုကြပါစို့၊ နံပါတ် (၁) ဆိုတဲ့ ဝိနိပါတဘေးဟာ သေသည်၏အခြားမဲ့မှာ သူသူငါငါ သတ္တဝါမှန်မှန်သမျှ လားချင်ရာလား၊ ကျချင်ရာကျ၊ ရောက်ချင်ရာရောက်၊ ဖြစ်ချင်ရာဖြစ်၊ ဒါကို ဝိနိပါတဘေးလို့ ခေါ်တယ်၊ အဲဒီဘေးက နံပါတ် (၁) အရေးအကြီးဆုံးပဲ၊ သူတစ်ချက် မလွတ်လို့ရှိရင်ဖြင့် နောက်ဘေးသုံးပါးက လွတ်ဖို့ ခက်တယ်၊ သူတစ်ချက်လွတ်သွားရင် နောက်သုံးပါးကလည်း လွတ်တယ်၊ ဒါကြောင့် နံပါတ် (၁)သည် ဝိနိပါတဘေး၊ အဲဒီဝိနိပါတဘေးက ပြေးမလွတ်ပုံလေးတွေလည်း တော်တော်ကြီး စုံစုံလင်လင်ပြောခဲ့ ပြခဲ့ပါပြီ၊ သူသူငါငါ သတ္တဝါများ သေရင် သေသည်၏အခြားမဲ့၌ လားရာဂတိငါးချက် ရှိတယ်၊ နတ်ပြည်လည်း လားတတ်တယ်၊ လူ့ပြည်

http://www.dhammadownload.com



လည်း လားတတ်တယ်၊ တိရစ္ဆာန်ဘဝလည်း ဖြစ်တတ်တယ်၊ ပြိတ္တာဘဝလည်း ဖြစ်တတ်တယ်၊ ငရဲဘဝ လည်း လားတတ်တယ်။ ဒါကို ဂတိငါးပါးလို့ ခေါ်တယ်။

ဒါကြောင့် ဒေဝဂတိ, မနုဿဂတိ, တိရစ္ဆာနဂတိ, ပေတဂတိ, နိရယဂတိ, အဲဒီဂတိငါးမျိုးမှာ ပုထုဇဉ်ဘဝနဲ့ သေကြရင်ဖြင့် သူသွားချင်ရာသွားတယ်၊ သူဖြစ်ချင်ရာဖြစ်တယ်၊ သူကျချင်ရာကျတယ် လို့၊ ဒါပရမ်းပတာကျတတ်တဲ့ဘေးလို့ ဒီလိုခေါ်တယ်၊ အဲဒါ နားလည်ထားကြပါ၊ အခုမှ လိုက်လာ ခဲ့တဲ့ပုဂ္ဂိုလ်များလည်း စဉ်းစားပါ၊ ဟုတ်လား, မဟုတ်လားလို့၊ ဩော် . . . လက်စသတ်တော့ တို့ သေပြီးသည်၏အခြားမဲ့မှာ သွားစရာ၊ လားစရာ ဂတိငါးမျိုးပဲ ရှိပါတယ်။ ဒေဝဂတိ-နတ်လည်း ဖြစ်ချင် ဖြစ်တာပဲ၊ ပေတဂတိ-ပြိတ္တာလည်း ဖြစ်ချင်ဖြစ်သွားမယ်၊ မနုဿဂတိ-လူဖြစ်ရင်လည်း ဖြစ်တာပဲ၊ တိရစ္ဆာနဂတိ-တိရစ္ဆာန်လည်း ဖြစ်ချင်ဖြစ်တာ၊ နိရယဂတိ-ငရဲလည်း လားချင်လားတာပဲ၊ ဟောဒီ ငါးမျိုးမှာ သူဖြစ်ချင်ရာဖြစ်၊ သူကျချင်ရာကျ၊ သူရောက်ချင်ရာရောက်တယ်၊ အဲဒါ ဝိနိပါတဘေး ခေါ်တယ်။ ကိုယ့်ကိုကိုယ် ပြန်ပြီးတော့ မေးခွန်းလည်း ထုတ်ကြည့်၊ စစ်ဆေးလည်း ကြည့်ပေါ့၊ နင် သေရင် ဒီဂတိငါးမျိုးမှာ ဘယ်သွားမှာတုံးလို့ မေးပါ၊ သာသနာနဲ့ တွေ့ကြုံနေကြပြီတဲ့၊ ဒါပေမယ့် နင် သေရင် ဒီဂတိငါးမျိုးက ဘယ်ဂတိသွားမှာတုံး၊ အဲဒီငါးမျိုးထဲမှာ ကောင်းတဲ့ဂတိ၊ မကောင်းသောဂတိလို့ ခွဲလိုက်တော့ သုဂတိ, ဒုဂ္ဂတိ နှစ်မျိုးထွက်လာတယ်၊ သုဂတိဆိုတာ လူဖြစ်မယ်၊ နတ်ဖြစ်မယ်ဆိုတာ သုဂတိလို့ ခေါ်ပါတယ်၊ ကောင်းသော ဂတိလို့ ခေါ်ပါတယ်၊ ပြိတ္တာဖြစ်မယ်၊ တိရစ္ဆာန်ဖြစ်မယ်၊ ငရဲ ဖြစ်မယ်ဆိုတာကို ဒုဂ္ဂတိလို့ ခေါ်ပါတယ်၊ ဩော် . . . ကောင်းသောဂတိ၊ မကောင်းသော ဂတိ နှစ်မျိုး ခွဲတော့ ဒီလိုဖြစ်လာပြန်ပေါ့။ နှစ်မျိုးထွက်လာပြန်တယ်။

အဲဒီလို ကောင်းတဲ့ဂတိ၊ မကောင်းသောဂတိ နှစ်မျိုးရှိတဲ့အနက်က နင်ဘယ်သွားမှာတုံးလို့ ကိုယ့်ကိုကိုယ် ပြန်လည်၍ စစ်တမ်းထုတ်ကြည့်စမ်းပါ၊ သေချာရဲ့လားလို့ မေးကြည့်ပါ၊ တချို့တော့ ကိုယ့်ကိုယ်ကို သိပ်ပြီးတော့ ယုံကြည်နေတယ်၊ ငါသေရင်တော့ အပါယ်လေးပါး မလားဘူး၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးပါး မလားဘူး၊ မုချအားဖြင့် လူကောင်း, နတ် ကောင်းတော့ ဖြစ်မှာပဲလို့ ယုံကြည်နေတယ်၊ ယုံကြည်ထိုက်တဲ့, အားကိုးလောက်တဲ့ တရားများ ရရဲ့ လားလို့ မေးကြည့်ပါ၊ အဲဒါတွေကို ဂတိမြဲတဲ့တရားလို့ ခေါ်တယ်။ ဒီတော့ ဒီတရားလေးပါး ရမှာလား၊ တာဝန်ခံရမှာလား၊ တာဝန်ခံမလားလို့ ကိုယ့်ကိုလည်း ပြန်စဉ်စားကြည့်၊ မေးကြည့်ပါ၊ ဒါကြောင့် အဲဒီ လားရာဂတိငါးပါးမှာ သေသည်၏အခြားမဲ့၌ သူလားချင်ရာလားတယ်၊ သူသွားချင်ရာသွားတယ်၊ သူဖြစ်ချင်ရာဖြစ်တယ်၊ သူရောက်ချင်ရာရောက်တယ်။ အဲဒီဝိနိပါတဘေးကြီးက ပြေးမလွတ်ကြလို့၊ သေတော့ ဘာလုပ်ကြမလဲ၊ ဒီလို ဘယ်သူသေသေ အတူတူပဲ၊ လူမိုက်သေလည်း အတူတူပဲ၊ လူလိမ္မာ

http://www.dhammadownload.com



သေလည်း အတူတူပဲ၊ ပညာရှိသေလည်း အတူတူပဲ၊ ပညာမဲ့သူသေလည်း အတူတူပဲ၊ လူဆင်းရဲသေလည်း အတူတူပဲ၊ လူချမ်းသာသေလည်း အတူတူပဲ၊ ရုပ်ဆိုးတဲ့သူသေလည်း အတူတူပဲ၊ ရုပ်ချောတဲ့သူသေလည်း အတူတူပဲ၊ နာမည်မကြီးတဲ့သူသေလည်း အတူတူပဲ၊ နာမည်ကြီးတဲ့သူ သေလည်း အတူတူပဲ၊ သူခိုးဓားပြသေလည်း အတူတူပဲ၊ ဘိန်းစားသေလည်း အတူတူပဲ၊ လူကုန်သည်သေလည်း အတူတူပဲလို့ မှတ်သားကြပါ။

(၃၁)ဘုံပုထုဇဉ်ဘဝနဲ့သေကြရင် မေးကြည့်ပါ၊ ဒါမျက်မြင်ကိုယ်တွေ့အားဖြင့် တစ်လောကလုံး ရှိသမျှသူတွေ လျှောက်ပြီးကြည့်၊ သေပြီလားဆိုမှဖြင့် ဘာလုပ်နေလဲ။ "ကာလင်္ကတာနံ ပေတာနံ" အတည်မကျ ဘဝတစ်ပါးသို့ ပြောင်းသွားသော ပုဂ္ဂိုလ်တို့အား ရည်စူး၍ လှူဒါန်းတယ် ဆိုတာကို "မတကဘတ္တ" လို့ ခေါ်ပါတယ်၊ ဆွမ်းသွတ်တယ်၊ သပိတ်သွတ်တယ်၊ အဲဒါ ဘာလဲဆိုတော့၊ သြော် သေတဲ့ပုဂ္ဂိုလ်ကိုက အတည်မကျသေးဘူးဆိုတဲ့၊ စာစောကပြောထားတဲ့ ဂတိငါးမျိုး ငါးစားရှိတဲ့အနက် သုဂတိပဲ လားသလားဟဲ့၊ ဒုဂ္ဂတိပဲ လားသလားဟဲ့၊ အတည်တကျ ဘယ်သူမှ မဆုံးဖြတ်နိုင်ဘူး။ ဒီကနေ့က စပြီးတော့ မျှော်မှန်းရော်ရမ်းပြီး "ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ၊ ခြေမမြဲ၊ လက်မြဲပါစေ"ဆိုသည့်အတိုင်း သေသူအတွက် ရည်မှန်းပြီးတော့ ကုသိုလ်ကောင်းမှု လုပ်ရတယ်၊ ဒီပုဂ္ဂိုလ် မသေခင်တုန်းက သူကိုယ်တိုင် ကြိုးစားသွားတာတွေလည်း များပါတယ်၊ တချို့လည်း သေသည်အထိ ကြိုးစားသွားတယ်၊ စိတ်ချရလားဆိုတော့ စိတ်ကလည်း မချရဘူး၊ မချရလို့ ကျန်တဲ့ မိတ်ဆွေသားချင်းများက သူသေတဲ့နောက်မှာ တစ်ခါထပ်ပြီးတော့ သူ့အတွက် ကုသိုလ်ရည်ရွယ်ပြီး လုပ်ရပြန်တယ်လို့၊ လုပ်ပြီးတော့ အမျှအတန်းပေးဝေရတယ်၊ ဘယ်သူရေ ဘယ်ဝါရေ နင့်အတွက် တို့ကုသိုလ်ကောင်းမှုပြုပြီဟဲ့၊ အဲဒီကုသိုလ်ကို အမျှအမျှ ဖြစ်ရာဘဝကနေ သာဓုအနုမောဒနာ ခေါ်ဆိုပါ၊ အဲဒါ ဖြစ်ရာဘဝဆိုတာ ဘယ်သွားမှန်းမသိ၊ အပါယ်လေးပါးပဲ လားနေသလားဟဲ့၊ လူကောင်း, နတ်ကောင်းပဲ ပြန်ဖြစ်သလားလို့ မပြောတတ်ပါဘူး၊ မပြောနိုင်လို့ အတည်မကျ ဖြစ်နေတယ်။

ဒီက နေမှန်းပြီး မျှော်မှန်းရော်ရမ်းပြီးတော့ အမျှအတန်းပေးဝေရတယ်၊ ဒီကပေးဝေတဲ့ အမျှအတန်း ကုသိုလ်ကောင်းမှုကို တိုက်ဆိုင်တဲ့ဘဝမှာ သာဓုအနုမောဒနာခေါ် ဆိုနိုင်တဲ့ ဘဝမျိုးနဲ့ ဖြစ်နေလို့ ရှိရင်လည်းပဲ သေသူက ဟိုကနေပြီးတော့ သာဓုအနုမောဒနာခေါ်ပါတယ်၊ သာဓုအနုမောဒနာ ခေါ် လိုက်တော့ အဲဒီကုသိုလ်အထောက်အပံ့ရပြီးတော့ သူ့ကိုလည်းပဲ နတ်ဖြစ်လို့ရှိရင်လည်း စည်းစိမ်ဥစ္စာ တိုးတက်သွားတယ်၊ နတ်တွေရဲ့ကျက်သရေမင်္ဂလာ တိုးတက်သွားတယ်။ တစ်နည်းအားဖြင့် ကြားလောက်တဲ့ ပြိတ္တာတို့၊ စာစောကပြောတဲ့ အသူရကာယ်တို့၊ နတ်တို့ တစ်ဆင့်စကား တစ်ဆင့် အားဖြင့် ပြောကြားလို့ မိမိတို့ သာဓုအနုမောဒနာခေါ် ဆိုနိုင်တဲ့ ဘဝမျိုးရောက်ရင်လည်းပဲ အဲဒီကုသိုလ်

http://www.dhammadownload.com



အထောက်အပံ့လေးရလို့ ပြုန်းခနဲဆို ကျွတ်သွားနိုင်တယ်၊ အဲဒါကို ကြည့်ပါ၊ ဒီတော့ တို့လူစုတွေ မျက်နှာကြီး, မျက်နှာငယ် ရွေးစရာမလိုပါဘူး၊ လူဆင်းရဲ, လူချမ်းသာ ရွေးစရာမလိုပါဘူး၊ ပညာရှိ, ပညာမဲ့ ရွေးစရာမလိုပါဘူး၊ ဂုဏ်ရှိတဲ့လူ, ဂုဏ်မရှိတဲ့လူ ရွေးစရာမလိုပါဘူး၊ ဘယ်သူသေသေ ပုထုဇဉ် ဘဝနဲ့ သေပြီလားဆိုမှဖြင့် အဲသလို သေသည်၏အခြားမဲ့မှာ သုဂတိလား၊ ဒုဂ္ဂတိလားလို့ တထစ်ချ မပြောနိုင်တဲ့ သေခြင်းမျိုးနဲ့ သေရတာ။ ဒါ ဝိနိပါတဘေးလို့ ခေါ်တယ်၊ အဲဒီဘေးကြီးက တကယ် အေးသွားအောင်၊ တကယ်ကျွတ်သွားအောင်၊ တကယ်လွတ်သွားအောင်၊ တကယ်စိတ်ချရအောင် ဘာလုပ်ကြမလဲလို့ ဒါတာဝန်တစ်ခု။

ဒါဖြင့် လွတ်နည်းမရှိလို့လားဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ် ချီးမြှင့်သွားတာ၊ သတ္တဝါများ အတွက် သနားသဖြင့် ဆုံးမသွားတဲ့ ဒေသနာတွေ အများကြီးပဲ၊ လမ်းစဉ်တွေ အများကြီး၊ ဒါ ငါတို့ ဆီမှာ လူတကာတွေက မသိကြဘူး၊ ဘုရားကိုယ်တော်မြတ်က ပုထုဇဉ်ဘဝ သေရင် ဂတိမမြဲဘူး၊ ဝိနိပါတဘေးကြီးက ပြေးမလွတ်ဘူးဟဲ့၊ လွတ်ချင်ရင် ဒီလိုလုပ်ကြပါလို့ ကိုယ်တော်မြတ်က ထုတ် ဖော်ပြီးတော့ သနားတော်မူသဖြင့် ဟောကြားထားတဲ့ ဒေသနာလမ်းစဉ်ကို ကြည့်ကြပါ။ အဲဒါတွေ သူ့သူငါငါ လူတကာတွေက ရုတ်တရက် နားမလည်ကြဘူး၊ မျက်စိကလေး ကလည်ကလည်နဲ့ သေ ခါနီးကျလေ မျက်ကလူးဆန်ပြာဖြစ်လာလေ၊ မျက်စိကလေး ပေကလပ် ပေကလပ်နဲ့ ဟိုအားကိုးရမလို၊ ဒီအားကိုးရမလိုနဲ့ ကိုယ့်ကိုယ်ကိုလည်းယုံစားစရာမရှိ၊ ကြောက်အားတွေပိုလို့ အဲသလိုပဲ ကြောက် အားတွေ ပိုပြီးတော့ မျက်ကလူးဆန်ပြာဖြစ်ပြီး ကြောက်ကြောက်လန့်လန့်နဲ့ သေလေ ပိုဆိုးလေ၊ ရဲရဲ ဝံ့ဝံ့နဲ့ တည်တည်တံ့တံ့ သေရပြန်တော့ သူလည်း အားကိုးလောက်တဲ့ တရားရှိထားတော့ မတွေ့မဝေ သေတယ်လို့ ခေါ်တယ်၊ ဒါမျိုးကျတော့ မတွေ့မဝေသေတော့ အသေကလည်း ဖြောင့်နေတယ်၊ သူလည်း အားကိုးလောက်တဲ့ လက်ကိုင်ထားနိုင်တဲ့တရားကလည်း ရထားတော့ ဘယ်နှယ့်မှ အပါယ် လေးပါး မလားနိုင်ဘူး၊ ကောင်းရာသုဂတိသာ လားရာရှိတယ်ဆိုတဲ့ လက်ကိုင်ကောင်းတရား တစ်ခု ရှိထားတော့ အားကိုးစရာပါပဲ။

အဲဒီလို အားကိုးလောက်တဲ့တရားတစ်ခုကို တို့လူစုရကြပါစေလို့ စေတနာကောင်းနဲ့ ဒီသင် တန်းကြီးကို ရိုးသားစွာနဲ့ သည်းခံပြီးတော့ ကိုယ်လိုပဲ အောက်မေ့တယ်။ ဒါက ကြွားတာလည်း မဟုတ် ပါဘူး၊ ဒါပေမယ့် ဘာအပိုင်စကားမှလည်း တို့မပြောပါဘူး၊ မိမိကိုယ်တော့ မိမိယုံကြည်ထားတယ်၊ ငါဂတိမြဲတဲ့ အဆင့်အတန်းတော့ ရောက်တယ်၊ ဒုဂ္ဂတိဘဝတော့ မလားနိုင်ဘူး၊ အဲသလိုယုံကြည်ထား သလို လူအများကိုလည်း သနားသဖြင့် ဘုရားသာသနာတော်နဲ့ တွေ့တဲ့ ကြုံတဲ့အခါကြီးမှာ အသေ ဆိုးနဲ့ မသေကြပါစေနဲ့၊ စိတ်ထဲမှာ ဒီစေတနာအရင်းခံထားပြီးတော့ ဒီသင်တန်းကြီးကို စတင်ပျိုး

http://www.dhammadownload.com



ထောင်ပြီးတော့ ဟောပြောပြသလာခြင်း ဖြစ်ပါတယ်။ အဲဒါ ယုံကြည်တဲ့ပုဂ္ဂိုလ်များဆိုလို့ရှိရင် စိတ်ကောင်း စေတနာကောင်း ထားပြီးတော့ သမာဓိရှိရှိနဲ့ နာကြားစေချင်တယ်၊ မယုံကြည်တဲ့အနေအားဖြင့် မနာပါနဲ့၊ နာစရာလည်း မလိုပါဘူး၊ ယုံမှမယုံဘဲ နာရင်လည်း အပိုပဲ၊ ဒါကြောင့် စောစောက ပြောသွားသလိုပဲ တို့ ဝိနိပါတဘေးက သေသည်၏အခြားမဲ့ ဂတိငါးပါးမှာ သုဂတိနဲ့ဒုဂ္ဂတိ နှစ်မျိုးရှိတဲ့အနက် ဒုဂ္ဂတိဘဝ အပါယ်လေးပါး လုံးဝတံခါးပိတ်ပြီး၊ သုဂတိဘဝပဲ လားရာရှိတော့ တယ်ဆိုတဲ့ နည်းကောင်း လမ်းကောင်းကို တကယ်ပေးမယ်လို့ တာဝန်ခံထားရင် တို့က ငြင်းစရာမလိုပါဘူး၊ ဝမ်းပန်းတသာနဲ့ အားရပါးရနဲ့ လိုက်နာဖို့ပဲ ရှိတာပဲ၊ ဒါ စိတ်ကောင်းစေတနာကောင်းတွေ ထားပြီးတော့ တိတိကျကျနဲ့ မိမိရရ နာစေချင်ပါတယ်။

အဲဒါ ဘယ်သူ့ရဲ့ထောက်ပံ့မှု ယူပြီးတော့ ဒီလို နေ့စဉ်နဲ့အမျှ (၁၁)နှစ်လုံးလုံးကြီး အပင်ပန်းခံ ဟောနေရခြင်း မဟုတ်ပါဘူး၊ တံစိုးလက်ဆောင်လည်း မစားပါဘူး၊ ရည်ရွယ်ချက်လည်း မပါဘူး၊ သက်သက်မေတ္တာစာတ် စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်းထားပြီးတော့ ပြတဲ့သင်တန်းပါ၊ အဲဒါ ကိုယ့်ဟာကိုယ်လည်း ဂုဏ်ဖော်တာ မဟုတ်ဘူး၊ ကမောက်ကမစကားပေါက်တွေက အလွန်မှ များလွန်းလို့၊ ဒါကြောင့် ဆရာတော်ဘုရားကြီးကလည်း အမိန့်ရှိပါတယ်၊ ဒီသင်တန်းလူသုံးထောင်ကျော် ဆိုတော့ မင်းတပည့်ချည်းဘဲ မှတ်မနေနဲ့၊ အတိုအရှည်တိုင်းချင်တဲ့ပုဂ္ဂိုလ်တွေလည်း ပါတယ်၊ စမ်းချင်တဲ့ပုဂ္ဂိုလ်များလည်း ပါတယ်၊ အပြစ်ရှာလိုတဲ့ပုဂ္ဂိုလ်များလည်း ပါတယ်၊ မင်းဟောတဲ့တရားတွေ တကယ်ယုံကြည်လေးစားတဲ့အနေအားဖြင့် တကယ်လိုလားလို့ လာတဲ့ပုဂ္ဂိုလ်တွေလည်း ပါတယ်၊ ပရိသတ်သုံးမျိုးသုံးစား ပါတယ်လို့ အမိန့်ရှိတယ်၊ ယုံလည်း ယုံကြည်ပါတယ်၊ ဆရာတော်ဘုရား အမိန့်မရှိခင်ကတည်းက ဒီလိုပဲ စိတ်ထဲ မှတ်ပါတယ်၊ ဒါပေမယ့် အဲဒီလို ကိုယ်မယုံကြည်လည်း မယူနဲ့ပေါ့လို့၊ ကိုယ်ယုံကြည်တော့လည်း ယူစတမ်းပေါ့လို့၊ သူတော်ကောင်းတရား ဟောနေတဲ့ဥစ္စာပဲ၊ ဒါဘာမှ အတိုအရှည် တိုင်းစရာလည်း မလိုပါဘူး၊ အပြစ်ရှာစရာလည်း မလိုဘူး၊ ဟော တို့ကြိုက်ရင် တို့ယူဖို့ပဲ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့နှုတ်တော်က ဟောတဲ့ဒေသနာအစစ်တွေကို မြန်မာလို နားမလည် လည်အောင် သည်းခံပြီးပြနေတဲ့ သူတော်ကောင်းတရားပါလား၊ စိတ်ထဲမှာ ဒီလိုပဲ အောက်မေ့ထား၊ အဲဒါမှလည်း တရားရတတ်ပါတယ်၊ အမှန်စင်စစ် မရိုးသားတဲ့စေတနာနဲ့ လာပြီး နာပြန်ရင် ဒီက ဟောသွားတဲ့သဘောအဓိပ္ပာယ်ကို ဘေးထားလို့ အပြစ်ဘယ်လိုရှာရပ့ါမတုံး၊ ဘယ်နေရာ အပြစ်တွေ့ပါ့မတုံး၊ အပြစ်ရှာတဲ့အနေအားဖြင့် ရှာနေတော့ တို့လူတွေ တရားလည်း ဘယ်တော့မှ ရမှာ မဟုတ်ဘူး၊ တရားမရတဲ့အပြင် အကုသိုလ်တွေက အမြဲတစေ ဖိစီးနှိပ်စက်နေတယ်၊ အိမ်မှာ ထိုင်နေရင် အေးကောင်းသား၊ ဒီလာပြီးတော့ အကုသိုလ်တော့မလုပ်ကြနဲ့၊ အင်မတန်ဆိုးတဲ့ အပြစ်မျိုးခေါ်တယ်၊

http://www.dhammadownload.com



ကြောက်စရာလည်း အင်မတန်ကောင်းပါတယ်။ ဒါကြောင့် စေတနာရိုးရိုးသားသား ဖြူစင်စွာနဲ့ ဒီက ဟောပြောသွားတဲ့ သဘောလေးတွေ မမိ,မိအောင်၊ မသိ,သိအောင် စောစောက တာဝန်ခံနဲ့ ပေးထားတဲ့ သဘောလေးတွေ သေသေချာချာ မှတ်ထားပါ၊ အပါယ်လေးပါး တံခါးပိတ်တဲ့ အဆင့်အတန်းကို ရောက်အောင် ပို့ပေးမယ်လို့ ဒီက တာဝန်ခံထားတာ၊ ဂတိမြဲတဲ့အတန်းခေါ်တယ်။ အဲဒီအတန်းရောက်အောင်လို့ ပို့ပေးတာ၊ အဲဒီအတန်းကိုရောက်အောင် ပို့ပေးတော့ကာ ကြိုးစားတဲ့ပုဂ္ဂိုလ် ရလိမ့်မယ်။

ဒီက သင်ပေးတဲ့အတိုင်း နားလည်တဲ့ပုဂ္ဂိုလ် ရလိမ့်မယ်၊ ဉာဏ်မီတဲ့ပုဂ္ဂိုလ် ရလိမ့်မယ်၊ ကြိုးလည်း မကြိုးစားဘူး, မှတ်လည်း မမှတ်ဘူး, နာလည်း မနာယူဘူး, အပြစ်ရှာလိုတဲ့ စေတနာဆိုးနဲ့ဆို ဘယ်နည်းနဲ့မှ ရလိမ့်မယ် မဟုတ်ဘူး သေတောင် တာဝန်ခံတယ်၊ ဘယ်တော့မှ မရဘူး၊ အဲဒါ ကိုယ့်ကိုကိုယ် သနားလို့ရှိရင် အပါယ်လေးပါး တံခါးပိတ်တဲ့တန်းများ ရောက်ရင်တော့ တို့လက်ခမောင်းခတ်နိုင်တယ်ဟဲ့၊ အင်မတန်ဝမ်းသာစရာကောင်းတယ်၊ တို့ကိုယ်တို့ မဆုံးဖြတ်နိုင်တဲ့ ဘဝဆိုးကြီး တို့သေရင် အပါယ်လေးပါး လားမှာလား၊ ကောင်းရာသုဂတိ လားမှာလားဆိုတာ တို့လည်း မပြောတတ်ဘူး၊ တို့မိဘတွေလည်း မပြောနိုင်ဘူး၊ ဆွေမျိုးဉာတိလည်း မပြောနိုင်ဘူး၊ ဘယ်သူမှ မပြောနိုင်ဘူး၊ ငါ့ကိုယ် ငါလည်း စိတ်မချရဘူး၊ အဲသလို ဘဝဆိုးကြီးနဲ့ အသေဆိုးတွေ၊ အသေမျိုးတွေ မသေရဘဲနဲ့ ဟာကယ့်ကိုပဲ အပါယ်လေးပါး လုံးလုံးလျားလျား တံခါးပိတ်ပြီး ငါတော့ ကောင်းရာသုဂတိပဲ လားရာရှိတော့တယ် ဆိုတဲ့အဖြစ်မျိုးကို ရောက်အောင် ကယ်တင်ပေးနေတဲ့ သင်တန်းပါလို့။ ဒါကြောင့် စေတနာရိုးလေးတွေနဲ့ စေတနာကောင်း, စိတ်ကောင်းလေးတွေ ထားပြီးတော့ မှတ်မှတ်သားသား နာကြပါ၊ ဒါသင်တန်းဖွင့်တိုင်း ဖွင့်တိုင်း ဒီအတိုင်းပဲ တိုက်တွန်းလာခဲ့တယ်၊ သတိပေးလာခဲ့တယ်၊ အမှားမှား အချော်ချော်တွေ ဖြစ်မှာစိုးလို့ အကျိုးများကို လိုလားပါတယ်၊ အပြစ်တွေရမှာလည်း စိုးပါတယ်။

ဒါကြောင့် အကျိုးလိုလားလို့ရှိရင်လည်း အကျိုးတကယ်ဖြစ်သွားအောင် စိတ်ကောင်းနှလုံးကောင်းထားကြပါလို့၊ ဒါကြောင့် သင်တန်းသည် (၁)အချက် ဘေးကြီးလေးပါး အရင်ပြတယ်၊ ဘေးကြီးလေးပါး အရင်ပြတော့ စောစောက ပြောသလို လူများဟာ ဩော် . . . ဝိနိပါတဘေးကြီးက တကယ်ပြေး မလွတ်, ပြေးလွတ်တဲ့နည်းလမ်း ဘယ်လိုရှိပါလိမ့်၊ တို့များက တာဝန်ခံတယ်၊ အခုပြနေတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ် မှာတမ်းတော်လေး၊ ကိုယ်တော်မြတ်မှာကြားတော်မူတာ ဘာမှာသလဲ ဆိုတော့ ပရိနိဗ္ဗာန်စံခါနီးမှာ မှာကြားတယ်ဆိုတဲ့ စကားဟာ အင်မတန်အရေးကြီးတယ်၊ ဘာကို ထောက်ကြည့်ရမလဲ တို့လူသားများကို ထောက်ပြရမယ်၊ တို့လူသားများလည်း မိအို, ဖအို သေခါနီးပြီဆိုမှဖြင့် သေခါနီးဆဲဆဲ မှာတယ်ဆိုတဲ့ စကားဟာ အရေးကြီးဆုံးစကား မှာတယ်ကိုးကွဲ့နော်၊ (မှန်ပါ

http://www.dhammadownload.com



တယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အေး . . . သေခါနီးဆဲဆဲလေး ပြောတဲ့စကားဟာ အရေးအကြီးဆုံးပဲလို့ တို့လူ့လောက လူတွေ အတွေ့အကြုံတွေ များပါတယ်၊ မသေခင်တုန်းက လျှောက်ပြီး ပြောဆိုနေတဲ့ စကားတွေထက် အခုသေခါနီးဆဲဆဲ မှာကြားသွားတဲ့ စကားဟာ အင်မတန် တန်ဖိုးရှိတယ်နော်၊ အင်မတန်အရေးကြီးတယ်နော်။

သူသူငါငါ သားငယ်, သမီးငယ် မြေးငယ်, မြစ်ငယ်ဆိုတဲ့ လူတစ်စုက တို့အဘိုး, တို့အဘွားတို့ မိဘများ သေခါနီး ပြောသွားတယ်တဲ့၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အခုလည်း အတူတူပါပဲ၊ တို့မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးဟာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်ပြီးတော့ ဘုရားဖြစ်အောင် ကြိုးစားတာဟာ သူ့အတွက်လား၊ သတ္တဝါတွေအတွက်လားဆိုတော့ ဘယ့်နှယ့် ပြောမလဲ၊ (သတ္တဝါတွေအတွက်ပါဆရာ)၊ အေး . . . သတ္တဝါတွေအတွက်၊ သူ့အတွက်ကတော့ သုမေဓာရသေ့ဘဝထဲက နိဗ္ဗာန်ယူမယ်ဆို ရပေ့ါကွာနော် (မှန်ပါတယ်ဆရာ)၊ အေး . . . မယူရှာပါဘူး၊ ရပြီးသား နိဗ္ဗာန်လေးကို စွန့်လွှတ်တော်မူခဲ့တယ်၊ သက်သက်ရပြီးသား နိဗ္ဗာန်လေး ရဲရဲဝံ့ဝံ့ စွန့်လွှတ်တော်မူခဲ့ပြီးတဲ့နောက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တယ်။ အဲဒါ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်ပြီးတော့ ဘုရားဖြစ်အောင် ကြိုးစားလာတယ်၊ ဘုရားဖြစ်အောင် ကြိုးစားတာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်ပြီးတော့ ဘုရားဖြစ်အောင်ကြိုးစားတာ၊ ကိုယ်တော်မြတ်အတွက်လား မဟုတ်ပါဘူး၊ ကိုယ်တော်မြတ်အတွက်ဆိုရင် သုမေဓာရသေ့ဘဝကတည်းက နိဗ္ဗာန်ဝင်တော့မှာပေ့ါ၊ နိဗ္ဗာန်ယူမှာပေ့ါ။ မယူဘူး၊ ဒါဖြင့်လည်း ကိုယ်တော်မြတ်ကြီးဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း နိဗ္ဗာန်ရောက်ပြီးသား၊ ရပြီးသားဆိုတဲ့ နိဗ္ဗာန်ကို ရဲရဲဝံ့ဝံ့ စွန့်လွှတ်တော်မူပြီးတော့ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်ပြီးတော့ ဘုရားဖြစ်အောင် ကြိုးစားလာတာ။ ငါတို့ သူငါတွေအတွက်ပါလားလို့ မထင်ရှားဘူးလား၊ (ထင်ရှားပါတယ်ဆရာ)၊

အေး . . . အဲဒီလောက်ကြီးမားတဲ့ ကရုဏာတော်ဓာတ်၊ ဒါကြောင့် "မဟာ"တပ်ထားတာ၊ မဟာကရုဏာတော်တဲ့၊ သတ္တဝါများအပေါ် ဒီထိအောင် သနားတာ၊ အဲသလိုသနားတော်မူတဲ့ ကိုယ်တော်မြတ်ဟာ ဘုရားအဖြစ်ရောက်လို့ လေးဆယ့်ငါးဝါ ကြာသမျှ ကာလပတ်လုံး သတ္တဝါများကို တတ်နိုင်သမျှ ကြိုးစားပမ်းစားနဲ့ အချိန်မအားအောင် ကယ်တင်ပေးတော်မူတယ်၊ နောက်ဆုံးကျတော့ ပရိနိဗ္ဗာန်စံတော်မူတယ်။ စံခါနီးကျတော့ မှာကြားတော်မူတဲ့ စကားတော်ဆိုတာ အင်မတန်အရေးကြီးပါတယ်၊ အဲဒီမှာကြားတော်မူတဲ့ စကားတော်လေး အရေးကြီးတဲ့အဓိပ္ပာယ်လေး နားလည်စေချင်လို့ ဘေးကြီးလေးပါးပြပြီးရင် ၎င်းမှာတမ်းတော်ကို ဒီကနေ့ ပြရခြင်းဖြစ်ပါတယ်။ ဒါဖြင့် မှာတမ်းတော် ပြတော့ မှာတမ်းတော်ကို တစ်ခါတည်း ပြမှာလားဆိုတော့ မဟုတ်သေးပါဘူး၊ မမှာခင်မှာ မြတ်စွာ

http://www.dhammadownload.com



ဘုရားကိုယ်တော်မြတ်ရဲ့ ပရိနိဗ္ဗာန်စံခန်းဆိုပြီးတော့ တစ်ခါပြတယ်နော် (မှန်ပါတယ်ဆရာ)၊ ပရိနိဗ္ဗာန်စံခန်းကို သူ့အတ္ထုပ္ပတ္တိနဲ့သူ အဆင့်ဆင့်ဆိုသလိုပဲ ပြပြီးမှ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူတဲ့ အခန်းရောက်တော့ အဲဒီပရိနိဗ္ဗာန်စံယူတော်မူခါနီးဆဲဆဲမှာ အားလုံးသောသတ္တဝါများ ရင်ဝယ်သားကဲ့သို့ သနားတော်မူခြင်းကြောင့်၊ မှာကြားတော်မူသော မှာတမ်းတော်စကားကို ပြီးမှထုတ်ဖော်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ မှာတမ်းတော်အဓိပ္ပာယ်ကို တစ်ခါကောက်ချက်ချပြီးတော့ ဝေဖန်ရတယ်၊ ကောက်ချက်ချဝေဖန်လိုက်တော့၊ ဘာတွေသလဲဆိုတော့ မင်းတို့ ငါတို့တွေဟာ ဒီအချိန်ကျမှ မှာတမ်းတော်အဓိပ္ပာယ်ကို ကောက်ချက်ချဝေဖန်တော့မှ ကိုယ်တော်မြတ်ရဲ့ ကျေးဇူးတွေဟာ တို့အပေါ်မှာ ဆပ်လို့မကုန်ပါလားလို့၊ ဒီလိုသိလာတယ်၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

အခုတော့ ဘယ်နှယ့်နေလဲ ဆိုတော့ မိဘုရား, ဖဘုရား, ဆွေဘုရား, မျိုးဘုရားဆိုသလိုပဲ တို့မိဘလက်ထက်က ကိုးကွယ်လို့ ကိုးကွယ်လာတယ် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"၊ တို့ဆွေမျိုးညာတိ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ ရတနာသုံးပါးကို ကိုးကွယ်ရတယ်၊ ဆည်းကပ်ရတယ်၊ အဲဒီမိရိုးဖလာ ဗုဒ္ဓဘာသာလောက်ပဲတဲ့၊ ဒီလိုပဲ လာကြတယ်နော် (မှန်ပါတယ်ဆရာ)၊ ကျေးဇူးမဆပ်သလို ဘုရားကျေးဇူးကိုယ့်အပေါ်မှာ ဘာမှမရှိဘူးလို့ ထင်ကြတယ်၊ ဘုရားဆိုတာ လောကမှာ အမြတ်ဆုံးမို့လို့ တို့ကိုးကွယ်ဆည်းကပ်ရတယ်လို့ ဒါပဲသိတယ်၊ တရားဆိုတာ ဘုရားကဟောတဲ့ တရားမို့လို့ တို့ကိုးကွယ်ဆည်းကပ်ရတယ်၊ သံဃာတော်ဆိုတာ ဘုရားကိုယ်တော်မြတ်က ပေါက်ဖွားလာတဲ့ သားတော်တွေဖြစ်လို့ တို့ကိုးကွယ်ဆည်းကပ်ရတယ်၊ ဂုဏ်ကျေးဇူးကို ဘာမှမသိဘူး၊ ဘုရားရဲ့ကျေးဇူးတွေတို့အပေါ် ဘယ်လောက်ကြီးတယ်၊ ဘယ်လောက်များတယ်၊ နားမလည်ကြဘူး၊ တရားရဲ့ကျေးဇူးတွေ တို့အပေါ် ဘယ်လောက်များတယ် ဆိုတာ နားမလည်ကြဘူး၊ သံဃာတော်များရဲ့ကျေးဇူးက တို့အပေါ် ဘယ်လောက်များတယ် ဆိုတာ နားမလည်ကြဘူး၊ နားမလည်တော့ ဘယ်နှယ့်ဖြစ်လဲဆိုရင် ဝတ်ကျေတန်းကျေလောက်ပဲ စေတနာလေး ထားကြတယ်။ ဘုရား, တရား, သံဃာရတနာမြတ်သုံးပါးအပေါ် မိရိုးဖလာဗုဒ္ဓဘာသာ ခေါ်ကာရုံလေး ရှိကြတယ်၊ ဒီလောက်ပဲ ရှိတော့တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ကျေးဇူးရှိတဲ့ အဓိပ္ပာယ်ကို နားမလည်လို့။

အခု ဒီမှာတမ်းတော်ကို ကောက်ချက်ချပြီး အကျယ်ဝေဖန်လာတော့ ဘာဖြစ်သလဲဆိုရင် အောင်မလေး . . . ဘုရားကျေးဇူးတွေက တို့အပေါ် ဆပ်လို့မကုန်ပါလားဟဲ့၊ တို့ အင်မတန်ယုယမြတ်နိုး ကျွေးမွေးသုတ်သင်လာတယ်ဆိုတဲ့ မိကျေးဇူး, ဖကျေးဇူးနဲ့တောင် မနှိုင်းကောင်းအောင် ဘုရားကိုယ်တော်မြတ်ကျေးဇူးတွေက တို့အပေါ် များပါလားလို့၊ ဒီလိုသိလာတယ်၊ ဟုတ်ရဲ့လား

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ ဒီလိုသိလာတော့ ဘုရားစကား နားမထောင်လို့ ဖြစ်အုံးမှာလား၊ (မဖြစ်တော့ပါဘူးဆရာ)၊ ဘုရားပစ်ပယ်လို့ ဖြစ်အုံးမလား (မဖြစ်ပါဘူးဆရာ)၊ ဘုရားကို စွန့်လွှတ်လို့ကော ဖြစ်မလား (မဖြစ်ပါဘူးဆရာ)၊ အေး . . . လောကကွယ် ငါပြောမယ်၊ ကျေးဇူးရှိတဲ့ လူတစ်ယောက်ရဲ့စကား ကိုယ့်အပေါ်မှာ လိုလေသေးမရှိအောင် ချီးမြှောက်ထောက်ပံ့ထားတဲ့ ကျေးဇူးရှင်တစ်ယောက်ရဲ့ စကားဆို မြေဝယ်မကျ နားထောင်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါတင်လားဆိုတော့ မဟုတ်သေးပါဘူး၊ ကျေးဇူးလည်း ပြန်ပြီးဆပ်ချင်တဲ့ ဆန္ဒရှိတယ်၊ ကျေးဇူးက အလွန်တင်တာကိုး၊ ဒီလိုပါပဲ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ကျေးဇူးတော်တွေ တို့အပေါ် ဘယ်လောက်များနေလဲဟဲ့၊ အင်မတန်ကြီးမားတဲ့ ကျေးဇူးတွေပါလား၊ တို့တော့ အသက်နဲ့အမျှ ပေးဆပ်လို့ ကုန်စရာမရှိပါလား၊ ဟောသလို သိလာတော့ ဘုရားကို ရှေ့အခါထက် ပိုကြည်ညိုလာတယ်၊ မကြည်ညိုဘူးလား (ကြည်ညိုပါတယ်ဆရာ)၊ ပိုပြီးလေးစားတယ်။

ဒါကြောင့် ဘုရားလည်းမစွန့်တော့ဘူးတဲ့၊ အဲဒီအသိဉာဏ်တွေပေါ်တဲ့အချိန်အခါကျတော့ တို့သင်တန်းသားတွေ လာစမ်းပါကွာ၊ ဘယ်ဘာသာက လာလို့ဆွယ်စမ်းပါ၊ ရပြီလား (မရပါဘူးဆရာ)၊ ဟောရုံ, ပြောရုံ, ဆွဲဆောင်ရုံမဆိုထားနဲ့ တံစိုးလက်ဆောင်ပေးတော့ကော ရမလား (မရနိုင်ပါဘူးဆရာ)၊ တံစိုးလက်ဆောင်ပေးပြီး မရနိုင်ပါဘူးလို့ သိပ်ပြောမနေနဲ့၊ နည်းရင်သာမရမှာ၊ များတော့ ပါသွားလိမ့်မယ်လို့ ငါတော့ထင်တယ်၊ တံစိုးလက်ဆောင် မစွန့်နိုင်ဘဲကိုးကွနော်၊ (မှန်ပါတယ်ဆရာ)၊ အေး တစ်ခါလာပြန်ပြီ၊ သူရဲ့အသိဉာဏ်လေးတွေက အပါယ်ဘေးက တကယ်အေးသွားအောင် ဒီအသိဉာဏ်လေးရလို့ တို့မှာ အပါယ်ဘေးက အေးပြီပေါ့၊ ငြိမ်းပြီပေါ့ဆိုတော့ ဒီအသိဉာဏ်ရတာနဲ့ တရားရဲ့ဂုဏ်ကျေးဇူးတွေ မသိလားကွဲ့ (သိရပါတယ်ဆရာ)၊ ဒီတရားသိနေလို့နော်၊ ဒီတရားသာ မသိလို့ရှိရင် တို့မှာ အပါယ်လေးပါး တဖွားဖွားနဲ့ခံရဦးမယ်။ အင်မတန်ကြောက်စရာကောင်းတဲ့ အပါယ်ဝဋ်ဆင်းရဲ၊ အပါယ်ဒုက္ခကြီးခံရဦးမယ်၊ အခုတော့ ဒီဒုက္ခကြီးထဲမှ ငါကွင်းလုံးကျွတ် လွတ်သွားပြီ၊ တရားကြောင့်နော် (မှန်ပါတယ်ဆရာ)၊ ဘုရားကျေးဇူးတွေကို ဆပ်လို့မကုန်နိုင်ဘူးဆိုတာ သိမလာဘူးလား (သိလာပါတယ်ဆရာ)၊ အေး . . . သိလာတယ်နော် (မှန်ပါတယ်ဆရာ)၊ တစ်ခါလာပြန်ပြီ သံဃာ့ကျေးဇူးများကျလည်း ဒီလိုပဲ၊ သံဃာ့ကျေးဇူး ဘယ်လိုတင်ပါ့မည်လဲ၊ တို့သိလာတဲ့တရား အသိဉာဏ်လေးတွေ ဘယ်က ရသလဲ၊ ပရိယတ္တိထဲက ရတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သုတ်, ဝိနည်း, အဘိဓမ္မာ ဆိုတဲ့ ပိဋကတ်သုံးပုံ တည်းဟူသော ပရိယတ္တိထဲက ရတယ်၊ ဘယ်က ရသလဲ (ပိဋကတ်သုံးပုံ တည်းဟူသော ပရိယတ္တိထဲက ရပါတယ်ဆရာ)။

http://www.dhammadownload.com



အဲဒီလို ပိဋကတ်သုံးပုံခေါ်တဲ့ ပရိယတ္တိကို ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက်ပိုင်း နှစ်ပေါင်းနှစ်ထောင့်ငါးရာထိအောင်ပေါ့ကွယ်၊ တစ်လုံးတစ်ပါဒမျှ ချွတ်ယွင်းချက်မရှိအောင်၊ မပျောက်မပျက်အောင်၊ မတိမ်ကောအောင်လို့ "အာစရိယပရမ္ပရ သိဿာနုသိဿ" တစ်လက်မှတစ်လက် ဆက်ဆက်ပြီးတော့ မပျောက်မပျက်အောင် စောင့်ရှောက်လာတဲ့ သံဃာတော်များရဲ့ကျေးဇူးတွေ ပေါ်မလာဘူးလား (ပေါ်လာတယ်ဆရာ)၊ ဟော . . . ပေါ်လာတယ်၊ ဩော် . . . ကိုယ်တော်မြတ်များ အာစရိယပရမ္ပရ-ဆရာအဆက်ဆက်၊ သိဿာနုသိဿ-တပည့်အဆက်ဆက် တစ်လက်မှတစ်လက် ကမ်းလှမ်းပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ တရားဒေသနာတော်ကြီးတွေ မပျောက်မပျက်အောင် ဆောင်ရွက်လာလို့၊ စောင့်ရှောက်လာလို့ ထမ်းဆောင်လာကြလို့ တို့ ဒီအသိဉာဏ်တွေ ရနေတယ်လို့။ ကိုင်း . . . ဒီလိုဆိုတော့ သံဃာတော်များရဲ့ကျေးဇူးက ဆပ်ပေးလို့ ကုန်စရာအကြောင်းရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ အေး . . . အဲဒီအခါကျတော့ သံဃာကို ကြည်ညိုသွားပြန်ရောလို့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုတင်ထားတဲ့ ကျေးဇူးတွေ အသီးသီး ပြတ်ပြတ်သားသားနဲ့ နားလည်လာမှ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ် ရတနာမြတ်သုံးပါးဂုဏ်ကျေးဇူးတွေ အထူးယုံကြည်လာတယ်၊ အထူးသက်ဝင်လာတယ်၊ ယုံကြည်ရုံ, သက်ဝင်ရုံတင်မကဘူး၊ မည်သည့်ဘာသာမျိုးမဆို လာပြီး ဆွဲဆောင်စေကာမူ ဘုရားလည်း မစွန့်၊ တရားလည်း မစွန့်၊ သံဃာလည်း မစွန့်တော့တဲ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါမှ သရဏဂုံမြဲလာတယ်လို့ ခေါ်တယ်။

အဲဒါကြောင့် ဒီအဆင့်အတန်းသည် မျက်ဝါးထင်ထင် မြင်လည်းမြင်ကြအောင်၊ တို့လူစုယဉ်ကျေးမှုလည်း ရလာအောင် ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်တဲ့နေရာမှာလည်းပဲ မိရိုးဖလာဆိုတဲ့ ဗုဒ္ဓဘာသာထက် အဆပေါင်းများစွာ သာချင်တိုင်းသာတယ်ဆိုတဲ့တန်းကို ရောက်ကြအောင်ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် တစ်ဆင့်ပြီးတစ်ဆင့် သူ့ကဏ္ဍနဲ့သူ တို့သင်တန်းစဉ် ဒီအတိုင်းချပြီးတော့ ပြပုံမယ်လို့နော် (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် ဘေးကြီးလေးပါး ပြပြီးသည့်အခြားမဲ့၌ မြတ်စွာဘုရားကိုယ်တော်မြတ်၏ မှာတမ်းတော်ပြရမယ့်ဝတ္တုရားရှိတဲ့အတိုင်း ကနေ့ညမှာ မှာတမ်းတော်မရောက်ခင် မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံခန်းက စကြစို့ကွနော် (မှန်ပါတယ်ဆရာ)၊ အေး . . . ပရိနိဗ္ဗာန်စံခန်းက စပြီးဆိုပြန်တော့လည်းပဲ တို့လိုရာလိုရာ သင့်ရာသင့်ရာပေါ့ကွာ ထည့်သွင်းပြီးပြောရမှာပေါ့ကွနော် (မှန်ပါတယ်ဆရာ)။

မြတ်စွာဘုရားကိုယ်တော်မြတ် အရှင်အာနန္ဒာအမှူးရှိသော နောက်ပါသံဃာနှင့်တကွ ရာဇဂြိုဟ်ပြည်ကနေပြီးတော့ ဝေသာလီပြည်ကြီးကို ကြွရောက်လာတယ်၊ ဝေသာလီပြည်ရောက်တဲ့အခါကျတော့ ဝေသာလီမြို့ထဲ ဆွမ်းခံဝင်လို့ မြတ်စွာဘုရား မြို့တွင်းက ဆွမ်းခံပြန်ထွက်တဲ့အခါ ဆွမ်း

http://www.dhammadownload.com



ဘုဉ်းပေးသုံးဆောင်ပြီးတဲ့အခါမှာ ကြာကလာပ်အမည်ရှိတဲ့စေတီအနီးမှာ ခေတ္တသီတင်းသုံးတယ်၊ ခေတ္တသီတင်းသုံးပြီးတော့ နေတဲ့အခါပေါ့၊ မြတ်စွာဘုရားကိုယ်တော်မြတ်က နိမိတ်ဩဘာမင်္ဂလာစကားပေါ့၊ ချစ်သားအာနန္ဒာကို အရိပ်နိမိတ် မိန့်ကြားတော်မူပါတယ်၊ "ချစ်သား အာနန္ဒာတဲ့၊ ဤဝေသာလီပြည်ကြီးကား အလွန့်အလွန် ပျော်မွေ့ဖွယ်ကောင်းတယ်တဲ့၊ သူ့ရဲ့မိတ်ဆွေမင်းများ စီမံဖန်တီးထားသော နတ်တို့နေရာဖြစ်တဲ့ သရန္ဒဒစေတီ၊ ဥဒေနစေတီ၊ ဂေါတမကစေတီ၊ စာပါလစေတီ၊ သတ္တမ္ဗစေတီ တို့နော် (မဟာဝါ၊၈၆၊နှာ။) (မှန်ပါတယ်ဆရာ)၊ သတ္တမ္ဗနတ်တို့နေရာ သတ္တမ္ဗစေတီပေါ့ အစရှိသည်အားဖြင့် သူ့မိတ်ဆွေမင်းများ စီမံဖန်တီး ပြုပြင်ထားတာဟာ အင်မတန်မွေ့လျော်ဖွယ်ရှိတယ်"လို့ ကိုယ်တော်မြတ်က နိမိတ်စကား ပြောကြားဖို့စခဲ့တယ်။

ဘာနိမိတ်စကားလဲဆိုတော့ ကိုယ်တော်မြတ်ကို မကြာမြင့်မီဘဲ မာရ်နတ်က ဆင်းပြီးတော့ ပရိနိဗ္ဗာန်စံဖို့ တောင်းပန်မှာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ မာရ်နတ်ဆင်းပြီးတော့ ပရိနိဗ္ဗာန်စံဖို့တောင်းပန်မယ့် အဓိပ္ပာယ်ကို မြင်လို့ ကြိုတင်ပြီးတော့ အရှင်အာနန္ဒာကို နိမိတ်ဩဘာစကားဖြင့် ပြောကြားခြင်းဖြစ်ပါတယ်၊ ဘာပြောကြားလဲ ဆိုတော့ "ချစ်သားအာနန္ဒာ ဤဝေသာလီပြည်ကြီးသည် အင်မတန်မှ စည်းကားလှ၏၊ အင်မတန်မှ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိ၏၊ ချစ်သားအာနန္ဒာ ငါဘုရားသာသနာတော်၌ ကိလေသာတွေကုန်ခန်း၍ ရဟန္တာဖြစ်သောပုဂ္ဂိုလ်သည် ဣဒ္ဓိပါဒ်လေးပါး၊ (သုတ်မဟာဝါ၊ ၈၆-နှာ) တရားများကို ပွားများ၍နေခဲ့သော် အာယုကပ်ကာလပတ်လုံး မသေဘဲ နေနိုင်၏၊ ထို့ထက်အလွန်လည်းပဲ နေနိုင်တယ်နော် (မှန်ပါတယ်ဆရာ)၊ ချစ်သားအာနန္ဒာ ငါဘုရားသည်ငင်း ဣဒ္ဓိပါဒ်လေးပါး၊ တရားတော်များကို ပွားများအားထုတ်ပြီး နေခဲ့သော် ပရိနိဗ္ဗာန်မစံဘဲနဲ့ အာယုကပ်ကာလပတ်လုံးလည်း နေနိုင်၏။ ထို့ထက်အလွန် ကမ္ဘာတည်အောင်လည်း နေနိုင်၏။ ချစ်သားအာနန္ဒာကို သုံးကြိမ်သုံးခါ မိန့်ကြားတော်မူတယ်" ထပ်ပြန်တလဲလဲ ဒီစကားကို မိန့်ကြားတော်မူတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို မိန့်ကြားတာ တခြားမဟုတ်ပါဘူး၊ နိမိတ်ဩဘာစကားအဖြစ်ကို ကိုယ်တော်မြတ်က မိန့်ကြားခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ အရှင်အာနန္ဒာက "အရှင်ဘုရား၊ ဒီလိုများ အရှင်ဘုရားသည် ငင်းဣဒ္ဓိပါဒ်တရားလေးပါး တရားများကို ပွားများပြီးတော့ နေလို့ရှိရင် ပရိနိဗ္ဗာန်မစံဘဲ အာယုကပ်ကာလပတ်လုံးလည်း နေနိုင်၏။ ဒါထက် တိုးပြီးတော့ နေချင်တယ်ဆိုလို့ရှိရင် ကမ္ဘာတည်အောင်လည်း နေနိုင်၏"လို့ အရှင်ဘုရားမိန့်ကြားသည်ကို တပည့်တော် ကြားရပါသည်ဘုရား၊ အင်မတန်မှ ဝမ်းသာပါ၏၊ ဒီလိုနေနိုင်ရိုးမှန်းသိလို့ရှိရင် လူနတ်ဗြဟ္မာသတ္တဝါတို့ အကျိုးစီးပွားအလို့ငှာ အရှင်ဘုရားသည် ပွင့်လာသည်ဖြစ်ပါသောကြောင့် အရှင်ဘုရားသည် လူနတ်ဗြဟ္မာသတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ကမ္ဘာတည်အောင် ပရိနိဗ္ဗာန်မစံဘဲနေတော်မူပါဘုရားလို့ တောင်းပန်ခဲ့သော်လို့နော် (မှန်ပါတယ်ဆရာ)၊ ဒါက အရိပ်နိမိတ်ဩဘာစကားပေါ့။

http://www.dhammadownload.com



အရှင်အာနန္ဒာကို ဒီစကားသုံးကြိမ်သုံးခါ မိန့်ကြားတာ၊ လက်အုပ်ချီ ရှိခိုးပြီးတော့ ဆိတ်ဆိတ်သာ နေတော်မူတယ်၊ မာရ်နတ်သား နှောင့်ယှက်ထားသောကြောင့် သတိမေ့နေတယ် (မှန်ပါတယ်ဆရာ)၊ အရှင်အာနန္ဒာက မသိရှာဘူး၊ ကိုယ်တော်မြတ်က သုံးကြိမ်သုံးခါထပ်ပြောတယ်၊ "ငါဘုရားကိုယ်တော်မြတ်သည် ဣဒ္ဓိပါဒ်လေးပါး တရားတော်များကို ပွားများအားထုတ်ပြီးနေခဲ့သော် အာယုကပ်ပတ်လုံး အထိနေနိုင်၏။ (တနည်း) ကမ္ဘာတည်အောင်ထိလည်း နေနိုင်၏"လို့ သုံးခါထပ်ပြောတယ်။ အရှင်အာနန္ဒာက မလျှောက်ဘူး။ မလျှောက်တော့ အဲဒီနေရာက နေပြီးတော့ "ချစ်သားအာနန္ဒာ အရိပ်ကောင်းတဲ့ သစ်ပင်အောက်ပြောင်းကြစို့၊ စမ္ဗဏ်ကို သိမ်းခဲ့ပေတော့၊ ဒီနေရာ ကနေပြီးတော့ အရိပ်ကောင်းတဲ့ သစ်ပင်အောက်ကို တစ်ခါပြောင်း၊ သစ်ပင်အောက်မှာ စမ္ဗဏ်ပါခင်း ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ထက်ဝယ်ဖွဲ့ခွေ စံပယ်၍နေတော်မူ၏။ အရှင်အာနန္ဒာက ဂင်္ဂါမြစ်တွင်းသို့ ဆင်းပြီး ရေရှာတယ်ကိုးကွ၊ ရေခပ်တယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ မာရ်နတ်ကလည်းပဲ အမြဲတစေကြည့်ရှုပြီးနေတယ်တဲ့၊ ဘယ်နေရာ အရှင်အာနန္ဒာ လစ်ပါ့မတုံး၊ ဘယ်နေရာမှာ အခွင့်ရပါ့မတုံး၊ လစ်ရင်လစ်သလိုဝင်ပြီးတော့ ဘုရားကိုယ်တော်မြတ် ကပ်ပြီးတော့ လျှောက်မယ်၊ ပရိနိဗ္ဗာန်ပြုဖို့ တိုက်တွန်းမယ်၊ မာရ်နတ်က အမြဲတစေကြည့်နေတယ်။ အရှင်အာနန္ဒာတော့ ဂင်္ဂါမြစ်ထဲ ဆင်းပြီးတော့ ရေခပ်တဲ့အခိုက်လေးမှာ မာရ်နတ်က အရှင်အာနန္ဒာကတော့ လစ်ပေါ့ဟေ့၊ ငါတော့ ဘုရားအနီး ကပ်ပြီးတော့ အမြန်သွားလျှောက်ထားမှပဲလို့။ မာရ်နတ်က ပြုန်းခနဲ မြတ်စွာဘုရား ကိုယ်တော်ထံ တော်ပါး ချဉ်းကပ်ပြီးတော့ လက်အုပ်ချီမိုး ရှိခိုး လျှောက်သွားတယ်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ပရိနိဗ္ဗာန်စံချိန်တော်ပါပြီ၊ ပရိနိဗ္ဗာန်ပြုတော်မူပါလော့"လျှောက်ထားပြီကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အရှင်ဘုရားသည် ရှေးက တပည့်တော် လျှောက်ဖူးစဉ်အခါတုန်းက အရှင်ဘုရားမိန့်ကြားဖူးပါတယ်တဲ့။ တပည့်တော်က ပရိနိဗ္ဗာန်စံတော်မူပါဘုရားလို့ လျှောက်ထားစဉ်အခါတုန်းက အရှင်ဘုရား ဘယ်လိုမိန့်ကြားသလဲဆိုတော့၊ "ဟဲ့ . . . မာရ်နတ် ငါ့သာသနာတော်ကြီးမှာ ငါ့ရဲ့တပည့်တပန်းဖြစ်တော်မူတဲ့ ရဟန်းသံဃာပရိသတ်လည်းပဲ တရားထူးတရားမြတ် မရကြသေးဘူး၊ လောကုတ္တရာဓမ္မဆိုင်ရာ တရားများလည်း မိမိကိုယ်တိုင်လည်းပဲ ပြည့်စုံအောင် မကျင့်ကြံနိုင်သေးဘူး၊ တစ်ပါးသော ပုဂ္ဂိုလ်, သတ္တဝါများလည်း တစ်နည်းအားဖြင့် မဟောကြားနိုင်သေးဘူး၊ ငါကိုယ်တော်မြတ်ဟောကြားတော်မူတဲ့ သုတ်, ဝိနည်း, အဘိဓမ္မာဆိုတဲ့ ပရိယတ်ဒေသနာတော်ကြီးလည်းပဲ လုံးလုံးမဆောင်နိုင်ကြသေးဘူး၊ ငါ့ကို မှီခိုဆည်းကပ်နေကြတဲ့ ဥပါသကာ, ဥပါသိကာခေါ်ကြတဲ့ ဒါယကာ, ဒါယကာမများသည် မဂ်တရား, ဖိုလ်တရားဆိုတဲ့ တရားတော်များလည်း မရကြသေးဘူး၊ လောကုတ္တရာဓမ္မ ဆိုတဲ့ ကျင့်အပ်တဲ့တရား

http://www.dhammadownload.com



စုတွေလည်း ကိုယ်တိုင်မကျင့်ကြံနိုင်သေးဘူး၊ သူတစ်ပါးကိုလည်း ဟောပြောခြင်း မတတ်စွမ်းနိုင်သေးဘူး။ ဒါကြောင့် ငါဘုရားသည် သတ္တဝါအများရဲ့ အကျိုးစီးပွားအလို့ငှာ လောကမှာ ဘုရားရယ်လို့ ပွင့်တော်မူလာတာပါ။ ဒီလို ငါ့ရည်ရွယ်ချက်အတိုင်း သတ္တဝါများအကျိုးစီးပွား မများခဲ့လို့ရှိရင် ငါ ပရိနိဗ္ဗာန်မပြုနိုင်သေးဘူး”လို့ အရှင်ဘုရား မိန့်ကြားခဲ့ဖူးပါတယ်။

အရှင်ဘုရား မိန့်တော်မူတဲ့စကားတော်အရ အခုအခါဆိုလို့ရှိရင် အရှင်ဘုရားရဲ့တပည့်တပန်းဖြစ်တော်မူတဲ့ သံဃာ့ပရိသတ်ကို ကြည့်ပြန်လည်းပဲ ပရိယတ္တိဓမ္မဆိုတဲ့ သုတ်, ဝိနည်း, အဘိဓမ္မာကို အာဂုံဆောင်နိုင်ပါပြီ။ ပြီးတော့ ဝိမုတ္တိရသဆိုတဲ့ တရားထူး,တရားမြတ်အနေအားဖြင့် ကြည့်ပြန်တော့လည်းပဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာအထိ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ပြည့်စုံပြီးတဲ့ ပုဂ္ဂိုလ်တွေလည်း မရေမတွက်နိုင်အောင် များပြားပါ၏ဘုရား၊ အရိယာအစစ်ကြည့်ပြန်တော့လည်းပဲ ပြည့်စုံပါကုန်၏ဘုရား၊ လောကုတ္တရာဓမ္မဆိုတဲ့ ကျင့်အပ်တဲ့တရားလေးပါးလည်းပဲ မိမိတို့ကိုယ်တိုင် ကျင့်စွမ်းနိုင်တဲ့အပြင် တစ်ဘက်သားကိုလည်းပဲ လည်လည်ပတ်ပတ် ရဲရဲဝံ့ဝံ့နဲ့ ဟောပြောပြသနိုင်ကုန်ပါပြီဘုရား၊ အရှင်ဘုရားရဲ့ သာသနာပြုတာကလည်း စကြဝဠာနဲ့အပြည့် ပျံ့နှံ့ပါပြီဘုရားလို့ မာရ်နတ်သားက လျှောက်ထားတယ်နော် (မှန်ပါတယ်ဆရာ)။

ထိုနောက် မာရ်နတ်ကလျှောက်ထားတော့ ဘုရားကိုယ်တော်မြတ်က ဆင်ခြင်တော်မူပါတယ်။ “ငါ့ရဲ့နောင်တော့်, နောင်တော်ဖြစ်ကြတဲ့ ရှေးရှေးသောဘုရားများသည် ပရိနိဗ္ဗာန်စံတော်မူတဲ့အခါမှာ မိမိတို့ပွင့်တော်မူတဲ့ အသက်တမ်းကို ဘယ်နှစ်ပုံပုံလို့ ဘယ်နှစ်ပုံပြုပြီး ပရိနိဗ္ဗာန်စံတော်မူပါလိမ့်မလဲ”လို့ ဆင်ခြင်တော်မူတဲ့အခါကျတော့ ရှေးရှေးသော ပွင့်တော်မူကြတဲ့ နောင်တော့်, နောင်တော်ဘုရားများ တုန်းက ဗုဒ္ဓဝံသခေါ်တဲ့ ဘုရားထုံးစံကို ကြည့်လိုက်တော့ကာ သက်တမ်းရဲ့ ငါးပုံပုံ လေးပုံသာနေသကိုးနော် (မှန်ပါတယ်ဆရာ)၊ သက်တမ်းရဲ့ ငါးပုံပုံ, လေးပုံသာနေကြ၍ပရိနိဗ္ဗာန်စံကြတယ်၊ အာယုသင်္ခါရကို လွှတ်ကြတယ်။ အခုလည်းပဲ ငါဘုရားကိုယ်တော်မြတ်သည် ဗုဒ္ဓဝံသထုံးကို နှလုံးမူပါသဖြင့် ရှေးရှေးသောဘုရားတို့ရဲ့ ထုံးတမ်းတံထွာ ဓမ္မတာအရ ငါဘုရားပွင့်တော်မူတဲ့သက်တမ်းသည် နှစ်ပေါင်းတစ်ရာပဲရှိတယ်။ သက်တမ်းနှစ်ပေါင်း တစ်ရာဆိုတော့ ငါးပုံမှ လေးပုံပုံရင် ရှစ်ဆယ်နော် (မှန်ပါတယ်ဆရာ)၊ ဩော် . . . ငါ့ အသက်ကြည့်လည်း ရှစ်ဆယ်၊ ရှေးရှေးသောဘုရားများလည်း ငါးပုံပုံ, လေးပုံသာ နေကြတယ်၊ ဗုဒ္ဓဝံသထုံး နှလုံးမူသောအားဖြင့် ငါပရိနိဗ္ဗာန်စံဖို့ အချိန်တန်ပြီတဲ့၊ ငါနှစ်ပေါင်း ရှစ်ဆယ်ပြည့်ပြီလို့. ဒီလို မြင်တော်မူတယ်ကွနော် (မှန်ပါတယ်ဆရာ)။

အဲဒီလို ဆင်ခြင်လိုက်ပြီးမှ ဗုဒ္ဓဝံသထုံးနဲ့ နှလုံးသွင်းတော်မူပြီး အံကိုက်ကျနေတယ်။ ဒီအခါမှာ မာရ်နတ်ကို ပဋိညာဉ်ပေးတယ်၊ ဟယ် . . . မာရ်နတ် သင်ဘာစိုးရိမ်သလဲ၊ သင် ဘာကြောင့်ကြသလဲ

http://www.dhammadownload.com



တဲ့၊ ငါသည် ဤလမှရေတွက်ခဲ့သော် သုံးလပြည့်မြောက်သောအချိန်၌ ပရိနိဗ္ဗာန်စံတော်မူမယ်လို့ ပဋိညာဉ်ပေးသကိုးကွနော် (မှန်ပါတယ်ဆရာ)။ အဲဒီပဋိညာဉ်ရတော့မှ မာရ်နတ်လည်း ဘုရားနားမှ ခွာထွက်ခဲ့တယ်။ ကိုယ်တော်မြတ်လည်း သတိသမ္ပဇဉ်ဆင်ခြင်ပြီးတော့ အာယုသင်္ခါရလွှတ်နေသော အာရုံကိုပြု၍ သမာပတ်ကို ဝင်စားတော်မူပါတယ်။ ဒါကို "အာယုသင်္ခါရသမာပတ်"လို့ ခေါ်ပါတယ်၊ ကိုယ်တော်မြတ်က သမာပတ်ဝင်စားတော်မူတယ်။ အဲဒီအာယုသင်္ခါရလွှတ်နေတဲ့ အာယုနဲ့ယှဉ်တဲ့ သမာပတ်ကိုဝင်စားတော့ ဒီသမာပတ်ရဲ့ တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့် ဘာဖြစ်သလဲ၊ ကောင်းကင်စကြာဝဠာ ကမ္ဘာမြေပြင်ဟာ ကြောက်မက်ဖွယ်ကောင်းသော အသံမြည်ဟည်းပြီးတော့ တုန်လှုပ်တယ်။ တိုတိုပြောတော့ ငလျင်လှုပ်တယ်လို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အုံးအုံး ကြွက်ကြွက်နဲ့ သွက်သွက်ခါလို့၊ အားလုံးသော သတ္တဝါများ ကြောက်ခမန်းလိလိ ကြက်သီးမွေးညင်း ထလို့ မြေကြီးတုန်လှုပ်တဲ့အချိန်မှာ အရှင်အာနန္ဒာက ဘယ်မှာတုံးဆိုတော့ ဂင်္ဂါမြစ်ကမ်းမှာ ရေခပ် တုန်းပဲ ရှိသေးတယ်။

အရှင်အာနန္ဒာက စဉ်းစားတယ် "ရေပြင်ကြည့်ပြန်လည်း လှိုင်းတံပိုး ခုန်ပြီးထလို့၊ မဟာမြေကြီး လည်း အိုးထိန်းစက်လို သွက်သွက်ခါအောင်လှုပ်၍ အင်မတန်ထူးဆန်းတဲ့နိမိတ်ပဲလို့၊ မြေပြင်လှုပ်တဲ့ နိမိတ်သည် အင်မတန်ထူးဆန်းတဲ့နိမိတ်၊ အဲဒီထူးခြားတဲ့ မြေလှုပ်ခြင်းရဲ့ နိမိတ်ကိုမည်သူမျှ ကျကျ နနဖော်ပြီးတော့ ပြောနိုင်မည့်ပုဂ္ဂိုလ်မရှိသေးဘူး။ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ငါလျှောက်ထားမှ ပဲလို့၊ အဲဒါသပိတ်နဲ့ ရေခပ်ပြီးတော့ ပြန်တက်လာတယ်၊ ဘုရားရှေ့မှောက်ရောက်တဲ့အခါ ကျတော့ မြတ်စွာဘုရားကို ရေချမ်းကပ်တော်မူတယ်။ ရေချမ်းကပ်ပြီးတော့ သင့်တော်လျှောက်ပတ်တဲ့အရပ်မှာ လက်အုပ်ချီရှိခိုးပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကို လျှောက်ထားတော်မူတယ်။

## မြေလှုပ်ခြင်းအကြောင်းရှစ်ပါး

(သုတ်မဟာဝါ၊ ၉၀၊ နှာ)

"ဘုရားတပည့်တော် ဂင်္ဂါမြစ်ထဲ ရေဆင်းခပ်တဲ့ အချိန်အခါမှာ ကြောက်ဖွယ်ဘနန်း ဆန်း ကြယ်စွာ ဤမဟာပထဝီမြေကြီး တုန်လှုပ်ပါတယ်ဘုရား၊ ၎င်းမဟာပထဝီ မြေကြီးတုန်လှုပ်တဲ့ အကြောင်းဟာ အဘယ်သို့ပါနည်းဘုရား"လို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကို လျှောက်ထားလို့၊ အဲဒီမှာ မြတ်စွာဘုရားကိုယ်တော်မြတ်က မြေလှုပ်ခြင်းရဲ့အကြောင်းရှစ်ပါးလို့၊ ဒီနေရာမှာ ဟောကြား သွားတယ်။ မှတ်လည်း မှတ်ပေါ့ကွာ။ အဲဒီအကြောင်းရှစ်ပါးက တခြားမဟုတ်ပါဘူး။ တို့အရင်ပြီးခဲ့တဲ့

http://www.dhammadownload.com



သင်တန်းအပတ်တွေတုန်းကလည်းပဲ ကမ္ဘာတည်ပုံပြစဉ်အခါတုန်းက အောက်မဟာပထဝီမြေကြီး၌ အာကာသဟင်းလင်းပြင်ကြီးပေါ်မှာ လေထုကြီးတည်တယ်၊ လေပြင်ကြီးပေါ့ကွာနော် (မှန်ပါတယ် ဆရာ)၊ အဲဒီလေပြင်ကြီး အထက်ကမှ ရေပြင်ကြီးတည်တယ်၊ ရေပြင်ကြီးပေါ့ကွနော် (မှန်ပါတယ် ဆရာ)၊ အဲဒီရေပြင်ကြီး အထက်ကမှ မြေပြင်ကြီးကတည်နေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အထက်ဆုံးကဘာလဲ (မြေပြင်ပါဆရာ)၊ သူ့အောက်ကရော (ရေပြင်ပါဆရာ)၊ သူ့အောက်ကရော (လေပြင်ပါဆရာ)၊ သူ့အောက်ကရော (မရှိတော့ပါဘူးဆရာ)၊ အာကာသဟင်းလင်းပြင်ပေါ့ကွနော် (မှန်ပါတယ်ဆရာ) ပထမမြေပြင်လား (မြေပြင်ပါဆရာ)၊ မြေပြင်က ဘယ်မှာတည်သလဲ (မြေကြီးပေါ်မှာပါဆရာ) ဟောဗျာ ဆန်းလည်းဆန်းပဲ့ကွာ၊ မဟုတ်ဘူး။ အဲဒီမြေပြင်က ဘယ်အပေါ်မှာတည်နေသလဲမေးတာ (ရေပြင်ပေါ်မှာ တည်နေပါတယ်ဆရာ)၊ သြော် . . ရေပြင်ပေါ်မှာ တည်နေတယ်နော် (မှန်ပါတယ်ဆရာ)၊ ရေပြင်ကြီးက ဘယ်အပေါ်မှာတည်တယ် (ကောင်းကင်ပေါ်မှာ တည်ပါတယ် ဆရာ)၊ သြော် . . လေပြင်ပေါ်မှာ တည်တယ်လား (မှန်ပါတယ်ဆရာ)၊ လေပြင်ကြီးက ဘယ်အပေါ်မှာ တည်နေသလဲ (ဟာလာဟင်းလင်းပြင်မှာ တည်ပါတယ်ဆရာ)၊ အေး . . . ဟာလာဟင်းလင်းပြင် မှတ်ထားကြပါ၊ "ဟာလာ၊ ဟင်းလင်းပြင်"လို့ ဒီစကားကြားဖူးတယ်နော်၊ အာကာသကောင်းကင်ပေါ့ (မှန်ပါတယ်ဆရာ)၊ အဲဒီအပေါ်မှာ တည်နေတယ်။

ဒါဖြင့် ကောင်းပြီ၊ အဲဒီမြေလှုပ်တာ၊ အောက်မှာတည်နေတဲ့ လေကမှုတ်လိုက်တော့ လေပေါ် တည်နေတဲ့ရေက မလှုပ်လားကွယ် (လှုပ်ပါတယ်ဆရာ)၊ ရေလှုပ်ရင် မြေမလှုပ်ဘူးလား (လှုပ်ပါတယ် ဆရာ)၊ အေး . . . အဲဒါမှတ်ထား၊ ဒါကြောင့် လေမှုတ်ရင် ရေလှုပ်တယ်၊ ရေလှုပ်တော့ မြေလှုပ် တယ်၊ လျှင်မကြာမကြာ လှုပ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါအကြောင်းတစ်ပါးလို့ မှတ်မိရဲ့ လား (မှတ်မိပါတယ်ဆရာ)၊ မှတ်ထားနော်၊ ပြီးတော့ ငါပြန်မေးလိမ့်မယ်၊ လေမှုတ်တော့ ရေလှုပ်တယ်၊ ရေလှုပ်တော့ မြေလှုပ်တယ်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ အေး နံပါတ် (၁)က သဘာဝကြောင့် လှုပ်တယ်နော် (မှန်ပါတယ်ဆရာ)။ နံပါတ် (၂) ဈာန်အဘိညာဉ်နဲ့ပြည့်စုံသော တန်ခိုးဣဒ္ဓိပါဒ်ရှိကြတဲ့ ပုဂ္ဂိုလ်များရဲ့ အလိုဆန္ဒအားဖြင့်သော်လည်းကောင်း၊ တန်ခိုးဣဒ္ဓိပါဒ်ကြီးတဲ့ နတ်တို့၏ အလိုဆန္ဒ အားဖြင့်သော်လည်းကောင်း လှုပ်ခြင်း တစ်ပါးတဲ့။ နားလည်လား။ (နားလည်ပါတယ်ဆရာ)၊ ဘယ် နှစ်ပါးရှိပြီလဲ (နှစ်ပါးရှိပါပြီဆရာ)၊ အေး . . . နှစ်ပါးရှိသွားပြီ၊ ဒါလောကနဲ့ ဆက်စပ်တာ ဒါပဲရှိပါတယ် ကွာ၊ ဒီပြင်ကတော့ ကိုယ်တော်မြတ်နဲ့ချည်း ဆက်စပ်ပါတယ်၊ ဘုရားလောင်းနဲ့ ဆက်စပ်တယ်နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဘုရားလောင်းများဟာ တုသိတာနတ်ဘုံမှ လူ့ပြည်မှာလာပြီးတော့ မယ်တော်ဝမ်းမှာ ပဋိသန္ဓေကိန်းအောင်းတဲ့ အခါမှာလှုပ်တယ်၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ပြီးတော့ တစ်ခါလာပြန်ပြီ။ ဘုရားလောင်း သတို့သားဖွားမြင်သောအခါ လှုပ်တယ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘုရားကိုယ်တော်မြတ် တောထွက်တော်မူ၍ ဒုက္ကရစရိယာကျင့်ပြီး ဘုရားတို့ထုံးစံအတိုင်း ဘုရားအဖြစ်သို့ ရောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဘုရားဖြစ်တော်မူသောအခါ သဗ္ဗညုတဉာဏ်တော်ရတဲ့အချိန်အခါမှာ လှုပ်တယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘုရားဖြစ်တော့ ရှေးဦးစွာထုံးစံအတိုင်း ဓမ္မစကြာတရား မဟောဘူးလား (ဟောပါတယ်ဆရာ)၊ ဓမ္မစကြာတရားကို ဟောတော်မူသောအခါ လှုပ်တယ်တဲ့၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ အဲဒီကနေကျော်သွား၊ အခုလိုပဲ ပရိနိဗ္ဗာန်စံခါနီးမှာ အာယုသင်္ခါရလွှတ်တော်မူသောအခါ လှုပ်တယ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပြီးတော့မှ နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူတဲ့အခါမှာ လှုပ်တယ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘယ်နှစ်ခုရှိလဲ (ရှစ်ပါးပါဆရာ)၊ ဟုတ်တကဲ့လား (မှန်ပါတယ်ဆရာ)၊ လက်ချိုးထားလား (ချိုးထားပါတယ်ဆရာ)။

အေး . . . ပြန်ပြောမယ် -

(၁) ဓာတ်သဘာဝဖြင့်လှုပ်ခြင်း၊
(၂) တန်ခိုးဣဒ္ဓိပါဒ်ရှိတဲ့ပုဂ္ဂိုလ်များက လှုပ်ခြင်း၊
(၃) မြတ်စွာဘုရားပဋိသန္ဓေတည်၍တုန်လှုပ်ခြင်း၊
(၄) မယ်တော်ဝမ်းမှ ဖွားမြင်သောအခါ တုန်လှုပ်ခြင်း၊
(၅) သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသောအခါ တုန်လှုပ်ခြင်း၊
(၆) ဓမ္မစကြာတရား ဟောတော်မူသောအခါ တုန်လှုပ်ခြင်း၊
(၇) အာယုသင်္ခါရလွှတ်သောအခါ တုန်လှုပ်ခြင်း၊
(၈) ပရိနိဗ္ဗာန်စံတော်မူသောအခါ တုန်လှုပ်ခြင်းလို့ ရှစ်မျိုးရှိပါတယ်။

(သုတ်မဟာဝါ၊ ၉၀-၁၊ နှာ)

အဲဒါတွေက မြေလှုပ်ခြင်းအကြောင်းတွေပါ။ မြေလှုပ်ခြင်းအကြောင်းတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ခုခေတ်တစ်လောကမှ စစ်ကိုင်းတို့၊ မန္တလေးတို့မှာ သွက်သွက်ခါအောင် လှုပ်တာတွေကျတော့ ဘာခေါ်မလဲ (မသိပါဘူးဆရာ)၊ ဩော် . . . လောကနဲ့စပ်တဲ့အကြောင်းက နှစ်ခုရှိပါတယ်လို့ ဆိုနေတာ၊ ဒီပြင်ဘုရားရှိသေးသလား (မရှိပါဘူးဆရာ)၊ အလောင်းတော်မြတ်ရှိသေးလား (မရှိပါဘူးဆရာ)၊ မရှိရင် ဟိုအကြောင်းနှစ်ခုက လုံးလုံးလွတ်မနေဘူးလား (လွတ်နေပါတယ်ဆရာ)၊ အေး . . . မြေလှုပ်,

http://www.dhammadownload.com



ရေလှုပ်, လေလှုပ် ဓာတ်သဘာဝကြောင့် လှုပ်ခြင်းတစ်ခုနော် (မှန်ပါတယ်ဆရာ)၊ ဈာန်အဘိညာဉ် တန်ခိုးနဲ့ပြည့်စုံသော ပုဂ္ဂိုလ်တွေရဲ့အလို၊ တန်ခိုးကြွဒ္ဓိပါဒ်ကြီးတဲ့ နတ်များရဲ့အလိုအားဖြင့် လှုပ်ခြင်းနှစ်ခုနော် (မှန်ပါတယ်ဆရာ)၊ အဲဒီနှစ်ခု တစ်ခုခုဖြစ်ရမှာပေါ့ကွနော်၊ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ အေး ဒီနှစ်ခုထဲက နေရမယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလည်းမှတ်ထားပေါ့ကွယ်၊ တို့မြတ်စွာဘုရား ကိုယ်တော်မြတ် ပရိနိဗ္ဗာနသုတ်မှာ ဟောကြားတော်မူတဲ့ မြေလှုပ်ခြင်းရဲ့ အကြောင်းရှစ်ပါးလို့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလှုပ်ခြင်းအကြောင်းရှစ်ပါးကို အရှင်အာနန္ဒာလျှောက်ထားလို့ ဘုရား ကိုယ်တော်မြတ်က ပြန်ပြီးတော့ ဖြေကြားတော်မူတယ်။

ချစ်သားတဲ့ . . . အဲဒီအကြောင်းရှစ်ပါးကြောင့် မြေလှုပ်တယ်တဲ့၊ အခု လှုပ်တာကတော့ တခြားကြောင့် မဟုတ်ဘူးတဲ့၊ ချစ်သားမရှိခိုက်မှာ မာရ်နတ်သည် ငါ့ထံပါးလာပြီးတော့ အရှင်ဘုရား ပရိနိဗ္ဗာန်စံဖို့ အချိန်တန်ပြီလို့ လျှောက်ထားတဲ့အတွက် ငါပရိနိဗ္ဗာန်စံဖို့လို့ တာဝန်ခံပေးလို့ ဤလမှနောက် သုံးလမြောက်တဲ့အချိန်မှာ ငါပရိနိဗ္ဗာန်စံမယ်၊ အသင်မာရ်နတ် စိုးရိမ်ကြောင့်ကြဖွယ်မရှိပါနဲ့။ အဲဒါကြောင့် ငါအာယုသင်္ခါရ သမာပတ်ဝင်စားတော်မူပြီး အာယုသင်္ခါရလွှတ်ခြင်းကြောင့် ဤမြေကြီး လှုပ်ခြင်းဖြစ်သည်။ ကိုယ်တော်မြတ်မိန့်ကြားတယ်။ အရှင်အာနန္ဒာ တော်တော်ကြီးဒုက္ခများရှာပါတယ်နော် (မှန်ပါတယ်ဆရာ)၊ စိတ်ထဲမှာ ယူကြုံးမရ ဖြစ်ရရှာတယ်။ အဲဒီအခါမှာ အရှင်အာနန္ဒာက ပြန်လျှောက်တယ်၊ "အရှင်ဘုရားတဲ့၊ လူနတ်ပြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားများကို ငဲ့ညှာသော အနေအားဖြင့် အရှင်ဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတော်တွေကို အပင်အပန်း အန္တမ်းအနယ်ခံပြီး အထူးသဖြင့် ဆည်းပူးပြီးတော့ ဘုရားမဖြစ်ဖြစ်အောင် ကြိုးစားအားထုတ်ပြီး လာခဲ့ပါလျက် ယခုလိုပဲ အရှင်ဘုရားသည် လျင်မြန်စွာပရိနိဗ္ဗာန်ပြုမယ်ဆိုလို့ရှိရင်ဖြင့် ခက်လှချည်ရဲ့၊ ဒါကြောင့် အရှင်ဘုရားသည် သတ္တဝါများ၏အကျိုးမျှော်ကိုးတဲ့အနေအားဖြင့် အရှင်ဘုရား လျင်မြန်စွာ ပရိနိဗ္ဗာန် မစံဘဲနဲ့ အာယုကပ်ပတ်လုံး တည်နေတော်မူပါဘုရားလို့" လျှောက်ထားတယ်။

လျှောက်ထားတော့ဘုရားက ဘာပြန်ပြောသတုံး ဆိုတော့ "ချစ်သားအာနန္ဒာ၊ သင် အခုမှ လာပြီးတော့ လျှောက်ထားခြင်းသည် သင့်တာဝန်သာဖြစ်တယ်၊ သင့်ချို့ယွင်းချက်သာဖြစ်တယ်၊ စောစောက ငါကိုယ်တော်မြတ်သည် နိမိတ်ဩဘာစကားဖြင့် ပြောကြားလျက်သားနဲ့ သင်သည် ဒီစဉ် အခါတုန်းက ငါဘုရားကိုယ်တော်မြတ်ကို မလျှောက်ထား၊ မတောင်းပန်ဘူး"တဲ့၊ ဒီစဉ်အခါတုန်းက အရှင်ဘုရားသည် သတ္တဝါများ၏ အကျိုးစီးပွားများစိမ့်သောငှာ လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မမူပါနဲ့ ဘုရား၊ အာယုကပ်သက်တမ်းပတ်လုံး တည်နေတော်မူပါဘုရားလို့၊ (သို့မဟုတ်) ကမ္ဘာတိုင်အောင် တည်တော်မူပါဘုရားလို့ လျှောက်ထားမယ်ဆိုလို့ရှိရင် နှစ်ကြိမ်သာ ပယ်တော့မှာပေါ့၊ သုံးကြိမ်ထိ

http://www.dhammadownload.com



ငါဘုရားကိုယ်တော်မြတ် မပယ်တော့ဘူးတဲ့၊ လက်ခံမှာအမှန်ပဲလို့” အခုတော့ အချိန်လွန်ခဲ့ပြီ၊ သင့် တာဝန်သာဖြစ်တယ်၊ သင့်ချို့ယွင်းချက်သာဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အရှင်အာနန္ဒာက အကြိမ် ကြိမ် အထပ်ထပ်လျှောက်တယ်၊ သုံးကြိမ်သုံးခါလျှောက်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်က အခုမှလျှောက်ထားမနေနဲ့ အခါအခွင့်မဟုတ်တဲ့ အကြောင်းကို မိန့်ကြားတော်မူတယ်၊ ပြီးတော့မှ ချစ်သားအာနန္ဒာ ဝေသာလီပြည်ထဲ ဆွမ်းခံကြွကြစို့၊ အရှင်အာနန္ဒာ က ဝေသာလီပြည်ထဲမှာ ဆွမ်းခံဝင်လို့ ဆွမ်းခံက ပြန်ကြွတော်မူတဲ့အခါကျတော့ ဝေသာလီပြည်ကြီး၏ ပြင်ပရောက်တဲ့အခါ အဲဒီမှာ ချစ်သားအာနန္ဒာ ဝေသာလီပြည်ကြီးကို ငါနောက်ဆုံးကြည့်ခြင်းအနေ အားဖြင့် ကြည့်ဦးမယ်လို့ ကိုယ်တော်မြတ်ကိုယ်တော်တိုင်၊ နောက်လှည့်ပြီးတော့ ဝေသာလီပြည်ဘက် ကိုယ်ပါလှည့်ပြီးတော့ သေသေချာချာကြည့်တယ်။ အဲဒါဘုရားတို့မည်သည်မှာ နောက်လှည့်ပြီးတော့ ပြန်မကြည့်ဘူး၊ ငါတို့သူငါ လူတကာတွေကတော့ လာပြီးသားလမ်းကို နောက်ပြန်လှည့်ကြည့်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ လည်ပြန်ကြည့်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘုရားကျတော့ လည်ပြန်လှည့်ကြည့်ရိုးမရှိဘူး။ ဆင်ပြောင်ကြီးကြည့်နည်းဖြင့် ကြည့်တော်မူတယ်တဲ့၊ ဆင်ပြောင်ကြီး များ နောက်ပြန်ကြည့်ရင် ဘယ်နှယ့်ကြည့်သလဲ (လှည့်ကြည့်ပါတယ်ဆရာ)၊ ကိုယ်လုံးလှည့်ကြည့် တယ်လား (မှန်ပါတယ်ဆရာ)။ ခေါင်းတော့ လှည့်လို့မရဘူးပေါ့ (မရပါဘူးဆရာ)၊ အေး . . . မရဘူး။

ဆင်ပြောင်ကြီးတို့ ကြည့်နည်းဖြင့် ကြည့်တော်မူတယ်တဲ့။ ကိုယ်တော်မြတ် နောက်ဘက်မျက်နှာ လှည့်ပြီးတော့ ဝေသာလီပြည်ကြီး ပြန်ပြီးတော့ကြည့်တော်မူတယ်။ အဲဒါကြည့်တာလည်း တခြား မဟုတ်ပါဘူး။ နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်တော်မူတယ်တဲ့။ ဝေသာလီပြည်ကြီးဟာ မကြာမြင့်မီဘဲ ပျက်စီးတော့မယ်လို့ ကိုယ်တော်မြတ် မြင်တော်မူတယ်။ အဲဒီလို မြတ်စွာဘုရားကိုယ်တော်မြတ် ဝေသာလီပြည်ကို ကြည့်ရှုတော်မူတဲ့အခါမှာ “နာဂါပလောကိတ” (သုတ်မဟာဝါ၊ ၁၀၁-နှာ) ဆင် ပြောင်ကြီးကြည့်နည်းဖြင့် ကြည့်တော်မူတဲ့အရပ်ဒေသကို “နာဂါပလောကိတ”ဆိုပြီးတော့ စေတီ တည်မှာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ စေတီတည်လိမ့်မယ်တဲ့၊ အဲဒီစေတီတည်ပြီးလို့ရှိရင်ဖြင့် ပြည်သူပြည်သား လူအများဟာ အမြဲတစေ အကျိုးတွေ ပွားများနေလိမ့်မယ်လို့ ကိုယ်တော်မြတ် မျှော်ကိုးတဲ့အနေအားဖြင့်၊ ဒီနေရာကနေ ရပ်တန့်ပြီးတော့ မျှော်မှန်းပြီး ကြည့်တော်မူတယ်၊ အဲဒီလို ကြည့်တော်မူတာနဲ့ “နာဂါပလောကိတ” ဆိုပြီးတော့ စေတီတည်လို့ လူအများလည်း ဒီစေတီကို အမြဲတစေ ကိုးကွယ်ဆည်းကပ်လို့ အကျိုးများပြီး နေကြမယ်။ အဲဒါပြီးတော့မှ ကိုယ်တော်မြတ် ပြန်လာပြီး ဆွမ်းဘုဉ်းပေးလို့ သပ္ပာယဖြစ်စေတယ်။ သီတင်းသုံးတော်မူပြီးတဲ့နောက် အရှင်အာနန္ဒာကို ခေါ်တယ်၊ “ချစ်သားအာနန္ဒာ ဝေသာလီပြည်မှာရှိတဲ့ သံဃာတော်တွေ စည်းလုံးကြ၊ စုဝေးကြပါ”

http://www.dhammadownload.com



ကိုယ်တော်မြတ် မိန့်ကြားတော်မူလို့၊ အရှင်အာနန္ဒာ ကိုယ်တော်မြတ်လည်း အဲဒီမှာ ဝေသာလီတစ်ပြည်မှာရှိတဲ့ သံဃာတွေအကုန်လုံး စုရုံးတယ်၊ သံဃာတော်များ ညီညီညာညာ စုရုံးရောက်လာတဲ့အခါ မြတ်စွာဘုရားကိုယ်တော်မြတ်အတွက် နေရာထိုင်ခင်း ခင်းပြီးတော့ ကိုယ်တော်မြတ်ကလည်းပဲ ကြွလာပြီး နေရာထိုင်ခင်းမှာ ထိုင်နေတော်မူပြီးတော့ ရဟန်းတော်များကို ဆုံးမစကား မိန့်ကြားတော်မူတယ်။

"ချစ်သားတို့ ငါဘုရားကိုယ်တော်မြတ်သည် ချစ်သားတို့အား သုတ်, ဝိနည်း, အဘိဓမ္မာ ဆိုတဲ့ သုံးဖြာသော ဒေသနာတော်မြတ်တွေကို အထပ်ထပ်ဟောကြားခဲ့ပြီးပြီတဲ့။ ချစ်သားတို့ ငါဘုရားကိုယ်တော်မြတ် ဟောကြားတော်မူအပ်သော သုတ်, ဝိနည်း, အဘိဓမ္မာ ဆိုတဲ့ ဒေသနာတော်မြတ်များ အမြဲတစေ လေ့လာပွားများ အားထုတ်နေကြပါ။ ထို့အပြင် သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, မဂ္ဂင်, ဗောဇ္ဈင်ဆိုတဲ့ တရားများကိုလည်း ငါဘုရားကိုယ်တော်မြတ် အကျယ်နည်း၊ အကျဉ်းနည်းအားဖြင့် အနည်းနည်း အဖုံဖုံ စုံစုံလင်လင် ငါဘုရားကိုယ်တော်မြတ်က ဆုံးမတော်မူခဲ့ပြီတဲ့။ အဲဒီတရားများကိုလည်းပဲ အမြဲတစေ လေ့လာပွားများအားထုတ်ပြီး နေကြပါ။ နောက် သင်္ခါရဓမ္မကိုလည်း ဖြစ်ခြင်း, ပျက်ခြင်းဆိုတဲ့ အနေအားဖြင့် အမြဲတစေ ကျင့်ကြံပွားများ အားထုတ်ပြီး နေကြပါ။ သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, မဂ္ဂင်, ဗောဇ္ဈင်ဆိုတဲ့ တရားများကို အမြဲတစေ ပွားများနေပြီဆိုကာမျှဖြင့် ငါဘုရားသာသနာကြီးလည်းပဲ အဓွန့်ရှည်လျားစွာ တည်မြဲလိမ့်မယ်နော် (မှန်ပါတယ်ဆရာ)။

ကိုယ်တော်မြတ်က ရဟန်းသံဃာတော်များကို ဆုံးမခဲ့တယ်။ ပြီးတော့မှ ချစ်သားတို့ ငါဘုရားသည် ဤလမှသုံးလလွန်မြောက်သောအခါ ငါဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော့မယ်လို့ မိန့်ကြားတော်မူတယ်။ ရဟန်းများလည်း ဒီစကားကို ကြားလေတော့ ပရိဒေဝမီးတောက်လောင်ကြတယ်၊ တချို့ကလည်း ငိုကြတယ်၊ ရှိုက်ကြီးတငင် ပင်ပန်းစွာနဲ့ ပူဆွေးဒုက္ခရောက်ကြတယ်။ အဲဒီလို မိန့်ကြားတော်မူပြီး, ချစ်သားအာနန္ဒာ တို့ ဒီမှာနေလို့ မတော်သေးဘူး၊ ဂင်္ဂါမြစ်နားတစ်လျှောက် ဒေသစာရီ ကြွချီတော်မူမယ်လို့" မိန့်ကြားတော်မူတယ်။ ဒီကနေ ပါဝါပြည်၊ ပါဝါပြည်ကနေ ကုသိနာရုံခရိုင်ကို ညွှန်ကြားပြီးတော့ ဂင်္ဂါမြစ်နားတစ်လျှောက်က ရွာအသီးသီးတွေ၊ တစ်ရွာပြီး တစ်ရွာ ထိုက်သည့်အားလျော်စွာ သီတင်းသုံးတော်မူပြီး ဆုံးမသင့်တဲ့ပုဂ္ဂိုလ်များကို မြတ်စွာဘုရားကိုယ်တော်မြတ်က နောက်ဆုံး ဆုံးမတော်မူခြင်းအနေအားဖြင့် ဆုံးမတော်မူသွားလို့ ပထမဆုံး ဒီကနေ ဘဏ္ဍဂါမရွာကြွတော်မူတယ်။ ဘဏ္ဍဂါမဆိုတာ ရွာကြီးပေ့ါ။ ဘဏ္ဍဂါမရွာကြီးမှာ မြတ်စွာဘုရားကိုယ်တော်မြတ် ထိုက်သည့်အားလျော်စွာ သီတင်းသုံးလို့ အားလုံးသော ရပ်သူရွာသားတွေနဲ့ ဆုံးမစကား နောက်ဆုံး

http://www.dhammadownload.com



အနေအားဖြင့် မိန့်ကြားတော်မူလို့။ ဘဏ္ဍာဂါမရွာကြီး၏ အသီးသီးသော ဒါယကာ, ဒါယိကာမ ပရိတ်သတ်များအား ဆုံးမသင့်သော စကားများ ဟောကြားပြီးသည့်နောက် အမ္ဗဂါမရွာကြီးသို့ တစ်ခါကြွတော်မူတယ်။

အမ္ဗဂါမရွာကြီးရောက်ပြန်တော့လည်း အသီးသီးသော ခိုမှီဆည်းကပ် ပူဇော်အပ်ကြတဲ့ ဒါယကာ ဒါယိကာမ ပရိတ်သတ်များကို ကိုယ်တော်မြတ်သည် နောက်ဆုံးအနေအားဖြင့် တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူလို့၊ ၄င်းအမ္ဗဂါမရွာကြီးကနေပြီးတော့ ဟတ္ထိဂါမရွာကြီးသို့ ကြွတော်မူတယ်။ ဟတ္ထိဂါမရွာကြီးရောက်တော့ ကိုယ်တော်မြတ်အလိုရှိသလောက် သီတင်းသုံးပြီးတော့ အားလုံးသော ဒါယကာ, ဒါယိကာမများအား နောက်ဆုံး ဆုံးမတဲ့အနေအားဖြင့် တရားရေအေး အမြိုက်ဆေး တိုက်ကျွေး ဆုံးမတော်မူလေ၏။ အဲဒီဟတ္ထိဂါမရွာကြီးက နေပြီးတော့၊ နောက်ဆုံး ဘောဂရွာသို့ တစ်ခါရောက်ပြန်တယ်၊ အဲဒီဘောဂရွာမှာလည်းပဲ ရောက်တဲ့အချိန်က စပြီးတော့ ပျော်မွေ့သမျှကာလပတ်လုံး ကိုယ်တော်မြတ်သီတင်းသုံးလို့ တစ်ရွာလုံးရှိသမျှ ရပ်သူရွာသား ဒါယကာ, ဒါယိကာမ အများလည်းပဲ တရားမရသေးတဲ့ ပုဂ္ဂိုလ်လည်းတရားရအောင်၊ မယဉ်ကျေးသေးတဲ့ ပုဂ္ဂိုလ်လည်း ယဉ်ကျေးအောင်၊ မလိမ္မာတဲ့ပုဂ္ဂိုလ်လည်း လိမ္မာလာအောင် ဆိုပြီးတော့ ကိုယ်တော်မြတ်သည် နောက်ဆုံး ချီးမြှင့်တော်မူတဲ့အနေအားဖြင့် တရားရေအေး အမြိုက်ဆေး တိုက်ကျွေး ဆုံးမတော်မူတယ်။ အဲဒီဘောဂရွာကနေပြီတော့ "ချစ်သားအာနန္ဒာ တို့ ဒီမှာနေလို့ မတော်သေးပါဘူး၊ ပါဝါပြည်အရောက် ကြွကြစို့ရဲ့"လို့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီဘောဂရွာကနေပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် နောက်ပါရဟန်းပရိသတ်နဲ့တကွ ပါဝါပြည်သို့ ကြွမြန်းတော်မူပြီ။ အဲဒီပါဝါပြည် ရောက်တဲ့အခါကျတော့ ရှေ့လာမည့် အဓိပ္ပာယ်ကို နက်ဖြန်မှ ဆက်ကြစို့။

မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတဲ့အခန်း၊ အဲဒီအခန်းကိုလည်း သူသူငါငါ ဆိုသလိုပေါ့၊ နာလည်း နာဖူးကြ၊ ကြားလည်း,ကြာဖူးကြ၊ ဖတ်လည်း,ဖတ်ဖူးကြ၊ နာဖူးတယ်၊ ကြားဖူးတယ်၊ ဖတ်ဖူးတယ်ဆိုတဲ့ ပရိနိဗ္ဗာန်စံခန်းကိုပဲ ထပ်ပြီးတော့ တစ်ခါပြတယ်။ ဒီလိုပြနေတော့ ဘာအကျိုးရှိသလဲလို့ မေးစရာရှိတယ်။ မိမိတို့ နာဖူးတယ်၊ ဖတ်ဖူးတယ်၊ ကြားဖူးတယ်ဆိုတဲ့ ပရိနိဗ္ဗာန်စံခန်းသက်သက်အနေအားဖြင့် မိမိတို့ဖတ်ခဲ့ရ၊ နာခဲ့ရတယ်၊ ကြားခဲ့ရတယ်။ အခု နာကြားရမယ့်အခန်းကတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတဲ့အခန်းကို မှီတင်းပြီးပြလာတော့ ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတာကို အကြောင်းပြုပြီး နောက်ဆုံးမှာ ကြားတော်မူတဲ့ မှာတမ်းတော်စကားပဲ၊ ဒါကို အဓိကထားတယ်။ အဲဒီ မှာကြားတော်မူတဲ့ မှာတမ်းတော်စကားကို အဓိကထားပြီး ဝေဖန်ချက်တွေ သူသူငါငါ မျက်ဝါးထင်ထင် မြင်အောင်, နားလည်လာအောင် စိတ်ထဲမှာ မြတ်စွာဘုရားကိုယ်တော်

http://www.dhammadownload.com



မြတ်ရဲ့ ဂုဏ်ကျေးဇူးတွေ အထူးသိလာအောင် မိမိတို့ စိတ်ထဲဝမ်းထဲမှာ လှိုက်လှိုက်လှဲလှဲနဲ့ စေတနာ, သဒ္ဓါတရားတွေ ထက်ထက်သန်သန်ဖြစ်လာအောင် ကိုယ်တော်မြတ် မှာကြားတော်မူတဲ့ စကားကို ကြားရခြင်း၊ ထိုကြားသောစကားအတိုင်း တစ်သဝေမတိမ်း ငါတို့က ကျင့်ကြ၊ ကြံကြစို့ရဲ့ဆိုတဲ့ စေတနာဓာတ်တွေ ပြတ်ပြတ်သားသားကြီး ပေါ်ထွက်လာအောင် ဆိုပြီးတော့ ဒီလိုဝေဖန်ခန်းတွေ ထုတ်ပြီးတော့ နားလည် အောင်ပြောခြင်း၊ ဟောခြင်းပြခြင်းဖြစ်ပါတယ်။ ဒီပရိနိဗ္ဗာန်စံခန်းကိုပဲ ကြားဖူးသားဖြစ်ပေမယ့် အထူးအားဖြင့် ထည့်သွင်းပြီးတော့ ဟောရခြင်းဖြစ်ပါတယ်။

ဒါကြောင်လည်းပဲ သမာဓိကောင်းကောင်းထားပြီးတော့ တို့ နာဖူး, ကြားဖူးတဲ့ ပရိနိဗ္ဗာန်စံခန်းကိုပဲ နည်းနည်းမလေးစားဘဲ မနေပါနဲ့ မှတ်မှတ်သားသားလေးနဲ့ နာကြားကြပါ။ ဒီတော့ နောက်ဆုံး ပရိနိဗ္ဗာန်စံခန်းရောက်တော့ မှာတမ်းတော်ကို အဓိကထား ဝေဖန်ပြီးတော့ ပြပါမယ်။ မနေ့ညက တို့မျှားပြလာတာ မြတ်စွာဘုရားကိုယ်တော်မြတ် ဂင်္ဂါမြစ်အနီးအနားက ရွာအသီးသီးမှာ သီတင်းသုံးပြီးတော့ တစ်ရွာပြီးတစ်ရွာနဲ့ ဘဏ္ဍုဂါမရွာကစပြီးတော့ ကြွလာလို့ ပါဝါပြည်အရောက်ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အဲဒီပါဝါပြည်ရောက်တော့ ကိုယ်တော်မြတ်က ပါဝါပြည်မှာ ရှေးအခါကြွလာစဉ်တုန်းက ရွှေပန်းထိမ်သည်ရဲ့သား "စုန္ဒ"ဆိုတဲ့ ရွှေပန်းထိမ်သည်သားတစ်ယောက်ရှိတယ်။ ဥစ္စာပစ္စည်းလည်း အတော်ကြွယ်ဝချမ်းသာတယ်။ ဒါကြောင့် မြတ်စွာဘုရားက ရှေးအခါကြွလာစဉ်အခါတုန်းက မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ တရားတော်ကို နာရပါသဖြင့် ထိုရွှေပန်းထိမ်သည်သား စုန္ဒကလည်းပဲ သောတာပတ္တိမဂ်ဉာဏ်ရတယ်၊ ဒီစဉ်အခါတုန်းက သူရဲ့သရက်ဥယျာဉ်အတွင်းမှာ ကိုယ်တော်မြတ်အတွက် ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့လို့ ကိုယ်တော်မြတ် ဒီကျောင်းမှာပဲ သီတင်းသုံးခဲ့တယ်။ အခု ပါဝါပြည်ရောက်ပြန်တော့ မြတ်စွာဘုရားကိုယ်တော်မြတ် ရှေးအခါက စုန္ဒဒါယကာ ဆောက်လုပ်လှူဒါန်းထားတဲ့ သရက်ဥယျာဉ်မှာပဲ ကိုယ်တော်မြတ်က ဝင်ပြီးတော့ သီတင်းသုံးတော်မူတယ်။ ဒီလိုသံဃာတော်များနဲ့ ဘုရားကိုယ်တော်မြတ်က သီတင်းသုံးတယ်လို့ စုန္ဒသတို့သားက ကြားပြန်တော့၊ ကြားကြားချင်း သောတာပတ္တိမဂ်ဉာဏ်ရထားတဲ့ စုန္ဒသတို့သားသည် တရားထူးရပြီးသားဖြစ်နေတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ သားတော်အစစ်ကလည်းဖြစ်တယ်။ ကိုယ်တော်မြတ်ကို ကိုးကွယ်နေတာလည်း အတော်ကြာပြီ၊ ကြားသည့်နှင့်တစ်ပြိုင်နက် အပြေးအလွှားဆိုပါတော့ ဘုရားကိုယ်တော်မြတ်ရှိရာ ချဉ်းကပ်လို့ရိုသေစွာ ရှိခိုးပြီးတော့နေပါတယ်။

ကိုယ်တော်မြတ်လည်းပဲ ထိုက်သည့်အားလျော်စွာ တရားတော်များကို ချီးမြှင့်တယ်။ဟောပြောပြသလို့၊ တရားတော်မြတ်များ နာကြားပြီးတဲ့ အဆုံးကျတော့ လက်အုပ်ချီမိုးရှိခိုးပြီး ရိုသေစွာ လျှောက်ထားတယ်၊ အရှင်ဘုရား နံနက်မိုးသောက် အလင်းရောက်တဲ့အခါကျတော့ အရှင်ဘုရားနဲ့

http://www.dhammadownload.com



တကွ နောက်ပါ သံဃာတော်များပါ၊ ဘုရားတပည့်တော်အိမ်မှာ ဆွမ်းကပ်ပါရစေ။ ဆွမ်းအလှူခံတော်မူပါလို့ လျှောက်ထားလို့ မြတ်စွာဘုရားကိုယ်တော်မြတ် ဆိတ်ဆိတ်နေတော်မူလို့ ခွင့်ပြုတော်မူတယ်။ လျှုခွင့်ရလို့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို လက်ျာရစ်ရှိခိုးပူဇော်ပြီးတော့ မိမိအိမ်သို့ ပြန်ပြီး၊ မနက်ဖြန် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်ရအောင် စီမံခန့်ခွဲစရာ ကိစ္စအမှုတွေ ကြိုးစားအားထုတ်ပြီးတော့ အဖော်အပေါင်းနဲ့တကွ လုပ်ကျွေးပြုစု လှူဒါန်းခွင့်ရလို့ စုန္ဒသတို့သားက စဉ်းစားတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်နဲ့ ငါနဲ့မတွေ့ရတာ ကြာပြီ၊ ကိုယ်တော်မြတ်ကြီး ဒီကို မကြွတာလည်း ကြာပြီ၊ ငါလည်း မသွားနိုင်ဘူး၊ ကြုံကြိုက်တဲ့အခါဖြင့် မြတ်သထက်မြတ်ဆိုတဲ့ ဆွမ်းတော့ စီမံပြီး ငါကပ်လှူမှပဲလို့ အကြံဖြစ်တယ်၊ ဒီလိုအကြံဖြစ်သည့်အားလျော်စွာ ဈေးသွားပြီးတော့ မနုလွန်း,မရင့် လွန်းသော ဝက်ပျိုသားဝယ်လို့၊ ကိုယ်တော်မြတ်ကြီးအတွက် သီးသန့်စီစဉ်ပြီးတော့ ဒီဝက်ပျိုသားနဲ့ ဆွမ်းနဲ့ရောနှောတာကို "သားပြွမ်းဆွမ်း"လို့ ခေါ်တယ်။

အခုခေတ်တော့ ဒံပေါက်ခေါ်တာပေါ့၊ ဒါက "သူကရမဒ္ဒဝ - သားပြွမ်းဆွမ်း "လို့ ခေါ်တယ်၊ ဝက်ပျိုသားနဲ့ ဆွမ်းနဲ့ ရောနှော၍ ချက်သော ခေတ်သုံးစကားတော့ ဒံပေါက်ဆွမ်းဖြစ်တယ်။ ကိုယ်တော်မြတ်အတွက် သီးသန့်စီစဉ်ပြီးတော့ချက်တယ်။ ပြုပြင်စီရင်ဖန်တီးလို့ နံနက်မိုးသောက်အလင်းရောက်တဲ့အခါကျတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကိုပင့်လို့ ကိုယ်တော်မြတ်ကလည်း နောက်ပါသံဃာတော်အခြံအရံနဲ့တကွ ကြွလာတော်မူတယ်။ ကိုယ်တော်မြတ်က ခင်းထားသောနေရာမှာ သီတင်းသုံးတော်မူလို့၊ ဘုရားကိုယ်တော်မြတ်နှင့်တကွ သံဃာတော်များအား ဆွမ်းကပ်တဲ့အခါကျတော့ ဘုရားကိုယ်တော်မြတ်အတွက် သီးသန့်စီစဉ်ပြီးတော့ ဝက်ပျိုသားဆွမ်းကို ကပ်လှူတယ်။ ကျန်တဲ့ သံဃာများကျတော့ ရိုးရိုးဆွမ်းကို ဆက်ကပ်လှူဒါန်းခဲ့တယ်။ အဲသလိုကပ်လို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်လည်း အဲဒီဝက်ပျိုသားဆွမ်းကို ဘုဉ်းပေးသုံးဆောင်ပြီးတဲ့အခါ စုန္ဒဒါယကာကိုခေါ်တယ် "ချစ်သားစုန္ဒ၊ ငါဘုရားအတွက်ကပ်တဲ့ ဝက်ပျိုသားဆွမ်း, ဆွမ်းဟင်းများ ရှိသေးလို့ရှိရင်တဲ့ မြေမှာကျင်းတူးပြီးတော့ မြုပ်ပစ်လိုက်ပါ။ အကြောင်းကတော့ တခြားမဟုတ်ဘူးတဲ့၊ ဒီဆွမ်းကို ငါဘုရားမှတစ်ပါး အခြားသောပုဂ္ဂိုလ်များစားခဲ့သော် အစာမကြေနိုင်ဖြစ်ရာ၏။ ဒီဆွမ်းမျိုးကို လူ့လောက, နတ်လောက, လူ့ရွာ, နတ်ရွာ, ဗြဟ္မာ့ရွာတို့၌ ဒီဆွမ်းကိုစားလို့ အစာကြေညက်နိုင်တဲ့ ပုဂ္ဂိုလ်လုံးဝမရှိပါ။ ဘာဖြစ်လို့လဲဆိုတော့ 'စုန္ဒ' ဝက်ပျိုဆွမ်းချက်စဉ်အခါတုန်းက စကြဝဠာအတွင်းမှာရှိတဲ့ နတ်တွေက ရှိသမျှနတ်သြဇာတွေ ဒီဆွမ်းထဲ ထည့်ကြတယ်။ ဒီတော့ နတ်သုဓာ နတ်သြဇာတွေက များချင်တိုင်းများနေတဲ့ဆွမ်းဖြစ်တယ်။ နတ်သုဓာ နတ်သြဇာတွေ များနေတဲ့ဆွမ်းဖြစ်တော့ကာ မြတ်စွာဘုရားကိုယ်တော်မြတ်တစ်ပါးသာလျှင် ဒီဆွမ်းကိုစားလို့ အစာကြေညက်နိုင်တယ်။ လူ့ရွာ, နတ်ရွာမှာ

http://www.dhammadownload.com



ဒီဆွမ်းကို စားနိုင်တဲ့ အစာကြေညက်နိုင်တဲ့ပုဂ္ဂိုလ် လုံးဝမရှိပါ။ ဘာဖြစ်လို့ နတ်သုဓာနတ်သြဇာများလို့ ဟုတ်ပြီးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တို့လူများဟာ နတ်သုဓာ နတ်သြဇာစားရင် သေတတ်တယ်တဲ့။ ဘာဖြစ်လို့လဲ၊ လူမှာရှိတဲ့ အစာအိမ်က အစာသစ်ကို ချက်စေတတ်တဲ့ ပါစကတေဇောဓာတ်မီးက ညံ့တယ်၊ အားဆေးတယ်။ နတ်သုဓာနတ်သြဇာက များတယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ နတ်သြဇာများလာတာတဲ့။ အစာကျတော့ အင်မတန်အစာကြေခဲတယ်။ အဲဒါ လက်တွေ့လေး စဉ်းစားပါ။ မင်းတို့၊ ငါတို့ လူသားများ လည်း တစ်ခါတစ်ရံမှာ ဒီလိုပဲ အလှူအတန်းရှိလို့ ကောင်းနိုးရာရာဆိုပြီးတော့ ထောပတ်ထမင်းတို့၊ ဒံပေါက်ထမင်းတို့၊ အုန်းထမင်းတို့ ကျွေးတဲ့မွေးတဲ့အခါကျတော့ အားရပါးရနဲ့ စားပါလေရော၊ ဒံပေါက် ကြိုက်တဲ့လူကလည်း ဒံပေါက်ထမင်းကျွေးပြီဆိုရင် အားရပါးရစားတယ်။ ထောပတ်ထမင်းကြိုက်တဲ့ လူကလည်း ထောပတ်ထမင်းကျွေးပြီဆို အားရပါးရစားတယ်။ အုန်းထမင်းကြိုက်တဲ့ လူကလည်း အုန်းထမင်းကျွေးပြီဆိုရင် အားရပါးရစားတယ်။ စားဖူးတဲ့ပုဂ္ဂိုလ်တွေ များပါတယ်။ ဒီတော့ မိမိအားရ ပါးရ စားလိုက်တဲ့ ဒံပေါက်တို့၊ ထောပတ်တို့၊ အုန်းထမင်းတို့ဆိုတာက ထမင်းရိုးရိုးထက် သြဇာဓာတ်က များတာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ထမင်းရိုးရိုးထက် သြဇာဓာတ်ကများတော့ကား နှိုင်းနှိုင်းချိန်ချိန် စားတဲ့ပုဂ္ဂိုလ်ကျတော့ တော်သေးရဲ့၊ ရေသောက်စရာအတွက် ချန်ထားပြီးတဲ့ပုဂ္ဂိုလ်ကျတော့ နေရေး ထိုင်ရေးတော်သေးရဲ့ ရေသောက်လိုက်တော့ အခန့်သင့်ကျကရော နည်းနည်း သတိဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ဆင်ဆင်ခြင်ခြင်နဲ့ စားတာပေါ့ကွယ်။

"စတ္တာရော ပဉ္စ အာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ" (ထေရဂါထာ၊ ၃၄၃။မိလိန္ဒပဉှာ၊ ၃၉၂။ အဘိ၊ ဋ္ဌ၊ ၁၊ ၄၃၂၊ နှာ) လို့ ရှင်သာရိပုတ္တရာ ရဟန္တာမြတ် ဟောတော်မူတဲ့အတိုင်း လူများ ထမင်း စားတဲ့အခါ =ကျတော့ အနည်းဆုံး လေးလုတ်စာ, ငါးလုတ်စာ လျှော့ပြီး စားရမယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ နောက်ထပ် ငါစားရင် လေးလုတ်, ငါးလုတ်တော့ ကုန်သေးရဲ့၊ ဒါပေမယ့် မစားနဲ့ ထမင်းလေး လုတ်စာ, ငါးလုတ်စာ လျှော့ပြီးတော့ စားတဲ့၊ လျှော့ပြီးစားခိုင်းတာ ဘာလုပ်ဖို့ စားခိုင်း သလဲ (ရေအတွက် ချန်ထားတာဆရာ)၊ အေး . . . ရေအတွက် ချန်ထားတာ၊ လေးလုတ်စာ ငါးလုတ် စာကို ချန်ထားလိုက်ပြီး ရေဝဝသောက်လိုက်တော့ အခန့်သင့်ကျမသွားဘူးလား၊ (ကျသွားပါ တယ်ဆရာ)၊ ရေနဲ့ ထမင်းနဲ့၊ အရည်နဲ့အဖတ်နဲ့မျှသွားတော့ ပါစကဝမ်းမီးချက်တဲ့နေရာလည်း နူးနူး နပ်နပ်ရှိတယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)။ တချို့က မဟုတ်ဘူး၊ ပါးစပ်ထဲက စားကောင်းပြီဆိုမှဖြင့် တချို့လည်း ဗိုက်ပြည့်အောင် ချလိုက်တောပဲနော် (မှန်ပါတယ်ဆရာ)၊ ထမင်းလည်းဝအောင် စားပြီး

http://www.dhammadownload.com



တော့ ရေလည်း မဆင်မခြင် သောက်လိုက်တော့ အဲဒါ လေချဉ်က တက်၊ အထဲက ထမင်းလုံးတွေ လည်ချောင်းထဲကနေ ပါးစပ်ထဲ ထွက်တတ်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တို့ဘုရားပေးထားတဲ့ နည်းသည် ကျန်းမာရေးအတွက် အင်မတန် မှတ်သားစရာ ကောင်းတယ်။ "စတ္တာရော ပဉ္စ အာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ'လို့ စကားတော်အရ ထမင်းများ စားလို့ရှိရင် လေးလုတ်စာ,ငါးလုတ်စာ လျှော့စား၊ ဘာဖြစ်လို့ဆိုရတာလဲ၊ ရေအတွက်ချန်ထားရတယ်။ ရေသောက်တော့ အခန့်သင့်ကျသွားတယ်၊ လူရဲ့ကျန်းမာရေးအတွက်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ သတိပညာရှိတဲ့ပုဂ္ဂိုလ်ကျတော့ ဆင်ဆင်ခြင်ခြင်စားတော့ ဘေးမဖြစ်ဘူးပေါ့၊ အလျှုအတန်းက ကျွေးလို့ ဒံပေါက်စားဦးတော့ ဆင်ဆင်ခြင်ခြင်နဲ့ စားလိုက်တယ်။ ထောပတ်ထမင်း စားဦးတော့ ဆင်ဆင်ခြင်ခြင်နဲ့ စားလိုက်တယ်။ တချို့ကတော့ ငါစောစောက ပြောသလိုပါးစပ်ထဲ တွေ့, တွေ့သလို ဗိုက်ပြည့်အောင် စားလိုက်တာပဲနော် (မှန်ပါတယ်ဆရာ)။ စားသောက်ပြီးတော့ ရိုးရိုးထမင်းမဟုတ်ဘူး၊ ခုပြောတဲ့ ဒံပေါက်တို့၊ အုန်းထမင်းတို့၊ ထောပတ်တို့ကျတော့ ဩဇာဓာတ်ကများတော့ သူ့ပါစကဝမ်းမီးက အရင်လို မချက်နိုင်ဘဲကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တချို့က ပက်လက်ကိုလန်လို့ 'အင်းအဲ'နဲ့ ဟိုလိုမှိ, ဒီလိုမှိနဲ့အစာက မကြေညက်နိုင်ဘဲကိုကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုဒဏ်တွေလည်း ခံရတတ်တယ်၊ ဒီလိုမှ မဟုတ်ရင်လည်း အစာမကြေမညက်ဘဲနဲ့ ဝမ်းပျက်တတ်တယ်တဲ့။

ဒါကြောင့် မိမိစားသုံးနေတဲ့ ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ အာဟာရများဟာ ဩဇာဓာတ်က များရင်များသလို ပါစကဝမ်းမီးက အားနည်းလို့ မချက်နိုင်ဘူး။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော် မြတ်က ယခု စုန္ဒသတို့သားဆက်ကပ်တဲ့ ဝက်ပျိုးသားဆွမ်းဟာ ရိုးရိုးမဟုတ်ပါဘူးတဲ့။ စကြဝဠာတိုက် တစ်သောင်းကလာတဲ့ နတ်အပေါင်းတွေ စုပြီးတော့အကောင်းဆုံးဆိုတဲ့ နတ်သုဓာ နတ်ဩဇာတွေ ဖြည့်လောင်းထားတဲ့ဆွမ်းကိုကွနော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် လူ့ရွာ, နတ်ရွာမှာ ဒီဆွမ်းကို စားပြီး အစာကြေညက်စေနိုင်တဲ့ သူတစ်ယောက်မှမရှိပါဘူး။ ကိုယ်တော်မြတ်က စားကြွင်းများ စားခဲ့သော် အစာမကြေတဲ့ရောဂါဖြင့် ပျက်စီးရာပျက်စီးကြောင်းဖြစ်မယ်လို့ မြင်တော့ ကိုယ်တော်မြတ်က တားမြစ်တော်မူလို့ စုန္ဒကို ဆွမ်းဟင်းများရှိသေးရင် တွင်းတူးပြီး မြှုပ်လိုက်ပါ၊ ဒီလိုခိုင်းတာကိုကွနော် (မှန်ပါတယ်ဆရာ)၊ စုန္ဒသတို့သားလည်း မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်ကြားတော်မူတဲ့အတိုင်း တွင်းတူးပြီး မြှုပ်လိုက်တယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်လည်းပဲ ဆွမ်းဘုဉ်းပေးပြီးလို့ စုန္ဒ သတို့သားအမျှုရှိသော ပရိသတ်များလည်းပဲ ထိုက်သည့်အားလျော်စွာ ဆွမ်းအနုမောဒနာတရားများ ချီးမြှောက်တော်မူလိုက်တယ်။

http://www.dhammadownload.com



တရားချီးမြှင့်ပြီးတဲ့အခါ မိမိသီတင်းသုံးနေရာဆိုတဲ့ သရက်ဥယျာဉ်ကို ပြန်ပြီးကြွသွားတော်မူတယ်။ သရက်ဥယျာဉ်ရောက်လျှင်ပဲ မြတ်စွာဘုရားကိုယ်တော်မြတ်မှာ မကြာမြင့်မီပင် အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ သွေးဝမ်းသွန်တဲ့ ရောဂါဝေဒနာကြီးတော်တော့ကို ဆိုးဆိုးဝါးဝါးဖြစ်တယ်။ သာမညပုဂ္ဂိုလ်အနေဖြင့် သေစရာအကြောင်းပေါ့ကွာနော် (မှန်ပါတယ်ဆရာ)။ ဒါပေမယ့် ကိုယ်တော်မြတ်ဟာ အထူးသဖြင့်သည်းခံတော်မူတယ်။ ပြီးတော့ ဒီသွေးဝမ်းသွန်တဲ့ ရောဂါဝေဒနာကြီးကို သည်းခံပြီးတော့ အရှင်အာနန္ဒာကို မိန့်ကြားတော်မူတယ်။ "ချစ်သားအာနန္ဒာ၊ ဒီမှာနေလို့ မတော်ကြပေဘူး ကုသိနာရုံပြည်ကြွကြစို့ရဲ့ နေရာထိုင်ခင်းများ အသိမ်းခိုင်းပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်မှာ ပြင်းပြသော ဝေဒနာဒဏ်ချက်ကို သည်းခံတော်မူပြီးတော့ ပါဝါပြည်ကနေ ကုသိနာရုံပြည်သို့ တစ်ခါကြွမြန်းတော်မူတယ်။ ကြွတော်မူပြန်တော့လည်းပဲ တစ်ယူဇနာခရီးလောက်ပဲ ရောက်သေးတယ်။ ကိုယ်တော်မြတ်က နားရပြန်ပြီ ပင်ပန်းလို့။ အထူးသဖြင့် ပင်ပန်းတော်မူတယ်။ ဝေဒနာဖိစီးနှိပ်စက်ပြီး မသက်မသာဖြစ်လို့ ကိုယ်တော်မြတ်က မကြွနိုင်။ အဲဒီနေရာမှာ အရိပ်အာဝါသကောင်းတဲ့ သစ်ပင်တစ်ပင်အောက်မှာ ချစ်သားအာနန္ဒာ နေရာထိုင်ခင်းပြင်ပါ ခိုင်းတော်မူလို့ အရှင်အာနန္ဒာကလည်း အရိပ်အာဝါသကောင်းတဲ့ သစ်ပင်အောက်မှာ သုတ်သင်ရှင်းလင်းပြီးတော့ ပါလာတဲ့ ဒုကုဋ်သင်္ကန်းကြီး လေးခေါက်ထပ်ပြီး ခင်းလို့၊ ကိုယ်တော်မြတ်လည်း လေးခေါက်တိတိခင်းတော်မူအပ်တဲ့ ဒုကုဋ်သင်္ကန်း ပေါ်မှာ ကေသရာဇာခြင်္သေ့မင်းများ လျောင်းစက်သကဲ့သို့ ညာလက်ရုံး, ညာတံတောင်ဖြင့် လျောင်းစက်တော်မူတယ်။

အဲဒီနောက် မြတ်စွာဘုရားကိုယ်တော်မြတ် သွေးဝမ်းသွန်တဲ့ဝေဒနာ ဖိစီးနှိပ်စက်ထားတော့ ခရီးကလည်း ပန်းလာပြန် အင်မတန်ရေဆာလောင်မွတ်သိပ်လို့ ရှင်အာနန္ဒာကို ရေခပ်ခိုင်းတော်မူတယ်။ "ချစ်သား အာနန္ဒာ၊ ရေရှာကွယ်၊ ငါကိုယ်တော်မြတ် ရေသောက်တော်မူလိုတယ်, သုံးဆောင်တော်မူလိုတယ်" ရှင်အာနန္ဒာလည်း သပိတ်လက်ဆွဲပြီးတော့ မြစ်ငယ်မြစ်ဆိပ်သို့ရေသွားရှာတယ် မြစ်ငယ် (နဒိကာ = မြစ်ငယ်၊ သုတ်မဟာဝါ၊ ၁၀၇-နှာ) မြစ်ဆိပ်ကမ်းနားရောက်လို့ ကြည့်လိုက်တော့ မြစ်ငယ်မြစ်ရေကလည်း နွံ့နှုံးတွေနဲ့ ရေနောက်ကျိ နေတာကိုတွေ့ရတယ်။ မတော်ပါပဲလား၊ ရေတွေအင်မတန်နောက်ကျိနေတယ်၊ ကိုယ်တော်မြတ်ထံ ပြန်ပြီး လျှောက်ထားလိုက်မှ၊ ပြန်ပြီး လျှောက်ထားတယ် "အရှင်ဘုရား မြစ်ငယ်မြစ်ရေပြင်ဟာဖြင့် နွံ့နွံ့အနှစ်တွေနဲ့ အင်မတန်နောက်ကျိ နေပါတယ်ဘုရား၊ ရှေ့နားကျတော့ ကကုဓာမြစ်ရှိပါတယ်။ ၎င်းကကုဓာမြစ် ရောက်ခါမှ ရေလည်း အင်မတန်ကြည်လင်သန့်ရှင်းပါတယ်ဘုရား၊ ဆိပ်ကမ်းလည်း အင်မတန်သာယာတယ်ဘုရား၊ အဲဒီနေရာ ရောက်ခါမှ အရှင်ဘုရား ရေကြည်ရေကောင်း သုံးဆောင်ရလို့ရှိရင် ရေဆာသောဝေဒနာ ငြိမ်းပါလိမ့်မယ်၊ ဤနေရာကတော့ ရေကြည်ရေကောင်းရဖို့ အလွန်ခဲယဉ်းပါကြောင်း"လို့ လျှောက်ထားတယ်။

http://www.dhammadownload.com



အဲဒီနေရာက မြစ်ငယ်မြစ်ရေဟာ ရွံ့နွံ့အနှစ်တွေနဲ့ နောက်ကျိနေတယ်ဆိုတာ တခြားမဟုတ်ပါဘူး။ လှည်းပေါင်းငါးရာ ဖြတ်ကူးပြီးသွားတဲ့အတွက်ကြောင့်ပါ။ မြစ်ငယ်မြစ်ဆိုပေမယ့် အပြောအားဖြင့် ကျယ်တာ၊ အနက်အားဖြင့် အင်မတန်တိမ်တယ်။ နွေရာသီရောက်တော့ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း လှည်းပါဖြတ်မောင်းနိုင်တဲ့သဘောရှိတယ်။ အဲဒီနေ့မှာ လှည်းပေါင်းငါးရာ ဖြတ်ကူးသွားတာလည်း တခြားမဟုတ်ပါဘူး။ မလ္လာမင်းများဟာ အလှည့်နဲ့၊ အလှည့်နဲ့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ကျတော့ မင်းအလှည့်မကျတဲ့ မင်းသားတွေက အသီးသီးကုန်ရောင်း ကုန်ဝယ်ထွက်ကြတယ်။ ကုန်ရောင်းပြီးတော့ ရှာဖွေစားသောက်ကြတယ်၊ အလှည့်ကျတဲ့ပုဂ္ဂိုလ်က မင်းတက်လုပ်တယ်။ အလှည့်မကျတဲ့ မင်းသားတွေက အသီးအသီးပဲ လှည်းပေါင်းများစွာနဲ့ ကုန်ရောင်းကုန်ဝယ်သွားကြတဲ့ အလေ့အထရှိတဲ့အချိန်အခါလေးမှာ အဲဒီကုသိနာရုံပြည်က ပုက္ကုသမင်းသားကလည်းဘဲ သူမင်းလုပ်တဲ့အလှည့်မဟုတ်တဲ့အတွက် ကုန်သည်ဘဝနဲ့ လှည်းပေါင်းငါးရာနဲ့ ကုန်ရောင်းထွက်လို့ အလာမှာ ဒီမြစ်ကို ကူးတာဖြစ်တယ်။

ဒါကြောင့် ရေက ရွံ့နွံ့အတိဖြစ်လို့ နောက်ကျိနေတယ်။ ဒါကြောင့် အရှင်အာနန္ဒာက "အရှင်ဘုရား မြစ်ငယ်မြစ်မှာ လှည်းပေါင်းငါးရာ ကူးခတ်ပြီး သွားပါသဖြင့် ရွံ့နွံ့အတိဖြစ်၍ နောက်ကျိနေကြောင်းပါဘုရား။ ရှေ့နားကျ ကကုဓာမြစ်ရောက်လို့ရှိရင်ဖြင့် ရေကြည်ရေကောင်း သုံးဆောင်ရပါလိမ့်မယ်။ ဆိပ်ကမ်းလည်း အင်မတန်ကောင်းပါတယ်၊ အရှင်ဘုရားသည်းခံပြီးတော့ ကကုဓာမြစ်ကျမှ ရေကြည်ရေကောင်း သုံးဆောင်တော်မူပါ"လို့ လျှောက်ထားလို့၊ ဒါပေမယ့် မြတ်စွာဘုရားကိုယ်တော်မြတ်က ထပ်ပြီးတော့ ခိုင်းပြန်တယ် "ချစ်သားအာနန္ဒာ ရေသွားရှာပါ"လို့ ခိုင်းတယ်၊ ထပ်ပြီးတော့ ပြောတယ် မရပါဘူးဘုရား၊ ဒုတိယအကြိမ် သွားကြည့်လည်း ရေကလည်း ရွံ့ နွံ့အတိဖြစ်တယ်။ နောက်ကျိလို့ ပြန်လာပြန်တယ်။ ဒီလိုပဲ အကျိုးအကြောင်း လျှောက်ပြန်တယ်၊ လျှောက်ကြည့်တော့လည်း မြတ်စွာဘုရားကိုယ်တော်မြတ် မရဘူး၊ တတိယ ထပ်ပြီးလွှတ်ပြန်တယ်၊ ချစ်သား အာနန္ဒာ ရေသွားရှာပါ၊ ကိုယ်တော်မြတ်ရဲ့အာဏာတော်မလွန်ဆန်နိုင်တဲ့အတွက် တတိယအကြိမ် မြစ်ငယ်မြစ်ဆိပ်သွားပြီတော့ ရေခပ်ပြန်တယ်၊ တတိယအကြိမ်သွားပြီးတော့ ခပ်တဲ့အခါကျတော့ မြစ်ကမ်းနားဘေးရောက်ရင်ပဲ စောစောက ပထမအခေါက်၊ ဒုတိယအခေါက်တုန်းက အင်မတန်နောက်ကျိနေတဲ့ရေများဟာ အခုတော့ အင်မတန် ကြည်လင်သန့်ရှင်းတဲ့ရေအဖြစ်သို့ ရောက်နေတာတွေ့တော့ -

http://www.dhammadownload.com



## ဘုရားရှင်တန်ခိုးတော်ကြောင့် မြစ်ငယ်မြစ်ရေသန့်ရှင်းကြည်လင်သွားခြင်း

( သုတ်မဟာဝါ၊ ၁၀၇-နှာ)

အရှင်အာနန္ဒာစိတ်ထဲ သြော် . . . မြတ်စွာဘုရားကိုယ်တော်မြတ်တန်ခိုးတေဇော် အာနုဘော် များဟာ တယ်ကြီးမားပါလားလို့ ပထမတစ်ခေါက် ငါလာကြည့်တော့ နွံအဖြစ်နဲ့ နောက်ကျိနေတယ်။ ဒုတိယအခေါက်တော့လည်း ငါလာကြည့်ပြန်တယ် နွံအဖြစ်နဲ့နောက်ကျိနေပြန်တယ်။ တတိယ အခေါက် ကိုယ်တော်မြတ်ခိုင်းလို့ မဆိုင်းမတွဘဲ ထွက်လာခဲ့တယ်။ တတိယအခေါက် ကြည့်လိုက် တော့ ပကတိသန့်ရှင်းစင်ကြယ်တဲ့အဖြစ်သို့ ရောက်နေတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်သည် တန်ခိုးတေဇော် အာနုဘော်တော်များဟာ အင်မတန်ကြီးမားပါပေတယ်။ လုံးဝအသက်ကင်းမဲ့နေတဲ့ "အဝိညာဏက" ခေါ်တဲ့ ရေပြင်လျှင် ကိုယ်တော်မြတ်၏အလိုတော်ကျ ဖြစ်ရပေတယ်။ ဝမ်းပန်း တသာနဲ့ ရေကြည်, ရေကောင်းတွေခပ်ပြီးတော့ အရှင်အာနန္ဒာ ပြန်တက်လာတယ်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်အား ကပ်လို့၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်း ရေဘုဉ်းပေးသုံးဆောင်ပြီ။

## ဈာန်သမာပတ်ဝင်စားနေတဲ့ အာဠာရရသေ့ကြီး

အဲဒီအချိန်လေးမှာပဲ ကာလာမအမျိုးအနွယ် အာဠာရရသေ့၊ ရသေ့ရဲ့တပည့်ဖြစ်နေတဲ့ ပုက္ကုသ မင်းသား၊ ဒီဥယျာဉ်ထဲမှာ မြတ်စွာဘုရားကိုယ်တော်မြတ် သီတင်းသုံးတာမြင်တော့ အနီးအပါးကနေ ဖူးမျှော်ရှုစားလို့။ သြော် . . . မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီဥယျာဉ်အတွင်းရောက်ပြီး ဒီသရက် ပင်အောက်မှာ နောက်ပါသံဃာပရိသတ်နှင့်တကွ သီတင်းသုံးနေတာ ငါလာပြီး ဖူးတွေ့ရတယ်၊ ကြည့် လိုက်ပြန်တော့ မြတ်စွာဘုရားကိုယ်တော်မြတ်နှင့်တကွ နောက်ပါတပည့်တပန်း ရဟန်းပရိသတ် တွေကိုလည်း အသီးအသီးတည်ငြိမ်သော ဣန္ဒြေဆောင်ပြီးတော့ ဈာန်ဖလသမာပတ် ဝင်စားနေတာ အင်မတန်ကြည်ညိုဖွယ်ကောင်းတာပဲလို့ ပုက္ကုသမင်းသားက မြတ်စွာဘုရားကိုယ်တော်မြတ် အနီး အပါး ချဉ်းကပ်ပြီးတော့ လျှောက်ထားတယ် "အရှင်ဘုရားတဲ့၊ ဘုရားတပည့်တော်တို့ဆရာ အာဠာရ ရသေ့ ရှေ့တုန်းက ဒီလိုအခွန့်ရှည်းလျားသော ခရီးတစ်ခုသို့ သွားရင်း ခရီးလမ်းမကြီးအနီး သစ်ပင်ကြီး တစ်ပင်အောက်မှာ ဝင်ပြီးတော့ ဈာန်သမာပတ်ဝင်စားပြီး မွေ့လျော်နေတဲ့အချိန်အခါမှာ လှည်းပေါင်း ငါးရာက အပင်အနီးအနား ကပ်ပြီးတော့ မောင်းသွားကြတယ်။ မောင်းသွားလို့ မကြာမြင့်မှီတဲ့နောက် လှည်းသမားယောကျ်ားတစ်ယောက် ထပ်ရောက်လာပြီးတော့ လှည်းသတင်းမေးပါတယ်။ "အရှင် ရသေ့၊ ဒီအနားများ လှည်းပေါင်းငါးရာမောင်းသွားတာ မမြင်ဘူးလား"လို့မေးတယ်။ ကျွန်ုပ်ရဲ့ဆရာ အာဠာရရသေ့က "ငါမမြင်လိုက်ဘူး"လို့ ပြောတယ်။ ဒါဖြင့် အရှင်ရသေ့ လှည်းပေါင်း ငါးရာ

http://www.dhammadownload.com



မောင်းသွားတာ အသံကော မကြားဘူးလား။ "ငါမကြားလိုက်ဘူး" ဒါဖြင့် အသင်ရသေ့ အိပ်ပျော်နေသလား၊ "ငါအိပ်မပျော်ဘူး"၊ အိပ်မပျော်လို့ရှိရင် အသင်ရသေ့က သညာကော ရှိရဲ့လား၊ "ရှိပါတယ်"၊ အိပ်လည်း မပျော်ဘူး၊ သညာလည်း ရှိလျက်သားနဲ့ လှည်းပေါင်းငါးရာ အနီးအပါးက ဖြတ်ပြီး မောင်းသွားတာ မြင်လည်း မမြင်လိုက်ဘူး၊ ကြားလည်း မကြားလိုက်ဘူးဆိုတာ ဘယ်လို အကြောင်းများပါလဲ မေးလို့။

အကျွန်ုပ်ရဲ့ဆရာ အာဠာရရသေ့က ပြန်ပြောတယ်။ ဒကာ ငါ့သက်နီးမြူအလိမ်းလိမ်းကပ်တာ မှန်ပေတယ်လို့ လက်ညှိုးညွှန်ပြတယ်၊ ဒီတော့မှ မေးစမ်းတဲ့ ဒကာက စဉ်းစားမိတယ်၊ ဩော် . . . သူတော်သူမြတ်ပုဂ္ဂိုလ်များသည် ဈာန်သမာပတ်နဲ့ မွေ့လျော်ခြင်းသည် အင်မတန်အံ့ဩဖွယ်ရှိလေစွ၊ တည်ငြိမ်သော ဣန္ဒြေဆောင်ခြင်းသည် အင်မတန်အံ့ဩဖွယ်ရှိလေစွ၊ လှည်းပေါင်းငါးရာ အနီးအပါး ဖြတ်သန်းပြီးတော့ မောင်းသွားတာ မြင်လည်း မမြင်လိုက်၊ ကြားလည်း မကြားလိုက်ဆိုတဲ့ သမာဓိ ဂုဏ်ရည်သည် အင်မတန်အံ့ဩဖွယ်ရှိလေစွလို့၊ အထူးသဖြင့် ကြည်ညိုကြောင်းကို လျှောက်ထားဖူး ပါတယ်ဘုရား။ ဒါကြောင့် တပည့်တော်၏ဆရာ အာဠာရရသေ့ရဲ့ဂုဏ်ကျေးဇူးကို တပည့်တော်သည် အထူးသဖြင့် ကြည်ညိုမိပါသည်ဘုရား၊ မိမိရဲ့ဆရာဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြီးတော့ သူကြည်ညိုတဲ့ အကြောင်း လျှောက်ထားတယ်၊ ဘုရားကိုယ်တော်မြတ်က ပုက္ကုသမင်းသားအား တရားဟောလို၍ ဒီတော့ ဘာပြောသလဲဆိုတော့ "ပုက္ကုသမင်းသား သင့်ကို ငါမေးမယ်"တဲ့၊ အဲသလိုပဲ တည်ငြိမ်တဲ့ ဣန္ဒြေဆောင်ပြီးတော့ ဈာန်သမာပတ်ဝင်စားပြီး တစ်ယောက်သောပုဂ္ဂိုလ်ရဲ့အနီးအပါးမှာ လှည်း ပေါင်းငါးရာ မောင်းသွားတာ မြင်လည်း မမြင်ဘူး၊ ကြားလည်း မကြားလိုက်ဘူးဆိုတဲ့ ပုဂ္ဂိုလ်တစ် ယောက်ပဲ၊ တစ်ယောက်သောပုဂ္ဂိုလ်ကတော့ကား အင်မတန်ကြောက်မက်ဖွယ်သော မိုးချုန်းသံ တို့နဲ့ မြည်ဟည်းပြီးတော့ မိုးကြီးရွာသွန်းပြီး သုံးကြိမ်သော မိုးကြိုးတွေ ပစ်ချတယ်။ အဲဒါကို မြင်လည်း မမြင်ဘူး၊ ကြားလည်းမကြားဘူးဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်တဲ့။ အဲဒီပုဂ္ဂိုလ်နှစ်ယောက်မှာ ဘယ်ပုဂ္ဂိုလ်က သာပြီးတော့ အံ့ဩဖွယ်ကောင်းသလဲလို့ ပုက္ကုသမင်းသားကို မေးတယ်။

ပုက္ကုသမင်းသားက (သုတ်မဟာဝါ၊ ၁၀၉-နှာ) ပြန်ပြောတယ်၊ အရှင်ဘုရားတဲ့၊ အနီးအပါး လှည်းပေါင်းငါးရာ မောင်းသွားတာကို မကြားလိုက်ဘူး၊ မမြင်လိုက်ဘူးဆိုတဲ့ပုဂ္ဂိုလ်က တစ်ယောက်၊ တစ်ယောက်သော ပုဂ္ဂိုလ်ကတော့ အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ မိုးချုန်းသံတွေ မြည်ဟည်း ပြီးတော့ မိုးကြီးသည်း ထန်စွာရွာပြီး သုံးကြိမ်တိုင်တိုင် မိုးကြိုးပစ်တာကိုမှ မြင်လည်းမမြင်၊ ကြားလည်း မကြားဆိုတဲ့ ပုဂ္ဂိုလ်ကတစ်ယောက်၊ ဒီပုဂ္ဂိုလ်နှစ်ယောက်မှာ မိုးကြီးသည်းထန်စွာ ရွာပြီးတော့ သုံးကြိမ် တိုင်တိုင် မိုးကြိုးပစ်တာကိုမှ မြင်လည်း မမြင်၊ ကြားလည်း မကြားဆိုတဲ့ပုဂ္ဂိုလ်ကတော့ ပို၍ အံ့ဩဖွယ်

http://www.dhammadownload.com



အကောင်းဆုံးပါဘုရားလို့၊ အေး . . . ပုက္ကုသ ငါဘုရားကိုယ်တော်မြတ်သည် အာတုမာပြည်မှာ ကောက်သလင်းငယ်ပမာဏနှင့် တူသော တဲအိုလေးတစ်ခုမှာ ငါကိုယ်တော်မြတ် သမာပတ်နှင့် မွေ့လျော်နေတဲ့အချိန် ငါနေတဲ့တဲအိုလေးရဲ့အနီးအပါးမှာ ယောကျ်ားညီနောင်နှစ်ယောက် နွားလေးကောင်နဲ့ လယ်ထွန်နေကြတဲ့အခါကြီးဖြစ်တယ်။ သည်းထန်သော မိုးကလည်း ရွာ၊ လေကလည်း တိုက်၊ မိုးကြိုးကလည်း သုံးခါပစ်လို့ လေးကောင်သောနွားတွေ တစ်ပြိုင်နက်သေလို့၊ အာတုမာပြည်သားတွေ အုံးအုံးကျွက်ကျွက်နဲ့ သေသွားတဲ့ နွားလေးကောင်ကို လာပြီးတော့ ကြည့်ကြတယ်။ ငါကိုယ်တော်မြတ် မိုးတိတ်တဲ့အချိန်မှာ စင်္ကြံနသွားတဲ့အခါ တစ်ယောက်သော ဒကာက လာပြီးတော့ လျှောက်ထားတယ်။

ရှိခိုးတဲ့အခါမှာ ငါကမေးတယ်။ ငါ တဲအိုအနီးအပါးမှာ အုံးအုံးကျွက်ကျွက်နဲ့ လူတွေများ စည်စည်ကားကားနဲ့ သွားကြလာကြ စုရုံးနေကြတာ၊ ဘာအကြောင်းလဲလို့မေးတယ်။ ငါ့ကို ရှိခိုးတဲ့ဒကာက ပြန်ပြောတယ်၊ အရှင်ဘုရား မိုးကြီးသည်းထန်စွာရွာပြီးတော့ မိုးကြိုးသုံးခါပစ်တယ်။ နွားလေးကောင် တစ်ပြိုင်တည်း သေလို့ အာတုမာပြည်သားတွေ လာပြီးတော့ ကြည့်ကြတဲ့ပရိသတ်တွေပါဘုရား။ အရှင်ဘုရား မမြင်လိုက်ဘူးလားလို့ ငါ့ကို လျှောက်ထားတယ်။ ငါက မမြင်လိုက်ဘူး၊ ဒါဖြင့် သုံးကြိမ်သော မိုးကြိုးပစ်တာ အရှင်ဘုရား မသိလိုက်ဘူးလား။ မကြားလိုက်ဘူးလားလို့။ ဒါလည်း ငါမကြားလိုက်ဘူး။ ဒါဖြင့် အရှင်ဘုရားအိပ်ပျော်နေသလားလို့ ငါဘုရားကို မေးလျှောက်တယ်။ငါဘုရား အိပ်မပျော်ဘူး။ ဒါဖြင့် အရှင်ဘုရား သညာရောရှိပါရဲ့လား။ ငါ သညာတော့ ရှိတာပဲ။ ဒါဖြင့် အရှင်ဘုရား အိပ်လည်း မပျော်ဘူး၊ နိုးလည်းနိုးလျက်သား၊ သညာလည်းရှိလျက်သားနဲ့ မိုးခြိမ်းသံ မြည်ဟည်းပြီး ကြီးစွာသော မိုးကြီးရွာတာကိုလည်း အရှင်ဘုရားက မမြင်၊ သုံးကြိမ်သော မိုးကြိုးပစ်ခြင်းကိုလည်း အရှင်ဘုရားက မကြား၊ အရှင်ဘုရားရဲ့ တည်ငြိမ်တဲ့ ဣန္ဒြေဆောင်ပြီးတော့ သမာပတ်နဲ့ မွေ့လျော်ခြင်းသည် တပည့်တော်မှာ အံ့သြလို့ မဆုံးပါဘုရားလို့ အလွန့်အလွန်ကြည်ညိုတဲ့ စေတနာသဒ္ဓါတရားဖြင့် ငါဘုရားကို လက်ယာရစ်သုံးပတ်လှည့်ပြီး ရှိခိုးပြီးမှ ပြန်သွားတယ်။

ကိုယ်တော်မြတ်က မိန့်ကြားတယ်၊ ပုက္ကုသမင်းက ပြန်ပြောတယ်၊ အရှင်ဘုရားတဲ့ ရှေ့အဖို့က တပည့်တော် လျှောက်ထားသလို လှည်းပေါင်းငါးရာ အနားကပ်သွားလို့မှ မမြင်လိုက်၊ မကြားလိုက်ဆိုတဲ့ သမာဓိဂုဏ်ဆောင်ထားတဲ့ တပည့်တော်ရဲ့ဆရာအာဠာရရဲ့ ဂုဏ်ကျေးဇူးကိုတောင်ပဲ တပည့်တော်သည် ကြည်နူးလို့ ချီးကျူးလို့ မဆုံးနိုင်ဖြစ်ရပါတယ်။ တပည့်တော်ရဲ့ဆရာ အာဠာရရသေ့ တည်ငြိမ်သော ဣန္ဒြေနဲ့၊ အရှင်ဘုရားရဲ့ ဣန္ဒြေနှိုင်းစာခဲ့သော် ကွာချင်တိုင်းကွာ၊ ခြားချင်တိုင်းခြားလို့ သို့ကလောက်တောင် ကြီးမားတဲ့ ဣန္ဒြေတော်၊ သမာဓိတော်၊ သိက္ခာတော်၊ စျာန်သမာပတ် ဝင်စား

http://www.dhammadownload.com



မှုကို တပည့်တော်သည် အဆပေါင်းများစွာ သာ၍ကြည်ညိုကြောင်းပါဘုရားလို့၊ ဘုရားကိုယ်တော်မြတ်ကို လျှောက်ထားလို့၊ လျှောက်ထားပြီးတဲ့အခါမှာ မင်းချင်းယောကျ်ားကို ခေါ်ပြီးတော့ အချင်းမင်းယောကျ်ား ငါ့အိမ်ပြန်ပြီးတော့ အမြန်ဆုံးသွားယူ၊ ရံဖန်ရံခါ ငါဆောင်လေ့ရှိသော ရွှေအဆင်းနှင့်တူတဲ့ ပုဆိုးအစုံကို သွားယူချေလို့ ခိုင်းလိုက်တော့ မင်းယောကျ်ားလည်းပဲ အဆောတလျင်ဆိုသလိုပဲ ကုသိနာရုံပြည်ကို ပြန်တယ်၊ ပြီးတော့ သူမှာထားတဲ့အတိုင်း ရံဖန်ရံခါ ဆောင်လေ့ဆောင်ထရှိတဲ့ ရွှေသိင်္ဂီအဆင်းနဲ့တူတဲ့ ညက်ညောမြတ်နိုးဖွယ် ပြေပြစ်၍ နူးညံ့သိမ့်မွေ့လှသော ကမ္ဗလာပုဆိုးအစုံတစ်ထည်ကို ယူလာတယ်၊ ယူလာတော့ ပုက္ကုသမင်းလက်ထဲ ထည့်လိုက်တယ်၊ ပုက္ကုသမင်းက တစ်ခါ လက်ထဲရောက်တော့မှ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ရှိခိုးပြီးတော့ လျှောက်ထားတယ်။

## ပုက္ကုသမင်း၏ ရွှေအဆင်းနဲ့တူတဲ့ပုဆိုးအစုံကို ကပ်လှူတော်မူခြင်း

(သုတ်မဟာဝါ၊ ၁၁၀-နှာ)

အရှင်ဘုရား၊ ဘုရားတပည့်တော်ကို ချီးမြှင့်တော်မူတဲ့အနေအားဖြင့် ဤပုဆိုးအစုံကို အလှူခံတော်မူပါဘုရား”လို့၊ ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ပုဆိုးအစုံတစ်ထည်ကိုတော့ ချစ်သားအာနန္ဒာကို ကပ်လှူလိုက်ပါ၊ တစ်ထည်ကိုတော့ ငါဘုရားကို ကပ်လှူပါလို့ နှစ်ထည်ခွဲလိုက်တယ်၊ ဒီတော့ ပုက္ကုသမင်းကလည်း ဘုရားရှင်ညွှန်ကြားတော်မူတဲ့အတိုင်း ပုဆိုးတစ်ထည်ကို မြတ်စွာဘုရားကိုယ်တော်မြတ်လက်တော် ကပ်လှူတယ်၊ တစ်ထည်ကိုတော့ အရှင်အာနန္ဒာအား ကပ်လှူခဲ့တယ်၊ ဘုရားလည်း အကပ်ခံလို့ အရှင်အာနန္ဒာလည်း အကပ်ခံလို့။

## ပယ်ဆုလေးပါး၊ ပန်ဆုလေးပါး

အဲဒီနေရာလေးမှာ အရှင်အာနန္ဒာ ကိုယ်တော်မြတ် ဒီပုဆိုးသင်္ကန်းကို အကပ်ခံတဲ့အခန်းလေးဖြစ်တယ်၊ အရှင်အာနန္ဒာက ဘုရားကိုယ်တော်မြတ် အလုပ်အကျွေးရာထူးလေးကို ယူစဉ်အခါတုန်းက ပယ်ဆုလေးပါး၊ ပန်ဆုလေးပါးကို တောင်းခဲ့တယ်၊ ပယ်ဆုဆိုတာ သူလုံးဝလက်မခံတဲ့ဆုခေါ်တယ်၊ ပန်ဆုလေးပါးဆိုတာ လုံးဝအခွင့်အရေးမယူတဲ့ ဆုလေးပါးခေါ်တယ်၊ အဲဒီပယ်ဆုလေးပါးက တခြားမဟုတ်ပါဘူး၊ မွန်မြတ်သောသင်္ကန်းကို ဘုရားကိုယ်တော်က သူ့ကိုမပေးရဘူးတဲ့ ဒီလိုတောင်းတာ ဒီဆုရှစ်ပါးကိုရလို့ရှိရင် သူက အလုပ်အကျွေးလုပ်သွားမယ်၊ ဒီဆုရှစ်ပါးမှ မရလို့ရှိရင် အလုပ်အကျွေးမလုပ်နိုင်ဘူးလို့ လျှောက်ထားခဲ့ဖူးသည်။ ဒီစဉ်အခါတုန်းက ဘုရားကိုယ်တော်မြတ်ထံမှာ သူအခွင့်အရေးဆိုတဲ့ အလုပ်အကျွေးရာထူး လက်ခံမယ်လို့ ကြံစည်စဉ်အခါတုန်းကပေါ့လေ။ အဲဒီပယ်ဆု

http://www.dhammadownload.com



လေးပါးထဲမှာ အရှင်ဘုရားသည် ဘုရားတပည့်တော်ကို မွန်မြတ်သောသင်္ကန်း ပေးကမ်းချီးမြှင့်ခြင်း မလုပ်ပါနဲ့၊ တပည့်တော်က လက်မခံရပါစေနဲ့၊ ဒါက တစ်ပါး။ မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်အရသာများကို ဘုရားတပည့်တော်အား မပေးပါနဲ့၊ တပည့်တော် လက်မခံရပါစေနဲ့။ နှစ်ပါး ရှိသွားပြီ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ပြီးတော့ အရှင်ဘုရားရဲ့ ဂန္ဓကုဋီတိုက်တွင်းမှာ ဘုရား တပည့်တော် ဘယ်သောအခါမှ အတူတကွ မနေရပါစေနဲ့၊ မနေရဘူးနော် (မှန်ပါတယ်ဆရာ)၊ သုံးပါးရှိသွားပြီ။ တစ်ပါးကတော့ အရှင်ဘုရား ဒကာ ဒကာမများက ပင့်တိုင်း ဖိတ်တိုင်း ဖိတ်ခေါ်တိုင်း တပည့်တော် မလိုက်ပါရစေနဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ပယ်ဆုလေးပါးခေါ်တယ်။ ဤဆုလေးပါးကို တပည့်တော်အား သနားပါလို့ လျှောက်ထားတယ်နော် (မှန်ပါတယ်ဆရာ)။

ပန်ဆုလေးပါးကတော့ နိဗဒ္ဓနိမန္တနခေါ်တဲ့လူပင့်သော ဖိတ်လာတဲ့ဆွမ်းများကို တပည့်တော် အလျှုခံပါရစေနော် (မှန်ပါတယ်ဆရာ)၊ တစ်အချက်ပြီးတော့ တိုင်းတစ်ပါးကဖြစ်စေ, ဇနပုဒ်ကဖြစ်စေ အသီးသီး ရောက်လာသောဧည့်သည်ပရိသတ်များက မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဖူးမြော်လိုပါတယ် ဆိုလို့ အခွင့်တောင်းလို့ရှိရင် တပည့်တော်အခွင့်ပေးပါရစေတဲ့။ ဒါကတစ်ပါး၊ ဘယ်နှစ် ရှိသွားပြီလဲ၊ (နှစ်ပါးရှိသွားပြီဆရာ)၊ နှစ်ပါးရှိသွားပြီ။ တစ်ခုကတော့ တပည့်တော် ယုံမှားသံသယရှိတဲ့တရားများကို အရှင်ဘုရားကို အချိန်မရွေးလျှောက်ထားပါရစေ။ ဘယ်နှစ်ပါးရှိ သွားပြီလဲ၊ (သုံးပါးရှိသွားပြီဆရာ)။ တစ်ပါးကတော့ အရှင်ဘုရားသည် တပည့်တော်ရဲ့မျက်ကွယ်မှာ ဘယ်နေရာရောက်ရောက် ဘယ် တရားကိုပဲ ဟောဟော၊ ပြန်ကြွလာလို့ရှိရင် တပည့်တော်ကိုပြန်ပြီးတော့ ဟောတာကို နာကြားပါ ရစေ။ ပေါင်းလိုက်တော့ ပန်ဆုလေးဆုရှိသွားပြီ၊ အဲဒါကိုတော့ ပန်ဆုလေးပါးလို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

အဲဒီပယ်ဆုလေးပါးထဲမှာ "သင်္ကန်းမပေး, ဆွမ်းကျွေးမကန်း"ဆိုတဲ့ စကားအရ သင်္ကန်းမပေး ပါနဲ့တဲ့၊ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ သင်္ကန်းမပေးပါနဲ့, ဆွမ်းလည်းမပေးပါနဲ့, သင်္ကန်းပေးရင် တပည့်တော် လက်မခံပါရစေနဲ့၊ ဆွမ်းပေးရင်လက်မခံပါရစေနဲ့၊ အဲဒီပယ်ဆုလေးပါးထဲမှာ သင်္ကန်း ပေးရင် လက်မခံပါရစေနဲ့ ဆိုတဲ့ စကားအရ အခုတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ပုက္ကုသ မင်းလှူဒါန်းတဲ့ သင်္ကန်းအစုံမှာ တစ်ထည်ကိုတော့ ကိုယ်တော်မြတ်က ယူလိုက်တယ်၊ တစ်ထည် ကိုတော့ ကိုယ်တော်မြတ်က ညွှန်ကြားတယ်၊ ချစ်သားအာနန္ဒာအား ကပ်ပါလို့ ညွှန်ကြားလို့၊ ပုက္ကုသ မင်းက ကပ်လှူတယ်၊ အရှင်အာနန္ဒာက လက်ခံတယ်နော် (မှန်ပါတယ်ဆရာ) ဒါပယ်ဆုလေးပါး ထဲမှာ "သင်္ကန်းမပေး၊ ဆွမ်းကျွေးမကန်း"ဆိုတဲ့ စကားအရ သင်္ကန်းမပေးပါနဲ့၊ သင်္ကန်းပေးရင် တပည့် တော် မယူပါရစေနဲ့ဆိုတဲ့စကားနဲ့ ဗီလာဆန့်ကျင်ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ အဲဒါ

http://www.dhammadownload.com



ဖြစ်နေတာ အမှန်ပဲလို့၊ ဘာကြောင့် အရှင်အာနန္ဒာသည် ပယ်ဆုလေးပါးထဲမှာ သက်န်းမပေးနဲ့၊ သင်္ကန်းပေးရင် တပည့်တော်လက်မခံပါရစေနဲ့လို့ ပယ်ထားတာ၊ ဒီသင်္ကန်းကျတော့ ဘာကြောင့် လက်ခံသလဲလို့ မေးစရာရှိတယ်၊ ဒါတွေလည်း မှတ်သားစရာလေးတွေပေါ့ကွယ်၊ ပရိယာယ်ဆိုတာ အမျိုးမျိုးပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါတခြားမဟုတ်ပါဘူးတဲ့၊ ကိုယ်တော်မြတ်ကို လုပ်ကျွေးလာတဲ့ အခွင့်အရေးဟာ သူ့နောက်ဆုံးကုန်ပြီတဲ့၊ ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော့မှာကိုးကွနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ပါဝါပြည်ကကြွလို့၊ ကုသိနာရုံပြည်ရောက်ရင် နက်ဖြန်နံနက်အရုဏ်တက် အလင်းဘက်သို့ ရောက်ရင် ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော့မယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး ပရိနိဗ္ဗာန်စံတော့ လုပ်ကျွေးစရာရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)၊ အေး . . . လုပ်ကျွေးခြင်း ဥပဋ္ဌာကဆိုတဲ့ကိစ္စကြီးက ပြီးချိန်ရောက်ပြီတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် လက်ခံခြင်းက တစ်ကြောင်းတဲ့၊ ၎င်းအပြင် အပေါင်းသောပုဂ္ဂိုလ်များက "အရှင်အာနန္ဒာသည် မြတ်စွာဘုရားကိုယ်တော်မြတ်ကို အမြဲတစေ အလုပ်အကျွေးဖြင့် နေပါသော်လည်း ဘယ်လိုဆုအဖြစ်မျှ ချီးမြှင့်ခြင်းမခံရပါလား"လို့ ကဲ့ရဲ့ရှုတ်ချတဲ့စကားတွေ ပြောကြားမှာ စိုးတဲ့အတွက်ကြောင့်နော် (မှန်ပါတယ်ဆရာ)၊ ရှင်အာနန္ဒာက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် အသက်ထင်ရှားရှိသမျှ ကာလပတ်လုံး ပရိနိဗ္ဗာန်စံသည်တိုင်အောင် အမြဲတစေ အလုပ်အကျွေးအနေနဲ့ နေပါသော်လည်း မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ချီးမြှင့်တော်မူခြင်းမခံရပါလားလို့ အများကကဲ့ရဲ့စကားပြောကြားမှာ၊ ပြေစေခြင်း, ပျောက်စေခြင်းအကျိုးငှာတဲ့၊ ဒါကြောင့်အခု မြတ်စွာဘုရားကိုယ်တော်မြတ် ညွှန်ကြားတော်မူသော ပုက္ကုသမင်းသား လှူဒါန်းတဲ့သင်္ကန်းကို အလှူခံတော်မူတယ်နော် (မှန်ပါတယ်ဆရာ)။

အဲဒီလို အလှူခံပြီးတော့ ပုက္ကုသမင်းသားလည်း မြတ်စွာဘုရားကိုယ်တော်မြတ် ဆုံးမတော်မူတဲ့ တရားစကားကိုနာပြီးတော့ အနီးအပါးမှခွာလို့သွားတယ်၊ သွားလို့ မကြာမြင့်မီပဲ မြတ်စွာဘုရားကိုယ်တော်မြတ်ကို အရှင်အာနန္ဒာက တစ်ခါပြန်ပြီးတော့ ဒီပုဆိုးကို လှူဒါန်းပြန်တယ်။ လှူပြန်တော့ မြတ်စွာဘုရားကိုယ်တော်က တစ်ထည်ကိုတော့ ရုံလို့၊ တစ်ထည်ကိုတော့ ဝတ်လို့ပေါ့လေ၊ သိင်္ဂီအဆင်းနဲ့တူတဲ့ ကမ္ဗလာသင်္ကန်းအစုံကို ခြုံတဲ့, ရုံတဲ့အခါကျတော့ ဘယ်လောက်များတင့်တယ်သလဲလို့၊ တက်သစ်စ နေဝန်းကဲ့သို့ပေါ့၊ တပြောင်ပြောင်တညီးညီး မီးကျီးမီးခဲကဲ့သို့ ရှုလို့မငြီးတဲ့ ကိုယ်တော်မြတ်၏ ကျက်သရေမင်္ဂလာတွေ၊ လူတွေ သိန်းသန်းကုဋေ, နတ်တွေ သိန်းသန်းကုဋေရဲ့အလယ်မှာ တင့်တယ်စွာ ပဘဿရပြဟ္မာမင်းကြီးများနေဘိသကဲ့သို့ ရှုမငြီးသော ရောင်ခြည်တော်ခြောက်သွယ်ဖြင့် ထွန်းလင်းတောက်ပတော်မူလို့၊ အရှင်အာနန္ဒာက ဒီနေရာမှာအားရပါးရ မြတ်စွာဘုရားကိုယ်တော်မြတ်အား လျှောက်ထားလို့။ ဩော် . . . ငါ့မြတ်စွာဘုရားကိုယ်တော်မြတ်က အခု သင်္ကန်းအစုံကို

http://www.dhammadownload.com



ဝတ်ရုံတော် မူတဲ့အခါကျတော့ ဥဒည်းတောင်စွန်းက ထွန်းလင်းတော်မူတဲ့ တက်သစ်စနေဝန်းကြီး ပမာဏလို၊ အလျှံရဲရဲဖြင့် မီးကျီးမီးခဲလျှံကဲ့သို့ သိန်းသန်းသောလူနတ်တို့၏အလယ်မှာ တင့်တယ်စွာ နေသော ပဘာဿရဖြဟ္မာမင်းကြီးကဲ့သို့ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် အပြိုင်ပြိုင်ထွက်ပေါ် ကွန့်မြူးနေလို့ အင်မတန်ထူးခြားတဲ့ ရူပကာယတော်ကြီးကိုမြင်ရလို့ ဝမ်းပန်းတသာနဲ့၊ အရှင်ဘုရား အရှင်ဘုရားသည် ယခု သင်္ကန်းအစုံဝတ်ရုံတော်မူတဲ့အခိုက်မှာ အရှင်ဘုရားရဲ့ ကျက်သရေမင်္ဂလာသည် ရှေးကနဲ့မတူဘဲ ထူးကဲပြီးတော့ အင်မတန်ကိုရှုမငြီးတဲ့အဖြစ်မျိုး ရောက်ရပါကြောင်းပါဘုရားလို့ လျှောက်ထားတယ်။

## ထွန်းခါစနှင့်ငြိမ်းခါနီး မီးနှစ်မျိုးဆိုတဲ့အဓိပ္ပာယ်

မြတ်စွာဘုရားကိုယ်တော်မြတ်က ပြန်ပြီးတော့ ဟောကြားတော်မူတယ်၊ ချစ်သားအာနန္ဒာတဲ့ မီးများဟာ ညှိထွန်းစအခါနဲ့ ငြိမ်းခါနီးအခါ ဒီနှစ်ခါမှာ အတောက်ဆုံးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဆီမီးထွန်းတဲ့အခါ ထွန်းလိုက်တာနဲ့တစ်ပြိုင်နက် ထွန်းစအခါလေးက တော်တော်တောက်လောင်တယ်၊ နောက်တော့ မှန်သွားရော၊ နောက်တစ်ခါ ငြိမ်းခါနီးကျ ပိုပြီးတောက်လောင်တယ်၊ အဲဒီ ဆီမီးလျှံများ ကဲ့သို့ ဆီမီးများညှိထွန်းစအခါ တစ်ကြိမ်၊ ငြိမ်းခါနီးမှာ တစ်ကြိမ် ဒီနှစ်ကြိမ်ဟာ ပိုပြီးတော့ထွန်းထောက် သကဲ့သို့ ငါဘုရားကိုယ်တော်မြတ်လည်းပဲ ဗောဓိပင်နဲ့ရွှေပလ္လင်ကို အောင်မြင်တော်မူလို့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်တဲ့ ဘုရားအဖြစ်သို့ ရောက်စအချိန်က တစ်ခါတဲ့နော် (မှန်ပါတယ်ဆရာ)၊ အခု ပရိနိဗ္ဗာန်စံခါနီးမှာ တစ်ခါ၊ အဲဒီနှစ်ခါဟာ ငါကိုယ်တော် မြတ်ရဲ့ "ရူပ ရူပဝိလာသဂ္ဂ ရူပအစိန္တေယျ" ဆိုတဲ့ ဂုဏ်အားလျော်စွာ ကျက်သရေမင်္ဂလာအရှိဆုံးသော အထွန်းအတောက်ပဆုံးသော ရောင်ခြည် တော်ကွန့်မြူးချိန်ဖြစ်တဲ့အကြောင်းကို မိန့်ကြားတော်မူလို့။ အရှင်အာနန္ဒာလည်း ဝမ်းပန်းတသာ ဖြစ်တယ်၊ ဒါနဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်က "ချစ်သား အာနန္ဒာ ဒီမှာနေလို့ မတော်ကြသေးဘူးတဲ့၊ ကုသိနာရုံသို့ အရောက်လှမ်းကြစို့၊ ကြွကြစို့ရဲ့၊ နေရာထိုင်ခင်းများသိမ်းတော့"လို့ မိန့်ကြားတော်မူ လိုက်တယ်။

ကိုယ်တော်မြတ်လည်းပဲ မိမိမှာဖြစ်တော်မူသော ရောဂါဝေဒနာကြီးကို သည်းခံပြီတော့ ဒီကနေ တစ်စတစ်စနဲ့ ကြွကြတယ်။ အဲဒီလိုကြွတော်မူတဲ့အခါ သိပ်မကြာလှဘူး၊ မြတ်စွာဘုရားကိုယ်တော်မြတ် အထူးသဖြင့် ပင်ပန်းတော်မူလို့ ခရီးပန်းတာကတစ်ကြောင်း၊ ကြောက်ရွံ့ဖွယ်ကောင်းတဲ့ ဝေဒနာကြီး ဖိစီးနှိပ်စက်တာကတစ်ကြောင်း၊ အင်မတန်မသက်မသာဖြစ်လို့ ကြွလာတဲ့ခရီးလမ်းမှာ မကြာလှသေး ပါဘူးတဲ့၊ ကကုဓာမြစ်သို့ရောက်လို့ ချစ်သားအာနန္ဒာ ကကုဓာမြစ်ရောက်ပြီ၊ အဲဒီမြစ်ထဲမှာ ငါကိုယ်တိုင်

http://www.dhammadownload.com



ဆင်းပြီးတော့ ရေလက်သုံးဆောင်တော်မူမယ်၊ ရေလဲသပ္ပာယ်တော်မူလိုတယ်လို့ မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်မြွက်ကြားတော်မူလို့ ဤကကုဓာမြစ်ရဲ့ သာယာတဲ့ဆိပ်ကမ်းမှာ မြတ်စွာဘုရားကိုယ်တော်တိုင် ဆင်းပြီးတော့ ရေလဲသပ္ပာယ်သုံးဆောင်လို့ အဲဒီမှာ ရေသပ္ပာယ်၊ ရေသုံးဆောင်ပြီးတဲ့အခါ ကိုယ်တော်မြတ်က ကုန်းပေါ်သို့ ပြန်တက်သွားတယ်၊ ပြန်တက်ပြီးတော့ သရက်ဥယျာဉ်တော်ဝင်လို့ တော်တော်ကြီးကို အထူးသဖြင့် ရှေ့ရောနောက်ရော မထိန်းနိုင်၊ မဟန်နိုင်ဖြစ်တဲ့အချိန်မျိုးရောက်လို့ ပင်ပန်းတော်မူတယ်တဲ့။

စုန္ဒမထေရ်က တွဲတော်မူလို့ သရက်ဥယျာဉ်ထဲမှာ မြတ်စွာဘုရားက "ချစ်သားစုန္ဒ အရိပ်အာဝါသကောင်းတဲ့သစ်ပင်အောက်မှာ ငါ၏ဒုကုဋ်သင်္ကန်းကြီး လေးခေါက်ခေါက်ပြီး ခင်းလော့၊ ငါကိုယ်တော်မြတ်ပင်ပန်းလှချည်းရဲ့"လို့ ငြိုးတော်မူတယ်၊ စုန္ဒမထေရ်လည်း သစ်ပင်အောက် ရှင်းလင်းပြီးတော့ ဒုကုဋ်သင်္ကန်းခင်းလို့ အဲဒီခင်းထားတဲ့ သင်္ကန်းအပေါ်မှာပဲ မြတ်စွာဘုရားကိုယ်တော်မြတ် လျောင်းတော်မူလို့ အနားယူတော်မူခဲ့ပါတယ်။ ဒီအချိန်မှာလည်း ရှင်အာနန္ဒာကိုယ်တော်မြတ်ကလည်းပဲ မြတ်စွာဘုရားကိုယ်တော်မြတ်၏ ရေလဲတော် ရေသနုတ်သင်းပိုင် ဖွတ်လို့၊လျှော်လို့၊ ရေညှစ်လို့၊ ကကုဓာမြစ်အတွင်းမှာ ကျန်ရစ်ခဲ့တယ်၊ ပြီးတော့မှ ရှင်အာနန္ဒာကိုယ်တော်မြတ်ကလည်း နောက်ကနေ လိုက်လာလို့ သရက်ဥယျာဉ်သို့ ရောက်လာတယ်၊ ဒီအချိန်အခါမှာ မြတ်စွာဘုရားကိုယ်တော်မြတ် မိမိသန္တာန်၌ဖြစ်ပေါ်တဲ့ အင်မတန်ပြင်းထန်တဲ့ ဝေဒနာကြီးသည်းခံပြီးတော့ ဘာစကားပြောလဲလို့၊ ဘယ်လိုမိန့်ကြားတော်မူလဲဆိုတော့ "ချစ်သားအာနန္ဒာ၊ စုန္ဒသတို့သား၊ စုန္ဒဒါယကာကို သင်ကတစ်ဆင့်ပြောကြားလေ မှာကြားတော်မူတယ်။ ငါဘုရားကိုယ်တော်မြတ်မှာ အင်မတန်ကြောက်လန့် ဖွယ်ကောင်းတဲ့ သွေးဝမ်းသွန်တဲ့ရောဂါဝေဒနာကြီး ဖြစ်ပေါ်နေတာ၊ စုန္ဒလှူဒါန်းသော ဝက်ပျိုသားဆွမ်းကိုစားလို့ ဖြစ်တယ်လို့ စိတ်ထဲမှာ မသက်မသာ ယူကြုံးမရ ဖြစ်လိမ့်မယ်။"

## ဆွမ်းနှစ်မျိုးကို ဘုဉ်းပေးသုံးဆောင်ခြင်းကြောင့် နိဗ္ဗာန်နှစ်မျိုးသို့ ပို့ဆောင်တော်မူခြင်း

(သုတ်မဟာဝါ၊ ၁၁၂-နှာ)

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူရတယ်လို့ ဒီလိုများ ယူဆရင်စုန္ဒစိတ်ထဲမှာ ရင်ကွဲမတတ် မသက်မသာဖြစ်လိမ့်မယ်လို့၊ အဲဒီလို မသက်မသာဖြစ်တဲ့ သဘာဝကိုသင်ကိုယ်တိုင် ဖြေဖျောက်ရမယ်၊ ဖြေဖျောက်ရမည့် အကြောင်းအရင်းကတော့ တခြားမဟုတ်ဘူး၊

http://www.dhammadownload.com



ချစ်သားစုန္ဒ သင်လှူဒါန်းသော ဝက်ပျို့သားဆွမ်းကိုစားခြင်းကြောင့် ကိုယ်တော်မြတ် သွေးဝမ်းသွန်သောရောဂါ ဝေဒနာဖိစီးနှိပ်စက်လို့ ပရိနိဗ္ဗာန်စံရတယ်ဆိုတဲ့စကားသည် လားလားမှမဟုတ်ဘူး။ မြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားသွားတဲ့စကားကို ငါတစ်ဆင့်ကြားလိုက်တယ်၊ စုန္ဒလှူဒါန်းသော ဝက်ပျို့သားဆွမ်းကို စားရခြင်းကြောင့် အားခွန်ဗလပြည့်ဖြိုးစွာနဲ့ ငါ့မှာ အနုပါဒိသေသနိဗ္ဗာန်ကို စံမြန်းတော်မူရတယ်၊ အင်မတန်အကျိုးထူးမြတ်သောဆွမ်းပဲလို့၊ ငါဘုရားဖြစ်တော်မူစက ဃနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်းပြီးတဲ့နောက် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ။ ဒါကြောင့် ပထမဆုံး သုဇာတာလှူသော ဃနာနို့ဆွမ်းသည် ဘုရားအဖြစ်သို့ ရောက်အောင်ပို့ဆောင်သော ဆွမ်းဖြစ်ခြင်းကြောင့်.(တစ်နည်း) သဉပါဒိသေသနိဗ္ဗာန်သို့ ပို့ဆောင်သောဆွမ်းဖြစ်ခြင်းကြောင့် အင်မတန် အကျိုးအာနိသင်ကြီးသော ဆွမ်းဖြစ်၏။

ဒါကြောင့် ဘုရားဖြစ်စက ဘုဉ်းပေးသုံးဆောင်ရသော သုဇာတာသတို့သမီး လှူဒါန်းတဲ့ ဃနာနို့ဆွမ်းရယ်၊ စုန္ဒသတို့သား လှူဒါန်းသော ဝက်ပျို့သားဆွမ်းရယ် ၎င်းဆွမ်းနှစ်ပါးသည် အခြားသော ဆွမ်းတကာတို့ထက် ကြီးသောအာနိသင်ဓာတ်ရှိလေ၏။ ငါဘုရားကိုယ်တော်မြတ်အား အထောက်အပံ့ပြုလေ၏။ သုဇာတာသတို့သမီးလှူဒါန်းသော ဃနာနို့ဆွမ်းကား သဉပါဒိသေသ နိဗ္ဗာနဓာတ်သို့ အရောက် ပို့ဆောင်တော်မူသော အကျိုးရှိလေ၏။ စုန္ဒသတို့သားလှူဒါန်းသော ဝက်ပျို့သားဆွမ်းက "အနုပါဒိသေသနိဗ္ဗာန"ဓာတ်သို့ ရောက်အောင် ပို့ဆောင်လေ၏။ ဒို့ကြောင့် ၎င်းဆွမ်းနှစ်ပါးသည် အကျိုးတူမျှကြ၏။ ငါဘုရားကိုယ်တော်မြတ် မိန့်ကြားတဲ့စကားကို ပြန်ပြီးတော့ ပြောကြားရမယ်၊ သူရဲ့သံသယကို ပယ်ဖျောက်ရမယ်လို့ မိန့်ကြားတော်မူတယ်။ အဲဒီလို မိန့်ကြားတော်မူပြီးတဲ့နောက်မှာ မြတ်စွာဘုရားကိုယ်တော်မြတ်က အရှင်အာနန္ဒာကို "ချစ်သားအာနန္ဒာ ဒီနေရာမှာနေလို့ မတော်ကြသေးဘူး၊ ကုသိနာရုံပြည်သို့အရောက် ကြွကြစို့ရဲ့" ဒီကနေ တစ်ဆင့် ခရီးလှမ်းကြပြန်တယ်၊ ဒီနေရာက တစ်ဆင့်ခရီးလှမ်းပြန်တော့ ရှေးကနဲ့ မတူပြန်ဘူး၊ ပိုပြီးတော့ ပင်ပန်းတော်မူလို့၊ အဲဒီနေရာကျတော့ လက်ဝဲဘက်က စုန္ဒမထေရ်၊ လက်ယာဘက်က ရှင်အာနန္ဒာတို့က တွဲလို့၊ အဲဒါ လဲထူလဲထပေါ့၊ ရှေ့တိုးနောက်ယိုင်တဲ့၊ မထိန်းနိုင် မသယ်နိုင်ဆိုတဲ့အနေမျိုးဖြင့် တဖြည်းဖြည်းနဲ့ ဖြစ်ပေါ်နေတဲ့ ဝေဒနာဒဏ်ကို သည်းခံပြီးတော့ ကိုယ်တော်မြတ် ကြွတော်မူတယ်။

ပါဝါပြည်နဲ့ကုသိနာရုံပြည်ကြား သုံးဂါဝုတ်မျှ ဝေးပါတယ်၊ မဝေးလှပါဘူး၊ ဒါပေမယ့် အဲဒီ ကုသိနာရုံပြည်အရောက် ကိုယ်တော်မြတ်ကြွလာတာ (၂၅)ကြိမ်တိတိ နားရပါတယ်၊ ဘယ်ထိအောင် ပင်ပန်းတော်မူလဲဆိုတဲ့ သဘောတွေပေါ့၊ ဒါပေမယ့်ဖြစ်ပေါ်တဲ့ ဝေဒနာဒဏ်ကို ကိုယ်တော်မြတ်က သည်းခံပြီးတော့ တစ်စတစ်စနဲ့ ကြွတော်မူလာတာ၊ အဲဒီညနေစောင်းအချိန်ရောက်တော့ ကုသိနာရုံ

http://www.dhammadownload.com



ပြည်ရောက်ကြရော ဆိုပါတော့၊ ကုသိနာရုံပြည်ရောက်တဲ့အခါကျတော့ ကုသိနာရုံပြည်မနဲ့ အလံငါးရာဝေးကွာတဲ့နေရာမှာ အင်ကြင်းဥယျာဉ်ရှိတယ်။ ကုသိနာရုံ မလ္လာမင်းတို့ ပျော်မြူးစံရာဆိုတဲ့ အင်ကြင်းဥယျာဉ်ထဲမှာ ဘုရားကိုယ်တော်မြတ်ဝင်လို့၊ ကိုယ်တော်မြတ်ဝင်ပြီးတော့ တောင်မြောက်လေးပါးကို ကြည့်ရှုတော်မူတဲ့အခါကျတော့ အင်ကြင်းပင်ပျိုနှစ်ပင်တို့၏ အစုံကြားမှာ မလ္လာမင်းသားတို့ပျော်စံရာအလို့ငှာ ခင်းထားအပ်သော ရတနာညောင်စောင်းကို မြင်တော်မူလို့ ရှင်အာနန္ဒာအား လက်ညှိုးညွှန်တယ်၊ "ချစ်သားအာနန္ဒာ ဟောဒီရတနာညောင်စောင်းကို မြောက်ဘက်သို့ ဦးခေါင်းထားပြီးခင်းတော့၊ ငါကိုယ်တော်မြတ် ပင်ပန်းတော်မူလှချည်လို့" ကိုယ်တော်မြတ် အထူးတလည်ပင်ပန်းတော်မူရှာတယ်။

အဲဒီတော့မှ ရှင်အာနန္ဒာလည်းပဲ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး အရုဏ်မိုးသောက်အလင်းဘက်ရောက်ရင် ပရိနိဗ္ဗာန်စံတော်မူတော့မယ်ဆိုတဲ့ မိန့်ခွန်းစကားကို ကြားကတည်းကမျက်ရည်နဲ့မျက်ခွက် ပြတ်တယ်လို့ မရှိရှာဘူး။ ဒါ့ကြောင့် မျက်စိကတတွေတွေနဲ့ စီးကျတဲ့ မျက်ရည်လည်းပဲ တစ်ဘက်ကသုတ်လျက်၊ တစ်ဘက်ကလည်း ညောင်စောင်းခင်းကို ပြင်လျက်ပေါ့။ ဒါကြောင့်မြောက်ဘက်ကို ဦးခေါင်းထားပြီးတော့ ရတနာညောင်စောင်းကြီးကို ခင်းပြီးတော့ ပြင်ဆင်ပြီးတဲ့အခါမြတ်စွာဘုရားကိုယ်တော်မြတ် လျှောက်ထားလို့ "အရှင်ဘုရား အင်းပျဉ်ညောင်စောင်းတော်ထက်ဝယ်လျောင်းစက်တော်မူပါဘုရား"လို့ အဲဒီမှာ ရတနာညောင်စောင်းထက်မှာ မြတ်စွာဘုရားကိုယ်တော်ကမြောက်ဘက် ဦးခေါင်းထားပြီးတော့ ကေသရာဇာခြင်္သေ့မင်းရဲ့ လျောင်းစက်တဲ့နည်းပမာ လက်ယာနံတောင်းဖြင့် လျောင်းစက်ခါ၊ သက်သာရာသက်သာကြောင်းအဖြစ်နဲ့ သီတင်းသုံးရှာတော်မူတယ်။ အဲဒီလို သီတင်းသုံးတော်မူတဲ့အခိုက်မှာပဲ ထိုရတနာညောင်စောင်းမှာ လွှမ်းဖုံးနေတဲ့ တောင်နဲ့မြောက်(တစ်နည်း) ခြေရင်းနှင့်ခေါင်းရင်းဆိုတဲ့ အင်ကြင်းပင်ပျိုနှစ်ပင်မှာလည်းပဲ အရွက်, အလက်, အခက်, အဖူး, အပွင့်တွေက အချိန်မဟုတ်ဘဲနဲ့ ဝေဝေဆာဆာ ဖူးလို့, ပွင့်လို့, အခက်ချင်း ယှက်လို့, အလက်ချင်းယှက်လို့, အဖူးချင်း ယှက်လို့, အပွင့်ချင်း ယှက်လို့ ကိုယ်တော်မြတ်ရဲ့ အစိန္တေယျဂုဏ်တွေပဲလို့။

မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် အသက်မရှိသော"အဝိညာဏက"ဆိုတဲ့ အင်ကြင်းပင်များပင်လျှင် အချိန်မကျဘဲနဲ့ အဖူးအပွင့် စုံညီစွာပွင့်ဖူးပြီးတော့ပေးကြတယ်။ ကိုယ်တော်မြတ်ရဲ့ကိုယ်တော်ပေါ်မှာ တဖျောက်ဖျောက်နဲ့ အင်မတန်မွှေးကြိုင်သင်းပျံ့သော ရနံ့သင်းလှတဲ့ အင်ကြင်းပန်းတွေဟာ ပန်းမိုးများ ရွာချသကဲ့သို့ ကိုယ်တော်မြတ်ရဲ့အပေါ်မှာပန်းတွေ မျက်နှာကျက်သဏ္ဍာန် ကြည်ညိုသပ္ပာယ်လှတဲ့အသွင်ကို ဆောင်နေတယ်၊ ဒါ့ထက် သလွန်ညောင်စောင်းရဲ့ခြေရင်း ခေါင်းရင်းဆိုတဲ့ တောင်နှင့်မြောက် အပင်နှစ်ပင်မှာလည်း အကိုင်းချင်းယှက်,

http://www.dhammadownload.com



အရွက်ချင်းယှက်လို့ အပွင့်အဖူးချင်းယှက် ဖူးပွင့်နေသလားလို့လည်း မေးစရာရှိတယ်။ အဲဒီကုသိနာရုံ မလ္လာမင်းတို့ ပျော်မွေ့စံရာဆိုတဲ့ အင်ကြင်း ဥယျာဉ်တစ်ခုလုံးမှာ ရှိသမျှ အင်ကြင်းပန်းတွေ မှန်သမျှ အချိန်မကျဘဲနဲ့ ဝေဝေဆာဆာ အဖူးအပွင့်စုံလင်စွာနဲ့ ပွင့်ကြတယ်၊ ပွင့်ရုံလားဆိုတော့ မကပါဘူးတဲ့၊ ပွင့်ရုံဖူးရုံ မဟုတ်သေးပါဘူးတဲ့၊ အကိုင်းချင်းယှက်၊ နှာမောင်းချင်းယှက်၊ အညွန့်ချင်းယှက်၊ အပွင့်ချင်းယှက်၊ ကိုယ်တော်မြတ်ရှိရာဘက်ကို အားလုံးပဲ သစ်ပင်တွေ ညွတ်ပြီးတော့ အသက်မရှိတဲ့ "အဝိညာဏက" ဖြစ်သော်လည်းပဲ အသက်ရှိသော "သဝိညာဏက"ကဲ့သို့ အသိဉာဏ်ထင်ရှားရှိသော သတ္တဝါများလိုပဲတဲ့၊ မြတ်စွာဘုရားရှိတော်မူရာဘက်ကို မျက်နှာမူကြတယ်၊ ဦးခေါင်းညွတ်ကြတယ်၊ ကိုယ်တော်မြတ်ကို ဝိုင်းဝန်းပြီးတော့ ပူဇော်ပသကြတဲ့အနေအားဖြင့် တစ်တောလုံး ဥယျာဉ်တစ်ခုလုံး ကျက်သရေဆောင်ပြီး နေလိုက်တာလို့၊ ရန့်တသင်းသင်းနဲ့။

ဒါပဲလား မေးစရာရှိတယ် မဟုတ်ပါဘူး၊ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းရှိသမျှ သစ်ပင် ပန်းပင် မှန်မှန်သမျှ အချိန်မကျသေးဘဲနဲ့ ဖူးကြ ပွင့်ကြ စုံစုံလင်လင်နဲ့၊ တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာနဲ့ လှလှပပ၊ ဝေဝေဆာဆာဆိုသလိုပဲ ဖူးရုံ ပွင့်ရုံတင်မဟုတ်ပါဘူးတဲ့။ ရှိသမျှတော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာအတွင်းမှာရှိကြတဲ့ အပင်မျိုးစုံ, ပန်းမျိုးစုံ, သစ်ပင်မျိုးစုံတို့ဟာ ဖူးရုံပွင့်ရုံမျှမက မြတ်စွာဘုရားကိုယ်တော်မြတ် သီတင်းသုံးတော်မူရာဘက်သို့ ရှိခိုးဦးတင်တဲ့အနေအားဖြင့် ဦးညွတ်ပြီး မျက်နှာလှည့်ကြတယ်တဲ့၊ ပူဇော်တဲ့အနေအားဖြင့်။ ဒါကလည်း မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ အံ့ဩလို့မဆုံး၊ ချီးမွမ်းလို့မကုန်၊ ဟောလို့ ပြောလို့ မကုန်ဆိုတဲ့ "ဗုဒ္ဓဂုဏအစိန္တိယျ"ဆိုတဲ့ ဂုဏ်ကျေးဇူး တွေနော်၊ ဗုဒ္ဓဂုဏာ-မြတ်စွာဘုရားကိုယ်တော်မြတ်၏ဂုဏ်တော် ကျေးဇူးတော်တို့သည်။ အစိန္တိယျာ-ကြံစည်အံ့ဩ ပြောလို့ ဟောလို့ မကုန်နိုင်ဘူးတဲ့၊

**ဧဝံ အစိန္တိယျာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယျာ။**
**အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။**

(ဗုဒ္ဓအပဒါန် စာပိုဒ် ၈၂၊ ၇-နှာ။ နေတ္တိ၊ ၁၁၈-နှာ)

ဧဝံ-ဤသို့သော အပြားအားဖြင့်။ ဗုဒ္ဓါ-ဘုရားဒြပ်တော်တို့သည်။ အစိန္တိယျာ-ချီးမွမ်းအံ့ဩ၍ မကုန် နိုင်။ ဗုဒ္ဓဓမ္မာ-ဘုရား၏ဂုဏ်ကျေးဇူးတော်တို့သည်။ အစိန္တိယျာ-ချီးမွမ်း၍မကုန်နိုင်။ (တစ်နည်း ကား) ဗုဒ္ဓါ-ဘုရားဂုဏ်ကျေးဇူးတော်တို့သည်။ အစိန္တိယျာ-အံ့ဩချီးမွမ်း၍မကုန်နိုင်။ ဧဝံ-ဤသို့။ အစိန္တိယေ-အံ့ဩချီးမွမ်း၍ မကုန်နိုင်သော ဘုရားဒြပ်တော် ဘုရားဂုဏ်တော်တို့၌၊ (ဝါ) ဘုရား ဂုဏ်ကျေးဇူး ဘုရားတရားတော်၌။(ဝါ) ပသန္နာနံ-သဒ္ဓါကြည်ညိုကုန်သောသူတို့အား၊ အစိန္တိယော-အံ့ဩချီးမွမ်း၍မကုန်နိုင်သော။ ဝိပါကော-အကျိုးသည်။ ဟောတိ-စင်စစ်မသွေ ဖြစ်ပါပေ၏။

http://www.dhammadownload.com



ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော် ကျေးဇူးတော်ကိုက အဆုံးအစမရှိ အံ့ဩလို့မကုန်၊ ချီးမွမ်းလို့ မကုန်တဲ့၊ ဟောလို့ ပြောလို့ မကုန်တဲ့၊ အဲဒီလို အံ့ဩချီးမွမ်း ဟောလို့ပြောလို့ မကုန်သော ဂုဏ်တော်နဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို အထူးသဖြင့် ကြည်ညို လေးစားကြတယ်၊ ရှိခိုးပူဇော်ကြတယ်ဆိုတဲ့ပုဂ္ဂိုလ်များလည်း "ကုသလံ သဒိသံ ဝိပါကံ ဇနေတိ"ဆိုတဲ့ အတိုင်း တူသောအကျိုးပြန်ပေးတယ်။ ဒီလို ကြံစည်အံ့ဩ ပြောလို့ ဟောလို့ မကုန်တဲ့ အကျိုးထူး တရားမြတ်တွေ အမှန်ရနိုင်ပါတယ်လို့ ကိုယ်တော်မြတ်နှုတ်တော်က ထုတ်ဖော်ပြီး ဟောထားတဲ့ ဒေသနာတော်လည်း ထင်ရှားရှိပါတယ်။ ဒါကြောင့် ကြံစည်အံ့ဩ ပြောလို့, ဟောလို့မကုန်သော မြတ်စွာဘုရားတော်မြတ်ရဲ့ ဂုဏ်တော်ကျေးဇူးများကို အမြဲတစေ ချီးမွမ်းနေကြတဲ့ ပုဂ္ဂိုလ်များသည် မိမိတို့ပြုထားတဲ့ ထိုကုသိုလ်တရားဟာ ကြံစည်အံ့ဩ ပြောလို့ ဟောလို့ မကုန်နိုင်ဘူးတဲ့ "ကမ္မဝိပါကော အစိန္တိယော"ဆိုသလိုပေါ့၊ ပြောလို့လည်း မကုန်နိုင်ဘူး၊ အံ့ဩလို့လည်း မကုန်နိုင်ဘူး၊ ချီးမွမ်းလို့လည်း မကုန်နိုင်ဘူးဆိုတဲ့ အကျိုးထူး ဝိသေသတွေ မုချမသွေရနိုင်ပေတယ်လို့၊ ဒါ မြတ်စွာဘုရားကိုယ် တော်မြတ်ရဲ့ ဂုဏ်ကျေးဇူးများဖြစ်တယ်။

"ဓမ္မဂုဏာ အစိန္တိယာ"ပါဠိတော်စကားအရ တရားတော်မြတ်ရဲ့ ဂုဏ်ကျေးဇူးလည်း ထိုနည်းအတိုင်းပဲ၊ "သံဃဂုဏာ အစိန္တိယာ"ပါဠိတော်စကားအရ သံဃာတော်မြတ်ရဲ့ဂုဏ်ကျေးဇူး လည်းပဲ ဒီလိုပါပဲ၊ ဒီလိုပဲ အစိန္တိယဂုဏ်နဲ့ ပြတာပါပဲ၊ ဒါကြောင့် "ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။ အစိန္တိယေ့ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော"စကားအရ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ် ရတနာမြတ်သုံးပါးတို့ရဲ့ဂုဏ်ကျေးဇူးကို အထူးသဖြင့် ယုံယုံကြည်ကြည်နဲ့ ဆည်းကပ် ကိုးကွယ်နေကြတယ်ဆိုတဲ့ပုဂ္ဂိုလ်များဟာ ထိုစေတနာ ပသန္နစိတ်ထားကြောင့်၊ (သို့မဟုတ်) စေတနာ ဓာတ်တွေကြောင့် တူသော အကျိုးကို ပြန်ပေးလို့၊ ကြံလို့, စည်လို့, အံ့ဩလို့ မကုန်နိုင်တဲ့ အကျိုးထူး တရားတွေကို ရနိုင်ပါတယ်တဲ့၊ **အောင်ဘာလေ ထီတွေချည်းပဲ** သိပ်ထိုးမနေကြနဲ့၊ အဲဒါတွေကို ကြိုးစားကြ၊ ထီထိုးတော့ မက်မောစိတ်လေး ရှိတာပေါ့လေ။ ငါ ဒီတစ်ပတ်တော့ သိန်းထီပေါက်လိမ့်မယ်၊ တော်ကြာ ထီစာရင်းထွက်လာတော့ သိန်းထီမပေါက်ဘူး၊ ပထမနံပါတ်တွေ ကုန်သွားတယ်၊ သိန်းထီဆု ကလည်း ကုန်သွားပြီဆိုတော့ ဒုတိယဆုရလည်း မနည်းဘူးတဲ့၊ တစ်ဆင့်လာပြန်ပြီ။ ဒုတိယဆုကို ပြန်နားထောင်၊ ဒုတိယဆုလည်းမပါ၊ အမယ် . . . တတိယဆုလည်း မနည်းဘူးဟဲ့၊ တစ်ခါလာပြန် တယ်၊ တတိယဆုလည်း မပါပြန်တော့ ပျမ်းမျှအားဖြင့် ငါးရာတန်ရလည်း မနည်းလှဘူးတဲ့၊ ဒီလိုဖြစ်ကြတယ်။

http://www.dhammadownload.com



ဒါကြောင့် မိမိတို့မှာ အင်မတန်မှ လိုချင် တပ်မက်မောနေတဲ့ အကျိုးထူးတရားတွေများ၊ လောကီအကျိုး၊ လောကုတ္တရာအကျိုး အမျိုးမျိုးတွေပေါ့၊ အဲဒီအကျိုးထူးတရားတွေများ စိတ်ဆန္ဒဓာတ် အလျောက် ပြည့်ဝစေချင်ရင်၊ လိုလားစေချင်ရင်လို့ အခု ပြောသွားတဲ့ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်, ရတနာမြတ်သုံးပါးဂုဏ်ကို အထူးသဖြင့် ယုံယုံကြည်ကြည်နဲ့ နှစ်နှစ်သက်သက် မြတ်မြတ်နိုးနိုး ဆိုသလိုပဲ ကိုးလည်းကိုးကွယ်၊ ဆည်းလည်းဆည်းကပ်၊ ကြည်လည်း ကြည်ညိုကြပါ။ ဒါကြောင့် ဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတဲ့ဒေသနာတော်က ပြတယ်၊ "ကုသလံ သဒ္ဓိသံ ဝိပါကံ ဇနေတိ" ကိုယ်တော်မြတ်ရဲ့ဂုဏ်ကျေးဇူးသည် အံ့ဩလို့မကုန်သလို မိမိကိုကြည်ညိုတဲ့ ပုဂ္ဂိုလ်လည်းပဲ အံ့ဩလို့, ချီးမွမ်းလို့ မကုန်နိုင်တဲ့ ကျေးဇူးတရားတွေ ရပါလိမ့်မယ်လို့၊ အမြဲတစေ ယုံကြည်ပြီးတော့ ကိုးလည်းကိုးကွယ်ပေါ့လေ၊ ဆည်းလည်း ဆည်းကပ်ပါ။ ဒီနေရာမှာ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတော့မယ်ဆိုတဲ့ အခန်းလေးလည်း နီးလာပြီ။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်သည် ရတနာညောင်စောင်းမှာ လျောင်းစက်ပြီးတော့ ခေတ္တအနားယူ တော်မူတဲ့အခါ၊ ရှိသမျှ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ အဖြာဖြာက သစ်ပင်, ပန်းပင်, အင်ကြင်းပင်တို့သည် အချိန်ကာလ မဟုတ်ဘဲနဲ့ အပွင့်အဖူးတွေစုံညီစွာ ပွင့်ဖူးပြီးတဲ့အပြင် မြတ်စွာဘုရားကိုယ်တော်မြတ်ဘက်သို့ မျက်နှာမူကြသလို ရှိခိုးပူဇော်သလိုပဲလို့၊ အကုန်လုံး ဦးညွတ်လျက် ကြည်ညိုကြတယ်။

မြတ်စွာဘုရားကိုယ်တော်မြတ်သည် အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ ပြင်းထန်သော သွေးသွန်တဲ့ ရောဂါဝေဒနာဆိုးကြီး နှိပ်စက်လို့ ကိုယ်တော်မြတ်က ပင်ပန်းတော်မူတယ်။ ကကုဓာ မြစ်ထဲကို ရေဆင်းသပ္ပာယ်လို့ ကိုယ်တော်တိုင် ရေသုံးဆောင်တော်မူပြီး ကုန်းပေါ်ပြန်တက်တဲ့အခါ သရက်ဥယျာဉ်အတွင်းမှာပဲ ဒုကုဋ္ဌသင်္ကန်းခင်းပြီးတော့ ကိုယ်တော်မြတ် ခေတ္တခဏအနားယူတယ်၊ အပန်းပါဖြေလို့ သက်သာခွင့်ရတော့ ဒီက တစ်ခါထပြီးတော့ ကုသိနာရုံပြည်အရောက် လှမ်းတော့ ကိုယ်တော်မြတ်က ပင်ပန်းတော်မူလိုက်တာလို့ ရှေ့ထိုးနောက်ယိုင်တဲ့၊ ကယိုင်ကယိမ်း ကတိမ်းကပါးလို့ လက်ဝဲဘက်က စုန္ဒမထေရ်တွဲလို့၊ လက်ျာဘက်က ရှင်အာနန္ဒာကိုယ်တော်မြတ်တွဲလို့ အဲဒီလိုတွဲလို့ တဖြည်းဖြည်းနဲ့ ကြွလာတယ်၊ ကုသိနာရုံပြည်ရောက်တဲ့အခါကျတော့ မလ္လာမင်းတို့ ပျော်မြူးစံရာဆိုတဲ့ အင်ကြင်းဥယျာဉ်ရောက်တော့ နေလည်းအတော်ကျပေါ့၊ ညနေစောင်း အဲဒီပါဝါပြည်နဲ့ ကုသိနာရုံ စခန်းကို လမ်းဘယ်လောက်ခရီးဝေးသလဲဆိုရင် သုံးဂါဝုတ်လောက် ရှိပါတယ်လို့။ အဲဒါသုံးဂါဝုတ် လောက်ဆိုတဲ့ပမာဏရှိတဲ့ခရီးကို ကိုယ်တော်မြတ်သည် အဲဒီကြားမှာ ခဏခဏနားလာတာ ဘယ်လောက်များသလဲဆိုရင် နှစ်ဆယ့်ငါးခါတိတိ နားခဲ့ရတယ်၊ အဲဒါပင်ပန်းတော်မူလွန်းလို့ ကုသိနာရုံပြည် မလ္လာမင်းတို့ ပျော်ပါးစံရာဆိုတဲ့ အင်ကြင်းဥယျာဉ်ဝင်တော်မူတဲ့ အခါကျတော့ ကိုယ်တော်မြတ်က

http://www.dhammadownload.com



ကြည့်ရှုတော်မူတယ်၊ ဘယ်နေရာသင့်တော်သလဲလို့ ကြည့်တော်မူတဲ့အခါကျတော့ မလ္လာမင်းများ ပျော်မွေ့စရာအလို့ငှာ ခင်းထားသော ရတနာညောင်စောင်းတော်ကို မြင်လို့ ရှင်အာနန္ဒာအား မိန့်ကြား တော်မူတယ်။

## သလွန်ညောင်စောင်း မြောက်ဘက်ဦးခေါင်းထားပုံ

ချစ်သားအာနန္ဒ ဤညောင်စောင်းကို ယူပြီးတော့ အင်ကြင်းပင်ပျို နှစ်ပင်တို့၏ အစုံအကြား မှာ မြောက်ဘက်ဦးခေါင်းထား၍ ခင်းတော့လို့၊ ရှင်အာနန္ဒကိုယ်တော်မြတ်လည်း နက်ဖြန်ခါ မနက် အရုဏ်တက်တဲ့အချိန်လောက်မှာ ကိုယ်တော်မြတ်ပရိနိဗ္ဗာန်စံတော်မူတော့မယ်ဆိုတဲ့အကြောင်းလည်း ကောင်းကောင်းကြီး သိပြန်တော့ မျက်ရည်မဆည်နိုင်ရှာပါဘူး။ တတွေတွေစီးကျတဲ့ မျက်ရည်လည်း တစ်ဘက်က သုတ်လို့ တစ်ဘက်ကလည်း အိပ်ရာညောင်စောင်း ပြင်လို့ မြောက်ဘက်သလွန် ညောင် စောင်းကြီး ဦးခေါင်းထားလို့ အဲဒီနေရာလည်းပဲ ကျမ်းဂန်ကတော့ "ဥတ္တရသီသကံ မဉ္စကံ ပညပေဟိ" (သုတ်မဟာဝါပါဠိတော်၊ ၁၁၃-နှာ) တိုက်ရိုက်လာပါတယ်၊ မြောက်ဘက်ကို ဦးခေါင်းထားတော်မူ တယ်လို့။

ဒါပေမယ့် တချို့ဆရာတွေက "ဥတ္တရဒိသာဝိလောကနမုခံ ပုဗ္ဗဒိသာသီသကံ ကတွာ မဉ္စကံ ပညာပေဟီတိ အတ္ထောတိ ဝဒန္တိ၊ တံ တေသံ မတိမတ္တံ။ (သုတ်မဟာဝဋ္ဋီကာ၊ စာပိုဒ်၊ ၁၉၈) ဒီလို လာတယ်၊ အရှေ့မြောက်ဘက်ကို ဦးခေါင်းထားတယ်လို့ ရေးသားကြတယ်၊ တချို့ကလည်း အရှေ့ ဘက်ကို ဦးခေါင်းထားတယ်၊ ကိုယ်တော်မြတ်၏မျက်နှာသာ မြောက်ဘက်မူတယ်လို့၊ ဒီလိုလည်းပဲ အယူအဆတွေ အများကြီးကွဲကြတယ်၊ စာဆိုတာဒီလိုပါပဲ၊ သိပ်တော့မဆန်းပါဘူး၊ သူတစ်မျိုး ငါတစ်ဖုံနဲ့၊ ကိုယ်ကြိုက်ရာ ကိုယ်ယူဆပြီးတော့ ရေးကြတာ။ အဲဒီအထဲမှာ ဒီလိုအယူဝါဒအမျိုးမျိုးတွေ ကွဲသော်လည်းပဲ ကိုယ်စိတ်ထဲမှာ တော်တော်လေး ပိုင်ပိုင်နိုင်နိုင်ထင်တဲ့ ကြိုက်တဲ့ဝါဒကိုတော့ စွဲစွဲမြဲမြဲ ယုံကြည်ရတာပေါ့၊ တခြားမဟုတ်ပါဘူး၊ ဝါဒကွဲဆိုတာ။ ဒါတွေလျှောက်ပြီးတော့ မညီညီအောင် တစ်ယောက်နဲ့ တစ်ယောက် အယူအဆ မတူတူအောင် ပြင်လို့လည်း ဆုံးစရာအကြောင်းမရှိဘူး။ တစ်သာသနာလုံး ဒီလိုပဲနေတာပါပဲ၊ ဘယ်အယူအဆဖြစ်ဖြစ် ဒီလိုပဲ၊ ပဋိပက္ခရှိတာချည်းပဲ၊ သူက အရှေ့ဆိုသူက အနောက်, သူကတောင်ဆို သူကမြောက်, စာပေအနေအားဖြင့် ဒီလိုလာကြတယ်။

ဒီတော့ မြတ်စွာဘုရားကိုယ်တော်ရဲ့ လျောင်းတော်မူရာဆိုတဲ့ ရတနာသလွန်ညောင်စောင်း ဟာ မြောက်ဘက်သို့ ဦးခေါင်းထားပြီးတော့ အရှင်အာနန္ဒာက ခင်းတယ်လို့ ပါဠိတော်မှာ တိုက်ရိုက် လာတယ်၊ "ဥတ္တရာဒိသာဝိလောကမုခံ ပုဗ္ဗဒိသာသီသကံ ကတွာ မဉ္စကံ ပညာပေဟီ"လို့ မြောက်ဘက်

http://www.dhammadownload.com



ဦးခေါင်းထားပြီး ခင်းတာ တိုက်ရိုက်ကြီးရှိတယ်၊ အဲဒါတိုက်ရိုက်ရှိတာမို့ မဟုတ်သေးဘူး၊ "ဥတ္တရာ"ဆိုတဲ့ စာအရလာပြန်တော့ အရှေ့မြောက် ဒီလိုပဲလာပြန်တယ်၊ အမျိုးမျိုးပေါ့။ တချို့ ကလည်း မဟုတ်ဘူး၊ အရှေ့ဘက် ဦးခေါင်းထားတယ်၊ ကိုယ်တော်မြတ် မြောက်ဘက်သာ မျက်နှာမူတာ၊ ဒီလိုလည်း ယူကြတယ်။ ကိုယ်ကြိုက်တာ ကိုယ်ယူတော့လို့ အဲဒီရတနာသလွန်ညောင်စောင်း ခင်းပြီးတဲ့အခါကျတော့ မြတ်စွာဘုရားကိုယ်တော်မြတ်အားလျှောက်ထားလို့ "အရှင်ဘုရား ရတနာသလွန်ညောင်စောင်း ခင်းလို့ပြီးပါပြီ၊ လျောင်းတော်မူပါဘုရား"လို့ လျှောက်တယ်။

## ကုသိနာရုံပြည်မှာ ပရိနိဗ္ဗာန်မစံတော်မူဖို့ တောင်းပန်ခြင်း

(သုတ်မဟာဝါ၊ ၁၂၁၊ နှာ)

အဲဒီတော့မှ မြတ်စွာဘုရားကိုယ်တော်မြတ်က ရတနာသလွန်ညောင်စောင်းမှာ ကေသရာဇာခြင်္သေ့မင်းတို့ရဲ့ လျောင်းတော်မူတဲ့အနေအားဖြင့် လက်ယာနံတောင်းဖြင့် လျောင်းတော်မူတယ်လို့၊ အဲဒီအခါမှာ ရှင်အာနန္ဒာက မြတ်စွာဘုရားကိုယ်တော်မြတ်အား လျှောက်ကြားတယ်၊ "အရှင်ဘုရား ဒီကုသိနာရုံပြည်မှာ လာပြီးတော့ ပရိနိဗ္ဗာန်စံတော်မူသည်မှာ မသင့်တော်ပါဘူးဘုရား၊ ကုသိနာရုံပြည်ကတော့ သာမန်ပြည်နယ်လေးဖြစ်ပါတယ်တဲ့၊ ကြီးကျယ်ခန်းနား အံ့ဖွယ်ဘနန်း အင်မတန်ဆန်းကြယ်တဲ့ မဟာရာဇဌာနီဖြစ်ကြတဲ့ သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ကောသမ္ဗီ၊ သာကေတ၊ စမ္ပာ၊ ဗာရာဏသီ အစရှိတဲ့ မြို့ကြီးပြကြီးတွေ ရှိပါတယ်တဲ့၊ တိုင်းကြီး, ပြည်ကြီးတွေ ရှိပါတယ်တဲ့၊ အဲဒီတိုင်းကြီး, ပြည်ကြီးတွေမှာ မဟာသာလခတ္တိယမျိုး၊ ဗြာဟ္မဏမျိုး၊ ဂဟပတိမျိုး အစရှိတဲ့ တကယ်တန်ဖိုးရှိတဲ့၊ တကယ်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ပြည့်နေတဲ့တိုင်းကြီး ပြည်ကြီးတွေမှာ အရှင်ဘုရားကိုလည်း ထိုခတ္တိယမျိုးတို့၊ ဗြာဟ္မဏမျိုးတို့၊ ဂဟပတိ မျိုးတို့ ဆိုတဲ့ ပုဂ္ဂိုလ်များသည် အထူးသဖြင့် ကြည်ညိုလေးစားကြပါတယ်တဲ့၊ ကြီးကျယ်ခမ်းနားတဲ့ တိုင်းကြီး ပြည်ကြီးများလည်းပဲဖြစ်ကြပါတယ်၊ အဲဒီတိုင်းကြီး ပြည်ကြီးတွေမှာ အရှင်ဘုရားပရိနိဗ္ဗာန်စံယူဖို့ သင့်ပါတယ်ဘုရားလို့ လျှောက်ထားကြတယ်။

## အကြောင်းသုံးချက်တို့ဖြင့် ကုသိနာရုံပြည်မှာ ပရိနိဗ္ဗာန်စံတော်မူခြင်း

မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီနေရာမှာ အခွင့်ကောင်းပေါ်လာတယ်၊ မူလကတည်းက ပါဝါပြည်ကနေပြီးတော့ ကုသိနာရုံပြည်ကို အင်မတန်ဖိစီးနှိပ်စက်တဲ့ ဝေဒနာကြီးရဲ့ဒဏ်ချက်ကို သည်းခံတော်မူပြီးတော့ အပင်ပန်း, အနွမ်းအနယ်ခံပြီးတော့ ဒီမှာလာပြီး ပရိနိဗ္ဗာန်စံတာဟာ ကိုယ်တော်မြတ်က အကြောင်းမဲ့မဟုတ်ပါဘူးတဲ့။ ဒီကုသိနာရုံပြည်လာပြီးတော့ ပရိနိဗ္ဗာန်စံတဲ့ကိစ္စဟာ "မဟာသုဒဿန-

http://www.dhammadownload.com



စက္ကဝတ္တိသုတ်တော်ကြီးကို ထုတ်ဖော်ဟောပြလိုတာက တစ်ချက်၊ ပရိနိဗ္ဗာန်စံယူခါနီး နောက်ဆုံးအနေအားဖြင့် သုဘဒ္ဒပရိဗိုဇ်ကိုလည်းပဲ ဆုံးမလိုတာက တစ်ချက်၊ ထိုနောက် ပရိနိဗ္ဗာန်စံတော်မူတဲ့အခါ တေဇောဓာတ်လောင်လို့ ကြွင်းကျန်တဲ့ ဓာတ်တော်အသီးသီးကို ဝေငှလို့ အငြင်းအခုံပွားတဲ့အခါ ဒေါဏပုဏ္ဏားက ဖြန်ဖြေစရာအကြောင်းရှိတာက တစ်ချက်၊ ဒီအကြောင်းသုံးချက်တို့ကို ရှေးရှုပြီးတော့ ကိုယ်တော်မြတ်သည် အပင်ပန်းအနွမ်းအနယ်ခံပြီးတော့ ထိုကုသိနာရုံပြည်သို့ ကြွခြင်းဖြစ်တယ်။ တစ်ပါးသော တိုင်းကြီးပြည်ကြီးများမှာ ပရိနိဗ္ဗာန်မစံကောင်းလို့ မဟုတ်ပါဘူးတဲ့။ ဒီတော့ ရှင်အာနန္ဒာလျှောက်ထားတဲ့အခါမှာ ကိုယ်တော်မြတ်က ၎င်းစက္ကဝတ္တိသုတ်ကြီးကို ဟောဖို့ အချက်ကလေးပေါ်လာတယ်၊ ချစ်သားအာနန္ဒာ သင်ကတော့ ကုသိနာရုံပြည်ငယ်လေးသည် တိုင်းကားပြည်နယ်လေးတစ်ခုဖြစ်ကြောင်းပါဘုရားလို့ သင်လျှောက်ထားတယ်။

တိုင်းကားပြည်ငယ်မဟုတ်ဘူးတဲ့၊ အခုသာလျှင် ကုသိနာရုံပြည်လို့ ခေါ်တာ၊ ငါအလောင်းတော်မြတ် စကြာရတနာကိုရလို့ လေးကျွန်းသနင်း "စက္ကဝတ္တိ"ဆိုတဲ့ စကြဝတေးမန္ဓာတုမင်း ဖြစ်စဉ်အခါက ထိုကုသိနာရုံပြည်သည် ကုသာဝတီမည်သော မဟာရာဇဓာနီပြည်ကြီး ဖြစ်ခဲ့ဖူးတယ် ဆိုတဲ့အကြောင်းကိုပြပြီးတော့ ဒီတော့မှ စက္ကဝတ္တိသုတ်ကို မြတ်စွာဘုရားကိုယ်တော်မြတ် ထုတ်ဖော်ပြီး ဟောကြားတော်မူတယ်။ အဲဒီလို စက္ကဝတ္တိသုတ်ဒေသနာတော်ကို ဟောကြားတော်မူပြီးတဲ့နောက် မြတ်စွာဘုရားကိုယ်တော်မြတ် ထိုရတနာညောင်စောင်းမှာ လျောင်းစက်ပြီးတဲ့အခါ ခြေရင်းဘက်က အင်ကြင်းပင်၊ ခေါင်းရင်းဘက်က အင်ကြင်းပင်၊ အင်ကြင်းပင်ပျိုများလည်းပဲ အခက်ချင်းယှက်လို့၊ အရွက်ချင်းယှက်လို့၊ နှာမောင်းချင်းယှက်လို့ အချိန်မဟုတ်သော်လည်း အပွင့်၊ အဖူးတွေ ဆင့်ကာဆင့်ကာ ပွင်းဖူးလို့ မြတ်စွာဘုရားကိုယ်တော်မြတ်အပေါ်ကို ပန်းဝတ်မှုံပန်းပွင်တို့ဖြင့် ကြဲပက်ချ၍ ပူဇော်ကြတယ်တဲ့၊ ဒါ"အဝိညာဏက-"အသက်မရှိတဲ့ သစ်ပင်များသည်ပင်လျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ဂုဏ်တော်, ကျေးဇူးတော်တွေကို အသက်ရှိတဲ့ "သဝိညာဏက" သတ္တဝါများလို နောက်ဆုံးပူဇော်ခြင်းဆိုတဲ့အနေနဲ့ ပူဇော်ကြတယ်။ ဒီနှစ်ပင်လုံးပဲလားဆိုတော့ မဟုတ်ဘူး၊ အင်ကြင်းဥယျာဉ်တစ်ခုလုံးရှိတဲ့ သစ်ပင်ပန်းပင်မှန်သမျှ အချိန်မကျဘဲနဲ့ အဖူးအပွင့် စုံညီစွာဖြင့် ဆင့်ကာ ဆင့်ကာဖူးကြပွင့်ကြတယ်၊ အခက်ချင်းယှက်, အရွက်ချင်းယှက်, အလက်ချင်းယှက်, နှာမောင်း ချင်းယှက်ဖူးပွင့်စုံညီစွာဖြင့် အသက်ထင်ရှားရှိတဲ့ ပုဂ္ဂိုလ်များသည် မြတ်စွာဘုရားထံသို့ ဦးညွှတ်ဘိသကဲ့သို့ "အဝိညာဏက" အသက်မဲ့သော သစ်ပင်ပန်းပင်များ သည်လည်းပဲ မြတ်စွာဘုရား ကိုယ်တော်မြတ်ရှိတော်မူရာဘက်သို့ ဦးညွှတ်ပြီး ပူဇော်ကြပါတယ်တဲ့။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး၊ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း ရှိရှိသမျှ အားလုံးသော တော, တောင်, ရေ, မြေ, သမုဒ္ဒရာ အဖြာဖြာသော သစ်ပင်, ဝါးပင်တို့သည် အချိန်မကျဘဲနဲ့ အပွင့်,

http://www.dhammadownload.com



အသီး, အကြီး, အငယ်, အရွယ်, အလတ်အထပ်ထပ်သော ပန်းပွင့်, ပန်းဝတ်မှုန်တို့ဖြင့် စုံစုံလင်လင် စိစိရိရိရွေ့လျား၍ မြတ်စွာဘုရားကိုယ်တော်မြတ်ရှိတော်မူရာဘက်သို့ ဦးခေါင်းညွတ်လျက် ရှိကြ၏၊ ယူဇနာသုံးထောင်အကျယ်အဝန်းရှိသော ဟိမဝန္တာတောင်မင်းနှင့်တကွသော တစ်တောလုံး, တစ်တောင်လုံးမှာ ရှိသမျှ သစ်ပင်, ဝါးပင်, ပန်းမာလ်အဖြာဖြာတို့သည်၊ အချိန်ရာသီမဟုတ်ဘဲနဲ့ အသီးအပွင့်တို့ဖြင့် စွင့်ကာစွင့်ကာ ပွင့်ကြ၏။ မြတ်စွာဘုရားကိုယ်တော်မြတ်ရှိရာဘက်သို့ ဦးညွတ်၍ ပူဇော်ကြကုန်၏။ ဒါပဲလား မကသေးပါဘူး၊ စကြာဝဠာတိုက်တစ်သောင်းမှာရှိသမျှသော သစ်ပင်အပေါင်းတို့သည် အားလုံးသော "အဝိညာဏက" အသက်ဝိဉာဏ်ကင်းမဲ့နေတဲ့ သစ်ပင်, ဝါးပင်အပေါင်း တို့သည် အချိန်မကျဘဲနဲ့ အသီးအပွင့်စုံညီစွာဖြင့် ဖူးကြ, ပွင့်ကြ ဝေဝေဆာဆာရှိလျက် မြတ်စွာဘုရားကိုယ်တော်မြတ်ရှိတော်မူရာဘက်သို့ ဦးညွတ်လျက် ပူဇော်ကြကုန်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်၏ တန်ခိုးတော် အင်မတန်ကြီးမားတယ်။

ဒါတင်ပဲလား မဟုတ်သေးဘူး၊ အသက်မရှိသော "အဝိညာဏက" သစ်ပင်, ဝါးပင်, တော, တောင်, ဆိုတဲ့ အရာဝတ္ထု အစုစုတို့ကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံလို့ ထိုသစ်ပင်, ဝါးပင်, ပန်းပင်အစုံတို့က ဘာနဲ့တူသလဲဆိုလို့ရှိရင်တဲ့၊ တစ်ပေါင်းတည်း စုစည်းအပ်သော ဒေါင်းမြီးယပ်ကဲ့သို့လည်းကောင်း၊ တစ်ပေါင်းတည်းစုစည်း၍ စိုက်ပျိုးအပ်သော ကြာပင်အိုးကဲ့သို့လည်းကောင်း၊ စကြာဝဠာတစ်ခုလုံး ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ တန်ခိုးတော်အနန္တ အသီးသီးဖြစ်ပေါ်လာတဲ့သဘာဝ၊ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး၊ အင်ကြင်းဥယျာဉ်တွင်းမှာရှိကြတဲ့ ဘုမ္မဇိုနတ်များကလည်း အမွန်မြတ်ဆုံး အကောင်းဆုံးဆိုတဲ့ ပန်းဝတ်မှုန်တို့ကို ယူဆောင်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ပန်းဝတ်မှုန်တို့ဖြင့် ဖြန့်ဖြူးပြီးတော့ ပူဇော်ကြတယ်။ ဒါတင်ပဲလား မဟုတ်သေးပါဘူး၊ ကောင်းကင်မှာရှိတဲ့ နတ်များကလည်း သိင်္ဂီရွှေအဆင်းကဲသို့ တဝင်းဝင်းတညီးညီး ထီးရွက်ပမာဏရှိသော မန္ဒာရဝအမည်ရှိသော နတ်ပန်းမိုးဖြင့် ရွာသွန်း၍ ပူဇော်ကြတယ်။ မန္ဒာရဝနတ်ပန်းဆိုတာ ထီးရွက်ပမာဏရှိတယ်၊ ကြီးလည်းကြီးတယ်၊ ရွှေအရောင်အဆင်းလည်းရှိတယ်၊ အနံ့အားဖြင့် အင်မတန်မွှေးကြိုင်တဲ့ နတ်ပန်းခေါ်တယ်၊ အဲဒီနတ်ပန်းမိုးတို့ဖြင့် ရွာသွန်းဖြိုးတော်မူကြ၍ ပူဇော်ကြကုန်၏။

ဒါပဲလားဆိုတော့ မဟုတ်သေးပါဘူး၊ မြင်းမိုရ်တောင်ခြေ၌ နေကြကုန်သော နဂါး, ဂဠုန်, ကုမ္ဘဏ်, အသူရာအစရှိသော နတ်အပေါင်းတို့သည်လည်း ပန်းဝတ်မှုန်တို့ဖြင့် အစုံအစုံ ကျဲဖြန့်တဲ့အပြင် ရတနာပန်းပေါက်ပေါက်တို့ဖြင့်လည်းပဲ မြတ်စွာဘုရားအပေါ်မှာ ကျဲဖြန့်၍ပူဇော်ကြကုန်၏။ အသီးသီးသော စကြာဝဠာတစ်သောင်းမှာရှိကြတဲ့ နတ်ပြဟ္မာတွေလာပြီးတော့ စုပေါင်းလို့ နတ်တို့၌ဖြစ်သော

http://www.dhammadownload.com



အခိုး, အပွင့်, အမွှေး, အကြိုင်, အနံ့မျိုးစုံနဲ့ လာပြီးတော့ ပူဇော်ကြတယ်။ ဒါပဲလား မဟုတ်သေးပါဘူး၊ နတ်တို့၌ဖြစ်တဲ့ စောင်းငြင်းပတ္တလား တူရိယာဆိုတဲ့ အတီးအမှုတ်မျိုးစုံတို့ဖြင့်လည်း ပူဇော်ကြတယ်၊ ကိုယ်တော်မြတ်ကို ဝိုင်းပြီးတော့ ပူဇော်ကြတယ်။

အဲဒီထဲမှာ အံ့ဖွယ်ဘနန်း ဆန်းကြယ်တဲ့ ပူဇော်ခြင်းဆိုတဲ့ သဘောလေးတစ်ခုကို (သုတ်မဟာဝဂ်၊ အဋ္ဌကထာ၊ ၁၆၇-နှာ)ပြောရဦးမယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ် အလောင်းတော်ဘဝ တာဝတိံသာနတ်ပြည်ကနေ စုတေပြီးတော့ လူ့ပြည်လာပြီး မြတ်စွာဘုရားအလောင်းတော်မြတ် ပဋိသန္ဓေယူတော့မယ်လို့ ကြားစဉ်အခါက ဝေဟပ္ဖိုလ်ဘုံမှာ အသက်ရှည်စွာနေကြတဲ့ “ဝရုဏဝါရုဏ” အမည်ရှိတဲ့ နတ်မျိုးတွေဟာ ဘုရားအလောင်းကိုယ်တော်မြတ် လူ့ပြည်မှာ ပဋိသန္ဓေယူတော်မယ်ဟဲ့၊ သန္ဓေယူပြီးတော့ ကိုးလလွယ် ဆယ်လမြောက်လို့ ဖွားမြောက်တဲ့အခါကျတော့၊ တို့ ပူဇော်ကြရအောင်၊ တို့ တစ်စုတစ်စည်းတည်း ပန်းများပူဇော်ရအောင်၊ စကြဝဠာအပြင်ဘက်ထွက်ပြီးတော့ ပန်းကုံးကြတယ်။ တော်ကြာတော့ အလောင်းတော်မြတ်လည်း ပဋိသန္ဓေအခန်းမှာ ကိုးလလွယ်, ဆယ်လရှိလို့ ဖွားမြင်တဲ့အချိန်ကျတော့ အချို့နတ်က သွားပြောတယ်၊ အသင်တို့ ပန်းကုံး ဘယ်သူ့ကို ဆက်သဖို့တုံး၊ ဘယ်သူ့ကို ပူဇော်ဖို့တုံး၊ အလောင်းတော်မြတ်ဖွားမြင်ရင် ဆက်သဖို့ အလောင်းတော်မြတ် ဖွားမြင်ပါကော သင်တို့ မသိဘူးလား၊ မသိသေးဘူး၊ ဖွားမြင်ပြီလေ၊ တို့ ပန်းကုံးကလည်း မပြီးသေးဘူး။ ဒီအချိန်တော့ တို့မဆက်သနိုင်သေးဘူး မပူဇော်နိုင်သေးဘူး၊ ဘယ်တော့မှ ပူဇော်ကြမလဲ။ တော်ကြာတော့ အလောင်းတော်မြတ်တောထွက်ပြီးတော့ ဘုရားဖြစ်မှ မှီတော့မှာပဲ။ အဲသလိုနဲ့ ဘုရားလောင်းက တောထွက်တော်မူတယ်၊ ဘုရားဖြစ်တဲ့အချိန်ကျမှ တို့ ပန်းကုံးကြီးဆက်တော့မယ်၊ အခုတော့ မတတ်နိုင်သေးဘူး၊ မပြီးသေးဘူး၊ ခုတော့ ပန်းကုံးလို့ မပြီးသေးဘူး၊ ပန်းကုံးကြီး ဆက်လက်ပြီး သီကုံးပြန်ပေါ့၊ သူတို့က ပန်းကုံးလို့မပြီးသေးဘူး၊ အလောင်းတော်မြတ်က နှစ်ဆယ့်ကိုးနှစ်တိတိပြည့်တဲ့ အခါကျတော့ တောထွက်တော်မူတယ်၊ အလောင်းတော်မြတ်က တောထွက်ပြီမင်းတို့ ပန်းကုံး မပြီးသေးဘူးလား၊ မပြီးသေးဘူး။ ဘုရားဖြစ်မှ ပူဇော်တော့မယ်၊ ဘယ်လောက်ကြီးမားတဲ့ ပန်းကုံးလဲဆိုတာ အဲဒါကို ကြည့်ပေတော့။ တော်ကြာ မြတ်စွာဘုရားကိုယ်တော်မြတ် ဒုက္ကရစရိယာကျင့်တာ ခြောက်နှစ်ကြာအောင်ကျင့်လို့ ဗောဓိပင်နှင့်ရွှေပလ္လင်မှာ သစ္စာလေးပါးတရားကို ပိုင်းခြားသိမြင်လို့ ဘုရားအဖြစ်ရောက်တော်မူတဲ့အခါကျတော့။ တချို့နတ်က သွားပြောတယ်၊ သင်တို့ပန်းကုံးကြီး ဘယ်သူ့ပူဇော်ဖို့ ဘယ်သူ့ဆက်သဖို့လဲ၊ အလောင်းတော်မြတ် ဘုရားဖြစ်ရင်ဆက်သဖို့၊ ဘုရားဖြစ်နေပြီကော၊ ဘုရားဖြစ်နေပြီ၊ ဘုရားဖြစ်ပြီးလား၊ ဖြစ်နေပြီပေါ့၊ ဖြစ်ပေမယ့် ဒီပန်းကုံးက မပြီးသေးဘူး။ ဓမ္မစကြာတရားဟောတော့မှပဲ တို့ပူဇော် တော့မယ်၊ ရွှေပြန်ပြီ ရက်ချိန်း၊ ဒါနဲ့ ပန်းကုံးကြီး ဆက်ပြီး သီကုံးကြပြန်တယ်၊

http://www.dhammadownload.com



စကြာဝဠာအပြင်ဘက်မှာနော်။ တော်တော်ကြာတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ဘုရားဖြစ်ပြီးတဲ့နောက် မိဂဒါဝုန်တောမှာ ဓမ္မစကြာတရား ဟောတယ်။ အချို့နတ်တွေက သွားပြီးသတိပေးတယ်။

အသင်တို့ ပန်းကုံးကြီးက ဘယ်သူ့ကို ဆက်သမှာတုံး၊ ဟာ . . . တို့ဘုရားကိုယ်တော်မြတ် ဓမ္မစကြာတရားဟောတဲ့အခါမှာ ဆက်သဖို့၊ ဓမ္မစကြာတရား ဟောနေမှပဲ၊ သင်တို့ မသိဘူးလား။ မသိသေးဘူး၊ ဓမ္မစကြာရင်လည်း ဟောပါစေလေ၊ တို့ပန်းကုံးလည်း မပြီးသေးဘူး၊ ဆက်သဖို့ မဖြစ်သေးဘူး။ နောက်တော့ တို့ မြတ်စွာဘုရားကိုယ်တော်မြတ် တန်ခိုးပြာဋိဟာပြတဲ့အခါကျမှ ဒီပန်းကုံးကို ဆက်ကပ်မယ်၊ ဒီနတ်တွေဟာ ပန်းကုံးကြီးကို ဆက်လက်သီကုံးကြပြန်တယ်။ ဒါပေမယ့် သူတို့ပန်းကုံး ပြီးသလားဆိုတော့ မပြီးသေးပါဘူး၊ မြတ်စွာဘုရားကိုယ်တော်မြတ်လည်း တိတ္ထိတက္ကတွန်းတွေနဲ့ ဒီနေရာမှာ ပြိုင်လို့၊ ရေအစုံ၊ မီးအစုံ၊ တန်ခိုးပြာဋိဟာပြတဲ့အခန်းရောက်တော့ တချို့နတ်တွေက သွားမေးပြန်တယ်၊ သင်တို့ပန်းကုံးက ဘယ်တော့ဆက်မလို့လဲ၊ တို့ပန်းကုံးက မြတ်စွာဘုရားကိုယ်တော်မြတ် တန်ခိုးပြာဋိဟာ ပြတဲ့အခါမှာ ဆက်သမလို့ပေါ့၊ တန်ခိုးပြာဋိဟာ ပြနေပါပြီ၊ ပြနေလည်း မတတ်နိုင်ဘူး၊ တို့ပြီးကို မပြီးသေးဘူး။ နောက်တော့ မြတ်စွာဘုရားကိုယ်တော်မြတ် တာဝတိံသာနတ်ပြည်ကို တက်ပြီး တရားဟောမှ တို့ပူဇော်တော့မယ်၊ ပန်းကုံးကို ဆက်ကုံးကြတယ်၊ ပြီးသလားဆိုတော့ မပြီးသေးပါဘူး၊ ကိုယ်တော်မြတ်လည်း တာဝတိံသာနတ်ပြည်တက်ပြီးတရားဟော၊ တရားဟောတော့လည်း သူတို့ ပန်းကုံးပြီး၊ မပြီး၊ သွားမေးတော့၊ သင်တို့ပန်းကုံးက ဘယ်အချိန်လှူမလို့တုံး၊ မြတ်စွာဘုရားကိုယ်တော်မြတ် တာဝတိံသာနတ်ပြည်မှာ တရားဟောကြွတဲ့အခါ တို့လှူမလို့၊ ပူဇော်မလို့တဲ့။ ကိုယ်တော်မြတ် တာဝတိံသာနတ်ပြည်မှာ တရားဟောနေပါပြီ၊ ဟောနေလည်း တို့ပန်းကုံး မပြီးသေးဘူး၊ မတတ်နိုင်ဘူး။ ငါတို့ တာဝတိံသာနတ်ပြည်ကနေ လူ့ပြည်ပြန်ကြွတဲ့အခါမှ သင်္ကဿနဂိုရ်ပြည်ကနေ ဆီးကြိုပြီးတော့ ကပ်တော့မယ်။ အေး . . . ကောင်းပြီ၊ ကောင်းပြီ၊ ကိုယ်တော်မြတ်လည်း ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာတရားကိုဟောကြားလို့ ဝါကျွတ်တဲ့အချိန်ကျတော့ သင်္ကဿနဂိုရ်ပြည်သို့ ကိုယ်တော်မြတ် ကြွလာတယ်။ တချို့နတ်တွေကသွားပြီး သတိပေးတယ်၊ သင်တို့ပန်းကုံး ဘယ်တော့ လှူမလို့တုံး၊ မြတ်စွာဘုရားကိုယ်တော်မြတ် တာဝတိံသာနတ်ပြည်ကနေပြီးတော့ သင်္ကဿနဂိုရ်ပြည်သို့ ပြန်ကြွတဲ့အခါမှာ လှူမလို့၊ ကြွလာတယ်။ အခု ကိုယ်တော်မြတ်က လူ့ပြည်ရောက်နေတယ်လို့၊ သင်္ကဿနဂိုရ်ပြည်မှာ တရားပါဟောလို့၊ ဟုတ်ရဲ့လား၊ ဟုတ်တယ်။ ဟုတ်ပေမယ့် ငါတို့က မတတ်နိုင်ဘူး၊ တို့ပန်းကုံးလည်း မပြီးသေးဘူး၊ ဘယ်ကျမှ လှူမလဲလို့ မတတ်နိုင်ဘူး၊ မပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် အာယုသင်္ခါရလွှတ်မှ လှူတော့မယ်။

http://www.dhammadownload.com



စောစောက ပြောလိုက်တဲ့အတိုင်းပဲ မြတ်စွာဘုရားကိုယ်တော်မြတ် အာယုသင်္ခါရလွှတ်လို့၊ လွှတ်တဲ့အချိန်ကျ နတ်များက တချို့နတ်တွေက သွားပြောတယ်၊ သင်တို့ပန်းကုံး ဘယ်သူ့ကို လှူမတုံး၊ ဘယ်သူ့ကို ပူဇော်မတုံးလို့ ဘယ်အချိန်အခါ လုပ်မလို့ ရည်ရွယ်ကြသလဲ၊ တို့ဘုရားကိုယ်တော်မြတ်ကို ရည်ရွယ်ထားတာပဲ၊ ဘယ်အချိန်လဲ၊ အာယုသင်္ခါရလွှတ်တဲ့အချိန်ပေါ့၊ အာယုသင်္ခါရလွှတ်ပြီးပါပဲ၊ ဟုတ်ကဲ့လား၊ ဟုတ်တယ်။ အဲဒါလည်းတို့ ပန်းကုံးက မပြီးသေးဘူးတဲ့၊ ဘယ်တတ်နိုင်ဘူး၊ ပရိနိဗ္ဗာန် စံမှ လှူတော့မယ်လို့ ဆုံးဖြတ်တယ်။ အခုတော့ မြတ်စွာဘုရားကိုယ်တော်မြတ် အရဏ်ကျောင်း၍အလင်း ဆဲရောက်ရင် ပရိနိဗ္ဗာန်စံတော့မယ်လို့ တစ်သောင်းသော စကြဝဠာမှာရှိကြတဲ့ နတ်ပြဟ္မာအပေါင်းတို့ စုပေါင်းပြီးတော့ အကောင်းဆုံး, အမွှန်ဆုံး, အမြတ်ဆုံးဆိုတဲ့ ပန်းမိုးရွာချခြင်း၊ နတ်တို့၌ဖြစ်တဲ့ မန္ဒာရဝ အမည်ရှိတဲ့နတ်ပန်းမိုးတွေ ရွာပေးခြင်း၊ နတ်တို့၏ အမွှေးအကြိုင်, အခိုးအထုံတို့ဖြင့် မြတ်စွာဘုရားအား ပူဇော်ခြင်း၊ အသီးသီး ပူဇော်ကြလို့ ဒီအချိန်မှာပန်းများ သီကုံးနေတဲ့နတ်များကိုသွားပြီး အချို့သော နတ်များက သတိပေးတယ်။

သင်တို့ပန်းကုံးကြီး မပြီးသေးဘူးလား၊ မပြီးသေးပါဘူး၊ မပြီးသာမပြီးသေးတယ် ဘယ်အချိန်မှာ လှူ မလို့လဲ၊ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံရင် လှူမလို့။ ဒါဖြင့် အရဏ်ကျဉ်း၍ အလင်း ဘက်ရောက်လျှင် ဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတော့မယ်တဲ့၊ ဟုတ်ကဲ့လား၊ ဟုတ်တယ်၊ ဒီတော့မှ အလန့်တကြား ဖြစ်မှဖြစ်ရလေလို့ ညည်းညူကြတယ်။ ပန်းကုံးတဲ့နတ်တွေက ဘယ့်နှယ့် ဘုရားပွဲ့လိမ့်၊ ဘယ်လိုဖြစ်ပါလိမ့်၊ အခုနတုန်းက တာဝတိံသာနတ်ပြည်ကနေ ပဋိသန္ဓေတည်တယ်လို့ ကြားလိုက်တယ်၊ ပဋိသန္ဓေတည်ပြီးတော့ အခုတော့ ဖွားတယ်လို့ ကြားရပြန်တယ်၊ အခုဖွားပြီး တော ထွက်ပေါ့၊ အခုတောထွက်ပြီး ဘုရားဖြစ်ပေါ့၊ အခု ဘုရားဖြစ်ပြီး ဓမ္မစကြာတရား ဟောတယ်၊ အခု ဓမ္မစကြာတရား ဟောပြီး တန်ခိုးပြာဋိဟာပြပြီ၊ တာဝတိံသာနတ်ပြည်မှာ တရားဟောတယ်၊ အခုပဲ တာဝတိံသာနတ်ပြည်က ပြန်ကြွလာတယ်၊ အခုပဲ အာယုသင်္ခါရလွှတ်လိုက်တယ်၊ အခု ပရိနိဗ္ဗာန် စံတယ်၊ ဘယ့်နှယ့်ဖြစ်မှဖြစ်ရလိမ့်၊ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ရှည်လျားစွာ ပါရမီတွေကို ဖြည့်လာရဲ့ သားနဲ့ အခုခဏလေး လူ့လောကမှာ ဘုရားလာဖြစ်တယ်၊ အခု ပရိနိဗ္ဗာန်စံဆိုတဲ့ဥစ္စာ တယ်ပြီးတော့ မဟုန်ပါလား၊ တွက်ကြည့်လိုက်တော့ အချိန်လေးက မနက်ခင်းမှာ ယာဂုသောက်တဲ့ အချိန်ပမာဏ လောက် ရှိတာပဲလို့ ပန်းကုံးတဲ့နတ်တွေ ညည်းကြတယ်၊ ယာဂုတစ်ခါ သောက်လောက်ခဏလေး ရှိပါတယ်။

ဒီလိုဆိုရင်တော့ သိပ်ပြီး နေရာမကျဘူး၊ ပါရမီဖြည့်စဉ်အခါတုန်းကတော့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ရှည်လျားစွာ ပါရမီတွေ ဖြည့်ပြီး ဘုရားဖြစ်တော်မူတော့ ခဏလေးဆိုတော့ သိပ်ပြီး

http://www.dhammadownload.com



နေရာမကျဘူး။ ဟဲ့ နတ်တို့ ညည်းမနေနဲ့၊ ကိုယ်တော်မြတ်က အရဟတ်ကျဉ်းပြီး အလင်းဘက် ရောက်ရင် ပရိနိဗ္ဗာန်စံတော့မှာ၊ သင်တို့ပန်းကုံးကြီး ဘယ်လိုလုပ်မှာတုံး၊ ဒါတွေ ညည်းမနေနဲ့တော့၊ အပိုတွေပဲ၊ ကဲ မဖြစ်ပါဘူးလေ၊ ပြီးသမျှပဲ တို့ပန်းကုံးကတော့ လက်စတော့မသတ်ဘူး၊ ဒါပေမယ့် ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော့မယ်ဆိုတော့ မပြီးပေမယ့် ဒီနည်းအတိုင်း လှူကြစို့ရဲ့၊ သင်တို့ သီကုံးတဲ့ပန်းကုံးကြီး စကြဝဠာအပြင်ကနေ အတွင်းသွင်းတော့ မဝင်ဘူး၊ ပန်းကုံးကလည်း အင်မတန်ကြီးကျယ်တယ်၊ ကြည့်လိုက်ပြန်တော့လည်း ဒီစကြဝဠာအတွင်းမှာ တစ်သောင်းသော လောကဓာတ်က လာကြတဲ့ နတ်ပြဟ္မာ ပရိသတ်က ပြည့်ကြပ်နေကြတယ်။ ပန်းကုံးကလည်းကြီးတော့ မဆန့်ဘူး၊ မဆန့်တော့ လက်မှိုင်ချပြီး စဉ်းစားကြတယ်။ တို့ပန်းကုံးကြီးက ဘုရားအလောင်းပဋိသန္ဓေနေစဉ်က စပြီးတော့ အားကြိုးမာန်တက်နဲ့ ပန်းကုံးကြီးကို ကုံးခဲ့ကြတာလို့။ အခုနောက်ဆုံး ဘယ်အချိန်မှလည်း မမှီတော့ဘူး၊ ရည်ရွယ်ချက်တွေလည်း ပျက်ချင်တိုင်းပျက်လို့၊ နောက်ဆုံး ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံခါနီးပေါ့လို့၊ အရေးတကြီး အနေအားဖြင့် တို့လှူမယ်လို့ ပူဇော်မယ်လို့။ ဒီပန်းကုံးကြီး ပြီးသမျှနဲ့ပဲ ကိုယ်တော်မြတ်ထံသို့ ယူမယ်လို့ သွင်းလိုက်တော့လည်း စကြာဝဠာက မဆန့်ဘူး၊ အတွင်းပရိသတ်တွေလည်း နေစရာမရှိဘူး၊ စကြဝဠာ တံတိုင်းအပြင်ဘက် ထားပြီးတော့ လက်မှိုင်ချတယ်၊ ဘယ်လို လုပ်ကြမလဲလို့ စဉ်းစားတယ်၊ ဒါပေမယ့် အကြံတော့ မသေးဘူး၊ လှူချင်တာကလည်း ကိုယ်တော်မြတ်ကို သာဟတ္ထိကဒါနအဖြစ်နဲ့ ကိုယ်ထိလက်ရောက် လှူချင်တယ်၊ ကိုယ်ထိလက်ရောက်ဆိုတာ ကိုယ်တိုင်ကပ်လှူခြင်း ဖြစ်တယ်၊ ကိုယ်တိုင် ကပ်လှူတာကို သာဟတ္ထိကဒါနလို့ ခေါ်တယ်၊ အာဏတ္တိကဒါနဆိုတာ ရောဟဲ့ . . . ဒါလေး ဘယ်သူ့ကို ကပ်လိုက်စမ်းပါကွယ်၊ အဲဒါက အာဏတ္တိကဒါနခေါ်တယ်။

အကျိုးပေးတာကြလည်း အာဏတ္တိကဒါနနဲ့ သာဟတ္ထိကဒါန ကွာချင်တိုင်းကွာတယ်။ ဒီတော့ “ဝါရုဏဝါရဏ”အမည်ရှိတဲ့နတ်တွေက သက်စွန့်ကြိုးပမ်း နှစ်ပေါင်းများစွာကုံးလာတဲ့ ပန်းကုံးကြီးကို ကြိုးစားသည့်အလျောက် သာဟတ္ထိကဒါနအနေအားဖြင့် ကိုယ်တိုင်ကိုယ်ကျ လှူချင်တာလည်း တစ်ကြောင်း။ ဒါပေမယ့် ၎င်းပန်းကုံးကြီးကို စကြဝဠာအတွင်းသို့ မသွင်းနိုင်တာကလည်း တစ်ကြောင်း ဒီလိုဖြစ်နေတော့ ဘယ်နဲ့လုပ်မကြလဲလို့ ဉာဏ်နီဉာဏ်နက်ထုတ်ပြီးတော့ စဉ်းစားကြတယ်။ ငါ့လူတွေ ဘယ့်နှယ့်လုပ်ကြမလဲ၊ ဒီအထဲမှာ အကြံကောင်းတဲ့နတ်တွေက အကြံဉာဏ်တွေ ပေးကြတယ်။ ဟာ အလွယ်လေးပါ၊ သာဟတ္ထိကဒါနမြောက်အောင် ဒီလိုလုပ်ပါ၊ ပထမဆုံးနတ်သားတစ်ယောက်က ဟောဒီပန်းကုံးကြီးကို လက်နဲ့ကိုင်ထား၊ သူ့ညာဘက်လက်က ပန်းကုံးကို ကိုင်ထား၊ ဘယ်ဘက်လက်ကို နောက်နတ်သားတစ်ယောက် ဆက်ကိုင်၊ နောက်နတ်သားတစ်ယောက်ရဲ့လက်ကို တစ်ယောက်က ဆက်၊ တစ်ယောက်လက်ကို တစ်ယောက်ဆက်၊ ဒီလိုလက်ချင်းဆက်သွားတာ၊ ဘုရားရှေ့တော်

http://www.dhammadownload.com



မှောက်ရောက်သွားတယ်၊ ဟိုကျတော့ လက်ချည်းပဲလေ၊ ပန်းတော့ မပါပါဘူး၊ ပန်းကုံးကြီးကို စကြဝဠာ အပြင်ဘက်ထားပြီးတော့ နတ်တွေ လက်ချင်းဆက်ပြီးတော့ ဘုရားရှေ့တော်မှောက်ရောက်အောင် သွားလို့၊ ရှေ့တော်မှောက်ရောက်မှ လျှောက်ထားတယ်။

ဘုရားတပည့်တော်များသည် ဒီအချိန်ဒီကာလမှစပြီးတော့ အရှင်ဘုရားအတွက် ပူဇော်ဖို့လို့ ကြိုးစားပမ်းစားနဲ့ သီကုံးလာတဲ့ ပန်းကုံးကြီးပါဘုရား။ အခုတော့ အရှင်ဘုရားပရိနိဗ္ဗာန်စံယူတော့ မယ်ကြားလို့ ကသီလင်တနဲ့ မပြီးတပြီး လက်စလေးအသာထားပြီးတော့ အားပါးတရနဲ့ လှူဒါန်းမယ် လို့ ၎င်းပန်းကုံးကြီးကို စကြဝဠာအတွင်း ရှေ့တော်မှောက်ရောက်အောင် သွင်းမယ်လို့ ကြံပြန်တော့ စကြဝဠာအတွင်းလည်းပဲ တစ်သောင်းသော လောကဓာတ်ကနတ်ပြဟ္မာတွေ စုဝေးပြီးနေကြတော့ ပန်းကုံးကလည်း အင်မတန်ကြီးတော့ မသွင်းနိုင်တဲ့အတွက်ကြောင့် စကြဝဠာအပြင်ဘက်မှာ ထားခဲ့ ကြောင်းပါဘုရား။ ထိုပန်းကုံးကြီးကို သာဟတ္ထိကဒါနအနေအားဖြင့် တပည့်တော်များ အရှင်ဘုရားအား ပူဇော်ပါတယ်ဘုရားလို့ လျှောက်ထားပြီးတော့ ပူဇော်ရတယ်။ ဒီမှာ လှူကြတန်းကြတယ်၊ တော်တော် လည်း ဆန်းကြယ်တဲ့ပန်းကုံးတဲ့၊ အဲဒီလို အင်မတန်ကြီးကျယ် ခမ်းနားတဲ့၊ စကြဝဠာတိုက်တစ်သောင်းမှ စုပေါင်းလာကြတဲ့ နတ်ပြဟ္မာတွေရော၊ လူသားတွေရောဆိုသလို၊ ပူဇော်ကြတဲ့ ပူဇော်ဖွယ်တွေ၊ အမျိုးမျိုးအဖုံဖုံ အစုံစုံအလင်လင်ပေါ့ကွာ။

စောင်းညင်း ပတ္တလား တူရိယာတို့ဖြင့် ပူဇော်ခြင်း၊ နတ်တို့၌ဖြစ်တဲ့ အတီးအမှုတ်တို့နဲ့ ပူဇော် ခြင်း၊ နတ်တို့၌ဖြစ်တဲ့ အမွှေးအကြိုင်အခိုးအစုံတို့ဖြင့် ပူဇော်ခြင်း၊ နတ်တို့၌ဖြစ်တဲ့ ပန်းတို့ဖြင့် ပူဇော်ခြင်း၊ လောက၌ ထင်ရှားရှိကြကုန်သော ပန်းအသီးသီးတို့ဖြင့် ရှိခိုး၍ ပူဇော်ခြင်း၊ ရတနာတို့ဖြင့် ပူဇော်ခြင်း၊ အင်မတန်ကြီး ကျယ်ခမ်းနားသော အပြင်အဆင်တို့ဖြင့် ပူဇော်ခြင်း၊ စကြဝဠာအတွင်းသို့ သွင်းမရတဲ့ ပန်းကုံးဖြင့် ပူဇော်ခြင်း၊ အဲဒီလို ပူဇော်မှုတွေ အကြောင်းပြုပြီးတော့ ကိုယ်တော်မြတ်က အရှင်အာနန္ဒာ ကို ခေါ်ပြီး မိန့်ကြားတော်မူတယ်။

## လှူဖွယ်ဝတ္ထုအမျိုးမျိုးတို့ဖြင့် လှူဒါန်းခြင်းသည် တကယ်ပူဇော်ရာမရောက်

(သုတ်မဟာဝါ၊ ၁၁၄-နှာ)

"ချစ်သားအာနန္ဒာတဲ့၊ ငါဘုရားကိုယ်တော်မြတ်ထံ လာပြီးတော့ လှူဖွယ်ဝတ္ထုအမျိုးမျိုးတို့ဖြင့် ပူဇော်ကြတယ်တဲ့၊ စကြဝဠာတိုက်တစ်သောင်းက နတ်ပြဟ္မာတွေ စုပေါင်းပြီးတော့ ဒီမှာလာပြီးတော့ ပူဇော်ကြတယ်တဲ့။ အဲဒီလို ပူဇော်ခြင်း၊ လှူဒါန်းခြင်းဆိုတာ "အာမိသဒါန" အာမိသကုသိုလ်ခေါ်တယ်၊

http://www.dhammadownload.com



မှတ်လည်း မှတ်ကြပါ၊ အာမိသဒါနခေါ်တယ်တဲ့။ အဲဒီလိုကြီးကျယ်ခမ်းနားစွာ မရေမတွက်နိုင်အောင် ပူဇော်ပါသော်လည်းပဲ ငါဘုရားကိုယ်တော်မြတ်ကို ပူဇော်ရာ မရောက်ဘူးတဲ့၊ ရှိခိုးပါသော်လည်း ရှိခိုးရာလည်း မရောက်ဘူးတဲ့၊ အရိုအသေပြုပါသော်လည်း အရိုအသေပြုရာမရောက်ဘူးတဲ့၊ မြတ်နိုး ပါသော်လည်း မြတ်နိုးရာမရောက်ဘူးတဲ့၊ မှတ်ထားကြပါ။ ဘာဖြစ်လို့လဲဆိုတော့ အာမိသဒါန ကုသိုလ် မျိုးနဲ့ ကြိုးစာပမ်းစား လုပ်ကိုင်နေကြခြင်းဟာ အမှန်ကတော့ ငါဘုရားကိုယ်တော်မြတ်ကို တကယ် သက္ကာရရှိတယ်၊ တကယ်အရိုအသေပြုတယ်၊ တကယ်မြတ်နိုးတယ်၊ တကယ်ဆည်းကပ် တယ်ဆိုတဲ့ အဖြစ်မျိုး မဟုတ်သေးပါဘူး။"

## လောကုတ္တရာတရားကို ကျင့်မှသာလျှင် ဘုရားပူဇော်ရာရောက်ခြင်း

အမှန်စင်စစ်ကတော့ "ငါဘုရားကိုယ်တော်မြတ် ဟောကြားထားတဲ့ စာရိတ္တသီလ, ဝါရိတ္တ သီလများကို ကျင့်ကြံပွားများ အားထုတ်ခြင်း၊ ဆောက်တည်ခြင်း၊ ၎င်းနောက် 'ဓမ္မာနုဓမ္မပဋိပန္န'ခေါ် ထားတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့အားလျော်သော၊ (တစ်နည်း) လောကုတ္တရာတရားအားလျော်သော သမာဓိ, ဝိပဿနာတရားကို ပွားများအားထုတ်ခြင်း၊ အဲဒီလိုအလုပ်မျိုးကို လုပ်မှသာလျှင် ငါဘုရားကို အရိုအသေ ပြုရာလည်းရောက်တယ်။ ငါဘုရားကို အလေးပြုရာလည်း ရောက်တယ်။ ငါဘုရားကို ပူဇော်ရာလည်း ရောက်တယ်။ ငါဘုရားကို မြတ်နိုးရာလည်း ရောက်တယ်။ ငါဘုရားကို ရှိခိုးရာလည်း ရောက်တယ်။"

ဟောဒီနေရာမှာ အဋ္ဌကထာဆရာက (သုတ်မဟာဝါ အဋ္ဌကထာ၊ ၁၆၉-နှာ)မှာ ပြသွားတယ်၊ ကိုယ်တော်မြတ်သည် အခြားသော အရာဌာနကို ဟောစဉ်အခါတုန်းကတော့ အာမိသဒါနနဲ့ ပတ်သက် ပြီးတော့ အထူးသဖြင့် ချီးကျူးပြီး တော့ ဟောတော်မူတယ်။ ပန်းပွင့်တစ်ပွင့်လှူခါမျှဖြင့် အစဉ်သဖြင့် အကျိုးထူးတရားကို ရနိုင်တယ်လို့ ဟောခဲ့တယ်၊ ဒီစဉ်အခါကျတော့ အဲဒီလို လှူမှု တန်းမှု ပေးကမ်းမှု ကျွေးမှု ဆိုတဲ့ အာမိသဒါနကုသိုလ် အာမိသဒါနမျိုးကို ဒီအခါကျတော့ ကိုယ်တော်မြတ် ပယ်ရှားတော် မူတယ်၊ ချီးမွမ်းစကားကို ပြောတော်မမူဘူးတဲ့။ အခု ချီးမွမ်းစကား ပြောတာကတော့ ကိုယ်တော်မြတ် ဟောကြားတော်မူတဲ့ စာရိတ္တသီလမျိုး, ဝါရိတ္တသီလမျိုးကို ကျင့်သုံးဆောက်တည်ခြင်းတဲ့ လောကုတ္တရာ ဓမ္မ ခေါ်ထားတဲ့ မဂ်တရား, ဖိုလ်တရား, လျော်ပတ်သောတရားကို တစ်နည်း မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရစေနိုင်သောတရားကို ပွားများအားထုတ်ခြင်း၊ ဒီတရားများကို လိုက်နာကျင့်သုံးမှသာလျှင် ငါဘုရား ကိုယ်တော်မြတ်ကို အရိုအသေပြု ရာရောက်တယ်၊ ပူဇော်ရာရောက်တယ်၊ မြတ်နိုးရာရောက်တယ်၊ ရှိခိုးရာရောက်တယ်၊ ကြည်ညိုရာရောက်တယ်လို့ ကိုယ်တော်မြတ်က ဒီလိုဟောကြားတော်မူတယ်တဲ့။

http://www.dhammadownload.com



ဘာသဘောလဲလို့မေးရင် ဒီနေရာမှာ အဋ္ဌကထာဆရာက ဝေဖန်သွားတာ တခြားမဟုတ်ပါဘူး၊ မြတ်စွာဘုရားကိုယ်တော်မြတ်က သာသနာတော်ကြီးကို အဓွန့်ရှည်စွာ တည်နေပါစေခြင်း အကျိုးငှာလို့။ ဒါကြောင့် 'မဂ္ဂပဋိပန္န' ခေါ်ထားသော၊ တစ်နည်း လောကုတ္တရာဓမ္မ ခေါ်ထားတဲ့ ဓမ္မာနုဓမ္မပဋိပတ္တိခေါ်ထားတဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရရာရကြောင်းဆိုတဲ့ တရားကောင်းများကို အားထုတ်ခြင်းကို လိုလားတော်မူ၍၊ (တစ်နည်း) စာရိတ္တသီလ, ဝါရိတ္တသီလများကို ကျင့်ကြံပွားများ အားထုတ်ခြင်းကို လိုလားတော်မူ၍၊ ကျွေးမွေးပေးကမ်းလှူဒါန်းခြင်း၊ စွန့်ကြဲခြင်းဆိုတဲ့ ဒါနမျိုးကို ဒီနေရာမှာ ပယ်ရှားတော်မူတာ တခြားမဟုတ်ပါဘူးတဲ့၊ ထိုပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း ဆိုတဲ့ အာမိသဒါန, အာမိသ ကုသိုလ်မျိုးကတော့ သာသနာတော်ကို အခြေအမြစ်အားဖြင့် ခိုင်မြဲစေတတ် ရှည်လျားစေတတ်သော တရားမဟုတ်ပါဘူး၊ သေချာလည်း မှတ်ကြနော်။ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က ဒီအခန်းမှာ အာမိသဒါနမျိုးကို ပယ်ရှားတော်မူတယ်တဲ့၊ အကယ်တန္တု မပယ်ရှားဘဲနဲ့ ကိုယ်တော်မြတ်က ဒီအတိုင်းသာ ထားခဲ့မယ်ဆိုလို့ရှိရင် နောင်လာနောင်သားများဟာ ဘာကို အားထားမလဲ ဆိုလို့ရှိရင် လှူဒါန်းခြင်း, ပေးကမ်းခြင်း, စွန့်ကြဲခြင်းဆိုတဲ့ ဒါနကုသိုလ်အစုကိုသာလျှင် အားကိုးတစ်ခု လက်ကိုင်ပြုပြီးတော့ အပတ်တကုတ် ကြိုးစားအားထုတ်နေကြမယ်တဲ့၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်များကို ရစေတတ်တဲ့ တရားကောင်း, တရားမှန်များကို ကျင့်ကြံပွားများ အားထုတ်တဲ့ပုဂ္ဂိုလ်တွေ ရှားပါးလိမ့်မယ်။ အဲဒီလို ရှားပါးခဲ့သော် သာသနာတော်အဓွန့်ရှည်စွာ တည်စေခြင်းအကျိုးငှာ မဖြစ်နိုင်ဘူးတဲ့၊ အမြန်ဆုံး ကွယ်ပနိုင်တဲ့ အကြောင်းရင်းပဲလို့ ဟောဒီနေရာ ခွဲခြားသွားတာကို သေချာမှတ်သားကြပါ။

ဒါဖြင့် အာမိသဒါနအစရှိသော ကုသိုလ်တရားကျတော့ ဘုရားကိုယ်တော်မြတ် သာသနာ အဓွန့်ရှည်စွာ တည်စေတတ်တဲ့ အခြေအမြစ်မဟုတ်ဘူးလို့ ဒီနေရာမှာ ဆုံးမသွားပြီ၊ သာသနာအဓွန့် ရှည်စွာ တည်စေတတ်တဲ့ အခြေအမြစ်ရှိသော တရားဟာ ဘာလဲလို့၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်များကို ရအောင် ကြိုးစားအားထုတ်တဲ့ 'မဂ္ဂါနုလောမပဋိပဒါ' ခေါ်ထားတဲ့ သမာဓိဝိပဿနာဆိုတဲ့တရားများ။ (တစ်နည်း) စာရိတ္တ ဝါရိတ္တခေါ်ထားတဲ့ သီလများ၊ အဲဒီတရားများကို ကြိုးစားအားထုတ်မှသာလျှင် ဘုရားကိုယ်တော်မြတ်ကို ကြည်ညိုရာရောက်တယ်၊ ငါဘုရားကိုယ်တော်မြတ်ကို မြတ်နိုးရာလည်း ရောက်တယ်၊ ရိုသေရာလည်း ရောက်တယ်၊ ပူဇော်ရာလည်း ရောက်တယ်၊ ဘာဖြစ်လို့လဲ ဆိုရင် အဲဒီ တရားကမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်များကိုရလို့၊ သာသနာတော်အဓွန့်ရှည်စွာ တည်စေတတ်တယ် ဆိုတဲ့အကြောင်း၊ ကိုယ်တော်မြတ်က သိရှိတော်မူလို့ ဟောကြားတော်မူတဲ့တရားပါပဲလို့။

http://www.dhammadownload.com



# အရှင်ဥပဝါဏကို မောင်းထုတ်တော်မူခြင်း

(သုတ်မဟာဝါ၊ ၁၁၅-နှာ)

အဲဒီညောင်စောင်းမှာ လျှောင်းစက်နေတဲ့အခါ ဥပဝါဏဆိုတဲ့ ပဋိသမ္ဘိဒါပတ္တ ဆဠာဘိညာ ရဟန္တာကိုယ်တော်မြတ်ကြီးက မြတ်စွာဘုရားကိုယ်တော်မြတ် ပင်ပန်းတော်မူတာကို မြင်လို့၊ အနီးအပါးက နေပြီးတော့ ယပ်ခတ်ပေးတယ်၊ ယပ်ခတ်ပေးတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဥပဝါဏဆိုတဲ့ ရဟန္တာကိုယ်တော်မြတ်ကြီးကို ဘာပြောသလဲဆိုတော့ "ငါ့ရှင်ရဟန်း ဒီနေရာက သွားတဲ့၊ သွားသွား၊ ထွက်သွား ထွက်သွား၊ ဒီနေရာမနေနဲ့" ဒီလို ဆိုလိုက်တော့ ဥပဝါဏဆိုတဲ့ ရဟန္တာကိုယ်တော်မြတ်ကြီးလည်းပဲ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ တစ်ခွန်းတည်းသော စကားကို ကြားပြီး တစ်ပြိုင်နက် လက်ထဲခပ်နေတဲ့ယပ်ကို ရုတ်တရက်ချပြီးတော့ သင့်တော်တဲ့နေရာကနေပြီးတော့ ခစားတော်မူ ရှာတယ်။ ဒီတော့မှ ရှင်အာနန္ဒာက မြင်လိုက်တယ်၊ ဘုရားကိုယ်တော်မြတ်မိန့်သံကို ကြားလိုက်တော့ ဩော် . . . ကိုယ်တော်မြတ်က ဒီဥပဝါဏရဟန္တာကိုယ်တော်မြတ်ကြီးကို ဒီမှာလာပြီး ယပ်ခပ်ပေးနေတာ ဘယ့်အတွက်ကြောင့် သင် ဒီနေရာက သွားလော့၊ သွားလော့လို့ နှင်ထုတ်ပါလိမ့်လို့ အကျိုးအကြောင်း သိရအောင် ကိုယ်တော်မြတ်အနီးအပါး ချဉ်းကပ်ပြီးလျှောက်တင်မှပဲလို့ အရှင်အာနန္ဒာက လျှောက်တယ်။

အရှင်ဘုရား ဥပဝါဏဆိုတဲ့ ယပ်ခပ်ပေးနေတဲ့ ကိုယ်တော်ဟာ အရှင်ဘုရား ဝါတော် (၂၀) အတွင်း အရှင်ဘုရားခြေရင်းမှာ အမြဲတစေ လုပ်ကျွေးလာခဲ့တဲ့၊ အလုပ်အကျွေး တပည့်ရင်းဖြစ်ပါတယ် ဘုရား၊ အခုပရိနိဗ္ဗာန်စံဝင်ခါနီးအချိန်မျိုးကျခါမှ အရှင်ဘုရားရှေ့ မှောက်မှာ လာရောက်ပြီးတော့ ယပ်ခပ်ခြင်းကို အရှင်ဘုရားသည် မလိုလားဘဲနဲ့ သင်သွားလော့၊ သွားလော့လို့ နှင်ပစ်တဲ့ အကြောင်းက ဘယ်သို့ပါလဲဘုရားလို့ လျှောက်ထားလို့၊ ကိုယ်တော်မြတ်က ပြန်ပြီးတော့ ဖြေတယ်။ "ချစ်သား အာနန္ဒာတဲ့၊ ငါ့တပည့်ဥပဝါဏသည် အပြစ်ဘာမှ မရှိဘူး၊ အပြစ်ရှိလို့ မဟုတ်ဘူးတဲ့၊ အမှန်စင်စစ် ငါ့တပည့် ဥပဝါဏဟာ အဘိညာဉ်အားဖြင့်လည်း အင်မတန်ထက်မြက်တဲ့ပုဂ္ဂိုလ်လည်း ဖြစ်တယ်၊ ရဟန္တာလည်းဖြစ်တယ်၊ တန်ခိုးဣဒ္ဓိပါဒ်ကလည်း အင်မတန်ကြီးမားတယ်၊ သူရဲ့ကိုယ်ကာယ, ကလည်း ကြီးမားတယ်တဲ့၊ အင်မတန်လှပတဲ့ ရုပ်ဆင်းသဏ္ဌာန်, ကြန်အင်လက္ခဏာနဲ့လည်း ပြည့်စုံတယ်။

ဒီတော့ ငါဘုရားမျက်နှာတော်နဲ့ ရှေ့တည့်တည့်က ထိုင်ပြီးတော့ယပ်တွေခတ်လို့၊ အခု စကြဝဠာတိုက်တစ်သောင်းက စုပေါင်းလာကြတဲ့ နတ်ဗြဟ္မာတွေလည်း ငါဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံခါနီးအထိ အပြေးအလွှားလာပြီးတော့ ဒီတစ်ခါတော့ဖြင့် ဝဝကြီးဖူးလိုက်မယ်။ တို့အဖ

http://www.dhammadownload.com



ဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်မစံမီလေး ဒီတစ်ခါ ပြေးပြီးတော့ တွေ့လိုက်မယ်၊ ဖူးလိုက်မယ်တဲ့လို့ အားပါးတရနဲ့ စုပေါင်းပြီးတော့လာကြတဲ့ နတ်ပြဟ္မာအပေါင်းတွေက ဒီကျတော့ ငါဘုရားကိုယ်တော်မြတ်ကို အားရပါးရနဲ့ ဖူးမျှော်မယ်ဆိုပြီးတော့ ဖူးလိုက်တာ၊ ဥပဝါဏ ငါ့တပည့်က ရှေ့ကွယ်နေတော့ ငါဘုရားကိုယ်တော်မြတ်ရဲ့မျက်နှာတော်ကို မဖူးရတော့၊ အဲဒီနတ်ပြဟ္မာတွေဟာ ငြိုငြင်သော စိတ်တွေဖြစ်ကြမယ်တဲ့။ အဲဒါကိုကြည့်ပြီးတော့ နတ်ပြဟ္မာတို့ရဲ့ မျက်စိဟာ အနားကပ်ကြည့်တာ မဆိုထားနဲ့၊ ဟို ပြဟ္မာ့ပြည်ကနေ လူ့ပြည်ကြည့်ပါ၊ ယူဇနာပေါင်း ဘယ်လောက်ဝေးတယ် ဆိုတာတော့ ကြားဖူးတဲ့ အတိုင်းပေါ့လေ၊ နတ်ပြည်ခြောက်ထပ်၊ ပြဟ္မာနှစ်ဆယ်ဆိုတဲ့ အလွန်ဝေးကွာတဲ့ ပြဟ္မာ့ပြည်ကနေကြည့်၊ နတ်ပြည်ကနေကြည့်၊ ဟောဒီလူ့ပြည် ဘာဖြစ်နေတယ်၊ ဘာလုပ်နေတယ်ဆိုတာ ဟိုက အထင်းသားမြင်ရတယ်၊ ဒိဗ္ဗစက္ခုခေါ်တယ် နတ်မျက်စိတဲ့ နတ်တို့၏မျက်စိ ဘယ်လောက်ထက်တယ် ဆိုတာ သေချာကြည့်။ တစ်နည်းအားဖြင့် ဒီလိုပဲ အသံကြားနေတာ ကြည့်ပြန်တော့လည်းပဲ ကျောက်နံရံကြီးတွေ၊ အုတ်နံရံကြီးတွေ၊ တကယ်ကြီးမားတဲ့ နံရံကြီးတွေက ကွယ်နေစေကာမူ၊ နတ်တို့၏ ဒိဗ္ဗစက္ခုခေါ်ထားတဲ့ နတ်တို့၏ ဣဒ္ဓိပါဒ်တန်ခိုးနဲ့ ကြည့်လိုက်မယ်ဆိုလို့ရှိရင် ဟိုဘက်ဒီဘက် ထုတ်ချင်းပေါက်ဟာလာဟင်းလင်းပြင် မြင်ကြတယ်။ အပိတ်အပင် အတားအဆီးမရှိဘူး၊ ဒါကို ဒိဗ္ဗစက္ခုလို့ ခေါ်တယ်၊ မင်းကြားဘူးလား (ကြားဖူးပါတယ်ဆရာ)၊ ကြားဖူးတယ်လား (ကြားဖူးပါတယ်ဆရာ)။

ဩော် . . . နတ်ပြည်ကနေ နတ်တွေက ကြည့်လိုက်ရင်၊ တို့လူ့ပြည်အထင်းသား မြင်တယ်လား (မြင်ရပါတယ်ဆရာ)၊ ဒါဖြင့်ရင် ဒီက အုတ်နံရံတွေ ကွယ်ထားတော့ကော (မြင်ပါတယ်ဆရာ)၊ မြင်တာပဲလား (မြင်တာပါပဲဆရာ)၊ ဘာမှကွယ်လိုကာလို့ မရဘူးပေါ့ (မရပါဘူးဆရာ)၊ ဒါဖြင့် လူတွေ ထုထည်ကြီးမားပြီးတော့ သိန်းသန်းချီပြီးတော့ လူထုကြီး ကာထားတယ်၊ ဒီလူတွေ ဒီဘက်ကနေပြီးတော့ ဟိုဘက်ကြည့်လိုက်လို့ရှိရင် အထင်းသားအရှင်းသား မြင်ရတယ်လား (မြင်ရပါတယ်ဆရာ)၊ ဩော် လူတွေ ဘယ်လောက်ချထား ချထား၊ ဖောက်ထွင်းပြီး မြင်ရတာပေါ့နော် (မြင်ရပါတယ်ဆရာ)၊ အေး . . . ဒါ ဒိဗ္ဗစက္ခုခေါ်တဲ့ နတ်တို့မျက်စိဟာ အခုပြောနေတဲ့ အကာအကွယ်, အပိတ်အပင်, အတားအဆီး မရှိတော့ အနီးအဝေး မရွေးပါဘူး၊ ကြည့်လိုက်တာနဲ့ ထင်းခနဲ, လင်းခနဲ အကွင်းသား မြင်ရတယ်။ အဲဒီလိုမြင်ရတဲ့ နတ်တို့၏ ဣဒ္ဓိပါဒ်တန်ခိုးဟာ မင်းတို့ငါတို့ လူသားတွေ မဆိုထားနဲ့၊ လူသားတစ်ယောက်လို မဆိုထားနဲ၊ လူပေါင်းသိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ချထားတာကို ကြည့်လိုက်ရင် ဟိုဘက်ဒီဘက် ဖောက်ထွင်းပြီး မြင်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုမြင်ရပေမယ့် အာသဝေါတရားကုန်ခန်းတဲ့ ပဋိသမ္ဘိဒါပတ္တ, ဆဠာဘိညာ, ဣဒ္ဓိပါဒ်, အဘိညာဉ်နဲ့ ပြည့်စုံတော်မူတဲ့ ရဟန္တာအစစ် ဖြစ်တော်မူသော အရှင်ဥပဝါဏ ကိုယ်တော်မြတ်ကြီးကျတော့ ဖောက်မြင်သေးလား

http://www.dhammadownload.com



(မမြင်ပါဘူးဆရာ)၊ မြင်သေးရဲ့လား (မမြင်ပါဘူးဆရာ)၊ အဲဒါရုပ်မထူးဘူးလား (ထူးပါတယ်ဆရာ)၊ အဲဒါတွေကို သေချာကြည့်ပါ။ မထူးရင်သူလိုငါလို နေမှာပေါ့နော် (မှန်ပါတယ်ဆရာ)။

ဘယ်လောက်ထင်ရှားသလဲလို့ သေချာကြည့်နော်၊ ဒါရုပ်ထူးပုံကလေးတွေလို့၊ ဒါ သဥပါဒိသေသ နိဗ္ဗာန်နော်၊ ရဟန္တာဖြစ်သည်နှင့်တစ်ပြိုင်နက် ခန္ဓပရိနိဗ္ဗာန်မစံခင် ရထားတဲ့ သဥပါဒိသေသ နိဗ္ဗာနဓာတ်ရောက်ရင်ပဲ လေးမဂ်, လေးဖိုလ်က ပေါ်လာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အလောင်းတော် ကိုယ်တော်မြတ်ရဲ့ ခန္ဓာကိုယ်ကို ဖောက်ထွင်းပြီး မမြင်နိုင်ဘူးတဲ့၊ ဒီရဟန္တာ ကိုယ်တော်မြတ်က ကွယ်နေတဲ့အတွက် မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ မျက်နှာတော်မဖူးမျှော်ရတော့ နတ်တွေက ငြိုငြင်မှာစိုးလို့ ချစ်သား အာနန္ဒာတဲ့၊ နတ်တွေ ငြိုငြင်မှာစိုးလို့ ငါဘုရားကိုယ်တော်မြတ်က ချစ်သား ဒီနေရာက သွားလော၊ ဒီနေရာက ဖယ်ရှားလောလို့ ငါနှင်လိုက်တာ၊ အဲဒီလို ကိုယ်တော်မြတ်က ရှင်းလင်းပြောမှ အဓိပ္ပာယ်ကွင်းကွင်းကွက်ကွက်နဲ့ ပေါ်လာတယ်နော်။ (မှန်ပါတယ်ဆရာ)၊ အဲဒီ ဥပဝါဏရဲ့ ရုပ်ရည်ရူပကာယလည်း အင်မတန်လှပတယ်၊ ကိုယ်ကာယကလည်း အင်မတန်ကြီး ထွားတယ်။ မြတ်စွာဘုရားကိုယ်တော်က ပထမဗောဓိ ခေါ်တဲ့ ဝါတော်နှစ်ဆယ်အတွင်းတုန်းက ခြေလက်အလုပ်အကျွေးနဲ့ လာခဲ့တယ်။ ကိုယ်တော်မြတ်ကို အမြဲတစေ လုပ်ကျွေးခဲ့တဲ့ ပုဂ္ဂိုလ်ပဲလို့။ ဒါကြောင့် နတ်ဗြဟ္မာတို့၏ မျက်စိသည် ပကတိလူသားတို့၏ကိုယ်ကို မည်ကဲ့သို့ဖြင့် ဟာလာဟင်းလင်း အပြင်ဘက်ကို ဖောက်ထွင်းပြီး မြင်နိုင်ပါသော်လည်းပဲ အာသဝေါတရားကုန်ခန်းလို့ ပုထုဇဉ်ဘဝက ရဟန္တာအဖြစ်ရောက်ကြသည်နှင့်တစ်ပြိုင်နက် ရုပ်ရည်ရူပကာယ အင်မတန်ထူးမြတ်ပါသဖြင့် ဒိဗ္ဗစက္ခု ခေါ်ထားတဲ့ အဝေးအနီးမရွေး နံရံခြားတာ ထုထည်ကြီးမားပြီး ပါးတာ၊ ထူတာ မရွေးလို့ အမြဲတစေ ဖောက်ထွင်းပြီး မြင်နိုင်တဲ့ နတ်မျက်စိများဖြစ်သော်လည်း ဖောက်ထွင်းပြီး မမြင်နိုင်ကြဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ မထင်ရှားဘူးလားကွယ် (ထင်ရှားပါတယ်ဆရာ)၊ အေး . . . အင်မတန် ထင်ရှားတယ်။

အဲဒီအခါကျတော့မှ ရှင်ဥပဝါဏလည်း ဒီအနားက ခွာလို့ သင့်တော်ရာနေရာမှာ ခစားလို့ နေတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ် ရတနာသလွန်ညောင်စောင်း လျောင်းစက်ပြီးတော့ အခိုက် အတန့်မှာပဲ မြတ်စွာဘုရား ကိုယ်တော်မြတ်က အရှင်အာနန္ဒာကို ခေါ်ပြီးတော့ "ချစ်သားအာနန္ဒာ၊ (သုတ်မဟာဝါ၊ ၁၂၂ - နှာ) မလ္လာမင်းသားတို့ရှိရာ ကုသိနာရုံပြည်သို့ သွားပြီးတော့ မလ္လာမင်းများကို သွားပြောကြားချေ။ အရုဏ်ကျဉ်း၍ အလင်းဘက်ရောက်ရင်ဖြင့် ငါဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူတော့မယ်လို့။ အဲဒါ ငါတို့တိုင်းကား ပြည်ရွာအနီးမှာ ဘုရားကိုယ်တော်မြတ် ကြွလာပြီး ပရိနိဗ္ဗာန်စံတော်မူပါလျက် သက်တော်ထင်ရှားရှိစဉ်အခါက ငါတို့ မဖူးလိုက်ရလေခြင်းလို့ နှလုံးမသာမှု

http://www.dhammadownload.com



မရှိကြကုန်နဲ့။ သင်တို့သည် ဖူးမျှော်ခွင့်ရကြစေခြင်းအကျိုးငှာ ငါလာပြီးတော့ ပြောကြားတယ်လို့" အရှင်အာနန္ဒာကို စေလွှတ်တယ်။ ဒီတော့မှ အရှင်အာနန္ဒာက မြတ်စွာဘုရားကိုယ်တော် စေခိုင်းတော်မူသည့်အတိုင်း တစ်ပါးတည်း ကြွသွားတယ်၊ ကုသိနာရုံပြည်ထဲ ဝင်တဲ့အခါကျတော့ မလ္လာမင်းများကလည်းပဲ မင်းကိစ္စရှိသည့်အားလျော်စွာ မင်းပွဲသဘင် ဆင်ယင်နေတဲ့အခိုက်နဲ့ သွားပြီး ကြုံတွေ့နေတယ်။

မလ္လာမင်းသားများက အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကိုမြင် တော့ နေရာထိုင်ခင်းများ ခင်းကျင်းပေးပြီး ခရီးဦးကြိုဆိုပြီး လျှောက်ထားတယ်။ "အရှင်ဘုရား အဘယ်အကြောင်းကိစ္စကြောင့် ကြွလာတော်မူပါသနည်းဘုရားလို့" လျှောက်ထားတယ်။ အရှင်အာနန္ဒာကိုယ်တော်မြတ်က "အေး ငါကြွလာတဲ့အကြောင်းကတော့ တခြားမဟုတ်ပါဘူး။ မြတ်စွာဘုရား စေခိုင်းတော်မူတယ်လို့။ ယခု ပစ္ဆိမယံ အရုဏ်ကျင်းလို့ အလင်းရောက်တဲ့အခါကျတော့ ငါတို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ပရိနိဗ္ဗာန်စံတော်မူမည့်အကြောင်းကို ငါလာပြီးတော့ သင်တို့ကို အကြောင်းစကား ကြားတာတဲ့။ သင်တို့သည် ငါတို့ တိုင်းကားပြည်ရွာမှာ မြတ်စွာဘုရားကိုယ်တော်မြတ် ကိုယ်တော်တိုင်ကြွချီပြီးတော့ ပရိနိဗ္ဗာန်စံယူတော်မူလျက်သားနဲ့ မဖူးလိုက်ရလေစွလို့ နောင်တတတဖန် ပူပန်မှုမဖြစ်စေခြင်းအကျိုးငှာ ဘုရားရှင်ကိုယ်တော်မြတ်စေခိုင်းလို့ ငါမဆိုင်းဘဲလာပြီး အကြောင်းကြားခြင်းဖြစ်တယ်" လို့။ အဲဒီမှာ မလ္လာမင်းသားများလည်း အသီးသီး မိမိတို့ သားချင်း၊ ဆွေမျိုး၊ မောင်းမမိဿံ ဆွေရံသင်းပင်းများကို အကြောင်းကြားလို့ "ငါတို့ကို ဆုံးမပေးသော လောကစီးပွားကို ဆောင်ရွက်တော်မူပေသော လူနတ်ပြဟ္မာသတ္တဝါတို့၏ ခိုကိုးရာအစစ်ဖြစ်တော်မူသော လောကသုံးပါး ထင်ရှားတော်မူတဲ့ ငါတို့ရဲ့ အဖဘုရားကိုယ်တော်မြတ်သည် ယခုနေ့အကုန်မှာ အရုဏ်ကျင်း၍ အလင်းဘက်ရောက်ရင် ပရိနိဗ္ဗာန်စံတော်မူတော့မယ်ဟဲ့လို့ ဒီလိုကြေငြာချက်ပေးလိုက်ရင်ဘဲ တစ်မြို့လုံးဟာ ရေထဲမှာ လှိုင်းတံပိုး ခုံထဘိသကဲ့သို့ သောသောညံညံ အော်ဟစ်ကြလို့ ငါတို့ အဖဘုရားကိုယ်တော်မြတ်ကြီးသည် ငါတို့ကိုထား၍ ကြွသွားတော်မူတော့မဟဲ့၊ ငါတို့ဆုံးမမည့်ပုဂ္ဂိုလ် မရှိတော့ဘူး၊ နက်ဖြန်ခါ အရုဏ်ကျင်း၍ အလင်းဘက်ရောက်လို့ရှိရင် မြတ်စွာဘုရားအသံတော်လည်း ငါတို့ကြားရမှာ မဟုတ်တော့ဘူး၊ မြတ်စွာဘုရားရွှေမျက်နှာတော်ကိုလည်း ဖူးမျှော်ရမှာ မဟုတ်တော့ဘူး၊ အသံတော်လည်း မကြားရတော့ဘူး၊" အဲဒီလို တစ်ပြည်လုံး၊ တစ်နယ်လုံးကို အုံးအုံးကျွက်ကျွက် ငိုကြွေးကြတယ်။ အော်ကြ၊ ဟစ်ကြ၊ ဆူကြ၊ ပွက်ကြတယ်၊ ဒီလိုဖြစ်နေတဲ့အချိန်မှာ မြတ်စွာဘုရား ဟောကြားဆုံးမသည့်အတိုင်း အရှင်အာနန္ဒာက ဟောပြောပြတယ် "ကိုင်း . . . အသင်မင်းသားတို့၊ အသင်ဒါယကာတို့၊ ဒါယိကာမ အပေါင်းတို့ အချိန်နှောင်းမယ်လို့၊ စောစောသွား၍ မြတ်စွာဘုရား

http://www.dhammadownload.com



ကိုယ်တော်မြတ် ရွှေမျက်နှာတော်ကို ဖူးမျှော်ရအောင်လာကြလို့”အရှင်အာနန္ဒာက ရှင်းပြ၍ ဆွဲဆောင်ပြီး ခေါ်ခဲ့လို့ အားလုံးသော မလ္လာမင်းများနဲ့တကွ ပြည်သူပြည်သားအားလုံးလည်း ပါလာကြတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်ထံတော်ပါးသို့ ရောက်တဲ့အခါကျတော့ အရှင်အာနန္ဒာက စဉ်းစားတော်မူတယ်။

သူတို့ကို တစ်ယောက်ချင်း တစ်ယောက်ချင်း အသီးအသီးရှိခိုးဖို့ အခွင့်အရေးပေးနေလို့ရှိရင်တော့ ဒါနဲ့ပဲ တစ်ညလုံး အချိန်ကုန်တော့မယ်။ ဒီလိုလုပ်လို့မဖြစ်ဘူး၊ တူရာတူရာပေါင်းစုပြီးတော့ အစုလိုက် အစုလိုက် ငါက ရှေ့ဆောင်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဖူးမျှော်ခွင့်ပေးမှပဲလို့ အရှင်အာနန္ဒာက ဒီမှာစီစဉ်ပေးတယ်။ ဘယ်ပုဂ္ဂိုလ်က တစ်စုဝင်၊ ဘယ်ပုဂ္ဂိုလ်က မိမိပရိသတ်နှင့်တစ်စုဝင်နဲ့ အဲဒီလို အစီအစဉ်လုပ်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ရှေ့တော်မှောက်သို့ ပို့ဆောင်တော်မူတယ်။ ရှေ့တော်မှောက်ရောက်တာနဲ့ “ဟောဒါက ဘယ်မင်းသားရဲ့အစု, အသိုက်အအုံ, ဆွေမျိုးဉာတိ, အခြွေအရံအသင်းအပင်းအစုံပါဘုရား။ အရှင်ဘုရားခြေတော်ရင်းသို့ ရောက်၍ ဝပ်စင်း၍ ရှိခိုးနေကြောင်းပါဘုရားလို့” ရှင်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်ကြားပေးတယ်။ အဲဒါ ပထမပိုင်း ညဉ့်ဦးယံကတော့ အဲဒီမလ္လာမင်းသားများနှင့် တိုင်းသူပြည်သားများက မြတ်စွာဘုရားကို ရှိခိုးခြင်း၊ ပူဇော်ခြင်းနဲ့ပဲအချိန်ကုန်ကြတယ်။ အဲဒီမလ္လာမင်းများ ပြန်သွားတဲ့နောက် ကုသိနာရုံပြည်မမှာပဲ စောစောကတည်းက ရောက်နေတဲ့ သုဘဒ္ဒပရိဗိုဇ်ရှိပါတယ်၊ ပရိဗိုဇ်ဆိုတာ သာသနာပြင်ပမှာ ကိုယ့်ကိုကိုယ်ရဟန်းလို့သမုတ်ထားတာ၊ ရဟန်းအစစ်တော့မဟုတ်ပါဘူး၊ ဖန်ရည်စွန်းတဲ့ အဝတ်သင်္ကန်းကို ဝတ်ပြီးတော့ ကိုယ့်ကိုယ်ကို ရဟန်းလို့သမုတ်နေတဲ့ သာသနာပြင်ပပုဂ္ဂိုလ်များကျတော့ ပရိဗိုဇ်လို့ခေါ်တယ်၊ သူလည်းပဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ချမ်းသာကို လိုချင်တဲ့အနေအားဖြင့် တရားရှာနေသူပါ၊ **ဒါပေမယ့် အမှားတွေနဲ့ချည်းနေရတယ်။**

အဲဒီသုဘဒ္ဒပရိဗိုဇ်ကြီးကလည်း (သုတ်မဟာဝါ၊ ၁၂၃ - နှာ။) ကုသိနာရုံပြည်မှာ ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံ တော့မယ် သတင်းအသံတွေကြားတော့။ ဩော် . . . ငါလည်းပဲ ဂေါတမဘုရားလို့ သတင်းစကားကို ကြားတာလည်း တော်တော်ကြာပြီ၊ တော်တော်လေး နာမည်ကြီးနေတယ်။ ဒီဂေါတမဘုရားထံကို ဆည်းကပ်ဖို့ ဝတ္တရားကလည်း ကျန်နေတာ။ ငါတော့ ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ ပကုဓ ကစ္စာယန၊ အဇိတ-အစရှိတဲ့ ပုဂ္ဂိုလ်များသည် သူတို့ကိုသူတို့ ဘုရားလို့ အယောင်ဆောင်ထားတဲ့ ပုဂ္ဂိုလ်များထံတော့ ငါဆည်းကပ်လို့၊ အနည်းနည်းအဖုံဖုံလည်း ငါကြုံခဲ့ပြီးပြီ၊ ငါ့သံသယကိုလည်း ပယ်ရှားနိုင်တဲ့ပုဂ္ဂိုလ်လည်း မရှိဘူး။ အခုတော့ ဒီဂေါတမဘုရားနဲ့ တွေ့ပြီးတော့ တစ်နေ့သောအခါမှာ ငါ့မှာရှိနေတဲ့ သံသယတွေ ငါဖျောက်ဖျက်မယ်လို့ စိတ်ထဲ ရည်ရွယ်ထားတာ။

http://www.dhammadownload.com



အခုတော့ ဂေါတမဘုရားက အရဏ်ကျင်း၍ အလင်းဘက်ရောက်ရင်ပဲ ပရိနိဗ္ဗာန်စံတော့မယ်တဲ့၊ လျှင်လျှင်မြန်မြန် ငါသွားမှနောက်ကျလို့ အသက်မမှီလိုက်ရင်ဖြင့် ငါ့သံသယကို လောကမှာ ဖျောက်ဖျက်နိုင်မည့် ပုဂ္ဂိုလ်ရှိမှာ မဟုတ်တော့ဘူး။

အခုကတည်းက အပြေးအလွှားသွားလိုက်မယ်၊ အပြေးအလွှားရောက်သော်လည်း ဒီမှာ မလ္လာမင်းသားများနဲ့တကွ ပြည်သူ ပြည်သားတွေက မြတ်စွာဘုရားကိုယ်တော်မြတ်ကို ပူဇော်ကန်တော့ ပြီး ဖူးမျှော်လို့နောက်ပိုင်းရောက်တော့ သူ့အတွက် အခွင့်ကောင်းရပြီ၊ ငါဝင်ပြီးတော့ လျှောက်ထား မှပဲလို့ ရှင်အာနန္ဒာထံ ငါဝင်ပြီး ခွင့်ပန်မယ်။ သုဘဒ္ဒပရိဗိုဇ်က ဒီနေရာမှာ ဝင်ပြီး ခွင့်တောင်းတယ်။ "ရှင်အာနန္ဒာ ကျွန်ုပ်က အသင့်ကို ရှိခိုးပါ၏၊ အသင့်ကို မြတ်နိုးပါ၏၊ ကျွန်ုပ်သည် အသက်အရွယ်ကြီးရင့် ပြီးသော ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတ အစရှိသော ပုဂ္ဂိုလ်ကြီးများ၏ ပြောဆိုသံကို ကြားဖူးပါ၏၊ လောက၌ သစ္စာလေးပါးတရားကို ပိုင်းခြားထင်ထင် သိမြင်သော ဘုရားဆိုတာ အင်မတန် ဖြစ်ခဲတယ်၊ ဖြစ်ပြန်တော့လည်း အင်မတန်တွေ့ကြုံခဲတယ်၊ တွေ့ကြုံပြန်တော့လည်း ဒီပုဂ္ဂိုလ်မျိုးထံမှာ ဒီလိုဘုရားမျိုးထံမှာ မိမိသံသယကင်းရှင်းရခြင်းသည် အင်မတန်မှ တန်ဖိုးရှိပါတယ်၊ အင်မတန်မှ အကျိုး များပါတယ်၊ ဒီပုဂ္ဂိုလ်မျိုးသာလျှင် မိမိတို့ရင်တွင်းမှာ မရှင်းလင်းသော သံသယကို ရှင်းလင်းတဲ့ သတ္တိ ရှိတယ်လို့ တပည့်တော် ကြားဖူးပါသည်ဘုရား။ အဲဒါကြောင့် တပည့်တော်ရင်ထဲမှာရှိတဲ့ သံသယ များကို အခု သင်တို့ရဲ့ ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်ကို တပည့်တော်သည် အင်မတန်မှ ယုံကြည်ကိုးစားပါ၏၊ ကြည်ညိုလေးစားပါ၏။

ဒါကြောင့် တပည့်တော်၏ သံသယများကို တစ်နေ့သောအခါ ဂေါတမနဲ့တွေ့ရင် ငါက ရှင်းမယ်လို့ ရည်ရွယ်ချက်ရှိပါသော်လည်း။ တပည့်တော်သည် အရှင်ဘုရားတို့ရဲ့ ဂေါတမမြတ်စွာ ဘုရားကိုယ်တော်မြတ်ထံ တစ်နေ့တစ်ခါမျှ ဆည်းကပ်မှုမရှိခဲ့သေးပါဘူး၊ ခေတ္တခဏမျှလည်း မတွေ့ကြုံ သေးပါဘူး။ အခုအခါမှာတော့ အရှင်ဘုရားရဲ့ဆရာဖြစ်တော်မူတဲ့ ဂေါတမမြတ်စွာဘုရားကိုယ် တော်မြတ်သည် အရဏ်ကျင်း၍ အလင်းဘက်ရောက်ရင် ပရိနိဗ္ဗာန်စံတော်မူတော့မယ်လို့ ကြားလို့ တပည့်တော်သည် အပြေးအလွှား လာခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် အရှင်ဘုရားရဲ့ဆရာဖြစ်တော်မူတဲ့ ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ဖူးမျှော်ခွင့် ပေးသနားတော်မူပါလို့" အရှင်အာနန္ဒာအား လျှောက်ထားတယ်။ အရှင်အာနန္ဒာကလည်း စဉ်းစားတယ်၊ သြော် . . . ဒီပုဂ္ဂိုလ်က ပရိဗိုဇ်တစ်ယောက် ဖြစ်နေတယ်၊ ပရိဗိုဇ်ဆိုတာ သာသနာပြင်ပပုဂ္ဂိုလ်တွေတဲ့ သာသနာတော်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ ဒီပုဂ္ဂိုလ်တွေကို ဘုရားထံ ဖူးတွေ့ခွင့်ပြုလိုက်ရင် ဒီပုဂ္ဂိုလ်ရဲ့ မူလယူဆထားတဲ့၊ မိမိတို့မှားယွင်းသော အယူဝါဒကိုပဲ စင်ကြယ်သန့်ရှင်းအောင် ကိုယ်တော်မြတ်က ဆုံးမနေရမယ်၊

http://www.dhammadownload.com



ဆုံးမနေရဆိုကတည်းက သူ့အယူစင်ကြယ်တာ၊ မစင်ကြယ်တာ အပထားလို့၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဆတက်ထမ်းပိုး တိုးပြီးတော့ ပင်ပန်းရှာတော်မူတော့မယ်လို့။ ဒါကြောင့် ခွင့်မပေးဘဲနဲ့၊ သုဘဒ္ဒ-တဲ့ အချိန်အခါမဟုတ်သေးဘူး၊ ငါခွင့်မပြုနိုင်ဘူး၊ ဘုရားကိုယ်တော်မြတ်ကို မညှဉ်းဆဲပါနဲ့လို့ တားတယ်။

ဒါပေမယ့် သုဘဒ္ဒပရိဗိုဇ်က စဉ်းစားတယ်၊ ငါ့အား အရှင်အာနန္ဒာ ခွင့်မပြုချေ၊ သို့သော် အလိုရှိသောသူမည်သည်ကား သူ့အလိုလိုက်၍ ပြုလုပ်ထိုက်ပေသည်။ ငါနောက်ပြန်ဆုတ်သွားရင် ငါပဲ အကျိုးယုတ်မှာတဲ့၊ သူ့အကျိုးယုတ်မှာ မဟုတ်ဘူး၊ မဆုတ်သင့်ဘူးတဲ့၊ ငါကိုယ်တိုင် သိသင့်တဲ့ အရေးကို ငါကိုယ်တိုင်ပဲ မေးရမှာ ဖြစ်တယ်။ ဒါကြောင့် မိမိအကျိုးလိုလားသောပုဂ္ဂိုလ်ဟာ သူတစ်ပါး အနူးအညွတ်ဖြစ်အောင် လုပ်ရမယ်။ ရှင်အာနန္ဒာက ငါ့အပေါ် ညွတ်လာအောင် ငါက ရိုရိုသေသေနဲ့ ဂါရဝပြုရမယ်၊ မရရအောင် ကြိုးစားရမယ်၊ ကြိုးစားရမဲ့တာဝန် ငါ့တာဝန်၊ တစ်ကြိမ်တစ်ခါဆိုကာမျှနဲ့ ငါနောက်ဆုတ်သွားမယ်ဆိုရင် ငါသာ အကျိုးယုတ်မယ်လို့၊ တစ်ဆင့်မေးလျှောက်ပြန်တယ်၊ ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း တောင်းပန်ပါ၏၊ တပည့်တော်က အရှင်ဘုရား၏ဆရာ ဂေါတမဘုရားကိုယ်တော်မြတ်ကို အင်မတန်မှ ကြည်ညိုပါ၏၊ အင်မတန်မှ မြတ်နိုးပါ၏။ ဒါကြောင့် ခေတ္တခဏ ဖူးမျှော်ခွင့် ပေးသနားတော်မူပါလို့ ထပ်တောင်းပန်ပြန်တယ်။ ဒုတိယအကြိမ်မြောက် တောင်းပန်သော်လည်း ပယ်လိုက်တာပဲ၊ မပေးနိုင်ဘူးတဲ့။ ဘုရားကိုယ်တော်က ဝေဒနာဖိစီးနှိပ်စက်လို့ အင်မတန်ပင်ပန်းတဲ့အချိန်အခါရောက်နေလို့ ဒီအချိန်အခါမှာ အခွင့်ပေးဖို့ အချိန်မဟုတ်တော့ဘူး၊ သုဘဒ္ဒပြန်ပေတော့လို့ ငါက အခွင့်မပေးနိုင်ဘူးတဲ့။ အဲဒါမှတ်စရာကောင်းတယ်၊ နှစ်ကြိမ်ပယ်လည်း သူက နောက်မဆုတ်ပါဘူး၊ ငါ့ရင်ထဲမှာ မရှင်းတဲ့ သံသယတွေ တိုးလို့တန်းလန်းကျန်ခဲ့လို့ရှိရင် လောကကြီးမှာ ဖြေရှင်းနိုင်တဲ့ ပုဂ္ဂိုလ်မျိုးမရှိတော့ဘူး၊ မရှိရင် ငါဘာ အကျိုးထူးမှာလဲလို့၊ ငါ့အကျိုးစီးပွားလိုလားရင် ရှင်အာနန္ဒာကိုယ်တော်မြတ် ငါ့အပေါ်မှာ အနူးအညွတ်ခွင့်လွှတ်လာအောင် ငါက ဂါရဝ, နိဝါတ အနေအားဖြင့် သူ့ရဲ့အောက် ကြို့ရမယ်၊ အဲဒါ တယ်မှတ်စရာကောင်းတယ်၊ ဒါစကားစပ်မိလို့ ပြောတာပါ။

တချို့က ဒီလိုမဟုတ်ဘူးကွာ၊ တို့ နှစ်တိုင်းနှစ်တိုင်း သင်တန်းတွေ ပေးနေတာလည်း သင်တန်းကြီးကအစ အသစ်ဖွင့်ပြီဆိုမှဖြင့် ပထမ တစ်ရက်၊ ဒုတိယ တစ်ရက်၊ တတိယ တစ်ရက် သုံးရက်နော်၊ ငါက နှင်နှင်ပစ်သကိုးကွနော် (မှန်ပါတယ်ဆရာ)၊ သင်တန်းတက်တာဟာ တကယ်စိတ်ကောင်း၊ နှလုံးကောင်း၊ စေတနာကောင်းနဲ့ တို့ ဒီတရားရလို့ရှိရင်ဖြင့် အားကိုးလောက်တဲ့တရား၊ အားထားလောက်တဲ့ တရား၊ ဒီတရားကြီးရအောင် ငါတို့ကြိုးစားပမ်းစားနဲ့ နာမယ်ဟဲ့လို့၊ တကယ်စိတ်ကောင်း စေတနာ

http://www.dhammadownload.com



ကောင်းနဲ့ လာတဲ့ပုဂ္ဂိုလ်များ လာကြတယ်နော်။ တချို့ကတော့ အတိုအရှည်တိုင်းရအောင် လာကြတယ်လို့ တချို့ကလည်း မြေစမ်းခရမ်းပျိုးဆိုတဲ့အနေနဲ့ လာကြတယ်။ တချို့ကလည်း အပြစ်ရှာရအောင် လာကြတယ်၊ အဲဒါ မရိုးသားသော စေတနာနဲ့ လာတဲ့ပုဂ္ဂိုလ်များသည် နေရာထိုင်ခင်းကလည်း အင်မတန်ကျဉ်းကြပ်ပါသဖြင့် ပြန်ကြပါလို့၊ အဲဒီလိုနှင်လိုက်တော့ တချို့လည်းပဲ ဒီလိုပဲ ပြန်သွားကြတယ်၊ တချို့လည်း ပေကပ်နေတယ်၊ မပြန်ဘူးပေါ့ကွာ၊ တချို့လည်း ဘယ်နှယ့်ဖြစ်သွားလဲဆိုတော့ ငါကိုယ်တိုင် ကြားတာပေါ့ကွယ်။

တစ်ခါကတော့ ဒီလိုပဲ တရားနာချင်လို့ လာတာအမှန်ပဲလို့၊ အဲဒီလို နှင်တာနဲ့ တွေ့တော့ ပြန်သွားလိုက်တာ ပြန်သွားကြရော့၊ အရပ်ထဲ ရောက်တော့ ဘာပြောလဲ တရားနာခဲ့လား၊ ဟာ. . . တရားမနာခဲ့ရပါဘူး၊ ဘာဖြစ်လို့လဲ၊ ဟာ . . . သူ့တရားနာချင်လို့ သွားပါတယ်၊ ဘယ့်နှယ့်ဟိုရောက်တော့ နှင်လွှတ်ပစ်နေတယ်၊ သုံးရက်ရှိပေ့၊ သူ့တရားမနာပါနဲ့၊ သူ့တရားမနာပါနဲ့ ဒီလိုချည်း နှင်ပစ်နေတယ်၊ နှင်ပစ်တော့ ပြန်လာခဲ့တာပေ့ါ။ အဲဒါအစဉ်းအစားမရှိတဲ့ပုဂ္ဂိုလ်များ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ တကယ်တရားကို လိုချင်တဲ့ပုဂ္ဂိုလ်မှန်ရင် နှင်လွှတ်လည်း သွားရမှာလား (မသွားရပါဘူးဆရာ)၊ အေး . . . နှင်လို့သွားတော့ ဘယ်သူအကျိုးယုတ်လဲ (ကိုယ်သာအကျိုးယုတ်ပါတယ်ဆရာ)၊ ကိုယ်သာ အကျိုးယုတ်တယ်၊ ကိုယ်သာ တရားမရဘူးနော် (မှန်ပါတယ်ဆရာ)၊ အေး . . . နှင်ပေမယ့် တစ်ကြိမ်, နှစ်ကြိမ်, သုံးကြိမ်, အောင့်အည်းသည်းခံပြီးတော့ မဖြစ်မနေ ကြိုးစားမယ်၊ မဟုတ်ဘူးလား (ကြိုးစားမှာပါဆရာ)၊ နှင်တာကတော့ ဒီလိုပုဂ္ဂိုလ်ကို နှင်တာ မဟုတ်ပါဘူး၊ အမှန်ကတော့ မရိုးသားသော စေတနာနဲ့ လာရောက်ပြီး နာတဲ့ပုဂ္ဂိုလ်များကို နှင်ထုတ်တာပါ၊ ရိုးသားစွာနဲ့ လာရောက်ပြီးတော့ နာကြတဲ့ပရိသတ်ကို အနှောင့်အယှက် ဖြစ်မှာစိုးလို့၊ နေရာထိုင်ခင်းတွေ အင်မတန်ကျဉ်းကြပ်လွန်းလို့ အလုအယက်နေထိုင်ကြရတယ်လို့။ အဲဒါသင်တန်းအသစ်ဖွင့်လိုက်ရင် နေရာအတွက် စကားများကြတယ်လို့ ကြားပါတယ် ရွစိရွစိနဲ့။ ဒါပေမယ့် ဆရာတော်ကြီးဆုံးမထားတာ တရားရှာကြပါ၊ သူတော်ကောင်းစိတ်နဲ့ နေကြထိုင်ကြလို့ ဆုံးမခဲ့ပါတယ်၊ ပွဲလမ်းသဘင်မဟုတ်ဘူး၊ ပွဲလမ်းသဘင်မှ နေရာလု ရန်ဖြစ်လို့ ကောင်းတာ၊ သင်တန်းကျတော့ နေရာလုလို့ စကားများလို့ မကောင်းပါဘူးနော် (မှန်ပါတယ်ဆရာ)၊ တစ်ယောက်နဲ့တစ်ယောက် သည်းခံကြ၊ ကိုယ်ကလည်း သတိပေးပါတယ်၊ နေရာထိုင်ခင်းလည်း အတော်ကြီး ပြည့်စုံအောင်လည်း ဒီက ဖန်တီးနိုင်သမျှ ဖန်တီးထားပါတယ်။ အဲဒီထဲမှာ ဖန်တီးထားတဲ့နေရာနဲ့ တက်လာတဲ့ပုဂ္ဂိုလ်နဲ့ မမျှပြန်တော့ နေရာကျဉ်းကြပ်သကိုးကွနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



အဲဒါကြောင့် တကယ်စိတ်ကောင်း, စေတနာကောင်းနဲ့ လာကြတဲ့ ပုဂ္ဂိုလ်များအတွက် အနှောင့်အယှက် မဖြစ်ပါစေနဲ့၊ မရိုးသားသောစေတနာနဲ့ လာကြသော အတိုအရှည်တိုင်းလိုသောပုဂ္ဂိုလ်၊ အပြစ်ရှာလိုတဲ့ပုဂ္ဂိုလ်၊ မြေစမ်းခရမ်းပျိုးလိုသော ပုဂ္ဂိုလ်များရှိခဲ့သော် နောက်ဆုတ်ပေးကြပါလို့ အနှောင့်အယှက်မပေးကြပါနဲ့လို့ ကိုယ်လည်း အပြစ်များပါတယ်လို့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို နှင်တာပါ။ ဒါကြောင့် သုဘဒ္ဒပရိဗိုဇ်ကို ကြည့်စမ်းပါ၊ အရှင်အာနန္ဒာအား မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဖူးမျှော်ခွင့်ရဖို့ အခွင့်တောင်းတယ်၊ ပယ်ချလိုက်တယ်နော်၊ သုဘဒ္ဒပရိဗိုဇ်က ပြန်သွားလား (မပြန်ပါဘူးဆရာ)၊ ပြန်တော့လို့ သူက ငါ့ကို ပြောတယ်၊ ခုနေခါ ငါ နောက်ဆုတ်သွားပါက ငါ့သာ အကျိုးယုတ်မှာတဲ့၊ သုဘဒ္ဒပရိဗိုဇ်က စဉ်းစားလာတယ်နော် (မှန်ပါတယ်ဆရာ)၊ ခုနေခါ ငါနောက်ဆုတ်သွားရင် ငါ့သာ အကျိုးယုတ်မှာတဲ့၊ သူ့ဘာမှ ဖြစ်မှာမဟုတ်ဘူး၊ ဒါကြောင့် အရှင်အာနန္ဒာဟာ ငါ့အပေါ်မှာ ကြည်နူးလာအောင် ငါက အထူးသဖြင့် အောက်ကျခံပြီးတော့ ရှိခိုးတောင်းပန်ရမယ်တဲ့။ ဟော . . . ဒီလိုလာတယ်၊ ဒါအကျိုးစီးပွားမြင်တဲ့ပုဂ္ဂိုလ်နော်၊ ဒါ ဒုတိယ တစ်ကြိမ် ထပ်ပြီးတော့ တောင်းပန်တယ်၊ တောင်းပန်တော့လည်း အရှင်အာနန္ဒာက ပယ်ချလိုက်ပြန်တယ်၊ ပယ်တော့လည်း သူက စိတ်မပျက်ဘူး ကြိုးစားတယ်၊ အရှင်အာနန္ဒာကိုယ်တော်မြတ်က ငါ့အပေါ် ယုံကြည်လာအောင် ငါကြိုးစားမယ်ဟဲ့၊ အောက်ကျခံပြီးတော့ တတိယအကြိမ် တောင်းပန်ပြန်တယ်။

အရှင်ဘုရား ဘုရားတပည့်တော်သည် သက်ကြီးရွယ်ရင့်ဖြစ်ကြတဲ့ မက္ခလိဂေါသာလ၊ ပူရဏကဿပ အစရှိတဲ့ ပုဂ္ဂိုလ်များထံ တပည့်တော် အကြိမ်ကြိမ်ဆည်းကပ်ဖူးပါတယ်တဲ့၊ "သက်ကြီးစကား သက်ငယ်ကြား"ဆိုသလို ထိုအသက်ကြီးသောပုဂ္ဂိုလ်များ ပြောကြားတဲ့အတိုင်း လောကမှာ ဘုရားဆိုတာ အင်မတန်မှ ရှားတယ်၊ အင်မတန်မှ တွေ့ခဲတယ်၊ ကြုံခဲတယ်၊ တွေ့ပြန် ကြုံပြန်တော့ ဘုရားဟူ၍ ဖြစ်ပေါ်လာပြန်တော့ ရှိသမျှသံသယတွေကို ၎င်းပုဂ္ဂိုလ်များသာလျှင် ဖြေရှင်းနိုင်တယ်လို့၊ "သက်ကြီးစကား သက်ငယ်ကြား"၊ ၎င်းပုဂ္ဂိုလ်များ ပြောကြားတဲ့စကားအရ အရှင်ဘုရားတို့ရဲ့ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်ကို တပည့်တော်က အင်မတန်မှ ကြည်ညိုပါတယ်၊ အင်မတန်မှ လေးစားပါတယ်၊ အင်မတန်မှ မြတ်နိုးပါတယ်။ သို့အတွက်ကြောင့် ဘုရားတပည့်တော် သံသယတွေ ဖြေရှင်းပယ်ပျောက်စေခြင်းအကျိုးငှာ ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်ကို ဖူးမျှော်ဖို့ အခွင့်ပေးသနားတော်မူပါလို့ လျှောက်ထားတယ်။ အဲဒီတတိယအကြိမ်မြောက်လျှောက်တော့ ဘုရားကိုယ်တော်မြတ်က ကြားတော်မူတယ်။

ဒီတော့ ကိုယ်တော်မြတ်က လှမ်းပြောလိုက်တယ်၊ "ချစ်သားအာနန္ဒာတဲ့. . . သုဘဒ္ဒပရိဗိုဇ်အား ငါဘုရားကိုယ်တော်မြတ်ကို ဖူးမျှော်ဖို့ အခွင့်တောင်းနေတာ ခွင့်ပြုလိုက်ပါ"လို့ လှမ်းပြီး မိန့်ကြား

http://www.dhammadownload.com



တော်မူပါတယ်။ ရှင်အာနန္ဒာက အိုသုဘဒ္ဒပရိဗိုဇ် မြတ်စွာဘုရားကိုယ်တော်မြတ်က သင့်အတွက် ခွင့်ပြုလိုက်ပြီတဲ့၊ သွားဖူးချေလို့ ခွင့်ပေးတယ်။ အဲဒီအခါမှာ သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရား ကိုယ်တော်မြတ်ထံ ဝင်ပြီးတော့ ဆည်းကပ်တယ်၊ ရှိခိုးပူဇော်တယ်။ ရှိခိုးပူဇော်ပြီးမှ နှုတ်ဆက်စကားများ ပြောကြားပြီးတော့၊ အရှင်ဘုရား ဘုရားတပည့်တော်ရင်ထဲမှာ မရှင်းလင်းတဲ့ သံသယတစ်ခုကို လျှောက် ထားပါရစေလို့ အဲဒီမှာ လျှောက်ထားတယ်။ အရှင်ဘုရား . . . တပည့်တော် ကြားဖူးတာက မက္ခလိ ဂေါသာလ၊ ပူရဏကဿပ၊ အဇိတ၊ ပကုဓကစ္စာယန အစရှိတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ ကိုယ်သူတို့ လောကမှာ ငါတို့သည် ဘုရားဖြစ်တယ်လို့ ဝန်ခံပြီးတော့ နေကြတယ်။ တကယ်တမ်း သစ္စာလေးပါး ထင်ထင်ရှားရှား သိတဲ့အနေအားဖြင့် ဘုရားဖြစ်နေတဲ့ ဘုရားလို့ ဝန်ခံလေသလား။ သို့မဟုတ်ဘဲနဲ့ ဝါကြွားတဲ့အနေအားဖြင့် တကယ်တမ်း တရားလက်ကိုင် မရှိဘဲနဲ့ ဆိုနေသလားလို့၊ ဒီအကြောင်းကို ဘုရားတပည့်တော်က သိလိုပါတယ်တဲ့။

## မဂ္ဂင်ရှစ်ပါးဆိုတာ ဘုရားသာသနာတော်မှာသာ ရှိခြင်း

မြတ်စွာဘုရားကိုယ်တော်မြတ်က သုဘဒ္ဒပရိဗိုဇ်တဲ့၊ ဒီအမေးကို ငါဘုရားကိုယ်တော်မြတ် မဖြေချင်ဘူးတဲ့၊ ဖြေရာလည်း အခွင့်မဟုတ်ဘူးတဲ့၊ ငါဘုရားကိုယ်တော်မြတ် ဟောတာကို နားထောင် ခဲ့ပါ၊ ကိုယ်တော်မြတ်က ဒီကျမှ တရားဟောတယ်၊ အဲဒီကျတော့ ဘာတရား ဟောတာလဲ ဆိုတော့ ၎င်းတိတ္ထိဂိုဏ်းသားများရဲ့ ဂိုဏ်းထဲမှာ ကိလေသာတွေ ကုန်ခန်းစင်ကြယ်စေတတ်တဲ့ အဋ္ဌင်္ဂိကမဂ္ဂင် ဆိုတဲ့ မဂ္ဂင်တရား ကျင့်စဉ်အားဖြင့်လည်း လုံးဝ မရှိဘူးတဲ့။ ဒါကြောင့် ၎င်းရဲ့ ဂိုဏ်းအတွင်းမှာ သောတာပန်ပုဂ္ဂိုလ်မရှိဘူး၊ သကဒါဂါမ်ပုဂ္ဂိုလ်မရှိ အနာဂါမ်ပုဂ္ဂိုလ်မရှိ ၎င်းတို့၏သာသနာအတွင်းမှာ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဆိုတာကို ရှာလို့မရဘူး၊ ရှိလည်း မရှိကောင်းဘူး။ ကိလေသာကို သတ်တတ် ဖြတ်တတ်တဲ့ လက်တွေ့အကျင့်တည်းဟူသော မဂ္ဂင်တရားကိုယ်ရှစ်ပါး အကျင့်တရား များလည်း လုံးဝမရှိဘူး၊ ငါ ဘုရားသာသနာမှအပ ဘယ်မှာမှ မရှိဘူး။ ငါဘုရားရဲ့သာသနာအတွင်း၌ ကိလေသာကို သတ်၍သွားတတ်သော မဂ္ဂင်ခေါ်ထားသော မဂ္ဂင်တရားကိုယ်ရှစ်ပါးသည် ထင်ရှားရှိ၏၊ ထိုတရားများ ပွားများအားထုတ် အလုပ်လုပ်ကြခြင်းကြောင့် သောတာပန်ပုဂ္ဂိုလ်သည် ငါ့သာသနာ အတွင်း၌သာ ထင်ရှားရှိ၏။ သကဒါဂါမ်, အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တွေဆိုတာ ငါ့ဘုရား သာသနာ အတွင်း၌သာ ထင်ရှားရှိကြ၏လို့ ကိုယ်တော်မြတ် မိန့်ကြားတော်မူတယ်။

အဲဒီလို မိန့်ကြားတဲ့စကားကို ကြားလိုက်တော့ သုဘဒ္ဒပရိဗိုဇ်က နှစ်နှစ်ခြိုက်ခြိုက် ဝမ်းပန်း တသာနဲ့ လက်အုပ်ချီမိုး ရှိခိုးပြီးတော့၊ အရှင်ဘုရား . . အရှင်ဘုရားရဲ့ တရားစကားကို ကြားရပါသဖြင့်

http://www.dhammadownload.com



ဘုရားတပည့်တော်က အင်မတန်မှ ဝမ်းပန်းတသာရှိခြင်းကြောင့် အရှင်ဘုရားရဲ့သာသနာတော်တွင်းကို ရဟန်းအဖြစ်နဲ့ ဝင်လိုကြောင်းပါဘုရား၊ အခွင့်ပေးသနားတော်မူပါဘုရားလို့ တောင်းတယ်။ ဘုရားကိုယ်တော်မြတ်က ဘာပြောသလဲ ဆိုတော့ သုဘဒ္ဒပရိဗိုဇ်တဲ့၊ ငါ့သာသနာတော်မှ အပဖြစ်တဲ့ တိတ္ထိယပက္ကန္တရ တိတ္ထိဂိုဏ်းသားများ ငါ့ဘုရားသာသနာတော်ကို ဝင်ချင်တယ်ဆိုလို့ရှိရင် အနည်းဆုံး လေးလ ပရိဝါသ်ဆောက်တည်ရမယ်၊ လေးလပရိဝါသ်ဆောက်တည်ပြီး "အပလောကနကံ" ဆောင်ပြီးမှသာလျှင် ငါ့ဘုရားသာသနာတော်ကို ဝင်ခွင့်ပြုတယ်လို့၊ ဒါဖြင့် ငါဘုရားကိုယ်တော်မြတ်သည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ငါသိတော်မူတယ်လို့ ဘုရားကိုယ်တော်မြတ်က ကြိုတင်ပြီးတော့ အသိပေးစကား ပြောကြားခဲ့တယ်၊ နောက် သုဘဒ္ဒပရိဗိုဇ်က လျှောက်ထားတယ်၊ အရှင်ဘုရား. . . အရှင်ဘုရားရဲ့ တပည့်တပန်းများသည် ဘုရားတပည့်တော်ကို သာသနာ့တွင်းသို့ သွတ်သွင်းဖို့ လက်ခံမယ်ဆိုလို့ရှိရင် ပရိဝါသ်လေးလတိုင်အောင် ဆောက်တည်တာ မဆိုထားနဲ့၊ လေးနှစ်တိုင်တိုင် ဆောက်တည်ရပါစေ၊ တပည့်တော်က ဆောက်တည်ပါ့မယ်ဘုရားလို့ လျှောက်ထားတယ်။ ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က အရှင်အာနန္ဒာကို ခေါ်ပြီးတော့ ချစ်သားအာနန္ဒာ . . . ဒီလောက်တောင် ဆန္ဒပြင်းပြနေတဲ့ သုဘဒ္ဒပရိဗိုဇ်ကို ချက်ချင်းပဲ ရဟန်းပြုပေးလိုက်ပါ။

ဒီတော့ သုဘဒ္ဒပရိဗိုဇ်ကို အရှင်အာနန္ဒာက သင့်ရာနေရာကို ခေါ်ပြီးတော့ ဆံမုတ်ဆိတ်များပယ်ပြီးတော့ သရဏဂုံတည်စေပြီး ရှင်ဘဝကနေ ရဟန်းအဖြစ် ရောက်အောင် တက်တယ်၊ ရဟန်းအဖြစ်သို့ ရောက်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ထံ ပြန်ပြီးတော့ ဆည်းကပ်တယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်က တရားပေးတယ်၊ အဲဒီတရားကို ဥယျာဉ်၏ သင့်တော်တဲ့နေရာမှာ စင်္ကြံလျှောက်ပြီး ပွားများအားထုတ်တယ်၊ မကြာမြင့်မီပဲ လေးမဂ်၊ လေးဖိုလ်ရပြီး အာသဝေါတရား ကုန်ခန်းလို့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ရတယ်။ သုဘဒ္ဒပရိဗိုဇ်နော်၊ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ နောက်ဆုံးအနေအားဖြင့် ရဟန္တာဖြစ်သွားတာ သုဘဒ္ဒပရိဗိုဇ်တစ်ယောက်ပါပဲ၊ သူ့နောက် ဘယ်သူမှ မရှိတော့ပါဘူး၊ သုဘဒ္ဒပရိဗိုဇ်ကြီး ရဟန္တာဖြစ်ပြီးတဲ့နောက်ပိုင်း မြတ်စွာဘုရားကိုယ်တော်မြတ်က လည်းပဲ ဆိတ်ဆိတ်ပဲ၊ ဖလသမာပတ်ဝင်စားတော်မူတဲ့အခါမှာ အရှင်အာနန္ဒာကိုယ်တော်မြတ်ရဲ့ စိတ်ထဲ ဘယ့်နှယ့်အောက်မေ့နေလဲ၊ မင်းများဆောက်ထားတဲ့ မင်းတဲရဲ့တံခါးတိုင်ကိုင်ပြီးတော့ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ရဲ့စိတ်ထဲမှာ ဝေဒနာဖြစ်တော်မူတယ်၊ အရဟတ်ကျင်းလို့ အလင်းဘက် ရောက်ပလား ဆိုမှုဖြင့် ငါ့နောင်တော် မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့အသံတော် ဆိတ်တော့မယ်၊ အသံတော် ကြားရမှာ မဟုတ်ဘူး၊ အရဟတ်ကျင်းလို့ အလင်းဘက်သို့ ရောက်ရင် ပရိနိဗ္ဗာန်စံတော့မယ်တဲ့၊ ယူကြုံးမရဖြစ်ပြီးတော့ ဒီနေရာမှာ မျက်ရည်တွေကျပြီးတော့ ရှိုက်ကြီးတငင် ပင်ပန်းစွာ ငိုကြွေးရှာတယ်၊

http://www.dhammadownload.com



ငိုကြွေးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဖလသမာပတ်က ထလို့ ကြည့်လိုက်တဲ့အခါ အရှင်အာနန္ဒာကို မမြင်တော့ဘူး၊ ရဟန်းများကို ခေါ်ပြီးတော့ ချစ်သားတို့ အရှင်အာနန္ဒာ ဘယ်သွားတုံးလို့ မေးတယ်၊ မှန်ပါ့ဘုရား၊ ဟိုနားက မင်းတဲရဲ့တံခါးတိုင်ကို ကိုင်ပြီးတော့ ပြင်းထန်စွာ ငိုကြွေးနေကြောင်းပါ ဘုရားလို့ လျှောက်ထားတော့မှ ခေါ်လိုက်တယ်၊

အခေါ်ခိုင်းလို့ အရှင်အာနန္ဒာ လာတယ်၊ (သုတ်မဟာဝါ၊ ၁၁၈-နှာ) ဘုရားရှေ့တော်မှောက်ရောက်တဲ့အခါကျတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဆုံးမစကား ပြောကြားတော်မူတယ်၊ ချစ်သားအာနန္ဒာတဲ့၊ ဒီလို သောကပရိဒေဝ ပူဆွေးငိုကြွေးနေခြင်းသည် လုံးဝအကျိုးမရှိတဲ့အကြောင်းကို ငါဘုရားကိုယ်တော်မြတ် ကြိမ်ဖန်များစွာ ဆုံးမတော်မူခဲ့ပြီတဲ့။ ယခုကဲ့သို့ လောကကြီး၌ ဖြစ်ပေါ်လာသော သူသူငါငါ သတ္တဝါမှန်သမျှတို့ သေကွဲတဲ့, ရှင်ကွဲတဲ့။ သေကွဲကွဲခြင်း ဆိုတာ အင်မတန်ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းရှိကြတဲ့ မိရင်း ဖရင်း ဆွေမျိုးသားချင်းတွေသည် သေကြေပျက်စီး၍ ကွဲကွာခြင်းကဲ့သို့ နာနာဘာဝ၊ တစ်ရပ်တစ်ကျေးသို့ ခေါ်သွားရခြင်းတည်းဟူသော ဝိနာဘာဝ။ စည်းစိမ်ဥစ္စာ ရတနာဂုဏ်သိရ်တို့ဖြင့် ပြည့်စုံကြွယ်ဝခြင်းမှ နိမ့်ကျ၍ ဆင်းရဲသောဘဝ ရောက်ရခြင်းတည်းဟူသော အညထာဘာဝ။ အဲဒါလေးလည်း မှတ်သားကြ၊ အင်မတန် မှတ်စရာကောင်းတယ်၊ **နာနာဘာဝ-သေကွဲကွဲရခြင်း။** ဝိနာဘာဝ-ရှင်ကွဲကွဲရခြင်း။ အညထာဘာဝ-ချမ်းသာသောဘဝမှ ဆင်းရဲသောဘဝသို့ ရောက်ရခြင်း အင်မတန်မှတ်စရာကောင်းပါတယ်၊ ဒါကြောင့် "ကိုယ်ရေးကြုံသက်လုံကောင်းမှ ဖြစ်မယ်"ဆိုတဲ့ စကားလို သူသူငါငါ အားလုံးသော သတ္တဝါများသည် ဒီတရားတွေက ရှောင်လွှဲလို့ မဖြစ်ကောင်းတဲ့ တရားတွေ ဖြစ်တယ်။ တစ်နေ့သောအခါ တွေ့ကြုံရမယ်လို့၊ ရှင်ကွဲ ကွဲမလားဟဲ့၊ သေကွဲ ကွဲမလားဟဲ့၊ တစ်နည်းနည်းတော့ ကွဲကြတော့မှာပဲဆိုတာ အမြဲတစေ မိမိတို့စိတ်ထဲမှာ ပွားများနေလို့ရှိရင် ကြုံလာသောအခါကျတော့ အများကြီး သက်သာစရာ ရကောင်းပါတယ်။

မနေ့ညက ပြသွားတာက သုဘဒ္ဒပရိဗိုဇ်ကို နောက်ဆုံး ဆုံးမတဲ့အနေဖြင့် မြတ်စွာဘုရားဆုံးမတော်မူတဲ့အခန်းဖြစ်တယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ် သက်တော်ထင်ရှားရှိတော်မူတဲ့အခါမှာဖြင့် နောက်ဆုံး ဆုံးမတော်မူတဲ့ပုဂ္ဂိုဟ်ဟာ သုဘဒ္ဒရဟန်းပဲ၊ အဲဒီသုဘဒ္ဒရဟန်းအား ဆုံးမပြီးလို့ သုဘဒ္ဒပရိဗိုဇ်လည်း ရဟန်းဘဝရောက်လို့၊ ကိုယ်တော်မြတ် ဟောကြားပေးတော်မူတဲ့ တရားတွေကြိုးစားအားထုတ်လို့ မကြာမြင့်မီပဲ လေးမင်္ဂလေးဖိုလ်ရပြီးတော့ အာသဝေါတရားလေးပါးကုန်ခန်းလို့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးဖြစ်သွားတယ်၊ လက်မတင်လေးပဲ တရားရလိုက်တယ်၊ အရှင်အာနန္ဒာကို ပထမဆုံး ခွင့်တောင်းစဉ်အခါတုန်းက ခွင့်မရလို့ စိတ်ပျက်ပြီး ပြန်သွားရင် မုချ သူ ရဟန္တာမဖြစ်နိုင်ဘူး။

http://www.dhammadownload.com



အဲဒါတစ်ကြိမ် ပယ်လည်း မရ၊ နှစ်ကြိမ်ပယ်လည်း မရ၊ ကြိုးစားပမ်းစားနဲ့ ငါ့အခွင့်အရေး ငါရအောင် ယူမယ်ဆိုတဲ့ အနေအားဖြင့် ထပ်ပြန်တလဲလဲ လျှောက်ထားလို့၊ ကိုယ်တော်မြတ်က ကြားလိုက်တော့ ခွင့်ပြုလို့ တရားထူး တရားမြတ်ကို ရပြီး ရဟန်းကိစ္စ ပြီးရတယ်။ အင်မတန်လည်းပဲ နည်းယူစရာ ကောင်းပါတယ်၊ အဲဒီလို မြတ်စွာဘုရားကိုယ်တော်မြတ်က သုဘဒ္ဒပရိဗိုဇ်ကို နောက်ဆုံး ဆုံးမလို့ ရဟန်းကိစ္စပြီးဆုံးသောအခါ ဖလသမာပတ်ဝင်စားပြီးတော့ သက်သာစွာ နေတော်မူရှာတယ်။

ဖလသမာပတ်ဝင်စားပြီးတော့ နေတော်မူတဲ့အခါ အရှင်အာနန္ဒာကိုယ်တော်မြတ်ရဲ့စိတ်ကူးထဲ ဘယ်လိုဖြစ်လာလဲလို့၊ အရုဏ်ကျင်းလို့ အလင်းဘက်ရောက်လာရင်ဖြင့် မြတ်စွာဘုရားကိုယ်တော် မြတ်နဲ့ ခွဲရတော့မယ်၊ ခွာရတော့မယ်၊ ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူတော်မူတော့မယ်၊ မနက်ဖြန် နံနက်အချိန်ရောက်ရင်လည်း ကိုယ်တော်မြတ်ရဲ့အသံတော် တိတ်ဆိတ်တော့မယ်လို့၊ စိတ်ထဲမှာ ဝမ်းထဲမှာ လှိုက်လှိုက်လှဲလှဲ ကြေကွဲပြီးတော့ ကိုယ်တော်မြတ်အနီးအပါးက ခွာလို့ မလ္လာမင်းတို့ရဲ့ ပျော်ချင်းစံရာဆိုတဲ့ မင်းတဲဇရပ်မှာ တံခါးတိုင်ကိုင်ပြီးတော့ ငိုကြွေးတော်မူရှာတယ်၊ ရှိုက်ကြီးတငင်နဲ့ ပင်ပန်းစွာ ငိုကြွေးတယ်။ ငါ့မှာတော့ သောတာပတ္တိမဂ်ဉာဏ်သာ ရသေးတယ်၊ အထက်မဂ်ကိစ္စတွေ ကျန်သေး၏၊ ငါကဲ့သို့ မိုက်တွင်းနက်သော ပုဂ္ဂိုလ်အား၊ မိုက်တွင်းရှည်သောပုဂ္ဂိုလ်အား ကိုယ်တော် မြတ်သည် မနေမနားအနေအားဖြင့် အမြဲတစေ ဆုံးမစေ၏၊ အရုဏ်ကျင်းလို့ အလင်းဘက်ရောက် ရင် ငါ့ကို ဆုံးမမည့်ပုဂ္ဂိုလ်မရှိ၊ ကိုယ်တော်မြတ်ရဲ့အသံတော် ဆိတ်တော့မယ်၊ နက်ဖြန်မနက်ရောက် ရင်ပဲ ဘယ်ပုဂ္ဂိုလ်ကို ငါလုပ်ကျွေးရပါလိမ့်၊ ဘယ်ပုဂ္ဂိုလ်ကို မျက်နှာသစ်တော်ရေ၊ တံပူတို့ဖြင့် ငါကပ် ရမည်နည်း။ ဘယ်ပုဂ္ဂိုလ်ရဲ့ အိပ်ရာနေရာများကို ပြင်ဆင်၍ ခင်းရပါအံ့နည်း၊ ဘယ်ပုဂ္ဂိုလ်ရဲ့ ခြေကို ငါဆေးပေးရပါမည်နည်း၊ ဘယ်ပုဂ္ဂိုလ်ရဲ့ သင်္ကန်း, သပိတ်, ပရိက္ခရာများကို ဝတ်ကြီးဝတ်ငယ် အသွယ်သွယ် ပြုရပါအံ့နည်းလို့ စဉ်းစားပြီး အရှင်အာနန္ဒာက ဒီနေရာမှာ တော်တော်ကြီး ပူဆွေးပြီး တော့ ငိုကြွေးနေတယ်။

ကိုယ်တော်မြတ်ကလည်း ဖလသမာပတ်ဝင်စားရာမှ ထလို့ ကြည့်တော်မူတဲ့အခါကျတော့ အရှင်အာနန္ဒာကို မမြင်လို့ အနီးအပါးမှာရှိတဲ့ ရဟန်းများကို မေးတယ်။ ချစ်သားတို့ အရှင်အာနန္ဒာ (သုတ်မဟာဝါ၊ ၁၁၈-၉-နှာ) ဘယ်မတုံးလို့ မေးတယ်၊ မှန်ပါဘုရား အရှင်အာနန္ဒာကိုယ်တော်မြတ်က မလ္လာမင်းတို့ရဲ့ မင်းတဲတံခါးတိုင်ကို ကိုင်ပြီးတော့ ပြင်းထန်စွာ ငိုကြွေးနေပါတယ်ဘုရားလို့ လျှောက် ထားတယ်။ အမြန်ခေါ်စမ်းလို့ ခိုင်းလိုက်တယ်။ ရဟန်းများလည်း သွားခေါ်လို့၊ အရှင်အာနန္ဒာ,က ရှေ့တော်မှောက်ရောက်ပြီးတော့ ကိုယ်တော်မြတ်က ဆုံးမတော်မူတယ်၊ ချစ်သား အာနန္ဒာတဲ့၊ ဒီလို **သောက ပရိဒေဝမီး တောက်လောင်ပြီးတော့ ပူဆွေးငိုကြွေးခြင်းဆိုတဲ့ အလုပ်တွေသည် အကျိုးစီးပွား**

http://www.dhammadownload.com



မများတဲ့အတွက် အကျိုးယုတ်တဲ့အကြောင်းကို ငါကိုယ်တော်မြတ်သည် ကြိမ်ဖန်များစွာ သင်တို့ကို ဆုံးမခဲ့ပြီးပြီတဲ့၊ ဘာမှ အကျိုးမများတဲ့တရားတွေပဲ။ ဒါကြောင့် လူ့လောက, နတ်လောကမှာ ရှိကြတဲ့ သတ္တလောကကြီးမှာ မိမိတို့နဲ့ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းရှိကြတဲ့ ပုဂ္ဂိုလ်များသည် သေကွဲ ကွဲရခြင်း တည်းဟူသော နာနာဘာဝ၊ တစ်ရပ်တစ်ကျေးသို့ ခွဲသွားရခြင်း တည်းဟူသော ဝိနာဘာဝ၊ စည်းစိမ် ဥစ္စာ ရတနာဂုဏ်သိရ်တို့ဖြင့် ပြည့်စုံစွာ ကြွယ်ဝခြင်းမှ နိမ့်ကျခြင်း တည်းဟူသော အညထာဘာဝ အဲဒါလေးလည်း မှတ်သားစရာကောင်းပါတယ်။ နာနာဘာဝ-သေကွဲ ကွဲရခြင်း၊ ဝိနာဘာဝ-ရှင်ကွဲ ကွဲရခြင်း၊ အညထာဘာဝ-ချမ်းသာသောဘဝမှ ဆင်းရဲသောဘဝ ရောက်ရခြင်း - ဒါတွေဟာ အင်မတန် မှတ်သားစရာကောင်းပါတယ်။ "ကိုယ်ရေးကြုံ သက်လုံကောင်းရမယ်"ဆိုတဲ့ စကားလို သူသူငါငါ အားလုံးသော သတ္တဝါများသည် ဒီတရားတွေဟာ ရှောင်လွှဲလို့ မဖြစ်ကောင်းတဲ့ တရားတွေပဲ၊ တစ်နေ့ သောအခါ တွေ့ကြမယ်၊ ရှင်ကွဲ ကွဲမလားဟဲ့၊ သေကွဲ ကွဲမလားဟဲ့၊ တစ်နည်းနည်းတော့ ကွဲကြရတော့ မှာပဲ ဆိုတာ အမြဲတစေ မိမိတို့စိတ်ထဲမှာ ပွားများနေလို့ရှိရင် ကြုံလာသောအခါကျတော့ အများကြီး သက်သာရာရကောင်းပါတယ်။ ဒါကြောင့် အရှင်အာနန္ဒာကို ဆုံးမတော်မူတယ်။

ချစ်သားအာနန္ဒာ. . . သင့်မှာ အထူးသဖြင့် ဆည်းပူးအပ်သော ပါရမီရှိပြီးသားဖြစ်တယ်၊ ကမ္မဋ္ဌာန်းဘာဝနာများ ကြိုးစားပွားများ အားထုတ်ပါလေ၊ မကြာမြင့်မီ သင်သည် အာသဝေါတရား ကုန်ခန်းပြီးတော့ ရဟန္တာဖြစ်လိမ့်မယ်လို့ ကိုယ်တော်မြတ်က မိန့်ကြားတော်မူတယ်။ ဤသို့မိန့်ကြား ပြီးတဲ့နောက် အရှင်အာနန္ဒာရဲ့ ဂုဏ်ကျေးဇူးတွေ အထူးဖော်ထုတ်ပြီးတော့ သံဃာတော်များကို အကျယ်တဝင့် မိန့်ကြားတော်မူတယ်၊ အရှင်အာနန္ဒာရဲ့ ဂုဏ်ကျေးဇူးတွေကို အထူးဖော်ထုတ်ပြီး အရှင်အာနန္ဒာကို တစ်ခါခေါ် ပြန်တယ်။ ချစ်သားအာနန္ဒာ . . ငါရဲ့တပည့်တပန်း ရဟန်းပရိသတ် အများသည် ငါဘုရားပရိနိဗ္ဗာန်စံသည်ဟူ၍ မမှတ်ကြကုန်နဲ့၊ ငါဘုရားကိုယ်တော်မြတ်သည် ထင်ရှား စွာ ဟောကြားအပ်သော သုတ်, ဝိနည်း အဘိဓမ္မာဆိုတဲ့ ဒေသနာသုံးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် (သုတ် မဟာဝါ၊ ၁၂၆-နှာ) ရှစ်သောင်းလေးထောင်ရှိတယ်၊ ထိုရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတရား တို့ကို သင်ချစ်သားတို့အား အကြိမ်ကြိမ်အထပ်ထပ် ငါဟောကြားခဲ့ပြီးပြီတဲ့၊ ၎င်းရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာတို့သည် သင်တို့၏ ဆရာဖြစ်လတ္တံ့။ ဒါကြောင့် ငါဘုရားမရှိ ဟူ၍ မမှတ်ရဘူး၊ သင်တို့ရဲ့ဆရာသည် ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာများ ပေါ်ထွန်းလာလတ္တံ့လို့ ရဟန်းတော်များကို ဆုံးမတော်မူတယ်။

အဲဒီဆုံးမတော်မူပြီးသည်အဆုံးမှာ ကိုယ်တော်မြတ်သည် နိရောဓသမာပတ်ကို ဖြောင့်မတ် စွာ ဝင်စားတော်မူတယ်၊ နိရောဓသမာပတ်က ထတော်မူတဲ့အခါကျတော့ အရှင်အာနန္ဒာက တစ်ခါ

http://www.dhammadownload.com



ပြန်ပြီးတော့ လျှောက်ထားတယ်။ အရှင်ဘုရား ဒီပရိနိဗ္ဗာန်စံခါနီးမှာ စကြဝဠာတိုက်တစ်သောင်းက စုပေါင်းပြီး လာကြတဲ့ နတ်ပြဟ္မာအပေါင်းတွေကို အရှင်ဘုရားဟာ အဘယ်သို့သော စကားအားဖြင့် ပြောကြား၍ နေကြပါသလဲ ဘုရားလို့၊ အဘယ်သို့သော အကြောင်းစကားဖြင့် ပြောကြားပြီး ပူဇော် ရှိခိုးကြပါသလဲ ဘုရားလို့ လျှောက်ထားတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်က "ချစ်သားအာနန္ဒာတဲ့ ယခုစီတန်း၍လာကြတဲ့ စကြဝဠာတိုက်တစ်သောင်းက နတ်ပြဟ္မာအပေါင်းတွေဟာ ငါဘုရား ကိုယ်တော်မြတ်ရဲ့ ဂုဏ်ကျေးဇူးတရားကို ပြောကြား၍ ငါတို့ရဲ့ဆရာဖြစ်တော်မူသော မြတ်စွာ ဘုရားကိုယ်တော်မြတ်သည် ရှည်လျားစွာသော လူနတ်ပြဟ္မာ သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို များစိမ့် သောငှာ ပါရမီတွေကို ရှည်လျားစွာ ဖြည့်ကျင့်ခဲ့ပါလျက်၊ ယခု ငါဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံယူတော်မူတော့မယ်လို့၊ စိတ်ထဲမှာ, ဝမ်းထဲမှာ လှိုက်လှိုက်လှဲလှဲ ကြေကွဲပြီးတော့ ငိုကြွေးတယ်၊ ပူဆွေးကြတယ်၊ အချို့သော နတ်များလည်း ဆံပင်ကို ဖားလျားချ၍ နဖူးပေါ်လက်တင်, ခေါင်းပေါ် လက်တင် ရှိုက်ကြီးတငင် ပူပင်စွာ ငိုကြွေးကြတယ်၊ တချို့လည်း လူးလိမ့်ပြီး ရင်ပတ်စည်တီးပြီး မြေကြီးလူးလိမ့်ပြီး ငိုကြွေးကြတယ် ချစ်သားအာနန္ဒာ။"

## မိန်းမသားတွေနဲ့ ဘယ်လိုဆက်ဆံရမလဲလို့ အရှင်အာနန္ဒာလျှောက်ထားချက်

(သုတ်မဟာဝါ၊ ၁၁၆-၇-နှာ)

ပြီးတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်မစံခင် ငါတို့ရဲ့ကျင့်စဉ် အနေအားဖြင့် မေးလျှောက်စရာရှိတဲ့ စကားများ မေးလျှောက်မှပဲလို့ မြတ်စွာဘုရားကို ပြန်လျှောက် ထားတယ်။ အရှင်ဘုရား . . . ဘုရားတပည့်တော်များ မာတုဂါမများ မိန်းမသားများနဲ့ တွေ့ကြုံခဲ့ သော် ဘယ်လိုများ ဆက်ဆံရပါ့မလဲဘုရားလို့ လျှောက်ထားတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က "ချစ်သားအာနန္ဒာ. . . မာတုဂါမများခေါ်တဲ့ မိန်းမသားများနဲ့ တွေ့ကြုံတဲ့အခါ လုံးဝအတွေ့မခံပါနဲ့၊ ခြံအတွင်းမှာ လုံခြုံစွာနေသော နွားများကဲ့သို့၊ အကာအရံလုံခြုံတဲ့ ကျောင်းကန်အစရှိတဲ့ အရပ် အတွင်းမှာ လုံခြုံစွာ နေရမယ်လို့ မိန့်ကြားခဲ့တယ်။ (သုတ်မဟာဝါ အဋ္ဌကထာ၊ ၁၇၄-နှာ) အရှင် အာနန္ဒာက အရှင်ဘုရား အကယ်၍ မိန်းမသားများနဲ့ တွေ့ကြုံခဲ့သော် ဘယ်လိုများ သဘောထားရ မလဲလို့ လျှောက်ထားတော့၊ မြတ်စွာဘုရားကိုယ်တော်မြတ်က "ချစ်သားအာနန္ဒာ မာတုဂါမတွေနဲ့ မျက်နှာချင်းဆိုင်၍ စကားဆိုခဲ့သည်ရှိသော် မိမိစိတ်ထဲမှာ ဘယ်လို အောက်မေ့ရမလဲ၊ သံလျက်ကို ကိုင်၍ ငါ့ကို စကားဆိုခဲ့သော် ငါ့ကို စကားပြောခဲ့သော် သင်၏ဦးခေါင်းကို ငါခုတ်ဖြတ်အံ့သော

http://www.dhammadownload.com



အမူအရာအားဖြင့် လာသော သူသတ်ယောကျ်ားနဲ့ စကားဆိုခြင်းသည် မြတ်သေးတယ်လို့ ဒီလို သဘောထားရမယ်။ မြန်မာလို တိုတိုလေးပြောရင် မိန်းမသားများနဲ့ စကားပြောမည့်အစား ဒီလို စကားပြောမည်ကြံလို့ရှိရင် မိမိစိတ်ထဲက ဘယ်လိုမှတ်ရမလဲ၊ သံလျက်ကို ကိုင်ပြီးတော့ မိမိနဲ့ မျက်နှာချင်းဆိုင်၍ ငါ့ကို ပြောခဲ့သော် သင်၏ဦးခေါင်းကို သံလျက်နဲ့ ဖြတ်အံ့ဆိုတဲ့ သူသတ်ယောကျ်ားနှင့် မျက်နှာချင်းဆိုင်သလို သဘောထားရမယ်။

တိုတိုပြောတော့ မပြောနဲ့ မျက်နှာချင်း မဆိုင်နဲ့၊ ဒီလိုမှ မဟုတ်လို့ရှိရင်လည်းပဲ ၎င်းမိန်းမသားများနဲ့ တွေ့တဲ့အခါမှာ ငါတော့ မျက်နှာချင်းဆိုင်၍ စကားဆိုခဲ့သော် ငါ့ကို ခေါ်ခဲ့သော် သင့်ရဲ့အသားကို ငါဝါး၍စားအံ့။ လှမ်း၍လာသော ဘီလူးအသွင်ကဲ့သို့ ထင်မှတ်ရမယ်။ မြန်မာလိုပြောရင် မာတုဂါမနဲ့ မျက်နှာချင်းဆိုင်လို့ စကားဆိုတော့မယ်လို့ဆိုရင်၊ စကားပြောမယ်လို့ဆိုရင် ငါနဲ့မျက်နှာချင်းဆိုင်၍ ငါ့ကို စကားပြောခဲ့သော် သင်၏အသားကို စားမယ်ဟူသော ဘီလူးနှင့် ရင်ဆိုင်ခြင်းသည် မြတ်သေး၏၊ ဒီလိုမှတ်ထင်ရမယ်။ ကောင်းပါပြီ အရှင်ဘုရား၊ ဒါဖြင့် ထိုမာတုဂါမများသည် မိမိတို့ ကျောင်းကန်သို့ ဆွမ်းကွမ်းကိစ္စနဲ့သော်လည်းကောင်း၊ ကျောင်းကန်ပရိက္ခရာကိစ္စနဲ့သော်လည်းကောင်း၊ သီတင်းသီလဆောက်တည်ရအံ့သော်လည်းကောင်း၊ တရားဒေသနာ နာရအောင်သော်လည်းကောင်း **ဤကဲ့သို့ လာခဲ့သော် ယခုလို စကားမပြောပဲ သိမ့်မွေ့လျက်နဲ့ ဆိတ်ဆိတ်နေခဲ့သော် ဘုရားသားတော်** ရဟန်းတော်များသည် အ,နေသလော၊ ဆွံ့,နေသလော၊ လောကီလူမှုရေးရာ နားမလည်သေးသလော၊ ပညာမရှိလေသလောလို့ ဤကဲ့သို့ ပြောစရာ ဆိုစရာ အကြောင်းများရှိပါတယ် ဘုရားလို့ ဒီလိုအချိန်အခါမျိုး ရောက်ခဲ့သော် ဘယ်လိုသဘောထားရပါ့မလဲလို့ အရှင်အာနန္ဒာက လျှောက်ထားပြန်တယ်။

အဲဒါ မာတုဂါမများနဲ့ ရဟန်းတော်များ ဆက်ဆံတဲ့အခန်းကို ကိုယ်တော်မြတ်က တော်တော်ကြီး ကျကျနန ဆုံးမသွန်သင်ထားတယ်၊ အဲသလို မကင်းရာမကင်းကြောင်းအနေအားဖြင့် ကျောင်းပရိက္ခရာကိစ္စ အသီးသီးရှိလို့ ကျောင်း, ကန်အတွင်း ရောက်လာပြန်သော် ဥပုသ်သီတင်း ဆောက်တည်သည်ဖြစ်စေ၊ တရားဒေသနာကို နာလိုသည်ဖြစ်စေ၊ ကျောင်းဝေယျာဝစ္စ ကိစ္စအဝဝ ဆောင်ရွက်ရန်လာသည်ဖြစ်စေ၊ အဲဒီလိုလာတဲ့အခါ အကယ်တန္တု အရှင်ဘုရားရဲ့ မိန့်ကြားတော်မူတဲ့ စကားအရ ရဟန်းတော်များက စကားမပြော တူညီစွာနဲ့ ဆိတ်ဆိတ်နေခဲ့မယ်ဆိုလို့ရှိရင် ရဟန်းတော်များကို အထင်အမြင်သေးပါလိမ့်မယ်၊ စကားမပြောတတ်လို့လား၊ ဆွံ့အလို့လား၊ သို့မဟုတ် အသိဉာဏ်ပညာမရှိလို့လား၊ မလိမ္မာလို့လား၊ မကျွမ်းကျင်လို့လားလို့ ဒီလိုအထင်အမြင်သေးဖွယ် ရှိကြောင်းပါဘုရား၊ ဘယ်လိုဆက်ဆံရပါ့မလဲလို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားကိုယ်တော်မြတ်က "ချစ်သားအာနန္ဒာတဲ့၊ ဒီလိုအခွင့်အခါကြုံပြန်တော့ မရှောင်သာမလွှဲသာ အခါမျိုးကျတော့ စကားဆိုမယ့် ကြံရင်

http://www.dhammadownload.com



**အရွယ်ပမာဏ နှိုင်းဆပြီး ကြည့်ရမယ်၊ မိမိနှင့်နှိုင်းဆတဲ့ အမိအရွယ်ဖြစ်ခဲ့သော် ငါ၏အမိပဲလို့ စိတ်** ထဲမှာ မှတ်ယူထားရမယ်၊ အမအရွယ်ဖြစ်ခဲ့သော် ငါ၏အမပဲလို့ မှတ်ယူထားရမယ်၊ ငါ၏နှမအရွယ် ဖြစ်ခဲ့သော် ငါ၏နှမပဲလို့ သဘောထားရမယ်လို့ ဒီလိုသာလျှင် ဆက်ဆံပေါင်းသင်းရမယ်၊ မာတုဂါမ များနဲ့ ဆက်ဆံတဲ့အခါမှာ ချစ်သားသည် ကြီးစွာ သတိထားရမယ်လို့" ဆုံးမစကား ပြောကြားတော် မူတယ်။

အရှင်အာနန္ဒာကိုယ်တော်မြတ်ကလည်း (သုတ်မဟာဝါ၊ ၁၁၆-၇-နှာ) လိုလေသေးမရှိအောင် ဆိုတဲ့အနေအားဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကို လျှောက်ထားစရာရှိတာ အကုန်လုံး လျှောက် ထားတယ်။ ဒါဖြင့် အရှင်ဘုရား အကယ်တန္တု ပရိနိဗ္ဗာန်စံခဲ့သော် အရှင်ဘုရားကို ပူဇော်တဲ့ ဈာပနကိစ္စ ဘယ်လိုများ ဆောင်ရွက်ရပါ့မလဲလို့ လျှောက်ထားပြန်တယ်။ "ချစ်သားအာနန္ဒာ သင်မစိုးရိမ်ပါနဲ့၊ သင်တို့ သမထ ဝိပဿနာဆိုတဲ့ တရားများကိုသာ ကြိုးစားပွားများ အားထုတ်ကြပါ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေကို အမြန်ဆုံးရအောင် ကြိုးစားပွားများ အားထုတ်ကြ၊ ဒီကိစ္စကတော့ဖြင့် မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုးဆိုတဲ့ ပညာရှိဒါယကာ, ဒါယိကာမ အများတို့ဟာ ငါဘုရားကိုယ်တော်မြတ်ကို သင်္ဂြိုဟ်ကြလိမ့်မယ်"၊ ကောင်းပါပြီ အရှင်ဘုရား . . . အခုလိုပဲ မင်းမျိုးတို့, ပုဏ္ဏားမျိုးတို့, သူကြွယ် မျိုးတို့, တကယ့်ပညာရှိပုဂ္ဂိုလ်တွေက သင်္ဂြိုဟ်တဲ့အချိန်ကျလို့ တပည့်တော်များ လျှောက်ထားခဲ့သော် ဘယ်လိုနည်းနဲ့ သင်္ဂြိုဟ်ရပါ့မလဲလို့ လျှောက်ထားခဲ့သော် ဘယ်လိုဖြေရပါ့မလဲဘုရားလို့ လျှောက်ထား ပြန်တော့ "ချစ်သားအာနန္ဒာတဲ့ စကြဝတေးမင်းများကို သင်္ဂြိုဟ်တဲ့နည်းနဲ့ သင်္ဂြိုဟ်ရမယ်"လို့ အဲဒီ ဈာပနပြုလုပ်ရမယ်။

စကြဝတေးမင်း သင်္ဂြိုဟ်တဲ့အခါကတော့ စကြဝတေးမင်းအလောင်းကို ကာသိတိုင်းမှာဖြစ်တဲ့ အင်မတန်နူးညံ့သိမ်မွေ့သော ကမ္ဗလာဖြင့် ရစ်ပတ်ရမယ်၊ ၎င်းအပေါ်ကမှ ကြိမ်ဖန်များစွာ ပတ်အပ် ပြီးသော ဝါးဂွမ်းစောင်တို့ဖြင့် အထပ်ထပ်ပတ်ရမယ်။ ၎င်းဝါးဂွမ်းစောင်အပေါ်ကမှ ရေမချသေးသော အင်မတန်နူးညံ့လှစွာသော ကမ္ဗလာပုဆိုးပေါင်းငါးရာတို့ဖြင့် အကြိမ်ကြိမ်ရစ်ပတ်ရမယ်။ အကြိမ်ကြိမ် ရစ်ပတ်ပြီးတဲ့အခါမှာ ဆီနှင့်တကွသော - ရွှေတလား = ရွှေခေါင်း၌ ထည့်၍၊ အခြားရွှေတလားဖုံး= ရွှေခေါင်းဖုံးဖြင့် ဖုံးအုပ်ပြီးသော် အလုံးစုံသော - နံ့သာထင်းပုံပေါ်မှာ တင်ပြီးတော့ မီးတိုက်ရမယ်။ အဲဒီလိုမီးတိုက်ပြီးတဲ့အခါမှ ကျလာသော အရိုးများကို လမ်းဆုံလမ်းခွ, လမ်းလေးခွမှာ စေတီတည် ထားပြီး ကိုးကွယ်ကြရမယ်။ ဒါ စကြဝတေးမင်းများရဲ့ သင်္ဂြိုဟ်တဲ့နည်းပဲလို့ "ချစ်သားအာနန္ဒာ ငါဘုရား ကိုယ်တော်မြတ်လည်းပဲ ၎င်းစကြဝတေးမင်းများ သင်္ဂြိုဟ်တဲ့နည်းအားဖြင့် သင်္ဂြိုဟ်ရမယ်လို့ မိန့်ကြား တော်မူတယ်"။ မိန့်ကြားတော်မူပြီးတဲ့နောက် မြတ်စွာဘုရားကိုယ်တော်မြတ်သည် တိတ်ဆိတ်စွာ

http://www.dhammadownload.com



နေတော်မူခဲ့တယ်၊ အဲသလို ဆိတ်ဆိတ်နေပြီးတဲ့နောက် "ချစ်သားအာနန္ဒာ ငါရဲ့ သာဝကဖြစ်တဲ့ တပည့်တပန်း ရဟန်းတွေကို စုရုံးကြစေ၊" ဒီတော့ အရှင်အာနန္ဒာလည်း ရှိသမျှ ရဟန်းတွေအားလုံးပဲ မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်ကြားတော်မူတဲ့အတိုင်း အနီးအပါးမှာ ခစားလို့ ရှိခိုးပူဇော်နေတဲ့အခါ စုံညီတဲ့အကြောင်းကို လျှောက်ထားလို့ ဒီတစ်ခါတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က "ချစ်သားတို့ ငါဘုရားကိုယ်တော် သက်တော်ထင်ရှားရှိစဉ်အခါမှာ မိမိတို့ရင်တွင်း မရှင်းလင်းသော အချက်အလက်များကို မေးကြ၊ လျှောက်ကြလို့ မိန့်ကြားတော်မူတယ်၊" ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ရတနာမြတ်သုံးပါးအပေါ်၌သော်လည်းကောင်း၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဆိုတဲ့ မဂ်တရား, ဖိုလ်တရားတို့၌ သော်လည်းကောင်း ပဋိပတ်အနေအားဖြင့် ကျင့်စဉ်တရားများအပေါ်၌လည်းကောင်း ယုံမှားသံသယ ရှိကြလို့ရှိရင် ငါဘုရားကိုယ်တော်မြတ်ကို ယခုအချိန်အခါက လျှောက်ထားကြ၊ အကယ်တန္တု မလျှောက် ထားဘဲနဲ့ နေခဲ့သော် နောင်တတစ်ဖန် ပူပန်ခြင်းဖြစ်ရာ၏။

ငါဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူပြီးခါမှ မိမိရင်ထဲ မရှင်းမလင်းသော သံသယတွေများ ပေါ်ခဲ့သော် ငါတို့သည် မြတ်စွာဘုရားကိုယ်တော်မြတ် သက်တော်ထင်ရှားရှိစဉ်အခါက မလျှောက် ထားလိုက်ရလို့ မိမိတို့ရင်ထဲမှာ မရှင်းလင်းတဲ့ ပြဿနာများ သံသယရှိခဲ့လို့ရှိရင် ယခုက လျှောက်ထား ကြပါ ချစ်သားတို့" ကိုယ်တော်မြတ်က သုံးကြိမ်သုံးခါ သံဃာ့ပရိသတ်ကို မေးတော်မူတယ်။ အဲဒီလို မေးပေမယ့် လျှောက်ထားမဲ့ပုဂ္ဂိုလ်တစ်ပါးမှ မရှိပါဘူး၊ ဆိတ်ဆိတ်ပဲ နေကြတယ်၊ သုံးကြိမ်သုံးခါ မြတ်စွာဘုရားကိုယ်တော်မြတ် မေးလို့ မဖြေတဲ့အခါ အရှင်အာနန္ဒာက လျှောက်ထားတယ်၊ အရှင် ဘုရား . . . ယခု စုဝေးရောက်လာကြတဲ့ သံဃာ့ပရိသတ်များမှာ ရတနာသုံးပါးအပေါ်၌သော်လည်း ကောင်း၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မဂ်တရား, ဖိုလ်တရားအပေါ်၌သော်လည်းကောင်း၊ ပဋိပတ္တိကျင့်စဉ် တရားအနေအားဖြင့်သော်လည်း၊ သာသနာတော်၌ ယုံမှားသံသယရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ မရှိကြောင်းပါဘုရားလို့ လျှောက်ထားလို့၊ ဘုရားရှင်ကိုယ်တော်မြတ်က ချစ်သားအာနန္ဒာ ငါပစ္စက္ခအားဖြင့် သိပြီးသား ဖြစ်တယ်လို့ ဤသံဃာ့ပရိသတ်မှာ ယုံမှားသံသယရှိနိုင်တယ်ဆိုတဲ့ ပုထုဇဉ် ပုဂ္ဂိုလ် မပါဘူး၊ အငယ်ဆုံး သောတာပတ္တိမဂ်ဉာဏ်ရတဲ့ သောတာပန်ပုဂ္ဂိုလ်သာ အငယ်ဆုံးဖြစ်၏။ ပရိသတ်ကလည်း အင်မတန်သန့်ရှင်းတယ်၊ သောတာပန်ပုဂ္ဂိုလ်အငယ်ဆုံးပဲတဲ့၊ သောတာပန်, သကဒါ ဂါမ်, အနာဂါမ်, ရဟန္တာဆိုတဲ့ ပုဂ္ဂိုလ်တွေက များကြ၏။ ဒါကြောင့် သာသနာနဲ့ ပတ်သက်ပြီးတော့ ရင်ထဲမှာ သံသယကင်းရှင်းတဲ့ပုဂ္ဂိုလ်တွေချည်းဖြစ်တယ်။

ပြီးတော့မှ မြတ်စွာဘုရားကိုယ်တော်မြတ် ဒီလိုမိန့်ကြားပြီးတဲ့နောက်မှာ သံဃာတော်များကို ခေါ်တော်မူတယ်။ အဲဒါတခြားမဟုတ်ပါဘူး၊ ဒါ မှာတမ်းတော်တဲ့၊ အဲဒီ မှာတမ်းတော်ကို အကွက်

http://www.dhammadownload.com



ဖော်ချင်လို့၊ မြတ်စွာဘုရားကိုယ်တော်မြတ်ပရိနိဗ္ဗာန်စံခါနီးကို ထည့်သွင်းပြီးတော့ ဟောရခြင်း ဖြစ်ပါတယ်လို့၊ ဒါကြောင့်ဧင်း မှာတမ်းတော်ရဲ့အဓိပ္ပာယတ္ထကို ဝေဖန်ချက်စတဲ့အခါကျတော့လည်း တို့လူစုတွေ ပြတ်ပြတ်သားသားနဲ့ နားလည်မှုရပြီးတော့ ရှေ့ကနဲ့ ဆထက်ထမ်းပိုး တိုးပြီးတော့ မြတ်စွာ ဘုရားကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကျေးဇူးတော်များကိုလည်း အထူးသိလာကြလို့၊ ရိုသေလေးစား မှုလည်း တိုးလာကြတယ်၊ ကိုယ်တော်မြတ်ရဲ့ ကျေးဇူးတွေလည်း မိမိတို့အပေါ်တင်ရှိထားတာ ဘယ်လောက်များတယ်ဆိုတာ ပိုင်းပိုင်းခြားခြား နားလည်လာကြလိမ့်မယ်လို့၊ အဲဒီလို နားလည်လာမှ မိမိတို့လည်း မြတ်စွာဘုရားကိုယ်တော်မြတ် မှာကြားတော်မူတဲ့ စကားအရ မှာတဲ့အတိုင်း တစ်သဝေ မတိမ်း လိုက်နာကြစို့ဆိုတဲ့ စိတ်ဓာတ်တွေ ပေါ်ထွက်လာမယ်၊ အဲဒီလို စိတ်ဓာတ်တွေ ပေါ်ထွက် လာမှလည်း လိုက်လည်း လိုက်စားမယ်၊ လိုက်စားမှလည်း တရားရကြမယ်၊ တရားရမှလည်းပဲ အပါယ် သံသရာက ချမ်းသာကြရမယ်လို့၊ မကြာမြင့်မီပဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုလည်း အမြန်ဆုံးရကြမယ်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်များကိုရမှလည်း ဒုက္ခခပ်သိမ်းတို့၏ ကင်းဝေးရာတည်းဟူသော ပြည်ရွှေနိဗ္ဗာန်သို့ အမှန်ရောက်ကြရမယ်၊ ဒါမှ သံသရာလမ်းဆုံးတယ်ခေါ်တယ်။

## မြတ်စွာဘုရားနောက်ဆုံးစကားမိန့်ဆိုချက်

(သုတ်မဟာဝါ၊ ၁၂၆-၇၊ နှာ)

ဒါကြောင့် သာသနာ့လမ်းဆုံးကို မိမိတို့ မျှော်မှန်းချက်အတိုင်း တကယ်မရောက်ရောက်အောင် ကြိုးစားကြတဲ့၊ တို့သင်တန်းသူ သင်တန်းသားများသည် အခု မြတ်စွာဘုရားကိုယ်တော်မြတ် နောက်ဆုံး အနေအားဖြင့် မှာကြားတော်မူတဲ့ မှာတမ်းတော်စကားကို သေသေချာချာ မှတ်ကြပါ။ အဲဒါလေးကို ရေးသားထားပြီးတော့ အရကျက်မှတ်မယ်ဆိုရင် ပို၍ကောင်း၏၊ မများပါဘူး နည်းနည်းလေးပါ။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်သည် ရဟန်းတော်များကို သုံးကြိမ်သုံးခါအားဖြင့် သံသယ မကင်း မရှင်းနိုင်စရာများရှိရင် မေးကြလို့ မိန့်ကြားတဲ့အခါ ဘယ်ပုဂ္ဂိုလ်မှ မေးသည်မရှိ၊ သံသယ ကင်းပြီး ရှင်းပြီးရှိတဲ့ ပုဂ္ဂိုလ်တွေချည်းပဲ ဖြစ်လို့၊ အဲဒီလို မေးသူမရှိတဲ့နောက်ပိုင်းကျမှ မြတ်စွာဘုရား ကိုယ်တော်မြတ် သံဃာတော်များကို ခေါ်တော်မူတယ်၊ **“ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ”** (သုတ်မဟာဝါ၊ ၁၂၈-နှာ)လို့ အဲဒါ နောက်ဆုံး စကားဖြစ်တယ်။ မြန်မာလို အဓိပ္ပာယ်ကို ပြန်ပြောပါ့မယ်၊ “ချစ်သားတို့ ယခုလို ငါဘုရားကိုယ်တော် မြတ် ဝေဒနာဖိစီး၍ ပရိနိဗ္ဗာန်စံခါနီးဆဲဆဲ အရေးကြီးတဲ့ ထိုအချိန်အခါလေးမှာ ချစ်သားတို့အား အကျဉ်းစကားဖြင့် ငါဘုရားမှာကြားခဲ့မယ်တဲ့၊ တိုတိုလေးရယ်၊ အကျဉ်းစကားအားဖြင့် ငါဘုရား ကိုယ်တော်မြတ် မှာကြားခဲ့မယ်၊ တစ်နည်းအားဖြင့် နောက်ဆုံးစကားဖြင့် ငါဘုရားကိုယ်တော်မြတ်

http://www.dhammadownload.com



မှာကြားခဲ့မယ်။ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင်၍ ဖြစ်ပေါ်လာသော ရုပ်နာမ်ဓမ္မသင်္ခါရဆိုတဲ့ တရားစုသည် ဖြစ်ပျက်ပြုန်းတီး ပျက်စီးတတ်သော သဘောသည်သာလျှင် ရှိကြကုန်၏။ ချစ်သားတို့ ဘယ်သောအခါမှ မမေ့ကြပါနဲ့၊ ပြီးတော့ ပါဠိအနက်ကို ပြန်ပေးပါမယ်၊ ဒါ မြန်မာလို ရှင်းပြီးပြန်တာ အလွယ်လေးရယ်၊ "ချစ်သားတို့ အခုလို ဝေဒနာဖိစီး ကြီးမားစွာ ဒုက္ခခံစားလို့ ပရိနိဗ္ဗာန်စံခါနီးဆဲဆဲ အရေးကြီးသော အချိန်အခါကြီး၌ ချစ်သားတို့အား ငါဘုရားသည် နောက်ဆုံးစကားအားဖြင့် မှာကြားခဲ့မယ်။ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ဖြင့် ပြုပြင်စီရင်အပ်သော ရုပ်နာမ်ဓမ္မ တေဘူမကခေါ်တဲ့ သင်္ခါရတရားစုတို့သည် ဖြစ်ပျက်ပြုန်းတီး ပျက်စီးခြင်းသဘောသာ ရှိကြကုန်၏။ ချစ်သားတို့ . . . မမေ့မလျော့ မပေ့ါမဆသော သတိတရားဖြင့် ပြည့်စုံကြစေကုန်လော့။

**ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။**

(သုတ်မဟာဝါ၊ ၁၂၈ - နှာ။)

ဘိက္ခဝေ-ချစ်သားတို့၊ ဒါနိ ဣဒါနိ-ယခုလို ဝေဒနာဖိစီး ကြီးမားစွာ ခံစားလို့ ပရိနိဗ္ဗာန်စံယူခါနီး အရေးကြီးသော အချိန်အခါကြီး၌၊ ဟန္ဒ-ယခု၊ ဝေါ-သင်ချစ်သားတို့အား၊ အာမန္တယာမိ-ငါဘုရား နောက်ဆုံးစကားဖြင့် မှာကြားပေတော့အံ့။

အဲဒါက မှာတဲ့အကြောင်းပြောတော့ ဘာမှာသလဲဆိုတော့ မှာတဲ့စကားက -

"ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"၊ အဲဒါမှာတာပဲ၊ သင်္ခါရာ-ကံ စိတ် ဥတု အာဟာရ လေးခုအကြောင်း၊ ပေါင်းလို့ပြည့်စုံ၊ တေဘူမ္မက၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတရားစုတို့သည်။ ဝယဓမ္မာ-ဖြစ်ပျက်ပြုန်းတီး ပျက်စီးတတ်သော သဘောရှိကြကုန်၏။ တုမှေ-သင်ချစ်သားတို့သည်၊ အပ္ပမာဒေန-မမေ့မလျော့ မပေ့ါမဆသော သတိတရားနှင့်၊ သမ္ပာဒေထ-ပြည့်စုံကြစေကုန်လော့။

မှာတာက တိုတိုလေး ပထမပိုင်းက မှာလိုက်တဲ့စကား၊ ယခုအခါ ငါဘုရားကိုယ်တော်မြတ်က သင်ချစ်သားတို့အား နောက်ဆုံးစကားအဖြစ် မှာကြားခဲ့မယ်၊ ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ပေါ်လာသော ရုပ်နာမ်ဓမ္မ တေဘူမက သင်္ခါရတရားတို့ဟာ ဖြစ်ပျက်ပြုန်းတီး ပျက်စီးတတ်တယ်၊ မမေ့ကြနဲ့။ တိုတိုလေး ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။အရေးတကြီး မှာတာလေးက "ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" ဒီအပိုဒ်လေးပါပဲ၊ "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ"ဆိုတာက ပြောတာ၊ ချစ်သားတို့ ယခုအခါ၌ ငါဘုရားသည် အကျဉ်းအားဖြင့် ချစ်သားတို့အား မှာခဲ့မယ်၊ ဒါမှာနေတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ဘာလုပ်ရ

http://www.dhammadownload.com



မလဲလို့ အရေးတကြီးနဲ့ ပရိနိဗ္ဗာန်စံခါနီး မှာတမ်းတော်စကားက ဘာလဲလို့ "ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" ဆိုတဲ့ ဝါကျလေးကို အချို့အချို့သော နေရာဌာနကျတော့ အချို့အချို့သော ပုဂ္ဂိုလ်များကျတော့ "ဝယဓမ္မာ သင်္ခါရာ"ဆိုတဲ့ ပုဒ်ကလေးကို ဖြုတ်ထားခဲ့တယ်၊ "အပ္ပမာဒေန သမ္ပာဒေထ" ဆိုတဲ့ ပုဒ်ကလေးကို ဖြုတ်ပြီး အလုပ်လုပ်ပြီးတော့ သိမ်းကြတယ်။ အပ္ပမာဒေန-မမေ့မလျော့ မပေါ့မဆသော သတိတရားနှင့်။ သမ္ပာဒေထ-ပြည့်စုံကြကုန်လော့။

မြတ်စွာဘုရားကိုယ်တော်မြတ် မှာသွားတယ် ဘာမှာတုံး၊ "မမေ့မလျော့ မပေါ့မဆသော သတိတရားနဲ့ ပြည့်စုံကြစေ"လို့ ဒီလိုမှာကြားတယ်၊ ဟော . . . "ဝယဓမ္မာ သင်္ခါရာ"ဆိုတဲ့ ပုဒ်ကလေးကို ဖြုတ်ပြီးသုံးသွားတယ်၊ ဘာကို မမေ့မလျော့ မပေါ့မဆ သတိတရားနဲ့ ပြည့်စုံရမှာတုံး၊ ဘာကို မမေ့ ရမှာလဲလို့ မေးစရာ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ အေး . . . အဲဒီလို လာရမယ်၊ "ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"လို့ သူ့ဥစ္စာကလေး အပြည့်အစုံပါပဲ၊ မမေ့မလျော့ကြနဲ့၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြနဲ့၊ ဘာကို မမေ့ရမှာတုံး၊ "ဝယဓမ္မာ သင်္ခါရာ"၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းလေးချက်တို့နဲ့ ပြည့်စုံ၍ဖြစ်ပေါ်လာသော ရုပ်နာမ်ဓမ္မ တေဘူမက သင်္ခါရ တရားစုတို့ဟာတဲ့ ဖြစ်ပျက်ပြုန်းတီး ပျက်စီးခြင်းသဘောသာ ရှိကြတယ်တဲ့၊ ဒါကို မမေ့နဲ့၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

အဲဒါ မမေ့ကြနဲ့၊ ဘာကို မမေ့ရမှာလဲ (ရုပ်နာမ်ဓမ္မ သင်္ခါရ ပါဆရာ)၊ ရုပ်နာမ်ဓမ္မ ဘာဖြစ်လဲ (ဖြစ်ပျက်ပြုန်းတီး ပျက်စီးပါတယ်ဆရာ)၊ ဩော် . . . ရုပ်နာမ်ဓမ္မ သင်္ခါရဟာ ဖြစ်ပျက်ပြုန်တီး ပျက်စီး တတ်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒါကို မမေ့ရဘူးလား (မှန်ပါတယ်ဆရာ)၊ ပြန်ပြောစမ်း၊ ဘာကို မမေ့ရမှာလဲ (ရုပ်နာမ်ဓမ္မ တေဘူမကသင်္ခါရဟာ ဖြစ်ပျက်ပြုန်းတီး ပျက်စီးတတ်ပါတယ်ဆရာ)၊ ရုပ် နာမ်ဓမ္မ သင်္ခါရဟာ ဖြစ်ပျက်ပြုန်းတီး ပျက်စီးတတ်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒါကို မမေ့ကြနဲ့ (မှန်ပါတယ်ဆရာ)၊ ဘာကို မမေ့ရမှာလဲ (ရုပ်နာမ်ဓမ္မ သင်္ခါရတို့ ဖြစ်ပျက်ပြုန်းတီး ပျက်စီးတတ်ကြ တယ်လို့ မမေ့ကြပါနဲ့ဆရာ)၊ ဩော် . . . ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေဟာ ဖြစ်ပျက်ပြုန်းတီး ပျက်စီး တတ်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒါကို မမေ့နဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါလည်း လူ့လောက, နတ်လောက, ဗြဟ္မာ့လောက, ပညာမျက်စိမရှိကြတဲ့ အန္ဓပုထုဇဉ်၊ လူလည်းလူကန်း၊ နတ်လည်း နတ်ကန်း၊ ဗြဟ္မာလည်း ဗြဟ္မာကန်းဆိုတော့ အဲဒီရုပ်နာမ်ဓမ္မဆိုထားတဲ့ ခန္ဓာငါးပါးတည်းဟူသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေဟာ တချို့ကတော့ ဘယ့်နှယ့်ထင်သလဲဆိုတော့ အမြဲတစေ ဘယ်တော့မှ မပျက်ဘဲနဲ့ တည်မြဲနေတယ်လို့ ဒီလိုမနေဘူးလား၊ (နေပါတယ်ဆရာ)၊ အေး . . . ဒီလိုနေကြတယ်၊ ဒီလိုအမြင်နဲ့ နေကြတယ်၊ ဒီလိုအသိနဲ့ နေကြတယ်၊ ဒီလိုအသိနဲ့ သေကြတယ်၊ ဒါကြောင့် သံသရာ

http://www.dhammadownload.com



ထဲ တဝဲလည်လည်ဖြစ်နေကြတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်က အင်မတန်အရေးကြီးတဲ့ အနေ အားဖြင့် အချိန်လုပြီးတော့ ယူနေရတဲ့အခါမှာ သက်သောင့်သက်သာ မှာကြားသွားတဲ့စကားကို လွယ် တယ်လို့ မထင်ပါနဲ့။

ကိုယ်တော်မြတ်က ပရိနိဗ္ဗာန်စံယူခါနီးမှာ အရေးတကြီးနဲ့ မှာသွားတယ်ဆိုတဲ့ စကားဖြစ်တယ်၊ အဲဒီအရေးတကြီးနဲ့ မှာသွားတယ်ဆိုတဲ့စကား၊ ဒါ့ထက်အရေးကြီးတာ မရှိဘူးလို့ တို့လူစုက နားလည် ရမယ်။ ဒါကြောင့်လည်း တို့လောကလူများကလည်းပဲ ရောဂါဝေဒနာ ဖိစီးနှိပ်စက်လာလို့၊ မိအို၊ ဖအိုများဆိုလို့ရှိရင်လည်း ကိုယ့်ရောဂါဝေဒနာ ကိုယ်ချိန်ဆရတယ်၊ ကိုယ်စဉ်းစားတယ်၊ သေတဲ့သူများ များသောအားဖြင့် ဖြစ်တတ်ပါတယ်၊ ငါ့ဝေဒနာရောဂါ, ဒီတောင်ကတော့ဖြင့် တက်ဖို့တော့ မမြင်ဘူး၊ ဘယ်ဆေးဝါးမှလည်း တိုးမှာ မဟုတ်တော့ဘူး၊ အမျိုးမျိုးကြိုးစားပေမယ့် ရောဂါဝေဒနာ ဆုတ်တယ်လို့ မရှိဘူး၊ တစ်ဆတစ်ဆတိုးလာပြီး၊ မုချ ငါ့အတွက်တော့ အသက်ရှင်စရာ အကြောင်းမရှိဘူး။ မုချ ငါသေတော့မှာပဲလို့ ကိုယ့်စိတ်ထဲ သိလာပြီဆိုမှဖြင့်၊ အဲဒါမှာကြားစရာရှိတဲ့ စကားတွေ၊ သားများ, သမီးများ, မြေးများ, မြစ်များကို ခေါ်ပြီးတော့ နောက်ဆုံးအနေနဲ့ မှာကြားတဲ့ အလေ့အထ ရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ အေး . . . နောက်ဆုံးအနေနဲ့ မှာကြားတဲ့ စကားဟာ အမှန်က အရေးအကြီးဆုံး စကားတစ်ခုပဲ ဆိုတာ တထစ်ချမှတ်ကြနော်။

အခုလည်း မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူခါနီးမှာ အခု မိန့်ကြားတော်မူတဲ့ "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" (သုတ်မဟာဝါ၊ ၁၂၈-နှာ) လို့ မိန့်ကြားတော်မူပြီးတဲ့နောက်ပိုင်းမှာ စကားတစ်ခွန်းမှ မိန့်ကြားတော်မမူတော့ဘူး၊ စကားမပြောတော့ဘူးနော် (မှန်ပါတယ်ဆရာ)၊ (သို့မဟုတ်) စကားလုံးဝ မပြောခြင်းတဲ့၊ ဒီစကားဟာ နောက်ဆုံးစကားဖြစ်လို့ "ပစ္ဆိမဗုဒ္ဓဝစန စကားတော်"လို့ ခေါ်တယ်၊ တို့မြတ်စွာဘုရားကိုယ်တော်မြတ် ဗောဓိပင်နဲ့ရွှေပလ္လင် အောင်မြင်တော်မူလို့ ဘုရားအဖြစ်ရောက်တဲ့အချိန်ကစပြီး၊ ပရိနိဗ္ဗာန် စံတော်မူတဲ့အချိန်အထိ သုံးခွန်းသော စကားကို မိန့်ကြားတော်မူခဲ့တယ်၊ သုံးခွန်းသော စကားကို မြတ်စွာဘုရားကိုယ်တော်မြတ်က မိန့်ကြားသွားတော်မူခဲ့တယ်နော် (မှန်ပါတယ်ဆရာ)။

(၁) ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူခါစ သစ္စာလေးပါးတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူလို့ ဘုရားဖြစ်တော်မူစက ပြောကြားတော်မူတဲ့ ပဌမဗုဒ္ဓဝစန စကားတော် ဆိုတာ တခြားမဟုတ်ပါဘူး၊ ဥဒါန်းကျူးတယ်လို့ ခေါ်တယ်၊ ဥဒါန်းကျူးတယ်တဲ့၊ ဘုရားအဖြစ်လည်း ရောက် ကရော ဥဒါန်းဆိုတာ တခြားမဟုတ်ပါဘူးတဲ့၊ ဝမ်းထဲ မမျိုသိပ်နိုင်လို့ နှုတ်တော်က မြွက်ကြား ထုတ် ဖော်ပြီးတော့ ဆိုတဲ့ စကားသည် ဥဒါန်းစကားခေါ်တယ်၊ ဒါ့ကြောင့် လှိုက်လှိုက်လှဲလှဲ စိတ်ထဲ, ဝမ်းထဲမှာ

http://www.dhammadownload.com



မျိုသိပ်လို့ မရဘဲနဲ့ နှုတ်တော်က ထုတ်ဖော်ပြီး ဟောကြားတော်မူတဲ့ စကားကို ဥဒါန်းစကားလို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်မြင်တော်မူ၍ ဘုရားအဖြစ်ရတော်မူစခဏမှာ လှိုက်လှိုက်လှဲလှဲ စိတ်ထဲ, ဝမ်းထဲမှာ မမျိုသိပ်နိုင်လို့ နှုတ်တော်က ထုတ်ဖော်ပြီးတော့ မိန့်တော်မူတဲ့စကားသည် "အနေကဇာတိသံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ" (ဓမ္မပဒ၊ ၃၆။ ထေရဂါထာ၊ ၂၃၇။ အပဒါန်၊ ဒု၊ ၂၇၂-နှာ) ဆိုတဲ့ ဂါထာပါပဲ၊ အဲဒီဂါထာကျူးရင့်တော်မူလို့ ဘုရားဖြစ်ဖြစ်ချင်း ပထမဆုံး ပြောကြားတဲ့ စကားမို့လို့ "ပထမဗုဒ္ဓဝစနစကားတော်" ဟုတ်လား (မှန်ပါတယ်ဆရာ)။

(၂) အခု မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူခါနီးဆဲဆဲကလေးမှာ ဒီစကားကို ပြောပြီး ပရိနိဗ္ဗာန်စံတော့မယ်လို့ နောက်ဆုံးစကားတော့ "ပစ္ဆိမဗုဒ္ဓဝစန စကားတော်" နောက်ဆုံးစကားနော် (မှန်ပါတယ်ဆရာ)၊ စကားဘယ်နှစ်ခွန်းရှိသွားတုံး (နှစ်ခွန်းရှိသွားပါပြီဆရာ)၊ ဩော် . . . နှစ်ခွန်းရှိသွားပြီ။ ကိုယ်တော်မြတ်မိန့်ကြားတာက စကားသုံးခွန်းတည်းကိုးကွနော် (မှန်ပါတယ်ဆရာ)။

(၃) အဲဒီ ပထမဗုဒ္ဓဝစနစကားတော်ရဲ့ နောက်ပိုင်းက ဟောလာတဲ့ ဒေသနာတော်တွေ၊ ပြောလာတဲ့ စကားတော်တွေ၊ အခု "ဟန္ဒ ဒါနိ ဘိက္ခဝေ"ဆိုတဲ့ ပစ္ဆိမဗုဒ္ဓဝစနစကားတော်အရ ပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီမှာ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြားတော်မူတဲ့ ဒေသနာအရ ပြောကြားတော်မူတဲ့ စကားတော်တွေ အလုံးစုံကတော့ မဇ္ဈိမဗုဒ္ဓဝစန စကားတော်တဲ့၊ အလယ်စကားတော် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အလယ်စကားတော်က များသကိုးကွနော် (မှန်ပါတယ်ဆရာ)။

အဲဒီတော့ ဒါ ပထမ စကားတဲ့၊ ဒုတိယ စကားတဲ့၊ တတိယ စကားတဲ့၊ သုံးခွန်းသော စကားတော်ကို မြတ်စွာဘုရားကိုယ်တော်မြတ်က မိန့်ကြားတော်မူ၏။ အဲဒီသုံးခွန်းသော စကားထဲမှာ အခု ပြနေတဲ့ "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" ဆိုတဲ့ စကားက ပစ္ဆိမဗုဒ္ဓဝစန စကားတော်ဖြစ်တယ်။ ဒီစကားတော်ကို မိန့်ကြားတော်မူပြီးနောက်ပိုင်းမှာ တစ်ခွန်းတစ်ပါဒမျှ မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်ဟတော်မမူရှာဘူးနော် (မှန်ပါတယ်ဆရာ)၊ စကားဘယ်နှစ်ခွန်းရှိသွားသတုံး၊ (နှစ်ခွန်းရှိသွားပါပြီဆရာ)၊ ဩော် . . . နှစ်ခွန်းရှိသွားပြီ၊ ကိုယ်တော်မြတ် မိန့်ကြားတာ စကားသုံးခွန်းတည်းကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ပထမ ဗုဒ္ဓဝစန နောက်ပိုင်းက ဟောလာတဲ့ ဒေသနာတော်တွေ၊ ပြောလာတဲ့ စကားတော်တွေ၊ အခု "ဟန္ဒ ဒါနိ ဘိက္ခဝေ"ဆိုတဲ့ "ပစ္ဆိမဗုဒ္ဓဝစနစကားတော်"အရပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီကျမှ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြားတော်မူတဲ့ ဒေသနာတော်အရ ပြောကြားတော်မူတဲ့ စကားတွေ

http://www.dhammadownload.com



အလုံးစုံကတော့ "မဇ္ဈိမဗုဒ္ဓဝစန"ဆိုတဲ့ စကားတော်တွေ၊ အလယ်စကားတော် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အလယ်စကားတွေက များသကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အေး . . . အဲဒါ သုံးပိုင်းပိုင်းလိုက်၊ ဒါ ပထမစကားတဲ့၊ ဒုတိယ စကားတဲ့၊ တတိယ စကားတဲ့၊ သုံးခွန်းသော စကားတော်ကို မြတ်စွာဘုရားကိုယ်တော်မြတ်က မိန့်ကြားတော်မူ၏။ အဲဒီသုံးခွန်းသော စကားထဲမှာ အခုပြနေတဲ့"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"ဆိုတဲ့ စကားကို ပစ္ဆိမဗုဒ္ဓဝစနလို့ ခေါ်တယ်၊ ဒီစကားလုံးတော် မိန့်တော်မူပြီးနောက်ပိုင်းမှာ တစ်ခွန်းတစ်ပါဒမျှ မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်ဟတော်မမူရှာဘူးနော် (မှန်ပါတယ်ဆရာ)။

အဲဒါလည်း မိန့်ကြားပြီးရော ကိုယ်တော်မြတ်လည်းပဲ သမာပတ်ကို ဝင်စားတော်မူလို့၊ သမာပတ်ဝင်စားတော်မူရာကနေပြီးတော့ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ရူပါဝစရစျာန်၊ အရူပါဝစရစျာန် ဝင်စားပြီးတော့ ရူပါဝစရစျာန်၊ အရူပါဝစျာန် အစရှိတဲ့ စျာန်သမာပတ်များကို အနုလောမ, ပဋိလောမ ဆိုတဲ့ အနုလုံ ပဋိလုံနည်းအားဖြင့် အပြန်ပြန်အထပ်ထပ် ဆိုသလို ဝင်စားတော်မူနေလိုက်တာလို့၊ အဲဒီစတုတ္ထသမာပတ်၏အဆုံးကျမှ နိရောဓသမာပတ် ဝင်စားတော်မူတယ်၊ နိရောဓသမာပတ်ဝင်စားတော်မူတဲ့အချိန်ကျတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ငြိမ်သက်တော်မူတယ်။

အဲဒီအခါမှာ အရှင်အာနန္ဒာကိုယ်တော်မြတ်က အရှင်အနုရုဒ္ဓါကို လျှောက်ထားတယ်။ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ် ငြိမ်သက်တော်မူလှချည်ရဲ့၊ ပရိနိဗ္ဗာန်စံပြီလို့ ထင်တယ်၊ အနုရုဒ္ဓါကိုယ်တော်မြတ်ကတော့ "ပဋိသမ္ဘိဒါပတ္တ ဆဠာဘိညာ" ရဟန္တာဖြစ်နေတော့ သိတော်မူရှာတယ်။ အရှင်အာနန္ဒာ . . . ငါ့တို့ဆရာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်မစံသေးပါဘူး၊ နိရောဓသမာပတ်ကို ဝင်စားခါမျှ ရှိသေးတယ်တဲ့၊ နိရောဓသမာပတ်ဝင်စားနေတယ်တဲ့၊ နိရောဓသမာပတ်က တစ်ခါထပြန်တော့ ပထမစျာန်က,စ စတုတ္ထစျာန်အထိ၊ ရူပါဝစရစျာန်၊ ၎င်းနောက် အရူပါဝစရစျာန်၊ ထိုစျာန်သမာပတ်များကို ထပ်ခါထပ်ခါနဲ့ ဝင်စားတော်မူလိုက်တာ၊ ဝီထိခေါက်ရေအားဖြင့် ထည့်ရေတွက်မယ်ဆိုလို့ရှိရင် ကုဋေနှစ်သန်းလေးသိန်း သမာပတ်တွေ ဝင်စားတော်မူပြီးတော့ နောက်ဆုံး စတုတ္ထစျာန်၏ အင်္ဂါများကို ဆင်ခြင်တော်မူလျက် ဆင်ခြင်တော်မူသော "ပစ္စဝေက္ခဏဝီထိ" ကြိမ်ဖန်များစွာရှိတဲ့ "ပစ္စဝေက္ခဏ ဝီထိဇော"၏အဆုံး စတုတ္ထစျာန်၏အင်္ဂါကို ဆင်ခြင်တော်မူလျက် စိတ်ဖြင့် အလုံးစုံသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ချုပ်ရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို အာရုံပြုပြီးနောက် မဟာဝိပါက် ပထမ အသင်္ခါရိက အဗျာကတ ဒုက္ခသစ္စာဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူတော်မူပြီ၊ ဒီမှာ ပရိနိဗ္ဗာန်စံတော်မူတယ်။

http://www.dhammadownload.com



အဲဒီမှာ ပရိနိဗ္ဗာန်စံခန်းလည်းပဲ "စတုတ္ထဇ္ဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ ဘဂဝါ ပရိနိဗ္ဗာယိ" (သုတ်မဟာဝါ၊ ၁၂၈-နှာ။) စတုတ္ထဇ္ဈာနာ-စတုတ္ထစျာန်မှ။ ဝုဋ္ဌဟိတွာ-ထ၍၊ သမနန္တရာ-ထိုထသည်၏ အခြားမဲ့၌။ ဘဂဝါ-မြတ်စွာဘုရားကိုယ်တော်မြတ်သည်၊ ပရိနိဗ္ဗာယိ-ပရိနိဗ္ဗာန် စံတော်မူ၏။

စာအနေအားဖြင့် ဒီလိုလည်း ဆိုထားတယ်၊ စာအနေအားဖြင့် ဝါဒတွေ အသီးသီးရှိတယ်၊

"သန္တိမာရဗ္ဘာတိ အနုပါဒိသေသံ နိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စ သန္ဓာယ၊ (သုတ်မဟာဝါ အဋ္ဌကထာ၊ ၁၂၉-နှာ။)

သန္တိမာရဗ္ဘာတိ"-ဟူ၍၊ အနုပါဒိသေသံ-နာမ်ခန္ဓာ ကမ္မဇရုပ်အကြွင်းမရှိသော။ နိဗ္ဗာနံ-နိဗ္ဗာန်ကို။ အာရဗ္ဘ-အကြောင်းပြု၍။ ပဋိစ္စ-စွဲ၍။ သန္ဓာယ- ရည်ရွယ်၍။ မုနိ-မြတ်စွာဘုရားသည်။ ယံ ကာလံ-အကြင်စုတေခြင်းကို၊ အကရိ-ပြုတော်မူ၏။

အဲဒီကျတော့လည်း ပရိနိဗ္ဗာန်အာရုံပြုတယ်တဲ့၊ ပရိနိဗ္ဗာန်စံတယ်တဲ့၊ ဟိုဘက်မှာလည်း 'စတုတ္ထဇ္ဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ ပရိနိဗ္ဗာယိ" စတုတ္ထစျာန်မှ ထတော်မူပြီး စျာန်သမာဓိကို ဆင်ခြင်သော မဟာဝိပါက် ပထမ အသင်္ခါရိက အဗျာကတ ဒုက္ခသစ္စာဖြင့် ပရိနိဗ္ဗာန်စံတယ်၊ တစ်ဖန် ပြန်လာတယ်။ "သန္တိမာရဗ္ဘာတိ အနုပါဒိသေသံ နိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စ သန္ဓာယ"၊ သန္တိမာရဗ္ဘာတိ-ဟူ၍၊ အနုပါဒိသေသံ-နာမ်ခန္ဓာ ကမ္မဇရုပ်အကြွင်းမရှိသော၊ နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ အာရဗ္ဘ-အကြောင်းပြု၍၊ ပဋိစ္စ-စွဲ၍၊ သန္ဓာယ- ရည်ရွယ်၍၊ မုနိ-မြတ်စွာဘုရားသည်၊ ယံ ကာလံ-အကြင်စုတေခြင်းကို၊ အကရိ-ပြုတော်မူ၏လို့၊ ဒီလိုအသီးသီး ရှိကြတယ်၊

ဒါ နှစ်ခုစလုံးဘယ်ဒင်းမှ အမှားမဆိုရဘူး၊ တစ်ခုကလည်း စတုတ္ထစျာန်၏အင်္ဂါကို ဆင်ခြင်ပြီးတော့ ပရိနိဗ္ဗာန်စံတော်မူတယ်၊ တစ်ခုကလည်း နိဗ္ဗာန်အာရုံပြုပြီးတဲ့နောက် ပရိနိဗ္ဗာန်စံတော်မူတယ်၊ ဒါ နှစ်ခုစလုံးမှန်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ နှစ်ခုစလုံး အမှန်ချည်းပဲလို့ မြတ်စွာဘုရားကိုယ်တော်မြတ်သည် စတုတ္ထစျာန်နှင့်တကွ နိဗ္ဗာန်ကို တစ်ခုစီ အာရုံပြုပြီးတော့ ပရိနိဗ္ဗာန်စံတော်မူတယ်လို့၊ ရှေးရှေးဆရာတော်ဘုရားကြီးများ ဆုံးဖြတ်ချက်ချထားတာ အင်မတန်ကောင်းတယ်။ အဲဒါလေးတွေ စာအနေအားဖြင့် ဘယ်ဒင်းက မှန်တယ်၊ ဘယ်ဒင်းက မှားတယ်လို့ ဒီလို မစွပ်စွဲကောင်းဘူး။ ဒါ ဒေသနာကို လွှန်ပြီးတော့ တစ်ခုနှင့်တစ်ခု ညီညွတ်အောင် ဆက်စပ်ပြီးတော့ ယူကြရမယ်။ ကိုယ်တော်မြတ်သည် ဤနေရာ၌ စတုတ္ထစျာန်၏အင်္ဂါကို ဆင်ခြင်တယ်၊ အာရုံပြုတယ်၊ (တစ်နည်း) ဝီထိစိတ်တစ်ခုဖြင့် နိဗ္ဗာန်ကိုလည်း အာရုံပြုတယ်၊ ဒီလို ယူရမယ်၊ ဒါမှ သဘာဝကျမယ်၊ ဒါမှ နှစ်ခုစလုံးလည်းပဲ အမှန်လည်း ရောက်တယ်၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်သည် ၎င်းစတုတ္ထစျာန်အင်္ဂါနဲ့တကွ နိဗ္ဗာန်ကိုတစ်ခုစီ အာရုံပြုပြီးတော့ ဒီနေရာမှာ ပရိနိဗ္ဗာန်စံယူတော်မူတယ်၊ အဲဒါ "မှာတမ်းတော်" အဓိပ္ပာယ်တွေဖြစ်တယ်။

http://www.dhammadownload.com



ဤနေရာမှာ ပရိနိဗ္ဗာန်လည်းစံတော်မူရော အနီးအပါးမှာရှိကြတဲ့ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်များမှတစ်ပါး ပုထုဇဉ်တွေရော, သောတာပန်တွေရော, သကဒါဂါမ်တွေရော အဲဒီလို အသီးအသီး ရှိကြတယ်၊ ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ဆိုတဲ့ ပုဂ္ဂိုလ်များဟာ ရင်ပတ်စည်တီး မြေကြီးလူးလိမ့် ရှိုက်ကြီးတငင် ပင်ပန်းစွာ ပူဆွေးငိုကြွေးကြတယ်လို့၊ ကိုယ်တော်မြတ်သည် ပရိနိဗ္ဗာန်စံတော်မူပြီး အားလုံး စကြဝဠာတိုက်တစ်သောင်းက စုပေါင်းပြီး လာကြတဲ့ နတ်ပြဟ္မာအပေါင်းလည်းပဲ ဒီနေရာမှာ စောစောက ပြောသလိုပဲ ဆံပင်ဖြန့်ကျဲ၍ ရင်ပတ်စည်တီး ဦးခေါင်းပေါ်လက်တင်၊ ရှိုက်ကြီးတငင် ပင်ပန်းစွာ ပူဆွေးကြ, ငိုကြွေးကြတယ်။ အားလုံးကြားသမျှ ပုဂ္ဂိုလ်အပေါင်းလည်းပဲ ပူဆွေးကြ၊ ငိုကြွေးကြတယ်၊ နှစ်သိန်းလေးသောင်းယူဇနာပေါင်း အပြည့်ရှိတဲ့ မဟာပထဝီမြေကြီးလည်းပဲ အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် မြည်ဟီးပြီးတော့ တုန်လှုပ်တယ်၊ တော်လဲတယ်၊ ပွဲတင်ဟည်းတယ်၊ ပွဲတင်ထပ်တယ်၊ မကောင်းသော အတိတ်နိမိတ်တွေ ပြတယ်၊ အင်မတန်အံ့ဖွယ်ဘနန်း ဆန်းကြယ်သော ကြက်သီးမွေးညှင်းထတယ်၊ ဒီလိုဖြစ်တယ်။

ဒါကြောင့် ရှိသမျှသော ရဟန်းပရိသတ်လည်းပဲ ဆောက်ရာတည်ရာ မရ ပူဆွေးဒုက္ခရောက်လို့ ငိုပွဲကြီးဆင်ကြတယ်။ အဲဒီအထဲမှာ အရှင်အနုရုဒ္ဓါကိုယ်တော်မြတ်ကြီးက အားလုံးသော သံဃာတော်များကို သံဝေဂအနေအားဖြင့် တရားပြရှာတော်မူတယ်၊ "ငါ့ရှင်တို့ ငါတို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် သက်တော်ထင်ရှားရှိစဉ်အခါက လေးဆယ့်ငါးဝါ ကာလပတ်လုံး ဤကဲ့သို့ တရားမျိုးတွေကို အမျိုးမျိုးအဖုံဖုံ ရှင်းရှင်းလင်းလင်း ဆုံးမဩဝါဒ ပေးခဲ့ပြီးသား ဖြစ်ကြတယ်၊ ငါ့ရှင်တို့ ပူဆွေးငိုကြွေးနေခြင်းသည် အချည်းနှီးသာဖြစ်၏၊ အပြစ်သာများ၏၊ အကျိုးမများဘူး"လို့ ဒီနေရာမှာ ဆုံးမစကားပြောလို့၊ ရဟန်းတော်များလည်းပဲ တရားသံဝေယူကြလို့ ဆိတ်ဆိတ်နေပြီးတော့ကျန်တဲ့ မိုးမလင်းမီ အချိန်ကာလလေးမှာ မိမိကျင့်ကြံပွားများအားထုတ်အပ်သော တရားတွေနဲ့သာ ဆွေးနွေးပြီး အချိန်ကုန်ကြတယ်၊ အရုဏ်ကျင်းလို့ အလင်းဘက်သို့ ရောက်တဲ့အခါကျတော့ အနုရုဒ္ဓါကိုယ်တော်မြတ်က အရှင်အာနန္ဒာကို ခေါ်ပြီးတော့ "ငါ့ရှင်အာနန္ဒာ . . . ကုသိနာရုံပြည်မ သွားပြီးတော့ ဝါသေဋ္ဌ အမျိုးဖြစ်ကြကုန်သော မလ္လာမင်းတို့ကို အကြောင်းကြားစေ၊ အဘ ဘုရားကိုယ်တော်မြတ်သည် ပရိနိဗ္ဗာန်စံယူတော်မူပေ့ါ"လို့ အရှင်အာနန္ဒာလည်း တစ်ကိုယ်တည်း ထွက်လာခဲ့တယ်။ ကုသိနာရုံ ဘက်ရောက်တဲ့အခါကျတော့၊ အားလုံးသော ဝါသေဋ္ဌအမျိုးဖြစ်ကြကုန်သော မင်းမျိုးတွေ မြတ်စွာ ဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူပြီ။

"မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူပြီးဖြစ်ပါသောကြောင့် သင်တို့သည် ပြုဖွယ်ကိစ္စ အဝဝကို လာပြီးဆောင်ရွက်ကြပါ၊ ပြုကြပေတော့လို့" ရှင်အာနန္ဒာသွားပြီးတော့ ပြောကြားတဲ့အခါမှာ

http://www.dhammadownload.com



ဝါသေဌအမျိုး၌ ဖြစ်ကြကုန်သော မင်းမျိုးတို့နှင့်တကွ သား, မယား, ဆွေမျိုးဉာတိ အသီးသီးရှိသမျှ ပြည်တွင်းမှာနေကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့ တစ်ဆင့်စကား တစ်ဆင့်ကြားလို့ တစ်ပြည်လုံး ပွက်ပွက်ညံအောင် ရေထဲမှာ လှိုင်းတံပိုးအဟုန်ထဘိသကဲ့သို့ ကျွက်ကျွက်ညံတဲ့လေသံဖြင့် မစဲဘဲ ရှိုက်ကြီးတငင် ပင်ပန်းစွာ မြေကြီးမှာ လူးလိမ့်ပြီး ငိုကြွေးပူဆွေးကြတယ်။ ဒီလိုနေတဲ့အခါမှာ အကြီးဆုံးသော မလ္လာမင်းက "အချင်းတို့ ယခုလို ငိုကြွေးခြင်းပြုနေလို့ ကိစ္စပြီးမည်မဟုတ်ဘူး၊ ငါတို့မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ အလောင်းတော်ကို ပြုဖွယ်ကိစ္စအဝဝ ရှိကြသေးတယ်။ ဒါကြောင့် ငါတို့ပြည်တွင်းမှာရှိတဲ့ စောင်း, ညင်း, ပတ္တလား, တူရိယာတို့ဖြင့် တီးမှုတ်ကြတဲ့ ဘဘင်သည်မှန်သမျှ အကြောင်းကြားစေ၍၊ မြတ်စွာဘုရားကိုယ်တော်မြတ်ရှိရာ ချည်းကပ်ရမည်။ ဒီမှတစ်ပါး အမွှေးနံ့သာ မျိုးစုံတို့ဖြင့် ထုံအပ်သော အနံ့တို့ကို ရောင်းချတဲ့ ကုန်သည်များရှိရင်လည်း ၎င်းပစ္စည်းများယူဆောင်ပြီး မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော်ရှိရာ ဥယျာဉ်တော်သို့ သွားကြစို့လို့ အမိန့်တော်ချမှတ်လိုက်တယ်။ အဲဒီအမိန့်တော်ချမှတ်သည့်အတိုင်း တိုင်းပြည်အတွင်း လှည့်လည်ပြီးတော့ ကြွေးကြော်လို့ ရှိသမျှသော စောင်း, ညင်း, ပတ္တလား တူရိယာတို့ဖြင့် တီးမှုတ်တတ်တဲ့ သဘင်သည်မှန်သမျှ၊ အမွှေးအထုံ မျိုးစုံတို့ဖြင့် မိမိတို့ အသီးအသီး ပန်းများလက်စွဲပြီးတော့ ပူဇော်ရန့် အမျိုးမျိုးတို့ကို ရှာဖွေစုဆောင်းလို့ အားလုံးသော ပြည်တွင်းသူ, ပြည်တွင်းသားအပေါင်းတို့အား မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ အလောင်းတော်ရှိရာ အင်ကြင်းဥယျာဉ်ကို ဝင်ကြတယ်။ အင်ကြင်းဥယျာဉ်ရောက်တဲ့အခါကျတော့မှ အားလုံးသော မလ္လာမင်းများလည်း အင်မတန်သစ်လွင်တဲ့ ပုဆိုးသဏ္ဍာန်, ပုဆိုးမဏ္ဍပ်တို့ဖြင့် ဆောက်လုပ်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ အလောင်းတော်ကို အမွှေးအထုံအမျိုးမျိုးတို့ဖြင့် လိမ်းကျံပြီးတော့ ပြင်ဆင်ကြတယ်။

ဒီနေရာမှာ ပူဇော်ပွဲကြီးလုပ်ကြတယ်၊ ဒါနဲ့ တစ်ရက်, နှစ်ရက်, သုံးရက်, လေးရက်, ငါးရက်, ခြောက်ရက်, ခုနစ်ရက်မြောက်တော့ ဒီနေရာမှာပဲ မွမ်းမံချယ်လှယ်ပြီးတော့ ပူဇော်ပွဲအမျိုးမျိုး လုပ်ပြီးတဲ့နောက်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့အလောင်းတော်ကို မီးပူဇော်ဖို့ ကိစ္စကျန်သေးတယ်။ ဘယ်လိုပူဇော်ကြမလဲလို့ "အဂ္ဂိဈာပန" ပြာချမည့်ကိစ္စရှိသေးတယ်။ အားလုံးသော မလ္လာမင်းတွေ အစည်းအဝေးတိုင်ပင်ကြတဲ့အခါကျတော့ အလောင်းတော်ကို ဒီကနေပြီးတော့ ကုသိနာရုံပြည်ကို ပင့်၊ ကုသိနာရုံပြည်တွင် သုံးခါလက်ျာရစ်လှည့်၊ လှည့်ပြီးတော့မှ ကုသိနာရုံပြည်ရဲ့ တောင်စူးစူးအရပ်မှာ နံ့သာထင်းပုံကြီးပေါ်တင်ပြီးတော့ အလောင်းတော်ကို မီးတိုက်ကြစို့၊ မီးပူဇော်ကြစို့လို့ ဒီလိုတိုင်ပင်စကား ပြောကြားကြတယ်။ တိုင်ပင်လို့ ညီညွတ်ချက်ရတဲ့အခါကျမှ ကောင်းပြီ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်အလောင်းတော်ကိုပင့်တဲ့ လမ်းခရီးကြီးလည်းပဲ ပစ္စည်းတန်ဆာရတနာအမျိုးမျိုးတို့ဖြင့် ချယ်လှယ်

http://www.dhammadownload.com



မွမ်းမံပြီးတော့ ပြင်ဆင်ကြတယ်။ အင်မတန်မှ သိုက်မြိုက်ခမ်းနားတဲ့ လမ်းမကြီးတစ်လျှောက် ကြည့်ရှုလို့ မငြီးရအောင် အသီးသီးသော တံခွန်, ကုက္ကား, ပန်းမာလ်တို့ဖြင့် ချယ်လှယ်မွမ်းမံလို့ ငွေရောင် အဆင်းရှိတဲ့ သဲဖြူခင်းလို့၊ ရာဇမတ်ပါကာလို့၊ အံ့ဖွယ်ဘနန်း ဆန်းကြယ်သော နတ်မင်းများ၊ အားလုံးသော ပြည်သူပြည် သားတွေ ကြိုးစားပမ်းစားနဲ့ အားထုတ်အလုပ်လုပ်ကြတယ်၊ ရတနာလမ်းမကြီး တစ်ခု ဖြစ်လို့၊ အဲဒီလမ်းမကြီးကနေပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော်ကို ရတနာပြာသာဒ်ပေါ် တင်ပြီးတော့ ပင့်မယ်လို့ ရည်ရွယ်ချက်နဲ့ အားစွမ်းဗလကောင်းပေ့ဆိုတဲ့ မလ္လာမင်းသားလေးယောက်တို့က သန့်ပြန့်အောင် မိမိတို့ကိုယ်လက် သုတ်သင်ရှင်းလင်းပြီး သစ်လွင်တဲ့ အဝတ်အစားများ ဝတ်ဆင်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော်ကို ပင့်ကြတယ်။ ရတနာပြာသာဒ်ပေါ် တင်ကြစို့၊ အလောင်းတော်ကို ပင့်တဲ့အခါကျတော့ ပင့်လို့ မရ၊ ပင့်လို့ မရတော့မှ အကြောင်းထူးတစ်ခု ရှိပြီလို့၊ ရှင်အနုရုဒ္ဓါကိုယ်တော်မြတ်အား လျှောက်ထားကြည့်မှပဲလို့၊ ရှင်အနုရုဒ္ဓါကိုယ်တော်မြတ်ကို သွားပြီး လျှောက်ထားတယ်၊ အရှင်ဘုရား . . . မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းကို ကြွလို့, ချီလို့, မလို့ မရဘူး၊ ပင့်လို့ မရဖြစ်ကြောင်းပါဘုရား၊ အကြောင်းတစ်ခု ရှိရချည့်ရဲ့၊ အကြောင်းဘယ်သို့ပါလဲဘုရားလို့ လျှောက်ထားတော့ -

ရှင်အနုရုဒ္ဓါကိုယ်တော်မြတ်က "အသင်မလ္လာမင်းတို့ သင်တို့ လူသားများရဲ့ စိတ်ကူးကလည်း တစ်မျိုးပဲ၊ နတ်တို့ရဲ့စိတ်ကူးကလည်း တစ်မျိုးပဲ"၊ ဒါဖြင့် ကောင်းပါပြီ၊ အရှင်ဘုရား နတ်တို့ရဲ့ စိတ်ကူးအကြံကတော့ ဘယ်လိုပါလဲဘုရားလို့၊ ဒီလိုမေးတော့ ရှင်အနုရုဒ္ဓါကိုယ်တော်မြတ်က မြတ်စွာဘုရားကိုယ်တော်မြတ်၏အလောင်းတော်ဖြင့် ကုသိနာရုံပြည် လက်ျာရစ်သုံးပတ်လှည့်၊ လှည့်ပြီးတော့ တောင်စူးစူးအရပ်ဒေသမှာ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ "အန္တိမစျာပန" ပြုချမယ်လို့ ရည်ရွယ်ကြတယ်။ နတ်များက ဒီလိုမဟုတ်ဘူးတဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ် အလောင်းတော်ကိုပင့်၊ ကုသိနာရုံပြည် အနောက်ဘက်ကနေ လှည့်၊ မြောက်တံခါးကဝင်ပြီးတော့ မြို့လယ်တည့်တည့်ဖြတ်၊ မြို့လယ်တည့်တည့် ဖြတ်ပြီးတော့ အရှေ့ကိုထွက်၊ အရှေ့ကိုထွက်ပြီးမှ မလ္လာမင်းတို့၏ ပျော်စံရာ ခမ်းနားသစ်လွင်စွာဖြစ်သော မကုဋဗန္ဓနအရပ်မှာ ကိုယ်တော်မြတ်ကို မီးပူဇော်လိုတဲ့ ဆန္ဒရှိတယ်၊ နတ်များရဲ့အလို၊ နတ်များရဲ့အကြံအစည် ဒီလိုရှိတယ်။ ဒါကြောင့် သင်တို့ ပင့်လို့ မရတာပဲ၊ ရှင်အနုရုဒ္ဓါကိုယ်တော်မြတ်က မိန့်ကြားတော်မူတယ်။

ကောင်းပါပြီ၊ ဒါဖြင့် နတ်များရဲ့အလိုအတိုင်း တပည့်တော်တို့ လိုက်မှာဘုရား၊ တပည့်တော်တို့ နတ်များရဲ့အလိုအတိုင်း ဖြစ်ရပါစေမယ်ဘုရားလို့ နတ်များပြောကြားပြီးတော့ နောက်တစ်ခါ ပင့်တော့မှ ရတယ်၊ ရတဲ့အခါကျတော့ အဲဒီအလောင်းတော်ကို ရတနာပြာသာဒ်ပေါ် တင်ပြီးတော့

http://www.dhammadownload.com



ပူဇော်ပုံအမျိုးမျိုး၊ လူတို့ရဲ့ ပူဇော်ပုံအမျိုးမျိုးတို့နဲ့ ပူဇော်ကြတယ်၊ နတ်တို့ရဲ့ ပူဇော်ပုံအမျိုးမျိုးတို့ဖြင့် ပူဇော်ကြတယ်၊ ရတနာပြသာဒ်မှာ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့အလောင်းတော်ကို ပင့်ဆောင်ပြီးတော့သွားလို့၊ အနောက်ကနေ မြောက်တံခါးတည့်တည့်ဝင်လို့ မြောက်တံခါးရောက်တဲ့အခါကျတော့ မြို့လယ်တည့်တည့် လှည့်ပြီးတော့ ပတ်ကြ, ပင့်ကြတယ်။ မြို့လည်ခေါင် လှည့်ပင့်တဲ့အခါကြတော့ အဲဒီအချိန်အခါမှာပဲ စောစောက သတင်းစကားကြားထားလို့ ဗန္ဓုလစစ်သူကြီးရဲ့ မိဖုရားကြီး **မလ္လိကာက မိမိမှာရှိတဲ့ ကိုးကုဋေထိုက်တန်သည့် "မဟာလတာတန် ဆာ" ယောကျ်ားမရှိသည့်** အချိန်ကစလို့ မဝတ်မဆင်မပြင်ဘဲနဲ့ ထားလိုက်တာ၊ အခုမြတ်စွာဘုရား ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူပေါ့၊ ပရိနိဗ္ဗာန်စံလို့ အလောင်းတော်ကို ဒီနေရာက ဖြတ်ပြီးတော့ ပင့်လိမ့်မယ်လို့ ကြားတဲ့အချိန်ကစ ငါလည်း မဆင်မြန်းမဲ့အတူတူ ၎င်းမဟာလတာတန်ဆာကြီးကို မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့အလောင်းတော်ပေါ် တင်ပြီးတော့ ပူဇော်ရရင် အင်မတန်ကောင်းမှာပဲလို့ စိတ်ကူးဖြစ်လို့၊ စောစောကတည်းက ကြိုတင်ပြီးတော့ ၎င်းမဟာလတာ တန်ဆာကို နံ့သာရေဖြင့် ဆေးကြောပြီးတော့ အရန်သင့်စောင့်ဆိုင်းနေတဲ့အခါ မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော်ကို ရတနာပြသာဒ်ကြီးပေါ်တင်ပြီးတော့ အဲဒီ မြို့လယ်က ဖြတ်ပြီး ပင့်လာတဲ့အခါ မိမိအိမ်ရှေ့ အရောက် ပင့်ဆောင်လာတဲ့ ပုဂ္ဂိုလ်များကို ခေတ္တတားတယ်၊ "အမောင်တို့ ခေတ္တနားကြပါ၊ ခေတ္တဆိုင်းကြပါ၊ အကျွန်ုပ်ရဲ့ မဟာလတာတန်ဆာကို မြတ်စွာဘုရားကိုယ်တော်မြတ်အား ပူဇော်လိုပါတယ်"လို့ ဒီလိုအကြောင်းစကားကြားပြီး တားတော့ ခေတ္တဒီနေရာမှာ ရပ်ဆိုင်းပေးတယ်။ မလ္လိကာဖိဖုရားလည်းမိမိရဲ့ အင်မတန်နှစ်သက် မြတ်နိုးဖွယ်ကောင်းတဲ့ ကိုးကုဋေကျော်တန်သော မဟာလတာတန်ဆာကြီးကို နံ့သာရေဖြင့်ဆေးကြောပြီး သစ်သစ်လွင်လွင် သန့်သန့်ရှင်းရှင်းရှိတဲ့ မဟာလတာတန်ဆာကို ယူပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော်အပေါ်ကနေ လွှမ်းတင်ပြီးတော့ ဦးခေါင်းကစလို့ ဖဝါးတော်အထိ မဟာလတာတန်ဆာများ အင်မတန်လှတယ်။ ရတနာခုနစ်ပါးတို့ဖြင့် ခြယ်လှယ်မွမ်းမံပြီး လုပ်ထားတာ။

ဝိသာခါတို့ရရှိတဲ့ မဟာလတာတန်ဆာများ ဝတ်ဆင်လိုက်မယ်ဆိုလို့ရှိရင် ကနေတဲ့ ဒေါင်းလေးအသွင် တကယ်တင့်တယ်လှပတယ်၊ အခက်အလက်, အညွန့်, အဖူးလေးတွေ ဝေဝေဆာဆာနဲ့ ပြည့်တန်တဲ့ ရတနာပန်းလေးတွေက တပြောင်ပြောင်တောက်လို့၊ အဲသလို အင်မတန်လှပတင့်တယ် ရှုချင်စဖွယ်ရှိသော ကိုးကုဋေကျော်တန်တဲ့ မဟာလာတာတန်ဆာ၊ မြတ်စွာဘုရားကိုယ်တော်မြတ် လျောင်းစက်တဲ့အပေါ် ပူဇော်တဲ့အခါကျတော့ ကိုယ်တော်မြတ်ကိုယ်က ရွှေသန္ဓပ်, ရွှေအဆင်းလို ဝါဝင်းပြီးအရောင်အသွေး ရှိပြီးသားအပေါ်မှာ ၎င်းမဟာလတာတန်ဆာလွှမ်းလိုက်ရင်ပဲ ရှုမငြီးတဲ့ ကျက်သရေ

http://www.dhammadownload.com



အရောင်တို့ဖြင့် တပြောင်ပြောင်ထွန်းလင်းတော်မူတယ်။ အဲဒါ အပူဇော်ခံပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော်ကို တစ်ခါပင့်၊ ဤကုသိနာရုံပြည်မှ အရှေ့တံခါးက ထွက်လို့၊ မလ္လာမင်းတို့၏စည်းဝေးရာဌာနာဖြစ်တဲ့ မကုဋဗန္ဓနအမည်ရှိတဲ့အရပ်ကို ရောက်သွားတယ်၊ အဲဒီအရပ်ရောက်တော့မှ အတောင်တစ်ရာ့နှစ်ဆယ်မြင့်တဲ့ နံ့သာထင်းပုံထက်မှာ အလောင်းတော်ကို တင်ခဲ့တယ်၊ အဂ္ဂိစျာပနအခန်းရောက်တော့ မီးသင်္ဂြိုဟ်တော့မယ်လို့ အဲဒီအချိန်ခါမှာ တတိယသာဝကဖြစ်တဲ့ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက မြတ်စွာဘုရားကိုယ်တော်မြတ် ဒေသစာရီ ကြွချီပြီးသွားတာ ကြာပြီတဲ့၊ ငါလည်း မဖူးမျှော်ရတာ ကြာလှပြီတဲ့၊ ငါ့နောက်က အသီးအသီး ဖြစ်တော်မူကြတဲ့ ရဟန်း, သံဃာတော်တွေလည်း မြတ်စွာဘုရားကိုယ်တော်မြတ်ကို မဖူးမျှော်ရတာ ကြာလှပြီ၊ အခု မြတ်စွာဘုရားကိုယ်တော်မြတ် ဒေသစာရီကြွချီပြီးနောက် အချိန်ပိုင်းမှာ လာပြီးတော့ သာသနာတော်သက်ဝင်ကြတဲ့ ရဟန်းအသစ်ကလေးတွေကလည်း မြတ်စွာဘုရားကိုယ်တော်မြတ်ကို တစ်ခါမျှ မျက်နှာတော်လည်း မဖူးမျှော်ရသေးဘူး၊ ဂုဏ်သတင်းစကားပဲ ကြားရတယ်၊ အဲဒီကိုယ်တော်တွေလည်း မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဖူးမျှော်ချင်တဲ့ အာသာဆန္ဒပြင်းပြနေတယ်။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်နဲ့ ကင်းကွာနေတာ အတော်ကြီးကြာသွားခြင်းကြောင့်ပါပဲ၊ ဒီလို စဉ်းစားရင်းနဲ့ အခု ငါမြတ်စွာဘုရားကိုယ်တော်မြတ်ကြွတော်မူတဲ့ လမ်းစဉ်အတိုင်းလိုက်လေမှပဲလို့ တတိယသာဝကဖြစ်တဲ့ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက နောက်ပါ သံဃာတော်ငါးရာတို့နှင့် ကြွလာလို့ ဘယ်ရောက်တုံးဆိုတော့ ပါဝါပြည်ရောက်သွားခဲ့ကြတယ်။ ပါဝါပြည်ရောက်တော့ နေကလည်း အင်မတန်ပူပြင်းပြီး နေ့ခင်းကြောင်တောင်ဖြစ်တော့ ခြေထောက် မနင်းနိုင်၊ မသွားနိုင်ဖြစ်လေတော့ ဒီပါဝါပြည်ကဉယျာဉ်ထဲမှာပဲ နေခိုမှပဲလို့ နေကျမှငါတို့ ကုသိနာရုံပြည်လှမ်းကြွမယ်။

## မန္ဒာရဝနတ်ပန်းရွာသည့်အချိန်အခါ

ညဘက်ကျမှ အဖဘုရားကိုယ်တော်မြတ်ရွှေမျက်နှာတော်ကို ငါတို့ဝဝကြီးဖူးမျှော်ကြစို့ရဲ့ ဆိုပြီးတော့ ရှင်မဟာကဿပကိုယ်တော်မြတ်က နောက်ပါသံဃာတော်ငါးရာတို့နှင့်တကွ ပါဝါပြည်က ဉယျာဉ်တွင်းမှာ နေ့ခင်းနေခိုနေကြတယ်။ နေခိုနေကြတော့ ဒီမှာ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ အလောင်းတော်ကို ရတနာပြာသာဒ်မှာ တင်ပြီးတော့ ပင့်တော်မူတဲ့ အခမ်းအနားမှာ နတ်တွေကလည်း အမျိုးမျိုးသော ပူဇော်စရာတို့ဖြင့် ပူဇော်ကြတယ်၊ လူတွေကလည်း အမျိုးမျိုးသော ပူဇော်စရာတို့ဖြင့် ပူဇော်ကြတယ်။ အဲဒီပူဇော်ကြတဲ့အထဲမှာ သိင်္ဂီအဆင်း ဝိုင်းဝန်းညီတဲ့ ထီးရွက်ပမာဏရှိတဲ့ နတ်တို့၌ဖြစ်သော မန္ဒာရဝနတ်ပန်းမိုးကလည်း ရွာပေးလိုက်တာလို့ နင်းသွားရင် ပုဆစ်ဒူးနစ်တယ်၊ ဒီလောက်

http://www.dhammadownload.com



များတယ်၊ အဲဒီလမ်းမကြီးမှာ မန္ဒာရဝအမည်ရှိတဲ့ နတ်ပန်းမိုးတွေ ရွာဖြိုးလို့ အဲဒီမန္ဒာရဝနတ်ပန်းမိုးတွေ ရွာဖြိုးရာကနေပြီးတော့ အာဇီဝကတက္ကတွန်းတစ်ယောက်က ကုသိနာရုံကနေပြီးတော့ ပါဝါပြည် လာတော့ နေက အင်မတန်ပူလေတော့ အဲဒီမှာ ရွာဖြိုးထားတဲ့ မန္ဒာရဝနတ်ပန်းရွက်ဖြင့် ထီးလုပ်ပြီးတော့ ဦးခေါင်းမိုးပြီးလာနေတယ်၊ ကုသိနာရုံပြည်ကနေ ပါဝါပြည်လာ၊ ရှင်မဟာကဿပကိုယ်တော်မြတ်လည်း ဒီပါဝါပြည်က ဥယျာဉ်အတွင်းမှာ မှီတင်းနေခိုနေတဲ့ အခိုက်အတန့် မလှမ်းမကမ်း မြင်နေရတယ်။ ဟိုက အာဇီဝကတက္ကတွန်းခေါင်းမှာ နေကာပြီးတော့ ဆောင်းလာတဲ့ မန္ဒာရဝနတ်ပန်းနှင့် တူတယ်၊ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက အဝေးကနေ လှမ်းမြင်နေတယ်၊ မန္ဒာရဝနတ်ပန်းနှင့် တူတယ်တဲ့၊ အဲဒီမန္ဒာရဝနတ်ပန်းဟာ လူ့ပြည်မှာ တန်ခိုးကြွဒ္ဓိပါဒ်ကြီးတဲ့ပုဂ္ဂိုလ်များ ဖန်ဆင်းတဲ့အခါမှာလည်း ဖြစ်တတ်တယ်၊ (သို့မဟုတ်) မြတ်စွာဘုရားကိုယ်တော် မြတ်အလောင်းတော် မီးရှူးသန့်စင်ဖွားမြင်တဲ့အခါမှာလည်း ဒီပန်းမိုးရွာတတ်တယ်၊ (သို့မဟုတ်) မြတ်စွာဘုရားကိုယ်တော်မြတ် ဘုရားရှင်ဖြစ်တဲ့အခါမှာလည်း ဒီပန်းမိုးရွာတတ်တယ်၊ (သို့မဟုတ်) မြတ်စွာဘုရားကိုယ်တော်မြတ် ဓမ္မစကြာတရားဟောကြားတဲ့အခါမှာလည်း ရွာတတ်တယ်၊ (သို့မဟုတ်) မြတ်စွာဘုရားကိုယ်တော်မြတ် တန်ခိုးပြာဋိဟာ ပြတော်မူတဲ့အခါမှာလည်း ရွာတတ်တယ်၊ (သို့မဟုတ်) မြတ်စွာဘုရားကိုယ်တော်မြတ် အာယုသင်္ခါရလွှတ်တဲ့အချိန်အခါမှာလည်း ရွာတတ်တယ်၊ (သို့မဟုတ်) မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတဲ့အချိန်အခါမှာလည်း ရွာတတ်တယ်။

ဒါဖြင့် ဒီပန်းဖြစ်တဲ့အချိန်ကို ကြည့်လိုက်တော့ တန်ခိုးကြွဒ္ဓိပါဒ်ကြီးတဲ့ပုဂ္ဂိုလ်တွေ ဖန်တီးတဲ့အကြောင်းအရာကတော့ မရှိဘူး။ ဒါဖြင့် အလောင်းတော်များ ပဋိသန္ဓေနေခန်းတွေလည်း တွေးစရာမလိုတော့ဘူး၊ တောထွက်ခန်းလည်း မဆိုင်တော့ဘူး၊ ဘုရားဖြစ်ခန်းလည်း မဆိုင်တော့ဘူး၊ ဓမ္မစကြာဟောခန်းလည်း ပြီးခဲ့ပြီ၊ ရေ,မီး အစုံစုံ အဖုံဖုံသော တန်ခိုးပြာဋိဟာပြတဲ့အခန်းလည်း ပြီးခဲ့ပြီ၊ အာယုသင်္ခါရလွှတ်တော်မူတဲ့အခန်းလည်း ပြီးခဲ့ပြီ၊ ဧကန္တ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူခြင်းကြောင့် ရွာဖြိုးတဲ့ မန္ဒာရဝနတ်ပန်းကိုစွပဲလို့ ရှင် မဟာကဿပကိုယ်တော်မြတ်က ဒီကနေဆင်ခြင်ပြီး ကြည့်လို့ သိတယ်၊ ဒီတော့ အာဇီဝကတက္ကတွန်းကို ငါမေးရရင်ကောင်းမှာပဲလို့ အခုနေငါဟာ အာဇီဝကတက္ကတွန်း, သာသနာပတက္ကတွန်းတိတ္ထိပဲဆိုပြီးတော့ ဒီကနေငါလှမ်းပြီးတော့ မထဘဲ မေးလိုက်ခဲ့သော် အဖဘုရားကိုယ်တော်မြတ်ကို မရိုမသေ မလေးမစားရာရောက်တယ်လို့၊ သူတော်ကောင်းများဟာ ဘုရားကိုရိုသေတဲ့နေရာမှာ ဘယ်လောက်ရိုသေတယ်ဆိုတဲ့ သဘောလေးတွေကို မှတ်သား စရာကောင်းတယ်။

http://www.dhammadownload.com



အဲဒါသတင်းစကား မေးချင်တာနဲ့ အာဇီဝကတက္ကတွန်း ပြောမဲ့သတင်းစကားကို ဒီကနေပြီးတော့ မလေးမစားအနေဖြင့် မမေးရဘူး၊ တက္ကတွန်းဆိုတာ ကြားကြတဲ့အတိုင်းပေါ့လေ၊ သာသနာပြင်ပနေပြီး ထင်သလိုလုပ်နေတဲ့ ပုဂ္ဂိုလ်တွေပဲ၊ အင်မတန်ယုတ်ညံ့တဲ့အမျိုးအစားတွေပါ။ ဒါပေမယ့် ရှင်မဟာကဿပကိုယ်တော်မြတ်က မရိုမသေမလေးမစား မမေးဘူး၊ ထိုင်ရာကနေ မထဘဲ မမေးဘူး၊ အကယ်တန္တု ငါထိုင်ရာက မထဘဲ မေးလိုက်ခဲ့သော် အဖဘုရားကိုယ်တော်မြတ်ကြီးကို မလေးမစားရောက်လိမ့်မယ်၊ မရိုသေရာ ရောက်လိမ့်မယ်၊ မမြတ်နိုးရာရောက်ချည်ရဲ့လို့ ကိုယ်တော်မြတ် ဒီကနေထတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ချီးမြှောက်တော်မူသော ချပ်ဝတ်တန်ဆာနှင့်တူတဲ့ ဒုကုဋ်သင်္ကန်းကြီး၊ ကိုယ်တော်မြတ်ချီးမြှင့်တော်မူတဲ့ ဒုကုဋ်သင်္ကန်းကြီးကို ကျကျနန ရုံပြီးတော့ လက်အုပ်ချီတယ်၊ ဘယ်လောက်များ အံ့သြစရာကောင်းလဲ၊ သူတော်ကောင်းများ လက်အုပ်ချီပြီးတော့ အနီးရောက်လာတဲ့ အာဇီဝကတက္ကဒွန်းကို မေးတယ်၊ အသင်အာဇီဝက ဘယ်ကလာသနည်း၊ ကုသိနာရုံပြည်က လာခဲ့တယ်၊ အသင် ငါတို့ဆရာ မြတ်စွာဘုရားကိုယ်တော်မြတ်ကို သင်သိလား၊ သင်တို့ဆရာဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ် ငါသိပါတယ်တဲ့၊ အဲဒီဂေါတမမြတ်စွာဘုရား ကိုယ်တော်မြတ်က ပရိနိဗ္ဗာန်စံလို့ ခုနစ်ရက်စေ့ပြီတဲ့၊ အဲဒီပူဇော်ပွဲမှာ ရွာမစဲတဲ့ မန္ဒာရဝနတ်ပန်းတဲ့၊ ငါထီးလုပ်ပြီး မိုးလာခဲ့တယ်လို့ အာဇီဝကတက္ကဒွန်းက ဖြေလိုက်တော့ -

အနီးအပါးမှာရှိတဲ့ ရဟန်းအပေါင်းငါးရာတို့က အကုန်ကြားတယ်၊ အဖဘုရားကိုယ်တော်မြတ်က ပရိနိဗ္ဗာန်စံပေါ့လို့ဆိုရင်ပဲ အဲဒီရဟန်းငါးရာထဲမှာ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်များ အပထားလို့ကျန်တဲ့ ပုထုဇဉ်တွေရော၊ သောတာပန်ပုဂ္ဂိုလ်တွေရော၊ သကဒါဂါမ်ပုဂ္ဂိုလ်တွေရောပေါ့၊ ရှိသမျှပုဂ္ဂိုလ်အပေါင်းတွေဟာ ထောက်ရာတည်ရာမရကြဘဲနဲ့ မြေကြီးလူးလိမ့်ပြီးတော့ ပူဆွေးကြ, ငိုကြွေးကြတယ်၊ ငိုပွဲကြီးခင်းကြတယ်၊ ရင်ပတ်စည်တီး ရှိုက်ကြီးတငင် ပင်ပန်းစွာ ငိုကြွေးကြတယ်လို့ ယူကြုံးမရဖြစ်ကြတယ်။ ရှင်မဟာကဿပကိုယ်တော်မြတ်ကလည်း တရားပြလို့ ဆုံးမတော်မူရှာတယ်၊ ယခုအခါမှာ ပူဆွေးသောက မရောက်ကြပါနဲ့တဲ့၊ ငါတို့အဖ မြတ်စွာဘုရားကိုယ်တော်မြတ်သည် လေးဆယ့်ငါးဝါပတ်လုံး ငါတို့အတွက် သုတ်, ဝိနည်း, အဘိဓမ္မာဆိုတဲ့ ဒေသနာတော်မြတ်တွေ ဆုံးမစာအမျိုးမျိုးတွေနဲ့ သွန်သင်ပြသ ဆုံးမဩဝါဒပေးခဲ့ပြီးဖြစ်တယ်။ ဒါကြောင့် ငါ့ရှင်တို့ ပရိဒေဝမီးတွေ တောက်လောင်ပြီးတော့ မနေကြနဲ့လို့ ဆုံးမတော်မူလို့ သက်သာခွင့်ရကြတယ်။

အဲဒီနေရာလေးမှာ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက ဆဠာဘိညာ ပဋိသမ္ဘိဒါပတ္တရဟန္တာတော်ပဲလို့၊ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတာကို သူမသိလို့ မေးသလား၊ သိလျက်သားနဲ့ မေးသလားတဲ့၊ စာအနေအရ တော်တော်စကားများတယ်နော်၊ မသိလို့ မေးသလား၊ သိလို့

http://www.dhammadownload.com



မေးသလားတဲ့၊ အဲဒါတချို့ကလည်းပဲ ရှင်မဟာကဿပကိုယ်တော်မြတ်က သိဟန်မတူပါဘူးတဲ့၊ ရဟန္တာများဟာ သိနိုင်တယ်ဆိုပြီးတော့ သတိက ပြဋ္ဌာန်းထားတာပါ၊ ဆင်ခြင်မှုတရားရှိမှ သိတာပါတဲ့။ ဒါကြောင့် မသိလို့ မေးတာတဲ့၊ တချို့ပုဂ္ဂိုလ်က ဒီလိုရေးတယ်၊ တချို့ပုဂ္ဂိုလ်က မဟုတ်ပါဘူးတဲ့၊ ရှင်မဟာကဿပကိုယ်တော်မြတ်က သမာပတ်ကို အမြဲမွေ့လျော်နေတဲ့ပုဂ္ဂိုလ်တဲ့၊ အားလပ်တဲ့အချိန်ရယ် မရှိပါဘူးတဲ့၊ ဒါကြောင့် အမှန်ကတော့ မသိလို့ မေးတာပါ၊ ဒီလိုလည်း ထင်ကြတယ်၊ တချို့ကလည်း ဒီလိုမဟုတ်ဘူးတဲ့၊ သိလျက်သားနဲ့ မေးတာတဲ့၊ ဘာဖြစ်လို့ သိလျက်သားနဲ့ မေးတုံးတဲ့၊ အာဇီဝက တက္ကတွန်းသိရင်လည်း စောစောစီးစီးက ကြိုတင်ပြီး ပြောပါလား၊ မဟုတ်ဘူးတဲ့၊ အကယ်တန္တု ဒီမှာ မမေးဘဲနဲ့ နေခဲ့သော် ကုသိနာရုံပြည်ရောက်ခါမှ နောက်ပါရဟန်းတော်ငါးရာတို့နဲ့ ဘွားခနဲရောက်သွားလို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဟိုကျတော့မှ ပရိနိဗ္ဗာန်စံယူလို့ ပက်ပင်းလာတွေ့ ပြီလားဆိုမှဖြင့် ငါ့နောက်က ရဟန္တာများတွေလည်း ပါတယ်၊ အနာဂါမ်တွေ လည်းပါတယ်၊ သကဒါဂါမ်တွေလည်း ပါတယ်၊ သောတာပန်တွေလည်း ပါတယ်၊ ပုထုဇဉ်တွေလည်း ပါတယ်၊ ကြီးလေးတဲ့ က္ကန္ဒြေတွေ ဆောင်နိုင်ကြတဲ့ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တဲ့၊ ကျန်တဲ့ပုဂ္ဂိုလ်တွေက က္ကန္ဒြေမဆောင်နိုင်ဘဲနဲ့ မိန်းမသားများလိုပဲ ရင်ဘတ်စည်တီး မြေကြီးလူးလိမ့် ရှိုက်ကြီးတငင် ပင်ပန်းစွာ ပူဆွေးငိုကြွေးကြတဲ့ အခါမှာ ပရိသတ်အရှေ့မှာ သမဏသာရုပ္ပ မဖြစ်ကြဘဲနဲ့ အရှက်တကွဲ အကျိုးနည်းဖွယ်ရာ ဖြစ်တယ်။ ပရိတ်သတ်အများရှေ့မှာနော်။

ဒါကြောင့် ကုသိနာရုံပြည်မကို ရောက်ခါမှ ပက်ပင်းလာပြီး အတွေ့မခံဘူး၊ လူသူမနီးတဲ့ တောကြီး, တောင်ကြီးထဲဆိုတော့ ပါဝါပြည်ဥယျာဉ်အတွင်းကနေပြီးတော့ အသိခံလိုက်လို့ရှိရင် ငါ့နောက်က ပါလာတဲ့ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်ဆိုတဲ့ ပုဂ္ဂိုလ်များသည် မည်သို့မည်မျှ ပရိဒေဝ တောက်လောင်စေကာမူ လူသူမမြင်ရပါသဖြင့် သမဏသာရုပ္ပ မသင့်လျော်သော အမူအရာ မဖွယ်ရာ မိန်းမသားများလို ရင်ဘတ်စည်တီး မြေကြီးလူးလိမ့် ရှိုက်ကြီးတငင် ပင်ပန်းစွာ ငိုကြွေး၍ ကဲ့ရဲ့ရှုတ်ချမည့် ပုဂ္ဂိုလ်မရှိကြဘူး။ ဒါကြောင့် ရှင်မဟာကဿပကိုယ်တော်မြတ်က သိပြီးသားပင် ဖြစ်သော်လည်း ဒီပါဝါပြည်ကနေပြီး ကြိုတင်ပြီးတော့ သိစေချင်တဲ့ဆန္ဒနဲ့ အာဇီဝကတက္ကဒွန်းကို မေးခြင်းဖြစ်တယ်။ ပြီးတော့မှ ရဟန်းတော်များအား ဆုံးမသင့်သလောက် ဆုံးမပြီးတဲ့အခါ နေကလည်း အေးလို့ တဖြည်းဖြည်းနဲ့ကျတဲ့အချိန် ဟိုကလည်း မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော်ကြီးကို အတောင်တစ်ရာ့နှစ်ဆယ်မြင့်တော်မူတဲ့ နံ့သာထင်းပုံပေါ်မှာ တင်ပြီးတော့ မလ္လာမင်းသားလေးယောက်တို့က မီးတိုက်ကြ, မီးရှို့ကြတယ်၊ မလ္လာမင်းသားလေးယောက်တို့ မီးရှို့ပေမယ့် မီးက မစွဲ၊ မီးက မလောင်ဘူး။ လောင်စာတွေနဲ့ လောင်တတ်တဲ့ ဆီဦးထောပတ်တွေနဲ့ လောင်းပြီး ရှို့ပေမယ့်

http://www.dhammadownload.com



မလောင်မစွဲဘူး၊ မလ္လာမင်းလေးယောက်တို့ မီးရှို့လို့ မစွဲတာ၊ မီးမစွဲတော့ နောက်တစ်ခါ မင်းသားရှစ်ယောက်သည် တစ်ညီတစ်ညွတ်တည်း ဇဝင်းထင်းပုံကြီးကို မီးရှို့ပါသော်လည်း မီးက မစွဲ၊ မလ္လာမင်းသားရှစ်ယောက်ရှို့လို့ မလောင်လို့ရှိရင် တစ်ဆယ့်ခြောက်ယောက်သော မလ္လာမင်းသား ရှို့ကြပြန်တယ်၊ မင်းသားတစ်ဆယ့်ခြောက်ယောက်က ဇဝင်းနံ့သာထင်းပုံကြီးကို မီးတိုက်ကြ၊ တိုက်တော့လည်း မီးက မစွဲဘူး၊ ဒီတော့မှ လက်မှိုင်ချပြီး ရှင်အနုရုဒ္ဓါကိုယ်တော်မြတ်ကို လျှောက်ထားကြတယ်။

အရှင်ဘုရား အကြောင်းအဘယ်ရှိပါသလဲလို့ မေးတော့၊ အကြောင်းကတော့ တခြားမဟုတ်ပါဘူး။ သင်တို့ မီးတိုက် တော့လောင်ဖို့ မဖြစ်နိုင်ပါဘူး၊ တခြားမဟုတ်ပါဘူး၊ သင်တို့ရဲ့အဖသည် သေလွန်ပြီးတော့ နတ်ပြည်သွားပြီး နတ်တွေဖြစ်ကြ၊ အဲဒီနတ်တွေက လူ့ပြည်မှာ နေစဉ်အခါတုန်းက တတိယသာဝကဖြစ်တဲ့ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးကို အထူးသဖြင့် ကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီနတ်တွေက သူတို့ကြည်ညိုလေးစားသော ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးသည် မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော်ကို မဖူးမြင်ရသမျှကာလပတ်လုံး မီးတိုက်သော်လည်း မလောင်ပါစေနဲ့ အဓိဋ္ဌာန်ထားလို့ မီးမလောင်ဘူးလို့၊ ဒီလိုမိန့်ကြားတော်မူတော့ ကောင်းပါပြီ၊ ဒါဖြင့် ရှင်မဟာကဿပကိုယ်တော်မြတ်က ဒီကြွလာဖို့ ခရီးစဉ်များ ရှိပါသလားဆိုတော့ ယခုအချိန်အခါမှာ ပါဝါပြည်က ကြွလာပြီ၊ ရှင်မဟာကဿပကိုယ်တော်မြတ်သည် နောက်ပါသံဃာတော် ငါးရာတို့နှင့် တကွ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ဖူးမျှော်ရအောင် ဆိုပြီးတော့ ပါဝါပြည်ဥယျာဉ်အတွင်းကနေ ထွက်လာပေ့ါ၊ ကြွလာပေ့ါလို့ ရှင်အနုရုဒ္ဓါကိုယ်တော်မြတ်က ဒီစကားပြောရင်ပဲ အားလုံးသော ကုသိနာရုံပြည်တွင်းမှာရှိကြတဲ့ ဒကာ, ဒကာမအများတို့ မမြင်တွေ့၊ မဖူးတွေ့ဘူးတဲ့ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးကို မကြည်ညိုဖူးတဲ့ပုဂ္ဂိုလ်တွေ၊ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက လက်စသတ်တော့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့အလောင်းတော်ကို ကိုယ်တော်တိုင် မဖူးရသေးသမျှကာလပတ်လုံး မီးမလောင်စေစတမ်းလို့ နတ်များအဓိဋ္ဌာန်တောင်ထားပေးရတဲ့ ကိုယ်တော်မြတ်ကြီးဟဲ့၊ တော်တော်လည်း အံ့ဖွယ်ကောင်းတယ်၊ တော်တော်လည်း တန်ခိုးဣဒ္ဓိပါဒ်ကြီးတဲ့ ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးဆိုတာ ဘယ်လိုနေပါလိမ့်၊ ဖြူဖြူလားဟဲ့၊ ညိုညိုလားဟဲ့၊ အရပ်နိမ့်နိမ့်လားဟဲ့၊ အရပ်ကရှည်ရှည်မြင့်မြင့်လားဟဲ့၊ ဘယ်လိုနေသလဲဟဲ့၊ မျက်လုံးမျက်ခုံးကောင်းသလားဟဲ့၊ လူများဆိုတာ မမြင်ဘူးရင် အထူးတလယ်အားဖြင့် တောင်တွေး၊ မြောက်တွေးသပေ့ါ။ အဲဒါနဲ့ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးကို ဖူးချင်တဲ့ အာသာဆန္ဒနဲ့ လာမဲ့လမ်းကို လမ်းပြင်တဲ့ ပုဂ္ဂိုလ်ပြင်လို့၊ လာမည့်လမ်းမှာ ကြိုဆိုတဲ့ပုဂ္ဂိုလ်တွေက ကြိုလို့၊ ရှင်မဟာကဿပကိုယ်တော်မြတ် ကြွတော်မူမည့် လမ်းကို မျှော်မှန်းပြီတော့ စောင့်နေတဲ့ ပရိသတ်တွေက ပြည့်ကျပ်နေတာပဲတဲ့၊ နှစ်ဘက်ဝဲ, ယာညှပ်

http://www.dhammadownload.com



ပြီးတော့ ရှင်မဟာကဿပကိုယ်တော်မြတ် ကြွလာတော်မူဆဲ, ကြွလာတော်မူဆဲနဲ့ စောင့်စားမျှော်လင့်နေတဲ့ ပရိသတ်ကြီးက အင်မတန်မှ များပြားလို့၊

ရှင်မဟာကဿပကိုယ်တော်မြတ်လည်း နောက်ပါသံဃာတော်ငါးရာတို့နှင့်တကွ ပါဝါပြည် ဥယျာဉ်အတွင်းကနေပြီးတော့၊ နေကအေးတဲ့အချိန်ရောက်တဲ့အခါကျတော့ တဖြည်းဖြည်းနဲ့ ကြွတော်မူလာတာ၊ အခု ကုသိနာရုံပြည်ထဲရောက်ပေါ့၊ ကုသိနာရုံပြည်နဲ့ နီးလာပေါ့၊ အဲဒါကြောင့် ကုသိနာရုံပြည်နီးတော့ တဖြည်းဖြည်းကြွလာတာ၊ ကုသိနာရုံပြည်ရောက်ပြီဆိုတော့ နာရီကလည်း စေ့နေပါသဖြင့် မနက်ဖြန်ခါကျမှ ဆက်ကြပါစို့။

နေရောင်က ရှိထားတော့ အာရုံက နည်းနည်းများတယ်၊ ဒီတော့ အာရုံမများအောင် ကိုယ့်သမာဓိကို ကိုယ်ယူပြီးတော့ တရားအပေါ်မှာ အာရုံစိုက်၊ မျက်စိကြည့်ပြန်တော့ တောင်ကြည့်ကြည့်၊ မြောက်ကြည့်ကြည့်၊ ညဆိုတော့ မှောင်နေတော့ ဘာမှမမြင်ရတော့ အာရုံက မများနိုင်ဘူး၊ နေခင်းကျတော့ အာရုံက များတယ်။ ကိုယ့်သမာဓိလည်း ကိုယ်ထိန်း၊ ဒီက ပြသွားတဲ့ သဘာဝလေးတွေ တစ်လုံးချင်း တစ်လုံးချင်းနဲ့ မိမိရင်တွင်းမှာ ပြတ်ပြတ်သားသားနဲ့ နားလည်လာအောင် မှတ်လည်း မှတ်ပေါ့။ ပရိနိဗ္ဗာန်စံခန်းဆိုတာကတော့ အဟောအပြောလည်း များကြပါတယ်၊ ဖတ်ဖူး ပြုဖူးလည်း ရှိကြပါတယ်၊ ဒါပေမယ့်လို့ ဖတ်ဖူးသားပဲ၊ တို့နာဖူးသားပဲဆိုပြီးတော့ မလေးမစားဘဲ မနေနဲ့၊ ဒီက လိုရင်းအချက်ကို ကောက်နုတ်ချက်ချပြီးတော့ ဘာကို တန်ဖိုးထားပြီး ပြတယ်ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း နားလည်လာအောင် သမာဓိလည်းကောင်းကောင်းထား၊ အာရုံစိုက်ကြပါ။ မနေ့တုန်းက ပြသွားတာကတော့ မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော်ကို အတောင်တစ်ရာ့နှစ်ဆယ်မြင့်တဲ့ နံ့သာထင်းပုံအထက်မှာ တင်ပြီးတော့ မလ္လာမင်းများဟာ ပထမတော့ လေးယောက်မီးတိုက်ကြ၊ မလောင်ဘူး။ နောက်တစ်ခါ လေးယောက်၊ ရှစ်ယောက်ဝိုင်းပြီးတော့ မီးရှို့ပြန်တော့ မီးမလောင်ပြန်ဘူး၊ မီးမစွဲဘူး။ ဒါနဲ့ ဆီဦး ထောပတ်ဆိုတဲ့ လောင်စာအမျိုးမျိုး ဝတ္ထုပစ္စည်းတွေ ထည့်သွင်းပြီးတော့ မီးရှို့တယ်၊ ရှို့လည်း မီးမစွဲပါဘူး။ နောက်ရှစ်ယောက်နဲ့ မရတော့ တစ်ဆယ့်ခြောက်ယောက်သော မလ္လာမင်းများကအသီးသီးပဲ မီးရှို့ကြပြန်တယ်၊ ဒါလည်း မီးမစွဲပါဘူး။ အကြောင်းထူးတော့ ရှိမှာပဲလို့ အကြီးအကဲဖြစ်တဲ့ ရှင်အနုရုဒ္ဓါကိုယ်တော်မြတ်ထံ လျှောက်ထားတယ်။

အရှင်ဘုရား မီးတိုက်တော့လည်း မီးက မစွဲဖြစ်နေပါတယ်၊ အကြောင်းဘယ်လိုထူးသလဲလို့ လျှောက်ထားလို့၊ ရှင်အနုရုဒ္ဓါကိုယ်တော်မြတ်က ပြန်ပြီးဟောမိန့်ကြားတယ်၊ တခြားကြောင့် မဟုတ်ဘူးတဲ့၊ သင်တို့ရဲ့အဖများဟာ လူ့လောကရှိစဉ်အခါတုန်းက တတိယအဂ္ဂသာဝကဖြစ်တော်မူတဲ့ အရှင်မဟာကဿပကိုယ်တော်မြတ်ကို အထူးသဖြင့် ကြည်ညိုတယ်။ အဲဒီလို အထူးသဖြင့် ကြည်ညို

http://www.dhammadownload.com



တဲ့ သင်တို့ရဲ့ အဖတော်များဟာ သေသည့်အခြားမဲ့ နတ်ပြည်မှာ နတ်သွားဖြစ်တော့ ထိုနတ်များက ငါတို့ကြည်ညိုတဲ့ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီး မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ အလောင်းတော်ကို နောက်ဆုံးအနေအားဖြင့် မဖူးမြင်ရသေးသမျှ ဘယ်လိုနည်းမှ မီးလောင်ခွင့်မပြုနိုင်ဘူးလို့ မီးမလောင်ပါစေသားလို့ အဓိဋ္ဌာန်ထားလို့ မီးမလောင်တာတဲ့၊ ရှင်မဟာကဿပကိုယ်တော်မြတ်လည်း မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဖူးမျှော်ရအောင် ဆိုပြီးတော့ ကြွလာတာ၊ နောက်ပါသံဃာတော်ငါးရာ တို့နှင့် အခုတော့ ပါဝါပြည်ဥယျာဉ်အတွင်း ရောက်နေတယ်၊ ရှင်အနုရုဒ္ဓါကိုယ်တော်မြတ်က ဒီလိုမိန့်ကြားရင်ပဲ သူသူငါငါ အားလုံးသိကြလို့၊ ရှင်မဟာကဿပကိုယ်တော်မြတ်ရဲ့ ဂုဏ်သတင်းစကားကို ကြားရတဲ့ပုဂ္ဂိုလ်အချို့ကလည်း ဖူးဘူးတယ်၊ မြင်ဖူးတယ်၊ တွေ့ဖူးတယ်၊ တချို့ကလည်း အခုမှပဲ ကြားဖူးတယ်လို့၊ အဲဒီလို ကြားဖူးတော့ ထူးထူးခြားခြားဖြစ်တယ်။

နတ်များတောင်ပဲ ကိုယ်တော်မြတ်ကြီးရဲ့အလိုလိုက်ရတယ်၊ ဘယ်လိုကိုယ်တော်ပါလိမ့်၊ ဘယ်လို တတိယအဂ္ဂသာဝက သားတော်ကြီးပါလိမ့်၊ ရှင်မဟာကဿပဆိုတာ ဖြူသလား၊ ညိုသလား၊ အရပ်ပဲ ရှည်သလား၊ အရပ်ပဲ ပုသလားလို့၊ ဘယ်လိုပုဂ္ဂိုလ်လဲလို့၊ အင်မတန်မြင်ချင် တွေ့ချင်တဲ့ပုဂ္ဂိုလ်တွေကလည်း အမျိုးမျိုးရှိတာပေါ့။ ဒါကြောင့် ရှင်မဟာကဿပကိုယ်တော်မြတ်က ပါဝါပြည်ကနေပြီးတော့ ကြွလာတယ် သတင်းကြားရင်ပဲ လမ်းပြင်တဲ့ပုဂ္ဂိုလ်က ပြင်လို့၊ လမ်းခင်းတဲ့ပုဂ္ဂိုလ်က ခင်းလို့၊ ပူဇော်ဖွယ်အမျိုးမျိုးတွေ ပြင်ဆင်တဲ့ပုဂ္ဂိုလ်က ပြင်ဆင်လို့ ခရီးဦးကြိုကြတယ်၊ မျှော်မှန်းကြတယ်၊ နောက်က သံဃာငါးရာနှင့်တကွ ကိုယ်တော်မြတ်ကြီး ဒီလမ်းက ကြွလိမ့်မယ်။ အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးကလည်း သရက်ဥယျာဉ်တွင်းမှာ နေခိုနေတယ်။ နေက အင်မတန်ပူပြင်းလို့ နေခိုနေတဲ့ အခိုက်အတန့်မှာပဲ အာဇီဝကတက္ကဒွန်းတစ်ယောက်က မြတ်စွာဘုရားကိုယ်တော်မြတ်ပရိနိဗ္ဗာန်စံတော်မူတဲ့ပွဲမှာ နတ်များရွာသွန်းတဲ့ မန္ဒာရဝနတ်ပန်းကြီး ထီးလုပ်ပြီး မိုးလို့ သူကလည်း ပါဝါပြည်အသွားလို့၊ ရှင်မဟာကဿပကိုယ်တော်မြတ်က ခပ်လှမ်းလှမ်းက မြင်ရင်ပဲ၊ ဟိုကလာတဲ့ အာဇီဝကတက္ကတွန်းဟာ သူနေပူကာလာတဲ့ မန္ဒာရဝနတ်ပန်းဟာ လူ့ပြည်မှာ အခါအခွင့်သင့်မှ ပေါ်တဲ့ ပန်းမျိုးဖြစ်တယ်၊ ကိုယ်တော်မြတ်ကလည်း စဉ်းစားတယ်၊ ဘာအကြောင်းကြောင့် ဒီပန်းကို ရခဲ့ပါလိမ့်၊ ဒီပန်း ဘာကြောင့် လူ့ပြည်မှာ ကျပါလိမ့်၊ အကြောင်းတွေ ရှာတယ်၊ တန်ခိုးဣဒ္ဓိပါဒ်ရှိတဲ့ပုဂ္ဂိုလ်များက ဖန်ဆင်းတယ်ဆိုရင်လည်း ကျတတ်တယ်၊ (သို့မဟုတ်) မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော် ပဋိသန္ဓေနေရင်လည်း ကျတတ်တယ်၊ ဖွားမြင်တော်မူတဲ့အခါလည်း ကျတတ်တယ်၊ (သို့မဟုတ်) ဘုရားအဖြစ်ရောက်တော်မူတဲ့အခါမှာလည်း ဒီပန်းမျိုးဟာ လူ့ပြည်ရောက်တတ်တယ်၊ (သို့မဟုတ်) ဓမ္မစကြာဟောတဲ့အခါမှာလည်း ဖြစ်တတ်တယ်၊ တန်ခိုးပြာဋိဟာပြတဲ့အခါမှာလည်း ဖြစ်တတ်တယ်၊

http://www.dhammadownload.com



ဒါမဟုတ်လို့ရှိရင် အာယုသင်္ခါရလွှတ်တော်မူတဲ့အခါမှာလည်း ရွာတတ်တယ်၊ ဒါမှမဟုတ် ပရိနိဗ္ဗာန် စံတော်မူတဲ့အခါမှာလည်း ကျတတ်တယ်။ ဒီအကြောင်းတွေကို လျှောက်ပြီးတော့ သေသေချာချာ စဉ်းစားဝေဖန် ကြည့်ပြန်တော့လည်း တန်ခိုးကြွဒ္ဓိပါဒ်ကြီးတဲ့နတ်များ ဖန်ဆင်းတာလည်း မဟုတ်ဘူး။ အလောင်းတော်မြတ် ပဋိသန္ဓေယူတယ် ဆိုတာလည်း လွန်ခဲ့ပြီ။ အလောင်းတော်မြတ် ဖွားတယ် ဆိုတာလည်း လွန်ခဲ့ပြီ။ အလောင်းတော်မြတ် ဘုရားအဖြစ်ရောက်တယ်ဆိုတာလည်း လွန်ခဲ့ပေါ့။ ဒါတွေ ထည့်သွင်းပြီး စဉ်းစားစရာ အကြောင်းမဟုတ်တော့ဘူး၊ ဓမ္မစကြာတရားဟောတဲ့အခါလည်း လွန်လာပေါ့၊ ရေမီးအစုံစုံ အဖုံဖုံသော တန်ခိုးပြာဋိဟာပြတာလည်း လွန်ခဲ့ပေါ့၊ အာယုသင်္ခါရ လွှတ်တာလည်း လွန်ခဲ့ပြီ၊ ဧကန္တ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတာနဲ့ တူလေရဲ့လို့၊ အာဇီဝကတက္ကဒွန်း အနီးအပါးသို့ ရောက်ရင်တော့ ငါမေးလေမှာပဲလို့၊ ဒီအတိုင်း ထိုင်ရာမထဲဘဲ ခရီးဦးမကြိုဘဲ မေးခဲ့သော် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို မရှိသေရာ မလေးစားရာ ရောက်တယ်လို့။ ဒါကြောင့် အာဇီဝကတက္ကဒွန်းပင် ဖြစ်လင့်ကစား သူပြောတဲ့ ဘုရားဂုဏ်သတင်း၊ ငါရိုသေခြင်းကင်းမဲ့လို့ မတော်ဘူးလို့ ဆိုပြီးတော့၊ မြတ်စွာဘုရားကိုယ်တော်မြတ်က ချီးမြှောက်တော်မူတဲ့ ဒုကုဋ်သင်္ကန်းကြီးများ ကျကျနနကန်တော့တင်ပြီးလို့ လက်အုပ်ပါချီ အနီးရောက်လာတဲ့ အာဇီဝက တက္ကဒွန်းကို မေးတယ်၊ အသင်အာဇီဝက ဘယ်က လာခဲ့သလဲ၊ ကုသိနာရုံပြည်က လာခဲ့တယ်၊ ငါတို့ရဲ့ ဆရာ ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်ကို သင်မြင်လူးသလား၊ သိပါတယ် ကြားပါတယ်။ အခုသင်တို့ရဲ့ဆရာ ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်က ပရိနိဗ္ဗာန်စံလို့ ခုနစ်ရက်မြောက်ရှိသွားပြီ၊ အဲဒီမှာ ရွာချတဲ့ မန္ဒာရဝနတ်ပန်း အကျွန်ုပ်ဆောင်းလာတာပဲလို့။

## သုဘဒ္ဒရဟန်းကြီးရဲ့စကားကိုကြားရခြင်းဖြင့် ရဟန်းများ သံဝေဂဖြစ်တော်မူခြင်း

ဒီလိုပြောတော့ နောက်ပါသံဃာတော်တွေ ပုထုဇဉ်တွေလည်းပါရဲ့၊ သောတာတွေပန်လည်း ပါရဲ့၊ သကဒါဂါမ်တွေလည်း ပါရဲ့၊ အနာဂါမ်တွေလည်း ပါရဲ့၊ ရဟန္တာတွေလည်း ပါရဲ့၊ ရဟန်းငါးရာ အထဲမှာ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များသာလျှင် မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်လားတော်မူပြီဆိုတဲ့အကြောင်းကို ကြားလိုက်သည်နှင့်တစ်ပြိုက်နက် ဓမ္မသံဝေဂယူပြီးတော့ သည်းခံတော်မူနိုင်ကြတယ်။ ပုထုဇဉ်ဖြစ်တဲ့ပုဂ္ဂိုလ်များ၊ သောတာပန်ဖြစ်တဲ့ပုဂ္ဂိုလ်များ၊ သကဒါဂါမ်ဖြစ်တဲ့ပုဂ္ဂိုလ်များ ကတော့ဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတယ်လို့ ကြားလိုက်ရင်ပဲ ထောက်ရာ, တည်ရာမရဘဲနဲ့ ရှိုက်ကြီးတငင် ပင်ပန်းစွာ ငိုကြွေးကြတယ်၊ မြေကြီးလူးလိမ့်ပြီး ငိုကြွေးကြတယ်၊

http://www.dhammadownload.com



ရှင်မဟာကဿပကိုယ်တော်မြတ်လည်း ဒီနေရာမှာ အဲဒီလို ငိုပွဲကြီးဆင်နေတဲ့အချိန်အခါမှာ အာတုမာပြည်က ပါလာတဲ့ သုဘဒ္ဒကတော့ကြီးမှ ရဟန်းဖြစ်တယ်၊ အဲဒီသုဘဒ္ဒရဟန်းကြီးက ငိုပွဲကြီးဆင်နေတဲ့ အလယ်မှာ ထပြီးတော့ ငါ့ရှင်တို့ မငိုကြွေးကြပါနဲ့၊ ဘာငိုစရာရှိသလဲ၊ အခုမှ ငါတို့သည် ဂေါတမ မြတ်စွာဘုရားကိုယ်တော် လက်တွင်းမှ လွတ်ကြတယ်၊ အခုမှ လွတ်လပ်ရေးရကြတယ်တဲ့၊ ဂေါတမ ရှိစဉ် အခါတုန်းက ငါတို့ကို ဖိစီးနှိပ်စက်လာခဲ့တယ်၊ ဘယ်ဒင်းမလုပ်ရဘူး၊ ဘယ်ဒင်းလုပ်ရမယ်၊ ဘယ်ဒင်းမကျင့်ရဘူး၊ ဘယ်ဒင်းကျင့်ရမယ်နဲ့ အမျိုးမျိုးသော ဥပဒေအရပ်ရပ်တွေ ထုတ်ပြီးတော့ ငါတို့ကို အမြဲတစေ နှိပ်စက်ညှဉ်းပန်းလာတာ၊ အခုတော့ ဂေါတမပရိနိဗ္ဗာန်စံတယ်ဆိုတော့ ငါတို့ လွတ်လပ်ရေး ရပြီ၊ ငါတို့ လုပ်ချင်ရင် လုပ်နိုင်တယ်၊ မလုပ်ချင်ရင် နေနိုင်တယ်၊ ငါတို့ကြိုက်ရင် လုပ်နိုင်တယ်၊ မကြိုက်ရင် မလုပ်နိုင်ဘူး၊ မလုပ်ချင်ရင်နေလို့ ရတယ်။ ဒါကြောင့် အခုမှ ငါတို့ ချမ်းသာရာရတယ်၊ သက်သာရာ ရတယ်၊ ငါ့ရှင်တို့ မငိုကြပါနဲ့။

ထိုအခါ အာတုမာပြည်သား သုဘဒ္ဒရဟန်းသည် "ငါ့ရှင်တို့ ပူဆွေးဒုက္ခရောက်၍ မနေကြကုန်လင့်၊ ငါတို့သည် ဂေါတမရဟန်း၏ ကြပ်တည်းလှသော ဥပဒေအတွင်းမှ လွတ်မြောက်ရလေပြီ" ဟု အားရဝမ်းသာစွာ ပြောလိုက်သည်ကို အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက ဘွားခနဲကြားလိုက်ရင် ဘယ်နှယ့်ဖြစ်ပါလိမ့်မလဲ၊ မိမိရဲ့အသည်းနှလုံးမှာ သံမှိုနဲ့ ရိုက်နှက်ဘိသကဲ့သို့၊ တစ်နည်း မိမိဦးထိပ်မှာ မိုးကြိုးသွားကျဘိသကဲ့သို့ ကိုယ်တော်မြတ် အထူးသဖြင့် တုန်လှုပ်ခြောက်ချားတော်မူတယ်။ ဒါကြောင့် စိတ်ထဲ ဘယ်လိုဖြစ်သလဲလို့၊ ငါတို့ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်သည် လူနတ်ဗြဟ္မာသတ္တဝါတို့ရဲ့ အကျိုးအစီးပွားများစေခြင်းအကျိုးငှာ လေးဆယ့်ငါးဝါ ကြာသမျှ ကာလပတ်လုံး ဓမ္မရေအေး အမြိုက်ဆေး တိုက်ကျွေးပြီး၊ အခု ပရိနိဗ္ဗာန်စံယူပြီးလို့ ရွှေစင်နဲ့တူသော အလောင်းတော်မြတ်မှာ မပျောက်သေးဘူး၊ မကွယ်သေးဘူးတဲ့၊ ကိုယ်တော်မြတ်ရဲ့ကျေးဇူးကို ချေဖျက်မည့်ပုဂ္ဂိုလ်၊ ကိုယ်တော်မြတ်ရဲ့ ဂုဏ်ကျေးဇူးကို ကဲ့ရဲ့သောစကားကို ဆိုမည့်ပုဂ္ဂိုလ်က ပေါ်လာပြီတဲ့၊ အတော်ကြီးပဲ သည်းခံရှာလေတယ်၊ အခုနေများ ဒီအာတုမာပြည်သား သုဘဒ္ဒရဟန်းကြီး ညစ်နွမ်းသော ပုဆိုးစုတ်ကို အဝတ်ခိုင်းပြီးတော့ ဦးခေါင်းပေါ်ပြာပုံ ဆံပင်ပြောင်အောင် နုတ်ပြီး လွှတ်လိုက်ရမယ်။ ဒီလိုများ လုပ်ပြန်တော့လည်း ဘယ်လိုဖြစ်မလဲလို့ အားလုံးသော လူများက ကဲ့ရဲ့လိမ့်မယ်။ ရှင်ဂေါတမ တပည့်တပန်းတွေ သူတို့ရဲ့ ဆရာဖြစ်တော်မူတဲ့ ဂေါတမပရိနိဗ္ဗာန်စံခါစ ရှိသေးတယ်၊ ငြင်းခုန်ပြီး ခိုက်ရန်ဖြစ်မှု၊ မသင့်တင့်မှုတွေ ပေါ်နေပြီပေါ့၊ ကြီးသူကငယ်သူကို နှိပ်စက်ဆိုတဲ့အတိုင်း သက်ကြီးဝါကြီးပုဂ္ဂိုလ်များ၊ ထေရ်ကြီးဝါကြီးဆိုတဲ့ပုဂ္ဂိုလ်များ ထေရ်ငယ်များကို နှိပ်စက်သလို ပြုလေခြင်းလို့၊ အဲသလို လူအများ ကဲ့ရဲ့စရာအကြောင်း ဖြစ်လိမ့်မယ်လို့ ကိုယ်တော်မြတ်ကြီး ဒီနေရာမှာ အထူးသဖြင့် မျိုသိပ်ပြီးတော့ သည်းခံရှာတော်မူတယ်။

http://www.dhammadownload.com



ဒါပေမယ့် ဒီကိစ္စကြီးက ဒီလိုနေလို့မဖြစ်ဘူးတဲ့၊ သုဘဒ္ဒရဟန်းတွေ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဂုဏ်ကျေးဇူးမထင်တဲ့ပုဂ္ဂိုလ်များ၊ အပြစ်မြင်တဲ့ပုဂ္ဂိုလ်များ၊ သူတို့တစ်တွေ အသင်းအပင်း ဖွဲ့စည်းလို့ အင်အားကြီးမားလာတဲ့ အချိန်ကျရင် မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ သာသနာကြီးက ပျက်စီးလိမ့်မယ်၊ ဒီအတိုင်းနေလို့တော့ မတော်ပေဘူး၊ တစ်ချိန်ချိန်ကျမှ ဒီပုဂ္ဂိုလ်တွေ မလွှမ်းမိုးခင်၊ ဒီပုဂ္ဂိုလ်မျိုးတွေ အင်အား မစုဆောင်းမီ၊ အင်အား မများခင် ကြိုတင်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ သုတ်, အဘိဓမ္မာ, ဝိနည်းဆိုတဲ့ သုံးပုံသော ပိဋကတ်တရားတွေ၊ သီတံကြိုးမရှိသောပန်းများလို ဖရိုဖရဲ ပြန့်ကျဲလွင့်ဘိသကဲ့သို့ အခုလည်း သုတ်, အဘိဓမ္မာ, ဝိနည်း ဆိုတဲ့ ဒေသနာတော်မြတ်တွေ၊ မြတ်စွာဘုရားကိုယ်တော်မြတ် အဆုံးအမတော်တွေ၊ ဒီတရားတွေကို သီတံတည်း ဟူသော ကြိုးသဖွယ်သီတဲ့ အဓိပ္ပာယ်အနေအားဖြင့် သင်္ဂါယနာတင်မှပဲ၊ ကိုယ်တော်မြတ် ဒီစဉ်အခါက စိတ်ထဲ အကြံဖြစ်တယ်၊ ဒါပေမယ့် နှုတ်တော်က ထုတ်ဖော်ပြီးတော့ ဘယ်ပုဂ္ဂိုလ်မှ မပြောကြားပါဘူး၊ ဝမ်းထဲတွင် မျိုသိပ်ပြီး သည်းခံရှာတယ်၊ ဒါနဲ့ နေရောင်ကလေး တော်တော်လေး အေးလာတဲ့ အချိန်ကျတော့ အရှင်မဟာကဿပကိုယ်တော်မြတ်က အဲဒီပါဝါပြည် ဥယျာဉ်ကြီးကနေ နောက်ပါ ရဟန်းသံဃာငါးရာနှင့်တကွ ကုသိနာရုံပြည်ကို ကြွလာတယ်၊ ကြွလာတော့ ဒီက ကုသိနာရုံပြည်သား လူအများကလည်းပဲ ကိုယ်တော်မြတ် ကြွလာတယ်ဆိုရင် ဝိုင်းပြီးတော့ဖူးကြကုန်တယ်၊ ကန်တော့ကြကုန်တယ်၊ ခရီးဦးကြိုကြကုန်တယ်။ အဲသလို ကုသိနာရုံပြည်မ ရောက်တဲ့အခါကျတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်အလောင်းတော်တင်ထားတဲ့ နေရာရောက်အောင် ကိုယ်တော်မြတ် ကြွလာပြီးတော့ လက်ယာရစ် သုံးပတ်လှည့်ပြီးတော့ ဖူးတော်မူတယ်၊ လက်ယာရစ် သုံးပတ်လှည့်ဖူးတဲ့ အခါကျတော့ စိတ်ထဲ ဘယ့်နှယ့်အောက်မေ့နေသလဲ၊ ကိုယ်တော်မြတ်ရဲ့မျက်နှာတော်မှ ငါမဖူးလိုက်ရ၊ ငါမရောက်ခင်ပဲ အဖဘုရားရှင်ကိုယ်တော်မြတ်သည် ပရိနိဗ္ဗာန်စံလေစွ၊ ဒါနဲ့ လက်ယာရစ် သုံးပတ်လှည့်ဖူးပြီးတဲ့အခါမှာ စိတ်ထဲမှာ စဉ်းစားတယ်။

ဒီဘက်ကတော့ အဖဘုရားကိုယ်တော်မြတ်ရဲ့ ဦးခေါင်းတော်တည်ရာအရပ်နဲ့ တူရဲ့၊ ဒီဘက်ကတော့ အဖဘုရားကိုယ်တော်မြတ်ရဲ့ အကန့်တစ်ထောင်ကိုဆောင်သောစက် (စက်မှာအကန့် တစ်ထောင်ရှိသည်၊ လက္ခဏာမှာ (၁၀၈)ကွက်ရှိသည်၊ စက်နှင့် လက္ခဏာမတူ) (၁၀၈)ကွက် လက္ခဏာနဲ့ ပြည့်စုံတော်မူသော ဖဝါးတော်တည်ရာအရပ်နဲ့တူရဲ့၊ အဲဒီဖဝါးတော်တည်ရာအရပ် ရောက်တဲ့အခါကျတော့ ကိုယ်တော်မြတ်ကြီးလည်း ဓမ္မသံဝေဂယူလို့၊ ငါတို့ရဲ့ ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဖဝါးတော်အစုံမှ ငါမဖူးလိုက်ရလေခြင်းလို့၊ ရင်ထဲမှာ မချမ်းမသာ ဖြစ်ပြီးတော့ ဖလသမာပတ် ဝင်စားတော်မူတယ်၊ ဖလသမာပတ်ဝင်စားပြီးတော့၊ အဖဘုရားကိုယ်တော်မြတ်ရဲ့

http://www.dhammadownload.com



အကန့်တစ်ထောင်ဆောင်သောစက် (၁၀၈)ကွက်လက္ခဏာနဲ့ ပြည့်စုံတော်မူတဲ့ ဖဝါးတော်အစုံတို့သည် ငါ၏ဦးခေါင်းအထက်၌ တည်ပါစေသားလို့ ဒီနေရာမှာအဓိဋ္ဌာန်ထားလို့၊ အဓိဋ္ဌာန်ထားပြီးသည်နှင့် တစ်ပြိုင်နက် ရစ်ပတ်ထားသော ဝါဂွမ်းဆိုင်၊ ရစ်ပတ်ထားသော ငါးရာသော ပုဆိုးတို့အစုံကြားမှာ နည်းနည်းလေးမှ ရွေ့လျားပျက်စီးခြင်းမရှိ၊ ထည့်သွင်းထားတဲ့ ရွှေသေတ္တာ ချို့ယွင်းချက် နည်းနည်းလေးမှမရှိ၊ အတောင်တစ်ရာ့နှစ်ဆယ်မြင့်တဲ့ နံ့သာထင်းပုံကြီး နည်းနည်းလေးမှ လှုပ်ရှားမှုမရှိဘဲနဲ့ မြတ်စွာဘုရားကိုယ်တော်မြတ် သက်တော်ထင်ရှားရှိဘိသကဲ့သို့ ပကတိသော ခြေတော်အစုံဟာ ထင်းပုံထဲက ကြွတော်မူလာတယ်။

ကြွတော်မူလာပြီးတော့ အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးရဲ့ ဦးခေါင်းတော်ပေါ်မှာ ကျတော်မူရှာတယ်၊ အာကာသကောင်းကင်က ရွှေလမင်းကြီး ထွက်ပေါ်လာသကဲ့သို့ ပတ်ဝန်းကျင်က ရဟန်းပရိသတ်၊ လူ့ပရိသတ်, တိုင်းသူပြည်သား လူအများတို့ကလည်းပဲ ထိုဖဝါးတော်အစုံနှစ်ဖက်သည် အရှင်မဟာကဿပကိုယ်တော်မြတ်ရဲ့ ဦးခေါင်းပေါ်သို့ ကြွလာတာကို မြင်တော့ ဝမ်းပန်းတသာနဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် အသက်တစ်ဖန် ပြန်၍ရှင်ဘိသကဲ့သို့ ဝမ်းပန်းတသာနဲ့ ဟစ်ကြ, အော်ကြ, ကြွေးကြော်ကြ, ရှိခိုးကြ, ပူဇော်ကြတယ်, သောင်းသောင်းဖျဖျပေါ့။ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးလည်းပဲ ဦးခေါင်းတော်မှာ တည်လာတော်မူတဲ့ အကန့်တစ်ထောင်ဆောင်သောစက်၊ (၁၀၈)ကွက်လက္ခဏာနဲ့ ပြည့်စုံသော ရွှေအဆင်းရှိတဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့ ဖဝါးတော်အစုံကို မိမိလက်နှစ်ဖက်ဖြင့် ဖမိုးဖမျက်ထိအောင်ပဲ ဖက်ပြီးတော့ ရှိခိုးရှာတယ်။ အဲသလို ရှိခိုးပြီးတဲ့နောက် မကြာမြင့်မီပဲ ဖဝါးတော်အစုံလည်း ပြန်ပြီးတော့ ကြွရှာတော်မူတယ်။ ပြန်ပြီးတော့ ကြွတဲ့အခါကျ ကြည့်ပြန်တော့လည်းပဲ အတောင် (၁၂၀)မြင့်တဲ့ နံ့သာထင်းပုံလည်း ချို့ယွင်းခြင်း မရှိဘူး၊ ဖြည့်သွင်းထားတဲ့ ရွှေစင်အတိပြီးတဲ့ ရွှေသေတ္တာကြီးလည်း ချို့ယွင်းခြင်းမရှိဘူး။ အထပ်ထပ်ပတ်ထားတဲ့ ဝါးဂွမ်းနဲ့တကွ ကမ္ဗလာပုဆိုးသည်လည်းပဲ ချို့ယွင်းခြင်းမရှိ၊ ပကတိတည်မြဲသည့်အတိုင်း တည်မြဲနေတယ်။ အဲသလို ဖဝါးတော်အစုံပြန်ပြီးတော့ ထင်းပုံထဲ ပြန်ကြွပြန်တော့ ပရိသတ်တွေ ဘယ်လိုဖြစ်သလဲလို့၊ ဒီအခါကျခါမှ အားလုံးသော ပုထုဇဉ်သားမှန်မှန်သမျှ လူရော ရဟန်းပါ ဆိုသလိုပဲ ယူကြုံးမရ၊ ပူဆွေးဒုက္ခ ရောက်ကြပြန်တယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်စောစောက ပရိနိဗ္ဗာန်စံတော်မူတာထက် ပိုပြီးတော့ ဆိုးဝါးရှာတယ်၊ ဖဝါးတော်အစုံ ကြွလာစဉ်အခါတုန်းက မြတ်စွာဘုရားကိုယ်တော်မြတ် သက်တော်တစ်ဖန် ပြန်ပြီးရှင်သလိုပဲ အားပါးတရရှိကြတဲ့ ပုဂ္ဂိုလ်အပေါင်းဟာ အခု ဖဝါးတော်အစုံ ကွယ်ပျောက်သွားပြန်တော့ ဘယ့်နှယ့်ဖြစ်ပါလိမ့်၊ ဒီမှာ ပိုပြီးတော့ ဆိုးဝါးရှာတယ်၊ ရင်ပတ်စည်တီး မြေကြီးလူးလိမ့် ရှိုက်ကြီးတငင် ပင်ပန်းစွာ ငိုကြွေးကြတယ်၊ ဒီမှ လူအများသည် အထူးသဖြင့် သနားဖွယ်ကောင်း၏။

http://www.dhammadownload.com



အဲသလို ဖဝါးတော်အစုံလည်းပဲ ထင်းပုံထဲပြန်ပြီးတော့ ကျိန်းစက်သည်နှင့်တစ်ပြိုင်နက် မည်သူတစ်ဦးတစ်စုံတစ်ယောက်မှ ဤထင်းပုံကို မီးမတိုက်ရဘဲနဲ့ အလောင်းတော်တည်ရာဌာန အမြင့်ကစပြီးတော့ အလိုလိုမီးထတောက်တယ်၊ အမြင့်ကနေစပြီးတော့ တစ်စတစ်စလောင်ကျွမ်းလာလို့ မြေကြီးထဲ ရောက်ကရော၊ ကောင်းကင်ကနေပြီးတော့ အလိုလို ရေများကို ပက်ဖျန်းသလို မိုးပေါက်တွေကျလာပြီး မီးကို ငြိမ်းစေတယ်၊ အင်မတန်လည်း အံ့ဖွယ်ကောင်းတယ်၊ အလိုလို ရေထွက်လာတယ်၊ အနီးအနားပတ်ဝန်းကျင်ရှိတဲ့ အင်ကြင်းပင်အစုံအစုံကြားကလည်း ရေပန်းတွေ ထွက်လာတယ်၊ မြေကြီးကလည်း ရေပန်းတွေထွက်လာတယ်၊ အဲဒီတေဇောဓာတ်လောင်တဲ့ မီးပုံကြီးကို ၎င်းရေစင်ရေအေးတို့ဖြင့် ဖျန်းပက်လို့ လုံးဝငြိမ်းရှာတယ်။ အဲသလိုငြိမ်းတဲ့အခါမှာ အားလုံးသော မလ္လာမင်းသားတွေ စုပေါင်းပြီးတော့ ဖယ်ရှားပြီး မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဓာတ်တော်ကို ကောက်ယူကြတယ်၊ ရတနာပန်းတောင်းနဲ့ စုပေါင်းပြီးထည့်ကြတယ်၊ ဓာတ်တော်တွေ စုထည့်တော့ ဓာတ်တော်က ဘယ်လိုဖြစ်သလဲလို့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ခန္ဓပဥ္စကဒြပ်တော်က ကျလာတဲ့ဓာတ်တော်၊ အသားတော်, အသွေးတော်, အရေတော်, ဆံတော်, အံတော်, အစရှိတဲ့ ခန္ဓပဥ္စကဒြပ်လုံးမှာရှိတဲ့ အကုန်လုံးစုပေါင်းပြီးတော့ သမ္ဘိန္နဓာတ်၊ အသမ္ဘိန္နဓာတ်လို့ နှစ်မျိုးနှစ်စားအားဖြင့် ခွဲခြားပြီးတော့ ဖြစ်ပေါ်လာတယ်။

သမ္ဘိန္နဓာတ်ဆိုတာ ဖရိုဖရဲ အမျိုးမျိုး ကွဲကွဲပြားပြား ခြားခြားနားနား ဖြစ်လာတဲ့ဓာတ်ကို ခေါ်တယ်၊ အသမ္ဘိန္နဓာတ်ဆိုတာ မပြိုမကွဲ ပကတိအနေအားဖြင့် ရှိနေတာ အသမ္ဘိန္နဓာတ်လို့ ခေါ်တယ်၊ အဲဒီအသမ္ဘိန္နဓာတ်က မပြိုမကွဲဘဲနဲ့ ပကတိအတိုင်းနေတာက ဘယ်ဓာတ်တော်လဲဆိုတော့ စွယ်တော်လေးဆူရယ်၊ ညှပ်ရိုးတော် အစုံရယ်၊ ပြီးတော့ နဖူးသင်းကျစ်တော်ရယ် ဘယ်နှစ်ခုရှိသွားပြီလဲ (ခုနစ်ခုရှိသွားပါပြီဆရာ)၊ အေး . . . ခုနစ်ခုမှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘာတွေလဲ (စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်အစုံရယ်၊ နဖူးသင်းကျစ်တော်ပါဆရာ)၊ စွယ်တော်လေးဆူနော် (မှန်ပါတယ်ဆရာ)၊ ညှပ်ရိုးတော်နှစ်ဆူနော် (မှန်ပါတယ်ဆရာ)၊ သင်းကျစ်တော်တစ်ခုရယ် (မှန်ပါတယ်ဆရာ)၊ နားလည်ပြီးလား (နားလည်ပါတယ်ဆရာ)၊ တို့မြတ်စွာဘုရားကိုယ်တော်မြတ်က လူသာမန်ပုဂ္ဂိုလ်လို မဟုတ်ဘူး၊ နဖူးသင်းကျစ်တော်ဆိုတာ ရှိသေးတယ်နော် (မှန်ပါတယ်ဆရာ)၊ ရုပ်တုတော်ကို ကြည့်လိုက်တဲ့အခါကျတော့ နဖူးမှာ နဖူးစည်းလေးတွေ ပေါ်နေတာကို မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ အေး . . . တို့မြတ်စွာဘုရားကိုယ်တော်မြတ်လည်း အဲဒါပကတိအားဖြင့် ပေါ်လာတဲ့ဓာတ်ခေါ်တယ်၊ အဲဒီစွယ်တော်လေးဆူကလည်း ပကတိအတိုင်း၊ ညှပ်ရိုးတော်နှစ်ဆူကလည်း ပကတိအတိုင်း၊ သင်းကျစ်တော်ကလည်း ပကတိအတိုင်း ခုနစ်ဆူမနေဘူးလား (ခုနစ်ဆူပါဆရာ)၊ အေး . . . အဲဒါ အသမ္ဘိန္နဓာတ်၊

http://www.dhammadownload.com



မပြိုကွဲကောင်းသော စာတ်ခေါ်တယ်၊ မပျက်စီးကောင်းသောဓာတ်တဲ့၊ ပကတိအတိုင်း ရှိရမယ်နော် (မှန်ပါတယ်ဆရာ)၊

သမ္ဘိန္နဓာတ်တွေက အဲဒီခုနစ်ဆူက လွဲရင် ကိုယ်တော်မြတ်တစ်ကိုယ်လုံးမှာ ရှိသမျှ အသားတော်၊ အသွေးတော်၊ အရိုးတော်၊ ဆံတော်၊ အံတော်မှစ၍ပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ဒါတွေကတော့ ဘာဖြစ်သွားသလဲဆိုတော့ ဓာတုဝိကရဏ-ဓာတ်တော်အသီးသီးဖြစ်ပြီးတော့ ကွဲသွားတယ်၊ သုံးမျိုးသုံးစား ခွဲထွက်တယ်၊ အကြီးဆုံးက ပဲနောက်စေ့ပမာဏ၊ အလတ်စားကတော့ ဆန်ကျိုးပမာဏ၊ အငယ်စားကတော့ မုန်ညှင်းစေ့ပမာဏလို့ သုံးမျိုးသုံးစား မနေဘူးလား (သုံးမျိုးပါဆရာ)၊ အဲဒီသုံးမျိုးသုံးစားအားဖြင့် ပြန့်ကြပြီးထွက်လို့

"မဟန္တာ မုဂ္ဂမတ္တာ စ၊ မဇ္ဈိမာ စ ဘိန္နတဏ္ဍုလာ။

ခုဒ္ဒကာ သာသပမတ္တာ၊ နာနာဝဏ္ဏာ စ ဓာတုယော"။ (ဗုဒ္ဓဝံသ၊ ၃၄၈ - နှာ)

လို့ အကြီးဆုံးသောဓာတ်တော်သည် ပဲနောက်စေ့ခန့်မျှ ပမာဏရှိ၏၊ အလတ်စားဓာတ်တော်သည် ထက်ဝက်ဆန်ကျိုးစေ့ (ဆန်ကွဲ) ပမာဏရှိ၏၊ အငယ်ဆုံး ဓာတ်တော်သည် မုန်ညှင်းစေ့ ပမာဏ ရှိ၏နော် (မှန်ပါတယ်ဆရာ)၊ ရွှေအဆင်းတဲ့၊ ပုလဲအဆင်းတဲ့၊ ခရားအဆင်းတဲ့၊ အဆင်းလည်း သုံးမျိုးသုံးစား ရှိတယ်၊ အေး . . . ကျန်သမျှ ခန္ဓာတော်အစိတ်အပိုင်းက ရှိသမျှ အသားတော်၊ အသွေးတော်၊ အရိုးတော်တွေ မှန်သမျှကတော့ အဲဒီသုံးမျိုးသုံးစားသောဓာတ်တွေ ဖြစ်သလိုကွနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သမ္ဘိန္နဓာတ်ပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ အသီးသီးပြိုကွဲကြတယ်တဲ့၊ အစိတ်စိတ်အမွှာမွှာဖြစ်ကြတယ်တဲ့၊ အသမ္ဘိန္နဓာတ်က ဘယ်နှစ်ဆူလဲ (ခုနစ်ဆူပါဆရာ)၊ ဘယ်ဟာတွေလဲ (စွယ်တော်လေးဆူရယ်၊ ညှပ်ရိုးတော်နှစ်ဆူရယ်၊ နဖူးသင်းကျစ်တော်ရယ်ပါဆရာ)၊ အေး . . . သင်းကျစ်တော် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ခုနစ်ဆူမနေဘူးလား (ခုနစ်ဆူပါဆရာ)၊ အေး . . . အဲဒါနဲ့ စကားစပ်လို့ ပြောလိုက်ရဦးမယ်။

ငါ ပထမဆုံးနေ့ မျက်စိရောဂါကုရအောင် သွားတော့ ရန်ကုန်ကမ္ဘာအေးမှာ တရုတ်ပြည်က ပင့်လာတဲ့ အံတော်ကြားလိုက်သေးလား (မကြားမိပါဘူးဆရာ)၊ မကြားတာ ကောင်းပါတယ်ကွာ၊ နို့မို့ရင် မင်းကြားရင် စကားပြောရှည်နေမယ်၊ အဲဒီအံတော်ဆိုတာ ပင့်လာတယ်၊ တို့မြန်မာပြည်အစိုးရ ဖဆပလ ပင့်လာတာပေါ့ကွယ်၊ အမြတ်တနိုး ကိုးကွယ်ကြရအောင်၊ ဖူးမျှော်ကြရအောင် ဆိုပြီး ပင့်လာတယ်၊ အဲဒီအံတော်ထားတဲ့ ကျောင်းဆောင်စေတီတော်က ရွှေအချိန်အားဖြင့် ပိဿာချိန် (၃၀) လောက်ရှိတယ်၊ ရွှေတုံးကြီးပါပဲကွာ၊ မွမ်းမံထားလိုက်တာ၊ တကယ်လည်း တန်ဖိုးကြီးပါတယ်။ အဲဒါ အစိုးရများ တာဝန်ခံနဲ့ ပင့်လာပြီးတော့ တို့ကမ္ဘာအေးသိမ်ကျောင်းတော်ကြီးပေါ်မှာ တင်ပြီးတော့

http://www.dhammadownload.com



အဝေးကြီးကလာတဲ့ ပရိသတ်တွေ အပူဇော်ခံပြီးတော့နေတယ်။ ဒါနဲ့ တို့များလည်း မျက်စိရောဂါကုသလို့ တော်တော်လေးချမ်းသာမှုရသွားတော့ ပခုက္ကူပြန်ကြပါစို့ရဲ့၊ တို့ဆရာတပည့်တွေ၊ ဒါပေမယ့် တို့ပြန်ကာခါနီးမှာ တို့ဆရာတော်ဘုရားကြီး သွားကန်တော့ကြဦးစို့ရဲ့ဆိုပြီးတော့ ဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ ကျောင်းကြီးပေါ် တို့သွားကြတယ်၊ တို့အရှေ့တိုက်ဆရာတော်ဘုရားကြီးများဆီ ရောက်တဲ့အခါကျတော့ ရှိခိုးကန်တော့မယ်၊ ဆရာတော်ဘုရားကြီးကလည်း ရောဂါအခြေအနေကို မေးလို့ ပြန်မဲ့အကြောင်းလည်း လျှောက်ထားလို့၊ အေး . . . တို့များလည်း မင်းတို့နဲ့မဝေးလှဘူး၊ တစ်သီတင်းလောက်ပဲ ကြာမယ်၊ တို့လည်း ပြန်မလို့ပဲ၊ ဒါနဲ့ မင်းတို့အံတော်ကို ဖူးပြီးပြီလားတဲ့၊ (မဖူးရသေးပါဘူးဘုရား)၊ အေး . . . သွားဖူးကြ၊ တရုတ်ပြည်က ပင့်လာတာ၊ လူကလည်း အားကြီးပဲဟေ့၊ တော်တော်လည်း စည်တယ်ဟ၊ အဲဒါနဲ့ စကားစပ်မိလို့ ပြောတယ်။ နေပါဦးကွ တို့ဘုရား ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတဲ့အခန်းမှာ သမ္ဘိန္နဓာတ်၊ အသမ္ဘိန္နဓာတ် နှစ်မျိုးနှစ်စား ခွဲတော့ မပြိုမကွဲတစ်ခဲနက် ပကတိအနေအားဖြင့်တည်တဲ့ အသမ္ဘိန္နဓာတ်က ဘယ်နှစ်မျိုးတုံးကွ (ခုနစ်မျိုးပါဘုရား)၊ ခုနစ်ဆူရှိပါတယ်၊ အေး . . . စွယ်တော်လေးဆူရယ်၊ ညှပ်ရိုးတော်နှစ်ဆူရယ်၊ သင်းကျစ်တော်တစ်ဆူရယ် ဒါပဲမဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

အေးကွာ . . . အဲဒါ အခု အံတော်တစ်ဆူပေါ်နေတယ်တဲ့၊ အခု သူတို့က အံတော် တစ်ဆူပေါ်နေပြန်ပြီ၊ ဘုရားအံတော်ဆိုပြီးတော့ လာပြန်တယ်ကွ၊ ကျမ်းဂန်လာတာ အသမ္ဘိန္နဓာတ်က ခုနစ်ဆူ၊ အခု သူတို့ တရုတ်ပြည်က ပင့်လာတာဆိုတော့ ရှစ်ဆူဖြစ်မနေဘူးလားဟ၊ မှန်ပါတယ်ဘုရား အခုနေဆို ရှစ်ဆူဖြစ်နေတာပေါ့လို့၊ အံတော်က ပကတိအံအတိုင်းကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အင်မတန်အံ့သြစရာတော့ ကောင်းသားပဲ၊ ဘာအံတော်လဲလို့ တို့လည်း မပြောတတ်ဘူး၊ ဒါပေမယ့် ကျမ်းဂန်လာတာ ခုနက ပြောတဲ့ ပကတိအားဖြင့် တည်နေတာ ခုနစ်ဆူပဲ၊ ညှပ်ရိုးတော် နှစ်ဆူရယ်နော် (မှန်ပါတယ်ဆရာ)၊ စွယ်တော်လေးဆူရယ်၊ သင်းကျစ်တော်ရယ် ခုနစ်ဆူနော် (မှန်ပါတယ်ဆရာ)၊ အဲဒါအပြင် အံတော်ဆိုပြန်တော့ ရှိတယ်လို့ ခေါ်ရမှာလည်း ခပ်ခက်ခက်နော် (မှန်ပါတယ်ဆရာ)၊ မရှိဘူးလို့ ပြောပြန်လည်းပဲ အခု ၎င်းပုဂ္ဂိုလ်များ ကိုးကွယ်ဆည်းကပ်နေတဲ့ သဒ္ဓါတရားပျက်ပြားစေတတ်တဲ့ သတ္တိရှိတယ်။ ဒါကြောင့် အရှေ့ဘက် ဆရာတော်ဘုရားကြီးက တယ်ပါးတယ်၊ ဆန့်ကျင် ဘက်အလုပ်ဘယ်တော့မှ မလုပ်ဘူး၊ လူအများမကြိုက်တဲ့အလုပ်လည်း ဘယ်တော့မှ မပြောဘူးနော် (မှန်ပါတယ်ဆရာ)၊ မပြောဘူး။

ဒီတော့တို့ အဲဒါပြောပြီးတော့ ဘာပြောလဲဆိုတော့ အေး . . . သွားဖူးကြ၊ သွားဖူးကြ၊ ကြုံလည်းကြုံခဲ့တယ်၊ တွေ့လည်း တွေ့ခဲ့တယ်။ ဒါပေမယ့် ခုနပြောသလို ကျမ်းဂန်လာတာက အသမ္ဘိန္န

http://www.dhammadownload.com



ခေတ်က ခုနစ်ဆူကွာတဲ့၊ အခုတော့ အံတော်တစ်ခုထည့်တော့ ရှစ်ဆူဖြစ်တာပေါ့ကွာ။ ဒါပေမယ့် သူများအံတော်ဆိုရင် တော်လိုက်ပေါ့ကွာတဲ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ အရှေ့တိုက် ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူတဲ့စကားပေါ့၊ သူများအံတော်ဆိုလည်း တော်လိုက်ပေါ့ကွာ။ အဲဒါ တို့များလည်း သေသေချာချာသွားပြီးတော့ ဖူးလို့၊ ဘုရားအံတော်ဟူသော အမှတ်နဲ့ ဖူးခဲ့ပါတယ်၊ တော်တော်လည်း ထူးခြားပါတယ်။ အရောင်အသွေးက ဆင်စွယ်ပမာဏ၊ တော်တော်လေး သပ်သပ်ရပ်ရပ်ရှိတယ်၊ ဒီလိုအံတော်မျိုးတော့ ထူးထူးခြားခြားမြင်ရဖို့လည်း ခဲယဉ်းပါတယ်။ ဘာအံတော်ရယ်သာမပြောသာ ရှိရမယ်၊ ထူးတော့ ထူးတဲ့အံတော်ပဲလို့၊ တို့များလည်း သေသေချာချာ ဖူးခဲ့ပါတယ်၊ သူတို့အံတော် ကိုးကွယ်ဆည်းကပ်တဲ့ တို့တရုတ်ပြည်ကြီးက ပုဂ္ဂိုလ်များလည်း တော်တော်ကြီးပဲ ကြည်ညိုဟန်တူပါ တယ်၊ ပိဿာချိန် (၃၀)ရှိတဲ့ရွှေတုံးနဲ့ မွမ်းမံထားတာကိုးကွနော် (မှန်ပါတယ်ဆရာ) တော်တော်လည်းပဲ တန်ဖိုးလည်းရှိပါတယ်၊ အဲဒါအခု သမ္ဗိန္နခေတ်, အသမ္ဗိန္နခေတ်၊ မြတ်စွာဘုရား ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံလို့ တေဇောခေတ်လောင်တော်မူတဲ့အခန်းနဲ့ ပတ်သက်ပြီးတော့ စကားစပ်မိလို့ ပြောခြင်းပါ၊ ဘယ်လိုမှလည်း စွပ်စွဲခြင်းမဟုတ်ပါဘူး။

ဒါကြောင့် ပညာရှိများ သုံးနှုန်းတဲ့စာသည် အင်မတန်မှ မှတ်သားလောက်ပါ၏၊ သူများအံတော်ဆိုလည်း အံတော်လိုက်ပေါ့၊ ဆန့်ကျင်ဘက်စကားကို မပြောတာက ကောင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ အပြစ်ဆိုတာ ရှာရင် တွေ့စတမ်းပေါ့ကွယ်၊ အပြစ်ရှာလို့ တွေ့တိုင်းသာ အပြစ်တင်နေကြမယ်ဆိုရင်တော့ ဆုံးစရာအကြောင်းမရှိပါဘူးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒါ့ကြောင့် တို့ဘုရားကိုယ်တော်မြတ် ဟောထားတဲ့ဒေသနာလည်းပဲ သူများအပြစ်ကိုမရှုနဲ့တဲ့ (ဓမ္မပဒ၊ ၅၀-နှာ။ ဓမ္မပဒ၊ ၄၊၂၊ ၂၃၉-နှာ) ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ သူများအပြစ်ကို မရှုနဲ့တဲ့၊ ကိုယ့်အပြစ်ကို ရှုတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူကတော့ ဘာလုပ်နေတယ်၊ ဘယ်လိုမကောင်းတာတွေ ဘာလုပ်နေတယ်၊ ဘယ်လိုအကျင့်တွေ ကျင့်နေတယ်၊ သူတစ်ပါးရဲ့အပြစ်ကိုသာ ရှုပြီးတော့ အမျိုးမျိုး သတင်းစကားကို ပြောကြားနေတယ်။ ကိုယ့်အပြစ်ကိုတော့ နင်ဘယ်လိုနေသလဲ၊ နင်ကောင်းတာ ကျင့်ရဲ့လား၊ နင်မှန်တာလုပ်ရဲ့လားလို့ ကိုယ့်အပြစ် ကိုယ်ပြန်ပြီးတော့ ရှုတဲ့လူက အင်မတန် ရှားတာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ မရှားဘူးလား (ရှားပါတယ်ဆရာ)၊ ဒါ့ကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်က သူများအပြစ်ကို မရှုနဲ့တဲ့၊ ကိုယ့်အပြစ်ကို ရှုတဲ့၊ ကိုယ်တော်မြတ်က ဆုံးမတော်မူတဲ့ စကား အရပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သူတော်ကောင်း ပညာရှိများကတော့ သူများအပြစ်ဆိုရင် ဘယ်တော့မှ မရှုဘူးကွ၊ ဆုံးမပါလို့ အဆုံးအမခံသာရင်သာ ဆုံးမကြပါတယ်နော် (မှန်ပါတယ်ဆရာ)၊ သူများအပြစ်ကိုချည်း ဝေဖန်ပြီးတော့ လုပ်နေတဲ့၊ ပြောနေတဲ့ ဆိုနေတဲ့၊ စဉ်းစားနေတဲ့

http://www.dhammadownload.com



အလုပ်များကို ပညာရှိသူတော်ကောင်းများ ဘယ်တော့မှ မလုပ်ဘူး၊ ပညာရှိသူတော်ကောင်းတွေရဲ့ ထုံးတမ်းတံထွာ ဓမ္မတာတဲ့၊ ကိုယ့်အပြစ်သာ ကိုယ်ရှုတယ်၊ ငါကောင်းစွာ ကျင့်ရဲ့လား၊ ငါကောင်းစွာ ကျင့်ကြံပွားများ အားထုတ်အလုပ်လုပ်ရဲ့လား၊ ငါကောင်းတာ မှန်တာတွေ လုပ်ရဲ့လား၊ ငါမကောင်းတာတွေ ကျင့်ကြံပွားများ အားထုတ်နေသလားလို့ ကိုယ့်ကိုကိုယ်သာလျှင် အမြဲတစေ အပြစ်ကို ရှုတတ်တယ်တဲ့၊ ဟုတ်ပြီးလား (မှန်ပါတယ်ဆရာ)။

ကိုယ့်ကိုကိုယ် အပြစ်ရှုမှ အပြစ်တွေ့တယ်၊ ဒီအပြစ်ကို ဖြေဖျောက်ပြီးတော့ ပြင်ဆင်သွားမယ် ဆိုရင် ကောင်းကျိုးချမ်းသာ မရဘူးလားကွယ် (ရပါတယ်ဆရာ)၊ သူတစ်ပါးအပြစ်ကို ရှုပြီးတော့ ကိုယ့်မှာ ကောင်းကျိုးချမ်းသာ ရရဲ့လား (မရပါဘူးဆရာ)၊ ဘယ်တော့မှ မရဘူး၊ တရားနဲ့ပတ်သက်လို့လည်း ထိုနည်းအတိုင်းပဲလို့၊ တစ်ပါးသောပုဂ္ဂိုလ်ရဲ့အလုပ်ကို ဘယ်တော့မှ အပြစ်ရှုမနေပါနဲ့၊ ကိုယ့်ကိုကိုယ် တရားရရာရကြောင်း ကြိုးစားအားထုတ်ပါလို့၊ ငါတရားရပြီလား၊ သာသနာတော်ကြီးနဲ့ တွေ့တဲ့ ကြုံတဲ့အခါမှာ သင့်မှာ သံသရာထောက်ရာတည်ရာ ရပြီးလား၊ သံသရာထောက်ရာတည်ရာ ရလောက်အောင် သင်ကြိုးစားအားထုတ် အလုပ်လုပ်ရဲ့လား၊ ကိုယ့်ကိုကိုယ် စစ်တမ်းထုတ်ရမယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါသူတော်ကောင်းပညာရှိတို့ရဲ့ ထုံးတမ်းစဉ်လာ ဓမ္မတာပါပဲ။ အေး . . . ဒါကြောင့် သူတထူးရဲ့အပြစ်ကိုတော့ဖြင့် မှုံနုတ်သလို တဖွားဖွားနဲ့ ရှာပြီးတော့ အမြဲတစေ ပြောဆိုနေတယ်ဆိုတဲ့ ပုဂ္ဂိုလ်များဟာ ဘုရားကိုယ်တော်မြတ် ဆုံးမတဲ့စကားကို နားမထောင်ရာ ရောက်ပါတယ်။

အကျိုးအပြစ်ဝေဖန်ပြန်တော့လည်း သူတစ်ပါးကိုသာလျှင် အမြဲတမ်းအပြစ်တွေ ရှာနေတယ်၊ ကိုယ့်အပြစ်ကိုတော့ဖြင့် ဘာမှမမြင် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီအကျင့်မျိုးကတော့ ဘယ်သောအခါမှ မကျင့်ရဘူး။ ဒါကြောင့် ဒီအကျင့်သည် ဘုရားကိုယ်တော်မြတ်လည်း မကြိုက်၊ သူတော်ကောင်းပညာရှိကြီးများရဲ့ အလုပ်လည်းမဟုတ်၊ ကိုယ့်ကိုကိုယ် အမြဲတစေ ဆုံးမရမယ်။ ကိုယ်မယဉ်ကျေးရင် ယဉ်ကျေးအောင် အလုပ်လုပ်ရမယ်၊ ကိုယ်မကောင်းတာကိုလုပ်နေရင် ကောင်းတဲ့ အလုပ်လုပ်ကြပါ၊ ကိုယ်မမှန်တာတွေ လုပ်နေရင် ကိုယ်မှန်တဲ့အလုပ် လုပ်ရမယ်၊ ကိုယ်တရား မရသေးရင် တရားရအောင် ကြိုးစားအားထုတ် အလုပ်လုပ်ပါ၊ သေတော့ ဘယ်သူမှ မကယ်နိုင်ဘူး။ ကိုယ့်ဝန်ကိုယ်ထမ်း, ကိုယ့်လမ်း ကိုယ်သွားကြရမှာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘယ်သူကယ်မှာတုံး (ဘယ်သူမှ မကယ်ပါဘူးဆရာ)၊ ဘယ်သူမှ မကယ်နိုင်ဘူး၊ ဒါကြောင့် ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွားနေတော့ သေတဲ့အခါမှာ ပါဖို့အရေးကြီးတယ်နော် (မှန်ပါတယ်ဆရာ)၊ မသေခင် ပစ္စက္ခ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်နဲ့ နေရတဲ့၊ တစ်ဘဝဖြစ် တစ်ဆင့်ခန္ဓာဆိုတဲ့

http://www.dhammadownload.com



တစ်သက်လျှာလေးမှာတော့ဖြင့် ဘာမှသူတစ်ပါးအပြစ်တွေ ဝေဖန်နေစရာမလိုဘူး။ ကိုယ့်အကျိုး ရှိဖို့ အလုပ်သာ စောက်ချပြီး လုပ်ရမယ်၊ ဒါကိုယ်တော်မြတ်ဆုံးမတော်မူခဲ့တဲ့ ဒေသနာတော်အတိုင်း ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မိမိတို့ အသီးသီးပေါ့လေ၊ သင်တန်းသူ သင်တန်းသားများသည် သာသနာတော် ကြီးနဲ့ တွေ့တဲ့ ကြုံတဲ့အခါမှာဖြင့် ငါတို့ တကယ်သံသရာမှာ ထောက်ရာတည်ရာ ရလောက်တဲ့ တရား ကောင်းတစ်ခုရဖို့ အင်မတန်အရေးကြီးပါလား၊ အကယ်တန္တ ခုအချိန် ငါတို့ အခွင့်ကောင်းကြီးရနေတဲ့ အချိန်အခါမျိုးမှာ သာသနာတော်နဲ့ တွေ့လျက်သားနဲ့ သာသနာမှာ ထောက်ရာတည်ရာ အားထားရာ၊ (တစ်နည်း) အပါယ်လေးပါး လုံးလုံးလျားလျား မသွားအောင် တားနိုင်သော တရားထူး, တရားကောင်း တစ်ခုမှ မရရင် ငါတို့ အသေဆိုးနဲ့ သေရချည်းရဲ့ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ မကြောက်ဖူးလား (ကြောက်ပါတယ်ဆရာ)၊ အေး . . . အဲဒါကြောက်ရင် ကြိုးစားရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူ ဘာပြောပြော၊ ဘာတွေလုပ်နေလုပ်နေ၊ ဘာမှမှုစရာမလိုပါဘူး၊ အဲဒါသေရင် ပါမည့်အလုပ် မဟုတ် ပါဘူး၊ သေရင် ပါမည့်အလုပ်တွေ ကြိုးစားလုပ်ပါလို့နော် (မှန်ပါတယ်ဆရာ)၊ ဒါကို မြတ်စွာဘုရား ကိုယ်တော်မြတ် တေဇောဓာတ်လောင်တော့ကာ သမ္ဘိန္နဓာတ်, အသမ္ဘိန္နဓာတ် နှစ်မျိုးနှစ်စား ခွဲပြီး ထွက်လာတယ်၊ သမ္ဘိန္နဓာတ်ဆိုတာ ဖရိုဖရဲ ပြိုကွဲပြီး ထွက်လာတာ၊ အစိတ်အစိတ် အမွှာမွှာ သုံးမျိုး သုံးစားထွက်လာတယ်။ အကြီးဆုံးက ပဲနောက်စေ့ပမာဏ၊ အလယ်စားက ဆန်ကျိုးစေ့ပမာဏ၊ အငယ်ဆုံးက မုန်ညှင်းစေ့ပမာဏ၊ ဓာတ်တော်သုံးမျိုးသုံးစား ထွက်လာတယ်။

အသမ္ဘိန္နဓာတ်ဆိုတာ ပကတိအတိုင်း ပြိုကွဲလို့ တာဆီးလို့ မရကောင်းဘဲကိုးကွနော် (မှန်ပါ တယ်ဆရာ)၊ ဒါကြောင့် ပကတိအတိုင်းလို့၊ စွယ်တော်လေးဆူရယ်၊ ညှပ်ရိုးတော် နှစ်ဆူရယ်၊ နဖူး သင်းကျစ်တော်တစ်ဆူရယ်၊ ပေါင်းလိုက်တော့ ခုနစ်ဆူနော် (မှန်ပါတယ်ဆရာ)၊ အဲဒီညှပ်ရိုးတော်နှစ် ဆူ၊ စွယ်တော်လေးဆူ၊ နဖူးသင်းကျစ်တော်ဆိုတဲ့ အသမ္ဘိန္နဓာတ်တွေကတော့ ဘယ်ပုဂ္ဂိုလ်မှ မတွေ့ကြ၊ မကြုံကြပါဘူး၊ စွယ်တော်လေးဆူမှာ လက်ဝဲဘက်အောက် စွယ်တော်မြတ်ကတော့ သီဟိုဠ်ကျွန်းမှာ ကိန်းတော်မူတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါစွဲစွဲမြဲမြဲမှတ်သားပါ။ လက်ဝဲအထက် စွယ်တော်မြတ် ကတော့ ဂန္ဓာရတိုင်းပြည်ကြီးမှာ ရှိတယ်လို့ ဒီလိုပဲ ဆိုပါတယ်၊ လက်ျာအောက်စွယ်တော်ကတော့ နဂါးပြည်မှာ ရှိတယ်တဲ့၊ လက်ျာအထက်စွယ်တော်ကတော့ တာဝတိံသာနတ်ပြည်မှာ ရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါစွယ်တော်လေးဆူ အသီးအသီးပါပဲ၊ အဲဒီလို တည်နေကြတယ်။ အဲဒါ တချို့ လည်း မြတ်စွာဘုရားကိုယ်တော်မြတ်စွယ်တော်အစစ်ရဲ့ တည်တော်မူရာဖြစ်တဲ့ သီဟိုဠ်ကျွန်းသို့ မရောက်ရောက်အောင် သွားပြီးတော့ ဖူးမျှော်ကြတယ်၊ ဖူးမျှော်ပြန်တော့ အင်မတန် အားရှိစရာ

http://www.dhammadownload.com



ကောင်းပါတယ်၊ ကိုယ်တော်မြတ်သက်တော်ထင်ရှားရှိဘိသကဲ့သို့ ပကတိမပြိုမကွဲ တစ်ခဲနက် တည်တော်မူတဲ့ စွယ်တော်အစစ် သွားဖူးရတာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ရောက်နိုင်ရင် ပို၍ ကောင်းပါတယ်၊ ကြိုးစားနိုင်သမျှ ကြိုးစားကြပေါ့လို့နော် (မှန်ပါတယ်ဆရာ)၊ အဲသလို တေဇောဓာတ်လောင်ပြီးတဲ့အခါ မြတ်စွာဘုရားကိုယ်တော်မြတ် ခန္ဓပဋ္ဌကဒြပ်တော်ကနေပြီးတော့ အသီးသီးသောဓာတ်တော်တွေ ဖြစ်ပေါ်လာလို့ အားလုံးသော မလ္လာမင်းများလည်းပဲ ရတနာစီခြယ်တဲ့ ရတနာရွှေပန်းတောင်းထဲမှာ ဓာတ်တော်တွေ စုပေါင်းပြီးတော့ ထည့်တယ်။ စုပေါင်းပြီး ထည့်တော့ကာ ရတနာမဏ္ဍပ်ထဲ သွင်းပြီးတော့ ပူဇော်ဖွယ်အမျိုးမျိုးနဲ့ စောင်း, ညှင်း, ပတ္တလား, တူရိယာပစ္စည်း အမျိုးမျိုးနဲ့ ဒီမှာ ပူဇော်ကြတယ်။

ပူဇော်ပြီးတဲ့နောက် တစ်ခါမြို့တွင်းသို့ ငါတို့သည်ကား ကိုယ်တော်မြတ်ပရိနိဗ္ဗာန်စံယူတော်တဲ့အချိန်ကစလို့ ရဟန်းတော်များကိစ္စ ဝေယျာဝစ္စကို ဆောင်ရွက်တာတွေ၊ မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော်ကို သဂြိုဟ်ဖို့ မွမ်းမံခြယ်လှယ်ရတဲ့ ကိစ္စအဝဝတွေ၊ အဲဒါတွေ ဆောင်ရွက်လုံးပမ်းနေရခြင်းကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဈာပနမှာ ဘာမှ ငါတို့အားရပါးရ ပျော်ပျော်ရွှင်ရွှင် နှစ်နှစ်ခြိုက်ခြိုက်နဲ့ မပူဇော်လိုက်ရသေးဘူးတဲ့။ အခုတော့ ဒီကိစ္စအဝဝတွေလည်း ဆောင်ရွက်လို့ ပြီးခဲ့ပြီ၊ ဒီအချိန်မှာဖြင့် တို့အားရပါးရနဲ့ ပူဇော်ကြစို့ရဲ့လို့ ဆိုပြီးတော့ အဲဒီရတနာမဏ္ဍပ်ကနေပြီးတော့ ထိုစွယ်တော်မြတ်ကို မင်္ဂလာရှိသောဆင်တော်ကြီးပေါ် တင်လို့ စစ်သည်လေးပါးခြံရံပြီးတော့ မြို့ထဲ တစ်ခါပင့်၊ မြို့တွင်းတစ်ခါပင့်လို့ မြို့တွင်းရောက်တဲ့အခါကျတော့ ဦးကင်းချင်းယှက်နေတဲ့ ဆင်တပ်က တစ်တပ်၊ လူအချင်းချင်းယှဉ်တွဲနေတဲ့ မြင်းတပ်ကြီးက တစ်တပ်၊ လက်ရုံးချင်းယှဉ်တွဲနေတဲ့ ရထားတပ်က တစ်တပ်၊ လက်နက်စွဲကိုင်တဲ့ သူရဲကောင်းတပ်က တစ်တပ်လို့၊ တပ်လေးတပ်ချပြီးတော့ ခြံရံပြီးတော့ ထားတယ်။

ဓာတ်တော်ထားတဲ့ ရတနာပန်းတောင်းကြီးကို တပ်တွေ အထပ်ထပ်ခြံရံပြီးတော့ ချတယ်။ ပြီးတော့ မိမိတို့ပျော်ပွဲရွှင်ပွဲ အမျိုးမျိုးတွေနဲ့ မလ္လာမင်းနှင့်တကွ တိုင်းသူပြည်သားလူအများတို့က နောက်ဆုံးပူဇော်ခြင်းဆို[illegible]တော့ ပူဇော်ပွဲကြီးကျင်းပကြတယ်။ အဲဒီလို တပ်တွေကို အသီးသီးချထားတာက တခြားမဟုတ်ပါဘူး၊ သူတို့က မြတ်စွာဘုရားကိုယ်တော်မြတ်ကို နောက်ဆုံး ပူဇော်ခြင်းဆိုတဲ့ အနေအားဖြင့် ပျော်ပျော်ပါးပါးနဲ့၊ အားပါးတရ ပူဇော်နေတဲ့အခိုက်အတန့်မှာ တိုင်းတစ်ပါးက လာပြီးတော့ အမှုမဲ့အမှတ်မဲ့နဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဓာတ်တော်အစုံတွေကို ရတနာပန်းတောင်းကို ရုတ်တရက် ရှောင်တခင်ဝင်ပြီးတော့ လုသွားမယ်၊ ယူသွားမယ်ဆိုတဲ့ စိုးရိမ်ခြင်း ကြောင့်ကြခြင်းကြောင့် တပ်ကြီးတွေ အသီးအသီးချပြီး ကာရံထားခြင်းဖြစ်တယ်၊ အဲဒီမှာ တစ်ခန်းရပ်။

http://www.dhammadownload.com



ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းက တစ်ခါဆက်၊ အကြောင်းက ဒီလိုဆက်တယ်၊ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းကြီးကလည်းပဲ မြတ်စွာဘုရားကိုယ်တော်မြတ် သက်တော်ထင်ရှားရှိစဉ်အခါက စပြီးတော့ ပုထုဇဉ်ထဲမှာ ဘုရားကိုယ်တော်မြတ်ကို ကြည်ညိုတဲ့အထဲမှာ နံပါတ်တစ်ထိပ်တန်းကပါပဲ၊ ပုထုဇဉ်ပုဂ္ဂိုလ်ထဲမှာ မြတ်စွာဘုရားကို ကြည်ညိုတဲ့ပုဂ္ဂိုလ်များဟာ အဇာတသတ်မင်းကို မှီတဲ့ပုဂ္ဂိုလ်မရှိဘူး၊ အမြတ်ဆုံးသောပုဂ္ဂိုလ်လို့ ဒီလိုဆိုထားတယ်၊ အကြည်ညိုဆုံးပုဂ္ဂိုလ်လည်းဖြစ်တယ်၊ သူကလည်းပဲ အဖကို သတ်တဲ့ကံကြီးက ထိုက်ထားတော့၊ ဒီကံကြီး အင်မတန်မှကြောက်ရွံ့ထိတ်လန့်ပြီးတော့ စားမဝင်၊ အိပ်မပျော် ဒီလိုဖြစ်နေတယ်၊ စိုးရိမ်မကင်းကြောင့်ကြခြင်းဆိုတဲ့ သောကတည်းဟူသော ဆူးဝင်နေတဲ့ပြောင့် ဖြစ်နေတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်နဲ့ တွေ့တော်မူလို့ ဒီဆူးဝင်နေတဲ့ပြောင့်ကြီးကို ကိုယ်တော်မြတ်က နုတ်ပယ်တော်မူလို့၊ သူလည်း သက်သာရာရလို့ ကိုယ်တော်မြတ်အပေါ် ကျေးဇူးတင်လို့ကလည်း မဆုံးဘူး။ ဒါကြောင့် ဒီအချိန်ဒီအခါက စပြီးတော့ သရဏဂုံဆောက်တည်တယ်၊ မြတ်စွာဘုရားကို ဥပါသကာအဖြစ် ခံယူတယ်၊ ဒါယကာအဖြစ်နဲ့ အကြည်ညိုဆုံးသောပုဂ္ဂိုလ် တစ်ယောက်အနေအားဖြင့် ကိုးကွယ်ဆည်းကပ်လာတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။

ဒီတော့ ရာဇဂြိုဟ်ပြည်က မှူးကြီးမတ်ရာ သေနာပတိဆိုတဲ့ ပုဂ္ဂိုလ်များကလည်းပဲ ကုသိနာရုံပြည်မှာ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတယ်ဆိုတဲ့ သတင်းစကားကို ကြားတော်မူတော့ ပညာရှိအမတ်များက စဉ်းစားတယ်။ ငါတို့ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ကတော့ ပရိနိဗ္ဗာန်စံပြီ၊ အဲဒီပရိနိဗ္ဗာန်စံတာ်မူတဲ့အကြောင်းကို ငါတို့မင်းကြီးများ ရုတ်တရက် ကြားခဲ့သော် သူတစ်ထူးနဲ့လည်း မတူဘူး၊ ဘုရားကိုယ်တော်မြတ်အပေါ် ကြည်ညိုတာက အလွန်အကဲကိုးတစ်ယောက်ထဲပဲ ရှိတယ်၊ ဒီအတိုင်းသာ တိုက်ရိုက်လျှောက်တင်လိုက်မယ်ဆိုလို့ရှိရင် နှလုံးကွဲပြီး သေတန်ရာရောက်မယ်။ ဒါကြောင့် မင်းကြီးရဲ့အသက်စည်းစိမ်တွေကို ငါတို့က စောင့်ရှောက်တော်မူရမည့်ဝတ္တရားရှိတယ်။ မသေအောင် ကြံဖန်ပြီး သံတော်ဦးတင်မှ ဖြစ်မယ်၊ ဖုံးကွယ်ထားလို့ ဖြစ်တဲ့ကိစ္စလည်း မဟုတ်ဘူးလို့ ပညာရှိအမတ်များက အစီအစဉ်လုပ်ကြတယ်။ ဘယ့်နှယ့်လုပ်သလဲ ဆိုတော့ မင်းကြီးကို ပရိယာယ်နဲ့ သံတော်ဦးတင်ကြစို့၊ သက်သာရာသက်သာကြောင်းလို့၊ မသေအောင် ကြံဖန်ပြီးတော့ သံတော်ဦးတင်ကြစို့ မင်းကြီးအိပ်သာရုံပမာဏ ရွှေသေတ္တာသုံးခုလုပ်တယ်၊ ရွှေစကျင်းခေါ်တာပေါ့၊ သုံးခုလုပ်ပြီးတော့ ဒီအထဲမှာ စတုမဓုအပြည့်လောင်းတယ်၊ စတုမဓုအပြည့် လောင်းပြီးတော့ အဲဒါတွေလည်း မှတ်သားစရာပေါ့၊ ရှေးက ဘယ်ဆရာဝန်မှ မပေါ်သေးပါဘူး၊ ဘယ်ဆေးခန်းမှ မရှိသေးပါဘူး။ ဒါပေမယ့် ပူလွန်းအားကြီးရင် ဒါလုပ်ရတယ်ဆိုတဲ့နည်းတွေ နိဿရည်းတွေ မှတ်သားစရာပဲ၊ ဒါကျမ်းဂန်တွေမှာ တိုက်ရိုက်လာတာပါ၊ ဒီရွှေသေတ္တာထဲမှာ ရွှေစကျင်းအတွင်းမှာ စတုမဓု

http://www.dhammadownload.com



အပြည့်လောင်းပြီးကာမှ မင်းကြီးကို ပရိယာယ်နဲ့ သံတော်ဦးတင်ကြတယ်။ အရှင်မင်းကြီးတဲ့ ကျွန်ုပ်တို့သည် အင်မတန်ကြောက်ဖွယ်ကောင်းသော အိပ်မက်များကို မြင်ပါသဖြင့် ၎င်းအိပ်မက်ကို ယတြာချေတဲ့အနေအားဖြင့် မင်းကြီးအား အသက်ရှည်စေခြင်းအကျိုးငှာ, ဘုန်းကံသမ္ဘာကြီးစေခြင်းအကျိုးငှာ **ယတြာချေလိုသောအနေအားဖြင့်**ကျွန်ုပ်တို့ သံတော်ဦးတင်ပါတယ်။ ကျွန်ုပ်တို့ရဲ့စကားကို နာယူတော်မူပါလို့၊ ကောင်းပြီ အသင်မင်းချင်းတို့သည် ငါရဲ့အကျိုးစီးပွား လိုလားလို့ သံတော်ဦးတင်လို့ရှိရင် ငါလိုက်နာမယ်၊ ဘာလုပ်ရမလဲလို့။ မှန်ပါ ဟောဒီစတုမဓူ အပြည့်ထည့်ထားတဲ့ ရွှေစကျင်းထဲမှာ အရှင်မင်းကြီး ဆင်းပြီးတော့ နှာခေါင်းလောက်ပဲ ဖော်ထားပြီး အိပ်ပါ။ ဒီတော့မှ အဇာတသတ်မင်းဟာ ကိုယ်ဝတ်ပုဆိုးစည်းပြီးတော့ စတုမဓူအပြည့်ထည့်ထားတဲ့ ရွှေစကျင်းထဲ ဆင်းပြီးတော့ နှာခေါင်းလောက်ပဲ ဖော်ထားတယ်။ အဲဒီအချိန်မှာ ဘေးကနေ သံတော်ဦးတင်တယ်၊

အရှင်မင်းကြီးတဲ့ . . . အရှင်မင်းကြီး နာယူတော်မူပါဘုရားလို့၊ ကုသိနာရုံပြည်မှာ အသင်မင်းကြီးရဲ့ဆရာ ကျွန်ုပ်တို့ရဲ့ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ပရိနိဗ္ဗာန်စံတော်မူပေ့ါလို့ သံတော်ဦးတင်လိုက်တယ်၊ အဲဒီအသံကြားသည်နှင့်တစ်ပြိုင်နက် မင်းကြီးက တစ်ခါတည်း မေ့မျောသွားတယ်၊ သတိမရတော့ဘူး။ နှလုံးထဲမှာ ဘယ်လောက် ပူပြင်းတဲ့ သောကဖြစ်သလဲလို့၊ အဲဒါ နှလုံးသွေးပူတာများ ကြောက်စရာ ဘယ်လောက်အလွန်ကောင်းသလဲဆိုတာ၊ ဒါ ဒေါသအစွမ်း ခေါ်တယ်၊ "သောကော အတ္ထတော ဒေါမနဿဝေဒနာဝ" (သမ္မော၊ ဌ၊ သစ္စဝိဘင်း) လို့၊ အဲဒီဒေါသအစွမ်းကြောင့် မင်းကြီးလည်း မေ့မျောသွားတယ်၊ သတိလုံးလုံးမရဘူး၊ ဒါပေမယ့် သူ့ဒေါသအစွမ်းကြောင့်ဖြစ်ပေါ်လာတဲ့အပူရှိန်ဟာ ဘယ်လောက်ကြီးသလဲဆိုတော့ အဲဒီရွှေစကျင်းထဲမှာ အပြည့်ထည့်ထားတဲ့ စတုမဓူဟာ ဆူလာတယ်၊ အခိုးထွက်လာတယ်၊ ဆူပွက်ပြီးအခိုးတွေထွက်လာမှ ဘေးက စောင့်ရှောက်တဲ့အမတ်များက မင်းကြီးကို ရုတ်တရက်ဆယ်ပြီးတော့ ဒုတိယစတုမဓူကန်ကို တစ်ခါပြောင်းပြန်တယ်။ ဒုတိယစတုမဓူကန် ပြောင်းလိုက်တော့ အပူရှိန်နည်းနည်းသက်သာပြီး အအေးဘက် ပြန်ရောက်သွားလို့ သတိလေးပြန်ရလာပြန်တယ်၊ ဒုတိယအကြိမ် သံတော်ဦးတင်ပြန်တယ်။ မင်းကြီးကလည်း မေးတယ်၊ ခုနငါသန့်သန့် ကြားလိုက်ရတဲ့စကားတော်ကို သံတော်ဦးပြန်တင်စမ်းလို့၊ မှန်လှပါ ဘုန်းတော်ကြောင့်၊ ကုသိနာရုံပြည်မှာ အဖဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံကြောင်းပါလို့ သံတော်ဦးတင်ရာ ဒီစကားကြားရုံနှင့်တစ်ပြိုင်နက် နှလုံးသားက မီးထ တောက်မတတ်ခံစားရ၍ မင်းကြီးလည်း လုံးဝသတိမရဘဲ မေ့မျောပြီး သွားလိုက်တာ ဒုတိယစတုမဓူကန်လည်းပဲ ဒီလိုပဲ အခိုးအလျှံတွေ ထွက်လို့ ဒါပေမယ့် ပထမကန်လောက်တော့ မဆိုးတော့ဘူး။ သက်သာခွင့်နည်းနည်း ရသွားတယ်။

http://www.dhammadownload.com



ဒီတော့မှ အားလုံးသော မင်းယောက်ျား မှူးကြီးမတ်ရာ သေနာပတိတို့က မင်းကြီးကို ရုတ်တရက်အားဖြင့် ဒုတိယစတုမဓုကန်ထဲက သယ်ပြီးတော့ တတိယစတုမဓုကန်ထဲ တစ်ခါချ ပြန်တယ်။ တတိယ စတုမဓုကန်ထဲ ရောက်တဲ့အခါကျတော့ မင်းကြီးက သတိပြန်ရတော့ မေးပြန်တယ်။ အခုနပြောတဲ့စကားကို ငါ့ကို ပြန်ပြီးတော့ သံတော်ဦးတင်ကြပါ၊ ဒီအခါကျမှ ပြန်ပြောတယ်၊ အရှင်မင်းကြီး တခြားမဟုတ်ပါဘူး၊ အရှင်မင်းကြီးတို့ရဲ့ဆရာ ကျွန်ုပ်တို့ဆရာဖြစ်တော်မူတဲ့ အဖဘုရား ကိုယ်တော်မြတ်သည် ကုသိနာရုံပြည်မှာ ပရိနိဗ္ဗာန်စံတော်မူကြောင်းပါဘုရားလို့၊ ဒီလည်း မင်းကြီးက တစ်ခါ သတိမေ့မျောလို့ သွားပြန်တယ်။ ဒါပေမယ့် ဒီတတိယကန်ကျတော့ အတော်လေးခံသာ သွားတယ်၊ စတုမဓုလည်း ဆူခြင်း, ပွက်ခြင်း မရှိတော့ပါဘူး။ အခိုးလည်း မထွက်တော့ပါဘူး။ အဲဒီ အခါကျမှ မင်းကြီးကို သတိရအောင် စောင့်ပြီးတော့မှ ကန်ထဲက သယ်ပြီး နံ့သာနဲ့ ရေပါချိုးလို့ စင်ကြယ်သန့်ရှင်းစွာ လုပ်ပြီးမှ ကောင်းသော အဝတ်အစားများ တစ်ခါလဲလို့၊ ဒီအခါမှ သဲသဲကွဲကွဲနဲ့ တစ်ခါလျှောက်တယ်။ အရှင်မင်းကြီး တခြားတော့ မဟုတ်ပါဘူး၊ အရှင်မင်းကြီးရဲ့ဆရာ ကျွန်ုပ်တို့ရဲ့ ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် ကုသိနာရုံပြည်မှာ ပရိနိဗ္ဗာန် စံတော်မူကြောင်းပါဘုရားလို့၊ အဲဒီအခါမှာ မင်းကြီးက သဲသဲကွဲကွဲ ပြတ်ပြတ်သားသား ကြားရမှ ဆံပင်ဖားလျား ချလို့ ဦးခေါင်းပေါ် လက်နှစ်ဖက်တင်ပြီးတော့ လမ်းအပြင်ထွက်, လမ်းမအတိုင်း မင်းကြီးဟာ ရှိုက်ကြီး တငင် ပင်ပန်းစွာ ငိုကြွေးပြီးတော့ လမ်းမအတိုင်း သူရူးကဲ့သို့ ပြေးတော့တာပဲ။ ပြေးလိုက်တာ တစ်ခါ တည်း ရာဇင်္ဂဏ္ဍေတောင် မဆောင်နိုင်ရှာဘူး၊ သောကမီးကြီးလို့ ဒီလိုဖြစ်တာပါ၊ ကိုယ်တော်မြတ် အပေါ် ဘယ်လောက်ကြည်ညိုတယ်၊ ဘယ်လောက်နှစ်သက်တယ်၊ ဘယ်လောက် မြတ်နိုးတယ်၊ ဘယ်လောက် ချစ်ခင်တယ်၊ ဘယ်လောက် ကြင်နာတယ်၊ ဘယ်လောက် သနားတယ်ဆိုတာ အဲဒါပဲ။ ဒါကြောင့် ပုထုဇဉ်လူသားထဲမှာ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ကြည်ညိုတော်မူတဲ့နေရာမှာ နှစ် ယောက်မရှိဘူး၊ တစ်ယောက်တည်းရှိတယ်တဲ့၊ အမြတ်ဆုံးပုဂ္ဂိုလ်လို့ ဒီလိုခေါ် ဆိုရတဲ့ အဇာတသတ် မင်းပါ။

ဒီတော့မှ သူရူးသူငမ်းကဲ့သို့ ရှိုက်ကြီးတငင် ပင်ပန်းစွာ ငိုကြွေးပြီးတော့ ပြေးလိုက်တာ ဘယ် ပြေးသလဲဆိုတော့ သူပထမဆုံး ဘုရားနဲ့တွေ့တော်မူတဲ့ ဆေးဆရာဇီဝကရဲ့ သရက်ဥယျာဉ်ထဲ ဝင်ပြီး တော့ ပထမဆုံး ဆုံးမတော်မူတဲ့နေရာ ရောက်သွားတယ်။ အဲဒီရောက်တော့မှ လက်အစုံကို မြှောက်ပြီး တော့၊ အရှင်ဘုရား . . . ဘုရားတပည့်တော်ရဲ့ရင်တွင်းမှာ စူးဝင်နေသောပြောင့်ကို အရှင်ဘုရား ဒီနေရာမှာ တပည့်တော်အား အဆုံးအမပေးပြီးတော့ နုတ်ပယ်တယ် မဟုတ်လားဘုရား။ အရှင်ဘုရား သည် ဘုရားတပည့်တော်ကို ဒီနေရာမှာ မယဉ်ကျေး ယဉ်ကျေးလာအောင် ဆုံးမတော်မူတယ် မဟုတ်

http://www.dhammadownload.com



ပါလား ဘုရား၊ အရှင်ဘုရားသည် ဘုရားတပည့်တော်အား ဒီနေရာမှာ တရားဟောတော်မူတယ် မဟုတ်ပါလားဘုရား၊ အရှင်ဘုရားရဲ့အသံတော်လည်း မကြားရ၊ အရှင်ဘုရားရဲ့ မျက်နှာတော်လည်း မဖူးမြော်ရ၊ အရှင်ဘုရားသည် ခါတိုင်းဆိုလို့ရှိရင် အတိုင်းတိုင်း အပြည်ပြည်က ဒေသစာရီ ကြွချီပြီး ပြန်လာတဲ့အခါ၊ ငါဘယ်မြို့ ဘယ်ရွာက ဒေသစာရီ ကြွချီပြီး ပြန်ခဲ့တယ်လို့ အရှင်ဘုရားမိန့်ခွန်းတော် ချွေခဲ့ပါတယ်ဘုရား။ အရှင်ဘုရားရဲ့အသံလည်း မကြားရ၊ အရှင်ဘုရား ကြွသွားတဲ့အခါ တစ်ခေါက် သွားရင် တစ်ခါပြန်မလာသော ပရိနိဗ္ဗာန်စံတော်မူတဲ့အခါ ရောက်ပါပေ့ါဘုရား။ ဘုရားတပည့် တော်သည် အရှင်ဘုရားအပေါ်မှာ ဘုရားတပည့်တော်ရဲ့အဖထက် ဆယ်ဆမက တိုး၍ ကြည်ညိုပါ တယ်ဘုရား၊ လေးစားပါတယ်ဘုရား၊ မြတ်နိုးပါတယ်ဘုရား၊ ချစ်ခင်ပါတယ်ဘုရားလို့ ငိုလိုက်တာ နော်။

ဒီအခန်းမှာတော့ဖြင့် အားလုံးသော ဂါထာပေါင်းမြောက်များစွာနဲ့ မိမိရင်တွင်းရှိသမျှဟာတွေ ထုတ်ဖော်ပြီးတော့ မင်းကြီးက ယူကြုံးမရ ငိုရှာတယ်တဲ့၊ ငိုလို့ အတော်ကြီးပင်ပန်းပြီးတဲ့အခါမှာ ပြန်ပြီးတော့ သတိရတယ်။ ဩော် . . . အဖဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတာကို အကြောင်းပြုပြီးတော့ ငါသောကမီးတွေ တောက်ပြီးတော့ ငိုကြွေးလိုက်တာလို့၊ အဲဒီလို ငိုကြွေးနေ တော့ ငါ့မှာ ဘာကျေးဇူးများသလဲဆိုတော့ ဘာကျေးဇူးမှ မများဘူး၊ ငိုကြွေးနေလို့လည်း ဘာမှဖြစ်မှာ မဟုတ်ဘူး၊ အဖဘုရားကိုယ်တော်မြတ်လည်း ပြန်လာမှာမဟုတ်ဘူး။ ဒီတော့ အဖဘုရားကိုယ်တော် မြတ် ပရိနိဗ္ဗာန်စံတဲ့အခါမှာ ဒီလိုငိုကြွေးနေမည့်အစား ကိုယ်တော်မြတ်ရဲ့ အသီးသီးသော ဓာတ်တော် များကို၊ ငါအမြဲတစေ ကိုးကွယ်ဖို့ အဖဘုရားကိုယ်တော်မြတ်ရဲ့ ကိုယ်စားအနေအားဖြင့်၊ ဒီဓာတ်တော် ကို ရဖို့ အရေးကြီးတယ်။ ဒါကြောင့် ဒီဓာတ်တော်တွေရဖို့ ငါအစီအစဉ်လုပ်လေမှပဲလို့ နန်းတွင်းသို့ ပြန်လာခဲ့ပါတယ်။

## မြို့အသီးအသီးမင်းတို့ ဓာတ်တော်ရဖို့ရန် တမန်စေလွှတ်ပုံ

နန်းတွင်းသို့ ရောက်တဲ့အခါမှာ ဒီကနေ ရာဇဒဏ်လွှတ်တယ်။ တမန်စေလွှတ်လိုက်တယ်၊ "မလ္လာမင်းများ ငါတို့ကိုးကွယ်ဆည်းကပ်တဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်သည် အသမ္ဘိန္န ခတ္တိယ မင်းမျိုးက ဖြစ်ပေါ်လာတဲ့ပုဂ္ဂိုလ်လည်းဖြစ်တယ်၊ ငါတို့လည်း ဒီလိုအနွယ်အဆက်က ဆင်းသက်လာတဲ့ မင်းမျိုးလည်းဖြစ်တယ်၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ရရှိတဲ့ ဓာတ်တော်များကို ငါတို့ကို ကိုးကွယ်ဆည်းကပ်ဖို့ ပေးပါအုံး၊ ငါတို့လည်း ကိုးကွယ်ဆည်းကပ်ထိုက် တဲ့အတွက်ကြောင့် ငါတို့ကိုလည်း "ဝေဖန်ရှိက" ပြုပါလို့" ဒီကနေ တမန်တွေကို စေလွှတ်လိုက်တယ်။

http://www.dhammadownload.com



စာရေးပြီးတော့ ဒါပဲလားဆိုတော့ မဟုတ်ပါဘူး၊ ဝေသာလီပြည်ကလည်း ဒီလိုလွှတ်တယ်၊ ကပိလဝတ်မြို့ကလည်း ဒီလိုတမန်တွေ လွှတ်တယ်၊ အဲဒီလိုလွှတ်လိုက်တော့ ဘယ့်လောက်ရှိသလဲ ဆိုတော့ ခုနစ်တိုင်းခုနစ်ပြည်ပြောပါတော့။ အဲဒီလို အသီးသီးပဲ လွှတ်ကြတယ်၊ လွှတ်ပြီးတော့ အဇာတသတ်မင်းက ငါစေလိုက်တဲ့တမန်ပြန်အလာ ငါစောင့်မနေတော့ဘူး။ ဒီကနေ့ စစ်အင်္ဂါလေးပါးနဲ့ တပ်တော်ချီပြီးတော့ ထိုကုသိနာရုံပြည်ကို ငါအရောက်သွားမယ်။ ဟိုကျမှ ငါမေးမယ်၊ ငါတို့ တောင်းတဲ့ ဓာတ်တော်များကို ငါတို့အတွက် အဖို့အားဖြင့် ပေးမလား၊ မပေးဘူးလားလို့၊ အကယ်တန္တု မပေးဘူးလို့ ငြင်းခဲ့သော် ကုသိနာရုံပြည်ကိုတော့ ညက်ညက်ကြေကြေဖြစ်အောင် ဖျက်ဆီးမယ်၊ ဓာတ်တော်ကို ငါအရယူမယ်လို့ မင်းကြီးက ဒီလိုအကြံနဲ့ စစ်အင်္ဂါလေးပါးနဲ့ ချီပြီးတော့ တပ်ချီသွားတယ်၊ ကုသိနာရုံပြည်မရောက်တဲ့အခါကျတော့၊ ပြည်ရဲ့ပတ်ဝန်းကျင်ကနေ တပ်တော်တွေကို ဝိုင်းလို့၊ သူ့နောက်မှာပဲ အသီးအသီး ခုနစ်တိုင်းခုနစ်ပြည်ကနေ တပ်တော်တွေလည်း ချီတက်လာကြလို့ အသီးအသီး ကုသိနာရုံပြည်မကို ဝိုင်းထားတယ်။

ဟိုကျတော့ အသီးသီးတက်လာတဲ့နိုင်ငံက ရှင်ဘုရင်တွေက အသီးသီး သဝဏ်လွှာပေး၊ ရာဇသံပေးကြတယ်။ အရှင်မလ္လာမင်းတို့ ငါတို့ မြတ်စွာဘုရားကိုယ်တော်မြတ်သည် အသမ္ဘိန္နခတ္တိယ မဟာသာလမျိုးက ဖြစ်လာတဲ့ မင်းမျိုးဖြစ်တယ်။ ငါတို့လည်း ဒီလိုအမျိုးအနွယ်ထဲက မင်းမျိုးပဲ၊ ဒါကြောင့် ငါတို့လည်းပဲ ဒီဓာတ်တော်ကို အသီးသီးကိုးကွယ်ထိုက်တယ်၊ ငါတို့အတွက် "ဝေဘင်္ဂက" ပြုရင်ပြု၊ မပြုလို့ရှိရင် (သို့မဟုတ်) စစ်ပဲထိုးမလားလို့၊ ဒီလိုပဲ ရာဇသံတွေ အသီးသီး ပို့ကြတယ်။ အဲဒါကို မလ္လာမင်းများကလည်းပဲ ပြည်တွင်းကနေပြီးတော့ ခြိမ့်ခြိမ့်သဲသဲ အောင်ပွဲကြီးခံပြီး ရာဇသံတွေ ပြန်ပေးလိုက်တယ်၊ ဟိုအရင်အခါတုန်းက အသုံးများတယ်၊ အခုလူများလို့ပေါ့၊ အခုလူများကတော့ သုံးတာကတစ်မျိုးပါ၊ အခုလူများကတော့ နိုင်တဲ့လူ လာရောက်လို့ရှိရင်ဖြင့် ကြုံးဝါးတဲ့အသံလေး ပြန်ကြတယ်၊ သူ့ချည်း ထမင်းစားနေတာ မှတ်လို့ကွာ၊ ငါလည်း ထမင်းစားနေတာ၊ ဒါမျိုးတွေ လာတယ်။ အမိနို့ကိုစို့တာတော့ မထည့်ဘူးဗျာ၊ သူကလည်း ထမင်းနဲ့ကြီးလာတာထင်ပါရဲ့ကွနော် (မှန်ပါတယ်ဆရာ)၊ သင်တို့သာ အမိနို့စို့ရသည်မဟုတ်၊ ငါတို့လည်း အမိနို့စို့လာတဲ့သူတွေပဲ၊ သင်တို့သာလျှင် ယောကျ်ား မဟုတ်ဘူး၊ ငါတို့လည်း ယောကျ်ားတွေပဲ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီလိုလာတာကိုး။

ဒါကြောင့် သင်တောင်းတိုင်း ငါတို့ မပေးနိုင်ဘူး၊ ဘယ်လိုနည်းနဲ့မှ မပေးနိုင်ဘူး၊ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ငါတို့ဆင့်ခေါ်သည်မဟုတ်၊ သတင်းစကားမှ ငါတို့ မကြားရ၊ အလိုလိုကြွလာပြီးတော့ ငါတို့ဆီကို လာပြီးတော့ ပရိနိဗ္ဗာန်စံတော်မူတာ၊ သင်တို့တိုင်းပြည်အတွင်းမှာ ရွှေ၊ ငွေ၊

http://www.dhammadownload.com



ရတနာများ အလိုလိုပေါ် ထွက်ခဲ့သော် ငါတို့ကို “ဝေဘင်္ဂိက” ပြုမလား၊ ဟိုက ဆင်ခြေပေးတာ ခိုင်လုံသားနော် (မှန်ပါတယ်ဆရာ)၊ ငါတို့ပြည်တွင်းမှာလာပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတော့ ဘုရားတည်းဟူသော ရတနာထက် ပိုပြီးတော့ မြတ်တာ မရှိပါဘူး။ ဒါကြောင့် ငါတို့ပြည်တွင်းလာဖြစ်တဲ့ ရတနာဟာ ငါတို့က သင်တို့အဖို့ဘာဂအားဖြင့် မပေးနိုင်ဘူး၊ ဟိုကလည်း တင်းတင်းကြီး ရာဇသံပြန်လိုက်တယ်။

အဲဒီနေရာမှာ အကယ်တန္တု ဒီကုသိနာရုံပြည်က မလ္လာမင်းတွေနဲ့ ခုနစ်တိုင်း, ခုနစ်ပြည်က မင်းတွေ ဒီနေရာမှာ စစ်ခင်းရင်တဲ့၊ ကုသိနာရုံပြည်က မလ္လာမင်းတွေ မုချနိုင်မယ်တဲ့။ လာပုံက ဒီလိုကိုး၊ ဟိုက ခုနစ်ပြည်တောင်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ သို့ပေမယ့် ကုသိနာရုံပြည်က အငယ်စား မြို့လေးတစ်မြို့ဖြစ်တယ်။ ဒါပေမယ့် တစ်ပြည်ထောင်တည်းနဲ့သူက နိုင်မယ်တဲ့၊ ဘာဖြစ်လို့လဲ မေးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတဲ့ အချိန်ကစလို့ ကုသိနာရုံပြည်မမှာ ဓာတ်တော်တွေ ပူဇော်တဲ့အခန်းထိအောင် စကြဝဠာတိုက်တစ်သောင်းက စုပေါင်းပြီးလာကြတဲ့ နတ်တွေက သူတို့နဲ့ပါတီဖြစ်နေပြီတဲ့နော် (မှန်ပါတယ်ဆရာ)၊ သူတို့နဲ့ ခင်မင်ရင်းနှီးနေပြီတဲ့၊ သူတို့ ဒီကိုလာနေကြတာ နှစ်ဆယ့်တစ်ရက်ရှိနေပြီပေါ့ကွနော် (မှန်ပါတယ်ဆရာ)။ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတဲ့အချိန်က စပြီးတော့ လာလိုက်ကြတဲ့နတ်တွေဟာ ပြန်တယ်လို့ မရှိပါဘူး၊ တစ်သောင်းတိုက် စကြဝဠာမှ စုပေါင်းပြီးလာကြတဲ့ နတ်တွေဟာ သူတို့လိုပဲ အေးအတူပူအမျှ သူတို့ ငိုသလို ငိုကြတယ်။ သူတို့ရယ် သလို ရယ်ကြတယ်၊ သူတို့နှင့်ရင်းနှီးလို့ သူတို့လူဖြစ်နေကြတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

အဲဒါကြောင့် ကုသိနာရုံပြည်မှာ ဝိုင်းထားတဲ့ ခုနစ်တိုင်း, ခုနစ်ပြည်က တပ်တွေနဲ့ ဒီအချိန်စစ်သာဖြစ်မယ်ဆိုရင် နတ်တွေကူတိုက်တာနဲ့ ကုသိနာရုံပြည်က မလ္လာမင်းတွေက မုချအားဖြင့် နိုင်မှာပါ။ အောင်မယ် . . . နတ်များက ဒီတော့လည်း အဖော်ရသားကွနော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အေး . . . တို့သင်တန်းသူ သင်တန်းသားတွေက နတ်တွေကို မမေ့ကြစတမ်း၊ ဟိုက ကာမာဝစရနတ်တွေကို ပြောတာ၊ တခြိမ်းခြိမ်းနဲ့ ကနေတဲ့ နတ်တွေကို ငါပြောတာ မဟုတ်ဘူး၊ ဒါလူနတ်တွေ ခေါ်တယ်၊ လူက လုပ်တဲ့နတ်တွေ၊ ဒီနတ်တွေ ပြောတာမဟုတ်ဘူး၊ အဲဒီနတ်တွေက မင်းတို့ကို ညာစားတာ ဘာမှ မတတ်နိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ အခု တကယ့်နတ်တွေက တတ်နိုင်တယ်၊ မတတ်နိုင်ဘူးလား၊ (တတ်နိုင်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် ကာမာဝစရနတ်အစစ်တွေကျတော့ တို့လူတွေ မမေ့ကြနဲ့ဟေ့၊ မိမိတို့လုပ်တဲ့ ကုသိုလ်ကောင်းမှုလည်း ပေးဝေကြပါ၊ မိတ်ဆွေဖွဲ့ကြနော်၊ နတ်ကောင်းနတ်မြတ်၊ သာသနာစောင့်ကြပ်တဲ့နတ်မြတ်, နတ်ကောင်း, နတ်အပေါင်းတို့သည် ငါတို့နဲ့

http://www.dhammadownload.com



မိတ်ဆွေ ခင်ပွန်းဖြစ်ကြသည်။ သာသနာတော်ရဲ့အကျိုးစီးပွားကို လိုလားကြတဲ့ နတ်တွေဖြစ်လို့ရှိရင် ငါတို့အား အမြဲတစေ စောင့်ရှောက်ပါစေသတည်းလို့ ဆုလည်းတောင်းကြပါ။ ပါးစပ်ကလည်း ထုတ်ဖော်ပြီးတော့ ပြောလည်း ပြောကြ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

အဲဒီနေရာကို ထောက်ကြည့်၊ ဩော် . . . နတ်များကလည်း သူတို့နဲ့ အဖွဲ့ကျရခြင်းဆိုသလို ခင်မင်ရင်းနှီးလာတော့ ကူဖော်လောင်ဖက်အရသားပဲလို့။ အဲဒီတော့ စစ်မဖြစ်လို့ စစ်ဖြစ်ရင် ကုသိနာရုံပြည်က မလ္လာမင်းတွေ နိုင်မှာ အမှန်ပဲ၊ ဒီလိုလာတယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့လဲ၊ သူတို့နဲ့ ရင်းနှီးသွားပြီတဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူတဲ့ပွဲကြီးမှာ အသီးသီး ပူဇော်ပွဲတွေ လုပ်တဲ့အချိန်မှာ နတ်တွေက လူတွေကြားထဲ သွားလို့ လာလို့၊ ဒီပွဲကြီးမှာကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီစဉ်အခါတုန်းက လူတွေကလည်း နတ်တွေကို အကုန်မြင်ကြတယ်။ အံ့ဩစရာ ကောင်းလိုက်တာ၊ အံ့ဩစရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ တစ်သက်လုံး ကိုယ်ရောင်ဖျောက်လာတဲ့ နတ်တွေက ဒီနေရာကျတော့ ဘွားဘွားပေါ် လာတယ်နော် (မှန်ပါတယ်ဆရာ)၊ ကိုယ်တော်မြတ်ရဲ့ တန်ခိုးတော်ပဲဖြစ်တယ်၊ အဲဒါလူတွေနဲ့ နတ်တွေ ထွေးလုံးရစ်ပတ်နဲ့ သွားကြ, လာကြတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ ပူဇော်ပွဲကြီးမှာ အားလုံး စိတ်ထဲ, ဝမ်းထဲမှာ လှိုက်လှိုက်လှဲလှဲဖြစ်ပြီး နောက်ဆုံး ပူဇော်ခြင်းဆိုတဲ့အနေနဲ့ ပူဇော်နေကြတဲ့အခါကြီးမှာ လူတွေနဲ့ နတ်တွေသည် ရောယှက်ပြီးတော့ လူတွေကြားထဲ နတ်တွေ သွားတာလာတာ၊ လူတွေကလည်း အကုန်မြင်ကြရတယ်။

အဲဒီမြင်ရတဲ့အချိန်ကစပြီးတော့ ဒီမြင်ဖူးတာလေး အထူးမှတ်ယူပြီးတော့ ဒီအစီအစဉ်ကစပြီး ပုံရေးတာပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ နတ်ဆိုတာ ဒီလိုနေတယ်၊ နားကင်းနဲ့မကိုဋ်နဲ့နော် (မှန်ပါတယ်ဆရာ)၊ အေး . . . အောက်ပိုင်းက မဟာလတာတန်ဆာမျိုးနဲ့ပေါ့ကွနော်၊ (မှန်ပါတယ်ဆရာ)၊ အဲဒီတကယ်မြင်လိုက်တဲ့အချိန်ကစပြီးတော့ ဒီရေးတတ်တဲ့ပုဂ္ဂိုလ်က ပုံတွေ ရေးရေးလာတော့ ဩော် နတ်ဆိုတာ ဒီလိုပဲလို့၊ အဆက်ဆက်နဲ့ အဲဒီလို မှတ်လာတဲ့ ပုံစံသဏ္ဌာန်လေးဟာ မပျက်ဘဲနဲ့ လာခဲ့တာ ကနေ့အထိ၊ နတ်ရုပ်တွေ မြင်ဖူးတယ် မဟုတ်လား၊ (မြင်ဖူးပါတယ်ဆရာ)၊ အေး . . . အဲဒါတွေ မှားတယ်လို့ မဆိုရဘူးနော် (မှန်ပါတယ်ဆရာ)၊ အခြေအမြစ်နဲ့လာတဲ့ သဘောတရားတွေ မှားတယ်လို့ မဆိုရဘူး။ ဩော် . . . နတ်များ ဒီလိုနေပါလား၊ ပျောက်ကောင်းတဲ့ သဘောတွေ မဟုတ်ပါဘူးလို့။ အဲဒီလိုလူတွေ နတ်တွေဟာ ရောထွေးပြီး သင့်တင့်ပြီးတော့ နေကြသွားကြတာ၊ အဲဒီနေရာမှာ ခုနစ်ပြည်တောင်က လာကြတဲ့ မင်းအပေါင်းသည် ကုသိနာရုံပြည်တွင်းက မလ္လာမင်းများက ခုနစ်ပြည်တောင်က မင်းတွေကို တမန်တော်ပြန်လိုက်တယ်၊ သင်တို့သာလျှင် အမိနို့ကို စို့ခဲ့သည်မဟုတ်၊ ငါတို့လည်း အမိနို့ကို စို့လာတဲ့ပုဂ္ဂိုလ်တွေပဲ၊ သင်တို့သာလျှင် ယောကျာ်းမဟုတ်၊ ငါတို့လည်း ယောကျာ်းတွေပဲနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



## ဓာတ်တော်ကို ခွဲဝေတဲ့ ဒေါဏပုဏ္ဏားကြီး

ဒါကြောင့် သင်တို့တောင်းဆိုတိုင်း အင်မတန်မွန်မြတ်တဲ့ ရတနာကို ဘယ်လိုနည်းနဲ့မှ ငါတို့ မပေးလိုဘူး ဆိုတော့ အဲဒီမှာ ငြင်းခုံမှုဖြစ်ကြတယ်၊ပေးရမယ် မပေးဘူး၊ ပေးရမယ် မပေးဘူးလို့ ဆူညံနေကြတယ်။ အဲဒီဆူညံနေတဲ့ကြားမှာ ဒေါဏပုဏ္ဏားကြီးက အားလုံးအတိုင်းတိုင်း အပြည်ပြည်က ထင်ပေါ်ကျော်ကြားတဲ့ မင်းညီမင်းသားတွေ, ရှင်ဘုရင်တွေရဲ့ ဆရာဖြစ်ဖူးတာကိုးကွနော်၊ ဖြစ်ဖူးတော့ ဒီမှာလာပြီး ဒေါဏပုဏ္ဏားက နှစ်ဘာဏဝါရရှိတဲ့ စကားကို ကြုံးဝါးတာကိုး၊ ပထမအပိုဒ်ကတော့ အချင်းချင်းငြင်းခုံနေတဲ့ အသံတွေနဲ့ ရောထွေးနေတဲ့အတွက် မကြားလိုက်ဘူး၊ ဒုတိယဘာဏဝါရ ကျတော့မှ ဒေါဏပုဏ္ဏားရဲ့အသံကို ရှင်ဘုရင်တွေ သဲ့သဲ့လေးကြားလိုက်တယ်၊ သဲ့သဲ့လေးကြား လိုက်ပြီ ဆိုတာနဲ့ နားလှည့်ပြီး နားထောင်ကြတယ်။ ဟာ . . . ဒါတော့ ငါတို့ဆရာကြီးရဲ့အသံနဲ့ တူ ပါရဲ့၊ နားစွင့်တော့မှ ဒေါဏပုဏ္ဏားလည်း သူတို့ကို ဆက်ပြီးတော့ ဆုံးမစကား ပြောကြားတယ်၊ ဟာ . . . တခြားလူမမှတ်နဲ့၊ ငါတို့ဆရာပဲ၊ မင်းအပေါင်းရဲ့ဆရာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဆရာဟူသော အနေအားဖြင့် ရိုသေသမှု ဖြစ်ကြတယ်။ အဲဒီတော့မှ ငြင်းခုံမှုတွေ ရပ်လိုက်တော့မှ ဒေါဏပုဏ္ဏားက ဖြန်ဖြေတရားဟောတယ်။ ငါ့တပည့်တို့ . . . ငါတို့မြတ်စွာဘုရား ကိုယ်တော်မြတ် ကြီးရဲ့ဓာတ်တော်ကို အကြောင်းပြုပြီးတော့ ငြင်းခုံမှုတွေ လုပ်ကြတယ်၊ ခိုက်ရန် ဒေါသတွေ ဖြစ်ကြတယ် ဆိုတာ လားလားမှ မတော်ဘူး။ ငါတို့ဆရာမြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ ဓာတ်တော်ဖြစ် တယ်။ သင်တို့ အခုအင်မတန်မှ လိုလိုလားလား ကိုးကွယ်လိုပါတယ်၊ ဆည်းကပ်လိုပါတယ်ဆိုရင်ဖြင့် ငါတို့မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ဓာတ်တော်ဖြစ်တယ်၊ အဲဒီမြတ်စွာ ဘုရားကိုယ်တော်မြတ် နုစဉ်အခါတုန်းက ခန္တီပါရမီ အထူးသဖြင့် ဖြည့်ကျင့်တော်မူခဲ့တဲ့၊ နောက်ကြောင်းဇာတ်တော်ကို ဒီတော့မှ ပြန်ပြီးဟောမူတယ်နော် (မှန်ပါတယ်ဆရာ)။

## ခန္တီဝါဒီရသေ့၊ ဓမ္မပါလသတို့သားစသည့် အကြောင်းတွေကို ဟောကြားခြင်း

ခန္တီဝါဒီရသေ့၊ ဓမ္မပါလသတို့သားစသည့် ဇာတ်တော်တွေကို ဒေါဏပုဏ္ဏားက ခုနစ်ပြည် ထောင်မင်းတွေကို ဟောကြားတယ်၊ ငါတို့ မြတ်စွာဘုရားကိုယ်တော်မြတ် ဘဝနုစဉ်အခါက ဘယ်လို သည်းခံလာတယ်ဆိုတဲ့ အကြောင်းတွေ၊ ခန္တီပါရမီ ဘယ်လောက်ဖြည့်ခဲ့တယ်ဆိုတဲ့ အကြောင်းတွေ ပေါ့နော် (မှန်ပါတယ်ဆရာ)။ အဲဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကိုယ်တိုင်က ခန္တီတရားကို လက်ကိုင်ထားပြီးတော့ ဘုရားဖြစ်အောင် ကြိုးစားလာတဲ့ ကိုယ်တော်မြတ်ကြီးဖြစ်တယ်။ ကိုယ်တော်

http://www.dhammadownload.com



မြတ်ကြီးက အသီးသီးဖြစ်ပေါ်လာတဲ့ ဓာတ်တော်များကို ငါ့တပည့်များ ကိုးကွယ်ချင်တယ်ဆိုတော့ ဒီလိုငြင်းခုံမှုနဲ့ ခိုက်ရန်ဒေါသဖြစ်လို့လည်းပဲ မင်းတို့ မတော်ကြပေဘူး၊ ဒါကြောင့် ခုနစ်တိုင်း ခုနစ်ပြည်က လာတဲ့ မင်းအပေါင်းတွေနှင့်တကွ ကုသိနာရုံပြည်က မလ္လာမင်းတို့သည် အချင်းချင်း ဝေဖန်စိစစ်ခဲ့သော် အဖဘုရားကိုယ်တော်မြတ်၏ တပည့်တပန်းအစစ်တွေ၊ ဒါယကာအစစ်တွေသာ ဖြစ်ကြတယ်တဲ့။ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် သည်းခံမှုထားပြီးတော့ ချစ်ချစ်ခင်ခင် ကြည်ကြည်လင်လင် လေးလေးစားစားနဲ့ သင့်တင့်မျှတစွာဆိုသလိုပဲ အဖဘုရားကိုယ်တော်မြတ်ရဲ့ဓာတ်တော်များကို ညီညီမျှမျှ ဘာဂအဖို့ ပြုပြီးတော့ အသီးသီး ဝေဖန်ပြီးတော့ ယူကြပါ၊ အသီးသီးကိုးကွယ်ကြပါ၊ ဒါမှသာလျှင် မင်းတို့က အဆင်ပြေကြလိမ့်မယ်လို့ ဒေါဏပုဏ္ဏားက ဒီမှာ ဖြန်ဖြေစကားပြောတော့ အားလုံး ဝိုင်းပြီးတော့ အပ်ကြတယ်။ ကောင်းပြီ . . . ငါတို့ဆရာ ဆုံးမတဲ့စကားသည် မှန်၏၊ ငါတို့ဆရာ ဆုံးမတော်မူတဲ့စကားအတိုင်း ငါတို့ဆရာကိုသာလျှင် ပြန်အပ်ကြစေရဲ့နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ကောင်းပါပြီ၊ အရှင်ဆရာကြီး ဆရာကြီးကိုယ်တော်တိုင် ၎င်းဓာတ်တော်များကို အညီအမျှအားဖြင့် အဖို့ဘာဂပြုပြီး ဝေဖန်ပါတော့၊ အကျွန်ုပ်တို့ နာယူပါမယ်လို့ ပဋိညာဉ်ပေးကြတယ်။ အဲဒီလို ပဋိညာဉ်ပေးတဲ့အခါမှာ ဒေါဏပုဏ္ဏားက ကောင်းပါပြီ၊ ငါက အညီအမျှ ဝေပေးမယ်။ အခု အားလုံးပတ်ဝန်းကျင်က ဝိုင်းထားသော ခုနစ်တိုင်း, ခုနစ်ပြည်၊ ကုသိနာရုံပြည်က မလ္လာမင်းပါ တွက်လို့ရှိရင် ရှစ်တိုင်းရှစ်ပြည်ပေါ့။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ဓာတ်တော်တွေ မှန်သမျှ ရှစ်ပုံရှစ်စုပြုပြီးတော့ ငါက အညီအမျှဝေငှပါ့မယ်လို့ ဒေါဏပုဏ္ဏားက ဒီနေရာမှာ ဝေတယ်နော် (မှန်ပါ တယ်ဆရာ)၊ ဓာတ်တော်ကလည်း ဘယ်လောက်ရသလဲဆိုတော့ ရှစ်စိတ်ရတယ်နော် (မှန်ပါ တယ်ဆရာ)၊ တင်းနဲ့ ခြင်ရင် နှစ်တင်းရှိတယ်၊ အဲဒီရှစ်စိတ်ကို ရှစ်ပုံရှစ်စု ပြုလိုက်တော့ မင်းတစ်ပါးလျှင် တစ်စိတ်ကျရတယ်ပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီမှာ မြတ်စွာဘုရားကိုယ်တော်မြတ် ဓာတ်တော်တွေ စုပေါင်းပြီး ထည့်သွင်းထားတဲ့ ရတနာပန်းတောင်းကြီးအဖုံးကို လှပ်လိုက်တဲ့အခါကျတော့ ဒေါဏပုဏ္ဏားက အထဲကြည့်လိုက်တယ်။ ရွှေရောင်အဆင်းနဲ့ တဝင်းဝင်းတောက်နေတဲ့ ဓာတ်တော်အစုံကို မြင်ရတော့ ဒေါဏပုဏ္ဏားကြီးက မဖြေနိုင်, မဆည်နိုင်ဖြစ်ပြီးတော့ မျက်ရည်တွေအတွေတွေ ကျပြီးတော့ ရှိုက်ကြီးတငင်နဲ့ ငိုရှာတယ်နော် (မှန်ပါတယ်ဆရာ)၊ ခါတိုင်းတော့ဖြင့် ရွှေရောင်အဆင်းရှိတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ရွှေမျက်နှာတော်ကြီးကို ဖူးမြင်ရတယ်၊ အခုတော့ဖြင့် အရှင်ဘုရားရဲ့ မျက်နှာတော်ကို မဖူးမြင်ရပါ၊ ရွှေရောင်အဆင်းရှိတဲ့ တဝင်းဝင်းသော ဓာတ်တော်တွေသာလျှင် ဖူးမြင်ရပါလားဆိုပြီးတော့ လှိုက်လှိုက်လှဲလှဲနဲ့ ဝမ်းနည်းပက်လက် ယူကြုံးမရ ဖြစ်ခဲ့တယ်။

http://www.dhammadownload.com



ဒီနေရာမှာ တော်တော်ကြီး ငိုကြွေးကြတယ်၊ သူငိုတာကို မြင်တော့ ပတ်ဝန်းကျင်ကနေ ဝိုင်းထားတဲ့ ရှစ်ပြည်ထောင်စုက မင်းအပေါင်းကလည်း ချုံးပွဲချငိုကြရောနော် (မှန်ပါတယ်ဆရာ)၊ သူပြောတဲ့စကားအရ ပြန်ပြီးတော့သတိရ၍ ဝမ်းနည်းပက်လက်ဖြစ်ပြီးတော့ မဖြေနိုင် မဆည်နိုင်ဖြစ်ပြီး ငိုပွဲကြီးဆင်ကြတယ်။ ဒါပေမယ့် ဒေါဏပုဏ္ဏားက အဲဒီရှင်ဘုရင်ရှစ်ယောက် ငိုပွဲဆင်တဲ့အခိုက် မှာ လစ်ပြီဟဲ့ ဆိုပြီးတော့၊ ဟိုက ငိုပွဲဆင်နေတော့ ဒင်းတို့တော့ သတိလစ်နေတုန်း ငါတော့ လစ်လေမှပဲ ဆိုပြီး လက်ယာအထက်စွယ်တော်ကို ဖြုတ်ဆို ယူပြီးတော့ သူ့ရဲ့ခေါင်းပေါင်းကြား ညှပ်ထားလိုက်တယ်။ ဟိုမင်းတွေကလည်း ရှိုက်ကြီးတငင် ပင်ပန်းစွာ ငိုနေတော့ မမြင်လိုက်ဘူးပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အဲဒီအလစ်ကလေးမှာပဲ အုပ်လိုက်တာ၊ ငါတော့ နေရာကျပြီ၊ လက်ယာအထက်စွယ်တော်တော့ ငါရပြီ၊ စေတီတည်ပြီး ငါကိုးကွယ်မှုပဲ၊ ဒီနေရာမှာ ခိုးတာတော့ သူ့အပြစ်မဆိုပါဘူးကွယ်၊ အင်မတန် ကြည်ညိုလွန်းလို့နော် (မှန်ပါတယ်ဆရာ)။ ဒီပြင်ဟာ ခိုးရင်တော့ အပြစ်ပေါ့လေ၊ မဆိုကောင်းပါဘူး၊ သဒ္ဓါတရားအားကြီးလို့ ဆိုရမှာပေါ့။

ဒါနဲ့ ဓာတ်တော်တွေ ရုံထားတယ်၊ ပန်းတောင်းကြီးဖွင့်ပြီးတော့ ဓာတ်တော်တွေ အသီးသီးနဲ့ ခွက်နဲ့ ခြင်ခြင်ပြီးတော့ ဝေလိုက်တော့ ရတနာခွက်တွေနဲ့ ရတနာပန်းတောင်းတွေနဲ့ အသီးသီးခံတော့ ဓာတ်တော်က အားလုံးမှ ရှစ်စိတ်ပဲ ရှိတယ်ဆိုတော့၊ မင်းတစ်ပါးလျှင် တစ်စိတ်ကျစီ ဝေလိုက်တော့ ဓာတ်တော်တွေ ကုန်သွားရော၊ ဓာတ်တော်ကုန်တော့ ငါ့ခေါင်း ညှပ်ထားတဲ့ လက်ယာအထက်စွယ်တော်တော့ ငါရတော့မှာပဲ၊ ငါ့အဖို့ကတော့ ထိပ်တန်းတော့ အတော်ကျပြီဆိုပြီးတော့ ဝမ်းပန်းတသာနဲ့ စမ်းကြည့်တယ်နော် (မှန်ပါတယ်ဆရာ)၊ စမ်းကြည့်တော့ ဘယ်ရှိတော့မတုံး၊ သူ့ရဲ့ခေါင်းပေါင်းကြားညှပ်စဉ်အခါကတည်းက တာဝတိံသာနတ်ပြည်က သိကြားက ပိုပြီးတော့ သူ့ထက်လျင်တယ်နော် (မှန်ပါတယ်ဆရာ)၊ အလစ်ကြည့်နေတာ၊ ခေါင်းပေါင်းကြားကို စွယ်တော်ညှပ်ပြီးတာနဲ့တစ်ပြိုင်နက် ဟိုကကြည့်လိုက်တယ်။ ဒေါဏပုဏ္ဏားတော့ လက်ယာစွယ်တော်ကို ခေါင်းပေါင်းကြားညှပ်တာ ဟုတ်ပြီ၊ သူက ဒီစွယ်တော်နဲ့ ထိုက်တန်အောင် တကယ်စေတီတည်ပြီးတော့ ကိုးကွယ်နိုင်တဲ့ အခြေအနေရှိသလားလို့ ကြည့်လိုက်တဲ့အခါကျတော့ မမြင်ဘူးတဲ့၊ ပုဏ္ဏားက သိပ်ချမ်းသာဟန် မတူပါဘူးကွနော် (မှန်ပါတယ် ဆရာ)၊ ဒီစွယ်တော်နဲ့ သူနဲ့မထိုက်တန်ပေဘူးတဲ့၊ ဒါကြောင့် သူ့အလစ်ကို ဒီစွယ်တော်ကို ငါယူပြီးတော့ တာဝတိံသာနတ်ပြည်မှာ စူဠာမဏိဘုရားတည်ပြီး ဌာပနာမှပဲဆိုပြီးတော့ ဟောဒီနေရာမှာ သိကြားမင်းက နတ်တို့၏ ဣန္ဒိပါဒ်တန်ခိုးနှင့် စုပ်ဆို အုပ်သွားပါရောနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ "သူခိုးလက် သူဝှက်မတယ်"ဆိုတာ အဲဒီက စလာတယ်။

http://www.dhammadownload.com



ပထမက ဒေါဏပုဏ္ဏား သူခိုးမဟုတ်လား (သူခိုးပါဆရာ)၊ သူ့လက်ထဲကနေ သိကြားမင်းက တစ်ဆင့်အုပ်လိုက်တော့ သူဝှက်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ သူခိုးလက် သူဝှက်မမယ်။ သိကြားမင်းက အုပ်သွားတယ်၊ ယူသွားစရာ မရှိတော့ဘူး၊ ဒီတော့မှ သူ့ခေါင်းပေါင်းကြား ပြန်ပြီးတော့ ရှာတဲ့အခါ မရှိတော့ဘူး၊ ရှာတဲ့အခါ မရှိတော့ "အဝေမတတ် ဆရာဝတ်" ဆိုတဲ့အတိုင်း ငါ့အားကိုးအားထားတစ်ခုနဲ့ ဒီလက်ယာစွယ်တော်ကြီး ငါရမလားလို့ ဦးရစ်ကြားမှာ ငါက ညှပ်ထားတာ။ အခု စမ်းကြည့်တော့ မရှိတော့ဘူး၊ ငါထက်လျင်တဲ့ သူခိုးက အုပ်သွားမှပဲ၊ ဒါပေမယ့် ငါကိုးကွယ်ဖို့ အခုအချိန်အခါ ဝေပြီးခါမှ ငါ့အဖို့မရှိတဲ့အတွက် ငါ့ကို ပြန်ပေးကြပါဦးဆိုလို့ စကားက မကောင်းဘူး၊ ဘယ့်နှယ့်နည်းမှ တောင်းလို့လည်း ရမှာမဟုတ်ဘူး၊ တောင်းလို့လည်း မတော်ဘူး၊ ဒါပေမယ့် မတော်တော့ သူဝှက်ထားတဲ့ လက်ယာအထက်စွယ်တော် ပျောက်ဆုံးသွားတဲ့အကြောင်းကို ဒီမင်းတွေ ထုတ်ဖော်ပြောလို့လည်း မတော်ဘူး၊ ဒါ "သူခိုးသေလို့ မငိုဝံ့" ဆိုသလိုပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒီလို ပြောလည်း မတော်ဘူး၊ ဒါဖြင့် ငါ့ကိုးကွယ်စရာ လက်မဲ့ဖြစ်နေပေါ့ဆိုပြီးတော့၊ သူက ဘာတောင်းသလဲဆိုတော့ "အချင်းမင်းသားတို့ အခုငါ့မြင်ကြတဲ့အတိုင်း မင်းတို့အသီးအသီး ရှစ်စုရှိတဲ့ ဓာတ်တော်တွေ အသီးသီး အညီအမျှ ဝေငှလိုက်တော့ ငါ့ကိုးကွယ်စရာ ဘာမျှမရှိ ဖြစ်နေတယ်။

ဒါကြောင့် ဓာတ်တော်တွေ ဖိလောင်းထားတဲ့ ရတနာပန်းတောင်းကြီးကို ငါ့ပေးကြပါလို့၊ ရတနာပန်းတောင်းက နည်းတာမဟုတ်ဘူး၊ ရွှေသားချည်းအတိပဲနော် (မှန်ပါတယ်ဆရာ)၊ ပေါက်ဈေးနဲ့ ရောင်းတောင် သိန်းချီမကတန်နေတာ၊ ဟိုကလည်း မပေးဘူးနော် (မှန်ပါတယ်ဆရာ)၊ မပေးနိုင်ဘူးတဲ့၊ မပေးနိုင်တော့ ဓာတ်တော်ခြင်တဲ့ ခွက်ငယ်ပေးလိုက်တယ်၊ အဲ့ဒါယူသွားပါ၊ အဲဒါကိုးကွယ်တဲ့၊ ဒီတော့မှ ပုဏ္ဏားလည်းအဲဒီခွက်ငယ်လည်း ရရော၊ ခွက်ငယ်ရလာတော့ သူလည်း ဒီခွက်ငယ်ကိုပဲ ဌပနာသွင်းပြီး စေတီတည်ပြီးတော့ ကိုးကွယ်ရှာပါတယ်နော် (မှန်ပါတယ်ဆရာ)၊ မင်းတွေလည်း အသီးသီး ဓာတ်တော်တွေ ရပြီးတော့ ကိုယ့်ဓာတ်တော်တွေ ကိုယ်ပင့်ပြီးတော့ မင်္ဂလာရှိစွာနဲ့ မိမိတို့တိုင်းပြည်ကို မိမိတို့ အသီးသီးပြန်ကြပြီ။

မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံလို့ နောက်ဆုံးမှာကြားတော်မူတဲ့ မှာတမ်းတော်စကား၊ ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ခန္ဓာပဋ္ဌကဒြပ်တော်က ကျလာတဲ့ အသီးသီးသော ဓာတ်တော်များလည်းပဲ ခုနစ်တိုင်းခုနှစ်ပြည်ကို ဝေငှလို့ ပြီးကြပြီ။ ပြီးတော့ (၂၁)ရက်လုံးလုံးပဲ ကြာခဲ့တယ်၊ ကိုယ်တော်မြတ်ပရိနိဗ္ဗာန်စံယူတဲ့နေ့က စပြီးတော့ ဓာတ်တော်ဝေငှတဲ့ အချိန်အထိ (၂၁)ရက် ရှိသွားပြီ။ အဲဒီလို ဓာတ်တော်ဝေငှပြီးတဲ့အခါမှာ အတိုင်းတိုင်း, အပြည်ပြည်က မင်းများလည်း မိမိတို့ရတဲ့ ဓာတ်တော်များကို အသီးသီးပင့်ဆောင်ပြီးတော့ တိုင်းတော်, ပြည်တော်ကို ပြန်ကြတယ်။ ဒီအခါ ကျန်ရစ်

http://www.dhammadownload.com



ခဲ့တဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ သားတော်ဖြစ်ကြတဲ့ တပည့်တပန်းရဟန်း ပရိသတ်ကတော့ ကျန်ရစ်ခဲ့တယ်။ ရှင်မဟာကဿပအမှူးရှိသော သံဃာပေါင်းခုနစ်သိန်း ရှိတယ်။ မြတ်စွာဘုရား ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတယ်လို့ကြားရင်ပဲ အဝေးအနီးဆိုသလို ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူတဲ့ ကိစ္စကြောင့်ကြွလာတဲ့ သံဃာပေါင်းခုနစ်သိန်း ရှိကြတယ်။ ရှင်မဟာကဿပကိုယ်တော်မြတ်ကလည်း စောစောက ပြောလာတဲ့အတိုင်းပဲ ပါဝါပြည်မှာ နေအလွန်ပူလို့ နေခိုတဲ့အချိန်မှာ အာဇီဝက တက္ကတွန်းနဲ့တွေ့လို့ ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတဲ့အကြောင်းကို သတင်းစကား မေးလို့ ဒီအချိန်အခါမှာ နောက်ပါဖြစ်တဲ့ ပုထုဇဉ်ရဟန်းတွေ၊ သောတာပန်ရဟန်းတွေ၊ သကဒါဂါမ်ရဟန်းတွေ၊ အနာဂါမ်နဲ့ ရဟန္တာက လွဲရင်ပေါ့လေ၊ ကျန်တာတွေ အကုန်လုံး လှိုက်လှိုက်လှဲလှဲနဲ့ ငိုပွဲကြီး ဆင်ကြတဲ့ အချိန်မှာ အာတုမာပြည်သား သုဘဒ္ဒရဟန်းကြီးပြောတဲ့စကားကို ဒီစဉ်အခါမှာ မှတ်သားထိုက်တယ်၊

ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတဲ့ ကိစ္စအဝဝ ပြီးဆုံးတဲ့အချိန်ကျတော့ သံဃာ့အစည်းအဝေးကြီးမှာ သင်္ဂါယနာတင်ဖို့ ငါတင်ပြမယ်လို့ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက တဟိယသာဝကသားတော်ကြီးဖြစ်လို့၊ ယခုအချိန်အခါ ရောက်နေပြီ၊ ဓာတ်တော်လည်း အသီးသီး ဝေငှလို့ **ပြီးနေပြီ၊ ပြုဖွယ်ကိစ္စလည်း ကုန်ကျပြီ၊ ကြွင်းကျန်တဲ့ ရဟန်းပရိသတ်ခုနစ်သိန်း ဒီမှာစုဝေးနေကြတယ်၊** ကြတယ်၊ ဓာတ်တော်ထားရာ, ဓာတ်တော်ပူဇော်ရာဇရပ်ကြီးမှာ သံဃာခုနစ်သိန်းကို အစည်းအဝေးခေါ်ပြီးတော့ ရှင်မဟာကဿပကိုယ်တော်မြတ်က ဘာပြောသတုံးဆိုတော့ "ငါရှင်တို့ ငါမြတ်စွာဘုရားကိုယ်တော်မြတ်ထံ လာတဲ့အခါမှာ မကြာမြင့်မီပဲ ပါဝါပြည်မှာ နေခိုတဲ့ အခိုက်အတန့်မှာ အာဇီဝကတက္ကတွန်းဆောင်ယူလာတဲ့ မန္ဒာရဝနတ်ပန်းကို အကြောင်းပြုပြီးတော့ ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတာနဲ့ တူပါရဲ့၊ ကိုယ်တော်မြတ်ရဲ့ သတင်းစကားကို ငါမေးတဲ့အချိန်၊ ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတဲ့အကြောင်းကို အာဇီဝကက္ကတွန်းက ပြောလို့ ငါ့နောက်ပါ သံဃာငါးရာများထဲမှာ ပုထုဇဉ်ရဟန်းတွေ၊ သောတာပန်ရဟန်းတွေ၊ သကဒါဂါမ်ရဟန်းတွေ ဖြေဆည်လို့ မရဘူး၊ ရှိုက်ကြီးတငင် ပင်ပန်းစွာ ပူဆွေးငိုကြွေးကြတယ်။

အဲဒီအချိန်အခါမှာ အာတုမာပြည်ကလိုက်လာတဲ့ သုဘဒ္ဒရဟန်းကြီးဟာ ငါတို့ဆရာဖြစ်တဲ့ မြတ်စွာဘုရားကိုယ်တော်မြတ် ရွှေစင်အဆင်းရှိတဲ့အလောင်းမှ မပျောက်သေးဘူးလို့ ကိုယ်တော်မြတ်ရဲ့ကျေးဇူးသစ္စာကို မထောက်ထားဘဲနဲ့ အင်မတန်ဆိုးဝါးတဲ့ပြောမှု, ဆိုမှု, စွပ်စွဲမှုတွေ မပြုလုပ်ကြနဲ့၊ ဒီစဉ်အခါတုန်းက ငါ့ရှင်တို့ မငိုကြပါနဲ့၊ အခုမှ ဂေါတမလက်တွင်းက လွတ်ကင်းရတယ်၊ အခုမှ လုံးဝ လွတ်လပ်ရေးရတယ်၊ ငါတို့ လုပ်ချင်ရာ လုပ်နိုင်တယ်၊ သွားချင်တာ သွားနိုင်တယ်၊ လာချင်ရာ လာနိုင်တယ်၊ ပြောချင်တာ ပြောနိုင်တယ်၊ ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်သည် ငါတို့အပေါ်မှာ

http://www.dhammadownload.com



အထူးသဖြင့် ချုပ်ချယ်လာ၍ ငါတို့ အင်မတန်ပင်ပန်းဆင်းရဲခဲ့တယ်။ ဘယ်ဒင်းတော့ မလုပ်ရဘူး၊ ဘယ်ဒင်းတော့ လုပ်ရမယ်၊ ဘယ်ဒင်းတော့ ကျင့်ရမယ်၊ ဘယ်ဒင်းတော့ မကျင့်ရဘူး၊ ဘယ်ဒင်းတော့ မလုပ်ကောင်းဘူး၊ ဘယ်ဒင်းတော့ လုပ်ကောင်းတယ်လို့ ဥပဒေအမျိုးမျိုး ထုတ်ပြီးတော့ ငါတို့ကို ဖိစီးနှိပ်စက်လာတာ၊ အတော်လေး ပြင်းပြစွာ ခံစားလာခဲ့ရတယ်။ ခုတော့ လုံးဝလွတ်လပ်ရေးရပြီတဲ့၊ အဖဘုရားကိုယ်တော်မြတ်ကြီး၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို ပြောကြားနေတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေ အင်အား မစုဆောင်းမီ၊ အင်အား မများခင် ဒီလိုသာသနာဖျက်ဆီးမဲ့ အင်မတန် ဆိုးဝါးယုတ်မာသော ရဟန်းယုတ်တွေ၊ ၎င်းအသင်းအပင်းများ အားမရှိမှီ၊ ငါတို့ဓမ္မဝါဒီဖြစ်တဲ့ "လဇ္ဇီ သီလဝန္တ" သူတော်ကောင်းတွေ အားမသေးမီ ၎င်းအလဇ္ဇီခေါ်တဲ့ သူယုတ်မာတွေ မကြီးပွားမီ သင်္ဂါယနာတင်ကြစို့။ ပန်းများဟာ သီတံကြိုးမရှိလို့ရှိရင် ဖရိုဖရဲကြဲဖြန့်ပြီးနေသလိုပဲ ကိုယ်တော်မြတ် ဆုံးမတော်မူသော သုတ်, ဝိနည်း, အဘိဓမ္မာဆိုတဲ့ ဒေသနာအရပ်ရပ်တွေလည်းပဲ သီတံကြိုးသဖွယ် ဖရိုဖရဲမဖြစ်အောင် သင်္ဂါယနာတင်ခြင်းကိစ္စဖြင့် ထိန်းသိမ်းကြစို့။ ဒါကြောင့် သင်္ဂါယနာတင်ကြစို့ရဲ့၊ ရှင်မဟာကဿပကိုယ်တော်မြတ်က ရဟန်းတော်တွေကို ဒီနေရာမှာ ဩဝါဒပေးတယ်၊ အကြံဉာဏ် ပေးတယ်။

သာသနာတော်ကြီးကို ဖျက်ဆီးတတ်တဲ့ ဒီလိုပုဂ္ဂိုလ်တွေ များလာလို့ရှိရင် သာသနာတော် လျင်မြန်စွာ ပျက်စီးရာအကြောင်းရှိတယ်။ ကိုယ်တော်မြတ်ရဲ့ ကျေးဇူးသစ္စာလည်း မထောက်၊ ကိုယ်တော်မြတ်ရဲ့ ဆုံးမတော်မူတဲ့စကားကို၊ ငါတို့သူငါ လူတကာတွေ သတ္တဝါအများကို အပါယ်သို့ မလားစေခြင်း အကျိုးငှာ၊ သံသရာဝဋ်အတွင်းမှ လွတ်ကင်းပါစေခြင်းအကျိုးငှာ ငါတို့အဖဘုရားကိုယ်တော်မြတ်သည် လေးဆယ့်ငါးနှစ်ကြာမျှကာလပတ်လုံး အင်တိုက်အားတိုက် အမျိုးမျိုးအားဖြင့် ဆုံးမဩဝါဒ ပေးသနားတော်မူတဲ့ ကျေးဇူးတွေ မထောက်မထားဘဲနဲ့ အခုလို ရက်ရက်စက်စက် ပြောဆိုတယ်ဆိုတဲ့ သူယုတ်မာများ သာသနာကို မစီးပွားမီ၊ မတိုးတက်မီ၊ အားမရှိမီ အသင်းအပင်းတွေ မဖြစ်ပေါ်မီ ကြိုတင်ပြီးတော့ ကာကွယ်တဲ့အနေအားဖြင့် ငါတို့ သင်္ဂါယနာတင်ကြစို့၊ သံဃာတော် ခုနစ်သိန်းကို ပန်ကြားတယ်၊ သံဃာတော်ခုနစ်သိန်းကို ပန်ကြားတော့ သံဃာတော်များက ပြန်ပြီးတော့ ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးအား တာဝန်ပေးတယ်၊ ကောင်းပါတယ်ဘုရား၊ တပည့်တော်များလည်း အလွန်မှ လိုလားတော်မူပါတယ်၊ အဖဘုရားကိုယ်တော်မြတ် အခုရွှေစင်အတိပြီးသော အလောင်းတော်မှ မပျောက်ခင် ၎င်းသုဘဒ္ဒရဟန်းကဲ့သို့ ပုဂ္ဂိုလ်များသည် ပေါ်လာတာကို ထောက်ဆသောအားဖြင့် အကယ်တန္တု သင်္ဂါယနာမတင်ဘဲ နေခဲ့သော် သာသနာကြီးသည် မကြာမြင့်မီ ပျက်စီးရာ၏။

ဒါကြောင့် အလဇ္ဇီ သူယုတ်မာ ဆိုတဲ့ ပုဂ္ဂိုလ်မျိုးသည် အင်အား မများမီ ကြိုတင်ပြီးတော့ ကာကွယ်ကြစို့၊ ကာကွယ်တဲ့အနေအားဖြင့် သင်္ဂါယနာတင်ခြင်းသည် အလွန်မှသင့်လျော်ကြောင်းပါ။

http://www.dhammadownload.com



ဒါကြောင့် အရှင်ဘုရားကလည်း သင်္ဂါယနာတင်ခြင်းကိစ္စမှာ အားကြိုးမာန်တက် အကြီးအကဲ ဖြစ်သည် အားလျော်စွာ ဆောင်ရွက်တော်မူပါလို့ တာဝန်လွှဲတယ်၊ တာဝန်လွှဲတော့ ရှင်မဟာကဿပ ကိုယ်တော်မြတ်က စဉ်းစားတယ်၊ ဒီသင်္ဂါယနာတင်တဲ့ကိစ္စမှာ အဲဒီလိုသာမန်ပုဂ္ဂိုလ်တွေကို ထည့်သွင်းလို့ မဖြစ်ဘူး၊ ပုထုဇဉ်ပုဂ္ဂိုလ်များလည်း ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်တဲ့ပုဂ္ဂိုလ်ကလည်းပဲ အမြောက်အများ ရှိကြတယ်၊ သောတာပန်ရဟန်းတွေ၊ သကဒါဂါမ်ရဟန်းတွေ၊ အနာဂါမ်ရဟန်းတွေ ဒီလိုပုဂ္ဂိုလ်တွေလည်း အမြောက်အများရှိကြတယ်။ ဒါပေမယ့် အခုလိုပဲ အင်မတန်မှ သံဃာပရိသတ် များပြားနေတဲ့ အထဲမှာ ထိပ်တန်းအကျဆုံးဆိုတဲ့ “ပဋိသမ္ဘိဒါပတ္တ ဆဠာဘိညာ”ဆိုတဲ့ ရဟန္တာတွေ ရွေးရရင် ပို၍ ကောင်းမယ်လို့ ရှင်မဟာကဿပက အကြံအစည်ဖြစ်တယ်။ ရှင်မဟာကဿပအကြံအစည်ဖြစ်လို့ “ပဋိသမ္ဘိဒါပတ္တ ဆဠာဘိညာ”ဆိုတဲ့ ရဟန္တာချည်းပဲ ရည်ရွယ်တုန်းကတော့ အားလုံး ငါးရာစာရင်းကို ကောက်တယ်၊ စာရင်းကောက်တော့ ငါးရာအတိအကျ မကောက်ဘူး၊ တစ်ပါးလျှော့ကောက်တယ်၊ လေးရာ့ကိုးဆယ့်ကိုးပါး စာရင်းကောက်တယ်၊ ကိုယ်တော်မြတ်ကြီးတွေလည်း အသီးအသီးစာရင်း လာပေးလို့၊ အဲဒီငါးရာပြည့်ဖို့ တစ်ပါးချန်ထားတာ ဘာအတွက်လဲဆိုတော့ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက ရှင်အာနန္ဒာကို ထည့်ချင်တယ်။ ဒီအထဲမှာ ရှင်အာနန္ဒာက ခုမှ သောတာပန်ရှိသေးတာ၊ သေက္ခပုဂ္ဂိုလ်လို့ ခေါ်တယ်။

ငါ မူလကြေညာထားတာက “ပဋိသမ္ဘိဒါပတ္တ ဆဠာဘိညာ” ထိပ်တန်း ရဟန္တာကြီးတွေကို စာရင်းကောက်ယူတယ်၊ ငါးရာတိတိ စာရင်းယူတယ်၊ ဒီအထဲမှာ ရှင်အာနန္ဒာကို ငါထည့်လိုက်မယ်ဆိုခဲ့သော် မုချအားဖြင့် ငါ့အပေါ်မှာ စွပ်စွဲကဲ့ရဲ့ဖွယ်ရောက်တော့မယ်၊ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးဟာ ဆန္ဒာဂတိလိုက်စားတယ်၊ ရဟန္တာကြီးတွေ ကောက်မယ်ဆိုပြီးတော့ အခု ရှင်အာနန္ဒာက သောတာပန်မျှသာ ဖြစ်သေးတယ်၊ သူ့ကို ထည့်သွင်းထားတယ်၊ ရှင်အာနန္ဒာနဲ့ ရှင်မဟာကဿပကိုယ်တော်မြတ်ကလည်း အင်မတန်အကျွမ်းဝင်ကြတယ်၊ အသက်ခြောက်ဆယ်ကျော်လို့ ဆံဖြူတဲ့အရွယ်ရောက်တောင်ပဲ ရှင်မဟာကဿပက ရှင်အာနန္ဒာကို သူမကြိုက်တဲ့ကိစ္စလေးတွေ တွေ့လို့ရှိရင် ပြောတာမှ ချစ်ကျွမ်းဝင်တဲ့အနေနဲ့ ပြောတယ်။ ဒီသူငယ်ဟာ ဒီလောက်မှ မသိဘူးလား၊ ဒီသူငယ် ဒီနေရာမှာ အလိုက်မသိဘူးလား၊ ဒီသူငယ်က ဒီနေရာမှာ နားမလည်ဘူးလား၊ ဒီလိုပြောဆိုတဲ့ အလေ့အထ ရှိတယ်၊ အဲဒါဘာလဲ ဆိုတော့ အင်မတန်အကျွမ်းဝင်တဲ့သဘောပေါ့၊ အဲဒီတော့ အကျွမ်းဝင်ထားတဲ့ ကိစ္စက ရှိထားတော့ ရှင်မဟာကဿပကိုယ်တော်မြတ်က ရှင်အာနန္ဒာကို ထည့်ချင်ပေမယ့် မထည့်ရဲဘူး၊ အများက ဆန္ဒာဂတိလိုက်တယ်လို့ စွပ်စွဲမှာစိုးလို့ပါ။

ကိုင်း . . . ကောင်းပါပြီ၊ အခုလို ပိဋကတ်သုံးပုံမွှေကာ နှောက်ကာနဲ့ ကောက်ကာ ငင်ကာ ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ပုထုဇဉ်လည်း ရှိတယ်၊ သောတာပန်လည်း ရှိတယ်။ သကဒါဂါမ်

http://www.dhammadownload.com



လည်း ရှိတယ်။ အနာဂါမ်လည်း ရှိတယ်။ ဒီလိုပုဂ္ဂိုလ်တွေ ရှိလျက်သားနဲ့ ရှင်အာနန္ဒာ သောတာပန်မျှသာဖြစ်လျက်သားနဲ့ ဘာ့ကြောင့်ဒီအထဲမှာ ထည့်သွင်းချင်သလဲဆိုတော့ ရှင်အာနန္ဒာဟာ အားလုံးကြားဖူးကြတဲ့အတိုင်း မြတ်စွာဘုရားကိုယ်တော်မြတ် မျက်မှောက်တော်မှာ ဒီပိဋကတ်တော်တွေကိုယ်တိုင်ကိုယ်ကျအားဖြင့် သင်ယူတဲ့ပုဂ္ဂိုလ်လည်းဖြစ်တယ်၊ ဒါကြောင့် သူ့ကို "ဓမ္မဘဏ္ဍာဂါရိက"ဆိုတဲ့ဘွဲ့ပေးထားတယ်၊ "ဓမ္မ"က ဓမ္မက္ခန္ဓာတရားရတယ်။ "ဘဏ္ဍာဂါရ"က ဘဏ္ဍာတိုက်၊ "အာဂါရိက" ပစ္စည်းကို စောင့်ရှောက်သူ ရတယ်၊ "ဓမ္မဘဏ္ဍာဂါရိက" တရားဘဏ္ဍာတိုက်ကြီးကို စောင့်ရှောက်သူလို့ဆိုလိုတယ်။ ဒါသူများလို မြတ်စွာဘုရားကိုယ်တော်မြတ်မျက်ကွယ်မှာ သင်ရတာ မဟုတ်ဘူး။ မျက်မှောက်မှာချည်းပဲ သင်လာခဲ့ရတာ။ ဒါကြောင့် ဒီပိဋကတ်တော်တွေကို သင်္ဂါယနာတင်တဲ့ကိစ္စကျတော့ရှင်အာနန္ဒာကို လွှတ်လို့မတော်ဘူး။ ရှင်မဟာကဿပကိုယ်တော်မြတ် မြင်တယ်၊ သောတာပန်မျှသာဖြစ်သေးပေမယ့် ဒီအထဲမှာ ထည့်ချင်တဲ့ဆန္ဒရှိတယ်။ ဒါပေမယ့် ငါ့သဘောနဲ့ ထည့်လိုက်ရင်ငါက စောစောက ကြေငြာထားတဲ့ "ပဋိသမ္ဘိဒါပတ္တ ဆဠာဘိညာ" ဆိုတဲ့ ရဟန္တာကြီးတွေ ငါးရာတိတိကောက်မယ်လို့ ငါပြောထားတယ်။ ကိုယ့်စကားချန်ကောက်ထားတာက ရှင်အာနန္ဒာအတွက် နေရာကိုငါချန်ထားတယ်၊ ငါ့အနေအားဖြင့် ထည့်လိုက်လို့ရှိရင် ငါ့ချစ်ကျွမ်းဝင်လို့သာလျှင် ဒီရှင်အာနန္ဒာကိုထည့်ထားတယ်၊ ဆန္ဒာဂတိလိုက်တယ်လို့ ငါ့စွပ်စွဲလိမ့်မယ်။ ဒီတော့ လေးရာ့ကိုးဆယ့်ကိုးပါး ကောက်ထားတော့ တစ်ပါးလိုနေတယ်။

တစ်ပါးလိုနေတော့ ငါ့အထည့်နဲ့ မထည့်ဘူး၊ သံဃာ့အထည့်နဲ့ဆိုရင် ထည့်မယ်လို့ စီစဉ်ထားတယ်။ ဒီတော့ တစ်ပါးလိုနေတော့ တစ်ပါးအတွက် ရှာကြတော့ အားလုံးသော သံဃာတော်တွေကနားလည်မှုရှိပါတယ်။ ကေန္တ တစ်ပါးချန်ထားတာက ရှင်အာနန္ဒာအတွက် ချန်ထားတာနဲ့ တူတယ်၊ ရှင်အာနန္ဒာကို သင်္ဂါယနာတင်တဲ့ကိစ္စမှာ သူ့လွှတ်လို့တော့ မဖြစ်ဘူး၊ ဘာကြောင့်တုံးဆိုတော့ တစ်ပါးသောပုဂ္ဂိုလ်ကတော့ မျက်ကွယ်မှာ သင်လို့ တတ်မြောက်တာတွေ များတယ်၊ ရှင်အာနန္ဒာကတော့ဘုရားမျက်မှောက်တော်မှာ သင်လာတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ ဒါကြောင့် သူ့မှာလည်း "ဓမ္မဘဏ္ဍာဂါရိက" ဆိုတဲ့ ဘွဲ့တော်လည်း ရထားတယ်၊ တရားဘဏ္ဍာစိုး၊ တရားဘဏ္ဍာတိုက်စိုးကြီးတစ်ပါးလည်း ဖြစ်ခဲ့တယ်၊ ဒီတော့ သူ့ကို လက်လွှတ်လို့လည်း မဖြစ်တော့၊ သူ့ကို သွင်းလေမှပဲလို့ ပတ်ဝန်းကျင် သံဃာတော်များက သမုတ်ပြီး အရှင်ဘုရား ကျန်တဲ့တစ်ပါးအတွက်တော့ဖြင့် ရှင်အာနန္ဒာနဲ့ သင့်လျော်ကြောင်းပါဘုရား၊ ရှင်အာနန္ဒာကို ထည့်သွင်းတော်မူပါလို့ သဘောတူ ထည့်သွင်းကြတယ်။

ဒါကြောင့် ရှင်အာနန္ဒာသည် မြတ်စွာဘုရားကိုယ်တော်မြတ် မျက်ကွယ်မှာ သင်ယူရတဲ့တရားတွေမဟုတ်ပါဘူး၊ ဒီကိုယ်တော်မြတ်ရဲ့ ထူးထူးခြားခြား မြတ်စွာဘုရားမျက်မှောက်မှာ သင်လာတဲ့ ပုဂ္ဂိုလ်

http://www.dhammadownload.com



လည်းဖြစ်ပါတယ်။ ဒါကြောင့် သူမသင်ဘူးဆိုတာလည်း မရှိခဲ့ပါ။ ဒါကြောင့် သူကိုလည်းပဲ "ဓမ္မဘဏ္ဍာဂါရိက"ဆိုတဲ့ ဘွဲ့ထူးရထားလို့ ၎င်းပုဂ္ဂိုလ်ကို ထည့်သွင်းဖို့သင့်ပါကြောင်းလို့ ဘေးက သံဃာတော်များ တိုက်တွန်းတော့မှ ရှင်မဟာကဿပကိုယ်တော်မြတ်က လက်ခံတယ်၊ လက်ခံလိုက်တော့ ဘယ်လိုဖြစ်သွားသလဲဆိုရင် သင်္ဂါယနာတင်တဲ့ပုဂ္ဂိုလ်က "ပဋိသမ္ဘိဒါပတ္တ ဆဠာဘိညာ"ဆိုတဲ့ ရဟန္တာလေးရာ့ကိုးဆယ့်ကိုးပါး၊ သောတာပန်မျှသာဖြစ်သေးတဲ့ ရှင်အာနန္ဒာကတစ်ပါးဆိုတော့ ပေါင်းလိုက်တော့ ငါးရာပြည့်ရော။ ပြီးတော့မှ ဒီနေရာမှာ အချိတ်အဆက်ပေးတယ်။ အခုဝါဆိုဖို့ဟာ ရက်လေးဆယ်လောက်သာ လိုတော့တယ်တဲ့၊ ရှင်မဟာကဿပကိုယ်တော်မြတ်က ငါတို့ သင်္ဂါယနာတင်တဲ့ကိစ္စ ဘယ်မြို့, ဘယ်ဒေသ, ဘယ်ရွာမှာ ပြုလုပ်လို့ကောင်းမလဲလို့ နေရာကို ရွေးကြတော့ ရာဇဂြိုဟ်ပြည်မှာ သွားကျတယ်။ ရာဇဂြိုဟ်ပြည်ဟာ ကြီးကျယ်ခမ်းနားသော မင်းနေပြည်တော်လည်း ဖြစ်တယ်။ သင်္ဂါယနာတင်မည့် ပုဂ္ဂိုလ်များအတွက်လည်း ဂေါစရဂါမ်လည်း ကောင်းတယ်၊ ပြန့်ပြောတဲ့ မြို့နယ် ဒေသလည်း ဖြစ်တယ်၊ မြို့နေလူထုကို ကြည့်ပြန်တော့လည်းပဲ သဒ္ဓါတရား အင်မတန်ထက်သန်ကြတယ်။ ဒါကြောင့် ရာဇဂြိုဟ်ပြည်ကြီးသာလျှင် သင်္ဂါယနာတင်ကြောင်းကိစ္စသည် သင့်လျော်ကြောင်းပါလို့ အားလုံးက ဆန္ဒပေးကြတယ်။

ဒါနဲ့ ရာဇဂြိုဟ်ပြည်ကို ရွေးတယ်၊ ရွေးပြီးတော့ အချိန်းအချက်ပေးတယ်။ ဒါပေမယ့် ဒီနေ့အဖို့မှာ ရာဇဂြိုဟ်ပြည်မှာဆိုလို့ရှိရင် သင်္ဂါယနာတင်သက်ဝင်တဲ့ ပုဂ္ဂိုလ်ငါးရာမှတစ်ပါး တခြားသော ပုဂ္ဂိုလ်များ ဝါမကပ်ရလို့ ကတိကဝတ်ထားတော်မူတယ်၊ ဝါမကပ်ရဘူး။ အဲဒီသင်္ဂါယနာတင်မည့် ပုဂ္ဂိုလ်ငါးရာကလည်းပဲ ရာဇဂြိုဟ်ပြည်မှာ ဝါကပ်ကြရမယ်၊ ရာဇဂြိုဟ်ပြည်အရောက် လာကြရမယ်လို့ ဒီလို အချိန်းအချက်ပေးကြတယ်။ အဲဒီလို အချိန်းအချက်သာ ပေးပြီးတော့မှ ကိုယ့်လမ်းခရီး ကိုယ်ပြန်ကြတယ်၊ နောက်ပါ သံဃာအခြံအရံနှင့် ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးကလည်း မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံပွဲလာစဉ်အခါတုန်းက နောက်ပါတပည့်သံဃာငါးရာတို့နှင့် သူလာတဲ့လမ်းအတိုင်း ပြန်ကြတယ်။ အရှင်အနုရုဒ္ဓါကိုယ်တော်မြတ်ကလည်း ဒီလိုပဲ သူ့နောက်ပါသံဃာငါးရာတို့နှင့်တကွ နဂိုကသူလာတဲ့လမ်းအတိုင်း ပြန်ကြတယ်၊ ပြီးတော့လည်းပဲ အသီးသီးပေါ့လေ၊ ဒီလိုပဲ ကိုယ့်တပည့်တပန်း ရဟန်းပရိသတ်တွေနဲ့ ကိုယ်လာတဲ့လမ်းအတိုင်း အသီးသီးပြန်လိုက်ကြတာ၊ ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံပြီးတဲ့နောက်ပိုင်း အသီးသီးပြန်ကြတော့ မျက်နှာညှိုးငယ်တယ်ပေါ့လေ၊ ဝမ်းနည်းပက်လက်ဖြစ်ရှာတယ်။ ရှင်အာနန္ဒာကိုယ်တော်မြတ်ကလည်း ဒီလိုပဲ သူ့တပည့်တပန်း နောက်ပါငါးရာတို့နှင့်တကွ သာဝတ္ထိပြည်သို့ ပြန်ကြွကြတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ် သီတင်းသုံးတော်မူတဲ့ နဂိုရှိရင်းစွဲကျောင်းကိုပဲ ပြန်ရတယ်၊ သူကလည်း လာလမ်းအတိုင်းပဲ ပြန်ကြွတယ်၊

http://www.dhammadownload.com



ရှင်ပုဏ္ဏမထေရ်ကတော့ နောက်ပါရဟန်းခုနစ်ရာတို့နှင့် ကုသိနာရုံပြည်မှာပဲ နေရမယ်လို့ ရှင်မဟာကဿပက အမိန့်ပေးထားတယ်။

ငါ့ရှင်ပုဏ္ဏ နောက်ပါတပည့်တပန်း ရဟန်းပရိသတ်တို့နှင့် ဒီကုသိနာရုံပြည်မှာပဲ ဝါကပ်ရမယ်။ ဒါဘာလုပ်ဖို့လဲဆိုတော့ မြန်မာလို ပြောတော့ မသာမေးလာရင် ဒီကနေ အကြောင်းစကားပြန်ဖို့လို့ ထားပစ်ခဲ့တယ် တရားပါဟောဖို့ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတဲ့ကိစ္စကြီးသည် အဝေးကြီးဆိုသလိုပဲ ပရိသတ်မစုံသေးဘူး၊ အရောက်မစုံသေးဘူး။ ဟိုကလာ ဒီကလာနဲ့ လာကြလိမ့်ဦးမယ်၊ လာတဲ့အခါကျတော့ ငါ့ရှင်ပုဏ္ဏ သင်ဟာဒီမှာ တရားဓမ္မဟောပြပေးလို့ ဒီကနေပြီးတော့ အမေးရှိလည်း ဖြေကြားဖို့ပါပဲ၊ သင်က ကုသိနာရုံပြည်မှာ ဒီနှစ်ဝါဆိုရမယ်လို့၊ ဒီတော့ ရှင်ပုဏ္ဏမထေရ်ကလည်း နောက်ပါတပည့် ရဟန်းခုနစ်ရာတို့နှင့် ဒီမှာ ဝါကပ်ရတယ်။ အဲသလို အသီးသီး လာလမ်းအတိုင်း ပြန်ကြွကြတော့ အလာတုန်းကတော့ အားကြိုးမာန်တက်နဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်နဲ့ ထပ်တူထပ်မျှပါတဲ့ ပုဂ္ဂိုလ်တွေရောပေါ့လေ၊ အခုအပြန်ကြတော့ မျက်ရည်နဲ့မျက်ခွက် ဆိုသလိုပဲ အသီးသီးပဲ ပုထုဇဉ်ဖြစ်တဲ့ပုဂ္ဂိုလ်များ၊ သောတာပန်၊ သကဒါဂါမ်ဆိုတဲ့ပုဂ္ဂိုလ်များလို့ ကိုယ်တော်မြတ်ကို ခွဲခွာပြီးတော့ ပြန်ကြတယ်၊ ရှင်အာနန္ဒာပြန်တဲ့လမ်းကျတော့ လာလမ်းအတိုင်း တစ်ရွာပြီး တစ်ရွာဝင်နဲ့ ဝင်တယ်ပေါ့လေ၊ နောက်ပါသံဃာငါးရာတို့နှင့်တကွ ရှင်အာနန္ဒာပြန်ကြွတော့ တစ်ရွာဝင်လိုက်ရင် ရွာသူရွာသား လူအများက ရှင်အာနန္ဒာရဲ့ မျက်နှာကို မြင်လိုက်ရင် အားလုံးပဲ ပြေးလာကြတယ်။ အူယားဖားယားနဲ့ အရှင်အာနန္ဒာဘုရား အရှင်ဘုရားတို့ ဒီကသွားစဉ်အခါတုန်းကတော့ မြတ်စွာဘုရားကိုယ်တော်မြတ်နဲ့အတူတကွ သွားလို့ အခုပြန်လာတော့ အရှင်ဘုရားတစ်ပါးတည်း၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဘယ်မှာထားခဲ့ပါသလဲဘုရား၊ အခုလည်း မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့ **မျက်နှာတော်ကို တပည့်တော်တို့ မဖူးမြော်ရဘူးဘုရား၊ အရှင်ဘုရားတစ်ပါးတည်း ဖြစ်နေပေါ့၊ ကိုယ်တော်မြတ်ကို ဘယ်မှာထားခဲ့တုံးပါဘုရား၊ အဲဒီလို ဝမ်းနည်းပက်လက်နဲ့ ငိုကြွယိုကြတယ်၊ ငိုရုံတင် မကသေးပါဘူး၊ အရှင်အာနန္ဒာကိုယ်တော်မြတ်ရဲ့ခြေထောက်ကို ဖက်ပြီးတော့ ငေ့ကြွရမ်းကြတယ်။**

ဒီရွာက လူတွေကို ရှင်အာနန္ဒာကိုယ်တော်မြတ်က တရားပါဟောလို့, ပြောလို့, ဆိုဆုံးမလို့ သည်းခံစေတယ်။ နောက်တစ်ရွာ တစ်ခါဆက်ပြန်တော့ ဒီလိုပါပဲ။ တစ်ရွာဝင် တစ်ရွာထွက်နဲ့ လာတယ်၊ ရောက်တဲ့ရွာတိုင်း, ရွာတိုင်း ရပ်သူရွာသားအများဟာ ရှင်အာနန္ဒာရဲ့မျက်နှာကို မြင်လို့ရှိရင် အားလုံး အပြေးအလွှားလာပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် မပါဘူးလားဘုရား၊ အသွားတုန်းက မြတ်စွာဘုရားကိုယ်တော်မြတ်နှင့်အတူတကွ ပြန်လာတော့ အရှင်ဘုရားတစ်ပါးတည်းပဲလား ဘုရားလို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဘယ်မှာ ထားခဲ့သလဲဘုရား၊ ရွာသူရွာသားအားလုံးပဲ ရှိုက်ကြီးတငင်

http://www.dhammadownload.com



ပင်ပန်းအောင် ငိုကြ၊ ယိုကြတယ်၊ ရှင်အာနန္ဒာကိုယ်တော်မြတ်ရဲ့ခြေထောက်ကို ဖက်ကာ ယမ်းကာနဲ့ ဒီလိုပဲ ငိုပွဲကြီးတွေ ဆင်ဆင်လာလိုက်တာ၊ ရွာတိုင်းရွာတိုင်း ဒီလိုအတိုင်းပါပဲလို့၊ မြတ်စွာဘုရား ကိုယ်တော်မြတ်အပေါ် ဒီထိအောင် ကြည်ညိုကြတယ်၊ လေးစားကြတယ်၊ မြတ်နိုးကြတယ်။ ရှင်အာနန္ဒာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းကို ပြန်ရောက်တဲ့အခါကျတော့ ရှင်အာနန္ဒာကိုယ်တော်မြတ်လည်း မျက်ရည်နဲ့မျက်ခွက်ပါပဲလို့ ကျောင်းတော်ပြန်ရောက်တဲ့အချိန်အခါစလို့ အခု ငါတို့မြတ်စွာဘုရားနဲ့ ကျောင်းတော်က ခွာသွားတာ ဘယ်လောက်ကြာသွားပြီ၊ အခုပြန်လာတော့ အမှိုက်သရိုက်**တွေ, ဖုံတွေဘာတွေအကုန်လုံး သုတ်သင်ရှင်းလင်း လှဲခါပစ်တယ်။ မြတ်စွာဘုရား ကျိန်းစက်တော်မူတဲ့ အင်းပျဉ်ညောင်စောင်းတွေချ၊ နေပါလှမ်း၊ လှမ်းပြီးတော့ တခမ်းတနားနဲ့ သန့်သန့်ပြန့်ပြန့် ပြန်လည်ပြင်ဆင်ပြီးတော့မှ ရှင်အာနန္ဒာကိုယ်တော်မြတ်ဟာ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါတုန်းက လုပ်ကျွေးသလို လုပ်ကျွေးတဲ့အတိုင်းပါပဲလို့၊ ကိုယ်တော်မြတ်ကတော့ မရှိဘူးပေါ့လေ။**

ဒါပေမယ့် သူ့မှာ အာရုံက စွဲနေတယ်၊ သူလုပ်ကျွေးနေကျ ဝတ္တရားတွေ အကုန်ပြန်ပြီး အလုပ်လုပ်တယ်။ ကိုယ်တော်မြတ် ကျိန်းစက်တဲ့နေရာက ထလာပြီ ဆိုရင် မျက်နှာသစ်ရေကို တည်တာပဲ၊ ဒီအချိန်ကျရင် အရှင်ဘုရား ဟောဒါက မျက်နှာသစ်ရေပါဘုရား၊ ဒန်ပူပါဘုရား၊ ဒါက မျက်နှာသုတ်ပုဝါပါ ဘုရား၊ ယာဂုတိုက်တဲ့အချိန်ဆိုရင်လည်းပဲ ထို့အတူပဲ၊ အရှင်ဘုရား ယာဂုဘုဉ်းပေးတော်မူပါဘုရား။ ရေချိုးတဲ့အချိန်ကျပြန်ရင်လည်းပဲ အရှင်ဘုရား ရေသပ္ပာယ်တော်မူပါဘုရား၊ ရေချိုးဖို့ အဆင်သင့်ရှိပြီးသားပါဘုရား၊ ညအချိန်ကျပြန်တော့လည်း ဆီမီးထွန်းပြန်လည်းပဲ ထိုနည်းအတိုင်းပဲ၊ မြတ်စွာဘုရားကိုယ်တော်မြတ် အိပ်ယာအိပ်ခြင်း ပြင်ဆင်ရာ၌လည်း ထိုနည်းအတိုင်းပဲ၊ အဲဒါ ခြေဆေးရေတို့၊ သောက်ရေတို့၊ သုံးရေးတို့၊ ချိုးရေတို့၊ နေရာထိုင်ခင်းပြင်ဆင်မှုတို့၊ ဒီအချိန်ကျတော့ ရဟန်းတော်များ ဆုံးမတော်မူတဲ့အချိန်ပါဘုရား၊ ဒီအချိန်ကျတော့ လူပရိသတ်များအား တရားပြတဲ့ အချိန်ပါဘုရား၊ အသီးသီး သူတစ်ပါးတည်း အဲဒီလို ကိုယ်တော်မြတ် သက်တော်ထင်ရှားရှိစဉ်တုန်းက သူလုပ်နေကျ ဝတ်နိဗဒ္ဓတွေ ဒီအတိုင်းပဲပါးစပ်ကအမြဲဆိုပြီးတော့ အမြဲလုပ်နေတယ်။ သူ့ကို ကြည့်ပြန်တော့လည်း မျက်ရည်နဲ့မျက်ခွက် အမြဲတမ်း ငိုကြွေးနေတယ်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်သက်တော်ထင်ရှားရှိတဲ့အနေအားဖြင့် ဝတ္တရားတွေ အလုပ်လုပ်နေတယ်။ မျက်ရည်နှင့်မျက်ခွက် ပြတ်တယ်ကို မရှိဘူး၊ ကိုယ်တော်မြတ်လည်း တော်တော်ပင်ပန်းလှပြီတဲ့။

တစ်နေ့ကျတော့ ကျောင်းမှာစောင့်နေတဲ့ ကျောင်းစောင့်နတ်က ရှင်အာနန္ဒာဖြစ်ပုံကို မြင်တော့ စိတ်မချမ်းမြေ့မိဘူး၊ ရှင်အာနန္ဒာဟာ အခု မြတ်စွာဘုရားကိုယ်တော်မြတ်ပရိနိဗ္ဗာန်စံတဲ့ပွဲက ပြန်လာတာ တော်တော်ကြာသွားပြီ။ ပြန်လာတဲ့အချိန်ကစပြီး မျက်ရည်နဲ့မျက်ခွက် ပြတ်သွားတယ်လို့

http://www.dhammadownload.com



မရှိဘူးတဲ့ တငိုငို တယိုယိုနဲ့၊ ဒီတော့ ကိုယ်တော်မြတ်သက်တော်ထင်ရှားရှိစဉ်အခါ၊တုန်းက ပြုနေကျ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်လည်း ပါးစပ်ကလည်း လျှောက်ထားလျက်၊ ကိုယ်တိုင်ကလည်း လုပ်ကျွေးလျက်၊ သောက်ရေ သုံးဆောင်ရေ မျက်နှာသစ်တော်ရေက စလို့ အမြဲတမ်း သူ့အချိန်နဲ့သူ လျှောက်ထားစရာ လျှောက်ထားလို့ အမြဲတမ်းကြိုးပမ်းနေတယ်။ ဒါပေမယ့် သူ့ကိုကြည့်တော့ ရှိုက်ကြီးတငင် ပင်ပန်းစွာ အမြဲတစေ မျက်ရည်နဲ့မျက်ခွက် ပြတ်သွားတာကို မရှိဘူး၊ နတ်ကလည်း မကြည့်ရက်ဘူး။ တစ်နေ့ကျတော့ နတ်သားက လျှောက်တယ်၊ ရှင်အာနန္ဒာဘုရား အရှင်ဘုရားသည် သောတာပတ္တိမဂ်ဉာဏ် ရပြီးတဲ့သူပါ၊ သောတာပန်ဖြစ်နေပြီးပေါ့၊ သာသနာရေးအတွက်လည်း စိတ်လေးစရာ ဘာမှမရှိဘူးတဲ့၊ အရှင်ဘုရားလည်း အရိယာအစစ်ဖြစ်နေပြီ၊ အဲဒီလို တရားရပြီးသားပါ၊ အရိယာအစစ်ဖြစ်တဲ့ ပုဂ္ဂိုလ်ပင်လျက် မျက်ရည်နဲ့မျက်ခွက် မပြတ်အောင် ငိုကြွေးပူဆွေးနေမှုဖြင့် တစ်ပါးသောသူသည် ဘယ်နှယ့်လုပ်နေပါမတုံး အရှင်ဘုရားလို့ နတ်က သတိပေးတယ်။

ဒီတော့မှ ရှင်အာနန္ဒာက သတိရသွားတယ်၊ အေး . . . ဟုတ်ပေသားပဲ၊ ငါက အထက်မဂ်တွေ မရပေမယ့် သောတာပတ္တိမဂ်ဉာဏ်ရလို့ အရိယာပုဂ္ဂိုလ်ဖြစ်နေပေါ့၊ ငါသည် တရားထူးတရားမြတ်ရတဲ့ ပုဂ္ဂိုလ်ဖြစ်နေပါလျက် ပရိဒေဝမီးတွေ ဒီအထိအောင် တောက်လောင်နေမှုဖြင့် ငါထက် တရားမရကြသေးတဲ့ပုဂ္ဂိုလ်များဆိုရင်ဖြင့် ဖြေစရာ နေစရာမရှိသလောက်ပဲတဲ့၊ အဲဒီမှာ သတိရပြီးတော့ ဆင်ခြင်တုံတရားနဲ့ ကိုယ်တော်မြတ်က နေခဲ့တယ်၊ ပြီးတော့မှ စဉ်းစားပြန်တယ်၊ ယခုနှစ် ရာဇဂြိုဟ်ပြည် သွားပြီးတော့ ဝါဆိုရမယ်၊ ရှင်မဟာကဿပအမိန့်တော်ရှိသည့်အတိုင်း သင်္ဂါယနာတင်တဲ့အထဲ ငါ့ စာရင်းပါတယ်။ ရက်ကလည်း သိပ်ပြီးမလိုတော့ဘူး၊ ဒါကြောင့် ရာဇဂြိုဟ်ပြည်ကြွမှပဲလို့ ရှင်အာနန္ဒာ ဟာ ရာဇဂြိုဟ်ပြည်ကြွတယ်၊ ရာဇဂြိုဟ်ပြည်မှာလည်း ချိန်းချက်ထားတဲ့ သံဃာငါးရာလည်း စုံစေ့ နေကြပြီ၊ ရာဇဂြိုဟ်ပြည်ပေါ်မှာရှိတဲ့ ကျောင်းကြီးတစ်ဆယ့်ရှစ်ကျောင်းလည်း ဟောင်းနွမ်းနေတာတွေ ပြင်လို့၊ ကျိုးတာ ပဲ့တာတွေ ဖာလို့ ထေးလို့၊ နေလို့ ထိုင်လို့ဖြစ်အောင် ဆိုပြီးတော့ အသီးသီးပြင်ကြ၊ ဆင်ကြလို့ ကိစ္စဝိစ္စတွေလည်း ပြီးလို့နေတယ်။ အဲဒီပလိဗောဓ ပြုဖွယ်ကိစ္စ အဝဝတွေ ပြုနေတာကိုပဲ တော်တော်လေး ကြာသွားတယ်။ ပြီးတော့မှ တို့က ပြင်စရာ ဆင်စရာကိစ္စတွေ အလုပ်တွေလည်း ပြီးကြပေါ့၊ သင်္ဂါယနာတင်ဖို့ကိစ္စ စကြစို့ရဲ့ဆိုတော့ နေရာမဏ္ဍပ်လိုနေတယ်၊ ဘယ်နေရာမှာ သင်္ဂါယနာ **တင်မယ်လို့ဆိုရင် ဒီတော့မှ စရည်းပင်ပေါက်ရာဆိုတဲ့ လိုဏ်ဂူဝမှာ သင်္ဂါယနာတင်ချင်တယ် သံဃာ** များက မဏ္ဍပ်ကန္နားက မရှိ၊ နေရာထိုင်ခင်းက မရှိ၊ မရှိတော့ ဘယ့်နှယ်လုပ်ကြမလဲ၊ မင်းကြီးဆီ သွားပြီးတော့ အကြောင်းကြားကြစို့ရဲ့ ရဟန္တာကြီးရှစ်ပါးတို့က နန်းတော်ဝင်ပြီး မင်းကြီးအား သွား အကြောင်းကြားတယ်။ အသင်မင်းကြီး ငါတို့တော့ ပြုဖွယ်ကိစ္စတွေ ကုန်ပေါ့၊ ဒါကြောင့် သင်္ဂါယနာတင်ဖို့

http://www.dhammadownload.com



ကိစ္စအတွက် သင်မင်းကြီး လာပြီး ပြောကြားတယ်၊ အကြောင်းကြားတယ်ဆိုတော့ ကောင်းပါပြီ၊ အရှင်ဘုရားတို့ ဘာများအလိုရှိပါတုံး၊ တပည့်တော် ဘာကူညီရမှာတုံး၊ အလိုရှိရာ အမိန့်ရှိပါ ဖြစ်ရပါစေလိမ့်မယ်၊ အရှင်ဘုရားများလည်း စိုးရိမ်ကြောင့်ကြခြင်း မရှိပါနဲ့ ကြောက်ရွံ့ခြင်းမရှိပါနဲ့ အရှင်ဘုရားတို့လည်း ဓမ္မစက်နဲ့ ကြိုးစားပါ၊ တပည့်တော်လည်း အာဏာစက်နဲ့ စောင့်ရှောက်ပါမယ်လို့ မင်းကြီးကလည်း အားရပါးရ တာဝန်ခံပေးတယ်။ အခုလိုတာက တခြားမဟုတ်ပါဘူး၊ ငါတို့သံဃာတော် ငါးရာနေလောက်တဲ့ သင်္ဂါယနာတင်ရာ မဏ္ဍပ်လိုတယ်။ ကောင်းပါပြီ တပည့်တော် ဖြစ်ရပါစေမယ်ဆိုပြီးတော့ မင်းကြီးလည်း အင်တိုက် အားတိုက်ဆိုသလိုပဲ လိုအပ်နေတဲ့ သစ်ဝါးတွေ အကုန်ချပြီးတော့ သင်္ဂါယနာတင်ဖို့ စရည်းပင်ပေါက်ရာဆိုတဲ့ လိုဏ်ဂူဝမှာ မဏ္ဍပ်ကြီးထိုးလိုက်တယ် အားချင်းပါပဲ။

တကယ်ဘုန်းကံကြီးတဲ့မင်းများ အလုပ်လုပ်ပြန်တော့ ပြီးလည်းပြီးတယ်၊ ကောင်းလည်းကောင်းတယ်၊ မြတ်လည်းမြတ်တယ်၊ မွန်လည်းမွန်တယ် ဆိုသလိုပေါ့၊ အဲဒီမဏ္ဍပ်ကြီးပြီးတာဟာ သေသေချာချာကြည့်လိုက်တဲ့အခါ မင်းအိမ်မင်းနန်းတော်ကို ပျက်ရယ်ပြုသလို လှောင်သလိုပဲ၊ ဒီအထိအောင် ကောင်းတယ်၊ ဒါပဲလားဆိုတော့ မဟုတ်သေးပါဘူး၊ သိကြားမင်းစံရာ တာဝတိံသာ ဝေဇယန္တာပြာသာဒ်နဲ့တောင် မနှိုင်းအပ်ဘူးလို့၊ ဒီအထိအောင် မွန်မြတ်တယ်၊ ဒါကျမ်းဂန်က ပြထားတယ်၊ စဉ်းစားလည်း ကြည့်ကြပါ၊ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ ကြည့်ပေါ့။ အဲဒါ မဏ္ဍပ်ကြီးဟာ ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံလို့ အမျိုးမျိုးအဖုံဖုံ စုံစုံလင်လင်ပေါ့လေ၊ ရှုဖွယ်ဘနန်း ဆန်းကြယ်ပေ့ဆိုတဲ့ အလုပ်တွေ လုပ်ကြတယ်၊ ပိုးဖဲ, ကတ္တီပါ, ကမ္ဗလာအမျိုးမျိုးဆိုတဲ့ အထည်တွေလည်းပဲ မိုးလို့၊ ကာလို့, ဖြန့်လို့, ခင်းလို့, ကြည့်စရာ ရှုစရာဆိုတဲ့ အင်မတန်ဆန်းကြယ်မှုဆိုတဲ့ ကိစ္စတွေကလည်း အများကြီးပဲ၊ အမျိုးမျိုးသော ခြူးပန်း, ခြူးနွယ်, ပန်းလိမ်, ပန်းချက်, ပန်းခက်, ပန်းရွက်ဆိုသလိုပေါ့၊ အဲဒါမုခ်ဦးတို့အစရှိသည်အားဖြင့် ပြင်ဆင်ထားတဲ့ဥစ္စာတွေ ကြည့်လိုက်လို့ရှိရင် သိကြားမင်းစံရာ တာဝတိံသာ ဝေဇယန္တာပြာသာဒ်နဲ့တောင် မနှိုင်းအပ်ဘူး။ ပြဟ္မာမင်း၏စံရာ ရတနာဗိမာန်ကြီးနဲ့ တူပါတယ်၊ မင်းကြီးစီမံဖန်တီးပြီး ပြုပြင်ပေးတယ်။ အဲဒီမဏ္ဍပ်ကြီးပြီးခါမှ သံဃာတော်များအား အပ်နှင်းခဲ့တယ်၊ မဏ္ဍပ်ကြီး ပြီးပါပြီဘုရား၊ အရှင်ဘုရားတို့ သင်္ဂါယနာတင်တော်မူကြပါတော့လို့ လျှောက်ထားခဲ့တယ်။

အဲဒီအချိန်မှာ ဒုတိယဝါဆိုလပြည့်, ဝါခေါင်လဆုတ်ဆိုပါတော့ ဝါခေါင်လဆုတ် (၁)ရက်နေ့က စပြီးတော့ သင်္ဂါယနာတင်ကြတယ်။ မနက်ဖြန်ခါ သင်္ဂါယနာတင်တော့မယ်ဆိုလို့ရှိရင် ဒီကနေ့ထဲက ဘာစကားတွေ ပြောကြမှာလဲဆိုတော့ ဒီသင်္ဂါယနာတင်မည့် ရဟန်းငါးရာမှာ လေးရာ့ကိုးဆယ့်ကိုးပါးက "ပဋိသမ္ဘိဒါပတ္တ" အာသဝေါတရားကုန်ခန်းတဲ့ ခီဏာသဝဆိုတဲ့ ဆဠာဘိညာရဟန္တာအစစ်တွေ

http://www.dhammadownload.com



ဖြစ်ကြတယ်။ အဲဒီအထဲမှာ ကိလေသာမကုန်သေးတဲ့၊ ကိလေသာတင်းကျပ်ပြည့်ရှိထားတာက ရှင်အာနန္ဒာတစ်ပါးတည်းပါပဲ၊ ဒီတော့ စကားတွေက ဘယ်လိုဖြစ်လာလဲလို့ဆိုတော့ တချို့လည်း ရှင်အာနန္ဒာကို တရားကြိုးစားပြီး အားထုတ်ပါစေဆိုတဲ့စေတနာနဲ့ ပျက်ရယ်ပြုကြတယ်။ နက်ဖြန်ခါ သင်္ဂါယနာတင်မည့်ပွဲကြီးမှာ ကိလေသာနံ့တွေ တကြိုင်ကြိုင် တလှိုင်လှိုင်နဲ့ ငါတို့ရဲ့ရဟန္တာတွေ အကြားမှာ သွားလိုက်၊ လာလိုက်၊ ထလိုက်၊ ထိုင်လိုက်နဲ့လုပ်မည့် ပုဂ္ဂိုလ်တစ်ပါးတော့ မြင်ယောင် သေးတယ်၊ မကြားတကြား ပြောကြတယ်၊ တော်ကြာ တစ်ပါးကလည်း ဒီလိုပဲပြောပြန်တယ်၊ မနက် ဖြန်ခါ သင်္ဂါယနာတင်တဲ့ပွဲကြီးမှာ ကိလေသာကုန်ခန်းနေတဲ့ ရဟန္တာတွေအကြားမှာ ဆိတ်သိုးနံ့ တကြိုင်ကြိုင်၊ တလှိုင်လှိုင်နဲ့ ကိလေသာအနံ့တွေ တထောင်းထောင်းနဲ့ ငါတို့အကြားမှာ ဝင်လိုက်၊ ထွက်လိုက်၊ သွားလိုက်၊ လာလိုက်၊ ထိုင်လိုက်၊ ထလိုက်နဲ့ ပုဂ္ဂိုလ်တစ်ပါးတော့ မြင်ယောင်ချည်သေး၊ မခံချင်အောင် ပြောကြတယ်၊ တချို့ကလည်း ရှင်အာနန္ဒာ လာပြီးတော့ ပြောတယ်၊ ရှင်အာနန္ဒာ မနက်ဖြန်ခါ သင်္ဂါယနာတင်တော့မယ်။ ကိလေသာ မကုန်သေးတဲ့ရဟန်းမှာ သင်တစ်ပါးသာ ရှိတယ်။ ဒီပြင်ကတော့ ကိလေသာကုန်ခန်းတဲ့ ရဟန္တာအစစ်တွေ ဖြစ်ကြတယ်၊ ဒါကြောင့် သတိများ မေ့မေ့ လျော့လျော့ မနေနဲ့နော်၊ တရားများ ကြိုးစားအားထုတ်ပါလို့ သတိပေးကြတယ်။

ရှင်အာနန္ဒာက နည်းနည်းရှက်လည်း ရှက်တယ်။ သြော် . . . အမှန်ကတော့ ငါ့ပြောတဲ့စကားပဲ၊ ကိလေသာကုန်ခန်းတဲ့ ရဟန္တာကြီးတွေရဲ့အကြားမှာ ကိလေသာနံ့တွေက တထောင်းထောင်းနဲ့ ထိုင် ချည်၊ ထချည်နဲ့ ပုဂ္ဂိုလ်တစ်ပါးတော့ မြင်ယောင်သေးဆိုတာ ငါ့ကို ပြောတာပဲ၊ ငါ့ကို စောင်းပြောတာ ပဲ၊ ဒီလိုဆိုရင် မဖြစ်ဘူး၊ ကနေ့ ညတော့ ငါ တရားအားထုတ်မှ၊ ကြိုးစားအားထုတ်မယ်လို့၊ မြတ်စွာ ဘုရားကိုယ်တော်မြတ်လည်း ပရိနိဗ္ဗာန်စံခါနီးမှာ ငါ့ကို ပြောသွားတဲ့၊ မိန့်ဆိုခဲ့တဲ့ စကားရှိတယ်။ "ချစ်သားအာနန္ဒာ သင့်မှာ ကျင့်သော ပြည့်ပြီးသော ပါရမီရှိတယ်၊ ကမ္မဋ္ဌာန်းဘာဝနာများ ကြိုးစား ပွားများ အားထုတ်ပါလို့ မကြာမြင့်မီ အာသဝေါတရားကုန်ခန်းတဲ့ ရဟန္တာဖြစ်လိမ့်မယ်"လို့ ကိုယ်တော် မြတ်က မိန့်ကြားသွားတဲ့ စကားရှိတယ်။ ကနေ့ညတော့ မအိပ်မနေဆိုသလို ငါကြိုးစားမှပဲလို့ ရှင် အာနန္ဒာ သူနေတဲ့ကျောင်းမှာ ညဉ့်ဦးယံက စပြီးတော့ စင်္ကြံထွက်ပြီးတော့ လူးလာတုံ့ခေါက် စင်္ကြံတွေ လျှောက်ရင်း တရားအားထုတ်တယ်။ အဲဒီလို တရားအားထုတ်လိုက်တာ ညဉ့်လယ်ပိုင်းရောက်တော့ ရဟန္တာ မဖြစ်သေးဘူး၊ အထက်မဂ်မရောက်သေးဘူး၊ တစ်မဂ်မှ မရောက်သေးဘူး၊ နောက်တော့ ဒီညဉ့်လယ်ပိုင်း နောက်ပိုင်းနားနီးလာတော့ စဉ်းစားတယ်၊ ကိုယ်တော်မြတ်လည်း တော်တော်ပင်ပန်း လာတယ်။ မအိပ်မနေဘဲနဲ့ စင်္ကြံလမ်းပေါ်မှာ လူးလာတုံ့ခေါက် စင်္ကြံလျှောက်ပြီးတော့ တရားကို ချည်း ဝင်စားတယ်၊ တရားကိုချည်း ပွားများအားထုတ်တယ်၊ ဘယ့်နှယ်လဲ၊ အချိန်လည်း ကုန်ခါနီးပေါ့၊

http://www.dhammadownload.com



တစ်ညလုံးအဖို့မှာ နောက်ပိုင်းရောက်ခါနီးနေပြီ၊ အခုထက်ထိတောင် ငါရဟန္တာလည်း မဖြစ်သေးဘူး၊ ဒါပေမယ့် ငါ့ကို မြတ်စွာဘုရားကိုယ်တော်မြတ်က ဗျာဒိတ်စကား မိန့်ကြားသွားတာ ရှိတယ်။

"ချစ်သားအာနန္ဒာ သင့်မှာ ဖြည့်ကျင့်ပြီးသော ပါရမီရှိတယ်၊ ကမ္မဋ္ဌာန်းဘာဝနာများ ကြိုးစားပွား များအားထုတ်ရင် မကြာမြင့်မီ ရဟန္တာဖြစ်လိမ့်မယ်"လို့ ဘုရားတို့စကား ဘယ်တော့မှ မှားတယ်လို့ မရှိပါဘူး။ ဒါပေမယ့်လို့ အခုအချိန်အထိ ငါ့လည်းပဲ ရဟန္တာမဖြစ်သေးဘူး၊ ငါလည်း အတော်ပင်ပန်း လှပြီ၊ ပင်ပန်းလို့ ခေတ္တအနားယူဦးမှာပဲလို့ ကျောင်းခန်းထဲ ဝင်တယ်၊ သူစောစောက ပွားများအား ထုတ်တဲ့ဥစ္စာ ကာယဂတာသတိတရားပါပဲ၊ အမှန်ကတော့ သတိပဋ္ဌာန်နည်းအတိုင်းပေါ့လေ၊ ဒါလည်း တရားမရပါဘူး၊ ရဟန္တာလည်း မဖြစ်သေးဘူး၊ နောက်တော့ ငါ အင်မတန်ပင်ပန်းနေပြီ၊ ခေတ္တတော့ အနားယူဦးမှပဲလို့ ကျောင်းခန်းထဲဝင်ပြီး ညောင်စောင်းလေးပေါ် ကို လှဲမယ်လို့ ညောင်စောင်းလေးပေါ် တင်းပါးလွှဲထိုင်လိုက်တယ်၊ ဒါပေမယ့် တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဆိုတာ တရားလက်မလွှတ်ရဘူး၊ တရားပါသွားရတယ်။ တရားကပ်လျက်သားပါသွားတယ်၊ ညောင်စောင်းလေးပေါ် တင်ပါးလွှဲ ထိုင်ပြီး တော့ ကိုယ်လက်ပင်ပန်း နွမ်းနယ်တာကို ပျောက်စေ၊ ပြေစေတော့လို့ ခေတ္တလောက် ပက်လက် လှန်ပြီးတော့ ညောင်စောင်းပေါ် အညောင်းဖြေမယ်လို့၊ အဲဒါညောင်စောင်းပေါ် တင်ပါးလွှဲ ထိုင်ပြီး တော့ကာ ကိုယ်ကို ညောင်စောင်းပေါ် လှဲလိုက်တော့ အဲဒါဘုရားသာသနာတော်မှာ ဒီပုဂ္ဂိုလ်ဟာ အဆန်းကျယ်ဆုံးပဲ တရားရလိုက်တာ၊ ကိုယ်ကို ညောင်စောင်းပေါ် လှဲလိုက်တဲ့အချိန်ကလေးမှာ ပုဂ္ဂိုလ်ကသာ လှဲလိုက်တာပါ၊ အာရုံက ဘာစဉ်းစားဝေဖန်သွားသလဲ၊ ဘာပွားများသလဲ ဆိုတော့ ခန္ဓာငါးပါးသည် အနိစ္စပဲ၊ ခန္ဓာငါးပါးသည် အမြဲတစေ မြစ်ရေအလျဉ်ကဲ့သို့ အသစ်အဟောင်းတွေ ပြောင်းနေတဲ့တရားကြီး မမြဲပါလားလို့ အနိစ္စအစစ်ကို စဉ်းစားရင်း ပက်လက်လှန်လိုက်တာ၊ ဦးခေါင်း ကလည်းပဲ ညောင်စောင်းကြမ်းပြင်ပေါ် မကျသေး, မရောက်သေးခင်လေးမှာ အံ့သြစရာအင်မတန် ကောင်းတယ်၊ ဖဝါးနှစ်ဖက်ကလည်းပဲ အောက်ကကြမ်းနဲ့အလွတ် ဒါပက်လက်လှန်လိုက်တာ၊ ဦးခေါင်း နှင့်ကျောနဲ့ ညောင်စောင်းကြမ်းပြင်ပေါ် မကျခင်လေး၊ ဖဝါးနှစ်ဖက်ကလည်း ကြမ်းပြင်နှင့် အလွတ်၊ အဲဒီကြားမှာ ကျန်တဲ့သုံးမဂ် ဉာဏ်စဉ်တက်သွားတယ်၊ တစ်ခဏချင်းနဲ့ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်, အရဟတ္တမဂ်၊ သုံးမဂ်တက်ပြီးတော့ ဒီနေရာမှာ ဦးခေါင်းနှင့်ကျောဟာ ညောင်စောင်းရဲ့ ကြမ်းပေါ် မကျခင်လေးမှာ ကျန်တဲ့သုံးမဂ် အကုန်တက်ပြီးတော့ အာသဝေါတရားကုန်ခန်းတဲ့ ရဟန္တာအစစ် ဖြစ်သွားတယ်။

အဲဒါ ဝိပဿနာအစစ်ဆိုတာ ဒီလိုပဲသွားမယ်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို တိုက်ရိုက်သွားစေတဲ့ တရားဟာ ဝိပဿနာအစစ်ပဲဆိုတာ မှတ်ကြပါ။ အဲ့ဒါ ကိုယ်တော်မြတ်သည် ပထမပိုင်း ညဥ့်ဦးယံတို့,

http://www.dhammadownload.com



ညဉ့်လယ်ယံတို့မှာ ကြိုးစားအားထုတ်လာတဲ့တရားတွေဟာ အင်မတန်အပင်ပန်းအနွမ်းနယ်ခံပြီးတော့ အင်နဲ့အားနဲ့ လုပ်လာတာ၊ ဒါပေမယ့် အထက်မဂ်တွေ မရသေးဘူး၊ ဘယ်မှာ လာရလဲ ဆိုတော့ အဲဒီကမ္မဋ္ဌာန်းတွေ လွှတ်ပြီးတော့ကာ ညောင်စောင်းပေါ် တင်ပါးလွှဲထိုင်ပြီးတော့ ညောင်စောင်းပေါ် လှဲလိုက်တာ ကျောကလည်း ညောင်စောင်းကြမ်းပြင်ပေါ် မကျမီ ခြေတော်နှစ်ဖက်ကလည်း မြေကြီးနဲ့ အလွတ်ကလေးမှာ အဲဒီကြားကာလမှာ တရားရသွားတာ၊ တရားဟာ ဘယ်လောက်မြန်လိုက်သလဲ၊ **ဘယ်လောက် အံ့ဩစရာကောင်းသလဲလို့ အဲဒါ ဘာတရားတွေကို ဆင်ခြင်တာတုံးဆိုရင် ဒီအချိန် ကလေးမှာ ခန္ဓာငါးပါးကို အနိစ္စတွေ ဆင်ခြင်တယ်။ အဲဒါ ဝိပဿနာအစစ်ပဲလို့ အဲဒီ အနိစ္စ ဆင်ခြင်ပွားများ အားထုတ်တဲ့ ဝိပဿနာက ပို့လိုက်တဲ့ သုံးမဂ်ပါပဲ။**

အဲဒီမှာ အာသဝေါတရားကုန်ခန်းပြီး ရဟန္တာဖြစ်ပါရော၊ သူ့ကိုယ်လည်း သူရဟန္တာကိစ္စပြီးကြောင်း သိတော်မူတယ်၊ သူရဟန္တာဖြစ်မှန်းသိတော့ အရုဏ်ကျင်းလို့ အလင်းဘက်ရောက်တဲ့အခါကျတော့ အသီးအသီးသော ရှင်းပုဂ္ဂိုလ်များသည် ရာဇဂြိုဟ်ပြည်ထဲမှာ ဆွမ်းခံဝင်လို့ ပြန်လာ၊ ဆွမ်းပါဘုဉ်းပေး၊ သပိတ်ပရိက္ခရာများ သိုမှီးပြီးတဲ့အခါ သင်္ဂါယနာတင်တဲ့အရပ်ကို အသီးသီးကြွကြတယ်၊ ကိုယ့်နံပါတ်နဲ့ ကိုယ့်နေရာနဲ့ပေါ့၊ အသီးသီးကြွလာတော့ ရှင်အာနန္ဒာက မလိုက်ဘူး၊ နောက်ချန်နေတယ်။ ငါ့မနေ့ တုန်းက ငါ့ကို ပျက်ရယ်ပြောတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်။ သောတာပန်မှန်းလည်းသိ၊ ကိလေသာ မကုန်မှန်း သိကြတော့၊ နက်ဖြန်ခါ သင်္ဂါယနာတင်ပွဲကြီးမှာ ကိလေသာအနံ့တွေ တထောင်းထောင်းနဲ့ ထိုင်ချည်, ထချည်နဲ့ ငါတို့ကြားထဲ ပုဂ္ဂိုလ်တစ်ပါး မြင်ရချည်းသေးလို့ ငါ့ကို ပြောကြတယ်။ တချို့လည်း ငါ့တရားကို မြင်စေချင်လို့ တရားကို ရစေချင်လို့ ရှင်အာနန္ဒာနက်ဖြန်ခါ သင်္ဂါယနာတင်ပွဲကြီး ဝင်ရတော့မယ်၊ သောတာပန်ဆိုတာ သင်တစ်ပါးတည်းပဲရှိတယ်၊ ဒီ့ပြင်ကတော့ အာသဝေါတရား ကုန်ခန်းတဲ့ ရဟန္တာတွေချည်းပဲ။ ဒါကြောင့် သတိများ မေ့မေ့လျော့လျော့ မနေနဲ့ တရားများ ကြိုးစား အားထုတ်ပါ။ အဲဒီလို လာတိုက်တွန်းတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတယ်။ ဒါကြောင့် ထိုပုဂ္ဂိုလ်တွေသည် ငါကိုယ်တိုင် အာသဝေါတရားကုန်ခန်းလို့ ရဟန္တာဖြစ်တဲ့အကြောင်းကို ကောင်းကောင်းသိစေရမယ် ဆိုတဲ့ အနေအားဖြင့် သူက နောက်ချန်နေတယ်။ ဒီပြင် သံဃာတော်တွေ အကုန်ရောက်လို့ ငါ့နေရာကို ကြည့်တော့ နေရာလပ်နေတယ်၊ နေရာလပ်တော့ မေးလိမ့်မယ်၊ အခုနေရာလပ်နေတာ ဘယ်ပုဂ္ဂိုလ်က နောက်ကျနေသလဲ၊ ဘယ်သူမလာတုံးဆိုရင် အမည်ပေါ် လာလိမ့်မယ်၊ ဟာ . . . ဒီနေရာမှာ ရှင် အာနန္ဒာရဲ့နေရာ၊ ခုထက်ထိတောင် မလာသေးဘူး။ အဲဒီသံဃာများ **အာရုံစူးစိုက်ပြီးတော့နေတဲ့** အချိန်ကျမှ ငါတန်ခိုးပြာဋိဟာနဲ့ ဝင်မယ်လို့ တန်ခိုးပြပြီး ငါဝင်မယ်။ ငါရဟန္တာဖြစ်ကြောင်း ကောင်း ကောင်းသိစေမယ်လို့ ရှင်အာနန္ဒာက နောက်ချန်ပြီး နေခဲ့တယ်။ သံဃာတော်များလည်း စုံလို့ နေရာ

http://www.dhammadownload.com



**တစ်ခုလပ်နေတော့ ဘယ်သူ့နေရာတုံး၊ ဘယ်ကိုယ်တော် မကြွသေးတာတုံး၊ ဘယ်ကိုယ်တော် နောက်ကျတုံးနဲ့ ဒီနေရာဟာ ရှင်အာနန္ဒာနေရာပါ၊ ရှင်အာနန္ဒာက နောက်ကျနေတာ၊ ခုထက်ထိတောင် မလာသေးဘူး၊ အဲဒီလို သံဃာများ မျှော်လင့်တောင့်တတဲ့ အချိန်ကျမှ ရှင်အာနန္ဒာက မြေကြီးထဲက အဘိညာဉ်နဲ့ လျှိုးပြီး ထွက်လာခဲ့တယ်။**

မြေကြီးထဲက အဘိညာဉ်နဲ့လျှိုးပြီး ထွက်လာခဲ့တယ်၊ လစ်လပ်နေတဲ့နေရာ ဘွားခနဲသွားပေါ်ခဲ့တယ်၊ အဲဒီတော့မှ ရှင်အာနန္ဒာ ရဟန်းကိစ္စပြီးပေါ့၊ ရဟန္တာဖြစ်ပေါ့လို့ အားလုံးက သိကြတယ်။ နောက်နေ့မှာလည်း ဒီလိုပဲ တန်ခိုးအဘိညာဉ်နဲ့ပဲ ကြွလာပါတယ်။ အဲဒီနေရာလည်း စာနယ်များက အင်မတန်မှ ခက်ပါတယ် မလွယ်ပါဘူး။ ဒါတွေ အဋ္ဌကထာအချင်းချင်းပါပဲ၊ ပါဠိတော် အဋ္ဌကထာမှာတော့ ရှင်အာနန္ဒာသည် အခုပြောသလိုပဲ အားလုံးသူရဟန္တာဖြစ်တဲ့အကြောင်း ကောင်းကောင်းသိစေမယ်ဆိုတဲ့ အနေအားဖြင့် မြေကြီးထဲက ကြွလာပြီး သူ့နေရာ ဘွားခနဲ သွားပေါ်တယ်လို့ပြထားတယ်။ သီလက္ခန်အဋ္ဌကထာမှာတော့ ဒီလိုမထုတ်ပြန်ဘူး၊ ရိုးရိုးပဲ ကြွသွားပါတယ်၊ ဒါအမျိုးမျိုးပါပဲ၊ တချို့လည်း ကောင်းကင်က ကြွတယ်လို့ စာထဲမှာ မိန့်ဆိုထားပါတယ်၊ စာထဲမှာကိုက အသီးသီးပြထားတယ်၊ သူကြိုက်ရာဝါဒနဲ့ သူပြထားတာ၊ စာဆိုတာ ဒီလိုချည်းပါပဲလို့၊ ဝါဒအမျိုးမျိုး ရှိပါတယ်။ အဲဒီလို ဝါဒအမျိုးမျိုးရှိသည့်အထဲမှာ နာယူတဲ့ပုဂ္ဂိုလ်များဟာ ဒါတော့ ကောင်းရဲ့၊ ဒါတော့ ငါကြိုက်တယ်၊ ဒါတော့ မကြိုက်ဘူး၊ ကိုယ်ကြိုက်တာ ကိုယ်ယူပေါ့လို့၊ ဒီဝါဒဆန့်ကျင်မှုကလေးနဲ့တော့ အပြစ်တွေ ပြောစရာမရှိပါဘူး၊ ကိုယ်ကြိုက်ရာ ကိုယ်ယူနိုင်တယ်၊ သာသနာမှာ ဒီလိုပါပဲ။

ဒါကြောင့် အဋ္ဌကထာက စပြီးတော့ ဝါဒတွေ အမျိုးမျိုးကွဲလာတာ ရှိပါတယ်။ အဋ္ဌကထာထဲလည်းပဲ ပြသွားတဲ့၊ ကေစိဝါဒ, အပရေဝါဒ, သကဝါဒ, ဧကစ္စေဝါဒတို့၊ တစ်ခုနဲ့တစ်ခု မတူတဲ့ ဝါဒကွဲတွေ ပြတယ်။ ကေစိဝါဒက တစ်မျိုး၊ အပရေဝါဒက တစ်မျိုး၊ သကဝါဒက တစ်မျိုး, ဧကစ္စေဝါဒက တစ်မျိုး၊ အဲဒီလို သာသနာမှာ ဒီလိုပဲ လာခဲ့တာပါ၊ ကနေ့အထိပါပဲ။ နောင်လည်းပဲ ဒါထက် ပိုဆိုးဦးမှာပဲ။ ဒါတွေဟာ ဆန်းစစ်ပြီးတော့ အတိအကျ ဖြစ်ရမယ်ဆိုတဲ့ လုပ်ငန်းကို လုပ်ရမယ် ဆိုရင် ဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး။ ဒါကြောင့် အဋ္ဌကထာ ဋီကာက စပြီးတော့ ဒီလိုပဲ ဝါဒအကွဲတွေ၊ ကိုယ်ကြိုက်တာ ကိုယ်ယူဆိုတဲ့ အနေအားဖြင့် လာတာတွေ အများကြီးရှိပါတယ်။ အခု ရှင်အာနန္ဒာ ကိုယ်တော်မြတ် သင်္ဂါယနာတင်တဲ့မဏ္ဍပ် ကြွလာတယ်ဆိုတာ နှစ်ဝါဒ, သုံးဝါဒ ဖြစ်နေတယ်။ အဋ္ဌကထာဆရာကတော့ ဒီလိုမဟုတ်ဘူး၊ မြေကြီးထဲ လျှိုးပြီးတော့ ကြွလာတယ်၊ သူနေရာကျမှ ဘွားခနဲ ပေါ်လာတယ်။ အဋ္ဌကထာတစ်ခုကတော့ ဒီလိုမဟုတ်ဘူး၊ ကောင်းကင်က ကြွလာတယ်၊ သူ့နေရာကျမှ ဝင်တယ်။ အဋ္ဌကထာတစ်ခုကတော့ ဒီလိုမဟုတ်ဘူး၊ ပကတိအတိုင်း ကြွလာတာ၊ ဒါတွေဟာ

http://www.dhammadownload.com



စာနယ်က လာတာပါပဲ။ အဲဒါတွေကို ဘယ်ဒင်းက မှားတယ်၊ ဘယ်ဒင်းက မှန်တယ်လို့ လိုက်ဝေဖန်ရင် ဖြစ်ပါ့မလားဆိုတော့ မဖြစ်နိုင်ပါဘူးလို့၊ ဘာကြောင့်လဲဆိုတော့ ဒီအဋ္ဌကထာ ဋီကာဆရာတွေရဲ့ အာဘော်ကို မှီဖို့ မဆိုထားနဲ့၊ အပုံတစ်ရာပုံလို့ တစ်ပုံစာမှ မတတ်တဲ့ပုဂ္ဂိုလ်များ ဒါတွေ ဘယ်ဒင်းက မှားတယ်၊ ဘယ်ဒင်းက မှန်တယ်လို့ ဝေဖန်ဖို့ဆိုတာ အလွန်ခဲယဉ်းတယ်။ ထိုထိုဘာဏက ဆရာတော်များ၏ အလိုဆန္ဒအားလျော်စွာ ထည့်ပြခြင်းဖြစ်ပေသည်။

## သာသနာတော်မှာ အရေးကြီးဆုံး ဝိနည်းတရားတော်

ဒါကြောင့် စာနယ်ဆိုတာ အင်မတန်ကျယ်ဝန်းတဲ့အတွက်ပေါ့လေ။ ကိုယ်ကြိုက်ရာ ကိုယ်ယူ စတမ်းပေါ့။ သာသနာဒီအတိုင်း လာခဲ့တာ။ ဒီတော့မှ သင်္ဂါယနာတင်တဲ့မဏ္ဍပ်ကြီးမှာ အားလုံးသော သံဃာတော်တွေ စုဝေးမိတဲ့အခါမှာ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက မထေရ်အကြီးဆုံး ဆိုတော့ သူဦးစီးပြီးမေးတယ်၊ ပိဋကတ်သုံးပုံ, သုတ်, ဝိနည်း, အဘိဓမ္မာအားဖြင့် သုံးမျိုးသုံးစားရှိတယ်။ "ငါ့ရှင်တို့ သုတ်, ဝိနည်း, အဘိဓမ္မာ ရှိတဲ့အနက်က ဘယ်ပိဋကတ်ကို ရှေးဦးမဆွ စပြီးတော့ သင်္ဂါယနာတင်ကြမလဲလို့" သံဃာတော်များကို မေးတယ်။ ရဟန္တာကြီးတွေက ဒီတော့ စဉ်းစားတယ်၊ သာသနာမှာ အရေးကြီးဆုံးက ဘာလဲလို့ စဉ်းစားတော့ ဝိနည်းတရားတော်က ပေါ်လာတယ်။ သုတ်, ဝိနည်း, အဘိဓမ္မာ သုံးဖြာသော ပိဋကတ်ကို ဘုရားကိုယ် တော်မြတ် ဟောထားပြီးတော့ ဝိနည်းက ပိုပြီးအရေးကြီးတယ်လို့ သေသေချာချာ မှတ်လည်းထား ကြနော်။ (မှန်ပါတယ်ဆရာ)။

ဘာဖြစ်လို့ ပိုပြီးအရေးကြီးသလဲဆိုတော့ ဝိနည်းဟာ တို့ဘုရားကိုယ်တော်မြတ်ထားတော်မူတဲ့ သာသနာတော်ရဲ့ အသက်ဖြစ်တယ်တဲ့၊ သုတ္တန်ဒေသနာလည်း သာသနာတော်ရဲ့ အသက်မဟုတ် ဘူးတဲ့။ အဘိဓမ္မာဒေသနာလည်း သာသနာတော်ရဲ့အသက်မဟုတ်ဘူး။ ဝိနည်းတရားတော်သာလျှင် သာသနာတော်ရဲ့ အသက်ဖြစ်တယ်တဲ့၊ ဝိနည်းဟာ သာသနာရဲ့အသက်ဖြစ်တယ်ဆိုတော့၊ ဝိနည်း သေရင် သာသနာသေတယ်ခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည် ပါတယ်ဆရာ)၊ သုတ်, ဝိနည်း, အဘိဓမ္မာ သုံးမျိုးသုံးစားရှိတဲ့အနက် သာသနာတော်ရဲ့အသက်က ဘယ်သူတုံး (ဝိနည်းပါဆရာ)၊ ဩော် . . . ဝိနည်းဖြစ်တယ်၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ သုတ္တန် သေသွားလို့ သာသနာသေရမလား (မသေပါဘူးဆရာ)၊ အဘိဓမ္မာသေတော့ သာသနာသေရမလား (မသေပါဘူးဆရာ)၊ ဝိနည်းသေရင်ကော (သာသနာသေမှာပါဆရာ)၊ ဟော . . . သာသနာ သေမယ် နော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့လဲ (ဝိနည်းမကျင့်ကြလို့ပါဆရာ)၊ ဟောဗျာ . . . ဝိနည်းသေရင်

http://www.dhammadownload.com



သာသနာသေတာ ဘာဖြစ်လို့တုံး မေးတယ်၊ ဘာသနာ့အသက်မို့လို့ပါ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ (သာသနာ့ရဲ့အသက်မို့လို့ပါဆရာ)၊ အေး . . . သာသနာရဲ့အသက်ဆိုတာ ဘယ်သူတုံး (ဝိနည်းပါဆရာ)၊ ဟော . . . ဝိနည်းဖြစ်တယ်လို့ မှတ်ထားနော် (မှတ်ထားပါတယ်ဆရာ)။

ဒါကြောင့် "ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု" (ပါရာဇိကဏ်၊ ၌၊ ၁၊ ၁၁။ သီလက္ခန်၊ ၌၊ ၁၂။ ခုဒ္ဒကပါဌ၊ ၌၊ ၈၂-နှာ) ဆိုတဲ့အတိုင်း ဝိနယော နာမ-မြတ်စွာဘုရားကိုယ်တော်မြတ် ဟောကြားတော်မူသော ဝိနည်းတရားတော်သည်။ ဗုဒ္ဓသာသနဿ-ဘုရားသာသနာတော်မြတ်၏။ အာယု-အသက်တည်း။ အဲဒါမှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘုရားသာသနာတော်၏ အသက်ဆိုတာ ဝိနည်းတဲ့ မှတ်ထား၊ သေသေချာချာ မှတ်လည်း မှတ်ကြနော်၊ ဩော် . . . သုတ်ရယ်, ဝိနည်းရယ်, အဘိဓမ္မာရယ်, ပိဋကတ်သုံးသွယ်ရှိတဲ့အနက်က သုတ္တန်ဒေသနာကြီးလည်း သာသနာ့အသက် မဟုတ်သေးဘူး။ အဘိဓမ္မာဒေသနာလည်း သာသနာ့အသက် မဟုတ်သေးဘူး။ သာသနာရဲ့အသက်က ဝိနည်းတရားတော်ပါလား၊ ဝိနည်းပိဋကတ်တော်ပါလားလို့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဝိနည်းသေရင် မုချသာသနာသေမယ်၊ ဝိနည်းပျက်ရင် မုချသာသနာပျက်မယ်ဆိုတာကို တထစ်ချမှတ်ထား၊ ဒါကြောင့် "ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု"ဆိုသည့်အတိုင်း ဝိနယော နာမ-ဝိနည်းတရားတော်မည်သည်။ ဗုဒ္ဓသာသနဿ-ဘုရားသာသနာတော်မြတ်၏။ အာယု-အသက်တည်းတဲ့။ သာသနာတော်ရဲ့အသက်ဟာ ဝိနည်းတရားတော်ဖြစ်တယ်။ "ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ" ဆိုသည့်အတိုင်း ဝိနယေ-ဝိနည်းတရားတော်သည်။ ဌိတေ-တည်သည်ရှိသော်။ သာသနံ-သာသနာတော်မြတ်ကြီးသည်။ ဌိတံ-တည်သည်၊ ဟောတိ-ဖြစ်၏။

ဝိနည်းတည်ရင် ဘာဖြစ်တုံး (သာသနာတည်ပါတယ်ဆရာ)၊ အေး . . . အဲဒါမှတ်ထား၊ ဝိနည်းတည်ရင် သာသနာတည်ရော၊ ဝိနည်းမတည်တော့ (သာသနာမတည်ပါဘူးဆရာ)၊ အေး . . . ဝိနည်းလည်း မတည်၊ သာသနာလည်း ပျက်သွားတယ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒါဝိနည်းတရားဟာ . . . သာသနာရဲ့အသက်မဟုတ်ဘူးလား (သာသနာရဲ့အသက်ပါဆရာ)၊ အေး . . . ဒါကြောင့် ဝိနည်းသိက္ခာပုဒ် လုံလုံခြုံခြုံနဲ့ ကျင့်ကြံပွားများအားထုတ်တဲ့ လဇ္ဇီသီလဝန္တပုဂ္ဂိုလ်တွေပေါ်မှ သာသနာအသက်ရှည်တယ်တဲ့၊ သာသနာအသက်ရှင်တယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အေး ဝိနည်း တရားတော်ကို မလေးမစား ချိုးဖဲ့ဖျက်ဆီးတဲ့အနေအားဖြင့် ကျင့်ကြံပွားများအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ပေါ်လာရင်တော့ ဒီသာသနာပျက်စီးရာရောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ သာသနာ့အသက်လည်း သေရောပေါ့၊ ဘာဖြစ်လို့ ဝိနည်းပျက်လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု" ဆိုသည့်အတိုင်း ဝိနယော-ဝိနည်းတရားတော်သည်။ ဗုဒ္ဓ

http://www.dhammadownload.com



သာသနဿ-ဘုရားသာသနာတော်၏။ အာယု-အသက်တည်း။ "ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ" ဝိနယေ-ဝိနည်းတရားသည်။ ဌိတေ-တည်သည်ရှိသော်။ ဌိတေ-မကျိုးမပေါက် မပျက်မစီး ဘဲနဲ့ စောင့်ရှောက်လို့ တည်သည်ရှိသော်။ သာသနံ-သာသနာတော်မြတ်သည်။ ဌိတံ-တည်သည်။ ဟောတိ-ဖြစ်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သေသေချာချာမှတ်ထားပါ၊ ဒါကြောင့် သံဃာတော်များက လျှောက်ထားတယ်၊ အရှင်ဘုရား သုတ်ရယ်, ဝိနည်းရယ်, အဘိဓမ္မာရယ်, ပိဋကတ်သုံးပုံရှိတဲ့အနက်က သာသနာတော်ရဲ့အသက်ဟာ ဝိနည်းတရားတော်ဖြစ်ပါတယ်၊ သူအရေးအကြီးဆုံး ဖြစ်ပါတယ်၊ သူ့ကို ထိပ်ဆုံးက ထားလို့ ရွေးရမှာ ဖြစ်တယ်။

ဒါကြောင့် သူ့ကို ထိပ်ဆုံးက ထားပြီးတော့ သင်္ဂါယနာတင်ပါဘုရားလို့ လျှောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ငါ့ရှင်တို့ ပြောတာ မှန်တယ်၊ သုတ်, ဝိနည်း, အဘိဓမ္မာ, ပိဋကတ်သုံးသွယ် ရှိတဲ့အနက် ဝိနည်းတရားသည်သာလျှင် သာသနာတော်၏ အသက်ဖြစ်တယ်။ ဝိနည်းတည်မှ သာသနာတည်တယ်၊ ဝိနည်းမတည်ရင် သာသနာမတည်ဘူး၊ ဝိနည်းပျက်ရင် သာသနာပျက်တယ်။ ဒါကြောင့် သာသနာ့အသက်ဖြစ်သည့်အားလျော်စွာ သူအရေးကြီးသည့်အတွက် သူ့ကို ရှေ့ထားပြီးတော့ သင်္ဂါယနာတင်ကြစို့ရဲ့၊ ကောင်းပါပြီ။ သင်္ဂါယနာတင်တော့ ဘယ်ပုဂ္ဂိုလ်အမှူးထားပြီး တင်ကြမတုံးလို့ ဒီလိုမေးတယ်။ ရှင်အာနန္ဒာက ပိဋကတ်သုံးပုံအကုန်တတ်တဲ့ပုဂ္ဂိုလ်ပဲဖြစ်တယ်။ ရှင်အာနန္ဒာကို အမှူးထားပါလားဆိုတော့၊ ရှင်အာနန္ဒာကို အမှူးထားလို့ မဖြစ်ဘူး၊ တတ်တာ မှန်တယ်၊ တစ်ပါးသော ရဟန္တာကြီးတွေလည်း တတ်ကျွမ်းတာ မှန်တယ်၊ ဒါပေမယ့် အဲဒီဝိနည်းနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ် သက်တော်ထင်ရှားရှိစဉ်အခါတုန်းက အမြတ်ဆုံးသော အချီးကျူးခံရတဲ့ ပုဂ္ဂိုလ်ပဲလို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ထုတ်ဖော်ပြီးတော့ နှုတ်တော်က ချီးမွမ်းတဲ့ပုဂ္ဂိုလ်ကို ရှာရမယ်လို့၊ ရှာလိုက်တော့ ဘယ်သူ့ကို တွေ့သလဲဆိုတော့ ရှင်ဥပါလိကို လာတွေ့တယ်နော် (မှန်ပါ တယ်ဆရာ)၊ ရှင်ဥပါလိက မြတ်စွာဘုရားကိုယ်တော်မြတ်သက်တော်ထင်ရှားရှိစဉ်အခါထဲက ဝိနည်း အရာ ဧတဒဂ်ပေးထားတယ်၊ ဧတဒဂ်အရမှာ "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ" (အင်္ဂုတ္တိုရ်၊ ၁၊ ၂၅-နှာ) လို့ ဟောကြားတာ ရှိတယ်၊ ဒီပြင့်ပုဂ္ဂိုလ်တွေ မတတ်ဘူးလား (တတ်ပါတယ်ဆရာ)၊ တတ်ပေမယ့် တတ်တဲ့ပုဂ္ဂိုလ်ချည်းပဲ၊ ဒါပေမယ့် သူကတော့ ထူးထူးချွန်ချွန် ပုဂ္ဂိုလ်ပဲလို့ ကိုယ်တော်မြတ်က နှုတ်တော်က ထုတ်ဖော်ပြီးတော့ အမြတ်ဆုံးလို့ ဘွဲ့ထူးပေးခံရတဲ့ ပုဂ္ဂိုလ်ကိုးကွနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒီနေရာမှာ ဝိနည်းနဲ့ ပတ်သက်လို့ သင်္ဂါယနာတင်တဲ့နေရာမှာတော့ ရှင်ဥပါလိပုဂ္ဂိုလ် အမှူးထားပြီး တင်ဖို့ကောင်းပါတယ်ဘုရားလို့ အားလုံးက လျှောက်ထားတယ်။ ဒီတော့မှ ရှင်ဥပါလိ

http://www.dhammadownload.com



လည်းပဲ ဓမ္မာသနပလ္လင်ပေါ်တက်ပြီး ဖြေမယ့်ပုဂ္ဂိုလ်များရဲ့နေရာတက်လို့၊ မင်းကြီးလှူထားတဲ့ ဆင်စွယ်ဖြင့်စီထားသော ယပ်တောင်ကိုင်ပြီးတော့ အမေးခံတယ်၊ ရှင်မဟာကဿပက အမေး၊ ရှင်ဥပါလိက အဖြေပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါဝိနည်းလည်း ပထမသိက္ခာပုဒ်၊ ပထမဆုံး ပညတ်ခဲ့ဖူးတဲ့ သိက္ခာပုဒ်က စပြီးတော့၊ ဒီသိက္ခာပုဒ်ကို ဘယ်ပုဂ္ဂိုလ်အကြောင်းပြုလို့ ပညတ်သလဲ၊ ဘယ်မြို့ ဘယ်ဌာနလဲ၊ ဘာအကြောင်းပြုလို့ ပညတ်သလဲ၊ အဲဒီလိုပဲ တို့အခု ဆဋ္ဌသင်္ဂါယနာတင် အမေးအဖြေ လုပ်သလို့ပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုပဲ သင်္ဂါယနာတင်တင်၊ တင်တင်သွား လိုက်တာ ဝိနည်းပိဋကတ်ကုန်၊ ဝိနည်းပြီးတော့ သုတ္တန်တို့၊ အဘိဓမ္မာတို့ဆက်ကာ ဆက်ကာနဲ့ တင်သွားတာ ဘယ်လောက်ကြာသလဲ ဆိုတော့ ခုနစ်လတတိတိ ကြာတယ်နော် (မှတ်ပါတယ်ဆရာ)၊ ခုနစ်လတိတိကြာတယ်တဲ့၊ ခုနစ်လတိတိကြာတော့မှ ပြီးဆုံးသွားတယ်။ ဒီတော့ တို့မြတ်စွာဘုရား ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူပြီးတဲ့နောက်မှာ သူဟောကြားတော်မူတဲ့ သူထားတော်မူတဲ့ သာသနာ ကြီးကို ဖရိုဖရဲ မပြိုမကွဲရအောင်၊ မပျက်ဆီးရအောင် မတိမ်းပါးရအောင် သင်္ဂါယနာတင်တယ် မဟုတ်လား (တင်ပါတယ်ဆရာ)။

သာသနာ့ဘေးရန် အန္တရာယ်တွေမြင်လို့၊ သာသနာပျက်စီးရာ ပျက်စီးကြောင်းတွေ မြင်လို့၊ အဲဒီဘေးရန် အန္တရာယ်တွေ မြင်တာနဲ့ ရှင်မဟာကဿပကိုယ်တော်မြတ်အမှူးပြုတဲ့ ရဟန္တာကြီးငါးရာ ပထမသင်္ဂါယနာတင်တဲ့အကြောင်းရင်းကို ရှာလိုက်တော့၊ ဘယ်သူလဲဆိုတော့ သုဘဒ္ဒရဟန်းနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုဆိုးသွမ်းသော သာသနာကို ဖျက်ဆီးမည့် ဘုရား၊ တရား၊ သံဃာရတနာမြတ် သုံးပါးရဲ့ဂုဏ်ကျေးကို အထူးမသိတတ်သော သာသနာ့အလွှေ့အမွှားဆိုတဲ့ပုဂ္ဂိုလ်များ၊ သာသနာ့ စူးငြောင့်ခလုတ်ဆိုတဲ့ပုဂ္ဂိုလ်များပေါ့၊ ဒီပုဂ္ဂိုလ်များ အင်အားမများမီ၊ မတိုးပွားမီ၊ အသင်းအပင်း မကြီး ပွားမီ ကြိုတင်ပြီးတော့ သာသနာ့ဘေးရန် အန္တရာယ်ကြီးကို ကာကွယ်တဲ့အနေအားဖြင့် သင်္ဂါယနာ တင်ရပါတယ်နော် (မှန်ပါတယ်ဆရာ)။

## ဒုတိယသင်္ဂါယနာတင်ရခြင်းအကြောင်းရင်း

ဒါပထမသင်္ဂါယနာတင်ပြီးရော၊ နောက်တစ်ခါ နှစ်ပေါင်းအတော်ကြာတော့ ဒုတိယသင်္ဂါယနာ ကို ဆက်တင်တယ်။ ဒုတိယသင်္ဂါယနာတင်ရပြန်ပြီ၊ အကြောင်းမဲ့မနေနိုင်ဘူး၊ ဒုတိယသင်္ဂါယနာ ဘာကြောင့်တင်ရလဲဆိုတော့ ဒီလိုပဲ ဘုရားသာသနာတော်ထဲက ဘုရားသားတော်ထဲက ဖောက်လွှဲ ဖောက်ပြန်ပြီးဖြစ်လာတဲ့ပုဂ္ဂိုလ်တွေ၊ စောစောကပြောတဲ့ သာသနာတော်ရဲ့အသက်ဆိုတဲ့ ဝိနည်းကို မလေးမစားနဲ့ ဖောက်လွှဲဖောက်ပြန် ကျင့်ကြံပွားများအားထုတ်တဲ့ပုဂ္ဂိုလ်များပေါ့ကွနော် (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ အဲဒီပုဂ္ဂိုလ်တွေ များလာတယ်၊ အဲဒါ ဝဇ္ဇီတိုင်းသားရဟန်းများဖြစ်ကြတယ်။ ဝဇ္ဇီတိုင်းသား ရဟန်းများ အခမွခံဆယ်ပါးလို့ မြတ်စွာဘုရားကိုယ်တော်မြတ် ပညတ်တော်မူတဲ့အထဲကနေပြီးတော့ ဆယ်မျိုးဆယ်စားထုတ်ပြီးတော့ မဟုတ်တာတွေ အလုပ်လုပ်တယ်၊ ဒီလိုလုပ်မှအပ်တယ်၊ ဒီလိုက ယူကောင်းတယ်၊ ဒီလိုက စားကောင်းတယ်၊ ဒီလိုက အလှူခံကောင်းတယ်လို့ ဒါပညတ်ချက်ဆယ် ပါးကို ထုတ်တယ်၊ ဒါ အခမွခံခေါ်တယ်၊ ကိုယ်တော်မြတ်ပညတ်တော်မူတဲ့ ဝိနည်းထဲကနေ ထုတ်တယ်၊ နားလည်မှုရအောင် တိုတိုလေး ငါက တစ်ခုပြောလိုက်ပါဦးမယ်၊ အဓိပ္ပာယ်အားဖြင့် ရွှေ၊ ငွေ မကိုင် ကောင်းဘူး၊ အနာမာသဝတ္ထုပစ္စည်းတွေ မကိုင်ကောင်းဘူး၊ ဘုရားကိုယ်တော်မြတ် ပညတ်တော်မူ တယ် ကွနော် (မှန်ပါတယ်ဆရာ)၊ သူတို့ကအဲဒါကို ကိုင်ကောင်းတယ်တဲ့ ပြောတယ်။ ဟော . . . ဝိနည်းစပြီး ပျက်တယ်၊ မပျက်ဘူးလား (ပျက်ပါတယ်ဆရာ)။

**အေး . . . ပထမတုန်းက အကောင်းတွေပဲ၊ နောက်တော့ ဖောက်ပြန်လာတယ်၊ အဲဒါ သူတို့ ဘာလုပ်နေလဲဆိုတော့၊ ဥပုသ်နေ့မှာဆိုရင် ကြေးခွက်တို့, ကြေးဖလားတို့ ရေပါထည့်တဲ့ တို့ ဟိုမောင်းထောင်ခွက်လိုပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုကြေးခွက်တို့ မောင်းထောင်ခွက်တို့ ထဲမှာ ရေထည့်ပြီးတော့ သီတင်းသည်များနေတဲ့ ဥပုသ်ဇရပ်မှာ သွားချထားတယ်။ ဥပုသ်နေ့ သီတင်း သည်များနေတဲ့ ဥပုသ်ဇရပ်မှာ သွားချတယ်၊ အဲဒါ တစ်မူး, တစ်ပဲထည့်ကြပါဆိုတဲ့အဓိပ္ပာယ်လေး၊ ဒီအထဲ ထည့်ကြည့်၊ ဥပုသ်သည်တွေက တစ်မူးတတ်နိုင်ရင် တစ်မူးထည့်၊ တစ်မတ်တတ်နိုင်ရင် တစ် မတ်ထည့်၊ တစ်ကျပ်တတ်နိုင်ရင် တစ်ကျပ်ထည့်ပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ရှေးက ငွေတို့, ငွေစ လေးတွေ အသုံးများတယ်ကိုးကွ၊ အခုလို စက္ကူတို့ ဘာတို့မှ မဟုတ်ဘဲကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒါထည့်ကြတယ်။ ဥပုသ်သည်တွေက များပါတယ်၊ အဲဒါထည့်ပြီးတော့ ညနေအချိန်ကုန်တော့ အဲဒီခွက်ကိုယူလာ၊ ယူသိမ်းပြီးတော့ ကျောင်းပေါ်တင်ပြီးတော့၊ အဲဒါရေတွက်ပြီးတော့ ဘယ်ရွှေ့ ဘယ်မျှ ရတယ်၊ ဘယ်လောက်ရတယ်၊ တို့ကျောင်းမှာ သံဃာဘယ်နှစ်ပါးရှိတယ်၊ ဆယ်ပါးရှိတယ်၊ ဆယ်ပါးရှိရင် ဆယ်ပုံပုံဟ၊ တစ်ယောက်တစ်ပုံစီ ဝေစု ဝေပုံကျ ဝေငှယူကြတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)။**

အေး . . . အဲဒါတစ်ခုတည်း ငါက နမူနာပြလိုက်တာ၊ နောက်ပိုင်းကတော့ ဒီလိုပါပဲ၊ ကျန်တဲ့ ကိုးခုကလည်း ဒီအတိုင်းသွားတာပါ၊ မဟုတ်တာတွေ အဟုတ်လုပ်ပြီးတော့ နေကြတယ်၊ ဘုရားကိုယ် တော်မြတ် ပညတ်တော်မူတဲ့ ဝိနည်းသိက္ခာပုဒ်တွေ လွန်ကျူးလာတဲ့အလုပ်တွေနော် (မှန်ပါတယ် ဆရာ)၊ ရွှေ, ငွေ, ရတနာဆိုတဲ့ အနာမာသဝတ္ထုတွေကို ဘုရားကိုယ်တော်မြတ် တိုက်ရိုက်ပညတ် ထားခဲ့တယ်၊ ဒါ သူတို့က ခံကောင်းတယ် ဆိုပြီးတော့ အခုပြောသလို ရေစင်ခွက်ကလေးတွေ ချပြီး

http://www.dhammadownload.com



ရေခွက်ထဲလာ ထည့်တာတွေ၊ ပြီးတော့မှ ဝေပုံဝေစုချပြီးတော့ ဒါတွေ ဝဋ္ဋိတိုင်သား ရဟန်းများက ကိုင်တွယ်သုံးကြ စွဲကြတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒီတော့မှ ရဟန္တာကြီး ရှင်ယသနှင့် သွားတွေ့လို့ ရှင်ယသလည်း ဒီသတင်းတွေကြားလို့ ဘုရားသာသနာတော်ကြီးလည်း အမှောက်မှောက် အမှားမှားဖြစ်ကုန်ပြီ၊ မဟုတ်တာတွေ ကျင့်ကြံပွားများ အားထုတ်အလုပ် လုပ်ကုန်ပေါ့ ဆိုတော့ ကိုယ်တော်မြတ်က ကြားတော့ လာပြီး စုံစမ်းတယ်၊ မယောင်မလည်နဲ့ လာပြီး စုံစမ်းတော့၊ သူတို့အကဲ ကြည့်လိုက်တော့ ဒီလိုဆိုသလိုဖြစ်နေတယ်၊ ဒီတော့ သူ့တောင်ဝေပုံထဲ ထည့်ဝေတယ်၊ သူက ပြောတယ်၊ ကိုယ်တော်တို့ ဒါတွေ မအပ်ဘူးနော်၊ ဘုရားကိုယ်တော်မြတ် ပညတ်ထားတာ၊ ရွှေ, ငွေ မကိုင်ကောင်းဘူးလို့ ပညတ်ထားတာ၊ ကိုယ်တော်တို့ ဘယ့်နှယ်ဟာတွေ လုပ်နေတုံး၊ မလုပ်ကောင်း တာတွေ မလုပ်ပါနဲ့၊ ဟာ . . . လုပ်ကောင်းပါတယ်။ ဒါတွေက အပ်ပါတယ်၊ ယူကောင်း ကိုင်ကောင်း ခံကောင်းပါတယ်၊ အတင်းအစွဲ လုပ်တယ်၊ သူ့လည်း ဝေပုံဝေစုထည့်ဝေတယ်၊ ရော့ ကိုယ်တော်တစ်ပုံ၊ ကိုယ်တော်ရထိုက်တာ၊ ဟာ . . . ဒါတွေ မလိုချင်ဘူး၊ ဒါတွေ မအပ်ဘူး၊ မကိုင်ကောင်းဘူး၊ အနာမာသ ဝတ္ထုတွေပဲလို့ သူက ပြောတော့ သူ့ကို ဝိုင်းပြီးတော့ အသင်းအပင်းနဲ့ ဝိုင်းရိုက်တယ်နော် (မှန်ပါတယ် ဆရာ)၊ အေး . . . ရှုတ်တယ်ဟေ့၊ သူရှိရင် တို့အလုပ်တွေ ပေါ်ကုန်လိမ့်မယ်၊ အမှုတွေ ပေါ်ကုန် လိမ့်မယ်။

မမှန်တာတွေ ပေါ်ကုန်လိမ့်မယ်၊ အခု တို့လုပ်နေတဲ့လုပ်ငန်းတွေက သူသူငါငါ လူတကာတွေက အဟုတ်မှတ်နေကြတာ၊ တို့ပြောတိုင်း ယုံနေကြတယ်၊ သူရောက်လာရင်တော့ တို့လုပ်ရပ်တွေ ပေါ် ကုန်မယ်၊ သူ့တော့ ရိုက်ထုတ်မှပဲလို့ သံဃာတွေ အုံကြွပြီးတော့ သူ့ဘက်တော်သားတွေ၊ အသင်း အပင်းတွေပေါ့ကွာ၊ အခုန ပြောတဲ့ အနာမာသဝတ္ထုတွေ၊ ရေစင်ခွက်ထိုးပြီးတော့ ငွေကိုင်ခိုင်းတယ် ဆိုတဲ့ပုဂ္ဂိုလ်တွေစုရုံးပြီးတော့ ရှင်ယသကို ရိုက်ရအောင် လာခဲ့တာတဲ့၊ ဝိုင်းအုံပြီးတော့ လက်နက် မျိုးစုံနဲ့ပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ရိုက်ရ, နှက်ရအောင် လာတဲ့အခါမှာ ရှင်ယသက သိတော့မှ သူက ရဟန္တာကိုးကွ၊ ဒီတော့မှ ရုတ်တရက် ဈာန်နဲ့ ကြွသွားတယ်၊ လွတ်သွားတယ်တဲ့နော် (မှန်ပါတယ် ဆရာ)၊ အဲဒီက စပြီးတော့ ရှင်ယသက ဒီလိုနေလို့ မဖြစ်ဘူးဆိုပြီးတော့ ဒီပုဂ္ဂိုလ်တွေ အင်အားကြီးမား, အင်မတန်များလာရင် ဘုရားသာသနာပျက်စီးချည်ရဲ့လို့၊ ထိုအလဇ္ဇီ အရှက်မရှိ, အကြောက်မရှိ၊ ဝိနည်းသိက္ခာပုဒ် ဖျက်လိုဖျက်ဆီးနဲ့ မဟုတ်မတရားတွေ ကျင့်ကြံပွားများတဲ့ ပုဂ္ဂိုလ်တွေ များလာတော့ မုချအားဖြင့် ဘုရားသာသနာပျက်စီးတော့မှာပဲလို့၊ ဒီလိုနေလို့ မတော်ပါလားလို့ဆိုပြီးတော့ ရဟန္တာကြီး တွေရှိတဲ့ မြို့ရွာဒေသတွေ၊ အရပ်တွေသွားပြီး ရဟန္တာကိုယ်တော်မြတ်ကြီးတွေ လျှောက်ထားလို့ လဇ္ဇီ သီလဝန္တ ဖြစ်တော်မူကြတဲ့ သိက္ခာကာမ တကယ်လိုလားတော်မူကြတဲ့ သာသနာ့ဝန်ထမ်းရဟန်းတော် အစစ်တွေထံ သွားပြီးတော့ တိုင်ပင် နှီးနှောတယ်။

http://www.dhammadownload.com



ဒီအတိုင်းနေလို့တော့ မတော်ဘူး၊ သာသနာကြီးပျက်စီးရာ ပျက်စီးကြောင်းတွေ ဖြစ်ကုန်ပြီ၊ ဒီအကျင့်မျိုးတွေ ကျင့်ကုန်ပြီ၊ ဒါကြောင့် တပည့်တော်တို့သည် စုပေါင်းပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့သာသနာကြီးကို သင်္ဂါယနာတင်ကြပါစို့လို့ လျှောက်ထားခဲ့တယ်။ ဒီတော့မှ ရဟန္တာကြီးတွေနဲ့တကွ အားလုံးစုပေါင်းပြီးတော့ ဒုတိယသင်္ဂါယနာတင်ပွဲကြီးကို တင်ရပါတယ်နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းတွေ ဒီလိုဖြစ်တာကိုး၊ အဲဒီတော့ ဒုတိယသင်္ဂါယနာတင်ရတဲ့အကြောင်းရင်းကို ရှာကြည့်ရင် သာသနာပျက်စီးမဲ့ဘေးအန္တရာယ်ကို မြင်လာတဲ့အခါမှာ ကြိုတင်ပြီးတော့ ကာကွယ်တဲ့အနေအားဖြင့် သင်္ဂါယနာတင်တယ်ဆိုတဲ့ ထုံးဝတ္ထုလေးက ထင်ရှားပါတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီနောက် တတိယသင်္ဂါယတင်ကြတယ်။ ၎င်းနောက် စတုတ္ထသင်္ဂါယနာတင်ကြတယ်၊ စတုတ္ထသင်္ဂါယနာကိုတော့ သီဟိုဠ်မှာ တင်ခဲ့ကြတယ်။ ပဥ္စမသင်္ဂါယနာကိုတော့ တို့မြန်မာပြည်မှာ တင်ခဲ့ကြတယ်၊ ပဥ္စမသင်္ဂါယနာပွဲကိုတော့ မင်းတုန်းမင်းလက်ထက်မှာဖြစ်တယ်။ အဲဒီပဥ္စမသင်္ဂါယနာတင်ကျတော့ စောစောက ပြောတဲ့အတိုင်းပဲ သာသနာ့ရန်အမေးဆိုတဲ့ ဝိနည်းသိက္ခာပုဒ်ကို မလေးမစားဘဲနဲ့ သာသနာပျက်စီးရာ ပျက်စီးကြောင်း ကျင့်ကြံပွားများအားထုတ်တဲ့အလုပ်တွေကို အကြောင်းမပြုပါဘူး။ ပဥ္စမသင်္ဂါယနာတင်ကြတော့ ဘာအကြောင်းပြုသလဲဆိုတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ဟောတော်မူတဲ့ သုတ်, ဝိနည်း, အဘိဓမ္မာဆိုတဲ့ ပိဋကတ်တော်ကြီးမှာ ရုတ်တရက်အားဖြင့် ပျောက်ပျက်၍မသွားနိုင်အောင် မူလက ပေပေါ်တင်ထားတဲ့စာတွေကိုပေ့ါကွနော် (မှန်ပါတယ်ဆရာ)။

ရုက်တရက်ပျောက်ပျက်ပြီးတော့ ပျက်စီးမသွားနိုင်အောင် အင်မတန်ခိုင်မြဲ ခိုင်ခံ့တယ်ဆိုတဲ့ ကျောက်သားပကတိပေါ်မှာ ကူးပြောင်းပြီးတော့ ရေးကြပါစို့ရဲ့လို့၊ ပဥ္စမသင်္ဂါယနာတင်ကြတော့ ကျောက်ထက် အက္ခရာတင်တယ်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ပဥ္စမသင်္ဂါယနာတင်တာက ကျောက်ထက်အက္ခရာပေါ်မှာ စာရေးထွင်းကြခဲ့တယ်။ ဒါကြောင့် တို့မန္တလေးနေပြည်တော် အခုဒီအတိုင်း ရှိပါတယ်။ မင်းတုန်မင်းကြီးတင်ထားတဲ့ ကျောက်ထက်အက္ခရာ၊ ကျောက်စာတော်မူတွေနော် (မှန်ပါတယ်ဆရာ)၊ အဲဒီပဥ္စမသင်္ဂါယနာတင်တာက လာလိုက်တာ၊ အခု ဆဋ္ဌသင်္ဂါယနာတင်ရောက်ပါပြီ၊ ဆဋ္ဌသင်္ဂါယနာတင်ကြတော့လည်းပဲ ကျောက်ထက်အက္ခရာမဟုတ်ပါဘူး၊ ကျောက်ထက်လည်း ပို၍ခိုင်စရာမရှိပါဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါတွေတော့ မလိုဘူးတဲ့၊ အရေးအကြီးဆုံးကတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ သုတ်, ဝိနည်း, အဘိဓမ္မာဆိုတဲ့ ဒေသနာတွေဟာ ပါဠိဘာသာတွေ အချွတ်ချွတ်အချော်ချော် ဖြစ်ကုန်ပြီတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဟိုကျမ်းက တစ်မျိုး၊ ဒီကျမ်းက တစ်မျိုး၊ ဟိုစာက တစ်မျိုး၊ ဟိုမူက တစ်မျိုးနဲ့ မူအမျိုးမျိုးအဖုံဖုံတွေ ဖြစ်ကုန်ပြီတဲ့၊ ပါဠိလို မူချင်းမတူတော့ဘူးတဲ့။

http://www.dhammadownload.com



တို့မြန်မာပြည်မှာ ကုလားဝင်ပြီးတော့ အုပ်ချုပ်တဲ့အချိန်ကစပြီး သာသနာကြီးလည်းပဲ အကွပ်မရှိတဲ့ကြမ်းပြင်လို ပရမ်းပတာဖြစ်လို့နေတယ်။ သူတစ်မျိုး ငါတစ်ဖုံနဲ့ ကိုယ်လုပ်ချင်ရာကိုယ်ထပြီး လုပ်ကြတော့ လူမျိုးခြားတွေလည်း စာပုံနှိပ်စက်တွေထောင်၊ ပိဋကတ်ကျမ်းစာတွေ ရိုက်ကြတယ်။ သူတို့က ပိဋကတ်ကျမ်းစာတွေ ရိုက်ပြန်တော့လည်းပဲ ပါဠိပါဌ်သားအထားအသို ပုဒ်ပါဌ်အက္ခရာ အနေအထား ဝါကျအသွားအလာဆိုတဲ့ တကယ်စစ်ဆေးတတ်တဲ့ တတ်ကျွမ်းနားလည်တဲ့ စာပြင်တဲ့ ပါဠိဆရာများကို အဖိုးကြီးစွာ ပေးမငှားဘဲနဲ့ တော်သင့်လျော်သင့် တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်တွေ ငှားပြီး လခတွေ ပေးပြီးတော့ သူတို့စက်မှာ စာပြင်ဆရာအနေနဲ့ ထားကြတယ်။ အဲဒီပုဂ္ဂိုလ်တွေက တိတိကျကျ မပြင်နိုင်တော့ ပါဠိပါဌ်သားတွေ ချွတ်ယွင်းချက်များလာတယ်၊ မများဘူးလား (များပါတယ်ဆရာ)၊ အေး . . . ဒါပေမယ့် လူတွေက ရိုက်တဲ့စာအုပ်တွေကလည်း အမျိုးမျိုးအဖုံဖုံဖြစ်နေတော့ တချို့တော့လည်း တကယ်ကို တတ်ကျွမ်းနားလည်တဲ့ ပါဠိဆရာကြီးတွေ ငှားပြီးတော့ ပြင်ဆင်ပြီး ပြန်ရိုက်ကြတယ်။ ပိဋကတ်စာတွေ ရိုက်တဲ့တိုက်တွေလည်း အများကြီးရှိပါတယ်။ အဲဒီကတည်းက စပြီးတော့ ပါဠိပါဌ်သားတွေ အနေအထားတွေ ချို့ယွင်းချင်သလောက် ချို့ယွင်းလာတာပေါ့လေ၊ မှားသင့်သလောက် မှားလာတာပေါ့။

အဲဒါကြောင့် ကြာလာလို့ရှိရင် ဒီအတိုင်းကြည့်နေရင်တော့ တို့မြတ်စွာဘုရားကိုယ်တော်မြတ်ဟောထားတဲ့ သုတ်, ဝိနည်း, အဘိဓမ္မာဆိုတဲ့ သာသနာကြီးဟာ အမှားတွေများပြီး ကြာလာရင် သာသနာထိခိုက်ရချည်ရဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အခုအချိန်လောက်ကစပြီးတော့ တို့နိုင်ငံတို့လူမျိုးနဲ့ တို့အစိုးရကလည်း ဖြစ်နေတယ်။ သာသနာကြီးလည်း အားပေးနိုင်သမျှ အားပေးနိုင်တယ်ဆိုတဲ့ အချိန်အခါကြီးရောက်လို့၊ အဲဒါ ဖဆပလအစိုးရလက်ထက်ဆိုပါတော့ သခင်နုတို့ ကြီးမှူးပြီးတော့ ဆဋ္ဌသင်္ဂါယနာတင်ကြတယ်။ ဆဋ္ဌသင်္ဂါယနာပွဲကြီးကို လုပ်ကြတယ်၊ အဲဒါ တိုင်းပြည်ပေါ်မှာ အကျော်အမော်ဆိုတဲ့ "တိပိဋကဆေက တိပိဋကရေ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု" အစရှိတဲ့ ဆရာတော်တွေ စုပေါင်းပြီးတော့ အကောင်းဆုံး အမှန်ဆုံးဆိုတဲ့ မူတွေ ချချပြီးတော့ ထိုချွတ်ချော်တိမ်းပါးနေတဲ့ မှားနေတယ်ဆိုတဲ့ ပါဠိဘာသာတွေ ပြင်ဆင်လို့ ပါဠိဝိသောဓေ၊ ပါဠိတွေ၊ ပုဒ်တွေ ရှင်းလင်းပြီးတော့ မူအသစ်ပြန်ပြီးတော့ ပြင်တာကိုး တို့ဆဋ္ဌသင်္ဂါယနာတင်လို့ ခေါ်ပါတယ်နော် (မှန်ပါတယ်ဆရာ)။

အေး . . . အခု ဆဋ္ဌသင်္ဂါယနာတင်ရောက်ကြပြီးလို့ နောက်ပိုင်းလည်း ဒီလိုပဲ တစ်စတစ်စနဲ့ ဒီသာသနာကြီးဟာ ဒီလိုပဲ နှစ်ပေါင်းအတော်ကြာသွားရင် ချွတ်ချော်တိမ်းပါးမှုတွေများလာရင် ဒီလိုပဲ ဆက်ကာ ဆက်ကာ သင်္ဂါယနာတင်ကြရတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ သာသနာငါးထောင်

http://www.dhammadownload.com



မြတ်စွာဘုရားကိုယ်တော်မြတ် ထားတော်မူတဲ့နှစ်အတိုင်းပဲ၊ အခုတော့ နှစ်ထောင့်ငါးရာ ပြည့်သွားပါပြီ၊ ဒီဘက်လည်းပဲ ရောက်ခဲ့ပါပြီ။ အခု ဆဋ္ဌသင်္ဂါယနာ တင်လို့ နောက်ပိုင်း ဘယ်နှစ်ကြိမ်တင်ရမလဲ ဆိုတာ မသိဘူး။ အဲဒီလို သာသနာကြီး မပျက်မစီးအောင် ဆိုသလိုပဲ အထူးအားဖြင့် စောင့်စည်းလာတဲ့ သဘောသည် သင်္ဂါယနာတင်ခြင်းပါပဲနော် (မှန်ပါတယ်ဆရာ)၊ အခုလည်း မြတ်စွာဘုရား ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူပြီးတဲ့နောက် စံယူပြီးသည်နှင့်တစ်ပြိုင်နက် ရှင်မဟာကဿပ ကိုယ်တော်မြတ် အမှူးရှိသော ရဟန္တာကြီးငါးရာသည် ပထမဆုံး သင်္ဂါယနာတင်တော်မူခဲ့၏။ ပြီးတော့မှ တို့မြတ်စွာ ဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတာနဲ့ပတ်သက်ပြီးတော့ မှာတမ်းတော် ပရိနိဗ္ဗာန်စံခန်းကို တို့ကောက် နှုတ်ချက်ကလေး ထုတ်ကြည့်ကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီကောက်နှုတ်ချက် ထုတ်တဲ့အခါကျတော့ တို့လူစုကလည်း သမာဓိကောင်းကောင်းထားပေါ့၊ ကျပ်ကျပ်လည်း စဉ်းစားပေါ့၊ ပြောချင်တဲ့ စကား လေးလည်း ပြောရဦးမယ်။

တို့ ဒီအချိန်ပြောင်းပြီးခါမှ နေရောင်ကျဲကျဲနဲ့ သင်တန်းဖွင့်တာ ဘယ်နှစ်ရက်ရှိပြီလဲ၊ (မမှတ်မိ ပါဘူးဆရာ)၊ **သြော် . . . မင်းတော်တော်မှတ်ဉာဏ်ကောင်းတာပဲ၊ မင်းမပြောနဲ့ ငါတောင် မမှတ်မိဘူး၊** သုံးရက်ရှိပြီ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပထမတစ်ရက်တုန်းကွယ် ခြောက်နာရီနဲ့ လေးဆယ်ငါး မိနစ်တိတိမှာ တို့ ဒီက ဘဲလ်ဆွဲပါတယ်။ အတိအကျပဲနော် (မှန်ပါတယ်ဆရာ)၊ ဒုတိယတစ်ရက် ဒီလိုပဲ နောက်ခြောက်နာရီလေးဆယ့်ငါးမိနစ် ဘဲလ်ဆွဲရတယ်။ ဟော . . . ဒီနေ့ကျတော့ နည်းနည်း ပါးပါး ပိုသွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပရိသတ်စောင့်ရလို့တဲ့နော် (မှန်ပါတယ်ဆရာ)၊ ငါးမိနစ် လောက် ပိုသွားတယ်၊ အဲဒီတော့ ပရိသတ်လည်း ဘယ့်နှယ့်ဖြစ်သလဲဆိုတော့ တစ်ရက်, နှစ်ရက်, သုံးရက် ရှိသေးတယ်၊ နည်းနည်းလေး ငြီးငွေ့သလောက်ဖြစ်လာတယ်၊ ကြာရှည်မှ ခိုင်ပ့ါမလားဟေ့၊ ဘယ့်နှယ့် တို့လူစုတို့ အဲဒီပြယုဂ်ကြီး နည်းနည်းယိမ်းယိုင်လာရင်ဖြင့် ပြုတော့မှာပဲ၊ အဲဒါအင်တိုက် အားတိုက် လုံ့လဝီရိယနဲ့၊ တချို့လည်း နည်းနည်း ဒီနေကျဲကျဲထဲ နေ့ခင်းကြောင်တောင်ကြီးထဲမှာ သင်တန်းသွားမလို့ဆိုတော့ လူတွေကြားထဲ ဖြတ်လာတယ်၊ ငါပုံဖမ်းကြည့်ရတာ၊ သင်တန်းသွားမလို့၊ သင်တန်းသွားမလို့နဲ့၊ အချိန်ကလည်း သင်တန်းဆိုတာ အရင်တုန်းက ညလာတယ်၊ သူမှန်းမသိ၊ ငါမှန်းမသိ၊ လုံးထွေးလုံးထွေး ရောရောနှောနှောနဲ့ လာကြတယ်။

အခုတော့ နေ့ခင်းကြောင်တောင် အဲဒီအချိန်မှာပဲ သင်တန်းသွားမလို ဆိုရမှာကို၊ တချို့က ခပ်ရှက်ရှက်လား မပြောတတ်ပါဘူး၊ တယ်ခြေမသွက်ပါဘူး၊ ခပ်လေးလေး, ခပ်ထိုင်းထိုင်း, ခပ်မှိုင်း မှိုင်းဖြစ်နေတယ်။ အဲဒါ အခု သုံးရက်ရှိသေးတယ်၊ နည်းနည်းခပ်ပျော့ပျော့လေး, ခပ်လျော့ လျော့လေး ဖြစ်လာတယ်။ တို့လူစုတွေ သေသေချာချာလည်း မှတ်စမ်းပါကွယ်၊ ငါလည်းပဲ အချိန်ရှိတုန်းမှာပဲ

http://www.dhammadownload.com



ပြောခဲ့ပါတယ်နော် (မှန်ပါတယ်ဆရာ)၊ နေ့ခင်းကြောင်တောင်ကြီးမှာ သင်တန်းဖွင့်ပေးခဲ့ရပါတယ်၊ ခါတိုင်း ညပိုင်းသင်တန်းဖွင့်ချိန်မှာ ကာဖြူးအမိန့်တွေ ထုတ်ထားလို့ နေ့ခင်းမှာ သင်တန်းကြီးသွားပေးရတယ်နော် (မှန်ပါတယ်ဆရာ)၊ တို့များအိမ်မှာ နေ့သင်တန်းကြီးပေးတာကိုပဲ နှစ်ခါလည်ကျော်ခဲ့ပြီ၊ နေ့ခင်းကြောင်တောင်မှာကိုပဲ နာရီပြန်တစ်ချက်မှာ သင်တန်းပေးခဲ့ရပါတယ်။ အဲဒီအချိန်ကြီးတောင်ပဲ လာပြီးတော့ ကြိုးစားပမ်းစားနဲ့ အလုပ်လုပ်ကြပါတယ်လို့နော် (မှန်ပါတယ်ဆရာ)၊ တို့လူစုတွေ ယခုအခါလေးဟာ သောင်မတင်ရေမကျဆိုတဲ့အခါလေး ဆိုကြပါစို့ကွယ်၊ ခြောက်နာရီလေးဆယ့်ငါး မိနစ်၊ ခြောက်နာရီခွဲလောက် အရောက်လာတယ်၊ တစ်ဆယ့်ငါးမိနစ်လောက် စောင့်ရင် ပြီးရော မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ သိပ်လည်း မစောင့်ရပါဘူး၊ အဲဒါကြောင့် နည်းနည်းလေး လျော့မှန်းမသိ၊ လျော့လျော့လာလို့ ခပ်ယိမ်းတိမ်းတိမ်း ခပ်ယိုင်ယိုင်လေးဖြစ်လာရင် အဲဒါကြီးက ပြိုသွားလိမ့်မယ်။

ဒီတော့ မိမိတို့စိတ်ထဲ ဘာအဓိကထားသလဲ၊ ဩော် . . . တို့ ဒီသာသနာနှင့်တွေ့တဲ့ ကြုံတဲ့ အခါမှာ သေသွားရင် မတော်တဆ ငါအပါယ်လေးပါးများ လားမလားဟဲ့၊ ခုတော့ အားကိုးစရာလည်း ရှာမရဘူး၊ အားထားစရာလည်း ရှာမရဘူး၊ အားတော့ကိုးရပါတယ်၊ “ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ၊ လက်မမြဲ ခြေမြဲပါစေ”ဆိုတဲ့အနေအားဖြင့်၊ အဲဒီလို အားကိုးစရာကုသိုလ်ကတော့ တို့မှာရှိပါရဲ့၊ ဒါတွေ ကတော့ ဗုဒ္ဓဘာသာမှန်သမျှ ဒီလိုပဲ ကုသိုလ်လေးရှိကြတယ်။ ဒါပေမယ့် အဲဒါတွေက တထစ်ချ မပြောနိုင်တဲ့ အလုပ်တွေပဲဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ သေပေါင်းလည်း များလှပေါ့၊ သေတဲ့ လူအပေါင်းလည်း စိတ်မချလို့၊ ဂတိမမြဲတဲ့ ဝိနိပါတဘေးက မကျော်နိုင်ဘူး၊ သေပြီးတဲ့နောက်ပိုင်းမှာ အမျိုးမျိုး ကုသိုလ်ကောင်းမှုတွေ ကျန်ရစ်တဲ့သူများက ကြိုးစားပြီး အလုပ်လုပ်ပေးကြတယ်၊ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ ဒါတွေဟာ တို့က သိပ်ပြီးတော့ အားထားလောက်တဲ့လုပ်ငန်း မဟုတ်သေးဘူးလို့၊ ဒါကြောင့် ပင်ပန်းတကြီး အပတ်တကုတ်နဲ့ ကြိုးစားအားထုတ် အလုပ်လုပ်လာ လို့ ရှိရင်ဖြင့် တို့က သေရဲ၊ နေရဲ ဆိုသလိုပဲ စိတ်ချရတဲ့လမ်းစဉ်တော့ မုချရောက်တော့မယ်၊ ဒီသင်တန်းကို အပတ်တကုတ်နဲ့ ကြိုးစားအားထုတ်လို့ရှိရင် အသေဖြောင့် အနေဖြောင့်မယ်၊ သေပြန်တော့လည်း ကိုယ့်ကိုယ်ကို ကြောက်စရာမလိုဘူး၊ တွေတွေဝေဝေနဲ့ မသေရဘူး၊ ရဲရဲဝံ့ဝံ့, တည်တည်ကြည်နဲ့ သေရမယ်၊ ပျော်ပျော်ရွှင်ရွှင် သေရမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အပါယ်လေးပါး လုံးလုံးလျားလျား ဘယ်တော့မှ မလားရဘူး ဆိုတဲ့ အပါယ်လေးပါး တံခါးပိတ်တယ်ဆိုတဲ့စကား တို့ရမှာပဲလို့၊ အဲဒါတွေ စိတ်ထဲမှာ စွဲစွဲပြီးတော့ ဒီထိအောင် စိတ်ချယုံကြည်ထိုက်တဲ့ အသိဉာဏ်ရမည့်သင်တန်းကို သွားရ တာလို့၊ ဘေးပတ်ဝန်းကျင်လည်း ဂရုစိုက်စရာမလိုဘူး။

http://www.dhammadownload.com



ငါလည်း "ဥစ္စာလိုရင် ဥစ္စာရင်းခဲ"ဆိုတဲ့အတိုင်းပဲ နေ့ခင်းဟောလည်း ငါသွားမယ်၊ မနက်ဟောလည်း ငါသွားမယ်၊ ညဟောလည်း ငါသွားမယ်၊ အချိန်နှောင့်နှေးလို့တော့ မဖြစ်ဘူးဟဲ့။ အိမ်ကကိစ္စဝိစ္စဆိုတာလည်း နေ့စဉ်နဲ့အမျှ မသေမချင်း လုပ်ရတဲ့ကိစ္စဝိစ္စတွေ၊ ဒါတွေ ပြောနေလို့ ဖြစ်မှာမဟုတ်ဘူး။ ဒါတွေက အခါအားလျော်စွာ တို့အလုပ်လုပ်နေရတာ၊ တစ်သက်လုံး ဒီလိုပဲ သွားမှာမဟုတ်ပါဘူး၊ အခါအားလျော်စွာ ဖြစ်နေတယ်၊ အခိုက်အတန့်လေးဖြစ်နေတဲ့ကိစ္စ နေ့လည်းပဲ သည်းခံပြီးတော့ အချိန်မှန်မှန်လေးနဲ့လာ၊ မရောက်ရောက်အောင်တော့ ကြိုးစားမှပဲလို့၊ အဲဒါတကယ့်ကိုပဲ တရားအပေါ် ယုံယုံကြည်ကြည်လေးနဲ့ လိုလိုချင်ချင်နှင့် ရှိရဲ့လား၊ ရိသဲ့သဲ့နဲ့ ဝတ်ကျေတန်းကြေ အနေအားဖြင့် နေသလားဆိုတာ မနက်ဖြန်ခါက စပြီး အကဲခတ်ကြည့်လိုက်ဦးမယ်နော်။

## သဒ္ဓါအဓိပ္ပာယ်နှင့်သဒ္ဓါအမျိုးအစား

"သဒ္ဓါ"ဆိုတာ တခြားမဟုတ်ပါဘူး၊ ယုံကြည်မှုကို "သဒ္ဓါ"လို့ ခေါ်ပါတယ်၊ ဒါကြောင့် သဒ္ဓါစေတသိက်ကိုပဲ သဒ္ဓါတရားလို့ခေါ်တယ်။ မြန်မာလိုပြန်တော့ ယုံကြည်မှုပဲဖြစ်တယ်၊ ဒါကြောင့် အဲဒီသဒ္ဓါလေးမျိုးကို မနေ့က ခွဲပြသွားတယ်၊ ဘုရားလောင်းများ ရလာတဲ့ သဒ္ဓါမျိုးကိုတော့ "အာဂမသဒ္ဓါ"လို့ ခေါ်တယ်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရတဲ့ အရိယာများ သဒ္ဓါကိုတော့ "အဓိဂမသဒ္ဓါ"လို့ ခေါ်ပါတယ်။ ပုထုဇဉ်များရတဲ့ သဒ္ဓါတရားကျတော့ "သြကပ္ပနသဒ္ဓါ"လို့လည်း ရတယ်၊ ပသာဒသဒ္ဓါလည်း ရတယ်။ နှစ်မျိုးနှစ်စားရတယ်၊ သဒ္ဓါလေးမျိုးကို စပြတဲ့အနက်မှာ ဘုရားအလောင်းရတဲ့ သဒ္ဓါလည်းပဲ ဖယ်ထားလိုက်ပါ၊ တို့နှင့်မဆိုင်ဘူးပေါ့နော် (ဟုတ်ကဲ့ဆရာ)၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရပြီးသား အရိယာများရတဲ့သဒ္ဓါလည်းပဲ ဒါလည်းဖယ်ထားပေါ့၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ဆရာ)၊ ပုထုဇဉ်များဖြစ်ပေါ်တဲ့ သဒ္ဓါတရား၊ ပုထုဇဉ်များရတဲ့ သဒ္ဓါနှစ်မျိုးကိုတော့ ဝေဖန်ကြတယ်။ မနေ့ညက ပြောသလိုပဲ၊ တို့လူစုတွေရဲ့ သန္တာန်မှာ ဖြစ်နေတဲ့ သဒ္ဓါတရားတွေကို နံပါတ်လွဲနေလို့ နံပါတ်ကလေးတွေ ပြောင်းရမယ်။ သြကပ္ပနသဒ္ဓါ, ပသာဒသဒ္ဓါလို့။ သြကပ္ပနသဒ္ဓါပဲ ဖြစ်နေသလား၊ ပသာဒသဒ္ဓါပဲ ဖြစ်နေသလားလို့ မိမိတို့ အခုလုပ်နေကြတဲ့ သဒ္ဓါတရားတွေကို ဒါလေးတွေ ပြန်ပြီးတော့ ဆန်းစစ်ကြပါ၊ မှားလို့ရှိရင် ပြင်ကြပါ။

"သြကပ္ပနသဒ္ဓါ"ဆိုတာ ဘာလဲတဲ့၊ ဘုရား, တရား, သံဃာဆိုတဲ့ သရဏဂုဏ်သုံးပါးမှာ မတုန်မလှုပ်သက်ဝင်ယုံကြည်သော သဒ္ဓါတရားသည် "သြကပ္ပနသဒ္ဓါ"လို့ ခေါ်တယ်၊ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးကို အထူးယုံကြည်တဲ့ သဒ္ဓါတရားကို "သြကပ္ပနသဒ္ဓါ"လို့ ခေါ်တယ်၊ ပြီးတော့ "ပသာဒသဒ္ဓါ"ဆိုတာ ဘယ်လိုဟာ ခေါ်လဲဆိုရင် ကြည်ညိုကာမျှဖြစ် တယ်။ ဒီသဒ္ဓါတရားကျတော့ "ပသာဒသဒ္ဓါ"လို့ ဒီလိုခေါ်တယ်။ ဒါကြောင့် သြကပ္ပနသဒ္ဓါနှင့် ပသာဒသဒ္ဓါတွေဟာ ဘာကွာသလဲဆိုတော့ သြကပ္ပနသဒ္ဓါကတော့ -

http://www.dhammadownload.com



"ဗုဒ္ဓေါ ဓမ္မော သံဃောတိ ဝုတ္တေ အစလဘာဝေန ဩကပ္ပနံ ဩကပ္ပနသဒ္ဓါ နာမ" (ပါထိကအဋ္ဌကထာ၊ ၂၀၂)

ဗုဒ္ဓေါ, ဓမ္မော, သံဃောတိ-ဘုရား, တရား, သံဃာလို့။ ဝုတ္တေ-ဆိုအပ်သည်ရှိသော်။ အစလဘာဝေန- မတုန်မလှုပ်သော သက်ဝင်ယုံကြည်မှုအဖြစ်ဖြင့်။ ဩကပ္ပနံ-သက်ဝင်ယုံကြည်ခြင်းသည်။ ဩကပ္ပနသဒ္ဓါ နာမ-ဩကပ္ပနသဒ္ဓါ မည်၏။

ပသာဒသဒ္ဓါကျတော့ ဒီလိုမဟုတ်ပါဘူး၊ "ပသာဒုပ္ပတ္တိ ပသာဒသဒ္ဓါ"၊ ပသာဒုပ္ပတ္တိ-ကြည်ညိုကာမျှဖြစ်ခြင်းသည်။ ပသာဒသဒ္ဓါ-ပသာဒသဒ္ဓါမည်၏။ ကြည်ညိုကာမျှဖြစ်တယ်၊ ဒီပုဂ္ဂိုလ်တွေက ပသာဒသဒ္ဓါပါ ဆိုတော့ မြန်မာလို ရှင်းရှင်းလေး နားလည်အောင် ပြောတာ တခြားမဟုတ်ပါဘူး၊ ပသာဒသဒ္ဓါက မိမိတို့ ကြည်ညိုတယ်ဆိုတဲ့ အကြည်ညိုခံရတဲ့ပုဂ္ဂိုလ်မှာ သီလဂုဏ်ရှိသလား၊ သမာဓိဂုဏ်ရှိသလား၊ ပညာဂုဏ်ရှိသလား၊ ကြည်ညိုထိုက်တဲ့ ဂုဏ်အရည်အချင်းတွေ ရှိသလား၊ ဂုဏ်အင်္ဂါ ပယောဂရှိသလားလို့ အဲဒီလိုစစ်ဆေးခြင်းမရှိဘဲနဲ့ ဝေဖန်ခြင်းမရှိဘဲနဲ့ အများက ကြည်ညိုတယ် ဆိုရင် ဝင်ကြည်ညိုလိုက်တာပဲ၊ အများက ရှိခိုးတယ်ဆိုရင် ဝင်ရှိခိုးလိုက်တာပဲ၊ အများက ပူဇော်ကြတယ် ဆိုရင် ဝင်ပူဇော်လိုက်တာပဲ။

မိမိကိုယ်ပိုင်ဉာဏ်အားဖြင့် သြော် . . . အခု ကြည်ညိုစရာကောင်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်သည် သူ့မှာ ကြည်ညိုထိုက်တဲ့ ဂုဏ်အရည်အချင်း ရှိသလားလို့ ဒီလို စစ်ဆေးခြင်း, ဆွေးနွေးခြင်း, ဝေဖန်ခြင်းဉာဏ် မရှိဘူးခေါ်တယ်။ အဲဒါက သူများလုပ်ရင် ဝင်လုပ်တာပဲ၊ သူများကြည်ညိုစရာ ကောင်းတယ်ဆိုရင် ဝင်ကြည်ညိုလိုက်တာပဲ၊ ဘာမှ မသိဘူး။ သူတို့တွေ အလုပ်လုပ်ပြန်တော့လည်းပဲ ပကာသနက များတယ်။ မြန်မာလို ပြောတော့ ဂုဏ်လိုချင်တယ်၊ ထင်ပေါ်ချင်တယ်ဆိုတဲ့ အလုပ်တွေက ပိုများတယ်။ အဲဒီနာမည်ကောင်းပေါ်လွင်စေချင်တယ်၊ ဂုဏ်ထင်ပေါ်စေချင်တယ်ဆိုတဲ့အလုပ်မျိုး တွေကျတော့ ပကာသနအလုပ်မျိုးခေါ်တယ်၊ လုပ်ပြန်တော့ သူ့အလုပ်မျိုးစုံ လုပ်တတ်တယ်၊ သူကြည်ညိုပြန်တော့လည်းပဲ မိမိကြည်ညိုနေတဲ့ပုဂ္ဂိုလ်ရဲ့ ဂုဏ်အရည်အချင်းကို မိမိကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်မှု စဉ်းစားမှု မရှိဘူးတဲ့၊ ဘာသိလဲဆိုတော့ ဘာမှမသိဘူး၊ မနေ့ညက ပြောသွားတဲ့စကားလိုပေါ့ အမိပ္ပာယ်အားဖြင့်။

ဟိုတစ်လောက ခေတ်စားလိုက်ပါသေးတယ်၊ အခုတော့ မရှိတော့ပါဘူး၊ ဘိုးမင်းခေါင် တော်တော်နာမည်ကြီးတယ်၊ မကြီးဘူးလား (ကြီးပါတယ်ဆရာ)၊ မင်းရောကြားရဲ့လား၊ (ကြားဖူးပါတယ်ဆရာ)၊ အေး . . . အဲဒီဘိုးမင်းခေါင်ကျတော့ အမြဲတစေ အိမ်ဦးမှာ တင်ပြီးတော့ ပွဲသစ်, ပွဲဟောင်းပြောင်းပြီးတော့ ကိုးကွယ်ဆည်းကပ်တယ်။ အဲဒါ ကိုးကွယ်ဆည်းကပ်တာဟာ သူရဲ့

http://www.dhammadownload.com



တပည့်တပန်းတွေ သေသေချာချာကြည့်စမ်း၊ ဘိုးမင်းခေါင်းဆိုတဲ့ ရာဇဝင်အနေအားဖြင့် ပုဂ္ဂိုလ်ပဲ မြင်ဖူးသလား၊ မြင်ဖူးပြန်, တွေ့ဖူးပြန်တော့ ဒီပုဂ္ဂိုလ်ဟာ သီလဂုဏ်ပဲ ရှိသလား၊ သမာဓိဂုဏ်ပဲ ရှိသလား၊ ပညာဂုဏ်ပဲ ရှိသလားလို့ ဒီလို တွေးတောမှု၊ ဆင်ခြင်မှု, ဝေဖန်မှု မရှိဘူးတဲ့၊ အများက ဟာ . . . ဘိုးမင်းခေါင်ကို ကိုးကွယ်လို့ရှိရင် ကြောင့်ကြခပ်သိမ်းကင်းသတဲ့၊ ဥစ္စာပစ္စည်းချမ်းသာ သတဲ့၊ လာဘ်လာဘပေါများသတဲ့၊ မျက်နှာပွင့်လင်းသတဲ့၊ အူယားဖားယား ဒီလိုမဟုတ်လား (ဟုတ်ကဲ့ဆရာ)၊ ဒီဘိုးမင်းခေါင်းက ဘယ်လိုပုဂ္ဂိုလ်လဲ ဆိုတော့ စောစောက ပြောတဲ့ ကိုးကွယ်ထိုက်တဲ့၊ သရဏဂုံထိုက်တဲ့ ပုဂ္ဂိုလ်လား၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"လို့ ပါဠိတော်မှာ သရဏဂုံထိုက်တာက သုံးမျိုးထဲ ပြသွားတယ်၊ သရဏဂုံဆိုတာ တခြားမဟုတ်ဘူး၊ "သရဏ+ဂမန"လို့ ပုဒ်ခွဲလိုက်တဲ့အခါ "သရဏ" ဆိုတာ တခြားမဟုတ်ဘူး၊ မိမိတို့ရဲ့ကိုးကွယ်ရာ, ဆည်းကပ်ရာ, ပုန်းအောင်းရာ, မှီခိုရာ, လဲလျောင်းရာ, အားကိုးစရာဖြစ်တယ်၊ ဒါတွေဟာ တို့ရဲ့ ကိုးကွယ်ရာဖြစ်တယ်။ တို့ရဲ့ပူဇော်ရာဖြစ်တယ်၊ ဘာဖြစ်လို့ ဘုရား, တရား, သံဃာဆိုတဲ့ ရတနာ သုံးပါးတို့ဟာ အစိန္တိယဂုဏ်နဲ့ ပြည့်စုံတယ်၊ ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါးအပေါ်မှာ ယုံကြည်ပြီး ကိုးကွယ်ရမယ်။ ခုတော့ ဒီဘုရား, တရား, သံဃာ ဆိုတဲ့ ရတနာသုံးပါးကို တစ်ခါကြည့်ပြန်တော့ ဘုရားကြည့်ကြည့်၊ တရားကြည့်ကြည့်၊ သံဃာပဲ ကြည့်ကြည့် ထိုသုံးပါးရဲ့ဂုဏ်ကျေးဇူးဟာ လူရော နတ်ရော ဗြဟ္မာရော အံ့ဩလို့လည်း မကုန်နိုင်ဘူးတဲ့၊ ဖြည့်ဆည်းလို့လည်း မကုန်နိုင်ဘူး၊ ချီးမွမ်းလို့လည်း မကုန်နိုင်ဘူး။ ပြောလို့ ဟောလို့လည်း မကုန်နိုင် ဘူးတဲ့၊ ဂုဏ်တွေ ကျေးဇူးတွေ မများဘူးလား (များပါတယ်ဆရာ)၊ အဲဒီလိုများလို့ပေါ့၊ ဒါကိုးကွယ် ထိုက်တယ်၊ ကြည်ညိုထိုက်တယ်၊ အားကိုးထိုက်တယ်၊ ပုန်းအောင်းထိုက်တယ်၊ မှီဝဲထိုက်တယ်။ **ခိုကိုးထိုက်တယ် ဆိုတဲ့ အနေအားဖြင့် တို့ဘုရားကိုယ်တော်မြတ်က လမ်းစပြီးတော့ ပြတော်မူထားတာ၊ စဉ်းစားပါ ဟုတ်လား, မဟုတ်လားလို့။**

ကိုယ်တော်မြတ်က သုမေဓာရှင်ရသေ့ဘဝတည်းက မင်းတို့ငါတို့ကို သနားလို့ ဘုရားရှင် စဉ်းစား တယ် မဟုတ်လား (ဟုတ်ကဲ့ဆရာ)၊ သူ့အတွက်လား ဘုရားလုပ်တာ (မဟုတ်ပါဘူးဆရာ)၊ သတ္တဝါ တွေအတွက် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ သူ့အတွက်တော့ ဟိုမှာ လိုချင်လျှင် နိဗ္ဗာန်ကြီး ရပြီးသားပါ။ ဒီတော့ သို့ကလောက်တောင် အပင်ပန်းခံပြီး လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီတွေ အပင်ပန်းခံပြီး ဘုရားဖြစ်အောင် လုပ်နေတာပါ၊ ကိုယ်တော်မြတ်အတွက်လို့ မမှတ်ပါနဲ့၊ ငါတို့သူငါ အတွက်ပါလားလို့ မှတ်ကြပါ။ ဒါကြောင့် မဟာကရုဏာစိတ်ကြီးနဲ့ ငါဟာ ဒီအတွက် ပြောခဲ့ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ ကိုယ်တော်မြတ်ရဲ့ကျေးဇူးတွေကို ပြန်ပြီးတော့ ကြည့်စမ်းပါဦး၊ ဘယ်အထိအောင်

http://www.dhammadownload.com



သနားတယ်ဆိုတာ သိကြပါ၊ ပရိနိဗ္ဗာန်စံပြီးတဲ့နောက်ပိုင်းမှာ သူ့ဘက်က နောက်ဆံတင်းလွန်လွန်းလို့ မှာတမ်းတော် တရားတွေ မှာကြားသွားခဲ့တယ်၊ ဒီလိုကျင့်ကြ၊ ဒီလိုကြံကြ၊ ဒီလိုပွားများကြ၊ ဒီလို အားထုတ်ကြ၊ ဒီလိုလုပ်ကြ၊ ကိုယ်တော်မြတ် သနားလွန်လွန်းလို့ မှာကြားသွားခဲ့တယ်၊ ဒါတင်လား မဟုတ်ပါဘူး၊ သာသနာတော်ငါးထောင်ထားခဲ့တယ်၊ ဓာတ်တော်တွေလည်း ဝေငှခဲ့တယ်။

အဲဒီတော့ မင်းတို့ ငါတို့ကို အင်မတန်သနားလွန်လွန်းလို့ လမ်းစဉ်နိဿယတွေ ပြသွားတဲ့ လမ်းစဉ်လေးတွေ၊ မင်းတို့ငါတို့က ဒါတွေကို သွေဖီပြီးတော့၊ မဟုတ်တဲ့ တော်စွလျော်စွဆိုတဲ့ တန်ဖိုး မရှိတဲ့ပုဂ္ဂိုလ်များ ပြောတဲ့စကားအရ သရဏဂုံအနေအားဖြင့် အားကိုးထိုက်တယ်၊ ယုံကြည်ထိုက်တယ်၊ ကြည်ညိုထိုက်တယ်၊ ဆည်းကပ်ထိုက်တယ် ဆိုပြီးတော့ ကိုးကွယ်နေလို့ တော်ပါ့မလားဟ (မတော် ပါဘူးဆရာ)၊ အေး . . . မတော်ဘူး၊ တို့လိုချင်တဲ့ အကျိုးစီးပွားရော ရဦးမှာလား (မရပါဘူးဆရာ)၊ ဘယ်ရလိမ့်မလဲ၊ သူ့မှာ ဂုဏ်မှမရှိဘဲ၊ ဟိုကတော့ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ် ဆိုတာက အစိန္တိယျဂုဏ်ရှိနေတယ်တဲ့။ အစိန္တိယျဂုဏ်ရှိတော့ အစိန္တိယျဂုဏ်အားလျော်စွာ အကျိုးကလည်း အစိန္တိယျဝိပါက၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ပြောလို့ ဟောလို့ မကုန်တဲ့ အကျိုးတွေရပါ လိမ့်မယ်၊ ဟိုက ပြသွားတာ ထပ်တူတဲ့၊ ဘယ်သူ့လဲ ခုနက ပြောတဲ့ ဘိုးမင်းခေါင်တို့၊ ဘိုးဘိုး အောင်တို့ ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ဂုဏ်သိက္ခာ ကြည့်ပြန်တော့လည်း သီလ, သမာဓိ, ပညာ ဘာမှ ပြောပလောက်အောင် မရှိဘူး။ ဘာမှမရှိလို့ ဟုတ်ကော ဟုတ်ကဲ့လားဆိုတော့ ဟုတ်လည်း ဟုတ်ဟန် မတူပါဘူးကွယ်၊ တစ်ယောက်နဲ့တစ်ယောက် ပြောနေကြတယ်၊ ဒီအညာဘက်တော့ ဘိုးမင်းခေါင် ဆိုတာ ပုပ္ပါးသွားကြည့်ရင် တွေ့ပါတယ်၊ ရုပ်ထုတွေ ကြည့်နေတာ ထားပါတော့၊ ဒီထက်ပိုဆိုးတာက အထက်ဆရာကြီး၊ ဘာမှန်းလည်း ငါမသိဘူး။ အထက်ဆရာကြီးဆိုတာ ဘယ်သူမြင်ဖူးသလဲ၊ ဘယ် သူ့မှ မမြင်ဘူးပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါကလေး ငါက အထွန့်တက်တဲ့နည်းနဲ့ ပြောတာ မဟုတ်ပါဘူး၊ လမ်းက မှားနေလို့၊ ကိုယ်တော်မြတ်က သင်ကြားတော်မူတဲ့ လမ်းစဉ်လေးကို ပြန်ပြီး သတိရကြစမ်းပါလို့။

တို့လိုချင်တဲ့ အကျိုးစီးပွားတွေ၊ တို့လိုချင်တဲ့ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုတွေ ပစ္စက္ခ မျက်မှောက်၌လည်း အံ့ဩလောက်အောင် ရပါလိမ့်မယ်၊ တမလွန်လောကလည်း သံသရာထောက်ရာ တည်ရာ ရပါလိမ့်မယ်၊ လမ်းသွားရင်း အဟုတ်မှတ်လို့ ကျင့်နေမယ်ဆိုရင် အပါယ်လေးပါးနဲ့ သွား ရဦးမှာ၊ မသွားရဘူးလား (သွားရပါတယ်ဆရာ)၊ အဲဒါကြောင့် အင်မတန်ကိုပဲ ကိုယ်တော်မြတ် ချထားတဲ့, သင်ပြထားတဲ့ လမ်းစဉ်နဲ့ အလွဲကြီးလွဲနေလို့ တို့လူများကို မေတ္တာရှေ့ထားပြီးတော့ သင်ကြားခြင်းပါ။ ဒါပေမယ့် တစ်နည်းရှိပါတယ်၊ ဒီမဂ်ဉာဏ်, ဖိုလ်ဉာဏ် လိုချင်လို့ သံသရာချမ်းသာဖို့

http://www.dhammadownload.com



ပစ္စက္ခချမ်းသာဖို့ သံသရာထောက်ရာတည်ရာရဖို့ ကိုးကွယ်ဆည်းကပ်တာ မဟုတ်ပါဘူး။ ကျုပ်တို့ ကိုးကွယ်တာကတော့ လောကချမ်းသာမှုအနေနဲ့ ကိုးကွယ်တာပါဆိုရင် အဲဒီလို အသိဉာဏ်လေးနဲ့ ကိုးကွယ်ရင် အပြစ်ကင်းလောက်ပါတယ်ကွာနော် (ဟုတ်ပါတယ်ဆရာ)၊ ဒါလောကီချမ်းသာဆိုတာ သူသူငါငါ လိုချင်တာပေါ့၊ ထိကို အုံပြီးတော့ ဝိုင်းထိုးနေတာကြည့်ပေါ့ကွာ၊ (မှန်ပါတယ်ဆရာ)၊ ထိပေါက်ရင် ငါလူ့ချမ်းသာဖြစ်မှာပဲ၊ ဒါတော့ အပြစ်မဆိုသာပါဘူး၊ ဒီလို အသိဉာဏ်ကလေးတွေ ပါသွားလို့ရှိရင်လည်း အပြစ်မဆိုသာပါဘူး။ ဒီလိုမဟုတ်ဘဲနဲ့ တကယ့်ကိုပဲ ဘုရား, တရား, သံဃာ ဆိုတဲ့ သရဏဂုံထိုက်တဲ့ပုဂ္ဂိုလ်များထက် ပိုပြီးတော့ ယုံကြည်ထိုက်တယ်ဆိုတဲ့ အနေအားဖြင့် ကိုးကွယ် နေရင် အဲဒါအမှားကြီးမှားတာပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ ကြောက်စရာမကောင်းဘူးလား (ကောင်းပါ တယ်ဆရာ)၊ အင်မတန်ကြောက်စရာ ကောင်းတယ်။

အဲဒါတင်မကသေးဘူး၊ တို့လူစု အမှားကြီးမှားနေတာ။ တစ်ချက်ရှိသေးတယ်၊ တခြားမဟုတ် ပါဘူး၊ လူတွေက ဖြစ်တဲ့နတ်တွေ ကိုးကွယ်တာ၊ ကာမာဝစရနတ်ဆိုတာ ကိုယ်တော်မြတ်လည်း ဟောထားခဲ့တယ်၊ နတ်လောကဆိုတဲ့ နတ်တွေ ရှိပါတယ်တဲ့။ တကယ်နတ်အစစ်, နတ်အမှန်တွေကို ကိုးကွယ်တာကြတော့ ဘုရားကိုယ်တော်မြတ်ကိုယ်တိုင် ညွှန်ကြားထားပါတယ်၊ ဒါအပြစ်မရှိပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အခုတော့ ဒီလိုမဟုတ်ဘူးကွ၊ သူတို့ကိုးကွယ်တဲ့နတ်ကို ကြည့်လိုက်တော့ လူက ဖြစ်တဲ့ နတ်တွေကို တိုတိုပြောတော့ “လူနတ်တွေ”ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဘာမှ ကောင်းကျိုးချမ်းသာလည်း မပေးပါဘူး၊ လူက ဖြစ်တဲ့ နတ်ဆိုတာ တခြားမဟုတ်ပါဘူး၊ လူပြောတဲ့ နတ်တွေ ဒီလိုမဟုတ်ဘူးလား၊ (ဟုတ်ကဲ့ပါဆရာ)၊ ကာမာဝစရနတ်ဆိုတာ တခြားမဟုတ်ပါဘူး၊ စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီဆိုတဲ့ နတ်ပြည် ခြောက်ထပ်ဖြစ်နေကြတဲ့ နတ်တွေကျတော့ တန်ခိုးဣဒ္ဓိပါဒ်ရှိတယ်ကွနော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီနတ်လောကကြီးကို ကြည့်ပြန်တော့လည်း သမ္မာဒိဋ္ဌိနတ်နဲ့ မိစ္ဆာဒိဋ္ဌိနတ် နှစ်မျိုးနှစ်စား ရှိတယ်ကွ။ ဘုရား, တရား, သံဃာကို ယုံကြည်တဲ့ သမ္မာဒိဋ္ဌိနတ်ဆိုတာ တစ်မျိုးနော် (ဟုတ်ကဲ့ပါ ဆရာ)၊ ဘုရား, တရား, သံဃာဆိုတဲ့ ရတနာမြတ်သုံးပါးလည်း မယုံကြည်ဘူး။ သာသနာလည်း မယုံကြည်ဘူးဆိုတဲ့ မိစ္ဆာဒိဋ္ဌိနတ်တွေက တစ်မျိုး နတ်လောကမှာ။ တို့လူ့လောကလည်း နှစ်မျိုးနှစ်စားပဲ မဟုတ်လား၊ (ဟုတ်ကဲ့ပါဆရာ)၊ တို့ ဘုရား, တရား, သံဃာဆိုတဲ့ ရတနာမြတ်သုံးပါး မယုံကြည်, မကိုးကွယ်, မဆည်းကပ်၊ သာသနာကြီးကို မကြည်ညိုတဲ့ မိစ္ဆာဒိဋ္ဌိဆိုတဲ့လူမျိုးက တစ်မျိုး၊ ဒီလိုမဟုတ် ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် ဘုရား, တရား, သံဃာ, ရတနာမြတ်သုံးပါးနှင့်တကွ သာသနာကြည်ညိုလေးစားတဲ့၊ တို့ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိအယူရှိတဲ့လူမျိုးက တစ်မျိုး၊ ဒီလို မဟုတ်ဘူး

http://www.dhammadownload.com



လား (ဟုတ်ကဲ့ပါဆရာ)၊ နတ်လောကလည်း ဒီအတိုင်းပဲ၊ နတ်ဆိုရင် အထင်မကြီးပါနဲ့၊ ဒါပေမယ့် အဲဒီနတ်ပြည်ခြောက်ထပ်မှာ တကယ်ရှိတဲ့နတ်တွေကျတော့ တို့သာသနာကြည်ညိုတဲ့ သမ္မာဒိဋ္ဌိအယူရှိတဲ့ ဘုရားသားတော် ဘုရားရဲ့အဆိုအဆုံးမကို နာခံနေတဲ့ သမ္မာဒေဝ နတ်မြတ်နတ်ကောင်းတွေကျတော့ အိမ်ဦးတင်ပြီးတော့ ကိုးကွယ်ကြပါလို့နော် (ဟုတ်ကဲ့ပါဘုရား)။

လူလူချင်းပြောတဲ့ နတ်တွေကျတော့ မယုံပါနဲ့၊ ယုံစရာလည်း အကြောင်းမရှိပါဘူး။ ဒါ လူကဖြစ်တဲ့ နတ်ဆိုတာ မြန်မာလိုပြောတော့ လူနတ်လို့ ခေါ်တယ်၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ လူနတ်ဆိုတာ သူများထက် ပိုပြီးတော့ နပ်တဲ့လူကို လူနတ်ခေါ်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ငြိမ်နေရင် စားရပ့ါမလား (မစားရပါဘူးဆရာ)၊ ဩော် . . . စားတော့ စားတော့ဆိုတဲ့ နတ်တွေတဲ့၊ အဲဒါသာ မကိုးကွယ်ရင် ဘာဖြစ်တော့ မလို၊ ညာဖြစ်တော့ မလို၊ ငါကိုယ်တိုင် တွေ့ဖူးပါတယ်ကွယ်၊ ဒါက ပခုက္ကူမြို့ကပါ၊ ဖလားကြီးကိုင်ပြီးတော့ ပိုက်ဆံလေး လေးငါးဆယ်ပြား ထည့်ပြီးတော့ ခြောက်ခြောက်နဲ့ လူတွေကြားအောင် ခေါက်ခေါက်ပြီးတော့ ပိုက်ဆံခံတယ်၊ ကြောက်တဲ့လူတွေကတော့ သူ့ကြည့်တာနဲ့ပဲ အိန္ဒြေမဲ့ဖြစ်နေလိုပေ့ါကွနော် (ဟုတ်ကဲ့ပါဆရာ)၊ တို့လူစုကလည်း ကြောက်တယ်ဟေ့၊ နတ်ဆိုလည်း အသေအလဲ ကြောက်တယ်၊ ဟော . . . တစ်ချိန်ကျတော့ ငါ့ဘက်က ရောက်လာ၊ “ဂလောင်ဂလောင်”နဲ့ ခေါက်ပြီးတော့၊ ငါက လှမ်းကြည့်တယ်၊ ဘာတုံးလို့ ငါက မေးတယ်၊ ရေစင်တဲ့၊ ရေစင်ရဲ့အဓိပ္ပာယ်မသိလို့ ပြောစမ်းပါလို့၊ ရေစင်ဆိုက တခြားမဟုတ်ပါဘူးတဲ့၊ နတ်ရေစင်ပါတဲ့။ ဩော် . . . နတ်ကလည်း ပိုက်ဆံနဲ့ ရေဝယ်မှ သောက်ရသလားဆိုတော့၊ ဟာ . . . နောက်ပြန်ဆုတ်ပြီးတော့ ပါးစပ်က ဗျစ်တောက် ဗျစ်တောက်နဲ့၊ အဲဒါမထည့်ရင် ဘာဖြစ်တော့ မလိုလို၊ ကြောက်လည်း ကြောက်တယ်ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ကြောက်လည်း ကြောက်တယ်၊ ယုတ္တိရှိလား, မရှိလား မင်းတို့ စဉ်းစားလိုက်ပါ။

“ကြည့်လိုက်စမ်း၊ အုန်းသီးလေးက ချောချောမောမော လှလှပပကလေးပဲ၊ အုန်းသီးကလေးကကြွက်မြီးနဲ့၊ ဘာလေးနဲ့လို့ ရောင်းတဲ့သူက ပြောတဲ့စကားကို ငါကြားရတယ်၊ အုန်းသီးသည်က ပြောပါတယ်၊ ဒီအုန်းသီးကိစ္စတော့ ယခုအထိ ပါးစပ်ဖျားမှာ ရောင်းနေသူကျတော့ နှစ်ကျပ်ခွဲလောက်ရတယ်၊ ဘာဖြစ်လို့လဲ၊ အဲဒီဥစ္စာ နတ်ပွဲအုန်းလို့ ခေါ်ကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအုန်းကြည့်ရတာ နတ်ကပြုံးတယ်၊ တော်တော့ကို ကြီးကျယ်တဲ့နတ်ပဲ၊ ဒီအုန်းသီးလောက်ကလေးကို မြင်လိုက်တာနဲ့ ပြုံးနေတယ်ဆိုတာ ဒီနတ်ဟုတ်ပ့ါမလားဟ (မဟုတ်ပါဘူးဆရာ)၊ အောင်မလေး . . . နတ်သုဓာ၊ နတ်ဩဇာဆိုတာ နတ်ပြည်ခြောက်ထပ်ရှိတဲ့ ကာမာဝစရနတ်ဆိုတာ၊ နတ်တွေ ဒီအစာမျိုး မမက်မောပါဘူးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် တို့လူစုကတော့ ကြောက်ကြတယ်၊ ပန်းကန်လေးပေါ် လက်ဖက်

http://www.dhammadownload.com



ကလေး ကွမ်းရိုးစိုက်ပြီးတော့ အပေါ် မြှောက်လိုက်တယ်။ အရှင်ကြီး အရှင်ကောင်း ပါးစပ်က တတွတ်တွတ်နဲ့ ပြောတယ်၊ ပြီးတော့ သူ့ခွက်သူချပြီးတော့ စားတာပါနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့်လည်း ဒီအမှားတွေကို ပြင်ရတာ၊ တကယ်မှန်တဲ့လမ်း လိုက်ကြပါ၊ စောစောက ပြောတဲ့ စတုမဟာရာဇ်ိက,စ ဟိုပရနိမ္မိတဝသဝတ္တီနတ်ပြည်အထိ နတ်ပြည်ခြောက်ထပ် တကယ်အထင်အရှားရှိတဲ့ တို့ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးလည်း ကြည်ညိုတယ်၊ တို့သာသနာကြီးလည်း ကြည်ညိုတယ်ဆိုတဲ့ သမ္မာဒေဝ နတ်မြတ်နတ်ကောင်းတွေကို အိန္ဒိယနိုင်ငံက ကိုးကွယ်ကြတယ်၊ ဘာဖြစ်လို့ သာသနာကြည်ညိုတဲ့ပုဂ္ဂိုလ်မျိုးဆိုတော့ တော်တော်နေရာကျပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အင်မတန်နေရာကျတယ်၊ အဲဒါကျတော့ မင်းတို့ငါတို့ လိုချင်တဲ့ ကောင်းကျိုးချမ်းသာအဝဝ သူတတ်နိုင်သမျှ စောင့်ရှောက်ပါလိမ့်မယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဘေးရန်ခပ်သိမ်း အန္တရာယ်ခပ်သိမ်း ကင်းအောင် သူစောင့်ရှောက်ပါလိမ့်မယ်၊ ကာကွယ်ပါလိမ့်မယ်။

တို့ ဗလိနတ်စာအနေအားဖြင့် ပူဇော်ပွဲတွေ ပြုလုပ်ကြတယ်၊ သူတို့ ကြည့်ပြန်တော့လည်း ဘုရားသားတော်, သမီးတော်တွေ ဖြစ်ကြတယ်၊ ဘုရားရဲ့အဆိုအဆုံးမကို နာခံနေတဲ့၊ သာသနာတော်ကြီးကို ကြည်ညိုတဲ့သူတွေ၊ တို့လည်းပဲ သာသနာကြည်ညိုနေတာပဲ၊ ဒီဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကိုးကွယ်နေတဲ့ နတ်တွေဆိုတော့ အကုန်မတူဘူးလား (တူပါတယ်ဆရာ)၊ အယူဝါဒတွေ မျှတယ်၊ ဒါကြောင့် နတ်လည်းပဲ နတ်နဲ့၊ လူလည်းပဲ လူနဲ့ ဆိုတာ ဘာသာတူမှတဲ့၊ မိစ္ဆာဒိဋ္ဌိနတ်တွေကျတော့ တူသေးရဲ့လား (မတူပါဘူးဆရာ)၊ မိစ္ဆာဒိဋ္ဌိအယူဝါဒရှိတဲ့ နတ်တွေကျတော့ တို့ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးလည်း မကြည်ညိုဘူးကွ၊ သာသနာလည်း မကြည်ညိုဘူး၊ သူကတော့ မိစ္ဆာအယူရှိတဲ့နတ်၊ အဲဒါ ခုနပြောတဲ့ နတ်ပြည်ခြောက်ထပ်ထဲကပါ။ သူတို့ကျတော့ တို့ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး ကြည့်ညိုတဲ့လူနဲ့ သူတို့ ဘယ်တော့မှ မတည့်ဘူး၊ သူတို့ကျတော့ ကြောက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် တကယ်ကောင်းကျိုးချမ်းသာအဝဝ ပေးနိုင်တယ်ဆိုတဲ့ သမ္မာဒေဝ နတ်မြတ်နတ်ကောင်းတွေ ပင့်ပင့်ပြီးတော့ ကျွေးကြ, မွေးကြပါလို့၊ ပူဇော်ကြပါလို့၊ လူက သမုတ်ပြီး လုပ်ထားတဲ့ စောစောက ပြောတဲ့ အုန်းသီးလေး, ငှက်ပျော သီးလေး, လက်ဖက်ကလေးစားတဲ့ ဝေါ်ကြီးကျတဲ့ နတ်မျိုးတော့ မယုံကြပါနဲ့လို့၊ မဟုတ်ဘူးလားကွာ (ဟုတ်ပါတယ်ဆရာ)၊ အဲဒါတွေကို ယုံကြည်ကိုးစားတဲ့အနေအားဖြင့် လုပ်နေရင် သေပြီးသည်၏အခြားမဲ့၌ အပါယ်လေးပါး လားရမယ်။ ဒါကြောင့် ကိုးကွယ်ထိုက်တဲ့ပုဂ္ဂိုလ်ဟူသောအနေနဲ့ ကိုးကွယ်နေကြတယ်။ အကိုးကွယ်မှားနေတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် ဒီသဒ္ဓါတရားတွေက ဘာလဲဆိုတော့ ပသာဒသဒ္ဓါတရားတွေပဲ၊

http://www.dhammadownload.com



အခိုပ္ပါယ်ပြောတော့ ဉာဏဝိပ္ပယုတ်ဉာဏ်နဲ့ နေတယ်တဲ့၊ ဒီကိုးကွယ်ဆည်းကပ်တဲ့ ပုဂ္ဂိုလ်ကိုက ပဋိသန္ဓေခဏမှာ ပါလာတဲ့ ဇာတိလို့ ရလာတဲ့ ဉာဏ်တွေပဲ။ ကနေ့ ပုထုဇဉ်ဘဝကျမှ ရလာတဲ့ ကိုယ်ပိုင်ဉာဏ်လေးတွေ ထည့်ပြီးတော့ မသုံးဘူး၊ ဟုတ်တန်သလား၊ မဟုတ်တန်သလား၊ ဖြစ်နိုင်ရဲ့လား၊ မဖြစ်နိုင်ဘူးလား၊ ငါယုံကြည်လို့ သူသူငါငါ လူတကာကိုးကွယ်နေတယ်ဆိုတဲ့ ကိုးကွယ်ထိုက်တဲ့ ဂုဏ်ရောရှိသလား၊ သူ့မှာ သီလဂုဏ်ရှိသလား၊ သမာဓိဂုဏ်ရှိသလား၊ ပညာဂုဏ်ရှိသလားလို့ စစ်ဆေးကြည့်ပေ့ါနော် (ဟုတ်ကဲ့ဆရာ)၊ သီလဂုဏ်လည်း မရှိဘူး၊ သမာဓိဂုဏ်လည်း မရှိဘူး၊ ပညာဂုဏ်လည်း မရှိဘူး၊ သူများက သမုတ်ပြီး လုပ်ထားလို့ တို့လုပ်နေရတာ၊ ကြောက်လို့ လုပ်နေရတာ၊ ဘာကိုးကွယ်စရာရှိလဲ၊ ဒီလိုဆိုတော့ မိမိဉာဏ်ကိုက ဝေဖန်တတ်တဲ့ ဉာဏ်ကလေး ပါလာရင် ဒီတော့မှ အမှားအမှန် သိရမှာပေ့ါကွာနော် (ဟုတ်ကဲ့ဆရာ)။

ဒါကြောင့် မိမိတို့ အကယ်တန္တု အကိုးအကွယ် အဆည်းအကပ် မှားနေတဲ့ "ပသာဒသဒ္ဓါမျိုး" ဖြစ်နေလို့ရှိရင် မှန်ကန်တိကျတဲ့ "ဩကပ္ပနသဒ္ဓါ"ပြောင်းပေးကြပါလို့ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဩကပ္ပနသဒ္ဓါကျတော့ ကိုက်သွားပြီ၊ ဘုရားကိုးကွယ်မယ်၊ တရားကိုးကွယ်မယ်၊ သံဃာတော်မြတ်ကိုးကွယ်မယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကနေ့ထိ ထင်ရှားရှိတဲ့ ရတနာမြတ်သုံးပါးပါ။ ဘုရားကိုယ်တော်မြတ်လည်း ထင်ရှားရှိတယ်၊ တရားတော်မြတ်လည်း ထင်ရှားရှိတယ်။ သံဃာတော်မြတ်လည်း ထင်ရှားရှိတယ်။ မကောင်းဘူးလားကွာ (ကောင်းပါတယ်ဆရာ)၊ ဒါကြောင့် ဘုရား, တရား, သံဃာ ဆိုတဲ့ ရတနာမြတ်သုံးပါးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနဲ့ ကိုးကွယ်ရင် "ဩကပ္ပနသဒ္ဓါ"ဖြစ်ပါတယ်၊ ယုံယုံကြည်ကြည်နဲ့ ကိုးကွယ်ပါ၊ ဆည်းကပ်ပါ၊ ကောင်းကျိုးချမ်းသာ ဖြစ်ပါလိမ့်မယ်၊ ဒီလိုပဲ ပစ္စက္ခမျက်မှောက်လည်း အံ့ဩလောက်တဲ့အကျိုးတွေ ရတယ်။ တမလွန်လောကကျလည်း အပါယ်လေးပါး လုံးလုံးမလားနိုင်ဘူးတဲ့၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ လူကောင်းနတ်ကောင်း ဖြစ်နိုင်တယ်၊ "မဟပ္ဖလ မဟာနိသံသ" ဆိုတဲ့ အကျိုးတွေ ပေးနိုင်တယ်။

ကြည့်စမ်းပါ၊ ဒါကြောင့် တို့လူမျိုးတွေ ဩကပ္ပနသဒ္ဓါနှင့်ပသာဒသဒ္ဓါ နှစ်မျိုးနှစ်စား ရှိနေကြတော့ အဲဒီနှစ်မျိုးလုံး ဖြစ်တတ်တယ်၊ ပုထုဇဉ်များဟာ အန္ဓပုထုဇဉ်က ပညာမျက်စိမရှိတော့ သူကတစ်မျိုးကြီးဖြစ်တတ်တယ်၊ ဩကပ္ပနသဒ္ဓါဖြစ်တဲ့ပုဂ္ဂိုလ်လည်း ဖြစ်တယ်၊ ပသာဒသဒ္ဓါဖြစ်တဲ့ပုဂ္ဂိုလ်က ဖြစ်တယ်၊ မဖြစ်ဘူးလားကွ (ဖြစ်ပါတယ်ဆရာ)၊ အဲဒါကြောင့် ခုနပြောတဲ့ လောကီရေးရာအနေအားဖြင့် ဘာတွေမှ ယုံကြည်မှုမရှိဘဲနဲ့ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို တကယ်ယုံကြည်တဲ့ အနေအားဖြင့် ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာ, ဥပါသိကာ, ဒါယကာ, ဒါယိကာမတွေကျတော့ သူတို့ဖြစ်တဲ့ သဒ္ဓါတရားကျတော့ "ဩကပ္ပနသဒ္ဓါ"ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလို မဟုတ်

http://www.dhammadownload.com



ဘဲနဲ့ တို့ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို နောက်ထားပြီးတော့ မကိုးကွယ်မဆည်းကပ် ထိုက်တဲ့ သရဏဂုံမတည်တဲ့သူသည် မိစ္ဆာဝါဒတွေ ဖြစ်ပြီးတော့ အယောင်ယောင်အမှားမှား လုပ်နေတဲ့ ပုဂ္ဂိုလ်ကတော့ "ပသာဒသဒ္ဓါ"ခေါ်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

အဲဒါကြောင့် လက်ရှိမျက်မှောက်လည်းပဲ ကိုယ်နေချင်တဲ့ အကျိုးစီးပွားလည်း မမြောက်ပါဘူး၊ သံသရာကျလည်း ကျွမ်းထိုးမှောက်ခုံဖြစ်ဦးမယ်။ ကြောက်နေကြလို့ရှိရင် တို့လူများ ယနေ့က စပြီးတော့ "ဩကပ္ပနသဒ္ဓါ"ကို ပြန်ပြောင်းကြပါ၊ မကောင်းဘူးလားကွာ (ကောင်းပါတယ်ဆရာ)၊ အဲဒါ ဘာမှမလို မုန်းထားလို့ မဟုတ်ပါဘူး၊ ကိုယ်တော်မြတ်ချသွားတဲ့လမ်းစဉ်၊ ကိုယ်တော်မြတ်ရဲ့ ကြီးမားတဲ့ မဟာ ကရုဏာဓာတ်ကြီးနဲ့ အင်မတန်သနားလွန်းလွန်းလို့၊ အမှန်အကန်သိကြပါစေဆိုတဲ့အနေအားဖြင့် ပေးသနားတော်မူတဲ့ လမ်းစဉ်ကြီးကို တို့လူများ မသွေဖီပါနဲ့။ ဒါတို့က စပြီးတော့ သင်ကြားရတယ်၊ တိုက်တွန်းရတယ်နော် (ဟုတ်ကဲ့ဆရာ)၊ ဒါမှ ကိုယ်တော်မြတ်ကြီး သနားတော်မူတယ်ဆိုတဲ့ ကရုဏာ ဓာတ်ကြီးကို တို့က ငဲ့ရာရောက်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အမှောက်မှောက် အမှား မှားတွေ ဖြစ်တတ်လွန်းလို့၊ အဲဒီအခုပြောတဲ့ ဘုရားလောင်းများဖြစ်လာတဲ့ သဒ္ဓါတရားဆိုတဲ့ "အာဂမ သဒ္ဓါ"တို့၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရကြတဲ့ အရိယာများဖြစ်လာတဲ့ "အဓိဂမသဒ္ဓါ"တို့၊ မင်းတို့ငါတို့ ပုထုဇဉ်တွေရဲ့သန္တာန်မှာ ဖြစ်နေတဲ့ "ဩကပ္ပနသဒ္ဓါ"တို့, "ပသာဒသဒ္ဓါ"တို့ ဖြစ်ကြတယ်။

သဒ္ဓါလေးမျိုးထဲမှာ ဩကပ္ပနသဒ္ဓါသည် တို့ပုထုဇဉ်အဖို့မှာဖြင့် နံပါတ်တစ်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီသဒ္ဓါတရားနဲ့ ဘုရား, တရား, သံဃာဆိုတဲ့ ရတနာမြတ်သုံးပါးကို ယုံယုံ ကြည်ကြည်နဲ့ ကိုးကွယ်ကြပါလို့၊ အဲဒီလို ကိုးကွယ်တော့ ဘာဖြစ်မလဲ။ ဩော် . . . ဒီလိုကိုးကွယ်တော့ ကုသိုလ်ကမ္မပထ ကုသိုလ်တရားတွေ ဆိုတာ တို့က ကြိုးစားနေတယ်။ တို့က အားထုတ်နေတယ်၊ တို့လုပ်နေကြတယ်၊ ဒါန, သီလ, သမထ ဒီလောက်ပဲဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ဘုရား, တရား, သံဃာဆိုတဲ့ ဒီရတနာမြတ်သုံးပါးကို အမှူးထားလို့၊ ဒီသာသနာကြီး ထင်ရှားရှိနေတဲ့အခိုက်မှာ တို့တတ် သမျှ ဒါနကုသိုလ်လည်း ကြိုးစားမယ်၊ သီလကုသိုလ်လည်း ကြိုးစားမယ်၊ သမထကုသိုလ်လည်း ကြိုးစားမယ်။ ကုသိုလ်ကံစေတနာတွေ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီကုသိုလ်ကံဆိုတာ ကံပါပဲလို့၊ ဒီစေတနာကံတွေဟာ သေသည်၏အခြားမဲ့၌ အကျိုးတရားတွေ ရဦးမယ်ဆိုတာ "ကမ္မဖလ" ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ကံ၏အကျိုးပဲ၊ အခု ပစ္စက္ခမျက်မှောက်ဘဝလည်း ရမယ်၊ နောင်တမ လွန်လောကလည်း ရတယ်၊ မရဘူးလားကွာ (ရပါတယ်ဆရာ)၊ အဲဒါဖြင့် ကံရယ်၊ ကံရဲ့အကျိုးတရား ရယ်ပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



တို့ဆရာသမား တို့မိဘ တို့မိတ်ဆွေညာတိတွေ တစ်ဆင့်တစ်ဆင့်ဟောပြောပြသ သင်ကြား ပေးလို့ တို့ယုံကြည်တယ်။ ဩော် . . . ဒီကုသိုလ်ကံတရားတွေ လုပ်ရင် ကံခေါ်တယ်၊ ဒီကုသိုလ်ကံ တရားတွေ လုပ်ခြင်းကြောင့် ကောင်းသောအကျိုးကို ပေးလိမ့်မယ်တဲ့၊ ဒါအကျိုးတရားခေါ်တယ်၊ ကံ၏အကျိုးပဲ။ ဒါဖြင့် ကံဆိုတာ ရှိတယ်၊ ကံ၏အကျိုးတရား ရှိတယ် ဆိုတာ မယုံကြည်ဘူးလားကွာ (ယုံကြည်ပါတယ်ဆရာ)၊ မကောင်းတဲ့ ဒုစရိုက် ဒုရာဇီဝဆိုတာ ပါဏာတိပါတအစရှိတဲ့ မကောင်းတာ တွေ ကျင့်သုံးနေရင် ဒါ အကုသိုလ် ဒုစရိုက် ဒုရာဇီဝတရားတွေ ခေါ်တယ်၊ ဒါအကုသိုလ်ကံတွေလည်း ခေါ်တယ်၊ မခေါ်ထိုက်ဘူးလား (ခေါ်ပါတယ်ဆရာ)၊ အဲဒီအကုသိုလ်ကံတရားတွေဟာ အခုပစ္စက္ခ မျက်မှောက်မှာ ဖြစ်စေ၊ လာလတ္တံ့ အနာဂတ်ဘဝမှာ ဖြစ်စေ မကောင်းတဲ့အကျိုးတွေ ပေးဦးမယ်၊ မယုံကြည်ဘူးလား (ယုံကြည်ပါတယ်ဆရာ)၊ ဒါ ကံ, ကံ၏အကျိုးကို ယုံကြည်တာနော် (ဟုတ်ကဲ့ပါ ဆရာ)၊ ဒါကြောင့် ကုသိုလ်ကံ, အကုသိုလ်ကံနှစ်ပါးတို့တွင် ကုသိုလ်ကံသည် ကောင်းသောအကျိုးကို ပေးနိုင်၏။ အကုသိုလ်ကံသည် မကောင်းသောအကျိုးကို ပေးနိုင်၏။ ဟုတ်ကဲ့လား (ဟုတ်ပါတယ် ဆရာ)၊ အဲဒီလို ယုံကြည်တယ်ဆိုတာ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဉာဏ်အမြင်မှန်လို့နော် (ဟုတ်ကဲ့ပါ ဆရာ)၊ ဒါလေးက အလွယ်သား၊ ဒီဉာဏ်တော့ အထူးသင်စရာမလိုဘူး၊ အခုမြင် အခုတတ်ပြီးသား ပဲလို့၊ ဒါတော့ ဟုတ်တာပေါ့။

ပစ္စက္ခလောကမှာ ဗုဒ္ဓသာသနာကြီးနဲ့ တွေ့ကြ၊ ကြုံကြတဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုး ဆိုတာ အထွတ်အမြတ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် ဒီလောက်လွယ်နေတဲ့ ကမ္မဿကတာ ကံ, ကံ၏အကျိုးကို ယုံကြည်တယ်ဆိုတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဉာဏ်အမြင်မှန်ကြီးဟာ မင်းတို့ ငါတို့အဖို့ လွယ်လင့်တကူနဲ့ ရထားတာ, ရောက်ထားတာ။ တို့ဗုဒ္ဓဘာသာ အပြင်ဘက်ထွက်ပြီးတော့ ရလို့ လွယ်ရဲ့လား (မလွယ်ပါဘူးဆရာ)၊ မလွယ်ဘူးကွ၊ ကမ္ဘာသူ ကမ္ဘာသားတွေနဲ့ ဝေးနေတာ မခက် ဘူးလား (ခက်ပါတယ်ဆရာ)၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဆိုတဲ့ အမြင်မှန်ဉာဏ်ရဖို့ အင်မတန် ခဲယဉ်း တယ်တဲ့။ အဲဒါ အဖဘုရားကိုယ်တော်မြတ်က မင်းတို့ အန္ဓလောကဆိုတဲ့ အကန်းလောကကြီးထဲမှာ ငါကိုယ်တော်မြတ် သင်ကြားပြသလို့၊ ဒါက ကုသိုလ်ကံတရားပဲ၊ ကောင်းတဲ့အကျိုးတွေ ပေးတာ၊ ဒါက အကုသိုလ်ကံတရားတွေ၊ မကောင်းတဲ့အကျိုးတွေ ပေးတတ်တယ်လို့ ငါဘုရားကိုယ်တော်မြတ် ညွှန်ပြလို့ သိကြရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

## အဟေတုကဒိဋ္ဌိ၊ အကြိယာဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ သုံးမျိုးအဓိပ္ပာယ်

အကန်းလောကထဲ, အမိုက်လောကထဲမှာ အမြင်မှန်ဆိုတဲ့ ဉာဏ်မျက်စိတစ်လုံး ပေါ်လာတယ်၊ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ တို့ဘုရားမပွင့်ခင်တုန်းက ထင်ရာလုပ်နေကြတာ မလုပ်ဘူးလား

http://www.dhammadownload.com



ကွာ (လုပ်နေပါတယ်ဆရာ)၊ အဟေတုကဒိဋ္ဌိ၊ အကြိယာဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိတွေ ဟိုတုန်းက ဘုရား မပွင့်ခင်တုန်းက ဘာတွေ လုပ်နေတယ်၊ အဟေတုကဒိဋ္ဌိ၊ အကြိယာဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိတို့ကို မြန်မာလို ပြောတော့၊ တို့ ကုသိုလ်ရော, အကုသိုလ်ရောဆိုတဲ့ ကောင်းမှု, မကောင်းမှုဆိုတဲ့ အကြောင်းတရား တွေဆိုတာ အလကားပြောတာ၊ မင်းတို့ လုပ်ချင်ရာလုပ်၊ အကြောင်းတရားမရှိဘူးနော် (ဟုတ်ပါတယ် ဆရာ)၊ တိတ္ထိဆရာတွေက ဒီလိုဟောနေတယ်။ ဒီဘက်က ကုသိုလ်ကံ, အကုသိုလ်ကံ ဆိုတဲ့ အကြောင်းတရားတွေ လုပ်ခြင်းကြောင့် လာလတ္တံ့သော အနာဂတ်ဘဝ, တမလွန်ဘဝကျတော့ ကောင်းကျိုးတွေ ပေးနိုင်တယ်၊ မကောင်းကျိုးတွေ ပေးနိုင်တယ် ဆိုတာ အလကားပြောနေတာ၊ အကျိုးတရားလည်း မရှိဘူး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အကြောင်းတရားလည်း မရှိဘူး၊ အကြောင်းတရားရှိတယ်ဆိုတာ မင်းတို့ အလကားပြောတာ၊ အကျိုးတရားတွေ ခံစားရမယ်ဆိုတာ မင်းတို့ အလကားပြောတာ မယုံကြနဲ့။ ငါဘုရားကွ၊ ဘယ်သူလဲ ပူရဏကဿပ, ပကုဓကစ္စာယန, အဇိတ အစရှိတဲ့ တိတ္ထိဆရာတွေက ဘုရားလုပ်ပြီးတော့ သမုတ်ထားတဲ့ တိတ္ထိပုဂ္ဂိုလ်ကြီးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ သူတို့ဟောတဲ့တရားတွေ။

ကြည့်ကြပါ၊ နံပါတ် (၁) ဆိုတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကြီးကို ရဖို့ ဘယ် လောက်ခက်သလဲဆိုတာ၊ တို့ဘုရားပွင့်လို့ ရတာလို့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဘုရားပြလို့ မြင်ရတာ၊ ဘုရားမပွင့်ရင် "အန္ဓဘူတော အယံ လောကော" (ဓမ္မပဒ၊ ၃၉၊ နှာ။ ဓမ္မပဒ၊ ဌ၊ ၂၊ ၁၁၄၊ နှာ၊ သုတ္တနိပါတ၊ ဌ၊ ၁၊ ၂၅၅) ဆိုတဲ့အတိုင်း တို့လောကကြီးက အမှောင်လောက, အမိုက်လောက, အကန်းလောကကြီး အမြင်မှန်ဆိုတဲ့ သဘောလေးတစ်လုံးမှ မရဘူး၊ ရပါမလား (မရပါဘူးဆရာ)၊ ဒါကြောင့် အကြောင်းတရားဆိုတာ မရှိဘူး။ အကျိုးတရားဆိုတာ မရှိဘူး၊ ဟော . . . ပြီးတော့မှ အကြောင်းတရားရော, အကျိုးတရားရော နှစ်ပါးလုံးမရှိဘူးလို့ သူတို့ ယူပုံတွေပါပဲ။ ဒီတော့ သူတို့ ဝါဒဟာ မင်းတို့ ဒီလောကကြီးထဲမှာ မင်းတို့ထင်တာ လုပ်ကြ၊ ကုသိုလ်လုပ်လုပ်, အကုသိုလ်လုပ် လုပ်, ကောင်းတာလုပ်လုပ်, မကောင်းတာလုပ်လုပ် အပြစ်မရှိဘူး၊ လုပ်သာလုပ်ပါ၊ ဒီလိုမဟုတ်ဘူး လား (ဟုတ်ပါတယ်ဆရာ)၊ အေး . . . အကျိုးလည်း မရှိတော့ဘူးနော် (ဟုတ်ပါတယ်ဆရာ)၊ အကြောင်းလည်း မရှိတော့ဘူး၊ ဒါကုသိုလ်လုပ်လုပ်, အကုသိုလ်လုပ်လုပ်၊ မြန်မာလိုပြောရင် ကောင်း တာလုပ်လုပ်၊ မကောင်းတာလုပ်လုပ်၊ မင်းတို့ ကြိုက်ရင် မင်းတို့လုပ်ပေါ့၊ မင်းတို့သဘောကျရင် မင်းတို့လုပ်ပေါ့၊ နောင်ဘဝ မကောင်းတာတွေ လုပ်ရင် မကောင်းတဲ့အကျိုးကို ပေးလိမ့်မယ်၊ ကောင်း တာတွေ လုပ်ရင် ကောင်းတဲ့အကျိုးတွေ ပေးလိမ့်မယ်ဆိုတာ မမျှော်လင့်နဲ့၊ အလကား ပြောတာ၊ သူတို့ဟောတဲ့ တရားတွေက ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါကြောင့် အကျိုးလည်းမရှိ၊ အကြောင်းလည်း မရှိလို့ ယူဆခြင်း။ အကျိုးတရားဆိုတာ လုံးဝ မရှိလို့ ယူဆခြင်း။ အကြောင်းတရားဆိုတာ လုံးဝမရှိလို့ ယူဆခြင်း။ အဲဒီအယူဝါဒသုံးမျိုးနဲ့ လောက ကြီးမှာ ဟောပြောပြသနေကြတော့ လောကမှာရှိတဲ့ လူအပေါင်းတွေ ဘယ့်နှယ့်လုပ်ကြမလဲ၊ အမှန် ကော ရရဲ့လား၊ (မရပါဘူးဆရာ)၊ အမှန်ကော သိရဲ့လား (မသိပါဘူးဆရာ)၊ သေတော့ အပါယ်လေးပါး တဖုန်းဖုန်းနဲ့ ကျတယ် မဟုတ်လား (ကျပါတယ်ဆရာ)၊ ဒါကြောင့် "အန္ဓိဘူတော အယံ လောကော" (ဓမ္မပဒ၊ ၃၉၊ နှာ။ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၁၁၄၊ နှာ၊ သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၅၅) လို့ ပြောတာ၊ အမိုက်လောက, အမှောင်လောက, အကန်းလောကကြီးတဲ့ ဟုတ်တယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် ကံ, ကံ၏အကျိုးကို ယုံကြည်တယ်၊ အကြောင်းတရားတွေ သိနေတယ်၊ ကုသိုလ်ကံ, အကုသိုလ်ကံတွေ လုပ်တာ အကြောင်းတရားတွေ၊ အဲဒီ အကြောင်းတရားတွေ ခံလိုက်ရင် လာလတ္တံ့သော နောက်ပိုင်းမှာ အကျိုးတွေ ခံရဦးမယ်။ ကောင်းတဲ့ အကြောင်းတရားတွေခံရင် ကောင်းတဲ့အကျိုးတွေ ဖြစ်မယ်။ မကောင်းတဲ့ အကြောင်းတရားခံရင် မကောင်းတဲ့အကျိုးတွေ ဖြစ်မယ်။ ဟော . . . ကိုယ်တော်မြတ်က ပြလို့ တို့သိလာတာ၊ မသိဘူးလား (သိလာပါတယ်ဆရာ)။

အေး . . . သိလာတော့ "ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ"လို့ ကိုယ်တော်မြတ်က ဟောထားတယ်။ ကုသလာ-ကုသိုလ်ဆိုတဲ့ တရားများ သည်။ အနဝဇ္ဇသုခဝိပါကလက္ခဏာ-အပြစ်မရှိကောင်းသော အကျိုးကို ပေးတတ်ကုန်၏။ကောင်း တယ် ဆိုတဲ့ ကုသိုလ်တရားများ၊ ဒါန, သီလ, သမထဆိုတဲ့ ကုသိုလ်တရားတွေ ကြိုးစားအားထုတ်ရင် ချစ်သား ချစ်သမီးတို့ အဲဒါကုသိုလ်ကံဆိုတဲ့ အကြောင်းတရားခေါ်တယ်။ အဲဒီအကြောင်းတရားများ လုပ်ကြပြီလားဆိုရင် လာလတ္တံ့သော အနာဂတ်ဘဝကျတော့ လုံးဝအပြစ်မရှိတဲ့ ကောင်းကျိုးချမ်းသာ အကျိုးတရားတွေ ရနိုင်ပါတယ်လို့။ ကိုယ်တော်မြတ်က ဟောတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အေး . . . "သာဝဇ္ဇဒုက္ခဝိပါလကလက္ခဏာ"တဲ့၊ မကောင်းတဲ့ဖက်က သူ့များအသက်သတ်ခြင်း, သူ့ဥစ္စာကိုခိုးယူခြင်း, သူများအိမ်ယာပြစ်မှားခြင်း, သူများလိမ်ခြင်း, သေရည်သေရက် သောက်စားခြင်း ဆိုတဲ့ ငါးပါးသီလ။ မကောင်းတဲ့ ဒုစရိုက် ဒုရာဇီဝတွေ မလုပ်ကြနဲ့၊ လုပ်ရင် အဲဒီအကုသိုလ်ကံ အကြောင်းတွေပါပဲ။ အဲဒီအကုသိုလ်ကံအကြောင်းတရားတွေကို မင်းတို့လုပ်ပြီဆိုမှဖြင့် လာလတ္တံ့ အနာဂတ်ဘဝကျတော့ မင်းတို့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးခံရဦး မယ်၊ အကျိုးတွေ ပေါ်လိမ့်မယ်လို့ ကိုယ်တော်မြတ်က ဟောတယ်။

ဟောထားတော့ မင်းတို့ ငါတို့ မသိရဘူးလား (သိရပါတယ်ဆရာ)၊ အဲဒါတွေ မမှန်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါကျမှ ကိုယ်တော်မြတ်ပြတော်မူတဲ့ အဲဒီအမှောင်လောကကြီး ငုတ်ပြီး

http://www.dhammadownload.com



တော့ အလင်းရောင်လေးတွေ ရတယ်၊ အမှန်မြင်ကြရတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အမှောင်လောကကြီးထဲမှာ အလင်းရောင်လေးတွေ ရပြီးတော့ အမှန်တွေ့ရတယ်၊ အမှန်တွေ ဘယ်လောက်များမလဲ ဆိုတော့ မပြောပလောက်ပါဘူးတဲ့၊ ကနေ့က ငါသင်ကြားပြထားတဲ့ -

"အန္ဓဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။

သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ" (ဓမ္မပဒဋ္ဌကထာ၊ ၂။ ၁၁၄-နှာ)

အယံ လောကော-ဤလောကကြီးသည်။ အန္ဓဘူတော-အမိုက်ခတ်သာရှိ၏။ ဧတ္ထ-ဤအကန်းလောက, အမိုက်လောက, အမှောင်လောကကြီး၌။ တနုကော-မပြောပလောက် အနည်းငယ်မျှလောက်သော သူသည်သာလျှင်။ ဝိပဿတိ-အမြင်မှန်ဉာဏ်ကို ရနိုင်သည်။ (ဝါ) အမြင်မှန်ဉာဏ်ကိုရနိုင်၏။ ဒီအမှန်လေးတစ်ခု သိခြင်းကြောင့်၊ ကမ္ဘာသူ, ကမ္ဘာသားတွေနဲ့ ပေါင်းကြည့်လိုက်တော့ နည်းနည်းလေး ရှိတယ်၊ ငါပြောတာ ဟုတ်ကော ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အေး . . . ယခု လူဦးရေတွက်ကြည့်တော့ တို့ဗုဒ္ဓဘာသာမြန်မာလူမျိုးက ပေါက်ဖွားလာတယ်၊ တို့တော့ မသင်ဘဲ၊ မကြားဘဲနဲ့ ကံ, ကံ၏အကျိုးကို ယုံကြည်တယ်ဆိုတဲ့ "ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်" အမြင်မှန်ကြီးကို ရထားတော့ တို့စိတ်ချသွားပြီ၊ တို့တိုင်းပြည်ရဲ့အပြင်ဘက် တို့ဘာသာရဲ့အပြင်ဘက်ထွက်ကြည့်တော့ ကမ္ဘာသူ ကမ္ဘာသားတွေနဲ့ ဝေပုံဝေစုချလိုက်တော့ များလိုက်တာ၊ မခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ အေး . . . အဲဒါကြည့်ပါ။

ဒီတော့ တို့မှာ အရလွယ်လို့ အထင်မသေးနဲ့၊ ကံ, ကံ၏အကျိုးကို ယုံကြည်တယ်ဆိုတဲ့ နံပါတ် (၁) "ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်"တောင် ရဖို့ အလွန်ခဲယဉ်းတယ်။ လောကကြီးထဲမှာ ဘုရားပွင့်လို့ သတ္တဝါတွေက အသိဉာဏ်တရား ရကြတယ်၊ ဘုရားမပွင့်ရင် မုချမရဘူး။ စောစောက ငါပြောတဲ့ ဝါဒသုံးပါးနဲ့ သေကြရမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . လောကကြီး အကန်းလောက, အမိုက်လောက, အမှောင်လောကကြီးထဲမှာ ကိုယ်တော်မြတ် ဘွားခနဲ လာပွင့်တော့ လမ်းညွှန်ပြသဆုံးမတော်မူလို့၊ နံပါတ် (၁)ဆိုတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရလာကြတယ်။ ဒီလိုမဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ကိုင်း . . . ဒါဖြင့် တို့လူစုတွေ အဲဒီအမြင်မှန်မှာ လုပ်ပုံလုပ်နည်းတွေလည်း စောစောက ဝေဖန်ပြောတော့ "သြကပ္ပနသဒ္ဓါနဲ့ ပသာဒသဒ္ဓါ" နှစ်မျိုးနှစ်စားရှိတဲ့အနက်က အကယ်တန္တု ပသာဒသဒ္ဓါပေါ် များရောက်နေကြသော ပုဂ္ဂိုလ်များသည်၊ သြကပ္ပနသဒ္ဓါပေါ် သို့ ပြောင်းပေးကြဖို့ မကောင်းဘူးလားကွာ (ကောင်းပါတယ်ဆရာ)၊ ပြောင်းပေးကြပါလို့နော် (ဟုတ်ပါတယ်ဆရာ)၊ ပြောင်းပေးကြပါလို့ တိုက်တွန်းပါတယ်။ အနှစ်မွန်းမခံကြပါနဲ့၊ ဟုတ်လည်း မဟုတ်ပါဘူး၊ အမှန်ကတော့ ခုနပြောတဲ့ စပ်မိစပ်ရာဖန်တီးကြတဲ့ မဟုတ်တရုတ်တွေ လုပ်နေကြတာ တကယ်လည်း

http://www.dhammadownload.com



မစွမ်းပါဘူး၊ တကယ်စွမ်းရိုးမှန်ရင်ကွယ် မင်းတို့ကြည့်စမ်းပါ။ ဂျပန်စစ်ကြီးဘေးဒဏ်ခံရတုန်းက တကယ်စွမ်းမှန်း ပြောနေကြတဲ့ အထက်ဆရာကြီးတွေ၊ ဘာတွေညာတွေပေါ့ကွနော် (ဟုတ်ကဲ့ပါ ဆရာ)၊ အဲဒီအခါတုန်းက သူတို့သာ တကယ်စွမ်းလို့ရှိရင် တို့စစ်ဘေး, စစ်ဒဏ် မြန်မာပြည် ခံစရာ လိုသေးလား (မလိုပါဘူးဆရာ)၊ မြန်မာတစ်ပြည်လုံး မကာကွယ်နိုင်တောင်ပဲ သူတို့ကို အမြဲပွဲဆက်နေတဲ့ ပုဂ္ဂိုလ်အတွက် ထည့်တွက်စရာလိုသေးလား(မလိုပါဘူးဆရာ)။ ဗုံးဒဏ်တွေနဲ့ သေစရာလိုသေးလား (မလိုပါဘူးဆရာ)၊ စက်သေနတ်မှန်လို့ သေစရာလိုသေးလား (မလိုပါဘူးဆရာ)။

အေး . . . စွမ်းတာတွေ ကြည့်စမ်းပါကွယ် ဟုတ်သလားလို့နော် (ဟုတ်ပါတယ်ဆရာ)၊ တို့အားကိုးထားတဲ့အတိုင်း မဟုတ်ပါဘူးလို့၊ တို့ယုံကြည်တဲ့အတိုင်းလည်း တန်ခိုးမရှိပါဘူး။ ဘယ်ရှိ မလဲကွာ၊ လူလူချင်းလုပ်ထားတဲ့ အလုပ်တွေ ဟုတ်မှမဟုတ်ဘဲနော် (ဟုတ်ပါတယ်ဆရာ)၊ အဲဒီအထဲ ငါပိုပြီးတော့ စိတ်ပျက်တာ၊ အဲဒီအထက်က ဆရာကြီးဆိုတဲ့သူကို ငါစိတ်ပျက်တာ၊ အထက်က ဆရာကြီးဆိုတာ သူလည်း မသိ၊ ငါလည်း မသိ၊ ဘယ့်နှယ်လုပ်ပြီး ပြောရမှန်းကို မသိ၊ ဘယ်သူဘယ် ဝါလည်း မသိ၊ ရာဇဝင်လည်း ရှာမရ၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အထက်ဆရာကြီး အထက်ဆရာကြီးနဲ့ အဲဒီလိုပဲ လုပ်နေတယ်၊ အဲဒါ တစ်ယောက်နဲ့တစ်ယောက် မေးကာမြန်းကာနဲ့ ပြီးတော့ သူကလည်း အဟုတ်မှတ်လို့၊ ကိုးကွယ်ယုံကြည်လို့နော် (ဟုတ်ပါတယ်ဆရာ)၊ တကယ် အားကိုးစရာ မှတ်နေတယ်၊ မဟုတ်ပါဘူးတဲ့။

မြတ်စွာဘုရားကိုယ်တော်မြတ်ကိုက ကိုးကွယ်ထိုက်တယ်၊ အားကိုးထိုက်တယ်၊ မှီခိုထိုက်တယ်၊ ရှိခိုးကိုးထိုက်တယ်၊ ပုန်းအောင်းထိုက်တယ်၊ မှီဝဲထိုက်တယ်ဆိုတဲ့ ဂုဏ်ဟာ သုံးခုရှိပါတယ်တဲ့၊ ဘုရား ရယ်, တရားရယ်, သံဃာရယ် ဒါပဲ ရှိတယ်တဲ့၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အေး . . . အဲဒါလေးတွေ ယုံယုံကြည်ကြည်နဲ့ အကယ်တန္တု ပသာဒသဒ္ဓါပေါ် ရောက်မယ်ဆိုရင် ဩကပ္ပနသဒ္ဓါ ပေါ် ပြောင်းကြပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အကောင်းဆုံးလေးတွေပဲ၊ ဒါတို့များသာ ထပ် လောင်းပြီး ပြောသာနေရတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီလိုလမ်းမှန်တွေ ကျင့်စေချင်တယ်၊ ဒီလိုအမှန်တွေ အားထုတ်စေချင်တယ်။ ဒါမှလည်း သံသရာထောက်ရာတည်ရာရမယ်၊ နိဗ္ဗာန် မျက်မှောက်ပြုနိုင်မယ်လို့ အကျိုးတရားတွေမှန်းလို့နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးရဲ့ ပရိနိဗ္ဗာန်စံခန်းလည်း ငါပြောခဲ့ပါပြီ။ ကိုယ်တော်မြတ်ကြီး တို့အပေါ် သနား လွန်လွန်းလို့ ကျေးဇူးတွေက ပြန်ပြီးတော့ ပေးဆပ်လို့ မကုန်နိုင်ဘူးဆိုတဲ့ ဂုဏ်လေးတွေကို ပြန်ပြီး အာရုံပြုကြပါလို့၊ ဘုရားရှင်ကိုယ်တော်မြတ် တို့အပေါ် ဘယ်လောက်သနားတယ်၊ တို့က ပြန်ပြီးတော့ တစ်ဆင့် ကိုယ်တော်မြတ်ရဲ့ကျေးဇူးတွေကို ပေးဆပ်လို့ မကုန်ဘူးဆိုတဲ့ ဂုဏ်တွေကို ပြန်ကြည့်ကြည့်

http://www.dhammadownload.com



ပြီးတော့ ကိုယ်တော်မြတ်ရဲ့မှာကြားတော်မူတဲ့ မှာတမ်းတော်စကားအရ တစ်သဝေမတိမ်း လိုက်နာကြစို့ရဲ့လို့ စိတ်ကလေးတွေ ဒီလိုထားကြပါနော် (ဟုတ်ကဲ့ပါဆရာ)။

## အမြင်မှန်ဉာဏ်ငါးမျိုးအကြောင်း သိကောင်းစရာ

နံပါတ် (၁) ဆိုတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အမြင်မှန် ရလာပေ့ါကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အမြင်မှန် များစွာရှိတယ်။ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ အမြင်မှန်ဉာဏ်ငါးမျိုးမှာ တို့လူစုကြိုးစားစရာက နှစ်ခုပဲ ရှိပါတယ်၊ နံပါတ် (၁)ရယ်၊ နံပါတ် (၂)ရယ် ဒါပဲ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ နံပါတ် (၃) မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်၊ (၄) ဖလသမ္မာဒိဋ္ဌိဉာဏ်၊ (၅) ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိဉာဏ်တို့ အဲဒီဉာဏ်သုံးပါးကို တို့လူစုကြိုးစားစရာမလိုပါဘူး၊ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒါကြောင့် နံပါတ် (၁), (၂) ကလေးပဲ ကြိုးစားရမယ်။ အဲဒါလေးတွေ **ပြတ်ပြတ်သားသား နားလည်ဘို့သင်ကြားပြသရမယ်။ ဩော် . . . ဒီအမြင်မှန်ဉာဏ်ငါးမျိုးမှာ (၁)နဲ့(၂)** ကတော့ တို့လုပ်ရမယ့် ဝတ္တရားပါလားလို့၊ ဒါပေမယ့် နံပါတ် (၁)ကတော့ လုပ်ပြီးသားဖြစ်နေပေ့ါကွနော် (ဟုတ်ပါတယ်ဆရာ)၊ နံပါတ် (၁) ကံ, ကံ၏အကျိုးတရားကို ယုံကြည်တယ်ဆိုတဲ့ **"ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်"** အမြင်မှန်ကြီးကို တို့ရပြီးသားဖြစ်နေပြီ၊ ဒါဖြင့် တို့လူစုက တစ်ဆင့်တိုးပြီး ကြိုးစားစရာက နံပါတ် (၂) ဆိုတဲ့ **ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်**ပဲ မဟုတ်လားဟ (ဟုတ်ပါတယ်ဆရာ)၊ အေး . . . ဒါပဲ လုပ်ရမယ်၊ ဒါပဲ ရှိတယ်၊ အဲဒီနှစ်ခုလုပ်လိုက်မယ်ဆိုရင် ကျန်တဲ့ အမြင်မှန်ဉာဏ်သုံးပါးကလည်း အလိုလိုသက်ဝင်လာပါလိမ့်မယ်လို့ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ မသက်သာဘူးလား (သက်သာပါတယ်ဆရာ)၊ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ လွယ်လည်း လွယ်တယ်၊ သက်လည်း သက်သာတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ပြီးတော့ တန်ဖိုးလည်း အင်မတန်ရှိတဲ့တရား ခေါ်တယ်နော်။

အဲဒီအမြင်မှန်ဉာဏ်ငါးမျိုးကို ပြပြီးတော့ကာ တို့မြတ်စွာဘုရားကိုယ်တော်မြတ် မှာတမ်းတော်မှာ အနုသန္ဓေစပ်ဟပ်ပြီးတော့ နောက်ပိုင်းလေးမှာ တို့က ဒီဝိပဿနာသင်တန်းကြီး သင်ခန်းစာကို ဝင်တော့မှာကိုးကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ မဝင်ခင်ကလေးမှာ ငါတောင်းပန်စကားတိုက်တွန်းစကားလေးကို ပြောချင်ပါတယ်လို့၊ အခြားမဟုတ်ပါဘူး။ ဒီသင်ခန်းစာဝင်လာပြီ ဆိုကြပါစို့ကွယ်၊ သင်ခန်းစာဝင်လာတော့ သင်တန်းသူ သင်တန်းသားများက ပထဝီဓာတ်ကို စပြီး နာကြားချင်တယ်၊ သို့သော် ပထဝီဓာတ်ကိုစပြီး ပြတဲ့အချိန်ကလေးမှာ တို့လူစုက မမှီလိုက်ရင် နောက်ကျနေပြီလားဆိုရင် နောက်ပိုင်းကျတော့ တရားက ဘယ့်နှယ့်ဖြစ်လာသလဲဆိုတော့ မသဲမကွဲ မပြတ်မသား

http://www.dhammadownload.com



ထွေးလုံးရစ်ပတ်ချည်းနဲ့ တရွတ်တသီချည်းပါလာတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ တချို့လည်း တရားရလားဆိုတော့ ရလည်း မရဘူးတဲ့၊ အဲသလိုဖြစ်တတ်လွန်လွန်းလို့ ဒါကြောင့် တရားသားအစစ်ဆိုတဲ့ ပထဝီဓာတ်ကို မပြခင်ကလေးမှာ ဟိုတစ်ရက် နှစ်ရက်လောက်ကလေးပေ့ါလေ၊ စောစောကငါ မကြာမကြာတိုက်တွန်းနေတဲ့ မိတ်ဆွေသင်္ဂဟများရှိလို့ရှိရင် သင်တန်းလိုက်ချင်တဲ့ပုဂ္ဂိုလ်များ၊ သံသရာတကယ်ထောက်ရာ တည်ရာရချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်များပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။

စောစောက သင်တန်းအစထားတဲ့ ဝိနိပါတဘေးကြီးက တကယ်အေးချင်တယ်၊ လွတ်ချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်များ၊ ဒါကြောင့် မိမိတို့ရဲ့ ချစ်ကျွမ်းဝင်တဲ့ပုဂ္ဂိုလ်၊ ဆွေမျိုးဉာတိ မိတ်သင်္ဂဟအသီးသီးတို့ကို စောစောတည်းက ကြိုတင်ပြီးတော့ ပထဝီဓာတ်မပြခင် တိုက်တွန်းပြီး ပေးကြပါ၊ ခေါ်ကြပါလို့၊ အဲဒါတခြားမဟုတ်ဘူး၊ ငါသင်တန်းလူများအောင် လုပ်တာမဟုတ်ပါဘူး၊ ပြလက်စနဲ့ ပြနေရော၊ ပထဝီဓာတ်ပြပြီးတော့မှ ဖတ်သီဖတ်သီနဲ့ လိုက်လာတယ်၊ လိုက်လာတော့ ဘယ့်နှယ့်လုပ်ကြမလဲ၊ သူလည်း တရားရမှာ မဟုတ်ဘူး၊ ပထမပြတုန်းက မပြတ်သားတာ၊ နောက်ပိုင်းကျတော့ ခုနပြောသလို လူစုတွေ အဲဒါရှုံးသထက် ရှုံးမှာပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ တို့များက စိတ်က တယ်မကျေနပ်ဘူး၊ ဒီလိုဖြစ်မှာ အရမ်းစိုးရိမ်တယ်၊ ဒီသင်တန်းဝင်လိုက်ရင် နောက်လူတွေပါ လွယ်ကူစွာ ရပါစေလို့စေတနာထားပြီး အရပေးတယ်၊ မရကြဘူး။ အဲဒါ ရစေချင်လို့ ကွင်းဆက်နဲ့လာတော့ တစ်အချက်ဆိုတဲ့ ပထမဓာတ်တစ်လုံးထဲက ပြတ်သားပါမှ လူတွေက နောက်တရားတွေကို လက်ခံနိုင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီတော့ တစ်အချက်ဆိုတဲ့ သင်တန်းမှာပြတဲ့ ဓာတ်တစ်လုံး မပြခင်ကလေး ကြိုတင်ပြီးတော့ စောစောက ပြောသလို မိမိတို့ပတ်ဝန်းကျင်မှာ ချစ်ကျွမ်းဝင်တဲ့ မိတ်ဆွေသင်္ဂဟများ ခေါ်ခဲ့ပါ။ သင်တန်းရဲ့သင်ခန်းစာက ဓာတ်အစစ်၊ တရားအစစ်ဝင်တော့မယ်။ အဲဒါမဝင်ခင်ကလေး ကြိုတင်ပြီး သွားရအောင်လာပါ။ ပထမဓာတ်တစ်လုံးကို သိလိုက်မှ၊ အဲဒါမှ နောက်တစ်လုံး လက်ခံနိုင်တဲ့သတ္တိရှိတယ်၊ ဒီလိုပြောပေ့ါနော် (ဟုတ်ကဲ့ပါဆရာ)၊ တို့မှာ သားမယားကိစ္စရှိတယ်ကွဆိုတဲ့ ဆင်ခြေတွေပေးကြတယ်။ တချို့လည်းပဲ မလိုက်ချင်လည်း နေပေ့ါလေ။ လိုက်ချင်တဲ့ပုဂ္ဂိုလ်များလည်း ရအောင်ခေါ်ခဲ့ပါ။

## အလောင်းတော် ဇောတိပါလအကြောင်း

ဒါဝတ္ထုလေးတစ်ခုကို ငါပြောပါဦးမယ်၊ မိမိတို့ရဲ့ချစ်ကျွမ်းဝင်တဲ့ပုဂ္ဂိုလ်များကို ကောင်းကျိုးချမ်းသာ ဖြစ်စေချင်တယ်ဆိုတဲ့ မိတ်ကောင်းဆွေကောင်းများ အင်မတန်အရေးကြီးလှတယ်။ နမူနာယူစရာလေးပေ့ါ၊ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်တုန်းက တို့မြတ်စွာဘုရားကိုယ်တော်မြတ်အလောင်းတော်က ဇောတိပါလသူဌေးသား အင်မတန်ချမ်းသာတယ်။ ပြီးတော့ တို့မြတ်စွာဘုရား

http://www.dhammadownload.com



ကိုယ်တော်မြတ်ပွင့်တော်မူတော့ ရှေးဦးမဆွ ဝတ်စရာ ကြာသက်နှ်းကို ကပ်လှူသွားတဲ့ "ယဋ္ဌိကာရ ဖြဟ္မာကြီး"တစ်ယောက်ဆိုတာ အဲဒီခေတ်အခါတုန်းကပေါ့၊ အိုးလုပ်စားတယ်နော် (ဟုတ်ကဲ့ဆရာ)၊ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်တော်မှာ ယဋ္ဌိကာရအိုးထိန်းသည် အိုးလုပ်စားတဲ့ အိုးသမားရယ်၊ စောစောက ပြောခဲ့တဲ့ အင်မတန်ချမ်းသာကြွယ်ဝတဲ့ သူဌေးသား ဇောတိပါလရယ် အင်မတန်ချစ်ကျွမ်းဝင်တယ်။ ဒါပေမယ့် ဇောတိပါလသူဌေးသားက အသက်ငယ်တယ်၊ ယဋ္ဌိကာရ အိုးထိန်းသည်က အသက်ကြီးတယ်၊ အသက်ကလေး နည်းနည်းလေးကွာတယ်၊ ဒါပေမယ့် မြတ်စွာ ဘုရားကိုယ်တော်မြတ်ကို အင်မတန်ချစ်ခင်ကြတယ်၊ သူငယ်ချင်းလည်း ဖြစ်ကြတယ်။ ယဋ္ဌိကာရ အိုးထိန်းသည်က ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ တရားတော်ကို နာယူပြီး အနာဂါမ်မိမင်္ဂ ဖိုလ် ရနေတဲ့ပုဂ္ဂိုလ်နော်၊ (ဟုတ်ပါတယ်ဆရာ)၊ အနာဂါမ်ပုဂ္ဂိုလ်နော်၊ ဒါပေမယ့် ဆင်းရဲရှာတယ်တဲ့၊ အိုးလုပ်ပြီး မိဘနှစ်ပါးလုပ်ကျွေးတယ်၊ အိုးလုပ်စားရတယ်၊ အိုးသည်ဆိုတော့ ဘယ်လောက်ဆင်းရဲတယ် ဆိုတာ အဲဒါတွက်ကြည့်ပေါ့။ ဒါပေမယ့် တို့ဘုရားအလောင်းတော်က ဒီနေရာမှာ ဘာဖြစ်နေသလဲ၊ သူဌေးသား ဇောတိပါလဖြစ်နေတယ်၊ သူက လူချမ်းသာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် လူဆင်းရဲကို အမြင်မတူပေမယ့် သူသည် သာမန်လူမဟုတ်ဘူး၊ ငါ့မှာ ရှင်းစရာ လင်းစရာ မဝေခွဲနိုင်တဲ့ ပြဿနာကို သူ့မေးကြည့်လိုက်ရင် မှန်ကန်တိကျ ဝေဖန်လိမ့်မယ်။ ပညာတတ်တယ်ဆိုတာကွာနော် (ဟုတ်ကဲ့ဆရာ)၊ ဒီတော့ အင်မတန် ခင်မင်ရင်းနှီးလေတော့ ယဋ္ဌိကာရ အိုးထိန်းသည်ကလည်း အနာဂါမိမင်္ဂ ရထားတော့ ဩော် . . . ဇောတိပါလသူဌေးသားဟာ ငါ့တော့ အင်မတန်ခင်တယ်၊ ငါတော့ဖြင့် ဘုရားမကြည်ညို ကြည်ညိုအောင် ဗုဒ္ဓဘာသာမဖြစ် ဖြစ်အောင် ငါလုပ်မှပဲလို့ မကြာမကြာ သိမ်းသွင်းတယ်၊ ဆွယ်တရားဟောတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဆွယ်တရားဟောတယ်၊ ဇောတိပါလ မခံနိုင်ဘူး၊ သူငယ်ချင်းရာ ငါ့တွေ့လို့ရှိရင် ဒီစကားမပြောပါနဲ့ကွာ၊ ဘာသာအကြောင်း မပြောပါနဲ့၊ မင်းတို့ဘုရား ငါ့ဘယ်နည်းနှင့်မှ မကိုးကွယ်နိုင်ဘူး၊ မကြည်ညိုနိုင်ဘူးလို့ ပြောတာကွနော် (ဟုတ်ကဲ့ပါ ဆရာ)၊ အခွင့်သင့်ရင် ဒီလိုပဲ ပြောရင်း -

ယဋ္ဌိကာရအိုးထိန်းသည်က ပြောတယ်၊ ပြောတော့ ဟိုက လက်မခံဘူး၊ ဒီတော့ ယဋ္ဌိကာရ အိုးထိန်းသည်က စဉ်းစားတယ်၊ ဩော် . . . ငါအင်မတန်ချစ်တဲ့သူငယ်ချင်းတဲ့၊ ငါအမှန်တရားသိသလို သူကိုလည်းပဲ အယူဝါဒမှန်ကန်ပြီးတော့ အမှန်တရားသိစေချင်တယ်။ ဒါကြောင့် ငါလည်း တဖြည်း ဖြည်းနဲ့ သိမ်းသွင်းတယ်၊ သူကလည်း လက်မခံဘူး၊ ဇွတ်အတင်းငြင်းတယ်။ တစ်နေ့ကျတော့ မရ ရအောင် ငါပြောမှပဲလို့၊ အဲဒါမိတ်ကောင်း၊ ဆွေကောင်းပေါင်းနည်းဆိုတာ သေသေချာချာ မှတ်ထား ကြပါ၊ သူကလည်း အထက်တန်းရှာနေတယ်၊ တစ်နေ့ကျတော့ ကဿပမြတ်စွာဘုရား ကိုယ်တော်

http://www.dhammadownload.com



မြတ်က ဟောဒီဂင်္ဂါမြစ်ကမ်းနားမှာ ယာယီကျောင်းလေးနဲ့ သီတင်းသုံးတယ်၊ ခေတ္တပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဂင်္ဂါမြစ်ကမ်းနားမှာ ကပ်ပြီးတော့ ကိုယ်တော်မြတ်က ခေတ္တယာယီ ကျောင်းလေးနဲ့ သီတင်းသုံးတယ်။ သီတင်းကြားတယ်၊ အိုးထိန်းသည်က အောင်မယ်. . . ငါတို့မြတ်စွာ ဘုရားကိုယ်တော်မြတ် ဂင်္ဂါမြစ်ကမ်းပါး ခေတ္တသီတင်းသုံးတယ်ဆိုပဲ၊ အခန့်တော့ သင့်ပြီ၊ လူစုံတုန်းမှာ ငါက ဇောတိပါလသူဌေးသားကို ရေချိုးခေါ်သွားရင် ကောင်းမှာပဲ၊ ဂင်္ဂါမြစ်ကမ်းနားမှာ မယောင်မလည်နဲ့ ဘုရားကျောင်းနားကပ်ပြီးတော့ ရေချိုးဆင်းတယ်။ ပြီးတော့ ရေချိုးဆင်းလည်း ဆင်းပြီးရော ဒင်းကို အတင်း ဘုရားရှေ့အတင်းဆွဲသွင်းမှပဲ၊ မုချ ဘုရားတရားတော်နာရင် ဘယ်သူခံနိုင်မှာတုံးလို့ စဉ်းစားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

သူဘယ့်နှယ့်လုပ်မလဲဆိုတော့ ဇောတိပါလသူဌေးသားလာတော့ဟေ့၊ သူငယ်ချင်း ကနေ့ မင်းနဲ့ငါနဲ့ ဂင်္ဂါမြစ်တွင်း ဆင်းပြီးတော့ ရေချိုးရအောင်ကွာ ပျော်ပျော်ပါးပါးပေါ့၊ အေး . . . ချိုးရတာပေါ့ သူငယ်ချင်းရာ၊ အေး . . . ဒါဖြင့် သွားကြစို့၊ သူငယ်ချင်းနှစ်ယောက်သွားကြတယ်၊ သွားကြတော့ ဘုရားသီတင်းသုံးတဲ့ကျောင်းနဲ့ မနီးမဝေးလေး ဆင်းပြီးတော့ ရေချိုးတယ်၊ ရေပါချိုးပြီးတော့ ကောင်းမွန်စွာ အဝတ်အသစ်အစားလဲပြုပြီးတော့ သူဆင်းရဲအိုးထိန်းသည်က တကယ့်ချမ်းသာတယ် ဆိုတဲ့ သူဌေးသားဇောတိပါလရဲ့ယောင်ထုံးကို ဆတ်ဆို တစ်ခါတည်း မြဲမြဲကြီးဆုပ်ပြီးတော့ ကိုင်လိုက်တယ်။ ကြည့်စမ်း ကြည့်စမ်း . . . အဲဒါသူငယ်ချင်းကောင်း မိတ်ဆွေကောင်းရဲ့လက္ခဏာတွေကို သေသေချာချာ မှတ်ထားကြပါ၊ တစ်ခါတည်း ယောင်ထုံးကို မြဲမြဲဆုပ်ထားတယ်၊ ဟော့ . . . ဇောတိပါလ ဂိုက်နဲ့, ဟန်နဲ့, ပန်နဲ့, မာန်နဲ့ပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ယောင်ကို ဆတ်ခနဲ ပိုင်ပိုင်ကြီး ဆုပ်လိုက်တယ်။ ဆုပ်သမှ တင်းတင်းကြပ်ကြပ် ဆုပ်လိုက်တယ်၊ ရီးတီးယားတားမလုပ်နဲ့၊ မင်းမလှုပ်နဲ့ လှုပ်ရင် မင်းအသက်ပြုတ်သွားမယ်ဆိုတဲ့ အဓိပ္ပာယ်လေးနဲ့ ဆုပ်လိုက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ရဲရဲကြီးဆုပ်ပြီးတော့ မေးတယ်။

ဟေ . . . ဇောတိပါလ၊ မင်းသူဌေးသား၊ ငါအိုးလုပ်စားတဲ့သူ။ မင်း ငါ့အကြောင်းသိလား၊ စဉ်းစားတယ်၊ အောင်မယ် ဘယ့်နှယ့်ဖြစ်ပါလိမ့်၊ ငါ့ယောင်ထုံးကို ရဲရဲကြီးကိုင်ပြီး သူကြည့်တော့ ဒေါသလည်း ဖြစ်ပြီး ရှောင်မလွှဲနိုင်ပဲ ဖြစ်ပြီးတော့ စဉ်းစားတယ်၊ အင်မတန်ဆင်းရဲပြီး အိုးလုပ်စားတဲ့ လူသားက ငါ့သူဌေးသားရဲ့ယောင်များကို ရက်ရက်စက်စက် ကိုင်ရက်လေခြင်းနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလို ဒေါသမထွက်ပါဘူးတဲ့၊ ဘယ်ထွက်မလဲကွ၊ ဇောတိပါလသူဌေးသားက အယူသာ မှားနေတာကွ၊ နာနာသတ္တဉလ္လောကနဘေးနဲ့ တွေ့နေလို့ အယူမှားနေတာ၊ တို့ဘုရားလောင်းကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဖြစ်ရာဘဝမှာ ပညာဦးစီးတဲ့ အတွေးအခေါ် တန်ဖိုးရှိတယ်ကွနော် (ဟုတ်ကဲ့ဆရာ)၊

http://www.dhammadownload.com



အယူကတော့ မှားနေတယ် မဟုတ်လား (မှားနေပါတယ်ဆရာ)၊ ဘယ်လိုမှားမှား အဝေဖန် အစဉ်းစား ကျတော့ ပညာဦးစီးတဲ့ အလောင်းတော်မြတ်ကွ၊ ဖြစ်လေရာဘဝမှာ အခုခေတ်လူတွေနဲ့ မဆိုင်ဘူးကွ၊ အင်မတန် ဆင်းရဲတဲ့ လူတစ်ယောက်က အင်မတန်အထက်တန်းကျတဲ့ သူဌေးသားတစ်ယောက်ကို ရက်ရက်စက်စက် ဦးသျှောင်ကိုင်လိုက်တယ်ဆိုလို့ရှိရင် ခံပါ့မလားကွ၊ (မခံပါဘူးဆရာ) ချက်ချင်း မီးပွင့်သွားမှာပေါ့ကွနော် (ဟုတ်ကဲ့ဆရာ)။

ဇောတိပါလသူဌေးသားက ဒီလိုဒေါသမဖြစ်ဘူး၊ ကြည့်စမ်းတဲ့ . . . ဒင်းက အိုးလုပ်စားတဲ့ အိုးသမား ဆင်းရဲသားတဲ့၊ ငါက သူဌေးသားတဲ့၊ ငါလို သူဌေးသားရဲ့ ဦးသျှောင်ကို ဒင်းက ရက်ရက်စက်စက်ရဲရဲကြီး ဆုပ်ကိုင်ပြီးတော့ ငါ့ကို အနိုင်ကျင့်တဲ့အနေနဲ့ လုပ်တဲ့သဘောပေါ့။ သေသေချာချာကြည့် ဝေဖန်ပုံ၊ အကြောင်းထူးတစ်ခုခုတော့ ရှိရမယ်၊ ဒီလိုလာတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အကြောင်းထူး တစ်ခုရှိရမယ်၊ အင်မတန်ထူးတဲ့အကြောင်း ရှိရမယ်၊ အင်မတန်အရေးကြီးတဲ့ကိစ္စ ရှိရမယ်၊ အင်မတန်ထူးတဲ့ အရေးကြီးတဲ့ ကိစ္စရှိလို့သာလျှင် ငါလို သူဌေးသားကို သူဆင်းရဲယောကျ်ားက ရက်ရက်စက်စက် အမွန်အမြတ်ထားတဲ့ ဦးသျှောင်တည်းဟူသော ဆံထုံးကို ဆွဲဝံ့ ကိုင်ဝံ့တာ၊ ဒီလို မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ဝေဖန်ပုံ, ဝေဖန်ပုံနော်၊ ဒေါသမထွက်ရှာဘူး။ သူအင်မတန် အရေးကြီးနေတဲ့အချက်ကို ငါက မေးမယ်၊ ဟာ . . . ဃဋိကာရသူငယ်ချင်း၊ ဘယ့်နှယ့်တုံးမင်း၊ မင်း ငါ့ရဲ့ဦးသျှောင်ကို ဘယ်သာမညပုဂ္ဂိုလ်တွေ ကိုင်ဝံ့လိမ့်မတုံး၊ မင်းက ငါရဲ့ဦးသျှောင်ကို အမြတ်တနိုး ထားတဲ့ဥစ္စာ၊ အဲဒါကို ရက်ရက်စက်စက် ငါ့ဆံထုံးကို ဆွဲကိုင်ပြီးတော့ အနိုင်ကျင့်တဲ့အလုပ် မင်း မဟုတ်ဘူးကွ၊ အရေးကြီးတဲ့ကိစ္စတစ်ခုရှိရမယ်၊ သူငယ်ချင်း မင်း ငါ့ကို ဒီလိုတော့ မလုပ်နဲ့ကွာ၊ မင်းကိစ္စ ပြောကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ မေးတယ်၊ မေးတော့ ဃဋိကာရ အိုးထိန်းသည်က ဘာပြောသလဲ၊ ဟေ့ . . . ငါပြောမယ်၊ ငါပြောတဲ့စကားကို နားထောင်ရင် နားထောင် မင်းဆံထုံးကို ကိုင်ထားတာ ဘယ်လိုလဲ၊ ရီးတီးယားတား မမှတ်နဲ့၊ ဟိုကလည်း ဟန်နဲ့ပန်နဲ့ကွနော် (ဟုတ်ပါတယ်ဆရာ)၊ မင်း လှုပ်နိုင်သေးလား၊ သူငယ်ချင်း မလှုပ်နိုင်ပါဘူး၊ အပိုင်ကိုင်ထားတာ။

**အေး . . ငါပြောမယ့်စကားကို နားထောင်ရင်ထောင်၊ မထောင်ရင်တော့ဖြင့် မင်းကို ဘယ့်နှယ့်နည်းနဲ့မှ ချမ်းသာမပေးနိုင်ဘူး၊ ချက်ချင်းချုပ်ကိုင်လိုက်တယ်၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ချုပ်ကိုင်တော့ အကျဉ်းအကျပ်ထဲရောက်မနေဘူးလား၊ အကျဉ်းအကျပ်ထဲရောက်နေတော့ ခုနပြောသလို ဇောတိပါလ သူဌေးသားက စဉ်းစားတယ်၊ ဧကန်ဒီဌ ငါ့သူငယ်ချင်းက ငါ့အပေါ်မှာ မရက်စက်တန်ဘူးတဲ့၊ အခုတော့ ရက်ရက်စက်စက် ငါ့ကို ကြိမ်းမောင်းနေတဲ့အလုပ်ဟာ အရေးကြီးတဲ့ကိစ္စတစ်ခု ငါ့အတွက် ရှိရမယ်၊ ဒီတော့ ငါမရ ရအောင် မေးမယ်၊ သူငယ်ချင်းမင်းကွာ ကိုင်း . . . မင်းရဲ့စကားကို ငါနားထောင်**

http://www.dhammadownload.com



ပဲ့မယ်၊ မင်းပြောချင်ရာ ပြောတော့၊ မင်း အင်မတန်အရေးကြီးတဲ့ကိစ္စကို ငါ့ပြောစမ်းပါ။ အေး . . . တခြားမဟုတ်ပါဘူး၊ ဟော . . . ဟိုနားတင်မှာ တို့ဘုရားကိုယ်တော်မြတ် လူ့လောက, နတ်လောက, **ဗြဟ္မာ့လောက လောကသုံးပါးမှာ တုဘက်ပြိုင်သူမရှိတဲ့ ဘုရားအစစ်ကွ။ အဲဒီဘုရားရဲ့တရားတော်ကို** နာဖို့လို့ မင်းကို ငါပြောပေါင်းများပြီ၊ မင်းက ငါ့ကို အမြဲတမ်း ဆင်ခြေတွေပေးပြီး ဂျီတိုက်နေတယ်။ ကဲ . . . တစ်ခွန်းတည်း ငါမေးမယ်၊ ဘုရားရှင်ထံ လိုက်မလား၊ မလိုက်ဘူးလား ပြော၊ အပိုင်စီးထားတယ်၊ အပိုင်ကိုင်ထားတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ငါ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းအသိပါ၊ သိတာပေါ့ သူငယ်ချင်းရာ၊ မင်း ငါ့ကို အချစ်ဆုံးပဲ၊ အေး . . . အဲဒီလို ချစ်လွန်လွန်းလို့ အချစ်ဆုံးမို့လို့ ငါက ခုလို မင်းအနိုင်ကျင့်ထားတာကွ၊ ငါ့စကားကို နားထောင်မလား၊ မထောင်ဘူးလား ပြော။ ကိုင်း . . . သူငယ်ချင်းလွှတ်ပါတော့၊ လွှတ်ပါတော့၊ မင်းစကား ငါနားထောင်မယ်၊ မင်းအလို ငါလိုက်မယ်၊ မင်းစိတ်ကြိုက် ငါနေမယ်၊ ကိုင်း . . . ဒါဖြင့် ကောင်းပြီ၊ လိုက်ခဲ့၊ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဇောတိပါလသူဌေးသား ဝေဖန်ပုံလေး မကောင်းဘူးလား၊ (ကောင်းပါတယ်ဆရာ)၊ ငါ့အကျိုးစီးပွား တကယ်လိုလားတဲ့ကိစ္စရှိရမယ်၊ အင်မတန်ချစ်တဲ့သူငယ်ချင်း၊ ဘယ့်နှယ့်နည်းမှ ငါ့ကို မလိုမုန်းထားတဲ့အနေအားဖြင့် ရက်စက်တဲ့ အမူအရာမဟုတ်ပါဘူး၊ ငါ့အကျိုးစီးပွား တကယ်လိုလားလို့ ငါ့အကျိုးတကယ်လိုလားလို့ ငါ့ကို မရမကဆိုတဲ့အနေအားဖြင့် ငါ့အနိုင်ကျင့်တာနဲ့ တူတယ်လို့ ပညာရှိ ဝေဖန်နည်းနဲ့ ဝေဖန်လိုက်တော့ အဆင်ပြေလို့ မပြေဘူးလားကွ (ပြေပါတယ်ဆရာ)၊ ဟော . . . ဘုရားရှေ့သို့ ခေါ်သွား၊ လိုက်ခဲ့ပါ၊ လိုက်သွားပြီ၊ ဘုရားရှေ့ရောက်တော့ ဟော . . . ဒါဇောတိပါလသူဌေးသားပါဘုရား၊ သူဌေးသားဇောတိပါလ သတို့သားပါဘုရား၊ အိုးထိန်းသည်က ဘုရားအားလျှောက်ထားတယ်၊ အိုးထိန်းသည်ကတော့ အနာဂါမိပုဂ္ဂိုလ်ဆိုတော့ ဘုရားနဲ့ တစ်ဇာတ်တည်းကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ သိတယ် ဟိုက၊ ဩော် . . . ဇောတိပါလကို ကိုယ်တော်မြတ်ကလည်း သိပြီးသား၊ ဟော . . . ဒါ ဂေါတမဘုရားအလောင်းတဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အခုတော့ "နာနာသတ္တဥလ္လောကန" ဘေးကြီးက ပြေးမလွတ်လို့ ခမျာမှာ အကိုးအကွယ် အဆည်းအကပ် ဘုရားမှားရှာတယ်၊ "နာနာသတ္တဥလ္လောကန" ဘေးကြီးဆိုတာ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ ဘာတဲ့လဲ၊ မြန်မာလို ပြောတော့ (ဘုရားမှားသောဘေး) အေး အေး . . . ဘုရားမှားသောဘေး၊ ဘေးကြီးလေးပါး ဘယ်နံပါတ်က (နံပါတ် ၂-ပါ ဆရာ)၊ အေး . . . နံပါတ် (၂)ကနော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



## ဘုရားအလောင်းတို့မည်သည်မှာ တရားနာပေမယ့် မဂ်ဖိုလ်ဉာဏ်မရကောင်း

သေချာကြည့်စမ်း၊ တို့ဘုရားလောင်းကြီးတောင် ၊ ဘုရားမှားတဲ့ဘဝ ရောက်တာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဝိနိပါတဘေးက မလွတ်သေးလို့ မဟုတ်လား (မလွတ်သေးပါဘူးဆရာ)၊ အေး သူဖြစ်ချင်ရာဘဝ သွားဖြစ်တယ်၊ ဒါကြောင့် တို့လူစုသည် နံပါတ် (၁)ဆိုတဲ့ ဝိနိပါတဘေးကြီးက တကယ်ကြိုးစား ရုန်းကန်ပြီးတော့ ကျွတ်အောင်, လွတ်အောင်ပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ တို့ဘုရားလောင်း ဇောတိပါလသူဌေးသားကို တို့ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်က တရားပြတယ်။ တရားဟောတယ် ဟုတ်ရဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ တရားဟောတော့ အလောင်းတော်တို့မည်သည်မှာ ဘုရားတရားကို ကိုယ်တိုင်အားဖြင့် နာကြားပြီးတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရကောင်းဘူးတဲ့၊ မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရသွားရင် ဘုရားဖြစ်ပါ့မလားဟ (မဖြစ်ပါဘူးဆရာ)၊ အေး . . . သူတို့ကျတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရကောင်းဘူး၊ သာသနာကြည်ညိုရုံလောက်ပဲ ရှိတယ်။ ဘုရားရယ်, တရားရယ်, သံဃာရယ် ရတနာမြတ်သုံးပါးကို ကြည်ညိုရုံပဲ ရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဇောတိပါလသူဌေးသားက မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ တရားတော်နာလိုက်တော့ အင်မတန်ကြည်ညိုတယ်။ သြော် . . . ငါ့အရင်တုန်းက ငါ့ရဲ့သူငယ်ချင်းအိုးထိန်းသည် ဃဋီကာရက ငါ့ကို ပြောရှာတယ်၊ သူတို့ဘုရားဆီ ဆွဲဆွဲခေါ်တယ်၊ ငါကလည်း အမျိုးမျိုး ငြင်းပယ်တယ်။ နောက်ပိုင်းကျ ခေါ်တကာ့ ခေါ်ပါများလာတဲ့ အခါကျတော့ ငါလည်း သူ့ကို ရန်ထောင်မိခဲ့တယ်၊ သူငယ်ချင်း ငါ့ချစ်ရင် ဒီစကားမပြောနဲ့တော့ကွာ၊ ဒီပြင်အကြောင်းတွေ ပြောပါ၊ မင်းတို့ဘုရားအကြောင်းတွေ မပြောပါနဲ့၊ မင်းတို့ ပြောနေတဲ့ မင်းတို့ဘုရားကို မကိုးကွယ်နိုင်ဘူး၊ ငါလည်း ပြောမိတယ်။ သြော် . . . ငါ့သူငယ်ချင်း တကယ်တမ်း ငါ့အကျိုးစီးပွား လိုလားလွန်းလွန်းလို့ ဦးသျှောင်ကိုင်ပြီးတော့ ပိုင်ပိုင်ကြီး အနိုင်ကျင့်တာ၊ မဟုတ်တန်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

## ဇောတိပါလသူဌေးသား မြတ်စွာဘုရားထံ ရဟန်းပြုရန် ခွင့်တောင်းပုံ

သြော် . . . မိတ်ကောင်း ဆွေကောင်းတွေလက္ခဏာများ ဒီမှာ လာတွေ့ရတယ်လို့၊ ငါ့သူငယ်ချင်း ဒီလို ငါ့ကို အနိုင်ကျင့်ပြီးတော့ ပို့ပေးလို့ ဘုရားအမှန်နဲ့ ငါလာတွေ့ရတာ၊ ဘုရားအမှန်နဲ့ တွေ့လို့ တရားအမှန်တွေ ငါနာရတယ်၊ ကြားရတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကြည်ညိုလွန်းလွန်းလို့ ဘုရားအနားက မခွာဘူး၊ ချက်ချင်းပဲ ခွင့်တောင်းတယ်၊ အရှင်ဘုရား ဘုရားတပည့်တော် သာသနာ့ဝန်ထမ်း ရဟန်းပြုပါရစေ၊ အရှင်ဘုရား ခွင့်ပြုတော်မူပါဘုရားလို့၊ ကဿပမြတ်စွာ ဘုရား

http://www.dhammadownload.com



ကိုယ်တော်မြတ်ထံ ခွင့်တောင်းလို့ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်ကလည်း ခွင့်ပေးလိုက်တယ်။ အဲဒီမှ ရဟန်းဘဝရောက်လာလို့ ဇောတိပါလမထေရ်လို့ တို့ဘုရားလောင်းကိုယ်တော်မြတ် နေခဲ့ရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒါ မင်းတို့ ငါပြောထားသလို၊ ဒီသင်ခန်းစာဆိုတဲ့ တရားအစစ်ကြီးတည်းဟူသော ပထဝီဓာတ်တစ်လုံးကို ပထမဆုံး မပြခင်လေးမှာ မင်းတို့ရဲ့ အင်မတန်ရင်းနှီးခင်မင်တဲ့ မိတ်ဆွေသင်္ဂဟသူငယ်ချင်းပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အိမ်နီးချင်း အရင်းအချာ ပတ်ဝန်းကျင်က တို့လိုပဲ တရားစစ်တရားမှန်ကြီးနဲ့ တွေ့ပါစေ။ သံသရာထောက်ရာတည်ရာရပါစေဆိုတဲ့ စေတနာနဲ့ မဟုတ်ဘူးလားကွ (ဟုတ်ကဲ့ပါဆရာ)၊ အနည်းဆုံးအနေအားဖြင့် အပါယ်လေးပါးကြီး တံခါးပိတ်သွားပါစေ၊ ဘုရားသာသနာနဲ့ ကြုံကြိုက်တဲ့အခါကြီးမှာ ဒီလောက်တော့ဖြင့် ရလောက်တဲ့ အကျိုးတွေ ရှိပါဟဲ့။ အဲဒီလို မင်းတို့ စေတနာထားလာလို့ရှိရင် စောစောက ပြောတဲ့ ဘယ်သူနဲ့ ငါနဲ့တော့ သိပ်ချစ်ကျွမ်းဝင်တာပဲ၊ သိပ်ခင်တာပဲ၊ ကျောင်းနေဖက်သူငယ်ချင်း၊ ငါတို့ အခု တစ်ယောက်အကြောင်းဆို တစ်ယောက်သိ၊ ငါသိသလို သိရအောင် ဒီသင်တန်းတော့ ခေါ်လေမှ၊ ဒီလိုမဟုတ်လားကွာ (ဟုတ်ကဲ့ပါဆရာ)၊ ဘယ်နေရာတော့ ငါ့မိတ်ဆွေတွေ ရှိလေရဲ့၊ သူ့ကိုလည်း ငါခေါ်လေမှ၊ သူ့အိမ်လည်း သင်တန်းဖွင့်ထားတာ ခေါ်နေတယ် မရပါဘူး၊ အကြောင်းအကျိုးတွေ ပြပြီး ငြင်းနေတာပဲ၊ ဒါပေမယ့် ဒီတစ်ခါတော့ဖြင့် ဒီဓာတ်သား ပရမတ်သားအစစ်ကို မပြခင်တော့ဖြင့် သင်တန်းဆရာပြောသလိုပဲ ပထမဆုံးတစ်လုံးမှ လိပ်ပတ်မလည်လို့ရှိရင်ဖြင့် နောက်ပိုင်းကျတော့ အဓိပ္ပာယ်တောင်မှပဲ မပြတ်သောအနေအားဖြင့် အရေးတကြီးပါတတ်လို့ တရားလည်း ရမှာ မဟုတ်ဘူး၊ ပထမဆုံးအပိုင်းမှာ အရေးကြီးတဲ့အခါနော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် ဒီအချိန်လေးမှာ မှီယုံကာမျှဖြင့် စောစောက ဇောတိပါလနှင့်ဃဋိကာရတို့ရဲ့ထိုးနှလုံးမှုသောအားဖြင့် ဘယ်သူတွေပဲ ဆွဲရဆွဲရ မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ တို့များက ပိုင်ပိုင်နိုင်နိုင်ဆွဲပြီးတော့ လှုပ်တန်လှုပ်ရမယ်။ ငါ့စကားကို နားထောင်မလား, မထောင်ဘူးလား မဟုတ်လားကွာ (ဟုတ်ကဲ့ပါဆရာ)၊ မင်းတို့ရှေ့လည်းငါ ပြောစရာ မလိုပါဘူးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ သူတို့ကျတော့ တိုးတိုးတိုးတိုးပြောရင် အမှန်ကတော့ သိကြမှာပဲ၊ တို့ယောကျ်ားများကျတော့ မာန်မာနတယ်ကြီးတယ်။ တချို့ကလည်း တောပြော တောင်ပြောနဲ့ ဆင်ခြေတွေ အမျိုးမျိုးပြကြတယ်။ရှောင်တတ်, တိမ်းတတ်, ခိုတတ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီတော့ တို့လူသားတွေ ဟောနေတဲ့တရားဆိုတော့ တချို့ကလည်းပဲ အထင်အမြင်သေးတယ်ဟ၊ လူဟောနေတာပဲ၊ ဘုန်းကြီး ဟောတာမှ မဟုတ်ဘဲ၊ သူ့တရားဟောတာက လူပဲ အဆန်းမှတ်လို့၊ ဘုန်းကြီးဟောမှ တရားမှတ်တယ်။ ဘုန်းကြီး

http://www.dhammadownload.com



ဟောတော့ ပိုကောင်းတာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာ ပြည့်စုံပြီးသား၊ တန်းမြင့်ပြီးသောပုဂ္ဂိုလ်ဆိုတော့ ဆိုစရာမရှိပါဘူး။ ဒါပေမယ့် လူဟောသော်လည်း နာကောင်းပါတယ်လို့၊ လူလူချင်းဟောလည်းပဲ တရားရကောင်းပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် လူဟောတဲ့တရားဆိုပေမယ့် အထင်အမြင်တော့ မသေးပါနဲ့။ ဘုရားလက်ထက် စိတ္တ သူကြွယ်လိုပေါ့။

## ဝိပဿနာဆိုတာ ဘာလဲ

ဒါကြောင့် မိမိတို့ချစ်ကျွမ်းဝင်တဲ့ပုဂ္ဂိုလ်များရှိရင် ဆွဲဆောင်ကြပါ။ ဒီပထဝီဓာတ်ကို စပြီးတော့ ပထမ မပြခင်လေးမှာ ရောက်လာရင် ပိုပြီးတော့ ကောင်းပါတယ်လို့။ ဒါကြောင့် ဒီကတော့ မေတ္တာထားပါတယ်။ အကယ်တန္တု မလိုက်ဘဲလည်း မနေဘူး၊ လိုက်ပြန်တော့လည်းပဲ ဒီဓာတ်တစ်လုံး ပြောဆိုပြီးတဲ့ နောက်ပိုင်းမှာ ပြပြီးမှ ရောက်လာပြန်တော့လည်းပဲ သူပြတ်သားမလားဆို မပြတ်သားဘူး၊ မပြတ်သားတော့ အဲဒါသင်တန်းဘယ်လောက်ပဲ လိုက်လိုက် သူတရားရမှာ မဟုတ်ဘူးလို့၊ ဘာပြုလို့ အခြေခံမရခဲ့လို့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် အခြေခံရအောင် ဆိုပြီး ပထမဆုံး ဓာတ်တစ်လုံးက စပြီးတော့ အမှီပဲလို့။ အဲဒါလေးတွေ မှီအောင်လည်းပဲ ဆွဲဆောင်ကြပါ၊ ခေါ်လည်း ခေါ်ကြပါ။ အဲဒီလို နံပါတ် (၁)တည်းဟူသော ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကို ရဖို့သည် အင်မတန်အရေးကြီးပါသည်။ နံပါတ် (၂) ဆိုတဲ့ "ကမ္မဿကတာ သမ္မာဒိဋ္ဌိ" ကတော့ တို့လူစုတွေ ရပြီးသားပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အဓိပ္ပာယ်လည်း ရှင်းသွားပြီ။ နံပါတ် (၂) တည်းဟူသော ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် ဆိုတာ ဘာလဲလို့၊ ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာ ဘာခေါ်တုံး၊ ဝိပဿနာဆိုတာ တခြားမဟုတ်ပါဘူး၊ မိမိတို့အဇ္ဈတ္တသန္တာန် အမှန်ဖြစ်နေတဲ့ ရုပ်တရားရယ်, နာမ်တရားရယ် အကျိုးအားဖြင့် နှစ်ပါး မနေဘူး လားကွာနော် (နေပါတယ်ဆရာ)၊ အဲဒီမိမိတို့၌ဖြစ်နေသော၊ မိမိတို့မှာ တကယ်ရှိနေတဲ့ ရုပ်တရား, နာမ်တရား နှစ်ပါးကို၊ ငါ့ကိုယ်ဖြစ်နေတဲ့ ရုပ်တရားသည် ဘယ်လိုခေါ်တယ်၊ ငါ့ကိုယ်ရှိနေတဲ့ နာမ်တရားသည် ဘယ်လိုခေါ်တယ် ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

## တရားကိုရှာ ကိုယ်မှာတွေ့တဲ့

အဲဒီရုပ်တရား, နာမ်တရားနှစ်ပါးကို ရုပ်တရားလည်း ရုပ်မှန်းသိအောင်၊ နာမ်တရားလည်း နာမ်မှန်းသိအောင်၊ ရုပ်တရားလည်း အရေအတွက် ဘယ်လောက်ရှိတယ်၊ နာမ်တရားလည်း အရေအတွက် ဘယ်လောက်ရှိတယ်၊ ဒါပေမယ့် တို့သင်ပေးတဲ့ဆရာက သင်ပေးလို့ တန်ဖိုးရှိတာလေးတွေပဲ။

http://www.dhammadownload.com



အဲဒီရုပ်တရားကလည်း ရုပ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ရုပ်ဆိုတာ ဘယ်သဘောလက္ခဏာရှိတယ်၊ အဓိပ္ပာယ်က ဘာရှိတယ်၊ ဒါရုပ်ခေါ်တယ်။ တို့ကိုယ်တို့ ပြန်ကြည့်တော့ အဲဒီလောက် သင်ကြားလိုက်တဲ့ အခါကျတော့ ငါ့ကိုယ်ဖြစ်နေတဲ့ရုပ်တွေ ငါနားလည်ပေါ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ နာမ်ဆိုတာက တို့ကိုယ်ဖြစ်နေကျ ဘယ်တရားကို နာမ်ခေါ်တယ်ကွ၊ သင်ကြားပြီးတော့ တတ်မြောက်လာတော့။ ဟာ . . . ငါ့ကိုယ်ဖြစ်နေတဲ့ နာမ်တရားလည်း ခုမှ ငါသိရတယ်၊ ငါ့ကိုယ်ငါပြန်ကြည့်ရင် ရုပ်လည်း ရှိတယ်၊ နာမ်လည်း ရှိတယ်၊ ရုပ်တရား, နာမ်တရား နှစ်ပါး ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီရုပ်တရား, နာမ်တရားနှစ်ပါးကို တတ်မြောက်လိမ္မာပြီး သိလာတော့ "တရားရှာ ကိုယ်မှာတွေ့"တဲ့။ တရားဆိုတဲ့အတိုင်း တယားယားနဲ့ ဟိုပြေးလိုက်, ဒီလွှားလိုက်, ဟိုရောက်လိုက်, ဒီရောက်လိုက်, ဟိုဌာနသွားလိုက်, ဒီဌာနသွားလိုက်, ဟိုမြို့သွားလိုက်, ဒီမြို့သွားလိုက် ဂနာမငြိမ်ဖြစ်နေတာက ဘာကြောင့်၊ တရားမရှာတတ်လို့တဲ့နော်။

"တရားရှာ ကိုယ်မှာတွေ့"တဲ့၊ တရားဆိုတာ ကိုယ်မှာ ရှိပါတယ်တဲ့။ ဘယ်သူတုံး ရုပ်နဲ့နာမ်၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီရုပ်နှင့်နာမ်နှစ်ပါးကို တို့များက ပြတ်သားအောင် အကျဉ်းအားဖြင့် သင်ပြပြီးတော့ တတ်မြောက်လိမ္မာတဲ့အခါကျတော့ ကိုယ့်ကိုယ်ကို ပြန်ကြည့်။ သြော် . . . ငါ့ဖြစ်နေတဲ့ ရုပ်တရား, နာမ်တရား ဖြစ်ပုံကလေးတွေ ငါသိပြီ။ ရုပ်တရားလည်း ငါသိပြီ၊ နာမ်တရားလည်း ငါသိပြီ၊ သိတော့ ဘာဖြစ်လဲ၊ သိတော့ အဲဒီစိတ်ဆိုတဲ့ ရုပ်တရား, နာမ်တရားနှစ်ပါး၊ တကယ်သိနေတဲ့ ရုပ်တရား, နာမ်တရားနှစ်ပါးကို မြဲသလား, မမြဲဘူးလား၊ ခိုင်သလား, မခိုင်ဘူးလား၊ ဒါဝေဖန်ရမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ သင်လိုက်ကြားလိုက်ပြီး တတ်မြောက်လိမ္မာလာတော့ အမြဲတစေ ပျက်နေတဲ့ အပျက်ကိုလည်း မြင်လာလိမ့်မယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အမြဲတစေပျက်နေတယ်ဆိုတဲ့ ရုပ်အပျက်ကိုလည်း မြင်လာတယ်၊ နာမ်အပျက်ကိုလည်း မြင်လာတယ်၊ သိလာလိမ့်မယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလိုသိလာတော့ ဘာဖြစ်သလဲဆိုတော့၊ အဲဒီလိုသိလာတဲ့ အသိဉာဏ်ဖြစ်ပေါ်လာတယ်။ အဲဒါ ဝိပဿနာဉာဏ်လို့ ခေါ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဝိပဿနာတဲ့၊ ဒါဖြင့် မိမိအဇ္ဈတ္တသန္တာန်မှာ ဖြစ်နေတဲ့ ရုပ်တရား, နာမ်တရားနှစ်ပါးသည် ရုပ်မှန်း, နာမ်မှန်းသိလိုက်တဲ့အချိန်ကစလို့ သင်လိုက်ပြလိုက်တော့ကာ၊ ဟာ . . . ရုပ်တရား, နာမ်တရားနှစ်ပါးရှိမှန်း ငါသိတယ်၊ ရှိနေတဲ့ ရုပ်တရား, နာမ်တရားနှစ်ပါးသည် လက်စသတ်တော့ တစ်ပျက်တည်း ပျက်နေတာပဲကိုး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အသစ်အသစ် နောက်က ဖြစ်လိမ့်မယ်၊ ပျက်တာက တစ်ပျက်တည်းပျက်၊ ဖြစ်တာလည်း တစ်ဖြစ်တည်းဖြစ်။ သြော် . . . အသစ်အဟောင်းတွေ ပြောင်းနေလို့ တစ်ပျက်တည်း ပျက်နေတယ်၊ ငါမြင်တယ်၊ ငါသိတယ်၊ သိတော့ ဘာဖြစ်လဲ ဝိပဿနာဖြစ်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



အဲဒီလိုမြင်လိုက်တော့ ဒီလိုမြင်ခြင်းသည် စောစောက ပြောထားတဲ့ "အန္ဓဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ" (ဓမ္မပဒ၊ ၃၉-နှာ၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၁၁၄-နှာ) ဆိုတဲ့ စကားအရ အမှောင်လောက, အမိုက်လောက, အကန်းလောကကြီးထဲမှာ မပြောပလောက်တဲ့ အမျိုးအနွယ်ကျတဲ့ သူသည် ဝိပဿနာသမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန်ဉာဏ်တစ်ခုကို ရသွားပြန်ပြီ၊ အမှန်ရသွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဝိပဿနာဉာဏ်ဆိုတာ တခြားမဟုတ်ပါဘူးတဲ့၊ "ရူပံ အနိစ္စတော အနုပဿနဋ္ဌေန ဝိပဿနာ"။ ရူပံ- မိမိကိုယ်၌ဖြစ်ပေါ်နေတဲ့ ရုပ်တရားကြီးကို။ အနိစ္စတော-အနိစ္စအားဖြင့်၊ (ဝါ) မမြဲဟူ၍။ အနုပဿနဋ္ဌေန-သိမြင်တတ်သော အနက်သဘောကြောင့်။ ဝိပဿနာ-ဝိပဿနာမည်၏။ ဒါက နမူနာလေးပါ။ ဩော် . . . ငါမှာဖြစ်နေတဲ့ ရုပ်တရား, နာမ်တရားသည် သင်လိုက်, ပြလိုက်တယ် ဆိုတော့၊ ရုပ်မှန်းလည်း ငါသိပြီ၊ နာမ်မှန်းလည်း ငါသိပြီ၊ အမည်မျှသာဆိုခြင်းဆိုတဲ့ ရုပ်တရားကိုယ်က တကယ်ဖြစ်ပျက်နေခြင်းကြောင့် မမြဲပါလားလို့၊ အဲဒီလို သိတဲ့အသိဟာ ဝိပဿနာဉာဏ်ပါပဲ၊ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီဝိပဿနာဉာဏ်လည်းပဲ ရရောကွယ်၊ နံပါတ် (၂)ဆိုတဲ့ အမြင်မှန် ဉာဏ်ကြီး ရပြီနော် (ဟုတ်ကဲ့ပါဆရာ)၊ အမှန်ရပြန်ပြီ၊ စောစောက နံပါတ် (၁) ကံ, ကံ၏ အကျိုးကို ယုံကြည်တယ်၊ ယုံကြည်မှုသည် ကမ္မဿကတာသမ္မာဒိဋ္ဌိ အမြင်မှန်ရခြင်းဖြစ်ပါတယ်။ ဒီလိုမဟုတ် လား (ဟုတ်ကဲ့ပါဆရာ)၊ တထစ်ချခေါ်တယ်။

အခု သူများပြောသလိုပဲ ရုပ်နာမ်ကို သင်ကြားလို့ ပြတ်ပြတ်သားသားနဲ့ ရုပ်နာမ်လည်း ပြတ် သား ရသွားပြီ၊ ထိုရုပ်နာမ်သည်ပင်လျှင် အမြဲတစေပျက်နေတဲ့ အပျက်ကိုချည်းပဲ မြင်သွားပြီးတော့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် ဖြစ်သွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါနံပါတ် (၂) ဆိုတဲ့ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကြီး မရဘူးလား (ရပါတယ်ဆရာ)၊ အလိုအလျောက်ရပြန်ပေါ့၊ အမြဲတမ်း သတိရပြန်ပေါ့။ ဒီအသိတရားကို အဖဘုရားကိုယ်တော်မြတ်က ပြလို့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် တို့လူစုက စောစောက ပြောသလို ဒါန, သီလ, သမထ တည်းဟူသော ကုသိုလ်ကောင်းမှု အစုစုတွေကို ပြုနေလို့တော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ဆိုတဲ့ နံပါတ် (၁)နဲ့ မနေဘဲနဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် တကယ်အမှန်ရစေတတ်၊ ရောက်စေတတ်သော ရုပ်ပျက်, နာမ်ပျက်, ခန္ဓာပျက်ကို စူးစမ်းဆင်ခြင်တတ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဆိုတဲ့ နံပါတ် (၂)သို့ ရောက်အောင် ကြိုးစားတော့ မတော်ဘူးလား (တော်ပါတယ်ဆရာ)၊ အေး . . . ဒါမှ အဖဘုရားကိုယ်တော်မြတ်မှာကြားတော်မူတဲ့ မှာတမ်းတော်စကားတော်နှင့် မကိုက်ဘူးလားကွာ (ကိုက်ပါတယ်ဆရာ)၊ ဘယ်လိုမှာတုံး၊ နောက်ဆုံး အမှာလေးက ဘာတုံး၊ မင်းဘာမှ မသိဘူး (ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ - ပါဆရာ )၊ အေး . . . ဟုတ်ပြီ၊ မင်းဆိုးတော့ မဆိုးပါဘူး၊ နည်းနည်းတော့ ညံ့နေသေးတယ်။ "ဝယဓမ္မာ သင်္ခါရာ၊

http://www.dhammadownload.com



အပ္ပမာဒေန သမ္ပာဒေထ" ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ "ဝယဓမ္မာ သင်္ခါရာ"၊ အဲဒီသင်္ခါရ တွေက ငါအခုပြောနေတဲ့ ရုပ်နာမ်ဓမ္မတွေ မဟုတ်လားကွယ် (ဟုတ်ပါတယ်ဆရာ)၊ သင်္ခါရာ-ရုပ်တရား၊ နာမ်တရားနှစ်ပါးတို့ဟာ။ ဝယဓမ္မာ-ချုပ်ပျက်ပြုန်းတီး ပျက်စီးတတ်တဲ့ သဘောရှိကုန်၏။ "အပ္ပမာဒေန သမ္ပာဒေထ" မမေ့ကြနဲ့လို့ ဆိုတာ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)။

ဩော် . . . လက်စသတ်တော့ ကိုယ်တော်မြတ်က ပရိနိဗ္ဗာန်စံခါနီးမှာ ကိုယ်တော်မြတ်ထား တော်မူခဲ့တဲ့ သာသနာငါးထောင်ကြီး အသုံးအစွဲ လွဲသွားမှာစိုးလို့ နောက်ဆုံးမှာထားတဲ့ မှာတမ်းတော် ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် အရေးတကြီး မှာကြားတဲ့ မှာတမ်းတော်စကားနဲ့ မကိုက်ဘူးလားကွာ (ကိုက်ပါတယ်ဆရာ)၊ ကိုယ်တော်မြတ်က အရေးတကြီး မှာကြားထားတဲ့ နောက်ဆုံးက "ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" - ချစ်သား၊ ချစ်သမီးတို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းလေးပါးတို့ကြောင့်ဖြစ်လာသော၊ ချစ်သား၊ ချစ်သမီးတို့ရဲ့ အဇ္ဈတ္တသန္တာန်မှာ အမှန်ဖြစ်နေတဲ့ ရုပ်တရား၊ နာမ်တရားနှစ်ပါးသည် (ဝါ) သင်္ခါရတရားစုတို့သည် ချုပ်ပျက်ပြုန်းတီး ပျက်စီးတတ်တဲ့ သဘောသာလျှင် ရှိတတ်ကြတယ်။ အဲဒီလို ချုပ်ပျက်ပြုန်းတီး ပျက်စီးတတ်တဲ့ သဘောအဓိပ္ပာယ် ကြီးသည် ယနေ့တိုင် အမြဲတစေ သိကြတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အမြဲတစေ သိကြလို့ မှာသွားတဲ့ မှာတမ်းတော်စကားပဲ၊ တို့လူစု အမြင်မှန်ဉာဏ်ငါးမျိုးမှာ နံပါတ် (၂)ဆိုတဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် တတ်အားသမျှ ကြိုးစားရင် မကိုက်ဘူးလားကွ (ကိုက်ပါတယ်ဆရာ)၊ အမှန်နှင့် မကိုက် ဘူးလားကွ (ကိုက်ပါတယ်ဆရာ)၊ အမှန်နှင့်ကိုက်ရင် ပရိနိဗ္ဗာန်စံတော်မူတဲ့ တို့ဘုရားကိုယ်တော်မြတ် အလိုတော်နဲ့ မတိုက်ဆိုင်ဘူးလား (တိုက်ဆိုင်ပါတယ်ဆရာ)၊ အလိုတော်မကျပေဘူးလား (ကျပါတယ် ဆရာ)၊ အဲဒါမှ တို့ဘုရားကိုယ်တော်မြတ် မင်းတို့ငါတို့အပေါ်မှာ အလွန့်အလွန်သနားတော်မူတယ်ဆိုတဲ့ မဟာကရုဏာတော်ဓာတ်ပြဌာန်းလာတဲ့ သဘာဝညီမျှမယ်နော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီလိုမှ မဟုတ်လို့ စောစောက ပြောသလို ဒါနခန်း၊ သီလခန်း၊ သမထခန်းဆိုတဲ့ ဒီကုသိုလ် လောက်ကလေး၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် ဆိုတဲ့ နံပါတ်(၁)လောက်နဲ့ တင်းတိမ်နေပြီလား ဆိုမှဖြင့် အပါယ်လေးပါး လွတ်ချင်သလောက် လွတ်တာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ လူကော နတ်ကော ဖြစ်ပြန်ရင်လည်း ကောင်းရာသုဂတိ လားနိုင်တယ်။ ဒါပေမယ့် သံသရာဝဋ်က မကျွတ်ဘူး၊ ကျွတ်ပါ့မလား၊ (မကျွတ်ပါဘူးဆရာ)။ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ ပုဂ္ဂိုလ်သတ္တဝါထဲ လည်နေတာ၊ ဘုံသုံးပါးထဲ လည်နေတာ၊ တော်ကြာ မြင့်သွားလိုက်၊ တော်ကြာ နိမ့်လာလိုက် ဟုတ်ကဲ့ လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . သံသရာစက်ကြီး တဝဲလည်လည် လည်နေတဲ့တရားမျိုးခေါ်တယ်။ ဒါကြောင့် ဒီကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်လေးနဲ့ တင်းတိမ်မနေဘဲနဲ့ သံသရာဝဋ်အတွင်းက တကယ်

http://www.dhammadownload.com



လွတ်ကင်းအောင်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရအောင်၊ နိဗ္ဗာန်ကြီးရောက်သွားအောင် မျက်မှောက်ပြုနိုင်အောင် ဆိုတဲ့ နံပါတ်(၂)တည်းဟူသော ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ကို တစ်ဆင့်အားဖြင့် တို့လူစု ကြိုးစားလိုက်မယ်ဆိုလို့ရှိရင် ကိုယ်တော်မြတ် နောက်ဆုံးမှာတော်မူတဲ့ မှာတမ်းတော်နဲ့အကိုက် ဒီလိုမဟုတ်လားကွာ (ဟုတ်ကဲ့ပါဆရာ)၊ တို့လူစုလည်း စောစောတုန်းက ပြေးလို့မလွတ် ရှောင်လို့ မလွတ်အောင် အင်မတန်ကြောက်စရာကောင်းတယ်ဆိုတဲ့ ဘေးကြီးလေးပါးမှ တစ်အဆင့်ဆိုတဲ့ ဝိနိပါတဘေးကလည်း တကယ်အေးမယ်၊ တကယ်ဝေးမယ်၊ ဒီလိုဆိုတော့ မကောင်းဘူးလားကွာ (ကောင်းပါတယ်ဆရာ)၊ အေး . . . ဒါဖြင့် ကောင်းလို့ရှိရင် နံပါတ် (၂) ဆိုတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကို ကြိုးစားကြစို့ရဲ့။

အမြင်မှန်ဉာဏ်ငါးမျိုးမှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်, ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်, မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်, ဖလသမ္မာဒိဋ္ဌိဉာဏ်, ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိဉာဏ်, သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ဉာဏ်ငါးမျိုးရတယ်။ ဒီဉာဏ်ငါးမျိုးမှာ နံပါတ်စဉ်အတိုင်း တစ်အချက်က ကံ, ကံ၏အကျိုးကို ယုံကြည်တယ်ဆိုတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် သိရမယ်၊ နားလည်ရမယ်။ ဒါရပြီးတော့ နံပါတ် (၂) ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်တက်ရမယ်၊ အဲဒီဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ကျတော့ ကြိုးစားမယ်ဆိုရင် ဒါကတော့ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက စုဆောင်းတဲ့ဉာဏ်မဟုတ်ဘူး၊ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်မျိုးကတော့ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက စပြီးတော့ မိဘဆရာသမားများ အမြဲတစေ အလေ့အကျက်အနေအားဖြင့် သင်ကြားလို့၊ တတ်မြောက်လိမ္မာလို့၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးမှန်သမျှ ကံ, ကံ၏အကျိုးကို ယုံကြည်နားလည် နားလည်ကြတယ်၊ နံပါတ် (၂) ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ကျတော့ မသင်ဘဲနဲ့ မတတ်ပါဘူး၊ သင်မှ ကြားမှ တတ်တယ်၊ သင်ကြားမှ တတ်တော့၊ တတ်မှလည်း နားလည်တယ်၊ နားလည်မှ အသိဉာဏ်ရမယ်၊ အသိဉာဏ်ရမှလည်းပဲ မဂ်ရကြောင်း၊ ဖိုလ်ရကြောင်း တရားတွေ ကြိုးစားပွားများ အားထုတ်လို့ အလုပ်လုပ်လို့ဖြစ်ပါတယ်။ ဒီလိုမှ မသင်မကြားဘဲ နေလို့ရှိရင် မတတ်ပါဘူး၊ နားမလည်ဘူး။ နားမလည်ရင် မိမိ ဒီဉာဏ်လည်း မသိဘူး၊ ဒီဉာဏ်မသိရင် မဂ်တရား, ဖိုလ်တရားလိုချင်လို့ ကြိုးစားပွားများ အားထုတ် အလုပ်လုပ်တော့ ရမှာလားဆို မရပါဘူး။ ဘာဖြစ်လို့ ဒီဝိပဿနာသမ္မာဒိဋ္ဌိဆိုတဲ့ ဝိပဿနာတရားကိုက သင်မှု, ကြားမှုမရှိဘဲကိုး၊ သင်မှု, ကြားမှုမရှိလို့ မတတ်တာ၊ မတတ်လို့ မသိတာကိုး၊ မသိလို့လည်း အလုပ်လုပ်လို့မဖြစ်တာပေါ့။ ဒါကြောင့် သိလာအောင်, တတ်လာအောင်, လိမ္မာလာအောင်, နားလည်လာအောင် သင်ကြ၊ ကြားကြ၊ ကိုယ်တော်မြတ်ကလည်း တိုက်တွန်းထားတယ်၊ ဆရာသမားများထံ နည်းခံပြီးတော့ သင်ကြားကြရမယ်။ ဘာတွေ သင်ရမလဲ၊ ဒီရုပ်တရား, နာမ်တရားဆိုတဲ့ တရားနှစ်ပါးကိုပဲ အခြေခံထားပြီး သင်ကြားပါတယ်။

http://www.dhammadownload.com



ရုပ်ဆိုတာ ဘယ်ဒင်းခေါ်တယ်၊ နာမ်ဆိုတာ ဘယ်ဒင်းခေါ်တယ်၊ သဘောနဲ့ သရုပ်နဲ့ တရားကိုယ်နဲ့ အဓိပ္ပာယ်နဲ့ လည်လည်ပတ်ပတ်တတ်လာ၊ တတ်လာတော့ တတ်လာတဲ့အတိုင်းပဲ ပြန်ကြည့်လိုက်တယ်။ ဒီရုပ်တရား, နာမ်တရား နှစ်ပါးဆိုတာ ဘယ်မှာရှိလဲ၊ တောထဲ ရှိသလား၊ တောင်ထဲရှိသလား၊ အိမ်ထဲ, ကျောင်းထဲ, ဇရပ်ထဲ, တန်ဆောင်းထဲ ရှိသလား၊ မရှိပါဘူး။ အမှန်ကတော့ ကိုယ့်ကိုထဲမှာ ကိုယ်ဖြစ်နေတဲ့တရား၊ ကိုယ့်ကိုကိုယ်ဖြစ်နေတဲ့ တရားနှစ်ပါးကို ဒီလို ရုပ်နှင့်နာမ်ကို သင်ကြားပေးလို့ တတ်မြောက်လိမ္မာလာရင် ဉာဏ်မျက်စိနဲ့ ကြည့်လိုက်ရင် တတ်ပြီးမှ ကြည့်လိုက်။ သြော် . . . ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ရုပ်တရားနှင့်နာမ်တရား နှစ်ပါးသည် ငါ့မှာဖြစ်နေတဲ့ တရားတွေပါလားလို့ ဒီလို နားလည်လာပါတယ်။ အဲဒီလိုနားလည်ထားမှ ငါ့မှာ ဖြစ်နေတဲ့တရားမှန်းတော့ သိပါပြီ၊ ဒီတရားနှစ်ပါးရဲ့သဘောက ဘယ်လိုရှိပါလိမ့်၊ ကြည့်လိုက်တော့ အင်မတန်လျင်မြန်လိုက်တဲ့ တကယ်ဖြစ်ပျက်နေတဲ့ တရားတွေ၊ ဒီလိုမြင်ရတယ်၊ ငါ့ထင်ရှားဖြစ်နေတဲ့ ရုပ်တရားနာမ်တရား နှစ်ပါးသည် တစ်ပျက်တည်း ပျက်နေတဲ့တရားတွေ၊ အလွန်လျင်မြန်ပြီး လျှပ်တပြက်ပျက်နေတဲ့တရားတွေ၊ ဒီလိုမြင်တယ် မဟုတ်လား၊ မြင်တော့ ဘာဖြစ်လဲ၊ မြင်တော့ ဒီရုပ်နာမ်ဓမ္မဆိုတဲ့တရားကို ငါငြီးငွေ့တယ်၊ ထိတ်လန့်တယ်၊ ကြောက်ရွံ့တယ်ဆိုတဲ့ စိတ်တွေ ပေါ်လာတယ်။

ဒါကြောင့် နောက်ပိုင်းကျတော့ ဝိပဿနာဉာဏ်ဆယ်ပါးလို့ ဉာဏ်စဉ်အားဖြင့် တက်ပြီးတော့သွားကြတာ၊ ဒါ အသုဘပုဂ္ဂိုလ် မြင်တဲ့ပုဂ္ဂိုလ်မှာ ပေါ်လာတဲ့ ဉာဏ်စဉ်ပြတာ၊ ဒါမှ ဝိပဿနာတရားဆိုတော့ ဘယ့်နှယ့်မြင်သလဲ၊ ဒီအပျက်ကို မြင်လာတော့ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က ဒီရုပ်နာမ်နှစ်ပါးဆိုတဲ့ တရားသည် အမှန်က အနိစ္စတရားပဲ၊ မမြဲဘူးလို့ဟောတာ။ ခုမှ ငါတစ်ပျက်တည်းပျက်နေမှန်း သိတယ်။ ဒါကြောင့်လည်းပဲ ဘုရားကိုယ်တော်မြတ်က မမြဲဘူးဟဲ့၊ မမြဲဘူးလို့ ပြောတာဘဲ၊ ဒီလို အနိစ္စတစ်လုံးကို မြင်လိုက်ရင်လည်းပဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရနိုင်ပါတယ်လို့၊ ရတာမရတာတော့ ဒါဘယ်သူမှ တာဝန်မခံနိုင်ဘူး၊ ကိုယ်တော်မြတ်ကိုက ရတဲ့တရားတွေ၊ ဒီလိုဟောထားတာ။ ဒါဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကိုက ဒီလို အနိစ္စတစ်ချက်မြင်လိုက်ရင်ဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရနိုင်တဲ့တရားလို့ဆိုရင် ဒီအနိစ္စတစ်ချက်ကို မြင်အောင်ကြည့်တတ်ဖို့ သိတတ်ဖို့ ဆိုတာတို့တာဝန်ပဲလို့ ဒီလိုနားလည်ရမယ်။ အဲဒီလို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရမှလည်း ဒီသံသရာမှ လွတ်ပြီးတော့တကယ့်ချမ်းသာအစစ်ဆိုတဲ့ နိဗ္ဗာန်ကြီးရောက်ကြမယ်။ အဲဒါနိဗ္ဗာန်မရသမျှ မရောက်သမျှတော့ပြန်လည်စဉ်းစားကြည့်လေ၊ (၃၁)ဘုံအနက် ဘုံပေါင်း သုဒ္ဓါဝါသငါးဘုံဖယ်ထားလိုက်၊ (၃၁-၅=၂၆) အောက် အဝီစိ, အထက် ဘဝဂ် ပိုင်းခြားလို့ အောက် အဝီစိ အထက် ဘဝဂ် ဆိုတဲ့ ဘုံတွေ ပိုင်းခြား

http://www.dhammadownload.com



တော့ ကြားရှိသမျှ (၂၆) ဘုံတွေကို တို့အကုန်လုံး စုံခဲ့ပြီ၊ ရောက်ခဲ့ပြီ၊ ဘဝပေါင်းလည်း များခဲ့ပြီ။ အထက်တန်းဆိုတာ မရေမတွက်နိုင်ဘူး။ (သုဒ္ဓါဝါသ ၅-ဘုံသို့ ပုထုဇဉ်များ မရောက်ဘူး)။

ဒီတော့ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ ဘဝပေါင်းတွေ၊ အဲဒီဘဝတွေမှာ ကျင်လည်နေတာ တို့ရေတွက်ကြည့်မယ်ဆိုရင် ကုန်ဆုံးစရာ အကြောင်းမရှိပါဘူးတဲ့။ "သံသရဿ ပုဗ္ဗကောဋိ န ပညာယတိ" မိမိတို့ကျင်လည်လာခဲ့ရတဲ့ လွန်ခဲ့ပြီးသော အတိတ်သံသရာကြီး ပြန်ကြည့်မယ်ဆိုလို့ရှိရင် အစအမြင်မထင်ကောင်းပါဘူး၊ ရှည်လျားလိုက်တာ၊ အဲဒီလိုနေတော့ တို့လူစုတွေက တော်တော်လေးကြာရင် မေ့ပျောက်သွားတာပဲ၊ နောက်တစ်လလောက်က ခံရတဲ့ ဒုက္ခအခက်အခဲကြီး၊ အခုလောက်ဆို ပျောက်၊ တစ်နှစ်လောက်က ခံရတာ ရှာတောင် မရဘူး၊ တွေးတောင် မတွေးနိုင်ဘူး၊ ဒီလိုဖြစ်ဖြစ်နေတော့ ကြောက်ရမှန်း, လန့်ရမှန်းလည်း မသိဘူး။ ဒါတောင် အထက်မှာ ဘဝဂ်၊ အောက်မှာ အဝီစိ၊ ရှိရှိသမျှ ဘုံ(၂၆)ဘုံတွေ ဆုံခဲ့ပြီဆိုတော့ ဘယ်ဘုံထဲကများ သုခဆိုတဲ့ ချမ်းသာကို ရနိုင်သလဲဆိုတော့ မရနိုင်ပါဘူး။ ဘာဖြစ်လို့ မရသလဲ။ သေဘေးဆိုတဲ့ သေခြင်းသဘောတရားကြီး လည်ပင်းစွပ်ထားကြတာ၊ ဖြစ်ရပုံ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ သေဘေးဆိုတဲ့ သဘောတရားကြီး လည်ပင်ကွင်းစွပ်လျက်သားနော် (ဟုတ်ကဲ့ပါဆရာ)၊ ဘယ်ဘုံများ လွတ်ခဲ့လို့တုံး၊ (ဘယ်ဘုံမှ မလွတ်ပါဘူးဆရာ)၊ အေး . . . ဘယ်ဘုံမှ မလွတ်ခဲ့ဘူး၊ ဒါအတိုဆုံး ခြုံပြောတာ မြင်ကြစမ်းပါ၊ သေခြင်းသဘောတရားပဲ၊ ဒါကြောက်စရာအကောင်းဆုံးဘေးကြီးပဲ။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ကြောက်စရာတွေ ပြထားတာ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏဆိုတဲ့ သူသူငါငါ သိနိုင်တဲ့ဘေးကြီးတွေ ပြထားတာ၊ ဇာတိဆိုတာလည်း ဒုက္ခ အင်မတန်ကြောက်စရာကောင်းတယ်။ ဇရာဆိုတာ ဒုက္ခ၊ ဗျာဓိဆိုတာ ဒုက္ခ၊ မရဏဆိုတာ ဒုက္ခ။ ဒီတော့ ဇာတိပဋိသန္ဓေနေတဲ့အခန်းလည်း ကိုယ်တော်မြတ်က ကြောက်စရာတဲ့။ ဘယ်ဘဝရောက်ရောက်၊ ဘယ်ပဋိသန္ဓေမျိုးဖြစ်ဖြစ် အင်မတန်ကြောက်စရာကောင်းတဲ့ဒုက္ခ၊ ဇရာတဲ့ တစ်စတစ်စ ရင့်ကျက်ရင့်ရော်ပြီး အိုမင်းမစွမ်းဖြစ်လာတဲ့၊ ဇရာဘေးဆိုတာလည်း အင်မတန်ကြောက်စရာကောင်းတယ်။ ဒါပဲလား မဟုတ်သေးပါဘူး၊ ဒီမအိုခင် မသေခင်မှာ ကိုးဆယ့်ခြောက်ဖြာ ရောဂါဝေဒနာဖိစီးပြီးတော့ ခံရတဲ့ဒဏ်ချက်ကြီးကလည်း အင်မတန်ကြောက်စရာကောင်းတယ်၊ ဒါ ဗျာဓိဒုက္ခ။ နောက်ဆုံးကျတော့ ဒါပဲ၊ အဲဒီဒုက္ခတွေနဲ့ လိုက်တာ၊ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, တစ်နေ့မှ သုခရှာမရဘူး၊ နောက်ဆုံးကျ ဘာနဲ့လက်စသတ်လဲ၊ မရဏဒုက္ခ-သေခြင်းနဲ့ လက်စသတ်တော့တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီတော့ (၃၁)ဘုံက အဆင့်အားဖြင့် အပါယ်လေးပါးထက် လူ့ဘဝကသာလို့ ချမ်းသာတယ်။ လူ့ဘဝထက် နတ်ဘဝက ချမ်းသာတယ်။ နတ်ဘဝထက် ဗြဟ္မာ့ဘဝက ချမ်းသာတယ်။ အဲဒီလိုပဲ မြင်တာပဲ ဒါပေ

http://www.dhammadownload.com



မယ်လို့ အဲဒီချမ်းသာတယ်ဆိုတဲ့ ဂုဏ်အရည်အချင်းတွေ ပြန်ကြည့်စမ်း ဘာနဲ့တူလဲ၊ ဘယ်ဘုံမှ စောစောက ပြောတဲ့ ကြောက်စရာအကောင်းဆုံးဆိုတဲ့ မရဏဒုက္ခမှ မလွတ်ကြဘူး၊ တစ်နေ့ကျရင် သေကြမှာပဲ၊ သေခြင်းဆိုတဲ့ သဘောတရားကြီးသည် လည်ပင်းကွင်းစွပ်လို့ လွတ်ကိုးမလွတ်နိုင်ဘူး၊ တန်းလွတ်ပ့ါမလား (မလွတ်နိုင်ပါဘူးဆရာ)၊ ဒီတော့ သေခြင်းဆိုတဲ့ ဒုက္ခကျတော့ ကြောက်လိုက်ကြတာ၊ ဇာတိဒုက္ခလည်း မကြောက်ပါဘူး၊ ဘယ့်နှယ့်ပြောပြော၊ ဇရာဒုက္ခလည်း မကြောက်ပါဘူး၊ အိုတဲ့လူကလည်း အိုတဲ့၊ ရင့်တဲ့လူကလည်း ရင့်နေတာပဲ၊ ငါသေရိုးလားနဲ့ အိုလွန်းမက အိုပြန်တော့ သေရောကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဘယ့်နှယ့်အိုအိုကွယ်၊ အိုတဲ့လူလည်း အိုတဲ့အလျောက်ပဲ၊ သူ့အအိုဘဝနဲ့ပဲ ပျော်တာပဲ၊ ကိုယ့်ဘဝ မပျော်ဘူးလားကွ (ပျော်ပါတယ်ဆရာ)။

ငယ်ရွယ်သူလည်း ငယ်ရွယ်သည့်အလျောက် ပျော်တာပဲ၊ ဘယ်တော့မှ မကြောက်ဘူး၊ ဇာတိနဲ့ ခြောက် မကြောက်၊ ဇရာနဲ့ခြောက် မကြောက်၊ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာဖိစီးနှိပ်စက်နေတယ်ဆိုတဲ့ ပုဂ္ဂိုလ်လည်းပဲ ဖျား,ဖျားတုန်း၊ နာ,နာတုန်း လုံးလုံးသတ်လို့ မရဘူး၊ ကြောက်သေးရဲ့လား (မကြောက်တော့ပါဘူးဆရာ)၊ မကြောက်ဘူး၊ အိပ်ယာထဲက လုံးလုံးမထနိုင်ဘဲနဲ့ ပက်လက်နေရတဲ့ နှစ်ရှည်လများ ခံစားရတဲ့ဒုက္ခသည်နှင့် ဗျာဓိဒုက္ခကြောက်လွန်လွန်းလို့ တချို့များ ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားတယ်။ ဒါတစ်ခုတော့ ကြားဖူးပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဒါတော့ နည်းနည်းကြောက်တယ်၊ ဒါပေမယ့် အမြဲတစေမမာမကျန်းဖြစ်တဲ့ ဗျာဓိမျိုးမှုပါလို့ တစ်ခါတရံ ဖြစ်တာကျတော့ သေကောင်ပေါင်းလည်းဖြစ်၊ ဆရာဝန်နဲ့ခေါ် အသည်းအသန်ကုရပေမယ့် ပျောက်ရင်လည်း ပျောက်၊ ကြောက်သေးရဲ့လား (မကြောက်ပါဘူးဆရာ)၊ ရှေ့သာဖြစ်တာ နောက်ဆုံးသေရမှာ။ ဒီလိုလာတယ်။ အဲဒီမရဏဆိုတဲ့ သေဘေးကျတော့ လူတိုင်းကြောက်တယ်၊ မကြောက်ဘူးလား (ကြောက်ပါတယ်ဆရာ)၊ သေဘေးကျတော့ ကြောက်လိုက်ကြတာ၊ အဲဒီသေဘေးကြောက်လို့ပဲ အခုအမျိုးမျိုး အဖုံဖုံ စုံစုံလင်လင် ဆိုတဲ့ ကိုယ်တတ်စွမ်းကြလို့ အသေကြောက်လို့ လုပ်နေကြတာ၊ ပယောဂတွေ လုပ်နေကြတာပေါ့တဲ့၊ သေမှာကြောက်လွန်လွန်းလို့။ ဒါကြောင့် သေဘေးကြောက်လို့ရှိရင် တွေးကြည့်ပါ၊ (၂၆)ဘုံအတွင်း စုံလည်းစုံခဲ့ပါပြီ၊ ဘဝပေါင်းလည်း စုံခဲ့ပြီ၊ အထက်တန်းလည်း စုံခဲ့ပြီ၊ ဘယ်ဘုံမှဖြင့် သေဘေးက လွတ်ခဲ့သလဲ၊ ဘယ်ဘုံမှ မလွတ်ဘူး၊ လွတ်ရဲ့လား (မလွတ်ပါဘူးဆရာ)၊ ဘယ်လွတ်မတုံးကွ၊ (၃၁)ဘုံထဲ နေရင် ဒီလိုပဲဆိုတာ မှတ်ထားပါ၊ အမြင့်အမြတ် အဆင့်အဆင့်ဆိုတဲ့ စကားတွေက မှတ်သားစရာ ကြောက်စရာ မဟုတ်ပါဘူး၊ ဘယ်လိုမြင့်တဲ့ဘုံရောက်ရောက်၊ အကနိဋ္ဌာ ဘဝဂ်ဘုံထက်လည်း မြင့်စရာ မရှိပါဘူး၊ ဒီဘုံရောက်လည်း သေတာပဲ။ ဩော် . . . ဒါဖြင့် သေခြင်းဆိုတဲ့ သဘောတရားသည် အင်မတန်ကြောက်စရာကောင်းတဲ့ ဆင်းရဲခြင်းပါလားလို့ သေခြင်းထက် ကြောက် စရာကောင်းတဲ့ ဆင်းရဲခြင်းလည်း မရှိပါလား။

http://www.dhammadownload.com



ဒါကြောင့် "မရဏာတော ဥတ္တရိ ဒုက္ခံ နာမ နတ္ထိ" မရဏာတော-သေခြင်းသဘောတရားထက်။ ဥတ္တရိ-ပိုသော လွန်သော ကဲသော။ ဒုက္ခံ နာမ-ဆင်းရဲမည်သည်။ နတ္ထိ-မရှိ။ သေခြင်းဆိုတဲ့ သဘောတရားထက် ပိုပြီးဆင်းရဲတာ လောကမှာ ရှိသေးလား (မရှိပါဘူးဆရာ)၊ ဆင်းရဲ လွန်းလို့ သေတာ၊ ပင်ပန်း လွန်းလို့ သေတာ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဘယ်အချိန်သေပြီးတော့ သေတဲ့ လူတိုင်း ကြောက်ကြပါတယ်၊ ကြောက်သာ ကြောက်တယ်၊ သေပြီးရင်း သေရင်းဆိုတဲ့ အသေမျိုးတွေ ချည်း ဖန်တီးနေတာ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ သေဘေးတော့ ကြောက်လိုက်တာ၊ ကြောက်သာ ကြောက်တယ်တဲ့၊ သေတဲ့ဘေးက လွတ်အောင်များ ရုန်းဖို့ ကြံရဲ့လားဆိုတော့ စိတ်ကူးပုံ မပေါ်ဘူး၊ ဒီဘဝသေလို့ရှိရင် လူပြန်ဖြစ်ချင်တယ်၊ ပေါ်လာပြီ သူတို့စိတ်ကူးလေးတွေ မဟုတ်ဘူးလား (ပေါ်လာပါတယ်ဆရာ)၊ အဲဒီတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိနယ်ချင်း အလုပ်လုပ်နေကြတာ၊ ဒါန ဖြစ်ဖြစ်၊ သီလဖြစ်ဖြစ်၊ သမထဖြစ်ဖြစ် ကိုယ်သိတဲ့ ကုသိုလ်ကောင်းမှုတွေကို စွတ်စွတ်နာယူတဲ့ နေရာ ကျတော့ တောင်းလိုက်တာပဲ၊ တချို့လည်းပဲ ဘုရားရှိခိုးပြီးတော့ တောင်းလိုက်တဲ့ ဆုတွေကို စုံလို့။ ဥမကွဲ သိုက်မကွာတဲ့၊ ဘယ်ရောက်ရောက်ဒီဆွေ, ဒီမျိုး, ဒီသား, ဒီမယား, ဒီမြေး, ဒီမြစ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဥမကွဲ သိုက်မကွာတဲ့၊ ဖြစ်ရာဘဝ အတူတူဖြစ်ချင်တဲ့ စေတနာလေးတွေ၊ အဲဒါဘဝ လွတ်တဲ့နည်းလေး၊ ဘာဖြစ်လို့လဲ နောက်ဘဝ တစ်ခါသေဖို့ ဖန်တီးတာနဲ့ မတူဘူးလား (တူပါတယ် ဆရာ)၊ သေပြီးရင်း သေရင်းဆိုတဲ့ သေတွင်းကိုချည်း တူးတူး၊ တူးတူးနေကြတာ အလုပ်တွေ ဘာမှန်းမသိ၊ ဒီတော့ ကောင်းပါပြီ။

အခု သေတွင်းဆိုတဲ့ သဘောတရားကြီးကို (၃၁)ဘုံမှာ ဆုံဖြစ်တယ်၊ ဘယ်ဘုံမှ မလွတ်ဘူး၊ လွတ်သေးရဲ့လား (မလွတ်ပါဘူးဆရာ)၊ ဘယ်ဘုံမှ မလွတ်တော့ မြတ်စွာဘုရား ကိုယ်တော်မြတ်က အဲဒါ ဒုက္ခပဲ့၊ အဲဒီဒုက္ခတွေက တကယ်ကင်းချင် လွတ်ချင်လို့ရှိရင်တဲ့ နိဗ္ဗာန်ရောက်အောင် ကြိုးစားကြတဲ့၊ နိဗ္ဗာန်ရောက်ရင် သေဘေးက ကင်းသွားလိမ့်မယ်၊ မသေတော့ဘူး။ ဒီကျမှ ချမ်းသာ တယ်ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါကြောင့် အမတံ-မသေသော နိဗ္ဗာန်လို့ သေခြင်းသဘောတရား လုံးဝမရှိဘူး။ အဇာတံ-ပဋိသန္ဓေလုံးဝ မနေရသော နိဗ္ဗာန်။ ဇာတိဒုက္ခလည်း မရှိပါဘူးတဲ့၊ အဇရံ-မအိုသောနိဗ္ဗာန်။ အမတံ-မသေသောနိဗ္ဗာန်။ နိဗ္ဗာန်လည်း ရောက်ရော တို့လူစုတွေ ဇာတိဆိုတဲ့ ဒုက္ခလည်း မတွေ့ရတော့ဘူး၊ တွေ့လား (မတွေ့ပါဘူးဆရာ)၊ သေခြင်းသဘောဆိုတဲ့ ရင့်ရော်ခြင်း တည်းဟူသော ဇရာဆိုတဲ့ ဒုက္ခတွေ့ဦးမလား (မတွေ့တော့ပါဘူးဆရာ)၊ သေပင် သေသော်လည်း သူသူငါငါ လူတကာကြောက်တဲ့ သေခြင်းဆိုတဲ့ဒုက္ခ တွေ့ဦးမလား (မတွေ့တော့ပါဘူးဆရာ)၊ အဲဒီ နေရာလေး ရောက်အောင် သွားကြမယ်လို့ ဒါ အသိခေါက်ခက် အဝင်နက်တယ်။ တို့အဖဘုရား

http://www.dhammadownload.com



ကိုယ်တော်မြတ်ဟောကြားထားတာ လိုတယ်မရှိပါဘူး၊ ဆုံးမတော်မူတဲ့ ဒေသနာအရဆိုရင်နော် (ဟုတ်ကဲ့ပါဆရာ)။

**"ချစ်သား, ချစ်သမီးတို့ ဒီလိုမနေကြနဲ့၊ ဒီလိုမထိုင်ကြနဲ့၊ ဒီလိုနေမယ်၊ ဒီလိုထိုင်မယ်ဆိုလို့ရှိရင်** အင်မတန်ကြောက်စရာအကောင်းဆုံးဆိုတဲ့ သေခြင်းဟာ လည်ပင်းကွင်းစွပ်လျက်သားပဲ၊ အဲဒီကွင်းကြီး လုံးဝကျွတ်သွားအောင်၊ လွတ်သွားအောင် တကယ်သေခြင်းကင်းတဲ့ နိဗ္ဗာနဓာတ်ရောက်အောင် ကြိုးစားအားထုတ်ကြ၊ ကြိုးစားအားထုတ်ကြ" ဆိုတော့ အားထုတ်ပုံ အားထုတ်နည်းလမ်းစဉ်ကို ကိုယ်တော်မြတ် ညွှန်ကြားတယ်၊ မညွှန်ကြားဘူးလား (ညွှန်ကြားပါတယ်ဆရာ)၊ ဒီလမ်းက သွားရောက်နိုင်တယ်၊ ဒီလိုညွှန်ကြားတော်မူတဲ့လမ်းစဉ်တွေ သေသေချာချာ ဒေသနာထင်ရှားလျက်ရှိတယ်။ ကနေ့အထိ တစ်လုံးမှ ချွတ်ယွင်းချက် မရှိသေးပါဘူး၊ ကိုယ်တော်မြတ်ချသွားတဲ့လမ်းစဉ်တွေ၊ ဒါကလည်း ပဋိပတ္တိနယ်ကပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ သုတ်, ဝိနည်း, အဘိဓမ္မာဆိုတဲ့ ဒေသနာတော်တွေကို ကိုယ်တော်မြတ်ဟောထားတာ၊ ဆုံးမထားတာ အများကြီးရှိတဲ့လမ်းစဉ်တွေ၊ ကိုယ်တော်မြတ်ချပေးတဲ့ လမ်းစဉ်အတိုင်း မင်းတို့ငါတို့က ဒီလမ်းအတိုင်း ချမ်းချမ်းသာသာ ကျန်းကျန်းမာမာနဲ့ လိုက်သွားရင် မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ခုန သေခြင်းဆိုတဲ့ သေမင်းများ ခင်တွယ်သေးလားဟ (မတွယ်တော့ပါဘူးဆရာ)၊ အေး . . . ခင်တွယ်စရာ မရှိပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အင်မတန်ကြောက်စရာကောင်းတယ်၊ ဒါကြောင့် ဒီ "ဝိပဿနာသမ္မာဒိဋ္ဌိ"ဆိုတဲ့ နံပါတ် (၂) တည်းဟူသော အမြင်မှန်ဉာဏ်ကို ကြိုးစားကြရအောင်လို့ မနေ့ညက တို့များလည်း ပြောလိုက်ပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီနံပါတ် (၂) ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကြီး ကြိုးစားတော့ ဘာဖြစ်သလဲဆိုတော့ ဒါမှ အဖဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံခါနီး အရေးတကြီး အလွန့်အလွန် ပင်ပန်းတော်မူတဲ့ အချိန်လေးက လုပ်ပြီးတော့ အကျဉ်းအားဖြင့် တန်ဖိုးအရှိဆုံးဆိုတဲ့ မှာကြားတော်မူတဲ့ စကားတော်နဲ့ မကိုက်လားကွာ (ကိုက်ပါတယ်ဆရာ)။

အေး . . . ဒါကြောင့် "ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" ကျဉ်းကျဉ်းလေး အချိန်မရတာ၊ အချိန်မရကြဘူးလို့၊ ဒါကြောင့် ဘိက္ခဝေ-ချစ်သားရဟန်းတို့၊ သင်္ခါရာ-ကံ, စိတ်, ဥတု, အာဟာရအစု လေးခုအကြောင်းပေါင်း၍ဖြစ်စုံ တေဘုမ္မက ရုပ်နာမ်ဓမ္မခေါ်တဲ့ သင်္ခါရတရားကြီးတို့သည်။ ဝယဓမ္မာ-ချုပ်ပျက်ပြုန်းတီး ပျက်စီးတတ်သော သဘောအကြောင်းလည်း ရှိကြကုန်၏။ အပ္ပမာဒေန-မမေ့တဲ့သတိတရားဖြင့်၊ သိက္ခတ္တယံ-သီလ သမာဓိ ပညာ သိက္ခာ (၃)ပါးကို၊ သမ္ပာဒေထ-ပြည့်စုံစေကြကုန်လော့။ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ အကျဉ်းချုံးပဲ။ ဒါကြောင့် ဒီအခန်းလေးမှာ ငါလည်း ဝေဖန်ပြီးခဲ့ပါပြီကွာ၊ ပရိနိဗ္ဗာန်စံခါနီး လူများလည်း သေခါနီး မှာတဲ့စကားဟာ

http://www.dhammadownload.com



အရေးအကြီးဆုံးဖြစ်တဲ့ စကားလုံးဆိုတာ မှတ်ထားပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ တို့အဖဘုရား ကိုယ်တော်မြတ်လည်း ပရိနိဗ္ဗာန်စံခါနီး မှာကြားတော်မူတဲ့ စကားတစ်လုံးဟာ အရေးအကြီးဆုံးဆိုတာ မှတ်ထား ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဪ . . . ကိုယ်တော်မြတ် အရေးအကြီးဆုံး တစ်လုံးမှာ သွားတာ ဘာမှာပါလိမ့်၊ ရုပ်နာမ်ဓမ္မသင်္ခါရ ချုပ်ပျက်ပြုန်းတီး ပျက်စီးတတ်တယ်ဆိုတဲ့ သဘောတွေ မမေ့ကြနဲ့၊ ပြုပြင်ပွားများကြ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလိုမှာတော့ ကိုယ်တော်မြတ် မှာတော်မူတဲ့ မှာတမ်းတော်နဲ့ အခုနံပါတ် (၂) ဆိုတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ကြီး ကြိုးစားကြစို့ ဆိုတာနဲ့ ကိုက်ရဲ့လားကွ (ကိုက်ပါတယ်ဆရာ)၊ ကိုက်သွားပြီလို့၊ ဒါမှ ကိုယ်တော်မြတ် အလိုတော် ကျမှာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့်ရင် ကိုယ်တော်မြတ် မင်းတို့ငါတို့အပေါ်မှာ ကျေးဇူးတွေ ဆပ်ပေးလို့ မကုန်အောင် တစ်ပုံတစ်ခေါင်းကြီး ဘယ့်နှယ့်ပဲ သနားတယ် ပြောပြော၊ မင်းတို့ငါတို့က ဖီလာကန့်လန့်လုပ်နေမှုဖြင့် ကိုယ်တော်မြတ်မျက်နှာတော် မထောက်ရာရောက်မယ်၊ မငဲ့ရာရောက်တယ်၊ မရောက်ဘူးလားကွာ (ရောက်ပါတယ်ဆရာ)။

ဒါကြောင့် ဒီဝိပဿနာသမ္မာဒိဋ္ဌိဆိုတဲ့ နံပါတ် (၂)ဉာဏ်ကြီး ကြိုးစားတော့ ကောင်းပါပြီတဲ့၊ ကိုယ်တော်မြတ်ကတော့ အကျဉ်းချုပ်အနေအားဖြင့် မှာသွားတယ်။ ချစ်သား, ချစ်သမီးတို့ ကံကြောင့်, စိတ်ကြောင့်, ဥတုကြောင့်, အာဟာရကြောင့် အကြောင်းလေးပါးကြောင့် ဖြစ်လာတဲ့ ချစ်သား, ချစ်သမီးတို့ရဲ့ အဇ္ဈတ္တသန္တာန်မှာ အမှန်ထင်ရှားရှိတဲ့ ရုပ်တရား, နာမ်တရားနှစ်ပါးရဲ့ ချုပ်ပျက်ပြုန်းတီး ပျက်စီးနေတယ်ဆိုတဲ့ သဘောတရားတွေ မမေ့ကြနဲ့၊ ပြုပြင်ပွားများ အားထုတ်ကြလို့ ဒီလိုမှာတော့ ဒီမှာတမ်းတော်ကြီး ကြည့်ပြီးတော့ ဒီအတိုင်းငုတ်တုတ်ထိုင်နေလို့ရှိရင် ဒီရုပ်နာမ်ဓမ္မ သင်္ခါရဆိုတဲ့ တရားတွေဟာ ချုပ်ပျက်ပြုန်းတီး ပျက်စီးတတ်တဲ့ အဓိပ္ပာယ်တွေ ပေါ်ပါ့မလားဟ (မပေါ်ပါဘူးဆရာ)၊ သိပါ့မလား (မသိပါဘူးဆရာ)၊ နားလည်ပါ့မလား (နားမလည်ပါဘူးဆရာ)၊ ဘယ့်နှယ့်နည်းမှ နားလည်ဖြစ်မှာမဟုတ်ဘူး၊ အဖဘုရားကိုယ်တော်မြတ်ကတော့ မှာသွားတာ ဘယ့်နှယ့်မှာတုံး၊ ဟာ . . . ပရိနိဗ္ဗာန်စံခါနီး အရေးအကြီးဆုံးက တစ်ချက်တည်း၊ ဘယ့်နှယ်မှာသွားတုံး၊ ဟာ . . . ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေ ချုပ်ပျက်ပြုန်းတီး ပျက်စီးတတ်တယ်တဲ့၊ အဲဒါတွေ မမေ့နဲ့၊ ရှုကြလို့ ဟောသွားတယ်။ ကိုင်း . . . မှာသွားတာ ဘယ်နှယ့်လုပ်ကြမလဲ၊ မသင်ဘဲ, မကြားဘဲ ထိုင်နေလို့ရှိရင် ဘယ်လိုလုပ်မလဲ၊ ဟုတ်ရဲ့လား ငါပြောတာ (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် သူ ရုပ်နာမ်ဓမ္မကို ပြတ်သားနားလည်အောင် သင်ရမှာပေါ့ (ဟုတ်ပါတယ်ဆရာ)၊ အေး ရုပ်နာမ်ဓမ္မ ပြတ်သားနားလည်အောင် သင်လိုက်တော့ ဒါရုပ်, ဒါနာမ်လို့ သိလာပြီလား (သိလာပါတယ်ဆရာ)၊ သိလာတဲ့အချိန်ကျတော့ ကောင်းပြီ၊ ငါ ရုပ်နဲ့နာမ် သိလာပြီ၊ သိလာတော့ ဒီရုပ်နဲ့

http://www.dhammadownload.com



နာမ်ရဲ့သတ္တိတွေ ဘယ့်နှယ့်နေပါလိမ့်၊ သူ့သဘောဘယ့်နှယ့်နေမလဲ ကြည့်လိုက်တော့ မျက်စိတစ်မှိတ် လျှပ်တပြက်ကလေးမှာ ခိုင်မြဲတဲ့ သဘောတရားမရှိဘူး၊ အင်မတန်လျင်မြန်တဲ့ အပျက်တွေနဲ့ တစ်ပျက်တည်း ပျက်နေတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဪ . . . ဒီလိုလည်း မြင်လာရော၊ ကိုယ်တော်မြတ်က ဒါကြောင့် ပြောတာကိုး၊ ငါတို့အဇ္ဈတ္တသန္တာန်မှာ အမှန်ဖြစ်နေတဲ့ ရုပ်တရား, နာမ် တရားနှစ်ပါးဟာ တကယ့်ကို မျက်စိတ်တစ်မှိတ် လျှပ်တပြက်အတွင်းမှာ မခံ့ဘူးဟဲ့၊ မခိုင်ဘူးဟဲ့၊ အမြဲတစေ ပျက်နေတဲ့တရားတွေပါလားလို့ ဒီလိုမြင်မလာဘူးလား (မြင်ပါတယ်ဆရာ)၊ အေး . . . အဲသလို မြင်လာမှ ဝိပဿနာလို့ ဒီလိုခေါ်ပါတယ်တဲ့ နားလည်လား (ဟုတ်ပါတယ်ဆရာ)၊ ဒါ ဝိပဿနာ လမ်းက ဒီလိုသွားတာ၊ ဝိပဿနာဆိုတာ ဘာတုံးတဲ့၊ "ဝိ"က တစ်ပုဒ်၊ "ပဿနာ"က တစ်ပုဒ်၊ 'ဝိ'က အထူးထူး အပြားပြား များတာကို ဟောတယ်။ "ဝိဝိဓေဟိ အာကာရေဟိ ပဿတီတိ ဝိပဿနာ" ဝိဝိဓေဟိ-အထူးအထူး အပြားပြား များကုန်သော။ အာကာရေဟိ-အခြင်းအရာတို့ဖြင့်။ ပဿတိ-ရှုမြင်တတ်၏။ ဣတိ-တသ္မာ-ထိုသို့အထူးထူးအပြားပြား များသောအခြင်းအရာတို့ဖြင့် ရှုမြင်တတ်သော သတ္တိကြောင့်။ ဝိပဿနာ-ဝိပဿနာမည်၏။ ဆိုတော့ အထူးထူးအပြားက ဘယ်လောက်များသလဲ ဆိုတော့ "အနိစ္စာဒိဝသေန"တဲ့၊ သမာဓိလည်း ကောင်းကောင်းထားကြပါ၊ အနိစ္စာဒိဝသေန-အထူး အထူးပြားပြားလို့ 'ဝိ'သဒ္ဒါသံနဲ့ ဟောထားတယ်၊ ဘယ်လောက်များပြားတုံး၊ ဘယ်လောက်များသတုံး၊ တို့တစ်သက်လုံး သင်လို့မှ ကုန်ပဲ့မလားလို့၊ တွေးစရာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊

ဒါနဲ့ ဒီလိုမဟုတ်ပါဘူးတဲ့၊ ဒီ "ဝိဝိဓ"သဒ္ဒါအားဖြင့် အထူးထူး အပြားပြား များတယ် ဆိုတာ အခြားမဟုတ်ပါဘူး။ အနိစ္စာဒိဝသေန-အနိစ္စ အစရှိသည်တို့၏အစွမ်းအားဖြင့်။ အနိစ္စအစရှိသည်တို့၏ အစွမ်းဖြင့်ဆိုတော့ အနိစ္စနှင့်တကွ ဘာတွေတုံးဆိုတော့ အနိစ္စရယ်, ဒုက္ခရယ်, အနတ္တရယ် သုံးခုပါတဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အနိစ္စရယ်, ဒုက္ခရယ်, အနတ္တရယ် ဒါ "အနိစ္စာဒိဝသေန-အနိစ္စာအစရှိသည်၏အစွမ်းအားဖြင့်။ (တစ်နည်း) အာဒိသဒ္ဒါနဲ့ မထည့်ဘဲနဲ့ ခေါ်ပေးလိုက်တော့ အနိစ္စ, ဒုက္ခ, အနတ္တ၏အစွမ်းအားဖြင့်။ ဝိဝိဓာကာရေန-အထူးသော အခြင်းအရာအားဖြင့်၊ ပဿတိ-သိမြင်တတ်၏။ ဣတိ တသ္မာ-ထို့ကြောင့်။ ဝိပဿနာ-ဝိပဿနာမည်၏ - ဆိုတော့ ဟော . . . တို့ ခုနပြောခဲ့တဲ့ သင်လိုက်, ကြားလိုက်လို့ တတ်မြောက်လိမ္မာလာတဲ့ ရုပ်တရား နာမ်တရား နှစ်ပါးဟာ သူတို့ရဲ့သတ္တိကလေးတွေ သဘောကလေးတွေ ကြည့်လိုက်တော့ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက် အတွင်းမှာပဲ သိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ဖြစ်နေတဲ့တရားတွေလား၊ ဒီလိုမြင်လာတယ်၊ ဒါဖြင့် မျက်တောင်တစ်ခတ် လျှပ်တစ်ပျက်အတွင်းမှာ သိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ဒီရုပ်တရား, နာမ်တရားနှစ်ပါးဟာ ပျက်နေတယ် ဆိုတော့ ခိုင်မြဲတဲ့ သဘောအဓိပ္ပာယ် ရှိသေးရဲ့လား

http://www.dhammadownload.com



(မရှိပါဘူးဆရာ)၊ မရှိတော့ဘူး၊ ဒါမခိုင်ဘူး, မမြဲဘူးဆိုတော့ နိဗ္ဗာန်မဟုတ်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ခိုင်မှ, မြဲမှ နိဗ္ဗာန်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် သို့အတွက်ကြောင့် လျင်မြန်သော ပျက်ခြင်းဖြင့် ပျက်နေတာ မြင်ကတည်းက အနိစ္စတရားတွေကို မင်းတို့ငါတို့ဉာဏ်ထဲမှာ အသိဉာဏ်လေးတစ်လုံးဟာ ပြတ်ပြတ်သားသားနဲ့ ရှင်းရှင်းလင်းလင်း ပေါ်လာတယ်။ ဒါ ဝိပဿနာအစစ်ခေါ်တယ်၊ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ ဝိပဿနာအစစ်ဖြစ်သွားပြီ၊ အဲဒီဝိပဿနာအစစ်ဖြစ်တော့ ဘာဖြစ်သလဲမေးတော့ အဲသလို မြင်ဆဲခဏကလေးမှာ မင်းတို့ငါတို့ဟာ ပထမဆုံးဆိုတဲ့ သောတာပတ္တိမဂ်ဉာဏ်လည်း ရနိုင်တယ်တဲ့၊ သောတာပန်လည်း ဖြစ်နိုင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ သောတာပန်ဖြစ်ပြီးတဲ့နောက် သကဒါဂါမ်, အနာဂါမ်, ရဟန္တာဆိုတာ သူ့အဆင့်နဲ့သူ တက်သွားလိမ့်မယ်၊ မင်းတို့ငါတို့ ကြိုးစားစရာ မလိုပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါဖြင့် ဒီအနိစ္စလေးတစ်လုံး ပြတ်ပြတ်သားသား မမြဲတဲ့အဓိပ္ပာယ်လေး သိလာရင် သောတာပတ္တိမဂ်ဉာဏ် ရနိုင်တယ်ဆိုတော့၊ သောတာပတ္တိမဂ်ဉာဏ်ရရင် နံပါတ် (၃) ဆိုတာ ဘာလဲဟ၊ မဂ္ဂသမ္မာဒိဋ္ဌိဉာဏ် ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . မဂ္ဂသမ္မာဒိဋ္ဌိဉာဏ် နံပါတ် (၃)ဟာ အမှန်ကတော့ သူ့အတွက် လုပ်ရသလားဆိုရင် သူ့အတွက် မလုပ်ရပါဘူး၊ နံပါတ် (၂)ဆိုတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် ကြိုးစားတာနဲ့ ရနေတယ်၊ ဒီလို မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။

နံပါတ် (၂) ဆိုတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ကို တို့လူစု သင်လိုက်, ကြားလိုက်, တတ်မြောက်လိမ္မာလာလို့ မြင်လိုက်ရင်၊ သိလိုက်ရင် (၃)နံပါတ်ဆိုတဲ့ မဂ္ဂသမ္မာဒိဋ္ဌိဉာဏ် ရကြပေါ့ မရဘူးလား (ရပါတယ်ဆရာ)၊ အဲ့ဒါ သောတာပန်ဖြစ်သွားတာ၊ သောတာပတ္တိမဂ်ဉာဏ် ရလာတယ်။ ဒါ လူတိုင်းလူတိုင်း ရနေတယ်လို့ တို့များ တာဝန်ခံတာ မဟုတ်ပါဘူး၊ ကိုယ်တော်မြတ်ကိုက ရနိုင်တယ်လို့ ဟောသွားတာ၊ ရတဲ့ပုဂ္ဂိုလ် ရ,ရမယ်၊ မရတဲ့ပုဂ္ဂိုလ်မရဘူး၊ ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ကောင်းပါပြီ၊ (၃) နံပါတ် မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်ရလိုက်တော့ အဲဒီသောတာပတ္တိမဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်က မဂ်ဉာဏ်ရပြီးသည့်အခန်းကဏ္ဍကနေ ဖိုလ်ဉာဏ်ဆိုတာ တစ်ခါတည်း ကူးသွားတယ်။ အားမထုတ်ရပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါ သောတာပတ္တိမဂ်ရပြီးရင် ဖိုလ်ဆိုတာ တစ်ချက်တည်း တစ်ဝီထိတည်း ဇောစောတယ်၊ မဂ်ချမ်းသာ ဖိုလ်ဇောတဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီဖိုလ်ဇောစောတာကိုပဲ သောတာပတ္တိဖိုလ်လို့ ခေါ်ပါတယ်။ ဒီလိုဆိုတော့ (၄) နံပါတ် ဖလသမ္မာဒိဋ္ဌိဉာဏ် ရမသွားဘူးလား (ရသွားပါတယ်ဆရာ)၊ အဲဒါ ဖိုလ်ဇောလည်း ရောက်သွားရော၊ သူလည်း သောတာပန်လည်းဖြစ်သွားရော၊ သောတာပန်လည်း ဖြစ်ကရော ပြန်ပြီးတော့ ဆင်ခြင်တယ်။ ငါ မဂ်ရတယ်၊ ငါရလာတဲ့မဂ်ဉာဏ်က ဘယ်လိုနေတုံး၊ ငါရလာတဲ့ ဖိုလ်ဉာဏ်က ဘယ့်နှယ့်နေတုံး ခွဲခြမ်း

http://www.dhammadownload.com



စိတ်ဖြာပြီးတော့ ကုန်ရောင်းက ပြန်လာတဲ့သူများလိုပေါ့၊ ကုန်အရှုံးအမြတ်တွေ တွက်သလိုပေါ့ကွာ နော် (ဟုတ်ကဲ့ပါဆရာ)။

စာရင်းလေးတွေ ချတွက်တဲ့ဉာဏ်ကျတော့ "ပစ္စဝေက္ခဏ သမ္မာဒိဋ္ဌိဉာဏ်"လို့ ခေါ်ပါတယ်နော်၊ (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် မင်းစဉ်းစားကြည့်စမ်း၊ မင်း (၃) နံပါတ်ဆိုတဲ့ မဂ္ဂသမ္မာဒိဋ္ဌိဉာဏ် ငါတို့ မင်းတို့တစ်တွေ လုပ်ဖို့ လိုလား (မလိုပါဘူးဆရာ)၊ (၄)နံပါတ်ဆိုတဲ့ ဖလသမ္မာဒိဋ္ဌိဉာဏ် လုပ်စရာ လိုသလား (မလိုပါဘူးဆရာ)၊ (၅) နံပါတ်ဆိုတဲ့ ပစ္စဝေက္ခဏသမ္မာဒိဋ္ဌိဉာဏ် မင်းတို့ငါတို့ လုပ်စရာ လိုသလား (မလိုပါဘူးဆရာ)၊ ဟောဒီ (၃)ရယ်၊ (၄)ရယ်၊ (၅)ရယ် ဆိုတဲ့ ဉာဏ်စဉ်သုံးခုကတော့ လုပ်စရာ ကြိုးစားစရာ အားထုတ်စရာ မလိုပါဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ မလိုပါဘူးတဲ့။ ဒါကြောင့် နံပါတ် (၂) ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် လုပ်ရမယ်တဲ့၊ အဲဒီဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ပဲ တို့ဘုရားက လမ်းစဉ်ချပြီးတော့ ကိုယ်တော်မြတ်ညွှန်ပြတော်မူတဲ့အတိုင်းလို့ တစ်ဆင့်အားဖြင့် ဝေငှပြီးပေးနေတဲ့ တရားပါလို့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် မကြာမီလေးတင် မင်းတို့ငါတို့ နောက်နားက တို့များ အာမခံ တာဝန်ခံလာခဲ့တာ ရှိတယ်။ ဘေးကြီးလေးပါးထဲ ဝိနိပါတဘေးသည် ဒါနကုသိုလ်နဲ့လည်း ကျော်လို့ မဖြစ်၊ သီလကုသိုလ်နဲ့လည်း ကျော်လို့ မဖြစ်၊ သမထကုသိုလ်နဲ့လည်း ကျော်လို့ မဖြစ်၊ ပရမ်းပတာ သေသည်၏အခြားမဲ့၌ ဂတိမမြဲတဲ့ဘေးကြီးကို မှတ်မိသေးရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အေး . . . အဲဒီဘေးကြီးက ကျော်နိုင်ဖို့၊ ဂတိမြဲသွားအောင်၊ အပါယ်လေးပါး လုံးလုံးတံခါးပိတ်ဖို့၊ အပါယ်လေးပါးနဲ့ တစ်ဘဝ တစ်နပ်စာလေး လွတ်သွားတာ မဟုတ်ဘူး၊ တစ်သံသရာလုံး အပါယ်လေး ပါးနဲ့ သေခန်းပြတ်၊ ရှင်ခန်းပြတ်၊ ဒီအတိုင်းရောက်အောင်လို့ တို့များ တာဝန်ခံလာတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . မကြာပါဘူးကွယ်၊ ဒီဝိပဿနာလမ်းစဉ်အတိုင်း လိုက်သွားပြီဆိုတော့ တို့သင်လိုက် ကြားလိုက်ရင် တတ်မြောက်လိမ္မာလာရင် မကြာဘူးဟ၊ တစ်လအတွင်း၊ နှစ်လအတွင်း ဆိုသလိုပါပဲ၊ တာဝန်ခံလာတဲ့ ဝိနိပါတဘေးကြီးကလည်း တကယ်လွတ်သွားလိမ့်မယ်၊ ကျွတ်သွား လိမ့်မယ်၊ မဂ်စခန်း၊ ဖိုလ်စခန်းနဲ့ လှမ်းနိုင်တဲ့ အကျိုးလေးတွေလည်း ရောက်လာလိမ့်မပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဝမ်းသာစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။

❁ ❁ ❁ ❁ ❁

http://www.dhammadownload.com



## ပညတ် ပရမတ်

အေး ဒါကြောင့် ဒီဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဆိုတဲ့ နံပါတ် (၂) ဉာဏ်စဉ်ကို တို့သွားကြရအောင်နော် (ဟုတ်ကဲ့ပါဆရာ)၊ နံပါတ် (၂) ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်သွားဖို့ လမ်းစဉ်ကတော့ ရှေးဦးမဆွ မင်းတို့ငါတို့မှာ ရှုတ်ထွေးနေတဲ့ မပြတ်သားတဲ့ စာရင်းတစ်ခုရှိတယ်။ အဲဒီစာရင်းအရင် ရှင်းရမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ စာရင်းမှားနေတယ်၊ စာရင်းလိမ်နေတယ်၊ အဲဒီစာရင်းအရင် ရှင်းရမယ်၊ ဒီစာရင်းရှင်းပြီးမှ အဲဒီဝိပဿနာအစစ်ဆိုတဲ့ ရုပ်တရား, နာမ်တရားသွားရမယ်ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့်လို့ စိတ်ထဲ လိမ်နေတယ်ဆိုတဲ့ စာရင်းလိမ်ကြီး ရှင်းရမယ်၊ ဘာက စရှင်းရမလဲ၊ သမာဓိလည်း ကောင်းကောင်းထား၊ ပညတ်နဲ့ ပရမတ်အရင် စရှင်းမယ်နော်၊ (ဟုတ်ကဲ့ပါဆရာ)၊ ပညတ်တဲ့, ပရမတ်တဲ့၊ ဒါပါဋ္ဌိလို ပညတ်ရယ်၊ ပရမတ်ရယ်လို့ နှစ်မျိုးမှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘာနဲ့ဘာကွ (ပညတ်နဲ့ပရမတ်ပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ ပညတ်နဲ့ပရမတ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကတော့ လူတိုင်း နားမှာ ကြားဖူးပါလိမ့်မယ်၊ ပညတ်တို့ ပရမတ်တို့ဆိုတာ တရားဟောဆရာတွေက အင်မတန်များနေတဲ့ ခေတ်စားနေတဲ့အခါကြီးဆိုတော့ ပညတ်, ပရမတ်ဆိုတာ အသံချင်းထပ်နေတယ်။ ပညတ်, ပရမတ် တို့မြန်မာလိုပြောတော့ ပညတ်ဆိုတာ လုံးဝ ဘာမှမရှိတဲ့တရားကို ပညတ်လို့ ခေါ်တယ်၊ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ လုံးဝ ဘာမှမရှိဘဲနဲ့ ရှိသယောင်ယောင် လုပ်ပြီးတော့ ပြောဆိုခေါ်ဝေါ်သုံးစွဲနေတဲ့တရားဟာ အဲဒါပညတ်တရားပဲတဲ့၊ ရှိတော့ မရှိဘူးပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ မရှိပေမယ့် ရှိသယောင်ပေါ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ အဲဒါပညတ်တရားလို့ မှတ်ထား၊ တကယ်အစစ်ဧကန်ရှိတဲ့တရားကျတော့ ပရမတ်တရားခေါ်တယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် ပညတ်ရယ်, ပရမတ်ရယ် မြန်မာလိုပြန်တော့ မရှိတဲ့တရားရယ်၊ ရှိတဲ့တရားရယ်လို့ ဒီလိုမနေဘူးလား (ဟုတ်ကဲ့ပါဆရာ) မရှိတာက ဘာတရားကွ (ပညတ်တရားပါဆရာ)၊ ရှိတာကကော (ပရမတ်တရားပါဆရာ)၊ အေး . . . အဲဒီနှစ်ခု သေချာမှတ်ထားပါ၊ ဒါအခြေခံက စတယ်၊ ဒါကြောင့် "အခြေခံကာလ သင်ဦးအစ, ဆက်လက်မပြတ်, အဓိပ္ပာယ်ကို, လွယ်ရုံမျှသာ" ကျမ်းဂန်ထဲမှာ လာတယ်။

## ကလေးငယ် ထမင်းခွံ့တဲ့မိခင်ပမာ ဆရာဖြစ်သူ ကိုယ်တတ်စွမ်းသမျှ ပထမဦးဆုံး အကျယ်တဝင့် မသင်ရဘူး

စာသင်တဲ့ ဆရာများနဲ့ စာသင်တဲ့တပည့်များလို၊ "အခြေခံကာလ, သင်ဦးစက ဆက်လက်မပြတ်, အဓိပ္ပာယ်ကို လွယ်ရုံမျှသာ" ဆိုတဲ့ စကားနဲ့ စလျက် ခဏသင်ပေးလို့ရှိရင်တဲ့ ကိုယ်ဆရာလုပ်တဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်က ကိုယ်တတ်ကျွမ်းတိုင်း ကိုယ်မြင်တိုင်း အကျယ်တဝင့်အားဖြင့် မသင်မကြားပါနဲ့တဲ့နော် (ဟုတ်ကဲ့ပါဆရာ) "အခြေခံကာလ သင်ဦးစက ဆက်လက်မပြတ် အဓိပ္ပာယ်ကို လွယ်ရုံမျှသာ" ဆိုတဲ့အတိုင်း အဓိပ္ပာယ်က အစ အကျယ်ကြီး မဝေဖန်ပါနဲ့၊ မပြောပါနဲ့တဲ့။ ဘာဖြစ်လို့လဲ ခင်မျာမျှားခုမှ သင်စကြားစရှိသေးတယ်၊ လက်မခံနိုင်ဘူးတဲ့၊ ဝေဖန်မဆန့်ဖြစ်သွားမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အေး ဒီမူလေးလည်း မှတ်ထားဦးနော်။ ဒါကြောင့် တို့ကျဉ်းကျဉ်းလေးက စပြီးတော့ လက်ခံနိုင်တယ်ဆိုတဲ့ အပိုင်းကလေးက စသင်ရမယ်ကွနော် (ဟုတ်ကဲ့ပါဆရာ)။ တစ်နည်းအားဖြင့် ဆိုလို့ရှိရင် တို့ဥပမာလေး ယူထားရမယ်။ ကလေးအမေများ မိမိကလေးလေး အစာဝါးပြီး ခွံ့တဲ့နေရာလေး ပုံစံယူရမယ်။ အမေရဲ့ပါးစပ်ထဲကနေ ဝါးဖတ်ကလေးတွေ ဝါးဝါးပြီးတော့ ခွံ့ရတယ်၊ မခွံ့ရဘူးလား (ခွံ့ရပါတယ်ဆရာ)၊ အေး . . . မင်းတို့ငါတို့ စားလာတာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် အမိကတော့ ဝါးဖတ်ကို အကယ်တန္တု့ သူ့ပါးစပ်မှာ လူကြီးဖြစ်တော့ ကျယ်ဝန်းပေါ့ကွာ၊ ထမင်းကို ပလုတ်ပလောင်း ထည့်ဝါး၊ ရသမျှဝါးဖတ်တွေ ကိုယ့်သားငယ်လေး ပါးစပ်ထဲ အကုန်သွင်းလို့ ဆန့်ပါ့မလားဟ (မဆန့်ပါဘူးဆရာ)၊ ဒီတော့ အမိလုပ်တဲ့သူက ချိန်ဆရတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ပါးစပ်ထဲ ထည့်ထားတဲ့ ဝါးဖတ်အကုန်များ ခွံ့သလား (မခွံ့ပါဘူးဆရာ)၊ ဘယ်လောက်ခွံ့သလဲ (နည်းနည်းပဲ ခွံ့ပါတယ်ဆရာ)၊ ဘယ်လောက်ခွံ့လဲ၊ နည်းနည်း လက်ညှိုးလက်မပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ကလေးပါးစပ်နဲ့ တန်ရုံလေးလား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . မအေလုပ်တဲ့သူက ချိန်ဆရတယ်၊ ငါ့သား ငါ့ပါးစပ်ထဲဝါးထားတဲ့ ဝါးဖတ်တွေ အကုန်ခွံ့လို့ မဖြစ်ဘူးဟဲ့၊ ဒါနဲ့ ငါသားက လူမမယ်ကလေးလေး အငယ်လေး ရှိသေးတယ်၊ လက်ညှိုး, လက်မလောက် တန်ရုံလေး ခွံ့ပေးရတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါမှ ကလေးက မျိုနိုင်ပြီပေါ့၊

ဒီဥပမာလိုပဲတဲ့၊ စာသင်တဲ့ဆရာပဲ ဖြစ်ဖြစ်ပေါ့၊ တရားပြတဲ့ဆရာပဲဖြစ်ဖြစ်ပေါ့၊ ရှေးဦးမဆွ ဉာဏ်စဉ်အင်မတန်အားဖြင့် နုနေတဲ့ပုဂ္ဂိုလ်များကို တစ်ခါတည်း ကိုယ်တတ်သမျှ မှတ်သမျှကို အကုန်လုံး, တစ်ပြုန်လုံး ပြောဟောပြီးတော့ မပြပါနဲ့တဲ့၊ ဝေဖန်မဆန့်ဖြစ်ပြီး စိတ်ဓာတ်ပြိုဆင်းသွားတတ်တယ်နော် (ဟုတ်ကဲ့ပါဆရာ) အမှတ်က ခက်လိုက်တာကွာ၊ ဘာမှလည်း ငါနားမလည်ဘူး ဆိုပြီး၊ ဘယ်တော့မှ အနားမကပ်ဘူး၊ ဒါ ခင်မျာအတွက် ရှုံးချင်းမက ရှုံးသွားတတ်တယ်တဲ့၊ ကျွန်တော်တို့ နည်းနည်းလေးသွားပေမယ့် အခြေခံလေးကတော့ အခြေခံကလေး ကောင်းလာပြီးတဲ့ နောက်ပိုင်းကျတော့ ခရီးတွင်နိုင်သမျှ တွင်ရမပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း . . . "မရှိ ပညတ်၊ ရှိ ပရမတ်"ဆိုတဲ့ တရားလေး မှတ်တမ်းမှာ မှတ်စမ်းပါ၊ မရှိတာက ပညတ်တရား၊ ရှိတာက ပရမတ်တရားတဲ့၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ "မရှိ ပညတ်၊ ရှိ ပရမတ်" ဆိုစမ်း (မရှိ ပညတ်၊ ရှိ ပရမတ်တရားပါဆရာ)။

http://www.dhammadownload.com



ဒါသူရလို့ တော်သေးတယ်၊ ငါကတော့ဖြင့် ချောင်းဆိုးလို့ မပြီးသေးဘူး ဆိုနေပါလား၊ အရပ် မခိုင်းမချင်း "မရှိပညတ်, ရှိ ပရမတ်" ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ပညတ်တရားက ဘာတဲ့၊ (မရှိပါဘူးဆရာ) ပရမတ်တရားကတော့ (ရှိပါတယ်ဆရာ)၊ ဩော် . . . ပညတ်တရားဆိုတာ လုံးဝ မရှိတဲ့တရားပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ပရမတ်တရားက တကယ်ရှိတယ် ဟုတ်လား (ရှိပါတယ် ဆရာ)၊ အေး . . . ဒါတို့ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ တရားအစစ်ကြီးပဲလို့၊ အဲဒီနှစ်လုံးပြတ်သားသွားရင်လည်း တို့လူစုက တန်းအတော်မြင့်လာပြီလို့နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါကြောင့် ဉာဏ်စဉ်တွေ ရင့်ကျက်ပြီးတဲ့ပုဂ္ဂိုလ်များ အခုချပြသွားတဲ့ လမ်းစဉ်ကြီးကို ဗဟုသုတ အနေအားဖြင့် ရပြီးသား ပညာရှိများကို တစ်ရာမှာ ဆယ်ယောက်ရှိရင် ရှိမှာပေါ့ကွာနော် (ဟုတ်ကဲ့ပါ ဆရာ)၊ အဲဒီပုဂ္ဂိုလ်များတော့ တို့များ စောစောက ပြောသွားတဲ့ စကားအတိုင်းတဲ့၊ ဆင်ခြင်လည်း မလွဲပါနဲ့၊ ဆင်ခြေလည်း မတက်ပါနဲ့၊ မနာရင် ထသွားပေါ့လို့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါ အဆန်းမှတ်လို့ လာနာပြီး၊ ဟာ . . . ဒီလောက်တော့ တို့သိပြီးသား၊ ဒါတွေ ပြောစရာမလိုပါဘူး။ ဘာမှ လုံးဝမသိတဲ့၊ ကိုယ့်ထက်များတဲ့ လူထုကို အဓိကထားပြီး သင်ကြားပေးနေတာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် "မရှိ ပညတ်၊ ရှိ ပရမတ်" အဆန်းမဟုတ်ပါဘူး၊ မရှိတာက ပညတ်တရား၊ ရှိတာက ပရမတ်တရား၊ ပညတ်တရား မှန်သမျှ ဘာမျှမရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ ပရမတ်တရားကတော့ တကယ်ရှိတဲ့တရားလို့၊ အဲဒီမရှိတရားနှင့်ရှိတရား နှစ်ပါးကိုပဲ တို့လူစု ပိုင်းပိုင်းခြားခြားမသိကြဘူးလို့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် မရှိဘူးဆိုတဲ့ ပညတ်တရားကို အဓိပ္ပာယ်အရင်ဖော် ရမယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ရှိတဲ့ပရမတ်တရားကိုတော့ နောက်တစ်ခါထပ်ပြီးတော့ ပြောမယ်။ ဒီတော့ မရှိတော့ဘူးဆိုတဲ့ ပညတ်တရားကို တို့အရင်ပြကြစို့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)၊ မရှိဘူးဆိုတဲ့ ပညတ်တရား၊ ဘာမျှမရှိဘူးဆိုရင် ပြောစရာလိုသေးလား (မလိုပါဘူးဆရာ)၊ မလိုပေမယ့် ပြောရမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဘာဖြစ်လို့လဲလို့ မေးတော့ အဲဒီ ဘာမှမရှိဘူးဆိုတဲ့ တကယ်မရှိတဲ့ပညတ်တရားကိုပဲ အခုန ငါပြောတဲ့ လူတစ်ရာမှာ ကိုးဆယ်နဲ့ကိုးယောက်က ရှိတယ်လို့ မှတ်နေကြတယ်၊ ယူနေကြတယ်၊ သိနေကြတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒီလိုဖြစ်နေကြတယ်၊ အဲဒါ အင်မတန်လွဲမှားနေတဲ့အယူကြီးတဲ့၊ ဒီအယူကြီးနော် (ဟုတ်ကဲ့ပါဆရာ)။

တို့ဘုရားကိုယ်တော်မြတ်က ဟောထားတယ်၊ "ပညတ်" ဆိုတဲ့ တရားသည် ဘာမျှမရှိပါဘူး၊ တကယ့်ကို မရှိတဲ့တရားတွေ၊ ဒါဖြင့် ဘာမျှမရှိတဲ့ ပညတ်တရားများကို ဟောစရာ လိုသေးလား၊ ဟောစရာတော့ မလိုတော့ဘူး၊ မလိုပေမယ့် ဟောပေးရမယ်၊ ဘယ်လို ဟောပေးရမလဲ၊ အဲဒီဘာမျှ မရှိတဲ့ ပညတ်တရားကိုပဲ အရှိမှတ်နေကြလို့တဲ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါမရှိတဲ့

http://www.dhammadownload.com



အကြောင်း ကောင်းကောင်းသိအောင် ဝေဖန်ပြီးတော့ စာရင်းရှင်းပေးရမယ်တဲ့၊ ဒါမှ ရှင်းသွားမှာ။ ဒါကြောင့် ပညတ်တရားဟာ မရှိဘူး ပြောတာကို၊ အခုမှ တို့မရှိမှန်း သိတယ်၊ ဒီလိုလာတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလိုမှ အမှန်သိရမှာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် အဲဒီပညတ်အဓိပ္ပာယ်လေးကို ငါပြောပါမယ်၊ တို့လူစုတွေ မရှိတဲ့ပညတ် ဆိုတာဘာလဲဆိုရင် ပညတ်ဆိုတဲ့ အဓိပ္ပာယ်လေး ပြောပ့ါမယ်၊ လွယ်လွယ်လေး မှတ်ထားစမ်း၊ တို့ပါးစပ်က ခေါ်သမျှ သုံးသမျှ အသံထွက်သည် ပညတ်တရားချည်းမှတ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မဟုတ်ဘူးလားကွ (ဟုတ်ကဲ့ပါဆရာ)၊ တို့ပါးစပ်က ငါတို့ သူငါ လူတကာပေ့ါကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အကုန်လုံးပေါင်းလိုက်ပါ၊ လူ့ပါးစပ်, နတ်ပါးစပ်, ဗြဟ္မာ့ပါးစပ် (တစ်နည်း) စကားပြောတဲ့ သတ္တဝါတွေရဲ့ပါးစပ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ ပါးစပ်ဖျားက မထပ်မနားထွက်နေသော အသံထွက်သည် ပညတ်ဟူ၍ မှတ်၊ သူသူငါငါ ပါးစပ်မှ ထွက်လာသော အသံကတော့ သဒ္ဒရုပ်တရား = ပရမတ်တရားပါပဲ၊ လူ နတ် ဗြဟ္မာ ခွေး ကြက် ငှက် တို့ကား နာမည် = နာမပညတ်တရားတွေသာ၊ လူအများက စကားပြောဖြစ်အောင် အမည်ပေးထားခြင်း = ပညတ်ထားခြင်းသာဖြစ်သည်၊ တကယ့်အရှိမဟုတ်၊ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အမှတ်ရမလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ ဒါဖြင့် ဒ့ါထက်တိုအောင် ဆိုတော့ အသံထွက်က ပညတ်ပေ့ါ (ဟုတ်ကဲ့ပါဆရာ)၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အသံထွက်လာရင် ပညတ်ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ စကားလုံးလေးတွေ ပညတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ကိုင်း . . . ဒါဖြင့်ရင် မင်းတို့ငါတို့အားလုံး သူသူငါငါ လူတကာတွေ ပါးစပ်ထဲက မရပ်မနားအရပ် ထဲမှာ ခေါ်ဝေါ် သုံးစွဲနေတဲ့ စကားလုံးအသံထွက်တွေဟာ ပညတ်တရားတွေချည်းပဲ၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ပျက်သွားပြီးရင် ဘာမှမရှိဘူးပေ့ါ (မရှိပါဘူးဆရာ)၊ အေး . . . ဟုတ်ပြီ၊ ဘာမှမရှိဘူး၊ ကိုင်း . . . တစ်ရက်တစ်လေ ငါတို့မျက်စိဖွင့်တဲ့အချိန်ကစပြီး ပြန်မှိတ်အိပ်တဲ့အချိန်အထိ တစ်နေ့လုံး သူ့ပါးစပ်က ပြောလိုက်၊ ငါ့ပါးစပ်က ပြောလိုက်, သူက ခေါ်လိုက်, ငါက ခေါ်လိုက်, ရောင်းလိုက်, ဝယ်လိုက်, သွားလိုက်, လာလိုက်, လုပ်လိုက်, ကိုင်လိုက်, စားလိုက်, သောက်လိုက်ဆိုတဲ့ အသံတွေ ထွက်လာတယ် မထွက်ဘူးလား (ထွက်လာပါတယ်ဆရာ)၊ ထွက်လာသမျှ အသံတွေ အကုန်လုံး လုံးလုံးဘာမှမရှိဘူး၊ ထွက်လာတဲ့အသံတစ်လုံးမှ မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် ဘာမှမရှိဘဲနဲ့ ရှိသယောင်ယောင်အနေအားဖြင့် တို့လူစုတွေက အမှတ်တွေ, အယူတွေ, အသိတွေ လွဲနေလို့။ ဒါကြောင့် လုံးလုံးမရှိတဲ့ သဘောအဓိပ္ပာယ်တွေ ဖော်ထုတ်ပြီးတော့တွေ့ရမယ်။ ဒါမှ စာရင်းရှင်းတယ် ခေါ်တာ၊ အားလုံးက ခေါ်ဝေါ် သုံးစွဲနေတဲ့ စကားလုံးတွေ ကြည့်ကွယ်၊ ပါးစပ်ကနေ ထွက်လာတဲ့ အသံ ဒါလူတဲ့၊ ဒါယောကျ်ားတဲ့၊ ဒါမိန်းမတဲ့၊ ဒါကလေးတဲ့၊ ဒါလူကြီးတဲ့၊ ဒါခွေးတဲ့၊

http://www.dhammadownload.com



ဒါဝက်တဲ့၊ ဒါကြွက်တဲ့၊ ဒါငှက်တဲ့၊ ဒါအသက်တဲ့၊ ဒါအကောင်အထည်တဲ့၊ ဒါအတုံးတဲ့၊ ဒါအလုံးတဲ့၊ ဒါအခဲတဲ့၊ ဒါအထည်ဒြပ်သဏ္ဌာန်တဲ့၊ ဒါသိမ်တဲ့ ဒါကျောင်းတဲ့ ဒါနေရပ်တဲ့၊ ဒါမြို့တဲ့၊ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ နေ, လ, နက္ခတ်စသည်တွေ မသုံးဘူးလား (သုံးပါတယ်ဆရာ)၊ ငါ့ထံ ဘယ်သူတွေ လာစမ်း၊ ငဖြူတွေ လာစမ်း၊ ငနီတွေ လာစမ်း ဘယ်သွားကြည့်စမ်း၊ ဧည့်သည်တွေ လာတော့ ဘယ်သူ့ ဆွေမျိုးဟဲ့၊ ဘယ်သူ့သားသမီးတွေဟဲ့၊ ဒါ ဘယ်သူ့အိမ်တဲ့၊ ဒါဘယ်သူ့မြို့တဲ့၊ ဒါရထားတဲ့၊ ဒါကားတဲ့၊ ဒါလူတဲ့ အမျိုးမျိုးပေါ့၊ မသုံးဘူးလား (သုံးပါတယ်ဆရာ)။

ကိုင်း . . . အဲဒီသုံးတဲ့ စကားလုံးတွေဟာ ငါလည်း လျှောက်ပြီး ပြောစရာ မလိုပါဘူး၊ သူ့နေရာနှင့်သူ ပြောနေတာကို အတိုချုပ်မှတ်သားပါ။ ပါးစပ်ဖျားက မထပ်မနား ခေါ်ဝေါ်သုံးစွဲနေတဲ့ စကားလုံး မှန်သမျှ အကုန်လုံး ပညတ်တရားချည်းပဲ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ပညတ်အပြင် ရှိသေးလား (မရှိပါဘူးဆရာ)၊ ဘာမှ မရှိဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ မရှိတဲ့တရားတွေတဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါ ဆရာ)၊ လွယ်လွယ်လေး မှတ်ထားပါ၊ အခုနတုန်းက ခေါ်ဝေါ်ထားတဲ့ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ, ဘုံလောကဓာတ်, နေ, လ, နက္ခတ်တာရာကအစ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, အသက်, လိပ်ပြာအထိ အကုန်လုံးရှိသမျှပဲ၊ လောကဓာတ်အဖြစ်နဲ့ သုံးကြတယ်၊ မသုံးဘူးလား(သုံးပါတယ်ဆရာ)၊ အဲဒါပညတ်တရားတွေချည်းပဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ ပညတ်ချည်းဆိုတာ မှတ်ထားပါ၊ တို့က စာထဲပါတဲ့ စာအနေအားဖြင့် သင်တာ မဟုတ်ဘူး၊ စာထဲက အဓိပ္ပာယ်ယူပြီး တို့မြန်မာလူမျိုးချင်း နားလည်အောင် မြန်မာလို သင်ပေးတာနော် (ဟုတ်ကဲ့ပါ ဆရာ)၊ အလွယ်ဆုံး အလွယ်ဆုံးပါ၊ ပညတ်ရဲ့အဓိပ္ပာယ် ရှင်းသွားခဲ့ပြီ၊ ပြောလိုတာက စာအနေအားဖြင့် တို့များလည်း ကြားဖူးပါတယ်။

ဒီတရားကို စပြီးတော့ သင်ယူခဲ့တဲ့အခါတုန်းကတော့ အဆန်းဖြစ်ကြတယ်၊ ဘေးကလူတွေ ဝိုင်းပြီး ပြောကြတယ်၊ ဘယ့်နှယ့်လဲဟ မရှိတဲ့ပညတ်တရားတွေကို ဘာတွေ ဟောသွားတုံး၊ လူမရှိဘူးတဲ့၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘူးတဲ့၊ ယောကျ်ား, မိန်းမ မရှိဘူးတဲ့၊ တော, တောင်, ရေ, မြေ မရှိဘူးတဲ့၊ အိမ်ကျောင်းမြို့ရွာ, ဘုံလောကဓာတ် မရှိဘူးတဲ့၊ သမုဒ္ဒရာ မရှိဘူးတဲ့၊ အဲဒီလို ဟောကြားသွားတယ်လို့ ကြားနေရတယ်။ ဘယ့်နှယ့်လဲ၊ ဒီယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ ထင်ထင်ရှားရှား ရှိနေလျက်သားနဲ့ ဒါတွေ မရှိဘူးလို့ ပြောနေတာ ဟုတ်နိုင်ပါ့မလားနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါလည်းပဲ အဓိပ္ပာယ်မသိတာ ဒီလိုပဲ၊ အစွဲက မှန်နေတာပဲလို့။ အဲဒါကြောင့် ကိုယ်တော်မြတ်က မရှိသော ပညတ် တရားကြီးက မရှိဘူးလို့ ဟောပြောစရာ မလိုပေမယ့် ချစ်သား ချစ်သမီးတို့မှာ ဘာမှမရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ နောက်ကွယ်ရှာကြည့် ဘာမှမရှိဘူး၊ အသံထွက်ရဲ့နောက်ကွယ်မှာ အကောင်

http://www.dhammadownload.com



အထည်ရှာကြည့်တော့ ဘာမှမရှိဘူး၊ အဓိပ္ပာယ်အားဖြင့် လူတစ်စုကို "ဒါလူတွေပဲ"လို့ ဒီလို ပြောနေတယ်၊ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ လူဆိုတာ မင်းပါးစပ်က ပြောတဲ့ အသံထွက် မဟုတ်လား (အသံထွက်ပါဆရာ)၊ ဘာတရားတုံး (ပညတ်တရားတွေပါဆရာ)၊ ဟော . . . ပညတ်တရားတွေ၊ ပညတ်တရားဆိုတော့ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ လူဆိုတဲ့ အသံထွက်ကကော ရှိသလား (ရှိပါတယ်ဆရာ)၊ အသံထွက်နောက်ကွယ်မှာ လူလို့ ရှာကြည့်တော့ ရှိသလား (မရှိပါဘူးဆရာ)၊ ဟော . . . မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ မရှိလို့ မရှိဘူး ပြောရင် ယခုလိုကြတော့ ယုံမှာမဟုတ်ဘူးတဲ့ (ဟုတ်ကဲ့ပါဆရာ)၊ ယုံမှာ မဟုတ်ဘူး ၊ ယုံတဲ့ဘ၀ရောက်အောင် ဒီကနေ့ အဆုံးသတ်အောင် ပြတယ်၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။

နမူနာလေးတစ်ခု ပြပ့ါမယ်၊ မင်းနာမည် ဘယ်သူကွ (ဒိုးလေးပါဆရာ)၊ ဒိုးလေး ကြည့်စမ်း။ လူတကာ မေးလာရင် ဒါက ဒိုးလေးပေါ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကိုယ့်ကိုယ်ကို မင်းမေးကြည့်စမ်း၊ ငါဒိုးလေး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ သူများတကာ မေးတဲ့အခါ ဒိုးကလေး ရှိပါသလား၊ မင်းက ရှိပါတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မင်းကိုယ်မင်း ဒိုးလေး ဟုတ်သလိုလိုပဲ ယုံကြည်တာ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒိုးလေးရှိတာ မင်းယုံကြည်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မင်းက လူတစ်ယောက်ပဲဆိုတာ ယုံကြည်တယ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ယောက်ျားတစ်ယောက်ဖြစ်တယ် ဆိုတာ ယုံကြည်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ပုဂ္ဂိုလ်, သတ္တဝါလို့ ယုံကြည်တယ် မဟုတ်လား (ယုံကြည်ပါတယ်ဆရာ)၊ အဲဒီလို ဒါလူတိုင်းလူတိုင်း ယုံကြည်တဲ့ တရားတော်ပါကွာ၊ ဒီအတိုင်းယုံကြည်နေတာနော် (ဟုတ်ကဲ့ပါဆရာ)၊ တို့ ဒီနေ့က စပြီးတော့ မင်း ဒိုးလေးဆိုတာ ပညတ်လား၊ ပရမတ်လား ပညတ်ပါ၊ ဒိုးလေး မရှိပါဘူး။ ဒါပေမယ့် စောစောတုန်းက မင်းရှိတယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ပညတ်နဲ့ ပရမတ်ခွဲပုံကို သေသေချာချာ မှတ်စမ်းပါ။ နမူနာလေး တစ်ခုပြမယ်၊ ကိုင်း . . . မင်း အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေစဉ်အခါတုန်းက ပဋိသန္ဓေနေတဲ့အခန်းကို ပြန်ကြည့်စမ်း၊ "ပဌမံ ကလလံ ဟောတိ" ပထမဆုံး ကလလရေကြည်က စပြီးတော့ သန္ဓေတည်တဲ့ အချိန်မှာ ဒိုးလေးရှိသလား (မရှိပါဘူးဆရာ)။

ဒိုးလေး မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ကိုင်း . . . ကိုးလလွယ်လို့ ဆယ်လရောက်တဲ့အချိန်ကျတော့ ဖွားခါနီးမှာ ဒိုးလေးဆိုတာ ရှိသလား (မရှိပါဘူးဆရာ)၊ မင်း မမွေးဖွားခင်တုန်းက ဒိုးလေး မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ပဋိသန္ဓေတည်နေစဉ်အခါက ဒိုးလေးမရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ မွေးခါနီးလေးလည်း ဒိုးလေးမရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ကိုင်း . . . မွေးဖွားလာပြီကွာ၊ တို့ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ မွေးဖွားလာတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မွေးလာတဲ့အခါ ဆိုပါတော့

http://www.dhammadownload.com



တစ်လ, နှစ်လ ဆိုသလို ဒီအရွယ်လေးရောက်လာတော့ တချို့လည်း ခုနစ်ရက်, ရှစ်ရက် ရှိရင် အမည်နာမပေးပါတယ်၊ တချို့လည်း တစ်လလောက်ကြာပြီးမှ အမည်နာမလေး ပေးကြတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မေးကြည့်တော့ ဒိုးကလေးအမည်ကို အဘိုးတွေ, အဘွားတွေ ပေးသလား၊ အမေပေးသလား၊ အဖေက ပေးသလား၊ ငါပေးတာလား၊ ဘယ်သူကပေးသလဲ (အမေကပေးပါတယ် ဆရာ)၊ အေး . . . အမည်ပေးတာ ဘယ်သူမှန်းတောင် မသိလိုက်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အမေက ပေးသလား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ထားလိုက်ပါတော့ မင်းအမေက တစ်လသား အရွယ်ကလေး မင်းကို ကြည့်လိုက်တော့ ပုံပန်းသဏ္ဌာန်ကြည့်ပြီးတော့ ဖြူဖြူလေးဆိုလို့ရှိရင် တချို့က "မောင်ဖြူ"လို့နော် (ဟုတ်ကဲ့ပါဆရာ)၊ တို့သားလေး ဖြူဖြူလေး၊ အရင်ကောင်နဲ့ မတူဘူး၊ တော်တော် ဖြူတာ၊ "မောင်ဖြူ"ပေါ့ကွာ စသည်ဖြင့် အမည်တပ်လိုက်တယ်။ သားသမီးသုံးယောက် လေးယောက် ကြားထဲမှာ သူက ပိုပြီးတော့ လှလာတော့ "မောင်လှ"ပေါ့ကွာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ တော်တော်ဝလို့ရှိရင် "မောင်ဝ"လို့ ဒီလိုမှည့်လာပေါ့ကွာ၊ ကောင်းနိုးရာရာလေးပေါ့ကွာ၊ ဒီလိုလေး မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

နောက်ပိုင်းကျတော့ တင်တင်တို့၊ ခင်ခင်တို့၊ ရင်ရင်တို့ ဒါအဆန်းဖွင့်ထားတာကွ၊ ဟိုကျတော့ နေ့နံကြည့်မှည့်တာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အသက်အရွယ်ကြည့်လိုက်တော့ မင်းတစ်လသား အရွယ်လေးရောက်သေးတယ် မင်းကြည့်လိုက်တော့ လုံးလုံးလေးပေါ့လေ၊ ငါ့သားတော့ ဒိုးလေးနဲ့ သိပ်တူတာပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ ကျန်းလည်း ကျန်းမာသတဲ့၊ ဝလိုက်တာလုံးလို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒိုးလေးနဲ့သိပ်တူတာပဲ၊ ရုပ်ကိုကြည့်လိုက်တော့ ရုပ်ရည်အနေအားဖြင့် ကစားတဲ့ ဒိုးလေးလို့ အမည်ပေးမှပဲလို့၊ ဒီကနေ့စပြီးတော့ ငါ့သားအမည်ကို 'ဒိုးလေး"လို့ အမည်တပ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အမည်တပ်လိုက်တော့ မင်းမသိလိုက်ရှာသေးဘူး၊ လသား အရွယ်ကို ဘာမှန်းမသိ။ ဒိုးလေး ဒိုးလေးနဲ့ အရပ်ထဲက ဟိုကခေါ် ဒီကခေါ်နဲ့ သူ့သားနာမည်က "ဒိုးလေး"ပဲလို့ ဆိုတယ်။ ဒါပေမယ့် မင်းက ငယ်တော့ မဟုတ်တာကို အဟုတ်လို့ ခေါ်ဆိုတဲ့ ပညတ်နယ် မင်းမရောက်သေးဘူးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ မင်းသေသေချာချာ မသိဘူးမဟုတ်လား (မသိသေးပါ ဘူးဆရာ)၊ အဖေလည်း အဖေမှန်းမသိ၊ အမေလည်း အမေမှန်းမသိဘူးပေါ့၊ (ဟုတ်ကဲ့ပါဆရာ)၊ ဘာမှ မသိသေးဘူး၊ ပညတ်နယ်က မထွက်ခင်တုန်းက မင်းအင်မတန် သန့်ရှင်းနေတယ်ပေါ့၊ မင်း တစ်ကိုယ်ရေတစ်ကာယ နားကလည်း မလည်ရှာဘူး၊ ဒါပေမယ့် တစ်စတစ်စ တစ်လထက်တစ်လ ကြီးပြင်းလာတော့ တစ်နှစ် နှစ်နှစ် ရှိလာပြန်တော့လည်း မင်းအမည် "ဒိုးလေး"လို့ ခေါ်ဆိုတာကို မင်းနားလည်လာတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒိုးလေးဆို မင်းက လှည့်ကြည့်၊ ထူးတတ်

http://www.dhammadownload.com



ပြောတတ်ရင်တော့ ထူးလာတယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ နောက်ပိုင်းကျတော့ မင်းက ဘယ့်နှယ် ဖြစ်လာသလဲဆိုတော့ မင်းအမေရဲ့ပါးစပ်ဖျားက ထွက်သွားတဲ့ သမုတ်ထားတဲ့ "ဒိုးလေး"ဆိုတဲ့ နာမ ပညတ်ကို နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ နာမပညတ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ပညတ် မဟုတ် ဘူးလား (ပညတ်ပါဆရာ)၊ ဘာမှမရှိတဲ့ ပညတ်တရားကို အဲဒါ မင်းရဲ့အမေ ပါးစပ်ဖျားက တပ်လိုက်တဲ့ ဒိုးလေးလို့ ပါးစပ်ဖျားက တပ်လိုက်တယ်၊ အဲဒါ သူ့အသံထွက်ပဲလို့ မှတ်ထားနော် (ဟုတ်ကဲ့ပါဆရာ)။

ဪ . . . ငါ့အမေရဲ့ပါးစပ်ဖျားကထွက်လာတဲ့ အသံထွက်လို့ "ဒိုးလေး"ဆိုတာ သူ့ပါးစပ်က ထွက်တဲ့ အသံထွက်နော်၊ အစပထမဆုံး ထွက်လာတဲ့အသံထွက်၊ နောက်ပိုင်းကျတော့ တစ်ရွာလုံးက ဝိုင်းပြီးတော့ အသံထွက်တွေ ထွက်လာတယ်၊ ငါက "ဒိုးလေး"လို့ ငါခေါ်လိုက်ရင် ဒိုးလေးဆိုတာ ဘယ်မှာ ဖြစ်တာတုံးဟ (ပုံပန်းသဏ္ဍာန်ဖြစ်ပါတယ်ဆရာ)၊ မဟုတ်ဘူး မဟုတ်ဘူး၊ ငါက မင်းကို "ဒိုးလေး"လို့ ငါခေါ်လိုက်တယ်၊ အဲဒီ "ဒိုးလေး" ဘယ်မှာ ဖြစ်နေပါသလဲ (အသံထွက်မှာဖြစ်ပါတယ် ဆရာ)၊ ဘယ်သူ့အသံမှာတုံး (ခေါ်နေတဲ့သူရဲ့အသံပါဆရာ)၊ ငါခေါ်ရင် ငါ့အသံပဲ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ငါ့ပါးစပ်ဖြစ်တာပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . မှတ်ထားပါ၊ ဒါပေမယ့် ငါ "ဒိုးလေး"လို့ ခေါ်လိုက်တဲ့အသံထွက်က ငါ့ပါးစပ်က ဖြစ်လာတာ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မင်းကိုယ်များ "ဒိုးလေး"ဆိုပြီးတော့ အကြွင်းမဲ့များ သွားထင်နေသလား (မထင်ပါဘူးဆရာ)၊ မထင်ရင် ဖျက်ပစ်ပေါ့နော်၊ ဘာထူးခြားတုံး ဘာမှမထူးခြားဘူး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် ငါ့ပါးစပ်ဖျားက ထွက်လာတဲ့ အသံထွက် "ဒိုးလေး"ဆိုတာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မင်းဘာထိခိုက်သတုံး (ဘာမှမထိခိုက်ပါဘူးဆရာ)၊ ပူသွားသလား (မပူပါဘူးဆရာ)၊ အေးသွားသလား (မအေးပါဘူးဆရာ)၊ နာသွားသလား (မနာပါဘူးဆရာ)၊ ကျိုးသွားသလား (မကျိုးပါဘူးဆရာ)၊ ငါခေါ်လိုက်တဲ့ "ဒိုးလေး"ဆိုတာ မင်းကို ထိသွားသလား (မထိပါဘူးဆရာ)၊ ဪ . . . မင်း ကိုယ်များ ကပ်မနေဘူးပေါ့ (မကပ်ပါဘူးဆရာ)၊ မင်းနဲ့ငါ ဘာဆက်သွယ်မှု ရှိနေသလဲ (ဘာမှ မရှိပါဘူးဆရာ)၊ အေး . . . ဘာမှမရှိဘူး၊ ဘာမှမရှိပေမယ့် နာမပညတ်လို့ တပ်ထားတယ်။ အမှန်ကတော့ တို့အမှတ် အသားလေး ပေးထားတယ်၊ အမည်နာမလေးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါ သမ္မုတိသစ္စာလို့ ဒီလို ခေါ်ပါတယ်၊ လောကရဲ့အကျိုးဟာ ဒီလိုပဲ အမည်လေးကို တပ်တပ်ပေးမှ လောကရဲ့ကြီးပွားကြောင်း လောကရဲ့အကျိုးစီးပွားဖြစ်နိုင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အကယ်တန္တ ပထမအနေနဲ့ မြင်ပြီးတော့ ဒီအမည်တွေ ပညတ်ပဲလို့ မတပ်ဘဲနဲ့ ထားလိုက်တော့ လောကရဲ့အကျိုးစီးပွား မကြီးပွားနိုင်ဘူးတဲ့၊ မှတ်မိလား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် အမည်နာမလေး တပ်လိုက်တယ်။ "ဒိုးလေး"လို့ ထားလိုက်တော့ကွာ၊ မင်းအတော်လေးကြီးလာတော့ တစ်လနဲ့တစ်လ ဆိုသလို နှစ်လအရွယ်လောက်

http://www.dhammadownload.com



ရောက်လာတဲ့အခါ မင်းနာမည်ဒိုးလေးလို့ အဲဒီလိုခေါ်လိုက်တော့ မင်းနားမလည်ဘူးလား (နားလည်ပါတယ်ဆရာ)၊ ခေါ်ရင် မင်းသိပြီနော် (ဟုတ်ကဲ့ပါဆရာ)၊ ထူးတတ်တဲ့ အရွယ်ကျတော့ ထူးတယ်၊ နောက်ပိုင်းကျတော့ အဲဒါ မင်းကိုယ်တိုင်က ပညတ်နယ်ဝင်လာပြီနော် (ဟုတ်ကဲ့ပါဆရာ)။

မရှိတဲ့တရားတွေ ရှိတယ်လို့ မှတ်မယ်၊ မဟုတ်တဲ့တရားတွေ ဟုတ်တယ်လို့ မှတ်မယ်လို့ ဒီလိုဖြစ်လာတယ်၊ မင်းကိုယ်တိုင် ပညတ်နယ်ပယ်ထဲ ဝင်လာပြီ၊ မင်းနားထဲမှာ ဆတ်ဆတ်ကြား မှတ်ထားတယ်၊ "ဒိုးလေး"ဆိုတာ ငါပဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ "ဒိုးလေး"ဆိုတာ ငါ၊ ငါ့ကို "ဒိုးလေး"လို့ ခေါ်ထားတယ်၊ ငါက ဒိုးလေးပဲလို့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . အဲဒီအချိန်က စပြီးတော့ မင်းကိုယ်မင်း "ဒိုးလေး"ဆိုတာ ငါပဲလို့ ဒီလိုယူဆထားတယ် မဟုတ်လား (ယူဆပါတယ်ဆရာ)၊ "ဒိုးလေး"ဆိုတာ ရှိလားဆိုရင် ရှိတယ်၊ ဘယ်သူလဲ ငါပဲမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ "ဒိုးလေး"ဆိုတာ တကယ်ရှိသလား၊ ရှိတာပေါ့၊ တကယ်ရှိတယ်ဆိုရင် ငါ့ကို ပြစမ်းဆို မင်းကို ပုတ်ပြတယ်။ ဒါ ဒိုးလေးပေါ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့်ရင် မင်း ဒိုးလေး တကယ်ရှိတယ်ဆိုတဲ့ အနေအားဖြင့် ယုံကြည်မှု ပေါ်လာတာပေါ့၊ (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . မင်းလိုပါပဲ၊ တို့ပတ်ဝန်းကျင်မှာ မြင်မြင်သမျှ လူတစ်ရာမှာ တစ်ယောက်ကတော့ အရိယာဖြစ်တဲ့ပုဂ္ဂိုလ်တွေ ချန်ထား၊ ကိုးဆယ့်ကိုးယောက်သည် ပညာမျက်စိမရှိကြတဲ့ အန္ဓပုထုဇဉ် မှန်မှန်သမျှတွေ မင်းအယူအဆအတိုင်းပဲ ဒိုးလေး ရှိပါသလား၊ ရှိပါတယ်၊ ဘယ်သူသားပဲ၊ ဘယ်အရပ်ထဲက ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ရှိတယ်၊ ဟုတ်သလား ဟုတ်တယ်၊ မှန်သလား မှန်တယ်၊ ယုံကြည်မှု မရှိဘူးလား (ရှိပါတယ်ဆရာ)၊ အားလုံး ယုံကြည်မှုရှိတာပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ယုံကြည်သလား (ယုံကြည်ပါတယ်ဆရာ)၊ ဒိုးလေးရှိတာကို ယုံကြည်သလား၊ (ယုံကြည်ပါတယ်ဆရာ)၊ ဒိုးလေးဟာ လူလားလို့ မေးတော့ အားလုံးက ဘယ်နှယ့်ပြောမလဲ၊ (လူလို့ ပြောရမှာပါဆရာ)၊ လူလို့ ပြောရမှာ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ယောကျ်ားလို့ မေးတော့ (ယောကျ်ားလို့ ပြောရမှာပါဆရာ)၊ ယောကျ်ားလို့ ပြောရမှာ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ပုဂ္ဂိုလ်လားလို့ မေးတော့ (ပုဂ္ဂိုလ်လို့ ပြောရမှာပါဆရာ)၊ ပုဂ္ဂိုလ်လို့ ပြောရမှာလား (ဟုတ်ကဲ့ပါဆရာ)၊ သတ္တဝါလို့ မေးတော့ (သတ္တဝါလို့ ပြောရမှာပါဆရာ)။

ဩော် . . . သူ့မှာ အသက်လိပ်ပြာလားလို့ မေးတော့ (အသက်လိပ်ပြာနဲ့လို့ ပြောရမှာပါဆရာ)၊ ဒီလိုပြောရမယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါလူတိုင်း ပြောတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒိုးလေးဆိုတာ လူလား၊ ပုဂ္ဂိုလ်လား၊ သတ္တဝါလား ပုဂ္ဂိုလ်သတ္တဝါပေါ့။ အကောင်အထည်လား အကောင်အထည်ပေါ့ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အသက်လိပ်ပြာနဲ့လား အသက်လိပ်ပြာနဲ့ပေါ့၊

http://www.dhammadownload.com



ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ဒါဖြင့် ပတ်ဝန်းကျင်က လူတွေ ကြည့်လိုက်စမ်း၊ မင်းနဲ့အတူတူပါ၊ မထူးပါဘူး၊ ဒိုးလေးဆိုတာ ရှိတာ အမှန်ပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒိုးလေးဆိုတာ ပုဂ္ဂိုလ်သတ္တဝါ တစ်ယောက်၊ လူတစ်ယောက်၊ ယောကျ်ားတစ်ယောက်၊ ပုဂ္ဂိုလ်တစ်ယောက်၊ အသက်လိပ်ပြာ, ငရဲ, အကောင်အထည်, အထည်ဒြပ်သဏ္ဌာန် မှန်တယ် ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလိုပဲ လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်သည် အကုန်လုံး ယုံကြည်သွားမယ်၊ မယုံကြည်ဘူးလား (ယုံကြည်ပါတယ်ဆရာ)၊ ဒါက မငြင်းနိုင်ဘူး၊ ဒီအတိုင်းပဲ နေကြတာ၊ အန္ဓပုထုဇဉ် ဆိုတာ အဲဒါခေါ်တယ်။ ဩော် . . . ပညာမျက်စိလုံးလုံးမရှိတော့ အကန်းပဲလို့ ဆိုလိုတာပါ၊ ဒါ အန္ဓပုထုဇဉ်လို့ ခေါ်တာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ ပညာမျက်စိလုံးလုံးမရှိတော့ အကန်းပုထုဇဉ်တွေဆိုတာ ကြည့်စမ်း၊ "ဒိုးလေး"ဆိုတဲ့ သူ့အမေပေးစပ်က ထွက်တဲ့ အသံထွက်နဲ့ ခေါ်ပြီး အမည်တပ်လိုက်တဲ့ နာမပညတ်။ နောက်ကွယ်မှာ ဘာမှရှာဖွေလို့ မရဘူး၊ ဒီနာမပညတ်ဆိုတဲ့ မရှိသောတရားကြီး၊ ပတ်ဝန်းကျင်မှာ ကြည့်လိုက်တော့ တစ်ရာမှာ ကိုးဆယ့်ကိုးယောက်သော အန္ဓပုထုဇဉ်ထဲက လူတွေဟာ ဒိုးလေးဆိုတာ ရှိတာပေါ့၊ အမှန်ပဲ၊ "ဒိုးလေး"ဆိုတာ ဘယ်သူ့သားပေါ့၊ မိဘက ဘယ်သူပဲ၊ ဘယ်အရပ်မှာ နေတာ၊ ပုံပန်း သဏ္ဌာန်က ဘယ်လို၊ အသံက ဘယ်လို, ဖြူဖြူပဲ, ညိုညိုပဲ, မည်းမည်းပဲ, ရှည်ရှည်ပဲ, နိမ့်နိမ့်ပဲ, ဝဝပဲ, ပိန်ပိန်ပဲ, အစရှိသဖြင့်ပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။

တတ်သိလိမ္မာရှိတယ်၊ မျက်လုံးကောင်း, မျက်ခုံးကောင်း, အစိပ္ပာယ်ဆိုကြပါစို့ သူယောကျ်ားပေါ့၊ ပုဂ္ဂိုလ်သတ္တဝါပေါ့၊ သူ့အသက်လိပ်ပြာနဲ့ပေါ့၊ အကောင်အထည်ပဲ၊ အထည်ဒြပ်သဏ္ဌာန်ပဲ၊ ပုံပန်း သဏ္ဌာန်ပဲပေါ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ လူတစ်ရာမှာကိုးဆယ့်ကိုးယောက် ဒီလိုယုံကြည် ချက်နဲ့ မနေဘူးလား (နေပါတယ်ဆရာ)၊ နေတာ ကောင်းပါ၏၊ ဒီလိုယုံကြည်ချက်ဟာ မှားသလား၊ မှန်သလားလို့ မင်းဘယ်နဲ့ပြောမလဲ (မှန်ပါတယ်ဆရာ)၊ မှန်တယ်လား (မှန်ပါတယ်ဆရာ)၊ ဩော် ဒါဖြင့် အခုပြောသွားတဲ့ "ဒိုးလေး"ဆိုတာ ရှိတယ်၊ "ဒိုးလေး"ဆိုတာ ပုဂ္ဂိုလ်၊ "ဒိုးလေး"ဆိုတာ သတ္တဝါ၊ "ဒိုးလေး"ဆိုတာ ယောကျ်ား၊ "ဒိုးလေး"ဆိုတာ အကောင်အထည်၊ "ဒိုးလေး"ဆိုတာ အထည်ဒြပ် သဏ္ဌာန်နဲ့၊ အသက်လိပ်ပြာနဲ့ ဆိုတဲ့ အယူဝါဒဟာ မှန်တယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး သမ္မုတိသစ္စာလား (ဟုတ်ကဲ့ပါဆရာ)၊ သမ္မုတိသစ္စာအနေနဲ့ ပြောတာလား (ဟုတ်ကဲ့ပါဆရာ)၊ ဩော် ပရမတ္ထသစ္စာအနေနဲ့ ကြည့်တော့ကော (မမှန်ပါဘူးဆရာ)၊ မမှန်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ "ဒိုးလေး" ဆိုတာ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ယောကျ်ားဆိုတာ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ပုဂ္ဂိုလ်ဆိုတာ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ သတ္တဝါဆိုတာ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အသက်လိပ်ပြာဆိုတာ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အကောင်အထည်ကော (မရှိပါဘူးဆရာ)၊ အထည်ဒြပ်သဏ္ဌာန်ကော (မရှိပါဘူးဆရာ)၊ ပုံစံအမူအယာကော (မရှိပါဘူးဆရာ)၊ ဘာမှမရှိဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)၊

http://www.dhammadownload.com



## ပညတ်အမျိုးမျိုး

အေး . . . ဟုတ်ပြီ၊ ဒါဖြင့် အခုန ဉစ္စာက ပထမဆုံးပေးထားတဲ့ ပါးစပ်က တပ်ထားတဲ့ နာမပညတ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ နာမပညတ်ရဲ့နောက်ကွယ်မှာ သေသေချာချာ ရှာကြည့်တော့ "ဒိုးလေး" ဆိုတာ မရှိဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ပုဂ္ဂိုလ်သတ္တဝါလည်း မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ယောကျ်ား မိန်းမလည်း မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အကောင်အထည်လည်း မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အသက်လိပ်ပြာလည်း မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ပုံစံသဏ္ဌာန်လည်း မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ဒီလို မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ အမည်ပဲ ရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အသက်လည်း မရှိဘူး၊ ဒိုးလေးလည်း မရှိဘူး၊ စောစောတုံးက ရှိနေမယ်ဆိုရင် ပဋိသန္ဓေတည်စကတည်းက ဒိုးလေးလို့ ပါလာတယ်၊ ဒီလိုပါလာသလားဆိုတော့ (မပါလာပါဘူးဆရာ)၊ မပါပါဘူး၊ အဲဒါ နာမပညတ်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဪ . . . လက်စသတ်တော့ အခုပြောနေတဲ့ သဘောကလေးဟာ နာမပညတ်ရဲ့အဓိပ္ပာယ်တစ်ခု ပြောနေတာ၊ ပညတ်တရားက အများကြီးပဲ၊ အမည်နဲ့ မှတ်ထားကြတာ နာမပညတ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ပုံစံကို ကြည့်ပြီး မှတ်လိုက်တာကြတော့။

ဟောဒီပုံစံကြီးကို ကြည့်လို့ရှိရင်ဖြင့် ဒီအမူအရာမျိုး ဒီပုံစံလေးကြည့်ရင်ဖြင့် အဲဒါ လူခေါ်တယ်ဟ၊ ဒီပုံစံမျိုးကို ကြည့်ခြင်းဖြင့် အဲဒါ နွားလို့ ခေါ်တယ်ဟ၊ ဒီပုံစံမျိုးကို ကြည့်ရင်ဖြင့် အဲဒါ ခွေးလို့ ခေါ်တယ်ဟ၊ ပုံစံမှတ်မှတ်ပြီးတော့ တစ်ခါတည်း ခေါ်မသွားဘူးလား (ခေါ်သွားပါတယ်ဆရာ)၊ အဲဒါ သဏ္ဌာနပညတ်လို့ ခေါ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဪ . . . ဒါလည်း သဏ္ဌာနပညတ်ပဲ၊ ပုံစံကို မှတ်ပြီးပြောနေတာ၊ အခုဉစ္စာက နာမပညတ်၊ အမည်မှတ်ပြီး ပြောနေကြတာလို့၊ ဒါ ပညတ်တရားလို့ တတ်ပြီး ပြောနေမယ်ဆိုလျှင် ကုန်စရာမရှိဘူးတဲ့၊ အမည်နာမတပ်ပြီးတော့ မှတ်နေတာက နာမပညတ်၊ ပုံစံလေးကို ကြည့်မှတ်ပြီး ခေါ်နေတာက သဏ္ဌာနပညတ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ) အတုံး အလုံး အခဲ အနေအားဖြင့် မှတ်ပြီး ခေါ်နေတာက ဃနပညတ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အမှတ်အသားသုံးစွဲပြီးတော့ ခေါ်နေတာက သင်္ကေတပညတ်၊ အရပ်လေးမျက်နှာ အရပ်ဆယ်မျက်နှာ အရပ်ရှစ်မျက်နှာတွေကို သတ်မှတ်ပြီး ခေါ်နေတာက ဒိသာပညတ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဘယ်အချိန် ဘယ်နာရီ ဒီနေ့ မနက်ဖြန် အစရှိသည်အားဖြင့် မှတ်သားပြီး ခေါ်နေတာက ကာလပညတ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ နာမပညတ်တို့၊ သမူဟပညတ်တို့၊ သဏ္ဌာနပညတ်လို့၊ ဃနပညတ်တို့၊ ဒိသာပညတ်တို့၊ ကာလပညတ်တို့ အများကြီးရှိတယ်။

http://www.dhammadownload.com



ဒါကြောင့် ခုနက ပြောထားတာ၊ နောက်တော့ တစ်ခုချင်း တစ်ခုချင်း ရှင်းသွားပါလိမ့်မယ်၊ သူ့ဟာသူ စဉ်းစား၊ အခုပြနေတာက နာမပညတ်လို့ ပြောရတာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့်ရင် အစကနေ ပြန်ပြောရအောင်၊ အမည်နာမကို နာမပညတ်လို့ ခေါ်တယ်၊ "ဒိုးလေး"လို့ အမည်တပ်ထားတဲ့ အမည်လေးကို နာမပညတ် မဟုတ်လား (နာမပညတ်ပါဆရာ)၊ မင်းကိုယ်မှာ ရှိသလား (မရှိပါဘူးဆရာ)၊ မရှိဘူး၊ ခေါ်တဲ့သူရဲ့ ပါးစပ်ဖျားက ထွက်လာတဲ့ အသံထွက်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် အမည်သစ်တပ်ထားတာပေ့ါ (ဟုတ်ကဲ့ပါဆရာ)၊ ဒါဟာ နာမပညတ်ပေ့ါ (ဟုတ်ကဲ့ပါဆရာ)၊ အမည်တပ်ခေါ်တာက နာမပညတ်၊ ဒီပညတ်ရဲ့အဓိပ္ပါယ်ကို သေချာမှတ်ပါ။ ဩော် . . . လက်စသတ်တော့ အမည်တပ်ထားတာကို၊ သူက အဟုတ်မှတ်နေတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် "ဒိုးလေး"ဆိုတဲ့ အမည်ကလေးရဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ တကယ် ဒိုးကလေးကို ရှာကြည့်တော့ တွေ့ရဲ့လား (မရှိပါဘူးဆရာ)၊ ဘာမှမတွေ့ဘူးပေ့ါ (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် မင်းကိုယ်မင်း လက်ညှိုးထိုးပြတယ်၊ "ဒိုးကလေး"ဆိုတဲ့ အသံထွက်နောက်ကွယ်မှာ တကယ်တရား ကိုယ် တရားသားအနေအားဖြင့် ရှိပါတယ်လို့ မင်းကိုယ်မင်းပုတ်ပြရင် ဟုတ်ပါမလား (မဟုတ်ပါဘူး ဆရာ)၊ မဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ မင်းကိုယ်ပုတ်ပြလို့ရှိရင် မင်းကိုယ်ရှိတာက ဓာတ်လေးပါး၊ ဓာတ်ရှစ်ပါး အစုအဝေး ရှိတာနော် (ဟုတ်ကဲ့ပါဆရာ)။

ဒိုးကလေး ရှိပါ့မလား (မရှိပါဘူးဆရာ)၊ ဒါဖြင့် ဒိုးကလေးဟာ အမည်ပေ့ါ (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် လောကကြီးတစ်ခုလုံး အကုန်သိမ်းကျုံးပြီးတော့ သေသေချာချာ ဝေဖန်ကြည့် စမ်းပါ၊ လူတဲ့၊ ယောက်ျားတဲ့၊ မိန်းမတဲ့၊ ပုဂ္ဂိုလ်တဲ့၊ သတ္တဝါတဲ့၊ အသက်လိပ်ပြာတဲ့၊ ကုလားထိုင်တဲ့၊ စားပွဲတဲ့၊ အိမ်၊ ကျောင်း၊ ဇရပ်၊ မြို့၊ ရွာ၊ နိုင်ငံတဲ့၊ လောကဓာတ်၊ တော၊ တောင်၊ ရေ၊ မြေတဲ့၊ သမုဒ္ဒရာတဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ တို့ပါးစပ်က တပ်တဲ့အမည်တွေ မဟုတ်ဘူးလား (ဟုတ်ကဲ့ပါ ဆရာ)၊ အဲဒါ နာမပညတ်ကြည့်ဆိုတာ မှတ်ထားနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီနာမပညတ်ရဲ့ အသံ ထွက်နောက်ကွယ်မှာ တကယ်လိုက်ရှာတော့ ဘာမှမတွေ့ဘူးဆိုတာ မှတ်ထားပါ၊ မင်းတို့တွေ့ရင် တွေ့လိမ့်မယ်၊ ရုပ်ကိုယ်တွေ့ရင် တွေ့လိမ့်မယ်၊ နာမ်ကိုယ်တွေ့ရင် တွေ့လိမ့်မယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ရုပ်နဲ့နာမ် နှစ်ပါးပေါင်းထားတာ တွေ့ရင် တွေ့လိမ့်မယ်၊ ရုပ်ချည်းသန့်သန့် တွေ့ရင် တွေ့လိမ့်၊ နာမ်ချည်းသန့်သန့် တွေ့ရင် တွေ့မယ်၊ ရုပ်နဲ့နာမ် နှစ်ပါးပေါင်းထားတဲ့ သဘောတရား တွေ့ရင် တွေ့လိမ့်မယ်၊ ယခုပြောနေတဲ့ ပါးစပ်က တပ်ထားတဲ့ အမည်နာမပညတ်တွေကတော့ ဘာမှ စူးစမ်းရှာဖွေလို့ မရပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် အခု ပါးစပ်က အမည်တပ်ထားတဲ့ နာမပညတ်သည် တကယ်မရှိဘူးဆိုတဲ့ အဓိပ္ပာယ်လေးကို နားလည်အောင် ဆိုပြီးတော့ မင်းကို ပုံစံလေး ပြထားတာ။

http://www.dhammadownload.com



အကယ်တန္တု "ဒိုးလေး"ဆိုတာ တကယ်ရှိတဲ့ တရားဟုတ်ရိုးမှန်ရင် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ မင်း ပဋ္ဌိသန္ဓေတည်စကတည်းက ပါလာတယ်၊ တကယ်ရှိတဲ့ တရားမှန်ရင်နော် (ဟုတ်ကဲ့ပါဆရာ)၊ ပဋ္ဌိသန္ဓေတည်စကတည်းက ပါလာသလား (မပါဘူးဆရာ)၊ ဒါဆို ကိုးလလွယ် ဆယ်လအတွင်း ရှိပါသလား (မရှိပါဘူးဆရာ)၊ ဖွားလာတော့ ရှိသလား (မရှိပါဘူးဆရာ)၊ ဖွားပြီးတဲ့ နောက်ပိုင်းကျမှ ခေါ်ရမည့်အချိန်ကျတော့ ဒိုးလေးပေါ်လာတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ရှိတဲ့တရား ဟုတ်ရဲ့လား (မရှိပါဘူးဆရာ)၊ ခေါ်လိုက်ပြန်တော့လည်း အသံထွက်ပဲ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အသံနောက်ကွယ်မှာ တကယ်ဒိုးလေးရှိသလား (မရှိပါဘူးဆရာ)၊ မရှိပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒိုးလေးလို့ခေါ်လိုက်တဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ ဒိုးလေးက တကယ်ရှိရင် သွားစမ်းကြည့် တွေ့မှာပေါ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အသံရဲ့နောက်ကွယ်မှာ ဒိုးလေးလို့ အသံထွက် လိုက်တယ်၊ ထွက်လာတဲ့အသံရဲ့နောက်ကွယ်မှာ သွားပြီးတော့ ဒိုးလေးကို စမ်းကြည့်လိုက်တော့ ဒိုးလေးကို တွေ့ရဲ့လား (မတွေ့ပါဘူးဆရာ)၊ ဘာတွေ့သလဲ (ဘာမှမတွေ့ပါဘူးဆရာ)၊ တွေ့လိမ့်မယ်၊ တစ်ခုခု တွေ့လိမ့်မယ်၊ အသံထွက်က "ဒိုးလေး"လို့ ငါခေါ်လိုက်တဲ့ အဲဒီဒိုးလေးရဲ့ အသံထွက် နောက်ကွယ်မှာ စမ်းကြည့်လို့ ဘာတွေ့ (ဒိုးလေးပဲ တွေ့မှာပါဆရာ)၊ ဟာ . . . ဟုတ်ပြီ၊ မင်းက လူဖြစ်သွားပြီပေါ့၊ မင်းကိုယ်ကြီး မတွေ့ဘူးလား (တွေ့ပါတယ်ဆရာ)၊ မင်းကိုယ်ကြီးတွေတာ "ဒိုးလေး" ဆိုတာ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)၊ ဘာကြီးတုံး (ရုပ်ကြီးပါဆရာ)၊ ရုပ်ကြီးဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ရုပ်တရားကြီးပဲ လာတွေ့တယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ "ဒိုးလေး"ဆိုတာ မဟုတ်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ ဟုတ်ပြီနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် ဒီရုပ်တရားကြီးကို သမုတ်ထားတာ ရှိသေးတယ်၊ အမည်တပ်ထားတာ ရှိသေးတယ်၊ ခေါင်းတဲ့, လက်တဲ့, ကိုယ်တဲ့, ခြေတဲ့, မျက်လုံးတဲ့, မျက်ခုံးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အသွေးတဲ့, အသားတဲ့, အရိုးတဲ့, အဆုပ်တဲ့, ဒါတွေဟာ အတူတူချည်းပဲ၊ ဘာမှမထူးပါဘူး၊ နာမပညတ်တွေပဲနော် (ဟုတ်ကဲ့ပါဆရာ)။

အေး . . . ဒါဖြင့်ရင် "ဒိုးလေး"ဆိုတဲ့ အမည်နာမပညတ်သည် ပညတ်တရားအစစ်ဖြစ်ပြီး လုံးဝ မရှိသောတရားဖြစ်၏။ နောက်ကွယ်မှာ တကယ်ရှာကြည့်လျှင် "ဒိုးလေး"ဆိုတာ လုံးဝမရှိဘူး၊ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် "ပညတ်"ဆိုတဲ့ တရားသည် လုံးဝမရှိသော တရား ဖြစ်ပါ၏နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ပုပုရွရွမြင်သမျှ အားလုံးသော ပုဂ္ဂိုလ်အများက တို့လူစုက ဘယ့်နှယ့် ထင်သတုံး၊ "ဒိုးလေး"ဆိုတာ တကယ်ရှိတယ်လို့ ထင်ကြ၏ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာ တကယ်ရှိတယ်လို့ ထင်ကြ၏၊ ယောကျ်ား မိန်းမ တကယ်ရှိလို့ ထင်ကြ၏နော် (ဟုတ်ကဲ့ပါဆရာ)၊ အကောင်အထည် တကယ်ရှိတယ်လို့ ထင်ကြ၏၊ မထင်ဘူးလားကွာ၊ (ထင်ကြ

http://www.dhammadownload.com



ပါတယ်ဆရာ)၊ ဒါဖြင့် ကောင်းပါပြီ၊ "ဒိုးလေး"ဆိုတာကို ပြန်ကြည့်ပါ၊ အခုနက လူတစ်ရာမှာ ကိုးဆယ့်နဲ့ကိုးယောက်က ဒိုးလေးရှိတယ်၊ ဒိုးလေး ဟုတ်တယ်၊ ဒိုးလေး မှန်တယ်၊ "ဒိုးလေး"ဆိုတာ ယောက်ျား, ပုဂ္ဂိုလ်, သတ္တဝါ, အသက်လိပ်ပြာ, အကောင်အထည်နဲ့, ဒိုးလေးသည် တကယ်ရှိတဲ့ တရားကြီးနဲ့ ယူထားတဲ့ အယူဝါဒ မှားသလား၊ မှန်သလား (မှားပါတယ်ဆရာ)၊ မှားတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဘာဖြစ်လို့ မှားသလဲ၊ တကယ်ရှိလို့ ယူထားတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့်ရင် "ဒိုးလေး"ဆိုတာ တကယ်မရှိတဲ့တရားပေါ့ (တကယ်မရှိတဲ့တရားပါဆရာ) တကယ် လုံးလုံး မရှိတဲ့တရားပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ သူ့ကို ဘာတရားခေါ်သလဲ (ပညတ်တရား ခေါ်ပါတယ်ဆရာ)၊ ပညတ်တရားနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီပညတ်တရားကို အမည်နာမည် တပ်မှတ်ခေါ်လို့ နာမ ပညတ်လို့ ခေါ်ပါတယ် (ဟုတ်ကဲ့ပါဆရာ)။ ပညတ်ကျတော့ အမည်နာမတွေ တပ်ခေါ်ထားတာ အများချည်းရှိတာပေါ့။

ဒါဖြင့် ပညတ်ဆိုတဲ့တရားသည် နာမပညတ်ပဲဖြစ်ဖြစ်၊ သဏ္ဌာန်ပညတ်ပဲဖြစ်ဖြစ်၊ ဃနပညတ် ဖြစ်ဖြစ်၊ သမူဟပညတ်ပဲဖြစ်ဖြစ်၊ ကာလပညတ်ပဲဖြစ်ဖြစ်၊ ဒိသာပညတ်ပဲဖြစ်ဖြစ် (ဟုတ်ကဲ့ပါဆရာ)၊ ဘာပညတ်ဖြစ်ဖြစ် ပညတ်မှန်လျှင် လုံးဝမရှိသောတရား နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ ပညတ်မှန်လျှင် လုံးဝမရှိသောတရား၊ ဒါဖြင့် "ဒိုးလေး"ဆိုတာ ပညတ်ပဲမဟုတ်လားကွ (ပညတ်တရား ပါဆရာ)၊ လုံးလုံးဘာမှမရှိတဲ့တရားကြီးကို အကောင်အထည် အထည်ဒြပ်သဏ္ဌာန်အနေအားဖြင့် "ဒိုးလေး"သည် တကယ်ရှိပါတယ်လို့ ယုံကြည်နေတဲ့ ယုံကြည်မှုသည် မှားသလား၊ မှန်သလား (မှားပါ တယ်ဆရာ)၊ မှားတယ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ဒီအယူဝါဒ မှားတယ်ပေါ့ (မှားပါတယ်ဆရာ)၊ မှားရင် ဒီအယူသည် ဘာအယူလဲလို့ မေးရင် မိစ္ဆာအယူတဲ့၊ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ ဘာ အယူလဲ (မိစ္ဆာအယူပါဆရာ) မိစ္ဆာအယူ မှတ်မိရဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ မြန်မာလိုပြန်တော့ မိစ္ဆာအယူ ဆိုတာ ဘာခေါ်လဲ (အယူလွဲတယ်လို့ ခေါ်ပါတယ်ဆရာ)၊ အယူမှားနေတာနော် (ဟုတ်ကဲ့ပါဆရာ)၊ မိစ္ဆာအယူလား (ဟုတ်ကဲ့ပါဆရာ)၊ ဒီအယူမှားတာပေါ့ (ဟုတ်ကဲ့ပါ ဆရာ)၊ ဟော . . . ဒါက မိစ္ဆာ အယူ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မိစ္ဆာအယူ မြန်မာလိုပြန်တော့ (အယူမှားတယ်လို့ ခေါ်ပါတယ်ဆရာ)၊ အယူမှားတယ် ခေါ်တယ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဘာဖြစ်လို့ အယူမှားနေသလဲ၊ (မရှိတာကို ရှိတယ်လို့ မှတ်နေပါတယ်ဆရာ)၊ မရှိတာကို ရှိတယ်လို့ မှတ်နေတယ်လို့လား (ဟုတ်ကဲ့ပါ ဆရာ)၊ မရှိတာကို ရှိတယ်လို့ ယူနေတာပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ဒီတရားက ဘာတရားကွ (ပညတ် တရားကြီးပါဆရာ)၊ ဩော် . . . ပညတ်တရားလား (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



အခုပြောနေတာ ဘာပညတ်တရားပါလိမ့် (နာမပညတ်ပါဆရာ)၊ နာမပညတ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီနာမပညတ်ကို အမိပါးစပ်က တပ်ထားတဲ့ အသံထွက်အမည်လေးကို တကယ်ကိုပဲ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်အားဖြင့် တကယ်ရှိတယ်၊ တကယ်ဟုတ်တယ်၊ တကယ်မှန်တယ်လို့ တစ်ရာမှာ ကိုးဆယ့်ကိုးဆိုတဲ့ တို့လူစုတွေ မယုံကြည်ဘူးလား (ယုံကြည်ပါတယ်ဆရာ)၊ မယူဆဘူးလား (ယူဆပါတယ်ဆရာ)၊ ဩော် . . . ဒီယုံကြည်မှု ယူဆမှုသည် မှားသလား၊ မှန်သလား (မှားပါတယ်ဆရာ)၊ ဒီအယူမှားတယ်လား (ဟုတ်ကဲ့ပါဆရာ)၊ မှားရင် ဒီအယူ ဘာခေါ်သလဲ (မိစ္ဆာအယူပါဆရာ)၊ မိစ္ဆာအယူတဲ့နော် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မိစ္ဆာအယူတဲ့၊ အဲဒီမိစ္ဆာအယူဆိုတဲ့ အယူမှားကြီးနော်၊ အဲဒီမိစ္ဆာအယူ မဖြူစင်သမျှကာလပတ်လုံးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဘယ်သောအခါမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်ဘူးနော်။

ပညတ်ဆိုတာ မရှိတဲ့တရား၊ ပရမတ်ဆိုတာ ရှိတဲ့တရား၊ ဒီတော့ မရှိတာ ပညတ်၊ ရှိတာ ပရမတ်၊ အတိုလေးတွေ မြန်မာလို မှတ်ပေါ့၊ မရှိတဲ့ပညတ်တရားကို မရှိဘူးလို့ သိလာအောင် သင်ပေးရမယ်၊ ရှိတဲ့ ပရမတ်ကျတော့ ရှိမှန်းသိအောင် သင်ပေးရမယ်လို့၊ ဘာဖြစ်လို့လဲဆိုတော့ မရှိတဲ့ပညတ်တရားကိုပဲ အားလုံးက ရှိတယ်လို့ ယူဆထားကြတယ်၊ မရှိတဲ့ပညတ်တရားကို ရှိတယ်လို့ ယူဆရင် ဒီအယူအဆက မှားသလား, မှန်သလားလို့ မေးရင် မှားနေတယ်။ ဒီတော့ ရှိတဲ့ တကယ့်ပရမတ်တရားကိုတော့ မရှိဘူးလို့ ယူဆနေရင် ဒီအယူအဆဟာ မှားသလား၊ မှန်သလား ဆိုရင် မှားနေတယ်၊ တရားကို သေသေချာချာ စိစစ်ကြည့်လို့ရှိရင် အခြေခံအားဖြင့် မရှိတဲ့တရားနဲ့ ရှိတဲ့တရား နှစ်ပါး၊ မရှိတာက ပညတ်တရား၊ ရှိတာက ပရမတ်တရား ဒီတော့ ဒီတရားနှစ်ပါး အရင်းအားဖြင့် ရှိနေသည့်အနက်မှာ မရှိတဲ့ပညတ်တရားကို အရှိမှတ်တယ်၊ ရှိတဲ့ ပရမတ်တရားကိုတော့ မရှိဘူးလို့ မှတ်တယ်ဆိုတော့ နှစ်ဖက်စလုံးလွဲနေတယ်၊ မလွဲဘူးလား (လွဲနေပါတယ်ဆရာ)၊ နှစ်ဖက်လုံးလွဲနေတယ်၊ အဲဒီနှစ်ဖက်လုံးလွဲနေတာ တစ်ဖက်မှ အမှန်မရဘူး၊ နှစ်ဖက်စလုံး လုံးဝလွဲနေတော့ ဒါသံသရာရဲ့လမ်းသွားတာ ဒီအယူမျိုး ဒီအမြင်မျိုးနဲ့ သွားနေလို့ရှိရင် ဘယ့်နှယ့်နည်းမှ သံသရာဝဋ်က ကျွတ်ဖို့ လွတ်ဖို့လည်း မဖြစ်နိုင်ဘူး၊ မိမိတို့ အလွန်လိုချင်တယ်ဆိုတဲ့ မဂ်တရား ဖိုလ်တရားသည် ရဖို့ အလွန်မှခဲယဉ်းတယ်။ ဘာကြောင့်တုံးဆိုတော့ အခြေခံအားဖြင့် မရှိ ပညတ်၊ ရှိ ပရမတ်ဆိုတဲ့ တရားနှစ်ပါးမှာ မရှိဘူးဆိုတဲ့ ပညတ်တရားကိုလည်းပဲ ရှိတယ်လို့ မှတ်ခြင်းသည် မှား၏။ ရှိတယ်ဆိုတဲ့ ပရမတ်တရားကိုလည်း မရှိဘူးလို့ မှတ်ခြင်းသည် မှား၏။ ဒီလိုမှားနေတော့ ဒီအမှားနှင့် ဒီအယူဝါဒနဲ့ နေကြလို့ရှိရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေ မရနိုင်ဘူး။ ဒါကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရလည်းပဲ နိဗ္ဗာန်နဲ့ အလှမ်းဝေးတယ်၊ နိဗ္ဗာန်ရောက်တယ်, ရတယ် ဆိုတာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကျော်သွားပြီ၊ မဖြစ်ကောင်းတာမို့ မဂ်ဉာဏ်,

http://www.dhammadownload.com



ဖိုလ်ဉာဏ်ရပြီးမှ အဆင့်ဆင့်တက်လို့ နိဗ္ဗာန်မျက်မှောက်ပြုကြ၊ ရကြတယ်လို့။ ဒါကြောင့် လုံးဝထင်ရှား မရှိသော ပညတ်တရားကိုလည်း မရှိမှန်းသိလေအောင် လုံးဝတကယ်ထင်ရှားသော ပရမတ်တရား ကိုလည်း ရှိမှန်းသိလေအောင် အဲဒီနှစ်ပါးကို အခြေခံအားဖြင့် ခွဲခြားပြီးတော့ ပြတယ်၊ ဒါကို သင်ကြား ပေးတယ်။

ဒါကြောင့် ဒီမရှိတဲ့ ပညတ်တရားဟာ ဘာလဲလို့ မေးလို့ရှိရင် မနေ့ညက ပြောထားတဲ့အတိုင်း သမာဓိလည်း ကောင်းကောင်းထားပေ့ါလေ၊ မြန်မာလို မှတ်လည်းမှတ်ပေ့ါ၊ ဒီတော့ ပညတ်တရား ဆိုတာ စာသံပေသံနဲ့ ပြောနေတာ၊ တို့မြန်မာလိုအနေအားဖြင့် ဘယ်လိုမှတ်ရပ့ါမလဲ၊ ဒီတော့ လွယ်လွယ်မှတ်ထား၊ အဲဒီမှာ လွယ်ပေမယ်လို့ အာရုံစိုက်ပြီး သမာဓိထားမှ ဒီပညတ်ဟာ လုံးလုံး ဘာမှမရှိတဲ့တရား၊ ဒါကို ပညတ်လို့ခေါ်တာ၊ အဲဒီလုံးလုံးဘာမှ မရှိတဲ့တရားဟာ အမှန်ကတော့ ဘာမှမရှိရင် ဘာပြောဖို့ လိုသေးလဲ ဆိုတော့ ဘာမှပြောဖို့ မလိုပါဘူး၊ ဘာဖြစ်လို့လဲ ဘာမှမရှိမှ မရှိ ဘဲကို။ ဒီလိုလည်း ပြောစရာ၊ ဖြစ်တာ အမှန်ကတော့ ဘာကြောင့် ပြောရသလဲလို့ မေးရင် အဲဒီ ဘာမှမရှိတာကိုပဲ ရှိတယ်လို့ မှတ်ထင်နေကြတယ်၊ ယူဆနေကြတယ်၊ သိနေကြတယ်၊ ဒီလိုဆိုတော့ မလွဲလားဟ (လွဲနေပါတယ်ဆရာ)၊ အဲဒီလွဲမှားမှုကို ပြင်ပေးရမယ်လို့ ရှိတဲ့ပရမတ်တရားကြီးကျတော့ ရှိမှန်းကို လုံးလုံးမသိကြဘူး။ တချို့လည်း မရှိဘူးလို့ မှတ်နေတယ်။ အဲဒီလိုဖြစ်နေလို့ ဒီအတွင်းစကား အားဖြင့် ပညတ်နဲ့ပရမတ်၊ မရှိတဲ့တရားနဲ့ ရှိတဲ့တရား နှစ်ပါးနော်၊ မြန်မာလိုအားဖြင့် မရှိတဲ့တရား ကိုလည်း ရှိတယ်လို့ မှတ်ထင်ခြင်း၊ တကယ်ရှိတဲ့တရားကျတော့လည်းပဲ မရှိဘူးလို့ မှတ်ထင်ခြင်းဆိုတဲ့ နှစ်ဖက်စလုံး လွဲနေတယ်။ အင်မတန်မှ ကြောက်စရာကောင်းလှတဲ့ အမှားပဲလို့၊ အဲဒီလို အမှားမျိုး ဘာဖြစ်လို့ မှားလဲဆိုတော့ သံသရာတောက်လျှောက်ကြီးလာသမျှ ဘုရားအဆူဆူ ပွင့်တော်မူသမျှ တစ်ဆူမပွင့် တစ်ဆူပွင့်မှာပဲ၊ တစ်သာသနာမတွေ့ရင် တစ်သာသနာတွေ့မှာပဲလို့။ ဒါပေမယ့် တို့ လူစုဟာ သံသရာထဲမှာ ယနေ့အထိ ငုတ်တုပ်လည်တုန်း ရှိနေတာ ဘာ့ကြောင့်၊ အဲဒီအမှားနှစ်ခု တစ်ခုမှ မပြင်နိုင်လို့၊ ဒါကြောင့် ဘုရားအဆူဆူပွင့်နေပေမယ့် သေကျိုးလည်း မနပ်ဘူး။ သံသရာ လည်း ငုတ်တုပ်ပဲ၊ တစ်မဂ်, တစ်ဖိုလ်မှလည်း မရဘူး၊ သံသရာလည်း မကျွတ်ဘူး၊ ဘာဖြစ်လို့၊ ဒီအမှားနှစ်ခု တစ်ခုမှ မပြင်နိုင်လို့တဲ့၊ အင်မတန်ကြောက်စရာကောင်းပါတယ်။

ဒီတော့ ဒီအမှားကြီးဟာ ဒီလိုပဲ ရှေ့ဆက်ပြီးတော့ ဆက်တိုက်မှားနေရင်၊ ဘယ့်နှယ့်နည်းနဲ့မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်လည်း ရမှာ မဟုတ်ဘူး၊ နိဗ္ဗာန်လည်း ရောက်လို့ ဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် သံသရာဝဋ်က တကယ်ကျွတ်နိုင်၊ လွတ်နိုင်တယ်ဆိုတဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဟာ အဓိကအချက် ပါပဲ၊ အခုမှားနေတဲ့ အမှားနှစ်မျိုး ပြန်ပြီးတော့ ပြင်ကြရမယ်။ အမှန်တွေ ရောက်အောင် အဲဒါ

http://www.dhammadownload.com



လွယ်သလားဆိုတော့ လွယ်တော့ မလွယ်ပါဘူး၊ ဘာဖြစ်လို့ မလွယ်လဲဆိုတော့ တစ်သံသရာလုံးမှာ အစွဲက နာလာတော့ ခုနေ နုစဉ်အားဖြင့် ရှုန်းမယ်၊ ကိုယ့်ကိုကိုယ် ပြင်ကြမယ်၊ ဆင်ကြမယ်ဆိုတော့ ရုတ်တရက် မလွယ်ကူလှဘူး။ ဒါပေမယ့် ပုဂ္ဂိုလ်များရဲ့ ပါရမီဓာတ်ခံရင့်သန်မှု အနုအရင့်လိုက်လို့ ကြွေရဲ့အနုအရင့်လိုက်လို့ လွယ်လည်းလွယ်တတ်ပါတယ်၊ ခက်လည်း ခက်တတ်ပါတယ်၊ ဒီပြင်တဲ့ အခန်းလေး၊ ဘာဖြစ်လို့ ပညတ်ဆိုတဲ့ မရှိတဲ့တရားကြီးဟာ ရှိတယ်ဆိုတဲ့ ဝါဒနဲ့ တစ်သာသနာလုံးက လာကြတယ်။

ထိုဘုံသုံးပါးမှာရှိတဲ့ သတ္တဝါများလည်းပဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရတဲ့ အရိယာပုဂ္ဂိုလ်များ အသာထားပေ့ါ၊ အရိယာပုဂ္ဂိုလ်များ မြင်ထားသိထားတဲ့ အသိဉာဏ်ကို အသာထားပေ့ါ၊ ပညာမျက်စိ လုံးလုံး မရှိတဲ့ အန္ဓပုထုဇဉ်တွေ လောကမှာ ကြည့်မယ်ဆိုလို့ရှိရင် လူ့လောကရယ်, နတ်လောကရယ်, ဗြဟ္မာ့ လောကရယ် ပညာမျက်စိကမရှိတော့ အခုပြောနေတဲ့ မရှိဘူးဆိုတဲ့ မရှိတရားကိုပဲ အရှိထားပြီးတော့ အလုပ်လုပ်နေကြတယ်။ ဒါကြောင့် တစ်မှားတည်း မှားနေတယ်လို့၊ အဲဒီအမှားကြီး ပြင်ပေးကြပါ၊ ပြင်ပေးတော့ ရုတ်တရက် ရမလားဆိုတော့ ရချင်မှ ရမယ်။ ဒါပေမယ့် သည်းခံပြီးတော့ တစ်ညပြီး တစ်ည ဒီလိုဆက်ကာဆက်ကာ ဒီအမှားကြီးဟာ အမှန်မြင်လာအောင် သည်းခံပြီး သမာဓိကောင်းကောင်းထားပြီးတော့ မှတ်သားကြပါလို့၊ အဲဒီအမှားကြီး ကျော်သွားလို့ရှိရင်ဖြင့် အမြင်မှန်ဉာဏ် တစ်ချက်တော့ လင်းလာပေ့ါ၊ တို့တော့ လင်းလာခဲ့တယ်။ အရင်တုန်းက တစ်မှားတည်း မှားလာ၊ ခုတော့ အမှန်ဓာတ်တွေ လင်းလာပေ့ါလို့ ဒီလိုဝမ်းသာကြပေ့ါ။

ဒါကြောင့် မနေ့ညက စပြသွားတဲ့ လောကကြီးမှာ သုံးနေတဲ့စကားလုံး အသံထွက်တွေမှန်သမျှ အလွယ်နဲ့မှတ်ဖို့ဆိုတာ အဲဒါပညတ်ပါလို့၊ ငါတို့သူငါ လူတကာတွေရဲ့ ပါးစပ်ဖျား မထပ်မနား ခေါ်ဝေါ်သုံးစွဲနေတဲ့ စကားလုံးဆိုတဲ့ အသံထွက်တွေသည် ဒါပညတ်ပါပဲ၊ အကုန်လုံး ဒီလိုမှတ်ရင် မလွယ်ဘူးလားကွာ (လွယ်ပါတယ်ဆရာ)၊ အေး . . . ကိုယ့်ကိုကိုယ်လည်း ပြန်ကြည့်ရတယ်၊ ငါတို့ ပါးစပ်က ထွက်နေတဲ့စကားလုံး အသံထွက်တွေဟာ အဲဒါမရှိတဲ့ ပညတ်တရားလို့ ပြောသွားတယ်၊ မရှိဘူးတဲ့၊ ဘယ်လိုမရှိတာလဲ၊ ကိုယ့်ပါးစပ်က ခေါ်ကြည့်ပေ့ါလေ၊ အိမ်ရောက်တော့ ငါခေါ်ကြည့် လိုက်မယ်၊ အိုးတဲ့, အိမ်တဲ့, စားပွဲတဲ့, ကုလားထိုင်တဲ့, ကျောင်းသားတဲ့, အစရှိသည်အားဖြင့် ဘယ်သူရေ ဘယ်ဝါရေ ငါ့အရပ်ထဲလည်း သုံးစွဲနေတဲ့စကားလုံး နေ့စဉ်နဲ့အမျှ ပါးစပ်က တတွတ်တွတ်နဲ့ အမြဲတစေ ပြောဆိုသုံးစွဲနေတဲ့ စကားလုံးတွေ အသံထွက်တွေပဲ၊ အဲဒီအသံထွက်တွေက အမှန်အားဖြင့် ဒါပညတ်တရားတွေပဲ၊ မရှိတဲ့တရားတွေပဲ၊ လုံးလုံးမရှိတဲ့တရားတွေပဲ၊ ဘာမှမရှိဘူး၊ ဘာမရှိတာလဲလို့ မေးတော့ အဲဒီစကားလုံးအသံထွက်ရဲ့နောက်ကွယ်မှာ တကယ် ဝတ္ထုပစ္စည်း အထည်ဒြပ်သဏ္ဌာန်

http://www.dhammadownload.com



လည်း ရှာကြည့်တော့ ဘာမှမရှိဘူး၊ ငါတို့ ယုံကြည့်တဲ့၊ ယောက်ျားတဲ့, မိန်းမတဲ့, ပုဂ္ဂိုလ်တဲ့, သတ္တဝါတဲ့, အသက်လိပ်ပြာတဲ့, အိုးတဲ့, အိမ်တဲ့, တောတဲ့, တောင်တဲ့, မြို့တဲ့, ရွာတဲ့, နိုင်ငံတဲ့, အစရှိသည် အားဖြင့် ကမ္ဘာလောကကြီးတဲ့, ဗိမာန်တဲ့, နေတဲ့, လတဲ့, နက္ခတ်တာရာတဲ့, အစရှိသည်အားဖြင့်၊ ဒါလောက်အရပ်ထဲမှာ သုံးတဲ့စကားလုံးတွေပဲ။

ခုနက ငါ အဲဒါတွေကို အခြေခံထားပြီ၊ ဘယ်သူရေ၊ ဘယ်ဝါရေ၊ ဘယ်သွားစမ်းပါ၊ ဘာလုပ် စမ်းပါအုံး၊ ငါ့ကို ဘာပေးစမ်းပါအုံး၊ ဘယ်သူလာစမ်းပါအုံး၊ ဘာသုံးဆောင်ပါအုံး စသည်ဖြင့် အရပ် ထဲက သုံးစွဲနေတဲ့ စကားလုံးအသံထွက်တွေပဲ၊ တစ်ခုလောက် အခြေအမြစ်ကလေးမှ မရှိမှန်း ပေါ်လာရင် ဒါတွေ စဉ်းစားရမယ်။ ဒီတော့ တို့ဘက်က ဘာစဉ်းစားမလဲ၊ အဲဒါကြောင့် အခိုင်အမာဆုံး အနေအားဖြင့် လူလို့ခေါ်ထားတဲ့ဥစ္စာ၊ အဘဘုရား ယုံကြည်ထားတာ လူရှိတယ်၊ တို့အရပ်ထဲ လူဟဲ့၊ လူက ယောက်ျားလား, မိန်းမလား, ယောက်ျားတွေရော, မိန်းမတွေရော, ကလေးတွေရော, လူကြီးတွေ ရော, လူလတ်, လူရွယ်, ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါအကောင်အထည်တွေပဲ၊ ဒါပုဂ္ဂိုလ် တွေပဲ၊ ဒါသတ္တဝါတွေပဲ၊ ဒါအသက်လိပ်ပြာတွေပဲ၊ ဟော . . . ဒါတွေဟာ ငါတို့ပါးစပ်ဖျားမှာ မထပ် မနား သုံးနေတဲ့ စကားလုံးတွေပဲလို့ အဲဒီသုံးစွဲတဲ့အတိုင်းပဲ မိမိတို့က ယုံကြည်တယ်၊ ဘယ်လို ယုံကြည် သလဲဆိုတော့ လူရှိတယ်၊ ယောက်ျား, မိန်းမရှိတယ်, ပုဂ္ဂိုလ်သတ္တဝါရှိတယ်, အသက်လိပ်ပြာ ရှိတယ်, အကောင်အထည်ရှိတယ်, အထည်ဒြပ်သဏ္ဌာန်ရှိတယ်၊ ပုံပန်းသဏ္ဌာန်ရှိတယ်, အိုး, အိမ်, ကျောင်း, ကန်, ဘုရား, တန်ဆောင်း, ပြာသာဒ်, မြို့, ရွာ, နိုင်ငံ, ဘုံ, ဗိမာန်, နေ, လ, နက္ခတ်တာရာ အစရှိသည်အားဖြင့် ဒါတွေလည်း ရှိတယ်။ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ ရှိတယ်။ ဒီလို ကိုယ့်စိတ်ထဲမှာ အမြဲတစေ မှတ်နေတယ်။

ခုန စောစောက ပြောခဲ့တဲ့ ပုဂ္ဂိုလ်, သတ္တဝါ, ဆိုတဲ့ အချိန်ကစပြီးတော့ ဒါတွေဟာ တကယ် ရှိတဲ့တရားတွေပဲလို့၊ တို့ပါးစပ်က ထွက်လိုက်တဲ့အသံထွက်ရဲ့နောက်ကွယ်မှာတို့က သတ္တဝါရှိတယ် ဆို၊ သတ္တဝါဆိုတဲ့ အသံထွက်စကားလုံးလေးရဲ့ နောက်ကွယ်မှာ သတ္တဝါကောင်ရှိရမယ်၊ တို့က လူလို့ ခေါ်လိုက်ရင် လူလို့ ဆိုလိုက်တဲ့ အသံထွက်ကလေးရဲ့နောက်ကွယ်မှာ တကယ့်လူရှိရမယ်၊ တို့က ယောက်ျားလို့ ခေါ်လိုက်ရင် တို့ ယောက်ျားလို့ ခေါ်လိုက်တဲ့အသံထွက်ရဲ့နောက်ကွယ်မှာ ယောက်ျား ရှိရမယ်။ တို့က မိန်းမလို့ ခေါ်လိုက်ရင် တို့ခေါ်တဲ့ မိန်းမရဲ့အသံထွက်ရဲ့နောက်ကွယ်မှာ မိန်းမတကယ် ရှိရမယ်။ တို့က အိုး, အိမ်, ကျောင်း, ကန်, ဇရပ်, မြို့, ရွာ, နိုင်ငံလို့ ခေါ်လိုက်ရင် တို့ရဲ့အသံထွက်ရဲ့ နောက်ကွယ်မှာ တကယ်အိုးတွေ, အိမ်တွေ, ကျောင်း, ကန်, ဇရပ်, မြို့, ရွာ, နိုင်ငံရှိရမယ်။ တော, တောင်, ရေ, မြေ, သမုဒ္ဒရာလို့ တို့ပါးစပ်က ထွက်လိုက်ရင် တို့ပါးစပ်က ခေါ်ဝေါ်လိုက်တဲ့ စကားလုံးရဲ့

http://www.dhammadownload.com



နောက်ကွယ်မှာ တကယ် တော, တောင်, ရေ, မြေ, သမုဒ္ဒရာတွေ ရှိရမယ်။ ဒီလိုယုံကြည်မှု ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ မယုံကြည်ဘူးလား (ယုံကြည်ပါတယ်ဆရာ)။ အဲဒါလူပုံတော် ဆရာလေးတွေ ယုံကြည်တာ၊ ဒါက အဆန်းတော့ မဟုတ်ပါဘူး။

လောကသုံးပါးမှာ ထင်ရှားပွင့်လာတဲ့ တို့ဘုရားကိုယ်တော်မြတ်က လူ့လောကကြီးမှာ အယူခံ လေးနဲ့ စလာတယ်၊ ကြည့်လိုက်တော့ ဒါတွေကို မြင်လိုက်တယ်။ ဩော် . . . အခု သတ္တလောက ခေါ်ဆိုတဲ့ လူ့လောကကြီးမှာ ငါဘုရားကိုယ်တော်မြတ် ပွင့်တော်မူလာတော့ ငါသဗ္ဗညုတဉာဏ်တော် ထင်နေတာ လုံးဝမရှိတဲ့ ပညတ်တရားတွေပဲ၊ သုံးထားတဲ့ စကားလုံးရဲ့နောက်ကွယ်မှာ ဘာမှမရှိဘူး၊ သူတို့ထင်သလို၊ သူတို့မြင်သလို၊ သူတို့ ယူဆသလို ပုဂ္ဂိုလ်ဆိုတဲ့ အသံထွက်နောက်ကွယ်မှာ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါဆိုတဲ့ အသံထွက်နောက်ကွယ်မှာ သတ္တဝါမရှိ၊ ယောကျ်ား မိန်းမ အသံထွက်ရဲ့ နောက်ကွယ်မှာ ယောကျ်ား မိန်းမ တကယ်မရှိ၊ အသက်လိပ်ပြာဆိုတဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ အသက်လိပ်ပြာမရှိ။ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ, လောကဓာတ်မရှိ ကိုယ်တော်မြတ် ဒီလိုမြင်တော်မူတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ သဗ္ဗညုတဉာဏ်တော် ဆိုတာလည်း သိစရာကုန်သွားတဲ့ဉာဏ်မျိုးခေါ်ပါတယ်၊ သင်္ခါရ ဝိကာရ လက္ခဏ နိဗ္ဗာန် ပညတ်တွေကို ဉေယျဓမ္မတရား ငါးပါးလို့ ခေါ်တယ်၊ ဉေယျဓမ္မဆိုတာ တခြားမဟုတ်ပါဘူး၊ ဉေယျဓမ္မဆိုတာ သိအပ်သောတရား ငါးပါးခေါ်တယ်။ အဲဒီတရားငါးပါးကို တူရာတူရာ ပေါင်းထားလို့ "ဉေယျဓမ္မ"လို့ ခေါ်ပါတယ်၊ ဒါဖြင့် သိကောင်းစရာက ဒီငါးမျိုးအပြင် မရှိဘူး၊ ဒါ တူရာတူရာပေါင်းတာ လောကကြီးမှာ။ ဩော် သိကောင်းတဲ့ တရားဟာ တူရာတူရာပေါင်းလိုက်တော့ ငါးမျိုးရှိတယ်၊ သင်္ခါရ ဝိကာရ လက္ခဏ နိဗ္ဗာန် ပညတ် ငါးမျိုးပဲ၊ ဩော် . . . ဒါကြောင့် သူတို့ကို ဉေယျဓမ္မလို့ ခေါ်ထားတယ်၊ ဉေယျခံတရားလို့လည်း ခေါ်ထားတယ်၊ ဒီလို မြတ်စွာဘုရားကိုယ်တော်မြတ် ရထားတဲ့ သဗ္ဗညုတဉာဏ်တော်က အဲဒီလို သိကောင်းသမျှ၊ သိအပ်သမျှ၊ သိခဲ့သမျှဆိုတဲ့ တရားငါးပါး အကုန်အကြွင်းမရှိ သိမြင်တော်မူတဲ့ သဗ္ဗညုတဉာဏ်တော်ရှင် တကယ်ထက်မြက်တဲ့ဉာဏ်တော်ကြီးကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အသိကုန်ပြီလို့ ဒီလိုပြတာ။

အဲဒီလိုအသိကုန်တဲ့ ဉာဏ်တော်နဲ့ ချိန်ပြီး ဝေဖန်လိုက်တော့ လူ့လောက သတ္တလောကကြီး အကန်းလောကကြီး ပညာမျက်စိက လုံးဝမရှိတော့ တစ်ယောက်မှ မှန်တာကို မြင်တဲ့ပုဂ္ဂိုလ် ရှာလို့မရဘူး၊ ပညာမျက်စိမရှိကြဘူးတဲ့၊ ဘယ့်နှယ့်ဖြစ်နေသလဲ။ ခုနပြောတဲ့ သတ္တလောကခေါ်ထားတဲ့ အန္ဓပုထုဇဉ်တွေ လူသားတွေရဲ့ ပါးစပ်ဖျားမှာ မထပ်မနား ကိုယ်အချင်းချင်း နားလည်မှုယူပြီး သုံးနေတဲ့ စကားလုံးရဲ့နောက်ကွယ်မှာ သုံးတိုင်းသုံးတိုင်း တကယ်ရှိတယ်လို့ မှတ်နေတယ်၊ မမှတ်ဘူးလား (မှတ်

http://www.dhammadownload.com



နေပါတယ်ဆရာ)၊ သုံးတိုင်း သုံးတိုင်း တကယ်ရှိတယ်လို့ ယုံကြည်နေကြတယ်၊ သုံးတိုင်း သုံးတိုင်း စကားလုံးရဲ့ နောက်ကွယ်မှာ တကယ်ဟုတ်တယ်၊ တကယ်မှန်တယ်၊ တကယ်ရှိတယ်လို့ ယူဆနေတယ်။ အဲဒီယူဆနေတဲ့ အယူဝါဒဟာ အမှားတကာ အမှားကြီးပဲ၊ အမှားဆုံးတရား ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မှားနေပြီတဲ့၊ ဒီလိုယုံကြည်မိထဲက မှားနေပေ့ါ။ ဒါကြောင့် လုံးဝဘာမှမရှိတဲ့ ပညတ်တရားကို တကယ်ရှိတယ်လို့ အမှတ်မှား၊ အယူမှား၊ အသိမှားလို့ မှားနေကြတာဖြင့် ထိုအယူသည် ဒါမိစ္ဆာအယူပဲ၊ ကိုယ်တော်မြတ် ဒီလိုမှားနေတဲ့ မိစ္ဆာအယူစင်ကြယ်အောင် ဆိုပြီးတော့ တကယ်ရှိတဲ့ ပရမတ်နဲ့ ယှဉ်ပြထားတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ချစ်သား, ချစ်သမီးတို့ တကယ်ရှိတာက ပရမတ်တရား၊ ပရမတ်တရားကျမှ တကယ်ရှိတာ၊ တကယ်မှန်တယ်၊ တကယ်ဟုတ်တယ်။ အခု ချစ်သား ချစ်သမီးတို့ရဲ့ ပါးစပ်ဖျားက မထပ်မနား သုံးစွဲနေတဲ့ စကားလုံးတွေက အသံထွက်ပဲ ရှိတယ်၊ အသံပဲရှိတယ်။ အဲဒီအသံရဲ့နောက်ကွယ်မှာ ထိုအသံက ညွှန်ပြထားတဲ့ တရားကိုယ် ပရမတ်တရားသားမရှိပါဘူး၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် အရပ်ထဲမှာ သုံးနေတဲ့စကားလုံး-ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, ကလေး, လူကြီး, အိုး, အိမ်, ကျောင်း, မြို့, ရွာ, နိုင်ငံ, ဘုံလောကဓာတ်၊ အရပ်ရှစ်မျက်နှာ၊ ကိုယ်အမူအရာတွေပါ၊ ထိုသုံးစွဲနေတဲ့ စကားလုံးလည်း ကိုယ်ပြန်စဉ်းစားကြည့်၊ မျက်စိနှစ်လုံး ပြူးခနဲ ပွင့်လာတဲ့အချိန်က စပြီးတော့ ပါးစပ်ထဲမှာ ခေါ်စရာရှိရင် ခေါ်လိုက်တယ်၊ ပြောစရာရှိရင် ပြောလိုက်တယ် အစရှိသည်အားဖြင့် အကြောင်းကြီးငယ်မှန်သမျှ ငါတို့ပါးစပ်က ညွှန်ပြပြီးတော့ ခေါ်ဝေါ်သုံးစွဲနေတယ်။ အဲဒီလို ညွှန်ပြပြီးတော့ ခေါ်ဝေါ်သုံးစွဲနေတဲ့ စကားလုံးတည်းဟူသော အသံထွက်ရဲ့နောက်ကွယ်မှာ တကယ်ရှာကြည့်တော့ ဘာမှမရှိဘူးတဲ့။ အဲဒီအသိကလေး ပေါ်လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီအသိလေး ပေါ်လာရင် ဒီအသိကလေးကို နားလည်လာရမယ်၊ ဒီစကားလုံးရဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ ဘာမှမရှိလို့ ရှိရင်၊ ဒါဖြင့် သိလာတဲ့အချိန်က မသုံးဘဲ နေရတော့မလား ဆိုရင် မဟုတ်ပါဘူး၊ သုံးတာ သုံးရမယ်တဲ့၊ သုံးပေမယ့် ကိုယ့်အသိဉာဏ်က သုံးတာသုံးပါစေ၊ တို့တစ်တွေ ခေါ်သာခေါ်ပါစေ၊ ပြောသာပြောပါစေ၊ သုံးသာသုံးပါစေ။ နောက်ကွယ်မှာတော့ တကယ်လုံးလုံးမရှိတဲ့ တရားပဲလို့ ဒီလိုနားလည်ထားနော် (ဟုတ်ကဲ့ပါဆရာ)၊ မသုံးရဘူးလို့ မဟောပါဘူး။ ဒါကြောင့် မသုံးရဘူး၊ မခေါ်ရဘူး၊ မပြောရဘူးလို့ ဒီလို မဟောပါဘူး။

ဘုရားကိုယ်တော်မြတ်က သုံးတာက သုံးပါ၊ ပြောတာက ပြောပါ၊ ခေါ်တာက ခေါ်ပါတဲ့၊ သုံးချင် ပြောချင် ခေါ်ချင်သော်လည်းပဲ နောက်ကွယ်ကတော့ တကယ်မရှိတဲ့တရားပဲပေါ့၊ ဒီလိုနားလည်ထားနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါမှ ဘာဖြစ်လဲဆိုတော့ မရှိတဲ့ပညတ်တရား၊ ခုမှ ငါမရှိမှန်း သိတယ်

http://www.dhammadownload.com



လို့ ဒီလိုဆိုတော့ မှန်မသွားဘူးလား (မှန်သွားပါတယ်ဆရာ)၊ အေး . . . တကယ်မရှိတဲ့ ပညတ်တရားကြီး မရှိမှန်းသိတော့ မှန်သွားပါတယ်တဲ့၊ သုံးတာ မသုံးတာ အဓိကမဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါကြောင့် တို့လူစုတွေ အမြဲတစေ ခေါ်ဝေါ်သုံးစွဲနေတဲ့ ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, ကလေး, လူကြီး, အစရှိသည်အားဖြင့် သုံးစွဲနေကြတဲ့ စကားလုံးတွေ ယောက်ျားခေါ်တယ်၊ ယောက်ျားဆိုတာ အသံထွက်ရဲ့နောက်ကွယ်မှာ တကယ်ယောက်ျားရှိလား မရှိဘူး။ မိန်းမလို့ ခေါ်လိုက်တယ်၊ မိန်းမခေါ်လိုက်တဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ တကယ်မိန်းမ ရှိလား, မရှိဘူး ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ပုဂ္ဂိုလ်လို့ ခေါ်တယ်၊ သတ္တဝါလို့ ခေါ်တယ်၊ ပုဂ္ဂိုလ် သတ္တဝါလို့ ခေါ်လိုက်တဲ့ အသံထွက်ရဲ့ နောက်ကွယ်မှာ တကယ်ပုဂ္ဂိုလ် သတ္တဝါရှိလား မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ တော, တောင်, ရေ, မြေ, သမုဒ္ဒရာလို့ ခေါ်လိုက်တယ်။ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, ဆိုတဲ့ စကားလုံးအသံထွက်ရဲ့ နောက်ကွယ်မှာ၊ တကယ် တောတွေ, တောင်တွေ, ရေတွေ, မြေတွေ, သမုဒ္ဒရာတွေရှိလား ဆိုတော့ မရှိပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီတိုက်ပွဲမှာ ရုတ်တရက်တော့ ရချင်မှ ရမယ်။ အဲဒီတိုက်ပွဲတင် လက်မခံတော့ တချို့လည်း ပြန်သွားကြတယ်ဟ၊ ဘယ့်နှယ့်လဲ အရပ်ထဲမှာ အခုလည်း ပေါင်းသင်းဆက်ဆံနေကြတဲ့ မျက်စိအောက်တင် လှုပ်လှုပ်ရွရွ သွားလာလှုပ်ရှားနေကြတဲ့ ယောက်ျားတွေ၊ မိန်းမတွေ၊ ပုဂ္ဂိုလ်တွေ၊ သတ္တဝါတွေ၊ ကလေးတွေ၊ လူကြီးတွေ၊ အဘိုးကြီးတွေ၊ အဘွားကြီးတွေ၊ ရဟန်းသံဃာတော်တွေ အစရှိသည်အားဖြင့်။ လာပြန်ပြီ၊ အိမ်, ကျောင်း, ဇရပ်, မြို့, ရွာ, နိုင်ငံ, ဘုံ, လောကဓာတ် ဒါတွေကို အခြေခံထား။ ဘယ့်နှယ့်လဲ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ တို့နေ့စဉ်မြင်တွေ့နေတာ ကြောင်တောင်ကြီးနဲ့ မရှိဘူးပါလို့ ဟောနေတယ်၊ တို့သဘောတော့ တယ်မကျချင်ဘူး၊ တချို့လည်း ပြုတ်ပျက်ကျသွားလေ၊ လက်မခံနိုင်ရှာဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် ကြောင်တောင်ကြီးဆိုတဲ့ သဘာဝတွေက ထင်ရှားပြတယ် မဟုတ်လား (ပြပါတယ်ဆရာ)၊ အေး . . . အဲဒါကြောင့်လည်း ယုံကြည်ဖို့ ခက်တယ်လို့၊ ဒီတရားက သိပ်မလွယ်လှဘူး။ ဒီတော့ တို့လူစုနားလည်ဖို့က အကြမ်းဖျဉ်းအားဖြင့် မှတ်ထား၊ ဒါဖြင့် ကောင်းပါပြီ၊ အခု ပုဂ္ဂိုလ်, သတ္တဝါ, ယောက်ျား, မိန်းမ ဆိုတာ မရှိပါဘူး၊ ခေါ်တဲ့ပြောတဲ့ အသံထွက်ပဲ ရှိတယ်၊ အသံပဲ ကြားရတယ်။ တကယ် ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါဆိုတဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ တကယ်ရှိသလားလို့ သွားကြည့်ရင် ဘာမှမရှိဘူးဆိုတဲ့ စကား ဘယ့်နှယ် လုပ် ယုံပါ့မတုံး။ မျက်စိထဲ လှုပ်လှုပ်ရွရွနဲ့ ယောက်ျားတွေ, မိန်းမတွေ, ပုဂ္ဂိုလ်တွေ, သတ္တဝါတွေ, လှုပ်လှုပ်ရွရွနဲ့ သွားလာနေကြ၊ ထိုင်နေကြ၊ အမူအရာတွေ ကြောင်တောင်ကြီး အမြင်သားပဲ။ အထည်ဒြပ်သဏ္ဌာန်ကြီးတွေနဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



အေး . . . အဲဒါတွေ တို့ ဒီက မှတ်ထားတာက ငါ အကျဉ်းချုံး စကားတိုတိုကလေး ပြောလိုက်မယ့်၊ ပြီးတော့ ဒီပရမတ်တရားကျမှ သေသေချာချာ ခွဲပြီးမှ၊ အခုနေတော့ မှတ်ထားလိုက်၊ မရှိပုံလေး ငါပြောပြပါ့မယ်။ ဒါဖြင့် အမြင်နဲ့ ပြောတာ မဟုတ်လားကွ (အမြင်နဲ့ ပြောတာပါဆရာ)၊ ဩော် . . . ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါတွေ, အရပ်ထဲပြည့်လို့၊ တစ်မြို့လုံးပြည့်လို့၊ တစ်နိုင်ငံလုံးပြည့်လို့ အကောင်အထည်တွေ၊ အထည်ဒြပ်သဏ္ဌာန်တွေ၊ တောတွေ, တောင်တွေ, ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် ကြောင်တောင်ကြီး မြင်နေတာပဲလို့ ဒီလိုပြောလိမ့်မယ် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် တို့ဘုရားကိုယ်တော်မြတ်က ဟောတယ်၊ ချစ်သား ချစ်သမီးတို့ မင်းတို့ မွေးကတည်းက ပါလာတဲ့ ပကတိမျက်စိ ရှိတယ် မဟုတ်လားကွယ် (ရှိပါတယ်ဆရာ)၊ ဒီမျက်စိက မြင်ရတယ်မဟုတ်လား (ဟုတ်ကဲ့ဆရာ)၊ အေး . . . မင်းတို့ မွေးကတည်းကပါလာတဲ့ ပကတိမျက်စိနဲ့ မြင်သမျှဟာတွေ အမှားတွေလို့နော် (ဟုတ်ကဲ့ပါဆရာ)၊ မင်းတို့မွေးကတည်းက ပါလာတဲ့ ပကတိနားနဲ့ ကြားသမျှ အသံတွေ အမှားတွေ၊ မင်းတို့ ပကတိမွေးကတည်းက ပါလာတဲ့ နှာခေါင်းနဲ့ နံတဲ့အနံ့တွေ မင်းတို့ နံပုံနံနည်းတွေ အမှားတွေနော် (ဟုတ်ကဲ့ပါဆရာ)၊ မင်းတို့မွေးကတည်းကပါလာတဲ့ မင်းတို့မှာ လျှာတွေ ရှိတယ်တဲ့၊ လျှာပေါ်တင်ပြီးတော့ အရသာခံပြီး စားသုံးကြ၊ အစာအာဟာရတွေ မှားတဲ့ အစားတွေနော် (ဟုတ်ကဲ့ပါဆရာ)၊ မင်းတို့ကို တွေ့သမျှ, ထိသမျှ အတွေ့အထိလေးတွေက အဲဒါ မှားသော တွေ့ထိခြင်းတွေ၊ ကြည့်စမ်းကွယ် မျက်စိက မင်းတို့မြင်တာ အမှားတဲ့၊ မင်းတို့နား ကြားတာ အမှားတဲ့၊ မင်းတို့နှာခေါင်း နံတာ အမှားတဲ့၊ မင်းတို့ လျှာလျက်တာ အမှားတဲ့၊ မင်းတို့ ကိုယ်တွေ့ထိတာ အမှားတဲ့၊ ဒီလိုမဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ အာရုံ (၅)ပါး ကတော့ ပရမတ်တရားမို့ မမှားဘူး၊ လူကို မြင်တယ်၊ ခွေးကို မြင်တယ် စသည့် ပညတ်အထင် တရားတွေကျတော့ မှားသွားပြီ၊ မရှိကို အရှိထင်ပြီ။

ဒါကျတော့ စိတ်ထဲက သိတောင် သိသေးတယ် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါတို့လူစုတွေက စဉ်းစားကြည့်စမ်း၊ တို့မျက်စိထဲ အမြဲတစေ မြင်နေတယ်၊ နားကလည်း အမြဲတစေ ကြားနေတယ်၊ နှာခေါင်းကလည်း အမြဲတစေ နံနေတယ်၊ လျှာကလည်း အမြဲတစေ စားသုံးနေကြတယ်၊ ကိုယ်လည်း အမြဲတစေ အတွေ့အထိတွေ တွေ့ထိနေကြတယ်။ ဒါပဲလား မဟုတ်သေးပါဘူး၊ အဲဒီငါးခု လွတ်သွားတော့ ဘာဖြစ်လဲ၊ စိတ်ထဲက ကြံစည်မှု၊ စိတ်ကူးမှု၊ စဉ်းစားမှု မရှိဘူးလား (ရှိပါတယ်ဆရာ)၊ အဲဒီစိတ်ကူး၊ ကြံစည်၊ စဉ်းစားတဲ့အတွင်း စကားတွေလည်း မင်းတို့အမှားတွေ၊ အားလုံးမှာ ခြောက်ခု ပါတယ်၊ တို့လူစုတွေ အသုံးပြုနေတာနော် (ဟုတ်ကဲ့ပါဆရာ)၊ မျက်စိအသုံးပြုတယ်၊ နားအသုံးပြုတယ်၊ နှာခေါင်းအသုံးပြုတယ်၊ လျှာအသုံးပြုတယ်၊ ကိုယ်အသုံးပြုတယ်၊ စိတ်အသုံးပြုတယ်၊ စက္ခု, သောတ,

http://www.dhammadownload.com



ဃာန, ဇိဝှါ, ကာယ, မန ဆိုတဲ့ ခြောက်ဌာနလာတော့ မျက်စိကြီး၊ နားကြီးနေပါပြီ၊ ရန်ကုန်နေပြည်တော်ကြီး ဆိုတာ နားမဝေးကြပါဘူး၊ ကြားဖူးကြပါလိမ့်မယ်၊ မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ် ခြောက်ဌာန မရှိဘူးလား (ရှိပါတယ်ဆရာ)။

အေး အဲဒီခြောက်ဌာန မြင်သမျှ, ကြားသမျှ, နံသမျှ, စားသမျှ, ထိသမျှ, သိသမျှဆိုတာ အဲဒါအမှားတွေပဲတဲ့၊ ဘာဖြစ်လို့ မရှိတာတွေ အရှိလုပ်ပြီးတော့ မြင်နေကြတယ်၊ မရှိတာတွေ အရှိလုပ်ပြီးတော့ ကြားနေကြတယ်။ မရှိတာတွေ အရှိလုပ်ပြီး နံနေကြတယ်။ မရှိတာတွေ အရှိလုပ်ပြီး စားနေကြတယ်။ မရှိတာတွေ အရှိလုပ်ပြီး ထိနေကြတယ်။ မရှိတာတွေ အရှိလုပ်ပြီးတော့ ကြံစည်စိတ်ကူးနေကြတယ်လို့ ကိုယ်တော်မြတ်က ပြတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ ရှုတ်တရက် နားလည်ဖို့အတော်ခက်တယ်၊ ဒါနဲ့ ငါတစ်ခုပြောရဦးမယ်၊ မရှိတာ အရှိလုပ်ပြီး မြင်နေတယ်ဆိုတဲ့ အမြင်လေးအရင်ကြည့်စမ်းပါ၊ ခုနတုန်းက ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ မရှိဘူးလို့ ကိုယ်တော်မြတ်က ဟောသွားတယ်။ အဲဒါ ပညတ်တရားတွေပဲ၊ ဒါပါးစပ်က ထွက်တဲ့အသံထွက်ပဲလို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဟာ . . . ယောကျ်ားတဲ့, မိန်းမတဲ့, ပုဂ္ဂိုလ်တဲ့, သတ္တဝါတဲ့, ကလေးတဲ့, လူကြီးတဲ့, တော, တောင်, ရေ, မြေ, သမုဒ္ဒရာတွေတဲ့၊ အေး . . . အဲဒါ ပါးစပ်ကထွက်တဲ့ အသံထွက်တွေပဲ၊ အဲဒီအသံထွက်တွေ နောက်ကွယ်မှာ တကယ်လိုက်ရှာကြည့်တော့ မရှိပါဘူးလို့ တို့များက ပြောနေတယ်၊ ဒါ ဘုရားက ဟောတော်မူတဲ့အတိုင်းပဲ၊ တို့လူစုတွေ မြင်နေတာက ယောကျ်ားတွေရော၊ မိန်းမတွေရော၊ သတ္တဝါတွေရော၊ အသက်လိပ်ပြာတွေရော အကုန်လုံးပဲ။ အခုနပြောတဲ့ မြို့, ရွာ, နိုင်ငံ, ဘုံလောကဓာတ်ကြီးရော, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ,တွေရော တို့မျက်စိထဲ တန်းတန်းကြီး မြင်နေသားပဲလို့ ဒီလိုဆင်ခြေလာမယ်၊ မလာဘူးလားကွ (လာပါတယ်ဆရာ)၊

ဒါဖြင့် ကောင်းပြီ၊ အဲဒီ တို့လူစုတွေ မြင်မှုပဲဆိုတဲ့ အမြင်လေးဟာ မှန်သလား (မမှန်ပါဘူးဆရာ)၊ အေး . . . ဘာတွေ မြင်သလဲလို့ မေးတော့ အမှန်က တို့လူစု မသိကြလို့ပါလို့၊ မျက်စိက မြင်နေတာ ရူပါရုံ = အဆင်းကို မြင်တာ၊ အဆင်းဟာ အရှိ ပရမတ်တရားပဲ၊ ဒါပေမယ့် သူတို့အမြင်မှာ ယောကျ်ားတွေ မြင်တယ်၊ မိန်းမတွေ မြင်တယ်၊ ပုဂ္ဂိုလ်တွေ မြင်တယ်၊ သတ္တဝါတွေ မြင်တယ်၊ တောတွေ, တောင်တွေ မြင်တယ်၊ မြို့, ရွာ, နိုင်ငံတွေ မြင်တယ်၊ အိမ်, ကျောင်း, ဇရပ်တွေ မြင်တယ်ဆိုတဲ့ စကားဟာ သူတို့မသိလို့တဲ့၊ မြင်တိုင်းဟာ အမှန်ကတော့ ရုပ်ပဲလို့၊ မြင်တာနဲ့ ရုပ်ချည်းပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ မြင်ကောင်းတယ် မြင်ရတယ်ဆိုတဲ့ အတွင်းအပြင် မြင်တာပြော နေကြတာတဲ့၊ ခွဲခြားပြီးတော့ ဒါက ယောကျ်ား, ဒါက မိန်းမ, ဒါကလူ, ဒါက ခွေး, ဒါက နွား, ဒါက ဝက်, ကြက်, ငှက်, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, အိမ်, ကျောင်း, ဇရပ်, စေတီ, ပုထိုးလို့ ဒီလိုသတ်သတ်မှတ်မှတ် ခွဲခြား

http://www.dhammadownload.com



ပြီးတော့ အမြင်တွေ ပြောစမ်းပါ၊ ဒါက ပုံစံမှတ်ပြီး ပြောနေတာ၊ သဏ္ဌာနပညတ်လို့ ခေါ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ငါပြောတာ ဟုတ်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ သဏ္ဌာနပညတ်လေ။

ပုံစံလေးတွေကို တစ်ခုနဲ့တစ်ခု ဒီလိုခွဲခြား၍ မှတ်သားပြီးတော့ ပြောနေတာ ဟုတ်လား မဟုတ်လား မင်းကြည့်စမ်းပါလားကွယ်၊ တို့မြန်မာဗုဒ္ဓဘာသာ ဆောက်တည်ထားတဲ့ ဘုရားပုထိုးရယ်၊ မွတ်စလင်ဘာသာတို့ ဆောက်တည်ထားတဲ့ ဗလီရယ်၊ ဘာသာရေးအမြင်အားဖြင့် ဒါဘုရားတွေ မဟုတ်ဘူးလား၊ (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း . . . တို့လူစုက လမ်းလျှောက်သွားမြင်ပေါ့ကွယ်၊ ဟောဒါ ဗလီကွ၊ ဟောဒါတန်ဆောင်းကွ ခွဲခြားပြီး မပြောနိုင်ဘူးလား (ပြောနိုင်ပါတယ်ဆရာ)၊ ဘာကြည့်ပြီး ပြောတာလဲ (ပုံစံသဏ္ဌာန်ကို ကြည့်ပြီး ပြောတာပါဆရာ)၊ အေး . . . ပုံစံသဏ္ဌာန်ကြည့်ပြီး ပြောတာပါ။ ဩော် . . . ဒါဖြင့် ပုံစံလေးတွေကို ခြားနားပြီ မှတ်မှတ်ထားတာနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် ပုံစံလေးတွေ ကြည့်ပြီးတော့ ဟောဒါ ယောက်ျားတွေ၊ ဟောဒါ မိန်းမတွေ၊ အဲဒါပုံစံလေးတွေကို အစရှိသည်အားဖြင့်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဟာ . . . ဒီလိုမြင်တာတွေ လျှောက်ပြောပြန်တော့ အဲဒါတွေလည်း အမြင်တွေ မှားတာပဲတဲ့၊ ဘယ်လိုမှားတာလဲ၊ သူတို့တစ်တွေ ပုံစံမှတ်ပြီး ပြောနေတာ၊ အဲဒီပုံစံတွေက သူတို့မှတ်ထားတဲ့ ပုံစံလေးတွေ မတူတာကြောင့် အမှန်တကယ် ရှိတာက သဏ္ဌာနပညတ်ခေါ်ပါတယ်၊ ဒီလို မနေဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ ပညတ်တွေချည်းပဲ၊ တစ်ခုမှ မရှိတာ။

ဒါဖြင့် မျက်စိက အမြင်မှားတယ်ဆိုတာ ထားပါတော့။ လောကကြီးတစ်ခုလုံး ချုံ့ပြီးတော့ တို့ အမိဓမ္မဝမ်းကတည်းက ပါလာတဲ့ ပကတိမျက်စိနဲ့ မြင်နေရတယ်ဆိုတဲ့ ပညတ်, ပရမတ် ဒီနှစ်ပါးကိုမှ မပြတ်သားရင် တို့မြင်သမျှတွေက အမှားတွေပဲလို့ ဒီလိုပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ အမှန်ကတော့ ပုဂ္ဂိုလ်သတ္တဝါတွေတွင် မဟုတ်ပါဘူး၊ ကျောင်း, ကန်, ဘုရား, တန်ဆောင်း စသည်ဖြင့် တော, တောင်, ရေ,မြေ, သမုဒ္ဒရာတွေ မြင်တာ မဟုတ်ပါဘူး၊ ယောက်ျား, မိန်းမတွေ မြင်တာ မဟုတ်ပါဘူး၊ မြင်ကောင်းတဲ့ ဝဏ္ဏဆိုတဲ့ အဆင်း = ရူပါရုံကို မြင်ဖို့။ ဒါဖြင့် တစ်ခုနဲ့တစ်ခု မတူအောင် ခွဲခြားပြီးတော့ မှတ်သားကြည့်စမ်းပါ၊ ဒါ ပုံစံခွဲခြားမှတ်သားဖို့ ပြောနေတာ၊ ဒါသဏ္ဌာနပညတ်လို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မြင်တာကတော့ အမှန်က ရုပ်တရား မြင်နေတာ၊ ရူပါရုံဆိုတဲ့ အဆင်းရုပ်၊ မြင်ကောင်းတယ်ဆိုတဲ့ ရုပ်တရား သူမြင်တာ၊ သူက ရုပ်တရားမြင်မှန်းလည်း မသိရှာဘူးတဲ့၊ သူမြင်သလိုပဲ ပုဂ္ဂိုလ် သတ္တဝါတွေ၊ ယောက်ျား မိန်းမတွေ တကယ်ရှိတယ်လို့ မှတ်တယ်၊ မယုံဘူးလားကွ (ယုံပါတယ်ဆရာ)၊ ယုံတယ်နော်။

http://www.dhammadownload.com



ဒါကြောင့် ဒီမျက်စိက မြင်တယ်ဆိုတဲ့ အမြင်ဓာတ်ကလေးရဲ့နောက်ကွယ်မှာ သူမြင်တိုင်း၊ သူ့ပါးစပ်က ပြောတိုင်း ငါမြင်တာ ယောက်ျားပဲဆိုတဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ ယောက်ျားဆိုတာ တကယ်ရှိပါ့မလား (မရှိပါဘူးဆရာ)၊ မရှိပါဘူး၊ တကယ်မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ နားက ကြား နေတာပဲ၊ နားက အသံ = သဒ္ဒါရုံကို ကြားတာ၊ အသံ = သဒ္ဒါရုံဟာ အရှိ ပရမတ်တရားပဲ။ ဒါပေမဲ့ သူတို့က ယောက်ျားသံ၊ မိန်းမသံကို ကြားတယ်လို့ ဟောဒါက ဘယ်သူ့အသံကွ၊ ငါ့လာခေါ်နေတာ ဘယ်သူ့တုံး အဓိပ္ပာယ်အားဖြင့်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါက လူများရဲ့အသံကွ၊ ဟောဒါက ခွေးဟောင်သံ၊ ဟောဒါက ကြက်တွန်သံ၊ ဒါက နွားအော်သံ အဓိပ္ပာယ်အားဖြင့်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါက သင်္ဘောသံ၊ ဒါက မော်တော်ကားသံ၊ ဒါက မိုးခြိမ်းသံ အစရှိသည်အားဖြင့် ဒီလိုမကြားဘူးလား (ကြားပါတယ်ဆရာ)၊ အဲဒီလိုကြားနေတော့ ပရမတ်သဘောနဲ့ ကြည့်ရင် ခုနပြောတဲ့ လူလည်း မရှိဘဲနဲ့ လူ့သံကြားတယ်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ယောက်ျားမိန်းမ မရှိဘဲနဲ့ ယောက်ျားမိန်းမအသံ ကြားတယ်ဆိုတာ ဟုတ်ပါ့မလားကွ (မဟုတ်ပါဘူးဆရာ)၊ ခုနပြောတဲ့ ခွေးတို့၊ နွားတို့၊ ကြက်တွန်တဲ့ အသံမရှိဘဲနဲ့ သူတို့အသံကြားတယ်ဆိုတာ ဟုတ်ပါ့မလားကွ (မဟုတ်ပါဘူးဆရာ)၊ သင်္ဘောတို့, မော်တော်ကားတို့, ရထားတို့ဆိုတဲ့ သဘာဝတွေက ရှိမှ မရှိဘဲနဲ့။ သင်္ဘောသံ, ရထားသံ, မော်တော် ကားသံဆိုတာ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ အေး . . . ငါစောစောက ပြောတဲ့ အမြင်မှားတဲ့ အထဲ အကုန်ပါနေတာနော် (ဟုတ်ကဲ့ပါဆရာ)၊ မော်တော်ကား ရှိတယ်၊ ရထား ရှိတယ်၊ သင်္ဘော ရှိတယ် အဓိပ္ပာယ်အားဖြင့်။ ခွေးရှိတယ်, နွားရှိတယ်, ကြက်ရှိတယ်, ဒီလိုထင်နေတဲ့ အမြင်တွေ၊ သူတို့မြင်တဲ့အမြင်တွေ ပကတိမျက်စိနဲ့ မြင်သမျှ အမှားတွေပဲ၊ တစ်ခုမှ မရှိပါဘူး၊ အမှန်က မြင်လာ တာပဲ။ ဟာ . . . မြင်လာတော့ မြင်ကောင်းတဲ့ ရူပါရုံအဆင်းနဲ့ သူမြင်နေတာ ဒီလိုမဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် ပုံစံလေးတွေ ခြားနားပြီးတော့၊ ပိုင်းခြားပိုင်းခြားပြီး ဒါပုံစံမှတ်ပြီး ပြောသွားတာ သဏ္ဌာန ပညတ်ပဲ။ ဒီပုံစံဆိုတာကလည်း အမှန်ကတော့ သူတို့မျက်စိထဲ တကယ်ရှိတယ်လို့ မှတ်နေတာ၊ အမှန်ကတော့ ဒီတရားက မရှိဘူး၊ ပုံစံဆိုတဲ့ အလွဲလေးတွေ မရှိရဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အဓိပ္ပာယ်အားဖြင့် အဲဒီပုံစံဆိုတဲ့ သဏ္ဌာနပညတ်မှာ သာပြီးအမှတ်ရခက်သေးတယ်၊ ပိုစေ့စပ်ပါ တယ်။ သို့ပါ၍ ပရိသတ်ထဲမှာ မင်းကို ခုမြင်တဲ့ လူတစ်ယောက်က မေးတယ်၊ အန္တပုထုဇဉ် တစ် ယောက်က ဟာ . . ဒါက ဒိုးကလေးပဲ၊ “ဒိုးကလေး”ဆိုတာ ရှိသလားကွ၊ ဟာ . . . ရှိတာပေါ့၊ ဒီဟာ ယောက်ျားပဲ, ပုဂ္ဂိုလ်, သတ္တဝါတစ်ယောက်ပဲလို့ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်နဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အမှန်ကတော့ ဒီဒိုးကလေး ရှိလား၊ ရှိတာလေး ကိုင်ပြတော့

http://www.dhammadownload.com



မျက်လုံးရှိတယ်, မျက်ခုံးရှိတယ်, ကိုယ်ရှိတယ်, အတုံး အလုံး အခဲ အကောင်အထည် ရှိတယ်၊ ဒီလိုမဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)၊ ဒါမြင်လိုက်ရင်"ဒိုးကလေး"လို့ သိတယ်ဆိုတဲ့ သဘောက မင်းပုံစံလေး မှတ်ပြော ဟုတ်လား မဟုတ်လား မင်းစဉ်းစားကြည့်ပါလား၊ မင်းကိုယ်ကောင်ကြီး မကြည့်ဘဲနဲ့ မင်းဓာတ်ပုံလေး မြင်လိုက်ရင် ဒါ "ဒိုးကလေး"လို့ မသိဘူးလား (သိပါတယ်ဆရာ)။

ဒါဖြင့် ဓါတ်ပုံသွားကိုင်ကြည့်တော့ မင်းခေါင်းတွေ, လက်တွေ, ကိုယ်တွေ, ခြေတွေ, ကိုင်ကြည့်လို့ရှိရင် "ဒိုးလေး"တွေ့လား (မတွေ့ပါဘူးဆရာ)၊ မတွေ့သာ မတွေ့တယ်၊ "ဒိုးကလေး" ဆိုတာ အမှန်ပြောနိုင်တယ် မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ ဘာကြည့်ပြီး ပြောတာလဲ (ပုံစံသဏ္ဌာန်ကို ကြည့်ပြီး ပြောတာပါဆရာ)၊ ပုံစံကြည့်ပြီး ပြောနေတာ၊ ပုံစံပေါ်နေပြီတဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ ပုံစံဆိုတာ တကယ်ရှိတဲ့တရားဆို မင်းသွားကိုင်ကြည့်၊ အတုံး, အလုံး, အခဲ, အကောင်အထည် ဖြစ်မှာပေါ့၊ ခုတော့ တွေ့လား (မတွေ့တော့ပါဘူးဆရာ)၊ မတွေ့ဘူး၊ ဒါဖြင့် ပုံစံဆိုတဲ့ သဘောတရားက တကယ်ရှိတဲ့တရားလား (မရှိပါဘူးဆရာ)၊ ဘယ်ရှိမလဲ၊ ဒါလည်း သဏ္ဌာနပညတ်ပဲတဲ့၊ ဖျက်လိုက်ရင် ပျက်သွားတာ၊ သတ်လိုက်ရင် ပျောက်သွားတာနော် (ဟုတ်ကဲ့ပါဆရာ)၊ စိတ်ထဲက ထင်နေတဲ့ တရားတွေပဲ။ ဩော် . . . ဒါဖြင့်ရင် အခု သတ္တလောကကြီးမှာ တို့လူ့လောကကြီးမှာ တို့လူစုတွေ ပကတိ မျက်စိနဲ့ မြင်နေကြတာက လှုပ်လှုပ်ရွရွနဲ့ သွားလာပြီး လှုပ်ရှားနေကြတဲ့ ပုပုရွရွ မြင်သမျှရုံတွင်မက အသက်ထင်ရှားရှိတဲ့ လူတွေ, ခွေးတွေ, ဝက်တွေ, ကြက်တွေ, ငှက်တွေ, ငါးတွေ, ဆင်တွေ, မြင်းတွေ, အသက်ထင်ရှားရှိတဲ့ သတ္တဝါတွေပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။ ဩော် . . . ဒါကျတော့ လူခေါ်တယ်၊ ဒါကျတော့ နွားခေါ်တယ်၊ ဒါကျတော့ မြင်းခေါ်တယ်၊ ဒါကျတော့ ခွေးခေါ်တယ်၊ ဒါကျတော့ ကြက်ခေါ်တယ်၊ သီးခြားသီးခြားပြီးတော့ မှတ်မသွားဘူးလား (သွားပါတယ်ဆရာ)၊ သီးခြားသီးခြား ပြီးတော့ ခေါ်ခေါ်မသွားဘူးလား (ခေါ်သွားပါတယ်ဆရာ)၊

အဲဒီလို သီးခြားသီးခြားပြီးတော့ တစ်ခုနဲ့တစ်ခု မမှားအောင် ပိုင်းခြားပြီးတော့ ခေါ်တာ၊ ဘာခေါ်သလဲဆိုတော့ စောစောက ပြောတဲ့ပုံစံတွေ မှတ်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီပုံစံလေး မြင်လိုက်တော့ လူခေါ်တယ်၊ ဒီပုံစံကြည့်တော့ ခွေးခေါ်တယ်၊ ဒီပုံစံကျတော့ ကြက်ခေါ်တယ်၊ ဒီပုံစံကျတော့ နွားခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီပုံစံတွေဟာ အကောင်အထည် အထည်ဒြပ် သဏ္ဌာန်ကြီးအနေအားဖြင့် တကယ်ရှိတယ်လို့ မှတ်ကြတယ်၊ တကယ်ရှိတယ်သာ မှတ်တယ်၊ သေသေချာချာကြည့်လို့ရှိရင် လုံးလုံးကြီး ဘာမှ ရှာဖွေလို့ မရသော သဏ္ဌာနပညတ်တရား ခေါ်ပါတယ်၊ ဟုတ်လား မဟုတ်လား ၊ ဓာတ်ပုံရိုက်ကြည့်စမ်း၊ ဓာတ်ပုံထဲကျလည်း ဒီပုံစံမှတ်ပြီး ပြောတာပဲ၊ ဒါနွား, ဒါလူ, ဒါခွေးနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီဓာတ်ပုံကျတော့ အကောင်အထည်သွားစမ်းကြည့် ရှိလား

http://www.dhammadownload.com



ဆိုတော့ မရှိဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ပုံစံပဲ ရှိတယ်။ ဒါကြောင့် ပုံစံဆိုတာ မရှိတဲ့ တရား၊ သဏ္ဍာနပညတ်တရားလို့ ခေါ်တယ်။

ဒါဖြင့် ခုနစောစောကပြောတဲ့ ပကတိမျက်စိနဲ့ မြင်နေတဲ့ လူ ကျွဲ နွား စသည့် အမြင်တွေဟာ ပရမတ်သဘောအရ အမှားတွေချည်းပဲနော် (အမှားတွေပဲဆရာ)၊ ထိုနည်းအတူ နားက ကြားပြန်တော့ ကြားထားတာက ကြားကောင်းတယ်ဆိုတဲ့ သဒ္ဒတည်းဟူသော အသံရုပ်ကို ကြားတယ်၊ သဒ္ဒတည်း ဟူသော အသံရုပ်ကြီး ရုပ်တရားအနေအားဖြင့် ကြားရလို့ နားက မလည်၊ သူတို့ ကြားထားတာ ဒါက ဘယ်သူ့အသံ၊ ဒါက ဘယ်ဝါအသံ၊ ဒါက ယောကျ်ားသံ၊ ဒါက မိန်းမသံ၊ ဒါက မော်တော်ကားသံ၊ ဒါက သင်္ဘောသံ၊ ဒါက ရထားသံ၊ ဒါက မိုးခြိမ်းသံ၊ ဒါက စောင်းညှိုးခတ်သံ၊ တူရိယာသံ၊ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒါဖြင့် အဲဒီလို ဝတ္ထုပစ္စည်းတွေ တပ်တပ်၊တပ်တပ်ပြီးတော့ သူတို့ နားမှာကြား တာတွေ မှတ်မှတ်သွားတာ၊ ဒီအမှတ်တွေ မမှားဘူးလား။ (မှားပါတယ်ဆရာ)၊ ဒါဖြင့် ပကတိနားက ကြားသမျှ အမှားတွေပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ နှာခေါင်းက နံပြန်ပြီတဲ့ကွယ်၊ နှာခေါင်းက မွှေးပြန်တော့ မကောင်းတဲ့ အနံ့ဆို နံတယ် ခေါ်တယ်ကွယ်၊ ကောင်းတဲ့အနံ့ဆို မွှေးတယ် ခေါ်တယ်၊ ဒါလူတို့ သုံးစွဲနေတာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။ ကိုင်းကွာ . . . နှင်းဆီပန်း နမ်းကြည့်၊ အောင်မလေး နှင်းဆီပန်းကျတော့ မွှေးလိုက်တာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . နှင်းဆီပန်းကို ပရမတ် အနေနဲ့ သေသေချာချာကြည့်ပါ၊ နှင်းဆီပန်း ရှိကောင်းပါ့မလား (မရှိပါဘူးဆရာ)၊ အေး . . . ဒါပေမယ့် သူ့မျက်စိထဲမှာ ပုံစံလေးနဲ့ မြင်နေတယ်၊ ဟော . . . ဒါက နှင်းဆီပန်းတဲ့၊ သူမြင်နေတဲ့ ပုံစံလေးက အမှန်ကတော့ ဒါသဏ္ဍာနပညတ်ခေါ်တယ်။ ဒီဖြင့် ပန်းနဲ့ မမှားအောင် ပြောနေတာ၊ ခွဲခြားလို့ ပြောနေတာ သဏ္ဍာနပညတ်လို့ မှတ်ပြောနေတယ်၊ မျက်စိက ပကတိမြင်တာက မြင်ကောင်းတဲ့ ရူပါရုံ အဆင်းရုပ် သူမြင်တယ်၊ ဒီလိုကျတော့ နားမလည်ကြဘူး၊ ငါမြင်တာ နှင်းဆီပန်းအစစ်ပဲ၊ အဲဒီနှင်းဆီပန်း နမ်းကြည့်တော့ မွှေးလိုက်တာ၊ ဒီတော့ မွှေးတာဟာ နှင်းဆီပန်းဖြစ်တယ်။ အမှန်ကတော့ နံကောင်းတယ်ဆိုတဲ့ ဂန္ဓအနံ့ရုပ်ကြီး နားမလည်ရှာဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊

ဒါဖြင့် သူ့နှာခေါင်းက နံသမျှ ဒီလိုပဲ ဝတ္ထုရုပ်ကလေးတွေ တပ်တပ် တပ်တပ်ပြီးတော့ နံတယ်၊ မွှေးတယ်နဲ့ ပိုင်းခြားသွားတော့ သူ့ရဲ့နံမှု နမ်းမှုဆိုတာ မှန်လား မှားလား (မှားပါတယ်ဆရာ)၊ မှားပြန် ပေါ့၊ ကြာလာရင် တစ်ခါလာပြန်ပြီကွယ် စားသမျှ အစာလေးတွေ - သကာစားလိုက်တော့ ချိုလိုက် တာနော် (ဟုတ်ကဲ့ပါဆရာ)၊ ရှောက်သီး သံပုရာသီး စားတော့ ချဉ်လိုက်တာ၊ ဒီလိုမဟုတ်လား (မှန်ပါ တယ်ဆရာ)၊ အေး . . . ချိုတယ်၊ ချဉ်တယ် ဆိုတဲ့ဥစ္စာ လောကမှာ သင်္ကေတပညတ်အားဖြင့် ပြော နေတဲ့ စကားပါတဲ့၊ အမှန်ကတော့ ရသာရုပ်တရားလေး၊ ပရမတ်နဲ့ ကြည့်ရင်နော် (ဟုတ်ကဲ့ပါဆရာ)၊

http://www.dhammadownload.com



အဲဒီရသာရုပ် တရားလေးကို ရုပ်တရားလို့ နားကမလည်တော့ ရှောက်သီးက ချဉ်တယ်၊ သံပုရာသီးက ချဉ်တယ်၊ ထန်းလျက်က ချိုတယ်ဆိုတဲ့ အစားမှားတွေ လျှာပေါ်မှာ စားနေတာ အမှားတွေကြည့် စားနေတာ၊ မှားဘူးလားကွ (မှားနေပါတယ်ဆရာ)၊ အဲဒါလည်း မှားတယ်၊ သူ့လျှာနဲ့ တွေ့သမျှ အမှား ချည်းပဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကိုယ်ထိတော့လည်း တစ်ခါလာပြန်ပြီ၊ အင်မတန် နူးညံ့ သိမ်မွေ့တဲ့ ပိုးဖဲ ကတ္တီပါ ကမ္ဗလာနဲ့ တွေ့တော့ အောင်မယ် . . . ကတ္တီပါလေးက နူးညံ့လိုက်တာ၊ ဖဲလေးက နူးညံ့လိုက်တာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ကြမ်းတာကျတော့၊ ဘယ်ပစ္စည်းက ကြမ်းလိုက်တာ၊ ဘယ်တုန်းက ပူလိုက်တာ၊ ဘယ်တုန်းက အေးလိုက်တာလို့ ဝတ္ထုပစ္စည်းလေး တပ်တပ်ပြီးတော့ သူရှိသမျှ အတွေ့အထိသဘောလေးတွေ ဖောဋ္ဌဗ္ဗာ ဆိုတဲ့ တွေ့ကောင်း ထိကောင်းတဲ့ ရုပ်ရဲ့အဓိပ္ပာယ် နားမလည်ရှာတော့ သူက ဝတ္ထုပစ္စည်း လေး တပ်ပြီး အကုန်မှတ်နေတာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီလိုဆိုတော့ သူ့အသိတွေလည်း မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ အဲဒါကြောင့် ပကတိတွေ့မှု ထိမှုသည် အကုန်မှား၏။

စိတ်ထဲက ကြံစည်စိတ်ကူးခြင်း လာပြန်ပြီ၊ အခုနက ပြောသလို ပညတ်, ပရမတ်က မကွဲတော့ ကား အကုန်လုံး လောကဓာတ်ကြီးတစ်ခုလုံးမှာ သူမြင်သမျှ, သူကြားသမျှ, သူနံသမျှ, သူစားသမျှ, သူထိသမျှ အကုန်လုံး တကယ်ရှိတယ် ဟုတ်တယ်လို့ မှတ်နေလိုက်တော့ အဲဒီငါးမျိုး ငါးစားစလုံး တွဲတွဲ တွဲတွဲပြီးတော့ စိတ်ကူးထဲထည့်၊ ဘယ်အချိန်တုန်းက ဘယ်သွားပြီး ငါစားလိုက်တာ ကောင်း လိုက်တာ၊ ဘယ်သူ့ဆီတော့ သွားပြီး ဘာတွေရစရာရှိလို့ သွားလိုက်တာ၊ ဘယ်မြို့တော့ ဘယ်အချိန် သွားရဦးမယ်၊ ဘယ်သူနဲ့တော့ တွေ့စရာရှိသေးတယ်၊ ဘယ့်နည်းနဲ့တော့ ဘယ်လို၊ ဘယ်အကြောင်းက ဘယ်လို့၊ ငါ့မိတ်ဆွေသင်္ဂဟက ဘယ်လို၊ ငါ့မိဘက ဘယ်လို ဒီလိုမဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)၊ ကြံစည်စိတ်ကူးခန်းတွေ၊ ကြီးပွားရေးရော၊ စီးပွားရေးရော ကြံချင်သလောက် ကြံစမ်း၊ စိတ်ကူးချင် သလောက် စိတ်ကူးပါလေ၊ သူ့ကြံစည်စိတ်ကူးသမျှ သဘောတရားတွေက မှန်သလား, မှားသလား မင်းစဉ်းစားကြည့်စမ်း (မှားပါတယ်ဆရာ)၊ အမှားချည်းပဲလို့၊ ဒါကြောင့် ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲနဲ့ ပုဂ္ဂိုလ်တွေနဲ့ တွဲဖက်ပြီးတော့ စဉ်းစားနေတဲ့ အကြံတွေနော် (ဟုတ်ကဲ့ပါဆရာ)။

ဟောဒါလေးက တခြားမဟုတ်ပါဘူး၊ ဒီဒေါင့်ကျဉ်းလေးကို ထိုးပြထားတာက၊ လက်စသတ် တော့ တို့ ပညတ် ပရမတ်က မကွဲ၊ မရှိဘူးဆိုတဲ့ ပညတ်တရားလည်း မရှိမှန်း တို့က မသိ။ တကယ် ရှိတယ်ဆိုတဲ့ ပရမတ်တရားလည်း တို့က ရှိမှန်းမသိ၊ မသိတော့ ဘယ်နှယ့်ဖြစ်နေသလဲဆိုတော့ တို့မျက်စိမြင်သမျှ ပညတ်မြင်နေတာနော် (ဟုတ်ကဲ့ပါဆရာ)၊ တို့နားကြားသမျှ ပညတ်ကြားတွေ၊ တို့နှာခေါင်းနံသမျှ ပညတ်နံတွေ၊ တို့လျှာစားသမျှ ပညတ်စားတွေ၊ တို့ကိုယ်ထိသမျှ ပညတ်ထိတွေ၊

http://www.dhammadownload.com



တို့ကြံစည်စိတ်ကူးသမျှ ပညတ်သိတွေ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဘာဖြစ်လို့ မရှိတာတွေ အရှိလုပ်ပြီးတော့ မြင်နေသကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ မရှိတာတွေ အရှိလုပ်ပြီး ကြားနေတယ်၊ မရှိတာတွေ အရှိလုပ်ပြီး နံနေတယ်၊ မရှိတာ အရှိလုပ်ပြီး စားနေတယ်၊ မရှိတာ အရှိလုပ်ပြီး ထိနေတယ်၊ မရှိတာ အရှိလုပ်ပြီးတော့ ကြံစည်စိတ်ကူးနေတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ ဘာသဘောလဲ၊ အခြေခံစစ်လိုက်တော့ ပညတ် ပရမတ် မကွဲလို့တဲ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)၊ ပညတ် ပရမတ် မကွဲလို့ဆိုတော့ လုံးလုံးမရှိတဲ့ ပညတ်တရားကြီးကို အရှိမှတ်နေတာ၊ အခြေခံ ပါပဲလို့နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလုံးလုံးမရှိတဲ့ ပညတ်တရားကြီးကို ရှိတယ်လို့ အမှတ်မှားလို့၊ အသိမှားလို့၊ အယူမှားလို့၊ ဒါဖြင့်ကွယ် အဲဒီအမှားကြီးကို မပြင်ဘဲနဲ့ တို့လူစု ဒီအတိုင်းနေပြီး ဒီအတိုင်း သေကြလို့ရှိရင်တဲ့ အပါယ်က လွတ်ပါ့မလား (မလွတ်ပါဘူးဆရာ) မှတ်ထားနော်၊ နောက်ပိုင်းကျတော့ ဒီကနေ အခြေခံလေးက စမှတ်ထားကြ။ အခုကတည်းက စပြောလာတာတွေ၊ မရှိတဲ့ ပညတ် တရားကြီးကို ရှိတယ်လို့ အမှတ်မှားနေလို့ရှိရင် ဒီအသိမှားကြီးနဲ့၊ ဒီအယူမှားကြီးနဲ့ သေကြလို့ရှိရင်ဖြင့် အပါယ်လေးပါး မုချလားမည်ဆိုတဲ့စကားကို အမြဲတစေ မှတ်ထားကြပါ၊ နောက်နားကျ သက်သေပါ ပြမယ်။ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊

အေး အေး . . . အဲဒါတရားစစ် တရားမှန် ပရမတ်တရား ဒီက စပြီးတော့ တစ်စတစ်စ ဝင်ပါ သည်လို့ သမာဓိတော့ ကောင်းကောင်းထားကြပါ၊ တရားစစ် တရားမှန်ဆိုတဲ့ သဘာဝကျကျနန ဒီအချိန်ကစ မြင်ရပြီ။ တို့လူစုနော် (ဟုတ်ကဲ့ပါဆရာ)၊ အမှားတွေ အကုန်ပြန်ပြီးတော့ တစ်စတစ်စ ပြင်ပေးကြပါ၊ ဒါတို့များက ပြင်တာမဟုတ်ဘူး၊ မြတ်စွာဘုရားကိုယ်တော်မြတ် ပွင့်တော်မူလာတဲ့ အချိန်အခါကြီးမှာ အခုလိုပဲ လူ့လောက အန္ဓပုထုဇဉ် သတ္တဝါလောကကြီးမှာ၊ ကိုယ်တော်မြတ် အမှားတွေမြင်လို့ ပြင်တော်မူတဲ့သဘာဝ၊ ဒါကြောင့် မရှိတဲ့ပညတ်တရားကို မရှိမှန်း သိရတယ်လို့၊ နားလည်တဲ့ ပုဂ္ဂိုလ်များ သင်ကြားပြသ ဟောပြောပေးရမယ်။ ဟောဒါတွေက မရှိဘူးဟဲ့၊ ပါးစပ်က ထွက်တဲ့အသံပဲရှိတယ်၊ နောက်ကွယ်မှာ ရှာကြည့် ဘာမှမရှိနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် ဘာမှမရှိဘဲ မသုံးရဘူးလို့ မပြောဘူး၊ မခေါ်ရဘူးလို့ မပြောဘူး၊ ခေါ်ရမယ်, သုံးရမယ်တဲ့၊ ခေါ်မှ သုံးမှ လောကလူ့ကိစ္စ ပြီးပြတ်တယ်တဲ့။ ဒီလိုမဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)၊ ပရမတ်သဘောနဲ့ ကြည့်ရင် အဓိပ္ပာယ်ဆိုကြပါစို့ကွယ်။ ဒိုးလေးမှ မရှိဘဲ ပရမတ်သဘောနဲ့ ကြည့်ရင်တော့ ဒိုးကလေး မရှိဘူးဆိုတာ မှန်တာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် ပရမတ်သဘောနဲ့ ကြည့်လို့ ဒိုးကလေးမရှိတိုင်းသာ မင်း မခေါ်မပြောဘဲနေရင် မင်းလက်ခံနေလို့ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ ငါ့ကိစ္စကြီးငယ်ရှိရင် ပြီးပါဦးမလားဟာ (မပြီးနိုင်ပါဘူးဆရာ)၊ မင်းအကူအညီ ရပါဦးမလားဟ (မရနိုင်ပါဘူးဆရာ)။

http://www.dhammadownload.com



အေး ဒါကြောင့် လောကအကျိုးစီးပွား ပြီးမြောက်စေခြင်းအကျိုးငှာဆိုတဲ့ အနေအားဖြင့် လုံးလုံး မရှိမှန်း သိရုံလေးသိထားတာတဲ့၊ ခေါ်ဝေါ်သုံးစွဲတယ်ဆိုတဲ့ အသုံးအစွဲကတော့ ရပ်သွားလို့ မဖြစ်ပါဘူး နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါတို့ဘုရားကိုယ်တော်မြတ် "မမ စီဝရံ၊ မမ ပတ္တော၊ မမ သိဿော၊ မမ သာဝကော"လို့ ဘုရားကိုယ်တော်မြတ်က ပညတ်မသိလို့ မဟုတ်ဘူးတဲ့၊ မမ စီဝရံ-ငါရဲ့သင်္ကန်းတော်။ မမ ပတ္တော-ငါရဲ့သပိတ်တော်။ မမ သိဿော-ငါရဲ့တပည့်။ မမ သာဝကော-ငါရဲ့သာဝက။ ပုဂ္ဂိုလ် သတ္တဝါတွေ မရှိဘူးဆိုပေမယ့် ဘာကြောင့် တပည့်သားသာဝကတွေ ပြောတုံး ဘုရားကိုယ်တော်မြတ် ဒီလိုလာတယ် မဟုတ်လားနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် ငါဘုရားရဲ့ သပိတ်တော်လို့ ဟောတုံး၊ ဘာကြောင့် ငါဘုရားရဲ့သင်္ကန်းတော်လို့ ပြောတုံး၊ သပိတ်, သင်္ကန်းမှ မရှိဘဲ၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘဲ၊ ဘယ်သာဝက တပည့်တွေ ရှိပါလိမ့်၊ ဘုရားကိုယ်တော်မြတ်ကို စောဒကတက်လို့ မဖြစ်ဘူးတဲ့၊ ကိုယ်တော်မြတ်သိသားပဲ၊ ကိုယ်တော်မြတ်က စပြီးဟောတဲ့ တရားကြီးပဲလို့ မရှိတဲ့နာမပညတ်၊ မရှိ မှန်း ကိုယ်တော်မြတ်က သိသားပဲနော်၊ မရှိမှန်းသိလို့ မသုံးဘဲနေရင် ကိစ္စပြီးပါ့မလား၊ (မပြီးပါဘူး ဆရာ)၊ ဒါမရှိတာ ရှိတာ၊ သိတာက တစ်ကဏ္ဍ၊ သုံးတာက တစ်ကဏ္ဍနော် (ဟုတ်ကဲ့ပါဆရာ)၊ နောက်နားကျ ဥပမာလေးတင်ပြပါမယ်၊ ဒါကြောင့် တို့လူစု လုံးဝမရှိသော ပညတ်တရားကြီးကို မရှိမှန်း သိကြပါလို့၊ ဒါသိအောင် သင်ပေးနေတာ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် မနေ့ညက ပြောခဲ့တဲ့သဘာဝလေး ပြန်၍ စဉ်းစားပါဦး။

မနေ့ညက မင်း ဒိုးကလေးလို့ အမည်တပ်လိုက်တယ်၊ ဒီဒိုးကလေးလို့ အမည်တပ်တဲ့အချိန်က စပြီးတော့ မင်း ဒိုးကလေးလို့ ခေါ်လိုက်ရင် မင်းက နားလည်တယ်၊ ငါ ဒိုးကလေးပဲ၊ ဒိုးကလေးဆိုတာ မဟုတ်လား ဟုတ်တယ်၊ ဒိုးကလေးဆိုတာ ရှိလား ရှိတယ်၊ မင်း လူလား လူပါ၊ ယောကျ်ားလား ယောကျ်ားပါ၊ ပုဂ္ဂိုလ် သတ္တဝါလား ပုဂ္ဂိုလ်သတ္တဝါပါ၊ မင်း အသက်လိပ်ပြာလား အသက်လိပ်ပြာနဲ့ပေါ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ဒိုးကလေးဆိုတာ တကယ်ရှိတဲ့ တရားလားလို့ မေးတော့ သေသေချာချာ စိစစ်ကြည့်ရင် တကယ်ရှိပါ့မလား (မရှိပါဘူးဆရာ)၊ တကယ်ရှိရိုးမှန်ရင် ဟိုဘက်ဘဝ စုတိစိတ်ကျ ဒီဘက်ဘဝ ပဋိသန္ဓေဥပါဒ်ခဏထဲက ဒိုးကလေး ရှိရမယ်ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဟိုဘက်ဘဝက လာတဲ့ ဒိုးကလေးရေ ဒီဘက်လည်း ဒိုးကလေး လာပေါ့ကွာ၊ ဒီဘက်ဘဝ လာပြီးတော့ ပဋိသန္ဓေဥပါဒ်ခဏ၊ ဟိုဘက်ဘဝက စုတိ၊ ဒီဘက်ဘဝ ပဋိသန္ဓေ၊ ဟိုဘက်ဘဝက နောက်ဆုံး စုတိစိတ်ကျသွားလို့ သေတယ် ဆိုတဲ့ စုတိစိတ်လေးနဲ့ ဒီဘက်ဘဝမှာ ပဋိသန္ဓေတည်တယ် ဆိုတာနဲ့ မွေးလာတော့မှာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ စုတိနဲ့ပဋိသန္ဓေ ဆက်စပ်နေတယ်ကွနော် (ဟုတ်ကဲ့ ပါဆရာ)၊ စိတ္တက္ခဏ တစ်ချက်ပဲ ခြားတယ်၊ စုတိနဲ့ပဋိသန္ဓေ ဟိုဘက်ဘဝကတော့ ဒိုးကလေး သေတဲ့၊

http://www.dhammadownload.com



ဒီဘက်ဘဝကျတော့ ဒိုးကလေး မဟုတ်ပါဘူး၊ တစ်ခုခုပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ဟိုဘက်ဘဝကတော့ စုတိစိတ်ကျ၊ ဒီဘက်ဘဝရောက်တော့ ပဋိသန္ဓေတည်တယ်၊ တည်တိုင်း တည်တိုင်း ပဋိသန္ဓေခဏမှာ ဒိုးကလေးလို့ ခေါ်လို့ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)၊ ဒီအခါတော့ ဒိုးကလေး မရှိဘူးလား (မရှိပါဘူးဆရာ)၊ ဘာခေါ်တယ်၊ မင်းအမေ မင်းဘယ့်နှယ်ခေါ်တယ် (အမေလို့ ခေါ်ပါတယ်)၊ အမေလို့ ခေါ်တယ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ မင်းအမေက ငါ့သား ဒိုးကလေးလို့ အမည်ပေးမှပဲ ဆိုရင် ဒိုးကလေးအမည်ပေးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီနေ့က စပြီးတော့ ဒိုးကလေး ဒိုးကလေး ဖြစ်လာတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ဒိုးကလေးဆိုတဲ့ တရားသည် ဘယ်အချိန်က စဖြစ်တုံး (ကျွန်တော့်အမေ့ပေးမှ စဖြစ်လာတာပါဆရာ)၊ ဩော် . . . မင်းအမေရဲ့ပါးစပ်က စခေါ်တဲ့အချိန်က ဖြစ်တာပေါ့ (ဟုတ်ကဲ့ပါဆရာ)။

အဲဒီဒိုးကလေးဆိုတဲ့ တရားသည် ဘယ်မှာ ဖြစ်တာတုံး၊ (အသံထွက်က ဖြစ်တာပါဆရာ)၊ မင်းအမေရဲ့ပါးစပ်က ဖြစ်တာ မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ) သူ စပြီး အမည်မှည့်တာ မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ သူစပြီးအမည်မှည့်ရင်း သူ့ပါးစပ်က စထွက်တဲ့တရား မဟုတ်ဘူးလားကွ (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် ကြည့်စမ်းပါဦး၊ ဒိုးကလေးလို့ စပြီး အမည်ပေးလိုက်တယ်၊ မင်း အမေကနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီအချိန်က စပြီး ဒိုးကလေးပေါ်လာတာပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း ဒိုးကလေးသည် ဘယ်က စဖြစ်တဲ့တရားလဲ၊ ကျွန်တော့်အမေပါးစပ်က စဖြစ်တဲ့တရားပါ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကျွန်တော့်အမေက စဖြစ်တဲ့တရား၊ ဘယ်မှာ ဖြစ်တာတုံး၊ ကျွန်တော့်အမေရဲ့ ပါးစပ်ဖျားက ဖြစ်တာပါ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း . . . အဲဒီအချိန်က စဖြစ်လာတော့ မင်းတော်တော်လေး မှတ်သားနိုင်တဲ့အရွယ်၊ ဒါပေမယ့် အမည်မှည့်တုန်းကတော့ လသားအရွယ်ကလေး မင်းနားမလည်ဘူးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ မင်းကိုယ်တိုင်က မသိဘူး၊ ငါ ဒိုးကလေးဆိုတာ နားမလည်ရှာဘူး၊ မင်းကိုယ်ရှာကြည့်တော့ ဒိုးကလေးတစ်ခုမှ ရှာမရဘူး၊ ရှိပ့ါမလား (မရှိပါဘူးဆရာ)၊ တော်တော်လေး မှတ်လောက်သားလောက်တဲ့ အရွယ်ကျတော့ မင်း ဒိုးကလေး ဒိုးကလေးလို့ ခေါ်လိုက်ရင် မင်းက နားလည်ပြီ၊ ဒိုးကလေး ဆိုတာငါပဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒိုးကလေးဆိုတာ ငါပဲ၊ ငါဟာ ဒိုးကလေးပဲ၊ ဩော် . . . ဒိုးကလေးဟာ ငါပဲလို့ မင်းပါးစပ်က ဒီလိုပြောတယ်၊ အများကလည်း ဒီလိုပဲ၊ အရပ်ကလည်း ဒီလိုပဲထင်ပါတယ်၊ ဒိုးကလေးဆိုတာ သူပေါ့၊ ဒိုးကလေးဆိုတာ သူပဲ၊ ဒိုးကလေးဆိုတာ ယောကျ်ားပေါ့၊ ဘယ်သူ့သားပေါ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဘယ်အရပ်ထဲကပဲ၊ အားလုံးပတ်ဝန်းကျင်ကလည်း ဒိုးကလေးဆိုတာ တကယ်ရှိတယ် မှတ်မလာဘူးလား (မှတ်ပါတယ်ဆရာ)၊ မင်းကိုယ်တိုင်ကရော ဒိုးကလေးဆိုတာ ငါပဲလို့ တကယ်ရှိတယ် မှတ်မလာ

http://www.dhammadownload.com



ဘူးလား (မှတ်ပါတယ်ဆရာ)၊ မင်းကိုယ်မင်း ဒိုးကလေးလို့ တကယ်မှတ်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒီ ဒိုးကလေးဟာ သေသေချာချာကြည့်ပါကွယ်၊ တကယ်ဟုတ်ရိုးမှန်လို့ရှိရင် ဒိုးကလေး ဆိုတဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ တကယ်ရှိသလားလို့ သွားပြီး စမ်းကြည့်တော့ ဘာတွေ့လဲ (ဘာမှ မတွေ့ပါဘူးဆရာ)၊ ဘာမှ မတွေ့ရဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ ဟာ . . . လူမတွေ့ဘူးလား (ရုပ်တွေ့ပါ တယ်ဆရာ)၊ ဟာ . . . ဒီလိုလုပ်စမ်းပါကွနော် (ဟုတ်ကဲ့ပါဆရာ)၊ သွားစမ်းကြည့်တော့ ရုပ်တွေ့တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အပြုသဘောလေးပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ဒါရုပ်ပေါ့နော် (ဟုတ်ကဲ့ပါ ဆရာ)။ အဲဒါလေး မှတ်ထားပါ။

သွားကိုင်ကြည့်တော့ ငါ ဒိုးကလေးဆိုတဲ့ ခေါ်သံရဲ့နောက်ကွယ်မှာ တကယ် ဒိုးကလေးရှိလား လို့ သွားစမ်းကြည့်လိုက်တော့။ ဩော် . . ဒါကတော့ ခေါင်းလို့ သမုတ်ထားတယ်၊ ဒါက လက်လို့ သမုတ်ထားတယ်၊ ဒါက ကိုယ်လို့ သမုတ်ထားတယ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒါက ခြေ လို့ သမုတ်ထားတယ်၊ ခေါင်းတဲ့၊ လက်တဲ့၊ ကိုယ်တဲ့၊ ခြေတဲ့၊ သမုတ်ထားတယ်။ အဲဒီသမုတ်တဲ့ ရုပ်ကြီးကိုပဲ သွားတွေ့တယ်၊ တွေ့တော့ ငါက မေးတယ်၊ မင်း ဒိုးကလေးလားဆိုတော့ မင်းက ဟုတ်ပါ တယ်လို့ ဝန်ခံတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒိုးကလေးဆိုတာ မင်းလား ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် ဒိုးကလေးပါ၊ မင်းယောက်ျားလား၊ မိန်းမလား၊ ဟာ . . . ကျွန်တော်ယောက်ျားပါ၊ မင်း ပုဂ္ဂိုလ် သတ္တဝါလား၊ ဟာ . . . ကျွန်တော် ပုဂ္ဂိုလ်သတ္တဝါပါ၊ လူတစ်ယောက်ပေါ့၊ အကောင်အထည် ပေါ့၊ မင်း ဒီလိုပြောမယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် မင်းဒိုးကလေးဆိုတာ ငါမေးစမ်းပါရ စေလို့ မင်းရဲ့ခေါင်းကို ငါကိုင်ပြီးမေးတော့ အဲဒါဒိုးကလေးလားဆိုတော့ မင်း ဘယ်လိုလုပ်ပြောမလဲ (မဟုတ်ပါဘူးဆရာ)၊ ဒါ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ အဲဒါဘာတုံး (ပုံစံသဏ္ဌာန်ကြီးပါ ဆရာ)၊ မဟုတ်ပါဘူး၊ ငါပိုင်းပြီး မေးတာကို မင်းပြောစမ်းပါ (ခေါင်းပါဆရာ)၊ ဩော် . . ဒါခေါင်းတဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ကောင်းပါပြီ၊ ငါလက်ကိုင်ပြီး မေးမယ်၊ ဒါဖြင့်ကွာ ဒါက ဒိုးကလေးလားလို့ ငါက ကိုင်ပြီး မေးမယ်၊ မင်းဘယ်လိုလုပ် ပြောမလဲ (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူးလား (ဟုတ်ပါ တယ်ဆရာ)၊ ဒါဖြင့် ဘာခေါ်လဲ (လက်ပါဆရာ)၊ ဒါလက်ဖြစ်သွားပြန်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် မင်းကို ငါက ကျောတို့ ရင်တို့ကို ကိုင်ပြီး မေးမယ်၊ ဒါဖြင့် ကောင်းပါပြီ၊ အဲဒါက ဒိုးကလေး လားလို့မေးတော့ မင်းဘယ့်နှယ့်ပြောမလဲ (မဟုတ်ပါဘူးဆရာ)၊ ဒါက ဘာလဲ (ကျောတို့၊ ရင်တို့ပါ ဆရာ)၊ ဩော် . . . ဒါက ကျော၊ ဒါက ရင်နော် (ဟုတ်ကဲ့ပါဆရာ)၊ နောက်တစ်ခါ ကောင်းပါပြီ၊ ဒါဖြင့် ဒိုးကလေး မဟုတ်လို့ရှိရင် မင်းခြေကို ငါကိုင်ပြီး မေးမယ်၊ ဒါဖြင့် ဒါ ဒိုးကလေးလားလို့ မေးတော့ မင်းဘယ့်နှယ့်ပြောမလဲ (မဟုတ်ပါဘူးဆရာ)၊ ဘာမှ မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)၊ ဒါက

http://www.dhammadownload.com



ခြေပါ (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ကဲ . . . မင်းတစ်ကိုယ်လုံးလည်း ငါမေးတာ ကုန်လာခဲ့ပြီ၊ ရှိသေးသလား (မရှိတော့ပါဘူးဆရာ)၊ ဟာ . . . မင်း ဒိုးကလေး ဘယ်မှာရှိလို့တုံးကွ (ဟုတ်ကဲ့ပါဆရာ)၊ ရှိပဲ့မလား ဒိုးကလေး (မရှိပါဘူးဆရာ)၊ ဒိုးကလေး မင်းမပြောနိုင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အေး ဒိုးကလေးရှိရင် မင်းပြောနိုင်တယ်မဟုတ်လား (ပြောနိုင်ပါတယ်ဆရာ)၊ ဒါ ဒိုးကလေးလို့ မေးရင် ပြနိုင်ရမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အခုတော့ မင်းပြနိုင်ရဲ့လား (မပြနိုင်ပါဘူးဆရာ)၊ ဒါဖြင့် လာပြန်ပြီ၊ လူတဲ့ မင်းသမုတ်ပြန်ပြီနော် (ဟုတ်ကဲ့ပါဆရာ)၊ ကောင်းပါပြီ၊ မင်းကို ငါမေးပါဦးမယ်၊ ငါက ခေါင်းကိုင်ပြီး မေးတော့ မင်း ဒါက လူတဲ့၊ မင်းကိုယ်မင်း ထင်နေတာ၊ အဲဒါလူလားလို့ မေးတော့ ဘယ့်နှယ့် ပြောမလဲ (မဟုတ်ပါဘူးဆရာ)၊ ဘာမှမဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ လက်ကိုင်ပြီး မေးမယ်၊ မင်းဒါ လူလားလို့ မေးတော့ (မဟုတ်ပါဘူးဆရာ)၊ ဒါဖြင့် ဘာတုံး (လက်ပါဆရာ)၊ ဟာ . . . ဒါဖြင့် ကိုယ်ကိုင်မေးမယ်ကွာ၊ ဒါက လူလားလို့ မေးတော့ (မဟုတ်ပါဘူးဆရာ)၊ ဒါက ဘာတုံး (ကိုယ်ပါဆရာ)၊ ခြေကိုင်ပြီး ဒါက လူလားလို့ မေးတော့ (မဟုတ်ပါဘူးဆရာ)၊ ဒါက ဘာတုံး (ခြေထောက်ပါဆရာ)၊ ဟာ . . . မင်းလူဆိုတော့ ဒါက ဘာတုံး (ခြေထောက်ပါဆရာ)။

ဟာ . . . မင်းလူဆိုတာ ကိုင်ပြတယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ခေါင်း, လက်, ကိုယ်, ခြေ ဆိုတဲ့ အင်္ဂါအစိတ်အပိုင်းတွေ ပေါင်းစပ်ထားနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီပေါင်းစပ်ထားတဲ့ ခန္ဓာကိုယ် ပဉ္စကဒြပ်ပေါ်မှာ လူလို့ တစ်ခါသမုတ်ကြပြန်တယ် အများကနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါလူကွ၊ ဒီပုံစံမျိုးဆိုရင်လူ၊ ဒီသဏ္ဌာန်မျိုးဆိုရင် လူဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါတခြားမဟုတ်ဘူး၊ တို့ပါးစပ်က ထွက်နေတာ အမှန်တော့ တခြားမဟုတ်ဘူး၊ ကမ္ဘာတည်စကတည်းက လူပညာရှိအများက ကမ္ဘာဦးပထမအစ တည်လိုက်ကတည်းက တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိကြပါစေလို့၊ လောကအကျိုးကို ဆောင်ရွက်နိုင်ကြပါစေ၊ လောကအကျိုး စီးပွားပြီးမြောက်ပါစေ ဆိုတဲ့ အနေအားဖြင့် အမည်နာမကို အသီးအသီး ပါးစပ်က တပ်ကာတပ်ကာ ပေးလိုက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ နာမပညတ်တွေ၊ သမူဟပညတ်တွေ၊ သဏ္ဌာနပညတ်တွေ၊ ဃနပညတ်တွေ၊ ဒိသာပညတ်တွေ၊ ကာလပညတ်တွေကို သေသေချာချာမှတ်ပါ။

ကောင်းပါပြီ၊ မနက်ဖြန် လကွယ်နေ့လား (ဟုတ်ကဲ့ပါဆရာ)၊ မနက်ဖြန်ခါ လကွယ်နေ့၊ အဲဒီ လကွယ်နေ့ မင်း ငါ့ကို ကိုင်ပြနိုင်မလား (မပြနိုင်ပါဘူးဆရာ)၊ မပြနိုင်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒါနက်ဖြန်ခါ လကွယ်နေ့၊ ဒါဖြင့်ကောင်းပါပြီ၊ ကနေ့အဖို့ကတော့ အခုအချိန်ဟာ ညချမ်းအချိန်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီညအချိန်ရောမင်း ငါ့ကိုင်ပြနိုင်မလား (မပြနိုင်ပါဘူးဆရာ)၊ ဒါဖြင့် ညဆိုတာ ရှိတယ် မဟုတ်လား (ရှိပါတယ်ဆရာ)၊ ရှိတာ ရှိတယ် မင်း ငါ့ကိုင်ပြနိုင်မလား

http://www.dhammadownload.com



(မပြနိုင်ပါဘူးဆရာ)၊ အေး . . . ဒါဖြင့် အဲဒါလေးတွေ အချိန်ကာလနဲ့ ဟောဒါက မနက်ခင်းခေါ်တယ်၊ ဟော ဒါက နေ့လည်ခင်းခေါ်တယ်၊ ဟောဒါက ညနေခင်းခေါ်တယ်ကွယ့်အချိန်နော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . နံနက်အခါ လာခဲ့ဟေ့၊ နေ့လည်အခါ လာခဲ့ဟေ့၊ ညကျမှ လာခဲ့ကွယ်၊ နက်ဖြန်ခါမှလာ၊ သန်ဘက်ခါမှလာ စသည်အားဖြင့် အဲဒီလိုသုံးနေတဲ့ စကားလုံးတွေနောက်ကွယ်မှာ တကယ် မနက်တို့၊ နေ့လည်တို့၊ ညနေတို့၊ နက်ဖြန်ခါတို့၊ သန်ဘက်ခါတို့များ မင်းရှိတယ် ထင်နေသလား (မရှိပါဘူးဆရာ)၊ မရှိဘူး မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အဲဒီသုံးနေတဲ့ စကားလုံးနောက်ကွယ်မှာ နက်ဖြန်ခါတို့, သန်ဘက်ခါတို့, မနက်တို့, နေ့လည်တို့ သွားကိုင်ရှာရင် တွေ့ပါ့မလားဟ (မတွေ့ပါဘူးဆရာ)၊ ဘယ်တွေ့မလဲ၊ အဲဒါလည်းပဲ ကမ္ဘာဦးတည် လူပညာရှိများက မင်းတို့ ငါတို့ လောကကိစ္စတွေ ဆောင်ရွက်တဲ့ ကိစ္စအဝဝတွေ ပြီးမြောက်ပါစေခြင်းအကျိုးငှာ ဆိုပြီးတော့ အမှတ်အသားတွေ ပေးထားတဲ့ အချိန်ကာလနဲ့ မှတ်သားထားတဲ့ ကာလပညတ်ခေါ်ပါတယ်တဲ့ နားလည်လား (ဟုတ်ကဲ့ပါဆရာ)။

တစ်ခါလာပြန်ပြီကွယ် . . နေထွက်တဲ့အရပ်က အရှေ့၊ နေဝင်တာက အနောက်တဲ့၊ လက်ျာဘက်က တောင်၊ လက်ဝဲဘက်က မြောက်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အရှေ့, အနောက်, တောင်, မြောက်, အရပ်လေးမျက်နှာလို့ ဒီလိုမခေါ်ဘူးလား (ခေါ်ပါတယ်ဆရာ)၊ အဲဒီလိုခေါ်တဲ့အသံထွက် နောက်ကွယ်မှာ ငါ့ကိုယ် အရှေ့အရပ်ကိုင်ပြနိုင်လား (မပြနိုင်ပါဘူးဆရာ)၊ အနောက်အရပ်ကော (မပြနိုင်ပါဘူးဆရာ)၊ တောင်အရပ်ကော (မပြနိုင်ပါဘူးဆရာ)၊ မြောက်အရပ်ကော (မပြနိုင်ပါဘူးဆရာ)၊ ဘာဖြစ်လို့ မပြနိုင်လဲ (မရှိမှ မရှိဘဲကိုး) အေး . . . ရှိမှမရှိဘဲ အသံထွက်နောက်ကွယ်မှာ တကယ် ကိုင်ကြည့်တော့ မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါပေမယ့်လို့ အဲဒီအရှေ့၊ အနောက်၊ တောင်၊ မြောက်ဆိုတဲ့ အရပ်လေးမျက်နှာကို တစ်ယောက်နဲ့တစ်ယောက် နားလည်မှု ရှိရင် သိအောင်လို့ သတ်မှတ်ပြီးတော့ ပညတ်ဆယ်မျိုးကို ထုတ်မထားလို့ရှိရင် တို့လောကကိစ္စဆောင်ရွက်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ခရီးသွားလို့ကော ဖြစ်မှာ မဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ ခရီးသွားလို့ ဖြစ်မှာမဟုတ်ဘူး၊ ဟာ . . . အရှေ့အရပ်သွားတယ်ဆိုလည်း နားကိုမလည်ဘူး၊ အနောက်အရပ်သွားတယ်ဆိုလည်း နားကိုမလည်ဘူး၊ ဘယ်လိုနည်းနဲ့မှ လောကကိစ္စပြီးနိုင်မှာ မဟုတ်ဘူးတဲ့။

ဒါကြောင့် ကမ္ဘာဦးတည် လူပညာရှိများက လောကကြီးရဲ့ အကျိုးစီးပွားများစေခြင်းအကျိုးငှာ၊ ငါ့အကျိုး, သူ့အကျိုး ပြီးမြောက်စေခြင်းအကျိုးငှာ ဒီလိုအမှတ်အသားလေးတွေ ထားလေမှပဲ ဆိုပြီးတော့ အမှတ်အသားထားတဲ့ စကားလုံးတွေ ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါက ဒိသာပညတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒိသာပညတ်တဲ့, ကာလပညတ်တဲ့၊ ကာလပညတ်ဆိုတာ အမည်

http://www.dhammadownload.com



ကလေးတွေ တပ်ပေးတာ ခေါ်တယ်။ ဒီလိုအမည်လေးကျ မှတ်ထားကွဲ့၊ ဟောဒါက ဘာခေါ်တယ်၊ အဲဒါ တို့အရပ်ထဲမှာ မှည့်ထားတဲ့ နာမည်လေးတွေ မရှိလားကွဲ့ (ရှိပါတယ်ဆရာ)၊ အဲဒီနာမတွေဟာ ဘာဖြစ်လို့ မှည့်သလဲမေးတော့ အလကားမှည့်တာ မဟုတ်ပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် မမှား အောင်လို့၊ ကိစ္စဆောင်ရွက်တဲ့နေရာမှာ လွယ်လင့်တကူ ပြီးမြောက်အောင်လို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အကယ်တန္တု နာမည်လေးတွေ အသီးအသီး မထားခဲ့လို့ရှိရင် လူကြီးလုပ်တဲ့ သူတောင် အရပ်ထဲ အုပ်ချုပ်လို့ ရမှာမဟုတ်တော့ဘူး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ နာမည်မှ အသီးအခြားမထားဘဲနဲ့ အရေးအကြောင်းဆို ဘယ်သူ့ခေါ်ရပ့ါမလဲ (ဘယ်သူမှ ခေါ်လို့မရပါဘူး ဆရာ)၊ ဘယ်သူမှ ခေါ်လို့မဖြစ်ဘူး၊ အဲဒါခက်တာပေ့ါကွ၊ သူချည်းလုပ်လို့ ဖြစ်ပါဦးမလား (မဖြစ်ပါဘူး ဆရာ)။

ဩော် . . . လောကကြီးက ဒီက စကြည့်နော်၊ ကျဉ်းကျဉ်းကလေးက စကြည့်နော် (ဟုတ်ကဲ့ ပါဆရာ)၊ ဩော် . . . ဒါဖြင့် လောကအကျိုး ပြီးမြောက်စေခြင်းအကျိုးငှာ ဟုတ်တယ် မဟုတ်ဘူး၊ ရှိတယ် မရှိဘူး၊ မရှိလို့လည်း မှတ်လိုက်။ ဘယ်လူဟဲ့ မောင်ဖြူတို့, မောင်နီတို့ အစရှိသည်အားဖြင့် ပေ့ါနော် (ဟုတ်ကဲ့ပါဆရာ)၊ ဘယ်သူဖြစ်ဖြစ် ကိုယ့်သားသမီး ခေါ်လိုက်ရင် အညွန့်ကလေးတွေနဲ့၊ အတက်ကလေးတွေနဲ့ မှည့်ခေါ်တယ်၊ ကောင်းနိုးရာရာကလေးတွေ၊ မိန်းကလေးဆို မိန်းကလေး အလျောက်၊ ယောကျ်ားလေးဆို ယောကျ်ားလေးအလျောက် အဲဒီလိုမှည့်ပေးတဲ့ အမည်နာမကလေး တွေ မောင်လှ၊ မောင်ဝ အစရှိသည်အားဖြင့် မှည့်လိုက်ပြီ၊ အဲဒီလို မောင်လှ၊ မောင်ဝလို့ မှည့်လိုက် တဲ့အမည်စကားလုံးလေးရဲ့နောက်ကွယ်မှာ၊ တကယ်မောင်လှ ရှာကြည့်တော့ ရှိပ့ါမလား (မရှိပါဘူး ဆရာ)၊ မရှိဘူးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အမှန်က ရုပ်ဓာတ်ရှိတယ်၊ နာမ်ဓာတ်ရှိတယ် ဒီလိုမဟုတ် လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒီလိုပဲသွားမယ်၊ ဩော် . . . လက်စသတ်တော့ မင်းတို့ငါတို့ အမြဲသုံးနေတဲ့ စကားလုံးတွေဟာ အခြားမဟုတ်ဘူး၊ ကမ္ဘာဦးတည် လူပညာရှိများက လောကကြီးရဲ့ အကျိုးစီးပွား ပြီးမြောက်စေခြင်းအကျိုးငှာ၊ သူ့အကျိုး ငါ့အကျိုး ပွားတိုးစေခြင်းအကျိုးငှာ လောက အကျိုး ပြီးမြောက်မှုလည်းပဲ လောကုတ္တရာအကျိုး ပြီးမြောက်သကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ လောကအကျိုး မပြီးမြောက်ရင် လောကုတ္တရာအကျိုး ပြီးမြောက်ပ့ါမလား (မပြီးမြောက်ပါဘူးဆရာ)၊ အဲဒါတွေ မပြီးရင် သာသနာတော်ကြီး မကြီးပွားနိုင်ဘူးပေ့ါ၊ သာသနာမထွန်းလင်းနိုင်ဘူးပေ့ါနော် (ဟုတ်ကဲ့ပါဆရာ)၊ သာသနာကြီးထွန်းလင်းမှ သာသနာပြုနိုင်မှာ၊ အဲသလို သာသနာကြီး ပြုနိုင်၊ ရှုနိုင် ဆိုတာ တခြားမဟုတ်ပါဘူး။

http://www.dhammadownload.com



ခုနပြောခဲ့တဲ့ နာမပညတ်တို့ သမူဟပညတ်တို့ သင်္ကေတပညတ်တို့ ဒိသာပညတ်တို့ ကာလပညတ်တို့ သဏ္ဌာနပညတ်တို့ ဃနပညတ်တို့နော် (ဟုတ်ကဲ့ပါဆရာ)၊ အသီးအသီး မှတ်သားစရာလေးတွေ၊ ခေါ်ဝေါ်စရာလေးတွေ တပ်တပ်ပေးကြတယ်။ ဒါလေးတွေ တပ်တပ်ပေးပြီးတော့ မှတ်သားစရာလေးတွေ၊ ခေါ်ဝေါ်စရာလေးတွေ ပေးထားမှ တစ်ခုနဲ့တစ်ခု ကွဲကွဲပြားပြား ခြားခြားနားနား သုံးလို့ ဖြုန်းလို့ ဖြစ်မှာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလို သုံးလို့ ဖြုန်းလို့ ဖြစ်မှလည်းပဲ လောကီအကျိုး ဖြစ်ဖြစ်၊ လောကုတ္တရာအကျိုးဖြစ်ဖြစ် ဆောင်ရွက်လို့ ဖြစ်နိုင်တယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလိုမှ သတ်မှတ်ပြီးတော့ ပညတ်ကလေးတွေ တပ်မထားလို့ရှိရင် ငါ ခုနပြောသလို အရပ်ထဲ သူကြီးတောင် အုပ်ချုပ်လို့ ရမှာမဟုတ်ဘူးလို့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် လောကီအကျိုးပြီးမှ လောကုတ္တရာအကျိုး ပြီးမြောက်တယ်။ တစ်ခုနဲ့တစ်ခု အညမညပစ္စည်းတပ်ပြီး ကျေးဇူးပြုတယ်။ အဲဒါကြောင့် မင်းတို့ငါတို့ သုံးနေတဲ့ စကားလုံးတွေဆိုတာ တခြားမဟုတ်ပါဘူးတဲ့၊ ကမ္ဘာဦးတည်လူပညာရှိများက ပရိယာယ်အမျိုးမျိုးအနေအားဖြင့် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရအောင် သတ်မှတ်ပြီး ခေါ်ဝေါ်သွားတဲ့ စကားလုံးခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီစကားလုံးတွေဟာ ပညတ်ချည်းပဲမှတ်။

ဒါကြောင့် အဲဒီစကားလုံးတွေဟာ သုံးသာသုံးတယ်၊ သူတို့နောက်ကွယ်မှာ လုံးလုံးကြီး အဓိပ္ပာယ်မရှိပါဘူး၊ ဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် မင်း ခုနက ငါပြခဲ့တယ်၊ ဒိုးကလေး တကယ်ရှိတယ်ဆိုပြီးတော့ ဒိုးကလေးဆိုတဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ ဒိုးကလေး လိုက်ပြီးတော့ရှာလိုက်တာ မတွေ့ပါဘူး။ ခေါင်းတဲ့, လက်တဲ့, ကိုယ်တဲ့, ခြေတဲ့၊ ဒါက ဘာတုံးဆိုတော့ မျက်လုံး, မျက်ခုံး, အသား, အသွေး, အရိုး, အသစ်, အကြောစသည်အားဖြင့်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒိုးကလေးကို ရှာမရဘူး။ ရှာလို့ရလား (မရပါဘူးဆရာ)၊ မရပါဘူးတဲ့၊ ဒါဖြင့် ခေါင်း, လက်, ကိုယ်, ခြေ, ဆိုတဲ့ အင်္ဂါအစိတ်အပိုင်းတွေ စုပေါင်းပြီးထားတဲ့ သမူဟပညတ်အားဖြင့်။ ဒါလူလို့ သမုတ်ထားတယ်၊ ဒါဒိုးကလေးလို့ သမုတ်ထားတယ်။ ဒါ ဒိုးကလေးလို့ နာမပညတ်အနေအားဖြင့် အမည်တပ်ထားတယ်၊ အကောင်အထည်ကြီး သဏ္ဌာန်ပေါ်နေတာပဲ၊ အကောင်အထည် မင်းတို့ထင်နေတာ ဒါသဏ္ဌာနပညတ်ကြီး။ အတုံး, အလုံး, အခဲ, ခေါင်းတွေ, လက်တွေ, ကိုယ်တွေ, ခြေတွေ, ဆိုတာ အကောင်အထည်ကြီး မဟုတ်ပါလား။ မင်းတို့ငါတို့ ထင်နေတဲ့ ဝတ္ထုပစ္စည်းဆိုတာ သဏ္ဌာနပညတ်ကြီးပါ။ မင်းတို့မျက်စိထဲမှာ အမြင်မှားနေလို့ ဘာမှမရှိပါဘူး။ ဒါ ရုပ်သဘော, နာမ်သဘောတွေနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ ရုပ်တရား, နာမ်တရားကို ပြတာတဲ့၊ အဲဒီအကောင်အထည်ကြီးကို ချေမွပြလိုက်တဲ့အခါကျတော့ လုံးဝပျောက်သွားတဲ့အဖြစ် ရောက်ပါလိမ့်မယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



သြော် . . အခုတော့ အကြမ်းဖျင်းလေး မှတ်ထားပါ။ သြော် . . . ငါတို့သူငါ လူတကာရဲ့ပါးစပ်ဖျားက မထပ်မနား ခေါ်ဝေါ်သုံးစွဲနေကြတဲ့ စကားလုံးတွေက အမှန်တော့ ပညတ်တွေပဲလို့ တစ်ခုမှ မရှိဘူး၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါကြောင့် မရှိတဲ့ပညတ်တရားကြီး မရှိမှန်းသိကြပါလို့ ဒီလိုသိအောင် ပြင်ပေးရတဲ့ တရားခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် မရှိတဲ့ပညတ်တရားကြီးပဲ၊ ကိုင်း . . . နမူနာလေး ငါတစ်ခု ပြပါဦးမယ်၊ မင်း ဒိုးကလေးတော့ ငါပြောပြီးပါပြီလို့ အဓိပ္ပာယ်ဆိုကြပါစို့ကွာ၊ မင်းတို့ငါတို့ အိမ်မှာထားတဲ့ စားပွဲကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဘာတုံးဟ၊ စားပွဲခေါ်ပါတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ နေတိုင်းမေးတော့ ဒါဘာတုံးဆိုတာ သိတယ် မဟုတ်လား (သိပါတယ်ဆရာ)၊ ဘယ့်နှယ့်ပြောတုံး (စားပွဲခေါ်ပါတယ်ဆရာ)၊ စားပွဲတဲ့။ အဲဒါကြည့် အဲဒါကြည့်၊ လူတစ်ရာလျှောက်လာ လမ်းမှာ စားပွဲတစ်လုံး ချထားပါ၊ တစ်ယောက်ချင်းမေး ဘာပြောလဲ (စားပွဲပဲပြောပါတယ်ဆရာ)၊ တစ်ရာလုံး အကုန်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် လူတစ်ရာလုံး စောစောတုန်းက ကြိုပြီး တိုက်ထားသလား၊ (မတိုက်ပါဘူးဆရာ)၊ မတိုက်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။

မတိုက်ဘဲနဲ့ လူတစ်ရာလုံး မေးကြည့်စမ်း . . . အဖြေမှန်ချင်းဖြစ်နေတာပေါ့၊ အတူတူပဲလား (အတူတူပါပဲဆရာ)၊ အတူတူပဲ၊ ဘာကြောင့် ထွက်ပါလိမ့်မတုံး၊ တစ်ယောက်လာမေး စားပွဲကွ၊ လူတစ်ရာလုံးစုံ စောစောက ကြိုပြီး တိုက်ထားတာလည်း မဟုတ်၊ သင်ပြထားတာလည်း မဟုတ်ဘဲနဲ့ ဒီအရှေ့၊ အနောက်က၊ လျှောက်လာသမျှလူတွေ ငါလှမ်းလှမ်းပြီး မေးတယ်၊ စားပွဲချည်းလို့ ပြောသွားမယ်။ မမှားဘူး တစ်ရာလုံး အကုန်တူတယ်၊ မတူဘူးလား (တူပါတယ်ဆရာ)၊ ဘာဖြစ်လို့ အတူတူထွက်ပါလိမ့်မလဲလို့ မင်းစဉ်းစားတော့ ဘယ့်နှယ့်ပေါ်လဲ၊ သိကိုမသိဘူး၊ လုပ်စမ်းပါဦး၊ (သဏ္ဌာနပညတ်တွေ ကြည့်ပြီးတော့ ပြောနေပါတယ်ဆရာ)၊ ဟုတ်ပြီ မင်းတော်သားပဲ၊ ဒိုကလေးများ ဒီဘက်များ သွားဦးမလားလို့ ပုံစံသဏ္ဌာန်ကြည့် ပြောတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ သြော် . . . လူတစ်ရာလုံးက ဒီပုံစံကို ဒါစားပွဲလို့ သိပြီးသားဟုတ်လား (သိပြီးသားပါဆရာ)၊ ဒါသူတို့ ပုံစံမှတ် ပြောနေတာ (ဟုတ်ကဲ့ပါဆရာ)၊ ဟောကြည့် သဏ္ဌာနပညတ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မှားသေးရဲ့လား (မမှားပါဘူးဆရာ)၊ ဘယ်မှားမလဲကွ စားပွဲ၊ တကယ့်စားပွဲအစစ် မပြောနဲ့၊ ဓာတ်ပုံနဲ့မြင်လည်း သူတို့ ပြောနိုင်မလား မပြောနိုင်ဘူးလားကွ (ပြောနိုင်ပါတယ်ဆရာ)၊ အဲဒါသဏ္ဌာနပညတ်၊ ပုံစံကြည့် ပြောနေတာ၊ ဒီလိုမဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)၊ ပုံစံကြည့်ပြောနေတာ။

ကောင်းပါပြီ၊ ဒီစားပွဲရှိသလားဆိုတော့ အားလုံးက ရှိတယ်ပေါ့ (ရှိပါတယ်ဆရာ)၊ ဟုတ်လား ဆိုတော့ ဟုတ်တယ်ပေါ့ (ဟုတ်ပါတယ်ဆရာ)၊ မှန်လား ဆိုတော့ မှန်တယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊

http://www.dhammadownload.com



ဒီစားပွဲရှိရိုးမှန်ရင် ငါမေးစမ်းပါရစေ . . . ဒီစားပွဲက ဘာလဲ၊ သစ်သားနဲ့ လုပ်တာလား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါဖြင့် စဉ်းစားပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ သူ့လုပ်တဲ့ကျွန်းပင် ပေါက်စတုန်းက အညွန့်ကလေး ဒီစားပွဲပါလား (မပါပါဘူးဆရာ)။ တစ်ဖက်လောက်ရှိတဲ့ အပင်ကြီးကျတော့ ပါလား (မပါပါဘူးဆရာ)၊ မပါဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ လွှစင်တင်ခွဲတော့ လွှစင်ပျဉ်တွေ ဖြစ်လာတော့ ပျဉ်ထဲမှာ စားပွဲတွေပါလား (မပါပါဘူးဆရာ)၊ ပျဉ်ရောင်းတဲ့ဆိုင်ရောက်တော့ စားပွဲပါလား (မပါပါဘူးဆရာ)၊ မပါသေးဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . နောက်ကျမှ ပျဉ်ဆိုင်ကနေ လက်သမားဆရာ ဝယ်ပြီးတော့ လုပ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဟောဒါက အပေါ်က အဖုံး, ဒါက ဘောင်တဲ့, ဒါက ကျည်, ဒါက ထုပ်, ဒါက ယောက်, အောက်က ကျူကုတ်, ဒီလိုလုပ်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . ပေါင်းစပ်တပ်လည်း ပြီးရော လမ်းလယ်ခေါင်ချထား၊ လူများကို မေး၊ ဘယ်လိုပြော (စားပွဲလို့ ပြောပါတယ်ဆရာ)၊ ဩော် . . . စားပွဲ ဒီကျမှ ပေါ်လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါပုံစံသဏ္ဍာန်မှတ်ပြီး ပြောနေကြတာ။

ဒါဖြင့် ဒီဥစ္စာ စားစရာစားပွဲပေါ်တင်လို့ စားပွဲလို့ ခေါ်ကြတယ်၊ ဒီလိုမဟုတ်လားကွာ (ဟုတ်ကဲ့ပါဆရာ)၊ စားစရာပွဲတွေ တင်လို့ စားပွဲလို့ ခေါ်ကြတယ်ဆိုတော့ အဲဒီစားစရာပွဲတွေ တင်ဖို့လို့ စလုပ်တဲ့ လက်သမားက စပေးတဲ့အမည် ဒါစားပွဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . စားပွဲဆိုတာ အမှန်ကတော့ နာမပညတ်တပ်ထားတယ်၊ ပုံစံမှတ်ပြီးတော့ လူပေါင်းများစွာက နားလည်ထားတဲ့ သဏ္ဍာနပညတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကြည့်စမ်း ဒါဖြင့် ဒီစားပွဲသည် နဂိုကရှိတဲ့ တရားလား ဆိုတော့ မင်းဘယ့်နှယ့်ပြောမလဲ (မရှိပါဘူးဆရာ)၊ နဂိုကသာ ရှိတဲ့တရားမှန်ရင် သူ့လုပ်တဲ့ သစ်သား ကျွန်းပင်ကလေးပေါက်စကတည်းက ကျွန်းပင်ကလေးနဲ့ ပါလာမယ့် စုံတွဲလေးနော် (ဟုတ်ကဲ့ပါဆရာ)၊ အခုတော့ ကျွန်းပင်ကလေးလည်း ရှာမရဘူး၊ ကျွန်းတုံးကြီးဘဝရောက်လည်း ရှာမရဘူး၊ လွှစင်တင်တော့လည်း ရှာမရ၊ ပျဉ်ပုံဘဝရောက်တော့လည်း ရှာမရဘူး။ ဘာကြောင့် ဘယ့်နှယ့်ဖြစ်သလဲ၊ လက်သမားက အဖုံးတွေရော, ထုပ်တွေရော, ယောက်တွေရော, တိုင်တွေရော စွပ်ပြီး အကုန်လုံး ပတ်တော့မှ ဟာ . . . စားပွဲ၊ သမူဟပညတ်တဲ့။ တိုင်ရယ်, ထုပ်ရယ်, ယောက်ရယ်, အပေါ်က အဖုံးတပ်၊ ဒါအကုန်လုံး အစိတ်အပိုင်းတွေ စုလိုက်၊ ပေါင်းလိုက်မှ စားပွဲဟူသော အမည်နာမပေါ်လာတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါအစိတ်အပိုင်းတွေ ပေါင်းစုထားလို့ စားပွဲဟူသော အမည်နာမ ပေါ်လာတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ဆရာ)၊ အစိတ်အပိုင်းတွေ ပေါင်းစုထားလို့ စားပွဲဟူသော အမည်နာမ တစ်ချက်ပေါ်လာတယ်။ ဒါကျတော့ သမူဟပညတ်လို့ ခေါ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီသမူဟပညတ်ကို သေသေချာချာ ကြည့်စမ်း၊ ဒီစားပွဲ တကယ်ရှိတယ်ဆိုရင်

http://www.dhammadownload.com



ဟုတ်ပဲ့မလားဟ (မဟုတ်ပါဘူးဆရာ)၊ တကယ်ရှိရှုံးမှန်လို့ရှိရင် ငါစောစောကပြောတဲ့ သူ့လုပ်ထားတဲ့ ကျွန်းပင်ကလေး ပေါက်စကတည်းက ပါလာမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ကျွန်းပင်ကလေး ပေါက်စ ကတည်းက စားပွဲပါလာမယ်၊ အခုတော့ ကျွန်းပင်ပေါက်စလည်း စားပွဲရှာမရဘူး၊ ဘာခေါ်လဲ ကျွန်းပင်ပဲ၊ ကျွန်းပင်ကလေးကနေပြီး တော်ကြာတော့ ကျွန်းတုံးကြီးတဲ့၊ တော်ကြာ လွှစင်ရောက်တော့ ကျွန်းသစ်တွေနော် (ဟုတ်ကဲ့ပါဆရာ)၊ ခြောက်ငါးမူးတို့ သုံးတစ်တို့ လေးငါးတို့ အစရှိသည်အားဖြင့် အမျိုးမျိုးလက်မတွေနဲ့ ထွက်ပြီး။ ဟော . . . ဒါတွေက သစ်သားတွေ၊ ကျွန်းသားတွေ၊ နာမပညတ်တွေ ပြောင်းပြောင်းလာ၊ ပုံစံလေးတွေ ပြောင်းလွဲလာတယ် အကုန်လုံးနော်။

အဲဒီ လက်သမားခေါ်ပြီးတော့ တစ်ခုချင်း တစ်ခုချင်း စပ်ဟပ်ပြီး လုပ်လိုက်တော့ ဒီပုံစံ သဏ္ဌာန် ပေါ်လာတယ်၊ ဒါဘာတုံး စားပွဲ၊ ဒီလိုဖြစ်လာတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါအမှန် ကတော့ သဏ္ဌာနပညတ်ကြည့် ပြောနေတာနော် (ဟုတ်ကဲ့ပါဆရာ)၊ စားပွဲလို့ အမည်တပ်ထားတာ သဏ္ဌာနပညတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . . ဒါဖြင့် စားပွဲဆိုတာ ရှိတဲ့ တရားလား ဆိုတော့ မင်းဘယ့်နှယ့်ပြောပဲ့မလဲ (မရှိတဲ့တရားပါဆရာ)၊ မရှိပါဘူးတဲ့၊ ဒါကိုပဲ တို့လူစုကတော့ အဲဒါစားပွဲလို့ ပါးစပ်ကသုံးတဲ့ စကားလုံးရဲ့ အသံထွက်နောက်ကွယ်မှာ သုံးတဲ့အတိုင်း စားပွဲရှိတယ်လို့ တကယ်မမှတ်ဘူးလား (မှတ်ပါတယ်ဆရာ)၊ အဲဒီလိုမှတ်တာ မှန်သလား၊ မှားသလား (မှားပါတယ် ဆရာ)၊ မှားတယ်၊ လုံးလုံးမရှိတဲ့ ပညတ်တရား ရှိတယ်လို့ မှတ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အေး ဒါနမူနာလေးတွေပေါ့ကွာ၊ ကိုင်း . . . လျှောက်ကြည့်စမ်းပါကွာ၊ အိမ်တဲ့၊ အိမ်မှာ သုံးထားတဲ့ စားပွဲတဲ့၊ ကုလားထိုင်တဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ခုတင်တဲ့၊ ဘီဒိုတဲ့၊ ရှိတယ် မဟုတ်လား (ရှိပါတယ် ဆရာ)၊ အဲဒါတွေ သုံးတဲ့စကားလုံးတွေရဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ သုံးတိုင်းသုံးတိုင်း တို့လူစုက ရှိတယ်လို့ မမှတ်ဘူးလား (မှတ်ပါတယ်ဆရာ)၊ အေး . . . စားပွဲလေး နမူနာပြထားပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။

ဩော် . . . ရှိတဲ့တရားတွေမှ မဟုတ်ဘဲပဲ၊ လောကမှာ တစ်ယောက်နဲ့တစ်ယောက် အဆက် အသွယ် လွယ်ကူခြင်းအကျိုးငှာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရစေခြင်းအကျိုးငှာ လောက အကျိုး ပြီးမြောက်ပါစေ၊ လူတို့အကျိုး ပြီးမြောက်ပါစေဆိုတဲ့ အနေအားဖြင့် ကမ္ဘာဦးတည် လူပညာရှိ များက အသီးအသီး တပ်တပ်ထားတဲ့ အမည်လေးတွေဟာ နာမပညတ်တွေပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ အမှတ်အသားလေးတွေက သင်္ကေတပညတ်ပါပဲ၊ အတုံး အလုံး အခဲလို့ သမုတ်ထားတာက ဃန ပညတ်ပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ အထည်ဒြပ်သဏ္ဌာန် သမုတ်ထားတာ သဏ္ဌာနပညတ်၊ အစိတ် **အပိုင်းတွေ စုပေါင်းတဲ့အခါမှာ အမည်နာမတစ်ခု ပေါ်ထွက်လာတာ သမူဟပညတ်နော် (ဟုတ်ကဲ့ပါ**

http://www.dhammadownload.com



ဆရာ)၊ လောကမှာ ခေါ်နေတာ အိမ်တဲ့၊ အဲဒီအိမ်ကို ငါလျှောက်မေးမယ်၊ အပေါ်က အမိုးကာမယ်၊ အောက်က အိမ်လား မေးတော့ မင်းဘယ်လိုလုပ်ပြောမလဲ (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူးလား (မဟုတ်ပါဘူးဆရာ)၊ ဒါဘာတုံး (အမိုးပါဆရာ)၊ ကောင်းပြီ၊ ခေါင်းရင်း ခြေရင်းက ကာထားတဲ့ ထရံ-ဒါအိမ်လားလို့ မေးမယ်၊ မင်းဘယ့်နှယ့်လုပ်ပြောမလဲ (မဟုတ်ပါဘူးဆရာ)၊ ဩော် . . . ဒါလည်း မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)၊ ဒါဖြင့် ငါ ယက်မတန်းတွေ ကိုင်မေးမယ်၊ ဒါအိမ်လားလို့ မေးတော့ ဘယ့်နှယ့်ပြောမလဲ (မဟုတ်ပါဘူးဆရာ)၊ ဘာတွေတုံး (ယက်မတန်းတွေပါဆရာ)၊ ဩော် . . . ဒါဖြင့် ခင်းပြင်တွေ ကိုင်ပြီး မေးမယ်၊ ဒါက အိမ်လားဆိုတော့ ဘယ့်နှယ့်ပြောမလဲ (မဟုတ်ပါဘူးဆရာ)။ ဒါလည်း မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဒါက ဘာလဲ (ခင်းပြင်တွေပါဆရာ)၊

ဩော် . . . ဒါဖြင့် ထုပ်တွေ ယောက်တွေ ငါကိုင်မေးမယ်၊ ဒါတွေက အိမ်လားလို့ မေးတော့ မင်း ဘယ့်နှယ့်လုပ်ပြောမတုံး (မဟုတ်ပါဘူးဆရာ)၊ ဒါဘာတွေတုံး (တိုင်တွေ၊ ယောက်တွေပါဆရာ)၊ ဩော် . . . ထုပ်ကျန်ရစ်ခဲ့တယ်၊ (ထုပ်တွေ၊ ယောက်တွေပါဆရာ)၊ ဩော် . . . ဒီလိုလုပ်ပါနော် (ဟုတ်ကဲ့ပါဆရာ)၊ အိမ်မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ဒါဖြင့် အဲဒီထုပ်, ယောက်, ဒိုင်း, မျှား, အမိုး, အကာ, ခင်းပြင်တွေ ပေါင်းလိုက် စပ်လိုက်တော့ သမူဟပညတ်အပေါင်းနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီအပေါင်းဒြပ်ကြီး ပေါင်းလိုက် စပ်လိုက်တော့ အိမ်ဟူသော အမည်နာမပညတ် ထွက်လာတယ်။ မထွက်ဘူးလား (ထွက်လာပါတယ်ဆရာ)၊ ထွက်လာတဲ့အခါကျတော့ သမူဟပညတ် ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ခုန စားပွဲလိုပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အကယ်တန္တ အိမ်ရှိရင် ငါကိုင်ပြီး မေးတုံးက - မင်းအိမ်လို့ ပြောနိုင်ရမယ် (ဟုတ်ကဲ့ဆရာ)၊ အခုတော့ ငါကိုင်ကြည့်ပြီးတော့၊ တစ်ခုပြီး တစ်ခု မေးတယ်၊ အိမ်လို့ ပြောနိုင်ရဲ့လား (မပြောနိုင်ပါဘူးဆရာ)၊ မင်းသိနေကတည်းက အိမ်ဆိုတာ နဂိုကတည်းက **ရှိမှမရှိဘဲကိုး (ဟုတ်ကဲ့ပါဆရာ)၊ ဟော . . . အစိတ်အပိုင်းတွေ ပေါင်းလိုက် စပ်လိုက်ကာမှ အမည်တစ်ခုပေါ်လာတဲ့ ပညတ်မျိုးကျတော့ သမူဟပညတ်လို့နော် (ဟုတ်ကဲ့ပါဆရာ)။**

ဒါကြောင့် အမည်လေးတွေတပ်တာ သဏ္ဍာနပညတ်၊ အစိတ်အပေါင်းတွေ ပေါင်းကာမှ အမည်နာမ ပေါ်ထွက်လာတာ သမူဟပညတ်၊ အတုံး, အလုံး, အကောင်အထည် အထည်ဒြပ်သဏ္ဍာန် ရှိတယ်လို့ စွဲမှတ်ထားတာ ဃနပညတ်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ပုံစံသဏ္ဍာန်လေးတွေ မှတ်မှတ် မှတ်မှတ်ပြီးတော့ တကယ်ရှိတယ်လို့ ပြောနေတာ ဒါ သဏ္ဍာနပညတ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အချိန်ကာလပိုင်းခြားပြီးတော့ ခေါ်နေတာက ကာလပညတ်။ အရှေ့, အနောက်, တောင်, မြောက်, ထက်, အောက်, ဖီလာလို့ အရပ်တွေ ပိုင်းခြားမှတ်သား ခေါ်နေတာကတော့ ဒိသာပညတ် ဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အဲဒါကြောင့် ငါစောစောက ပြောခဲ့တဲ့စကားလုံးအတိုင်းပေါ့ကွာ၊ တို့လူစုဟာ

http://www.dhammadownload.com



နေ့နှင့်အမျှ မိမိတို့ရဲ့ပါးစပ်က အရပ်ထဲမှာ သုံးနေတဲ့ စကားလုံးတွေ မှန်မှန်သမျှ၊ အသံထွက်တွေ မှန်မှန်သမျှ လုံးလုံးမရှိတဲ့ ပညတ်တရားတွေ မှတ်ဆိုတာ အမှတ်မလွဲဘူးလား (လွဲပါတယ်ဆရာ)၊ လွယ်လည်း လွယ်တယ်၊ ဟုတ်လည်း ဟုတ်တယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ လိုက်ပြီး စစ်ကြည့်တော့ ဘာဖြစ်လို့တုံး၊ တို့သုံးနေတဲ့ စကားလုံးတွေဟာ ပညတ်လို့မှတ်ပါ၊ တို့သုံးနေတဲ့ အသံထွက်တွေ ပညတ်လို့မှတ်ပါ။ ဘာဖြစ်လို့ ပညတ်လို့ မှတ်ရမှာတုံး၊ အသံထွက်သာ ရှိတာ၊ နောက်ကွယ်မှာ တကယ်တရား ကိုယ်တရားသား မရှိဘူး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ လုံးလုံးမရှိဘူး၊ ဒါကြောင့် အသံထွက်သာ ရှိပြီးတော့ အသံထွက်ရဲ့နောက်ကွယ်မှာ လုံးလုံး ဘာမှရှာမရတဲ့ တရားမို့လို့ ပညတ်လို့ ဘုရားကိုယ်တော်မြတ်က ဟောတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီတော့ ဩော် . . . ပညတ်ဆိုတာ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့တရားဟာ . . . ပညတ်ဆိုတာ မရှိတဲ့တရားကြီးလို့ ဟောတယ်။ ဘယ်ဒင်းတွေပါလိမ့်၊ ဘယ်ဒင်းတွေရယ်လို့ ဝတ္ထုပစ္စည်းအနေအားဖြင့် ရှာလို့ နဂိုက မရှိဘူး၊ ဘာဖြစ်လို့ ပညတ်ပြောတာတုံး၊ ဟာ . . . ပညတ်ဆိုတာ ပါးစပ်က အသံထွက်တွေပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ အသံသာထွက်နေတာ၊ အသံသာ ကြားနေတာ၊ ခေါ်တဲ့ပုဂ္ဂိုလ်ရဲ့ ပါးစပ်ဖျားမှာသာ ဖြစ်နေတဲ့တရားပါ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ သုံးစွဲတဲ့ပုဂ္ဂိုလ်ရဲ့ ပါးစပ်ဖျားမှာသာ ဖြစ်နေတဲ့တရားပါ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေးကွာ တခြားဟာမကြည့်ပါနဲ့၊ ငါက ဒိုးကလေးလို့ ခေါ်ရင် ဒိုးကလေးဆိုတာ ဘယ်ဖြစ်မလဲ၊ ငါ့အသံ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မင်းက ဒိုးကလေးလို့ ခေါ်ရင် မင်းပါးစပ်က မင်းအသံထွက်ဖြစ်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မင်းအသံထွက်ဖြစ်တယ်၊ ဘယ်သူက ခေါ်ခေါ်၊ ခေါ်တဲ့လူရဲ့ နှုတ်ခမ်းဖျားမှာ ဖြစ်နေတဲ့ တရားကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အခေါ်ခံရတဲ့ ပုဂ္ဂိုလ်တော့ ဘာမှအကြောင်းမထူးပါဘူး၊ သူကတော့ ရုပ်နဲ့နာမ် ပေါင်းစပ်ပြီးတဲ့သဘာဝ၊ စားပွဲလို့ ခေါ်လိုက်ရင် ခေါ်တဲ့ပုဂ္ဂိုလ်ရဲ့ ပါးစပ်ဖျားက ထွက်လာတဲ့အသံထွက် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ စားပွဲဆိုတဲ့ တရားသည် ဘယ်မှာရှိ၊ ခေါ်တဲ့ပုဂ္ဂိုလ်ရဲ့ နှုတ်ဖျားမှာ ရှိတယ်၊ စားပွဲဆိုတဲ့တရားသည် ဘယ်မှာဖြစ်၊ ခေါ်တဲ့ပုဂ္ဂိုလ်ရဲ့နှုတ်ဖျားမှာ ဖြစ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ငဖြူလို့ ခေါ်လိုက်တယ်၊ ငဖြူဆိုတဲ့တရားသည် ဘယ်မှာဖြစ်၊ ငဖြူလို့ခေါ်တဲ့ပုဂ္ဂိုလ်ရဲ့ ပါးစပ်ဖျားမှာဖြစ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ငဖြူရှာကြည့် ဘာမှ မရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ, လောကဓာတ်, နေ, လ, နက္ခတ်, တာရာ, ဘုံ, ဗိမာန်ပေါ့ကွယ်၊ ယောကျ်ား၊ မိန်းမ၊ နတ်၊ လူ၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အသက်၊ လိပ်ပြာ၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ ရှိရှိသမျှ အရာဝတ္ထုအစုစုတွေ ကြည့်စမ်း၊ ကြည့်စမ်း အကုန်လုံး

http://www.dhammadownload.com



ရှုကြည့်တော့ မှတ်လို့သားလို့ မကုန်နိုင်ဘူး၊ ကုန်သေးရဲ့လား (မကုန်ပါဘူးဆရာ)၊ သေသေချာချာ စောင့်ကြည့်တော့ ဒါပညတ်တရား အင်မတန်ကျယ်ဝန်းတယ် ခေါ်တယ်၊ မရှိဘဲနဲ့ ပြောနေတဲ့တရား ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မှတ်လို့ကို မကုန်နိုင်ဘူး၊ အေး. . . ပညတ်ဆိုတာ တခြားမဟုတ်ပါ ဘူးကွာ၊ သူသူငါငါ ပါးစပ်က ထပ်ကာထပ်ကာ သမုတ်ထားတဲ့အလုပ်တွေကို ဒါပညတ်လို့မှတ်။

ဒါကြောင့် ပညတ်ဆိုတဲ့တရားသည် တခြားမမှတ်ပါနဲ့၊ စစ်ကြီးမဖြစ်ခင်တုန်းက ပညတ်တွေမတိုး သေးဘူး။ စစ်ကြီးဖြစ်ပြီးတဲ့ နောက်ပိုင်းမှာဆိုရင် ပညတ်အလုံးတွေ တော်တော်တိုးလာတယ်။ မတိုး ဘူးလား (တိုးလာပါတယ်ဆရာ)၊ အခုနောက်ထပ်လာတာသည် ဘာလဲ၊ မိန်းကလေးတွေ ဝတ်တဲ့ အထည်လေးတွေ၊ တို့တိုင်း ပြည်မပျက်ခင်တုန်းက အကောင်းဆုံးက ရှန်သားနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါပဲ အကောင်းဆုံးထားပြီးတော့ မက်မက်မောမော ဝတ်ကြတယ်လို့၊ ကိုင်း . . . ခု စစ်ပြီးခေတ်ကျတော့ ဘာတဲ့၊ အခုခေတ်စားနေတာ (နိုင်လွန်)၊ ဟော . . . နိုင်လွန်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီနိုင်လွန် ဘယ်သူ့ပါးစပ်ဖျားဖြစ်တဲ့တရားလဲ၊ စပြီးတော့မှ တီထွင်လိုက်တဲ့ပုဂ္ဂိုလ်ပါးစပ်ဖျားက စထွက်လာ တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ နိုင်လွန်ပဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီနိုင်လွန်ဆိုတဲ့ တရားသည် သေသေချာချာ ကြည့်ကြပါ၊ ဘယ်မှာဖြစ်သလဲ၊ ခေါ်တဲ့ပုဂ္ဂိုလ်ရဲ့ပါးစပ်ဖျား ဖြစ်သည်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ ပါဆရာ)၊ နိုင်လွန်ဆိုတဲ့တရားသည် တကယ်ရှိကောင်းတဲ့ တရားမှန်လို့ရှိရင် စစ်မဖြစ်ခင် မဆိုထားနဲ့ ကမ္ဘာတည်စက ရှိလာရမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ခုတော့ စစ်မဖြစ်ခင် တုန်းကတော့ နိုင်လွန်ဆိုတဲ့ အသံမကြားရဘူး၊ ကြားဖူးရဲ့လား (မကြားဖူးပါဘူးဆရာ)၊ ဘယ်ကြား မလဲ ရှိမှမရှိဘဲ၊ စစ်ပြီးခေတ် ဒီဘက်ပိုင်းကျမှ တိုးလာတဲ့ ပညတ်တစ်လုံး "နိုင်လွန်" ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါတင်မကပါဘူး၊ လောကအသုံးအဆောင်တွေ စစ်ပြီးခေတ် ဒီဘက်မှာဆိုရင် အများကြီး ဆန်းကြယ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ ဘာတွေတိုး၊ စကားလုံးတွေ တိုးလာတယ်၊ အသံထွက်တွေ တိုးလာတယ်၊ ဒါပညတ်တရား မဟုတ်ဘူးလား (ပညတ်တရားပါဆရာ)၊ ပညတ် ဆိုတာ တခြားမမှတ်ပါနဲ့၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိအောင် မှတ်သားပြီးတော့ အမှတ် အသားလေးတွေ ပေးသွားတာ ပညတ်တရားခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် တို့လူစုတွေ ပါးစပ်ဖျားက မထပ်မနား သုံးစွဲနေတဲ့ စကားလုံးတွေ မှန်မှန်သမျှ အခု ပြောသလိုပဲ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ, လောကဓာတ်, နေ, လ, နက္ခတ်, ဘုံ, ဗိမာန်ကစ၊ ယောက်ျား, မိန်း, နတ်, လူ, ဗြဟ္မာ, ခွေး, ဝက်, ကြက်, ငှက်, ပုဂ္ဂိုလ်, သတ္တဝါ, အသက်, လိပ်ပြာ, အစစအရာရာ လှုပ်ရှားသွားလာတဲ့၊ အမူအရာ သွားမှု, လာမှု, နေမှု, ထိုင်မှု, စားမှု, သောက်မှု, ပြောမှု, ဆိုမှု, ရောင်းမှု, ဝယ်မှု, ရှာမှု, ဖွေမှု, စီးပွားရေး, ကြီးပွားရေး အကုန်လျှောက်ပြီးတော့ အမူအရာ

http://www.dhammadownload.com



ဗျာပါဒတွေ အသံထွက်ကြည့်နော် (ဟုတ်ကဲ့ပါဆရာ)၊ ရောင်းတယ် ဝယ်တယ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါမှ မရှိဘဲနဲ့ ရောင်းလို့ ဝယ်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ အေး . . . မဖြစ်ဘူး၊ စားတယ် သောက်တယ် ဆိုတာ ပုဂ္ဂိုလ် သတ္တဝါမှ မရှိဘဲ၊ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ရှာတယ်၊ ဖွေတယ်ဆိုတာ ရှာတဲ့၊ ဖွေတဲ့လူမှ မရှိဘဲနဲ့ ရှာတယ်၊ ဖွေတယ်ဆိုတာ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ) တစ်ခုမှ မရှိဘူး။ ဘာမှမရှိဘူး။ ဒါပေမယ့် ဒါအမူအရာ ဗျာပါရအနေအားဖြင့် လောကဓာတ်ကြီးတစ်ခုလုံး အကုန်သိမ်းကျုံးပြီးတော့ မင်းတို့ငါတို့ သူငါဆိုတဲ့ လူတကာတွေရဲ့ ပါးစပ်ဖျားက မထပ်မနားထွက်နေတဲ့ အသံထွက်တွေ မှန်သမျှ လုံးလုံးမရှိတဲ့ ပညတ်တရားတွေလို့ မှတ်ရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒါမရှိတဲ့ အဓိပ္ပာယ်လေးတွေ ယုံကြည်လို့ ကိုယ်တော်မြတ်ဟောပြတော်မူတဲ့ ဒေသနာတော် အတိုင်းကိုး၊ ပညတ်တရားဆိုတာ ချစ်သား ချစ်သမီးတို့ အသံထွက်သာ ရှိတယ်။ အသံသာ ကြားရတယ်ကွဲ့၊ တကယ်ရှိတဲ့တရားမဟုတ်ဘူးလို့ ကိုယ်တော်မြတ်ဟောပြတော်မူတဲ့အတိုင်း တစ်ဆင့်အားဖြင့် နားလည်တဲ့ပုဂ္ဂိုလ်များ သင်ကြားပေးတယ်။ တို့လူစုက နားလည်တယ်၊ အေး . . . ဟုတ်သားပဲ၊ ရှိမှမရှိပဲနဲ့ အသံထွက်ပဲ၊ ခေါ်တဲ့လူနဲ့ စကားလုံးအသံထွက်သာ ကြားရတယ်၊ တကယ်မရှိဘူးလို့ မိမိတို့စိတ်ထဲမှာ အသိဉာဏ်လေး ပေါ်ထွက်ပြီးတော့ ယုံကြည်ချက်ရသွားလို့ရှိရင် အခုမှ တကယ်မရှိတဲ့ ပညတ်တရားကို မရှိမှန်း အခုမှ သိတယ်လို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလိုသိသွားတာ မှန်မသွားဘူးလားကွ (မှန်သွားပါတယ်ဆရာ)၊ တကယ်မရှိဘူးဆိုတဲ့ တရားကို တကယ်မရှိမှန်း သိလာရင် မှန်မလာဘူးလား (မှန်လာပါတယ်ဆရာ)၊ စောစောပိုင်းက တကယ်မရှိသော တရားကြီးကို ရှိတယ်လို့ မှတ်တယ်ဆိုတော့ မှားမနေဘူးလား (မှားနေပါတယ်ဆရာ)၊ အေး . . . အဲသလို မှားနေတာ ပြင်ပေးရမယ်နော် (ဟုတ်ကဲ့ပါဆရာ)။

တို့ဘုရားကိုယ်တော်မြတ်ကိုယ်တိုင်က လောကမှာ အမှားတွေပြင်သွားတဲ့ ပထမဆုံးတရားပါနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် မရှိတဲ့ ပညတ်တရားကြီးကို မရှိမှန်းသိအောင် ဆိုတဲ့ အနေအားဖြင့် သင်ကြားပြသခြင်းနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် အဲဒီမရှိ ပညတ်, ရှိ ပရမတ် ဆိုတဲ့ တရားနှစ်ပါး၊ မရှိဘူးဆိုတဲ့ ပညတ်တရားကို အခုန ပြောသွားတဲ့ အဓိပ္ပာယတ္ထနှင့်ပေါ့လေ၊ ကိုယ်တိုင်အတွေးနဲ့ စဉ်းလည်း စဉ်းစားပေါ့ ဟုတ်သလား, မဟုတ်ဘူးလား၊ ပြောတော့ ပြောတာပဲ၊ ဒါပေမယ့် တို့နာလာတာ ဒီလိုတော့ ပြောလိုက်တယ်။ ဒါပေမယ့် တို့မျက်စိထဲတော့ ပုဂ္ဂိုလ်တွေ, သတ္တဝါတွေ, ယောကျ်ားတွေ, မိန်းမတွေ, အကောင်အထည်တွေ, အထည်ဒြပ်သဏ္ဍာန်တွေ အစစအရာရာ အကုန်လုံး သူတို့ မြင်နေကြ တွေ့နေကြတယ်။ မြင်တာ, တွေ့တာလည်း ဟုတ်ပါပြီ၊ ဒါပေမယ့် ဘုရားကိုယ်တော်မြတ် ဟောသွားတာ မင်းတို့ပကတိမျက်စိနဲ့ မြင်တဲ့အမြင်တွေဟာ အမှားမြင်တွေ

http://www.dhammadownload.com



ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ပကတိနားနဲ့ ကြားနေတဲ့ကြားသိတွေက အမှားအကြားတွေ၊ ပကတိ နှာခေါင်းနဲ့ နံနေတာ အမှားနံတွေ၊ ပကတိလျှာနဲ့ စားနေတာ အမှားစားတွေ၊ ပကတိကိုယ်နဲ့ ထိနေတာ အမှားအထိတွေ၊ မိမိတို့ကြံစည်စိတ်ကူးနေတာ အမှားကြံစည်စိတ်ကူးမှုတွေလို့ ခြောက်ဌာန ကိုယ်တော်မြတ်ပြသွားတာ။ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု၊ ဒီခြောက်ခုနဲ့ စခန်းသွားနေကြတာကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီခြောက်ခုစလုံးဟာ အကုန်လုံး အမှားတွေချည်းပဲ၊ ဘာဖြစ်လို့ မှားနေသလဲ၊ အခြေခံဆိုတဲ့ မရှိသော ပညတ်တရားကြီးကို ရှိတယ်လို့ မှတ်နေတယ် ဆိုတော့ ဟိုအခါတုန်းထဲက အကုန်မှားတော့တာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။

နားထောင်ကြည့် မှားပြီ၊ ဘာဖြစ်လို့လဲ၊ မျက်စိနဲ့ အလုပ်လုပ်တယ်၊ နားနဲ့ အလုပ်လုပ်တယ်၊ နှာခေါင်းနဲ့ အလုပ်လုပ်တယ်၊ ပါးစပ်နဲ့ အလုပ်လုပ်တယ်၊ ကိုယ်နဲ့ အလုပ်လုပ်တယ်၊ စိတ်နဲ့ အလုပ်လုပ်တယ်၊ ခြောက်ဌာနသွားနေတာ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် ပထမဆုံး နားလည်မှု ယူထားတာက လုံးလုံးဘာမှမရှိတဲ့ ပညတ်တရားကို ရှိတယ်လို့ မှတ်ထားတယ်၊ သိထားတယ်၊ ယူထားတယ် ဆိုကတည်းက ထိုခြောက်ပါးဟာ အကုန်မှားပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး ဒါကြောင့် စောစောက ပြောတဲ့အတိုင်း ဝေဖန်ကြည့်၊ အခုန ပြောသွားတဲ့သဘောအတိုင်း တို့မျက်စိထဲ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, အကောင်အထည်တွေ မြင်လျက်သားနဲ့ မရှိဘူးလို့ ပြောတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဟုတ်တယ် မဟုတ်တယ်ဆိုတဲ့ သဘာဝကလေး စောစောက ငါပြောသလို စားပွဲ, ကုထားထိုင်တို့, အိမ်တို့, ကျောင်းတို့, ဇရပ်တို့ တွက်ပြသလို၊ မင်းကိုယ်မှာ ဒိုးကလေးလို့ ခေါ်ထားတဲ့အတိုင်း ဒိုးကလေး တကယ်ရှိတယ် တကယ်ယုံကြည်ချက်တွေ၊ လုံးဝယုံကြည်စရာ မရှိတဲ့ အကြောင်း ဒိုးကလေး ရှာလို့မရတဲ့အကြောင်း ဆက်လက်တင်ပြပါ့မယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါလည်း ပြန်ပြန်ပြီးတော့ စဉ်းစားပေါ့၊ မနက်ဖြန်ခါ ဥပုသ်နေ့ ဆိုတော့ ယနေ့အထိပေါ့၊ မိမိတို့ ခုနစ်ရက်အတွင်း ရရှိထားတဲ့တရားတွေ လက်ချိုးပြီးတော့ ကုန်အရောင်းအဝယ်လုပ်တဲ့သူများ အရှုံးအမြတ် တွက်သလိုပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ နက်ဖြန်ခါ အားလပ်တဲ့အချိန်လေး အရှုံးအမြတ် တွက်ကြည့်ကြပါ။ ပညတ် ပရမတ် နှစ်မျိုးကွဲအောင် ဤကဲ့သို့ ရှည်ရှည်ဝေးဝေး ပြောနေခြင်းကား အကြောင်းရှိသည်၊ နိဗ္ဗာန်ရအောင် ဝိပဿနာရှုရမည်၊ ဝိပဿနာရှုလျှင် ပညတ်ကို မရှုရ၊ ပရမတ် ကိုသာ ရှုရသည်၊ သို့မှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်သည်၊ ဤ လက္ခဏာထင်မှ နိဗ္ဗာန်ရသောကြောင့် တည်း။

မရှိတာ ပညတ်, ရှိတာ ပရမတ်၊ ပညတ်ဆိုတာ မြန်မာလို ပြောတော့ မရှိတဲ့တရား၊ ပရမတ် ဆိုတာက တကယ်ရှိတဲ့တရား၊ အဲသလို မရှိတဲ့ ပညတ်တရားကို ရှိတယ်လို့ မှတ်နေရင် ဒါမှားတယ်။

http://www.dhammadownload.com



ဒီတော့ တကယ်ရှိတဲ့ ပရမတ်တရားကျတော့ မရှိဘူးလို့ မှတ်နေရင် ဒါမှားတယ်။ ဒါမြန်မာလို ပြောတော့ မရှိတဲ့တရား ရှိတဲ့တရားလို့ လောကထဲ ရှိပါတယ်၊ ဒီစကားနှစ်ခွန်းဟာ အဆန်းမဟုတ်ပါဘူး၊ မရှိဘူး ရှိတယ်ဆိုတဲ့ စကား နှစ်ခု၊ မရှိဘူး ရှိတယ်။ ဒါအရပ်ထဲ သုံးနေတယ်၊ ရှိသလား ဆိုတော့ မရှိဘူး၊ ရှိသလားဆို ရှိတယ်၊ မရှိဘူး ရှိတယ်ဆိုတဲ့ စကားနှစ်လုံးမှာ မရှိဘူးဆိုတဲ့ စကားဟာ မရှိဘူးဆိုရင် အဓိပ္ပာယ်ရှင်းစရာ ဘာလိုလဲ ဆိုရင် ဘာမှမရှိဘူး၊ ဘာဖြစ်လို့ မလိုလဲ၊ ဘာမှ ရှိမှမရှိဘဲ ရှင်းစရာ မလိုဘူး၊ ရှိတယ်ဆိုတဲ့ စကားကျတော့ ရှိတယ်ဆိုတာ ဘယ်လိုနေတုံး၊ ရှိတယ်ဆိုတာ ဘာတုံး၊ ဘယ်ဟာ ဘယ်၍ ရှိတယ်၊ ဒီလို ပြနိုင်သနိုင်သလိုပဲ၊ ရှိတယ်ဆိုတဲ့တရားကျတော့ ရှိကြောင်း ပြနိုင်၊ မရှိဘူးဆိုတဲ့ စကားကျတော့ ပြစရာမလိုဘူး။ ဒါပေမယ့် အခုတော့ ဒီမရှိဘူးဆိုတဲ့ ပညတ်တရားကို ဘာ့ကြောင့် အကျယ်တဝင့် ပြနေရသလဲဆိုတော့ အဲဒီမရှိဘူးဆိုတဲ့ တရားကိုပဲ အရှိလုပ်ပြီးနေကြလို့၊ ရှိတယ်လို့ သိနေတယ်၊ ရှိတယ်လို့ မြင်နေတယ်၊ ရှိတယ်လို့ မှတ်နေတယ်။ အဲဒီအယူမှား အမှတ်မှား၊ အသိမှားဆိုတဲ့ အမှားဟာ အင်မတန်ကြောက်စရာကောင်းတဲ့အမှား၊ အဲဒီမရှိဘူးဆိုတဲ့ အဓိပ္ပာယ်ကို လည်လည်ပတ်ပတ် သိပါစေလို့ ဒါတွေ အကျယ်တဝင့် ဖွင့်ပြီးတော့ ပြောပြပြီးတော့ သင်ကြားပေးနေရတယ်။

ပညတ်တရားသည် မရှိဘူး၊ ဒါဖြင့် ကောင်းပါပြီ၊ ပညတ်တရားဆိုတဲ့ စကားလုံးမရှိဘူး၊ ဘာကို ပညတ်ခေါ်သလဲမေးတော့ ပညတ်ခေါ်တာကို ထုတ်ဖော်လိုက်တော့ နယ်က အင်မတန်ကျယ်ဝန်းတယ်။ ဘာဖြစ်လို့လဲ၊ လူ့လောကရယ်, နတ်လောကရယ်, ဗြဟ္မာ့လောကရော အဲဒီမဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးတဲ့လူလည်းပဲ လူ့အန္ဓ၊ နတ်လည်းအန္ဓ၊ ဗြဟ္မာလည်း အန္ဓဆိုတဲ့ ဒီပုထုဇဉ်လောကကြီးမှာ အမြဲတစေ သုံးစွဲနေတဲ့၊ ခေါ်တဲ့ အသံထွက်အကုန်လုံးတွေဟာ ပညတ်တွေချည်းပဲ။ ဒီတော့ ဒီပညတ် နယ်ကြီးဟာ လုံးဝဘာမှမရှိဘူး၊ စာရင်းမှတ်၍လည်း ကုန်စရာမရှိပါဘူး၊ ပညတ်ဆိုတာ ဘာတွေပါလိမ့်၊ ပညတ်ဆိုတာ ဘယ်လိုဟာ ခေါ်ပါလိမ့်၊ အဲဒါတိတိကျကျ ပညတ်ရဲ့အဓိပ္ပာယ်ကို လျှောက်ပြီးတော့ ပြောစမ်းပါ၊ ပညတ်နယ်ကျယ်သလောက် နားလည်အောင် ပြောစမ်းပါဆိုတော့ ကုန်ဖွယ်ရာ အကြောင်းမရှိဘူးလို့၊ ဒါပေမယ့် သို့ကလောက်တောင် များနေတာက အကျဉ်းအားဖြင့် ဘယ်လို သိရမလဲ၊ ဘယ်လိုမှတ်ရမလဲဆိုတော့ တိုတိုပဲမှတ်ထား၊ ငါတို့သူငါ လူတကာတို့ရဲ့ ပါးစပ်က ထွက်နေတဲ့ အသံထွက်ကလေးတွေ၊ ခေါ်ဝေါ်သုံးစွဲနေတဲ့ စကားလုံးတွေဟာ ပညတ်ပဲလို့ မှတ်ထားပါဆိုတော့ ဒါရှင်းသွားပြီ၊ မရှင်းဘူးလားကွ (ရှင်းပါတယ်ဆရာ)။

အဲဒါမြန်မာလို လွယ်လွယ်လေးနဲ့ မှတ်ဖို့၊ စာနယ်က ပြောပြန်တော့လည်း အင်မတန်မှ ခရီး ရှည်ဝေးပြီး ကျယ်ဝန်းလို့ မှတ်သားဖို့ အင်မတန်ခက်ခဲတယ်။ ဒါကြောင့် မြန်မာလို ရှင်းရှင်းလေး

http://www.dhammadownload.com



တိုတိုတုတ်တုတ်နဲ့ အလုပ်လုပ်ပြီး မှတ်ထားပါ၊ ငါတို့ပါးစပ်က ခေါ်ဝေါ်သုံးစွဲနေတဲ့ စကားလုံး အသံထွက်တွေသည် လုံးဝမရှိသော ပညတ်တရားဟူ၍ မှတ်ပါ။ ဒီလိုပြောတော့ လွယ်သွားတယ်၊ လွယ်သွားတာ ဟုတ်ပါရဲ့၊ ဒါလေးကို မှတ်ရတာ လွယ်ပါရဲ့၊ ပါးစပ်က ထွက်တဲ့စကားလုံး အသံထွက်က ပညတ်တရားပဲ ဆိုတော့ ဘယ်လိုကြောင့်လဲ ဒီလိုမေးရတယ်။ မင်းပါးစပ်က ထွက်ကြည့်စမ်း အရပ်ထဲမှာ ပါးစပ်ပိတ်ထားရင်သာ မဖြစ်ရှိရမယ်၊ ပါးစပ်ဖွင့်လိုက်ရင် အသံကထွက်လာတယ်။ ဘယ်က စထွက်သလဲ၊ အဓိပ္ပာယ်အားဖြင့် ကိုယ့်အိမ်ထဲတွင် ပြန်ကြည့်ပါ၊ ကိုယ့်သားသမီး, ကိုယ့်မိဘ, ကိုယ့်ဆွေမျိုးဉာတိကို နာမည်ထုတ်ဖော်ပြီး ခေါ်လိုက်တယ်။ ဩော် . . . ဒါ ငါ့အသံက ဒီက စထွက်တယ်၊ ဒီက စပြီးတော့ ဝေဖန်ကြည့်ပါလား၊ အဖေလို့ ခေါ်တယ်၊ အမေလို့ ခေါ်တယ်၊ သားလို့ ခေါ်တယ်၊ သမီးလို့ ခေါ်တယ်၊ အဓိပ္ပာယ်အားဖြင့် ခေါ်တယ်။

ဩော် . . . ဒါ ငါ့ပါးစပ်က ခေါ်တဲ့အသံထွက်ပဲ၊ ဒါဖြင့် ငါခေါ်လိုက်တဲ့ အဖေဆိုတဲ့ အသံထွက်နောက်ကွယ်မှာ အဖေတကယ်ရှိသလားလို့ ရှာကြည့်၊ ရှာကြည့်တော့ အဖေမရှိဘူး။ ဟောဒီ ငုတ်တုတ်ကြီးထိုင်နေတာ အဖေမဟုတ်လို့ ဘာလဲ။ အေး . . . ဒါ သမ္မုတိသစ္စာအနေအားဖြင့် အဖေလို့ သမုတ်ထားတာ၊ မိမိမွေးထုတ်တဲ့ ဖခင်ကို အဖေလို့ ခေါ်တယ်။ အမိကိုတော့ အမေလို့ခေါ်တယ်။ ဩော် . . . ဒါဖြင့် တကယ်ရှာကြည့်တော့ ငါတို့ပါးစပ်က သမုတ်ထားတဲ့အတိုင်း အဖေလို့ ခေါ်ရင် အဖေမဟုတ်ဘူးလား၊ အဖေမရှိဘူးလား၊ အမေလို့ ခေါ်လျက်သားနဲ့ အမေမရှိဘူးလား၊ မေးစရာအားဖြင့် သားသမီးခေါ်ရင် သားသမီးမရှိဘူးလား၊ အမှန်က သမ္မုတိသစ္စာအနေနဲ့ ပါးစပ်က သမုတ်ထားတဲ့ အသံထွက်အနေအားဖြင့် ကြည့်ရင်ဖြင့် ဟုတ်တယ်လို့ ပြောရမှာပေါ့တဲ့။ ဒါပေမယ့် ဒါက သမုတ်ထားတာခေါ်တယ်၊ သမုတ်ထားတာတဲ့။ သမုတ်ထားတာ ဒါဘာလဲဆိုတော့ သမ္မုတိပညတ်ခေါ်ပါတယ်။ လောကကြီးသမုတ်ထားတယ်၊ ဘယ်သူက စပြီးတော့ သမုတ်ထားတာလဲ၊ ကမ္ဘာဦးတည်လူ ပညာရှိများက သမုတ်လာတဲ့ စကားလုံးခေါ်တယ်။ ဒါဖြင့် ကောင်းပါပြီ၊ အခု မျက်မှောက်တွင်ပဲ ဒါ ငါ့အဖေ၊ ငါ့အမေလို့ ငုတ်တုတ်ထိုင်နေခြင်းအားဖြင့် ထင်ရှားရှိနေတဲ့ ဒီအကောင်အထည်ကြီးတော့ ဘယ်သွားပစ်ပါ့မလဲလို့။ ဒါမိမိမျက်စိက အမြင်မှားတာ၊ အမှန်ကတော့ အကောင်အထည်အထည်ဒြပ်သဏ္ဌာန် မဟုတ်ပါဘူး၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါဘူး၊ ယောကျာ်း မိန်းမ မဟုတ်ပါဘူး၊ ဘာဖြစ်လို့ မဟုတ်မှန်း သိတယ်၊ ဟုတ်ရင် သွားကိုင်ကြည့်၊ ရှိသလားလို့ မေးပါ၊ တမြန်နေ့ညက ပြောသွားသလိုပဲ ခေါင်းကိုကိုင်ကြည့်ပါ၊ အဖေဆိုတာ ဒါလား၊ ဟုတ်ပါဘူး၊ လက်ကိုင်ကြည့်တော့ အဖေဆိုတာ ဒါလား၊ ဒါလည်း မဟုတ်ဘူးဟ၊ ခြေကိုင်ကြည့်တော့ ဒါလည်း မဟုတ်ပါဘူး၊ ဒါဖြင့် ခြေတဲ့၊ ခေါင်းတဲ့၊ လက်တဲ့၊ ကိုယ်တဲ့ အသီးသီးခွဲခြားပြောလို့၊ ဒါဖြင့် အဖေရှာမရဘူး၊ ဘယ်ရှာရမတုံးလို့၊

http://www.dhammadownload.com



အမှန်ကနဂိုက ရှိတဲ့တရား မဟုတ်ဘဲ၊ ဒါသမုတ်ထားတာလို့၊ ဒီလိုပုဂ္ဂိုလ်ကျတော့ အဖေခေါ်တယ်၊ မိမိမွေးထုတ်တယ်၊ ဒီလိုပုဂ္ဂိုလ်ကျတော့ အမေခေါ်တယ်၊ မိမိမွေးထုတ်တယ်။

## သညာက ဖုံးထားလို့ အထင်လွဲ အမြင်မှားနေကြတယ်

ဟော . . . ဒါဖြင့် ဒါက အဖေလို့ မှတ်ထား၊ ဒါက အမေလို့ မှတ်ထား၊ သမ္မုတိပညတ်အနေအားဖြင့် သမုတ်လွှတ်လိုက်ပြီ သမ္မုတိပညတ်။ ဒါဖြင့် ကိုင်ကြည့်လို့ တွေ့နေတာ ဘာလဲ ဆိုတော့ ကိုင်ကြည့်လို့ တွေ့နေတာ ရုပ်ပေ့ါ၊ ရုပ်တရားတွေ။ ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ တကယ်ရှိတယ်ဆိုတဲ့ ရုပ်တရားတွေပဲ။ ကိုင်း . . . မျက်စိနဲ့ ကြောင်တောင်ကြီးမြင်တာ ဘာတုံး၊ ဒါ ရူပါရုံ မြင်ကောင်းတဲ့ အဆင်းရုပ်။ ဒါကြောင့် မြင်တာကို သညာက ဖုံးထားတယ်၊ သညာဆိုတာ အမှတ်လွဲတယ်၊ မြင်တာက ပရမတ်အစစ်ဆိုတော့ မြင်ကောင်းတာကို မြင်တာ၊ မြင်ကောင်းတဲ့ရုပ်၊ စက္ခုပသာဒ မိမိတို့ပကတိမျက်စိထဲမှာ လာလာပြီး မြင်ကောင်းတဲ့ ရုပ်တရားခေါ်တယ်၊ ဘုရားကိုယ်တော်မြတ် ပရမတ်တရား ဟောထားတဲ့အနက်က ရုပ်တရားသည် (၂၈)ပါး ဟောထားတယ်။ ထိုရုပ်တရား (၂၈)ပါး ထဲမှာ အခုလို မြင်ကောင်းတဲ့ရုပ်က တစ်ပါးတည်းပါတယ်။ ဘယ်သူတုံး၊ အခု သူသူငါငါ လူတကာတွေ မျက်စိဖြင့် ကြည့်တိုင်း ကြည့်တိုင်း မြင်နေတယ်ဆိုတဲ့ မြင်မှုမြင်သဘောတရားလေးတွေ၊ မြင်ကောင်းတဲ့ အဓိပ္ပာယ်လေးတွေပဲ။ ဟောဒါက မြင်ကောင်းတဲ့ရုပ်ကို အမှန်က ကိုယ်သိထားဖို့ပဲ။ ဟာ . . . ဒါမြင်ကောင်းတဲ့ရုပ်မို့လို့ တို့မြင်ရတာလို့၊ အမှန်က ရုပ်တရားကို တို့မြင်နေတယ်၊ ဝဏ္ဏရုပ်ကို တို့မြင်နေတယ်၊ ရူပါရုံ အဆင်းရုပ်ကို တို့မြင်နေတယ်၊ ဒီလိုသိနေတယ်၊ ဒါ ပရမတ်အမြင်ခေါ်တယ်။ အဲဒီလို ပရမတ်အမြင်ကလေး တကယ်သန့်ရှင်းတဲ့အမြင်ကလေးကို ဘယ်သူကဖုံးထားလဲ၊ သညာက ဖုံးထားတယ်၊ သညာဆိုတာ ဘာလဲ၊ အမှတ်အသားပဲ၊ ဘယ်လို အမှတ်အသားတုံး။ ဟာ. . . အခု ငါမြင်တာ ငါ့အဖေပဲ၊ အခုငါမြင်တာ ငါ့အမေပဲလို့ ဒီလိုမှတ်ထားတဲ့၊ သညာလေးက ဖုံးထားတော့ လုံးလုံးကြီးအမှား ရောက်နေတယ်။

စောစောက ပြောခဲ့တဲ့ မြင်ကောင်းတယ်ဆိုတဲ့ ဝဏ္ဏ ပရမတ်ပေါ်မရောက်ဘူး၊ ပညတ်နယ်ပဲ မြင်တော့တယ်၊ လောကသမ္မုတိအနေအားဖြင့် အားလုံးက ဝိုင်းသမုတ်ထားလို့၊ ဒါကျတော့ အဖေခေါ်တယ်၊ ဒါကတော့ အမေခေါ်တယ်၊ ဒါကျတော့ မိထွေး မိကြီးခေါ်တယ်၊ ဒါကျတော့ သားသမီးခေါ်တယ်။ အဲဒီလို သမ္မုတိပညတ်အနေအားဖြင့် ပညတ်ထားတဲ့ ပညတ်လုံးတွေ တကယ်ကိုယ်သုံးတဲ့စကားလုံးရဲ့နောက်ကွယ်မှာ တကယ်ရှိတယ်လို့ မှတ်နေတယ်၊ သေသေချာချာ ရှာကြည့်တော့ မိမိမျက်စိနဲ့ ကြောင်တောင်ကြီးမြင်နေတာက မြင်ကောင်းတဲ့အဆင်းရုပ်မို့ မြင်သည်၊ ပတ်ဝန်းကျင်

http://www.dhammadownload.com



လျှောက်ကြည့်တော့ တောလည်း မြင်လို့၊ အိမ်, ကျောင်း, ဇရပ်, မြို့, ရွာ, နိုင်ငံလည်း မြင်လို့ မြင်ကောင်းရာမှန်သမျှ အကုန်မြင်ပါလိမ့်မယ်။ ဩော်. . . ဒါမြင်ကောင်းတဲ့ ရုပ်တွေကိုး၊ ဘုရား ကိုယ်တော်မြတ်ဟောသွားတဲ့ မြင်ကောင်းတဲ့ရုပ်ဆိုတာ ဒါတွေခေါ်တာကိုး။ မျက်စိသက်သက်၊ စက္ခုပသာဒ အကြည်ရုပ်လေး ကြည့်ရင် မြင်မှာပဲ၊ မြင်ကောင်းတာမှန်သမျှ မြင်မှာပဲ။ ဩော် . . . ဒီရုပ်တွေက မြင်ကောင်းတဲ့ရုပ်၊ အေး . . . ဒါအမှန်ကတော့ ပရမတ်အနေအားဖြင့် သေသေချာချာ ကြည့်ရင် မိလည်း မရှိ၊ ဖလည်း မရှိ၊ ပုဂ္ဂိုလ် သတ္တဝါလည်း မရှိ၊ ယောကျ်ား, မိန်းမလည်း မရှိ၊ အသက်လိပ်ပြာလည်း မရှိ၊ မြင်တာ ဘာတုံး၊ ဒါမြင်ကောင်းတဲ့ရုပ်တရား။ ဒါဖြင့် သွားကိုင်ကြည့်လို့ တွေ့နေတာ ဘာတုံး၊ တွေ့နေတာက တွေ့ကောင်းတဲ့ ဖောဋ္ဌဗ္ဗဓာတ် ပထဝီဓာတ်တွေပဲ ဖြစ်တယ်။

အမှတ်အသားလေးတွေ၊ ပုံစံလေးတွေ အမျိုးမျိုးတပ်ပြီးတော့ ဒါလည်း သဏ္ဌာနပညတ်တွေပဲ၊ ဒါဖြင့် မြင်တာနဲ့ တွေ့တဲ့အပေါ်မှာ မှားမှားပြီးတော့ တို့လူစုတွေ နေကြတယ်လို့၊ အမြင်မှား အတွေ့မှား ဖြစ်နေတယ်။ ဒါကြောင့် မြင်တာကို သညာက ဖုံးနေတယ်၊ မြင်တာဟာ တစ်ခဏတော့ ပရမတ်မြင်ဖြင့် မြင်တာပဲ၊ ဒီတော့ သေသေချာချာကြည့်ပါ၊ ဒီတစ်ခါ သဘောလေး ရှင်းပေးပါ့မယ်။ မြင်တာကို သညာက ဖုံးထားတယ်၊ တို့တစ်တွေ အမှတ်လွဲနေတယ်လို့ သညာဆိုတဲ့ အမှတ်အသားကြီး အလွဲကြီးနဲ့ ဖုံးနေတာနဲ့ တို့လုံးလုံးမှားတယ်၊ ရိုးရိုးလေး မြင်လိုက်လို့ရှိရင် ပရမတ်အမြင်ဖြင့် မြင်တာပဲဆိုတဲ့ သဘောအဓိပ္ပာယ်လေး ဟုတ်လား, မဟုတ်လားလို့ စဉ်းစားကြည့်စမ်း၊ မွေးခါစ ကလေးလေး ဆိုပါတော့၊ ရက်သား လသားအရွယ်လေး၊ ကဲ . . . ဒိုးကလေးပြောစမ်းပါဦး၊ အဲဒီကလေးလေးက မျက်စိမြင်တယ် မဟုတ်လား (မြင်ပါတယ်ဆရာ)၊ အဖေသွားရပ်တော့လည်း မြင်တာပဲလား (မြင်ပါတယ် ဆရာ)၊ အမေသွားရပ်တော့ကော (မြင်ပါတယ်ဆရာ)၊ အဖြူ, အနီ, အကြောင်, အကျားတော့ကော (မြင်ပါတယ်ဆရာ)၊ ဟော မြင်တာပဲလား (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း . . . သူတော့ မြင်ပြီလို့၊ မြင်ကာ မျှလေးနော် (ဟုတ်ကဲ့ပါဆရာ)၊ ငါမြင်တာ ဖအေပဲလို့ သိလားဟ၊ အောင်မယ် (မသိပါဘူးဆရာ)၊ ဘယ့်နှယ့် ကောင်ပါလိမ့်၊ လသား ရက်သား အရွယ်လေးပါဆိုတော့ ငါမြင်တာ ဖအေပဲလို့ သိပ့်မလားဟ (မသိပါဘူးဆရာ)၊ မင်းတို့ ငါတို့ကော သိမလား (မသိပါဘူးဆရာ)၊ အဖြူ, အနီ, အကြောင်, အကျား, မြင်တာ၊ ဒါက အဖြူပဲ, ဒါက အနီပဲ, ဒါက အပြာပဲလို့ သိမလား (မသိပါဘူးဆရာ)၊ မြင်တော့ မြင်တယ် မဟုတ်လား (မြင်ပါတယ်ဆရာ)။

သူမြင်ပုံလေးက မသန့်လားကွယ် (သန့်ပါတယ်ဆရာ)၊ သန့်မှာပေါ့ကွ၊ သူမှ ပညတ်နယ် မထွက် သေးဘဲကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ပညတ်နယ် မထွက်သေးဘူး၊ ပညတ်အနေအားဖြင့် သူ ဘာမှ မမှတ်သားတတ်သေးဘူး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . သူ့မှာ သညာမဖုံးသေး

http://www.dhammadownload.com



ဘူးတဲ့၊ အမှတ်အသား မများသေးဘူးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ သူမြင်တာက သညာက မဖုံးသေးဘူး၊ ပရမတ်ပေါ် တည့်တည့်ကြီးကျနေတယ်တဲ့။ မြင်ကောင်းလို့ မြင်တာပဲ၊ ဒါပေမယ့် သူ သညာမရှိတော့ မသိပါဘူး၊ ဒါမြင်ကောင်းတဲ့ရုပ်မို့လို့ ငါမြင်တာပဲလို့ သူမသိဘူး။ ဒါပေမယ့် သူမြင်ပုံလေးကို တို့က ဝေဖန်ကြည့်ပါ၊ အမှန်မြင်လေး မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အမှန်မြင်လေး၊ နောက်တော့ ဘယ့်နှယ့်ဖြစ်လာ၊ ဒီခလေးလေးက လကနေ နှစ်ဆိုသလို တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ် အစရှိသည်အားဖြင့် ကြီးပြင်းလာတဲ့အခါကျတော့ သူမှာသညာတွေ ပေါ်လာပြီတဲ့။ မှတ်သားတတ်တဲ့ အရွယ်လေးရောက်လာ၊ မရောက်ဘူးလား (ရောက်လာပါပြီဆရာ)၊ အေး . . . ဒီတော့ လူကြီးကလည်း သင်ပေးတယ်၊ ဘယ့်နှယ့်သင်ပေးတယ်၊ ဟော . . . ဒါက မင်းအဖေ၊ ဒါက မင်းအမေ၊ ဒါက မင်းမိထွေး မိကြီး၊ ဒါက ဦးကြီး ဦးလေး၊ ဒါက အစ်ကို၊ ဒါက အမ၊ ဒါက မမ၊ တစ်အိမ်တည်း သိနေတာလေးတွေ အရင်စသင်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဟော တို့သင်ပေးတဲ့ပညတ်နယ် မှတ်တတ်တယ်ဆိုတဲ့ သညာသဘောကလေးက ပေါ်လာတော့ သူမှတ်တတ်ပြီ၊ မှတ်တတ်ပြီးသည်နဲ့ သူကလည်း မှတ်၊ မမှတ်ဖူးလားကွ (မှတ်ပါတယ်ဆရာ)၊ မှတ်တတ်တော့ မှတ်တတ်တဲ့အတိုင်းပဲ မှတ်ပြီ၊ ဟော အခုမြင်တာ ငါ့အဖေ၊ တို့အဖေ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အခုမြင်တာက တို့အမေ၊ ငါ့အမေ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ နောက်တော့ကွယ် ကြီးကြီးသလိုပေ့ါ၊ လျှောက်ပြီးတော့ မှတ်စရာတွေက အကုန်လုံးမဆုံးပါဘူး၊ မှတ်စရာတွေ လောကကြီးမှာ အများသားနော် (ဟုတ်ကဲ့ပါဆရာ)။ အေး . . . အဲဒီမှတ်စရာတွေ လျှောက်အကုန်လုံး မှတ်ထား၊ မှတ်တာက သညာမဟုတ်လားကွယ် (သညာပါဆရာ)၊ အေး. . . ဒီတော့ ဘယ့်နှယ့်ဖြစ်လာတုံးဆိုတော့ သူ့စိတ်ထဲ စွဲလာပြီး ဟော . . . ဒါငါ့အဖေ၊ ဒါ ငါ့အမေ၊ ဒါ ငါ့ဆွေမျိုးသားချင်းတွေ၊ ဒါက လူတွေ၊ ဒါက ယောကျ်ား မိန်းမ၊ ဒါက ပုဂ္ဂိုလ် သတ္တဝါ၊ ဒါက အသက် လိပ်ပြာ၊ ဒါကတော့ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ၊ ဒါက အိမ် ကျောင်း ဇရပ် မြို့ ရွာ နိုင်ငံ မှတ်ကုန်ပြီ၊ လူကြီးက သင်ပေးတဲ့အတိုင်း ပညတ်ပုံကြီး ထွက်လာပေ့ါကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ပညတ်ဆိုတာလည်း အခြားမဟုတ်ပါဘူးတဲ့၊ လူတို့ပါးစပ်ဖျားက မထပ်မနား ထပ်ထပ်ခေါ်တဲ့ အမည်နာမတွေဟာ ပညတ်ချည်းပဲ အကုန်လုံး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ပညတ်ကလည်း ဘယ်တော့မှ မဆုံးဘူး၊ ကမ္ဘာသာပြုန်းသွားမယ်၊ ပညတ်မဆုံးပါဘူး၊ တစ်နှစ်ပြီး တစ်နှစ် ဆက်ကာဆက်ကာ ထပ်ထပ်ပေါ်လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် အမည်နာမ အသစ်အသစ်ဟာ ပညတ်တွေပဲ၊ တစ်ယောက်သော ပုဂ္ဂိုလ်ရဲ့ ပါးစပ်ဖျားက တပ်လွှတ်လိုက်တဲ့ အမည်နာမပညတ်တွေပဲလို့ ဒီလိုမှတ်လိုက်၊ ပညတ်ဆိုတာ အဆန်းမဟုတ်ပါဘူးတဲ့။

http://www.dhammadownload.com



ဒီတော့ ဒီသူငယ်လေးကို ကြည့်စမ်းကွယ်၊ နောက်ပိုင်းကျတော့ ဒီပညတ်နယ်ကြီးက သူထွက်လာတော့ သူကလည်း မှတ်တတ်တဲ့အရွယ်ရောက်လာပြီ၊ သညာဆိုတဲ့ သဘောလေးတွေ သိလာပြီ၊ မှတ်ရမယ်တဲ့၊ ပြောတိုင်းပြောတိုင်း အကုန်လျှောက်မှတ်သွားတယ်၊ မှတ်တော့ကာ ဟော . . . ဒါ ငါမြင်လိုက်တာ ငါ့အမေပဲ၊ ဒါငါ့အဖေပဲ၊ ဒါငါ့ဦးကြီး, ဘကြီး, ဘထွေး၊ ဒီလို မှတ်တော့ကာ သူမြင်တိုင်းမြင်တိုင်း အဲဒီလိုမှတ်နေတာတွေဟာ စောစောက ငါပြောတဲ့ လသားအရွယ်၊ ရက်သားအရွယ်တုန်းက မြင်တဲ့အမြင်မျိုးနဲ့ တူသေးရဲ့လား (မတူပါဘူးဆရာ)၊ မတူတော့ဘူး၊ ဘယ်တူတော့မလဲ၊ သူ့သညာ,က ဖုံးပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ သညာဖုံးတော့ လုံးလုံးကြီးမှားပြီတဲ့၊ မမှားပေဘူးလား (မှားပါတယ်ဆရာ)၊ မှားတယ် မှားတယ်၊ ဘာဖြစ်လို့လဲ လုံးလုံးမရှိတဲ့ ပညတ်တရားကို အရှိမှတ်လာတယ်တဲ့၊ သူယုံကြည်မှု ယူလာပြီနော် (ဟုတ်ကဲ့ပါဆရာ)၊ ယုံကြည်မှု ယူလာပြီ၊ ငါ့အဖေရှိတယ်ဆိုတာ ယုံတယ်၊ အမေရှိတယ် ဆိုတာ ယုံတယ်။ ဒါယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါတွေဆိုတာ ယုံတယ်၊ အသက်လိပ်ပြာတွေ ရှိတယ် ဆိုတာ ယုံတယ်၊ အကောင်၊ အထည်ဒြပ်သဏ္ဌာန်ရှိတယ်ဆိုတာ ယုံတယ်၊ ဒီလိုဖြစ်လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် မြင်တာကို သညာက ဖုံးနေတော့ လုံးလုံးကြီးမှားနေကြပြီ။

ဒါကြောင့် သြော် . . . နားလည်ရမှာက မြင်တာမှာ အမှန်ကတော့ သညာကို ဖယ်လိုက်စမ်းပါ။ မမှတ်ပါနဲ့ မြင်တာဘာလဲ၊ မြင်ကောင်းတဲ့အဆင်းရုပ်ပဲ၊ မြန်မာလိုနော် (ဟုတ်ကဲ့ပါဆရာ)၊ ပါဠိလိုကတော့ ဝဏ္ဏရုပ်ပဲ၊ ရူပါရုံ အဆင်းရုပ် ရူပါရုံခေါ်၏၊ ဝဏ္ဏရုပ်ခေါ်၏၊ ဝဏ္ဏဓာတ်။ သြော် . . . ဒါက စက္ခုပသာဒ အကြည်ရုပ် ရှိသမျှ လူအပေါင်းဟာ ဒီစက္ခုပသာဒအကြည်ကလေးမှာ လာလာပြီးတော့ မြင်ကောင်း၊ ထင်ကောင်းတဲ့ ရုပ်တရားတွေပဲ၊ ဒါတွေ မြင်တာပဲလို့ ဟုတ်ပြီလား (ဟုတ်ကဲ့ပါဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါတွေအနေအားဖြင့် မှတ်သားပြီးတော့ သဏ္ဌာန်တွေနဲ့၊ ပုံစံတွေနဲ့ မှတ်သားပြီးတော့ ဒါက လူတဲ့, ယောကျ်ားတဲ့, မိန်းမတဲ့, ပုဂ္ဂိုလ်တဲ့, သတ္တဝါတဲ့, ဒါခွေးတဲ့, ဝက်တဲ့, ကြက်တဲ့, ငှက်တဲ့, တော, တောင်, ရေ, မြေ, သမုဒ္ဒရာတဲ့၊ အဲဒီလို မှတ်သွားတာက အခုနပြောတဲ့ နာမပညတ်၊ သဏ္ဌာနပညတ်၊ ဒိသာပညတ် ဟုတ်ပြီလား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလိုချည်းပဲ အမည်လေး တပ်ပြီးတော့ မှတ်ပြန်တော့ နာမပညတ်ခေါ်တယ်၊ အကောင်အထည် အစွဲအလမ်းလေး မှတ်ထားတော့ ဃနပညတ်ခေါ်တယ်၊ ပုံစံသဏ္ဌာန်ခွဲခြားပြီးတော့ တစ်ခုနဲ့တစ်ခု မှတ်သွားတာကတော့ သဏ္ဌာနပညတ်ခေါ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊

အချိန်ကာလနဲ့ ပိုင်းခြားမှတ်တာက ကာလပညတ်ခေါ်တယ်။ အရပ်ဒေသနဲ့ ပိုင်းခြားမှတ်တာက ဒိသာပညတ်ခေါ်တယ်၊ ဝတ္ထုပစ္စည်းတွေပေါင်းပြီးတော့ အဆောက်အဦးတစ်ခုဖြစ်လာကာမှ ဝတ္ထု

http://www.dhammadownload.com



တစ်ခုဖြစ်လာကာမှ အမည်နာမတစ်လုံးရတဲ့ တမြန်မနေ့ကပြသွားတဲ့ စားပွဲတို့, အိမ်တို့, ကျောင်းတို့, ဇရပ်တို့နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါမျိုးကျတော့ သမ္မုတပညတ်ခေါ်တယ် ိလိုမဟုတ်လား (ဟုတ်ကဲ့ဆရာ)၊ ဒြော် ဒါပညတ်နယ်တဲ့ အင်မတန်ကျယ်ဝန်းတယ်၊ ဘယ်လောက်ကျယ်ဝန်းသလဲ ဆိုတော့ လူ့လောကလည်း ပြောလို့မဆုံးပါဘူး၊ နတ်လောကလည်း ပြောလို့ မဆုံးပါဘူး၊ ဗြဟ္မာ့ လောကလည်း ပြောလို့ မဆုံးပါဘူးတဲ့၊ သူ့ဘုံနဲ့သူ ဒီလိုပဲ သုံးနေတာပဲတဲ့။ အဲဒီအမြဲတစေ သုံးစွဲနေတဲ့ စကားလုံးအသံထွက်တွေရဲ့ နောက်ကွယ်မှာ သုံးတဲ့အတိုင်း တကယ်ရှာကြည့်တော့ သူတို့ပြောသလိုပဲ လူတွေ, ယောကျ်ားတွေ, မိန်းမတွေ, ပုဂ္ဂိုလ်တွေ, သတ္တဝါတွေ, ခွေးတွေ, ဝက်တွေ, ကြက်တွေ, ငှက်တွေ, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, အရာဝတ္ထုအစုစုတွေ ရှိကောင်းရဲ့လားကွ (မရှိပါဘူးဆရာ)၊ မရှိကောင်းပါဘူး။

စောစောက ပြောတဲ့ မြင်ကောင်းတဲ့ရုပ်ရှိမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ကြားကောင်းတဲ့ရုပ်ရှိရမယ်၊ နံကောင်းတဲ့ရုပ်ရှိမယ်၊ ထိကောင်းတဲ့ရုပ်ရှိမယ်၊ စားကောင်းတဲ့ရုပ်ရှိမယ်၊ ကြည့်ကောင်းတဲ့ရုပ်ရှိမယ်၊ ဒီလိုမဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် မြင်တာက အဆင်းရုပ်၊ ကြားတာက အသံရုပ်၊ နံတာက အနံ့ရုပ်၊ စားရတာက ရသာရုပ်၊ ထိတာက ဖောဋ္ဌဗ္ဗရုပ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ရုပ်တရား တွေ၊ ဒါကြောင့် တို့လူစုက တမြန်မနေ့က ပြောသွားပေါ့၊ အမြင်လည်း မှားနေကြပေါ့၊ အကြားလည်း မှားနေကြပေါ့၊ အနံ့လည်း မှားနေကြပေါ့၊ အစားလည်း မှားနေကြပေါ့၊ အထိလည်း မှားနေကြပေါ့၊ မမှားဘူးလား (မှားပါတယ်ဆရာ)၊ ဒီတော့ အမြင်မှားတာ မျက်စိက၊ အကြားမှားတာ နားက၊ အနံ့ မှားတာ နှာခေါင်းက၊ အစားမှားတာ လျှာက၊ အထိမှားတာ ကိုယ် ဒီလို မနေဘူးလား (နေပါတယ် ဆရာ)၊ ပဉ္စဒွါရခေါ်တယ်၊ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မျက်စိက မှား, နားက မှား, နှာခေါင်းက မှား, လျှာက မှား, ကိုယ်က မှားနဲ့, ဒါ ဒွါရခေါ်တယ်၊ ဒွါရဆိုတာ တံခါးပေါက်နော် (ဟုတ်ကဲ့ပါဆရာ)၊ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, ဟောဒီငါးပေါက်ကအကုန် မှားနေတာ၊ မမှားဘူးလား (မှားနေပါတယ်ဆရာ)၊ အဲဒီငါးပေါက်မှားလို့ ငါးပါးမှောက်တယ်လို့ ပြောတာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ တို့လူစုတွေ ငါးပါးမှောက်ကုန်ပေါ့၊ ဘာဖြစ်လို့လဲ။ အမှားချည်းပဲ တစ်ပေါက်မှ အမှန်မသိဘူး သိသေးရဲ့လား (မသိပါဘူးဆရာ)၊ မသိဘူးကွဲ၊ အဲဒီ အမှားကြီးနဲ့သာ ဒီအတိုင်းငုတ်တုတ်နေပြီး ငုတ်တုတ်သေရမယ်ဆိုရင် အပါယ်က လွတ်ပါ့မလား (မလွတ်ပါဘူးဆရာ)။

ဝိနိပါတဘေးကကော (မလွတ်ပါဘူးဆရာ)၊ အေး . . . အပါယ်ကများ မလွတ်လို့ အပါယ်များ ကျပြီလားဆိုမှဖြင့် အပါယ်ဆိုတာ အင်မတန်ကြောက်စရာကောင်းပါတယ်တဲ့၊ တစ်ဆင့်နဲ့တစ်ဆင့်

http://www.dhammadownload.com



ယုတ်ယုတ်ပြီးတော့ မြုပ်မြုပ်သွားတာနော် (ဟုတ်ကဲ့ပါဆရာ)၊ ငရဲတဲ့, တိရစ္ဆာန်တဲ့, ပြိတ္တာတဲ့, အသူရကာယ်တဲ့၊ လေးမျိုးလေးစားရှိတဲ့ အပါယ်လေးပါးကြီး၊ တစ်ဘဝပြီး တစ်ဘဝ နစ်နစ်သွားတာ၊ ဘယ် တော့မှ ပြန်ပေါ်မည်လဲ အပိုင်းအခြားမရှိပါဘူး၊ ဘယ်တော့ ပြန်ပေါ်မယ်လို့ ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ ဟုတ်လား, မဟုတ်လား ကြည့်ပါလားကွာ၊ ကိုယ့်မျက်စိအောက်တင် ကြက်ကလေး၊ ငှက်ကလေး ဖြစ်လာတာ ကြည့်စမ်း၊ ဖြစ်လာတဲ့အချိန်ကစ ဒါအပါယ်လေးပါး၊ သတ္တဝါပဲလို့ တစ်ဘဝ ထက် တစ်ဘဝ တက်မလားလို့အောက်မေ့တယ်၊ တစ်ဘဝထက် တစ်ဘဝ မြုပ်ဖို့ချည်းပဲ၊ သူလုပ် နေတာက ဒုစရိုက် ဒုရာဇိဝ၊ သူတစ်ပါးအသက်ကလေးတွေ အမြဲသတ်ဖြတ် စားသောက်နေ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါဖြင့် ဒီကြက်ကလေး သေတော့ ပြန်ပေါ်ဦးမှာလားဟ (မပေါ် ပါဘူးဆရာ)၊ သူလွန်ကျူးနေတဲ့ ပါဏာတိပါတဆိုတဲ့ ကံတွေက နှိပ်စက်လို့ သူထက် ယုတ်တဲ့ဘဝ တစ်ခါဆင်း၊ နောက်ဘဝကျလည်း ဒီလိုပဲ၊ နောက်ဘဝလည်း ဒီလိုပဲ ဆိုတော့ ပေါ်စရာအကြောင်း မရှိဘူး၊ ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။

ဒါကြောင့် တို့လူစုတွေ အခုရှိတဲ့ ငါးပေါက်က အကုန်မှားနေလို့ ငါးပါးကြီးမှောက်နေကြရင် သေရင်အပါယ်က လွတ်စရာ ကျွတ်စရာ အကြောင်းမရှိပါဘူး၊ စဉ်းစားပါ။ နဖူးပေါ် လက်တင်ပြီး စဉ်းစားပါ၊ တို့လူစုတွေ သူများကိစ္စမဟုတ်ဘူး၊ ကိုယ့်ကိစ္စပါ၊ သူများတာဝန်မဟုတ်ဘူး၊ ငါ့တာဝန်၊ သူများအလုပ်မဟုတ်ဘူး ငါ့အလုပ်၊ ငါသေတော့ ဘယ်လို သေမတုံး၊ အခုလက်ရှိရထားတဲ့ဘဝက ရုပ်တစ်လုံး၊ နာမ်တစ်လုံးမှ မပြတ်သားသေးတော့ ငါ့အန္ဓပုထုဇဉ်အခေါ် ခံနေရတယ်၊ သာသနာကြီး တော့တွေ့ရဲ့ ဆုံရဲ့သားနဲ့ အဲဒီလို အန္ဓပုထုဇဉ် ပညာမျက်စိလုံးလုံးမရှိတဲ့ အန္ဓပုထုဇဉ်ဘဝနဲ့ သေကြ မလားလို့။ သို့မဟုတ် သူ့ထက်တစ်ဆင့်တိုးလို့ တစ်မျိုးအားဖြင့် မြင်လာတယ် ဆိုတဲ့ ကလျာဏ ပုထုဇဉ်ဘဝနဲ့ သေမလား၊ သို့မဟုတ် တစ်ဆင့်တိုးလို့ တစ်မျိုး မြင့်လာတယ်ဆိုတဲ့ စူဠသောတာပန် ဘဝနဲ့ သေမလား (သို့မဟုတ်) မဟာသောတာပန်ဘဝနဲ့ သေမလားလို့၊ လက်ရှိအနေနဲ့ သေရင် အရင်းပြုတ်ပါတယ်၊ ပြန်ပြီး ပေါ်စရာအကြောင်း မရှိပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အင်မတန် ကြောက်စရာကောင်းတယ်။

ဒါကြောင့် ဒီလိုမှားနေတယ်ဆိုတဲ့ အမြင်မှားလိုက်, အကြားမှားလိုက်, အနံမှားလိုက်, အစားမှား လိုက်, အသိမှားလိုက်နဲ့ ဒီလိုမှားနေတယ်ဆိုတဲ့ အမှားလေးတွေကို ပြတ်ပြတ်သားသားနဲ့ နားလည် ပြီးတော့ ဟောဒါတွေက သညာက ဖုံးနေတာ၊ အမှတ်အသားတွေ မှားနေတယ်၊ အယူတွေ မှားနေ တယ်၊ အမှန်လေးတွေ မြင်ကြရအောင် ပြင်ကြစို့ရဲ့ဆိုပြီးတော့ ပြင်ပြင်ပေးနော် (ဟုတ်ကဲ့ပါဆရာ)၊ ပြင်ပြင်ပေးတော့ကာ မရှိတဲ့ပညတ်တရားကို စောစောပိုင်းကတော့ ရှိတယ်လို့ ဗွတ်ငြင်းတယ်၊ မရှိ

http://www.dhammadownload.com



ဘူးလို့ သွားပြောရင်ပဲ သဘောမကျတဲ့ရုပ်၊ ရန်တောင် ဖြစ်ခမှန်းပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အခု ပြောနေသလိုပဲ မင်း သမ္မုတိသစ္စာအနေနဲ့ ကြည့်လို့ရှိရင် အဖေဆိုတာ ပညတ်တရားကွ၊ အဖေမရှိဘူး ဆိုရင် အဖေ အင်မတန်ချစ်တဲ့သားခံပါ့မလားကွ (မခံပါဘူးဆရာ)၊ မခံဘူးကွ၊ ဘယ့်နှယ့် အဖေ မရှိရမှာတုံး၊ ဒီငုတ်တုတ်ကြီး ငါ့အဖေရှိလျက်သားနဲ့၊ သေမှ မသေသေးဘဲလို့၊ ဒီလိုလာမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အေး. . . ဒါလည်း ရုတ်တရက် သိလွယ်တဲ့ တရားမဟုတ်ဘူး။ ဒါကြောင့် သံသရာ အဆက်ဆက်က မိမိတို့လက်ခံလာတဲ့၊ အင်မတန်မြတ်နိုး ယုံကြည်လာတဲ့ ဒီပညတ်တရားကြီးက ဖြစ်နေတော့ ရုတ်တရက် ဒါဖျက်လို့ ရကောင်းတာ မဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒါကြောင့် အင်မတန်ကိုပဲ ခရီးရှည်လျားစွာ လက်ခံပြီး ကိုယ်နဲ့ အတူပါလာတော့ မိစ္ဆာအယူ ဆိုတဲ့ အယူမှား၊ လုံးလုံးဘာမှမရှိတဲ့ ပညတ်တရားကြီးကို ရှိတယ်လို့ မှတ်ထားတဲ့ မိစ္ဆာအယူ မှားခေါ်တယ်။ အဲဒီအယူမှားကြီးကို ဖြူစင်သန့်ရှင်းတဲ့ သမ္မာအယူလေးဖြစ်အောင် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါတစ်လုံးပဲ ရရ၊ တို့လူစုက ရှင်းရှင်းလေး စဉ်းစားကြည့်စမ်းပါ၊ တို့တော့ သာသနာနဲ့ တွေ့ပြီး အသက်နှစ်ဆယ်ရှိတဲ့သူက နှစ်ဆယ်အတိုင်းတိုင်းကြည့်၊ သုံးဆယ်သမားလည်း သုံးဆယ် အတိုင်း၊ လေးဆယ်သမားလည်း လေးဆယ်အတိုင်း၊ ငါးဆယ်သမားလည်း ငါးဆယ်အတိုင်း၊ ခြောက် ဆယ်သမားလည်း ခြောက်ဆယ်အတိုင်း၊ ခုနစ်ဆယ်သမားလည်း ခုနစ်ဆယ်အတိုင်းပေါ့၊ ငါ့အသက် လည်း ငါတိုင်းကြည့်မယ်၊ သာသနာတစ်ဝက်မှာ လာပြီးတော့ ငါလူဖြစ်တယ်။ သာသနာကြီးလည်း ထင်ရှားထွန်းလင်းနေတယ်၊ တောက်ပနေတယ်၊ တကယ့်ကိုပဲ အင်မတန် အားရစရာကောင်းတယ်၊ ဒါဖြင့် ကောင်းပါပြီ၊ မင်းကိုယ်မင်း ပြန်မေးကြည့်၊ ငါ့ကိုယ် ငါပြန်မေးမယ်၊ မင်းအသက်သုံးဆယ်ရှိပြီ။ ဘုရားကိုယ်တော်မြတ် ဆုံးမတော်မူသော သုတ်, ဝိနည်း, အဘိဓမ္မာ,ဆိုတဲ့ သာသနာကြီးထဲက အကုန် လုံး စုလိုက် ပေါင်းလိုက်ပြန်တော့ ဒီရုပ်တရား နာမ်တရား နှစ်ပါးရှိတယ်။ တူရာတူရာ ပေါင်းလိုက် တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အကျဉ်းချုံးရင် ရုပ်တရား နာမ်တရား နှစ်ပါးသာရှိတယ်။ ဘာမှမရှိပါဘူး။

ဒါဖြင့် ကောင်းပါပြီ၊ အဲဒီလို ကိုယ်တော်မြတ်ဟောတော်မူတဲ့၊ ဆုံးမတော်မူတဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဆိုတဲ့ သာသနာကြီးကို တူရာတူရာပေါင်းလိုက်တော့ နှစ်လုံးရှိတော့တယ်။ ရုပ်တစ်လုံး, နာမ်တစ်လုံး အဲဒီနှစ်လုံးတည်းက နင်ရုပ်တစ်လုံး ပြတ်သားရဲ့လား၊ နင် နာမ်တစ်လုံး ပြတ်သားရဲ့လား၊ နင် ပိုင်ရဲ့လားလို့ ကိုယ့်ကိုကိုယ် ပြန်ဆန်းစစ်ကြည့်၊ ရုပ်တစ်လုံး ပြတ်သားရဲ့လား၊ ရုပ်ဆိုတာများ နှစ်ဆယ့်ရှစ်ပါးဟောသွားတယ်။ အဲဒီနှစ်ဆယ့်ရှစ်ပါးထဲက တစ်လုံးတည်း နင်ပိုင်ရဲ့ လားလို့ နာမ်တစ်လုံးပြတ်သားတယ်၊ "နာမ်စေပညာသ"ဟောထားတယ်၊ နာမ်က (၅၃)ပါး ဟောသွား တယ်။ စိတ်ရယ်, စေတသိက်ရယ်, အဲဒီနာမ်တရားထဲက တစ်လုံးတည်း ပြတ်သားရဲ့လား၊ ပြတ်သား

http://www.dhammadownload.com



တယ်ဆိုတာက တခြားမဟုတ်ပါဘူး။ အဲဒါဆရာရှာစရာမလို၊ ကိုယ်တော်မြတ်ဟောတော်မူတဲ့အတိုင်း ငါသဘောပေါက်အောင်သိပြီးတော့ ကျင့်လိုက်မယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီတော့ ကိုယ့်ကိုကိုယ်ပြန်မေးစမ်း၊ သာသနာနဲ့တွေ့တာ မှန်တယ်၊ အခု ငါလူလာဖြစ်တာ မှန်တယ်၊ ဖြစ်ပြန်တော့ သာသနာနဲ့ တွေ့နေတယ်၊ ငါလည်း အသက်သုံးဆယ်ကျော်ခဲ့ပြီ၊ လေးဆယ်, ငါးဆယ်, ခြောက်ဆယ်, ခုနစ်ဆယ် ရှိခဲ့ပြီ၊ တွေ့တော့ တွေ့တယ်၊ တွေ့ပြီးတော့ ငါတွေ့တဲ့သာသနာ မင်းဘာပြတ်သားတုံး၊ မေးခွန်းထုတ်ပြီး ပြန်မေး၊ ဟိုတရားနာဘူးတာတွေ ဘာတွေ ပြောတာ မဟုတ်ပါဘူး၊ စာတွေဘာတွေ ဖတ်ဖူးတာ ပြောတာ၊ ဒါတွေက နာဖူးတာ ဖတ်ဖူးတာ၊ ကိုယ်တိုင်အနေအားဖြင့် တစ်လုံးရရဲ့လားလို့။

## မြေ, ရေ, လေ, မီး ရုပ်ဓာတ် (၄)ပါး

အဓိပ္ပာယ်ဆိုကြပါစို့ကွယ် ပထဝီ, တေဇော, အာပေါ, ဝါယော, ဓာတ်ကြီးလေးပါး လူတိုင်းသိကြတယ်၊ မဟာဘုတ်လေးပါး၊ ဘူတရုပ်လေးပါး၊ ပထဝီရယ်၊ တေဇောရယ်၊ အာပေါရယ်၊ ဝါယောရယ် ဒါအခြေခံဓာတ်ကြီးလေးပါး။ ရုပ်ဓာတ်ဟောမယ်ဆိုလို့ရှိရင် ဓာတ်လေးပါးကို အခြေခံထားပြီး ဟောကြတယ်။ အဲဒီအခြေခံဆိုတဲ့ ဓာတ်ကြီးလေးပါးထဲမှာ ပထဝီတစ်လုံးကို နားလည်ရဲ့လားလို့ တစ်လုံးတည်း၊ ပထဝီရဲ့အဓိပ္ပာယ်, ပထဝီရဲ့သဘော, ဒီလိုသိရဲ့လားလို့ ပြန်မေး မသိဘူး။ ဟာ . . . ဒီအလုံးမှမသိရင် ဒီပြင်လုံးလည်း မေးစရာမလိုဘူး၊ တစ်လုံးမှ မသိဘူး၊ တစ်လုံးမှ မသိရင် သာသနာရဲ့ အရသာ ခံစားရရဲ့လား၊ သာသနာနဲ့တွေ့ကျိုး၊ ဆုံကျိုးနပ်ရဲ့လား၊ မင်းကိုယ်မင်း သာသနာနဲ့ တွေ့တယ်လို့ ပြောနိုင်ရဲ့လား ပြန်မေးကြည့်ပါ၊ မပြောနိုင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါတွေက များများပဲ၊ ယောင်လည်ယောင်လည်နဲ့ သူ့ကို ကြည့်တော့ ကျော့ကျော့မော့မော့ ဘာလုပ်နေလဲဆိုတော့ လူမြင်ရင် အထင်ကြီးအောင်ဆိုတဲ့အလုပ်ပဲ လုပ်နေတယ်၊ ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ လူမြင်ရင် အထင်ကြီးအောင်ဆိုတဲ့အနေအားဖြင့် ဘယ်ဘက်က ဖြစ်ဖြစ် ရွာမှူး ရပ်မှူးဘက်က ဖြစ်ဖြစ် ခေါင်းဆောင်ပိုင်းက ပါလိုက်၊ လူလတ်ပိုင်းက ပါလိုက်၊ လူကြီးပိုင်းက ပါလိုက်၊ လူငယ်ပိုင်းက ပါလိုက်၊ ပါတော့ ပါတာပဲ၊ တော်တော်ကြိုးစားရှာတယ်၊ ဘယ်အရေးဖြစ်ဖြစ်, ရပ်ရေး, ရွာရေးဖြစ်ဖြစ် ကုသိုလ်ကောင်းမှု လုပ်တဲ့အခါဖြစ်ဖြစ်၊ သာသနာရေးဖြစ်ဖြစ် ကယ်တင်ချင်တဲ့လူတွေ တော်ပါပေတယ်၊ ဒီလို မြင်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

သူ့ကြည့်ရတာ ပထဝီဓာတ်တစ်လုံးမှ ရုပ်တစ်လုံးတောင် မပြတ်သားဘူး ဆိုတော့ ဒီသာသနာတော်မှာ သူဟူးတူး, ဝါးတား အပြေးအလွှား ကျော့ကျော့မော့မော့လုပ်နေတဲ့ အချိုးနဲ့ကိုက်သေးရဲ့လား (မကိုက်ပါဘူးဆရာ)၊ လုပ်တော့ လုပ်တာပဲ၊ ဘာမှ ကိုယ်ပိုင်တရားနဲ့ မရရှာဘူး၊ ဒီလိုမဟုတ်ဘူးလား

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)၊ ကဲ . . . ပြောကြစို့ကွာ၊ ပညတ် ပရမတ်မှ မပြတ်သားဘူးတဲ့၊ မရှိတဲ့ပညတ်တရားကြီးကို သူ့စိတ်ထဲမှာ ဘယ်တုံးကမှလည်း မသင်ဘူး၊ ဘယ်တုန်းကမှလည်း မကြားဘူး၊ ဘယ်ဆရာသမားထံမှလည်း မဆည်းကပ်ဘဲနေတော့ အခုငါပြောနေတဲ့ မရှိသော ပညတ်တရားကြီးဟာ သူရှိတယ်ဆိုတဲ့ အမှတ်အသားကြီးဟာ ပျောက်ပါ့မလားဟ (မပျောက်ပါဘူးဆရာ)၊ ဒါဖြင့် သူမှန်တာ သိသေးရဲ့လား (မသိပါဘူးဆရာ)၊ အေး . . . အဲသလို နေပြီးတော့ အဲသလို သေတော့ မခက်ဘူးလားလို့၊ မခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ အေး . . . ခက်တယ်လို့ မသိကြလို့ပဲ အင်မတန်မှ ကြောက်စရာကောင်းတယ်။

ဒါကြောင့် လောကကြီးမှာ မြတ်စွာဘုရားကိုယ်တော်မြတ် ပွင့်လာတော့ လောကကြီးကို ကြည့်လိုက်တော့ ဘာဖြစ်နေလဲ၊ အမှန်ကို သိတဲ့ပုဂ္ဂိုလ်တစ်ယောက်မှ မရှိဘူး၊ တကယ်အမှန်သိတဲ့ ပုဂ္ဂိုလ်တစ်ယောက်မှ မရှိဘူး၊ အဲဒီအမှန်ကို မသိလို့ အမှားချည်းယူဆနေတယ်၊ အမှတ်မှားတွေ လွဲနေတယ်၊ အယူတွေ လွဲနေတယ်၊ အသိတွေ လွဲနေတယ်ဆိုတဲ့ အဲဒီအမိုက်လောက၊ အမှောင်လောကကြီးထဲမှာ ကိုယ်တော်မြတ် အလင်းရောင်ချပေးတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ စဉ်းလည်း စဉ်းစားပေါ့ လေ၊ ဘယ်တော့မှ အရိယာမွေးမလာဘူး၊ လောကကြီးမှာ အရိယာအဖြစ်နဲ့ ဘယ်တော့မှ မွေးမလာ ဘူး၊ မွေးလာတုန်းက အန္ဓပုထုဇဉ်လူ၊ သူလည်း အတူတူ၊ ငါလည်း အတူတူ၊ ဘာမှမထူးဘူး၊ တစ်ယောက်ကြည့်တော့ အန္ဓပုထုဇဉ်မွေးလာတာ ပညာမျက်စိ လုံးဝမပါပါဘူး၊ မွေးပြီးတဲ့နောက် လူလားမြောက်တဲ့အချိန်ကျကာမှ “သပ္ပုရိသသံသေဝ”သူတော်ကောင်းကို ပေါင်းသင်းပြီး သင်ကြားပြသတတ်တဲ့ ဆရာသမားများထံ ဆရာတော် သံဃာတော် အရှင်သူမြတ်များထံ နည်းခံလို့ သင်ကြားတတ်မြောက်လိမ္မာလာမှ မွေးလာတဲ့ အန္ဓပုထုဇဉ်ဘဝက ပျောက်ပြီးတော့ ကလျာဏပုထုဇဉ်တို့၊ စူဠသောတာပန်တို့၊ အရိယာတို့အဖြစ်သို့ ရောက်ကြတာလို့၊ ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။ အဲဒါ ဒေါသနည်းဟန် ကိုယ့်ကိုကိုယ် လူတတ်လုပ်၊ ငါလုပ်နေတာ ဟုတ်ပြီ၊ ငါလူကောင်းပဲ၊ ငါတစ်ခါမှ မကောင်းတာ မလုပ်ဘဲ၊ တချို့လည်း အားကိုးတာ၊ တချို့လည်း ကောင်းကြပါတယ်၊ မကောင်းဘူး မဟုတ်ပါဘူး၊ ကောင်းပါတယ်၊ အပြစ်အင်မတန်ကြောက်တော့ မကောင်းတာ မလုပ်ဘူး၊ မမှန်တာ မလုပ်ဘူး၊ ကောင်းအောင် နေတယ်၊ ကောင်းအောင် လုပ်တယ်၊ ကောင်းအောင် ကျင့်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါကောင်းအောင် လုပ်တယ်၊ ကောင်းအောင် နေတယ်၊ ကောင်းအောင် ကျင့်နေတယ်ဆိုတာ တစ်မျိုးကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလို အသိဉာဏ်ဘက်က မပြတ်သားတာက တစ်မျိုးတဲ့၊ ဒါလေးတွေ ခွဲခြားမှတ်သားတတ်ကြရမယ်။

ဒါကြောင့် အရပ်သူတော်ကောင်း ဆိုတာက တစ်မျိုး၊ အခုနပြောတဲ့ ဒုစရိုက်, ဒုရာဇီဝတွေကို မိဘဆရာသမားများ ဆိုဆုံးမလို့ ဘယ်တော့မှ မလိုက်စားဘူး၊ ဘယ်တော့မှ မမိုက်မှားဘူး၊ သူတော်

http://www.dhammadownload.com



ကောင်းဘဝနဲ့နေတယ်၊ တချို့လည်း သူတော်ကောင်းဘဝနဲ့ သေကြတယ်၊ မကောင်းဘူးလား၊ (ကောင်းပါတယ်ဆရာ)၊ ဒါပေမယ့် သူ့မှာ သူတော်ကောင်းဘဝနဲ့ နေလို့ သူတော်ကောင်းဘဝနဲ့ သေတာတော့ဟုတ်ပါပြီ၊ သူ့မှာ အခုပြောသလိုပဲ မှန်ကန်တိကျတယ်ဆိုတဲ့ အမှားတွေ ပျောက်ပြီးတော့ အမှန်ဆိုတဲ့ အသိဉာဏ်လေး တစ်ချက်ထဲ ရောက်သလားဆိုတော့ မရောက်ရှာဘူးတဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် အမြင်မှန်ဉာဏ်ငါးမျိုးမှာ နံပါတ် (၂) ဆိုတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဆိုတာ တခြားမဟုတ်ပါဘူး၊ မင်္ဂကိုလည်း ရုတ်တရက်အားဖြင့် ရစေနိုင်တဲ့ အသိဉာဏ်ကြီးပါ၊ ပြီးတော့ လောကကြီးမှာလည်း မွေးကတည်းက မှားလာတယ်ဆိုတဲ့ အမှားတွေ အကုန်ပျောက်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် အမြင်မှန်လို့ ခေါ်တာ အမြင်မှန်ရောက်ပါတယ်တဲ့။

အဲဒါကြောင့် တို့ပြောတဲ့ မရှိ ပညတ်၊ ရှိ ပရမတ်ဆိုတဲ့ သဘောတရားကြီးကို သေသေချာချာ ပြန်ပြီးတော့ သမာဓိလည်း ကောင်းကောင်းထား ဝေဖန်ကြည့်စမ်း၊ မရှိတာ ပညတ်ရှိတာ ပရမတ်၊ မရှိတဲ့ ပညတ်တရားကြီးကို အရှိမှတ်ပြီးတော့ တို့တွေ အမှတ်မှားနေတာပေါ့၊ အယူမှားနေတာပေါ့၊ အသိမှားနေတာပေါ့။ ဒါပေမယ့် မရှိတဲ့ ပညတ်တရားကို ဘယ်လိုလုပ်ပါ့မလဲ၊ မရှိမှန်းသိအောင် လုပ်ပါ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မရှိတဲ့ပညတ်တရားကြီးကို မရှိမှန်း သိလာတယ်ဆိုတော့ အသိမှန် မသွားဘူးလား (မှန်သွားပါတယ်ဆရာ)၊ အဲဒီကျတော့မှ အမှန်ရောက်တယ်တဲ့၊ အဲဒီ အမှန်လေးရောက်လာရင် ဒီအသိလောက်ရောက်လာရင် တို့လူစုအပါယ်ဘေးက တကယ်အေးနိုင်တယ်၊ တကယ်ဝေးနိုင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဘာဖြစ်လို့၊ အမြင်မှန်ရောက်လာပြီလို့၊ အမှားတွေ ပျောက်သွားပြီ၊ အမှားတွေ ပျောက်သွားပြီ ဆိုတာ အခု သဘောအဓိပ္ပာယ်လေး တစ်လုံးလောက် ပေါက်သွားလို့ ရှိရင် ခုနငါပြောတဲ့ ရေတွက်လို့ မကုန်ဆုံးနိုင်တဲ့ အမှားလုံးတွေ အကုန်အမှန်ဖြစ်တယ်။ ဖြစ်ဖူးလားကွ (ဖြစ်ပါတယ်ဆရာ)၊ အကုန်လျှောက်မှန်တယ်၊ ဒါကြောင့် ဒီအမြင်မှန်ဉာဏ်လေးတွေ လုံးလုံးဘာမျှမရှိတဲ့ ပညတ်ဆိုတဲ့ တရားကြီးဟာ မရှိမှန်းသိလာအောင် ဆိုပြီးတော့ ဒါသင်ကြားပြသ ပေးနေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

အေး . . . ဒါကြောင့် စောစောက တို့များပြောခဲ့တဲ့ အတိုင်းပေါ့ကွယ်၊ အဓိပ္ပာယ်အားဖြင့် ပါးစပ်က သမုတ်ထားပြီး လုပ်ထားတဲ့ အသံထွက်တွေ မှန်သမျှ တကယ်မရှိဘူးမှတ်၊ ဒီအသံထွက်တွေ နောက်ကွယ်မှာ တကယ်ရှာကြည့် ဘာမှမရှိဘူး။ ဒါကြောင့် လူတဲ့၊ ယောက်ျားတဲ့၊ မိန်းမတဲ့၊ ပုဂ္ဂိုလ်တဲ့၊ သတ္တဝါတဲ့၊ အသက်လိပ်ပြာတဲ့၊ အိမ်တဲ့၊ ကျောင်းတဲ့၊ ဇရပ်တဲ့၊ မြို့တဲ့၊ ရွာတဲ့၊ နိုင်ငံတဲ့၊ တောတဲ့၊ တောင်တဲ့၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ စကြဝဠာ၊ လောကဓာတ်၊ နေ၊ လ၊ နက္ခတ်၊ တာရာ၊ ဘုံဗိမာန်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါလောကထဲ သုံးနေတာတွေပေါ့။ ဩော် . . . ဒီသုံး

http://www.dhammadownload.com



နေတဲ့ဥစ္စာကြီးဟာ တို့ပါးစပ်ကသာ သုံးသာ သုံးနေတယ်၊ လုံးလုံးကြီး တကယ်မရှိဘူး။ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ တို့အမြင်နဲ့ ပြောနေကြတယ်၊ ဒါတွေမြင်နေတဲ့လူက အဟုတ်ချည်းပဲမှတ်၊ အမြင်နဲ့ ပြောနေ၊ တို့မြင်တဲ့အတိုင်းမဟုတ်ဘူးလား မဟုတ်ပါဘူး၊ အမြင်ကတော့ မြင်ကောင်းတဲ့ရုပ်တွေ မြင်နေတာနော် (ဟုတ်ကဲ့ပါဆရာ)၊ အတွေ့နဲ့ ပြောနေကြတယ်၊ ကိုင်ကြည့်ရင် တွေ့ပြန်တယ်၊ တုံးဆိုရင်တုံးလို့ ဆိုလိုက်တဲ့အတိုင်း သွားကိုင်ကြည့်၊ တုံးကြီးတွေ့သားပဲ အတွေ့နဲ့ပြောနေတာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ လက်နဲ့ သွားစမ်းကြည့်တော့ တွေ့နေတာ တုံးတွေ့တာ မဟုတ်ဘူး၊ ဖောဋ္ဌဗ္ဗဓာတ်တွေ့နေတာ၊ ပထဝီဓာတ်တွေ့နေတာ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ ပါဆရာ)။

ဟော . . . မြင်ပြန်တော့လည်း ရုပ်တွေ့ပြန်တော့လည်း ရုပ်၊ ကိုယ်တော်မြတ်ဟောတော်မူတဲ့ တကယ်ထင်ရှားရှိသောရုပ်ဆိုတဲ့ သဘာဝလေးတွေ၊ နာမ်ဆိုတဲ့သဘာဝလေးတွေ တစ်ဘက်ကနေပြီးတော့ ထင်ရှားပြသတော့ ဟာ ဒါကရုပ်ပဲ၊ ဒါက နာမ်ပဲ လည်လည်ပတ်ပတ်ကြီးသိတယ်၊ သိတော့ ဟောဒီက မရှိဘူးဆိုတဲ့ပညတ်တရားက အလိုလိုပြုတ်ကျတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အလိုလိုပြုတ်ကျတယ်၊ ဖြုတ်တောင် မနေရဘူး။ ဩော် . . . ဒါကြောင့် ကိုယ်တော်မြတ်က ပညတ်ဆိုတဲ့ တရားသည် လားလားမှ မရှိတဲ့တရားလို့ ဟောတာပဲ၊ သင်ပေးတဲ့ပုဂ္ဂိုလ်က မေးစရာမလိုဘူး၊ သူ့ဟာသူ သဘောထဲဖြစ်နေတာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် တို့အဘဘုရားကိုယ်တော်မြတ်က ပညတ်တရားသည် လုံးလုံးမရှိတဲ့တရားကြီးရယ်လို့ ဒါကြောင့် ဟောတာပဲ၊ အခုမှ ငါသဘောထဲ ပြတ်ပြတ်သားသား နားလည်တယ်ဆိုရင် ဒီအမှားကြီးက မပျောက်ဘူးလား (ပျောက်ပါတယ်ဆရာ)၊ အေး . . . ပျောက်ပြီ၊ အဲဒီလိုပျောက်မှ အခုနပြောတဲ့ သံသရာခရီးကြီးကလည်း လွတ်ကြမယ်။ ရပ်ကြမယ်တဲ့။ ဒါမှလည်း မဂ်ဉာဏ်, ဖိုလ်ဉာဏ် အမြန်ရောက်လို့ နိဗ္ဗာန်ချမ်းသာမျက်မှောက်ပြုနိုင်မယ်၊ နိဗ္ဗာန်ချမ်းသာကြီး ရမှ မင်းတို့ငါတို့တစ်တွေ သေဘေးကြီးက ဝေးကြမယ်၊ အေးကြမယ်တဲ့။ ဒီလိုမှ မဟုတ်လို့ရှိရင် တစ်သေတည်း သေလို့ မကုန်နိုင်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

## နွားကျောင်းသားနဲ့တူတဲ့ သေမင်းကြီး

တစ်ဘဝလာရင်း သေ၊ တစ်ဘဝလာရင်း သေ၊ သေချာကြည့် သေချာကြည့်၊ ဘုရားရှင်ကိုယ်တော်မြတ်က တို့ကို ဆုံးမသွားတာ၊ ပြသွားတာ အင်မတန်မှ မှတ်စရာကောင်းတယ်။ တို့အမှုမဲ့ အမှတ်မဲ့ နေကြရင် မကြောက်ဘူးပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ တစ်နာရီထက် တစ်နာရီတဲ့၊ တစ်ရက် ထက် တစ်ရက်တဲ့၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ် ထိုင်နေရင်း မနေ့က တစ်နေ့ကုန်ခဲ့ပြီ၊ ဒီနေ့ တစ်နေ့ရောက်ပြန်ပြီ၊ အဲဒါတို့ကတော့ မသိဘူးပေါ့၊ အမှုမဲ့အမှတ်မဲ့ ဒီလိုနေတာပေါ့နော်

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)၊ ပညာမျက်စိကလည်း မရှိ၊ သိတော်မူတဲ့ကိုယ်တော်မြတ်က ဆုံးမပြန်တော့လည်း တို့တွေက နားမထောင်ကြဘူး၊ ဒီလိုပဲ နေလာကြတာ အမှုမဲ့အမှတ်မဲ့။ ဒါကြောင့် ကိုယ်တော်မြတ်က ဥပမာလေးပေး သွားတယ်၊ နွားကျောင်းသားက နွားမောင်းတဲ့ကြိမ်လုံးနှင်တံ ကိုင်ပြီးတော့ နွားအုပ်ကြီးကို စားကျက်ထဲ မရောက်ရောက်အောင် နောက်ကနေ တကောက်ကောက်နဲ့ မောင်းပြီး ပို့တယ်။ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ နွားစားကျက်ထဲ မရောက်ရောက်အောင် ကြိမ်လုံးနဲ့ ရိုက်ပြီးတော့ အမြဲပို့တယ်တဲ့၊ သူပို့တော့ နွားတွေစားကျက်ထဲ ရောက်သွားကြတယ်၊ မရောက်ဖူးလားကွ (ရောက်ပါတယ်ဆရာ)၊ အဲဒါမှတ်ထားပါ။

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။

ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။ (ဓမ္မပဒပါဠိ၊ ဂါထာနံပါတ် (၁၃၈)

လို့ ကိုယ်တော်မြတ်က ဆုံးမတော်မူတယ်၊ ချစ်သား ချစ်သမီးတို့ နွားကျောင်းသားဟာ မိမိနွားခြံထဲက နွားတွေကို နှင်တံကိုင်ပြီးတော့ နွားကြိမ်လုံး ကိုင်ပြီးတော့ အဲဒီနွားအုပ်တစ်သင်းကြီးကို နွားစားကျက်သို့ မရောက်ရောက်အောင် နောက်ကနေ မောင်းနှင်ပြီး အရောက်ပို့သလိုပဲတဲ့နော် (ဟုတ်ကဲ့ပါဆရာ)။

ဧဝံ ဇရာ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။ ဧဝံ တထာ-ဤနည်းထား၍ အလားတူသည်သာလျှင်။ ပါဏိနံ-လုံးစုံများစွာ သတ္တဝါတို့၏။ အာယုံ-အသက်ဆိုတဲ့ သူသူငါငါ ခေါ်ကြတဲ့ အသက်ကို။ ဇရာ စ-အိုခြင်းသဘောတရားသည်လည်းကောင်း။ မစ္စု စ-သေခြင်းသဘောတရားသည်လည်းကောင်း။ မရဏမဋ္ဌံ-သေရာညောင်စောင်းသို့ ပါဇေန္တိ-မရောက်ရောက်အောင် မောင်းနှင်၍ ပို့ကြလေကုန်၏။

မြန်မာလိုပြောတော့ ချစ်သား ချစ်သမီးတို့ နွားကျောင်းသားသည် နွားအုပ်ကြီးကို နှင်တံကိုင်ပြီးတော့ နွားစားကျက်အတွင်း မရောက် ရောက်အောင် ဝေါက်ငမ်းပြီးတော့ ပို့လေတယ်။ ချစ်သား ချစ်သမီးတို့လည်း ပြန်ကြည့်၊ သင်တို့ရဲ့အသက်ဆိုတဲ့ သဘောလေးတွေ အသက်အသက်နဲ့ သမုတ်ထားတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အသက်ဆိုတာ သိလား (သိပါတယ်ဆရာ)၊ ဘာခေါ်လဲ (လူရဲ့ဝိညာဏ်ကို ခေါ်ပါတယ်၊) လူရဲ့ဝိညာဏ် အသက်ခေါ်တယ် (ဟုတ်ကဲ့ပါဆရာ)၊ ဝိညာဏ်ဆိုတာ ဘာခေါ်လဲ (ဝိညာဏ်ဆိုတာ အသက်ပဲခေါ်ပါတယ်ဆရာ)၊ ဟောဗျာ . . . မင်းဥစ္စာ အသက်ဆိုတာ များသောအားဖြင့် ရှူနေ၊ ရှိုက်နေတာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အသက်မရှိဘူး၊ အသက်ဆိုတဲ့ စကားလုံး ကြားဖူးရဲ့လား (ကြားဖူးပါတယ်ဆရာ)၊ ဒါနဲ့များ ဝိညာဉ်ကောင်တွေ လျှောက်ပြောနေတယ်၊ အဲဒါ ရှူနေ၊ ရှိုက်နေတာကို အသက်လုပ်ထားတာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဟုတ်တော့

http://www.dhammadownload.com



မဟုတ်ဘူးပေါ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အသက်မဟုတ်ပါဘူး၊ ဒါပေမယ့် ချစ်သား ချစ်သမီးတို့ရဲ့အသက်ကို အိုခြင်းဆိုတဲ့ သဘောတရား၊ သေခြင်းဆိုတဲ့ သဘောတရား ဒီသဘောတရား နှစ်မျိုးက သေရာညောင်စောင်း မရောက်ရောက်အောင် ပို့ဆောင်နေတယ်တဲ့၊ မောင်းနှင်ပြီးတော့ နော် (ဟုတ်ကဲ့ပါဆရာ)၊ ကြောက်စရာကောင်းတယ်၊ ကြည့်စမ်း -

အိုခြင်းဆိုတဲ့ သဘောတရားရယ်၊ သေခြင်းဆိုတဲ့ သဘောတရားရယ်။ အခုန မင်းတို့ငါတို့ အသက်ကလေးကို သေရာညောင်စောင်း မရောက်ရောက်အောင် တရွေ့ရွေ့နဲ့ ပို့တယ်၊ မပို့ဘူးလား (ပို့ပါတယ်ဆရာ)၊ ဟော မင်းတို့ငါတို့က မသိတာ မနေ့က တစ်နေ့ကုန်ခဲ့ပြီမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)၊ တစ်မောင်းတိုးလာပြီ၊ ဘယ်သူပို့လဲ၊ အိုခြင်းဆိုတဲ့ သဘောတရား၊ သေခြင်းဆိုတဲ့ သဘော တရား နှစ်ပါးက ပို့တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ သူတို့နှစ်ပါးက ပို့ပြန်ပြီ၊ တို့တစ်မောင်းတိုးလာပြန် ပြီနော် (ဟုတ်ကဲ့ပါဆရာ)၊ နက်ဖြန်ခါကျ လာပြန်ပြီကြည့် သေသေချာချာ ဟုတ်လား၊ မဟုတ်လားလို့ မနေ့ကထက်တောင် ဒီနေ့ ပိုမအိုဘူးလား (အိုလာပါတယ်ဆရာ)၊ အိုလာတယ် မဟုတ်လား (ဟုတ်ကဲ့ ပါဆရာ)၊ အေး . . . အချိန်ကာလတိုတောင်းတော့ အိုလို့ အိုမှန်းမသိဘူးပေါ့ကွာနော် (ဟုတ် ကဲ့ပါဆရာ)၊ မနက်ဖြန်ခါဆိုလို့ရှိရင် ဒီနေ့ထက် မနက်ဖြန်က ပို၍ မအိုဘူးလား (အိုပါတယ်ဆရာ)၊ အိုတယ်ဆိုတာ ဘာတရားတုံး၊ ဟောဗျာ . . . အိုတာတောင် မသိပြန်ဘူးတဲ့၊ ဇရာလေ (ဇရာပါဆရာ)၊ ဩော် . . . ဇရာမှတ်မိရဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ကိုယ့်သူငယ်ချင်းကိုယ်မေ့နေပြီ မင်းကလည်း၊ ဇရာတရားပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . တစ်နေ့တစ်နေ့နဲ့ အိုအိုလာတဲ့ အိုခြင်းသဘော တရား၊ အဲဒီအိုခြင်းသဘောတရားကို မင်းရပ်ထားလို့ ရပ့်မလား (မရပါဘူးဆရာ)၊ သူ့လွတ်အောင် ရှောင်လို့ ရပ့်မလား (မရပါဘူးဆရာ)၊ မရဘူး၊ မရှောင်နိုင်ရင် သေခြင်းသဘောတရားတဲ့၊ သေခြင်း သဘော တရားဆိုတာ -

အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။ (ဥပရိပဏ္ဏာသပါဠိတော်၊ ၂၃၆)

ကနေ့လား မနက်ဖြန်လား၊ သဘက်ခါလား၊ ဒီလလား၊ နောက်လလား၊ ဒီနေ့လား၊ နောက်နေ့ လား၊ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒီသေခြင်းသဘောတရား မင်းရှောင်ကွင်းလို့ ရပ့်မလား (မရပါဘူးဆရာ)၊ အဲဒီရှောင်ကွင်းလို့ လုံးလုံးမရဘူးဆိုတဲ့ သေခြင်းသဘောတရားရယ်၊ အိုခြင်းဆိုတဲ့ သဘောတရားရယ်၊ ဒီသဘောတရားနှစ်ခုက မင်းတို့ငါတို့ကို သေတဲ့နေရာ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ တို့ရန်ကုန်ကျတော့ များသောအားဖြင့် ဆေးရုံသွားသေတာ အားကြီးတယ် ခုတင်ပေါ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မရဏမဉ္စ-သေရာညောင်စောင်းသို့။သေတဲ့အိပ်ရာနေရာပေါ့

http://www.dhammadownload.com



ကွယ် ဆိုကြပါစို့၊ အဲဒီသေတဲ့နေရာ မရောက် ရောက်အောင် ဒီတရားနှစ်ပါးက အမြဲတစေ ပို့ပေးနေတယ်တဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒါကြောင့် စောစောက နွားကျောင်းသားနဲ့ ဥပမာပြတယ်၊ နွားကျောင်းသားသည် နှင်တံကိုင်ပြီးတော့ ရှိသမျှနွားတစ်သင်းကို သာသာလေးနဲ့ စားကျက်သို့ မောင်းသွားသလို အင်မတန်ကြောက်စရာကောင်းတယ်ဆိုတဲ့ အပါယ်လေးပါးဘေးကြီးက တကယ်လည်း ဝေးနိုင်တယ်၊ တကယ်လည်း ကျွတ်နိုင်တယ်၊ တကယ်လည်း လွတ်နိုင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မပင်ပန်းပါဘူး၊ သက်သက်သာသာလေး၊ ဒါကို တို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဝင်တဲ့လမ်းများ ပြသွားပါတယ်။

## မဂ်ဖိုလ်ဉာဏ်ရအောင် ကျင့်စဉ်လေးမျိုး

"ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ၊ ဒုက္ခပဋိပဒါ ခိပ္ပာဘိညာ၊ သုခပဋိပဒါ ဒန္ဓာဘိညာ၊ သုခပဋိပဒါ ခိပ္ပာဘိညာ"လို့ [ပါထိကအဋ္ဌကထာ၊ ၃၊ ၇၅]။ ဆင်းဆင်းရဲရဲ ကျင့်ပြီးတော့ ဆင်းရဲရဲသိရတဲ့ပုဂ္ဂိုလ်၊ ဆင်းဆင်းရဲကျင့်ပြီးတော့ လွယ်လင့်တကူ သိသွားတဲ့ပုဂ္ဂိုလ်၊ လွယ်လင့်တကူ ကျင့်ပြီးတော့ ဆင်းဆင်းရဲ သိသွားတဲ့ပုဂ္ဂိုလ်တွေ၊ လွယ်လင့်တကူ ကျင့်ပြီးတော့ လွယ်လင့်တကူ သိရတဲ့ပုဂ္ဂိုလ်တွေနော် (ဟုတ်ကဲ့ပါဆရာ)၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရသွားတဲ့နေရာမှာ နည်းလေးမျိုးပြပါတယ်။ ဒါကြောင့် အခု တို့လူစုဟာ အနည်းဆုံးအားဖြင့် မဂ်တရား ဖိုလ်တရားကို မရဘူးထားတော့ သောတာပန်မဖြစ်ဘူးထား၊ ဖြစ်ချင်လည်း ဖြစ်မယ်၊ ဒါက တို့ အောက်ထစ်ဆုံးအနေအားဖြင့် ပြောတာ၊ သောတာပတ္တိမဂ်ဉာဏ် ရချင်လည်း ရမယ်၊ သောတာပန်ဖြစ်ချင်လည်း ဖြစ်မယ်၊ ဒါပေမယ့် အဲဒီသောတာပန် မဖြစ်ဘူးဘဲ ထားပါလို့ ဒီသင်တန်းကို တစ်လ, နှစ်လ, သုံးလ,ဆိုသလိုပဲ သည်းခံပြီးတော့ လိုက်ကြမယ်ဆိုရင် ကိုယ်လည်း မပင်ပန်းဘူး၊ ချမ်းချမ်းသာသာလေးနော် (ဟုတ်ကဲ့ပါဆရာ)၊ ကိုယ်လည်း မပင်ပန်းဘူး၊ တို့က သင်ပြပေးတာ သိတယ်လို့ မှတ်ပေါ့၊ တတ်သွားပြန်တော့ စိန္တာမယဉာဏ်နဲ့ စဉ်းစားဝေဖန်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလောက်တော့ အလုပ်လုပ်ရမယ်၊ အဲဒီလောက်အလုပ်လုပ်တော့ သူက သင်ကြားပြီးတော့ တတ်မြောက်လိမ္မာပြီး နားလည်လာရင် စောစောက ပြောတဲ့ သောတာပန် မဖြစ်ဘူးဆိုတာ ထားပါ၊ သောတာပတ္တိမဂ်ဉာဏ်မရတောင် စူဠသောတာပန်ခေါ် ထားတဲ့ သောတာပန်လို့ အမျိုးအမည် ပြထားတဲ့ အငယ်စား သောတာပန်ဖြစ်ရပါလိမ့်မယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အပါယ်ဘေးကလည်း တကယ်ဝေးသွားမယ်၊ ကင်းရှင်းသွားမယ်၊ အပါယ်သံသရာဟာ မိမိတို့အတွက် ခန်းခြောက်သွားရမယ်၊ ဘယ်တော့မှ နောက်ပြန်ပြီး မဆက်ဆံရဘူး၊ ဒါကြောင့် အပါယ်ဘေးနဲ့ သေခန်းပြတ် ရှင်းလင်းပြမှ ဖြစ်မယ် (ဟုတ်ကဲ့ပါဆရာ)၊ ဒါမှ ဝမ်းမြောက်စရာ မကောင်းဘူးလား

http://www.dhammadownload.com



(ကောင်းပါတယ်ဆရာ)၊ ခုတော့ ဒီအပါယ်ဘေးကြီးကိုပဲ ကျမှာစိုးလို့ သူရောဂါရော ဆိုသလိုပဲ တထိတ်ထိတ် တလန့်လန့်နဲ့ အမြဲတမ်းကုစားနေကြတယ်၊ အမျိုးမျိုးကာကွယ်နေကြတယ်၊ ဘယ်သူ ကြည့်ကြည့် ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေမှန်သမျှ သူတော်ကောင်း ကောင်းသလောက်ပေါ့ကွာ၊ ကြိုးစားနေတဲ့ ကုသိုလ်ကောင်းမှုတရားတွေ အမြဲအားထုတ်ပြီး အလုပ်လုပ်တယ်၊ ဘာဖြစ်လို့ အပါယ် လေးပါးကျမှာ အင်မတန်ကြောက်တယ်၊ ဖြစ်လေရာဘဝမှာ အင်မတန်ဆင်းရဲမှာ ကြောက်တယ်၊ လူကောင်း နတ်ကောင်း ဖြစ်ချင်တယ်၊ လူ့ချမ်းသာ နတ်ချမ်းသာ ရချင်တယ်၊ အပါယ်ဘေးကျမှာ တကယ်ကြောက်တယ်၊ ကြောက်လို့လည်းပဲ ကြိုးစားနေတယ်။ ဩော် . . . ဒါဖြင့် အပါယ်လေးပါး ကြောက်လွန်လွန်းလို့ ကာကွယ်ဆေးအမျိုးမျိုးတွေနဲ့ ကာကွယ်နေကြတာပဲ မထင်ရှားဘူးလား (ထင် ရှားပါတယ်ဆရာ)၊ အဲသလို အမျိုးမျိုးနဲ့ ကာကွယ်နေတယ်၊ စိတ်ချရသလားဆိုတော့ စိတ်မချပဲ လန်ချည်းသွားတာပဲ၊ ဒီလိုဖြစ်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ဒီသင်တန်းက ချမှတ်တဲ့ လမ်းစဉ်ကတော့ အဲဒီလိုစိတ်မချရတဲ့ အလုပ်မျိုးမဟုတ်ပါဘူး၊ ဒါတာဝန်ခံနဲ့ ကြိုးစားပါ၊ သေသေ ချာချာ မပျက်မကွက် ဆက်လိုက်ပါ၊ လိုက်လာလို့ရှိရင် ဒီက သင်ကြားပေးတဲ့အတိုင်း တတ်မြောက် လိမ္မာလို့ ရှိရင် တကယ်အပါယ်ကို လုံးဝတံခါးပိတ်စေမယ်ဆိုတာ ဒါတာဝန်ခံပေါ့နော် (ဟုတ်ကဲ့ပါ ဆရာ)၊ ဒါတို့များ တာဝန်ခံတာ မဟုတ်ဘူး၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကိုက တာဝန်ခံသွားတဲ့ တရား၊ ကိုယ်တော်မြတ်က "ချစ်သား ချစ်သမီးတို့ ဒီအသိဉာဏ်မျိုး နားလည်မှုမျိုး ရလို့ရှိရင်ဖြင့် အပါယ်သံသရာ သင်တို့အတွက် ခန်းခြောက်သွားပြီ၊" သေခန်းပြတ်၊ ရှင်ခန်းပြတ်၊ အဲဒီအကျိုး လောက်များ ရလို့ရှိရင်ဖြင့် လက်ခမောင်း ခတ်လောက်ပါရဲ့လို့ မဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ အင်မတန်ဝမ်းသာစရာကောင်းပါတယ်။

ဒါဖြင့် ဒါတင်လားဆိုတော့ မဟုတ်ပါဘူး၊ အပါယ်တံခါးပိတ်ရုံတင် မဟုတ်ဘူး၊ အဲဒီအသိ ဉာဏ်မျိုးရလို့ အပါယ်တံခါးပိတ်ပြီးတဲ့နောက်ပိုင်းမှာ ဒီဘဝမှာသော်လည်းကောင်း၊ ဒုတိယဘဝမှာ သော်လည်းကောင်း ဒီပုဂ္ဂိုလ်သည် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမည့် ပုဂ္ဂိုလ်အစစ်ပဲလို့ မဟုတ်ဘူးလားကွာ (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် ဘယ်ပုဂ္ဂိုလ်တွေလဲလို့ မေးလို့ရှိရင် သင်တန်းသူ၊ သင်တန်း သားများသည် ဒီသင်တန်းလိုက်လို့ရှိရင်ဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်လည်း ရနိုင်တယ်လို့ ပြောတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူးထားတော့ အပါယ်လေးပါး လုံးလုံးမလားဘူးဆိုတဲ့ ဝိနိပါတဘေးကြီး ကျော်နိုင်တယ်လို့၊ ဒီလိုလိုက်လာတဲ့အခါ "မဂ္ဂါနုလောမ မဂ္ဂပဋိပန္န" ပုဂ္ဂိုလ်တွေတဲ့နော် (ဟုတ်ကဲ့ပါ ဆရာ)၊ မဂ္ဂါနုလောမ-မဂ်အားလျော်သော။ မဂ္ဂပဋိပန္န-မဂ်လိုချင်လို့ ကျင့်နေတဲ့ပုဂ္ဂိုလ်မျိုးခေါ်တယ်။ အဲဒီအတန်းရောက်ရင်ပဲ အပါယ်တံခါးက အလိုလိုပိတ်ပါတယ်၊ မဟုတ်ဘူးလားကွ (ဟုတ်ကဲ့ပါဆရာ)၊

http://www.dhammadownload.com



**ဒါကို သေသေချာချာပြန်ကြည့်တော့ ကိုယ့်မှာရှိတဲ့ ဥစ္စာပစ္စည်းလည်း မကုန်ခန်းဘူး၊ အိမ်နဲ့ ယာနဲ့ လည်း မကင်းကွာဘူး၊ ညအိပ်ညနေလည်း မသွားရဘူး၊ ပင်ပန်းကြီးစွာလည်း ကိုယ်အပင်ပန်း အနွမ်း အနယ်ခံဖို့မလိုဘဲ သက်သက်သာသာလေးနဲ့ ထိုင်ပြီးတော့ နာယူ သင်ကြားရတဲ့တရားနော် (ဟုတ်ကဲ့ပါ ဆရာ)။**

ဒါကြောင့် စိတ်မပျက်ဘဲနဲ့ ဆက်ခါဆက်ခါလည်းပဲ ကွင်းဆက်ကလေးတွေ သိအောင် ကြိုးစား ပြီးလိုက်ကြပါ၊ မိမိတို့ကိုယ်လည်း မိမိတို့ ဆောင်းဝင်လာတဲ့အတွက် အနွေးထည်လေးနဲ့ ကာကွယ် ပြီးတော့ ရောဂါဥပဒ်လည်း မဖြစ်အောင် ကြိုးစားပြီးတော့ ကျန်းမာရေးလည်း လေးစားကြပါ၊ ဒါမှ လည်း ကွင်းဆက်မပြတ်ဘဲနဲ့ နေမှာပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း . . . တို့ မရှိ ပညတ်၊ ရှိ ပရမတ်ကို ကျော်ချလိုက်၊ မရှိတာ ပညတ်တရားပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ မရှိဘူးဆိုတဲ့ ပညတ်တရားကို အခု တို့များ ခွဲစိတ်ပြသွားတော့ မရှိမှန်း သိမလာဘူးလား (သိလာပါပြီဆရာ)၊ ယုံကော ယုံကြည်ရဲ့လား (ယုံကြည်ပါတယ်ဆရာ)၊ ဒါပေမယ့် ပါးစပ်ကတော့ ခေါ်တယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ခေါ်လည်း ခေါ်တယ်၊ ပြောလည်း ပြောတယ်၊ သုံးလည်း သုံးတယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ပါးစပ်က ခေါ်ချင်ခေါ်သော်လည်း၊ သုံးချင်းသုံးသော်လည်းပဲ ထိုခေါ်ဝေါ်သုံးစွဲပြောနေတဲ့ စကားလုံးရဲ့ နောက် **ကွယ်မှာ ဘာတစ်ခုမှ မရှိဘူး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ယုံကြည်သွားပြီလား (ယုံကြည်ပါပြီဆရာ)။**

ဩော် . . . အခုပြောတဲ့ ပညတ်ရဲ့နောက်ကွယ်မှာ ဘာမှမရှိဘူးဆိုတဲ့ အဓိပ္ပာယ် သိသွားပြီလား (သိပါပြီဆရာ)၊ အေး . . တို့ နမူနာလေး ပြလိုက်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ လူတဲ့၊ ယောကျ်ားတဲ့၊ မိန်းမတဲ့၊ ပုဂ္ဂိုလ်တဲ့၊ သတ္တဝါတဲ့၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ နတ် ဗြဟ္မာ စသည်အားဖြင့် သဝိညာဏက- အသက်ရှိတဲ့သတ္တဝါတွေလည်း ပြောသလိုမဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ သမ္မုတိသစ္စာအနေ အားဖြင့် သမုတ်ထားတဲ့ အမည်နာမတွေ ဒီလိုမဟုတ်လား၊ (ဟုတ်ကဲ့ပါဆရာ)၊ ဒီစကားလုံးတွေ ခေါ်တိုင်း ခေါ်တိုင်း ဟုတ်တယ်လို့ မမှတ်နဲ့၊ အဲဒီစကားလုံးရဲ့နောက်ကွယ်မှာ တကယ်ရှိလားလို့ ရှာကြည့်ဦး၊ လူလည်းမရှိ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါလည်း မရှိ၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာလည်း မရှိ၊ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မျက်စိက မြင်ကောင်းတဲ့ အဆင်းအဖြစ် မြင်နေတာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် ကိုင်ကြည့် တော့ အကောင်အထည်ကြီး တွေ့ရတယ်၊ ဒီအကောင်တုံးကြီး တွေ့ပေမယ့် အမှန်ကတော့ အကောင် အထည်တွေ့တာ မဟုတ်ဘူး၊ တွေ့ကောင်းတဲ့ ပထဝီဓာတ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် တွေ့ကောင်းတဲ့ ပထဝီဓာတ်၊ အတွေ့ကလည်း ရုပ်ဓာတ်၊ အမြင်ကလည်း ရုပ်ဓာတ်ပဲ ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)၊ အဲဒီရုပ်ဓာတ်တွေက ဘုရားဟောတဲ့ ရုပ်တရားတွေနော်

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ ရုပ်နာမ်ဆိုတဲ့ ပရမတ်အလှည့်ကျတော့ ဒါကို တို့ခေါ်ပေးနေတယ်၊ ဒီကျတော့ ရှင်းလာလိမ့်မယ်၊ အခုတော့ လုံးဝမရှိပုံလေးသာ တွေးခေါ်နေတဲ့ သဘောကိုးကွနော် (ဟုတ်ကဲ့ပါ ဆရာ)၊ ဒါကြောင့် စောစောက ပြောသလိုပါပဲ၊ "ကံကို သညာက ဖုံးတယ်"ဆိုတဲ့ စကားလုံးလေး တွေကို သေချာမှတ်ထား၊ တို့တွေ အမှတ်တွေ မှားနေတာ၊ အမှန်ကတော့ တို့မြင်တာ လူတွေ မဟုတ်၊ ယောကျ်ား၊ မိန်းမတွေ မြင်တာ မဟုတ်ဘူး၊ ပုဂ္ဂိုလ် သတ္တဝါတွေ မြင်တာမဟုတ်ဘူး၊ တော, တောင်, ရေ, မြေ, သမုဒ္ဒရာတွေ မြင်တာ မဟုတ်ဘူး၊ မြင်ကောင်းတယ်ဆိုတဲ့ ဝဏ္ဏအဆင်းတွေ တို့မြင်ရတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်ကြည့်ပြန်တော့ အကောင်အထည် အထည်ဒြပ် သဏ္ဌာန်တွေ ပါလား၊ အတုံး, အလုံး, အခဲတွေပါလား၊ အတုံး, အလုံး, အခဲတွေဆိုတာ သဏ္ဌာနပညတ်တွေပဲ မှတ်နေတာ၊ တစ်ခုမှမရှိဘူး၊ အကောင်အထည်တွေကော ဒါတွေ ဃနပညတ်တွေပဲ၊ အကောင် အထည်မရှိပါဘူး၊ ကိုင်ကြည့်လို့ တွေ့နေတာ၊ အမှန်ကတော့ ပထဝီဓာတ်ပါ၊ ဖောဋ္ဌဗ္ဗဓာတ်ပါနော် (ဟုတ်ကဲ့ပါဆရာ)၊ ပထဝီဓာတ်ဆိုတော့ ရုပ်တရားပဲ၊ ဒါဖြင့် မြင်တာလည်း ရုပ်ပဲ၊ တွေ့နေတာလည်း ရုပ်ပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊

အခုနပြောတဲ့ ငါးပေါက်က မှားနေတော့ ငါးပါးမှောက်ပုံလေး။ မြင်တာတွေလည်း ရုပ်တရား မဟုတ်လား (ရုပ်တရားပါဆရာ)၊ ကြားတာတွေကော (ရုပ်တရားပါဆရာ)၊ ဒီလိုဆိုတော့လည်း ကြားကောင်းတဲ့ သဒ္ဒအသံလေးတွေနော် (ဟုတ်ကဲ့ပါဆရာ)၊ သူလည်း သညာက ဖုံးနေတာပဲ၊ ငါကြားတာ ဘယ်သူ့အသံပဲ၊ ဘယ်ဝါ့အသံပဲ၊ ဒါလူသံ, ခွေးသံ, ကြွက်သံ, နွားသံ, သင်္ဘောသံ, ရထားသံ, အားလုံး တစ်ခုမှ မရှိပါဘူး၊ မရှိပါဘူးဆိုလည်း သူက လူတွေ, ခွေးတွေ, ဝက်တွေ, ကြွက်တွေ, ငှက်တွေ, မော်တော်ကားတွေ, ရထားတွေ, သင်္ဘောတွေ တပ်ပြီးတော့ ဒီအသံတွေ ဒီအသံတွေကို မှတ်မှတ် နေတယ်၊ အဲဒါတွေ တစ်ခုမှမရှိဘူး၊ ဘာတွေတုံး၊ အခု မော်တော်ကား၊ မီးရထား အစရှိသည်အားဖြင့် ဘာမှမရှိဘူး၊ ဟာ . ... ဒါတွေက မြင်ကောင်းလို့ မြင်နေတဲ့ ရုပ်တရားတွေ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)၊ သွားကိုင်ကြည့် တွေ့တဲ့အခါ ပထဝီဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်ပဲ၊ ဒါလည်း ရုပ်တရားပဲ၊ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

သဒ္ဒရုပ် ကြားကောင်းတယ်ဆိုတဲ့ အသံရုပ်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ နှာခေါင်းက နံ တယ်၊ နှင်းဆီးပန်းက မွှေးလိုက်တာ၊ ပေါင်ဒါက မွှေးလိုက်တာ၊ သနပ်ခါးက မွှေးလိုက်တာ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ နှင်းဆီးပန်းလည်း မရှိဘူး၊ သနပ်ခါးလည်း မရှိဘူး၊ ပေါင်ဒါလည်း မရှိဘူး၊ ရေမွှေးလည်း မရှိဘူး၊ ဘာမှ မရှိဘူး၊ မဟုတ်ဘူးလားကွာ (ဟုတ်ကဲ့ပါဆရာ)၊ ပါးစပ်က ထွက်နေတဲ့ အသံထွက်တစ်ခုမှ မရှိဘူး။ ဒါဖြင့် နှာခေါင်းက မွှေးနေတာ ဘာတွေတုံး၊ ဘယ်သူကမှ

http://www.dhammadownload.com



မွှေးတာ မဟုတ်ဘူး၊ ဒါအနံ့ဂန္ဓရုပ်နော် (ဟုတ်ကဲ့ပါဆရာ)၊ သူလည်း ရုပ်တရား မဟုတ်ဘူးလား (ရုပ်တရားပါဆရာ)၊ အေး . . . သူလည်း သညာက ဖုံးထားလို့ မှတ်ထားတာက သနပ်ခါးတဲ့၊ ပေါင်ဒါတဲ့၊ ရေမွှေးတဲ့၊ ဝတ္ထုပစ္စည်းတွေနဲ့ တပ်ပြီး မှတ်နေတာ၊ ဒါက မှားနေတယ်၊ မမှားဘူးလား (မှားနေပါတယ်ဆရာ)၊ တစ်ခါ လာပြန်ပြီ၊ လျှာက စားပြန်တော့ သံပုရာသီးက ချဉ်တယ်၊ ရှောက်သီးက ချဉ်တယ်၊ သကြားက ချိုတယ်၊ ထန်းလျက်က ချိုတယ် ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . သံပုရာသီး၊ ရှောက်သီး၊ သကြား ချဉ်တယ်ချိုတယ်ဆိုတာ လုံးဝရှိတဲ့တရား မဟုတ်ပါဘူး၊ ဒါတွေက ပညတ်ထားတဲ့ သမုတ်ထားတဲ့ အလုပ်တွေနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် လျှာပေါ် လာပြီးတော့ အချို အချဉ်သဘော တွေ့တယ်၊ အဲဒါ ရသရုပ်၊ လျှာမှ ကောင်းတယ်ဆိုတဲ့ ရသ၊ သူလည်း ရုပ်တရားပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကိုယ်နဲ့ထိပြန်တော့ ကြမ်းတယ်၊ နူးတယ်၊ ဘယ်ဝတ္ထုပစ္စည်းက ချောတယ်၊ ဘယ်ဝတ္ထုပစ္စည်းက အေးတယ်၊ ဘယ်ဝတ္ထုပစ္စည်းက ပူတယ်၊ စူးတယ်၊ ရှတယ်၊ ဝတ္ထုပစ္စည်းတွေနဲ့တပ် ဒါတွေလည်း ပညတ်တွေပဲ၊ မရှိဘူး ဝတ္ထုပစ္စည်း၊ အတုံး အလုံး အခဲ အရာဝတ္ထုဘာမှမရှိဘူး။

ကဲ . . . ဒါဖြင့် တွေ့ထိတာ ဖောဋ္ဌဗ္ဗာရုံပဲ၊ တွေ့ကောင်းတဲ့ရုပ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါမျက်စိနဲ့ ကြည့်လည်း အမှားကြီးနော် (ဟုတ်ကဲ့ပါဆရာ)၊ နားကျတော့ အမှားချည်းကြားနေတယ်၊ နှာခေါင်းနံတော့လည်း အမှားချည်း နံနေတယ်၊ လျှာစားတော့လည်း အမှားချည်း စားတယ်၊ ကိုယ်ထိတော့လည်း အမှားချည်း ထိနေတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဆိုတဲ့ ငါးပေါက်မှာ အကုန်လုံး မှားနေတော့ ငါးပါးမှောက်တယ် ခေါ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . မနောဝိညာဏဓာတ်ဆိုတာ အသိလေးက မှန်တယ်၊ သူလည်း မှားတာပဲ၊ သူကတော့ ပါပြီးသားတဲ့၊ မျက်စိက အမြင်မှားတုန်းကတော့ သူပါတာပဲတဲ့ စိတ်လေးကနော် (ဟုတ်ကဲ့ပါဆရာ)၊ နားက အကြားမှားတုန်းကလည်း သူပါတာပဲ၊ နှာခေါင်းက အနံ့မှားတုန်းကလည်း သူပါတာပဲ၊ လျှာမှာ အစား မှားတုန်းကလည်း သူပါပြီးသားပဲ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန-တဲ့။ မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ် ဆိုတဲ့ ခြောက်မျိုးကလည်း လွတ်သေးရဲ့လားဟ (မလွတ်ပါဘူးဆရာ)၊ အကုန်လုံးအမှားပဲ ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။

အေး . . . အဲဒီအမှားတွေကို စောစောကပြောတဲ့ ဟောတာက မရှိတဲ့ပညတ်တရားကွ၊ ဒါက တကယ်ရှိတဲ့ ပရမတ်တရားကွလို့၊ ပညတ်နဲ့ပရမတ်ကို တတ်မြောက်လိမ္မာအောင် သင်ပြမပေးလို့

http://www.dhammadownload.com



ရှိရင် ဒီလူတွေ တတ်ပါ့မလား (မတတ်ပါဘူးဆရာ)၊ မတတ်ရင် ဒီအမှားကြီးပြင်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ အေး . . . အမှားကြီးပြင်လို့မဖြစ်ရင် အမှားနဲ့နေရင် မခက်ပေဘူးလား (ခက်ပါတယ်ဆရာ)၊ အေး . . . အင်မတန်ကြောက်စရာကောင်းပါတယ်၊ ဒါအယူအမှားတဲ့၊ မိစ္ဆာအယူ ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ကြောက်စရာကောင်းပါတယ်။ ဒါကြောင့် ဒီအယူမှားကြီးဟာ သာမညတော့ မှတ်မနေကြပါနဲ့၊ အဲဒီအယူမှားကြီး မဖြူစင်လို့ရှိရင် ဘာတွေပဲ ကြိုးစားကြိုးစား၊ ဘာတွေပဲ အားထုတ်အားထုတ်၊ ဘာတွေပဲ ကျင့်ကျင့်၊ မိမိတို့လိုချင်တယ်ဆိုတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ မဂ္ဂန္တရာယ်လည်း ပါတယ်၊ မဂ်ကို မရအောင် တားမြစ်တဲ့ အန္တရာယ်လည်း ပါတယ်။ ဒါကြောင့် ဒီတစ်မှားတည်း မှားနေတယ်ဆိုတဲ့ မိစ္ဆာဒိဋ္ဌိအယူတွေ ဖြူစင်လာအောင်, အယူမှန်တွေ ရောက်လာအောင် တစ်လုံးချင်း တစ်လုံးချင်း ဒီက ရှင်းလင်းပြီးတော့ ခွဲခြားပြီး ညွှန်ကြားပြသပေးမယ်နော် (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် အခုပြောသလိုပဲ အမြင်မှား, အကြားမှား, အနံ့မှား, အစားမှား, အထိမှား, အသိမှား, အကုန်မှားပေါ့ကွနော် (အမှားချည်းပါပဲဆရာ)၊ ဘာဖြစ်လို့လဲဆိုတော့ ပညတ်နဲ့ မြင်တယ်၊ ပညတ်နဲ့ ကြားတယ်၊ ပညတ်နဲ့ နံတယ်၊ ပညတ်နဲ့ စားတယ်၊ ပညတ်နဲ့ ထိတယ်၊ ပညတ်နဲ့ သိတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အေး . . . ပညတ်နဲ့ မြင်တယ်တဲ့၊ ကြားပြန်တော့လည်း ပညတ်နဲ့ ကြားတာချည်းပဲ၊ မရှိတဲ့ အနေနဲ့ ကြားတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မရှိတဲ့တရားနဲ့ချည်း ကြားတယ်၊ နံပြန်တော့လည်း ပညတ်နဲ့ နံတာပဲ၊ စားပြန်တော့လည်း ပညတ်နဲ့ စားတယ်၊ ထိပြန်တော့လည်း ပညတ်နဲ့ ထိတယ်၊ ကြံစည်စိတ်ကူးလို့ သိပြန်တော့လည်း ပညတ်နဲ့ သိတယ်၊ ပညတ်ကို မလွတ်ဘူး၊ လွတ်သေးရဲ့လား (မလွတ်ပါဘူးဆရာ)၊ မလွတ်ဘူးတဲ့၊ ဘယ်မှရှောင်လို့ မလွတ်ဘူး။ အဲဒါကြောင့် ခုပြောနေတဲ့ မျက်စိက မြင်လို့မှားတာ၊ နားက ကြားလို့ မှားတာ၊ နှာခေါင်းက နံလို့ မှားတာ၊ လျှာမှာ စားလို့ မှားတာ၊ ကိုယ်မှာ ထိလို့ မှားတာ၊ စိတ်ထဲ စဉ်းစားလို့ မှားတာ၊ အယူမှားခြောက်ပါး၊ ဒါတွေက တစ်ခုချင်း တစ်ခုချင်း ပြန်ပြန် ပြန်ပြန်ဆင်ခြင်ပေးပါ။ ဒီတော့ တို့များစောစောက ပြောသွားတဲ့အတိုင်း မရှိဘူးဆိုတဲ့ ပညတ်တရားကြီးဟာ ပညတ်ဆိုတာ မရှိဘူး ဟုတ်ပါပြီ၊ ပညတ်ဆိုတဲ့ အဓိပ္ပာယ် ဘယ်လိုမှတ်သလဲ၊ အလွယ်လေး၊ ကိုင်း . . . ဘယ့်နဲ့ မှတ်သလဲ၊ (မရှိဘူးလို့ မှတ်ရပါမယ်ဆရာ)၊ ဩော် မရှိဘူးလို့ မှတ်ရမယ်၊ ပညတ်ဆိုတာ ဘယ်လို၊ ဒီအများစု လိုက်မမှတ်နိုင်တော့ကာ အတိုဆုံးနည်းအားဖြင့် ဘယ်လိုမှတ်သလဲ၊ ပညတ်ဆိုတာ ဘာခေါ်သလဲ (မရှိတဲ့တရားပါ)။

အေး . . . အဲဒီမရှိတဲ့တရားကို ဘာလို့မှတ်ရမတုံး၊ တစ်ခုချင်းမှတ်တော့ မများဘူးလား (များပါတယ်ဆရာ)၊ အတိုလေးမှတ်တော့ ဘယ်လိုမှတ်ရမလဲ (မရှိတရားလို့ မှတ်ရပါမယ်ဆရာ)၊ အောင်

http://www.dhammadownload.com



မလေး . . . မင်းဥစ္စာ ဒုက္ခတော့ အကြီးအစားပဲ၊ ပါးစပ်က ထွက်တဲ့အသံထွက်မှန်ရင် (ပညတ်လို့ မှတ်ရမယ်ဆရာ)၊ သေချာဖော်ပြောတော့လည်း ဒီအတိုင်းပါပဲ၊ ပါးစပ်က ထွက်တဲ့အသံထွက်မှန်ရင် (ပညတ်တရားလို့ ခေါ်ရပါမယ်ဆရာ)၊ ပညတ်လို့ မှတ်ရမယ် (ဟုတ်ကဲ့ပါဆရာ)၊ မရှိတရားကို (ဟုတ်ကဲ့ပါဆရာ)၊ ပါးစပ်က ထွက်တဲ့အသံထွက်မှန်ရင် (ပညတ်တရားလို့ မှတ်ရပါမယ်ဆရာ)၊ ပါးစပ်က သုံးတဲ့စကားလုံး မှန်ရင် (ပညတ်တရားလို့ မှတ်ရပါမယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါပြီဆရာ)၊ ဘာပြောတယ်၊ ပြောစမ်းပါဦး (ပါးစပ်က ထွက်တဲ့အသံမှန်ရင် ပညတ်တရားလို့ မှတ်ရပါမယ်ဆရာ)၊ သုံးတဲ့စကားလုံးမှန်ရင် (ပညတ်တရားလို့ မှတ်ရပါမယ်ဆရာ)၊ အတိုလေးမှတ်ရင် မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ လွယ်ရင် ကိုယ့်ဖာသာကိုယ် အသံထွက်ကြည့်ပေါ့၊ ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။

ကိုင်း . . . မင်းအိမ်ရောက်သွားပြီ၊ အသံထွက်ကြည့်စမ်း၊ အသံတစ်ခု ထွက်ကြည့်စမ်း၊ ငါပြောလိုက်တယ်၊ ပါးစပ်က ထွက်တဲ့အသံ ထွက်ကြည့်မယ်၊ ထွက်လိုက်စမ်း (ထွက်ကြည့်ပါတယ်ဆရာ)၊ ဘယ်လိုထွက်၊ ထွက်တော့ ဘယ်သူမှ မကြားရပါလား၊ ထွက်ကြည့်စမ်းပါ၊ တစ်ခွန်းလောက် ထွက်ကြည့်စမ်းပါ၊ မင်းအိမ်ရောက်သွားရင် တစ်လုံးတော့ စပြီးပြောမယ်၊ ပြောစမ်း (ဟုတ်ကဲ့ပါဆရာ)၊ ကဲ . . . ပြောစမ်း၊ ဘာကစ ပြောမလဲ (အမေလို့ ခေါ်ပါတယ်ဆရာ)၊ သြော် . . . အမေလို့ ခေါ်တယ် ဒီကောင် အမေကိုတော့ တော်တော်ချစ်ဟန်တူတယ်၊ ငါ့ထမင်းများ ကျန်သေးသလားလို့ စပြီး မေးမလားလို့ အောက်မေ့တယ်၊ အမေကို စခေါ်သကိုးကွ၊ သြော် . . . အမေလို့ စခေါ်လိုက်တယ်လား (ဟုတ်ကဲ့ပါဆရာ)၊ ခေါ်တော့ မင်းပါးစပ်က ထွက်လာပြီး အသံထွက်၊ အဲဒီအသံထွက်နောက်ကွယ်မှာ မင်း အမေဆိုတဲ့ အသံထွက်နောက်ကွယ်မှာ အမေရှိသလား (မရှိပါဘူးဆရာ)၊ ကိုင်း . . . မင်းကြောင် တောင်ကြီးမြင်နေတာ ဘာတုံးဟ၊ သားသမီးနှစ်ယောက်ကိုတော့ ငါရန်တိုက်ပေးလိုက်ဦးမယ်၊ ဘာလဲကွ အဲဒါ၊ ဘာကို ငေးနေတာတုံး၊ ဟိုအိမ်ပေါက်မှာ စောင့်နေပြီ၊ ငါ့သားလာခဲ့၊ လာခဲ့နဲ့ (ရုပ်ကြီး မြင်နေတာပါဆရာ)၊ သြော် ရုပ်ကြီးမြင်နေတယ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဘာရုပ်တုံး (ပညတ်ရုပ်ကြီး ပါဆရာ)၊ အောင်မယ် . . . ရုပ်ကို ပညတ်ရုပ်လို့ ငါဒီတစ်ခါပဲ ကြားဖူးတယ်။ "ဒိုးလေး"ရယ်၊ (အဆင်းရုပ်ကြီးကို မြင်နေတာပါဆရာ)။

အေး . . . ဟုတ်ပြီ။ အဆင်းရုပ်ကြီး မြင်နေတယ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . မြင်ကောင်းတဲ့ရုပ်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အဆင်းဆိုတာ ဝဏ္ဏမဟုတ်လား (ဝဏ္ဏပါဆရာ)၊ ဝဏ္ဏဆိုတာ မျက်စိမြင်ကောင်းတာပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒီအဆင်းတွေ ဒါကြောင့် အမေလို့ ငါ့ပါးစပ်က အသံထွက်ကြည့်တယ်၊ အသံရဲ့နောက်ကွယ်မှာ တကယ်ကို မရှိဘူးပေါ့၊

http://www.dhammadownload.com



(မရှိပါဘူးဆရာ)၊ ဒီကြောင်တောင်ကြီးကို မြင်တာ ဘာမြင်တာတုံး (အဆင်းရုပ်ကို မြင်နေတာပါ ဆရာ)၊ သြော် . . . မြင်ကောင်းတဲ့အဆင်းရုပ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ဝဏ္ဏကို မြင်တယ်တဲ့လား (ဟုတ်ကဲ့ပါ ဆရာ)၊ နို့မဟုတ်ရင် မင်းအငြင်းပွားနေမယ် မဟုတ်လား၊ တယ် . . . ဒိုးလေး မိုက်ပါပေါ့လား၊ ဒါ မင်းအမေမဟုတ်လို့ ဘာတုံး သေသေချာချာ ကိုင်ကြည့်ပါအုံး၊ ဟောဒါ မင်းအမေပေါ့၊ ကိုယ်ကိုင် ကြည့်တော့ မရှိဘူး၊ ဒါဘာတုံးလို့ မင်းကိုမေးတော့ ဘယ့်နှယ်ပြောမလဲ၊ ဒါ အမေ မဟုတ်လားလို့ ဆိုတော့ ဘယ့်နှယ့်ပြောမလဲ (မဟုတ်ပါဘူးဆရာ)၊ ဒါဘာတုံး (ပထဝီရုပ်ပါဆရာ)၊ ပထဝီတဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ တွေ့တာ ပထဝီပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အမေတော့ မတွေ့ဘူးပေါ့ (မတွေ့ပါဘူးဆရာ)။

## ပထဝီဓာတ် ပရမတ်

အေး . . . မာမှု, ပျော့မှုသဘော၊ ပထဝီရဲ့ "ကက္ခဠတ္တလက္ခဏာ" နဲ့ မုဒုလက္ခဏာကို သွားတွေ့နေတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ ငါတွေ့နေတာ အမေတွေ့တာ မဟုတ်ဘူ၊ ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ပရမတ်ပထဝီဓာတ်ကွ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး ဟုတ်ပြီ၊ ဒါဖြင့် မင်းအမေလျှောက်မေးစမ်းပါ၊ အမေ ဟောဒီခေါင်းဟာ ကျွန်တော်ကိုင်မိတာ အမေလား၊ ဘယ့်နှယ့်ပြောမလဲ (မဟုတ်ပါဘူးဆရာ)၊ ဒါဘာတုံး (ခေါင်းပါဆရာ)၊ သြော် . . . ဟုတ်ပြီ၊ တစ်ခါ လက်ကိုင်ကြည့်တယ်၊ ဒါအမေလား၊ ဘယ်လိုပြောမလဲ (မဟုတ်ပါဘူးဆရာ)၊ ဒါဘာတုံး (လက်ပါဆရာ)၊ သြော် . . . ကိုယ်ကိုင်ကြည့်တယ်၊ အမေဆိုတာ ဒါလားလို့ မေးကြည့်စမ်း (မဟုတ်ပါဘူးဆရာ)၊ ဒါဘာတုံး (ကိုယ်ပါဆရာ)၊ သြော် . . . ကိုယ်တဲ့၊ ခြေကိုင်ကြည့်တယ် ဟောဒီခြေက ဒါအမေဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ ဒါဘာတုံး (ခြေပါဆရာ)၊ သြော် . . . ခြေတဲ့၊ ဒါဖြင့် တစ်ကိုယ်လုံး အမေရှာမရဘူးပေါ့ (မရပါဘူးဆရာ)၊ ဘာဖြစ်လို့ ရှာမရသလဲ၊ (မရှိလို့ပါဆရာ)၊ အေး မရှိလို့နော် (ဟုတ်ကဲ့ပါဆရာ)၊ မရှိတဲ့တရားမို့လို့ မင်းရှာမရတာပေါ့၊ တကယ်ရှိရိုးမှန်ရင် မင်းသွားကိုင်ကြည့် တွေ့တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အမေဆိုတာ ဒါပဲလို့ မင်းပြောနိုင်တယ် မဟုတ်လား (ပြောနိုင်ပါတယ်ဆရာ)၊ အခုတော့ ပြောနိုင်သလား (မပြောနိုင်ပါဘူးဆရာ)၊ မင်းဘယ်ပြောနိုင်မှာတုံးကွ၊ ဒါ "ခန္ဓပဥ္စကဒြပ်"ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ရုပ်စုနာမ်စု နှစ်ခုပေါင်းစပ်ထားတဲ့ ခန္ဓာငါးပါး ပေါင်းစပ်ထားတဲ့ဒြပ်ကို အဲဒါအမေလို့ သမုတ်ထားတဲ့ သမ္မုတိပညတ် မဟုတ်ဘူးလား၊ (ဟုတ်ကဲ့ပါဆရာ)၊ သမ္မုတိပညတ် ရှိသေးရဲ့လားဟ (မရှိပါဘူးဆရာ)၊ မရှိတဲ့တရားပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ သြော် . . . အိမ်ပြန်

http://www.dhammadownload.com



ရောက်တော့ အသံလေးထွက်တယ်၊ တို့ပါးစပ်က ထွက်တဲ့အသံထွက်သည် မရှိသော ပညတ်တရား ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ တို့ပါးစပ်က သုံးနေတဲ့ စကားလုံးမှန်သမျှသည် လုံးလုံးကြီး မရှိတဲ့ ပညတ်တရား ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒါလေးဟာ အမှတ်ရအလွယ်ဆုံး ဆိုတဲ့ အနေအားဖြင့် ချပြတဲ့သဘောလေးပါ၊ ဒါစာနယ်ကတော့ ဘယ်လိုလာသတုံး၊ အမည်နာမလေး တွေ တပ်ပြီးတော့ လောကခေါ် ဝေါ် သုံးစွဲတာ၊ နာမပညတ်ခေါ် တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အမည် လေးတွေ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် အကောင်အထည်တွေရယ်၊ ဝတ္ထုပစ္စည်း အတုံး, အလုံး, အခဲတွေရယ်လို့ တွဲမှတ်နေတာကတော့ "ဃနပညတ်"လို့ ခေါ် တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ပုံစံလေးတွေ မှတ်မှတ်ပြီးတော့ ဟောဒီလိုပုံစံမျိုးတော့ စားပွဲခေါ် တယ်၊ ဒီလိုပုံစံတွေ့တော့ ကုလားထိုင် ခေါ် တယ်၊ ဒီပုံစံတွေ့တော့ အိမ်ခေါ် တယ်၊ ဒီပုံစံတွေ့တော့ တိုက်ခေါ် တယ်၊ ဒီပုံစံလေးတွေ မှတ် မှတ်ပြီးတော့ ပြောနေတာက "သဏ္ဌာနပညတ်"နော် (ဟုတ်ကဲ့ပါဆရာ)။

ပြီးတော့ တစ်ခါလာပြန်ပြီ၊ ထုပ်, လျှောက်, ဒိုင်း, မြား, အမိုး, အကာ, တိုင်, အခင်း, အစရှိတဲ့ ဥစ္စာတွေ စုလိုက်ပေါင်းလိုက်ခါမှ အိမ်ဟူသော အမည်နာမ ရလာတယ်၊ ခုန ခေါင်း, လက်, ကိုယ်, ခြေဆိုတဲ့ အင်္ဂါတွေပေါင်းလိုက်ခါမှ လူဟူသော အမည်ရလာတယ် ဆိုတော့၊ ဒါက အားလုံးစုလိုက် ပေါင်းလိုက်မှ အမည်တစ်ခုရတယ်။ သူက သမူဟပညတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး ဟုတ်ပြီ၊ ဒီတော့ ဘာတုံး၊ နာမပညတ်ရယ်၊ သဏ္ဌာနပညတ်ရယ်၊ ဃနပညတ်ရယ်၊ သမူဟပညတ် ရယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ တစ်ခါလာပြန်ပြီ၊ အမှတ်အသားလေးတွေ ပေးတယ်၊ ဟောဒီအမှတ် အသားလေးတွေကို မြင်လို့ရှိရင် မြန်မာလိုပြောပါမယ်၊ နိုင်ငံပေါင်းစုံအသင်းကြီးမှာ နိုင်ငံပေါင်းစုံ အလံလေးတွေ ထိုးထားတာ မြင်တယ် မဟုတ်လား (မြင်ပါတယ်ဆရာ)၊ အေး . . . တို့မြန်မာပြည် အလံတစ်ခု ရှိတယ်ကွာ၊ မြန်မာပြည်အလံတင်ရင် မြန်မာပြည်သူ ပြည်သားများက ဒါတို့ မြန်မာပြည် အလံပဲလို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မြင်ရင် သိမှာပေါ့တဲ့၊ ဟိုမှာအမှတ်အသားလေးတွေ ပေးထားတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကြယ်ကြီးက အလယ်ခေါင်က တစ်လုံး၊ ဘေးက ကြယ်လေးက ငါးလုံး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ) အပြာထဲမှာ၊ ဩော် . . . ဒီကြယ်ကြီး တစ်လုံးနဲ့ ကြယ်လေးငါးလုံး ရံနေရင် ဒါတို့ မြန်မာပြည်ရဲ့အလံ၊ နိုင်ငံတော်ရဲ့အလံပဲလို့ ဒီလို မတွေ့ ဘူးလား (တွေ့ပါတယ်ဆရာ)၊ အဲဒီလို တစ်နိုင်ငံနဲ့တစ်နိုင်ငံ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ခုနဲ့ တစ်ခု မလွဲမမှားရအောင် အမှတ်အသားလေးတွေ ပေးထားတဲ့ ပညတ်ကတော့ သင်္ကေတပညတ် ခေါ် တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ သင်္ကေတပညတ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ပြီးတော့ လာပြန်ပြီ၊ မနေ့ကရယ်၊ ကနေ့ရယ်၊ မနက်ဖြန်ရယ်၊ သဘက်ခါရယ်၊ ဖိန်းနွှဲခါရယ် အစရှိသည်အားဖြင့် ဥပုသ်နေ့, အဖိတ်နေ့, စနေကွ, တနင်္ဂနွေကွ, ဘယ်နေ့သွားရအောင်, ဘာလုပ်

http://www.dhammadownload.com



ရအောင်တို့ ကာလအားဖြင့် မှတ်သားပြီး ပြောနေတာ ကာလပညတ်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အရှေ့, အနောက်, တောင်, မြောက်, ထက်အောက်, ဖီလာအရပ် အစရှိသည်အားဖြင့် ဘယ်နေရာမှာ ဘာလုပ်ကြမယ်၊ အရှေ့မှာ လုပ်ကြစို့၊ အနောက်မှာ လုပ်ကြစို့၊ ဘယ်သွားကြစို့၊ ညာသွားကြစို့၊ အရပ်ရှစ်မျက်နှာ၊ ပိုင်းခြားပြီး မှတ်သားတာက ဒိသာပညတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း . . . မင်းအခုပြသွားတဲ့ ပညတ်တွေ တကယ်ရှိတဲ့တရားတွေလား (မရှိတဲ့တရားတွေပါဆရာ)၊ ဘာမှမရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဘာမှ မရှိလို့တဲ့၊ ဘာမှမရှိတဲ့ တရားတွေဟာ လူလည်း မရှိဘူး၊ ယောကျ်ားလည်း မရှိဘူး၊ မိန်းမလည်း မရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါလည်း မရှိဘူး၊ လူမရှိ ယောကျ်ားမရှိ ပုဂ္ဂိုလ်သတ္တဝါမရှိလို့ရှိရင်ကွာ ဖြတ်ချင်ဖြတ်ကွာ၊ သတ်ချင်သတ်ကွာ၊ ခိုးချင်ခိုးကွာ သူ့ဥစ္စာငါ့ဥစ္စာမှ မရှိဘဲ၊ ပုဂ္ဂိုလ်သတ္တဝါမှ မရှိဘဲ ခိုးချင်ခိုး, လုချင်လု, သတ်ချင်သတ်, ဖြတ်ချင်ဖြတ် ဆိုပြီး ဒီလိုသွားလုပ်လို့ ငရဲမကြီးဘဲ နေပါ့မလား (ကြီးပါတယ်ဆရာ)၊ ဒီလိုလုပ်ပြန်တော့လည်း ငရဲကြီးပြန်တယ်တဲ့၊ အဖေမရှိဘူး၊ အမေမရှိဘူးဆိုပြီးတော့ အဖေဝတ်နိဗဒ် အမေဝတ်နိဗဒ် ချွတ်ယွင်းပြီးတော့ ပြစ်မှားခဲ့ရင် ငရဲမကြီးဘူးလား (ကြီးပါတယ်ဆရာ)၊ အဲဒီလိုလုပ်ပြန်လည်း ငရဲကြီးပြန်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။ အဘိဓမ္မာ (၇)ကျမ်းအနက် စတုတ္ထကျမ်းက ပုဂ္ဂလပညတ်ကျမ်း ဖြစ်သည်၊ ဗုဒ္ဓပညတ်, ပစ္စေကဗုဒ္ဓပညတ် စသည့် ပုဂ္ဂိုလ်ပညတ်များကို ဟောကြားသည်။

အဲဒါ ဘာဖြစ်လို့တုံး ဆိုတော့ အဲဒါက သမ္မုတိပညတ်နယ်ကြီးမှာ သမုတ်ထားတဲ့အတိုင်း ကမ္ဘာသူကမ္ဘာသား အညီအညွတ်သမုတ်ထားတဲ့ စည်းကမ်းတွေကို မဖျက်နဲ့တဲ့ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ ရှိတာ မရှိတာ ထည့်မတွက်နဲ့၊ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အားလုံးသမုတ်ထားတဲ့ အတိုင်း ကိုယ်က မလွန်ဆန်ရဘူး၊ မချိုးဖျက်ရဘူး၊ မဖျက်ဆီးရဘူး နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ ငါ အခုန ပြောသလိုပေါ့၊ ဟာ . . . ပုဂ္ဂိုလ်သတ္တဝါမှ မရှိဘဲနဲ့ကွာ၊ ဥစ္စာပစ္စည်း ဘယ်ရှိမလဲ၊ ခိုးချင်ခိုးမှာပေါ့၊ ငရဲမကြီးဘူးဆိုတာ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ အေး . . . ပုဂ္ဂိုလ်သတ္တဝါ ပရမတ်နဲ့ ကြည့်ရင် မရှိဘူးပေါ့တဲ့၊ ပညတ်နယ် ပညတ်တရားဆိုတော့ ကမ္ဘာ့စည်းကမ်းအနေအားဖြင့် လုပ်ထားတဲ့ တရားတဲ့၊ ကမ္ဘာ့ဥပဒေပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ တစ်ကမ္ဘာလုံးက ကမ္ဘာသူ ကမ္ဘာသားတွေ သမုတ်ထားတဲ့ အလုပ်ကြီး မဟုတ်ဘူးလို့ သွားမငြင်းပါနဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ လောက အကျိုးလည်း ရမယ်တဲ့၊ သံသရာအကျိုးလည်း ရမယ်တဲ့၊ ဒါပေမယ့် ကိုယ်က သိထားပါတဲ့၊ ဩော် လောကအတွက် သံသရာအတွက်တော့ အကျိုးပေးနိုင်တယ်၊ ဒါပေမယ့် ဒီဥစ္စာတွေဟာ ပါးစပ်က အသံထွက်သာ ရှိတယ်၊ နောက်ကွယ်တော့ တကယ်မရှိတဲ့တရားတွေ၊ ဘာပြုလို့ ဒါတွေက သမ္မုတိပညတ်တရားတွေပဲလို့ ဒီလိုသိထားရမယ်၊ ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒီလို

http://www.dhammadownload.com



တို့သိထားရမယ်၊ ဘာမှမရှိဘူး ဆိုတဲ့အနေအားဖြင့်တော့ ချိုးဖဲ့ဖျက်ဆီးမှုတော့ မလုပ်ပါနဲ့တဲ့နော် (ဟုတ်ကဲ့ပါဆရာ)။

အခုပြောသလိုပါပဲ အဖေ, အမေ မရှိဘူးဆိုတော့၊ အဖေ အမေတွေကို သွားစော်ကားရင် မင်းအပါယ်မကျဘူးလား (ကျပါတယ်ဆရာ)၊ ဩော် . . . ကျတယ်၊ ဒါ မရှိတာတော့ မရှိတာ သိထားရုံ သိထားရမှာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် ပညတ်တရားတွေသည် လုံးဝမရှိသော တရားမှန် မှန်သော်လည်း လောကသမ္မုတိသစ္စာအနေအားဖြင့် ကိုယ်တော်မြတ်က မချိုးဖျက်ရဘူး၊ မဖျက်ဆီး ရဘူး၊ လောကအနေအားဖြင့် တစ်နည်းမှန်တယ်လို့ ပြောရမယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါ လောကသစ္စာခေါ်ပါတယ်၊ သမ္မုတိသစ္စာတဲ့။ ဩော် . . . သမ္မုတိနယ်အနေအားဖြင့် ပညတ်နယ် အနေအားဖြင့် မှန်တယ်လို့ ယူဆပြီးတော့ လိုက်နာကျင့်သုံးကြပါတဲ့၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် ကိုယ်တော်မြတ်က ငါးပါးသီလထဲမှာ သူများ အသက်လည်း မသတ်နဲ့၊ ဘယ့်နှယ်လဲ၊ ခုန တော့ ပုဂ္ဂိုလ်သတ္တဝါတွေ သူများတွေ ငါတွေ မရှိဘဲနဲ့ အခုတော့ သူများအသက်မသတ်နဲ့ ဖြစ်လာ ပြန်ပေါ့၊ ဒါပေမယ့် သမ္မုတိသစ္စာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ သူများဥစ္စာလည်း မခိုးနဲ့၊ ဘယ့်နှယ့်လဲ ငါ၊ သူတစ်ပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါမရှိဘူးလည်း ပြောတယ်၊ သူများဥစ္စာ၊ ငါ့ဥစ္စာ ဖြစ်လာပြန်ပေါ့၊ မခိုးရဘူး ဖြစ်လာပြန်ပေါ့၊ ဖြစ်တယ်တဲ့၊ လောကအကျိုးလည်း ရှိတယ်၊ သံသရာအကျိုးလည်း ရှိတယ်တဲ့၊ ဒါကြောင့် သမ္မုတိသစ္စာရဲ့အကျိုးဘက်ကို ကြည့်လို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် သူများအသက်လည်း မသတ်နဲ့၊ သူများဥစ္စာလည်း မခိုးနဲ့၊ သူများကိုလည်း မလိမ်နဲ့၊ ခုနတုန်းကလိုပဲ သမ္မုတိသစ္စာအနေအားဖြင့် ပြောတာ၊ သူများအိမ်ယာကိုလည်း မပြစ်မှားနဲ့တဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ သူများအိမ်ယာပြစ်မှားတယ်ဆိုတာ သာကေတသို့ ပြောင်းနေပါလို့ ပြောတာ မဟုတ်ဘူး၊ ဒါကို သိရမယ်နော် (သိပါတယ်ဆရာ)၊ ဘာတုံး (သူများသားမယားကို ပြောတာပါဆရာ)၊ ဩော် . . . အေးအေး . . . တော်ပါတော့ တော်ပါတော့၊ ငါ သာကေတပြောင်းတာများ ထည့်ပြောအုံး မလားလို့ ဒါပြောတာ မဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ သူရာငါးပါး၊ မေရယ ငါးပါး မသောက်စားနဲ့၊ ဘယ့်နှယ့် ပုဂ္ဂိုလ် သတ္တဝါလည်း မရှိဘူးလို့ ပြောတယ်၊ သောက်တော့ ဘာဖြစ်တုံး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မသောက်ပါနဲ့၊ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးဆိုတာ ဒါက ပရမတ်အနေနဲ့ မရှိတာ ပြောတာ၊ သမ္မုတိသစ္စာအနေအားဖြင့် သမုတ်ထားတယ်တဲ့၊ သူရာငါးပါး မေရယငါးပါး နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါ့ကြောင့် ကိုယ်တော်မြတ်က ငါးပါးသီလကို ပညတ်တော်မူတယ်။

ဒါဖြင့်ရင် ဒီသမုတိသစ္စာဆိုတဲ့အနေအားဖြင့် ကိုယ်တော်မြတ် ဒီတရားတွေ ပညတ်သွားတော့၊ ဒီပညတ်တရားကြီးဆိုတာ တို့အဖို့က ဘာလုပ်ရမှာတုံးဆိုတော့ မသိဘူးဆိုတဲ့ အဓိပ္ပါယ် သိရုံသိထားပါ

http://www.dhammadownload.com



ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . ဒါဖြင့်ရင် အခုပြောသွားတဲ့ ပညတ်နယ်က ငါတို့သူငါ လူတကာတို့ရဲ့ ပါးစပ်ဖျားက ထွက်သမျှ အသံထွက်တွေသည် လုံးဝမရှိသော ပညတ်တရား ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အသံထွက်တွေနောက်ကွယ်မှာ အသံထွက်တဲ့အတိုင်း တကယ် ရှာကြည့်တော့ ဘာမှမရှိ ဒီလိုလား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ ဘာမှမရှိဘူးလို့ သိရုံသိထားပါ၊ ဘာမှ မရှိဘူးဆိုတဲ့ အနေအားဖြင့် ဓမ္မတောထမ်းသွားပြီး ဖောက်လွဲဖောက်ပြန် မကျင့်ပါနဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် မင်းတို့ငါတို့ ရုပ်တရားက ဘာလဲ၊ သိထားဖို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)၊ မရှိဘူးဆိုတာ သိထားဖို့ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီအသိဉာဏ်လေး ရအောင် ယူထားပါလို့၊ ဒီအသိဉာဏ်လေး ပြတ်သားထားရင် တော်ပါပြီနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် မရှိဘူးဆိုတဲ့အတိုင်းလည်းပဲ ဖောက်လွဲဖောက်ပြန် မကျင့်နဲ့၊ ကျင့်လို့ရှိရင် လောကအကျိုး သံသရာ အကျိုး အပြစ်နှစ်ခုခံရမယ်။ ဒါဖြင့်ရင် မင်းတို့ငါတို့ ဝတ္တုရားသည် ဘာတုံး ပညတ်ဆိုတဲ့ တရားရဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ လုံးလုံး တကယ်ဘာမှ မရှိဘူးဆိုတဲ့ အသိဉာဏ်လေးကိုသာ ပြတ်သား အောင် ယူထားပါ။ ပညတ်တရားဆိုတာ မရှိတာ၊ ပရမတ်တရားဆိုတာ ရှိတာ၊ အဲဒီ မရှိတာနဲ့ ရှိတာ နှစ်ပါးကို ပိုင်းပိုင်းခြားခြား သိသွားရင်ပဲ တစ်နည်းအားဖြင့် အမြင်မှန်ဉာဏ်ကို ရတယ်လို့ ဒီလို ခေါ် ပါတယ်၊ အခုတော့ ဘယ့်နှယ့်ဖြစ်နေသလဲဆိုတော့ မရှိတဲ့တရားလည်း မရှိမှန်းမသိ၊ ရှိတဲ့တရား လည်း ရှိမှန်း မသိဖြစ်နေတယ်။

အခုတော့ မရှိတဲ့တရား ဘယ့်နှယ့်ဖြစ်နေသလဲ (ရှိတယ်လို့ ထင်နေကြပါတယ်ဆရာ)၊ အေး ဒီလိုဆိုတော့ မှားပြီ (မှားနေပါတယ်ဆရာ)၊ မရှိတဲ့တရားကို မရှိမှန်းမသိဘူး ဆိုတော့ တော်သေးတယ် နော် (ဟုတ်ကဲ့ပါဆရာ)၊ မရှိတဲ့တရားကို အရှိလုပ်နေကြတယ်တဲ့၊ ဒါကြောင့် မရှိတဲ့တရား အရှိလုပ် နေခြင်းကြောင့် မိမိတို့ယူထားတဲ့အယူဝါဒသည် မိစ္ဆာအယူလို့ ခေါ်တယ်။ အဲဒီအယူမဖြူစင်ဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်လိုချင်တယ်ဆိုလို့ ဘယ့်နည်းနဲ့မှ မရကောင်းဘူး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရပြန်တော့ လည်း သံသရာဝဋ်က ကျွတ်ဖို့ လွတ်ဖို့ အင်မတန်ခဲယဉ်းတယ်၊ နိဗ္ဗာန်လည်း မျက်မှောက်ပြုဖို့, ရောက်ဖို့ အင်မတန်ခဲယဉ်းတယ်၊ နိဗ္ဗာန်ရောက်ဖို့ဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ် တရားလေးပါးကို ကျော်လွှားသွားလို့ ရကောင်းတဲ့တရား မဟုတ်ဘဲကိုးနော် (ဟုတ်ကဲ့ပါဆရာ)၊ သူ့အဆင့်ဆင့် တက်ရ တယ်၊ နိဗ္ဗာန်ရောက်ချင်တဲ့သူ၊ နိဗ္ဗာန်ရောက်ချင်တဲ့ပုဂ္ဂိုလ် ဘယ်က စရမလဲ မဂ်ဉာဏ်က စရမယ်။ ပထမမဂ်, ဒုတိယမဂ်, တတိယမဂ်, စတုတ္ထမဂ်, ဒီလို အဆင့်ဆင့်တက်ရမယ်၊ ဒီတော့ သာသနာကြီးနဲ့ ကြုံတဲ့ ကြိုက်တဲ့အခါမှာ တို့တော့ဖြင့် တစ်မဂ်တစ်ဖိုလ်တော့ ရအောင် ကြိုးစားမှပဲ၊ ကိုယ်တော်မြတ် ကလည်း တို့အတွက် ငဲ့ကွက်ပြီးတော့ ငါဘုရားကိုယ်တော်မြတ် သက်တော်ထင်ရှားရှိတုန်း ရှိသကဲ့သို့ ရှိသည့်အလား မဂ်လေးပါး ဖိုလ်လေးပါးဆိုတဲ့ တရားများကို ယူနိုင်တယ်, ရနိုင်တယ်, ယူနိုင်ပါစေ,

http://www.dhammadownload.com



ရနိုင်ပါစေ ဆိုပြီးတော့ သာသနာငါးထောင်ထားတယ်၊ အဲဒီသာသနာငါးထောင်ခေတ်ထဲမှာ လူရယ်လို့ လာဖြစ်တယ်၊ အကယ်တန္တ ကိုယ်က မယူရင် ကိုယ့်အပြစ်၊ ကိုယ့်တာဝန်ကိုယ်ရအောင် ကြိုးစားရမယ်၊ ရအောင် ယူရမယ်၊ ကြိုးစားလျက်သားနဲ့ မရတာ၊ ဒါကိုယ့်တာဝန်မဟုတ်ဘူး။ ကိုယ့်ရဲ့ဝတ္တရားကျေပြီ ခေါ်တယ်။ ဟာ . . . တို့ပါရမီမရှိသေးလို့ မရတာ၊ ကြွေမရင့်ကျက်သေးလို့ မရတာ ဒီလိုဖြစ်ရမယ်။ သို့မဟုတ် မဂ်မရအောင် တားထားတဲ့ အန္တရာယ်များရှိလို့ မရတာ ဒီလိုပဲ ရှိရမယ်။ ဒါ အပြစ်ကင်းတယ်၊ ရအောင်လည်း ယူဖို့ စိတ်မကူးဘဲနဲ့။

မယူခင်ကတည်းက တို့လို ပုဂ္ဂိုလ်စားတွေနဲ့ မဂ်တရား ဖိုလ်တရားနဲ့ မဆိုင်ပါဘူးဆိုတဲ့ အနေအားဖြင့် ပြောင်ပြင်းနေကြတဲ့ပုဂ္ဂိုလ်များကြတော့ ကိုယ်တော်မြတ် သတ္တဝါများ၏ အပေါ် သနားတော်မူတဲ့ အင်မတန်ကြီးမားတဲ့ မဟာကရုဏာစာတ်ကြီးလည်း မငဲ့ရာရောက်တယ်။ မိမိတို့ အတွက် မျက်ကွယ်ပြီးတော့ ကိုယ်တော်မြတ်သက်သက် သီးသန့်ကြီးထားတော်မူတဲ့ သာသနာငါး ထောင်ဆိုတဲ့ နှစ်ပေါင်း ငါးထောင်အတွက်လည်းပဲ အကျိုးမသက်ရောက်ဖူး ဒီလိုဖြစ်တယ်။ ဒါကြောင့် သာသနာကြီးနဲ့ တွေ့တဲ့ ကြုံတဲ့အခါမှာ ရအောင် ကြိုးစားဖို့က ငါတို့တာဝန်၊ ကြိုးစားလျက်သားနဲ့ ရတာ, မရတာက တို့တာဝန်မဟုတ်ဘူး။ ကိုယ်တော်မြတ်ကြီးရဲ့ ကရုဏာစာတ်ကြီးလည်း ထောက်ထား သော အနေအားဖြင့် တို့ကြိုးစားသင့်တယ်ဆိုတဲ့ စိတ်ကလေးလည်း ရင်ဝယ် ပိုက်ထားကြပါ။ ရကောင်းတဲ့အခိုက်, ရနိုင်တဲ့အခါကြီးမို့လို့သာ တိုက်တွန်းစကား ပြောကြားခြင်းဖြစ်တယ်။ ဒါပေမယ့် ဒီလိုအားဖြင့်တော့ လူတိုင်းရပါစေလို့၊ လူတိုင်းရမယ်လို့ တာဝန်မခံဘူး၊ ဘာဖြစ်လို့လဲ မဂ်ရတယ် ဆိုတာက ဣန္ဒြိယပရိပါက-မိမိတို့ရဲ့ဘဝါဘဝက ဆည်းပူးအားထုတ်လာတဲ့ ကြွေကလည်း ရင့် ကျက်မှု ရှိအုံးမှ၊ မဂ်ကို မရအောင် တားဆီးနိုင်တဲ့ အန္တရာယ်ကလည်း လွတ်နေဦးမှ၊ ဒီလိုပုဂ္ဂိုလ်များ မဂ်ရနိုင်တယ်။ ဒီတော့ မိမိတို့ကို မိမိတို့မွေးလာကတည်းက ဘာမှန်းမသိဘူး။ ငါ့ ဒီဘဝမှာ သာသနာ ကြီးနဲ့ တွေ့တဲ့ ကြုံတဲ့အခါမှာ မဂ်ရနိုင်လောက်တဲ့၊ ဣန္ဒြိယပရိပါက - ကြွေရင့်ကျက်မှု ပြည့်သလား၊ မပြည့်ဘူးလား ဒါလည်း ကြိုမပြောနိုင်ဘူး။ အဲသလို ဘာမှမသိဘဲနဲ့ ကိုယ့်ကိုကိုယ် ဆုတ်ယုတ်တဲ့ အနေအားဖြင့် တို့နဲ့မဆိုင်ပါဘူး။ တို့လုပ်စရာ မလိုပါဘူး။ တို့လုပ်လည်းပဲ တို့နဲ့ထိုက်တန်တဲ့ တရားမဟုတ်ပါဘူး။ ဒီလိုဆုတ်ယုတ်တဲ့အနေအားဖြင့် အမှုမဲ့ အမှတ်မဲ့ မနေကြပါနဲ့၊ ကြိုးစားရမှာ ကိုယ့်တာဝန်ဝတ္တရားတွေပါပဲ။

## ဝေနေယျပုဂ္ဂိုလ်နှစ်မျိုး

တချို့က ပြောသေးတယ်၊ ဒီတရားဟောတဲ့ ပြောတဲ့အခါမှာ နာခါကြားခါမျှနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရတဲ့ပုဂ္ဂိုလ်တွေ၊ အလုပ်စကား အလုပ်နားအနေအားဖြင့် ကြိုးစားအားထုတ်ပြီး မဂ်ဉာဏ်ဖိုလ်

http://www.dhammadownload.com



ဉာဏ်ရတဲ့ပုဂ္ဂိုလ်တွေ၊ ဒီလိုပုဂ္ဂိုလ်တွေကတော့ ဘုရားသက်တော်ထင်ရှား ရှိစဉ်အခါတုန်းက ဟုတ်တာပေါ့။ အခုတော့ ဘုရားမရှိတဲ့နောက်ပိုင်းမှာ ဒီဟာတွေက မဖြစ်နိုင်ဘူးလို့ တချို့ကလည်း ဒီလိုထင်ကြတယ်၊ ဒီလိုမဟုတ်ပါဘူး၊ ကိုယ်တော်မြတ်သက်တော်ထင်ရှားရှိစဉ်အခါတုန်းက ကိုယ်တော်တိုင်ဟောလို့ ပြောလို့ ကျွတ်တမ်းဝင်တဲ့ပုဂ္ဂိုလ်တွေကျတော့ ဗုဒ္ဓဝေနေယျခေါ်တယ်။ ဒါက ဗုဒ္ဓဝေနေယျ-ဘုရားအဆုံးအမခံယူတဲ့ပုဂ္ဂိုလ်တဲ့၊ ဒီသတ္တဝါမျိုးက တစ်မျိုးခေါ်တယ်။ တစ်ခါလာပြန်တယ်၊ သာဝကဝေနေယျ-ဘုရားတပည့်သာဝက အဆုံးအမခံယူတဲ့ပုဂ္ဂိုလ်ခေါ်တယ်။ ဒီတော့ သတ္တဝါ နှစ်မျိုးနှစ်စားကွဲထားတယ်၊ ဗုဒ္ဓဝေနေယျ ဆိုတာက မြတ်စွာဘုရားကိုယ်တော်မြတ် ကိုယ်တော်တိုင် နှုတ်တော်ဖြင့်ထုတ်ဖော်ပြီးတော့ ဆုံးမတော်မူမှ မဂ်ဉာဏ်ဖိုလ်ဉာဏ် ကျွတ်တမ်းဝင်ကြတဲ့ပုဂ္ဂိုလ်မျိုး။ သာဝကဝေနေယျ-ဆိုတာတော့ ဒီလိုမဟုတ်ပါဘူးတဲ့။ ဘုရားရဲ့တပည့်တပန်းများက အဆင့်ဆင့်အားဖြင့်ဟောကြားလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီး ကျွတ်တမ်းဝင်တဲ့ပုဂ္ဂိုလ်များ၊ အဲဒီလိုပုဂ္ဂိုလ်ကျတော့ သာဝကဝေနေယျခေါ်တယ်။ ကျွတ်တမ်းဝင်နိုင်တဲ့ပုဂ္ဂိုလ် နှစ်မျိုးနှစ်စား ခွဲထားတယ်။

ဗုဒ္ဓဝေနေယျက တစ်မျိုး၊ သာဝကဝေနေယျက တစ်မျိုး ဆိုတော့ ကိုယ်တော်မြတ်သက်တော်ထင်ရှားရှိစဉ်အခါတုန်းက ဗုဒ္ဓဝေနေယျခေတ်က ကုန်ခဲ့ပြီ မရှိဘူး။ ကိုယ်တော်မြတ်က မရှိတော့ဘူးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံပြီးတဲ့နောက်ပိုင်းမှာ နှစ်ပေါင်း ငါးထောင်ထားခဲ့တဲ့ အတောအတွင်းကတော့ ကိုယ်တော်မြတ်မှ မရှိဘဲနဲ့ ကိုယ်တော်မြတ်ရဲ့ တပည့်တပန်းရဟန်းဆရာ လူဆရာဆိုပါတော့လေ၊ အဓိပ္ပါယ်အားဖြင့် ဒီလိုပုဂ္ဂိုလ်တွေက အဆင့်ဆင့် ဟောကြားပြီးတော့ အကျိုးတရားရနိုင်တဲ့ ဝေနေယျမျိုးကျတော့ သာဝကဝေနေယျခေါ်ပါတယ်၊ သာသနာ ငါးထောင်အတွင်းမှာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာကိုယ်တော်မြတ်က ဖြစ်နိုင်ပါတယ်လို့ ဟောထားတော့ ဘုရားဟောသလို့လား ဆိုတော့ ဘုရားမရှိပါဘူး။ ဒါဖြင့် ဒီခေတ်မှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမဲ့ပုဂ္ဂိုလ်တွေ ဘယ်ပုဂ္ဂိုလ်တွေ ဟောသလဲဆိုတော့ ကိုယ်တော်မြတ်ရဲ့ တပည့်သာဝကများဟောလို့ ကျွတ်တမ်းဝင်တဲ့ပုဂ္ဂိုလ်တွေ။ ဒါဖြင့် သာသနာငါးထောင်အတွက်က ဒီခေတ်ကြီးတစ်ခုလုံးကြည့်လိုက်တော့ ဘာဝေနေယျလဲဆိုတော့ သာဝကဝေနေယျခေတ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဘုရားကိုယ်တော်မြတ်ကို မမီလိုက်ပေမယ့် ဘုရားကိုယ်တော်မြတ် မရှိပေမယ့် တို့တွေ ဒီခေတ်ဒီအခါထဲမှာ တို့ ကြိုးစားအားထုတ်နိုင်ရင်၊ တို့ဆည်းပူးနိုင်ရင် တို့ကျင့်ကြံပွားများနိုင်ရင်၊ မုချကြိုးစားရင် ရရမယ်၊ ဒါဖြင့် ကောင်းပါပြီ၊ ကြိုးစားရင် ရမလားဆိုတော့ ဒီလိုလည်း မဟုတ်သေးဘူး။

စောစောကပြောတဲ့ ဣန္ဒြိယပရိပါက-ကိုယ်ရဲ့ဣန္ဒြေရင့်ကျက်မှုကလည်း လိုသေးတယ်။ ပြီးတော့ မဂ်မရအောင် တားဆီးထားတဲ့ အန္တရာယ်ကလည်း လွတ်ပါမှ၊ ဒီလိုပုဂ္ဂိုလ်မျိုးက ရတယ်၊ ဒါဖြင့်

http://www.dhammadownload.com



ဒီအန္တရာယ် အတားအဆီးတွေ မင်္ဂမရအောင် တားဆီးတဲ့အန္တရာယ်တွေ၊ ကြွန်ခြေရင့်ကျက်မှု နူမှု ဆိုတာတွေ ငါ့မှာ ရှိသလား၊ မရှိဘူးလား ဆိုတော့ ဘယ်သူပြောနိုင်သလဲ၊ ဘယ်သူမှ မပြောနိုင်ဘူး၊ ဒီလိုမဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)၊ ဒီလိုမပြောနိုင်တော့ ကိုယ့်ကိုကိုယ်လည်း ဒါတွေ မဆုံးဖြတ်နိုင်ဘဲနဲ့၊ လက်မှိုင်ချပြီးတော့ ဆုတ်နစ်တဲ့ဝီရိယမျိုးနဲ့ မနေကြပါနဲ့၊ ကြိုးစားရင် ဖြစ်ရမယ်။ မနေ့ညက ပြသွားတာက မရှိပညတ်တရားကြီးကို ဘာကြောင့် အကျယ်တဝင့် ပြောနေသလဲဆိုတော့ အားလုံးသော သူသူငါငါ အများတကာဆိုသလိုပဲ မရှိတဲ့ပညတ်တရားကို အရှိမှတ်နေလို့ ဒါကို စာရင်းရှင်းပေးရပါတယ်။ ဒါလိမ်တဲ့တရားကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ပညတ်က ရှိသယောင်ယောင်နဲ့ အဲသလိုပဲ သူ့ကြည့်လည်း အတူတူ၊ ငါ့ကြည့်လည်း အတူတူ ဟုတ်သယောင်ယောင်၊ ရှိသယောင်ယောင် အဲသလို ရှိသယောင်ယောင် ဟုတ်သယောင်ယောင်နဲ့ လာတဲ့လူ့ဘဝတွင် မဟုတ်ပါဘူး၊ အနမတဂ္ဂ တစ်သံသရာလုံး ပြန်ကြည့်ပါ။ မိမိရဲ့ဘဝဖြစ်စဉ်ကြီးမှာ ဘယ်ဘဝ ရောက်ရောက် လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ, ရောက်ပေါင်းများပါပြီ၊ ရောက်တဲ့ဘဝတိုင်း ဘဝတိုင်းက ဒီလိုပဲ ပညတ်ဝေဝုစ်ဆိုတဲ့ စကား **ရှုပ်ကို အဟုတ်မှတ်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဟုတ်မှတ်တယ်၊ အမှန်ပျက်စီးလို့ "ပညတ်ဝေဝုစ် စကားရှုပ် အဟုတ်မှတ်"လို့တဲ့၊ အဟုတ်မှတ်တယ် ဆိုကတည်းက အယူမှားပေါ့၊ မမှားဘူးလား** (မှားနေပါတယ်ဆရာ)၊ အဲဒါကြောင့် အဲသလို အယူမှားနေလို့ ကနေ့ သံသရာဝဋ်အတွင်းက မလွတ်ကင်းဘဲနဲ့ ငုတ်တုပ်တွေ ရှိနေကြတာပေါ့၊ တကယ်ပါးရည်နပ်ရည် လိမ္မာကြတဲ့ပုဂ္ဂိုလ်တွေများကတော့ ကျွတ်တမ်းဝင်ကြပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)။

အက္ခေယျသညိနော သတ္တာ၊ အက္ခေယျသ္မိံ ပတိဋ္ဌိတာ။
အက္ခေယျံ့ ပရိညာယ၊ ယောဂမာယန္တိ မစ္စုနော။
(သဂါထာဝဂ္ဂသံယုတ်၊ ပါ၊ ၁၁။ ဣတိဝုတ်၊ ၂၇၂-နှာ။)

အက္ခေယျသညိနော-အက္ခရာသင်ယူသော လူအများတို့၊ သင်ကြားသတ်မှတ် ခေါ်ဝေါ်အပ်သည့် ပညတ်ဝေဝုစ် စကားရှုတ်ကို အဟုတ်မှတ်ထင် အမြင်အသိအားဖြင့် မှား၍နေကြကုန်သော လူအများပဲ၊ ဘယ်သူ့အပြစ်မှမဟုတ်ဘူး၊ သူကလည်း သမုတ်တာ၊ ငါကလည်း သမုတ်တာ၊ သူကလည်း ပညတ်တာ၊ ငါကလည်း ပညတ်တာနော် (ဟုတ်ကဲ့ပါဆရာ)၊ လူတွေထဲက စပြီး အမည်နာမ တစ်ခု တပ်လိုက်ပြီဆိုတော့ ဒါကို အဟုတ်လုပ်ပြီးတော့ အားလုံးက သမုတ်ခေါ်ကုန်ပေါ့။ ဒီလိုလာတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါထက် မသိဘူးကွယ် အဓိပ္ပာယ်အားဖြင့် ဘယ်လို လက်နက်ခဲယမ်း မီးကျောက်သုံးသုံး ဘယ်လောက်ပဲ ဆန်းကြယ်တာနဲ့ ပစ်ပစ် ဒီသဘော ဒီဓာတ်သဘာဝ ဘာမှ မထူးပါဘူး၊ စက်ယန္တရားကိုပဲ ကြည့်ကြည့်၊ လက်နက်ခဲယမ်း၊ မီးကျောက်ကိုပဲ ကြည့်ကြည့် တို့စစ်မဖြစ်

http://www.dhammadownload.com



ခင်တုန်းက အော်တိုမစ်တစ်တို့ အဏုမြူဗုံးတို့ မင်းကြားဘူးလား (ကြားဘူးပါတယ်ဆရာ)၊ စစ်မဖြစ်ခင်တုန်းကလေ (မကြားဖူးပါဘူးဆရာ)၊ အောင်မယ် . . . ခုမှ သဘောပေါက်တယ်၊ စစ်မဖြစ်တုန်းက ဒီနာမည်တွေ မကြားဖူးဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ဟော . . . စစ်ပြီးတော့ ပေါ်လာတယ် (ဟုတ်ကဲ့ပါဆရာ)၊ ဟိုတုန်းကလည်း ဒီသဘောတရားတွေ ရှိတာပဲတဲ့၊ အမှန်ကတော့ စလုပ်တဲ့ပုဂ္ဂိုလ်က အမည်နာမတပ်ပြီးတော့ ဒါအော်တိုမစ်တစ်၊ ဒါအဏုမြူဗုံး ဒီလိုမဟုတ်လားကွာ (ဟုတ်ကဲ့ပါဆရာ)။

အေး . . . ဒါလည်းပဲ တဖြည်းဖြည်းနဲ့ တိုးလာပြန်ပြီ၊ စစ်ပြီးတဲ့နောက်ပိုင်းမှာ အဲဒီလို တစ်ဦးတစ်ယောက်က ပထမဆုံး အမည်နာမတပ်ပြီးတော့ သမုတ်ထားလိုက်ရင် နောက်ပိုင်းက လူထုက အကုန်လုံးဝိုင်းပြီးတော့ ခေါ်လာတယ်၊ မခေါ်ဘူးလားကွာ (ခေါ်လာပါတယ်ဆရာ)၊ အေး . . . အဲဒီလို ခေါ်လာရင် ဘာလဲဆိုတော့ ဒါသမ္မုတိပညတ်ပဲတဲ့၊ လူအများက သမုတ်လိုက်တယ်တဲ့၊ ပထမ အမည် တပ်ပြီးတော့ တစ်ယောက်က စတယ်။ ဒါပညတ်ချည်းပဲ၊ ပညတ်ဝေဝုစ် စကားရှုတ်ကို အဟုတ်မှတ်ထင်၊ အမြင်အကြည့်အားဖြင့် မှားယွင်းနေကြကုန်သော တို့လူစုတွေက ဒါတွေချည်းပဲ အဟုတ်မှတ်ပေါ့ မမှတ်ဘူးလား (မှတ်ယူပါတယ်ဆရာ)၊ အေး . . . အဲဒါတွေ တကယ်ရှိတယ်၊ တကယ်ဟုတ်တယ်တဲ့၊ ဒီလိုပဲမှတ်မှတ်နေ၊ အဲဒီအမှတ်သည် အမှတ်လွဲ၊ ဒီအယူသည် အယူလွဲ၊ ဒီအသိသည် အသိလွဲနော် (ဟုတ်ကဲ့ပါဆရာ)၊

"အက္ခေယျသညိနော သတ္တာ၊ အက္ခေယျသ္မိံ ပတိဋ္ဌိတာ။
အက္ခေယျံ့ ပရိညာယ၊ ယောဂမာယန္တိ မစ္စုနော"

ဟူသော ဒီဂါထာကို အလွန်မှတ်စရာကောင်းတယ်၊ မှတ်လည်း မှတ်ထားကြပါ။ မင်းတို့ငါတို့ သေတွင်းချည်း ပို့နေတယ်၊ သေမင်းရဲ့ခံတွင်းထဲချည်း ဆွဲဆွဲချနေတာ ဒါတွေပဲတဲ့။ ဒါကြောင့် အက္ခေယျသညိနော-လူအများတို့ သင်ကြားသတ်မှတ် ခေါ်ဝေါ်အပ်သည် ပညတ်ဝေဝုစ် စကားရှုပ်ကို အဟုတ်မှတ်ထင် အမြင်အသိအားဖြင့် မှားယူနေကြကုန်သော။ သတ္တာ-သတ္တဝါတို့သည်။ အက္ခေယျသ္မိံ-ခေါ်သံဝေ်သံ တညံညံနဲ့ အသံတူတူ ကြားပါမူလည်း ခေါ်သူဘယ်မျှ ရှာမရသည့် မိန်းမယောက်ျား ဆိုတဲ့ သမ္မုတိစကား၌။ မင်းက ခေါ်, ငါက ခေါ်, ဘယ်သူရေ, ဘယ်ဝါရေ ခေါ်ကြတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ "ဒိုးလေး"လို့ ခေါ်လိုက်တော့ မင်းက ငါ့ခေါ်သကိုး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ငါ့ခေါ်တာ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူး၊ အဲဒီအတိုင်း ငါ့ခေါ်တာ ဟုတ်ပါ့မလားကွ (မဟုတ်ပါဘူးဆရာ)၊ မင်းက ထူးပြန်တော့ ထူးတော့ မင်းက "ဒိုလေး"ဆိုတော့ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ ဒိုးလေးမှ မရှိဘဲနဲ့ ဒါရုပ် နာမ်ကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး ဒါကြောင့် အသံတူတူ ကြားပါမူလည်း ခေါ်သူဘယ်မျှ ရှာမရသည့် မိန်းမယောက်ျားဆိုတဲ့ သမ္မုတိ

http://www.dhammadownload.com



စကား၌။ ပတိဋ္ဌိတာ-ဒိဋ္ဌိအစွဲ အယူလွဲ၍နေကြကုန်သော။ သတ္တာ-အန္ဓပုထုဇဉ်ဆိုတဲ့ သတ္တဝါတို့သည်။ (ဝါ) ပညာမျက်စိ လုံးလုံးမရှိသော အကန်းပုထုဇဉ်တို့သည်။ ဒါ မင်းတို့ ငါတို့ကို ချသွားပြီကွနော် (ဟုတ်ကဲ့ပါဆရာ)။

အကန်းတွေပဲ၊ ပညာမျက်စိ လုံးလုံးမရှိတော့ ဒီပါဠိစပ်က ခေါ်တဲ့ ငင်တဲ့ သုံးတဲ့ နှုန်းတဲ့ စကားလုံးတွေ ဒီလိုပညတ်အားဖြင့် တပ်ပြီးတော့ အလုပ်လုပ်ထားတဲ့အလုပ်တွေ။ ဒီအသံထွက်တွေကို ဟုတ်တယ်, မှန်တယ်, ရှိတယ်လို့ ယုံကြည်နေတဲ့ အန္ဓပုထုဇဉ်မျိုးတွေတဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဘာဖြစ်လို့လဲဆိုတော့ အက္ခေယျဋ္ဌ-ယောက်ျား မိန်းမဟူသော စကားကို။ အပရိညာယ-ရုပ်နာမ်နှစ်ပါး အပထား၍ လားလားမရှိ ထိုအသိကို မိမိပိုင်ပိုင် မသိနိုင်ကြကုန်သည်ဖြစ်၍။ မြန်မာလို ရှင်းပြန်တော့ အဲသလိုပဲ မိန်းမ, ယောက်ျား, ငါ, သူတစ်ပါး, ပုဂ္ဂိုလ်, အသက်လိပ်ပြာ, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ။ ခေါ်ဝေါ်သုံးစွဲနေတဲ့ စကားလုံးတွေ ရှိသလား မရှိဘူးလား၊ ဟုတ်သလား မဟုတ်ဘူးလား၊ မှန်သလား မမှန်ဘူးလားလို့ ပိုင်းခြားထိုးထွင်းသိနိုင်တဲ့ အသိဉာဏ်မရှိကြဘူးတဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒါ "အက္ခေယျဋ္ဌ အပရိညာယ" အဲဒီလို မရှိကြဘူး။ အေး . . . ရှိတဲ့လူရှာကြည့်တော့ မသင်မကြားရင် သိပ့်မလားဟ (မသိပါဘူးဆရာ)၊ အမေမွေးလာကတည်းက အန္ဓပုထုဇဉ်ဘဝနဲ့ မွေးလာကြတယ်၊ ဒီအတိုင်းပဲ နေကြတယ်၊ အသိဉာဏ်ပေးတဲ့ ဆရာလည်း မရှိဘူး။ ပေးနိုင်တဲ့ ဆရာထံလည်း မဆည်းကပ်ဘဲ ဒီလိုပဲနေတယ်။ ဒီလိုပဲနေတော့ တို့သုံးနေတဲ့ စကားလုံးတွေရဲ့ အသံထွက်တွေ နောက်ကွယ်မှာ သုံးတဲ့အတိုင်း တကယ်ရှိတယ်ဆိုတဲ့ အယူကြီးဟာ မှားပါလားဆိုတဲ့ အသိဉာဏ်တွေ ပေါ်ပ့်မလား (မပေါ်ပါဘူးဆရာ)၊ ဘယ်တော့မှ ဒီအသိဉာဏ်လည်းပဲ ပေါ်မှာမဟုတ်ဘူး။ ဒါဖြင့် ဘယ့်နှယ်လုပ်၊ ဒီအသိဉာဏ်တွေကို ဖော်ပေးတတ်တဲ့ ပုဂ္ဂိုလ်ထံ ဆည်းကပ်ရမယ့် ရဟန်းပညာရှိ လူပညာရှိ ဩော် . . . တို့တော့ဖြင့် အယူတွေ မှားနေပြီ၊ အသိတွေ မှားနေပြီ၊ အမှတ်တွေ မှားနေပြီ၊ ဒါကြောင့် ဒီဥစ္စာတွေ တကယ်မရှိတဲ့အကြောင်းတွေ ယုတ္တိယုတ္တာအားဖြင့် ဆောင်ပြီးတော့ သင်ကြားပြသနိုင်တဲ့ ဆရာထံ ဆည်းကပ်မယ်။ ဒီပုဂ္ဂိုလ်များထံ ဆည်းကပ်တော့ ဒီပုဂ္ဂိုလ်များက သင်ကြားပြသပေးအပ်တဲ့ ပညတ်ဆိုတာ ဒီအတိုင်းမဟုတ်ပါဘူး၊ ပါဠိစပ်က တပ်ပြီးတော့ ခေါ်နေတဲ့ စကားလုံးတွေ၊ အသံထွက်တွေဟာ ပညတ်တရားတွေပါပဲ၊ ခေါ်သာ ခေါ်တယ်၊ သုံးသာ သုံးတယ်၊ လုံးလုံးကြီး တကယ်မရှိဘူး၊ တကယ်မဟုတ်ဘူး၊ ဒါနားလည်အောင် ပြတ်ပြတ်သားသားနဲ့ သင်ကြားပေးလို့ သိတယ်၊ မသိဘူးလားကွာ (သိပါတယ်ဆရာ)။

အေး . . . အဲဒီလိုသိမှ စောစောကပြောခဲ့တဲ့ အန္ဓပုထုဇဉ်၊ မြန်မာလိုပြန်တော့ ကန်းနေတဲ့ ပုထုဇဉ်ဆိုတဲ့ဘဝက စက္ခုနှစ်ကွင်း အလင်းရတဲ့ ပုဂ္ဂိုလ်လိုပဲတဲ့၊ အမြင်မှန် မျက်စိရတာပေါ့နော်

http://www.dhammadownload.com



(ဟုတ်ကဲ့ပါဆရာ)၊ ခုမှ မှန်လာတယ်၊ ဒီလိုဆိုလိုတယ်၊ ဒါဖြင့် ကောင်းပါပြီ၊ ဒီအမှားကြီး မပြင်ဘဲနဲ့ ဒီအတိုင်းထားလျှင် ဘယ့်နှယ့်ဖြစ်မလဲဆိုရင် "ယောဂမာယန္တိ မစ္စုနော" မစ္စုနော-သေမင်း၏။ ယောဂံ-အလိုနိုင်ငံသို့။ အာယန္တိ-ဆွဲဆောင်၍ ပို့ကြလေကုန်၏။ အဲဒီသတ္တဝါမျိုးတွေ၊ ပညာမျက်စိ လုံးဝမရှိတဲ့ အန္ဓပုထုဇဉ်ဆိုတဲ့ လူမျိုးတွေ သေမင်းရဲ့ခံတွင်းထဲသို့ချည်း ကျနေတယ်၊ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ သေဘေးမှ လွတ်နိုင်ပါ့မလား (မလွတ်နိုင်ပါဘူးဆရာ)၊ ဘယ်ဘဝမှ မျှော်လင့်ချက်မရှိတဲ့၊ တစ်ဘဝလာရင်း သေရင်း၊ တစ်ဘဝလာရင်း သေရင်း၊ တစ်ဘဝလာရင်း သေရင်းနဲ့ အဲဒါကြောင့် တို့လူစု ဒီမရှိပညတ်ဆိုတဲ့ သဘောလေးတွေ၊ မရှိတာ ဘယ်ပုံဘယ်နည်း မရှိတာဆိုတဲ့ အဓိပ္ပာယ်လေး နားလည်ပါစေလို့၊ တို့များလည်း ဟိုတစ်ည နှစ်ညက ကနေ့ညထိ သုံးညပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ သုံးညရှိပြီ၊ အဲဒီရှေ့လည်း ဒီဓာတ်သား ပရမတ်သား သွားချင်ပါတယ်၊ အမှန်ကတော့၊ ဩော် . . . မရှိတဲ့ပညတ်ဆိုတာ တို့ပါးစပ်က ထွက်ခေါ်နေတဲ့ အသံထွက်တွေဟာ အသံထွက်သာ ရှိတာပဲ၊ အသံသာ ကြားရတာပဲ၊ တကယ်သုံးနေတဲ့ စကားလုံးတွေရဲ့နောက်ကွယ်မှာ တကယ်ရှိသလားလို့ ရှာကြည့်တော့ အခုပြသွားတဲ့သဘာဝဆိုရင်ဖြင့် ရုပ်ရှိတယ်၊ နာမ်ရှိတယ်၊ ဒါပဲ တွေ့ရတယ် ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

တို့ပြောတဲ့ တို့ပါးစပ်က ခေါ်ထားတဲ့ ပုဂ္ဂိုလ်ဆိုတာ လုံးဝမရှိဘူး၊ ရုပ်နာမ်သာ ရှိတယ်၊ တို့ပြောနေတဲ့ ယောကျ်ား မိန်းမဆိုတာ လုံးဝမရှိ၊ ရုပ်နာမ်သာ ရှိတယ် တို့ပြောနေတဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ လုံးဝမရှိ၊ ရုပ်နာမ်သာ ရှိတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါ သဝိညာဏက-အသက်ရှိတဲ့ သတ္တဝါတွေ ကြည့်လိုက်ပါ၊ အသက်လုံးလုံးမရှိတဲ့ တုံး, တိုင်, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ, လောကဓာတ် ဆိုတာ တစ်ဌာနကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ သက်ရှိနဲ့သက်မဲ့ ခွဲကြည့်ပါ၊ မင်းတို့ငါတို့ရဲ့ မျက်စိထဲလည်း ဒါပဲရှိတယ် မဟုတ်လား (ဒါပဲ ရှိပါတယ်ဆရာ)၊ အသက်ရှိတာက တစ်ပုံ၊ အသက်မရှိတာက တစ်ပုံ၊ လောကဓာတ်ကြီး ကြည့်ရင် ဒီနှစ်ပုံပဲ တွေ့မယ်။ ဒါဖြင့် အသက်မရှိတဲ့ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ, လောကဓာတ်, နေ, လ, နက္ခတ်, တာရာ, အိမ်, ကျောင်း, သိမ်, ဇရပ်, ရွာ, မြို့, နိုင်ငံဆိုတဲ့ အရာဝတ္ထုပစ္စည်းတွေ ကြည့်တော့ အသက်မဲ့ မဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် တို့လူစုက ပါးစပ်က ခေါ်တယ် ဒါအိမ်, ဒါကျောင်း, ဒါဇရပ်, ဒါမြို့, ဒါရွာ, ဒါနိုင်ငံ, ဒါဘုံ, ဒါဗိမာန်, ဒါနေ, လ, နက္ခတ် တာရာ၊ ဒါက တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, မခေါ်ဘူးလားကွ (ခေါ်ပါတယ်ဆရာ)၊ အန္ဓပုထုဇဉ်တွေကတော့ ခေါ်တဲ့အတိုင်းပဲ တကယ်ရှိတယ်လို့ မှတ်တယ်၊ တကယ်ဟုတ်တယ်လို့ မှတ်တယ် မမှတ်ဘူးလား (မှတ်ပါတယ်ဆရာ)၊ အေး . . . မှတ်သာ မှတ်တယ်၊ တကယ်ရှိရဲ့လားလို့ ကြည့်လိုက်တော့ ဒီလိုခေါ်နေတဲ့ တော, တောင်, ရေ, မြေ,

http://www.dhammadownload.com



သမုဒ္ဒရာဆိုတဲ့ စကားလုံးရဲ့နောက်ကွယ်မှာ တကယ်ရှာကြည့်တော့ ဘာမှမရှိဘူး၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ရုပ်ကျတော့ လှုပ်ရှားမှု အသက်ဝိညာဉ်ခေါ် ထားတဲ့ နာမ်ဓာတ်က မရှိတော့ ရုပ်သန့်သန့် ရှိသကိုး ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် လောကဓာတ်ကြီးမှာ လူရဲ့မျက်စိအမြင်အားဖြင့် ပိုင်းခြားကြည့်၊ တစ်ရပ်လုံး မပိုင်းခြားနဲ့၊ တစ်နိုင်ငံ မပိုင်းခြားနဲ့၊ ကိုယ့်အိမ်တင် ကိုယ်ပိုင်းခြား၊ ငါအိမ်မှာ ငါ့အိမ်ပြန် ကြည့်တော့ အသက်ရှိတဲ့ လူရယ်, အိမ်သူအိမ်သားရယ်, အသက်မရှိတဲ့ အိမ်ထောင်ပရိဘောဂ, အသုံးအဆောင်ရယ်, အိမ်ရယ်, ဝင်းနဲ့ခြံနဲ့, သစ်ပင်, ဝါးပင်, ဒါတွေ ရှိတယ်၊ ဒီလိုနှစ်မျိုး ဟုတ်ကဲ့ လား (ဟုတ်ကဲ့ပါဆရာ)၊ ဒီအပြင် ဘာရှိသေးလဲ (ဘာမှမရှိပါဘူး)၊ အေး . . . ဘာမှမရှိဘူးပေါ့၊ ဒါဖြင့် အသက်ထင်ရှားရှိတဲ့ တို့သဝိညာဏက ခေါ် ထားတဲ့ တို့အိမ်သူအိမ်သားတွေ ကြည့်လိုက်တော့ တို့ ခေါ် တော့ အိမ်သူအိမ်သားတွေပဲ, အဖေ, အမေ, ဦးလေး, ဦးထွေး, ဘကြီး, ဒါက သား, သမီး, ဒါညီ အစ်ကို မောင်နှမ။ ဩော် ဒါပုဂ္ဂိုလ်တွေ၊ သတ္တဝါတွေ၊ အသက်လိပ်ပြာတွေ တို့ကတော့ ပါးစပ်က တပ်ခေါ်တယ်၊ ခေါ်လိုက်တာ ဟုတ်သလား ကြည့်လိုက်တော့ မဟုတ်ပါဘူး။ သူတို့ကြည့်လိုက်တော့ ဒီစကားလုံးတွေက အသံထွက်ပဲရှိတာ၊ နောက်ကွယ်မှာ ကြည့်တော့ ရုပ်နဲ့နာမ်နဲ့ပဲ ရှိတယ်။ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် ရုပ်နဲ့နာမ် နှစ်ပါးပေါင်းစပ်တော့ လှုပ်လှုပ်ရွရွဖြစ်နေတာပဲ၊ အမှန်ကတော့ အမှုအရာလေး၊ ဒါဖြင့် အသက်မဲ့ဆိုတဲ့ အိမ်ထောင်ပရိဘောဂပစ္စည်းတွေနဲ့ အိမ်ရော၊ ဝင်းခြံရော၊ အတွင်းရှိတဲ့ ဥယျာဉ်ဗိမာန် ဆိုတာတွေ ကြည့်လိုက်ပြန်တာ တို့ခေါ် ထားတာ ဒါက အိမ်၊ ဒါက ကုလားထိုင်၊ ဒါက စားပွဲ၊ အိမ်ပရိဘောဂအသုံးအဆောင်နာမည်တွေ တပ်ပြီး ခေါ် ထားတယ်။ တို့ကလည်း တကယ်ရှိတယ်လို့ မှတ်နေတာ၊ တကယ်ဟုတ်တယ်လို့ မှတ်နေတာ၊ သေသေချာချာ ကြည့်လိုက်တော့ ဒါက မလှုပ်ရှားတဲ့ "အဝိညာဏက" အသက်လုံးဝမရှိတဲ့ စားပွဲ, ကုလားထိုင်, အိမ်, ကျောင်း, ဇရပ်တွေမှ မဟုတ်ဘဲနဲ့၊ ဒါကျတော့ ရုပ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အေး . . . အဲဒါကြောင့် ဒီပညတ်ဝေဝုစ် စကားရှုပ်ဆိုတဲ့ သဘောတရားတွေ ရှုပ်လွန်းလွန်းလို့ ဒီ အလိမ်ကြီး၊ ဒီ အရှုပ်ကြီး ရှင်းပေးနေရတယ်။ ဒါဖြင့် တို့လူစုက မနေ့ညက တို့များသင်ပေးထား သလို တိုတိုတုတ်တုတ်လေး မှတ်ထားစမ်းပါ လွယ်လွယ်လေးပါ။ ငါတို့သူငါ ပါးစပ်ဖျားက မရပ်မနား ပြောဆိုနေတဲ့ စကားလုံး အသံထွက်တွေ မှန်သမျှ လုံးဝမရှိသော ပညတ်တရား ဒီလိုမဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)၊ ဒီလိုဆိုတော့ ဩော် . . . နေရာမကျန် ကုန်ရောပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ တိုတို လေးမှတ်ပါ၊ တို့သုံးနေတဲ့ စကားလုံး အသံထွက်တွေ မှန်သမျှသည် ပညတ်တရား၊ မရှိတရား၊ အသံထွက်တွေ အသံသာ ထွက်နေတာ၊ အသံသာ ကြားနေတာ၊ သူ့ရဲ့နောက်ကွယ်မှာ ဒီစကားလုံး

http://www.dhammadownload.com



ခေါ်ထားတဲ့ အမည်နာမတွေ၊ စောစောက ပြောသလို ပုဂ္ဂိုလ်သတ္တဝါ, အသက်လိပ်ပြာ, တော, တောင်, ရေ, မြေ, သမုဒ္ဒရာဆိုတဲ့ အရာဝတ္ထုတစ်ခုမှ မရှိဘူး။ဒါလေးသိထားပါလို့နော် (ဟုတ်ကဲ့ပါဆရာ) အသံထွက်ပဲလို့ ဝေဖန်ကြည့် ဟုတ်သလား မဟုတ်သလားလို့။ ဒါဖြင့် ကောင်းပါပြီ၊ အဲဒီအသိလေးကို သိရုံပဲ သိထားပါ။ ဪ . . . ဒါဖြင့် မရှိလို့ ရှိရင်လည်း မသုံးရတော့ဘူးလား ဆိုတော့၊ ဟာ သုံးတာက သုံးရမယ်၊ မသုံးရင် ဘယ့်နှယ့်နည်းမှ လောကအကျိုးက ပြီးမြောက်စရာ အကြောင်းမရှိ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ) သုံးရမယ်တဲ့၊ သုံးပင်သုံးသော်လည်းပဲ လုံးလုံးကြီးမရှိဘူးဆိုတဲ့ အသိလေးကို သိထားပါ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အဲဒါများကျတော့ အရိယာပုဂ္ဂိုလ်ရဲ့အသိမျိုးခေါ်တယ်။ အရိယာပုဂ္ဂိုလ်တွေကတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီးသား အရိယာပုဂ္ဂိုလ်များကတော့ ဒီလိုပါပဲ၊ အရိယာပုဂ္ဂိုလ်တွေက သောတာပန် သကဒါဂါမ်ဆိုတာ အိမ်ထောင်ခြင်း၊ သားမွေးခြင်း ပြုသေးတယ်။ မြို့ထဲ ရွာထဲ နေပါသေးတယ်၊ ဘုရားလက်ထက်က ရာဇဂြိုဟ်တို့၊ သာဝတ္ထိတို့ ဆိုတဲ့ တိုင်းပြည်ကြီးတွေမှာ အရိယာပုဂ္ဂိုလ်တွေ အင်မတန်များပါတယ်၊ သောတာပန် သကဒါဂါမ်ဆိုတဲ့ အရိယာပုဂ္ဂိုလ်တွေ အင်မတန်များတယ်။ ဒါကြောင့် သာဝတ္ထိမြို့မှာ အားလုံး လူဦးရေပေါင်း ဘယ်လောက်ရှိသလဲ ဆိုလို့ရှိရင် ခုနစ်ကုဋေ ရှိတယ်၊ ငါးကုဋေက ခုပြောတဲ့ သောတာပန်အရိယာတွေ၊ သကဒါဂါမ်အရိယာတွေ အင်မတန်များ တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ရောင်းဝယ်, ဖောက်ကား, စားသောက်ပြီး သွားလာနေကြတာ၊ အိမ်ထောင်ခြင်း, သားမွေးခြင်း ရှိပါ၏၊ အရိယာဖြစ်သွားလို့ အိမ်ထောင်ခြင်း၊ သားမွေးခြင်းမရှိလို့ မဟုတ်ပါဘူး၊ တို့ရာဇဂြိုဟ်ပြည် လူဦးရေ ကိုးကုဋေရှိတယ်၊ ခုနစ်ကုဋေက အရိယာနော် (ဟုတ်ကဲ့ပါ ဆရာ)၊ နှစ်ကုဋေကျတော့ ပုထုဇဉ်တွေ၊ ကြည့်သေသေချာချာ အထက်တန်းဆိုတဲ့ အနာဂါမ် ရဟန္တာ များကျတော့ အိမ်ထောင်ခြင်း, သားမွေးခြင်း မရှိတော့ဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလို အရိယာ ဉာဏ်စဉ်ရလို့ အရိယာအစစ်ဖြစ်နေတဲ့ ပုဂ္ဂိုလ်များသည် အခုလိုပဲ ဒီအိမ်ထောင်ခြင်း၊ သားမွေးခြင်း အနေအားဖြင့် မြို့ထဲ ရွာထဲမှာ ရောင်းဝယ်ဖောက်ကား သွားလာစားသောက်နေတဲ့ပုဂ္ဂိုလ်များဟာ အခုမင်းတို့ငါတို့ ဒီအန္ဓပုထုဇဉ်များသိတဲ့ အသိမျိုးနဲ့ နှိုင်းယှဉ်ကြည့်တော့ မင်းတို့ငါတို့ ပြောနေတဲ့ ပါးစပ်က ထွက်လာတဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ တကယ်ရှိတယ်လို့ မှတ်နေတာ၊ မမှတ်ဘူး လားကွာ (မှတ်ပါတယ်ဆရာ)၊ ခုနငါပြောတဲ့ ရာဇဂြိုဟ်၊ သာဝတ္ထိမြို့မှာ ရှိကြတဲ့ အောက်မဂ် အောက် ဖိုလ်ရရှိကြတဲ့ အရိယာပုဂ္ဂိုလ်တွေကျတော့ ထွက်လာတဲ့စကားလုံး အသံထွက်တွေက တစ်ခုမှ မရှိဘူး ဆိုတာ သူတို့သိတယ်။ မသိဘူးလားကွာ (သိပါတယ်ဆရာ)၊ သိသာ သိတယ်၊ မသုံးဘဲ နေရဲ့လား (မနေပါဘူးဆရာ)၊ မသုံးဘဲ နေလို့ရှိရင် သူတို့လည်း ဒီမြို့ထဲ၊ တိုင်းထဲပြည်ထဲ နေလို့ဖြစ်မှာ မဟုတ် ဘူးနော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



## ပရမတ်တရား လေးပါး

အဲဒီလို အသိလေး ပြတ်သားသွားတဲ့သဘောကို နားလည်မှုရဖို့တဲ့ ဒီလိုဆိုလိုပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါဖြင့် တို့ဒီပညတ်စခန်းတော့ဖြင့် မရှိ ပညတ်ဆိုတဲ့ အနက်အဓိပ္ပာယ်ကို ဒီလောက်ဆိုလို့ရှိရင်ဖြင့် အတော်လေးလည်လည်ပတ်ပတ် သိရောပေ့ါကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း . . . ဒါဖြင့် တို့တစ်ဆင့်တိုးကြစို့၊ ဩော် . . . **မရှိ ပညတ်ရဲ့** အဓိပ္ပာယ်တော့ သိပြီ၊ **ရှိပရမတ်**ဆိုတဲ့ ပရမတ်ကို သွားကြစို့နော် (ဟုတ်ကဲ့ပါဆရာ)၊ ရှိတဲ့ပရမတ်တရားဟာ ဘယ်သူလဲလို့ ပထမဦးရေလေး မှတ်ရမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါမှတ်ကွယ်၊ **စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်,** ဆိုစမ်း (စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်) မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အေး . . . အများလည်း မှတ်မိပြီ၊ ဒါကတော့ ကြားဘူးနားဝရှိကြပါတယ်ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, လေးတန်သော ပရမတ္ထ။ အဲဒီ စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ်, နိဗ္ဗာန်ဆိုတာ ပရမတ်ဓာတ်တရားတဲ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ သူ့ကျတော့ တကယ်ရှိတဲ့တရား ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ သူကျတော့ တကယ်ရှိတဲ့တရားပေ့ါနော် (တကယ်ရှိတဲ့တရားပါဆရာ)၊ အေး . . . သူကျတော့ တကယ်ရှိတဲ့တရားတဲ့၊ ဒီတော့ အခုနပြောထားတဲ့ ပညတ်နဲ့ ဒီကတကယ် ရှိတဲ့တရားဆိုတဲ့ ရှိတရားနဲ့ နှိုင်းယှဉ်ကြည့်ရအောင် -

စောစောကတော့ မရှိဘူးဆိုတဲ့ ပညတ်၊ အခုတော့ ရှိတယ်ဆိုတဲ့ ပရမတ်ပေ့ါနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ ပရမတ်တရားလေးပါး၊ ဒီတရားလေးပါးကမှ တကယ်ရှိတယ်လို့ ကိုယ်တော်မြတ်က ဟောကြားတော်မူတယ်။ ဩော် . . . လက်စသတ်တော့ ဒီတရားလေးပါးကမှ တကယ်ရှိတယ်။ ဒါဖြင့် ဒီတရားလေးပါးအပြင်ဘက် ထွက်နေတဲ့ မင်းတို့ငါတို့ ပါးစပ်က ခေါ်ဝေါ်သုံးစွဲနေတဲ့ စကားလုံးအသံထွက်တွေက ရှိတဲ့တရားထဲ ဝင်ပါဦးမလားဟ (မဝင်ပါဘူးဆရာ)၊ အဲဒါလေးမှတ်ထား၊ ဒါဖြင့်ရင် တကယ်ရှိတာက စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ်, နိဗ္ဗာန်ရယ်, ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီထဲမှာကွယ် တကယ်ရှိတဲ့တရားက စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်လို့ လေးပါးသော ပရမတ္ထကို ကိုယ်တော်မြတ်က ချပြီးတော့ ဟောသွားတော့ တို့အရေးကြီးတာက စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ်, ဒီသုံးပါးက အရေးကြီးတယ်။ ပရမတ္ထတရား သုံးပါးပေ့ါနော် (ဟုတ်ကဲ့ပါဆရာ)၊ နိဗ္ဗာန်တော့ ဖယ်ထား၊ ဘာပြုလို့လဲဆိုတော့ အဲဒီနိဗ္ဗာန်ကြီးကိုပဲ ရောက်ချင်လို့၊ ရချင်လို့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် နိဗ္ဗာန်ကြီး ရောက်ချင်လို့၊ ရချင်လို့ ဆိုတော့ ရောက်ချင် ရချင်ဆိုတဲ့ နိဗ္ဗာန်ကြီး သင်စရာလိုသေးလို့လားကွာ (မလိုပါဘူးဆရာ)၊ မလိုပါဘူး၊ မလိုတော့ ဒီနိဗ္ဗာန်ကို ဖယ်ထားလိုက်၊ ပရမတ္ထ ဘယ်နှစ်ပါးကျန် (သုံးပါးကျန်ပါတယ် ဆရာ)၊

http://www.dhammadownload.com



ဘယ်သူဘယ်သူတုံး (စိတ်, စေတသိက်, ရုပ် သုံးပါးကျန်ပါတယ်ဆရာ)၊ အေး စိတ်, စေတသိက်, ရုပ်, သုံးပါးကျန်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီသုံးပါးကို တို့လူစုက သင်ကြားသွားရမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . ကိုယ်တော်မြတ်က တကယ်ရှိတယ်လို့ ဟောသွားတဲ့ ပရမတ်တရားသုံးပါးကို တို့နားလည်အောင် သင်ရမယ်။ တို့နားလည်အောင် သင်ရမယ်ဆိုတော့ တချို့က စိတ်တွေ, စေတသိက်တွေ, ရုပ်တွေ, ဆိုရင်တော့ သင်္ဂြိုဟ်ကိုးပိုင်းသင်တော့မှာပဲ လို့မှတ်ချင်မှတ်မယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီလိုသင်မှာ မဟုတ်ပါဘူး၊ ဝိပဿနာလမ်းကသွားတော့ ဝိပဿနာရှုမြင်ပွားများနိုင်တဲ့အခါမှာ အရေးပါအရာရောက်တဲ့ စိတ်ကလေး, စေတသိက်လေး, ရုပ်ကလေး ဒီလောက်ပဲ ခွဲသင်ရမှာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ စာသင်မှာ မဟုတ်ဘူးလို့၊ စာသင်တဲ့ပုဂ္ဂိုလ်များကျတော့ စိတ်ဆိုရင်လည်း စိတ်တရားတွေ အကုန်လုံးသင်ရတယ်၊ သရုပ်ခွဲရတယ်၊ စေတသိက်ဆိုရင်လည်း စေတသိက်တရားတွေ အကုန်လုံးသင်ရတယ်၊ သရုပ်ခွဲရတယ်၊ ရုပ်ကျလည်းပဲ ကိုယ်တော်မြတ် ဟောတော်မူတဲ့ရုပ်တရားတွေ မှန်သမျှ အကုန်သင်ရတယ်၊ တတ်အောင် သင်ရတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ စာသင်တာခေါ်တယ်၊ ဒီမဂ်ဉာဏ် ဖိုလ်ဉာဏ် ရဖို့လို့ အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ လက္ခဏာကြီးသုံးပါး ပွားများဖို့ ဝိပဿနာလမ်းက သွားကြတော့၊ အဲဒီဝိပဿနာပွားများနိုင်တဲ့ အချိုးလောက်ကလေး၊ ဒီလောက်ကလေး ကောက်ကာ ငင်ကာနဲ့ သင်ရမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဘာမှ ပင်ပန်းစရာမရှိဘူး၊ လွယ်လွယ်လေးနဲ့ ဒီက လက်ခံနိုင်လောက်တဲ့ သင်နည်း ကြားနည်းနဲ့ သင်ပေးမယ်၊ ဦးနှောက်တွေလည်း ခြောက်မသွားနဲ့၊ တချို့က ဒီလိုစာသင်ပေးမယ်၊ ဘာသင်ပေးမယ်ဆိုတော့ ကြောက်သကိုးကွ၊ ဉာဏ်က နည်းတော့ဟာ . . . တို့ကိစ္စရှိသေးတယ်။ မှတ်နိုင်မှာ မဟုတ်ပါဘူး၊ တက်နိုင်မှာ မဟုတ်ပါဘူး၊ တချို့ကလည်း အဲဒါစိတ်ပျက်သွားတတ်တယ်။ စိတ်မပျက်ပါနဲ့လို့ ဒီက မြန်မာလို သင်ပေးမှာ၊ ဒီစာအတိုင်း မဟုတ်ပါဘူး၊ အမှန်ကတော့ မြန်မာလို နားလည်အောင် ပြောပေးမှာ။

## နိဗ္ဗာန်ကို ရောက်ချင် ရချင်တဲ့ တရားသုံးပါး

ဒါဖြင့် ကောင်းပါပြီ၊ တို့တကယ်ရှိတယ်ဆိုတဲ့ ပရမတ်တရားလေးပါးမှာ နိဗ္ဗာန်ကို ဖယ်ထားဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ နိဗ္ဗာန်ကို ဘာဖြစ်လို့ ဖယ်ထားသလဲ (နိဗ္ဗာန်ကို ရောက်နိုင်တဲ့တရားသုံးပါးအတွက်ကြောင့်ပါဆရာ)၊ ဟင်း ဘယ့်နှယ်နိဗ္ဗာန်ကို ရောက်နိုင်တဲ့တရားသုံးပါးလို့ မင်းဘာပြောနေသလဲ၊ (နိဗ္ဗာန်ကိုရောက်နိုင်တဲ့ စိတ်, စေတသိက်, ရုပ်, တရားသုံးပါးအတွက်ကြောင့်ပါဆရာ)၊ သူ့အတွက်ကျတော့ ဘာလို့ချန်ထားသလဲ (ဒီတရားသုံးပါး သိလို့ရှိရင် နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ အေးလေ . . . နိဗ္ဗာန်ရောက်နိုင်တယ်။ ဩော် . . . ဒီတရားသုံးပါးသိလို့ရှိရင် နိဗ္ဗာန်ရောက်နိုင်တယ်လား (ဟုတ်ကဲ့ပါဆရာ)၊ ရောက်နိုင်တာ ဘာပြုလို့တုံးလို့၊ နိဗ္ဗာန်ကို ဘာဖြစ်လို့ ချန်ထားတာတုံးလို့၊ ဒီလေးပါးရှိတဲ့အနက်က၊ အဲဒါ မြန်မာလူမျိုး မြန်မာစကားပြောတတ်ဖို့ လိုတယ်၊ ကိုယ်ပြောတဲ့ အဓိပ္ပာယ်ကို ကိုယ်လိုချင်ရာရောက်အောင် ပြောနိုင်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . တော်တော်ဆန်းတယ်၊ နိဗ္ဗာန်ကို မင်းရောက်ချင် ရချင်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒီနိဗ္ဗာန်ရောက်ချင် ရချင်လို့ရှိရင် ဒီနိဗ္ဗာန်ထည့် သင်စရာ လိုသေးသလားဟ (မလိုပါဘူးဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဩော် . . . နားလည်သွားပြီ (ဟုတ်ကဲ့ပါဆရာ)၊ ပြန်ပြောစမ်း . . . မင်း ဒီအဓိပ္ပာယ်နဲ့၊ နိဗ္ဗာန်ကိုရောက်ချင် ရချင်လို့ ဆိုတော့ကွာ ဒီနိဗ္ဗာန် သင်စရာ ကြားစရာမလိုဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ လိုသေးသလား (မလိုပါဘူးဆရာ)၊ အဓိပ္ပာယ်ကော မင်းနားလည်သလား (နားလည်ပါတယ်ဆရာ)။

နားလည်ရင် တော်ပါပြီကွာ၊ တို့ ဆုံးမှာမဟုတ်ဘူး၊ မင်းကိုယ်တိုင် နားလည်ရင် တော်ပါပြီ၊ နိဗ္ဗာန်ကိုရောက်ချင်လို့ ရချင်လို့ ကြိုးစားနေပါတယ်ဆိုတော့ ဒီနိဗ္ဗာန်ထည့်သွင်းစရာ မလိုဘူး ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် **ဒီနိဗ္ဗာန်ရောက်ချင်ရင် ဘာတွေ သင်ပြီးတော့ ဘာတွေ ကြိုးစားရမလဲ** ဆိုတော့ ခုနပြောတဲ့ ကျန်တဲ့ပရမတ်တရားသုံးပါးကို သင်ရမယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ်, ဒါသင်ရမှာပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ဒီတရားသုံးပါးကို သင်လို့ရှိရင် ဒီသုံးပါးတတ်ရင် နိဗ္ဗာန်ရောက်တယ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဟုတ်ပြီ၊ ဒါမြန်မာလို တိုတိုတုတ်တုတ်ပေါ့ကွယ်၊ မှတ်ထားပါ သေသေချာချာ၊ စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ်, ဒီပရမတ်တရားသုံးပါးကို ပြတ်ပြတ်သားသား နားလည်အောင် သင်လို့, ကြားလို့, တတ်မြောက်လိမ္မာလာရင် နိဗ္ဗာန်ကို ရောက်နိုင်တယ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဟုတ်ပြီ၊ ဒါကြောင့်လည်း တို့ပြည်ပိုင် အစိုးရကလည်းကွယ် အရပ်ရပ် အမြို့မြို့ အရွာရွာ ဆိုသလိုပဲ ဒီလူငယ် လူရွယ်လေးတွေ အကုန်လုံးပဲ သင်္ဂြိုဟ်သင်တန်းတွေ ဖွင့်ဖွင့်ပေးကြတယ်၊ အမြို့မြို့ အရွာရွာလည်း သင်ကြ၊ ကြားကြပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

တစ်ခါ မသိ တစ်ခါသိ ဆိုသလို ဒီပရမတ်သဘော အဓိပ္ပာယ်လေးတွေ နားလည်လာရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် အင်မတန်နီးတဲ့တရားဆိုပြီးတော့ ပြည်ပိုင်အစိုးရကလည်း တော်တော်ကြီး အားထုတ်ပါတယ်၊ ယဉ်ကျေးမှုရအောင်၊ စာရိတ္တတွေကောင်းလာအောင်ဆိုတဲ့ အနေအားဖြင့် လုပ်တယ်၊ လုပ်လည်း လုပ်ကြပါတယ်၊ ကြိုးလည်း ကြိုးစားပါတယ်။ အခုတော့ ဒီအဘိဓမ္မာသင်တန်း တက်ကြလို့ များသောအားဖြင့် လူငယ် လူရွယ် လူကြီးတွေ သုံးပိုင်းတတ်တဲ့ပုဂ္ဂိုလ်တွေ၊ ခြောက်ပိုင်း တတ်တဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်တွေ၊ ကိုးပိုင်းတတ်တဲ့ပုဂ္ဂိုလ်တွေနော် (ဟုတ်ကဲ့ပါဆရာ)၊ အင်မတန်လည်း အားရှိစရာ ဝမ်းသာစရာလည်း ကောင်းပါတယ်၊ အဲဒါဖြင့်ကွယ် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်လို့ တကယ် ရှိတယ် ဆိုတဲ့ တရားလေးပါးကို ကိုယ်တော်မြတ် ဟောထားတယ်။ ဒီတရားလေးပါးမှာ တကယ် ရှိတယ်လို့ ဟောတော့၊ ဒီတရားလေးပါးနဲ့ ချိန်ထိုးကြည့်လိုက်တော့ ဒီတရားလေးပါးထဲ မပါပဲ အပြင်ဘက် ထွက်နေရင် ဒါမှုချလုံးလုံးမရှိတဲ့တရားပဲလို့ မသိနိုင်ဘူးလား (သိနိုင်ပါတယ်ဆရာ)၊ ဒါ သေချာပါ တယ်ကွ။ ဒီတော့ ရှိတဲ့တရားကို သရုပ်ဖော်ထားမှုဖြင့် ကျန်တာတွေ မရှိဘူးပေါ့ (ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် ဒီတရားလေးပါးထဲလည်း ဒီနိဗ္ဗာန်ဆိုတာ ထည့်သင်စရာ မလိုဘူးကွ၊ ဘာပြုလို့ အဲဒီနိဗ္ဗာန်ကိုပဲ ရောက်ချင် ရချင်လို့ ကြိုးစားနေကြပါတယ် ဆိုတော့ နိဗ္ဗာန်ကို သင်စရာမလိုလို့ပဲနော်။

## စိတ်အရေအတွက် အကျဉ်း (၈၉)၊ အကျယ် (၁၂၁)ပါး

ဒါနဲ့ သူ့ကို နုတ်ထားလိုက်ပါ၊ ကျန်တဲ့ စိတ်, စေတသိက်, ရုပ်, ဆိုတဲ့ တရားသုံးပါးကို သင်ရမယ် နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါမသင်ခင် ဘာလုပ်ရမလဲဆိုတော့ အဲဒီစိတ်လည်းပဲ ဘယ်လောက် ရှိတယ်၊ စေတသိက်ကလည်း ဘယ်လောက် ရှိတယ်၊ ရုပ်ကလည်း ဘယ်လောက်ရှိတယ် ဆိုတာ တို့လူစုကလည်း အကြမ်းဖျဉ်းလေး မှတ်ထားကြပါနော် (ဟုတ်ကဲ့ပါဆရာ)၊ တို့ဘုရားကိုယ်တော်မြတ် ဟောသွားတာ၊ စိတ်ဆိုတဲ့တရားဟာ လုံးရေပေါင်း ဘယ်လောက်ရှိသလဲလို့၊ ဒီသင်္ချာလေးတော့ မှတ်ထားပါ ဂဏန်းလေးတွေ၊ စိတ်ဆိုတဲ့ ပရမတ်ဓာတ်တရားမှာ ကိုယ်တော်မြတ် ဟောသွားတာ အကျဉ်းအားဖြင့် (၈၉)ပါး ရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အကျယ်အားဖြင့် (၁၂၁)ပါးရှိတယ်၊ မှတ် မိပြီလား (ဟုတ်ကဲ့ပါဆရာ)၊ ကိုယ်တော်မြတ် ဟောတော်မူသော တကယ်ရှိတဲ့ စိတ်တရားသည် အကျဉ်းနည်းနဲ့ ရေတွက်ရင် ဘယ်လောက်ရှိသလဲ၊ (၈၉-ပါး ရှိပါတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ၊ အကျယ်နည်းနဲ့ ရေတွက်တော့ (၁၂၁-ပါးရှိပါတယ်ဆရာ)၊ အေး . . . အဲဒါ အကုန်ပဲကွနော် (ဟုတ် ကဲ့ပါဆရာ)၊ အေး . . . အဲဒါလေးမှတ်ထားပါ၊ ဒါထက်လည်း မပိုပါဘူး၊ ပိုလည်း ရှာစရာ မလိုတော့ ပါဘူး အတိအကျပဲ။ သတ္တဝါတို့ရဲ့သန္တာန်မှာ ဖြစ်ပျက်နေသော စိတ်ဆိုတဲ့ တရားမျိုးတွေ အကုန်လုံး စုပေါင်းပြီး ရေတွက်ကြည့်ရင် အမျိုးပေါင်း ဘယ်လောက်ရှိတယ်၊ အကျဉ်းနည်းနဲ့ ရေတွက်ရင် (၈၉)ပါး ရှိတယ်၊ အကျယ်နည်းနဲ့ ရေတွက်ကြည့်ရင် (၁၂၁)ပါးရှိတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ အေး အရေအတွက်လေးတော့ မှတ်ထားပေတော့ -

http://www.dhammadownload.com



## စေတသိက်အရေအတွက် (၅၂)ပါး

တစ်ခါလာပြန်ပြီ၊ စေတသိက်ဆိုတဲ့ ပရမတ်တရားကျတော့ ကိုယ်တော်မြတ် ဘယ်လိုဟော သွားတုံး၊ တကယ်ရှိတယ်ဆိုတဲ့ စေတသိက် ပရမတ်တရားဟာ အားလုံးမှ (၅၂)ပါးရှိပါတယ်တဲ့။ သူ့ကျတော့ အမှတ်ရလွယ်လိုက်တာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဟော . . . စေတသိက်ဆိုတဲ့ ပရမတ်တရားဟာ ဘယ်လောက်ရှိတယ် (၅၂-ပါးရှိပါတယ်ဆရာ)၊ ဒါကုန်ပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ဒါထက် မပိုပါဘူး၊ ဒါအများဆုံးပဲ၊ ဒါဖြင့်ရင် စိတ်ပရမတ်က အကျဉ်းနဲ့ရေတွက်ရင် (၈၉)ပါး၊ အကျယ်နဲ့ ရေတွက်ရင် (၁၂၁)ပါး၊ စေတသိက်ပရမတ်က အကျဉ်းအကျယ် မလိုပါဘူး၊ တစ်မျိုးတည်း ရှိတယ်၊ အားလုံးမှ သူက (၅၂)ပါး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

## ရုပ်အရေအတွက် (၂၈)ပါး ရှိတယ်

ရုပ်ဆိုတဲ့ ပရမတ်တရားလာပြန်ပြီ၊ ရုပ်ဆိုတဲ့ ပရမတ်တရားကို ကိုယ်တော်မြတ်က ဟောထားတာ အများဆုံး (၂၈)ပါးရှိတယ်၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . ရုပ်ဆိုတဲ့ ပရမတ်တရား ဘယ်လောက်ရှိတယ် (၂၈-ပါးရှိပါတယ်ဆရာ)၊ ဒါထက်ပိုသေးလား (မပိုပါဘူးဆရာ)၊ အေး . . . မပို ပါဘူး၊ ဒါပေမယ့် ရုပ်ကို ရေတွက်တဲ့နေရာမှာ အမျိုးမျိုးရှိတယ်၊ ဒီ (၂၈)ပါးကို လှည့်ကာပတ်ကာ ရေတွက်တဲ့နည်းတွေလည်း အမျိုးမျိုးရှိတယ်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ စိတ်ရယ်, စေတသိက် ရယ်, ရုပ်ရယ်, ဒီပရမတ်တရားသုံးပါး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ငါပြန်မေးပါဦးမယ်၊ စိတ် ဆိုတဲ့ ပရမတ်တရားမှာ စိတ်တရားသည် လုံးရေအားဖြင့် ရေတွက်ကြည့်ရင် အကျဉ်းနည်း၊ အကျယ် နည်း နှစ်မျိုးရှိတဲ့အနက် အကျဉ်းနည်းနဲ့ ရေတွက်ရင် လုံးရေဘယ်လောက်ရှိလဲ (၈၉-ပါးရှိပါတယ် ဆရာ)၊ အကျယ်နည်းနဲ့ ရေတွက်တော့ (၁၂၁-ပါးရှိပါတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ၊ စေတသိက် ကကော ဘယ်လောက်ရှိလဲ (၅၂-ပါးရှိပါတယ်ဆရာ)၊ ရုပ်ကကော (၂၈-ပါးရှိပါတယ်ဆရာ)၊ အေး အဲဒါလေး မှတ်ထားပေ့ါနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါလေးမှတ်ထားတော့ စိတ်တွေကလည်း (၁၂၁)ပါး၊ စေတသိက်တွေကလည်း (၅၂)ပါး၊ ရုပ်ကလည်း (၂၈)ပါး ဒါတွေကို တို့လျှောက်ပြီး သင်ရမလားလို့၊ ဒါတွေကို သင်လည်းပြီးနိုင်စရာ အကြောင်းမရှိဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီသုံးပါးအတိုင်း အရေ အတွက်သင်မယ်ဆိုရင် အဲဒါသင်္ဂြိုဟ်ကိုးပိုင်း သင်တာနဲ့ အတူတူပါပဲ ဒီလိုမဟုတ်လားကွ (ဟုတ်ကဲ့ ပါဆရာ)။

တို့လူစုက သင်္ဂြိုဟ်ကိုးပိုင်းတတ်အောင် သင်တဲ့လမ်းကလည်း မဟုတ်ဘူး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိုတဲ့ ဝိပဿနာတရားရအောင် ကြိုးစားအားထုတ်နေတဲ့ သင်တန်းဆိုတော့၊ ဒါဖြင့် ဒီတရားတွေ

http://www.dhammadownload.com



ချော်ပြီးတော့ လုံးစေ့ပတ်စေ့ သင်ဖို့ ကြားဖို့ မလိုဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီဝိပဿနာကို ပွားများအားထုတ်တတ်ဖို့ဆိုတဲ့ အချိုးလောက်ကလေး၊ ဒီအထဲက နည်းနည်းလေးထုတ်ပြီး သင်ရမှာ ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ကောင်းပြီ၊ ဒါဖြင့် စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ်, ပရမတ် တရား သုံးပါးပေါ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒီပရမတ်တရားသုံးပါးအနက် လုံးရေတွေ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ စိတ်လုံးရေက အကျဉ်းနည်း ဘယ်လောက်ရှိလဲ (၈၉-ပါးရှိပါတယ်ဆရာ)၊ အကျယ်နည်းက (၁၂၁-ပါးရှိပါတယ် ဆရာ)၊ စေတသိက်ကရော (၅၂-ပါးရှိပါတယ် ဆရာ)၊ ရုပ် ကကော (၂၈-ပါးရှိပါတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ၊ မှတ်မိတယ်ပေါ့နော် (မှတ်မိပါတယ်ဆရာ)၊ မှတ်မိတော့မှ တစ်ခါပြန်ပြီးတော့ တို့ရှင်းကြဦးစို့နော် (ဟုတ်ကဲ့ပါဆရာ)။

အကျဉ်းဆုံး နည်းလေးတွေနဲ့ သွားမယ်၊ ဒါမှ သူများလည်း လိုက်နိုင်မယ်၊ တချို့လည်း စာသင် ဖူးတာ မဟုတ်ဘူး၊ လူဆိုတာ များသောအားဖြင့် စာနဲ့ ပေနဲ့ နီးစပ်တာ မဟုတ်ဘဲနဲ့ "ဃရာဝါသော ဗဟုကိစ္စော" အသက်မွေးဝမ်းကြောင်းအဖြစ် ပြေးရ, လွှားရ, ရှာဖွေရ, သားရေး, သမီးရေး, ဆွေရေး, မျိုးရေး, ဆိုသလိုပဲ ဒုက္ခတွေက အင်မတန်များတော့ စာပေကို သင်ဖို့ ကြားဖို့ အင်မတန်ခဲယဉ်းတယ်။ ဒါကြောင့် ဒီစာပေတွေ မတတ်သမျှ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူး၊ သံသရာဝဋ်က မကျွတ်နိုင်ဘူး ဆိုလည်း ခက်ရချည်ရဲ့၊ ဒါပေမယ့် ဒီလိုလည်း မဟုတ်ပါဘူး၊ တတ်အောင် သင်ရင် ပိုပြီးကောင်း ပါတယ်၊ ဒီစာတွေ တတ်အောင် မသင်နိုင်သော်လည်းပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်း ရနိုင်ပါတယ်လို့ နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါအတိုဆုံးနည်းလေးတွေနဲ့ ဒီကနေပြီးတော့ သင်သင်ပေးတယ်၊ အဲဒါလေး တွေ သမာဓိကောင်းကောင်းထားပြီး မှတ်သားကြပါ။

## အဘိဓမ္မာတရားဆိုတာ သိကောင်းစရာ

ဒီအဘိဓမ္မာတရားဆိုတာ ငါပြောမယ်၊ အဘိဓမ္မာတရားဆိုတာ အင်မတန်ကိုပဲ ပျင်းစရာ ကောင်းပြီး ခြောက်ကပ်ကပ်ကြီးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ခြောက်ခြောက်ကပ်ကပ်တရားတွေပဲ၊ ဆွဲစရာ ငင်စရာလည်း မပါဘူး၊ လွမ်းစရာ ဆွေးစရာလည်း မပါဘူး၊ နှောစရာလည်း မပါဘူး၊ ရယ်စရာ မောစရာလည်း မရှိဘူး၊ ပြီးတော့လည်းပဲ တိတိကျကျ သမာဓိတည်ငြိမ်စွာ ထားပြီတော့ နာကြရမယ်။ အဘိဓမ္မာဆိုတာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီတော့ စိတ်, စေတသိက်, ရုပ်ဆိုတာ အဘိဓမ္မာဒေသနာ ပါပဲလို့၊ အဲဒီဒေသနာထဲ ထုတ်နုတ်သင်နေကြတယ်ဆိုတော့ တရားကိုက နဂိုမူလကတည်းက တရား ခြောက်ကပ်ကြီး၊ အဲဒီတရားခြောက်ကြီး နာကြရတော့ နဂိုကမှ စာမသင်ဖူးတဲ့အထဲမှာ တော်တော်ကြီး ခက်ခက်ခဲခဲအနေအားဖြင့် မြန်မာလို မပြောဘဲနဲ့ ခက်ဆစ်ကလေးတွေ ပြောသွားတော့ လက်မခံ

http://www.dhammadownload.com



နိုင်ဘူး၊ မခံနိုင်တော့ ဘယ်လိုဖြစ်သွားလဲဆိုတော့ စိတ်က ငြီးငွေ့တယ်၊ မလိုက်ချင်တဲ့စိတ် ပေါ်လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့်လို့ တို့လူစုက ဒီလိုသဘောမထားပါနဲ့၊ ဒီက တစ်လုံးချင်း တစ်လုံးချင်း သင်ပေးနေတာ၊ ဒီတစ်လုံးမရလို့ မတတ်ရင် ရှေ့တိုးမပေးပါဘူး၊ ဒီတစ်လုံးကိုပဲ အရပေးနေတယ်၊ ဒါဝိပဿနာလမ်းက ဒီလိုပဲသွားတယ်။

ဒါကြောင့် ဒီအဓိပ္ပာယ်အားဖြင့် ရုပ်တစ်လုံးပြလိုက်လို့ ဒီရုပ်တရားဟာ နားမလည် လည်အောင် ထပ်ခါထပ်ခါနဲ့ သင်ကြားပေးလို့ တတ်သွားပြီ ရသွားပြီဆိုတာ၊ အဲဒီ သင်တန်းတက်နေတဲ့ပုဂ္ဂိုလ်များ ကိုယ်တိုင်သိပါလိမ့်မယ်၊ ဒီစိတ်တစ်လုံးပြတ်သားသွားတယ်၊ ရုပ်တစ်လုံး နားလည်သွားတယ်ဆိုတော့ အသိဆုံးသွားတယ်။ ဘုရားကိုယ်တော်မြတ်ဟောတာ ဒီဓာတ်ရဲ့အဓိပ္ပါယ်အတိုင်းပဲ၊ အဓိပ္ပာယ် အတူတူပဲ၊ သဘောက ဒီလိုပဲ၊ အနက်တရားကိုယ်က ဒီလိုပဲလို့၊ လမ်းဆုံးအောင် သိတယ်ဆိုတဲ့ အချိန်ကျတော့ ကိုယ့်မှာ ဘယ်လို ဝမ်းပန်းတသာ ဖြစ်လာမယ်၊ ဘယ်လောက်မျက်လုံး ကျယ်လာမယ်၊ ကိုယ်တိုင်လည်း သိပါမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဘာဖြစ်လို့လဲဆိုတော့ မြတ်စွာဘုရားကိုယ်တော် မြတ်ဟောတဲ့ "သာမုက္ကံသိက"ဆိုတဲ့ ဝိမုတ္တိရသ အရသာထူးကြီးကို တစ်ခါရလာပြီဆိုတော့ ဝမ်းသာမဆုံး ဖြစ်လာပါတယ်၊ ဒါကြောင့် ဒီညမှာ "မရှိ ပညတ်၊ ရှိ ပရမတ်" ဆိုတာ ပြောပြပေးပါမယ်နော် (ဟုတ်ကဲ့ပါဆရာ)။

## စိတ်ဆို အာရုံသိချင်း တူကြပါတယ်

ကိုင်း . . . ဒါဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ဆိုတဲ့ ပရမတ်တရားလေးပါးအနက် နိဗ္ဗာန် ပရမတ်ဓာတ်ကို သွားကြရအောင်၊ ဘာဖြစ်လို့လဲ နိဗ္ဗာန်က သင်စရာ ကြားစရာ မလိုဘူး။ ဒါဖြင့် စိတ်ကို သင်ရမယ်၊ စေတသိက်ကို သင်ရမယ်၊ ရုပ်ကို သင်ရမယ်၊ ကိုင်း . . . ကောင်းပါပြီ၊ သင်စမ်းပါ ဆိုတော့ စိတ်အလုံးရေအားဖြင့် ရေတွက်ကြည့်ပါ၊ အကျဉ်းအားဖြင့် (၈၉) ပါးရှိတယ်၊ အကျယ်အားဖြင့် (၁၂၁)ပါးရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ စိတ်လုံးရေ အကျဉ်းနည်း (၈၉)ပါး၊ အကျယ်နည်း (၁၂၁)ပါး မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ပထမဆုံး စိတ်တစ်လုံးက စမယ်။ မင်း ဒီစိတ်ကလေးတစ်လုံး မင်း ဘာသတ္တိရှိလဲ, ဘာသဘောရှိလဲ, ဘာအဓိပ္ပာယ်ရှိလဲ, ဟိုက ပြောလိမ့်မယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ စိတ်ကတော့ အာရုံကို သိတတ်တဲ့သဘောရှိပါတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ နောက်နံပါတ် (၂) စိတ်တစ်လုံး တွေ့မယ်၊ ဒီစိတ်က ဘာသတ္တိရှိလဲ၊ ဘာသဘောရှိလဲ၊ ဘာအဓိပ္ပာယ်ရှိလဲ မေးတော့ ကျွန်တော်ကလည်း အာရုံကိုသိတတ်တဲ့သဘောရှိတယ်လို့ ပြောတယ်နော် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါ ဆရာ)၊ အဲဒီလိုပဲ ဒီစိတ်ကလေးက ဘာသတ္တိရှိလဲ၊ ဘာသဘောရှိလဲ၊ ဘာအဓိပ္ပာယ်ရှိလဲ လို့မေးတော့

http://www.dhammadownload.com



ကျွန်တော်ကလည်း ဒီစိတ်ကလေးက အာရုံသိတတ်တဲ့သဘောရှိပါတယ်။ ဆက်သွားကွယ် နံပါတ် (၃), (၄), (၅), (၆) စသည်ဖြင့် (၁၂၁)ခု ရှိပါတယ်။ ဒီလိုချည်းပဲ၊ အာရုံပြုတတ်တဲ့သဘောရှိတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့်လို့ သူတို့ဟာ အာရုံသိတတ်တဲ့သဘောလက္ခဏာချင်း မတူဘူးလား (တူပါတယ်ဆရာ)၊ ဒီတော့ အာရုံကို သိတတ်တဲ့ သဘောချင်းတူလို့တဲ့၊ တစ်ပေါင်းတည်း, တစ်ခုတည်း လုပ်လိုက်ပါ။

အဲဒီစိတ်ကလေးတစ်ခုပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ "အာရမ္မဏဝိဇာနနလက္ခဏာ" အားဖြင့် တစ်ပါး နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ စိတ်က တစ်ပါးတည်းဖြစ်သွားပြီးပေါ့၊ (တစ်ပါးတည်းဖြစ်သွား ပါပြီဆရာ)၊ ရှင်းမသွားဘူးလား (ရှင်းသွားပါတယ်ဆရာ)၊ ရှင်းသွားပြီ၊ သင်ရတာ အလွယ်ဆုံးနည်း၊ တို့လူစုတွေ လက်ခံနိုင်ပါစေ၊ ဒီလိုလေးနော် (ဟုတ်ကဲ့ပါဆရာ)၊ "အာရမ္မဏဝိဇာနနလက္ခဏာ" အားဖြင့် ဒီ(၁၂၁)လုံးသော စိတ်တွေကို တစ်ပေါင်းတည်းအဖြစ်၊ တစ်ခုတည်း လုပ်လိုက်ပါ။ စိတ်တစ်ခု ဖြစ်သွားပြီနော် (ဟုတ်ကဲ့ပါဆရာ)၊ ပြီးတော့မှ စေတသိက် (၅၂)ပါး လာပြန်ပြီနော် (ဟုတ်ကဲ့ပါဆရာ)၊ စေတသိက် (၅၂)ပါးကျတော့ ပေါင်းလို့ မရဘူးတဲ့ သိလား (ဟုတ်ကဲ့ပါဆရာ)၊ ပေါင်းလို့ မရဘူးတဲ့၊ ဘာဖြစ်လို့လဲ၊ စေတသိက် (၅၂)ပါးက၊ ခုနက စိတ်အကျယ် (၁၂၁)ပါးလို တစ်ခုနဲ့တစ်ခု မတူကြဘူး၊ သူတို့ကျတော့ တစ်ခုနဲ့တစ်ခုမတူတော့ ကောင်းပြီ၊ မတူရင် ဒီအတိုင်းထား ဒီလိုမဟုတ်လား (ဟုတ်ကဲ့ ပါဆရာ)၊ ဒါဖြင့် စေတသိက်လုံးရေက (၅၂)ပါး၊ အတိုင်းထားပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အခု ပြတာကို မင်းနားလည်သွားပြီ မဟုတ်လား (နားလည်ပါပြီဆရာ)၊ စိတ်က ဘယ်လောက်ရှိလို့လဲ (စိတ်က တစ်ပါးတည်း ရှိပါတယ် ဆရာ)၊ တစ်ပါးတည်းရှိတယ်၊ စေတသိက်ကကော (၅၂-ပါးရှိပါ တယ်ဆရာ)။

## နာမ် ဓာတ်ဓလေ့ (၅၃)ပါး ဆိုတာ ဘာလဲ

အေး . . . ဟုတ်ပြီ၊ ဒါဖြင့်ကွယ် ကြည့်စမ်းပါဦး သေသေချာချာ၊ ဒီစိတ်ရဲ့ အဓိပ္ပာယ်နဲ့ စေတသိက်ရဲ့ အဓိပ္ပာယ်လေးတွေ ငါတစ်ခါရှင်းပြပါမယ်၊ သူတို့နှစ်ခုက ပေါင်းတော့မှာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ စိတ်တစ်ပါးနဲ့ စေတသိက် (၅၂)ပါးနဲ့ပေါင်းကွာ၊ (၅၃)ခုဖြစ်တယ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အေး . . . (၅၃)ပါးဖြစ်သွားပြီ၊ ပေါင်းလိုက်ပြီနော် (ဟုတ်ကဲ့ပါဆရာ)၊ နည်း မသွားဘူးလား (နည်းသွားပါတယ်ဆရာ)၊ စောစောတုန်းက စိတ်တစ်ခုယုတ် (၉၀)၊ အကျယ်အားဖြင့် (၁၂၁)ပါး မှတ်ရတာက တစ်မျိုး။ စေတသိက် (၅၂)ပါး မှတ်ရတာက တစ်မျိုး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အခုတော့ စိတ်နဲ့စေတသိက် ပေါင်းလိုက်ပြီလား (ပေါင်းလိုက်ပါပြီဆရာ)၊ ပေါင်း

http://www.dhammadownload.com



လိုက်ရင် ဘယ်လောက်ရသလဲ (၅၃-ပါးရပါတယ်ဆရာ)၊ ဩော် . . . (၅၃)ပါးရတယ်၊ ရှင်းမသွားဘူးလား (ရှင်းသွားပါတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ၊ ရှင်းလည်း သွားပြီကွယ်၊ စိတ်နဲ့စေတသိက်နှစ်ခုပေါင်းလိုက်တော့ တစ်ခုတည်းလည်း ဖြစ်သွားပြီပေါ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ အေး အဲဒီ စိတ်နဲ့စေတသိက် ပေါင်းလိုက်လို့ (၅၃)ပါး ဖြစ်လာတဲ့တရားကို နာမ်တရားလို့ ခေါ်ပါတယ်နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ နာမ်တရား ဖြစ်သွားပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)။

## ဖောက်ပြန်တတ်တဲ့ ရုပ်သဘော

တို့ ရုပ် (၂၈)ပါးကျတော့ သူကလည်းပဲ တစ်ခုနဲ့တစ်ခု မတူကြလို့ ပေါင်းမရဘူးတဲ့။ ဒါဖြင့် ရုပ်(၂၈)ပါးအတိုင်းထားပေါ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ရုပ်(၂၈)ပါးကတော့"ရုပ္ပနလက္ခဏာ"နော် (ဟုတ်ကဲ့ပါဆရာ)၊ ပထမ နံပါတ်တစ် ရုပ်တစ်လုံးမေးလည်းပဲ "ရုပ္ပနလက္ခဏာ"လို့ မြန်မာလိုပြန်တော့ သူဖောက်ပြန်တတ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဖောက်ပြန်တတ်တယ်၊ နောက်တစ်လုံးမေးတော့လည်းပဲ ဖောက်ပြန်တတ်တယ် ဆိုတော့ (၂၈)လုံးမေးလည်း ဖောက်ပြန်တတ်တယ်လို့ ပြောတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဖောက်ပြန်တတ်တဲ့သဘောချင်း တူနေတော့ သူတို့လည်းပေါင်းလိုက်နော် (ဟုတ်ကဲ့ပါဆရာ)၊ သူတို့လည်း ရုပ်လို့ခေါ်လိုက်၊ တစ်ပေါင်းတည်း ပေါင်းလိုက်တစ်ခုတည်းလုပ်လိုက် ရုပ်တရားပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် တို့ ရုပ်တရားက တစ်ပုံ၊ အခုနတုန်းက စိတ်နဲ့စေတသိက် နှစ်ပါးပေါင်းထားတဲ့ နာမ်တရားက တစ်ပုံ ဒီလိုမနေဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ ဘယ်နှစ်ပုံရှိသွားပြီလဲ (နှစ်ပုံရှိသွားပါပြီ)၊ နှစ်မျိုးတည်းရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ပေါင်းထားတယ်ဆိုတာလည်း သူ့အရေအတွက်နဲ့သူထားပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ပေါင်းစုတယ်ဒီလိုပြောတယ်။ ဩော်. . . စိတ်နဲ့စေတသိက် နှစ်ခုပေါင်းတော့ နာမ်လို့ခေါ်တယ်၊ ဒါက တစ်ပုံ၊ ရုပ်ကတော့ ရုပ်လို့ပဲခေါ်တယ်၊ သူကတစ်ပုံ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

## တူရာပေါင်းလိုက်တော့ ပရမတ်တရားသည် ရုပ်နဲ့နာမ်သာ ရှိတယ်

ဒါဖြင့် ကြည့်လိုက်တော့ ခုနတုန်းက စောစောကပြောထားတဲ့ အရေအတွက်တွေ သင်္ချာသင်္ချေနဲ့ ပြထားတဲ့ ပရမတ်တရားသုံးပါးမှာ စိတ်တရားရယ်၊ စေတသိက်တရားရယ်၊ ရုပ်တရားရယ် သုံးမျိုးသုံးစား ပြားနေတော့ကာ သူတို့သဘောတူရာ တူရာပေါင်းပြီးစုလိုက်တော့ ဘယ်နှစ်ခုဖြစ်လာသလဲဆိုတော့ နှစ်ခုတည်း ဖြစ်လာတယ်တဲ့။ဘယ်သူတုံး ရုပ်နဲ့နာမ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီရုပ်နဲ့နာမ် နှစ်ပါးကို ယူထားပြီးတော့ သင်ရမှာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီ ရုပ်နဲ့နာမ်

http://www.dhammadownload.com



နှစ်ပါးကို ပြတ်ပြတ်သားသားနဲ့ ဒါက ရုပ်တဲ့၊ ဒါက နာမ်တဲ့၊ တို့လူစုတတ်မြောက် လိမ္မာလာတဲ့အခါ ကျတော့ အင်မတန်ဝမ်းသာစရာလည်း ကောင်းပါတယ်၊ ခုမှ အစစ်အမှန်တွေ သိရတယ်၊ မြင်ရတယ်၊ ဒီလိုနားလည်လာတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ တစ်ခါပြန်ပြီးတော့ အဓိပ္ပာယ်ရှင်းပါဦးမယ်၊ ခုန စိတ်နဲ့စေတသိက်တရား နှစ်ပါးကိုပေါင်းလိုက်တော့ နာမ်တရားလို့ ခေါ်တယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီနာမ်တရားဟာ ဘာကြောင့် နာမ်လို့ ခေါ်သလဲဆိုတော့ သိတတ်လို့ နာမ်ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ) မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ စိတ်နဲ့စေတသိက် နှစ်ပါးပေါင်းထားတာ (၅၃) ပါးကို နာမ်တရားလို့ ခေါ်တယ်။ ဘာကြောင့် နာမ်တရားခေါ်သလဲ (သိတတ်လို့ နာမ်ခေါ်ပါတယ် ဆရာ)၊ အေး . . . အသိတရားလေးကို နာမ်ခေါ်တာပေါ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

## လက္ခဏာလေးပါးရှိတဲ့ စေတသိက်တရား

စိတ်နဲ့စေတသိက် ပေါင်းပုံလေးကလည်း တခြားကြောင့်တော့ မဟုတ်ဘူး၊ သဘောတူလို့ ပေါင်းတာနော် (ဟုတ်ကဲ့ပါဆရာ)၊ သူတို့ သဘောတူတယ်တဲ့၊ စိတ်တရားနဲ့စေတသိက်တရား အဓိပ္ပာယ်ကလည်း စိတ်ဆိုတာ သိကာမျှသဘောလေး၊ သိတတ်တဲ့ သဘောလေးကလည်း စိတ်ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီသိကာမျှ သဘောလေးဖြစ်ပြီဆိုမှဖြင့် စေတသိက်က ကပ်လျက်သားပါလာတယ်။ သူက နောက်ကလိုက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ စိတ်နဲ့ စေတသိက် အတူတူဖြစ်ပုံလေး ငါတစ်ခုပြောမယ်၊ ဒါကြောင့် စေတသိက်တရားမှာ လက္ခဏာလေးပါး ပြထားတယ်၊ "ဧကုပ္ပါဒ၊ ဧကနိရောဓ၊ ဧကာလမ္ဗဏ၊ ဧကဝတ္ထုက"လို့ လက္ခဏာလေးခုတွေ ပြထားတယ်။ (၁) စိတ်နဲ့အတူဖြစ်၊ (၂) အတူပျက်ပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . စေတသိက်တရားဆိုတာ စိတ်ဖြစ်ရင် သူဖြစ်တာကိုးလို့ အကြမ်းဖျဉ်းအားဖြင့် ဒီလိုပဲမှတ်ထားပါ၊ စိတ်ပျက်ရင် သူပျက်သွားတာပဲလို့ မဟုတ်ဘူးလားကွာ (ဟုတ်ကဲ့ပါဆရာ)၊ စေတသိက်တရားသည် စိတ်နဲ့သဘောချင်း တူ၏။ နမူနာလေး ငါ ပြောမယ်၊ အင်မတန်လိုချင်စရာကောင်းတဲ့ အရာဝတ္ထု ရုပ်ပါရုံ အဆင်းလေးတစ်ခု၊ မင်းမြို့ထဲ ရွာထဲ သွားတော့ မင်းမြင်ရင်လည်း ကြည့်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အင်မတန်လှပတဲ့ အရာဝတ္ထုတစ်ခု မင်း မြင်လိုက်တော့ အဲဒါမြင်တာ စိတ်ပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အခု ငါမြင်တာ ဘာလေးပဲ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ငါမြင်တာ ဘာလေးပဲလို့ မင်းအနက်အဓိပ္ပာယ်နဲ့တကွ မြင်သွားပြီ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဒီမြင်တယ်ဆိုတာ သိသွားတာ မဟုတ်လားနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒါ စိတ်, စိတ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် စိတ်ဖြစ်တဲ့နောက်ကို စေတသိက်က ကပ်လျက် သားပါပုံကို ပြောစမ်းပါဆိုတော့ မြင်လိုက်ရင် မြင်ပြီးတဲ့နောက်ပိုင်းမှာ လိုချင်တယ်ဆိုတာ မပေါ်ဘူးလား (ပေါ်လာပါတယ်ဆရာ)။

http://www.dhammadownload.com



အေး . . . အဲဒါစေတသိက်ပဲတဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ မြင်တာကို သိလိုက်တာက စိတ်၊ မြင်တာလေးကို လိုချင်တယ်ဆိုတာက စေတသိက်၊ ကဲ . . . တို့လူစုက အဲဒီစိတ်နဲ့စေတသိက် ဘယ်နေရာမှာ တခြားစီဖြစ်နေတာ တွေ့ဖူးလည်း တွေ့ဘူးရဲ့လား (မတွေ့ပါဘူးဆရာ)၊ မတွေ့ဖူးဘူးတဲ့။ ဒါ အခုလိုချင်တယ်ဆိုတဲ့ စေတသိက်က ကပ်ပြီးတော့ ဖြစ်တာကို ငါပြောနေတယ်၊ စေတသိက်ကတော့ အများကြီး (၅၂)ပါးတောင် ရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဟိုနေရာကျတော့ ဟိုအမျိုးနဲ့ ဒီနေရာကျတော့ ဒီအမျိုးနဲ့ ဒီလိုတွဲတွဲပြီးတော့ နမူနာပြတာပဲ၊ စိတ်ကလေးက ရှေးဦးမဆွ မြင်လိုက်ပြီ၊ မြင်တာကို နောက်က လိုချင်တယ်ဆိုတာက စေတသိက်၊ ပြောတော့ လောဘပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ တစ်ခါလာပြန်ပြီ မလိုချင်တာ၊ မင်းမကြိုက်တာ အာရုံတစ်ခု၊ မင်းနဲ့မတည့်တဲ့ လူတစ်ယောက်ကို ဘွားခနဲ မြင်လိုက်တယ်၊ မမြင်လိုက်ဖူးလား (မြင်လိုက်ပါတယ်ဆရာ)၊ ဟောဒါ ငါနဲ့ရန်ဖြစ်ထားတဲ့ အကောင် မသိဘူးလား (သိပါတယ်ဆရာ)၊ သိတာ စိတ်မဟုတ်လား (စိတ်ပါဆရာ)၊ ဒီလိုသိတာ စိတ်ကလေး၊ အဲဒီနောက်မှာ ဘာဖြစ်လာလဲ (မုန်းတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ၊ အောင်မယ် ဒါကျတော့ ဒီကောင်က တော်တော်မုန်းနေပါလား၊ ငါနဲ့ထိပ်တိုက်တိုးတာပဲ၊ မုန်းတယ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒေါသမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါစေတသိက်ကွ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

## စိတ်, စေတသိက် နှစ်ပါးဟာ လူနဲ့အရိပ် တူကြပုံ

မင်းတို့ငါတို့မှာ အဲဒီနေရာလေးတော့ ငါနည်းနည်းလေး ရှင်းပေးပါဦးမယ်ကွယ်၊ အထင်မှား အမြင်မှားတွေရှိနေကြတဲ့ ပုဂ္ဂိုလ်တွေလည်း တော်တော်များလို့ ငါပြောပါဦးမယ်၊ စိတ်နဲ့စေတသိက် ပွားနေတဲ့ပုံလေး၊ စိတ်နှင့်စေတသိက်က လူနဲ့အရိပ်လိုပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ လူနဲ့အရိပ်လိုပဲ မှတ်ထား၊ လူနဲ့အရိပ်ကို မင်းသိလား (သိပါတယ်ဆရာ)၊ ဘယ်လို သိသလဲ (လူသွားရင် အရိပ်ပါပါတယ် ဆရာ)၊ အေး . . . ဟုတ်ပြီ၊ အောင်မယ် . . . ဒီကောင်က ညံ့မလိုလိုနဲ့ တော်သားပဲ၊ သူမြို့ထဲ နေပူထဲထွက်လိုက်ရင် လူပေါ်ရင် အရိပ်ကပေါ်လာတယ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဟုတ်ပြီး၊ ဒါဖြင့် လူက စိတ်ပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အရိပ်က စေတသိက်ပဲ၊ ဒါဥပမာ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလူနဲ့အရိပ်နဲ့ ခွာလို ခွဲလို့ ရရဲ့လား (မရပါဘူးဆရာ)၊ အေး . . . မရဘူး၊ ဒါက ဖြစ်အတူ ပျက်အတူပေါ့နော် (ဟုတ်ကဲ့ပါ ဆရာ)၊ (၁) ဧကုပ္ပါဒ - အတူဖြစ်ခြင်း။ (၂) ဧကနိရောဓ စိတ်ချုပ်လျှင် သူလည်း ချုပ်ခြင်း။ (၃) ဧကာလမ္ဗဏ - အာရုံအသိတူခြင်း။ (၄) ဧကဝတ္ထုက - စိတ်မှီတဲ့နေရာကို လိုက်၍မှီခြင်း။ မှီရာတူခြင်းပေါ့ကွ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ လက္ခဏာလေးချက်ရှိတဲ့ စေတသိက်ဆိုတာ သေသေချာချာမှတ်ထားနော်၊ နည်းနည်းလေး ဒီအပိုင်းတော့ သည်းခံပြီးတော့

http://www.dhammadownload.com



နားထောင်ကြပါ၊ နည်းနည်းလေး စာစကားတွေ လျှောက်ပြောတာပဲလို့ ငိုက်လည်းမနေနဲ့၊ ဒီနေရာမှာ နည်းနည်းလေး ရှုပ်နေလို့၊ အရှုပ်လေး ဖြစ်နေလို့ ရှင်းပေးနေတာ။

ပြော် . . . မင်းတို့ငါတို့မှာ စောစောက ပြောတဲ့ စိတ်, စေတသိက်, ရုပ် ဆိုတဲ့ ပရမတ်တရား သုံးပါးက မွေးကတည်းက ပါလာတာနော် (ဟုတ်ကဲ့ပါဆရာ)၊ သတ္တဝါမှန်ရင် ဒီအတိုင်းလာရမယ်၊ စိတ် ရှိရမယ်၊ စေတသိက် ရှိရမယ်၊ ရုပ် ရှိရမယ် ဆိုတာ မှတ်ထားပါ။ ဒါဖြင့် ကောင်းပါပြီ၊ ဒီစိတ်နဲ့ စေတသိက်ဖြစ်ပုံလေးက ဘယ်လိုဖြစ်နေသလဲဆိုတော့ လူနဲ့အရိပ်လိုပါပဲတဲ့၊ ထွက်ကြည့်ပါ သေသေ ချာချာ၊ လူရှိရင်အရိပ်ရှိတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ လူပျောက်ရင် အရိပ်ပျောက်သွားမယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဖြစ်အတူ ပျက်အတူပဲ၊ ဒါဖြင့် လူနဲ့အရိပ် ခွဲလို့ရမလား (မရပါဘူးဆရာ)၊ အေး . . . လူနဲ့အရိပ် ခွဲလို့မရဘူး၊ ဒါပေမယ့် မင်း ငါမေးစမ်းပါရစေကွာ၊ အဲဒီ နေပူထဲ ထွက်နေလိုက်တယ်ဆိုတော့ အရိပ်နဲ့လူ ဘယ်သူက အရင်ဖြစ်သလဲဟေ့ (လူက အရင်ဖြစ်ပါ တယ်ဆရာ)၊ လူအရင်ဖြစ်ပြီးမှ အရိပ်ဖြစ်လာတယ်နော် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။ ဒါဖြင့် ဖြစ်တဲ့အခါလေးမှာ ထွက်ထွက်ချင်း တစ်ပြိုင်နက်ဖြစ်တယ်။ "အပုဗ္ဗအစရိမ"အရိပ်နဲ့လူ တစ်ပြိုင် တည်း ဖြစ်တယ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ တစ်ပြိုင်တည်း ဖြစ်တယ်၊ မရှေ့မနှောင်း ဒါအတူ ဖြစ်တယ် ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ဒါပေမယ့် ဘယ်သူပြဋ္ဌာန်းသလဲလို့ မေးတော့ မင်းဘယ်နှယ့်ပြောမလဲ၊ (မသိပါဘူးဆရာ)၊ ဘယ်သူပြဋ္ဌာန်းသလဲနော် (ဟုတ်ကဲ့ပါဆရာ)၊ ပြဋ္ဌာန်းတယ်ဆိုတာက တခြားမဟုတ်ပါဘူးကွာ၊ ပြဋ္ဌာန်း ဆိုတာ သူက ခေါင်းဆောင်၊ အဓိကပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အရိပ်သည် ဘယ်သူ့ကို တည်၍ ဖြစ်သလဲ၊ (လူကို တည်၍ဖြစ်ပါတယ်ဆရာ)၊ အေး . . . ဒါဖြင့် လူပြဋ္ဌာန်းတယ်လို့ ပြောတာပေါ့ကွာ နော် (ဟုတ်ကဲ့ပါဆရာ)၊ လူပင်ရင်းပေါ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ ဒါပေမယ့် ဖြစ်တာတော့ အတူတူပေါ့ (အတူတူပါပဲဆရာ)၊ အေး . . . အဲဒီအတိုင်းလေး မှတ်ထား၊ စိတ်နဲ့ စေတသိက်တရားသည် စေတသိက်တရားက စိတ်ကို မှီ၍ဖြစ်ရာ၏၊ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ စေတသိက်တရားသည် စိတ်ကို မှီ၍ဖြစ်ရာ၏၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါပေမယ့်လို့ ထိုစိတ်နဲ့စေတသိက်သည် ဖြစ်တဲ့နေရာမှာ ဘယ်သူက ရှေ့၊ ဘယ်သူက နောက်တုံး (အတူပါပဲ ဆရာ)၊ အေး . . . အတူတူပဲ (မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါကြောင့် ဟိုက စေတသိက်ရဲ့ လက္ခဏာကို ပြထားတယ်၊ ဧကုပ္ပါဒ-အတူဖြစ်ခြင်းတဲ့။ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ ဧကနိရောဓ- အတူပျက်ခြင်းတဲ့၊ မှတ်မိလား (ဟုတ်ကဲ့ပါဆရာ)၊ ဘယ်သူက ရှေ့၊ ဘယ်သူက နောက်လဲလို့ တွေးစရာ မလိုဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဖြစ်တာလည်း အတူတူပေါ့ (အတူတူပါပဲဆရာ)၊ ပျက်တာလည်း

http://www.dhammadownload.com



အတူတူပေ့ါ (အတူတူပါပဲဆရာ)၊ အာရုံပြုတာကျတော့ စိတ်အာရုံပြုတဲ့ အာရုံကိုပဲ စေတသိက်လည်း ပြုတယ်၊ အာရုံမတူဘူးလား (တူပါတယ်ဆရာ)၊ တူတော့ ပြောစမ်းပါတဲ့၊ ဒီစိတ် စေတသိက်တရား ဆိုတာ မှီရာဝတ္ထုမရှိဘဲနဲ့ စိတ်ဟာ မဖြစ်ကောင်းဘူးတဲ့၊ မှီရာဝတ္ထုဖြစ်ရမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် စေတသိက်က ဘယ်ဝတ္ထုမှီသလဲဆိုတော့ စိတ်မှီတဲ့ဝတ္ထုမှာပဲ အတူမှီဖြစ်တယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ စေတသိက်ရဲ့လက္ခဏာကို ပြတယ်၊ "ဧကုပ္ပါဒ၊ ဧကနိရောဓ၊ ဧကာလမ္ဗဏ၊ ဧကဝတ္ထုက" - စိတ်နှင့်တကွဖြစ်ခြင်း၊ စိတ်နှင့်တကွချုပ်ခြင်း၊ စိတ်နှင့်တူသောအာရုံရှိခြင်း၊ စိတ်နှင့်တူသော မှီရာရှိခြင်းတဲ့၊ ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)။

အဲဒါကြောင့် စိတ်ဖြစ်ရင် သူမဖြစ်ဘဲ နေကောင်းရဲ့လား (မနေကောင်းပါဘူးဆရာ)၊ မနေကောင်း ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ စိတ်ဖြစ်လျက်သားနဲ့ သူမဖြစ်ဘဲ မနေဘူးပေ့ါ (မနေပါဘူးဆရာ)၊ အေး . . . ဒါဖြင့် ဒီစိတ်ကလေးချည်းဖြစ်အောင် လုပ်လို့ ဖြစ်ရဲ့လား (မဖြစ်ပါဘူးဆရာ)၊ ဖြစ်ကောင်း ရဲ့လား (မဖြစ်ကောင်းပါဘူးဆရာ)၊ အေးကွာ . . . အဲဒါ စိတ်ကလေးချည်းပဲ ငါသန့်သန့်လေးဖြစ် အောင် လုပ်မယ်ဆိုလို့ ဘယ့်နှယ့်လေးမှ မဖြစ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဖြစ်ပ့ါမလား (မဖြစ်ပါဘူး ဆရာ)၊ ဘယ်ဖြစ်မလဲတဲ့၊ သူနဲ့ယှဉ်ဖော်ယှဉ်ဖက် "သမ္ပယုတ္တဓမ္မ"ဆိုတဲ့ စေတသိက်တရားက ကပ် လျက်သား ပါလာတာ၊ အရပ်သုံးအနေနဲ့ ပြောရင် သွားအတူ, လာအတူ, စားအတူ, အိပ်အတူ ဆိုတာမျိုးလို ပေ့ါကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ဖြစ်တော့လည်း အတူတူ၊ ပျက်တော့လည်း အတူ၊ မှီတော့လည်း အတူ၊ အာရုံပြုတော့လည်း အတူ၊ ရုတ်တရက်ဖြစ်ကြတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါ ဆရာ)၊ ဒါဖြင့် မင်းနားလည်သွားပြီ မဟုတ်လား (နားလည်သွားပါပြီဆရာ)၊ နည်းနည်းလေး သည်းခံ ပြီးတော့ နားထောင်ကြပါလေ၊ ဒီနေရာမှာ နည်းနည်းလေး ရှင်းသွားအောင် စိတ်နဲ့စေတသိက်တရား ဖြစ်ပုံလေး၊ ပြီးတော့မှ တို့အဇ္ဈတ္တသန္တာန်မှာ ဖြစ်နေတဲ့တရားဟာ စိတ်က ဘယ်ဒင်းတုံး၊ စေတသိက်က ဘယ်ဒင်းတုံး၊ နှစ်မျိုးနှစ်စားဖြစ်နေတဲ့ ဖြစ်ပုံလေးတွေ ဘယ်လိုလဲလို့နော် (ဟုတ်ကဲ့ပါဆရာ)။

## သတ္တဝါတို့ရဲ့သန္တာန်မှာ အမြဲတစေ ဖြစ်ပျက် နေတဲ့ တရားသုံးပါး

အထင်ရှားဆုံးဆိုတဲ့ စေတသိက် (၅၂)ပါးထဲမှာ မင်းတို့ငါတို့မှာ အမြဲတစေ ဖြစ်ပျက်နေတဲ့ စေတသိက် သုံးခုတည်း ငါနမူနာပြမယ်၊ လောဘရယ်, ဒေါသရယ်, မောဟရယ် မှတ်မိလား (ဟုတ်ကဲ့ ပါဆရာ)၊ အဲဒါစေတသိက်တွေပဲ။ လောဘဆိုတာ မြန်မာလိုပြောတော့ ဘာလဲ (လိုချင်တာကို လောဘလို့ ခေါ်ပါတယ်ဆရာ)၊ ဒေါသဆိုတာ ဘာလဲ (စိတ်ဆိုးတာကို ဒေါသလို့ ခေါ်ပါတယ်)၊ အေး . . . ဟုတ်ပြီ၊ မြန်မာလို ရှင်းလိုက်တာကွာ၊ စိတ်ဆိုးတာနော် (ဟုတ်ကဲ့ပါဆရာ)၊ မောဟ

http://www.dhammadownload.com



ဆိုတာကော (လိုချင်ကို. . )ဟောဗျာ ဒုက္ခမှုကြီးသားပဲ၊ ခုန လောဘတုန်းက လိုချင်တာဆို၊ (ဟုတ်ကဲ့ပါဆရာ)၊ မောဟကျတော့ မှန်တာကို မသိတာ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ မောဟဆိုတာဘာလဲ (မှန်တာကို မသိတာပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ အဲဒီစေတသိက်သုံးခု မှတ်ထား၊ ဒါတော့ကွာ တို့မကြာမကြာ တရားဟောနေတာ၊ ဘယ်တရားဖြစ်ဖြစ်ကွာ၊ တရားဟောဆရာမှန်မှန်သမျှ ဟောလေ့ဟောထရှိတဲ့ လောဘ, ဒေါသ, မောဟတွေ မင်းတို့မှာ အင်မတန်အားကြီးနေတယ်၊ ဒါတွေကို ပယ်မှ စွန့်မှပေါ့ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဟောလေ့ဟောထရှိတယ် မဟုတ်လား (ရှိပါတယ်ဆရာ)၊ ဒီလောဘ, ဒေါသ, မောဟ ဆိုတဲ့ တရားသုံးပါး လက်လွှတ်ပြီးတော့ ဟောတဲ့တရားပွဲရယ်လို့ မရှိပါဘူးကွနော် (ဟုတ်ကဲ့ပါဆရာ)။

ဓမ္မကထိကပုဂ္ဂိုလ်မှန်ရင်ဖြင့် ဘယ်ပုဂ္ဂိုလ်မဆို ဒီလောဘ ဒေါသ မောဟ ဆိုတဲ့ တရားသုံးပါးပဲ အကြောင်းပြုပြီးတော့ ဒါတွေကို ပယ်ဖို့, သတ်ဖို့ ဟောကြ၊ ပြောကြတယ်၊ အဲဒီလောဘ ဒေါသ မောဟ ဆိုတဲ့ တရားသုံးပါးကတော့ သူသူငါငါ နားလည်ပြီးသားပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အေး . . လောဘဆိုတာ လိုချင်တာ၊ ဒေါသဆိုတာ ခုနမင်းပြော စိတ်ဆိုးတာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ မောဟဆိုတာက မှန်တာကိုမသိတာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီစေတသိက်သုံးခုဟာ မင်းတို့ငါတို့မှာဖြင့် တော်တော်လေးကို သောင်းသောင်းကျန်းကျန်းဖြစ်တဲ့တရားတွေကိုကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အထင်ရှားဆုံးဆိုတဲ့ စေတသိက်တရားသုံးပါးနဲ့ စိတ်ကလေးနဲ့ ကပ်ဖြစ်နေပုံလေး ငါပြောမယ်။ ဩော် . . . စိတ်နဲ့စေတသိက်တရားဟာ ခွဲလို့ ခွာလို့ မရပါဘဲ၊ စိတ်ကလေး ငါဖြစ်အောင်ကြိုးစားမယ်၊ စေတသိက်တွေဖယ်ရှားပစ်မယ်။ စိတ်ကလေး ငါဖြစ်အောင် လုပ်နေမယ်လို့ ဒီလိုလုပ်ရင် ရပ့်မလား (မရပါဘူးဆရာ)၊ အေး . . . မရဘူးဟ၊ ဒါ တို့ဘုရားကိုယ်တော်မြတ် ဟောသွားတဲ့ဒေသနာတော်အတိုင်းကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။

## စေတသိက်အဓိပ္ပာယ်နှင့်နှစ်မျိုးနှစ်စား

ဒါကြောင့် စေတသိက်ရဲ့နာမည်ကို နားထောင်ကြည့်ပါ၊ ဘာကြောင့် စေတသိက်ခေါ်နေသလဲ၊ "စေတသိ နိယုတ္တံ စေတသိကံ" - စေတသိ-စိတ်၌။ နိယုတ္တံ-အမြဲယှဉ်နေ၏။ စေတသိကံ-စိတ်၌ အမြဲယှဉ်သည်တည်း။ ဟော . . . သူ့နာမည်တည်း ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဘာတဲ့ မြန်မာလို ပြောတော့ စေတသိက်က ဘာတဲ့၊ (သူ့နာမည်က အမြဲယှဉ်သည်)၊ ဩော် . . . သူ့နာမည် အမြဲယှဉ်သည် မင်းပြောသလားကွ၊ စိတ်၌ အမြဲယှဉ်တယ်ကွ ဘာတဲ့၊ (စိတ်၌ အမြဲယှဉ်တယ်ဆရာ)၊ အေး . . . ဟုတ်ပြီ၊ စိတ်၌ မကွဲမကွာ ယှဉ်တယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ စိတ်၌ အမြဲယှဉ်တာပေါ့

http://www.dhammadownload.com



ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် စိတ်ကလေးချည်းသန့်သန့်ဖြစ်အောင် ဒီစေတသိက်တွေ အင်မတန် ဆိုးဝါးတယ်၊ အကုသိုလ်စေတသိက်တွေ၊ ဒီစေတသိက်တွေကတော့ မကောင်းပါဘူး၊ သူတို့ မရှိအောင် ငါခွာခဲ့မယ်ဆိုရင် ရပ့်မလား (မရပါဘူးဆရာ)၊ စေတသိက်ကလည်းပဲ ကောင်းတဲ့ စေတ သိက်၊ မကောင်းတဲ့စေတသိက်၊ ခုနပြောတာက လောဘ, ဒေါသ, မောဟဆိုတာ မကောင်းတဲ့ စေတသိက်နော် (ဟုတ်ကဲ့ပါဆရာ)၊ အကုသိုလ်စေတသိက်ကလေးတွေနော်၊ ပြီးတော့ တို့ကောင်းတဲ့ ကုသိုလ်စေတသိက်တွေက တစ်မျိုးလာပြန်တယ်၊ ကုသိုလ်စိတ်တွေပေါ်ပြန်ရင် သူပါလာပြန်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . စေတသိက်ကလည်း နှစ်မျိုးနှစ်စား၊ စိတ်ကလည်း နှစ်မျိုးနှစ်စား ဒီလိုရှိတာပဲ၊ သူနဲ့ သူနဲ့ ပေါင်းသွားနေကြတာပဲ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။

ကြည့်စမ်းပါကွယ်၊ စိတ်ကလေးဖြစ်ရင် စေတသိက်ဖြစ်လာတယ်ဆိုတဲ့ သဘောတရားလေး လူနဲ့ အရိပ်လိုပါပဲ မထူးပါဘူး၊ တစ်ဉပါဒ်တည်းဖြစ်တယ်၊ တစ်ပြိုင်တည်းဖြစ်တယ် "ဧကုပ္ပါဒ"တဲ့၊ ငါစောစောက ပြောသလို မင်းကြိုက်တဲ့ ရုပ်ပါရုံလေး၊ မင်းကြိုက်တဲ့အဆင်းလေး၊ မြင်လိုက်တယ်၊ မြင် တာနဲ့ မင်းသိပြီ၊ ငါမြင်တာ ဘာလေးပဲ၊ တယ်လှပါလား ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ ဘာတုံး (စိတ်ခေါ်ပါတယ်ဆရာ)၊ စိတ်တဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ သိတာ စိတ်ကိုးကွ၊ မင်းသိပြီ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဟုတ်ပြီ အဲဒါလေး ရပ်သလားဆိုတော့ မရပ်ဘူး၊ နောက် ထပ်ပြီးတော့ ဘာဖြစ်လဲ၊ လိုချင်တယ် (ဟုတ်ကဲ့ပါဆရာ)၊ လိုချင်တယ်၊ လောဘကြီးလိုက်တာကွာ၊ လိုချင်တယ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကြိုက်တယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ နှစ်သက်ဖွယ်ပေါ့ (ဟုတ်ကဲ့ပါ ဆရာ)၊ မြတ်နိုးတယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ခင်တွယ်တယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါ အတူတူပါပဲ၊ လိုချင်တယ်ဆိုတဲ့ ပရိယာယ်တွေ ကြည့်နော် (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း . . . ကောင်းပါပြီ၊ အဲဒါတွေ မင်းကြိုက်တယ်ဆိုတဲ့ ခုနတုန်းက လှလိုက်တာဆိုတဲ့ နောက်ပိုင်းက မင်းပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ ဒါစေတသိက်တရားတွေပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ လောဘ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။

ကိုင်း . . . ခုန မင်းမကြိုက်တဲ့, မနှစ်သက်တဲ့ အာရုံမျိုး၊ မစင်ဘင်ပုပ်, ခွေးကောင်ပုပ် အစ ရှိတဲ့ ဒီလိုအာရုံတွေကို မင်းမျက်စိနဲ့ မြင်လိုက်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မြင်လိုက်ရင် သိတယ်၊ (သိပါပြီဆရာ)၊ ဒါခွေးသေကောင်ပုပ်, ဒါနွားသေကောင်ပုပ်ပဲ, လောက်တွေ တဖွားဖွားနဲ့ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါသိတာ စိတ်မဟုတ်လား (စိတ်ပါဆရာ)၊ အဲဒီစိတ်ကလေး ဖြစ် လိုက်ပြီဆိုတဲ့ နောက်က ဘာပါလာသလဲ၊ (စေတသိက်ပါလာတယ်ဆရာ)၊ ဘယ်သူတုံး (ဒေါသပါလာ ပါတယ်ဆရာ)၊ အေး . . . ဒေါသပါတယ်၊ သည်းမခံနိုင်တာ၊ ရွံတာနော် (ဟုတ်ကဲ့ပါဆရာ)၊ စက်ဆုပ်

http://www.dhammadownload.com



တာ, မုန်းတီးတာ, မချစ်တာ, မနှစ်သက်တာ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဒေါသမဟုတ်ဘူးလား (ဒေါသပါဆရာ)၊ ဩော် . . . ဒါဖြင့် မင်းမကောင်းတဲ့အာရုံ မြင်လိုက်ရင် မင်းဒေါသစိတ်ကလေး ကပ်လျက်သားပါလာပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ စိတ်နောက်ကနော် (ဟုတ်ကဲ့ပါဆရာ)၊ ကောင်းတဲ့အာရုံလေး မြင်လိုက်ရင် လောဘပါလာပြီပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း . . . ကောင်းပါပြီ၊ ကောင်းတာလေး မြင်လိုက်ရင်၊ နှစ်သက်ရင် လောဘ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မကောင်းတာ မြင်လိုက်ရင် မနှစ်သက်ရင် ဒေါသ၊ ဒါတော့ ထင်ရှားတာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့် တို့လူစု အများကြီးတွေ့နေတာပဲ၊ သိသားပဲ၊ ဒါလေးကတော့ ငါလည်းတွေ့နေတာပဲ၊ ငါမုန်းတဲ့ကောင် မြင်လိုက်ရင် ဒေါသကို ဖြစ်နေတာပဲ၊ ဒီလိုကို ဖြစ်နေတာနော် (ဟုတ်ကဲ့ပါဆရာ)၊ ငါကြိုက်တာလေးတွေ့ရင် လောဘချည်းဖြစ်လို့ နှစ်သက်တယ်, မြတ်နိုးတယ်, ကိုင်ချင်တယ်, ကြည့်ချင်တယ် မဟုတ်ဘူးလားကွ (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် လောဘစေတသိက်၊ ဒေါသစေတသိက်တို့ဟာ စိတ်နဲ့ကပ်လျက်သား ဖြစ်နေတာကို မင်းသိပြီပေါ့ (သိပါပြီဆရာ)၊ ကိုင်း . . . ဒါဖြင့် မင်းဟောဒီကျောက်ခဲတွေ ခင်းထားတဲ့လမ်းကြီးကို မင်းလျှောက်သွားကွာ၊ ခြေလျင်လျှောက်သွားနော် (ဟုတ်ကဲ့ပါဆရာ)၊ စိုက်စိုက်စိုက်စိုက်နဲ့ လျှောက်သွားတော့ မင်းနင်းသွားတဲ့ ကျောက်ခဲတွေ တစ်လုံးပြီး တစ်လုံး မင်းမြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)၊ သိလည်း သိတယ်ပေါ့ (သိပါတယ်ဆရာ)၊ ဘာဖြစ်သလဲ၊ လောဘဖြစ်သလား, ဒေါသဖြစ်သလား (မောဟဖြစ်ပါတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ၊ လိုလည်း မလိုချင်ဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ဒေါသလည်း မဖြစ်ဖူးပေါ့ (မဖြစ်ပါဘူးဆရာ)၊ မုန်းလည်း မမုန်းဘူးပေါ့ (မမုန်းပါဘူးဆရာ)။

အေး . . . ဒါပေမယ့် မင်းကျောက်ခဲရှိမှန်း မင်းသိသွားတယ်ပေါ့ (သိပါတယ်ဆရာ)၊ သိသွားတာ စိတ်ကလေး မဟုတ်လား (စိတ်ပါဆရာ)၊ အေး . . . အဲဒီစိတ်ကလေးကျတော့ လောဘစေတသိက်လည်း မဖြစ်ဘူး၊ ဒေါသစေတသိက်လည်း မဖြစ်ဘူးတဲ့၊ ဖြစ်သေးရဲ့လား (မဖြစ်ပါဘူးဆရာ)၊ ဟာ . . . စေတသိက်ဖြစ်တယ်ဆိုတာ မောဟစေတသိက်ဖြစ်တယ် နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ ဘာဖြစ်လို့ မောဟစေတသိက်ဖြစ်သလဲဆိုတော့ မင်းမျက်စိနဲ့ မြင်မြင်သွားတာကို ကျောက်ခဲအနေနဲ့ မင်းမြင်မြင်မသွားဘူးလား (မြင်သွားပါတယ်ဆရာ)၊ ကျောက်ခဲရှိရဲ့လားကွ (ရှိပါတယ်ဆရာ)၊ ဩော် . . မရှိပါဘူးဆရာ)၊ ဩော် . . . ဟုတ်သားပဲ၊ ကျောက်ခဲပေါ် နင်းသွားတာကိုးကွ၊ ပရမတ်နဲ့ကြည့်ရင် ကျောက်ခဲရှိရဲ့လား (မရှိပါဘူးဆရာ)၊ ဘာတွေ မင်းမြင်တာတုံး (ရုပ်တွေပါဆရာ)၊ အေး ရုပ်တွေ၊ ရူပါရုံအဆင်းတွေ မင်းမြင်တာပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ကျောက်ခဲဆိုတာ "သဏ္ဌာနပညတ်" အတုံး အခဲလေးတွေကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ သဏ္ဌာနပညတ်ကို မင်းမြင်တာ၊ မင်းက ရူပါရုံ

http://www.dhammadownload.com



အဆင်းကို မင်းမြင်တာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် မင်းမြင်နေတဲ့ဥစ္စာ မှန်ရဲ့လား (မမှန်ပါဘူး ဆရာ)၊ မမှန်ရင် ဒါမောဟမဟုတ်ဘူးလား (မောဟပါဆရာ)၊ အမှန်ကို မမြင်ခြင်း မသိခြင်းသည် မောဟ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒါဖြင့်ကွယ် အဲဒီသုံးခုထဲ ငါက နမူနာလေး ပြထားတော့ တို့လူစု စဉ်းစားစမ်းပါကွာ၊ မနက်မိုးလင်းလို့ မျက်စိနှစ်လုံးဖွင့်တဲ့အချိန်ကစ နေဝင်တဲ့အချိန်အထိ မင်းလျှောက်မြင်နေတာ၊ မြင်တိုင်းမြင် တိုင်း မြင်စိတ်ကလေးတွေ ဖြစ်ဖြစ်သွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါမျက်စိက မြင်တယ်၊ နားကလည်း ဒီတိုင်းပဲ၊ နှာခေါင်းလည်း ဒီအတိုင်းပဲ၊ လျှာကလည်း ဒီအတိုင်းပဲ၊ ကိုယ်ကလည်း ဒီအတိုင်းပဲ၊ စိတ်ကလေးလည်း ဒီအတိုင်းပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ မျက်စိအမြင်လေးတွေ ငါပြောနေတာ၊ ကိုင်း . . . တစ်နေ့လုံး မြင်စမ်းကွယ်၊ မြင်တော့ မြင်စိတ်ကလေးတွေ ဖြစ်ဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ်ဆရာ)၊ အေး . . . မြင်စိတ်ကလေးတွေပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ မြင်စိတ်ကလေးတွေ ဖြစ်ဖြစ်သွားတော့ မင်းတို့ မြင်တိုင်းမြင်တိုင်း အာရုံတွေမှာ ခုနက ငါပြောတဲ့ သုံးမျိုးသုံးစားမှာ တစ်မျိုးမျိုး ဖြစ်သွားတယ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ မင်းတို့ကြိုက်တဲ့ အမြင်လေးတွေ တွေ့ရမယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မင်းတို့မကြိုက်တဲ့အမြင်ကလေးတွေ တွေ့ရမယ်၊ ဒီနှစ်ခု မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီအမြင်နှစ်ခုက လွတ်သွားပြန်ရင်လည်း ခုနလို ကြိုက်သည်လည်းမဟုတ်၊ မကြိုက်သည်လည်း မဟုတ်ဆိုတဲ့ အခုနက ကျောက်ခဲမြင်ရသလိုပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီလိုအမြင်ကလေးတွေ တွေ့ရမှာပေါ့ (တွေ့ရပါတယ်ဆရာ)။

အဲဒီသုံးမျိုးသုံးစား လွတ်သေးရဲ့လား (မလွတ်ပါဘူးဆရာ)၊ မင်းတို့မြင်နေတဲ့ စိတ်ကလေးကို ပြန်ကြည့်။ သြော် . . . တို့တစ်နေ့ကုန် တစ်နေ့ခန်း မြင်နေတာ ဘယ်သွားသွား၊ ဘယ်လာလာ၊ ဘယ်မှာနေနေ မျက်စိထဲ ငါကြိုက်တဲ့ ရူပါရုံ အဆင်းရုပ်လည်း မြင်လိုက်၏၊ ငါမကြိုက်တဲ့ ရူပါရုံ အဆင်းရုပ်လည်း ငါမြင်လိုက်၏၊ ကြိုက်သည်၊ မကြိုက်သည်လို့ မပိုင်းခြားနိုင်တဲ့ မကောမက ဇကောဇက ဆိုတဲ့ ခုန ကျောက်ခဲတို့၊ သလဲတို့၊ တုံးတို့၊ တိုင်တို့နော် (ဟုတ်ကဲ့ပါဆရာ)၊ နှစ်သက်သည်လည်း မဟုတ်၊ မနှစ်သက်သည်လည်း မဟုတ်ဆိုတဲ့ အာရုံပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလိုကြားအာရုံ တွေနဲ့ ငါမြင်လိုက်ပြီ၊ ဒီသုံးမျိုးအပြင် ရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ ဒီသုံးမျိုး မြင်တာပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အပြောင်းအလွဲနဲ့ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါဖြင့် ဒီသုံးမျိုးမြင်နေတော့ကာ ကြည့်စမ်းကွာ၊ မင်းတို့ကြိုက်တဲ့ အာရုံလေးတွေ မြင်လိုက်တော့ လောဘစေတသိက်ကလေး ကပ်လျက်သားပါလာတယ်၊ မပါဘူးလား (ပါပါတယ်ဆရာ)၊ မင်းတို့မကြိုက်တဲ့ အာရုံ သွားမြင်လိုက်တော့ ဒေါသစေတသိက်ကလေး ကပ်လျက်သား မပါလားဘူးလား (ပါလာပါတယ်ဆရာ)၊ မင်းတို့

http://www.dhammadownload.com



ကြိုက်သည်လည်း မဟုတ်၊ မကြိုက်ဘူးလည်း မဟုတ်ဆိုတဲ့ ကြားအာရုံ စောစောက ပြောသလို မင်းလှမ်းမြင်တဲ့ ကျောက်ခဲတွေ ဒီလိုအာရုံမျိုးမြင်တော့ မောဟ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အဲဒါ ဩော် . . . စိတ်နဲ့စေတသိက်ကလေး ဖြစ်တယ်ဆို ဒီလိုကိုး၊ စိတ်က ရှေ့သွားအနေနဲ့ မြင်ရုံ မြင်ပြလိုက်တာနော် (ဟုတ်ကဲ့ပါဆရာ)၊ မြင်မှုသိမှုလေးက စိတ်၊ မြင်တဲ့ သိတဲ့နောက်က နေပြီးတော့ ကပ်လျက်သား လိုချင်တယ်၊ နှစ်သက်တယ်၊ မြတ်နိုးတယ်၊ ခင်တွယ်တယ်၊ ကြိုက်တယ် လောဘနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါ သူ့ဌာနနှင့်သူ ပရိယာယ်သုံးသွားတာပေါ့ကွာ၊ မနှစ်သက်တဲ့ အာရုံ ဆိုးဆိုးဝါးဝါး မြင်ပြီလားဆိုမှဖြင့် သည်းမခံနိုင်ဘူး၊ ရွံတယ်၊ မုန်းတယ်၊ စိတ်ဆိုးတယ်၊ ငြိုငြင်တယ်၊ စက်ဆုပ်တယ်၊ ရွံရှာတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒေါသ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အခုန ပြောသလို ကောင်းတဲ့အာရုံလည်း မဟုတ်၊ မကောင်းတဲ့အာရုံလည်း မဟုတ်၊ "ဣဋ္ဌမဇ္ဈတ္တာရုံ" ခေါ်ထားတဲ့ ကျောက်ခဲတို့၊ တုံးတို့၊ တိုင်တို့၊ မင်းတိုင်ါတို့တွေမှာ မဆန်းတဲ့ အာရုံမျိုးခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလို အာရုံမျိုးကျတော့ လောဘလည်း မဖြစ်ဘူး၊ ဒေါသလည်း ဖြစ်စရာ မရှိဘူး၊ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ ဘာဖြစ်သလဲ မေးတော့ အခုနပြောတဲ့ တုံး၊ တိုင်၊ ကျောက်ခဲ၊ သလဲ၊ အထည်ဝတ္ထုသဏ္ဌာန်အနေအားဖြင့် မြင်နေခြင်းကြောင့် ဒါကို မောဟလို့ ခေါ်ပါတယ်၊ မောဟစေတသိက် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊

ဒါဖြင့် ဒီလောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ စေတသိက်တရားသုံးပါးက လွတ်လို့များ ရသေးရဲ့လား (မရပါဘူးဆရာ)၊ ရရင် ရလိမ့်မယ်၊ အိပ်ပျော်သွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အာရုံခြောက်ပါးနဲ့ ဖြစ်နေတဲ့အခါ မျက်စိကလည်း မမြင်ဘူး၊ နားကလည်း မကြားဘူး၊ နှာခေါင်းလည်း မနံဘူး၊ လျှာကလည်း အရသာမသိ၊ ကိုယ်လည်း မထိ၊ စိတ်ထဲလည်း စဉ်းစားမှုမရှိ၊ ခြောက်ဒွါရ ခြောက်တံခါးကို တံခါးပိတ်ပြီး အိပ်နေတဲ့အချိန်ဖြင့် အခုန ပြောတဲ့ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ စေတသိက်တရားသုံးပါးတို့က ဆိတ်နေပါလိမ့်မယ် (ဟုတ်ကဲ့ပါဆရာ)၊ ဒါပေမယ့် အဲဒီလို ဆိတ်သာနေတာပါ၊ အမှန်ကတော့ လုံးဝမဖြစ်ဘူးလားဆိုတော့ အိပ်ပျော်နေတဲ့ပုဂ္ဂိုလ်လည်း ဒီတရားသုံးပါးက ပါလျက်သား ဖြစ်လို့၊ အိပ်သောပုဂ္ဂိုလ်သည် ဘဝင်စိတ် အမြဲရှိ၏၊ ထိုဘဝင်စိတ်နဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော စေတသိက်တရားတို့သည် အမြဲတစေဖြစ်၍နေ၏ ဆိုတော့ အိပ်ပျော်တာ ကိုယ်ကသာ မသိလို့တဲ့၊ ဒီစေတသိက်တရားတွေက ရှိလျက်သားတဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ပြီးတော့ ပြတ်သား နားလည်မှုက တခြားမဟုတ်ပါဘူးကွာ၊ စိတ်နဲ့စေတသိက်တရားတို့မှာ မကောင်းတဲ့စေတသိက်တွေ ဖြစ်လိုက် အကုသိုလ်စေတသိက်တွေ၊ ကောင်းတဲ့စေတသိက်တရားတွေ ဖြစ်လိုက် ကုသိုလ်စေတသိက်တွေ၊ ဒီစေတသိက်တရားတွေ ရှိခြင်းကြောင့် အသစ်အသစ်ဖြစ်နေခြင်းကြောင့် တို့မှာ အင်မတန်

http://www.dhammadownload.com



ဆင်းရဲပင်ပန်းတာပဲ၊ ဒီစေတသိက်တရားတွေ မဖြစ်အောင် ငါဖယ်ရှားပြီးတော့ စိတ်ကလေး တစ်လုံး တည်းချည်းပဲ ငါဖြစ်အောင် နေမယ်ဆိုလို့ ရကောင်းပါမလား (မရကောင်းပါဘူးဆရာ)။

အဲဒီလို ရမယ်ဆိုရင် ဘုရားကိုယ်တော်မြတ်ဟောထားတဲ့ စေတသိက်ရဲ့လက္ခဏာလေးချက်မှာ ဧကုပ္ပါဒ-စိတ်နှင့်အတူဖြစ်ခြင်း။ ဧကနိရောဓ-စိတ်နှင့်အတူချုပ်ခြင်း။ ဧကာလမ္ဗဏ-စိတ်နှင့်အတူ အာရုံပြုခြင်း။ ဧကဝတ္ထုက-စိတ်နှင့်အတူ မှီရာတူခြင်းဆိုတဲ့ စေတသိက်လက္ခဏာလေးချက်တို့ဟာ လုံးလုံးပစ်ရတော့မယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဘုရားကိုယ်တော်မြတ် မမှန်တာကို ဘယ်တော့မှ မဟောဘူး၊ ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ ဒေသနာတော်ကိုက စိတ်နဲ့မကွေမကွာ ယှဉ်၍ ဖြစ်တတ်သောတရားမို့၊ စိတ်နဲ့တစ်ပြိုင်နက်ဖြစ်တတ်သောတရားမို့၊ စိတ်နဲ့ ခွဲ၍ ခွာ၍ မရကောင်း သောတရားမို့ "စေတသိ နိယုတ္တံ စေတသိကံ"ဟူ၍ ဟောတော်မူ၏။

"မရှိ ပညတ်၊ ရှိ ပရမတ်"ဆိုသည့်အတိုင်း မရှိတဲ့တရားက ပညတ်ပဲ၊ ရှိတဲ့တရားက ပရမတ် တရား၊ အေး . . . ရှိတဲ့ပရမတ်တရားဆိုတာ ဘယ်သူတွေလဲလို့ မေးရင် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူသော ပရမတ်တရားလေးပါး၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ်တရားလေးပါးမှာ နိဗ္ဗာန်ကတော့ သင်ကြားစရာ မလိုဘူး၊ လိုသေးလား (မလိုပါဘူးဆရာ)၊ ဒါဖြင့် ပြရမှာက စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ် ဒီတရားသုံးပါးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒီစိတ် စေတသိက် ရုပ်ဆိုတဲ့ ပရမတ်တရားသုံးပါးဟာ တကယ်ရှိတဲ့တရားတွေ၊ သူ့မှာ ဧကန်ရှိတယ်၊ အမှန်ရှိတယ်၊ အဲဒါ လေးကို ယုံယုံကြည်ကြည် ပြတ်ပြတ်သားသား နားလည်ထားပါ၊ ဘုရားကိုယ်တော်မြတ်က စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် လေးပါးသော ပရမတ်တရားသည် တကယ်ရှိတယ်၊ ဒီတော့ ဒီလိုတကယ် ရှိတဲ့ တရားတွေ ရှိတဲ့အဓိပ္ပာယ်လေး လည်လည်ပတ်ပတ်ရှိလာအောင် သင်ပေးရမယ်၊ ကြားပေး ရမယ်၊ ပြောဆိုပေးရမယ်၊ ဒီလိုသင်ကြားပြောဆို မပေးခဲ့သော် မသင်မကြားရင် ဘယ့်နှယ့်လုပ်မှ မသိဘူး၊ မသိတော့ ဒီလိုပဲ ပြောသံကြားနဲ့ နေတာပါပဲ။

ဘုရားကိုယ်တော်မြတ်က စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် လေးပါးသော ပရမတ်တရား ဟောသွား တာ ဒါပဲရှိတယ်၊ ဒါပေမယ့် စိတ်ဆိုတာ ဘာလဲ၊ စေတသိက်ဆိုတာ ဘာလဲ၊ ရုပ်ဆိုတာ ဘာလဲ၊ နိဗ္ဗာန်ဆိုတာ ဘာလဲလို့ ဘယ်သောအခါကမှလည်းပဲ တတ်မြောက်လိမ္မာအောင် သင်ဖို့ ကြားဖို့ အခွင့်အရေးကလည်း မရဘူး။ ဘာပြုလို့ ကိစ္စဝိစ္စတွေ အင်မတန်များနေကြတော့ စာပေတွေ ခင်းပြီး တော့ သင်နိုင်တဲ့ အမျိုးအစားတွေ မဟုတ်ပါဘူး။ ဒါကြောင့် စာပုလွေခင်းပြီးတော့ ကျကျနန သင်နိုင် ကြားနိုင်တဲ့ ပုဂ္ဂိုလ်များအဖို့ကတော့ ဒါတွေသိပြီးသားပဲ၊ စိတ်ဆိုတာ ဘာသဘောလဲ၊ အရေအတွက် အားဖြင့် ဘယ်လောက်ရှိတယ်၊ စေတသိက်ဆိုတာ ဘယ်တရားလဲ၊ အရေအတွက်အားဖြင့် ဘယ်

http://www.dhammadownload.com



လောက်ရှိတယ်၊ ရုပ်တရားဆိုတာ ဘယ်ဒင်းခေါ်တယ်၊ အရေအတွက် ဘယ်လောက်ရှိတယ်၊ ဒီလို သိပြီးသားဖြစ်တယ်၊ ဒီလိုပုဂ္ဂိုလ်များအဖို့ကတော့ မလိုပါဘူး၊ သူတို့ကတော့ စာပေကို ပလွေခင်းပြီး တော့ သင်ကြားရတယ်ဆိုပေမယ့် သူတို့မှာ ရပြီးသားဖြစ်တယ်၊ ရပြီးသား, တတ်ပြီးသား, ဖတ်ပြီးသား, ဒီတော့ ရပြီးသား, တတ်ပြီးသား, ဖတ်ပြီးသားဆိုတဲ့ပုဂ္ဂိုလ်နဲ့ မရသေး, မသိသေး, မတတ်သေးဆိုတဲ့ ပုဂ္ဂိုလ်နဲ့ ကြည့်လိုက်တော့ တတ်ပြီးသားပုဂ္ဂိုလ်က တစ်ရာမှာ တစ်ယောက်လောက် ရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မတတ်တဲ့ပုဂ္ဂိုလ် မသိသေးတဲ့ပုဂ္ဂိုလ်က တစ်ရာမှာ ကိုးဆယ့်ကိုးယောက်၊ ပျမ်းမျှ နှုန်းနဲ့ တွက်ကြည့်ပေ့ါ၊ တတ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကလည်း ဘယ်ပုဂ္ဂိုလ်တွေတုံး၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတော် အရှင်သူမြတ်များ ဒီပုဂ္ဂိုလ်တွေမှ တတ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

တတ်မှာပေ့ါ၊ ထိုပုဂ္ဂိုလ်များအဖို့ ဆိုလို့ရှိရင် ဒီစာနဲ့ မကင်းမကွာ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်း ဖြစ်တဲ့အချိန်ကစပြီးတော့ ဒီစာတွေကို သင်ကြားနေရတယ်၊ လေ့လာနေရတယ်၊ ဒီတော့ မတတ်လို့ မဖြစ်ဘူး၊ တတ်ကြတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီသာသနာ့ဝန်ထမ်း ရှင်ရဟန်းအပြင်ဘက် ထွက် သွားတော့ လူ့လောကတွင် တစ်ရာမှာ တစ်ယောက်လောက်ဆိုသလို ရှိကောင်းရှိပါလိမ့်မယ်၊ မပေါ် ဘူးလားကွာ (ပေါ်ပါတယ်ဆရာ)၊ တစ်ရာမှာ တစ်ယောက်ရှိကောင်းရှိပါလိမ့်မယ်၊ ကျန်တဲ့ ကိုးဆယ့် ကိုးယောက်သောပုဂ္ဂိုလ်က တတ်လည်း မတတ်၊ သိလည်း မသိ၊ နားလည် မလည်တဲ့၊ ဒါဖြင့် အဘ ဘုရားကိုယ်တော်မြတ်ဟောသွားတဲ့ လောကသုံးပါးမှာ တကယ်ရှိတဲ့တရားက စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ တရားလေးပါးပဲ တကယ်ရှိတယ်။ ချစ်သား ချစ်သမီးတို့ အဲဒီတရားလေးပါးအပြင်ဘက် ထွက်နေတဲ့ ပြောဆိုသုံးနှုန်းနေတဲ့ စကားလုံး အသံထွက်တွေ ဘာကိုပဲ ခေါ်ခေါ်၊ ဘာကိုပဲ ပြောပြော ဘာကိုပဲ ဆိုဆို၊ ခေါ်ချင်တိုင်းခေါ်၊ ပြောချင်တိုင်းပြော၊ ဆိုချင်တိုင်းဆို ဒီစကားလုံးအသံထွက်တွေက ထွက်လာသမျှ အသံထွက်ရဲ့နောက်ကွယ်မှာ ဘာမှမရှိဘူး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အေး . . . ဒါဖြင့်ရင် မိမိတို့ထွက်လာတဲ့ စကားလုံး အသံထွက်တွေ ထွက်ကြည့်စမ်း၊ ငါထွက် လိုက်တဲ့ စကားလုံး အသံထွက်သည် တကယ်ရှိတယ် ဆိုတဲ့ တရားလေးပါးထဲမှာ ပါသလား၊ ငါ အခုပြောလိုက်တဲ့အသံထွက်ဟာ စိတ်ထဲ ပါသလား၊ စေတသိက်တရား ကိုယ်ထဲမှာ ပါသလား၊ ရုပ်ဆိုတဲ့တရား ကိုယ်မှာ ပါသလား ဒီလိုဖြစ်ရမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ငါထွက်လိုက်တဲ့ အသံ ထွက်၊ ငါပြောဆို သုံးနှုန်းတဲ့စကားလုံးဟာ ကိုယ်တော်မြတ်ဟောထားတဲ့ စိတ်ဆိုတဲ့သဘောတရားထဲ မပါဘူး၊ စေတသိက်ဆိုတဲ့ သဘောတရားထဲလည်း မပါဘူး၊ ရုပ်ဆိုတဲ့သဘောတရားထဲလည်း မပါဘူး၊ ဘာဖြစ်လို့လဲ၊ သူက အကောင်အထည်နဲ့ ခေါ်ဝေါ်သုံးစွဲနေတဲ့ စကားလုံးတွေ၊ စိတ်, စေတသိက်, ရုပ် ဆိုတဲ့ ပရမတ်တရားသုံးပါးက အကောင်အထည်အနေအားဖြင့်, အထည်ဒြပ်သဏ္ဌာန်အနေ

http://www.dhammadownload.com



အားဖြင့်, အမှန်အမှားဆိုတဲ့ အနေအားဖြင့် တစ်ခါမှ မဟောဘူး၊ ဟောဘူးရဲ့လား (မဟောပါဘူးဆရာ)၊ မဟောဘူး၊ စိတ်ဆိုတဲ့ သဘောတရားတွေ၊ စေတသိက်ဆိုတဲ့ သဘောတရားတွေ၊ ရုပ်ဆိုတဲ့ သဘောတရားတွေ၊ နိဗ္ဗာန်ဆိုတာ ဖယ်ထားပေ့ါကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ်တရားသုံးပါးကို တတ်ကျွမ်းနားလည်တဲ့ပုဂ္ဂိုလ်များက မတတ်တတ်အောင် သင်ကြား ပြသပေးရမယ်တဲ့၊ မလိမ္မာ လိမ္မာလာအောင်၊ နားမလည် လည်လာအောင် သင်ကြားပေးရမယ်၊ ဒီတော့ တို့လူစုဟာ အဲဒီလို ကိုယ်တော်မြတ်က တိုက်တွန်းသွားတာလည်း မသိဘူး၊ လမ်းညွှန်သွားတာလည်း မသိဘူး၊ ကိုယ့်အလုပ် အကိုင်နဲ့၊ ကိုယ့်စီးပွားရေးနဲ့၊ ကြီးပွားရေးနဲ့ ဒါနဲ့ အချိန်ကုန်နေကြတယ်။

ဒီတော့ တတ်မြောက်လိမ္မာတဲ့ပုဂ္ဂိုလ်များထံ သွားပြီးတော့ နည်းခံပြီးတော့ သင်ပါ ကြားပါ ဆိုပြန်တော့လည်း ခိုင်းလို့ မရ၊ ခိုင်းလို့ ရပြန်တော့ သင်ချိန် ကြားချိန် မရှိ ဒီတော့ တတ်ကျွမ်းနားလည်တဲ့ စောစောက ပြောသလို ပရိယတ္တိအနေနဲ့ အင်မတန်ကျွမ်းကျင်တဲ့ သံဃာတော်အရှင်မြတ်များက လည်းပဲ မင်းတို့ ငါတို့ နေရာလိုက်ပြီးတော့ မသင်နိုင်၊ မကြားနိုင်တော့ဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ မသင်နိုင်, မကြားနိုင်ဘူး၊ ဒီလိုမသင်နိုင်မကြားနိုင်တော့ မတတ်၊ မတတ်တော့ မသိ၊ မသိတော့ ဘယ့်နှယ့်ဖြစ်၊ ကိုယ်တော်မြတ်က တကယ်ရှိတဲ့တရားသည် လေးပါးလို့ လေးဆယ့်ငါးဝါပတ်လုံး ဟောသွားတယ်၊ ကိုယ်တော်မြတ်ဟောတာ၊ ပြောသံတောင် မကြားဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ စိတ်လည်း ဘာမှမသိဘူး၊ စေတသိက်လည်း ဘာမှမသိဘူး၊ ရုပ်လည်း ဘာမှမသိဘူး၊ နိဗ္ဗာန်ဆိုတာ အဝေးကြီး၊ ထားပါတော့ သိနေတာ ဘာတွေ သိနေသလဲ ဆိုတော့ စောစောကပြောတဲ့ အမှားတွေချည်း သိနေတယ်၊ လုံးလုံးမရှိတဲ့ပညတ်တရားတွေ သိနေတယ်၊ ဒါတွေကျတော့ သိအောင်လည်းပဲ မသင်ကြားရပါဘူး၊ အားမထုတ်ရပါဘူး၊ အလိုလိုနေရင်း ငယ်စဉ်တောင်ကျေး ကလေးဘဝက စပြီးတော့ တစ်စ တစ်စနဲ့ သိလာတဲ့ အသိတွေကွနော် (ဟုတ်ကဲ့ပါဆရာ)။

အေး . . . ဒါမသင်မကြားဘဲနဲ့ အလိုလိုတတ်လာက မရှိတရားတွေ၊ ဩော် . . . တကယ်လုံးလုံး ဘာမှမရှိတဲ့ ပညတ်ဆိုတဲ့ စကားလုံးအသံထွက်တွေတော့ တို့တွေ ငယ်စဉ်တောင်ကျေး ကလေးက စပြီးတော့ မသင်မကြားဘဲနဲ့ အလိုလိုအားဖြင့်၊ ဗဟုသုတအနေအားဖြင့် တစ်ဆင့်စကား တစ်ဆင့်ကြားတာနဲ့ ဒါတွေတော့ အကုန်တတ်တယ်။ တတ်တဲ့အတိုင်းလည်း တကယ်ရှိတယ်၊ တကယ်ဟုတ်တယ် မှတ်နေတာ၊ တကယ်ထင်ရှားရှိနေတဲ့ ပရမတ်အစစ် တည်းဟူသော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် လေးတန်သော တရားကြီး ကျတော့ တို့ကနားလည်းမလည်၊ သိလည်း မသိ၊ တတ်လည်း မတတ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီတော့ နားလည်းမလည်၊ သိလည်း မသိ၊ တတ်လည်း မတတ်ဆိုတော့ မရှိဘူးဆိုတဲ့ အယူဝါဒ၌ ရောက်နေတယ်ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဒီတော့ တကယ်ရှိတဲ့ ပရမတ်တရား

http://www.dhammadownload.com



ကြီးကျတော့ မရှိဘူးလို့ ယူနေတယ်၊ ယုံကြည်နေတယ်၊ တကယ်လုံးဝမရှိတဲ့ပညတ် တရားကျတော့ ရှိတယ်လို့ ယုံကြည်တယ်၊ နှစ်ဖက်စလုံး ကြည့်တော့ အမှားကြီးမှား မနေဘူးလားကွ (အမှားကြီးမှား နေပါတယ်ဆရာ)၊ အေး . . . အဲဒီအမှားတွေ တည့်အောင် ပြင်ပေးရမယ်၊ မရှိတဲ့ပညတ်တရားလည်း မရှိမှန်းကိုသိအောင် သေသေချာချာ လေ့လာရမယ်၊ ရှိတဲ့ပရမတ်တရားကြီးလည်း တကယ်ရှိမှန်း သိလာရမယ်၊ ဒီလိုသွားတော့ အတည်တကျ ဖြစ်မသွားဘူးလား (အတည်တကျ ဖြစ်သွားပါတယ် ဆရာ)၊ အေး အဲဒါမှ အမှန်လို့ ခေါ်တယ်၊ အဲဒီအသိဉာဏ်လေးနှစ်ခု ပြတ်သား သွားရင်ပဲ တို့လူစုက အင်မတန်အားရှိစရာ ကောင်းပါတယ်လို့၊ ကြိုးစားပြီး သမာဓိနဲ့ လိုက်ကြပါ။ သမာဓိလည်း ကောင်း ကောင်းထား၊ စိတ်ကူးလည်း တခြားမသွားပါစေနဲ့ ။ ဒီက ပါဠိဘာသာနဲ့ ပြောသွားနေတာ၊ ဟာ တို့က ပါဠိဘာသာ နားမှမလည်တာ၊ နားမလည်ထားခဲ့ကွာ၊ မြန်မာလို အဓိပ္ပာယ်ပြန်သွားတဲ့ အခါ ကျတော့ အဓိပ္ပာယ်လေး သိအောင် ယူပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ပါဠိဘာသာတတ်မှ မဟုတ် ပါဘူး၊ မတတ်ဘဲနဲ့ ပါဠိဘာသာပြောသွားတဲ့အဓိပ္ပာယ် မြန်မာလိုနားလည်တဲ့အဓိပ္ပာယ် သိတာ လိုရင်း ပါပဲ၊ ဒီပါဠိဘာသာ ဆိုတာ စာသင်တဲ့ပုဂ္ဂိုလ်များမှ မှတ်နိုင်တယ်၊ ရိုးရိုးပုဂ္ဂိုလ်တွေကျတော့ မှတ်ဖို့ အလွန်ခဲယဉ်းတယ်၊ ဒါပေမယ့် မှတ်နိုင်လျှင် ကောင်းပါတယ်၊ တတ်နိုင်လျှင် ပို၍ကောင်းပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

အေး . . . အဲဒါကြောင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် လေးတန်သော ပရမတ်တရားမှာ နိဗ္ဗာန်ဆိုတဲ့ ပရမတ်တရားကြီးကို ဖယ်ထားလိုက်၊ သူကတော့ သင်စရာ ကြားစရာ မလိုပါဘူး၊ ဘာ ဖြစ်လို့လဲ အဲဒီနိဗ္ဗာန်ကိုပဲ လိုချင်လို့, ရောက်ချင်လို့, ရချင်လို့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် စိတ်, စေတသိက်, ရုပ် ဆိုတဲ့ ပရမတ်တရားသုံးပါးကို သင်ရမှာပေါ့ကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါလေးက နည်းနည်း လေးသည်းခံပြီး မှတ်လည်းမှတ်သားကြပါ။ ဒီလိုအခြေခံလေးကမှ ပြတ်သားအောင် သင် မပေးလို့ရှိရင် နောက်ပိုင်းကျလည်း ယုတ္တိယုတ္တာ မပြတ်မသားနဲ့ ဒီလိုပဲ ဝေ့လည်ကြောင်ပတ်ကြီး ပါလာတတ်ပါတယ်။ တရားရဖို့ အင်မတန်ခဲယဉ်းပါတယ်၊ ဒါကြောင့် ဒီအချိန်လေးမှာ အခြေခံလေးက စပြီးတော့ မှတ်လည်း မှတ်သားကြပါ၊ မရရအောင်ပေါ့လေ၊ ပြီးတော့လည်းပဲ အကယ်တန္တု ကိုယ်က မပြတ်သားဘူးဆိုရင် ကိုယ်နဲ့လိုက်တဲ့ ပုဂ္ဂိုလ်အဖော်တွေကို မေးကြ။ သြော် . . . မင်းတော့ နားလည် ရဲ့လား၊ မင်းတော့ ပြတ်သားရဲ့လား၊ ပြတ်သားရင် ငါ့ပြောစမ်းပါ၊ ဒီအဓိပ္ပာယ်လေး ဒီနေရာမျိုး အောက်ကျခံတာ အောက်မကျပါဘူးနော် (ဟုတ်ပါတယ်ဆရာ)။

ဒါမှ သူတော်ကောင်းပညာရှိအစစ်လို့ ဒီလိုခေါ်ပါတယ်၊ ဘာပြုလို့လဲ၊ စီးပွားရေး မဟုတ်ပါ ဘူး၊ ကြီးပွားရေး မဟုတ်ပါဘူးတဲ့၊ ဒါ လောကုတ္တရာတရားနဲ့ ပတ်သက်ပြီးတော့ အောက်ကျခံရတာ

http://www.dhammadownload.com



ဝန်လေးစရာ အကြောင်းမရှိပါဘူး၊ ဒါကြောင့် မေးပါတဲ့၊ ကိုယ်မသိရင်၊ အဲဒီအထိ မသိတဲ့ပုဂ္ဂိုလ်က သိတဲ့ပုဂ္ဂိုလ်ကို မေးလို့၊ သိတဲ့ပုဂ္ဂိုလ်က ဝေဖန်ပြောပြန်တော့ ကိုယ်လည်းဉာဏ်စဉ်လေးတွေ တိုးလာတယ်၊ ပိုပြီးတော့ ရှင်းသထက်ရှင်းတယ်၊ အဲဒါကြောင့် စိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ်တရား သုံးပါးကို တစ်ခါထပ်ပြီးတော့ သင်ပေးပါဦးမယ်လို့၊ မနေ့ညအတိုင်း ပြန်ပြီးတော့မှတ်ပါ၊ စိတ်ကို မနေ့ညက သင်ထားတာ၊ ဘုရားကိုယ်တော်မြတ်က စိတ်ဆိုတဲ့ ပရမတ်တရားဟောထားသည် လုံးရေအားဖြင့် ဘယ်လောက်များရှိလဲ၊ အကျဉ်းနည်း, အကျယ်နည်းနဲ့ ရေတွက်တော့ အကျဉ်းအားဖြင့် ဘယ်လောက်ရှိလဲ (၈၉-ပါးရှိပါတယ်)၊ အကျယ်ရေတွက်တော့ကော (၁၂၁- ပါးရှိပါတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ ဒီစိတ်ဆိုတဲ့ ပရမတ်တရားဟာ လုံးရေနဲ့ ရေတွက်ကြည့်ရင် (၈၉)ပါး အကျဉ်းနည်းနော် (ဟုတ်ကဲ့ပါဆရာ)၊ အကျယ်နည်းနဲ့ ရေတွက်တော့ (၁၂၁)ပါး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ကောင်းပါပြီ၊ ဒါဖြင့် စေတသိက်တရားကျတော့ ဘုရားကိုယ်တော်မြတ်က လုံးရေဘယ်လောက်ဟောလဲ (၅၂-ပါးဆရာ)၊ ဒါထက်ပိုသေးလား (မပိုတော့ပါဘူးဆရာ)၊ လိုသေးလား (မလိုပါဘူးဆရာ)၊ အပိုအလိုမရှိ အတိအကျပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါလေး အရေအတွက်လေးတွေနဲ့ မှတ်ထား၊ စေတသိက် (၅၂)ပါးလုံး တစ်လုံးချင်း တစ်လုံးချင်း အဓိပ္ပာယ်ပြောနေတာ မဟုတ်ပါဘူး၊ သြော် စေတသိက် ဘုရားကိုယ်တော်မြတ် ဟောသွားတယ်၊ စေတသိက်ပရမတ်တရားသည် အားလုံးမှ (၅၂)ပါးရှိတယ်၊ (ဟုတ်ကဲ့ပါဆရာ)၊ စိတ်တရားကျပြန်တော့လည်း ကိုယ်တော်မြတ်ဟောသွားတယ်၊ စိတ်တရားဟာ လုံးရေအားဖြင့် အကျဉ်းနည်း ရေတွက်ကြည့်ချင်တယ်ဆိုရင် (၈၉)ပါး၊ အကျယ်အားဖြင့် ရေတွက်ရင် (၁၂၁)ပါး၊ ဒါ့အပြင် အပိုအလိုမရှိပါဘူး၊ ဒီလောက်မှတ်ရင် တော်ပါပြီ၊ ရုပ်ဆိုတဲ့ ပရမတ်တရားကြီးကို ကိုယ်တော်မြတ်ဟောသွားတာ အရေအတွက်အားဖြင့် ဘယ်လောက်ရှိလဲ (၂၈)ပါး ရှိတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါ့ထက်ပိုသေးလား (မပိုပါဘူးဆရာ)၊ မပိုပါဘူး အတိအကျပဲ၊ ဒါဖြင့် စိတ်လုံးရေအားဖြင့် ရေတွက်ကြည့်ရင် အကျဉ်းနည်းနဲ့ (၈၉)ပါး၊ အကျယ်နည်းနဲ့ (၁၂၁)ပါး၊ စေတသိက်လုံးရေအားဖြင့် ရေတွက်ကြည့်ရင် (၅၂)ပါး၊ ရုပ်လုံးရေအားဖြင့် ရေတွက်ကြည့်ရင် (၂၈)ပါး၊ ဒါပဲ မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒီတော့ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ သုံးမျိုးဖြစ်မနေဘူးလား (သုံးမျိုးဖြစ်နေပါတယ်ဆရာ)၊ ထပ်ပြီး ကျဉ်းလိုက်ကြစို့ရဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ တို့လူစုတွေ အသင်အကြားလွယ်အောင်, အမှတ်အသားလွယ်အောင်ပေါ့၊ ထပ်ကျဉ်းလိုက်ကြဦးစို့၊ ကိုင်း . . . ဒါဖြင့် စိတ်ဆိုတာ မနေ့ညက တို့များပြောတဲ့အတိုင်း စိတ်ဆိုတာ လုံးရေပေါင်း အကျယ်နဲ့ ရေတွက်ရင် (၁၂၁)လုံး ရှိပါတယ်၊ (၁၂၁)လုံးကို စီထားလိုက်၊ တန်းပြီးတော့ ထားလိုက်၊ နံပါတ် တစ်ကနေ့ တစ်ရာ့နှစ်ဆယ့်တစ်အထိနော် (ဟုတ်ကဲ့ပါဆရာ)။

http://www.dhammadownload.com



ပထမ နံပါတ် (၁) စိတ်လုံးလေးကို မေးတယ်၊ မင်း ဒီစိတ်လုံးလေးက နံပါတ် (၁) စိတ်လုံးလေး က ဘာသဘော၊ ဘာအဓိပ္ပာယ်ရှိသလဲ ဒီလိုမေးတော့ ဘယ့်နှယ့်ပြောမလဲ၊ ဟင်း . . . အဲဒါတရား ထောက်၊ မနေ့က ပါးစပ်က အမြုပ်ထွက်အောင် သင်ပေး၊ သူက ဘာမှမသိ၊ အာရုံကို ကြံတတ် တယ်တဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ သူများပြောတော့ ဟုတ်ကဲ့တဲ့၊ ဩော် . . . ပထမစိတ်လုံးလေး မေးတယ်၊ မင်းဘာသဘောရှိလဲ ဆိုတော့ အာရုံကို ခံစားသိတတ်တယ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒီလိုဖြေတယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ (၂)နံပါတ် စိတ်လုံးလေး မေးတော့ကော (အာရုံကို ကြံတတ် သိတတ်ပါတယ်ဆရာ)၊ (၃) နံပါတ်တော့ကော (အာရုံကို ကြံတတ်သိတတ်ပါတယ်ဆရာ)၊ (၄)နံပါတ် တော့ကော (အာရုံကို ကြံတတ် သိတတ်ပါတယ်ဆရာ)။ တစ်ရာ့နှစ်ဆယ့်တစ်ပါးထိအောင် လျှောက် မေးရရင် တစ်နာရီကုန်တော့မှာပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ ဩော်. . . ဒီလိုချည်း လျှောက်လျှောက် ပြီးတော့ မေးတိုင်း မေးတိုင်း ဒီလိုပဲလား (ဒီလိုပါပဲဆရာ)၊ ဒါဖြင့် စိတ်လုံးရေတွေကို တစ်လုံးချင်း တစ်လုံးချင်း သူတို့ရဲ့သဘောလက္ခဏာတွေ တူမနေဘူးလား (တူနေပါတယ်ဆရာ)၊ အဓိပ္ပာယ်ချင်း တူမနေဘူးလား (တူနေပါတယ်ဆရာ)၊ ဩော် . . . အဓိပ္ပာယ်တူ သဘောတူ ဆိုတော့ သူတို့ကို ပေါင်းလိုက် (၁၂၁)လုံးသည် တစ်ပေါင်းတည်း တစ်စုတည်း လုပ်လိုက်ပါနော် (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း . . . စိတ်တစ်လုံးတည်း ရတာပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဘာဖြစ်လို့လဲ သဘောတူလို့တဲ့၊ "အာရမ္မဏဝိဇာနနလက္ခဏ" အနေအားဖြင့် ပေါင်းလိုက်၊ လက္ခဏာတူရာတွေ ပေါင်းလိုက်တော့ တစ်ခုရတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် စိတ်က အကျဉ်းအားဖြင့် (၈၉)ပါး၊ အကျယ်အားဖြင့် (၁၂၁) ပါးရှိတယ်၊ တစ်လုံးတည်း ဖြစ်သွားတာပေါ့ (ဟုတ်ကဲ့ပါဆရာ)။

## စိတ်အားလုံး တစ်ပေါင်းတည်း စုပေါင်းပြုလုပ်ရသလို စေတသိက်အားလုံး တစ်ပေါင်းတည်း စုပေါင်းပြုလုပ်လို့မရ

အေး . . . ဟုတ်ပြီ၊ ဒါဖြင့် စေတသိက် (၅၂)ပါး သွားရအောင်ကွာ၊ စေတသိက် (၅၂)ပါးကျတော့ လုံးရေ အားလုံးမှ (၅၂)လုံးရှိတယ်။ သူတို့ကျတော့ တစ်လုံးနဲ့တစ်လုံး မတူကြပေဘူးနော် (ဟုတ်ကဲ့ ပါဆရာ)၊ တစ်လုံးနဲ့တစ်လုံး သတ္တိလေးတွေ၊ လက္ခဏာလေးတွေ မတူကြပေဘူးတဲ့၊ မတူတော့ သူတို့ ကျတော့ စိတ်တုန်းကလို တစ်ပေါင်းတည်းစုပြီး တစ်ခုတည်းလုပ်လို့ မဟုန်ဘူး။ သူတို့က မရဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ သူနဲ့သူနဲ့သဘောချင်းမှ မတူဘဲ မပေါင်းနိုင်ဘူး၊ ဟာ . . . သူနဲ့လည်း သဘော မတူဘဲ မပေါင်းနိုင်ဘူး၊ မပေါင်းနိုင်ဘူးချည်း ဖြစ်နေတယ် ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မပေါင်း နိုင်တော့ စေတသိက် (၅၂)ပါးကတော့ (၅၂)ပါးအတိုင်း ထားလိုက်ပါ၊ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊

http://www.dhammadownload.com



ဒါဖြင့် စိတ်ကတော့ တစ်လုံးတည်းဖြစ်သွားပါတယ်၊ အေး . . . ဟုတ်ပြီ၊ စိတ်က တစ်လုံးတည်း ဖြစ်သွားတယ်၊ စေတသိက်က (၅၂)လုံး ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒီတော့ စိတ်နဲ့စေတသိက်ကို ပြန်ကြည့်စမ်းပါတဲ့။

## နာမ်ခေါ်ပုံ

သူတို့နှစ်ခုအဓိပ္ပာယ်ကို ပြန်ပေါင်းကြည့်၊ စိတ်က တစ်လုံးတည်း ဖြစ်သွားပြီ၊ အဲဒီတစ်လုံးတည်းကို စေတသိက် (၅၂)ပါးထဲ ထည့်လိုက်ပါ၊ ဘယ်လောက်ဖြစ်သလဲ၊ (၅၃)လုံး ဖြစ်သွားပါတယ်။ ဩော် (၅၃)လုံးနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီ (၅၃)လုံးသောတရားကို နာမ်တရားလို့ ခေါ်ပါတယ်။ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ နာမ်တရားလို့ခေါ်ပါတယ်၊ နာမ်တေပညာသ - နာမ်တရား (၅၃)ပါး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သူတို့ကို ဘာဖြစ်လို့ နာမ်တရားခေါ်လဲဆိုတော့ နာမ်တရား ခေါ်ပုံလေး "အတ္ထေ နမတီတိ နာမံ" အတ္ထေ-အနက်ကို။ (ဝါ) အနက်၌။ နမတိ-ညွတ်တတ် ကိုင်းတတ် ရှိုင်းတတ် သိတတ်၏။ ဣတိ တသ္မာ-ထို့သို့ အနက်ကို ညွတ်တတ် ကိုင်းတတ် ရှိုင်းတတ် သိတတ်တဲ့သဘောကြောင့်။ နာမံ-နာမ်မည်၏။ ဤစေတသိက်တရားရော၊ စိတ်တရားရော ပေါင်းထားတဲ့ (၅၃) ပါးသောတရားဟာ နာမ်တရားလို့ ခေါ်တာ တခြားမဟုတ်ဘူးတဲ့၊ သူတို့ရဲ့အဓိပ္ပာယ်လေးတွေက အနက်တရားကိုယ် သဘောအဓိပ္ပာယ်တွေကို သိတတ်တဲ့ သဘောသတ္တိရှိတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီနာမ်တရား (၅၃)ပါး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီနာမ်တရား (၅၃)ပါးလို့ ခေါ်ထားတဲ့ နာမ်တရားသည် ဘာလုပ်တတ်သလဲ မေးရင် အနက်တရားကိုယ်ကို သိတတ်တယ်တဲ့၊ မြန်မာလို ပြန်တော့နော် (ဟုတ်ကဲ့ပါဆရာ)၊ အနက်တရားသဘောလေးတွေ သိတတ်တယ်တဲ့ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် သူတို့ကို နာမ်တရားလို့ ခေါ်တယ်တဲ့၊ ဒါဖြင့် စိတ်တရားနဲ့ စေတသိက်တရားဟာ စောစောက လုံးရေတွေ ဘယ်လောက်ပြားပြား ဘယ်လောက်ပဲများများ အခုသူတို့ နှစ်မျိုးပေါင်းလိုက်တော့ လုံးရေ အရေအတွက်အားဖြင့် (၅၃)လုံး ရှိတော့တယ်။ (၅၃)လုံးကို တစ်ခါစုပေါင်းပြီးတော့ နာမ်လို့ ခေါ်လိုက်ပါဆိုတော့ တစ်လုံးရှိတော့တယ်၊ မှတ်မိလား (ဟုတ်ကဲ့ပါဆရာ)၊ ဩော် ဒါဖြင့် နာမ်တရားပေါ့နော် (နာမ်တရားပါဆရာ)၊ ဘာဖြစ်လို့ သူတို့ကို နာမ်တရားလို့ ခေါ်သလဲ မေးတော့ ဘယ်နှယ့်ပြောမလဲ (အာရုံကို သိတတ်လို့ နာမ်တရားလို့ ခေါ်ပါတယ်ဆရာ)၊ ဒီကျတော့ အနက် ဖြစ်သွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အနက်ကို သိတတ်တယ်၊ အာရုံကို သိတတ်တယ် ဆိုတဲ့သဘောနဲ့ အနက်ကို သိတတ်တယ်ဆိုတဲ့ သဘောဟာ သိပ်ပြီးတော့ မကွာပါဘူး၊ ဘာပြုလို့လဲ

http://www.dhammadownload.com



ဆိုတော့ တို့ ရုပါရုံမြင်လိုက်တယ် ဆိုလို့ရှိရင် စိတ်ကလေးက သိပေ့ါ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)၊ မင်းကိုယ်တိုင်စဉ်းစားကြည့်စမ်း၊ မျက်စိက မြင်လိုက်ရင် ငါတို့ရဲ့ ဒီစားပွဲပေါ်မှာ ယပ်တောင်လေးတစ်ချောင်း ငါက ထောင်ထားတယ်၊ ဘေးပတ်ဝန်းကျင်က လှမ်းကြည့်လိုက်ရင် မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ မြင်လိုက်ရင် ဘာလို့သိ (ယပ်တောင်လို့ သိပါတယ်ဆရာ)၊ သြော် . . . ယပ်တောင်လို့ သိတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီယပ်တောင်က အနက်ပဲကွ မှတ်မိလား (ဟုတ်ကဲ့ပါ ဆရာ)၊ အနက်တရားကိုယ် တရားသားခေါ်တယ်၊ သြော် . . . အနက်တရားကိုယ် တရားသား ခေါ်ထားတဲ့ အဲဒီအထည်ဝတ္ထုဖြစ်ရဲ့ အဓိပ္ပာယ်ကို သိသွားတယ်တဲ့၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊

အဲဒါကြောင့် သူတို့ကို စိတ်ရော၊ စေတသိက်ရော နှစ်ခုပေါင်းပြီးတော့ အနက်တရားကိုယ် အနက်ဒြဗ်ကို သိတတ်သောသဘောရှိလို့ သူကိုနာမ်လို့ ခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ နာမ်တရားရဲ့အဓိပ္ပာယ် ဒါပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါမျက်စိအမြင်လေးကို ပြောထားတာ၊ နားကြပြန်တော့ လာပြန်ပြီ၊ အသံတစ်ခုကြားလိုက်တယ်၊ မင်းနားထဲ အသံတစ်ခု ကြားလိုက်တယ်၊ မကြားလိုက်ဖူးလား (ကြားလိုက်ပါတယ်ဆရာ)၊ ကြားလိုက်တဲ့အသံသည် ဘယ်အရပ်က လာတယ်၊ ဘယ်ဆီက လာတယ်၊ ဘယ်သူ့အသံပဲ။ ဒီလိုပဲ မင်းပိုင်းခြားပြီးတော့ မသိဘူးလား (သိပါတယ်ဆရာ)၊ အေး . . အဲဒီအသံဟာ တရားကိုယ်ပဲလို့မှတ်။ အဲဒါအနက်ပဲ သြော် . . . ဒါဖြင့် မင်းဒီကြားတဲ့အသံလေးကို မင်းပိုင်းပိုင်းခြားခြား ဝေဖန်ပြီးတော့ ဒီအသံလေးရဲ့အနက်အဓိပ္ပာယ်ကို မင်းသိသွားတော့ စိတ်ကလေး မဟုတ်လား၊ နာမ်တရားမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီနာမ်တရား။ သြော် . . . ဒီနာမ်က သိတာကိုး၊ တို့မျက်စိက မြင်လိုက်ပြန် မြင်တဲ့ရူပါရုံအနက်ဒြဗ်ကို တို့သိတယ်။ နားက ကြားတဲ့ အသံရဲ့ အနက်အဓိပ္ပာယ်ကို တို့သိတယ်၊ မသိဘူးလား (သိပါတယ်ဆရာ)၊ နှာခေါင်းက နံပြန်ပြီတဲ့၊ နှာခေါင်းက နံပြန်တော့ နံလိုက်တဲ့အနံ့ ဒါကမွှေးတာ၊ ဒါက သနပ်ခါး၊ ဒါက ပေါင်ဒါ၊ ဒါက ရေမွှေး၊ ဒါက နံ့သာ၊ ဒါက အင်မတန်စက်ဆုပ်ဖွယ်ကောင်းတဲ့ ပုပ်စပ်နေတဲ့ ခွေးကောင်ပုပ်၊ နွားကောင်ပုပ် ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)။

ဒီလိုနံလိုက်တဲ့အနံ့တည်းဟူသော တရားကိုယ်ဒြဗ်ရဲ့အနက်အဓိပ္ပာယ်လေး မသိဘူးလား (သိပါတယ်ဆရာ)၊ အဲဒါ သိတာက နာမ်နော် (ဟုတ်ကဲ့ပါဆရာ)။ သြော် . . . နာမ်ဆိုတာ ဒီလိုအနက်အဓိပ္ပာယ်ရှိတယ်ကိုး ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ နောက်တစ်ခါ လျှာစားလိုက်ပြန်တယ်၊ လျှာပေါ် တင်လိုက်ပြန်တယ်၊ အချို၊ အချဉ်၊ အငန်၊ အစပ်၊ အဖန်၊ အခါး ဆိုတဲ့ ခြောက်ပါးသော အရသာဓာတ်တစ်ခုခု တင်ကြည့်ပါ၊ ချဉ်တာလေး မသိဘူးလား၊ ချဉ်လိုက်တာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ချဉ်တယ်ဆိုတာ ရသာရုပ်လေးခေါ်ပါတယ်။ ဒါပေမယ့် တို့လူစုက ဘယ်လိုထင်

http://www.dhammadownload.com



သလဲဆိုတော့ မန်ကျည်းသီးက ချဉ်တယ်၊ ရှောက်သီးက ချဉ်တယ်၊ သံပုရာသီးက ချဉ်တယ်၊ အသီး အနှံတွေ လုပ်ထားသေးတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အတုံး, အလုံး, အခဲတွေနဲ့ ယူလို့ ထားပါတော့ လျှာမှာ လာတွေ့တဲ့ အရသာဓာတ်ကလေး ချဉ်လိုက်တာ၊ အဲဒီချဉ်တယ်လို့ ဆိုတဲ့ ရသာဓာတ်လေး ကို ထိုရသာရုပ်ကလေးရဲ့ အနက်အဓိပ္ပာယတ္ထ သိလိုက်တာလေးက နာမ်ပဲ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ ပါဆရာ)၊ ကိုယ်ထိတာနဲ့ တစ်ခါလာပြန်ပြီ၊ ငါ့ထိတာ ပူလိုက်တာ၊ အေးလိုက်တာ၊ စူးလိုက်တာ၊ ရှလိုက်တာ၊ နုလိုက်တာ၊ ကြမ်းလိုက်တာလို့ မသိဘူးလား (သိပါတယ်ဆရာ)၊ အေး . . . လာထိတယ် ဆိုတာ ဖောဋ္ဌဗ္ဗအတွေ့ဓာတ်။ ဩော် . . . . ဒီဖောဋ္ဌဗ္ဗအာရုံတည်းဟူသော အာရုံအနက်ဒြဗ်ကို ဒီကနေပြီးတော့ ကတ္တီပါလေးက ချောလိုက်တာ၊ ဖဲသားလေးက နူးညံ့လိုက်တာ အဓိပ္ပာယ်အားဖြင့် နော် (ဟုတ်ကဲ့ပါဆရာ)၊ ဖျင်စကြီးကိုင်ကြည့်လိုက်တော့ ကြမ်းလိုက်တာ၊ ကျားလျှာကိုင်ကြည့်တော့ စူးလိုက်တာ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလို အနက်အဓိပ္ပာယတ္ထကို မင်းသိသိသွားတဲ့ သဘောလေးဟာ နာမ်ပဲ မဟုတ်လား (နာမ်ပါဆရာ)။

ဩော် . . . စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ - မြန်မာလိုပြန်တော့၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, ငါးဌာန ဒီလိုမနေဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီငါးဌာနမှာ မင်းတို့တွေ့တိုင်း မျက်စိက မြင်လို့သိတယ်၊ နားကကြားလို့ သိသွားတာလေးတွေ၊ နှာခေါင်းက နံလို့သိသွားတာလေးတွေ၊ လျှာမှာ ထိလို့ သိသွားတာလေးတွေ၊ ကိုယ်မှာထိလို့ သိသွားတာလေးတွေ မသိဘူးလား (သိပါတယ်ဆရာ)၊ ဒါနဲ့ပဲ နေကုန်နေခန်းသွားနေကြတာတွေ မသေမချင်း နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ ပြီးတော့ တစ်ခါ အဲဒီငါးခုလွတ်ထားပြန်တော့ ဒီငါးခုလုံးဝမဖြစ်ဘူးဆိုတော့ ဘာရောက်သလဲ။ စဉ်းစားခန်း, တွေးတောခန်းပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကျတော့ ဟိုစိတ်ကလေးက သိတယ်နော် (ဟုတ်ကဲ့ပါ ဆရာ)၊ အခုန ငါးဌာနလွတ်သွားပြီ၊ မျက်စိလည်း မြင်တာမဟုတ်ဘူး၊ နားလည်း ကြားတာမဟုတ်ဘူး၊ နှာခေါင်းလည်း နံတာမဟုတ်၊ လျှာလည်း စားတာမဟုတ်၊ ကိုယ်လည်း ထိတာမဟုတ်၊ အဲဒီငါးခု လုံးဝလွတ်နေတဲ့အခါကျတော့ ဘာလုပ်လုပ် စဉ်းစားတယ်၊ တွေးနေတယ်။ နောက်ကြောင်း ရှေ့ ကြောင်းတွေ ဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ စဉ်းစားနေတယ်၊ တွေးနေတယ်ဆိုတဲ့ စဉ်းစားမှု၊ တွေးမှုလေးတွေကျတော့ စိတ်မှာ တိုက်ရိုက်အားဖြင့် သိနေတဲ့ အသိလေးခေါ်တယ်နော် (ဟုတ် ကဲ့ပါဆရာ)၊ စဉ်းစားတယ်ဆိုတာ ဘာတွေ စဉ်းစား၊ ငါဘယ်တုံးက ဘယ်သွားတာ၊ ဘယ်သူ့တွေ့ ခဲ့တယ်၊ ဘာတွေ ကြားခဲ့တယ်၊ ဘာတွေ သင်ခဲ့ရတယ်၊ ဘာတွေ သိခဲ့ရတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အဲဒီတုန်းက မြင်ခဲ့ တွေ့ခဲ့ဖူးတဲ့ အာရုံအထူးထူးတွေကို တစ်သိတည်းသိနေတာက အဲဒါ နာမ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် သေချာကြည့်စမ်း၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်,

http://www.dhammadownload.com



စိတ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီခြောက်ဌာနမှာ စိတ်ဆိုတဲ့ သဘောတရားလေး ဖယ်ထားလိုက်၊ ဘာဖြစ်လို့လဲ၊ စိတ်ကတော့ အထူးပြောစရာမလိုဘူး၊ မျက်စိမြင်တုန်းကလည်း သူပါတာပဲ၊ နားကြား တုန်းကလည်း သူပါတာပဲ၊ နှာခေါင်း နံတုန်းကလည်း သူပါတာပဲ၊ လျှာစားတုန်းကလည်း သူပါတာပဲ၊ ကိုယ်ထိတုန်းကလည်း သူပါတာပဲ၊ သူကတော့ ပါပြီးသား၊ မနောဝိညာဏဓာတ်နော် (ဟုတ်ကဲ့ပါ ဆရာ)၊ သူကတော့ ပါပြီးသား၊ ဒါဖြင့် သူ့ကို ဖယ်ထားပါ၊ ဘယ်သူကျန်နေလဲ ငါးခုကျန်တော့တယ်၊ မျက်စိက မြင်တာရယ်၊ နားက ကြားတာရယ်၊ နှာခေါင်းက နံတာရယ်၊ လျှာမှ စားတာရယ်၊ ကိုယ်မှာ ထိတာရယ်။ အဲဒီငါးခုနဲ့ တို့လူစုတွေ တစ်နေ့ပြီး တစ်နေ့၊ တစ်နေ့ပြီး တစ်နေ့ ဒါနဲ့သွားနေတယ်၊ မျက်စိက မြင်လိုက်၊ နားက ကြားလိုက်၊ နှာခေါင်းက နံလိုက်၊ လျှာက စားလိုက်၊ ကိုယ်က ထိလိုက် ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

တစ်ခါတစ်ခါ ဒီငါးခုလပ်သွားပြန်တယ်၊ စိတ်ထဲက စဉ်းစားလိုက်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီလို ချည်းသွားနေတယ်၊ ဒါအပြင် ဘာရှိသေးတုံး၊ (ဘာမှမရှိပါဘူးဆရာ)၊ ဘာမှမရှိဘူး၊ အဲဒီလို သွားသွား နေတဲ့အခါမှာ ဒီသိမှုခြောက်ခု၊ (တစ်နည်း) ဒီသိမှုငါးခုဆိုတဲ့ သဘောလေးတွေက ဘယ်သူတွေလဲ ဆိုရင် ဒါက နာမ်ဓာတ်ပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ နာမ်ဓာတ်ကလေးတွေ။ ဩော် . . . လက်စသတ် တော့ တို့မျက်စိကမြင်လို့ အဓိပ္ပာယ်သိသွားတာ နာမ်ပဲ၊ နားကကြားလိုက်လို့ အဓိပ္ပာယ်သိသွား တာက နာမ်ပဲ၊ နှာခေါင်းက နံလိုက်လို့ အဓိပ္ပာယ်သိသွားတာ နာမ်ပဲ၊ လျှာမှာ စားလို့ အဓိပ္ပာယ် သိလိုက်တာ နာမ်ပဲ၊ ကိုယ်မှာ ထိလို့ အဓိပ္ပာယ်သိလိုက်တာ နာမ်ပဲ၊ ဒါနာမ်တရားတွေနော် (ဟုတ်ကဲ့ပါ ဆရာ)၊ နာမ်တရားတွေဆိုတော့ စောစောက မင်းနဲ့ငါနဲ့ စိတ်နှင့်စေတသိက် နှစ်ခုပေါင်းတာတွေ မဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒီ နှစ်ခုပေါင်းတဲ့တရားဟာ စုံတွဲအနေအားဖြင့် သွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ စိတ်နဲ့စေတသိက် နှစ်ခုပေါင်းထားတာကို နာမ်ခေါ်၏၊ နာမ် တေပညာသတရား ခေါ်တယ်။

ဩော် . . . နာမ်တေပညာသဆိုတော့ ပါဠိလို၊ မြန်မာလိုပြန်တော့ (၅၃)ပါး။ ဩော် . . . သိ တတ်တယ်ဆိုတဲ့ အသိဓာတ် နာမ်တရား (၅၃)ပါးရှိတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း အခုပြောနေတာဟာ စိတ်တရားနှင့်စေတသိက် တရားနှစ်ပါးပေါင်းထားတော့ တစ်ပေါင်းတည်း အနေအားဖြင့် အနက်ဒြပ်တွေကို သိသိသွားတဲ့ နာမ်ရဲ့အဓိပ္ပာယ်ကို ရှင်းနေတာပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ စိတ်ရဲ့အဓိပ္ပာယ်လေးတစ်ခုထဲ ခွဲပြီး ရှင်းရမှာ၊ စေတသိက်ရဲ့အဓိပ္ပာယ်လေး တစ်ခုထဲ ခွဲပြီး ရှင်းရမှာ ဆိုတော့ စိတ်ဆိုတာ ပထမဆုံး မျက်စိက မြင်လိုက်လို့ သိလိုက်တဲ့သဘောလေး ဟာ စိတ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မျက်စိက မြင်လိုက်တယ်၊ မနေ့က ငါပြောသလို လှလှပပ ရုပ်ပါရုံ

http://www.dhammadownload.com



အဆင်းရုပ်လေး မြင်လိုက်တယ်။ ဟာ . . . ငါမြင်တာလေးက အရမ်းကောင်းတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ငါမြင်တာလေးက အင်မတန်ကြည့်လို့ကောင်းတယ်၊ ငါမြင်တာလေးက အင်မတန်လှတယ်၊ အဲဒီမင်းကြိုက်တဲ့အာရုံလေးကို မြင်လိုက်ရရင် မင်းကြိုက်မှုလေး ပေါ်လာတာပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ နှစ်သက်မှုလေးပေါ်လာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီကြိုက်မှုလေး၊ နှစ်သက်မှုလေးဆိုတဲ့ မြင်ပြီးတဲ့နောက်ပိုင်းက ထပ်ပြီးလိုက်သွားတော့ ကြိုက်မှု နှစ်သက်မှုဆိုတဲ့ သဘောလေးက ဒါစေတသိက်တရားပဲနော် (ဟုတ်ကဲ့ပါဆရာ)။

လောဘဆိုတာ ငါပြောမယ်၊ လောဘဆိုတာ သူများဆီက ပစ္စည်းအတင်းလုတာမှ လောဘခေါ်တာမဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ မင်းမျက်စိနဲ့ မြင်လိုက်တဲ့အမြင်လေး ရူပါရုံ အဆင်းရုပ်လေး မင်းနှစ်သက်တယ်ဆိုရင် ဒါလောဘလို့ မှတ်တယ်၊ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ တချို့ကတော့ . . . သိပ်လောဘကြီးတာပဲ၊ တို့ပခုက္ကူမှာ ငါပြောဦးမယ်၊ ဈေးရောင်းတာ ပဲဆန်ရောင်းတဲ့ မိန်းမရယ်၊ ပဲပင်ပေါက်ရောင်းတဲ့မိန်းရယ် - အဓိပ္ပာယ်အားဖြင့် ဆယ်ပြားဖိုးဆိုတဲ့ နို့ဆီဗူးဖော့်ကွယ်၊ ရိုးရိုးနို့ဆီဗူးခါးလယ်က ဖြတ်ထုတ်ပြီး ၊ လူတွေ ယုံကြည်အောင် ခါးလည်က ဖြတ်ထားတော့ ဒီတစ်ပိုင်းလေးနဲ့ ဆယ်ပြားဖိုးဆိုရင် အဲဒီခွက်ကလေးနဲ့ ချင်ပေးတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ခွက်နဲ့ ချင်ပြီးတော့ပေးလိုက်တော့ကာ အမှန်ကတော့ ဆယ်ပြားဖိုးဆိုရင် နို့ဆီဗူးတစ်လုံး အမှန်ပေးရမယ်။ ဒါပေမယ့်သူ့နို့ဆီဗူးက ခါးဖြတ်တယ်၊ တစ်ဝက်ဖြတ်တော့ အဲဒီတစ်ဝက်လေးနဲ့ ခပ်ပြီးတော့ ငါမြင်တယ်။ ဒီတော့ဒါလေးနဲ့ ချင်ချိန်ပြီး ပေးလိုက်တော့ကာ ဝယ်သူက သြော် ဆယ်ပြားပေးရင် နို့ဆီဗူးတစ်လုံး ရနေကြပဲ၊ ထည့်အဆစ်ဆိုပြီးတော့ လက်ခုတ်နဲ့ အတင်းကြုံးထည့်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ လက်ခုတ်နဲ့အတင်းကြုံးတော့ ဟိုကလည်း ရွဲ့ပြီးတော့ ဒီလောက်တောင် များလွန်းပါတယ်၊ သိပ်မကြုံးပါနဲ့ မယူပါနဲ့၊ ငါက ထပ်ထည့်ရမှာပဲ၊ နင့်ဥစ္စာပြည့်မှ မပြည့်ဘဲ၊ ဒီနို့ဆီဗူးခါးက ဖြတ်ထားတာပဲ ဆိုတော့သူကလည်း ဟုတ်တာကိုကွ၊ နို့ဆီဗူးတစ်ဝက်ဖြတ်ထားတော့ ကြုံးသွား ယူသွားတဲ့ပစ္စည်း ဒီအတိုင်းကြည့်နေရတယ်နော် (ဟုတ်ကဲ့ပါဆရာ)။

ငါက မေးကြည့်တယ်၊ နေစမ်းပါဦး ဆယ်ပြားဖိုး နို့ဆီဗူးတစ်လုံး ရလျက်သားနဲ့ ဘာကြောင့်ဒီနို့ဆီဗူးမှန်မှန်ကန်ကန် မရောင်းဘဲနဲ့ ခါးလယ်က ဖြတ်ထားတာတုံးဆိုတော့ နို့ဆီဗူးတစ်လုံး မှန်မှန်ကန်ကန်ရောင်းလည်းပဲ တစ်လက်ခုတ်ကတော့ လုနေကျ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီတော့ ယူနေကျတစ်လက်ခုတ်ကို အဆုံးမခံနိုင်တော့ လုတဲ့တစ်လက်ခုတ်အတွက် ဆိုပြီးတော့ နို့ဆီဗူးတစ်ဝက် ဖြတ်ထားရတယ်တဲ့။ အဲဒါမှ အကိုက်ကြတယ်၊ သူပြောတာ မှန်သကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ တို့လူစုက ဘယ့်နှယ့်မြင်သလဲဆိုတော့ အောင်မယ်လေး အဲဒီလိုလက်ခုတ်နဲ့ လုပြန်ရင်ပဲ

http://www.dhammadownload.com



အောင်မယ်လေး လောဘကြီးလိုက်တာဟဲ့ သူများပစ္စည်း ဒီလိုမဟုတ်လား။ တို့လူစုကလည်း လုမှ လောဘထင်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . လောဘဆိုတာ အင်မတန်သိမ်မွေ့တယ်၊ ကြမ်းတဲ့နေရာ ကြမ်းတယ်၊ သိမ်မွေ့တဲ့နေရာ အင်မတန်သိမ်မွေ့တယ်၊ လောဘဆိုတာ တခြားမဟုတ်ပါဘူး၊ ရှင်းရှင်းလေး မှတ်ထားစမ်းပါ၊ မင်းတို့ မျက်စိနဲ့ကြည့်ရင် မြင်လိမ့်မယ်၊ မင်းတို့ကြိုက်တဲ့အာရုံလေးတွေ မတွေ့ဘူးလား (တွေ့ပါတယ်ဆရာ)၊ အေး . . . ကောင်းတာလေးတွေနော် (ဟုတ်ကဲ့ပါဆရာ)၊ မြင်လို့ကောင်းတာလေးတွေ ဣဋ္ဌာရုံ ခေါ်ပါတယ်၊ ကိုယ်နှစ်သက်တဲ့အာရုံလေး ကုန်ကုန်ပြောမယ်၊ ပန်းလေးကအစပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ လှလှပပ နှင်းဆီပန်းလေးပွင့်နေတော့ မင်းစိတ်ထဲ မကြိုက်ဖူးလား (ကြိုက်ပါတယ်ဆရာ)၊ အေး . . . အဲဒါကြိုက်တာ ဘာလဲ (လိုချင်တာပါဆရာ)၊ ဘာတုံးလို့ (နှင်းဆီပန်းပါဆရာ)၊ ဟောဗျာ မင်းပြောမှ ငါသိတယ်၊ ဆူးလေးလည်း ပါသေးတယ် (လိုချင်တာ လောဘပါဆရာ)။

အေး . . . ဟုတ်ပြီ၊ ဩော် . . . ဒါမြင်တဲ့ ရူပါရုံလေးကို ကြိုက်လိုက်တော့ လောဘပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ နှစ်သက်ပြန်ရင်ကော (လောဘပါဆရာ)၊ အေး . . . ကြိုက်လိုက်ရင် လောဘ၊ နှစ်သက်လိုက်ရင် လောဘ၊ မြတ်နိုးလိုက်ရင် လောဘ၊ ကြည်ဖြူလာရင် လောဘနော် (ဟုတ်ကဲ့ပါဆရာ) သေသေချာချာ မှတ်ထား၊ ခုန ဟိုအရောင်းအဝယ်လုပ်တဲ့ဈေးသည်လို အတင်းလုမှ လောဘမဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါကြောင့် လောဘဟာ သရုပ်ဖော်တဲ့နေရာပေါ်တယ်၊ ရုပ်လုံးပေါ်တဲ့နေရာ ပေါ်တယ်၊ မပေါ်တဲ့နေရာမပေါ်ဘူး။ ဩော် . . . ဒါဖြင့် ကောင်းပါပြီ၊ မင်းက အင်မတန်လှတဲ့ နှင်းဆီပန်းလေး မြင်လိုက်တော့ကာ နှင်းဆီပန်းလေးကလည်း လူမြင်တိုင်း မကြိုက်တဲ့လူမရှိပါဘူး။ သူက လှတာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒါ ဣဋ္ဌာရုံခေါ်တယ်၊ မင်းတို့ နှစ်သက်တဲ့ အဲဒီရူပါရုံဆိုတဲ့ နှင်းဆီပန်းလေးကို မင်းမြင်လိုက်တော့ ပထမဆုံး နှင်းဆီပန်းလို့ မင်း မသိလိုက်ဘူးလား (သိပါတယ်ဆရာ)၊ သိမှ ဘယ်ထိအောင် သိသလဲ၊ မြင်ဆဲခဏလေး ဟောဒါက နှင်းဆီ၊ ဟောဒါက ကန့်ကော် ဝတ်ဆံ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မျိုးလေးကွဲလို့ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ မျိုးလေးကွဲလို့ မျက်စိရဲ့အမြင်အားဖြင့် မင်းလေ့လာထားလို့ ရှိရင် ဟောဒီလို ကြည့်လိုက်တော့ ဟောဒါ ဘာမျိုးကွ၊ ဘာနှင်းဆီ၊ သူက မွှေးတတ်တဲ့သတ္တိရှိတယ်၊ သူများနဲ့မတူဘူး၊ အနံ့လေးက အင်မတန်ကောင်းတယ်၊ အဓိပ္ပာယ်လေးပါသွားပြီနော် (ဟုတ်ကဲ့ပါဆရာ)။

အဲဒီလို သိလိုက်လို့ရှိရင် သိရုံလေးနေသလားဆိုတော့ အဲဒီသိရုံလေးက စိတ်မဟုတ်လား (စိတ်ပါဆရာ)၊ သူ့နောက်က ဘာပါလာလဲဆိုတော့ မင်းမနှစ်သက်ဘူးလား (နှစ်သက်ပါတယ်ဆရာ)၊

http://www.dhammadownload.com



မကြိုက်ဘူးလား (ကြိုက်ပါတယ်ဆရာ)၊ မမြတ်နိုးဘူးလား (မြတ်နိုးပါတယ်ဆရာ)၊ ဩော် . . . ခုနက လုတာမပါသေးဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ မလုသေးဘူး၊ မလုသေးဘူး၊ နှင်းဆီပန်းလေးပွင့်နေတာကို မြင်လိုက်ရင်ပဲ ဒီနှင်းဆီပန်းလေးလှလိုက်တာနော် (ဟုတ်ကဲ့ပါဆရာ)၊ ချစ်စရာကောင်းလိုက်တာ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါဘာတုံး (လောဘပါဆရာ)၊ အေး . . . လောဘမှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ လောဘစိတ်လား၊ စေတသိက်လား (စေတသိက်ပါဆရာ)၊ အေး စေတသိက်၊ စိတ်နဲ့ စေတသိက် ဒီလိုသွားနေတယ်၊ လူနဲ့အရိပ်နဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ အေး လူနဲ့အရိပ်လိုပဲ၊ အဲဒီဟာလေးကတော့ မင်းတို့ငါတို့ နှစ်သက်တဲ့အာရုံလေး ပြောနေတာနော် (ဟုတ်ကဲ့ပါဆရာ)။

ဒါကြောင့် မြင်မြင်သမျှ၊ ကြားကြားသမျှ၊ နံနံသမျှ အကုန်လုံး နမူနာတစ်ခု ငါပြမယ်၊ ဒီလိုမှတ်ပါ အသံလည်း တူတူပဲ ဒီလိုမှတ်ပါနော် (ဟုတ်ကဲ့ပါဆရာ)၊ အသံလေးကြားလိုက်ပြန်ပြီ၊ ဘယ်သူမှ မမြင်ဘူးပေါ့၊ ကြားကြားခြင်း ဒါက စိန်အောင်မင်းရဲ့အသံ၊ ဒါက ရွှေမန်းတင်မောင်ရဲ့အသံ၊ ရွှေနန်းတင်ရဲ့အသံ မင်းကြားဖူးနာဝရှိတယ်ဆိုတာ မင်းမသိဘူးလား (သိပါတယ်ဆရာ)၊ သိတာကဘာလဲ (စိတ်ပါဆရာ)၊ ဩော် . . . စိတ် နားလည်ပြီလား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . အဲဒီ စိတ်ကလေးရဲ့နောက်ကွယ်မှာ အသံလေး ကြားလိုက်တယ်ဆိုတော့ ဒီစိန်အောင်မင်း၊ ရွှေမန်းတင်မောင် အစရှိတဲ့ နာမည်ကျော် မင်းသားတွေရဲ့အသံတွေ နှစ်သက်မြတ်နိုးလွန်းလို့ မဟုတ်ဖူးလားကွ၊ အိမ်တွေမှာ ဓာတ်စက်ဝယ်ပြီးတော့ တဂွိဂွိနဲ့ ဖွင့်နေတာ မကြိုက်ရင် ဖွင့်ပ့ါမလား (ဟုတ်ကဲ့ပါဆရာ)၊ ဘာဟုတ်တာလဲ၊ (မဖွင့်ပါဘူးဆရာ)၊ ဩော် . . . ဒီလိုလုပ်စမ်းပါကွ၊ ကြိုက်တယ် နှစ်သက်တယ်ဆိုတဲ့ သဘောလေးက သက်သေခံထားတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ တစ်နေရာမှာ အသုဘမသာဆေးရုံကြီးမှာ သေနေလို့ အလောင်းထုတ်ခါနီးဆိုရင် တကြူကြူနဲ့ငိုနေတာ မင်းအဲဒီရီကော်ဒါနဲ့ဖွင့်ထားတော့ မင်းအိမ်ဖွင့်လို့ မင်းကြိုက်ပါမလားဟ (မကြိုက်ပါဘူးဆရာ)၊ ဩော် ဒါဖြင့် ခုနပြောတဲ့ စိန်အောင်မင်း၊ ရွှေမန်းတင်မောင် အစရှိတဲ့အသံလေးတွေ မင်းကြားတော့၊ မင်း ဒါစိန်အောင်မင်း၊ ဒါရွှေမန်းတင်မောင် အသံစသည်အားဖြင့် မင်းသိလိုက်တယ်ပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ သိတာ ဘာတုံး (စိတ်ပါဆရာ)။

ကောင်းပါပြီ၊ ဒီစိတ်ကလေးအတိုင်း မင်းနေသလား ဆိုတော့ ဒီအသံလေးကို မင်းသာယာတယ်၊ နှစ်သက်တယ်၊ မြတ်နိုးတယ်၊ ကြောက်တယ် ဆိုတဲ့အသံလေး မင်းမပါဘူးလား (ပါပါတယ်ဆရာ)၊ အဲဒါဘာတုံး (လောဘပါဆရာ)၊ လောဘစေတသိက် (ဟုတ်ကဲ့ပါဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ လောဘစေတသိက် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါက နားမှာကြားတဲ့အသံ ပြော

http://www.dhammadownload.com



တာနော် (ဟုတ်ကဲ့ပါဆရာ)၊ သမာဓိကောင်းကောင်းထားပြီးတော့ သေသေချာချာမှတ်ပါပေါ့၊ ဒီအခန်းဟာ အမှန်ကတော့ အပင်ပန်းခံပြီး ပြသွားလို့ရှိရင် ဒီနေရာလေးမှာ စိတ်နဲ့စေတသိက်ကို သရုပ်ဖော်ပြီးတော့ ရှေ့တစ်ဆင့်သွားမယ်။ ရုပ်ဆိုရင် ရုပ်ပေါ့၊ နာမ်ဆိုရင်လည်း နာမ်ပေါ့၊ ဒီလိုသွားရမယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အခု ဒီနေရာလေးမှာ ဖြစ်နေတာက ဘာကြောင့်လဲ ဆိုတော့ အလုံသင်တန်းအမှုဆောင်အဖွဲ့ကြီးက တောင်းပန်တယ်၊ ဘယ်လိုတောင်းပန်လဲဆိုတော့ ဒီစိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ်တရားသုံးပါးကို အခြေခံအားဖြင့် ပြတဲ့အခါမှာ။ ဆရာရယ်တဲ့ . . . စိတ်နဲ့ စေတသိက်ယှဉ်ပုံ ဖြစ်ပုံလေးကို အားလုံးပဲ သဘောထဲမှာ ရှင်းသွားအောင် နည်းနည်းလေးသည်းခံပြီးတော့ ပြစေချင်ပါတယ်လို့ တောင်းပန်တယ်။ ဘာဖြစ်လို့လဲ မေးတော့ တခြားမဟုတ်ပါဘူး၊ စိတ်ဆိုတာ ဘယ်ဒင်းခေါ်လဲ၊ စေတသိက်ဆိုတာ ဘယ်ဒင်းခေါ်လဲ၊ ပြောသံသာ ကြားနေတယ်၊ ဖြစ်ပုံဖြစ်နည်း မသိကြဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ သူတို့နှစ်ပါးက တခြားသူနဲ့ ခွဲဖြစ်ကောင်းသလား။

## စိတ် စေတသိက် ရုပ်

ဩော် . . . စိတ်ဖြစ်ချင်မှ စိတ်, စေတသိတ်, ရုပ်သာ ဖြစ်တယ်၊ စေတသိက်ဖြစ်ချင်မှ စေတသိက်ဖြစ်တယ် ဒီလိုပဲ ဖြစ်ကောင်းသလား၊ သို့မဟုတ်ဘဲနဲ့ တစ်တွဲတွဲနဲ့ ခွဲမရ၊ ခွာမရဘဲနဲ့ လူနဲ့အရိပ်လိုတစ်ပါတည်း ဖြစ်သလား၊ အဲဒီသဘောအဓိပ္ပာယ်လေးတွေကို အားလုံးသော လူအများကို ကျွန်တော်တို့လိုပဲ ပြတ်သားစေချင်တဲ့ ဆန္ဒရှိလို့ အခန်းလေးကလည်း ဟပ်နေပါတယ်တဲ့။ ဒါကြောင့် ဒီနေရာလေးမှာ ရှေ့မတိုးခင်လေး ဒီစိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ်တရားသုံးပါး ပြတဲ့အခါမှာ၊ စိတ်နဲ့စေတသိက်လေးကို ကွဲပြားအောင် နည်းနည်းသည်းခံပြီးတော့ ဆရာပြစေချင်ပါတယ်လို့ တောင်းပန်ထားတယ်၊ တို့များလည်း အဲဒီအခန်းလေး ဂရုစိုက်ပြီး ဒါလေးသရုပ်ဖော်နေရတယ်။ သင်ခန်းစာအနေနဲ့ဆို ဒီလိုမသွားပါဘူး၊ စိတ်ရဲ့အဓိပ္ပာယ်, စေတသိက်ရဲ့အဓိပ္ပာယ်, ရုပ်ရဲ့အဓိပ္ပာယ်ကို ပြောပြီးဆိုပြီးသည့် တစ်ပြိုင်နက် ဩော် . . . ဒါနဲ့ ရုပ်နာမ်နှစ်ပါးဖြစ်ရင် ရုပ်ကို စကြစို့ဆိုပြီးတော့ ရုပ် (၂၈) ပါးကို ဘယ်သူ့ကို အရင်စရမလဲ။ အခြေခံဓာတ်ကြီးလေးပါးက အရင်စ၊ မဟာဘုတ်လေးပါးမှာ ဘယ်သူက အရင်စ၊ ပထဝီဓာတ်က အရင်စ၊ ပထဝီဓာတ်ကို ပြကြစို့ ဒီလိုသွားရမှာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အခုတော့ ဒီနေရာလေးမှာ စိတ်နဲ့စေတသိက်ဖြစ်ပုံလေးတွေကို သေသေချာချာ တို့လူစုက နည်းနည်းလေး အတန်းက မြင့်တာပေါ့လေ။ ဒါပေမယ့် သည်းခံပြီးတော့ နားထောင်ပါ၊ လွယ်သင့်သလောက် လွယ်လာပါလိမ့်မယ်။ ဒါကိုယ်မှာဖြစ်နေတဲ့ တရားတွေနော် (ဟုတ်ကဲ့ပါဆရာ)၊ တခြားမှာသွားရှာရတာ မဟုတ်ဘူး၊ မိမိကိုယ်မှာ တွေ့နေတဲ့ တရားတွေ၊ မြတ်စွာဘုရားကိုယ်တော်မြတ်

http://www.dhammadownload.com



ဟောတော်မူတဲ့တရားက တခြားမှာ ရှိနေတာ မဟုတ်ပါဘူး၊ သစ်ခေါင်းထဲ, ဝါးခေါင်းထဲ ရှိတာ မဟုတ်ဘူး၊ ကျောင်းထဲ, ဇရပ်ထဲ ရှိတာ မဟုတ်ဘူး၊ တောထဲ, တောင်ထဲ ရှိတာ မဟုတ်ဘူး၊ တရားက ဘယ်မှာရှိလဲ (ကိုယ်မှာ ရှိပါတယ်ဆရာ)၊ ဩော် . . . ကိုယ်မှာရှိတယ်၊ ဘာပြုလို့တုံး သတ္တဝါအနန္တ ပျော်မြူးနေကြတဲ့ သတ္တဝါတို့ရဲ့ အဇ္ဈတ္တသန္တာန်မှာ အမှန်ဖြစ်တဲ့တရားတွေကို ကိုယ်တော်မြတ်က သရုပ်ဖော်ပြီး ဟောတယ်၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အေး ဒါကြောင့် ငါတို့သူငါ လူတကာတွေရဲ့အဇ္ဈတ္တသန္တာန်မှာ အမှန်အားဖြင့် ဖြစ်ပျက်နေတဲ့ တရားသည် ပကတိမျက်စိနဲ့ မမြင်ကောင်းဘူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီအဇ္ဈတ္တသန္တာန် အမှန်ဖြစ်နေတဲ့ ရုပ်တရား၊ နာမ်တရား၊ ခန္ဓာငါးပါးဆိုတဲ့ တရားတွေက ပကတိမျက်စိနဲ့ ကြည့်လို့ မြင်ကောင်းတာ မဟုတ်ဘူးတဲ့၊ ပကတိမျက်စိနဲ့ ကြည့်လို့ မမြင်ကောင်းတော့၊ တစ်ယောက်နဲ့တစ်ယောက် မသိဘူးတဲ့၊ ဟာ . . ဟိုကောင် ခန္ဓာငါးပါးတွေ ကျင့်နေလိုက်တာဟ၊ အဓိပ္ပာယ်ကို ငါမေးကြည့်မယ် မြင်ကောင်းရင် မြင်ကောင်းတယ်၊ ဒီလိုမဟုတ်လားကွ (ဟုတ်ကဲ့ပါဆရာ)၊ ဒီခန္ဓာငါးပါးတွေ ကျင့်နေလိုက်တာဟေ့၊ ရုပ်နာမ်တွေ ကျင့်နေတယ်၊ ဒီလိုပြောနိုင်တယ် မဟုတ်လား (ပြောနိုင်ပါတယ်ဆရာ)၊ အခု တော့ ငါ့လက်ရှိပြောနိုင်ရဲ့လား (မပြောနိုင်ပါဘူးဆရာ)၊ အခုတော့ ငါ့ပြောနိုင်လို့လား (မပြောနိုင်ပါဘူး ဆရာ)၊ ပကတိမျက်စိနဲ့ မြင်ကောင်းတဲ့တရားမှ မဟုတ်ဘဲကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဘာနဲ့ မြင်ရလဲ၊ ဉာဏ်မျက်စိနဲ့မှ မြင်ကောင်းတယ်တဲ့ ဒီလိုဆိုထားတော့။ ဩော် . . . ဒါဖြင့် မင်းတို့ငါတို့ရဲ့ အဇ္ဈတ္တသန္တာန် အမှန်ဖြစ်နေပြီး ထင်ရှားရှိနေတဲ့တရားတွေ ကိုယ်တော်မြတ်က ပိုင်းခြားပြီးတော့ အမျိုးမျိုးမြင်တယ်။

## တရားရှာ ဘယ်မှာတွေ့ရမှာလဲ

ချစ်သား ချစ်သမီးတို့ သင်တို့ရဲ့ကိုယ်မှာ ဖြစ်နေတဲ့တရားတွေ သင်တို့မြင်ကြရဲ့လား၊ (မမြင်ပါဘူးဆရာ)၊ ပတကိမျက်စိနဲ့ ကြည့်လို့မရကောင်းပါဘူး။ အေး . . မမြင်ကောင်းဘူး၊ ငါဘုရားကိုယ်တော်မြတ် သဗ္ဗညုတရွှေဉာဏ်တော်နဲ့ ဝေဖန်ကြည့်တဲ့အခါကျတော့ အကုန်လုံးမြင်တယ်၊ ဖြစ်နေတဲ့တရားတွေ ငါပြောမယ်၊ အကျဉ်းဆုံးအနေအားဖြင့် **ရုပ်တရား နာမ်တရား** နှစ်ပါးရှိတယ်။ မြင်အောင် ကြည့်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီ ထင်ရှားရှိနေတဲ့ ရုပ်တရား, နာမ်တရားနှစ်ပါးကို သိချင်လို့ရှိရင် ဆရာကောင်း သမားကောင်းထံမှာ သင်ကြားကြ၊ ကိုယ်တော်မြတ်က နိဿရည်းပေးသွားတယ် ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် “တရားရှာ ကိုယ်မှာတွေ့”၊ တရားဆိုတာ တခြားမှာ ရှာစရာမလိုဘူး။ ကိုယ်မှာဖြစ်နေတဲ့ တရားတွေ ကိုယ်တော်မြတ်က ထုတ်ဖော်ဟော

http://www.dhammadownload.com



သွားတယ်။ ကြည့်ပါ စိတ်တရား, စေတသိက်တရား, ရုပ်တရား ဒီတရားသုံးပါးကို ကိုယ်တော်မြတ်က ထင်ရှားရှိတဲ့တရားတွေလို့ ဟောသွားတာ၊ ထိုစိတ်, စေတသိက်, ရုပ်ဆိုတဲ့ တရားသုံးပါး ဘယ်မှာဖြစ်လဲ၊ သတ္တဝါတွေရဲ့သန္တာန်မှာ ဖြစ်နေတဲ့တရားတွေ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် မိမိပတ်ဝန်းကျင်မှာဖြစ်နေတဲ့ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ, လောကဓာတ်ဆိုတဲ့ "အဝိညာဏက" အသက်မဲ့တဲ့ အရာဝတ္ထုတွေ စကြဝဠာနဲ့ ယှဉ်ပြီးတော့ အကုန်လုံး မင်းတို့ကြည့်၊ စကြဝဠာကြီးပျက်တာပဲ၊ လောကဓာတ်ကြီးပျက်တာပဲ၊ ကမ္ဘာကြီးပျက်သွားတာပဲ၊ အနိစ္စအစစ်ပဲလို့ သေအောင်ကျင့်၊ ဘယ်တော့မှ တစ်မဂ်တစ်ဖိုလ်မရဘူး၊ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး ဘယ်ရမလဲ၊ တောပျက်, တောင်ပျက်, ကမ္ဘာပျက်တွေပဲ ရှု့နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)။ မိမိသန္တာန်မှာ ရုပ်နာမ်တရားတွေ ဖြစ်ပျက်နေသလို သူများရဲ့သန္တာန်မှာလည်းပဲ ဖြစ်ပျက်နေကြသည်၊ တော, တောင်, ရေ, မြေ တွေမှာလည်း ဖြစ်ပျက်နေကြသည်ဟု အနုမာနအားဖြင့် ရှုလိုက ရှုနိုင်သည်။

အမှန်က ဒီတရားတွေပျက်တာ ရှုဖို့လည်း ဟောတာ မဟုတ်ဘူး၊ သတ္တဝါတွေရဲ့အဇ္ဈတ္တသန္တာန် အမှန်ဖြစ်နေတဲ့ တရားတွေ ပဓာနထားပြီး ရှုဖို့ပဲ ဟောထားတာကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး ဒါကြောင့် မင်းတို့ငါတို့ရဲ့အဇ္ဈတ္တသန္တာန် အမှန်ဖြစ်နေတဲ့တရားတွေ ရှုကြဖို့ဆိုတဲ့အနေအားဖြင့် သင်ကြားတာ။ ဒါကြောင့် တို့သင်ခန်းစာအနေအားဖြင့် ဒီနေရာလေး ခေတ္တဆိုင်းပြီးတော့ ဒီစိတ်တရားနဲ့ စေတသိက် တရားနှစ်ပါးတို့ဟာ တို့မှာ ဖြစ်နေတဲ့ တရားတွေပါပဲလား။ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ်တရားသုံးပါးဟာ တို့မှာဖြစ်နေတဲ့တရားပါပဲလား ဒီလိုမဟုတ်ဘူးလား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါလေး သိစေဖို့၊ ဒါပေမယ့် ဒီထဲမှာ စိတ်နဲ့ စေတသိက်ဖြစ်ပုံလေးတွေကိုပဲ စုံစုံလင်လင် သိစေချင်ပါတယ်လို့ တောင်းပန်ထားတဲ့အတွက် တို့များကလည်း ထပ်ပြီးပြပေးပါမယ်။ ဩော် . . . ဒါဖြင့် စိတ်နဲ့ စေတသိက် ဖြစ်ပုံလေးဟာ အခုမှတ်ပုံ ရှုပုံလေးလည်း ငါသင်လိုက်ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ပေါင်းလိုက်ပါ၊ မင်းတို့ငါတို့ပြောနေတဲ့ စိတ်ဟာ အကျဉ်းအားဖြင့် (၈၉)ပါး၊ အကျယ်အားဖြင့် (၁၂၁)ပါးရှိတယ်၊ များလွန်းအားကြီးတယ်၊ သူတို့လည်း "အာရမ္မဏဝိဇာနနလက္ခဏာ" အားဖြင့် သဘောတူရာ ပေါင်းလိုက်ပါ၊ တစ်ခုတည်း လုပ်လိုက်ပါဆိုတော့ စိတ်တစ်လုံးဖြစ်သွားတယ်။ စေတသိက် (၅၂)ပါးကတော့ လုံးရေပေါင်း (၅၂)ပါးရှိနေတဲ့အတိုင်းထား ဘာဖြစ်လို့လဲ၊ သူကတော့ ပေါင်းမရဘူး၊ လက္ခဏာချင်း မတူဘူးတဲ့။

အဲဒီတော့ သူ့အတိုင်းထားပါ၊ ဒါဖြင့် သူ့အတိုင်းထားမယ်ဆိုလို့ရှိရင် စိတ်အကျယ် (၁၂၁)ပါးကို ပေါင်းထားတဲ့ စိတ်တစ်ခုရယ် ပေါင်းလိုက်တော့ (၅၃)ပါး၊ (၅၃)ပါးဖြစ်လာတော့ ဘာတရားခေါ်တယ်၊ အဲဒီ (၅၃)ပါးဟာ **နာမ်တရားပဲ** ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီ နာမ်တရားဟာ ဘာလုပ်

http://www.dhammadownload.com



တာလဲ၊ အနက်ကို သိတတ်တယ် (ဟုတ်ကဲ့ဆရာ)၊ အဓိပ္ပာယ်ကို သိတတ်တယ်။ သိပုံသိနည်းလေး ကဘယ့်နှယ့်နေတုံး၊ ခုန ငါစောစောက ပြောတဲ့ အတိုင်း မျက်စိက မြင်လိုက်ရင် မြင်တဲ့ရူပါရုံလေးရဲ့ အဓိပ္ပာယ်သိပုံ ငါမြင်တာ ဘယ်သူပဲ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါ နာမ်တရား လေး၊ အဲဒါရောပြီးတော့ သိမှုလေး ပြောနေတာ၊ ဒါဆို တစ်ခုခုခွဲပြောစမ်းပါ၊ စိတ်ဆိုတဲ့သဘော တရားနဲ့၊ စေတသိက်ဆိုတဲ့သဘောတရား နှစ်ခုဖြစ်ပုံလေးပြောစမ်းပါ၊ သူတို့တွဲလျက်သား ဖြစ်နေ သလား၊ ခွဲပြီးတော့ ဖြစ်သလား (ဟုတ်ကဲ့ပါဆရာ)၊ စိတ်ဆိုတာ အရင်ဖြစ်သလား၊ စေတသိက်ဆိုတာ အရင် ဖြစ်သလား၊ သို့မဟုတ် စိတ်နဲ့စေတသိက် မရှေးမနှောင်းပဲ ဖြစ်သလား၊ စိတ်ဖြစ်ပုံအဓိပ္ပာယ် လေးနဲ့ စေတသိက်ဖြစ်ပုံအဓိပ္ပာယ်လေး ပြောစမ်းပါ။ အဲဒါလေး နားလည်ဖို့ တို့များက ပြောနေတာ နော် (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း . . . ခုန ငါပြောသွားပြီ၊ မျက်စိမြင်ပုံလေးနဲ့ ငါပြသွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ နှစ်သက်စရာကောင်းတဲ့ ဣဋ္ဌာရုံလေးမြင်ရတယ်၊ လောဘတဲ့ (ဟုတ်ကဲ့ပါဆရာ)၊ ဣဋ္ဌာရုံခေါ်ထားတဲ့ နှစ်သက်စရာအသံလေး ကြားတော့ လောဘ၊ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)၊ ကြားတာကို နှစ်သက်တာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)။

ကောင်းပါပြီ၊ နှစ်သက်စရာအနံ့လေး နံလိုက်တော့ လောဘ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါ ဆရာ)၊ ခုနလို အတင်းလုမှ လောဘမဟုတ်ဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ အတင်းလုတယ် ဆိုတာက ရုပ်လုံးပေါ်တဲ့ လောဘကြီး ပြောတာ။ ခုဟာက ရုပ်လုံးမပေါ်တဲ့ လောဘကြီးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . လောဘဆိုတာ ဒီသဘောလေးက စယူတာလို့ မှတ်ထားပါ၊ တစ်ခါလာပြန်ပြီ၊ လျှာပေါ် အရသာလေး တင်လိုက်တယ်၊ မင်းကြိုက်တဲ့ အချိုအချဉ်လေးနဲ့ တွေ့သွားတော့ ဒါမင်းကြိုက်တဲ့ အာရုံ ဣဋ္ဌာရုံခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ နှစ်သက်စရာအာရုံလေး ဖြစ်တယ်၊ အဲသလိုဖြစ် တော့ မင်းတပ်မက်တဲ့ စိတ်ဖြစ်တယ်၊ ဒါလောဘ၊ နှစ်သက်သကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ မင်း ကိုယ်ထိတဲ့အရာဝတ္ထုလေး မင်းလက်မောင်း ကျားလျှာနဲ့ တိုက်ရင် မင်းခံနိုင်ပါ့မလား (မခံနိုင်ပါဘူး ဆရာ)၊ ကတ္တီပါလေး ဝတ်လိုက်ရတော့ ဘယ့်နှယ့်နေသလဲ ကြိုက်တယ်ပေါ့၊ (ကြိုက်ပါတယ်ဆရာ)၊ ဖောဋ္ဌဗ္ဗ အထိအတွေ့အာရုံနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီအတွေ့အာရုံလေးနဲ့ တွေ့လိုက်တဲ့အခါ မင်း ဒီအာရုံလေးက ဣဋ္ဌာရုံ အလွန်ကောင်းတဲ့ အာရုံလေးဆိုပြီး မင်းက ကြိုက်တယ် မဟုတ်လား၊ မင်းမှာ ချစ်ချစ်တောက်အောင် သဲပူထဲ, ခဲပူထဲ မင်းလှဲ့ကြည့်စမ်း၊ မင်းမှာ လာပြီးတော့ အပူတွေ အတွေ့အထိတွေ လာထိတယ်၊ မတွေ့ဘူးလား (တွေ့ပါတယ်ဆရာ)၊ အဲဒီတွေ့ထိမှုဆိုတဲ့ အာရုံလေး၊ ဒီ အာရုံကျတော့ မင်းနှစ်သက်သလား (မနှစ်သက်ပါဘူးဆရာ)၊ မနှစ်သက်ရင် ဘာတုံး (ဒေါသပါပဲ ဆရာ)၊ စိတ်လား, စေတသိက်လား (စေတသိက်ပါဆရာ)၊ ဩော် . . . စေတသိက်။

http://www.dhammadownload.com



ဒါဖြင့် ကြည့်စမ်းကွယ် မျက်စိက မြင်တာ၊ နားက ကြားတာ၊ နှာခေါင်းက နံတာ၊ လျှာမှာ စားတာ၊ ကိုယ်မှာ ထိတာ ဟုတ်ပြီလား (ဟုတ်ကဲ့ပါဆရာ)၊ နှစ်မျိုး နှစ်မျိုးသွားမနေဘူးလား (သွားနေပါတယ်ဆရာ)၊ အေး . . . နှစ်မျိုးနှစ်မျိုးသွားနေတယ်၊ တို့လူစုကတော့ ဘယ့်နှယ်မြင်သလဲ ဆိုတော့ မျက်စိက မြင်တာလည်း ငါ့မျက်စိ၊ ဒီတစ်လုံးမြင်တာပဲ၊ ဒီလိုမှတ်နေတယ်၊ ဒီတစ်မျိုးမြင်တာပဲ ဒီလိုအောက်မေ့နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အမြင်နှစ်မျိုးတဲ့၊ ဒါကြောင့်လည်း ကိုယ်တော်မြတ်က ဟောထားတာ၊ စက္ခုဝိညာဏ်ဒွေး - မြင်သိစိတ်နှစ်မျိုးပါတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ကြားတာလည်း နှစ်မျိုးကြားတယ်တဲ့၊ ဒါတော့ သောတဝိညာဏ်ဒွေးနော် (ဟုတ်ကဲ့ပါဆရာ)၊ နံတာကော နံတာလည်း နှစ်မျိုးနံပါတယ်၊ ဒါတော့ ဃာနဝိညာဏ်ဒွေး၊ လျှာမှာကော စားတော့လည်း နှစ်မျိုး စားတာပဲ ဒါတော့ ဇိဝှါဝိညာဏ်ဒွေး၊ ကိုယ်မှာထိလို့ သိတာလည်း နှစ်မျိုးသိပါတယ်၊ ဘယ်လိုတုံး ကာယဝိညာဏ်ဒွေးနော် (ဟုတ်ကဲ့ပါဆရာ)၊ စက္ခုဝိညာဏ်ဒွေး - အမြင်နှစ်မျိုး၊ ဘယ်လိုမြင်တာတုံး၊ ကောင်းတာမြင်တော့ တစ်မျိုးတဲ့၊ မကောင်းတာမြင်တော့ တစ်မျိုးတဲ့ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကောင်းတာမြင်တော့ လောဘ၊ မကောင်းတာမြင်တော့ ဒေါသ၊ နှစ်သက်တာ မနှစ်သက်တာကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ကြားတော့ကော ကြားတော့လည်း ကောင်းတာကြားတော့ တစ်မျိုး၊ မကောင်းတာ ကြားတော့ တစ်မျိုး နှစ်မျိုး နှစ်မျိုးတွဲသွားတယ်။ နံတော့ကောတဲ့ ကောင်းတာ နံတော့ တစ်မျိုး၊ မကောင်းတာနံတော့ တစ်မျိုး၊ နှစ်မျိုး နှစ်မျိုးတွဲသွားတယ်။ တို့လူစုတွေ ဟုတ်သလား မဟုတ်သလားလို့ ပြန်ပြီးစဉ်းစားပါ။

ဩော် . . . ဒါက ငါနေ့စဉ်မပြတ် တွေ့နေတဲ့တရားတွေပါပဲ၊ ငါ့ရှိနေတဲ့တရားတွေပါပဲ၊ ငါ့မျက်စိပဲတဲ့၊ တော်ကြာကောင်းတာ၊ လေးတွေ မြင်လိုက်၊ တော်ကြာ ငါမကောင်းတာ သွားမြင်လိုက်၊ ငါ့နားကြားပြန်တော့ မကောင်းတဲ့အသံ မကြိုက်တဲ့အသံ ကြားလိုက်၊ ငါကြိုက်တဲ့အသံတွေ ကြားလိုက်၊ နှာခေါင်းနံပြန်လည်း ငါကြိုက်တဲ့အနံ့တွေ နံလိုက်၊ ငါမကြိုက်တဲ့အနံ့တွေ နံလိုက်နော် (ဟုတ်ကဲ့ပါဆရာ)၊ လျှာမှာ စားပြန်တော့ ငါကြိုက်တဲ့အရသာတွေ စားလိုက်၊ ငါမကြိုက်တဲ့အစားအစာတွေ စားလိုက်၊ ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)၊ ကိုယ်ထိတော့လည်း ဒီလိုပါပဲ၊ ကိုယ်ထိတော့လည်း ငါကြိုက်တဲ့အတွေ့အထိတွေ တွေ့လိုက် ငါမကြိုက်တဲ့အတွေ့အထိတွေ တွေ့လိုက် နှစ်မျိုးနှစ်စား သွားမနေဘူးလား (သွားနေပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် စက္ခုဝိညာဏ်ဒွေး အမြင်နှစ်မျိုးပါ၊ သောတဝိညာဏ်ဒွေး အကြားနှစ်မျိုးပါ၊ ဃာနဝိညာဏ်ဒွေး အနံ့နှစ်မျိုးပါ၊ ဇိဝှါဝိညာဏ်ဒွေး အစားနှစ်မျိုးပါ၊ ကာယဝိညာဏ်ဒွေး အထိနှစ်မျိုးပါ၊ ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါတွေ နေ့တိုင်းတွေ့နေတဲ့ တရားမဟုတ်လား (နေ့တိုင်းတွေ့နေတဲ့တရားပါဆရာ)၊ အေး . . . မင်းတို့ငါတို့ နေ့စဉ်မပြတ်

http://www.dhammadownload.com



ဖြစ်နေတဲ့တရားတွေ အဲဒီလိုနေ့စဉ်မပြတ် ကိုယ်မှာဖြစ်နေတဲ့တရားတွေကို တို့ပကတိမျက်စိနဲ့ မမြင်ကောင်းတော့ သူလည်း မသိဘူး၊ ငါလည်း မသိဘူး။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က သိအောင် ဆိုပြီးတော့ ထုတ်ပြီးတော့ ဟောတဲ့တရားတွေကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ကိုင်း . . . ကောင်းပါပြီကွယ် လိုရင်းတိုရှင်း ပြောကြစို့။ ဒါဖြင့် စိတ်နဲ့စေတသိက် ဘယ်လိုသွားနေတုံး၊ စိတ်ဆိုတာ ပဌမစပြီး မြင်တာလေးက စိတ်၊ နောက်တော့ နှစ်သက်တယ် ဆိုတာက စေတသိက် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ မြင်လို့ နှစ်သက်တယ်၊ ဟော စိတ်နဲ့စေတသိက် တွဲလာတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ မြင်လို့ နှစ်သက်တယ်၊ မြင်တာက စိတ်၊ နှစ်သက်တာက စေတသိက် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ကြားလို့ နှစ်သက်တယ်၊ ကြားတယ်ဆိုတာက စိတ်၊ နှစ်သက်တယ်ဆိုတာက စေတသိက်။ နံလို့ နှစ်သက်တယ်၊ နံတာက စိတ်၊ နှစ်သက်တာက စေတသိက်။ စားလို့နှစ်သက်တယ်၊ စားတာကစိတ်၊ နှစ်သက်တာက စေတသိက်။ ထိလို့ နှစ်သက်တယ်၊ ထိတယ်ဆိုတာက စိတ်၊ နှစ်သက်တယ် ဆိုတာလေးက စေတသိက်၊ ဒါနှစ်သက်တဲ့ဘက်က သွားနေတာပဲနော် (ဟုတ်ကဲ့ပါဆရာ)၊ မနှစ်သက်တာလည်း ဒီလိုပဲ မြင်လို့ မနှစ်သက်ဘူး၊ မြင်လို့ ဆိုတာက စိတ်၊ မနှစ်သက်တာက စေတသိက်၊ ကြားလို့ မနှစ်သက်ဖူး၊ ကြားလို့ ဆိုတာက စိတ်၊ မနှစ်သက်ဖူးဆိုတာက စေတသိက်၊ နံလို့ မနှစ်သက်ဖူး၊ နံတာက စိတ်၊ မနှစ်သက်တာက စေတသိက်၊ စားလို့မနှစ်သက်ဘူး၊ စားတာကစိတ်၊ မနှစ်သက်တာက စေတသိက်။ ထိလို့ မနှစ်သက်ဖူး၊ ထိတာက စိတ်၊ မနှစ်သက်တာက စေတသိက် ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)။

ဒါဖြင့်မင်း ငါမေးစမ်းပါရစေ၊ ဒီနှစ်ခုစုံတွဲ စုံတွဲနဲ့ အမြဲသွားနေတဲ့တရားထဲမှာ မြင်လို့ နှစ်သက်တယ်၊ မြင်လို့ဆိုတာ မြင်တာက စိတ်၊ နှစ်သက်တယ်ဆိုတာက စေတသိက်၊ အဲဒါကို နှစ်သက်တယ်ဆိုတဲ့ အလုံးလေးမပါဘဲနဲ့ မြင်လို့ဆိုတဲ့ မြင်ကာမျှမတ္တလေး စိတ်ကလေးတစ်လုံးတည်း ငါ့ရှင်းပြစမ်း၊ ငါပြောတဲ့အဓိပ္ပာယ် နားလည်လား (နားမလည်ပါဘူးဆရာ)၊ မလည်ဘူးလား၊ သြော် . . . ကဲမြင်တယ်ဆိုတဲ့ မြင်မှုလေးကို ဒါစိတ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ရူပါရုံလေးတစ်ခုကို မင်းမြင်လိုက်တယ်၊ မြင်တယ်လား (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီမြင်တာလေးတွေ ရပ်ထားတဲ့စိတ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီစိတ်ကလေးကို ရပ်ပြနိုင်လား (မပြနိုင်ပါဘူးဆရာ)၊ နောက်ဆုံးတော့ နှစ်သက်တယ်ဆိုတာ မပါနဲ့၊ မနှစ်သက်ဖူးဆိုတာ မပါနဲ့၊ အဲသလိုမပါဘဲ မင်းရပ်ပြနိုင်လား (မပြနိုင်ပါဘူးဆရာ)၊ စိတ်ကလေး ရပ်မပြနိုင်ဘူးပေါ့ (မပြနိုင်ပါဘူး)၊ သြော် . . . ဒါဖြင့် မြင်ဆဲဆို မြင်လိုက်တယ် နှစ်သက်မှု ပေါ်လာတာပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ မြင်လိုက်ရင် မနှစ်သက်မှု ပေါ်လာတာပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ စေတသိက် ကပ်လျက်သားပါတယ် ဟုတ်ကဲ့လား (ဟုတ်ကဲ့ပါဆရာ)၊ စေတသိက်က ကပ်လျက်သားပါလာတယ်

http://www.dhammadownload.com



တဲ့၊ အဲဒီမြင်တဲ့သဘောလေးမှာကိုပဲ နှစ်မျိုးနှစ်စားမြင်လို့ ပြန်ပြီးတော့ နားထောင်ပါဦး။ ဩော် . . . ငါမြင်တာလေးကို မြင်လိုက်ပြီ၊ မြင်တဲ့ရူပါရုံလေးကို နှစ်သက်တယ်၊ မြင်တဲ့ရူပါရုံလေးကို မနှစ်သက်ဘူး နှစ်မျိုးရှိတယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

ဒီတော့ မြင်တဲ့ရူပါရုံလေးက နှစ်သက်စရာလေး မြင်လိုက်ရင် ဣဋ္ဌာရုံခေါ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ မြင်တဲ့ရူပါရုံလေးကို မနှစ်သက်လို့ရှိရင် အနိဋ္ဌာရုံခေါ်တယ် ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် မင်းတို့နှစ်သက်တဲ့ ရူပါရုံအဆင်းရုပ်ကလေးကို မြင်လို့ရှိရင်တဲ့၊ ဘာမျက်စိနဲ့ မြင်သလဲဆိုတော့ ကုသလဝိပါက် စက္ခုဝိညာဏ်စိတ်နဲ့ မြင်တယ်။ ဒါမျက်စိတစ်လုံးပေါ့နော် (ဟုတ်ကဲ့ပါဆရာ)၊ မနှစ်သက်လောက်တဲ့ ရူပါရုံကို မင်းတို့မြင်လို့ရှိရင် ခုနပြောတဲ့ မစင်တို့၊ ခွေးသေကောင်ပုပ်တို့ နော် (ဟုတ်ကဲ့ပါဆရာ)၊ ရန်သူတို့ဟာ အဓိပ္ပာယ်အားဖြင့် အနိဋ္ဌာရုံလို့ ခေါ်တယ်၊ မင်းမနှစ်သက်ဖူးပေါ့ (မနှစ်သက်ပါဘူးဆရာ)၊ အဲဒီအာရုံကို မြင်တဲ့အခါကျတော့ ဘာမျက်စိနဲ့ မြင်သလဲဆိုတော့ အကုသလဝိပါက် စက္ခုဝိညာဏ်စိတ်နဲ့ မြင်တယ်တဲ့၊ မြန်မာလိုပြောတော့ ကောင်းသော မြင်ခြင်း၊ မကောင်းသောမြင်ခြင်းလို့ ခေါ်ပါတယ်၊ နှစ်မျိုးနှစ်မျိုးသွားတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့်ရင် မင်းမြင်ဆဲခဏလေးမှာ မင်းနှစ်သက်ရင် လောဘစေတသိက်၊ မနှစ်သက်ရင် ဒေါသစေတသိက် ကပ်လျက်သားပါနေတယ် မပါဘူးလား (ပါပါတယ်ဆရာ)၊ အေး . . . . အဲဒီလိုကပ်လျက်သား ပါပါနေတော့ကာ ဒီစေတသိက်တွေကို နှစ်သက်ရင် လောဘ၊ မနှစ်သက်ရင် ဒေါသဆိုတဲ့ စေတသိက်ကို မဖြစ်အောင် ငါချန်ပစ်ခဲ့မယ်၊ မင်းတို့ မဖြစ်စေရဘူး၊ မပါအောင် ငါထားမယ်ဆိုပြီးတော့ စိတ်ကလေး ချည်းဖြစ်အောင် မင်းလုပ်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ဖြစ်ကောင်းတဲ့တရားလား (မဖြစ်ကောင်းတဲ့တရားပါဆရာ)၊ လုပ်လို့ကော ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဘုရားကိုယ်တော်မြတ်က ဖြစ်ကောင်းတဲ့ တရားလို့ ဟောလား (မဟောပါဘူးဆရာ)၊ မဟောဘူးကွ၊ ဘာဖြစ်လို့လဲ၊ ဖြစ်နေတဲ့ လောဘ ဒေါသ မောဟ ဆိုတဲ့ စေတသိက်တရားတွေကို ကိုယ်တော်မြတ်ကိုယ်တိုင်က ဟောထားတာ။

အဲဒီနာမ်ကိုက စေတသိက်လို့ ဟောထားတာကြည့်ပါတဲ့၊ သဒ္ဒါနာမည်ကိုက "စေတသိ နိယုတ္တံ စေတသိကံ"၊ စေတသိ-စိတ်၌။ နိယုတ္တံ-အမြဲယှဉ်၍ဖြစ်နေသည်။ စေတသိကံ-စိတ်၌ အမြဲယှဉ်၍ ဖြစ်၏-တဲ့။ ဟော . . . သဒ္ဒါနာမည်ကိုက စိတ်မှာ အမြဲယှဉ်၍ဖြစ်သောတရားတဲ့ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဒါဖြင့် စိတ်ကလေးတွင်ဖြစ်အောင် လုပ်မယ်ဆိုလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ဩော် . . . စိတ်ဖြစ်ရင် သူဖြစ်မှာပေါ့ (ဖြစ်ပါတယ်ဆရာ)၊ ခွဲထားလို့ ရပါ့မလား (မရပါဘူးဆရာ)၊ ခွာထားလို့ကော (မရပါဘူးဆရာ)၊ ပစ်ထားလို့ကော (မရပါဘူးဆရာ)၊ မဖြစ်အောင် တားထားလို့ကော

http://www.dhammadownload.com



(မရပါဘူးဆရာ)၊ ဩော် . . . ဒါဖြင့် စိတ်ဖြစ်ရင် စေတသိက်ဖြစ်မှာပေါ့ (ဖြစ်ပါတယ် ဆရာ)၊ ဩော် ဒါကြောင့် ဒီစေတသိက်မှာကိုပဲ မှတ်စရာလက္ခဏာလေးချက် ပြထားတယ်။ ဘယ်သူတုံး၊ "ဧကုပ္ပါဒ၊ ဧကနိရောဓ၊ ဧကာလမ္ဗဏ၊ ဧကဝတ္ထုက"လို့ စေတသိက်ရဲ့လက္ခဏာလေးချက်၊ စေတသိက်တရားရဲ့ လက္ခဏာကို ပြန်ကြည့်စမ်းပါတဲ့၊ သူ့သဘော ဘာရှိလဲ၊ ဧကုပ္ပါဒ-စိတ်နှင့်အတူ တစ်ပြိုင်နက် ဖြစ်ခြင်းတဲ့။ ကြည့်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် စိတ်နဲ့အတူ တစ်ပြိုင်နက် ဖြစ်တယ်ဆိုတဲ့ ဧကုပ္ပါဒ-ထောက်လိုက်၊ စိတ်ကလေး အဲဒီအတိုင်းပဲ ထားမယ်၊ စေတသိက်မဖြစ်အောင် ဖယ်ထားမယ် ဆိုလို့ရပ့ါမလား (မရပါဘူးဆရာ)၊ မှတ်ထားပါ သေသေချာချာ။ ဧကုပ္ပါဒ-စိတ်နှင့်အတူဖြစ်ခြင်း။ ဧကနိရောဓ-စိတ်နှင့် အတူချုပ်ခြင်း။ စိတ်ချုပ်တော့ သူလည်း ချုပ်ကရော၊ လုပ်စမ်းပါ စိတ်ကို ငါအရင် ချုပ်ခိုင်းမယ်၊ စေတသိက်တော့ ချန်ထားမယ်၊ ဖြစ်ပ့ါမလား (မဖြစ်ပါဘူးဆရာ)၊ သို့မဟုတ် စေတသိက် အရင်ချုပ် ခိုင်းမယ်၊ စိတ်ကလေးနောက်ချန်ထားမယ် ဖြစ်ပ့ါမလား (မဖြစ်ပါဘူးဆရာ)၊ သေတောင် မဖြစ်ဘူး၊ စိတ်နဲ့စေတသိက် အတူချုပ်တယ်၊ ဖြစ်တော့လည်း အတူ၊ ပျက်တော့လည်း အတူနော် (ဟုတ်ကဲ့ပါ ဆရာ)။

ဒါဖြင့်ရင် စိတ်ဆိုတဲ့ တရားသည် ကာမ (၁၁)ဘုံ၊ ရူပ (၁၅)ဘုံ၌ (၂၆)ဘုံ ဝတ္ထုကို မှီပါတယ်၊ မှီစရာဝတ္ထုလေး တည်ဖြစ်ပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ စိတ်ဖြစ်ပုံလေး၊ စိတ်မှန်သမျှ ဝတ္ထုရုပ်ကို မှီ၍ဖြစ်ပါတယ်၊ မှီစရာလေး ရှိပါတယ်၊ ဘယ်သူ့မှီတုံး ဝတ္ထုရုပ်ကြီးကို မှီတယ်။ ဒါဖြင့် စေတသိက်က ဒီဝတ္ထုရုပ်ကို မမှီဘဲ ဖြစ်သလားဆိုတော့ မဟုတ်ပါဘူးတဲ့၊ သူလည်း ဝတ္ထုရုပ်မှီရပါတယ်၊ ဘယ်ဝတ္ထု မှီတုံး စိတ်မှီတဲ့ဝတ္ထုကိုပဲ လိုက်မှီပါတယ်တဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ လာပြန်ပြီတစ်ခါ စိတ်ကလေးက အာရုံတွင်းမှာ ပေါ်တဲ့စိတ်ကလေးတဲ့၊ မင်းမြင်ပြန်ဆိုတဲ့ ရူပါရုံ၊ မင်းကြည့်စရာဆိုတဲ့ ရူပါရုံ၊ မြင်ကောင်း တယ်ဆိုတဲ့ ရူပါရုံနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီရူပါရုံဆိုတဲ့ အာရုံလေးနဲ့ မတွေ့ရင် မင်းမြင်တယ်ဆိုတဲ့ စိတ်ကလေး မဖြစ်ဘူးကွ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . ရူပါရုံဆိုတဲ့ အာရုံလေး ပေါ်လာကာမှ မင်းမြင်တယ်ဆိုတဲ့ စိတ်ကလေး ပေါ်တာပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ဩော်. . . ဒါဖြင့်ရင် ဒီစက္ခုဝိညာဏ်စိတ်သည် ရူပါရုံကို အာရုံပြု၍ ဒီလို မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ သူမြင်တဲ့အာရုံလေးကို အာရုံပြု၍၊ စိတ်ကတော့ သူမြင်တဲ့အာရုံ လေးကို အာရုံပြုတယ်။ စေတသိက်က ဘယ်သူ့အာရုံပြုလဲ၊ ဧကာလမ္ဗဏ - စိတ်ပြုတဲ့အာရုံကို လိုက်၍ပြုပါသည်။ တူမနေဘူးလား (တူနေပါတယ်ဆရာ)၊ လက္ခဏာလေးချက် မြန်မာလိုပြောတော့ စိတ်ဖြစ်ရင် အတူဖြစ်ပါတယ်၊ စိတ်ပျက်ရင် အတူပျက်ပါသည်၊ စိတ်မှီလျှင် အတူမှီပါတယ်၊ စိတ်အာရုံ ပြုရင် အတူပြုပါတယ်၊ စေတသိက်ရဲ့သဘောတဲ့၊ ဘုရားကိုယ်တော်မြတ်က ဟောသွားတယ်၊

http://www.dhammadownload.com



"စေတသိ နိယုတ္တံ စေတသိကံ" စေတသိ-စိတ်၌။ နိယုတ္တံ-ယှဉ်၏။ စေတသိကံ-စိတ်နှင့်ယှဉ်တည်း။ စိတ်နှင့်အမြဲယှဉ်နေသောတရားမို့ စေတသိက်ခေါ်ပါသည်၊ ထိုစေတသိက်မှာ မှတ်စရာလက္ခဏာလေးပါး "ဧကုပ္ပါဒ၊ ဧကနိရောဓ၊ ဧကာလမ္ဗဏ၊ ဧကဝတ္ထုက" ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊

ဒီတော့ စိတ်နဲ့အတူဖြစ်၊ စိတ်နဲ့အတူချုပ်၊ စိတ်နဲ့တူသော ဝတ္ထုကိုမှီတယ်၊ စိတ်နဲ့တူသော အာရုံပြုတယ်၊ အဲဒီလက္ခဏာလေးချက်ဟာ စိတ်နဲ့တစ်ပြိုင်နက်သွားနေတာ၊ လေးချက်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် ကောင်းပါပြီ၊ ဒီစေတသိက်တရားတွေဟာ ရှုပ်လှပါတယ်ကွယ်၊ လိုချင်တာ လောဘဖြစ်လိုက်၊ မလိုချင်တာ ဒေါသဖြစ်လိုက်၊ နှစ်သက်တာ လောဘဖြစ်လိုက်၊ မနှစ်သက်တာ ဒေါသဖြစ်လိုက်၊ ကောင်းတာတွေ ဖြစ်လိုက်၊ မကောင်းတာတွေ ဖြစ်လိုက်၊ ဒီစေတသိက်လေးတော့ မဖြစ်အောင် ငါလုပ်ထားမှ၊ ဒင်းကိုတော့ ငါအဖြစ်မခံဘူး၊ စိတ်ကလေးတစ်လုံးတည်း ဖြစ်အောင် ငါလုပ်ထားမယ်ဆို ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ဖြစ်ကောင်းရဲ့လား (မဖြစ်ကောင်းပါဘူးဆရာ)၊ အေး . . . အခု အဲဒါစာရင်းရှုပ်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါ စာရင်းရှုပ်နေတယ်ဆိုတော့ တို့လူစု ကလည်းပဲ ဒါသူများပြောတာကို ယုံတမ်းမဟုတ်ပါဘူးကွာ၊ ကိုယ်ဖြစ်နေတဲ့တရား ကိုယ်လုပ်ကြည့်စမ်းပါလားကွာ၊ ဖြစ်သလား မဖြစ်ဘူးလားလို့။ ဩော် . . . ငါ့မျက်စိက မြင်လိုက်တယ်၊ မထင်ရှားလို့ရှိရင် ထင်ရှားတဲ့အာရုံလေးယူပါ။ အင်မတန် ငါနှစ်သက်တဲ့ ရူပါရုံကို ငါမြင်လိုက်တယ်။ ငါကြိုက်တဲ့ ရူပါရုံ အဆင်းရုပ်ကို ငါမြင်လိုက်တယ်၊ မျက်စိထဲ ငါမြင်ပြီ။ ဩော် . . . မြင်တာက စိတ်ပဲ၊ ဒါပေမယ့် မြင်မြင်ချင်းပါပဲ၊ အောင်မယ်လေး . . . အခု နောက်မှရောက်လာတာတဲ့၊ ဘာလဲ အခုခေတ်ပေါ်နေတဲ့ လုံချည်ဆန်းလေး၊ အဆင်လေးက ဆန်းလိုက်တာနော် (ဟုတ်ကဲ့ပါဆရာ)၊ ငါ့စိတ်ထဲမှာ ငါပြောရဦးမယ်၊ အခု သင်္ဘောတစ်ခေါက်မှာ ပါလာတဲ့ အဆင်ဆန်းလေးတဲ့၊ ရန်ကုန်မြို့ ပေါ် ဘယ်သူမှ မဝတ်သေးဘူး၊ အောင်မယ်လေး . . . လှလိုက်တဲ့အဆင်းလေး၊ ဆန်းလိုက်တာ ဘယ်သူမှ မမြင်သေးဘူးဝတ်တာ ကောင်းလိုက်တာ မြင်တာဘာတုံး (စိတ်ပါဆရာ)၊ ဩော် . . . သူ့အဆင်လေးတွေလဲ သိပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ ဒါဘာလဲ စိတ်မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဩော် . . . အမျိုးက ဘာအမျိုးစားလဲ၊ အဆင်းက ဘယ်လို အသွေးက ဘယ်လို၊ အရောင်က ဘယ်လို ဒါဖြင့် သိပြီပေါ့ (သိပါပြီဆရာ)၊ ဒါဖြင့် စိတ်မဟုတ်လား (စိတ်ပါဆရာ)။

ပြီးတော့မှ နောက်က လိုချင်လိုက်တာ၊ ကြိုက်လိုက်တာ နှစ်သက်လိုက်တာ ဒီလိုမဟုတ်လား (ဟုတ်ကဲ့ပါဆရာ)၊ ဒါဘာတုံး (စေတသိက်ပါဆရာ)၊ ဩော် . . . စေတသိက်၊ ကိုင်းထားစမ်းပါကွာ၊ လုပ်ကြည့်စမ်းပါ၊ ဒီအဆင်အသွေးဆိုတဲ့ သိမှုတည်းဟူသော စိတ်ကလေးသာ ဖြစ်အောင် ငါလုပ်မယ်၊ နောက်ပိုင်းက ငါနှစ်သက်တယ်, မြတ်နိုးတယ်, ကြိုက်တယ်, ခင်တွယ်တယ်, လိုချင်တယ် ဆိုတဲ့

http://www.dhammadownload.com



စေတသိက်ကိုတော့ ဒင်းတော့ ငါမဖြစ်အောင် ပယ်ထားမယ်၊ ဒီ စေတသိက်တွေမဖြစ်အောင် တော်တော်ရှုပ်တဲ့ စေတသိက်တွေ၊ ဒင်းတို့ ငါ့ကို နှိပ်စက်နေတာ၊ အဲသလို လိုချင်တယ်၊ နှစ်သက်တယ်၊ မြတ်နိုးတယ်၊ ခင်တွယ်တယ်ဆိုတဲ့ စေတသိက်တရားတွေ ဖယ်လို့ ရကောင်းရဲ့လား (မရကောင်းပါဘူးဆရာ)။ သူက ပြောလိမ့်မယ်၊ တို့မဖြစ်ပါဘူး၊ ဘာဖြစ်လို့လဲ ဝယ်စရာပိုက်ဆံကလည်း မရှိတော့ မဝယ်ဘဲနေလိုက်တာပဲ၊ အဲဒါ မဝယ်ဘဲနေလိုက်တာပဲ၊ အဲဒါ မဝယ်တာပဲ သူသိတာ ဝယ်တာကို လောဘမှတ်နေတာနော် (ဟုတ်ကဲ့ပါဆရာ)၊ မြင်မြင်ချင်း ကြိုက်တယ်ဆိုကတည်းက ဘာလဲ (လောဘပါဆရာ)၊ ဩော် . . . စေတသိက်ဖြစ်တာ သူမသိရှာဖူးနော် (ဟုတ်ကဲ့ပါဆရာ)၊ တို့လူစုတွေ စဉ်းစားစမ်းပါကွာ၊ စေတသိက်မဖြစ်အောင် ငါဖယ်ထားမယ်၊ စိတ်ကလေးမဖြစ်အောင် ငါကြိုးစားမယ် ရကောင်းတဲ့တရားလား (မရကောင်းပါဘူးဆရာ)။

အေး . . . အဲဒါ ငါက ရူပါရုံတစ်ခုထဲ ပြောတာ၊ သဒ္ဒါရုံလည်း ထိုနည်းအတိုင်းပဲ၊ အသံကြားပြန်လည်း ထိုနည်းအတိုင်းပဲ၊ အနံ့နံပြန်လည်း ထိုနည်းအတိုင်းပဲ၊ လျှာအရသာတွေ့ပြန်တော့လည်း ထိုနည်းအတိုင်းပဲ၊ ကိုယ်ပိုင်ထိတဲ့ အတွေ့အထိမျိုး တွေ့တဲ့အခါလည်း ထိုနည်းအတိုင်းပဲ သွားပါတယ်၊ ဘယ့်နှယ့်နည်းမှ စေတသိက်တွေ မဖြစ်အောင် ငါဖယ်ရှားပြီးတော့ စိတ်ကလေးတစ်ခုတည်း ဖြစ်အောင်နေမယ်ဆိုတဲ့စကားဟာ ဘုရားလည်း မဟောပါဘူး။ ပါဠိတော် အဋ္ဌကထာမှာလည်း မရှိပါဘူး၊ ရှိလည်း မရှိပါဘူး၊ ကိုယ့်ကိုယ်တိုင်လည်း စမ်းသပ်ကြည့်ပြန်တော့ ယုံကြည်လောက်တဲ့ အထောက်အထားလည်း မရှိပါဘူး၊ ဖြစ်ကောင်းတဲ့တရားလည်း မဟုတ်ပါဘူးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က တိတိကျကျဟောတော်မူတဲ့ ဓမ္မသင်္ဂဏီပါဠိတော်မှာ ထုတ်ဖော်ပြီး ဟောသွားတဲ့ "စိတ္တုပ္ပါဒကဏ္ဍ"ကို ပြန်ကြည့်ပါလို့၊ စိတ်နဲ့စေတသိက် ဒီလိုသွားနေကြတာကိုး စုံတွဲ နားလည်လား (ဟုတ်ကဲ့ပါဆရာ)၊ ခွဲလို့ ရရဲ့လား (ရပါတယ်ဆရာ)၊ ဩော် ရတယ်လား (မရပါဘူးဆရာ)၊ စုံတွဲပါဆို ခွဲလို့ရပါတယ် လာသေးတယ်၊ ခွဲလို့မရဘူးပေါ့ (ဟုတ်ကဲ့ပါဆရာ)၊ အေး တစ်ပြိုင်တည်း၊ တစ်ပြိုင်တည်း အမြဲတစေ ဖြစ်နေတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊

ဒါဖြင့် ကောင်းပါပြီ၊ ဒီတရားတွေဟာ အမှန်ကတော့ အသစ်အသစ် အသစ်အသစ်နဲ့၊ အခုပြောတဲ့ စိတ်တရားရော စေတသိက်တရားရောပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ ခွဲလို့ မရမှန်း သိသွားပြီပေါ့ (သိပါပြီဆရာ)၊ ဒါဖြင့် ဒီစိတ်တရား စေတသိက်တရားတွေဟာ ခွဲမရဘဲနဲ့ တွဲလျက်သား၊ အသစ်အသစ် ဖြစ်ဖြစ်လာလို့ ရှိရင်တဲ့ ခုနပြောတဲ့ နှစ်သက်တဲ့လောဘတို့၊ မနှစ်သက်တဲ့ ဒေါသတို့ပေါ့ကွာနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီစေတသိက်တရားတွေက အသစ်အသစ် လိုချင်မှုတွေ၊ မလိုချင်မှုတွေ အသစ်အသစ် ဖြစ်နေရင်တဲ့၊ အမှန်က ဒါဇာတိပါပဲ၊ ဇာတိဆိုတာ ဒုက္ခပါပဲနော် (ဟုတ်ကဲ့ပါဆရာ)၊

http://www.dhammadownload.com



ဇာတိ ဆိုတာ ဒုက္ခပါပဲတဲ့၊ အဲဒီဒုက္ခတွေ မကင်းကွာဘဲ နိဗ္ဗာန်မရောက်ဖူးတဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် အသစ်အသစ်တွေ မဖြစ်အောင် ချုပ်တည်းထားပါ၊ ဖယ်ရှားထားပါ၊ အသစ်အသစ်မဖြစ်ရင် ဇာတိမဖြစ်ဘူး၊ ဇာတိမဖြစ်ရင် ဒုက္ခမဖြစ်ပါဘူး၊ ဒုက္ခမဖြစ်ရင် ဒါဒုက္ခနိရောဓ နိဗ္ဗာန်ပဲ၊ ဒီလို တချို့လည်း ယူဆကြပါတယ်။ ဒါတို့များက သက်သက်မေတ္တာနဲ့ ရှင်းပေးတာ၊ မေတ္တာနဲ့ ရှင်းတော့ ကိုယ့်ကိုယ်တိုင်က အသိဉာဏ်လေးနဲ့ ဝေဖန်ပြီးတော့ ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူလားလို့နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီတော့ ဘယ်လိုလာသတုံး၊ ဇာတိဒုက္ခဖြစ်ပုံကို ပြောစမ်းပါဆိုတော့ အဓိပ္ပါယ်ကတော့ ရှည်သွားပါပြီ၊ သွားချင်တယ်ဆိုလို့ရှိရင် သွားချင်တာနဲ့ စိတ်ကလေးနဲ့ တွဲရင် သွားချင်တဲ့စိတ် ဖြစ်တယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒါဇာတိပဲတဲ့၊ ဒါဒုက္ခပဲတဲ့။

စားချင်တယ်ဆိုရင် စားချင်တာနဲ့ စိတ်ကလေးနဲ့တွဲရင် စားချင်တဲ့စိတ်၊ ဟော . . . ဒါဇာတိဒုက္ခပဲတဲ့၊ ဒီလိုနော် (ဟုတ်ကဲ့ပါဆရာ)၊ ကြည့်ချင်တယ်ဆိုရင် ကြည့်ချင်တာနဲ့ စိတ်ကလေးနဲ့ တွဲလိုက်၊ ကြည့်ချင်စိတ်တဲ့၊ ဟောဒါ ဇာတိဒုက္ခ ဒီလိုလာတာကိုးနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီလိုလာတော့ ဒီစိတ်ကလေးကိုတဲ့ ဖြည့်စရာကွက်လပ်လေးတစ်ခု ထားပါတဲ့၊ ရှေ့က ကွက်လပ်လေးတစ်ခုထား၊ နောက်က စိတ်ကလေးတစ်လုံးထား၊ အဲဒီကွက်လပ်ကလေးထဲမှာ ဖြည့်ကြည့်စမ်းပါတဲ့၊ စားချင်တယ် ဆိုတဲ့ စားတာလေးထည့်၊ နောက်က စိတ်ကလေးတွဲ စားချင်စိတ်, ဇာတိဒုက္ခ, သွားချင်တယ်ဆိုတဲ့ သွားမှုလေး ဒီအထဲထည့်၊ နောက်က စိတ်ကလေးနဲ့တွဲ၊ သွားချင်စိတ် ဇာတိဒုက္ခ ဒီလိုလာတယ်ကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ အဲဒီ ဇာတိဒုက္ခတွေ ချုပ်အောင် လုပ်ပါတဲ့၊ ဇာတိဒုက္ခချုပ်မှ နိရောဓနိဗ္ဗာန်ဆိုတာ အစစ်ဖြစ်တယ်။ အဲဒီလို လာတယ်ကိုးကွနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒီတော့ ကောင်းပြီ၊ ဒါဖြင့် ချုပ်အောင် ဘယ့်နှယ့်လုပ်မလဲဆိုတော့၊ အဲဒီစားချင်တယ်, သွားချင်တယ်, လာချင်တယ်, မြင်ချင်တယ်, ကြားချင်တယ်, လှူချင်တယ်, တန်းချင်တယ်, ရှုချင်တယ်, ပွားများချင်တယ်, အားထုတ်ချင်တယ်, ကုသိုလ်ပြုချင်တယ်, အကုသိုလ်ပြုချင်တယ်ဆိုတဲ့ လုပ်ဖော်ကိုင်ဖက် ဇာတိဒုက္ခ ရှိသမျှတရားတွေ အကုန်ဖယ်ရှားတဲ့နော် (ဟုတ်ကဲ့ပါဆရာ)၊ အကုန်ဖယ်ထားပြီး ဘယ့်နှယ့်လုပ်ရမလဲ၊ စိတ်ကလေး တစ်ခုတည်း အဲဒီအတိုင်းပဲထားပါတဲ့၊ အဲဒါမှ ဒုက္ခနိရောဓ၊ ဒုက္ခတွေချုပ်ငြိမ်းသွားပြီး ဒါမှ နိဗ္ဗာန် ဒီလိုလာတယ် မဟုတ်လား (ဟုတ်ကဲ့ပါဆရာ)။

အေး . . . အဲဒါဒီလို ယုံကြည်နေတဲ့ လူများကိုယ်တိုင် ဒီရှေ့က ကွက်လပ်ကလေးထဲမှာ မထည့်ပါနဲ့၊ စိတ်ကလေးတစ်ခုတည်း ထားပါဆိုတော့ ထိုပုဂ္ဂိုလ်များသည် ထမင်းမစားဘဲ နေနေလား၊ ခရီးမသွားပဲ နေသလား၊ အလုပ်မလုပ်ဘဲ နေသလား၊ မအိပ်ဘဲ နေနေသလား၊ မပြောမဆိုပဲ နေနေသလား၊ မအိပ်မစားဘဲ နေနေသလားနော်၊ ဒီလိုစိတ်ရှိတဲ့ပုဂ္ဂိုလ်တွေ ကိုယ်တိုင်က စားတယ်၊ စားချင် စိတ်ရှိ

http://www.dhammadownload.com



လို့နော် (ဟုတ်ကဲ့ပါဆရာ)၊ သွားတယ် သွားချင်တဲ့စိတ်ရှိလို့၊ ထိုင်တယ် ထိုင်ချင်တဲ့ စိတ်ရှိလို့၊ ရပ်တယ် ရပ်ချင်တဲ့စိတ်ရှိလို့၊ လာတယ် လာချင်တဲ့စိတ်ရှိလို့၊ အဝတ်ဝတ်တယ် ဝတ်ချင်တဲ့စိတ်ရှိလို့ မဟုတ်ဘူးလားကွာ (ဟုတ်ပါတယ်ဆရာ)၊ အေး . . . ဒီပုဂ္ဂိုလ်တွေ ကိုယ်တိုင်လည်းပဲ စားချင်တဲ့စိတ်တွေ ဖြစ်နေပါတယ်၊ သွားချင်တဲ့စိတ်တွေ ဖြစ်နေပါတယ်၊ ထိုင်ချင်စိတ်တွေ ဖြစ်နေပါတယ်၊ ထချင်စိတ်တွေ ဖြစ်နေပါတယ်၊ အိပ်ချင်စိတ်တွေ ဖြစ်နေပါတယ်၊ ပြောချင် ဆိုချင်စိတ်တွေ ဖြစ်နေပါတယ်နော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါဖြင့် စိတ်ကလေးအတိုင်းတိုင်း ထားဆိုတဲ့သဘာဝ ဖြစ်ကောင်းရဲ့လား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဘယ့်နှယ့်နည်းမှ ဖြစ်ကောင်းတဲ့တရားမဟုတ်ဘူး။ အခုနပြောသလို စိတ်ကလေးဘာနဲ့မှမတွဲပါနဲ့၊ ကွက်လပ်ကလေးအတိုင်းထားစမ်းပါ၊ စိတ်ကလေးပဲ ထားစမ်းပါဆိုတဲ့ စကားဟာ တကယ်ပဲ မှတ်လောက်သားလောက်တဲ့စကားလား၊ ယုံကြည်လောက်တဲ့စကားလား။ အဲဒါ သူများအပြောကို စောင့်မနေပါနဲ့၊ မိမိတို့လည်း အသိသားပဲ။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန, မြင်တာ, ကြားတာ, နံတာ, စားတာ, ထိတာဆိုတဲ့ ငါးခုဟာ ငါ့နေ့စဉ်နှင့် အမျှဖြစ်နေတဲ့ တရားတွေပဲ၊ အဲဒါတွေ နောက်က နှစ်သက်တယ်၊ မနှစ်သက်ဖူးဆိုတဲ့ စေတသိက်လုံးလေးတွေ မပါအောင် ဒင်းတို့တွေ ဖယ်ရှားပြီးတော့ စိတ်ကလေးသန့်သန့်လေးဖြစ်အောင် ငါလုပ်ကြည့်မယ်ဆိုပြီး လက်တွေ့အားဖြင့် ဒါကြည့်နိုင်တယ်ဆိုတဲ့သဘောနော် (ဟုတ်ကဲ့ပါဆရာ)၊

ဖြစ်ကောင်းတယ်၊ မဖြစ်ကောင်းဘူးဆိုတာ ဘယ်လိုနည်းနဲ့မှ ဖြစ်ကောင်းတဲ့တရားတွေ မဟုတ်ဘူး။ စောစောကပြောတဲ့ နှစ်သက်ရင် လောဘ၊ မနှစ်သက်ရင် ဒေါသ၊ နှစ်သက်သည်လည်း မဟုတ်၊ မနှစ်သက်သည်လည်း မဟုတ်ဆိုရင် မောဟ၊ အဲဒီလို စေတသိက်တရားသည် နောက်က ထပ်ချပ်မကွာ စုံတွဲအနေအားဖြင့် တွဲလျက်သားပါတဲ့ တရားစုမှာ စေတသိက်ကို မဖြစ်အောင်၊ စောစောကပြောတဲ့ နှစ်သက်တာ၊ မနှစ်သက်တာကို မဖြစ်အောင်၊ လိုချင်မှု, သွားချင်မှု, စားချင်မှု, လှုပ်ချင်မှု, တန်းချင်မှု, ရှုချင်မှု, ပွားများချင်မှု, အားထုတ်ချင်မှုဆိုတဲ့အလုပ်ကို မဖြစ်အောင် ဒီစေတသိက်တွေကို လုံးလုံးဖယ်ရှားပြီးတော့ စိတ်ကလေးဟာ သန့်သန့်လေးထားမယ်ဆိုတဲ့ စကားသည် ဘုရားလည်း မဟောပါဘူး၊ စေတသိက်ရဲ့လက္ခဏာပစ္စည်းတွေလည်း မဟုတ်ပါဘူး၊ စိတ်နဲ့စေတသိက် ယှဉ်ဖော်ယှဉ်ဖက်အနေအားဖြင့် အမြဲတစေ "ဧကုပ္ပါဒ၊ ဧကနိရောဓ၊ ဧကာလမ္ဗဏ၊ ဧကဝတ္ထုက" ဆိုတဲ့ လက္ခဏာလေးချက်နဲ့ ကိုက်ညီပြန်တော့ မဖြစ်ကောင်းတဲ့တရားပါနော် (ဟုတ်ကဲ့ပါဆရာ)၊ ဒါကြောင့် အဲဒါလေးတွေ အထင်မှား အမြင်မှား မဖြစ်စေခြင်းအကျိုးငှာလို့ ဒါ စိတ်ကောင်း စေတနာကောင်းနဲ့ မေတ္တာရှေ့ထားပြီးတော့ ပြောကြားခြင်းဖြစ်ပါတယ်။

http://www.dhammadownload.com



## သမ္မာဒိဋ္ဌိဉာဏ်ရဖို့ရန် အကြောင်းရင်းတရား နှစ်ပါးသိရမယ်

မရှိပညတ် ရှိပရမတ်၊ မရှိတာက ပညတ်တရား၊ ရှိတာက ပရမတ်တရား၊ မရှိတဲ့ ပညတ်တရားကို မရှိမှန်းသိရမယ်၊ ရှိတဲ့ပရမတ်တရားကိုလည်း ရှိမှန်းသိရမယ်၊ ဒီအသိနှစ်ပါးဟာ မူလအနေအားဖြင့် အရေးအကြီးဆုံးသော အသိနှစ်ပါးခေါ်တယ်။ မရှိတဲ့ပညတ်တရားကို မရှိမှန်းသိလာရင် အမြင်မှန်ရတာကို ဒါသမ္မာဒိဋ္ဌိဉာဏ်ခေါ်တယ်။ ရှိတဲ့ ပရမတ်တရားလည်း ရှိမှန်းသိလာရင် ဒါအမြင်မှန်ရတယ်၊ ဒါလည်း သမ္မာဒိဋ္ဌိဉာဏ်ခေါ်တယ်၊ သမ္မာဒိဋ္ဌိဉာဏ်ဆိုတာက မဖောက်မပြန် မှန်မှန်ကန်ကန် တိတိကျကျသိရတဲ့ အသိဉာဏ်ကို သမ္မာဒိဋ္ဌိဉာဏ်ခေါ်၏။ အဲဒီ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်တစ်လုံးကို တစ်သံသရာလုံးက လုံးလုံးကြီးမရခဲ့ဘူး။ အခုလိုပဲ သံသရာထဲ တဝဲလည်လည်နဲ့ ပြေးလွှားကျင်လည်ပြီးတော့ ကျက်စားနေကြတယ်။ အကယ်တန္တ တစ်ခုတည်းသော ဘဝက မဖောက်မပြန် မှန်မှန်ကန်ကန် တိတိကျကျ သမ္မာဒိဋ္ဌိဆိုတဲ့ အသိဉာဏ်ကြီးရမယ်ဆိုလို့ရှိရင် ငါတို့သူငါ လူတကာဟာ ဒီအချိန်တိုင်အောင် ဒီလိုမနေကြရဘူး၊ မုချအားဖြင့် အရိယာအစစ်တွေ ဖြစ်လို့၊ ဒုက္ခခပ်သိမ်းကင်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ရောက်တဲ့ပုဂ္ဂိုလ်က ရောက်၊ မရောက်သေးသော်လည်း ရောက်ဖူးတဲ့ပုဂ္ဂိုလ်ကဲ့သို့ အပါယ်လေးပါး လုံးလုံးတံခါးပိတ်ပြီး အရိယာဇာတ်ဝင်တဲ့ပုဂ္ဂိုလ်က ဒီလိုနေကြတယ်။

## ပုထုဇဉ်နှစ်မျိုးနှင့်အဓိပ္ပာယ်

အခုတော့ ဒီလိုမဟုတ်ဘူး၊ သူ့ကြည့်လည်းပဲ အန္ဓပုထုဇဉ်၊ ငါ့ကြည့်လည်း အန္ဓပုထုဇဉ်၊ အန္ဓပုထုဇဉ်ဆိုတာ တခြားမဟုတ်ပါဘူး။ အန္ဓသဒ္ဒါက အကန်းခေါ်တယ်၊ ပုထုဇဉ် ဆိုတာ ပုထုဇဉ်ပါပဲ၊ စက္ခုနှစ်ကွင်း အလင်းမရသော၊ (တစ်နည်း) ပညာမျက်စိလုံးလုံးမရှိသော အန္ဓပုထုဇဉ်လို့ ဒီလိုခေါ်တယ်၊ ဒါကြောင့် ပုထုဇဉ်ထဲမှာ အန္ဓပုထုဇဉ်က တစ်မျိုး၊ ကလျာဏပုထုဇဉ်က တစ်မျိုးလို့ မြတ်စွာဘုရားကိုယ်တော်မြတ်က နှစ်မျိုးနှစ်စားခွဲခြားပြီး ဟောသွားတဲ့အနက် ရုပ်တစ်လုံး၊ နာမ်တစ်လုံးမှလည်း မပြတ်သားဘူး၊ နားမလည်ဘူး၊ ပညတ် ပရမတ်လည်း မပြတ်သားဘူး၊ နားမလည်ဘူး ဆိုရင် ထိုပုဂ္ဂိုလ်က အန္ဓပုထုဇဉ်တဲ့၊ မြန်မာလိုပြန်တော့ ပညာမျက်စိလုံးလုံးမရှိသော ပုထုဇဉ်လို့ ဒီလိုခေါ်တယ်၊ ဒါကြောင့် တို့လူစု "မရှိပညတ်၊ ရှိပရမတ်"ဆိုတဲ့ တရားနှစ်ပါးကို မရှိတဲ့ပညတ်တရားလည်းပဲ တကယ်ကျကျနန မရှိမှန်း သိရမယ်။ ရှိတဲ့ပရမတ်တရားကြီးလည်း တကယ်ကျကျနန ရှိမှန်းသိရမယ်။ အဲဒီအသိနှစ်ပါးဟာ သင်တန်းမှာ ဒါအခြေခံတရားပါပဲတဲ့။ ဒီက စပြီးမှ မှတ်ရမယ်၊ ဟာ . . . ဒီလောက်တော့ အလွယ်သားပဲ၊ တို့ မရှိပညတ်, ရှိပရမတ်၊ မရှိတာ ပညတ်တရား၊ ရှိတာ ပရမတ်တရား၊ ဒါတော့ မှတ်မိသားပဲ၊ ဒီလိုပဲ ပေါ့ပေါ့လျော့လျော့ မနေပါနဲ့၊ သေသေချာချာ လေ့လာကြည့်ပါ၊ မနေ့ညက ပြသွားတဲ့ စကား

http://www.dhammadownload.com



ဆက်ကလေးအတိုင်း ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, အသက်လိပ်ပြာ, အိမ်, ကျောင်း, ဇရပ်, မြို့, နိုင်ငံ, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ, လောကဓာတ်, နေ, လ, နက္ခတ်, တာရာ, ဘုံ, ဗိမာန် အားလုံး သူ့ပါးစပ် ငါ့ပါးစပ်ဆိုသလိုပဲ ထပ်ပြန်တလဲလဲ အမြဲတစေ သုံးစွဲနေတဲ့ စကားလုံးတွေပါပဲ၊ အဲဒီစကားလုံးတွေဟာ သေချာစဉ်းစားကြည့်ရင် တကယ်ရှိသလား ဆိုရင် စကားလုံးနောက်ကွယ်မှာ တစ်လုံးမှ တစ်စုံတစ်ခုမှ မရှိဘူး၊ ဘာမှမရှိတဲ့ ပညတ်တရားခေါ်တယ်။

## သတ္တဝါတွေ မောဟတရားဖုံးလွှမ်းခြင်းကြောင့် ဘုရားရှင် တရားမဟောခြင်း အကြောင်း

ဒါကြောင့် ငါပဲ, သူပဲ, ပုဂ္ဂိုလ်ပဲ, သတ္တဝါပဲ, ယောကျ်ားပဲ, မိန်းမပဲ, လူပဲ, နတ်ပဲ, ဗြဟ္မာပဲလို့, တောပဲ, တောင်ပဲလို့ အမြဲတစေ ပြောဆိုနေတဲ့ စကားလုံး အသံထွက်တွေကို၊ ဒါတွေက အသံထွက်ပဲ တကယ်ရှိတာမှ မဟုတ်ဘဲလို့၊ အဲဒီအသိဉာဏ်လေးက မွေးကတည်းက ပါလာတဲ့ပုဂ္ဂိုလ်လို့ လောကမှာ ရှာမရဘူး၊ မွေးကတည်းက ဘာသိတာ၊ အခုပြောသလိုပဲ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, အသက်လိပ်ပြာ, အိမ်, ကျောင်း, ဇရပ်, မြို့, နိုင်ငံ, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ, လောကဓာတ်, နေ, လ, နက္ခတ်, တာရာ, ဘုံ, ဗိမာန် အဖြာဖြာတွေဟာ ရှိတယ်။ ဟုတ်တယ်မှန်တယ်၊ ဒီအယူဝါဒနဲ့လာတဲ့ အန္ဓပုထုဇဉ်မျိုးတွေတဲ့၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က လောကသုံးပါးမှာ ထင်ရှားပွင့်တော်မူတဲ့ အချိန်မှာ ကိုယ်တော်မြတ်က စဉ်းစားတယ်၊ ငါလောကသုံးပါးကို သနားပါသဖြင့် ရပြီးသားနိဗ္ဗာန်ကြီး မယူဘဲနဲ့ ရဲ့ရဲ့ဝံ့ဝံ့ စွန့်လွှတ်ခဲ့ပြီးတဲ့နောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးတော့ ဘုရားလုပ်ခဲ့တယ်။ အခု ငါဘုရားဖြစ်ပြီးတဲ့၊ ငါ့ရည်ရွယ်ချက်တိုင်း သတ္တဝါတွေ ကယ်မတော်မူမယ်လို့ ဆင်ခြင်တော်မူတော့ ငါကိုယ်တော်မြတ် သိတော်မူတဲ့တရားက သစ္စာလေးပါးတရား၊ အနတ္တတရားဆိုတဲ့တရားဟာ အင်မတန်အသိခက်တယ်၊ နက်နဲတယ်၊ သိမ်မွေ့တယ်၊ သိနိုင်ခဲတယ်၊ မြင်နိုင်ခဲတယ်၊ လောကသုံးပါးမှာ သတ္တဝါတွေ ကြည့်လိုက်ပြန်တော့၊ ထိုပုထုဇဉ်ခေါ်တဲ့ သတ္တဝါတွေ ကြည့်လိုက်ပြန်တော့ မောဟတည်းဟူသော အမိုက်တိုက်တွေဖုံးလွှမ်းနေကြတော့ စရိုက်ကလည်း ကြမ်း၊ မောဟကလည်း ဖုံး၊ အဲဒီလိုဖြစ်တော့ ငါ့တရားပြလိုက်ရင် မြင်နိုင်ပါ့မလားလို့၊ သတ္တဝါတွေစရိုက်နဲ့ ချိန်ကိုက် ကြည့်တဲ့အခါကျတော့ ဘယ်လောက်ကွာသလဲလို့၊ အင်မတန်သေးငယ်တဲ့ မုန်ညင်းစေ့ကလေးကို တောင်ကြီးနဲ့ ကာဆီးထားသလို မြင်နိုင်ဖို့ သိနိုင်ဖို့၊ နားလည်နိုင်ဖို့ ခဲယဉ်းလှချည်းရဲ့လို့ ကိုယ်တော်မြတ်ဟောချင်တဲ့စိတ်တွန့်သလိုဖြစ်တယ်။ စိတ်ဓာတ်တွေ တွန့်သလိုဖြစ်ပြီးတော့ ငါဘုရား တရားဟောရင် မောရုံအပြင် ပိုမရှိဘူး။ ဒါကြောင့် မဟောသေးဘူး။

http://www.dhammadownload.com



ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ သဗ္ဗညုတရွှေဉာဏ်တော်ရလို့ ဘုရားဖြစ်စအခါ ပထမဆုံး စိတ်တွန့် သလို ဖြစ်တော်မူတဲ့အချက်ပဲ၊ အဲဒါတွက်ကြည့်ပေါ့၊ လူတွင်မကပါဘူး၊ လူ့လောက၊ နတ်လောက၊ ပြဟ္မာ့လောက၊ လူလည်းပဲ အန္ဓပုထုဇဉ်။ နတ်လည်းပဲ အန္ဓပုထုဇဉ်၊ ပြဟ္မာလည်းပဲ အန္ဓပုထုဇဉ်၊ အဲဒီအန္ဓပုထုဇဉ်တွေရဲ့ ဉာဏ်ဣန္ဒြေမှေးမှိန်ကုန်ပြီ။ မောဟတရားဖုံးလွှမ်းထားလို့ စရိုက်ခြောက်ပါး အားဖြင့် အင်မတန်ကြမ်းတမ်းနေပုံတွေ၊ လောဘ, ဒေါသ, မောဟ ဆိုတဲ့တရားတွေ အားကြီးနေပုံ တွေ၊ ဒါတွေ ထောက်ပြီးတော့ ကိုယ်တော်မြတ်ကြောက်နေတယ်၊ ငါတရားဟောရင် မောရုံအပြင် အပိုရှိမယ်လို့၊ မဟောသေးပါဘူးလို့ စိတ်တွန့်တယ်၊ အဲဒီလိုစိတ်တွန့်တော့မှ သဟမ္ပတိပြဟ္မာကြီးက ကိုယ်တော်မြတ်စိတ်တွန့်ဆုတ်တဲ့အကြောင်းကို သိတော်မူလို့ "နဿတိ ဝတ ဘော လောကော" ဆိုပြီးတော့ လှည့်လည်ပြီး ကြွေးကြော်တယ်၊ ဘော-အချင်းတို့။ လောကော-လောကကြီးသည်။ နဿတိ ဝတ-ပျက်စီးတော့မည်တကား။ အချင်းတို့ လောကကြီး ပျက်စီးတော့မည်ပေါ့၊ ငါတို့ဟာ ကိုယ်တော်မြတ်ပွင့်တော်မူပါမယ့်အကြောင်း၊ လောကသုံးပါးမှာ ဘုရားတစ်ဆူပွင့်ပါမယ့်အကြောင်း ဆိုပြီးတော့ ငါတို့တစ်ကြောင်း တစ်စီးအားဖြင့် အထူးအာရုံခံပြီးတော့ စွမ်းစွမ်းတမံနဲ့ ကြည့်ရှုစောင့် ရှောက်ပြီး လာတာ၊ ဘုရားဖြစ်ပြန်တော့ သတ္တဝါများကို တရားဟောဖို့ စိတ်တွန့်တော်မူ၍ မဟောသေး ဘူးလို့ အကြံတော်ဖြစ်နေတယ်။

ဒါကြောင့် လောကကြီးသည် အမှောင်အတိကျလို့ အင်မတန်ကြောက်ဖွယ်ကောင်းတဲ့ ပျက်စီး ခြင်းမက ပျက်စီးတဲ့ဘဝရောက်တော့မည်။ သဟမ္ပတိပြဟ္မာကြီးက လျှောက်ပြီး ကြွေးကြော်တယ်။ ဒီတော့မှ နတ်ပြဟ္မာအပေါင်းတွေ စုပေါင်းပြီး ကိုယ်တော်မြတ်ထံ လာပြီးတော့ တောင်းပန်ကြတယ်။ အရှင်ဘုရားသည် လူ့လောက၊ နတ်လောက၊ ပြဟ္မာ့လောက ခေါ်ထားတဲ့ လောကသုံးပါးမှာရှိတဲ့ သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ သနားတော်မူပါသဖြင့် ရလုနီးနီး နိဗ္ဗာန်ကြီးကို ရဲရဲဝံ့ဝံ့ စွန့်လွှတ် တော်မူပြီးတဲ့နောက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ရှည်းလျားစွာ ဖြည့်ကျင့်ဆည်းပူးပြီး ဘုရားဖြစ်ခဲ့ပါတယ်။ အခုအချိန်မှာ ထိုသတ္တဝါများကို သနားငဲ့ညှာတော်မမူ ဘဲနဲ့ မျက်နှာလွှဲပြီး တရားဟောတော်မမူဘဲ နေခဲ့သော် ဒီသတ္တဝါများ သံသရာဝဋ်အတွင်းက လွတ်ကင်း အောင် ဘယ်ပုဂ္ဂိုလ် ကယ်မှာတုံး၊ ဘယ်ပုဂ္ဂိုလ် ကယ်မှာလဲ၊ ဒါကြောင့် အရှင်ဘုရား စိတ်တွန့်တော် မမူပါနဲ့၊ ထိုသတ္တဝါများသည် ဖြည့်ကျင့်ဆည်းပူး အထူးအားထုတ်ပြီးသော ပါရမီရှိပြီးသောပုဂ္ဂိုလ် လည်း ရှိပါလိမ့်မယ်၊ ပါရမီမပြည့်စုံသေးတဲ့ အလယ်အလတ်ပုဂ္ဂိုလ်လည်း ရှိပါလိမ့်မယ်၊ လုံးဝပါရမီ မဖြည့်ရသေးသောပုဂ္ဂိုလ် အရိုင်းစားလည်း ရှိပါလိမ့်မယ်၊ ဒါ့ကြောင့် ပါရမီဖြည့်ကျင့်ပြီးသော ပုဂ္ဂိုလ်များ ရှိလို့ရှိရင် လွယ်လင့်တကူ မဂ်တရား ဖိုလ်တရား ရပါလိမ့်မယ်။ အလယ်အလတ်ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ရှိရင်

http://www.dhammadownload.com



ပါရမီပြည့်ပါလိမ့်မယ်။ လုံးလုံးပါရမီမဖြည့်ရသေးသော ပုဂ္ဂိုလ်များဖြစ်ခဲ့လို့ရှိရင် ပါရမီအစ မုချရပါလိမ့်မယ်လို့ သုံးမျိုးသုံးစား ခွဲပြီးတော့ သဟမ္ပတိဗြဟ္မာကြီး လျှောက်ထားလို့။

ကိုယ်တော်မြတ် ရွှေဉာဏ်တော်နဲ့ ဝေဖန်တော်မူပြီး စဉ်းစားတော်မူတယ်၊ ဗြဟ္မာလျှောက်ထားတဲ့အတိုင်း စဉ်းစားတော့ ဟုတ်သင့်သလောက် ဟုတ်သားပဲ၊ ဘဝပေါင်းများစွာက စုပေါင်းဆည်းပူးအပ်တဲ့ ပါရမီရှိတဲ့ပုဂ္ဂိုလ်များလည်း ရှိပြီးသား၊ ပုဂ္ဂိုလ်များလည်း ရှိကြပေလိမ့်မယ်။ ရှိပြန်ရင်လည်း ငါဟောတဲ့တရား နာရလို့ရှိရင် မုချကျွတ်တမ်းဝင်ကြလိမ့်မယ်၊ အလယ်အလတ်ဖြစ်တဲ့ပုဂ္ဂိုလ်များရှိရင်လည်း ပါရမီဖြည့်ရာဖြည့်ကြောင်း ဖြစ်ပေလိမ့်မယ်၊ လုံးလုံးပါရမီမရှိသေးတဲ့ ပုဂ္ဂိုလ်များရှိရင်လည်း ပါရမီဖြည့်ရာရောက်ပေလိမ့်မယ်၊ ဒါကြောင့် ထိုဗြဟ္မာများလျှောက်ထားတဲ့စကားသည် အင်မတန်မှန်ကန်တိကျပေ၏လို့၊ ဒါနဲ့ ကိုယ်တော်မြတ် မကြာမီ တရားဟောမယ်လို့ ဝန်ခံလိုက်တယ်။ အဲဒီအချက်လေးတွေတော့ လူတိုင်းလူတိုင်း နားလည်ပါလိမ့်မယ်၊ ကြားလည်း ကြားဖူးပါလိမ့်မယ်၊ သတ္တဝါများ၏စရိုက် ကြည့်ပြီးတော့ စိတ်တွန့်တော်မူတယ်ဆိုတဲ့ အကြောင်း အဲဒါစဉ်းစားကြည့်ပေတော့၊ ဒီသာသနာကြီးနဲ့ တွေ့လို့ ဒီတရားနဲ့ တွေ့ကြတယ်၊ ဒီသာသနာနဲ့ မတွေ့လို့ ဒီတရားနဲ့ တွေ့ဖို့ဆိုတာ အင်မတန်ခဲယဉ်းလှပါတယ်။ ဒါကြောင့် ကိုယ်တော်မြတ် စိတ်တွန့်တော်မူတဲ့ အကြောင်းရင်းနော်၊ သတ္တဝါတွေဟာ အန္ဓပုထုဇဉ်ဘဝနဲ့ပဲ မိမွေးတိုင်း ဖမွေးတိုင်း နေပြီးတော့ ဒါနဲ့ပဲ သေကြတယ်၊ ဘာထူးသလဲ ဆိုရင် ဘာမှမထူးဘူး၊ သာသနာနဲ့တွေ့လည်း တွေ့ကျိုးမနပ်၊ တစ်ဘဝလာလည်း အန္ဓပုထုဇဉ်၊ ဘဝပေါင်းလည်း မရေမတွက်နိုင်ဘူး။

ဒါကြောင့် မိမိကိုယ်မိမိ ပြန်ကြည့်ပါ၊ ငါဒီဘဝက မွေးဖွားစဉ်အခါက ဘယ်အမျိုး၊ ဘယ်အစားလဲလို့၊ သေချာလည်း မှတ်ထား၊ အန္ဓပုထုဇဉ်လို့ ဒီလိုမှတ်ထားပါ၊ အန္ဓပုထုဇဉ်ဆိုတာ ပညာမျက်စိမရှိသော ပုထုဇဉ် ခေါ်တယ်၊ ရှင်းရှင်း မြန်မာလို ပြောတော့ သူကန်းပုထုဇဉ်တဲ့၊ ဩော် . . . ဒီဘဝနဲ့မွေးတာပဲ၊ ဒါနဲ့ ဒီတရားမနာဘဲနဲ့ ပေတိပေကပ်ကြီး လုပ်ပြီးတော့ ရှောင်ထွက်ပြီး နေလိုက်လို့ရှိရင် ဒီအတိုင်းပဲ ငါသေသွားရင် မွေးတုန်းက အန္ဓပုထုဇဉ်ဘဝနဲ့မွေး၊ သေတော့ အန္ဓပုထုဇဉ်ဘဝနဲ့သေ၊ အကြောင်းဘာထူး ဘာမှမထူးပါဘူး၊ ထူးသေးလား (မထူးပါဘူးဆရာ)၊ အဲဒီလို အန္ဓပုထုဇဉ်ဘဝနဲ့ မွေးလာပြီး၊ အန္ဓပုထုဇဉ်ဘဝနဲ့ သေတဲ့ပုဂ္ဂိုလ်ကလည်း သတ္တဝါအနန္တရေတွက်လို့ မကုန်ဆုံးပါဘူး။ ဒီတော့ ဒီအထဲမှာ တစ်ရာမှာ ကိုးဆယ့်ကိုးယောက်သောပုဂ္ဂိုလ်က အန္ဓပုထုဇဉ်ဘဝနဲ့ မွေး၊ အန္ဓပုထုဇဉ်ဘဝနဲ့ သေကြ၊ ဂတိငါးပါးလည်း လားချင်လား၊ ဖြစ်ချင်ရာဖြစ်၊ ကျချင်ရာကျ၊ ရောက်ချင်ရာရောက်၊ ကြောက်ရမှန်းလည်း မသိ၊ လန့်ရမှန်းလည်း မသိ။ ဒါကြောင့် ဒီသင်တန်းကြီးကို ကြိုးပမ်းတကုတ်အားထုတ်ပြီးတော့ အနည်းဆုံးအားဖြင့် အန္ဓပုထုဇဉ်ဘဝနဲ့ မွေးလာသည့်တိုင်အောင် ကလျာဏ

http://www.dhammadownload.com



ပုထုဇဉ်တော့ ဖြစ်ရမယ်။ သူ့ထက် တစ်ဆင့်တိုးရင်၊ တစ်မျိုးအားဖြင့် စူဠသောတာပန်တော့ ဖြစ်ရမယ်၊ စူဠသောတာပန်ထည့်ပြောရတာ ငါတော့ ခပ်ကြောက်ကြောက်၊ သူ့ထက်တစ်ဆင့်တိုးရင် မဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ်ဖြစ်ရမယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရမယ်၊ ဒီလိုရည်ရွယ်ချက်ရှိတယ်ကိုးကွနော် (မှန်ပါ တယ်ဆရာ)။

အေးကွာ . . . အန္ဓပုထုဇဉ်ဘဝနဲ့ မွေးလာပြီးတော့ ဒီသင်တန်းကို အပတ်တကုတ် ကြိုးစားအား ထုတ်ပြီးတော့ အလုပ်လုပ်ပြီး လိုက်လာမယ်ဆိုလို့ရှိရင် အနည်းဆုံးအားဖြင့် ကလျာဏပုထုဇဉ် မဖြစ် ပေဘူးလား (ဖြစ်မှာပါဆရာ)၊ ကလျာဏပုထုဇဉ်ဘဝနဲ့ သေသွားတော့ တစ်တန်းမတိုးဘူးလားကွယ် (တိုးလာပါတယ်ဆရာ)၊ ဒါ့ထက်တစ်ဆင့် တိုးပြီးတော့ ဒီသင်တန်းကို ကြိုးစားပမ်းစားနဲ့ မှတ်မှတ် သားသား နာယူမယ်ဆိုလို့ရှိရင် စူဠသောတာပန် မဖြစ်နိုင်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ စူဠသောတာပန် ဖြစ်တော့ စူဠသောတာပန်ဘဝနဲ့ မသေရပေဘူးလား (သေရပါတယ်ဆရာ)၊ ဒါ့ထက် တစ်ဆင့်တိုး ပြီးတော့ လမ်းစရလို့ ကြိုးစားရှာတော့ ပထမမဂ် ဒုတိယမဂ် စသည်အားဖြင့် ရသွားလို့ရှိရင် မဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ် မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဆရာ)၊ မဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ်ဘဝနဲ့ သေသွားလို့ရှိရင် အပါယ်တံခါးပိတ် တစ်တန်းမတိုးပေဘူးလား (တိုးပါတယ်ဆရာ)၊ အဲဒီလို ယူရင် ရနိုင်တဲ့ ခေတ်နဲ့ အခါနဲ့ ကြုံနေတဲ့ သာသနာကြီးပေါ့နော် (မှန်ပါတယ်ဆရာ)။ ဒါ့ကြောင့် ဒီလိုယူရင်ရနိုင်တဲ့ တွေ့ကြုံ နေတဲ့ သာသနာတွင်းမှာ လူရယ်လို့ လာဖြစ်ပြီးတော့ အမေက အန္ဓပုထုဇဉ်ဘဝနဲ့ မွေးပြီးတော့ လွန် ခဲ့တဲ့ ဘဝတုန်းကလိုပဲ အန္ဓပုထုဇဉ်ဘဝနဲ့ မသေကြပါစေနဲ့နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ကြောက် စရာ ကောင်းပါတယ်။

ဒါကြောင့်လည်းပဲ အပင်ပန်းခံပြီးတော့ တစ်စတစ်စနဲ့ သင်ကြားပြသနေခြင်းဖြစ်ပါတယ်၊ စိတ် ကောင်း နှလုံးကောင်းလေးထားပြီး လိုက်ကြပါ၊ သူတစ်ပါးနဲ့ ပရူပဝါဒ ဘာကိုပဲပြောပြော၊ မခံသာတဲ့ စကားပြောပြော၊ ခံသာတဲ့စကားပြောပြော၊ ဒါတွေ ဂရုထားစရာမလိုပါဘူး၊ အမှန်ကတော့ ကိုယ် ကျိုးရှာကြတဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ်ကျိုးစီးပွားများဖို့ အဲဒါ စိုက်လိုက်မတ္တလေး မှတ်ထား၊ ကိုယ့်အကျိုးစီးပွား များမဲ့ လုပ်ငန်း မှန်လို့ရှိရင်ဖြင့် စိုက်လိုက်မတ္တ ငါကြိုးစားမယ်။ ဒါ "ဥစ္စာရင်လို ဥစ္စာရင်ခဲ"ဆိုတဲ့ စကားအရ ဘာမှ ဝိစိကိစ္ဆာရှိနေစရာ မလိုဘူး၊ ဘယ်သူက ဘာပြောပြော၊ စိတ်ထဲမှာ စွဲစွဲမြဲမြဲ ယုံယုံ ကြည်ကြည်နဲ့ လိုက်ကြပါ။ ဒါကြောင့် အခုခွဲခြားပြတဲ့ မရှိ ပညတ်၊ ရှိ ပရမတ် တရားနှစ်ပါးမှာ မရှိတဲ့ ပညတ်လည်း မရှိမှန်းသိတယ်၊ ရှိတဲ့ပရမတ်တရားလည်း ရှိမှန်းသိတယ်၊ ဒီအသိနှစ်ပါး အမှန်ပေါ့၊ အရင်တုန်းကတော့ ဘယ့်နှယ့်ဖြစ် ပြောင်းပြန် ပြန်နေတယ်။ မရှိတဲ့ပညတ် တရားကိုတော့ ရှိတယ်လို့ မှတ်နေတယ် မမှတ်ဘူးလားကွာ (မှတ်ပါတယ်ဆရာ)၊ တကယ်ရှိတဲ့ပရမတ်တရားကျတော့ ရှိမှန်းကို

http://www.dhammadownload.com



မသိဘူး ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ နှစ်ခုလုံး မှားမနေဘူးလား (မှားနေပါ တယ်ဆရာ)၊ အေး . . . အဲဒါနှစ်ခုလုံး မှားနေတယ်၊ ပြောင်းပြန်ဖြစ်နေတာ တို့လူစု။

ဒါကြောင့်လည်းပဲ ကိုယ်တော်မြတ် စိတ်တွန့်တော်မူတာပဲ တွေးကြည့်၊ အဲဒါပြောင်းပြန်ပြန် နေတာကို ပြန်လှန်ရမယ်၊ အရင်တုန်းက မရှိတဲ့တရားကို အရှိထင်တယ်၊ တကယ်ရှိတဲ့တရားကျတော့ မရှိဘူးထင်တယ်၊ ပြောင်းပြန်နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ ပြန်လိုက်၊ မရှိတဲ့တရားကို မရှိမှန်း အခုမှ သိတယ်၊ ရှိတဲ့တရားကို အခုမှ ရှိမှန်းသိတယ်၊ မှန်မသွားဘူးလား (မှန်သွားပါတယ်ဆရာ)၊ အေး . . . အဲဒါ သမ္မာဒိဋ္ဌိဉာဏ်ခေါ်တယ်၊ ဒီဉာဏ်တစ်ဆူရရင်လည်း အခုခေတ်ကြီးမှာ လူဖြစ်ကျိုး နပ်ပါပြီ၊ ဒီလိုလည်း တွက်ထားပါ၊ ဒါကြောင့် မနေ့ညက ပြခဲ့တဲ့ မရှိပညတ်, ရှိပရမတ်, ပညတ်ဆိုတာ ဘာတုံး၊ မြန်မာလို တိုတိုလေး မှတ်ထားပါ၊ ငါတို့သူငါလူတကာ နေ့စဉ်နှင့်အမျှ အရပ်ထဲမှာ သုံးစွဲနေတဲ့ စကားလုံးတွေ မှန်သမျှ ပညတ်တွေပဲ၊ နေ့စဉ်မပြတ် ပါးစပ်ထဲက ထုတ်ပြီးတော့ သုံးနေတဲ့စကားလုံး အသံထွက်တွေမှန်သမျှ ဘာတရားကွယ် (ပညတ်တရားပါဆရာ)၊ ဘာဖြစ်လို့ ပညတ်တရားခေါ်သလဲ၊ (မရှိလို့ပါဆရာ)။ ဩော် . . . ပါးစပ်က သုံးကောင်းကောင်းနဲ့ သုံးနေတာ၊ ဟုတ်လား (မှန်ပါတယ် ဆရာ)၊ ဒါဖြင့်ကွာ ငဖြူလို့ ခေါ်လိုက်တယ်၊ ဒါဘာတုံး (ပညတ်တရားပါဆရာ)၊ ဒါဖြင့် လူလို့ ပါးစပ်က ပြောမယ်၊ ဒါဘာတုံး (မရှိပါဘူးဆရာ)၊ ဘာတုံးလို့ (ပညတ်ပါဆရာ)၊ မရှိတာ အရင်ကိုးကွ ပညတ် တရားနော် (မှန်ပါတယ်ဆရာ)၊

ဘာဖြစ်လို့ ပညတ်တရားခေါ်သလဲ၊ (ပါးစပ်က ထွက်တဲ့စကားလုံးတွေမို့လို့ပါဆရာ)၊ ပါးစပ်က ထွက်တဲ့စကားလုံးတွေမို့လို့ ပညတ်ဆိုတာ ဟုတ်ပါပြီ၊ အဲဒီလို ပါးစပ်က လူလို့ ခေါ်လိုက်တဲ့အသံထွက် နောက်ကွယ်မှာ လူဆိုတာ တကယ်ရှိသလား (မရှိပါဘူးဆရာ)၊ အေး . . . လူလုံးဝရှာမရဘူးနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုထွက်လာတဲ့ အသံထွက်ရဲ့နောက်ကွယ်က တကယ်တရားကိုယ် တရားသား အထည်ဒြပ်သဏ္ဌာန်အားဖြင့် ရှာမရတဲ့တရားတွေကို ပညတ်တရားလို့နော် (မှန်ပါတယ်ဆရာ)၊ အေး တမြန်နေ့က တို့များပြသွားပါတယ်။ အဓိပ္ပာယ်အားဖြင့် မွေးလာတုန်းက မောင်ဝ၊ ဝလို့ မောင်ဝ၊ ဝတာနဲ့ မောင်ဝလို့ ခေါ်ထားတယ်၊ ဒီမောင်ဝဆိုတာ အမှန်ကတော့ တကယ်ရှိလား မရှိပါဘူး၊ ဒါပညတ် တရား၊ အဲဒီမောင်ဝဆိုတဲ့ အသံထွက်နောက်ကွယ်မှာ တကယ်မောင်ဝ အထည်ဒြပ်သဏ္ဌာန်အားဖြင့် အတုံး, အလုံး, အခဲ အကောင်အထည်အားဖြင့် တကယ်ရှိသလားဆိုတော့ မရှိပါဘူးတဲ့၊ မရှိလို့လည်းပဲ မောင်ဝလို့ သမုတ်ထားတဲ့လူကိုပဲ သေချာကိုင်ပြီးတော့ ခေါင်းတို့, လက်တို့, ကိုယ်တို့, သူ့အင်္ဂါအစိတ် အပိုင်းနဲ့ ခွဲပြီးထွက်သွားပေ့ါနော် (မှန်ပါတယ်ဆရာ)၊ လုံးဝမရှိပါဘူး အဲဒါ။

တို့ ခုတ်ကြီးလေးပါးကို ပြတဲ့အခန်းကျမှ ပိုပြီးတော့ မြင်ပေ့ါကွာ၊ ဒါပေမယ့် ဒီပညတ်ထဲက ပညတ်ကလေးတွေ သိသင့်သလောက် သိထားရတယ်၊ ဩော် . . . ဒါတွေက ပညတ်ကိုး၊ ဒါဖြင့်

http://www.dhammadownload.com



ကောင်းပါပြီ၊ ကဲ . . . စားပွဲ, ကုလားထိုင်, အိမ်, ကျောင်း, ဇရပ်, မြို့, ရွာ, နိုင်ငံ, ဒါတွေက တကယ် မရှိတဲ့ တရားတွေပဲ၊ ပါးစပ်ထဲက သုံးနေတဲ့ စကားလုံးတွေ၊ ၎င်းနောက်ကွယ်မှာ ရှာကြည့် ဘာမှမရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ အိမ်လို့ ခေါ်ပြန်လည်း ဒါ သမူဟပညတ်ကြီးပဲ၊ ပေါင်းစည်းထားတာ၊ အားလုံး ထုပ်, လျှောက်, တန်းများ, အမိုး, အကာ, အခင်း, အကျင်း စသည်အားဖြင့် ပေါင်းစည်းထားမှ အိမ်ဟူသော အမည်တစ်လုံးထွက်လာတယ်။ ဒါသမူဟပညတ်၊ လှည်းတဲ့၊ သေချာကြည့်၊ လှည်းထုပ်တဲ့, ဝင်ရိုးတဲ့, လှည်းတံတဲ့, လှည်းဘီးတဲ့, တံပိုးတဲ့၊ ဒါတွေစုပေါင်းလိုက်မှ လှည်းဟူသော အမည်တစ်ရပ် ထွက်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ လှည်းဆိုတာ တကယ်ရှိသလား ဆိုတော့ အန္ဓပုထုဇဉ် တွေကတော့ လှည်းရှိတာပေါ့၊ နွားတပ်မောင်းတာ လှည်းပေါ့၊ တစ်ခုချင်းကောက်မေးပြန်တော့ လှည်း ရှာမရဘူး။ ဒါက တံပိုး, ဒါက လှည်းအိမ်, ဒါက လှည်းထုပ်, ဒါက လှည်းဝင်ရိုး, ဒါက လှည်းဘီး ဒီလိုလာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ) လှည်းရှာရသေးလား (မရပါဘူးဆရာ)၊ အဲဒါလည်း သမူဟပညတ်ပဲ၊ ဘီး, ထုပ်, ဝင်ရိုး, လှည်းဆံ, တံပိုးတို့ အကုန်စုပေါင်းမှ လှည်းဟူသော အမည်ပညတ် တစ်ခု ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါလည်း သမူဟပညတ်ပဲတဲ့။

အမည်နာမတပ်ခေါ်တာ နာမပညတ်ခေါ်တယ်၊ အမည်လေးတွေ တပ်တပ်ပြီး ခေါ်သွားတာ၊ အမှတ်အသားလေးတွေ ပေးထားတာက သင်္ကေတပညတ်၊ အပေါင်းအစည်းကို တစ်ခုတည်းစုပြီး ခေါ်လိုက်တာက အိမ်, ကျောင်း, ဇရပ်ဆိုတဲ့ အရာဝတ္ထုတွေကတော့ သမူဟပညတ်တဲ့နော် (မှန်ပါတယ် ဆရာ)၊ တစ်ခါလာပြန်ပြီကွယ်၊ အရှေ့, အနောက်, တောင်, မြောက်, ထက်, အောက်နော် (မှန်ပါတယ် ဆရာ)၊ အရပ်ရှစ်မျက်နှာ, အရပ်ဆယ်မျက်နှာ, အရှေ့အရပ်, အနောက်အရပ်, တောင်အရပ်, မြောက် အရပ် ဒါတွေလည်းရှိလား (မရှိပါဘူးဆရာ)၊ ဒါတွေလည်း မရှိဘူးနော် (မရှိပါဘူးဆရာ)၊ အေး . . . ဒါဘာခေါ်လဲ ဒါက ဒိသာပညတ်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အရပ်ကို မှတ်သားပြီးတော့ ပါးစပ်က ပြောတာတဲ့၊ အရှေ့အရပ်ရှိတယ်ဆိုတာ မင်းကိုင်ပြနိုင်ရဲ့လား (မပြနိုင်ပါဘူးဆရာ)၊ ဘာ ပြုလို့ မပြနိုင်လဲ (မရှိလို့ပါဆရာ)၊ အေး . . . ရှိမှ မရှိဘဲနဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာ အစရှိသည်အားဖြင့် ခေါ်နေကြတာ၊ ဒါက ဒိသာပညတ် မည်တယ်။ လာပြန်ပြီ နောက်တစ်ခါ ဒါက မနက်တဲ့။ ဒါက နေ့လည်တဲ့, ဒါက ညနေစောင်းတဲ့, ဒါက စနေ, ဒါက တနင်္ဂနွေ, ဒါက တနင်္လာ, ဒါက အင်္ဂါ, ဒါက ဗုဒ္ဓဟူး, ဒါက ကြာသပတေး, ဒါက သောကြာ, ဒါက စနေ, ဒါတွေလည်း ရှိလား (မရှိပါဘူးဆရာ)၊ အဲဒါတွေကျတော့ အချိန်ကာလ မှတ်သွားတယ်၊ ကာလပညတ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ တစ်ခုမှ မရှိဘူး။

ဒါကြောင့် ပါးစပ်ကသုံးနေတဲ့ အဓိပ္ပာယ်အားဖြင့် စစ်ဆေးကြည့်ကြစို့ကွယ့်၊ အရပ်ထဲမှာ သုံးနေတဲ့ မောင်ဖြူရေ လာစမ်းပါလို့ ခေါ်လိုက်တယ်၊ လာတာမောင်ဖြူ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊

http://www.dhammadownload.com



ဘာဖြစ်လို့ မဟုတ်လဲ (မရှိလို့ပါဆရာ)၊ ဩော်. . . မောင်ဖြူက မရှိဘဲ၊ မောင်ဖြူကိုယ်၌ရှိတဲ့ တရား မဟုတ်တော့ လာနေတာ မောင်ဖြူ ဟုတ်ပဲ့မလား (မဟုတ်ပါဘူးဆရာ)၊ မောင်ဖြူ ဘယ်သွားစမ်းပါ ဆိုတော့ ဒီစကားကောဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)၊ မောင်ဖြူမှ မရှိဘဲနဲ့ မောင်ဖြူ ဘယ် သွားတယ်ဆိုတော့ ဟုတ်ပဲ့မလားနော် (ဟုတ်ကဲ့ပါဆရာ)၊ အေး . . . ဒါကြောင့် ဘယ်သူပဲ၊ ဘယ်ဝါပဲ၊ ဘာပဲ၊ ညာပဲ၊ လုပ်တယ်၊ ရောင်းတယ်၊ ဝယ်တယ်၊ ရှာတယ်၊ ဖွေတယ်၊ သွားတယ်၊ လာတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ စားတယ်၊ သောက်တယ်၊ ပြောတယ်၊ ဆိုတယ်တဲ့၊ မိမိတို့နေ့စဉ်နဲ့အမျှ အိမ်မှာ သုံးနေတဲ့စကားလုံးတွေမှန်သမျှ ဒါပညတ်တရားတွေ ဒါဘာမှမရှိဘူး မဟုတ်ဘူးလားကွ (မှန်ပါတယ် ဆရာ)၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ ဘာမှမရှိဘူး၊ ဒါ ပညတ်ချည်းပဲနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ကာလပညတ်တဲ့ အချိန်ကာလမှတ်ယူခြင်း၊ ဒိသာပညတ်တဲ့ အရပ်ကို မှတ်သားခြင်း၊ သမူဟပညတ်တဲ့၊ အားလုံးကို စုလိုက်ပေါင်းလိုက်မှ အမည်နာမတစ်ခုရခြင်း၊ အမည်နာမတပ်တပ်ပြီးတော့ မှည့်တာက နာမပညတ်တဲ့၊ ဒါ အတုံး၊ အလုံး၊ အခဲ အထည်ဝတ္ထုပစ္စည်းတစ်ခုပဲတဲ့၊ ကျောက်ခဲတို့၊ တုံးတို့၊ တိုင်တို့ ဒီလို အရာဝတ္ထုကျတော့၊ ဒါကျတော့ အတုံး၊ အလုံး၊ အခဲတွေ စိတ်ထဲ စွဲထားတာ၊ ဒါကျတော့ ဃန ပညတ်လို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါတွေလည်း ရှိတာ မဟုတ်ပါဘူးတဲ့။

အဲဒီလို ပညတ်တွေဟာ တစ်ခါလာပြန်ပြီ၊ သဏ္ဌာနပညတ်မှတ်ပြန်တော့၊ ဩော် . . . လူတစ် ယောက် လျှောက်သွားတာကို ကြည့်ပြီး ဟောဒါ မြန်မာလူမျိုး၊ ဟောဒါက ကုလားလူမျိုးကွ၊ ဟောဒါက တရုတ်လူမျိုး၊ ဟောဒါက အင်္ဂလိပ်လူမျိုး စသည်အားဖြင့် အဲဒီလို အဆင်းသဏ္ဌာန်လေးတွေ မှတ် ပြောတတ်တာ သဏ္ဌာနပညတ်ခေါ်တယ်၊ ပုံစံသဏ္ဌာန်ကြည့်ပြောတာနော် (မှန်ပါတယ်ဆရာ)၊ အေး အဲဒီလိုအမျိုးမျိုး ပါးစပ်ကနေ့နှင့်အမျှ အထပ်ထပ်သုံးနေတဲ့ စကားလုံးတွေမှန်သမျှ နောက်ကွယ်မှာ လုံးလုံးတရားကိုယ် တရားသား ရှာမရပါသဖြင့် ဒါပညတ်တရားတွေ၊ အဲဒီတရားတွေကို တို့လူစုက တကယ်ရှိတယ်လို့ မှတ်မနေဘူးလား (မှတ်ပါတယ်ဆရာ)၊ အဲဒါ သံသရာစကတည်းက ဒီလိုမှတ်လာ တာ၊ တကယ်ရှိတယ်၊ အခု တို့သုံးနှုန်းနေတဲ့ စကားလုံးတွေက အမှန်တွေပဲ၊ တကယ်ရှိတဲ့ တရားတွေ ပဲလို့ စိတ်ထဲမှာ ဒီလိုထင်တယ်၊ ထင်ရုံတင်မကဘူး၊ စွဲစွဲမြဲမြဲ ယုံကြည်ထားတယ် အစရှိသည်အားဖြင့် မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ အေး . . . အဲဒါတွေ သံသရာစကတည်းက တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ ဒီလိုယုံကြည်မှုနဲ့ချည်း လာနေကြတာ၊ ဒီတော့ ဘယ့်နှယ့်ဖြစ်နေသလဲဆိုတော့ လုံးလုံးဘာမှမရှိတဲ့ အသံထွက်သက်သက်ဖြစ်တဲ့ ပညတ်တရားတွေကို လုံးလုံးကြီးရှိတယ်လို့ ယူထားတော့၊ ဒီအယူမှန်ပဲ့မလား (မမှန်ပါဘူးဆရာ)၊ ဩော် . . . မှားနေ တယ်ပေါ့ (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



အေး . . ဒါကြောင့် မရှိသောတရားကို ရှိတယ်လို့ ယူဆထားခြင်းသည် အယူမှားပါတယ်တဲ့၊ မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ အေး . . . အဲဒီမရှိတဲ့ ပညတ်တရားကြီးကို ရှိတယ်လို့ ယူဆထားတဲ့ အယူမှားကို ဘာအယူခေါ်တယ်၊ (မိစ္ဆာဒိဋ္ဌိပါဆရာ)၊ သြော် . . . မိစ္ဆာဒိဋ္ဌိနော် (မှန်ပါတယ်ဆရာ)၊ အဲဒီအယူတန်းလန်းနဲ့ သေပြီလားဆိုမှဖြင့် အပါယ်ကလွတ်ဖို့ ခဲယဉ်းတယ်၊ မလွတ်နိုင်ဘူးတဲ့၊ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အဲဒီမိစ္ဆာဒိဋ္ဌိအယူနဲ့ သေကြပြီဆိုမှဖြင့် အပါယ်ကလွတ်ဖို့ ကျွတ်ဖို့ ခက်တယ်တဲ့၊ အင်မတန်ကြောက်စရာကောင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် အပါယ်လေးပါးလားမှာတော့ သူသူငါငါ လူတကာကြောက်ကြတယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တဲ့၊ ဒီအပါယ်လေးပါးကတော့ ပြောတာဆိုတာကလည်း ကြားရတယ်၊ တစ်နည်းအားဖြင့် ပြိတ္တာတို့၊ အသူရာယ်တို့၊ ငရဲတို့ကို ကိုယ်မမြင်ဘူးလို့ အခုဖြစ်လာတဲ့ ဘဝမှာ မေ့ပျောက် =သွားလို့၊ မမြင်ကောင်းလို့ မကြောက်ဖူးထား၊ မျက်စိအောက်တင် ဖြစ်နေတဲ့ ခွေး, ဝက်, ကြက်, ငှက်, ဆင်, မြင်း, ကျွဲ, နွား အစရှိတဲ့ တိရစ္ဆာန်တွေ ဖြစ်နေပုံကို သေချာကြည့်၊ သြော် . . . ဒါတွေဟာ လက်စသတ်တော့ အပါယ်လေးဘုံထဲ တစ်ဘုံပါတာကိုးနော် (မှန်ပါတယ်ဆရာ)၊ သြော် . . . ဒါတွေကို ထောက်ဆသောအားဖြင့် ဒီအပါယ်လေးပါးဟာ တကယ်ရှိတာပဲ၊ ဒါတိရစ္ဆာန်ဘုံလို့ ခေါ်ထားတာ ဒီတိရစ္ဆာန်တွေဖြစ်နေတဲ့ ဒုက္ခတွေ ကြည့်ပြန်တော့ သက်သာခွင့် တစ်ချက်မှ မရဘူး၊ မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ သက်သာခွင့် တစ်ချက်မှ မရဘူး၊ သူတို့ဖြစ်နေတဲ့ရုပ်ကိုယ်က အကုသလဝိပါက် ကမ္မဇရုပ်ကြီးနဲ့ ဖြစ်နေတယ်၊ အကုသိုလ်အကျိုးဆက်ကြောင့် ဖြစ်တဲ့ ရုပ်တရားကြီးတွေတဲ့၊ ပူလို့လည်း အအေးရှာမတွေ့၊ အေးလို့လည်း အပူရှာမတွေ့၊ ပူလည်း ခံလိုက်၊ အေးလည်း ခံလိုက်၊ တိုးလည်း ခံလိုက်၊ တိုက်လည်း ခံလိုက်၊ ရိုက်နှက်လည်း ခံလိုက်၊ သတ်လိုက်လည်း ခံလိုက်၊ ဖြတ်လိုက်လည်း ခံလိုက်နော် (မှန်ပါတယ်ဆရာ)၊ ထိုးလိုက်ကြိတ်လိုက်လည်း ခံလိုက်၊ လုပ်ချင်သလို အလုပ်ခံရတယ်။

အဲဒီလို ခံနိုင်အောင်ဆိုပြီးတော့ အကျိုးပေးစဉ်အခါထဲက အကုသလဝိပါက်က လုပ်ပေးလိုက်တဲ့ ကမ္မဇရုပ်တရားကြီး၊ ကြောက်စရာအင်မတန်ကောင်းတယ် မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် အပါယ်လေးဘုံမှာ ကျန်တဲ့သုံးဘုံကို ကိုယ့်မျက်စိနဲ့ တပ်အပ်အသီးသီး မမြင်ဘူးထား၊ မျက်မြင်ကိုယ်တွေ့အားဖြင့် ကြုံတွေ့နေတဲ့ တိရစ္ဆာန်လောကကို သေသေချာချာကြည့်စမ်းပါ၊ အင်မတန်ကြောက်စရာကောင်းတယ်၊ ဒါကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးတော့ သူသူငါငါ လားမှာ အင်မတန်ကြောက်တယ်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှန်ရင် အပါယ်လေးဘုံရှိမှန်း သိတဲ့သူမှန်သမျှ အများကြီး ကြောက်တယ်၊ ကြောက်သာ ကြောက်တယ်၊

http://www.dhammadownload.com



အဲဒီအပါယ်လေးဘုံက ကွင်းလုံးကျွတ်လွတ်တဲ့နည်းတော့ဖြင့် ဘယ်တော့မှ တရားမနာဘူး၊ ဘယ်တော့မှ မကြောက်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ကုတ်ကုတ်ကပ်ကပ်နဲ့ ဒီအပါယ်လေးပါးက မလားတဲ့နည်းများ ငါဘယ်လို ရှာရပါ့မလဲလို့ ထမင်းထုပ်ထမ်းပြီးလည်း လည်ရှာတဲ့လူရယ်လို့ တစ်ယောက်မှ ငါမတွေ့ဘူးနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ကြိုးကြိုးပမ်းပမ်းနဲ့ လည်ပြီးတော့ အပင်ပန်းခံပြီး ကုတ်ကုတ်ကပ်ကပ်နဲ့ ရှာတာ မဆိုထားနဲ့၊ အပါယ်ဘေးနဲ့ တကယ်ဝေးရပါစေ့မယ်၊ အပါယ်တံခါးလုံးလုံးလျှာလျှား ပိတ်ရပါလိမ့်မယ်။ သင်တန်းတက်စမ်းပါဆိုတာတောင် ခေါ်မရဘူး၊ (မှန်ပါတယ်ဆရာ)၊ ခေါ်မရဘူး၊ ဘာကြောင့်, ညာကြောင့်, ဟိုဒင်းကြောင့်, ဒီဒင်းကြောင့် မဟုတ်တဲ့ အကြောင်းတွေပဲ ရှာပြီး မလိုက်ချင်လို့ ပရိယာယ်နဲ့ အကြောင်းပြနေတာ တော်သေးတယ်နော် (မှန်ပါတယ်ဆရာ)၊ တစ်ခုခုမလုပ်ရင် တော်လှပေ့ါကွာ၊ အဲဒါဘယ်သူ့အတွက်လဲ၊ သူ့အတွက်လား၊ ငါ့အတွက်လား တွက်ကြည့်ပါ၊ အင်မတန်ကြောက်စရာကောင်းပါတယ်၊ ဒါ့ကြောင့် အင်မတန်ကြောက်စရာကောင်းတဲ့ အပါယ်လေးပါး လုံးလုံးလျှားလျှား တံခါးပိတ်အောင် ဒီက တစ်ခုပြီး တစ်ခု ဆက်ကာ ဆက်ကာ ပြသွားပေ့ါကွာနော် (မှန်ပါတယ်ဆရာ)။

အေး . . . ဒါကြောင့် အခုပြထားတဲ့ ပညတ်တရားကို သေချာမှတ်ထားပါ၊ ဩော် . . . မရှိတဲ့ တရားသည် ပညတ်တရားပဲ၊ တို့သုံးနေတဲ့ စကားလုံးအသံထွက်တွေမှန်သမျှ ပညတ်တွေပဲ၊ ဘာဖြစ်လို့လဲ အသံထွက်သာ ရှိတာ၊ အဲဒီအသံထွက်လာတဲ့ အသံထွက်ရဲ့နောက်ကွယ်မှာ တကယ် အထည်ဒြပ်သဏ္ဌာန်နဲ့ တရားကိုယ်တရားသား ရှာကြည့်တော့ ဘာမှမရှိဘူး၊ မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ အဲဒါအားလုံး လူပြိန်းများလည်း နားလည်အောင် ဆိုပြီး၊ မြန်မာလို ရှင်းပြီးတော့ ပြောနေတဲ့ ပညတ်တရားရဲ့ အဓိပ္ပာယ်ပါပဲနော် (မှန်ပါတယ်ဆရာ)၊ စာလိုမဟုတ်ပါဘူး မြန်မာလိုပြောတာပါ၊ ကိုယ့်သဘောနဲ့ ကိုယ့်အသိနဲ့ ကိုယ်ပြောတာလား မဟုတ်ပါဘူး၊ အဲဒါ စာထဲက လာတဲ့ဥစ္စာကို မြန်မာလို့ အဓိပ္ပာယ်ရှင်းပြီးတော့ နားလည်အောင် ပြနေတဲ့သဘောပါ၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် မရှိတဲ့ပညတ်တရားကြီးကို မရှိမှန်းသိသွားရင် အသိမှန်တစ်ခုရပြီ၊ မရဘူးလား (ရပါတယ်ဆရာ)၊ မရှိတဲ့ပညတ်တရားကြီး မရှိမှန်းသိသွားရင် ယုံကြည်သွားရင် အခုတော့ကား အမြင်မှန် အသိမှန်တစ်ခုတော့ ရပြီ၊ တန်ဖိုးရှိလာတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် တစ်ခု ကျန်သေးတယ်၊ ဘယ်သူကျန်တုံးဆိုတော့ ရှိတဲ့ပရမတ်တရားကိုတော့ ရှိမှန်းသိရမယ်၊ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ရှိတဲ့ပရမတ်တရားကို ရှိမှန်းသိရမယ်ဆိုတဲ့ အသိဉာဏ်တော့ မရသေးဘူးပေ့ါကွာနော် (မရသေးပါဘူးဆရာ)၊ အေး . . . ဒါကြောင့် မရှိတဲ့ပညတ်တရားကို မရှိမှန်း သိပြီးတဲ့နောက် တကယ်ရှိတဲ့ပရမတ်တရားကို တကယ်ရှိမှန်း သိလာအောင် ကြိုးစားရမယ် မဟုတ်လားကွာ (မှန်ပါ

http://www.dhammadownload.com



တယ်ဆရာ)၊ အဲဒါ ကြိုးစားတော့ ဘာဖြစ်လာသလဲဆိုတော့ တကယ်ရှိတဲ့ ပရမတ်တရားကို ရှိမှန်းသိအောင် ကြိုးစားဆိုတော့ **ရုပ်ခန်း, နာမ်ခန်း** ရောက်လာပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ရုပ်ခန်း, နာမ်ခန်းရောက်လာပေါ့၊ အဲဒီလို ရုပ်ခန်း, နာမ်ခန်း ရောက်လာတာနဲ့ ကိုယ်တော်မြတ် ဟောပြတော်မူသော အဘိဓမ္မာဒေသနာထဲ ဝင်လာပေါ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အင်မတန်တန်ဖိုးရှိတဲ့ အခန်းရောက်ပြီ။

## ရုပ် နှင့် နာမ်

ဒါကြောင့် ရှိတဲ့ပရမတ်တရားကို ရှိမှန်းသိရမယ်၊ အဲဒါလေးတွေ သမာဓိကောင်းကောင်းထားမှတ်လည်းမှတ်ပါ၊ ဒါပေမယ့် အခုပြောတာလေးကတော့ လူတိုင်းလူတိုင်း ကြားဖူးနားဝရှိပါလိမ့်မယ်၊ ပရမတ်တရားလေးပါးတဲ့၊ တကယ်ရှိတဲ့တရားပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ တကယ်ရှိတဲ့ ပရမတ္ထတရားက ဘယ်နှစ်ပါး (လေးပါးပါဆရာ)၊ အေး . . . လေးပါးရှိတယ်၊ အဲဒါ တို့ဂဏန်းလေးတွေနဲ့သေသေချာချာမှတ်ပါ၊ လက်ချိုးပြီးတော့လည်းမှတ်ပါ၊ ပါးစပ်ကလည်း ရအောင်ဆို၊ စာမသင်ဘူးတဲ့ ပုဂ္ဂိုလ်များလိုပေါ့။ ဩော် . . . မရှိတဲ့ပညတ်တရားရဲ့အဓိပ္ပာယ်တော့ ပြောပြီးသွားပြီ၊ မရှိတဲ့ပညတ်တရားလည်း တို့မရှိမှန်း သိသွားပြီ၊ အရင်တုန်းကလည်း ရှိတယ် ရှိတယ်နဲ့ မှတ်နေတာ၊ ခုမှ မရှိမှန်းသိတယ်၊ ခုတော့ ရှိတဲ့ ပရမတ်တရားကို ရှိမှန်းသိအောင် ပြတော့မယ်ဆိုတော့ ရှိတဲ့ပရမတ်တရားက လေးပါးတဲ့ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ အဲဒီလေးပါးက ဘယ်သူတွေလဲဆိုတော့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ဘယ်သူတွေကွ (စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်) မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)၊ အဲဒီလေးမျိုးပဲ၊ အဲဒီလေးမျိုးက စာလို သင်သွားမယ် ဆိုရင် ရှုတ်တရက် ကုန်မှာ မဟုတ်ဘူး၊ တို့လူစု သင်ပြီးပေးရင် တစ်နှစ်, နှစ်နှစ်နဲ့ ပြီးမှာ မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ စိတ်တရားတွေ, တရားကိုယ်တွေ, သရုပ်တွေ, သကန်တွေနဲ့, စေတသိက် တရားတွေ, တရားကိုယ်တရားသားနဲ့၊ ရုပ်တရားတရားကိုယ်တရားသားတွေနဲ့၊ နိဗ္ဗာန်ထားပါတော့နော် (မှန်ပါတယ်ဆရာ)၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်လို့ လေးတန်သော ပရမတ်တရားရှိတဲ့အနက် စိတ်၊ စေတသိက်၊ ရုပ် ဒီပရမတ်တရားသုံးပါးကို တို့လူစု သင်ရ ကြားရလို့နော် (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်တော့ ဖယ်ထားပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်တော့ ဖယ်ထားတော့ ဘာဖြစ်လို့ နိဗ္ဗာန်ဖယ်ထားလဲဆိုတော့ အဲဒီနိဗ္ဗာန်ကို ရောက်အောင် ကြိုးစားရတာကိုးနော် (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်ရောက်ဖို့ ရဖို့ မျက်မှောက်ပြုဖို့လို့ ကြိုးစားရတယ်။

တို့လူစုတွေက သင်တန်းဘာဖြစ်လို့ တက်ရသလဲ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်လိုချင်လို့ တက်ရတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဘာဖြစ်လို့ လိုချင်သလဲ၊ နိဗ္ဗာန်ရောက်ချင်လို့၊ ရချင်လို့၊ မျက်မှောက်ပြုချင်လို့၊

http://www.dhammadownload.com



ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါဖြင့် နိဗ္ဗာန်ကို ဖယ်ထားပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် နိဗ္ဗာန်ကို လိုချင်တော့ ဘယ့်နှယ့်လုပ်ကြိုးစားရမှာလဲ၊ ဘာတွေ လုပ်ရမှာတုံး ဆိုတော့ ကျန်တဲ့ပရမတ် တရားသုံးပါးကို ပြတ်သားနားလည်အောင် သင်ပါတဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ပရမတ္ထတရား ဘယ်နှစ်ပါးကွ (လေးပါးပါဆရာ)၊ ဘယ်သူတွေလဲ (စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ပါဆရာ)၊ အဲဒီအထဲ ဘယ်သူ့ကိုဖယ်ထားရမလဲ (နိဗ္ဗာန်ပါဆရာ)၊ အေး . . . ဒါကြောင့်မို့လို့ "အာရမ္မဏံ စိန္တေတီတိ စိတ္တံ" အာရမ္မဏံ-အာရုံကို၊ စိန္တေတိ-ကြံစည်သိတတ်၏။ ဣတိ ကသ္မာ-ထို့ကြောင့်။ စိတ္တံ-စိတ်မည်၏-တဲ့။ နိဗ္ဗာန်ရောက်အောင် ကြိုးစားရမှာမို့ နိဗ္ဗာန်ကို ဖယ်ထားတဲ့ (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီနိဗ္ဗာန်ကို တို့လိုချင်လို့ နိဗ္ဗာန် ရောက်အောင် ကြိုးစားနေတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီနိဗ္ဗာန်ကို ရောက်ချင်တော့ကာ ဘာတွေ လုပ်ရမလဲ (စိတ်, စေတသိက်) အဲဒါတွေ သိအောင် ကြိုးစားရမှာလား၊ ဒီကောင်က ဝါးချတဲ့သူပဲ၊ နားလည်လား၊ နိဗ္ဗာန်ရောက်ချင်တော့ ဘာလုပ်ရမယ်၊ ကိုင်း . . . ပရိသတ်တွေ မှတ်သားထားကြပါ၊ တစ်ခေါက် ပြန်ပြီးတော့ တရားထောက်ကို ပရမတ်တရား သုံးပါး ပြန်ပြောပြပေးပါ။ (**စိတ်, စေတသိက်, ရုပ်** ဆိုတဲ့ တရားတွေကို သိအောင် လုပ်ရပါမယ်)၊ သြော် စိတ်, စေတသိက်, ရုပ် ဆိုတဲ့ ပရမတ်တရားသုံးပါးကို သိအောင် လုပ်ရမယ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . အဲဒီသုံးပါး သိအောင် လုပ်လို့ရှိရင် နိဗ္ဗာန်ရောက်ပြီပေါ့ (ရောက်ပါတယ်ဆရာ)၊ အေး ဟုတ်ပြီ၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အေး . . . စိတ်, စေတသိက်, ရုပ် ဆိုတဲ့ ပရမတ်တရား သုံးပါးကို တို့လူစုတွေ သိအောင် လုပ်လိုက်တော့ကာ ဒီတရား ဘာတရားခေါ်လဲဆိုတော့ ဝိပဿနာ တရား ဖြစ်သွားရော၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဝိပဿနာတရားဖြစ်သွားရော၊ ဒါဖြင့်ရင် အဲဒီလို ဝိပဿနာတရားလည်း ဖြစ်သွားရော၊ ဝိပဿနာလည်း ခေါ်လိုက်ရော အဖဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံခါနီးဆဲဆဲမှာ အရေးတကြီးနဲ့ မှာကြားတော်မူတဲ့ မှာတမ်းတော်နဲ့ ကိုက်မသွားဘူးလား (ကိုက်သွားပါတယ်ဆရာ)၊ အေး . . . ကိုက်ကိုကိုက်ရမယ်နော် (မှန်ပါတယ်ဆရာ)။

အဲဒါမှ အဖဘုရားကိုယ်တော်မြတ်လည်း ကျေနပ်တော်မူမယ် မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် ပရိနိဗ္ဗာန်စံခါနီးလေးဆဲဆဲမှာ အရေးကြီးဆုံးဆိုတဲ့ စကားတစ်လုံးကို မှာကြားတော်မူတယ်။ "ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" ပါပဲ၊ အဲဒီ "ဝယဓမ္မာ သင်္ခါရာ" ဆိုတာ ဝယဓမ္မာ-ချုပ်ပျက်ပြုန်းတီး ပျက်စီးတဲ့တရား။ သင်္ခါရာ-သင်္ခါရာတို့တည်း။ အဲဒီသင်္ခါရ အဲဒီ စိတ်, စေတသိက်, ရုပ် ဆိုတဲ့ ပရမတ်တရားသုံးပါးဟာ ချုပ်ပျက်ပြုန်းတီး ပျက်စီးတတ်တယ်တဲ့၊

http://www.dhammadownload.com



မပျက်မစီးဘဲနဲ့ မြဲနေတဲ့တရားများ မမှတ်ကြပါနဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . အဲဒီစခန်းသွားရမယ်၊ ဒီလမ်းသွားရမယ်နော် (မှန်ပါတယ်ဆရာ)၊ စာသင်သလိုတော့ မဟုတ်ဘူးကွ၊ ဒါတို့လိုချင်တဲ့အဓိပ္ပာယ်နဲ့ တို့ဆိုလိုတဲ့ခရီးကို ရောက်ဖို့လို့ ကြိုးစားကြည့် ရမယ် မဟုတ်ဘူးလားကွာ (မှန်ပါတယ်ရာ)၊ စာသင်နည်းသာ သင်နေမယ်ဆိုရင် ငါခုပြောသလိုပဲ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ ဒီပရမတ်တရားသုံးပါးကို မင်းတို့ငါတို့ အကုန်လုံးသိနေမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ စာသင်ခဲ့ဖူးတဲ့ပုဂ္ဂိုလ်လည်း အများကြီးပါကြပါလိမ့်မယ်။ အခြေခံတော့ ရတာပေါ့လေ၊ သင်ပြီးသားဆိုတော့၊ ဩော် . . . သင်္ဂြိုဟ်တစ်အုပ်လုံး လှန်ကြည့်ပြန်တော့ စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ် ဒါပဲ ရှိပါတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီတရားတွေရယ်၊ သရုပ်သကန်နဲ့ တရားကိုယ် တရားသားနဲ့ သဘောအဓိပ္ပာယ်နဲ့ ခွဲစိတ်ပြီး ကောက်ခါငင်ခါနဲ့ ပြထားတဲ့ တရားတွေပါလား ဆိုတာ ပေါ်ပါလိမ့်မယ်။

ဒါကြောင့် အခုလုပ်ငန်းကတော့ သာသနာကြီးနဲ့ တွေ့တဲ့, ကြုံတဲ့အခါမှာ အနည်းဆုံးအားဖြင့် ကလျာဏပုထုဇဉ်, စူဠသောတာပန်ဖြစ်ဖို့ ဒါထက်တစ်ဆင့်တိုးပြီး ကြိုးစားရင် ပဌမမဂ်၊ ဒုတိယမဂ် စသည်အားဖြင့် ရဖို့၊ သံသရာဝဋ်က ကျွတ်ဖို့၊ လွတ်ဖို့ ဆိုတဲ့ ဝိပဿနာလမ်းကို လှမ်းမယ့် သင်တန်းကြီးဖြစ်နေတော့ကား စာသင်သလိုတော့ မဟုတ်ဘူးပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ လိုရင်းလောက် တိုရှင်းလောက် ကောက်နုတ်ချက်လေးတွေ ထုတ်ထုတ်ပြီးတော့ ဒီလိုသင်ကြားသွားပါမယ်၊ စိတ်, စေတသိက်, ရုပ်, အဲဒီပရမတ်တရားသုံးပါးနော် (မှန်ပါတယ်ဆရာ)၊ အဲဒီပရမတ် တရားသုံးပါးကို တို့လုံးလုံး စာမသင်ဖူးတဲ့ပုဂ္ဂိုလ်များလည်း နားလည်အောင် အလွယ်ဆုံးနည်း မြန်မာလိုချည်း သင်သွားမယ်၊ မကောင်းဘူးလားကွ၊ (ကောင်းပါတယ်ဆရာ)၊ အေး . . . ဒီလိုသင်သွားမယ်၊ မခက်ပါဘူး၊ သေသေချာချာမှတ်လို့၊ တို့မြန်မာလူမျိုးဆိုတော့ မြန်မာလိုပြောသွားရင် နားလည်တယ် မဟုတ်လား (နားလည်ပါတယ်ဆရာ)၊ ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကတော့ မာဂဓပါဠိဘာသာနဲ့ ဟောသွားတာပဲ၊ ဒါ မာဂဓဘာသာပါဠိလိုတတ်မှ ဒီအဓိပ္ပာယ်တွေ နားလည်မယ်၊ ဒီအဓိပ္ပာယ်တွေ သိနိုင်ပါတယ်။

အခုတော့ ဩော် . . . မာဂဓဘာသာပါဠိလိုလည်း မတတ်တဲ့ပုဂ္ဂိုလ်တွေ စာလည်း မသင်ဖူးတဲ့ပုဂ္ဂိုလ်တွေဆိုတော့ ဩော် . . . မြန်မာလို ဘာသာပြန်ပြီး ပြောသွားရင် သဘောထဲမှာ ရှင်းလောက်ပါပြီနော် (မှန်ပါတယ်ဆရာ)၊ ကိုင်း . . . ဒါဖြင့် စိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ်တရားသုံးပါးမှာ သေချာကြည့်ကွ၊ အဲဒါကို တို့ နှစ်ပုံပုံကြစို့နော် (မှန်ပါတယ်ဆရာ)၊ စိတ်နဲ့စေတသိက်က တစ်ပုံ၊ ရုပ်က တစ်ပုံ မဟုတ်ဘူးလားကွ (မှန်ပါတယ်ဆရာ)၊ စိတ်နဲ့စေတသိက်က တစ်ပုံ၊ ရုပ်က

http://www.dhammadownload.com



တစ်ပုံ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘယ်နှစ်ပုံပုံလဲကွ (နှစ်ပုံပုံပါတယ်ဆရာ)၊ ဘာတရားတွေ ပုံထားလဲ (စိတ်နဲ့စေတသိက်က တစ်ပုံ၊ ရုပ်က တစ်ပုံပါဆရာ)၊ အေး . . . ဟုတ်ပါပြီ၊ စိတ်နဲ့ စေတသိက်က တစ်ပုံ၊ ရုပ်က တစ်ပုံနော် (မှန်ပါတယ်ဆရာ)၊ စိတ်နဲ့စေတသိက် တစ်ပုံကိုတော့ နာမ် တရားလို့ ခေါ်ပါတယ်နော် (မှန်ပါတယ်ဆရာ)၊ ရုပ်တစ်ပုံကိုတော့ ရုပ်တရားလို့ ခေါ်ပါတယ်။ ဟော နာမ်နဲ့ရုပ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ နာမ်၊ ရုပ်ကပ်လျက်သား (ကပ်လျက်ပါပဲဆရာ)၊ နာမ် တရားနဲ့ ရုပ်တရား နှစ်ပါးပါပဲတဲ့၊ သုံးဆယ့်တစ်ဘုံ အကုန်လုံးခြုံပြီးတော့ ဝေဖန်ပြီးကြည့်လိုက်မယ် ဆိုရင် နာမ်တရားနဲ့ ရုပ်တရားနှစ်ပါး ရှိတယ်၊ ဘာမှမရှိဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီနေရာမှာတော့ သဘောရှင်းမှာ မဟုတ်သေးပါဘူး၊ နောက်တဖြည်းဖြည်းနဲ့ ဒီအဓိပ္ပာယ်လေးတွေ ရှင်းရှင်းလာတဲ့အခါကျ ပိုပြီးတော့ ပေါ်လွင်လာပါလိမ့်မယ်၊ ဒီအခန်းလေး ဒီလောက်ပဲ မှတ်ပါဦး။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဆိုတဲ့ ပရမတ်တရားလေးပါးကို မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒီလေးပါးအနက် နိဗ္ဗာန်ကို ဖယ်ထား၊ ဘာဖြစ်လို့ ဖယ်ထားသလဲ၊ နိဗ္ဗာန်က သင်စရာ ကြားစရာ မလိုပါဘူး၊ အဲဒီနိဗ္ဗာန်ကြီးလိုချင်လို့ ရောက်ချင်လို့ ရချင်လို့ မျက်မှောက်ပြုချင်လို့၊ ဒါဖြင့် ဒီနိဗ္ဗာန်ကြီး လိုချင်, ရောက်ချင်, ရချင်, မျက်မှောက်ပြုချင်တော့ ဘာတွေလုပ်ရမတုံး၊ ကျန်တဲ့ ပရမတ်သုံးပါးကို တတ်သိလိမ္မာအောင် သင်ကြားရမယ်၊ ကျန်တဲ့ပရမတ်တရားသုံးပါးက ဘယ်သူတွေတုံး ဆိုတော့ စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒီစိတ်, စေတသိက်, ရုပ် ဆိုတဲ့ ပရမတ်တရားသုံးပါးကို နှစ်ပုံ ပုံလိုက်ပါ။ ဘယ်သူနဲ့ဘယ်သူ တစ်ပုံ၊ (စိတ်နဲ့စေတသိက်က တစ်ပုံပါ ဆရာ၊ ရုပ်က တစ်ပုံပါဆရာ)၊ သြော် . . . တစ်ပုံစီရှိရဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် စိတ်နဲ့စေတသိက်တစ်ပုံကိုတော့ ဘာတရားခေါ်တယ် (နာမ်တရား ပါဆရာ)၊ ဟုတ်ပြီ၊ ရုပ်တစ်ပုံကိုတော့ ဘာတရားခေါ်တယ် (ရုပ်တရားပါဆရာ)၊ ဒါဖြင့် ရုပ်တရား, နာမ်တရား နှစ်ပါးပေါ့ (မှန်ပါတယ်ဆရာ)၊ သမာဓိကောင်းကောင်းထား၊ သေသေချာချာ မှတ်ထားနော်၊ အေး . . . ကိုယ်တော်မြတ်က မရှိတရား ရှိတရားလို့ ဟောထားတဲ့အတွက်ကြောင့် မရှိတရားက ပညတ်၊ ရှိတဲ့ တရားက ပရမတ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ရှိ တရားပရမတ်ဆိုတဲ့ တရားထဲမှာ စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ်, နိဗ္ဗာန်ရယ်လို့ လေးမျိုးပြပြီးတော့ ဟောသွားတယ်၊ ဒါ ရှိတရားတွေ မဟုတ်လားကွာ (ရှိတဲ့တရားတွေပါဆရာ)၊ တကယ်ရှိတဲ့တရားတွေပေါ့ (တကယ်ရှိတဲ့ တရားတွေပါဆရာ)၊ သမာဓိကောင်းကောင်းထားပါ။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ ပရမတ်တရားလေးပါး၊ သြော် . . . ဒီတရားလေးပါးကို မြတ်စွာဘုရားကိုယ်တော်မြတ်က ပါဠိလိုတော့ ပရမတ္ထတရားတဲ့၊ မြန်မာလိုပြောတော့ တကယ်ရှိတဲ့

http://www.dhammadownload.com



တရားတဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ တိုတိုလေးမှတ်ထား၊ ဒီက အတိုဆုံးနည်းလေးနဲ့ သင်ပေးမယ်၊ ပညတ်တရားကျတော့ မရှိတဲ့တရားတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လုံးလုံးမရှိတဲ့ တရားတဲ့၊ ဘာတွေပါလိမ့် ပါးစပ်က ထွက်တဲ့ အသံထွက်တွေပေါ့ ဟုတ်လား (မှန်ပါတယ်ဆရာ) နားလည်လား (နားလည်ပါတယ်ဆရာ)၊ မရှိတဲ့တရားက ဘာတရားခေါ်လဲ (ပညတ်တရားပါဆရာ)၊ အေး . . . ပညတ်တရား၊ ပညတ်တရားက ဘာတွေပါလိမ့် (မရှိတဲ့တရားပါဆရာ)၊ အဲဒီမရှိတဲ့ တရားက ဘာတွေပါလိမ့် (ပညတ်တရားပါဆရာ)၊ အဲဒီပညတ်တရားဟာ ဘာတွေပါလိမ့် (ပါးစပ်က လုံးလုံးအသံထွက်တဲ့ မရှိတဲ့တရားပါဆရာ)၊ ဒါဖြင့် ပညတ်တရားဟာ လုံးလုံးမရှိတဲ့တရားပေါ့ (မှန်ပါတယ်ဆရာ)၊ အခု ပရမတ်တရားကျတော့ကော (ရှိတဲ့တရားပါဆရာ)၊ ကြော် . . . တကယ်ရှိတဲ့ တရားလား (မှန်ပါတယ်ဆရာ)၊ ကြော် . . . ဒါဖြင့် တရားက မရှိတာနဲ့ ရှိတာ နှစ်မျိုးပေါ့ကွနော် (နှစ်မျိုးပါဆရာ)၊ အေး . . . မရှိတာက ပညတ်၊ ရှိတာက ပရမတ်၊ ဒါဖြင့် ကောင်းပါပြီ၊ ရှိတဲ့ပရမတ် တရားက ဘယ်နှစ်ပါးရှိတုံး (လေးပါးပါဆရာ)၊ ဘယ်သူတွေတုံး (စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ပါဆရာ)၊ အေး . . . ဟုတ်ပြီ၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်နော် (မှန်ပါတယ်ဆရာ)၊ ကြော် . . . အဲဒီစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ လေးတန်သော ပရမတ္ထတရားကမှ အဲဒါတကယ်ရှိတဲ့တရားတဲ့၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ တကယ်ရှိတဲ့တရား၊ အဟုတ်ရှိတဲ့တရား၊ အမှန်ရှိတဲ့တရား၊ ထင်ရှားရှိတဲ့တရားနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကောင်းပါပြီကွာ၊ အဲဒီစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ တကယ်ရှိတဲ့ ပရမတ္ထတရားလေးပါး အပြင်ဘက်က ငါစောစောက ပြောထားတဲ့ အသံထွက်တွေကော ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ ဘာမှမရှိဘူးပေါ့ (ဘာမှမရှိဘူး) ဒီလေးပါးက လွဲရင် ဘာမှမရှိဘူးပေါ့ (ဘာမှမရှိပါဘူးဆရာ)၊ အေး . . . အဲဒါလေး မှတ်ထား၊ သုံးဆယ့်တစ်ဘုံ အကုန်လုံး ခြုံကြည့်၊ ဒါမှမဟုတ် မိမိ လူ့လောကပြန်ကြည့်၊ စဉ်းစားဝေဖန်ကြည့်၊ ကိုယ်တော်မြတ်က ဟောတယ်၊ စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ်, နိဗ္ဗာန်ရယ် အဲဒီတရားလေးပါးက တကယ်ရှိတာတဲ့၊ ဒီလေးပါးက လွဲရင် ဘာမှမရှိဘူး၊ ဟုတ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာမှမရှိ၊ ဒါ ပညတ်တရားတွေ ဖြစ်မသွားဘူးလားဟ (ဖြစ်သွားပါတယ်ဆရာ)။

မင်းတို့ငါတို့မှတ်သားနေတဲ့ တကယ်ရှိတယ်လို့မှတ်နေတဲ့ ပညတ်တွေ မဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ အသံထွက်တွေ မဟုတ်ဘူးလား (အသံထွက်တွေပါဆရာ)၊ အေး . . . ဒါကြောင့် အဲဒီမရှိ တာနဲ့ ရှိတာလေး ပြတ်ပြတ်သားသား နားလည်အောင် အခြေခံကစ မှတ်စမ်းပါလို့ ပြောနေတာ၊ ဒီနှစ်ခုပြတ်သားသွားရင် တို့လူစု ကိုယ့်ကိုလည်း ကိုယ်ပြန်ကြည့်၊ အောင်မယ် . . . ငါသိလာတယ် တယ်ဟုတ်ပါလား အရင်နဲ့ မတူပါဘဲ၊ အရင်တုန်းကသာ ငါမရှိတဲ့ပညတ်တရားတွေ တကယ်ရှိတယ်

http://www.dhammadownload.com



လို့ မှတ်မှတ်လာနေတာ။ အခုမှ လုံးလုံးမရှိမှန်း သိတယ်၊ ဒီတော့ တကယ်ရှိတယ်ဆိုတဲ့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဆိုတဲ့ လေးတန်သော ပရမတ်တရားကျတော့ ငါရီးတီးယားတား လုပ်နေတယ်။ မရှိမှန်းလည်း မသိ၊ ရှိမှန်းလည်း မသိ၊ ဘာမှလည်း ငါမပြတ်သားဘူး၊ ဘာမှလည်း ငါနားမလည်ဘူး၊ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ မရှိဘူးလို့ ယူဆတာနဲ့ အတူတူပါပဲ၊ မထူးပါဘူး၊ မသိဘူးလို့ဆိုရင် မရှိဘူး ဆိုတာနဲ့ အတူတူပါပဲ။ ဒါကြောင့် ရှိတဲ့ ပရမတ်တရားကြီးကိုတော့ ရှိမှန်း မသိကြဘူး၊ မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ အေး . . . ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က စိတ်, စေတသိက်,ရုပ်, နိဗ္ဗာန် လေးတန်သော ပရမတ်တရားသည် သူ့မှ တကယ်ရှိတဲ့တရားလို့ ကိုယ်တော်မြတ်က ဟောလိုက်တော့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ တရားလေးပါးအပြင်က,ဟာတွေက ရှိသေးရဲ့လားဟ (မရှိပါဘူးဆရာ)၊ ယုံချင်စရာကောင်းသေးရဲ့လား (မကောင်းပါဘူးဆရာ)၊ ဘာမှ ရှိတယ်လို့ တွေးဆမနေနဲ့၊ ဒီတရားတော့ ရှိကောင်း ဒီဥစ္စာလေးတော့ ရှိနိုင်ကောင်းပါရဲ့လို့ တွေးစရာ လိုသေးသလား (မလိုပါဘူးဆရာ)၊ မလိုဘူး မှတ်ထား၊ စိတ်ထဲပါသလား၊ စေတသိက်ထဲ ပါသလား၊ ရုပ်ထဲ ပါသလား၊ နိဗ္ဗာန်ထဲ ပါသလား အခုထွက်လာတဲ့ အသံထွက်က၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် လေးတန်သော ပရမတ္ထတရားထဲ ကြည့်တော့မပါပါဘူး၊ မပါရင် သူမရှိတဲ့တရားပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် အဖေ, အမေ ရှိသလား (မရှိပါဘူးဆရာ)၊ မိကြီး, မိလေး ရှိသလား (မရှိပါဘူးဆရာ)၊ ညီအစ်ကိုမောင်နှမ ရှိပါသလား (မရှိပါဘူးဆရာ)၊ ယောကျ်ား, မိန်းမများ ရှိပါသလား (မရှိပါဘူးဆရာ)၊ ပုဂ္ဂိုလ်သတ္တဝါ ရှိပါသလား (မရှိပါဘူးဆရာ)၊ အသက်လိပ်ပြာ ရှိပါသလား (မရှိပါဘူးဆရာ)၊ ဝိညာဉ်ကောင်တွေ ရှိပါသလား (မရှိပါဘူးဆရာ)၊ မြို့, ရွာ, နိုင်ငံ ရှိပါသလား (မရှိပါဘူးဆရာ)၊ ဘုံလောကဓာတ် ရှိပါသလား (မရှိပါဘူးဆရာ)၊ နေ, လ, နက္ခတ်တာရာတွေ ရှိပါသလား (မရှိပါဘူးဆရာ)၊ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ဩော် . . . သူတို့ကတော့ စိတ်ထဲလည်း မပါဘူး၊ စေတသိက်ထဲလည်း မပါဘူး၊ ရုပ်ထဲလည်း မပါဘူး၊ နိဗ္ဗာန်လည်း မပါဘူးနော် (မှန်ပါတယ်ဆရာ)၊ အခု ငါပြောနေတာ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ လေးတန်သော ပရမတ္ထတရားထဲ ပါသေးလား (မပါဘူးဆရာ)၊ ဘယ်ပါမလဲ၊ စိတ်ထဲပါရင် စိတ်ဆိုတဲ့ အသံထွက်လာမှာ၊ စေတသိက်ထဲ ပါရင် စေတသိက်ဆိုတဲ့ အသံထွက်လာမှာ၊ ရုပ်ထဲပါရင် ရုပ်ဆိုတဲ့ အသံထွက်မှာလာမှာ၊ နိဗ္ဗာန်ထဲပါရင် နိဗ္ဗာန်အသံထွက်လာမှာ၊ ဒီလိုမဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ဟိုက လေးမျိုးထဲ ပြသွားတာ၊ စိတ်တရားရယ်၊ စေတသိက်တရားရယ်၊ ရုပ်တရားရယ်၊ နိဗ္ဗာန်တရားရယ်၊ အဲဒီတရားလေးပါးဟာ သူတို့ တကယ် ရှိတယ်တဲ့၊ သူတို့မှ အမှန်ရှိတယ်၊ ဧကန်ရှိတယ်၊ ထင်ရှားရှိတယ်၊ အဟုတ်ရှိတယ်တဲ့၊ နားလည်ပြီးလား (နားလည်ပါတယ်ဆရာ)၊

http://www.dhammadownload.com



သူတို့လေးပါးမှလွဲရင် တို့ကို ဘယ်သူက ဘာတွေပြောပြော၊ ဘယ်သူက ဘာတွေဟောဟော၊ ဘယ်သူက ဘာတွေ သင်ကြားသင်ကြား၊ တို့နားယောင်စရာမလိုဘူး၊ ဘာဖြစ်လို့လဲ၊ တကယ်ထင်ရှား ရှိတဲ့ တရားလေးပါးကို တို့လက်ဆုပ်လက်ကိုင်သိနေပြီ ဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ အဲဒါ လေးမှတ်ထား။ ဩော် . . . ဒါဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် လေးတန်သော ပရမတ္ထတရားသည် တကယ်ရှိသောတရားတဲ့၊ တို့ဘုရားကိုယ်တော်မြတ်က မှာကြားသွားတယ်၊ ဘာမှ မယုံစရာမရှိဘူး၊ တို့ဘုရားကိုယ်တော်မြတ်က ဟောသွားတယ်၊ ပြောသွားတယ်၊ မှာကြားသွားတယ်၊ ချစ်သား ချစ်သမီးတို့ စိတ်တရား၊ စေတသိက်တရား၊ ရုပ်တရား၊ နိဗ္ဗာန်တရား အဲဒီတရားလေးပါးဟာ တကယ်ရှိတဲ့ တရားတွေတဲ့၊ ဒီမှတစ်ပါးသော တခြားသော တရားတွေမှန်သမျှ ဘာတွေပြောပြော၊ ဘယ်ဒင်းမှ မရှိပါဘူး မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)၊ အေး . . . အဲဒါလေး မှတ်ထား၊ ဒါဖြင့် ကောင်းပါပြီ၊ အဲဒီရှိတဲ့ ပရမတ္ထတရားလေးပါးမှာ နိဗ္ဗာန်ကို ဖယ်ထားလိုက်ပါ၊ ဘာဖြစ်လို့ ဖယ်ထားသလဲ၊ နိဗ္ဗာန်က တော့ သင်စရာ ကြားစရာ မလိုပါဘူး၊ အဲဒီနိဗ္ဗာန်ကြီးကိုပဲ ရောက်ချင်လို့, ရချင်လို့, လိုချင်လို့, မျက်မှောက်ပြုချင်လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီနိဗ္ဗာန်ကြီးကို ရောက်ချင်, ရချင်, လိုချင်, မျက်မှောက်ပြုချင်တော့ ဘာတွေ လုပ်ရမလဲ၊ ကျန်တဲ့ ပရမတ်တရားသုံးပါးကို သိုးခြားနားလည် အောင် သင်ကြားပါတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီကျန်တဲ့ ပရမတ်တရားသုံးပါးကို ပြတ်ပြတ်သားသား သင်ကြားနားလည်လာရင်တဲ့၊ ဒီနိဗ္ဗာန်ကြီးရောက်ပါလိမ့်မယ်တဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး . . . ငါးကြင်းဆီနဲ့ငါးကြင်းပြန်ချက်တာပဲကွ၊ ပရမတ်တရားသုံးပါးကို ပေါင်းပြီးတော့ အလုပ်လုပ်တော့ ထိပ်တန်းက နိဗ္ဗာန်ဆိုတဲ့ ပရမတ်တရားကြီးပဲ ရမှာကိုးကွနော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ကောင်းပါပြီ၊ အဲဒီစိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ်တရားသုံးပါးကို တူရာတူရာ ပေါင်းပြီး ပုံလိုက်တော့ ဘယ်နှစ်ပုံရတယ်၊ (နှစ်ပုံရပါတယ်ဆရာ)၊ ဘယ်သူတစ်ပုံ ဘယ်သူတစ်ပုံတုံး (စိတ်နဲ့စေတသိက်က တစ်ပုံဆရာ၊ ရုပ်က တစ်ပုံဆရာ)၊ ဩော် . . . စိတ်နဲ့စေတသိက်က တစ်ပုံ၊ ရုပ်က တစ်ပုံလား (မှန်ပါတယ်ဆရာ)၊ ဩော် . . . ကောင်းပါပြီ၊ နှစ်ပုံရတော့ စိတ်နဲ့စေတသိက် တစ်ပုံကိုတော့ ဘာတရားလို့ ခေါ်တယ် (နာမ်တရားလို့ ခေါ်ပါတယ်ဆရာ)၊ ရုပ်တစ်ပုံကျတော့ကော (ရုပ်တရားလို့ ခေါ်ပါတယ်) ဩော် . . . ရုပ်တရား နာမ်တရား နှစ်ပါးလို့ ဒီလိုမနေဘူးလား (မှန်ပါ တယ်ဆရာ)၊ အေး . . . ရုပ်တရား နာမ်တရားနှစ်ပါးတဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ) မှတ်မိ တော့ တို့လူစု မြန်မာလို နားလည်အောင် တစ်ခါပြန်ပြီး ရှင်းပြပါ့မယ်၊ မှတ်ထား သေသေချာချာ၊ ရုပ် တရား နာမ်တရား နှစ်ပါးဆိုသည်မှာ ရုပ်တရားက ရုပ်တဲ့၊ နာမ်တရားကျတော့ စိတ်နဲ့စေတသိက်

http://www.dhammadownload.com



တွဲထားတယ်နော် (မှန်ပါတယ်ဆရာ)၊ နာမ်တရားကျတော့ စိတ်တရားနဲ့ စေတသိက်တရား ပရမတ်တရားနှစ်ပါး တွဲထားတယ်။ ရုပ်ကျတော့ ရုပ်ချည်းသန့်သန့်ထား၊ ဘာဖြစ်လို့လဲ၊ စိတ်, စေတသိက်, ရုပ်, ပရမတ်တရားသုံးပါးကို နှစ်ပုံပုံတော့ တစ်ပုံက နှစ်မျိုး၊ တစ်ပုံကျတော့ တစ်မျိုးတည်း၊ စိတ်, စေတသိက်က တစ်ပုံပုံ၊ ရုပ်က တစ်ပုံပုံ၊ စိတ်, စေတသိက်ဆိုတဲ့ အပုံကိုတော့ နာမ်တရားခေါ်ပါတယ်၊ ရုပ်ကိုတော့ ရုပ်တရား ခေါ်ပါ၏၊ ဒီလိုမဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ မရှင်းဘူးလားကွာ (ရှင်းပါတယ်ဆရာ)။

အခုနေ သင်တန်းမလိုက်ဘူးတဲ့ လူအသစ်ဆိုရင် မှတ်မိပါ့မလား (မှတ်မိပါတယ်ဆရာ)၊ မင်းပြောတာလား၊ မှတ်မိလောက်ပြီလား (မှတ်မိလောက်ပါပြီဆရာ)၊ ဩော် . . . နာမ်က တစ်ပုံ၊ ရုပ်က တစ်ပုံပေါ့ (မှန်ပါတယ်ဆရာ)၊ နာမ်တရားက ဘယ်သူဘယ်သူတုံး (စိတ်နဲ့စေတသိက်ပါဆရာ)၊ ရုပ်တရားကလည်း ရုပ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ မြန်မာလိုလေးပေါ့ကွာ၊ ရုပ်တရားဆိုတာက ဘာမှ မသိတတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ရုပ်တရားဆိုတာက ဘာမှမသိတတ်ဘူး မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ရုပ်တရားဆိုဘာ ဘာသိတတ်လဲ (ဘာမှမသိတတ်ပါဘူးဆရာ)၊ ဘာမှ မသိတတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ တုံးတွေ, တိုင်တွေ, သေချာကြည့်၊ ကျောက်တုံးကြီးတွေ, ကျောက်ခဲတွေ, မင်းတို့လမ်းလျှောက်သွားတော့ ကျောက်လမ်းက ကျောက်ခဲတွေ, မြေလမ်းမှာ တုံးတွေ, တိုင်တွေ, တောတွေ, တောင်တွေ သူတို့ ဘာသိတတ်လဲ၊ (ဘာမှမသိတတ်ပါဘူးဆရာ)၊ အဲဒါ ရုပ်တွေပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ၊ ရုပ်တွေ ဘာမှမသိတတ်ဘူးပေါ့ (မသိတတ်ပါဘူးဆရာ)၊ ကောင်းပြီ မှတ်ထား၊ ရုပ်တရားသည် ဘာမှမသိတတ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ နာမ်တရားကျတော့ စိတ်တဲ့၊ စေတသိက်တဲ့နော် (မှန်ပါတယ်ဆရာ)၊ မင်းတို့ငါတို့မှာ စိတ်ကလေးတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ သတ္တဝါတွေ စိတ်နဲ့ပေါ့ (မှန်ပါတယ်ဆရာ)၊ ကိုယ့်ကိုကိုယ်လည်း ကိုယ်ပြန်ကြည့်ပေါ့ကွာ၊ ငါ့စိတ်ရှိတယ်နော် (မှန်ပါတယ်ဆရာ)။

အဲဒီစိတ်ကလေးရယ်၊ ကောင်းတဲ့အခါ ကောင်းလိုက်၊ ဆိုးတဲ့အခါ ဆိုးလိုက်၊ ကြည်တဲ့အခါ ကြည်လိုက်၊ နောက်တဲ့အခါ နောက်လိုက်၊ မဖြစ်ဘူးလားကွာ (ဖြစ်ပါတယ်ဆရာ)၊ အေး . . . အဲဒီ စိတ်ကလေးလည်း မင်းအမြဲတစေ သိသိနေတဲ့သဘောလေးတွေ မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ စိတ်ကလေးတွေ သိတာပေါ့ကွာနော် (သိပါတယ်ဆရာ)၊ ဩော် . . . စိတ်ဟာ သိတတ်တယ်ပေါ့ (သိတတ်ပါတယ်ဆရာ)၊ အေး . . . စိတ်ကလေးဟာ သိတတ်တယ်၊ သူများကို မမေးပါနဲ့၊ ကိုယ့်စိတ်ကလေး ကိုယ်ပြန်ကြည့်၊ ဒါမျက်စိက မြင်လိုက်ရင် အဓိပ္ပာယ်သိသွားပြီ၊ နားက ကြားလိုက်ရင် အဓိပ္ပာယ်သိသွားပြီ၊ နှာခေါင်းက နံလိုက်ရင် အဓိပ္ပာယ်သိသွားပြီ၊ လျှာမှာ စားလိုက်ရင် အဓိပ္ပာယ်

http://www.dhammadownload.com



သိသွားပြီ၊ ကိုယ်မှာ ထိလိုက်ရင် အဓိပ္ပာယ်သိသွားပြီ၊ စိတ်ထဲမှာ စိတ်ကူးကြည့်ရင် အဓိပ္ပာယ်သိသွားပြီ၊ သိသိမသွားဘူးလားဟ (သိသိသွားပါတယ်ဆရာ)၊ မျက်စိက မြင်လိုက်ရင် မသိသွားဘူးလား (သိပါတယ်ဆရာ)၊ လမ်းလျှောက်သွားတာ ဒါ ငဖြူပဲကွ၊ ဘယ်အရပ်က ဘယ်သူ့သားပဲ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဓိပ္ပာယ်လေး သိမသွားဘူးလား (သိသွားပါတယ်ဆရာ)၊ နားက ကြားလိုက်ပြန်တော့ ဒါ ဘာအသံလဲ, ဘယ်သူ့အသံပဲ, ဘယ်ဝါ့အသံပဲ ဟုတ်ပြီးလား (မှန်ပါတယ်ဆရာ)၊ အဓိပ္ပာယ်ကို သိမသွားဘူးလား (သိသွားပါတယ်ဆရာ)၊ နှာခေါင်းက နံပြန်တော့ ဒီအနံ့က ဘာအနံ့ပဲ, ဒါမွှေးတာပဲ, ကြိုင်တာပဲ, နံတာပဲ မသိဘူးလား (သိပါတယ်ဆရာ)၊ လျှာပေါ် အရသာတင်လိုက်ပြန်တော့ ဒါက အငန်လေး, ဒါက အစပ်လေး, ဒါ အချို, အချဉ်, အဖန်, အခါးလေး မသိဘူးလား (သိပါတယ်ဆရာ)၊ ကိုယ်ထိလိုက်ပြန်တော့ ပူလိုက်တာ, အေးလိုက်တာ, ကြမ်းလိုက်တာ, နူးလိုက်တာ, စူးလိုက်တာ, ရှလိုက်တာ မသိဘူးလား (သိပါတယ်ဆရာ)။

ဩော် . . . စိတ်ထဲက စိတ်ကူးကလေးနဲ့ စဉ်းစားနေပြန်တော့ မသိဘူးလား (သိပါတယ်ဆရာ)၊ ဩော် . . . လက်စသတ်တော့ သိတယ်ဆိုတဲ့ သဘောလေးဟာ စိတ်က သိတာကိုးလို့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ အဲဒီစိတ်က သိတတ်တယ်၊ မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် ဒီစိတ်ကလေးက သိတတ်တယ် မဟုတ်ဘူးလား (သိတတ်ပါတယ်ဆရာ)၊ ကောင်းပါပြီ၊ စိတ်တရားတော့ သိတတ်မှန်း သိသွားပြီ၊ သူနဲ့တွဲထားတာ ဘယ်သူကွ (ရုပ်ပါဆရာ)၊ ဩော် . . . (စေတသိက်ပါဆရာ)၊ အေး . . . အဲဒီလိုလုပ်စမ်းပါ၊ ဘယ့်နှယ့် မတူတဲ့သူချင်း သွားပေါင်းတယ်လို့ကွာ၊ သူနဲ့တွဲတာ စေတသိက်ပေါ့ (စေတသိက်ပါဆရာ)၊ ဩော် . . . စေတသိက်နဲ့စိတ်နဲ့ တစ်တွဲကိုး၊ သူတို့အတွဲက သဘာဝတူတယ် မဟုတ်လား (တူပါတယ်ဆရာ)၊ အေး . . . ဟုတ်ပြီ၊ အဲဒီစေတသိက်တရားလေး ငါပြောပါဦးမယ် နားထောင်ကြပါ။ စေတသိက်တရားတွေက ဘာပါလိမ့်လို့ ရှာစရာ မလိုပါဘူး။ မင်းတို့ငါတို့ကိုယ်မှာ အမြဲတစေ ဖြစ်နေတဲ့တရားပါကွ၊ တခြားရှာရတာ မဟုတ်ပါဘူးနော် (မှန်ပါတယ်ဆရာ)။

ကြည့်ကြည့်၊ ငါပြောပြမယ် . . . မင်းမျက်စိက မြင်လိုက်ရောနော် (မှန်ပါတယ်ဆရာ)၊ ငါ ပေါ်လွင်တဲ့အဓိပ္ပာယ် ပြောပါဦးမယ်၊ ကလေးကလား မဟုတ်ပါဘူး၊ ပေါ်လွင်တဲ့အဓိပ္ပာယ်ကို ငါ ပြောပေါ့မယ်၊ တကယ့်ကို ရုပ်ရည်လှလှပပ ချောချောမောမောနဲ့ မိန်းကလေးတစ်ယောက် လျှောက်သွားတာ မင်းက ကြည့်လိုက်တယ်၊ မြင်ရော မဟုတ်လား (မြင်ပါတယ်ဆရာ)၊ မြင်တော့ အောင်မယ် ချောတယ်၊ မျက်လုံး, မျက်ခုံး, အသား, အသွေး, အရပ်, အမောင်း, အလုံးအထည် အနေအထားနဲ့ လှလိုက်တာကွာ မသိဘူးလား အဓိပ္ပာယ်တွေ လျှောက်ပြီးတော့ (သိပါတယ်ဆရာ)၊ အဲဒါ အားမရ

http://www.dhammadownload.com



သေးဘူး၊ စုံစမ်းသေးတယ်၊ ဘယ်အရပ်ကတုံး၊ ဘယ်သူ့သမီးတုံး၊ ဘယ်လိုတုံးနဲ့ လျှောက်စုံစမ်းသေးတယ် စိတ်က ဟုတ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ လျှောက်စုံစမ်းပြီးတော့ကာ အဲဒါ စိတ်နော် (စိတ်ပါဆရာ)၊ စိတ်နောက်ကကြည့် စေတသိက်ပါလာလိမ့်မယ်၊ ငါလိုချင်လိုက်တာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အောင်မယ် . . . နှုတ်မလေးဘူး၊ ဒါမျိုးကျ တယ်လျှာသွက်တယ်၊ ငါလိုချင်လိုက်တာ သိရောလား (သိပါတယ်ဆရာ)၊ အဲဒါလိုချင်တယ်ဆိုတာ လောဘမဟုတ်လား (လောဘပါဆရာ)၊ အဲဒါစေတသိက် ခင်ဗျား နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဟော . . . စိတ်ဖြစ်ရင် စေတသိက် ကပ်လျက်သား ပါလာတယ်၊ မပါဘူးလား (ပါပါတယ်ဆရာ)။

အေး . . . စေတသိက်ဆိုတာ ငါ့တခြားလားလို့ အောက်မေ့တယ်၊ လက်စသတ်တော့ စိတ်နောက်က တွဲလျက်သား၊ ပါပါလာတဲ့ တရားကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ပထမမြင်လို့ ကြည့်လိုက်တဲ့ အဓိပ္ပာယ်လေးက စိတ်၊ စိတ်ဖြစ်လာရင် စေတသိက်နေသေးရဲ့လား (မနေပါဘူးဆရာ)၊ ကပ်လျက်သားပါလာပေ့ါနော် (မှန်ပါတယ်ဆရာ)၊ ငါလိုချင်လိုက်တာ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ လောဘစေတသိက် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လောဘ, ဒေါသ, မောဟ ဆိုတဲ့ စေတသိက် သုံးချည်းပဲမှတ်ထားပါ၊ များများမမှတ်ပါနဲ့ ဒီသုံးချက်နားလည်ရင် တော်ပါပြီ၊ ဒါ လောဘစေတသိက်ဖြစ်ပြီနော် (မှန်ပါတယ်ဆရာ)၊ ဥစ္စာပစ္စည်း သူများရောင်းတာ ဝယ်တာတွေကို မြင်လိုက်တော့ ဘယ်သူတဲ့၊ အရောင်းအဝယ်သွက်တယ် မင်းမျက်စိက မြင်တာ မသိဘူးလား (သိပါတယ်ဆရာ)။ သိမှုကလေးက ဘာတုံး (စိတ်ပါဆရာ)၊ ဩော် . . . စိတ်၊ နောက်ပိုင်းကျတော့ သူ့လို ငါလုပ်ရရင် ငါလည်း ရမှာပဲ၊ သဘောက ဒီလိုသဘောနားလည်လား (နားလည်ပါတယ်ဆရာ)၊ လိုချင်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ အေး . . . ဒီလိုပဲ၊ ဩော် . . . စိတ်ဖြစ်ရင် စေတသိက်က ကပ်လျက်ပါပါလာတယ်၊ မင်းနဲ့ အင်မတန်ကိုပဲ မတည့်တဲ့ရန်သူတစ်ယောက် သတ်လောက်အောင်ပဲ မုန်းတီးနေတဲ့ လူတစ်ယောက် ပက်ပင်းမှာ သွားတွေ့တယ်၊ ကိုယ်က အရှေ့ကနေ အနောက်သွား သူက အနောက်ကနေ အရှေ့လျှောက်လာ လှမ်းကြည့်လိုက်တော့၊ အောင်မာ . . . ငါ့ဘယ်သူများ အောက်မေ့တယ် ဟိုအကောင်ကိုး၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူ့အဓိပ္ပာယ်ကို မင်းမြင်ရင် သိတယ် မဟုတ်လား (သိပါတယ်ဆရာ)။ ဟိုအကောင်ကိုး သိလိုက်တာက စိတ်မဟုတ်ဘူးလား (စိတ်ပါဆရာ)။

စိတ်နောက်က ကပ်လျက်သားပါလာတာ ဘယ်သူလဲ ဒိုးလေးလား (ပါပါတယ်ဆရာ)၊ မပါဘူးလား (ပါပါတယ်ဆရာ)၊ ခုနေများ အုပ်လိုက်ရက္ခာ ဘယ်လိုပဲ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခုနေများ နှံလိုက်ရ၊ ချလိုက်ရ ဘယ့်နှယ်လဲ ပါမလာဘူးလား (ပါလာပါတယ်ဆရာ)၊ ဟော

http://www.dhammadownload.com



ထိုးတော့ စေတသိက်နော် (မှန်ပါတယ်ဆရာ)၊ ရှေ့က စိတ်ကလေးဖြစ်လို့ရှိရင် နောက်က စေတသိက်က ကပ်လျက်ကပ်လျက်သားပါတယ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီကပ်လျက် ဖြစ်နေတဲ့ စိတ်နဲ့စေတသိက်က သဘောချင်း တူမနေဘူးလား (တူနေပါတယ်ဆရာ)၊ "ဧကုပ္ပါဒ၊ ဧကနိရောဓ၊ ဧကာလမ္ဗဏ၊ ဧကဝတ္ထုက" စေတသိက်လက္ခဏာလေးချက် ပြထားတာ၊ ဧကုပ္ပါဒ-စိတ်နဲ့အတူဖြစ်တယ်။ ဧကနိရောဓ-စိတ်နဲ့အတူပျက်တယ်, ချုပ်တယ်တဲ့။ ဧကာလမ္ဗဏ-စိတ်နဲ့ အာရုံတူတယ်တဲ့။ စိတ်အာရုံပြုသလို ပြုတာပဲတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဧကဝတ္ထုက-စိတ်မှီတဲ့ အမှီကိုပဲ သူလိုက်မှီတယ်တဲ့။ ဒါဖြင့် သူစိတ်နဲ့ ခြားသေးရဲ့လားကွ (မခြားပါဘူးဆရာ)။

ဩော် . . . စိတ်နဲ့အတူကို ဖြစ်တယ် (မှန်ပါတယ်ဆရာ)၊ ဩော် . . . ဒါဖြင့် စေတသိက် တရားဆိုတာ လက်စသတ်တော့ စိတ်နဲ့ကပ်လျက်သား ပါလာတဲ့တရားပဲလို့ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ အဲဒီစိတ်နဲ့စေတသိက်တရားကို နာမ်တရားလို့ ခေါ်ထားတာ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီနာမ်တရားရဲ့အဓိပ္ပာယ်ကို မြန်မာလိုနားလည်အောင် အရှင်းဆုံးလေး ပြောစမ်း ပါဆိုတော့ သိတတ်တယ်တဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ရုပ်တရားကတော့ (မသိတတ်ပါဘူး)၊ ဩော် . . . ရုပ်တရားကတော့ ဘာမှ မသိတတ်ဘူးပေါ့ (မသိပါဘူးဆရာ)၊ တုံးကြီး ရေထဲ ကန်ချ သိရဲ့လား (မသိပါဘူးဆရာ)၊ နာတယ်လို့ ပြောသေးလား (မပြောပါဘူးဆရာ)၊ ပုဆိန်နဲ့ ပေါက်တော့ ကော (မပြောပါဘူးဆရာ)၊ ဘာမှ မပြောဘူးပေါ့ (မပြောပါဘူးဆရာ)၊ ဘာဖြစ်လို့ မပြောလဲ (မသိ တတ်လို့ ပါဆရာ)၊ ဩော် . . . ဘာမှ မသိတတ်ဘူးပေါ့နော် (မှန်ပါတယ်ဆရာ)၊ အေး . . . အဲဒါ ရုပ်တရား မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် ရုပ်က မသိတတ်ဘူးပေါ့ (မသိတတ်ပါဘူးဆရာ)၊ နာမ်ကော (သိတတ်ပါဆရာ)၊ ဩော် . . . ဒါကတော့ မသိတရား၊ သိတရားလို့ လာပြီနော် (မှန်ပါ တယ်ဆရာ)၊ မသိတရား၊ သိတရား၊ မသိတရားက ဘာခေါ်တယ် (ရုပ်တရားပါဆရာ)၊ သိတရား ကတော့ (နာမ်တရားပါဆရာ)၊

အေး . . . ဟုတ်ပြီ၊ မသိတရား သိတရားလို့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အေး . . မသိတရား သိတရား၊ မသိတရားက ဘာခေါ်တယ် (ရုပ်တရားပါဆရာ)၊ သိတရားကကော (နာမ် တရားပါဆရာ)၊ အဲဒီနေရာလေးလည်းပဲ ငါဝေဖန်သံကြားပါတယ်ကွယ်၊ ဘုရားလည်း မဟောဘဲနဲ့ ကြိကြိဖန်ဖန်တဲ့၊ ခုမှ ကြားဘူးတယ်၊ မသိတရား သိတရား၊ ရုပ်က မသိတရား၊ နာမ်က သိတရား စောဒကတက်တယ်။ ပြီးတော့ ဝေဖန်တယ် ဝေဖန်တယ်နော် (မှန်ပါတယ်ဆရာ)၊ အေး . . . အပြစ် ဆိုတာ ရှာတွေ့ကြတာပေါ့ကွာ။ ဒါပေမယ့် ငါက ဘုရားဟောတဲ့ ဒေသနာလက်လွတ်ပြီး ပြောနေတာ မဟုတ်ပါဘူး၊ မသိတရား, သိတရားဆိုတဲ့ အဓိပ္ပာယ်က တခြားမဟုတ်ပါဘူး၊ မြန်မာလိုနားလည်

http://www.dhammadownload.com



အောင် သင်နေတာပါ၊ ပါဠိလိုကတော့ တို့ရုပ်တရားမှာ ရုပ်ပရိယာယ်ပြသွားတဲ့နေရာမှာ သင်္ဂြိုဟ် အဘိဓမ္မာသင်တန်းတက်တဲ့ပုဂ္ဂိုလ်တွေ တွေ့ပါလိမ့်မယ်၊ " သပ္ပစ္စယံ သင်္ခတံ လောကိယံ သာသဝံ ကာမာဝစရံ အနာရမ္မဏံ" ပြသွားတဲ့ ရုပ်ပရိယာယ်တွေ၊ အနာရမ္မဏံ-ဆိုတာ အာရုံကို မယူတတ်၊ အာရုံကို မသိတတ်တဲ့အဓိပ္ပာယ်။ ဒါဖြင့်ရင် မသိတရား, သိတရား မှတ်ထားပေါ့ကွာ။ မသိတာ ဘာတုံး (ရုပ်ပါဆရာ)၊ သိတာက (နာမ်တရားပါဆရာ)၊ အေး . . . မသိတာက ရုပ်၊ သိတာက နာမ်၊ အဲဒါနဲ့ ပြန်ကြပေတော့။

ပညတ် ပရမတ် တရားတော် ပြီးပြီ။

❁ ❁ ❁ ❁ ❁ ❁

http://www.dhammadownload.com



# ပစ္စက္ကျူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏

## အမှုဆောင်လူကြီးများ

| | | |
|---|---|---|
| ၁။ | ဦးချစ် | နာယက |
| ၂။ | ဦးမြင့်စိုး | ဥက္ကဋ္ဌ |
| ၃။ | ဦးသန်းရှိန် | ဒုတိယ ဥက္ကဋ္ဌ |
| ၄။ | ဦးဘငြိမ်း | အတွင်းရေးမှူး |
| ၅။ | ဦးငွေးကျော် | တွဲဘက်အတွင်းရေးမှူး |
| ၆။ | ဦးတင်မောင်လတ် (ခ) ဦးအောင်မင်္ဂလာ | တွဲဘက်အတွင်းရေးမှူး |
| ၇။ | ဦးတေဇာဘုန်းဦး | ဘဏ္ဍာရေးမှူး |
| ၈။ | ဦးသာဆယ် | စာရင်းစစ် |
| ၉။ | ပါမောက္ခ ဒေါက်တာ ဒေါ်ချိုလေးမာ | ပြန်ကြားရေး |
| ၁၀။ | ဦးတင့်ဝေ | ॥ |
| ၁၁။ | ဒေါက်တာ ဒေါ်ခင်မြင့်စန်း | ॥ |
| ၁၂။ | ဦးချစ်လှိုင် | ॥ |
| ၁၃။ | ဦးကြီးစိန် | ॥ |
| ၁၄။ | ဒေါ်ယဉ်ယဉ်သိန်း | ॥ |

http://www.dhammadownload.com



# ပစ္စက္ခုဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏ သင်တန်းခွဲများအပေါ်၌ ရပ်တည်ချက်

၁။ ပစ္စက္ခုဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) သည် အမှတ် (၈၆)၊ သီရိ (၅)လမ်း၊ (၂) ရပ်ကွက်၊ လှိုင်မြို့နယ်တွင် တည်ရှိသည်။

၂။ ပစ္စက္ခုဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) အနေဖြင့် ဆရာကြီး၏ ဩဝါဒမူအတိုင်း တစ်ဦးတစ်ယောက်ချင်းထံမှရင်း၊ သင်တန်းခွဲများထံမှရင်း မည်သည့်အကြောင်းနှင့်မျှ အလှူငွေကောက်ခံခြင်း မရှိခဲ့ပါ။

၃။ နောက်နောင်တွင်လည်း မည်သည့်အကြောင်းကြောင့်နှင့်မျှ အလှူငွေကောက်ခံခြင်း ပြုလုပ်မည်မဟုတ်ပါ။

၄။ သင်တန်းခွဲများအား လိုအပ်သော သင်တန်းတရားခွေများကို ဓမ္မဒါနအဖြစ် ယခင်က ဖြန့်ချိသကဲ့သို့ ယခုလည်း ဆက်လက်ဖြန့်ချိသွားပါမည်။

၅။ ထိုနည်းအတူ ဆရာကြီး ဦးကြင်ရွှေဟောကြားခဲ့သော သင်တန်းတရားတိတ်ခွေများမှ တရားစဉ်များကို ယခင်က ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသကဲ့သို့ ယခုလည်း ပိုမိုပြန့်ပွားစေရန် စာအုပ်၊ စာပေအဖြစ် ဆက်လက်ဆောင်ရွက်ပြီး ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသွားပါမည်။

ဦးမြင့်စိုး
(ဥက္ကဋ္ဌ)
ပစ္စက္ခုဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
(အောက်မြန်မာပြည်)
အမှတ် ( ၈၆ )၊ သီရိ ( ၅ ) လမ်း၊
( ၂ ) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၂၄၀၇၈၊ ၀၉ - ၄၉၂၇၉၀၆၀၊
၀၉ - ၇၃၂၃၁၁၁၁

http://www.dhammadownload.com



# သစ္စာပါရမီဆုတောင်း

ဤနေ့ယခု အစပြု၍ အကျွန်ုပ်တို့ ပြုအပ်သော ကုသိုလ်ပေါင်းစု မြတ်ကောင်းမှုနှင့်အတူ ညီတူ ညီမျှ မျှဝေခံစားကြစေရန် . . .

- ဝါတွင်းသုံးလ ရက်ပေါင်းကိုးဆယ် ပျက်ရက်မရှိ လှုံ့လဝီရိယရှိလျက် ၁၉၉၅-ခုနှစ်မှ စ၍ စာသင်တိုက်ကြီး (၇) တိုက်မှ ဘုရားရှင်၏တပည့်သား သံဃာတော်အရှင်မြတ် (၉) ပါးတို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ဤသို့တစ်ဖန် အကြောင်းခံ၍ ပရိယတ္တိစာသင်တိုက် (၇)တိုက်မှ သံဃာတော် အရှင်သူမြတ်တို့အား ကထိန်ပျော်သင်္ကန်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ကျောင်း, ကန်, ဇရပ်, သိမ်တော်မြတ်ကို ဆောက်လုပ် ထည့်ဝင်လှူဒါန်းရသော ကုသိုလ်ကံ စေတနာ၊
- ဘုရားရှင်၏တပည့်သား ဂိလာန သံဃာတော် အရှင်သူမြတ်များအား ဆေးပစ္စည်းများဖြင့် ထောက်ပံ့လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- နှစ်စဉ် တရားသင်တန်းခွဲများမှ မှာယူကြသော တရားတိတ်ခွေများအား အခမဲ့ကူးပေးခြင်း၊ တရားတိတ်ခွေများ လှူဒါန်းခြင်း၊ တရားစာအုပ်များ ထုတ်ဝေလှူဒါန်းခြင်း ဓမ္မဒါနကုသိုလ် ကံစေတနာ၊

ဤသို့ ပစ္စယဒါန, ဓမ္မဒါန နှစ်ဌာနတို့ဖြင့် ထောက်ပံ့လှူဒါန်း မှန်ကန်သော ကုသိုလ် အစွမ်းသတ္တိတို့ကြောင့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော "အမတ" မည်ခေါ် ရွှေပြည် တော်သို့ ရောက်ရာအမှန် မြတ်နိဗ္ဗာန်ကို ဧကန်မျက်မှောက် ပြုလွယ်နိုင်ကြပါစေသော်။

**နာယကကြီး ဦးချစ်**
ပစ္စက္ခုဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

http://www.dhammadownload.com

# ပခုက္ကူဝိပဿနာသင်တန်းတရားစဉ် တိတ်ခွေ၊ စီဒီ၊ စာအုပ်များဖြန့်ချိ

၁၃၀၉ - ခုနှစ်မှ စတင်သင်ကြားပြသခဲ့သော ဆရာကြီးဦးကြင်ရွှေ၏ ပခုက္ကူဝိပဿနာ သင်တန်းတရားစဉ်မှ

၁။ ပညတ် ပရမတ်

၂။ ရုပ်ဓာတ် - နာမ်ဓာတ် (ပ၊ ဒု၊ တ) (၃)တွဲ

၃။ သင်ခန်းစာမှတ်စုများ (အထူ)

၄။ အခန်းစဉ်လိုက်သင်ခန်းစာများ (အပါး)

၅။ ဉာဏတန္တိဋီကာ

၆။ ပဋိစ္စသမုပ္ပါဒ် (ပ၊ ဒု၊ တ၊ စ) (၄)တွဲ

၇။ သစ္စာလေးပါး

၈။ နိဗ္ဗာန် စာအုပ်များ

တရားဆက်မှန်ကန်၍ အသံကြည်လင်ပြတ်သားသော စီဒီ (၄၂) ချပ်နှင့် တိတ်ခွေများကို ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) က လက်ရှိသင်တန်းခွဲများနှင့် သင်တန်းအသစ် ဖွင့်လှစ်လိုသူများအား စနေနေ့တိုင်း နံနက် (၉း၀၀) နာရီမှ (၁၁း၀၀) နာရီအထိ ဖြန့်ချိလျက်ရှိပါသည်။

ဦးမြင့်စိုး
(ဥက္ကဋ္ဌ)
ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)
အမှတ် (၈၆)၊ သီရိ (၅)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၂၄၀၇၈၊ ၀၉ - ၄၉၂၇၉၀၆၀၊ ၀၉ - ၇၃၂၃၁၁၁